www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၇)
၂၀၁၅ခုနှစ် ဇူလိုင်လ


# ဆရာကြီး

မဂ္ဂဇင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၇)
၂၀၁၅ ခုနှစ် ဇူလိုင်လ


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ









## ဘာသာရေးဆောင်းပါးများ


၅ အချိန်နှင့်လူ နိုင်သူစားစတမ်း
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၆ အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးရေးသားတော်မူ
သော လောကပါလ (၂)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၃ မမြဲခြင်း၏သဘောတရား
**မင်းဘူး-ဗိုလ်ဥတ္တမ**
၁၇ ရွှေပန်းခွက်စေတီတော်
**ဒေါက်တာဒေါ်နု(တောင်ကြီး)**
၂၉ ရွှေကံ့ကူလေပျံသစ်တော်ရပ်ရှင်တော်
မြတ် ၂၀၁၄ ခုနှစ် ပုဂံ-ပုပ္ပား-မြင်းခြံ
ဒေသစာရီခရီးစဉ်၌ ပေါက္ခရဝသသမိုး
ရွာသွန်းခြင်း
**ဘိုဘို(ရွှေကံ့ကူ)**
၄၃ ပထမံဂါထာလေးပုဒ်နှင့်
ဗုဒ္ဓရုပ်ပုံလေးဆူ
**နတ်မောက်မင်းသန့်နိုင်**
၄၈ တရားအားထုတ်သူနှင့်
တရားအားမထုတ်သူ
**မောင်မောင်အောင်မင်း(ဒဿနိက)**
၅၀ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၅၄ ရှေ့ဆောင်လမ်းပြ
သာသနာ့အာဇာနည်နှင့်
ထူးထူးခြားခြားပုဂ္ဂိုလ်များ
**စိုးလင်းအောင်(မြန်အောင်)**
၆၁ ရွှေဟင်္သာကျတောင်တို့မွေတော်ဘုရား
ထူးထူးခြားခြား
**ခင်(တောင်ကြီး)**
၆၈ ဇယရှစ်တန်ဂါထာနှင့်
ဇိနဆယ်ပါးအကျိုးများ
**အံ့ကြွယ်**
၇၃ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၁၇)
**ကံဝင်း**
၇၇ ဘုန်းကံကြီးမားမင်းကေရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ (၇)
**သစ္စာဝါဒီ-ဦးမြင့်အောင်**
၇၉ ပယ်သတ်ရမည့်ဣဿာမစ္ဆရိယ
**မောင်ထည်ဝါ(ပျော်ဘွယ်)**
၈၃ ဗုဒ္ဓရုပ်ပွားတော်အစဉ်အလာအစ
**ဦးအောင်သုခ**
၉၁ ပုဂံပုံသကူမထေရ်မြတ်
ငစွယ်ရှင်ဆရာတော်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**
၉၃ ဆံတော်ရှင်ဇိနမာရ်အောင် (ဦးဇိန)
စေတီတော်သမိုင်း အမှတ်(၂)
**နိုင်ခင်မောင်လေး**
၁၀၃ ငါးပါးသီလစောင့်ထိန်းရကျိုး
**ဖျာပုံတင်နိုင်ဝင်း**


## သုတရသဆောင်းပါး


၁၁၇ အလှကျက်သရေဝိုးတဲ့ တစ်မိုးတစ်ဖြ
ကယားပြည်နယ်က ဟော်နန်းကျော
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**
၁၃၈ ဘွားသက်ရှည်အမေထွေး
**နေဝန်းနီ**
၁၄၁ မြန်မာနိုင်ငံမီးရထား၏
ထင်ရှားကျော်ကြားသော
ဂုတ်ထိပ်တံတားကြီး
**တင်ထွန်း(စက်မှု-၂၊ ငြိမ်း)**
၁၄၃ ရွှေစည်းခုံဘုရားကြီး
မြောက်ဘက်နားမှ
ထူးထူးခြားခြားကျောက်နဂါး
**ကံဝင်း**
၁၄၆ ရာဇဝင်ထဲကကာလေးမြို့
**သစ်ထူးအိမ်**
၁၅၈ ဝေသာလီမြို့ဟောင်း
တူးဖော်မှုကုန်းအမှတ်(VSL.9)
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**
၁၉၀ ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး
တပည့် မဟာပထမံပညာ၏မြေ
ဂိုဏ်းချုပ် ပါရမီရှင်ဆရာကြီးဦးထွ
မြိုင် (၄)
**ပထမံဆရာဦးအေးရွှေ**
၂၁၀ စာဖတ်ခြင်းအကျိုးအသိတိုး
**မုဒိတာ(ကျိုက်လတ်)**
၂၁၂ စေတီဘုရားနှင့်
ဗုဒ္ဓယဉ်ကျေးမှုဗိသုကာအဆိုအမိန့်
**ကျော်ဇင်ဖြူ**
၂၁၄ အတိုင်းအတာဆိုတာ
လောကသဘာဝအရရှိကြမှာပဲ
**သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)**
၂၃၅ သုံးဆောင်သင့်သည့်
အယ်ကာလိုင်းအစားအစာများ
**စွမ်းထက်နောင်**


www.burmeseclassic.com

www.burmeseclassic.com



## သုရဇ္ဇအခန်းဆက်ဝတ္ထုရှည်


၃၂၆ ပညာရှင်(၉)
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


## သုရဇ္ဇဝတ္ထုတို


ပုဂံခရီးသွားတစ်ကွေ့
ကွမ်းဆော်မင်းနှင့်အတွေ့တွင်
အာကာသ(သာစည်)

ငရဲကြီးရှစ်ထပ် ဆေးရောင်စုံအခန်းများ
နှင့်ကြာညှပ်၍ရိုက်ကူးတင်ဆက်လိုက်
သော ခြောက်-လောဘ
ကိုတိုး(ရန်ကင်း)

သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကျေးရွာ
ရွှေတိဂုံလေးဘုရားကြီးမှ ထူးဆန်းသော
သန္ဓေသား
မောင်သန်းဆွေ(ထားဝယ်)

ကမ္ဘာမှာ မြန်မာ့ဂုဏ်ရောင်ထွန်းပြောင်
စေခဲ့သူ သို့မဟုတ် ဦးသန့်
မောင်ပွင့်ညာထ်(မော်ရ)

အုန်းမှုတ်ခွက်နင်းရောဂါကင်း
မကျေးဝင်းမြင့်

တံခွန်ဒေါင်းများပေါ်တွင်
အိစွတ်ပုံပြင်
ကြည်ထွင်

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ (၇၂)
မောင်သန်းဆွေ(ထားဝယ်)

နွံ့ထဲကကြာ
လှမိုး(ပညာရေး)

ငါးမိနစ်
ချောင်းဆုံအုန်းသွင်

တောင်လုံးလှဆရာတော်ကို
အဘစောင့်ရှောက်ပုံ
အဏ္ဏဝါလှိုင်း

ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

လောကဥ္စ သိခြင်း၊ မသိခြင်း
ရှုပုံတော်အဖွင့်
ယောနကဘိုးထောင်

ပိန်လှီချည့်နဲ့ အစားပျက်နေသော
ကျွဲ၊ နွားများ ဝဖြိုးလာစေရန်
နေမဝင်(နတ်မောက်)

ဗြိတိသျှမြန်မာနိုင်ငံတရားစီရင်ရေး
လှမ်းထက်

၁၀၀ အိပ်မက်လေလားပိုးတဝါး
မောင်ကြည်-ကြူ(ကိုးဆောင်မြင်းခြံ)

၁၅၄ အရှင်ကြီးနတ်ကိုကွဲရာခိုင်းသူ
ချစ်ဆိုင်

၁၆၆ အိုဇာတာကောင်းသူလေး
အင်ကြင်း(ကသာ)

၁၇၀ ယမမင်းစစ်တမ်း
နန္ဒဝင်းကျော်ခေါင် (ဓတ္တ-လှုပြည်)

၁၈၆ ညှော်သည်တရားခံ
စိုးထွန်း(ဥပဓေ)

၂၀၂ မြေအောက်ကမ္ဘာမှာ
နေပြည်တော်ကျော်ကျော်စိုး

၂၂၀ ဖိုးစိန်သတ်တာ
ဟသ်ာတ-မင်းခန့်ဟိန်း

၂၂၆ ခိုတောင်သိုက်
သန့်ဇင်

၂၃၀ တောခါစီရင်ချက်
သထုံ-ယဉ်ယဉ်

၂၄၆ လှည့်ဖြားဥစ္စာ
ညွန့်ဝင်း(နတ်တလင်း)

၂၅၀ အကုသိုလ်တစ်သက်တစ်ကျွန်း
အောင်မြင့်ထွန်း(မသုံးလုံး)

၂၆၂ စာဖွဲ့၍ကုန်နိုင်မည်မဟုတ်ပေ
တက္ကသိုလ်ကြည်သင်း

၂၇၆ သေမင်းခေါ်တဲ့ည
တင်အေးကျော်(အောင်ထံ)

၂၈၂ ကြံ့ညာမျှ ပယောဂ္ဂဘဝ
မဟာစက်ရှင်(ထွိုင်လင်)

၂၈၆ မသူဇာရဲ့အမှတ်တရ
နန္ဒာစိုး(ဆင်ဖြူကျွန်း)

၂၉၄ နှစ်ခါမရသောအခွင့်အရေး(၂)
ရွှေပြည်စိုး(မိုးကုတ်)

၃၀၀ ဖောင်တော်ပြစ်မှားလှမိုက်များ
စာတ်ပုံမောင်မောင်အေး

၃၁၄ အဖေဖွဲ့သည့်အာ
မျိုးသစ်

၃၄၆ စိတ်စေတသိက်နှင့်
အိပ်မက်ဆန်းများအကြောင်း
မနင်းဆီ(ရေဆင်း-နေပြည်တော်)


## သုရဇ္ဇတိုင်းရင်းဆေး


၁၃၃ စွယ်စုံသုံးနိုင်တဲ့ဇော်ဂျီဦးထုပ်
နေပြည်တော်ကျော်ကျော်စိုး

၁၇၅ အသီးမှာသရက်
ချောင်းဆုံအုန်းသွင်

၂၂၄ ခါးမနာတဲ့ဆေး
ချောင်းဆုံအုန်းသွင်

၂၃၇ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်
သုရဇ္ဇမဂ္ဂဇင်းတွင်ပါရှိသည့်
မှဲ့ခြောက်နှင့် မွေးရာပါ အမြှု အနီ၊
အနက် စာအမှတ်များပျောက်သည့်
အိုးခြမ်းပဲ့အား စာကျန်ထပ်မံဖြည့်စွက်
ခြင်း
စိုးမင်း(မြောက်စည်း)

၂၄၉ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့် ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၇)
ရွှေနဝင်း(ပုသိမ်)

၂၆၀ နည်းမကောင်း၊ များမကောင်း၊
အနေတော်လေးမှအဆင်ပြေကြသော
ကိုယ်တွင်းသတ္တုဓာတ်ဆားများ
အကြောင်း
ဦးမင်းဇင်(ရွှေနဝင်း)

၃၀၅ ခါးနာဝေဒနာရှင်များ
စားသုံးသင့်တဲ့အစားအစာများ
ရီရီငွေ

၃၅၄ ခြင်မကိုက်အောင်ဤနည်းဆောင်
နတ်မောက်မင်းသန့်နိုင်

၃၆၇ အမျိုးကောင်းသမီးတို့
ဆံကေသာအလှကိုအရယူပါ
သုဒ္ဓ(နဝင်းမြို့)

၄၀၂ အဆီပြန်ကင်း ဝက်ခြံရှင်းသော
ဝင်းပမျက်နှာဖြစ်စေရန်
နတ်မောက်မင်းသန့်နိုင်

၃၇၂ အမေပေးတဲ့အပူရှပ်ခြင်းဆေးမြီးတို
မကျီးကုန်း-စိုးယဉ်မြင့်(ရမည်းသင်း)

၃၇၇ ဆီးကျောက်ဓာတ်စာ
နေပြည်တော်ကျော်ကျော်စိုး

၃၈၆ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၃၉၀ ဖြူဆုး
စိုးမင်း(မြောက်စည်း)

၃၉၈ စပါးကြီးအဆီနှင့်မီးလောင်နာ
အေးချမ်းအောင်(ရမည်းသင်း)


www.burmeseclassic.com

www.burmeseclassic.com









## သုရဿ ပညာရပ်


၁၅၁ ဆိုးသွမ်းပော့ရမ်း
ရာဟုဂြိုဟ်ကြမ်းဂြိုဟ်အိပ်ဂြိုဟ်စား
သတိထား
**တြိရတနာ-ဆရာဗေယျာလင်း**
**(ကဏ္ဍီပါဠိနှပ်စီး ရွှေထီးဆောင်း)**

၁၉၆ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၃၄၂ ဖုန်းရွှေပညာသိကောင်းစရာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၅၉ မွေးနံနှင့်ပက္ခ၊ ဘုမ္မိနှင့်ပက္ခဆုံသော
ဂြိုဟ်အိပ်ကြီးများအကြောင်း
**ဒေါက်တာခိုင်စံဝေ(ဝေဒပညာ)**

၃၇၃ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်
အတွင်းမှ စမှာနဝအင်းများ
**တြိရတနာ-ဆရာဗေယျာလင်း**
**(ကဏ္ဍီပါဠိနှပ်စီး ရွှေထီးဆောင်း)**




## သုရဿလက်တွေ့အသုံးချ


၂၅ အမျက်ဒေါသပြေစေလိုသော်
**ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး**

၈၉ အပူသောကငြိမ်းအေးပြီး
အလိုဆန္ဒပြည့်စုံသော
အဓိဋ္ဌာန်ကျင့်စဉ်
**ဘုန်းခေါင်**

၁၇၇ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၂၅၇ ပြောစည်တီးပြီး
အလှူကြီးပေးရအောင်
ခေါင်းလောင်းစမအဆောင်
**ဘုန်းခေါင်**

၃၄၉ ၂၀၁၅ ခုနှစ်၊ ကရကင့်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၃၆၆ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ
အတွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၃၇၀ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွက်
ဓနိသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓီရ)**

၃၀၄ ဖြူစင်မေတ္တာစေတနာနှင့်
နံ့တူကက်ကင်းငွေဝင်ခြင်း
**ဆရာဦးစိန်လှိုင်**
**(ကျိုက်လတ်)**

၃၉၂ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၉၃ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ** (B.Sc)

၃၉၅ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၀ အဆောင်ကောင်းများအတွက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၃ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၊၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမ့်မွန်ထွန်း
နှင်းသဇ္ဇာကျော်

**ရုံးအဖွဲ့**
တင်မိုးခိုင်၊ သဲပုလှိုင်၊ အေးအေးစန်း။
စုမွန်၊ စုစုစံ၊ နန်း ဖြိုးရတနာ၊ စန်းထွန်းမြင့်
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မန္တလေး**
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရွှေတောင်ကလား**-ဂါနှီး ဝိလျံမှာ
**ပဲခူး**- သဝင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်မိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှလှမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ချီစျေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## အချိန်နှင့်လူ နိုင်သူစားစတမ်း

- သတိရဲ့မတိမ်၊
  အသိထိန်ထိန်ဆိုတော့
  အချိန်ကို လူကစား
  သွားသမို့လား။

- သတိက တိမ်တိမ်
  အသိမှိန်မှိန်ဆိုတော့
  အချိန်ကပင် လူကိုဝါး
  စားသည်သို့လား။

- ချိန်မှတ်တိုင်ထူ
  လူခရီးသွား လမ်းတက်ထားက
  ရပ်နားမတ္တိုင် ထိုမှတ်တိုင်ကို
  ရင်ဆိုင်ကျော်လွှား လူကသွား
  စား၍ မျို၍ မခြား။

- အချိန်မြွေထား လူကဖားဆို
  ရွှေ့လျားမြွေကား
  ရပ်နားငေးနေ ဖားတွေဆေကို
  မျိုလေအသက် အချိန်နှင့်စက်
  တစ်ကွက်ချွန်မထား။

ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊
ဝိုင်းဝင်တောကျောင်း)

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အနုနှင့်ကျေးဇူးတော်ရှင်
# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော ( ၂ )

# လောကပါလ



(ယခင်လမှအဆက်)

**၂ လူကိုစောင့်မှုလောကပါလ**

ဟိရီ၊ ဩတ္တပ္ပ အရှက်နှင့် အကြောက်က စိတ်ကြီးကိုင်နေခြင်းကို လောကပါလဟု အထက်ကဆိုခဲ့ပြီးပြီ။ အဘယ်လောကကိုနည်း။

သင့်စိတ်၌ကိန်းနေသော ရှက်၊ ကြောက်တရားနှစ်ပါးသည် သင်ဆိုသော သတ္တလောကအား ကြိုးကိုင်ပေးနေရမည်။ သည့်အတူ ငါ့စိတ်၌ကိန်းနေသော ရှက်၊ ကြောက်တရားနှစ်ပါးကလည်း ငါ ဆိုသော သတ္တဝါကောင်အား နှောင်ကြိုးတဲပေးနေရမည်။ သည့်အတူပင် အများစိတ်ဝယ်ကိန်းနေသော ရှက်၊ ကြောက်တရားနှစ်ပါးတို့ကလည်း အများဆိုသည့် သတ္တလောကကြီးအား ထိန်းကြိုးထားပေးရမည်။

'ရှက်၊ ကြောက်နှစ်တန် အဖြူခံ ပူဒဏ်ကိုလေကန်ထုတ်သည်'။ စကားအတိုင်း စိတ်သည် တစ်ခါလျှင် တစ်ခုမျှ ကြိုးကိုင်ခံလေ့ရှိတတ်ရာ စိတ်ကြိုးကိုင်ပေါင်း ၅၂ - မျိုးရှိကြရာတွင် . . . ယခု အရှက်နှင့် အကြောက်တို့က စိတ်ကို ကြိုးကိုင်ပေးနေချိန် အခြားအခြားသော ကြိုးဆွဲဆရာများ လုံးဝ လုံးဝ ဝင်ခွင့်မရကြတော့ပါ။ တစ်ဖန် အခြားမဆိုထားဘိ အရှက်နှင့် အကြောက် မိဘနှစ်ပါးသည်ပင် . . . သင်၌ ရှက်စိတ်ဝင်နေချိန် ကြောက်စရာတွေးမိမည်မဟုတ်ပါ။ သင့်၌ ကြောက်လန့်နေချိန် ရှက်စရာအတွေးပြေးမတွေးမိပါ။

"အမေသာလာပါ၊ အဖေမလာပါနှင့်" စကား ဤ၌ရည်၍ပြောလေသလား။

"အဖေသာဝင်ပါ၊ အမေမလာပါနှင့်" စကား ဤ၌ရည်၍ပြောလေသလား။

သို့ တစ်စိတ်လျှင် ကြိုးကိုင်တစ်ခုနှုန်းဖြင့် တွဲလွတ်ကာ ဆိုရာကိုယ်၊ နှုတ်တို့သို့ အလုပ်သင်ဝင်ပေးကြရရာ အရှက်ကြောက်ပြုခံထားသူများ၌ သဒ္ဓါ၊ သတိတို့မှသည် မောဟအမည်ရ ပညာတိုင်အောင်သော စိတ်ကြိုးကိုင် ၂၅-ပါးတို့က အမိကနေရာမှဝင်ပေးရ၏။

တစ်ဖန် အညသမန်း (ကောင်းသောအုပ်စုခေါ်ခိုင်းလျှင် မကောင်းအုပ်စုကျောပေး၍ဝင်ပေးခြင်း၊ မကောင်းအုပ်စုက လက်ဦးသွားသော် ကောင်းအုပ်စုကျောပေးကာဝင်ပေးခြင်း) အမည်ရ စေတသိက်၁၃-ပါးတို့ကား အကူဝင်ပေးရသည်။ ယင်းသည် ဓာတ်သွေးဖြစ်ဓာတ်ညဉ်များကို လွှမ်းမိုးဖိနှိပ်ပေးထားနိုင်သူများလောက်သာ။

"ရှက်၊ကြောက်မဲ့ပြန် အမဲ(မည်း)ခံ ပူဒဏ်ကိုလေ စုပ်ယူမည်"။စကားအတိုင်း . . . စိတ်ကို ရာဂထန်မာန်က အနိုင်ကျင့်ထားချိန် ထိုအရှက် တားမြစ်ခံထားခံရတော့ရာ စိတ်ကို ဒေါသထန်မာန်က သိမ်းပိုက်ထားချိန် ထိုအကြောက်အမှောက်ခံ ထားခံရတော့ရာ. . . ဘာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် အရိပ်မည်းကြီး စိတ်ပေါ်မိုးကျနေနေပြီ။ ထိုအချိန် ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက် စသည့် ရှက်စရာမှန်သမျှ ရှက်မရကြတော့ပါ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် စသည့်ကြောက်စရာမှန်သမျှလည်း ကြောက်ခွင့်မရတော့ပါ။

မာတ်သွေးလှိုင်း အရိုင်း လူကောင်းဖြစ်တော့သည်။

မာတ်သွေးဖိတ် အဟိတ် တိရစ္ဆာန်ပြန်ဖြစ်မည်။

တစ်ဖန် ဤဘာဖြစ်ဖြစ်ဆိုသော အရိပ်မည်းကြီးအောက်မှပင် မိတ်လိုက် တိရစ္ဆာန်များပမာ . . . ကိုယ်ကြိုက်ကြိုက်သလိုလိုက် အစမ္ပသိမ်းပိုက် ပြတော့သည်။ သွေးကြောတွင်း တဏှာ၊ မာန၊ ဒိဋ္ဌိများ စီးဝင်လာခြင်းကြောင့်။


တစ်ဖန် ထိုအရိပ်မည်းကြီးအောက်မှပင် သားကောင်ဖမ်းတိရစ္ဆာန်များပမာ . . . ပြိုင်ဘက်ချင်းတွေ့က တိုက်ခိုက်၊ နိုင်ဘက်နှင့်တွေ့က ထိုးကိုက်တို့ဖြင့် အနိုင်ကျင့်ပြတော့မည်။

အစမ္ပကာမ ခံစားနည်းဖြင့် သည်သို့ လိုက်လံ တိုက်ခိုက် သိမ်းပိုက်ပြီးနောက် စိတ်ကိုပျံ့မောခြင်းက ဝိုင်းရံပိတ်ဆို့ထားရာ. . . ထိုစိတ် လောကကြီးနှင့် အဆက်ပြတ်နေပြီ။ အာရုံသွင်း အဖြတ်ခံထားရ၍ ဘာအလုပ်မှ ဖြစ်ဖြစ်မြောက်မြောက် မဖြစ်လာ။ တစ်ဖန် စိတ်ကို ထိုင်းရိုခြင်းနှစ်ပါးတို့က လွှဲချပစ်လိုက်ကြရာ ထိုစိတ် တစ်လောကလုံးနှင့် လုံးဝ အဆက်အသွယ်ပြတ်သွားသည့်အပြင် မိမိရှိ ဘဝခန္ဓာနှင့်ပါအဆက်ဖြတ်ခံလိုက်ရပြီ။

လူ့အသက်သည် စိတ်နှင့်အာရုံယှဉ်တွဲနေချိန်၌သာ ဝင်၏။ အိပ်ပျော်နေဆဲ၊ မေ့မြောသွားဆဲ စသည်တို့၌ကား အသက်မဝင်လော။ သို့ဆိုသော် . . . လူတစ်ဦးလျှင် နေ့သည် အရှင်၊ ညသည် အသေ။ တစ်ရက်လျှင် တစ်ပိုင်းမျှသာ အသက်ရှိတော့ရာ . . . အကယ်တိတိ သည်လူ အသက်- ၆၀ ပြည့်ပါပြီ ဝန်ခံခဲ့သော် သူ့အား ညတစ်ဝက် အသက်နုတ်၍ အသက်- ၃၀ ဟု ပြင်ဆင်အသိမှတ်ပြုရပါတော့မည်။ သည့်အတူ လူသားတိုင်း၏ ရောက်ဆဲအသက်များ ရေတွက်ကြည့်ရာတိုင်း၌ပင် သေနေသည့် ညပိုင်းတစ်ပိုင်းတစ်ပိုင်းနုတ်၍သာ ရေတွက်ကြရပါတော့မည်။

"အကျိုးရှိ မဲ့ သိမှုလူ" ဆိုသည် မဟုတ်လား။

"အပြစ်ကင်း၊ ရှိ သိမှုလူ" ဆိုသည်



မဟုတ်လား။

ဆိုတော့. . . အိပ်မောကျလေသူ ဘာမှမသိတော့ရာ လူစာရင်းမှ ပယ်ဖျက်သင့်တော့သည်သာ. . .။

သည်သို့ မည်းရိပ်မထိုးစေဘဲ လူ့အရှိနှင့် လူ့သိ ဖွံ့ဖြိုးစေရန်ဆိုသည်မှာ . . .

(က) မြေ၊ ရေ မာတ်နှစ်ပါးကထုတ်လွှတ်သော ရာဂတဏှာကိုတော့ လက်ခံသုံးစွဲပါ။ သို့သော် ရာဂထန် မာန်ထလာသည်အထိတော့ မထုတ်လုပ်ပါနှင့်။

(ခ) တစ်ဖန်. . . လေ၊ မီးနှစ်ပါးက ထုတ်လွှတ်လိုက်သော ဒေါသတဏှာကိုတော့ လက်ခံသုံးစွဲပါ။ သို့သော် ဒေါသထန်မာန်ပြင်းလာသည်အထိတော့ ထုတ်လုပ်ပြီး မသုံးစွဲပါနှင့်။

ကိုယ့်ကိုယ်ကိုယ် သတိဖြင့် ဆင်ခြင်၊ အတွေးမှန်သမျှ နှင်ထုတ်ပစ်နိုင်မှသာ . . .။

လူသားတိုင်း အရွယ်ရောက် သွေးလေရှင် အင်အားများ ရှေ့သို့ရှေ့သို့တိုးဝင်လာချိန် ခန္ဓာ့မာန်၊ အရွယ်မာန်တို့မှ ထဖြစ်သော အရှက်ကင်းအကြောက်မဲ့များနှင့် မကင်းကြပါ။ သို့တိုင်လည်း စိတ်သွားတိုင်းကိုယ်မပါစေသော သတိဆင်ခြင်မှုဖြင့်ထိန်းခြင်း၊ အတွေးအဝင်မခံခြင်း၊ တွေးမိခဲ့သော် ကိုယ်ချင်းစာတန်းတူထားစိတ်တို့ကသာ ရှေ့မှနေ၍ညှိခံပေးခြင်းတို့ဖြင့် စိတ်ကို စည်းရုံးပေးနိုင်သော် . . .

လူသည် အရှက်နှင့် လူလုပ်နေသည်၊ အသက်နှင့် လူလုပ်နေသည်မဟုတ် ပြောရ၍ရပြီ။ လူသည် အကြောက်ဖြင့် လမ်းလျှောက်နေသည်။ အမှောက်ဖြင့် လမ်းပျောက်နေသူမဟုတ် ပြောရ၍ရပြီ။ သို့ဆိုသော် လူဖြစ်လျက် လူစစ်ဖြစ်ဖို့ မခဲယဉ်းတော့ပါ။

### ▫ လူ့အလွှားလွှား သူ့ကားဘယ်လို

ယနေ့ လူ့လောကနယ်ပယ်တွင် လာရာလမ်းချင်း မတူကြသဖြင့် ဆုံရာ၌လည်း မတူကြပါ။ အချို့ အထက်က၊ အချို့ အောက်က၊ အချို့ကျ ဒွဲ့ (တဲ့) တစ်ဖန် ဘည်၊ စရိုက် အလိုက်ချင်းလည်း မတူကြသဖြင့် အကြိုက်ချင်းလည်း မတူကြပါ။ သည်ကြားထဲ ရေခံ၊ မြေခံ စသည့် ပထဝီအနေအထားကလည်း ကွာခြားလိုက်ပြန်သေး။ . . . ဆိုတော့ လူ့အလွှားလွှား စိတ်ထားအကွဲကွဲသာ။

ထိုတွင် ဥရောပ၊ အမေရိကတိုက်တို့က အအေးငွေ့ဖြင့် တည်ဆောက်ထားသော မာတ်အလေ့များနှင့် အာရှ အာဖရိကတိုက်များက အပူငွေ့ဖြင့် တည်ဆောက်ထားသည့် မာတ်အလေ့များ မတူညီကြပါ။ မာတ်အလေ့(ဓလေ့)ချင်း ကွဲပြားနေကြသလောက် ထုံးထမ်းစဉ်လာများကလည်း ခြားနားနေကြမည်သာ။

အအေးလွန်နေများက ကိုယ်တွင်းလေမဝင်သာအောင် ရှူးဖိနပ်၊ ဘောင်းဘီရှည်တို့ဖြင့် ကိုယ်အောက်ပိုင်းကို အကာအကွယ်ပေးထားရပြီး၊ အထက်ကိုယ်ကိုလည်း စွပ်ကျယ်၊ ရှပ်၊ အနွေးထည်များဖြင့် အထပ်ထပ်ပတ်ဖွဲ့ပေးထားကြရ၏။ ဦးခေါင်းပိုင်းကိုလည်း ခေါင်းစွပ်ဖြင့် အကာအကွယ်ပေးထား ကြရသေး၏။

အပူလွန်နေများကား ထိုအတိုင်းလိုက်တုပ၍မရပါ။ ဘာ့ကြောင့်။ အဝတ်ကြောင့်ပိတ်မိနေသောကိုယ်ငွေ့များ လေဝင်လာမှ ထွက်ပေါက်ရသောကြောင့်။

သည့်အတူ လေဝင်ပေါက်များထား၍ဝတ်စားဆင်ယင်ကြရသော အပူလွန်နေများ၏ ထုံးတမ်းစဉ်လာများကိုလည်း အအေးလွန်နေတို့ လိုက်လံမတုပသင့်။ တုပသော် ကိုယ်ထဲအေးစိမ့်သော နှင်းဖွဲများ ဝင်ရောက် မွှေနှောက်ခံကြရမည် ဧကန်သာ. . .။

ဘာသာရေးထုံးထမ်းအရ၊ ယဉ်ကျေးမှုထုံးထမ်းအရများလည်း နည်းတူပင်။

ယနေ့ ကမ္ဘာနေ လူ့အလွှားလွှား



www.burmeseclassic.com

www.burmeseclassic.com

တို့၏ လူစားများထဲမှ မြန်မာတို့၏ လူစားများကို ဤ၌ ဝက္ကက်၍ ထုတ်ဆိုပြပါမည်။ ငါတို့ကား မြန်မာလောက်သာ အသိမှိုနေ၍။

မြန်မာတို့က မြန်မာ့မြေက ကံစိတ် ဥတုအာဟာရတို့ဖြင့် ပြင်ဆင်ပေးနေပါသည်။ ထိုစဉ် နေကိုမှီ၍ ဥတုပြောင်းလဲနေရပါသည်။ ဥတုမှီ၍ အစာအာဟာရများ ပြောင်းလဲနေရပါသည်။ ဥတုနှင့် အစာမှီ၍ လူ၌ရှိသော ဘဝနှင့် ခန္ဓာလည်း ပြောင်းလဲခဲ့ရပါသည်။ ဘဝခန္ဓာမှီ၍လည်း လူကံနှင့် လူစိတ်များလည်း ပြောင်းလဲခဲ့ရပါသည်။ ယင်းတို့ကို အနှစ်တစ်ရာလျှင် တစ်ကြိမ်ပြောင်းနှုန်းအရ သည်နေရာကပြဆိုပါမည်။

နေသည် နေရာချထားခြင်း၊ နေခွင့်ပေးခြင်းကိုလျှင် ညွှန်းလေသလားမသိ။ ပါဠိအရ သူ့အမည်က သူရိယ။ မြန်မာလိုကျ ရဲရင့်ခြင်းကို နှင်းအပ်သူ။ ယခုသော် နေ သို့မဟုတ် နေမင်းကြီး အမည်ထားလိုက်ကြပြီကြောင့်။

ထိုနေသည် အပူဖြင့် ကမ္ဘာနှင့် ကမ္ဘာသားများကို ရင့်ကျက်စေ၊ ဆွေးမြေ့စေ၏။ အလင်းဓာတ်ဖြင့် စား၊ ဝတ်၊ နေ ရေးအလုပ်များ စီမံပေးသေး၏။ သို့ပေးရာတွင် နေ၏ အပူဓာတ်အားကြောင့် (နေအပူသွင်းဒဏ်ကြောင့်) . . .

(က) ကမ္ဘာဝမ်းတွင်းနေ မြေဆီသည် အနှစ်တစ်ရာလျှင် ၁-လက်မကျ ဆုတ်ယုတ်သည်ဆို၏။ ဤ၌ နေစား၍ ပြောင်သွားခြင်းလည်း ဖြစ်နိုင်၏။ နေ၏ အပူဒဏ်မခံရပ်နိုင်၍ အောက်ငုပ်သွားခြင်းလည်း ဖြစ်နိုင်၏။

(ခ) တစ်ဖန် . . . လူ့သက်တမ်းများလည်း အနှစ်တစ်ရာလျှင် ၁-လက်မကျ ဆုတ်သွားသည်ဆို၏။ ဘုရားရှင်လက်ထက်က တစ်ရာတန်း၊ ယခု သာသနာ -၂၅၀၀ အရောက် ၇၅ - နှစ်တန်း။ ဤ၌ ဥတုအပူဒဏ်ကြောင့်လည်း ဖြစ်နိုင်၏။ မြေဆီအပြည့်အဝသုံးခွင့် မရခြင်းကြောင့်လည်း ဖြစ်နိုင်၏။ သွေးထိုးကြမ်း စိတ်သရမ်းလာခြင်းကြောင့်လည်း ဖြစ်နိုင်၏။

(ဂ) တစ်ဖန် . . . လူ့အရပ်အမောင်းများလည်း အနှစ်တစ်ရာလျှင် ၁-လက်မကျ တိုနိမ့်သွားသည်ဆို၏။ ဤ၌လည်း အပူဖိအားကြောင့် အရေစပြီးကျုံ့ဝင်သွားခြင်းလည်း ဖြစ်နိုင်၏။ သဓါရအမျိုးမျိုးတို့၏ အထိုးအဆွများကြောင့် ပုတိုသွားခြင်းလည်း ဖြစ်နိုင်၏။

လွန်ခဲ့သော အနှစ်-၂၅၀၀ ကျော် ဘုရားလက်ထက်တော်က လူသာမန်တို့၏ အရပ်အမောင်းသည် ၆-တောင် (၉-ပေ) ရှိသည်ဟုကြားဖူး၏။ ယခုသော် ၄-တောင် (၆-ပေ) မင် မပြည့်ချင်တော့ပါ။ ကြည့်စမ်းပါ၊ ငါတို့ကိုယ်ငါတို့ တိုင်းကြည့်ဖူး၏။ ၅-ပေနှင့် ၈-လက်မမျှသာ။

ယင်းတို့ကို စုပေါင်း၍ အဖြေတောင်းကြည့်လိုက်သောအခါ . . . နေသည် ကမ္ဘာပေါ်ကနေ ဖြတ်လျှောက်သွားတိုင်း ကမ္ဘာသို့ ကမ္ဘာသို့ အပူငွေ့ချပေးခဲ့ရာ ၁-လခရီးဖြင့်ဘာမျှမသိရသေး။ ၁-နှစ်ကျော်လာသောအခါ အနည်းငယ်သိခွင့်ရလာ၏။ သို့ဖြင့် ၁၀-နှစ်မှ နှစ်-၁၀၀သို့ ရောက်သောအခါ တစ်ကဏ္ဍပေါင်းစုမိလာပြီ။ နေဆိုတာသည်လိုထိုး၊ နေဆိုတာ သည်လိုဆိုး အချိုး၍ရလာပြီ။ အနှစ်တစ်ရာတစ်ရာပြည့်တိုင်းပြည့်တိုင်း ပြ...ကြောင်းပြ သဓါရလက္ခဏာများကလည်း အချက်ပြနေတော့ရာ . . . ကမ္ဘာနှင့် ကမ္ဘာပေါ်နေ လူသားတို့မှာ . . .

ဥတုပူလွန်သလောက် အစာကြမ်းအဆီများက ခန်းခြောက်နေကြပြီ။

အစာကြမ်းစားမိသလောက် စိတ်ကြမ်း လူစိတ်တိတ်ခမန်းနီးနီး ဖြစ်လာနေကြပြီ။

စိတ်ကြမ်းသလောက်လည်း ကံပြုကြမ်းလူကျင့်လွင့်ခမန်းနီးနီးဖြစ်လာနေကြပြီ။

သို့ဖြင့် ယနေ့ မြန်မာတို့သည် ယမန်နေ့က မြန်မာများနှင့် ရွေ့ရွေ့မတူတော့ပါ။ သို့ဖြင့် နက်ဖြန် မြန်မာများသည် ယနေ့မြန်မာများနှင့် ရွေ့ရွေ့ ခြားနားသွားကြပါမည်။

အိမ်မြှောင်မြီးပြတ်တစ်ခုကို ပုရွက်ဆိတ်ပေါင်း မြောက်မြားစွာ ဝိုင်းရွေ့နေသည့်ပမာ . . . သဓါရလေးမျိုးတို့က လူကို စက္ကန့်ဖြင့်ချီ၍ ...ရွေ့ချင်းရွေ့ပို့နေခြင်းသာ။

မြေအိုးသည် မဖတ်ခင် လုပ်စဉ်ကပင် ပုံစံကျ ပုတ်...တ်ပေးထား၏။ သိပ်သည်းစွာ နှိပ်နယ်ပေးထား၏။ သို့တစေလည်း အသုံးပြုသောအခါ စိမ့်ထွက်သည့်ပမာ . . . မြန်မာတို့သည် သရဏဂုံ အပ္ပမာဒဖြင့် သီလအိုးကို လုံခြုံစွာ ပြုလုပ်ထားကြ၏။ သို့တစေလည်း တစ်ဖက်အာရုံအငွေ့ မိမိခန္ဓာတွင်းနေဓာတ်များ အလေ့ထလာသောအခါ . . . တန်းတူထား မေတ္တာအစားကြိုက်ဖြစ်၊ ချစ်ဖြစ် တဏှာများက စိမ့်ထွက်လာကြ၏။ ကရုဏာအစား မုန်းဖြစ်၊ ရှုံ့ဖြစ်ဒေါသများက စိမ့်ထွက်လာကြ၏။ သို့ဆိုသော် ကိလေသာအပူမီ ကိုယ်နှင့်စိတ် မည်သို့ဖွံ့ဖြိုး တိုးတက်နိုင်ပါတော့မည်နည်း။

## ၂ ရွေ့၍ ရွေ့နေသော တို့မြန်မာများ

မြန်မာတို့၏ ဂါရဝ၊ နိဝါတ၊ သန္တုဋ္ဌိ (ရိုသေမှု၊ မာန်ချမှု၊ ရောင့်ရဲမှု) တို့၏ အိမ်ဝန်းဖွဲ့ဘည်ဆောက်ထားသည့် ရိုးရာဓလေ့ ထုံးတမ်းများကို ငါတို့လက်လှမ်းဆီမှနေ ယနေ့အထိကို ယှဉ်ပြပါမည်။

ငါတို့ကား ဂျပန်ခေတ်နှင့် အင်္ဂလိပ်ခေတ်အတွင်းလူလာဖြစ်ခွင့်ရခြင်းကြောင့် ယင်းတို့နှင့်ဓလေ့ထုံးတမ်းချင်းရောခါစ စစ်ကူးကာလကိုသာ မီပါတော့၏။ (သို့) မြို့ကြီးများပေါ်၌ ရောမွှေပြီးသားချည်း ဖြစ်နေကြရပြီး တောများ၌ကား မြန်မာ့အမျိုး ရိုးရာမပျက်မီ ကာလကိုသာ မီခဲ့ပါသည်။ ငါတို့အဘိုးကား တောင်ရှည်ပုဆိုးတကားကားဖြင့် အလျှုသွားလာသည်ကို တွေ့ခဲ့ရဖူး၏။ ငါတို့အဘွားကား ပြန့်ထဘီကြီးတလွှားလွှားနှင့် သွားလာနေသည်ကို တွေ့ရဖူး၏။

သည့်အတူ ငါတို့တစ်ရွာလုံး(တစ်နယ်လုံး) က ရှေ့မီနောက်မီလူကြီးမား၊ သူကြီးမားများတို့သည်လည်း ရှေးထုံးအတိုင်းသာရှိနေကြပါ၏။ ဥပုသ်သီတင်း မည်သည့်ကာလမှ မပျက်ခဲ့ကြ။ ဘုရားပွဲများပင်လျှင် ယင်းသီတင်းနေ့ကိုရှောင်၍ ကျင်းပလေ့ရှိကြပါသည်။

ဝါတွင်းကာလတွင်ကား ထိုအဘိုး၊ ထိုအဘွားများ ကျောင်းနေ ဘုန်းကြီး၊ ရဟန်း၊ သာမဏေများနည်းတူ ဝါဆိုကာ ၈-ပါးသီလထိန်းကြ၏။ သီတင်းကျွတ်လေမှ သိက္ခာချ၍ ငါးပါးသီလဖြင့် နေထိုင်ကြ၏။

လယ်အရောင်းအဝယ်ကို အလှူရှိရာ မဏ္ဍပ်တွင်း ပရိတ်သတ်ရှေ့မှာသာ ပြုလုပ်ကြ၏။ မည်သည့်စာချုပ်မှမလို။ အကယ်တိတိ တစ်ခုခုအငြင်းအခုံဖြစ်ခဲ့သော် သစ္စာဆိုခြင်းဖြင့် ပြေးငြိမ်း၏။ မည်သည့် ရုံးပြင်ကနားမှ သွားစရာမလို။

တစ်ဖန် လူလတ်ပိုင်းများသို့ လှမ်းကြည့်သော် တောင်ရှည်နှင့် ရင်ဖုံးအကျီများ ပျောက်ကွယ်သွားကြပြီ။ ပြန့်ထဘီနှင့် ရင်ဖုံးအကျီများလည်း ရှာမတွေ့တော့။ သို့သော် ကိလေသာပိုး အတိုးမကြမ်းကြသေး၍ ရိုးသားကြဆဲ။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကိုယ့်ယာကွက်ထဲက သခွားသီး၊ ဖရဲသီး စသည်များ ကြိုက်သလောက် ဝင်စားခွင့်ပြုထား၏။ ချဉ်ပေါင်ရွက် စသည်တို့ကိုကား တစ်နပ်စာ ခူးယူသွားနိုင်ကြ၏။ ကိုယ်ကလည်း စီးပွားဖြစ်ခွင့်မပြု။ သူတို့ကလည်း စီးပွားဖြစ် ဝင်မယူကြ။

ဘာသာက သင်ပေးထားသော လောကပါလတရား ထွန်းကားဆဲကာလဆိုရပါမည်။

ဤလူလတ်ပိုင်းများ ရှစ်ရက်သီတင်း၊ လပြည့်၊ လကွယ် တစ်လလျှင် လေးကြိမ်သော ဥပုသ်ရက်များ၌ ကျောင်းကန်ဘုရား အသွားမပျက်ခဲ့ကြပါ။ ထိုခေတ်ထိုအခါက ထွန်းကားဆဲမှာ စာဟောခြင်းအလေ့အထဖြစ်ရာ . . . ဥပုသ်နေ့ခင်းများတွင် နှုတ်အာရှင်းလင်းသော လူကြီးတစ်ဦးဦးက ငါးရာ့ငါးဆယ် ဇာတ်တော်များထဲမှ တစ်ခုခုကိုဖြစ်စေ၊ ဗုဒ္ဓဝင်ထဲမှ တစ်ခုခုကိုဖြစ်စေ ရွေ့မှုနေဖတ်ကြားပြပါသည်။ယင်းကို အားလုံးတို့က နာခံမှတ်သားခြင်းဖြင့်. . . အတွေးမှဖြစ်သော အကုသိုလ်အညစ် အဖြစ်မခံကြပါ။ တစ်ဖန် ပြောရာမှဖြစ်သော အကုသိုလ်အညစ်အဖြစ်မခံကြပါ။

ထိုမှတစ်ဖန် ညမိုးချုပ်ပိုင်းသို့ ရောက်သောကာလများတွင် ဒကာများက ဘုန်းကြီးကျောင်းအောက် သွား၍ ပုတီးစိပ်ကြပါသည်။ ဒကာမများက မိမိဇရပ်ပေါ်မှာတင် ပုတီးစိပ်ကြပါသည်။ သို့ဖြင့် ညဦးကာလကို ကျော်လွန်ကြပါသည်။ ထိုမှ အရုဏ်တက်သောအခါ ဒကာမများ စီမံထားသည့် ဆွမ်း၊ ဆွမ်းဟင်းများကို ဘုန်းတော်ကြီးအား ကပ်ခြင်း၊ မိမိတို့လည်း စားသုံးခြင်းဖြင့် အရုဏ်ကို လွန်မြောက်စေကြပြီး လင်းသည်နှင့် ငါးပါးသီလပြောင်းလဲခံယူပြီး အိမ်ပြန်ကြပါသည်။ တစ်ရက် ဥပုသ်စောင့်မည် စိတ်ကြံအတိုင်း ရက်ပြည့်စောင့်ခြင်းပင်။

ဤ၌ ဥပုသ်နောက်တစ်ရက် အရုဏ်၌ ဥပုသ်ထွက်လိုခဲ့သော် ဥပုသ်နေ့နံနက် အရုဏ်တက်ကပင် ဥပုသ်ဆောက်တည်ထားဖို့မမေ့နှင့်။ သို့မှသာ တစ်ရက်ဆိုသောထိုအဓိဋ္ဌာယ်က ပြည့်ဝမည်။ သည့်အတူ ဆရာဘုန်းကြီးဆီက ဥပုသ်နေ့ နံနက် ၉-နာရီ ဥပုသ်ယူထားခဲ့သော် ဥပုသ်နေ့၏ နောက်တစ်ရက် နံနက် ၉-နာရီကျမှ သတိကိုလွှတ်ချပေးပါလေ။

တစ်ဖန် လူငယ်ပိုင်းများသို့ လှမ်းကြည့်သော် ကလေးအရွယ်တုန်းက ယောကျ်ားလေးက ဂါဝန်နှင့် ဆံရစ်ထား၊ မိန်းကလေးကလည်း ဂါဝန်နှင့် ကြက်တောင်စည်း။ ထိုမှနောက် အပျိုဘော်၊ လူပျိုဘော်(အပျိုသဘာဝ၊လူပျိုသဘာဝ)ပိုင်းရောက်လာကြချိန် ယောကျ်ားလေးကလည်း ပုဆိုးနှင့်ဆံရစ်နှင့်၊ မိန်းကလေးများကလည်း ထဘီနှင့်ဆံရစ်လေးများနှင့်ပင်။ သည့်နောက် ယောကျ်ားကား သျှောင်ကြီးဗွေ သေသည်အထိ မစွန့်လွှတ်။ မိန်းကလေးက ဆံရစ်၊ အုပ်လုံးသိမ်းပြောင်းတစ်သက်လုံးထိန်းကျောင်း။

ထိုစဉ်က ယောကျ်ားလေး၊ မိန်းကလေးများ၏ ထုံးစံမှာ . . . ယောကျ်ားလေးများက လယ်ယာအလုပ်ကြိုးစားပြခြင်းဖြင့် ဟန်ရေးပြ၏သို့၊ မိန်းကလေးများကလည်း လက်ရက်ကန်းအစွမ်းပြခြင်းဖြင့် ပြန်လည်ညွှန့်ခံသည်။ ယင်းကို သားရှင်၊ သမီးရှင်များက အကဲဖြတ်ကြ၏။ ကာလသား၊ သမီးများက ရေခပ်လမ်း လှမ်းကြည့်၊ ဖမ်းကြည့်ဖြင့် စျေးဆိုင်ကြရ၏။

ထိုခေတ်က ခေတ်သွေးမခိုက်သဖြင့် အကြိုက်ဖြင့် မဆုံးဖြတ်ကြ။

ဘာသာသွေး စီးပြေးမြဖြစ်သဖြင့် ဘဝထူထောင်ရေး၌သာ အလေးပေး၏။

သို့ကြောင့် နှစ်ဖက်မိဘများက သဘောတူလျှင် သူတို့ချင်း ကြည်ဖြူကြရ၏။ မိဘများက ရမွက်မဖုံးသော မျက်လုံးဖြင့် ကြည့်ရွေးထားသဖြင့် မှားသည်မရှိ။ ထိုစဉ်က အိမ်ထောင်မကျကြ။ သီရိဂေဟာသို့သာ ဝင်ခွင့်ရခဲ့ကြ၏။

ဤမြင်ကွင်းများကို ငါတို့ ၁၀-နှစ်သားလောက်အထိမြင်ခွင့်ရခဲ့ကြပါသည်။ သည်နောက်တွင်ကား တောင်ရှည်၊ ပြန့်ထဘီပျောက်သွားကြလေပြီ။ ရင်ဖုံးများလည်းပျောက်၊ သူတို့နေရာ ရင်ကွဲများ ရောက်လာကြလေပြီ။

ဦးခေါင်းပေါ် လှမ်းကြည့်လျှင်လည်း သျှောင်ထုံးများပျောက်၊ သျှောင်အစား ဘိုကေများ ရောက်လာနေကြပြီ။ သည့်အတူ ရက်ကန်းများ တစ်စတစ်စ ပျောက်လာကြပြီး ပြည်ပအဝတ်မျည်းဖြစ်လာကြ၏။ အစားတွင်လည်း ကိုယ်ပိုင်အစားအစာ နည်းပါးလာ၏။ ဆေးလိပ်သည်ပင် ကိုယ့်ဖြစ်ပြောင်းဖူးဖက်ဆေးလိပ်များ ပျောက်ကွယ်သွားကြပြီ။ ထိုနှင့်အတူ "ဘာမဆို ငွေရှိပြီးတာပဲ" အတွေးအခေါ် နိုင်ငံကျော်ဖြစ်လာခဲ့ပြီ။ လူသက်သာပြီး ငွေရသောအလုပ်လုပ်ဖို့ လိုသည်က နိုင်ငံပေါ် ကျော်လာပြီ။ ကိုယ့်ဆီလာ အိမ်နှင့်ပြခြောက်၊ သူ့ဆီသွား အဝတ်အစားနှင့် ဖွခြောက်။ ဤအတွေးအခေါ်နှင့် သရုပ်ဖော်များကလည်း တိုင်းပေါ် ကျော်တက်လာနေပြီ။

သည်မှနေ၍ ယနေ့မြန်မာတို့၏ ဘဝခရီး ဝင်ထမ်းနည်းဖြင့် တွက်ခဲ့ကြရာ လူသားများ၌ သူများအရွေ့၌ ရွေ့ပါနေသည်က များလွန်းလာနေပြီ။ ဝတ်ပုံစားပုံနေထိုင်ပုံများ သူများမလေ့ အငွေ့ခံယူနေကြရပြီ။ လူနေမှုစနစ်များလည်း သူတကာကြည့်ရှု အစုယူနေကြရပြီ။ ယဉ်ကျေးမှုများလည်း သူတကာ့ထုံး စုရုံးခိုလှုံနေကြရပြီ။ ယနေ့ မြန်မာ ဆိုသည်မှာ လူလုံးလောက်သာ ကျန်တော့သည်။

ထိုစဉ် မြန်မာအမျိုးသားတို့ ခါး၌ ပုဆိုးနည်းသွား၏ ။ ဘောင်းဘီဘက်ကများလာ၏။ မြန်မာအမျိုးသမီးတို့ခါး၌လည်း ထဘီနည်းသွား၏။ ဘောင်းဘီဘက်က များလာ၏။ မြန်မာမများ၌ ဘောင်းဘီမျှမကသေး တရုတ်မလေးတို့ ခါး၌ရှိသော ဂါဝန်မျိုးများလည်း တွေ့ကြရသေး၏။ ကိုရီးယားမလေးတို့ခါး၌ရှိသော ဂါဝန်မျိုးများလည်း တွေ့ကြရသေး၏။ အင်္ဂလန်၊ ပြင်သစ်မလေးတို့၏ ခွရင်းဖုံး ဘောင်းဘီတိုများအထိ ကြည့်ကြရဦးတော့မည်။

မြန်မာမိန်းကလေး၌ ရှိအပ်သော အရှက်တရား ပျက်ပြားသွားခဲ့ပြီ။

မြန်မာအမျိုးသားများ၌ အကြောက်ဓမ္မ ပျောက်ရှဖို့ နီးကပ်လာနေပြီ။ ဘာ့ကြောင့်. . .။ လူဦးရေသာတိုး၍ မြန်မာ့လုပ်ကွက်ကားကျယ်မလာသောကြောင့်။

လွန်ခဲ့သော အနှစ် - ၅၀ က လူတစ်ယောက်စာကို ယနေ့တစ်ရာလောက်မျှစားနေရပြီ။ တစ်ရာလောက်မျှနေနေရပြီးတစ်ရာလောက်မျှလုပ်နေရပြီ။ တစ်ဖန်အာရုံဆန်းများကလည်း မိုးပေါ်က၊ မြေပြင်က လာရောက်တိုက်ချနေကြပြီ။ တစ်ဖန်. . . ဥတုကပူ၊ သွေးကဆူနေကြသဖြင့် အာရုံမြူးရာ သူတကာပါနေကြပြီ။ တစ်ဖန် အစာကြမ်းစားရာမှ အကြောမာ အဖုကြီး စိတ်များပါ ရင့်သီးလာနေကြပြီ။ တစ်ဖန် ရှက်လျှင်ကျန် ကြောက်ပြန်လျှင်လွဲ မီးများရာ ရေခဲမနေလိုသဖြင့် ကံများ ကြမ်းလာကြပြီ။

သို့ဖြင့် ဆုတ်ခေတ်ကြီး ဆုတ်၍ဆုတ်၍ လိုက်လာခဲ့ကြရာ. . . မြန်မာတို့၏ မြန်မာများ ကိုယ်ထားပိန်လိန်လှသလောက် စိတ်ထားသေးသိမ်လှနေကြပြီ။ ကိုယ်ပိုင်အား တခြားမှီပစ်ပြီး သူတကာအားဖြင့် အသက်မျှနေကြပြီ။





www.burmeseclassic.com

www.burmeseclassic.com

သူတကာ့လက်ထဲက ခေတ်စနစ်အရွှေ့ တရွှေ့ရွှေ့နှင့် လိုက်ပါနေကြရပြီ။

လောကပါလသည် လူတစ်ဦးချင်းကို စောင့်ရှောက်နေသော အရှက်၊ အကြောက်။ ထိုအရှက်၊ အကြောက်က ရာဂ၊ ဒေါသသွေး မဖောက်မှ ကိုယ်တွင်းကတောက်ထလာ၏။ အရှက်အကြောက် ကိုယ်မှတောက်သော် သူတကာအရွှေ့ မေ့၍တောင်မပါ။

**၁ အရွှေ့မခံသောအရွှေ့များ**

ငါတို့မြန်မာ၌ သာသနာ့ဝန်ထမ်းနှင့် ဗုဒ္ဓဘာသာဝင်ဟူ၍ မွေ့ခံလက်ရိုးနှစ်မျိုးရှိချေရာ. . . ဘာသာဝင်အများစု (လူငယ်အများစု) ကသာ သူတကာ အာရုံဆန်းများ၏ အတွေ့ဖြင့် အရွှေ့ခံနေကြပြီး သာသနာ့ဝန်ထမ်းများကား အရွှေ့မခံကြပါ။ သို့တစေလည်း ကာလ၊ ဒေသ၊ ပယောဂများ တိုက်စားမှုများကြောင့် သဘာဝမမှတာအရ ရွှေ့လျားမှုကား ဖြစ်ပွားနေသည်သာ။

ဤ၌ ဘာသာဝင်နှင့် ဝန်ထမ်းတို့၏ ကွဲပြားချက်ကို ဖော်ပြလိုသေး၏။ ဘာသာဝင်သည် ဘုရားစကား သက်ဝင်ယုံကြည်မှုကို အဓိကထား၏။ ဘုရားအဆုံးအမတော်၏ အညာဖြစ်သော သရဏဂုံ အပ္ပမာသတိကို လက်ကိုင်ထား၏။ ယင်းမှာ. . . မည်သည့်အာရုံကိုမဆို ခံစားပါ။ ပိတ်ပင်မထားပါနှင့်။ သို့သော် အတွေ့ကို အတွေ့အတိုင်းသာ ခံစား၊ အတွေ့ကိုကား ဖယ်ရှားပစ်လိုက်ပါဟူ၏။

သည်သို့ အတွေ့အတွေ့အတိုင်း (အရှိအရှိအတိုင်း) ခံစားရန်မှာ. . . သူ့မူရင်းသတ္တိ (အချိုဖြစ်က အချိုသတ္တိ) စိတ်က အာရုံယူ၍ ယင်းအချို ဘယ်လိုချိုနေသလဲ၊ ဘယ်ကနေ ချိုနေသလဲ၊ ဘာ့ကြောင့်ချိုနေသလဲ။ ထိုပုစ္ဆာသုံးချက် အဖြေထွက်သည်အထိ သတိ၏ ရှုမှတ်ခြင်း၊ အောက်မေ့ဆင်ခြင်ခြင်း အတတ်ပညာကို အသုံးချမှုသာ ဖြစ်နိုင်၏။ သို့အသုံးချသော်. . . စိတ်အတွေး အဝေးထိ ပြေးခွင့်မရတော့ပါ။ ထိုအခါ အတွေ့၏ အငွေ့ စေ့စေ့တွေး ရေးရေးပေါ် လာတော့သည်သာ။ ယင်းကား အချိုသည် အချိုမျှသာ။ ထိုအချိုသည် ကြက်မဟုတ်။ ကြက်သည် အချိုအတွက် နာမည်ခံသက်သက်မျှသာ။

သည်အသိ စိတ်နှင့်တည့်တည့် တိုးလာသဖြင့်. . . လောဘဖြင့်ကြက်ကို မစော်ကားမိတော့၊ ဒေါသဖြင့်လည်း မပြစ်မှားမိတော့။ တစ်ဖန် ကြက်မပါစေဘဲ အချိုကို အချိုအတိုင်း ဝါးမိနေစဉ် တစ်ခါဝါး တစ်ချိုချို တစ်ခါပျက်သောဝါး၊ ချို၊ ပျက် အဆက်ဆက် တွေ့သိလာတော့ရာ . . .

အရွှေ့များ စီတန်းနေသောခရီးဖြင့် အနိစ္စသဘောကို မြင်ခွင့်ရလာ၏။

ဝါးသလောက်ပျက် ပျက်သလောက်ဝါးဖြင့် အဖျက်ခံ ဒုက္ခသဘောကိုလည်း မြင်ခွင့်ရလာ၏။

အချိုသည် သတ္တိကဖြစ်သော သဘောမျှသာဖြင့် အနတ္တသဘောကိုလည်း မြင်ခွင့်ရလာ၏။

သည်မျှမကသေး အချိုဝင်ပြီး အတွင်း အတွေးသွင်းခွင့်မရချိန် . . . လူသည် လူစိတ်ဖြင့်သာ နေခွင့်ရလာခြင်းကြောင့် သို့မဟုတ် စိတ်သို့ ချစ်၊ မုန်းနှစ်ပါး ပူးကပ်ခွင့်မသာသောကြောင့် . . .

(က) ရာဂတဏှာအစား လူသုံးပစ္စည်းဖြစ်သော မေတ္တာ (တန်းတူထားစိတ်) က ဝင်လာ၏။

(ခ) ဒေါသတဏှာအစား တစ်ကိုယ်ချင်း ချင့်စာသော ကရုဏာထားစိတ်က ဝင်လာ၏။

သို့ဖြင့် သူ့အသက်သတ်ခြင်းမှ ကင်းဝေးစေ၏။

သို့ဖြင့် သူ့ဥစ္စာ၊ သူ့အိပ်ရာစသည်များမှလည်း ကင်းဝေစေ၏။

သို့ဖြင့် အခုရန်ကင်း နောင်ကြွေးရှင်းဘဝ လှလှကြီး အထောက်အပံ့ဖြစ်စေ၏။

ဆိုခဲ့ပြီးသည်တို့မှာ ဗုဒ္ဓဘာသာဝင် တစ်ဦး၏ လိုက်နာကျင့်သုံးမှုပင် ဖြစ်၏။ သရဏဂုံသတိ အရင်းခံမျှသာရှိ၏။ အကယ်တိတိ ဗုဒ္ဓဘာသာဝင်တစ်ဦးက သာသနာ့ဝန်ထမ်းများနှင့် ပူးတွဲ သာသနာ့အထောက်အပံ့ပြုလုပ်ပွဲကြီး ဆင်နွဲလိုပါသော်. . . သို့မဟုတ် ဝန်ထမ်းများနှင့် နီးကပ်စွာနေ၍ သာသနာပြုလုပ်ငန်းများ ပြုလိုလတ်ခဲ့သော် မပြုသင့်သော ကုန်သွယ်မှုငါးမျိုးရှောင်ခြင်တိုးလိုက်ရုံသာ။ ယင်းမှာ . . .

၁။ လက်နက်အရောင်းအဝယ်မလုပ်နှင့်။

၂။ အဆိပ်အရောင်းအဝယ် မလုပ်နှင့်။

၃။ အသားအရောင်းအဝယ်လည်း မလုပ်နှင့်။

၄။ မူးယစ်စရာ အရောင်းအဝယ်လည်း မလုပ်နှင့်။

၅။ လူအရောင်းအဝယ်လည်း မလုပ်နှင့်။

သာသနာ့ဝန်ထမ်းများနှင့်ကူးလူးဆက်ဆံရင်းက ကုန်သွယ်ဤငါးမျိုးကြိုးစားမိခဲ့သော် မိမိကြောင့် ဝန်ထမ်းများပါ အထင်သေးစရာဖြစ်လိမ့်မည်။ ပြောတော့ဖြင့် ဥပါသကာကြီးတဲ့ လုပ်ပုံကြီးက အများဆင်းရဲစရာ။ ပြောတော့ဖြင့် ဥပါသိကာမကြီးတဲ့ လုပ်ပုံက လူညွှန့်ခူးအလုပ်။ လုပ်မှာပေါ့ သူတို့ချဉ်းကပ်တဲ့ ကိုယ်တော်တွေက အားပေးနေတာကိုး. . .။ သည်သို့သော စကားလေပုပ်များဖြင့်အပုပ်ချခံရမည်ဖြစ်သဖြင့် သာသနာနှင့် နီးနီးကပ်ကပ်နေသူများ ဤကုန်ကူးငါးပါး ရှောင်ရှားပေးကြရ၏။ အနေဝေးတို့အဖို့ကား သတိသရဏဂုံ ပွားထုံခြင်းဖြင့် လုံလောက်ပြီ။

ထိုသတိသရဏဂုံကပင် . . .

(က) အခုကောင်း၊ နောင်ကောင်း၊ နိဗ္ဗာန်ကောင်းအထိ တာဝန်ခံနေ၍. . .။

(ခ) တစ်ဖန် . . . အခုအကျိုးရှိ၊ နောင်လည်းအကျိုးရှိ နိဗ္ဗာန်အထိ အကျိုးရှိနိုင်၍။

(ဂ) တစ်ဖန်လည်း သူလည်းချမ်းသာ၊ ကိုယ်လည်းချမ်းသာ နိဗ္ဗာန်ချမ်းသာအထိလည်း ပေးစွမ်းနိုင်၍။

သာသနာ့ဝန်ထမ်းတို့မှာကား ထိုမျှနှင့် မပြီးစီးချေ။ ယင်းတို့က . . .

၁။ သာသနာတော်အတွက် ယုံကြည်မှုတိုးတက်အောင် ပြုကျင့်ပေးခဲ့ရဦးမည်။

၂။ မိမိအား ထောက်ပံ့နေသူများအတွက် တိုးတက်အောင်လည်း ပြုကျင့်ပေးနေဦးမည်သာ။

၃။ မိမိအတွက်လည်း နိဗ္ဗာန်နှင့် မျက်ခြည်မပြတ်အောင် ထိန်းကျောင်းကြပ်မတ်ပေးနေဦးမည်သာ။

ခေါင်းတစ်လုံး ပခုံးနှစ်ဖက်တို့ဖြင့် ရေသုံးအိုး ရွက်ထမ်းသွားနေရ၏ပမာ။

သည်သို့ ဗုဒ္ဓနိုင်ငံတော်၏ သာသနာ့တာဝန် ထမ်းရွက်နေရသူတို့သည်. . .

(က) ၂၂၇-သွယ်သော ကျင့်ဝတ်တို့ကိုလည်း ဥပဒေပြဋ္ဌာန်းချက်ဖြင့်ထမ်းရွက်ကြရ၏။

(ခ) ဣန္ဒြိယသံဝရကျင့်ဝတ်တို့ကိုလည်း သမာဓိထူထောင်ကာ ထမ်းရွက်ကြရ၏။

www.burmeseclassic.com

(ဂ) အာဇီဝပါရိသုဒ္ဓိ ကျင့်ဝတ်တို့ကိုလည်း သတိ၊ ပညာရှေ့သွားပြုကာ ထမ်းရွက်ကြရ၏။

(ဃ) ပစ္စယသန္နိဿိတကျင့်ဝတ်ကိုလည်း သတိပညာရှေ့သွားပြုကာထမ်းရွက်ကြရ၏။

သို့ကြောင့် ဝန်ထမ်းက တပ်သားနှင့်တူပြီး ဘာသာဝင်က အရပ်သားနှင့်တူ၏။ ထိုဝန်ထမ်းတင်းကျပ်သောဥပဒေများကြောင့်(စစ်သည်တော်ကျင့်ဝတ်များကြောင့်) အရပ်သားဆန်းရာ၌ လိုက်မဆန်းကြပါ။တစ်ဖန် အရပ်သားအကျင့်ပျက်တိုင်းလည်း လိုက်မပျက်ကြပါ။

အကယ်တိတိ ပျက်သော်မှ အရပ်သားများလို ပြောင်ပြောင်တင်းတင်း မလုပ်ဝံ့။ တစ်ဖန် အရပ်သားများ ပျော်ပါး မော်ကြွား ဆော့ကစားတိုင်းလည်း လိုက်မကစားကြပါ။ "ဘုရားကျင့်သလိုကျင့် ဘုရားသိသလိုသိဖြင့် ဘုရားနှင့် တစ်သားတည်းကျ သံဃာသမဂ္ဂကြီးအမြဲထွန်းကားနေရန်အတွက်"။

သို့ဖြင့် ရွှေတိုင်းပါအရွှေ့နှင့် ရွှေ့ရာမပါသောအရွှေ့ဟူ၍ လမ်းကွဲလာခြင်းပင်။

ရွှေ့တိုင်းပါ အရွှေ့က ခေတ်နောက် တကောက်ကောက်လိုက်နေ၏။

ရွှေ့ရာမပါသော အရွှေ့ကား ရပ်လျက်က ရွှေ့နေ၏။

ကြည့်ပါ။ သာသနာ့ဝန်ထမ်းများ၏ဓလေ့သည်. . . ကမ္ဘာဦးက ဖြစ်ထွန်းပေါ်ပေါက်လာသော သရက်သီးနှင့် ယနေ့ဖြစ် သရက်သီးပုံစံချင်း၊ အရောင်ချင်း၊ အရသာချင်း တထေရာတည်းကျနေပါ၏ ပမာ. . . ဦးခေါင်းတွင် ယခင်ကလည်း ကတုံး ယခုလည်း ကတုံးပင်။ ကိုယ်ပေါ်တွင် ယခင်ကလည်း တစ်ရောင်တည်း ယခုလည်း တစ်ရောင်တည်းပင်။ ဖဝါးဖွင့်လည်း ယခင်ကလည်း သည်ပုံစံ ယခုလည်း သည်ပုံစံပင်။

ဝန်ထမ်းများနှင့် ဘာသာဝင်များ၏ အကွဲပြားဆုံး အခြားနားဆုံးမှာ. . . လက် ကြည့်လိုက်ပါ။ လက်စွပ်၊ လက်ကောက်၊ လက်ပတ်နာရီ လုံးဝမရှိကြပါ။ ခြေ ငုံ့ကြည့်ပါ။ ရွှေခြေချင်း စသည်များ လုံးဝမရှိကြပါ။ သည့်အတူ ရင်၌ ဘယက်၊ လည်၌ ဆွဲကြိုး၊ ဆံ၌ ဆံထိုး၊ ရွှေဘီး စသည်များ လုံးဝမရှိကြပါ။

အင်း. . . ယနေ့ဝန်ထမ်းလောက၌ ဘာသာဝင်များ နောက်ခြေလှမ်းစလိုက်နေသည်များကြိုကြားကြိုကြားတွေ့လာကြရပါသည်။ ယင်းမှာလည်း အမျိုးသား (ဘိက္ခု) ဝန်ထမ်းဘက်ကသာ။ အမျိုးသမီး (သီလရှင်) ဘက်က မဟုတ်။

(က) ရဟန်းက ကားကိုယ်တိုင်မောင်းသွားလာနေသည်ကို ငါတို့ငယ်ငယ်ကပင် တွေ့ခဲ့ရ၏။

(ခ) ရဟန်းက မော်တော်ဆိုင်ကယ်စီးနေပါသည်ကို ယနေ့ တွေ့မြင်နေကြရပြီ။ သီလရှင် မော်တော်ဆိုင်ကယ် စီးသွားလာနေသည်ကို မတွေ့ဘူးသေး။

(ဂ) တစ်ဖန် ရဟန်းက ကင်မရာကြီး တကားကားဖြင့် ယနေ့ လမ်းသလားပြနေပြီ။ သီလရှင် ကင်မရာကိုင်သည်ကို မတွေ့မိသေး။

ဘာ့ကြောင့်. . .။ လောကပါလအမည်ရသော ရှက်၊ ကြောက်တရားနှစ်ပါးသည် အမျိုးသားများထက် အမျိုးသမီးများ၌ ပို၍ထွန်းကားသောကြောင့် ထင်၏။

ယောကျ်ားသည် ရှေ့သွား၊ မိန်းမသည် နောက်လိုက်က သက်သေခံ၏။ သဘာဝလွန် မိန်းမရှေ့သွား၊ ယောကျ်ားနောက်လိုက်ကား အလွန်နည်းပါး၏။

ဤ၌ သာသနာ့ဝန်ထမ်းရှင်ရဟန်းများဘက်က တစ်စွန်းတစ်စမျှသော လူကျင့်နှင့် လက်ချင်းဆက်ပုံအကြောင်းဖော်ပြခြင်းသည် အပြစ်ပြောခြင်းမဟုတ်။ နွေခေါင်ခေါင် နေပူကျဲကျဲကြီးထဲမှ ခရီးရှည်ဖြတ်သန်းသွားလာနေရသော ရဟန်း၏ ကိုယ်ပေါ်လွှမ်းသင်္ကန်းတော်သည် နေစားခံရမည်ကား ဧကန်။ နေဒဏ်ကြောင့် တရွေ့ရွေ့အရောင်လွင့်ပြယ်မည်မှာလည်း ဧကန်ပင်။

သို့တစေလည်း မာဂဓလေယ်ကွက်များဖြင့် တန်ဆာဆင်ထားသည့်သင်္ကန်းတော်ရှိ သင်္ကန်းပုံစံကား ပြောင်းလဲသွားမည်မဟုတ်ပါ။

ဤ၌ ငါတို့ရဟန်းဘဝမှ လူအဖြစ်ပြောင်းလဲခါစက အတွေးတစ်ခုကိုဖော်ပြလိုသေး၏။ ပထမ ဆေးလိပ်ခုံကြီး၌ လူဝင်စားဖြစ်လာရသဖြင့် လူ့အထက်လွှာတို့၏ ဖောက်ပြန်ပုံအကြောင်းလည်း သိခွင့်ရ၏။ လူ့အောက်လွှာတို့၏ ဖောက်ပြန်မှုများကိုလည်း သိခွင့်ရနေ၏။ ပြင်ပ၍ ဟန်ဆောင်ကောင်းသလောက် အတွင်းက ရှုပ်ပွေလွန်းလှ၏။

အပြောနားထောင်လိုက် ရမွှက်သံနှင့် သံများ။

အလုပ်မော်ကြည့်လိုက် ရမွှက်ချိုးနှင့် အမျက်ချိုးများ။

ထိုစဉ် ငါတို့၌ အတွေးတစ်ခုဝင်လာ၏။ "ရဟန်းပျက်တယ်ဆိုတာ လူတွေအိပ်နေသလောက်ပါပဲ"။ "အောက်တန်းစားပျက်တယ်ဆိုတာ လူကုံထံတွေ အိပ်နေသလောက်ပါပဲ"။ ထိုအတွေးဝင်သည်မှစ၍ ရဟန်းဆို ငါကြည်ညိုမဆုံးတော့ပါ။

လောကပါလတရားဝန်ထမ်းများ၌ ထွန်းကားနေသောကြောင့်. . .။

**ကျမ်းပြီးနိဂုံး**

လောကဿ အနုပါလကော၊
ဟိရိယာ ဩတ္တပ္ပေါမတော၊
တာနိဒွေ တဏှာယ မာနေ၊
ပဋိ သေဓ-ကာလေပန၊
နဟိရိကော နဩတ္တပ္ပေါ တိ နာမ
ကေန ဒိဿတိ။ ။

**လောကဿ** - လောကသုံးပါးကြားက လူသားများအား၊ **အနုပါလကော** - အစဉ်စောင့်ရှောက်မှုပေးနေသော၊ **မမ္မသာဘာဝေါ** - တရားသဘောကား၊ **ဟိရိယာ** - မကောင်းရာထွက်လက်ဆက်ရသည်ကို ရှက်ရခြင်းနှင့်၊ **ဩတ္တပ္ပေါတိ** - တန်ပြန်ဒဏ်ပြန်လည်ခံရမည်ကို ကြောက်တတ်လာခြင်းများဟူ၍၊ **မတော** - ကိုယ့်ဖြစ်စဉ် ကိုယ်သတိတပ်လျက် အသိအမှတ်ပြုအပ်၏။

**တာနိ** - လောကစောင့်တားထိုတရားရိုးနှစ်ပါးတို့တို့ **ဒွေ** - နှစ်ပါးကုန်သော၊ **တဏှာယ** - ရာဂတဏှာ ဒေါသတဏှာနှင့်၊ **မနော** - ရာဂထန်၍မာန်တက်လာခြင်း၊ ဒေါသထန်၍ မာန်တက်လာခြင်းတို့က၊ **ပဋိသေဓကာလေပန**-အရှက်ထိပ်မှာ မ,တပ်ကာဖြင့် (အကြောက်ထိပ်မှာ မ,တပ်ကာဖြင့်) တားမြစ်လိုက်သောအခါတွင်ကား၊ **ဟိရိနာမကာ** - ဟိရိအမည်မှာ၊ **အဟိရိကာတိ** - အဟိမ်ကဟူ၍၊ **ဒိဿတိ** - ထင်ရှားလာပါအံ့။

**ဩတ္တပ္ပနာမကာ** - ဩတ္တပ္ပအမည်မှလည်း၊ **အနောတ္တပ္ပေါတိန** - ဩတ္တပ္ပဟူ၍၊ **ဒိဿတိ** - ထင်ရှားလာပါအံ့။

၁၃၇၄ ခုနှစ်၊
ပထမဝါဆိုလဆန်း ၁၄ ရက်၊
တနင်္လာနေ့။
နံနက် ၁၀း၁၅ နာရီ။
(ဥ ယျမ်တောရရောက်
တစ်လတိတိပြည့်နေ့
ပြည့်သောအခိုက်)

မဟာဗောဓိမြိုင်ဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

[redacted]

# မင်းဘူး-ဗိုလ်ဥတ္တမ

## မြဖြူခြင်းဓါးသဘောတရား



ယခုတော့လည်း တစ်ချိန်က နုပျိုလန်းဆန်းခဲ့သော ကျွန်တော်၏ ရုပ်အသွင်သည် အဘက်ဘက်က ယိုယွင်းပျက်စီးလို့သွားခဲ့ချေပြီ။ ဦးခေါင်းပေါ်ရှိ ဆံပင်တို့က ဆွတ်ဆွတ်ဖြူခဲ့ပြီ။ နဖူးပေါ်တွင်လည်းကောင်း၊ မျက်နက်ဝန်းအောက်တွင် လည်းကောင်း အရေးအကြောင်းတွေ၊ အတွန့်တွေကပေါ်လို့လာခဲ့ပါပြီ။ မျက်လုံးက မှုန်ဝါးသွားပြီး သွား (၇) ချောင်းမရှိတော့ပါ။ ကျန်တာကလည်း နဲ့တာကနဲ့၊ ယိုင်တာကယိုင်ဖြစ်လို့နေပါပြီ။ သွက်လက်စွာပြေးလွှားနိုင်ဖို့နေနေသာသာ လမ်းလျှောက်တာပင် ချော်မလဲအောင် သတိကြီးစွာထားနေရသည်။ သတိထားသည့်ကြားကပဲ ခဏခဏချော်လဲရပြန်သည်။ လူသွားစင်္ကြံပေါ်ကနေ ကားလမ်းမပေါ်သို့၊ ကားလမ်းမပေါ်ကနေ လူသွားစင်္ကြံပေါ်သို့ ပုံစံအမျိုးမျိုးနှင့် ကျွန်တော်ချော်လဲခံဖူး၏။ ရန်ကုန်မြို့ မြေနီကုန်း လူသွားစင်္ကြံတွင် စီးထားသော ရော်ဘာဖိနပ်က စင်္ကြံပေါ်ရှိ ကျောက်ဖျားစွန်းနှင့် တိုက်မိကာ မှောက်ထိုးလဲ၍ မျက်နှာက ကားလမ်းမနှင့်သွားရိုက်သည်။ ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းမီးပွိုင့်တွင် စပယ်ယာက တံခါးဖွင့်ပေးကာ ဆင်းချင်လျှင်ဆင်းဆိုသဖြင့် ဆင်းလိုက်သည်။ မိုးရွာနေသဖြင့် ထီးကိုတစ်ဖက်ကကိုင်ထားရသည်။ လမ်းပေါ်မှာက ရေလျှံနေသည်။ သတိထားသည့်ကြားကပဲ ချော်လဲကာ မျက်နှာနှင့်စင်္ကြံရိုက်မိသည်။ နောက်က ဆင်းလိုက်လာသူက -

"ဟားဟားဟား - ဘိုးတော်ဘယ်လိုဖြစ်တာလဲ"

ဟုလှောင်ပြောင်သည်ကိုပင် စိတ်မဆိုးနိုင်။ ကုန်းရုန်းထနေရသည်။ နုပျိုတုန်းက အင်မတန်မှသွက်လက်ထက်မြက်လှတဲ့ကောင်။ ခုတော့ ငယ်တုန်းကလို သွက်လက်ထက်မြက်ပါဦးတော့လားဟု ဘဝက မိမိကို ဆိုနေသယောင်။

မန္တလေးတက္ကသိုလ်ကျောင်းသားဘဝတုန်းကပေါ့။ မုံရွာမှ ကိုအောင်ကြည်တို့က မိမိကို 'ဝေးကလက်' ဟု ခေါ်ခဲ့၏။ 'ဒီကောင့်မျက်နှာက ဝက်ပေါက်ကလေးနဲ့တူတယ်' ဆိုပြီး စကားလိမ်နှင့် ဤသို့ခေါ်ခြင်းပါ။ မိမိအားချစ်၍ ဤသို့ခေါ်ခြင်းမို့လည်း စိတ်မဆိုးပါ။ မှန်သည်။ ကျွန်တော့်မျက်နှာသည် နုပျိုလွန်း၍ baby face ခေါ် ကလေးတစ်ဦး၏မျက်နှာသွင်ပြင် ဖြစ်သည်။ မွေးကတည်းက မိဘအရိပ်တွင် အေးချမ်းစွာကြီးပြင်းလာခဲ့သောသူ၊ ကိုယ့်စွပ်ကျယ်ပင် ကိုယ်မဖွပ်ခဲ့ဘူးသောသူ၊ သူဌေးသားမဟုတ်သော်လည်း ကျွန်တော်သည် ခန္ဓာကိုယ်ပင်ပန်းဆင်းရဲစေမည့် မည်သည့်အလုပ်မျှမလုပ်ခဲ့ဘူးချေ။ ဝါသနာအရ တက္ကသိုလ်အရန်တပ်ရင်းတွင် စစ်သင်တန်းဆင်းခဲ့ဖူးတာပဲရှိလေသည်။

ထို့နောက် ပါတီဌာနချုပ်တွင် ဝန်ထမ်းအဖြစ် (၁၈) နှစ် ရုံးထိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ယင်းရုံးကြီးပြိုလဲရာက အလုပ်လက်မဲ့တစ်ဦးဖြစ်သွားခဲ့သည်။ ထို့ကြောင့်လည်း နိုင်ငံခြားတွင် ကြုံရာကျပန်းလုပ်စားမည်ဆိုကာ ထွက်သွားခဲ့ရာက (၁၄) နှစ် ကြာသွားခဲ့သည်။ ထို (၁၄) နှစ်သည်ပင် ကျွန်တော့်ဘဝဝယ် ကိုယ်ရောစိတ်ပါ အပင်ပန်းအဆင်းရဲဆုံးသောကာလများဖြစ်ခဲ့လေသည်။ ကနဦးတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အပြင်ဘက် ကောင်ကီးချန်သစ်စက်အလုပ်သမားဘဝကစ၍ ပြောပြပါမည်။ တစ်ရက်ကို အလုပ်ချိန် (၈) နာရီနှင့် တစ်ပတ်ကို (၆) ရက် လုပ်ရသည်။ တစ်ရက်လုပ်ခမှာ မလေးရှားသုံးပိုက်ဆံ (၁၄) ရင်းဂစ် ဖြစ်သည်။ တကယ်တော့ အလုပ်ကသိပ်ပင်ပန်းလှသည်မဟုတ်ပါ။ အလုပ်ကြမ်းရယ်လို့ တစ်ခါမှမလုပ်ဘူးသောကြောင့်သာ ပင်ပန်းသည်ထင်ရတာပါ။ လွှဝိုင်းဆရာဖြတ်သော သစ်ဖြတ်စတွေကိုယူ၍ ပေအရှည်လိုက် အပုံမှာ ပုံပေးရသည်။ သစ်ကခြောက်တစ်ကြမ်းခင်းသစ် ဖြစ်သည်။ လွှဝိုင်းက နှစ်ခုရှိကာ လွှဝိုင်းတစ်ခုလျှင် လွှဝိုင်းဆရာနှင့် သူ့အကူ သယ်ပေးရသူက နှစ်ယောက်စီရှိသည်။ သစ်ပုံမှာ အတိုဆုံးက သုံးပေဖြစ်ကာ သုံးပေခွဲ၊ လေးပေ၊ ငါးပေမှသည် ဆယ့်နှစ်ပေအထိ အစားစားပုံရသည်။ မနက် (၈) နာရီစ၍ (၁၀) နာရီတွင် လက်ဖက်ရည်သောက် (၁၅) မိနစ်တန်းဖြုတ်သည်။ နောက် (၁၀း၁၅) နာရီမှာ အလုပ်ပြန်စပြီး မွန်းတည့် (၁၂) နာရီတွင် ထမင်းစားတန်းဖြုတ်သည်။ နေ့ခင်း (၁) နာရီ ကတ်ထိုးပြီးအလုပ်ပြန်တက်ရာ မွန်းလွဲ (၃း၁၅) နာရီတွင် လက်ဖက်ရည်သောက်နားသည်။ (၃း၁၅) နာရီမှသည် ညနေ (၅) နာရီထိ ဆက်တိုက်လုပ်ရပြီး (၅) နာရီတွင် ဥသြဆွဲကာ တစ်နေ့တာအလုပ်ပြီးသည်။

ရောက်ခါစ (၁) ပတ်အတွင်း ကိုယ်တွေလက်တွေကိုက်ခဲကာ နာ၍ တေဇောဘမ်းလိမ်းကာအိပ်ရသည်။ ဒီအလုပ်ကို လုပ်နိုင်ပါ့မလားဟု စဉ်းစားသည်။ မျက်ရည်ကျခဲ့သည်။ ဒီအလုပ်ကို မလုပ်လျှင်လည်း အခြားဝင်ငွေရစရာအလုပ်က မရှိတော့။ အလုပ်ပြောင်းဖို့ရာကလည်း ပွဲစားခပေးရန် ပိုက်ဆံကမရှိတော့ပါ။ ရန်ကုန်ကို ပြန်လာဖို့ကလည်း ရန်ကုန်မှာ ဘာလုပ်စားမည်လဲ။ နေစရာအိမ်ကလည်း မရှိပါ။ သေရုံအပြင် ပိုမရှိပါဘူး ဆိုပြီး ဇွတ်ဆက်လုပ်တော့လည်း တစ်လလောက်အကြာဝယ် အသားကျသွားကာ ထမင်းစားလို့ကောင်းသွားသည်။ သို့သော် ရုံးထိုင်စဉ်ကအဆီတွေနှင့်ပူနေသောဗိုက်ကလည်း ပြားချပ်လို့သွားခဲ့ပါပြီ။

၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘန်ကောက်သို့ပြန်ကာ ဘန်ကောက်မှ တစ်ဆင့် မတ်လတွင် မကာအိုသို့ရောက်သည်။ မကာအိုရောက်ခါစလုပ်ရသည့် အကျီချုပ်စက်ရုံအလုပ်၊ ဆောက်လုပ်ရေး(ပြင်ဆင်မွမ်းမံသည့်)အလုပ်များတွင် မလေးရှားပြန် ကျွန်တော့်အတွက်က




www.burmeseclassic.com

www.burmeseclassic.com

ပျင်းတောင်ပျင်းသေးသည်။ လုံခြုံရေးကုမ္ပဏီဝင်ရာ ဈေးဆိုင်စောင့်ဖို့ တာဝန်ချသည်။ လုံးဝမထိုင်ရသောဈေးဆိုင်။ မလေးရှားသစ်စက်မှာ မထိုင်ရတာက (၂) နာရီဆက်တိုက်သာ ဖြစ်သည်။ ဤဆိုင်မှာက နေ့ခင်း (၁၂) နာရီခွဲကနေ ညနေ (၆) နာရီအထိ လုံးဝမထိုင်ရပါ။ ထမင်းစားချိန် နာရီဝက်ပေးကာ (၆) နာရီခွဲမှ ည (၉) နာရီထိတော့ ခိုးထိုင်၍ရသည်။ ညနေ (၄) နာရီခန့်ဆိုလျှင် လူတစ်ကိုယ်လုံး ညောင်းကွနေကာ ကောင်တာကိုမှီရင်း အိပ်မက်တွေဘာတွေတောင်မက်သည်အထိဖြစ်ခဲ့ရသည်။ မတ်တတ်ရပ်ရလွန်းအားကြီးလျှင်လည်း ခါးနာသည်။ ခါးနာ၍ မိတ်ဆွေဆရာဝန်က ဆေးထိုးပေးရသည်။

၁၉၉၂ ခုနှစ်၊ ဇွန်လတွင် လူဝမ်ဘဏ်သို့ရောက်သည်။ ဘဏ်သည် အဲယားကွန်းနှင့်မို့ နေရတာသက်သာပါသည်။ သို့သော် ဘဏ်လုံခြုံရေးသည် မထိုင်ရချေ။ တစ်နေကုန် မတ်တတ်ရပ်ရပြီး ညောင်းကွနေသော ခြေထောက်တွေသယ်ကာ လူ့ဝမ်စည်ပင်ဥယျာဉ်သို့ တာဝန်ဆက်ရပြန်သည်။ ဤအရပ်သည် ဆောင်းလည်းဆောင်းမို့ နွေလည်းနွေမို့ ရာသီပြင်းပြသောအရပ် ဖြစ်သည်။ ဒီကြားထဲ ရံဖန်ရံခါ ဘော်လုံးကွင်းစောင့်ရန် လာခေါ်တတ်သည်။ နေပူကြီးထဲမှာ မတ်တတ်ရပ်ခဲ့ရသည်။ မိုးတွေတအုန်းအုန်းရွာနေဆဲ မတ်တတ်ရပ်ခဲ့ရသည်။ ဤ (၁၄) နှစ်တာ ဘဝဒဏ်သည် ကျွန်တော်၏ရုပ်သွင်အား ကောင်းစွာပြောင်းသွားစေခဲ့ပြီ။ အဝေးကပြန်လာပြီးသော် တချို့က ကောင်းစွာ မမှတ်မိတော့ပါ။ အကယ်၍သာ အမိမြေမှာပဲ အရိပ်ထဲမှာနေပြီး ရှာဖွေစားသောက်ရပါလျှင် အိုမင်းခြင်းဒဏ်ပဲခံရဖို့ရာရှိသည်။ ယခုမူ ဘဝဒဏ်ကြောင့်ရင့်ရော်ကြမ်းတမ်းသော ရုပ်အသွင်သို့ ပြောင်းခဲ့ရပါပြီ။

တကယ်တော့ ဤခန္ဓာသည် ဘာမှတန်ဖိုးမရှိချေ။ ဒုက္ခဆင်းရဲခံရန် အတွက်သာ ခန္ဓာကိုရရှိခြင်း ဖြစ်သည်။ မသိသူတို့ကမူ သာယာလျှင် ပျော်ရွှင်၍ မသာယာသော် ကြေကွဲဝမ်းနည်းကြသည်။ ပျော်ရွှင်တော့ကော ဤခန္ဓာက မြဲသည်မို့လို့လား။ ကြေကွဲတော့ကော ဤခန္ဓာမြဲသည်မို့လို့လား။ ခန္ဓာဆိုသော သက္ကာယထဲတွင် 'ငါ' ဟူသောအမြင်မှား 'ဒိဋ္ဌိ' ကပ်ကာ ပျော်ရွှင်နေကြတာပါ။ ကြေကွဲဝမ်းနည်းနေကြတာပါ။ တစ်ဦးက တစ်ဦးကို ကျေနပ်သည် သို့မဟုတ် မကျေနပ်ဖြစ်သည်။ ကျေနပ်သူကော မြဲတာမို့လို့လား။ အကျေနပ်ခံပုဂ္ဂိုလ်ကော မြဲတာမို့လို့လား။ မကျေနပ်သူကော မြဲတာမို့လို့လား။ မကျေနပ်ခံရသူကော မြဲတာမို့လို့လား။ ချစ်သူကကော မြဲလို့လား။ အချစ်ခံရသူကော မြဲလို့လား။ မုန်းသူကကော မြဲလို့လား။ အမုန်းခံရသူကော မြဲတာမို့လို့လား။ သတ်သူကကော မသေတာမို့လို့လား၊ အသတ်ခံရသူကကော အခုမသေရင် နောင်မသေမှာမို့လို့လား။

မမြဲခြင်း ဟူသော အနိစ္စတရားကလွဲပြီး လောကသည် ဘာမှမရှိပါတကား။ ဒဿနိကကျောင်းသားဘဝတွင် ဂရိဒဿနိကသင်ခဲ့ရဖူး၏။ ပြောင်းလဲခြင်းသည်သာ အစစ်အမှန်တရားပါတဲ့။ တစ်ဖန် အရစ္စတိုတယ်က ပြောပြန်သည်။ လူတစ်ဦးသည် မြစ်တစ်မြစ်ထဲသို့ နှစ်ကြိမ်ဆင်း၍ မရနိုင်ပါဘူးတဲ့။ မြစ်ရေက တသွင်သွင်စီးဆင်းနေ၍ဖြစ်သည်။ ကြည့်နေရင်းနှင့် ရေဟောင်းတို့စီးသွားကာ ရေသစ်တို့ရောက်လာ၍ဖြစ်သည်။ ဂရိပညာရှင်တွေလည်း မမြဲခြင်းကိုပြောတာပဲ။ မြတ်ဗုဒ္ဓလည်း မမြဲခြင်းကို ပြောတာပဲ။ ဘာများကွာခြားပါသလဲ။ ဂရိပညာရှင်တွေ၏ မမြဲခြင်းသည် သဘောတရားသက်သက်ကိုသာ ပြောသည်။ သည်မှာတင်ရပ်သည်။ မြတ်ဗုဒ္ဓ၏ အနိစ္စမမြဲခြင်းဟူသည် ခန္ဓာ၏မမြဲပုံကို ရှုမြင်သုံးသပ်ပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်သည်အထိ ရည်ရွယ်ဟောကြားခဲ့ခြင်း ဖြစ်သည်။

တစ်ည ည(၁၀)နာရီတွင် SHWE FM ကနေ 'ရန်ကင်းပဉ္စနိကာယ်အရှင်မညာသီဟာဘိဝံသ' ၏ 'လက္ခဏာရေး(၃)ပါးတရားတော်' ကို နာဖြစ်သည်။

ဆရာတော်က-

"အနိစ္စ ဆိုတာ ဘာလဲ"

ဆိုတော့ ပရိသတ်က -

"မမြဲတာပါဘုရား"

ဟု ဖြေသည်။

ဆရာတော်က -

"မှန်တော့မှန်တယ်၊ မပြည့်စုံပါ"

ဟု မိန့်သည်။

"အနိစ္စ ဆိုတာ ခန္ဓာ (၅) ပါးကို ခေါ်တယ်။ အနိစ္စလက္ခဏာဆိုတာ မရှိရာက ပေါ်လာပြီး ပျောက်ပျောက်သွားတာဖြစ်တယ်။ အနိစ္စနုပဿနာဆိုတာ အဲဒီခန္ဓာရဲ့ မမြဲတဲ့သဘောကို ရှုမြင်သုံးသပ်ခြင်း ဖြစ်တယ်။ အနိစ္စနုပဿီဆိုတာက ရှုမြင်သုံးသပ်သူ ယောဂီကို ခေါ်တယ်"

ဟု ရှင်းပြသည်။ ဆက်လက်၍ -

"ဒုက္ခ ဆိုတာ ခန္ဓာ (၅) ပါးကို ခေါ်တာ ဖြစ်တယ်။ ဒုက္ခရဲ့ လက္ခဏာဟာ ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်ခြင်း ဖြစ်တယ်။ ဒုက္ခနုပဿနာဆိုတာ အဲဒီခန္ဓာရဲ့ ဆင်းရဲကို ရှုမြင်တာဖြစ်တယ်။ ဒုက္ခနုပဿီဆိုတာ ရှုမြင်သုံးသပ်သူ ယောဂီကိုခေါ်တာ ဖြစ်တယ်"

ဟု မိန့်ပါသည်။

"အနတ္တ ဆိုတာ ခန္ဓာ (၅) ပါးကို ခေါ်တာ ဖြစ်တယ်။ အနတ္တရဲ့လက္ခဏာဟာ အလိုအတိုင်းမဖြစ်ခြင်း ဖြစ်တယ်။ အနတ္တနုပဿနာဆိုတာ ဒီခန္ဓာပေါ်မှာ အဆိုးမရပုံကို ရှုမြင်တာဖြစ်တယ်။ အနတ္တနုပဿီဆိုတာ ရှုမြင်သောယောဂီကိုခေါ်တာဖြစ်တယ်"

ဟု ရှင်းလင်းမိန့်ကြားလေသည်။

အနိစ္စကို A Dictionary of Buddhist Terms တွင် -

**အနိစ္စ** - Impermanance-Anicca: မမြဲသောတရား၊ အလုံးစုံသော ရုပ်နာမ် ဓမ္မသင်္ခါရတို့သည် မမြဲသောတရားတို့ ဖြစ်ကုန်၏။ Subject to Change ဟု ဖွင့်ဆိုပါသည်။

တရားတော်တွင် -

သဗ္ဗေသင်္ခါရာအနိစ္စာ
(Sabe Sankhara Anicca)
သဗ္ဗေသင်္ခါရာဒုက္ခာ
(Sabe Sankhara Dukkha)
သဗ္ဗေသင်္ခါရာအနတ္တာ
(Sabe Sankhara Anatta)

**သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **သင်္ခါရာ**- ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့မည်သည်၊ **အနိစ္စ** - မမြဲကြကုန်။

**သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **သင်္ခါရာ** - ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့မည်သည်၊ **ဒုက္ခ** - ဆင်းရဲခြင်းသာ ဖြစ်သည်။

**သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **သင်္ခါရာ** - ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့မည်သည်၊ **အနတ္တ** - အစိုးမရကြကုန် ဟူ၍ ဖြစ်သည်။

မမြဲသည်မှ ရုပ်သည်လည်းမမြဲ၊ နာမ်သည်လည်းမမြဲ၊ အကြောင်းတရားတို့ ပေါင်းစုမိရာက ဖြစ်ပေါ်လာရသည့် သင်္ခါရတရားမှန်သမျှတို့သည် မမြဲကြကုန်။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓက -

"ရဟန်းတို့ မြူမှုန်လေးတစ်မှုန်မျှ မြဲသောအရာသာရှိခဲ့ပါမူ ဤတရားကို ငါဟောမည် မဟုတ်ပေ"

ဟု အရာအားလုံး၏ မမြဲခြင်းသဘောကို မြွက်ကြားတော်မူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝိသုဒ္ဓိမဂ်တွင် အနိစ္စ မမြဲဟူသည်မှာ ငါးပါးသောခန္ဓာတို့ပေတည်း။ အဘယ်ကြောင့် မမြဲသနည်းဟူမူ ဖြစ်ခြင်း၊ ပျက်ခြင်း တစ်မျိုးတစ်မည်ဖြစ်ခြင်း ဌီသဘောရှိခြင်းကြောင့်ပေတည်း။ (ဖြစ်ခြင်းဟူသော ဥပါဒ်သဘောရှိခြင်း၊ ပျက်ခြင်း (ဘင်) သဘောရှိခြင်းကို ဥပါဒ်၊ ဘင်တို့မှတစ်ပါး တစ်မျိုးတစ်မည်ဖြစ်ခြင်း ဌီသဘောရှိခြင်းကြောင့်ဟု ဆိုလို၏။တစ်မျိုးတစ်မည်ဖြစ်ခြင်းသည် ဥပါဒ်၊ ဘင်တို့နှင့်မတူဘဲ အခိုက်အတန့်မျှတည်လျက် ရင့်ခြင်းသဘောပေတည်း။ ယင်းကို ဌီဟုခေါ်သည်။)အနိစ္စတာ-မမြဲသည်၏အဖြစ်ဟူသည်မှာ ထိုခန္ဓာတို့သည် ပင်လျှင် ဖြစ်ခြင်း ပျက်ခြင်း၊ တစ်မျိုးတစ်မည်ဖြစ်ခြင်း ဟူသော ရင့်ခြင်းပေတည်း (ဝါ) ဥပါဒ်၊ ဌီ၊ ဘင်ပေတည်း။ တစ်နည်း မူလကမရှိသေးဘဲ ဖြစ်ပေါ်လာပြီး၍ မရှိခြင်းပျောက်ကွယ်သွားခြင်းပေတည်း။ ဖြစ်ပေါ်လာပြီးသောတရားတို့သည် ရှိနေသောအခြင်းအရာအားဖြင့် မတည်မူမှု၍ခဏ-ဘင်အားဖြင့်ပျက်ခြင်းပင်ဟု ဆိုလို၏။ အနိစ္စာနုပဿနာဟူသည်မှာ ထိုဖြစ်,တည်,ပျက် ဟူသော အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာ (၅) ပါးတို့ကို မမြဲဟုရှုခြင်းပေတည်း။ အနိစ္စလက္ခဏာသည် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း ဟူသော ဥပါဒ်၊ ဌီ၊ ဘင်တို့ပင် ဖြစ်သည်။

(ဝိသုဒ္ဓိမဂ်မြန်မာပြန်(မဟာစည်) ဒု-တွဲ၊ စာ-၄၃၀-၄၃၁)

အနိစ္စာနုပဿနာနှင့် စပ်လျဉ်း၍ မဟာစည်ဆရာတော်ဘုရားကြီးက 'ဝိပဿနာရှုနည်းကျမ်း' ဒု-တွဲ 'မဟာဝိပဿနာ (၁၈) ပါး' တွင် ဖွင့်ဆိုဟောပြခဲ့သည်။ ယင်းအနက် အနိစ္စာနုပဿနာအဖွင့်၊ ဒုက္ခာနုပဿနာအဖွင့်နှင့် အနတ္တာနုပဿနာအဖွင့်တို့ကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

၁။ **အနိစ္စာနုပဿနံ** - မမြဲဟုရှုမြင်သောဉာဏ်ကို၊ **ဘာဝေန္တော** - ဖြစ်စေပွားစေသောသူသည်၊ **နိစ္စသညံ**- မြဲသည်ဟု ထင်မှတ်ခြင်းကို၊ **ပဇဟတိ**-ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့်မပေး။

၂။ **ဒုက္ခာနုပဿနံ**- ဆင်းရဲဟု ရှုမြင်သောဉာဏ်ကို၊ **ဘာဝေန္တော** - ဖြစ်စေပွားစေသောသူသည်၊ **သုခသညံ** - ချမ်းသာဟုထင်မှတ်ခြင်းကို၊ **ပဇဟတိ** - ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့်မပေး။

၃။ **အနတ္တာနုပဿနံ** - အစိုးပိုင်သောအကောင်မဟုတ်ဟု ရှုမြင်သောဉာဏ်ကို၊ **ဘာဝေန္တော** - ဖြစ်စေပွားစေသောသူသည်၊ **အတ္တသညံ** - အစိုးပိုင်သော အကောင်ဟု ထင်မှတ်ခြင်းကို၊ **ပဇဟတိ** - ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့်မပေး။

(မဟာဝိပဿနာမဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း ဒု-တွဲ၊ စာ-၃၅၃တွင် ရှုပါ။)

ရုပ်၊ နာမ်သင်္ခါရတို့ကို သဘာဝလက္ခဏာအားဖြင့် မှတ်သိစဉ်မှာပင် အဖြစ်အပျက်ကိုလည်းတွေ့ရ၍ မမြဲဟုရှုမြင်သောဉာဏ်သည် အနိစ္စာနုပဿနာမည်၏။ ဤအရာ၌ **အနိစ္စ** - မမြဲသောတရား၊ **အနိစ္စလက္ခဏာ** - မမြဲဟုမှတ်ကြောင်းလက္ခဏာ၊ **အနိစ္စာနုပဿနာ** - မမြဲဟု ရှုမြင်မှု ဤ (၃) ပါးတို့ကို ခွဲခြား၍သိအပ်ကုန်၏။

ထိုတွင် ဒွါရ(၆)ပါးဖြစ်ပျက်လျက်ရှိသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားသည် ဖြစ်မှု-ရင့်မှု-ပျက်မှုရှိသောကြောင့် အနိစ္စတရားမည်၏။ တစ်နည်းကား ဖြစ်ပေါ်ပြီး တစ်ဖန် ကွယ်ပျောက်ပျက်စီးခြင်းကြောင့်၊ **အနိစ္စ** - မမြဲသောတရားမည်၏။ ဖြစ်မှု၊ ရင့်မှု၊ ပျက်မှုသည်၊ **အနိစ္စလက္ခဏာ** - မမြဲဟု မှတ်သိရကြောင်းလက္ခဏာမည်၏။ တစ်နည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း၊ ကွယ်ပျောက်ပျက်စီးသွားခြင်း၊ အနိစ္စလက္ခဏာမည်၏။ မှတ်သိစဉ်မှာပင် ထိုအနိစ္စလက္ခဏာကို တွေ့ရ၍ မမြဲဟုရှုမြင်သောဉာဏ်သည် အနိစ္စာနုပဿနာမည်၏။

အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုအပ်သော သဘောသည် သင်္ခါရတရား၊ သင်္ခတတရားမည်၏။ ထိုသင်္ခတတရားဟူသမျှသည် ဥပါဒ်-ဌီ-ဘင်ရှိသည်ချည်းသာတည်း။ သို့ဖြစ်၍ ဇာတိ၊ ဇရာ၊ မရဏဟု ခေါ်အပ်သော ယင်းဥပါဒ်-ဌီ-ဘင်သုံးပါးသည် သင်္ခတတရားဟုမှတ်ကြောင်း ဖြစ်သောကြောင့် သင်္ခတလက္ခဏာ မည်၏။ **အနိစ္စ**- မမြဲသောတရားဟူသည်မှာလည်း ထိုသင်္ခတပင်တည်း။ သို့ဖြစ်၍ ဥပါဒ်၊ ဌီ၊ ဘင်တည် ရင့်မှု၊ ပျက်မှု ဟူသော ဤသင်္ခတလက္ခဏာသုံးပါးလုံးပင် မမြဲသောတရားဟုမှတ်ကြောင်း ဖြစ်သောကြောင့် အနိစ္စလက္ခဏာလည်း မည်သည်ချည်းသာတည်း။ သို့သော်လည်း သင်္ခါရတို့၏ ဖြစ်မှု၊ တည်မှုကို သိရုံနှင့် ထိုသင်္ခါရတို့ မမြဲသည်၏အဖြစ်ကို ထင်ရှားမသိနိုင်သေး။ ဖြစ်မှု၊ တည်မှုရှိလျှင် ပျက်မှုလည်း ရှိမြဲဖြစ်သောကြောင့် မမြဲသောတရားပင်တည်းဟု ဆ၍ သာသိနိုင်၏။ ထို့ကြောင့် ဖြစ်ဆဲတည်ရင့်ဆဲခဏ၌ မမြဲသည့်အဖြစ်သည် ကောင်းစွာ မထင်ရှားချေ။ သင်္ခါရတို့၏ ပျက်မှု ကုန်ဆုံးပျောက်ကွယ်မှုကို သိရလျှင်ကား မမြဲသည့်အဖြစ်ကို ထင်ရှားစွာသိနိုင်၏။

(ဝိပဿနာရှုနည်းကျမ်း ဒု-တွဲ၊ စာ-၃၅၇မှ ၃၆၁)

မကာအိုမြို့ လူဝမ်ကျွန်းဘက်တံခါးမှနေ၍ ကျွန်တော်က မြစ်ဆုံကို ငေးမျှော်ကြည့်နေမိသည်။ ဘဏ်လုံခြုံရေးတစ်ဦးဖြစ်သော ကျွန်တော်သည် မှန်တံခါးကိုဖြတ်ကာ အပြင်သို့ အမြဲကြည့်နေရသည်။ လူစိမ်းတွေ၏ မျက်နှာကို မှတ်သားနေရသည်။ ဤအရပ်တွင် ဘဏ်ဓားပြမှုကခဏခဏဖြစ်တတ်သောကြောင့်လည်း သတိ၊ ဝီရိယနှင့် နိုးနိုးကြားကြားနေရသည်။ အပြင်ကိုကြည့်နေဆဲမှာပင် ရဲပတ္တရောင်ကားက ကျွန်တော့်ကို လက်ပြနှုတ်ဆက်သွားသည်မို့လည်း ကျွန်တော်က ပြန်လက်ပြကာ နှုတ်ဆက်လိုက်သည်။ တာဝန်ကျေပွန်သော ဘဏ်လုံခြုံရေးဆိုတာ ရဲအတွက် တာဝန်ပေါ့သည်မို့ သူတို့ကလည်း ကျွန်တော့်ကို ခင်မင်ရင်းနှီးမှုရှိခြင်း ဖြစ်သည်။

မြစ်ဆုံဆီမှ ရေလှိုင်းက တရွေ့ရွေ့တက်လာကာ တစ်ဖက်ကမ်း ကျောက်ဆောင်သို့ ရိုက်ခတ်လိုက်သဖြင့်လည်း ရေတွေ ဖွာစဉ်သွားသည်ကို မြင်တွေ့နေရသည်။ နောက်လှိုင်းတစ်လုံးလာမည်။ ပြီးရင် နောက်လှိုင်းတစ်လုံးလာမည်။ တစ်ဖက်ကမ်းသည် တရုတ်ပြည်မကြီးပိုင် ကျွန်းကြီးဖြစ်ကာ ဝမ်ခမ်ဟုခေါ်သည်။ ယင်းပေါ်တွင် ကိုင်ဝမ်ခမ်၊ ရှုဝမ်ခမ်နှင့် မန်နေဟုဆိုသောရွာတွေရှိသည်။ ကျွန်းပေါ်တွင် ပုပ္ပားတောင်နှင့်တူသော တောင်ကြီးတစ်လုံးရှိကာ တောင်ငယ်သုံး၊လေးလုံးဝိုင်းရံထားသည်။ လှေကားထစ်တောင်ယာစိုက်ခင်းတွေကို ဒီဘက်ကမ်းကနေ မြင်တွေ့ရသည်။ ဤဝမ်ခမ်မြစ်ထဲတွင် ခုတ်မောင်းသွားလာနေသော သင်္ဘောဥဩသံကြားလျှင်ဖြင့် မွေးရပ်မြေ ဧရာဝတီ မြစ်ကမ်းနံဘေးက မြို့မင်းဘူးကို သတိရမိတာအမှန်ပဲ ဖြစ်သည်။

မင်းဘူး။

ယခုတော့လည်း မင်းဘူးမြို့သည် ဟိုးအဝေးအတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ အမှတ် (၄၆) ပြည်တော်သာရပ်အိမ်မှာ ကျွန်တော် ကြီးပြင်းခဲ့သည်။ နေ့ဘက်မန္တလေးမှာကျောင်းတက်သည်။ကျောင်း

www.burmeseclassic.com

ပြီးတော့ ရန်ကုန်မှာ အခြေချသည်။ မန္တလေးသည် လည်းကောင်း၊ အလုပ်လုပ်ခဲ့ရာ ရန်ကုန်မြို့ ကမ်းနားလမ်းမှ ပါတီဌာနချုပ်သည် လည်းကောင်း၊ နောက် ကုန်းမြင့်သာသည် လည်းကောင်း ကျွန်တော့်ဘဝထဲမှာ ပျောက်ကွယ်လို့သွားခဲ့ပြီ။ အင်မတန်ဖြစ်ချင်လှသော အမှုထမ်းဘဝ၊ အိမ်ထောင်ရေးဘဝတို့သည် ပြိုကွဲပျက်စီးလို့သွားခဲ့ရပါပြီ။ မကြာခင်ကာလမှာပဲ ဤလူဝမ်သည်၊ ဤမကာအိုသည်၊ ဤနိုင်ငံခြားရွှေ့ပြောင်းအလုပ်သမားဘဝသည်လည်း ပျောက်ကွယ်ရဦးမှာက အမှန်ပဲဖြစ်သည်။

မမြဲသောတရား၏သဘောအတိုင်းဖြစ်သည်။ လူ့ဘဝသည် လည်းကောင်း၊ ဤခန္ဓာသည် လည်းကောင်း တန်ဖိုးရှိသည်မဟုတ်ပါ။ မမြဲသောကြောင့် ဖြစ်ပါသည်။ သို့သော် မမြဲသည်ကို မမြဲပါလားဟု မသိကြပေရာ ကြိုက်နှစ်သက်မှုဖြစ်ရသည်။ မကြိုက်နှစ်သက်မှု(ဝါ)စက်ဆုပ်ရွံရှာမှုဖြစ်ရသည်။ တကယ်တော့ ကြိုက်နှစ်သက်ခြင်းသည်လည်း မမြဲသလို မကြိုက်နှစ်သက်ခြင်းသည်လည်း မြဲသည်မဟုတ်ပါ။ အချစ်တွေသည် မမြဲသလို အမုန်းတွေသည်လည်း မမြဲပါ။ အစဉ်ထာဝရပြောင်းလဲခြင်း (ဝါ) မမြဲသော်တရားပဲရှိပါသည်။

အမှုထမ်းဘဝတုန်းက ကျေနပ်မှုတွေရေ ခုတော့ မင်းတို့ကဘယ်ရောက်သွားကြပြီလဲ။ အမှုထမ်းဘဝ လကုန်ရက်မှာ ပိုက်ဆံရှာရတဲ့ဒုက္ခတွေရေ အခုတော့ မင်းတို့က ဘယ်ရောက်ကုန်ပြီလဲ။ ပြုတ်သွားတဲ့ အလုပ်နဲ့အတူပဲ လိုက်ပါလို့သွားကြပြီလား။ အိမ်ထောင်ရေးပြဿနာဖြစ်တုန်းက သောကတွေရေ ယခုတော့ မင်းတို့ရော လေနဲ့အတူ လွင့်ပါးပျောက်ကွယ်လို့သွားကြပြီလား (သို့) သွားလေသူနဲ့အတူ လိုက်ပါလို့သွားကြပြီလား။

ကောင်းခြင်းကို မြဲသည်ဟု ဇာပ်မက်ကာ စွဲလမ်း၍နေပါသော် မမြဲဘဲပျက်စီးသွားသည့်အခါ စိတ်ဆင်းရဲမှုဖြစ်ရလိမ့်မည်။ မကောင်းခြင်းကို မြဲသည်ဟုထင်ကာ စိတ်သောကရောက်နေသော် မကောင်းလို့ ပင်ပန်းဆင်းရဲကတစ်ခု၊ စိတ်သောကတစ်ခုနှင့် နှစ်ခါထပ်၍ စိတ်ပူပင်သောကရောက်ရလိမ့်မည်။ အရာရာသည် မမြဲသောသဘောသာရှိပါလား၊ ဘာမှဟုတ်သည့်အရာတွေမဟုတ်ပါလားဟု နှလုံးသွင်းထားပါလျှင် ကောင်းလို့လည်း စွဲလမ်းဖွယ်မရှိသလို မကောင်းလို့လည်း စက်ဆုပ်ဖွယ်ရာမရှိတော့ပါ။

လူဝမ်ကနေ ၂၀၀၀ ပြည့်နှစ်မှာ ထွက်ခွာခဲ့သည်။ မကာအိုကနေ ၂၀၀၀ ခု၊ ဒီဇင်ဘာ ၁၈ တွင် ထွက်ခွာခဲ့သည်။ ထိုင်းနိုင်ငံ ဘန်ကောက်တွင် ခေတ္တနားရင်း အမိမြေသို့ ၂၀၀၄၊ ဇန်နဝါရီလ ၂ ရက်တွင် ပြန်ရောက်ခဲ့သည်။ တစ်ခါက အင်မတန်မှ ရောက်ချင်သွားချင်လှပါသည်ဆိုသော နိုင်ငံခြားသည်လည်း ယခုတော့ အဝေးမှာ ကျန်ရစ်ခဲ့ရပြန်ပါပြီ။

မမြဲသော ခန္ဓာ။ မည်ကဲ့သို့မမြဲသည်ပါလဲ။ အဝေးကပြန်လာခဲ့ပြီးသော် အနာဂါမ်ဆရာသက်ကြီးအဖွဲ့မှ ဆရာဦးကျော်နိုင်ထွန်း၏ တရားရိပ်သာတွင် ဝင်ဖြစ်ခဲ့သည်။ ပထမသုံးရက်ကို သမထ ထိုင်ခိုင်းသည်။ နှာသီးဖျားတွင် အာရုံကပ်၍ ဝင်လေ၊ ထွက်လေကို ရှုမှတ်ရသည်။ ဝင်လေ၊ ထွက်လေတွင် ဝင်လေက ပို၍ထင်ရှားသည်။ အေးခနဲဖြစ်သည်။ နားထင်ဟူသည် ခေါင်းကိုက်မှသာ သွေးတိုး၍ တဒိတ်ဒိတ်ဖြစ်သော နေရာပါ။ ယခု ခေါင်းကိုက်ဝေဒနာကို မခံစားရဘဲနှင့် သွေးတိုးနေတာကိုသိသည်။

ကမ္မဋ္ဌာနာစရိယဆရာဦးကျော်နိုင်ထွန်းက -

'ငယ်ထိပ်မှာ၊ နဖူးမှာ၊ ရင်ညွန့်မှာ၊ ဗိုက်မှာ တစ်နေရာရာမှ လက္ခဏာပေါ်လိမ့်မည်'

ဟု ညွှန်ကြားသည်။

ပေါ်သည့်လက္ခဏာကိုသာ ရှုပါဟုဆိုပါသည်။ ဟုတ်သည်။ ကျွန်တော့်နဖူးပြင်သည် တရိပ်ရိပ်နှင့် လှုပ်နေတာ သတိထားမိသည်။ ရှုနေရင်ဖြင့် နဖူးတစ်ပြင်လုံးသည် ရွစိရွစိဖြစ်လာသည်။ ပုရွက်ဆိတ်အကောင်နှစ်ရာ၊ သုံးရာခန့် စုပြုံနေဘိသကဲ့သို့အလား ဖြစ်သည်။ သြော် - ခန္ဓာဟူသည် ဤကဲ့သို့ တရွရွဖောက်ပြန်နေသောအရာသာပါတကား၊ မမြဲခြင်း၏ သဘောတရား ဟူသည် ဤသို့ပါတကား။

ဒါက ဒီတစ်နေရာတည်းဖြစ်သည် မဟုတ်။ တစ်ခန္ဓာလုံး၊ တစ်ကိုယ်လုံးမှာ ဤသို့ဖြစ်နေတာပါ။ ဗဟိဒ္ဓဆိုတဲ့ အပြင်ခန္ဓာမှာ၊ အဇ္ဈတ္တဆိုတဲ့ အတွင်းခန္ဓာမှာ ဤကဲ့သို့ ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေတာဖြစ်သည်။ မိမိက အခြားအခြားသောအာရုံတွေကို စူးစိုက်နေလို့ ယခုလိုခန္ဓာ၏ - ဖောက်ပြန်ပြောင်းလဲခြင်းကို သတိမထားမိတာဖြစ်သည်။ နှလုံးမသွင်းမိတာဖြစ်သည်။ မသိတာဖြစ်သည်။ ခြေဖဝါးမှစကာ ဦးရေခွံအထိ ဤသို့ တရွရွဖောက်ပြန်ပြောင်းလဲနေတာ ဖြစ်သည်။

လူသား။ မနုဿဆိုသောလူသား။ ဆန္ဒတွေရဲ့ လူသား၊ အလိုရမ္မက်တွေရဲ့ လူသား၊ ဇောတွေရဲ့လူသား၊ အာရုံတွေရဲ့လူသား၊ မောဟတွေရဲ့လူသား။ အခြေခံတရားဖြစ်သော မောဟက ဖုံးလွှမ်းနေသည်မို့လည်း ဖော်ပြပါကဲ့သို့သော ခန္ဓာ၏ သဘာဝလက္ခဏာတွေကို မသိမမြင်ခဲ့ခြင်းပါတကား။ မောဟကဖုံးလွှမ်းနေသည်မို့လည်း ငါ၊ သူတစ်ပါး၊ ယောကျ်ား မိန်းမရယ်လို့ သဘာဝတွေကို မှန်သည်ရှိသည်ဟု အထင်မှတ်မှားနေခြင်းသာ ပါပဲလား။ ဤသဘာဝတများကို မြတ်ဗုဒ္ဓက ဖော်ထုတ်ဟောကြား၍သာ သိကြရသည်။ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေးသုံးပါး၏ဖြစ်စဉ်၊ ခန္ဓာ-အာယတန-ဓာတ်-သစ္စာတို့၏ သဘောတရားကို သိကြရသည်။

ယခုတော့လည်း ကျွန်တော့်အတွက် အရာရာသည် ပြီးဆုံး၍သွားခဲ့ပြီ။ ပြီးဆုံးချင်သည်ဖြစ်စေ၊ မပြီးဆုံးချင်သည်ဖြစ်စေ လောကနိယာမတရားနှင့်အညီ ပြီးဆုံး၍သွားခဲ့ပါပြီ။ အသက်က မကြာမီပဲ (၆၈)နှစ်တွင်း ရောက်ပါတော့မည်။ (၇၀) ဆိုသော ရင့်ရော်မှုဇရာဆီသို့ အပြေးအလွှားပဲ ချဉ်းကပ်လို့နေသောကြောင့် ဖြစ်ပါသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက မျှော်မှန်းချက်၊ ရည်မှန်းချက်များ ဘယ်မှာလဲ။ ဖြစ်ခဲ့သည်လည်းရှိသည်။ မဖြစ်ခဲ့သည်လည်းရှိသည်။ ယခုအချိန်အခါတွင်မတော့ မည်သည့်အရာကိုမျှ မျှော်မှန်းတမ်းတခြင်း မရှိတော့ပါ။ မျှော်မှန်းတမ်းတနေသင့်သောအရွယ်လည်း မဟုတ်တော့ပါ။ ဤအရွယ်တွင်မှ မျှော်မှန်းတမ်းတနေသည်ဆိုလျှင်လည်း သူရူးတစ်ယောက်သာပဲဖြစ်ရော့မည်။ မြတ်သောတရားတော်သည်သာ အားထားရာဖြစ်တော့သည်။ မြတ်ဗုဒ္ဓ၏ မြတ်သောတရားတော်ကိုသာ ဖက်တွယ်ရင်းဖြင့် မရဏဟူသော သေခြင်းတရားကို ကျွန်တော်ရင်ဆိုင်ဖို့ရာရှိပါသည်။

မင်းဘူး-ဗိုလ်ဥတ္တမ

ကျမ်းကိုး -


၁။ ဝိသုဒ္ဓိမဂ် မြန်မာပြန် ဒု-တွဲ (မဟာစည်ဆရာတော်ဘုရား)

၂။ ဝိပဿနာရှုနည်းကျမ်း ဒု-တွဲ (မဟာစည်ဆရာတော်ဘုရား)




www.burmeseclassic.com


www.burmeseclassic.com


ရွှေပန်းခွက်စေတီတော်ကြီးအား အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့ကြောင်းကို ရွှေအင်တောင်ဘုရားသမိုင်း ရွှေပုရပိုက်တွင် မှတ်တမ်းတင်ထားပါသည်။ အလောင်းစည်သူမင်းတရားကြီး ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်တော်မူစဉ် ရှမ်းပြည်နယ် အင်းလေးဒေသကို ဗဟိုပြု၍ ဘုရား၊ ပုထိုး၊ စေတီ (၄၄) ဆူခန့် တည်ထားတော်မူခဲ့ရာ အင်းလေး ဖောင်တော်ဦးဘုရားရုပ်ပွားတော်များ၊ ဗောရိသစေတီတော်၊ ကြိုးမွေ့တော်စေတီတော်၊ လွယ်မင်းဇင်စေတီတော်၊ ရပ်စောက်မြို့နယ်တွင် ရွှေအင်တောင်နှင့် ရွှေပန်းခွက်၊ ပင်းတယမြို့နယ်တွင် ရွှေပုထိုးစေတီတော်နှင့် ဖယ်ခုံမြို့နယ်တွင် မိုးဗြဲစေတီတော်တို့ ပါဝင်ပါကြသည်။

ရှေးမင်းကောင်းမင်းမြတ်များ၏ စူးရှထက်မြက်သော ဉာဏ်ပညာ၊ ဘုရင့်အပါးတွင် ခစားကြရသော ပညာရှိပုဏ္ဏားဖြူ ပုဏ္ဏားညို (ဟူးရားဖြူ ဟူးရားညို) တို့ ဗဟုသုတအဝဝနှင့်ပြည့်စုံကြပုံများကို ရေအင်တောင်ဘုရားသမိုင်းပေ ပုရပိုက်တွင် မင်းတရားကြီး အရပ်ရှစ်

## ဒေါက်တာဒေါ်နု(တောင်ကြီး)

# ရွှေပန်းခွက်စေတီတော်


ရွှေပန်းခွက်စေတီတော်၏ ထီးတော်


ခေါင်းလောင်းတော်အဆင့်ဆင့်ဖြင့် တစ်မူထူးခြားသပ္ပာယ်တော်မူသော ရွှေပန်းခွက်စေတီတော်မြတ်ကြီး


ရွှေပန်းခွက်ပင်မစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ရွှေပန်းခွက်စေတီတော်
အာရုံခံတန်ဆောင်းအတွင်း၊
ထုလုပ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်



ရွှေပန်းခွက်နှင့် အရံစေတီတော်များအား အရှေ့တောင်အရပ်မှ ဖူးမြော်ရပုံ



ရွှေပန်းခွက်စေတီတော်
အာရုံခံတန်ဆောင်းအတွင်းရှိ
ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်



ရွှေပန်းခွက်စေတီတော်နှင့် အရံစေတီတော်များ



စေတီတော်ရင်ပြင်မှ နဂါးရုံဘုရားနှင့် ထံခွန်တိုင်

မျက်နှာသို့ လှည့်လည် ကြည့်ရှုရာတွင် တွေ့ရှိရသော မြေပြင်အနေအထားများကို ဟူးရားဖြူ ညီတို့က အကြောင်းနှင့် အကျိုးတို့ကို ဆီလျော်စွာ လျှောက်ထားနိုင်ကြပုံများကို လေ့လာခြင်းဖြင့် ခန့်မှန်းနိုင်ပါသည်။ သာသနာပြုမင်းကောင်းမင်းမြတ်များဖြစ်ခြင်း၊ ဘုရားရှင်နှင့်ရဟန္တာများ၏ဓာတ်တော်မွေတော်များကိုလက်ဝယ်ပင့်ဆောင်ပူဇော်နိုင်ခြင်း၊ စေတီပုထိုးများကို မင်းမြတ်၏အလိုတော်အတိုင်း တစ်သဝေမတိမ်းတည်ဆောက်နိုင်သည့် ဗိသုကာများ မင်းတရားကြီးနှင့်အတူ လိုက်ပါနိုင်ခြင်းများကြောင့် ယနေ့ ဗုဒ္ဓဘာသာဝင်တို့ ရွှေသမိုင်းဝင်စေတီပုထိုး



www.burmeseclassic.com

www.burmeseclassic.com


များကို ဖူးမြော်နိုင်ကြခြင်းပင် ဖြစ်ပါတော့သည်။

၂၀၁၅၊ ဧပြီလ ၇ ရက်၊ နှောင်းတန်ခူးလဆုတ်၅ရက်နေ့တွင် ရပ်စောက်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စု အလယ်ချောင်ရွာ ဖောင်းပြားရပ် (ကျောင်းကုန်းရပ်) ရှိ ရွှေပန်းခွက်ကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ရပ်စောက်မှ ပင်းတယမြို့သို့သွားသောတာလမ်းမကြီးရှိရာ မြေပြန့်လွင်ပြင်သည် အလယ်ချောင်ရွာသို့အဝင်တွင် အနောက်ဘက် ပလောင်တောင်တန်းကြီးရှိရာသို့ မော့တက်စပြုလာသည်။ ဖောင်းပြားရပ်ကွက်လွန်သည်နှင့် ကုန်းကမူခပ်ပြေပြေလေးတစ်ခုကိုတက်လိုက်ပြီးသော် ရွှေပန်းခွက်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ပါသည်။ ရှမ်းပြည်နယ်တွင် ကျောင်းကန်ဘုရားများကို


ရွှေပန်းခွက်စေတီတော်
အာရုံခံတန်ဆောင်းအတွင်းမှ
လက်ယာရုံဗုဒ္ဓရုပ်ပွားတော်


ရွှေပန်းခွက်စေတီတော်
အာရုံခံတန်ဆောင်းအတွင်းမှ
လက်ဝဲရုံဗုဒ္ဓရုပ်ပွားတော်


ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းထားသော
အရံစေတီတော်


ရွှေပန်းခွက်ဘုရားအရံစေတီတော်မှ
ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ



သပွာယ်တင့်တယ်တော်မူလှသော
အရံစေတီတော်


ကမ္ဘာ့နာမ်တိုက်ရှေ့မှ
ရွှေပန်းခွက်စေတီတော်မြတ်ကြီးအား
လှမ်း၍ဖူးမြော်ရပုံ


ပန်းရန်၊ ပန်းပုလက်ရာမြောက်
သပွာယ်တင့်တယ်တော်မူသော
နဂါးရုံဘုရား


တံခွန်တိုင်ထိပ်မှ သဝိတ်ကို
တန်ခိုးတော်ဖြင့်ယူဆောင်ခဲ့သော
ရဟန္တာအရှင်ကုဏ္ဍဓာနမထေရ်

www.burmeseclassic.com




ဦးကံကြီး၊ ဒေါ်စောချယ်တို့
ပြုပြင်မွမ်းမံထားသော
မှန်စီရွှေချအာရုံခံတန်ဆောင်း



ဧေတဝန်စံကျောင်းတော်အတွင်းရှိ
မြတ်ဗုဒ္ဓအရှင် ပဥ္စဝဂ္ဂီ (၅) ဦးအား တရားဦးဟောကြားပုံရုပ်ပွားတော်



ရွှေပန်းခွက်ဘုရားကုန်းတော်



လက်ဆေးတော်ကန်ရေပြင်ရိပ်တွင်
ဖူးမြော်ရသော ရွှေပန်းခွက်စေတီတော်



အာရုံခံတန်ဆောင်းရှေ့ရှိ ဦးမျိုးမြင့်+ဒေါ်ခင်မြင့်တို့၏ခေါင်းလောင်းတိုင်

ကိုးကွယ်သည့်ဂေါစရဂံရွာစုများအလိုက် ကျောင်းတော်ကြီးများကို ကျောင်းတက်မည့် ဒါယိကာပရိသတ်ဝင်ဆံ့နိုင်အောင် ဆောက်လုပ်ကြရသည်။ ပေတစ်ရာပတ်လည်ကျော်မည့် ရွှေပန်းခွက်နှစ်ထပ်ကျောင်းဆောင်ကြီးကို ကြည့်ရုံမျှဖြင့် ကိုးကွယ်အားထားမည့်ဂေါစရဂံရွာစုများ၊ များပြားမည်ကို ခန့်မှန်းနိုင်ပါသည်။ ရွှေပန်းခွက်ဘုန်းကြီးကျောင်းနှင့်မျက်နှာချင်းဆိုင် တောင်ဘက်အရပ်တွင် ဥပုသ်ဇရပ်တစ်ခုရှိပြီး ထိုဇရပ်၏အနောက်ဘက်တွင် ဓမ္မာရုံငယ်တစ်ဆောင် တည်ရှိပါသည်။ ဓမ္မာရုံ၏ဘေးပိန္နဲပင်ကြီးတွင် လူတစ်ရပ်ခန့်မြင့်သော အုန်းမောင်းခွက်ကြီးကို ချိတ်ဆွဲထားပါသည်။

ပိန္နဲပင်ကြီးအနောက်ဘက်အရပ်တွင် ပေ (၇၀) ပတ်လည်ခန့်ရှိသော အေးမြကြည်လင်နေသည့် ရေကန်တစ်ကန်ရှိပါသည်။ ရှေးရွာမိရွာဖများ၏ အလိုအရ ထိုကန်ကို မြတ်စွာဘုရားသခင်လက်တော်ဆေးရာကန် (လက်ဆေးကန်)ဟုခေါ်ကြောင်း သိရပါသည်။ နွေခေါင်ခေါင်ဧပြီလဆန်းတွင် စိမ်းလန်းစိုပြည်နေသည့်ရေကန်တစ်ကန်ကို တွေ့ရဖို့မလွယ်။ ကန်ရေပြင်တွင် ရွှေရောင်




www.burmeseclassic.com


www.burmeseclassic.com



ရွှေပန်းခွက်ဘုရားရင်ပြင်တော်ရှိ
ရှေးဟောင်းသိမ်




ရွှေပန်းခွက်စေတီတော် တောင်ဘက်မုခ် (နောက်ခံမှိုင်းပျပျ
တောင်တန်းကြီးမှာ ခေါင်းဘို့ပလောင်တောင်တန်းကြီး ဖြစ်သည်)




ရွှေပန်းခွက်စေတီရင်ပြင်တော်ရှိ တစ်ပါးနေကျောင်းတော်



ရွှေပန်းခွက်ကျောင်းဆောင်ရှေ့ရှိ ဥပုသ်ဇရပ်



ရွှေပန်းခွက်ဘုန်းတော်ကြီးကျောင်းနှင့် အရှင်ဝဏ္ဏိတ




လက်ဆေးတော်ကန်အနီးမှ ဥပုသ်ဇရပ်ငယ်

တဝင်းဝင်းဖြင့် သပ္ပာယ်ကြည်ညိုဖွယ် ရွှေပန်းခွက်စေတီတော်၏ပုံရိပ်ကိုဖူးတွေ့ရပါသည်။

လက်ဆေးတော်ကန်၏ညာဘက်တွင် ကျောင်းတော်မှ ရွှေပန်းခွက်စေတီတော်သို့ တက်ရောက်ရာ လမ်းမရှိပြီး လမ်း၏ညာဘက်ချိုင့်ခွက်ထဲတွင် ယခုမှ တူးဖော်ထားသောရေကန်သစ်တစ်ကန် ရှိပါသည်။

လက်ဆေးတော်ကန်ကိုလွန်သော် ဒုတိယကုန်းကမူလေးတစ်ခုပေါ် သို့တက်ရပြန်သည်။ ထိုကုန်းကမူလေးသည် ပေ (၂၀၀) ပတ်လည်ခန့် ကျယ်ဝန်းပြီး ထိုကုန်းပေါ်တွင် ရွှေပန်းခွက်စေတီတော်မြတ်ကြီးနှင့် အရံစေတီ ... များကို



မြတ်စွာဘုရားအတွက် ရည်စူးပူဇော်ထားသော လက်ဆေးကန်တော်




www.burmeseclassic.com

www.burmeseclassic.com


အချိုးကျကျလှပတင့်တယ်စွာတည်ထားတော်မူပါသည်။ စေတီတော်ကြီးအား မြန်မာနှစ် ၁၂၈၈ ခုနှစ်က ပထမစေတီ ပြုပြင်ဒါယိကာ အလယ်ချောင်ရွာမ ဦးဖိုးထူး၊ ဒေါ်ပေါင်ချိန်။ ၁၃၆၃ ခုနှစ်တွင် အမွေဆက်ခံပြုပြင်သူ တောယားရွာမှ ဦးအောင်ချွန်-ဒေါ်သန်းကြည်မြေးဆွေမျိုးများကောင်းမှုဖြစ်ကြောင်း ကမ္ပည်းစာတွေ့ခဲ့ရပြီး စေတီတော်ကြီးအား ဒုတိယအကြိမ်မြောက်ပြုပြင်သူ ဒါယကာ၊ ဒါယိကာမများမှာ ဘုရားဒကာဦးကံကြီး၊ ဒါယိကာမကြီး ဒေါ်စောချယ်မှ ၁၃၇၄ ခုနှစ်တွင် မွမ်းမံပြုပြင်၍ ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြောင်း ကမ္ပည်းစာတွေ့ခဲ့ရပါသည်။

စေတီပုထိုးများတွင်တွေ့ရှိရလေ့ရှိသော တံခွန်တိုင်ခေါ် ဟင်္သာတိုင်အစား ရွှေပန်းခွက်စေတီတော်တွင် ဆောက်လှူပူဇော်ထားသောတံခွန်တိုင်ထိပ်ဖျားတွင် ရဟန္တာအရှင်ကုဏ္ဍလ၏ ရုပ်ပွားတော်ကို ဖူးတွေ့ရပါသည်။ ရွှေပန်းခွက်ဆရာတော်အရှင်ဝဏ္ဏိတ၏ အကြံဉာဏ်ဖြင့် ထုဆစ်ပူဇော်ထားခြင်း ဖြစ်ပါသည်။ တံခွန်တိုင်၏ ဒါယိကာမှာ ရပ်စောက်မြို့ ဈေးတန်းရပ်ကွက်မှ ဦးညွန့်ဝေ-ဒေါ်မြင့်မြင့်သန်းတို့ ဖြစ်ကြပါသည်။


ရွှေပန်းခွက်စေတီတော်ရင်ပြင်ရှိ တံခွန်တိုင်၏ညာဘက်တွင် နဂါးရုံဘုရားကို လက်ရာမြောက်စွာ ထုဆစ်ပူဇော်ထားပါသည်။ အလှူဒါယကာတို့မှာ



ရွှေပန်းခွက်စေတီတော်အာရုံခံတန်ဆောင်း



ရွှေပန်းခွက်ကမ္မဋ္ဌာန်းတိုက်မုခ်ဦး



ရွှေပန်းခွက်စေတီတော်အရှေ့ဘက်မုခ်ဦးနှင့်
သက်တော်ရှည်ညောင်ပင်ကြီး




စာရေးသူ၏တပည့် မောင်ဖိုးဆန်းနှင့်မယုယုနိုင်တို့
ငှက်ဖျားရောဂါစစ်ဆေးပေးနေစဉ်



လူတစ်ရပ်ခန့်ရှိသော အုန်းမောင်းခွက်ကြီး



အရှင်ဝဏ္ဏိတ



ရွှေပန်းခွက်ဆရာတော်အရှင်ဝဏ္ဏိတ

www.burmeseclassic.com

www.burmeseclassic.com

အလယ်ချောင်ရွာနေ ဦးမျိုးမြင့်-ဒေါ်ခင်မြိုင်မိသားစုတို့ဖြစ်ပါသည်။ စေတီတော်ကြီး၏ရှေ့မျက်နှာစာတွင် ပေ(၁၅၀)ခန့်ရှည်သော အာရုံခံတန်ဆောင်းကြီးမှာ ဆောက်လုပ်ဆဲ ဖြစ်ပါသည်။ အာရုံခံတန်ဆောင်းတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ထားပြီး အလှူရှင်မှာ ဦးမြင့်အောင်-ဒေါ်သန်းနွဲ့တို့ ဖြစ်ပါသည်။


ရွှေပန်းခွက်စေတီတော်မြတ်ကြီး၏ လက်ယာဘက်တွင် ရှေးဟောင်းသိမ်တစ်ဆောင်ရှိပါသည်။ စေတီတော်မြတ်ကြီး၏အနောက်ဘက်တွင် ကုန်းစောင်းတစ်ခုတည်ရှိပြီး ထိုကုန်းစောင်းတွင် ရွှေပန်းခွက်ကမ္မဋ္ဌာန်းတိုက် တည်ရှိပါသည်။ ကမ္မဋ္ဌာန်းပြဆရာတော်ကြီး၏ စံကျောင်းတော်တစ်ဆောင်နှင့် ဆိပ်ငြိမ်ကျောင်းခေါ် ယောဂီတစ်ဦးနေ ကျောင်းဆောင် (၂၂) ဆောင် တည်ရှိပါသည်။ နှစ်စဉ်နှစ်တိုင်း နှစ်ဆန်း ၆ ရက်နေ့တွင် ယောဂီ (၂၂) ဦးတို့အတွက် (၁၀) ရက်တရားစခန်း စတင်ဖွင့်လှစ်ပြီး နှစ်စဉ်တရားပတ် (၁၈) ပတ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်လာခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၂၄) ကြိမ်တိတိရှိခဲ့ပေပြီ။

မင်းကွန်းဆရာတော်ကြီး၏နည်းခံတရားစခန်းဖြစ်ပြီး တရားစခန်းဝေယျာဝစ္စအတွက် ဝါတွင်းကာလတွင် ရပ်ဆောက်မြို့ပေါ်ရှိ ဒါယကာ၊ ဒါယိကာမများက တာဝန်ယူပြီး ဝါပကာလတရားစခန်းများအတွက် အလယ်ချောင်ကျေးရွာသူကျေးရွာသားများက တာဝန်ယူကြကြောင်းသိရှိရပါသည်။


ရွှေပန်းခွက်ကမ္မဋ္ဌာန်းကျောင်းတိုက်တောင်ဘက်တွင် ပေ (၂၀၀) ပတ်လည်ခန့်ရှိ ချိုင့်ဝှမ်းကြီးတည်ရှိပြီး ကြာပင်များပေါက်ရောက်လျက်ရှိပါသည်။ အဆိုပါနေရာသည် ခြေတော်ဆေးကန်ဖြစ်ပြီး မိုးတွင်းအခါတွင် ရေများပြည့်လျှံလျက် ကြာဖူးကြာငုံများနှင့် သာယာလှပလေ့ရှိကြောင်းသိရပါသည်။ ထိုနေ့က အလယ်ချောင်ကျေးရွာသူကျေးရွာသားအင်အား (၁၀၀) ခန့်ဖြင့် ကန်ကို ပြန်လည်ဆယ်တင်နေသည်ကို တွေ့ခဲ့ရပါသည်။

ရွှေပန်းခွက်ကျောင်းတော်ကြီး၏ အရှေ့ဘက်တွင် ကျောင်းထိုင်ဆရာတော် အရှင်ဝဏ္ဏိတ၏ စံကျောင်းတော်သစ်တည်ရှိပါသည်။ စံကျောင်းတော်၏ ဒါယကာမှာ ဦးဝမ်းသူမောင်-ဒေါ်စန္ဒာအေးမိသားစုဖြစ်ပြီး ဇေတဝန်စံကျောင်းတော်ဟုတွင်ပါသည်။

ရွှေပန်းခွက်ကျောင်းထိုင်ဆရာ-



ကျောင်းထိုင်ဆရာတော်၏ ဇေတဝန်စံကျောင်းတော်



ရွှေပန်းခွက်ပင်မစေတီတော်ကို ပြုပြင်မွမ်းမံသော ဒါယကာ၊ ဒါယိကာမများ၏ ကမ္ပည်းစာ




ဆရာတော်ဦးဝဏ္ဏိတနှင့် အသစ်တူးဖော်ထားသော ရေလှောင်ကန်

တော်မှာ အရှင်ဝဏ္ဏိတဖြစ်ပြီး ကျောင်းထိုင်သက်မှာ (၁၂) ဝါတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ အလယ်ချောင်ရွာဇာတိ ဦးစိုးတင့်၊ ဒေါ်ညွန့်ကြည်တို့၏ သားသမီးမွေးချင်း (၅) ဦးအနက် သားကြီးသြရသဖြစ်ပြီး မြန်မာ မြန်မာနှစ် ၁၃၅၆ နှစ်တွင် ခေါင်းဘို့ရွာတိုးနီကျောင်းဆရာတော် ဦးကုဏ္ဍလကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ တက်ရောက်လာသူ ဖြစ်ပါသည်။ ဆရာတော်၏ရှေ့ရွှေပန်းခွက်ကျောင်းထိုင်ဆရာတော်မှာ ရှာငံမြို့နယ် မြိုင်ဇာတိသား ဘုန်းကြီးဖြူခေါ် ဦးအာဒိစ္စ ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။




www.burmeseclassic.com

www.burmeseclassic.com



ရွှေပန်းခွက်ကမ္ဘာ့ဒွာန်းရိပ်သာဆိတ်ငြိမ်ကျောင်းများ



လက်တော်ဆေးကန်နှင့် ရွှေပန်းခွက်ဘုန်းတော်ကြီးကျောင်းအား စေတီရင်ပြင်တော်မှတွေ့မြင်ရပုံ



အလယ်ချောင်ရွာသူရွာသားများ ခြေဆေးကန်ကို ပြန်လည်ဆယ်ယူနေစဉ်



ခြေတော်ဆေးကန်လုပ်အားပေးအဖွဲ့များ

ရွှေပန်းခွက်ဘုရားတွင် နှစ်စဉ် တန်ခူးလအတက်နေ့တိုင်းတွင် ကျေးရွာအုပ်စုမှတာဝန်ယူကျင်းပသော တာတက်ပွဲရှိပြီး နှစ်စဉ် တန်ဆောင်းမုန်းလပြည့်နေ့တိုင်းတွင် ကထိန်ပွဲကို ကျင်းပလေ့ရှိပါသည်။ ရွှေပန်းခွက်ဆရာတော်တာဝန်ယူထားသောကုသိုလ်ပွဲများတွင် သကြံန်ရေ့တိုင်းကျင်းပလေ့ရှိသောဖောင်းတော တိုက်နယ်နောင်ခမ်းရွာရှိ ရွှေအင်တောင်ကျောင်းတိုက်တွင် ဒုလ္လဘရဟန်းခံပွဲကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၈)နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ရပ်စောက်မြို့နယ် လေသာကျောင်းတွင် ပြုလုပ်မြဲ ဒုလ္လဘရဟန်းခံပွဲမှာ (၁၀) နှစ်သို့ တိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၁၅၊ ရွှေအင်တောင်ဘုရားတွင် ဒုလ္လဘရဟန်းခံသူ (၇၄) ပါးရှိခဲ့ပါသည်။

ယခုနှစ်နွေရာသီတွင် ရှင်ပြုကိုရင် (၃၂)ပါးရှိပြီး ရဟန်း(၇)ပါးရှိခဲ့ပါ သည်။

ရွှေပန်းခွက်စေတီတော်အနောက်ဘက်အရပ်တောင်စောင်းတွင် ယာတောများရှိပါသည်။ ယာတောမှအပြန် မောပန်းနွမ်းနယ်လာသောရွာသူရွာသားများသည် တောင်ကြောပေါ်မှဘုရားဖူးအပြီး ပလိုင်းနှင့်လွယ်လာရသော သက်ငယ်မြက်များကိုကြည့်၍ 'တပည့်တော်နှစ်စဉ်နှစ်တိုင်းသက်ငယ်မြက်များရှာဖွေရသည့်ဒုက္ခ၊ ဝါးနှီးအရှခံ၍သက်ငယ်ပျစ်ရသောဒုက္ခမှကင်းလွတ်ပြီး သွပ်မိုးတိုက်အိမ်နှင့်နေရပါလို၏အရှင်ဘုရား' ဟု ဆုတောင်းခဲ့ဖူးရာ နောင်နှစ်တွင် စိုက်ပျိုးထားသောလိမ္မော်ခြံအောင်မြင်၍ သွပ်မိုးတိုက်နှင့်နေခဲ့ရဖူးသည်ဟု ကြားသိရပါသည်။

ရွှေပန်းခွက်စေတီတော်မြတ်ကြီးအား ဝါးတွင်းကာလ လပြည့်၊ လကွယ်နေ့များတွင် ရွာသူများက ဆွမ်းကပ်လှူပူဇော်ကြပါသည်။ နံနက်ဝေလီဝေလင်းအရုဏ်ဆွမ်းလာကပ်သော ကျောင်းကုန်းရပ်မှ ဒါယိကာမကြီး ဒေါ်အေးဆင်မှာ ရွှေပန်းခွက်စေတီတော်ကြီးမှ ရောင်ခြည်တော်လွှတ်သည်ကို နှစ်ကြိမ်တိုင်တိုင် ဖူးတွေ့ခဲ့ရကြောင်း ကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏိတက မိန့်ကြားခဲ့ပါသည်။

နရပတိစည်သူမင်းကြီးကိုယ်တိုင် ဓာတ်တော်မွေတော်များဌာပနာ၍တည်ထားတော်မူခဲ့သော ရွှေပန်းခွက်စေတီတော်မြတ်ကြီးအား ဖူးမြော်လှည့်ပါဟု နိဗ္ဗာန်အကျိုးမြော်၍ နှိုးဆော်လိုက်ရပါကြောင်း။

ဒေါက်တာဒေါ်နု(တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ပညာရွှေတောင် စာအုပ်တိုက်မှ လစဉ်ထုတ်ဝေသော သူရဇ္ဇမဂ္ဂဇင်းအား လစဉ်ဝယ်ယူပြီး မဂ္ဂဇင်းပါ ဆောင်းပါး၊ ဝတ္ထုများအား ဖတ်ရှုလာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်ပါသည်။ မဂ္ဂဇင်းပါ စာရေးသူများ၏ ကိုယ်တွေ့ဖြစ်စဉ်များနှင့်ယှဉ်ပြီး ရေးသားဖော်ပြချက်များက စာဖတ်ပရိသတ်များအတွက် သတိပြုစရာ၊ မှတ်သားစရာ၊ သံဝေဂရစေသည့် ရသအဖုံဖုံကို ပေးစွမ်းနိုင်ခဲ့သည်ကိုလည်း သတိပြုမိခဲ့ပါသည်။

သတ်ထားခဲ့ပါသည်။

စာရေးသူအနေနှင့်လည်း ဝန်ထမ်းလုပ်သက်တစ်လျှောက်လုံး ဒေါသတရားရှေ့ထား၍ပြောဆိုသောဆရာသမားများကိုလည်း တွေ့ကြုံခဲ့ဖူးပါသည်။ မိမိကိုယ်တိုင်လည်း ဒေါသဖြစ်ခဲ့ရဖူးပြီး အောက်လက်ငယ်သားများအား ဆဲဆိုမြည်တွန်ခဲ့ရသည့်အကြိမ်များလည်းရှိခဲ့ဖူးပါသည်။ သို့သော်လည်း တဒင်္ဂအတွင်းဖြစ်ပေါ်လာသောဒေါသတရားကို ထိန်းချုပ်နိုင်စွမ်းအားနည်းခဲ့၍သာ နှုတ်မှကြမ်းတမ်းသောစကားများ ပြောဆိုခဲ့ရသော်လည်း မိမိကြောင့် အောက်လက်ငယ်သားတစ်ဦးဦး ဘဝပျက်၊ ဒုက္ခရောက်ခဲ့ရသည့်အဖြစ်မျိုးကို မပြုလုပ်ခဲ့ကြောင်း မိမိ

(ငြိမ်း)

# ဒုတိယရဲမှူးကြီးဝင်းဦး

## အမျက်ဒေါသပြေစေလိုသော

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ သူရဇ္ဇမဂ္ဂဇင်း အတွဲ (၁၄)၊ အမှတ်စဉ် (၁) တွင် စာရေးသူ အောင်ရန်နိုင် (B.Sc) ၏ 'ကိုယ့်ဒေါသနှင့်ကိုယ်ခံကြရမှာ' ဆောင်းပါးကို ဖတ်ရှုခွင့်ရခဲ့ပါသည်။ စာရေးသူသည် ထိုဆောင်းပါးကို ဖတ်ရှုပြီးသည့်အခါ ပုထုဇဉ်လူသားမှန်လျှင် ဒေါသမကင်းတာသိရပြီး ဒေါသနှင့်သေလျှင်ငရဲ၊ လောဘနှင့်သေလျှင် ပြိတ္တာ၊ မောဟနှင့်သေလျှင် တိရစ္ဆာန်၊ တလွဲမာနနှင့်သေလျှင် အသူရကာယ်ဘုံကိုရောက်ရသည်ဆိုတဲ့ အသိတရား၊ အပါယ်လေးဘုံမှာ ငရဲဘုံဟာ အဆင်းရဲဆုံးဖြစ်ပြီး အချိန်ပြည့် အနှိပ်စက်ခံနေရတဲ့ဘုံဖြစ်သည်ဟု မှတ်သားခဲ့ရပါသည်။ ဆရာအောင်ရန်နိုင်၏ ဆောင်းပါးအဆုံးမှာ မေတ္တာတရား၊ သည်းခံခြင်းတရားတွေကို ဖြည့်ဆည်းပေးပြီး ဒေါသနည်းအောင် ကြိုးစားနေထိုင်သွားသင့်သည်ဟု အဆုံးကိုယ်တိုင် သစ္စာပြု၍ ပြောဆိုရဲပါသည်။

ရုတ်တရက် ဖြစ်ပေါ်လာသော ဒေါသကိုသာ မထိန်းသိမ်းနိုင်ဘဲ ပေါက်ကွဲပြောဆိုမိပြီးမှ စိတ်သက်သာရာ ခံစားမှုဖြစ်ခဲ့ရသောကြောင့် ပုထုဇဉ်လူသားတစ်ဦးအနေဖြင့် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်တစ်ခုဟုသာ မှတ်ယူခဲ့ပါသည်။ စာရေးသူတို့၏ ဆည်းကပ်ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရားသည်ပင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခါနီးတွင် အဖျက်အမှောင့်များက နှောင့်ယှက်ခဲ့ကြရာ မေတ္တာတရားကို အခြေခံပြီး ဟောကြားဆောင်ရွက်ခဲ့သဖြင့် သုံးလူ့ထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်ပါသည်။ တုနိုင်းမရှိ ဘုရားရှင်အဖြစ်သို့ ရောက်ရှိပြီးနောက် အောင်ခြင်း (၈) ပါး ဖြစ်စဉ်များအား လေ့လာပါကလည်း မေတ္တာတရားကို အခြေခံပြီး ဟောပြောဆုံးမခဲ့ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အန္တရာယ်ဟူသမျှကို အောင်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူခဲ့သော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ယုံကြည်သက်ဝင်လိုက်နာခဲ့ခြင်းများကြောင့် စာရေးသူ၏ လုပ်သက်တစ်လျှောက် ကြုံခဲ့ရသော အခက်အခဲများဟူသည် ကင်းစင်နည်းပါးခဲ့ရခြင်း ဖြစ်သည်ဟုလည်း ယုံကြည်မိခဲ့ပါသည်။

၁၉၉၆ ခုနှစ်တွင် စာရေးသူမှာ ဒုရဲမှူးအဆင့်သို့ ရာထူးတိုးမြှင့်ခံရပြီးနောက် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းအထူးဒေသသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ယခင်က ဘိန်းမှောင်ခိုဦးခွန်ဆာနယ်မြေတွင် ဖြစ်ပါသည်။ နိုင်ငံတော်၏သဘောထားများအားနားလည်သဘောပေါက်ပြီး လက်နက်ဖြင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ခြင်းများကြောင့် ယခင်က သီးခြားကမ္ဘာဖြစ်ခဲ့သော ဟိုမိန်းဒေသအား နိုင်ငံ့ဝန်ထမ်းများစေလွှတ်ပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေသောအချိန်အခါတွင် စာရေးသူအနေဖြင့် ရာထူးတိုးမြှင့်ရောက်ရှိကာ တာဝန်ထမ်းဆောင်ရခြင်း ဖြစ်ပါသည်။

ထိုသို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း စာအုပ်တစ်အုပ်အားဖတ်ခဲ့ဖူးပါသည်။ စာအုပ်မဂ္ဂဇင်းအမည်နှင့် စာရေးသူကိုတော့ နှစ်ကြာနေသဖြင့် မမှတ်မိတော့ပါ။ ထိုစာအုပ်တွင် အထက်လူကြီးများက ဒေါသဖြစ်နေလျှင်သော် လည်းကောင်း၊ မိမိအား အကြီးအကဲက ဆူပူကြိမ်းမောင်းတော့မည့် သွင်ပြင်လက္ခဏာ တွေ့ရှိရလျှင်သော် လည်းကောင်း၊ အထက်အကြီးအကဲများနှင့် သွားရောက် တွေ့ဆုံမည်ဆိုလျှင်သော် လည်းကောင်း၊ ထိုအကြီးအကဲ၏ မျက်နှာသွင်ပြင်အား စိတ်ထဲတွင်ပေါ်အောင် မှန်းဆရပါမည်။ ထို့နောက် ဘုရားဂုဏ်တော် (၉) ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံသည်ဟု အဓိပ္ပာယ်ရရှိသော ဘဂဝါဂုဏ်တော်အား (၃၇) ခေါက်ရွတ်ဖတ်ခြင်းဖြင့် မိမိအပေါ်ကျရောက်မည့် ဒေါသတရားများသည် ပြေပျောက်သွားရသည်ဟု ဖတ်ရှုခဲ့ရပါသည်။ စာရေးသူအနေဖြင့်လည်း လက်နက်ကိုင်ဝန်ထမ်းအလုပ်အား ဆက်လက်လုပ်ကိုင်ရမည့် အချိန် များစွာကျန်ရှိနေသေးသဖြင့် ထိုဆောင်းပါးလေးအား ဖတ်ရှုပြီးနောက် အထူးပင် နှစ်ခြိုက်သဘောကျခဲ့သောကြောင့် အခါအခွင့်သင့်ပါက လက်တွေ့အသုံးချရန် ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့်လည်း စာရေးသူအနေဖြင့် မိမိတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း (၃၄) နှစ်ကာလအတွင်း ဘဂဝါဂုဏ်တော်အား ရွတ်ပွားခဲ့ခြင်းများကြောင့် အံ့သြဖွယ်ရာအကျိုးကျေးဇူးများ ခံစားခဲ့ရသည့် ဖြစ်စဉ်အမှန်များအား မျှဝေခံစားစေလိုသည့်သဘောဖြင့် ခံစားရေးဖွဲ့ရခြင်း ဖြစ်ပါသည်။

စာရေးသူ တာဝန်ထမ်းဆောင်စဉ်အချိန်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်အစိုးရ) တာဝန်ယူကာလ ဖြစ်ပါသည်။ ဟိုမိန်းအထူးဒေသအား နယ်မြေခံဗိုလ်မှူးကြီးအဆင့်ရှိ စစ်ဗျူဟာမှူးတစ်ဦးမှ ကွပ်ကဲအုပ်ချုပ်ပါသည်။ အခြားဌာနဆိုင်ရာဝန်ထမ်းများကိုလည်း အုပ်ချုပ်နိုင်ရန် အထူးဒေသအုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းထားပြီး ဗိုလ်မှူးအဆင့်ရှိသူတစ်ဦးမှ အနီးကပ် ကွပ်ကဲ အုပ်ချုပ်ဆောင်ရွက်ပါသည်။ စာရေးသူမှာ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သဖြင့် အပတ်စဉ်သောကြာနေ့ နံနက်(၈)နာရီတွင် လုံခြုံရေးဆိုင်ရာအစည်းအဝေးကို တက်ရောက်ရပါသည်။ အစည်းအဝေးတွင် စစ်ဗျူဟာမှူးကိုယ်တိုင် တက်ရောက်ပြီး အလှည့်ကျ တာဝန်ထမ်းဆောင်နေကြသော တပ်ရင်းမှူးများ၊ နယ်စပ်ဒေသအထူးအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ထောက်လှမ်းရေးတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ မပျက်မကွက် တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် စစ်ဗျူဟာမှူးကြီးအား စစ်ဦးစီးမှူး ဒုတိယတန်း (G-2) ခေါ် ဗိုလ်မှူးတစ်ဦးမှ နယ်မြေအတွင်း တပ်ဖြန့်ခွဲထားမှုအခြေအနေ၊ တိုက်ပွဲထူးခြားဖြစ်စဉ်အခြေအနေများကို တင်ပြရပါသည်။ ထိုသို့ တင်ပြပြီးနောက် တပ်ရင်းမှူးများ နယ်စပ်ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ကျန်အဖွဲ့များကပါ အလှည့်ကျ တင်ပြကြရသည်။ ထိုသို့ တင်ပြကြရာတွင် စစ်ဗျူဟာမှူးကြီးသည် တင်ပြချက်များနှင့်ပတ်သက်၍ စိတ်တိုင်းမကျပါ။ အမြဲတမ်း ဒေါသထွက်လျက် ၎င်း၏ တပ်မှူးများအား ဆူငေါက်ကြိမ်းမောင်းလျက်ရှိပါသည်။ ၎င်း၏ဇီဇကြောင့်ပဲလားဟု မသိပါ။ တင်ပြချက်များနှင့်ပတ်သက်ပြီး ၎င်းအနေဖြင့် ဘဝင်မကျမှုများသာကြုံနေရသဖြင့် အမြဲလိုပင် ဒေါသထွက်နေသည်ဟု ယူဆရပါသည်။ (နောက်ပိုင်းတွင် ဗျူဟာမှူးကြီးသည် စိတ်ရင်းကောင်းသူ၊ မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်တတ်သူဖြစ်ကြောင်း သိရှိလာရပါသည်။)

စစ်ဗျူဟာမှူးကြီးကိုယ်တိုင်ဒေါသဖြင့် ပြောဆိုနေသဖြင့် စာရေးသူကိုယ်တိုင်လည်း အလွန်ကြောက်ရွံ့မိပါသည်။ မိမိတင်ပြချက်နှင့်ပတ်သက်၍ သဘောကျမည်၊ မကျမည်ကို မသိသဖြင့် အလွန်ပင် စိုးရိမ်ကြောင့်ကြနေခဲ့ပါသည်။ မိမိရှေ့တွင် တပ်ရင်းမှူးအဆင့်များကိုပင် ကလေးကဲ့သို့ ဆူပူကြိမ်းမောင်းနေသဖြင့် မိမိအဆင့်လောက်ဆိုလျှင် ပြောဖွယ်ရာမရှိတော့ပြီဟု ယူဆမိပါသည်။ ၎င်းတို့တပ်ပိုင်းဆိုင်ရာ အဖွဲ့များကလည်း တပ်မတော်သားများပီပီ ဆူပူဒေါသထွက်ကြိမ်းမောင်းနေသည်များကို ပန်းနှင့်ပေါက်သည့်အလား သစ္စာရှိစွာဖြင့် ခွန်းတုံ့ပြန်မပြောရဲကြဘဲ ခေါင်းငုံ့လျက်နာခံကြသည်ကို တွေ့ရှိရပါသည်။

သို့သော် မိမိအနေဖြင့် အတွေ့အကြုံ နုနယ်သေးသူဖြစ်သောကြောင့်လည်းကောင်း အစိုးရိမ်လွန်အကြောက်ပိုနေခဲ့ရခြင်း ဖြစ်ပါသည်။ မိမိအား အများရှေ့တွင် ဆူပူကြိမ်းပါက အရှက်ရမည်ဖြစ်၍ ကြောက်ရွံ့နေခြင်းလည်း ဖြစ်ပါသည်။ မိမိတပ်ဖွဲ့၏ လုပ်ငန်းဆိုင်ရာအခြေအနေများကိုလည်း မိမိအလှည့်တွင် တင်ပြရမည်ဖြစ်သဖြင့် တင်ပြမည့်အစီအစဉ်များကိုလည်း ကြိုတင်ပြီး တိုတိုတုတ်တုတ်ဖြင့် ပြောဆိုနိုင်ရန် ခေါင်းထဲတွင် စဉ်းစားတွေးခေါ်လျက်ရှိပါသည်။ အခြားသူများအား ဆူပူကြိမ်းမောင်းမှု ပိုမိုပြင်းထန်လာလေလေ စာရေးသူ၏စိတ်မှာလည်း ဂနာမငြိမ်ဖြစ်ပြီး ချွေးသီးချွေးပေါက်များပင်ကျလာပါတော့သည်။

ထိုအချိန် စာရေးသူသတိရမိသည်မှာ မိမိဖတ်ဖူးခဲ့သည့် ဒေါသအမျက်ပြေစေသည့် ဘုရားဂုဏ်တော် 'ဘဂဝါ' အား သတိရမိခြင်း ဖြစ်ပါသည်။ မိမိဖတ်မှတ်သိထားသည့်အတိုင်း လက်တွေ့အသုံးချသင့်သည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး မိမိအလှည့်မရောက်သေးမီ စစ်ဗျူဟာမှူးကြီး၏ မျက်နှာအား စေ့စေ့ကြည့်၍ ဘဂဝါဂုဏ်တော် (၃၇) ခေါက်အား



www.burmeseclassic.com

www.burmeseclassic.com

လက်ချိုး၍ ပွားများမေတ္တာပို့ပါသည်။ မိမိအလှည့်သို့ မရောက်မချင်း ဘဂဝါ ဂုဏ်တော်အား ၊ အထပ်ထပ်အခါခါ ပွားများနေပါတော့သည်။ စစ်ဗျူဟာမှူးကြီးကလည်း သူ၏ ပြောနေကျအတိုင်း ဆူမြ၊ ကြိမ်းမောင်းမြ၊ ဒေါသထွက်မြဖြစ်နေသော်လည်း စာရေးသူကတော့ ဘဂဝါ ဂုဏ်တော်ကိုသာ အာရုံပြုအထပ်ထပ် ပွားများပြီး မိမိအားကယ်မသူအနေဖြင့် ဘုရားရှင်မှတစ်ပါးမရှိတော့ပြီဟုယုံကြည်၍ စစ်ဗျူဟာမှူးကြီးအား ကြည့်လျှက် မရေတွက်နိုင်သောအခေါက်ရေများဖြင့် ဘဂဝါဂုဏ်တော်ကို ရွတ်ဖတ်နေမိပါသည်။

မကြာမီ စာရေးသူ၏အလှည့်သို့ ရောက်ရှိလာပါသည်။ ရှိသမျှအင်အားများကို စုစည်း၍ မတ်တတ်ရပ်လိုက်သည့်အခါတွင် စစ်ဗျူဟာမှူးကြီးက -

"ကဲ- မြို့နယ်မှူးကြီး၊ ဘာတင်ပြဖို့ရှိပါသလဲ"

ဟု ပျော့ပျောင်းစွာဖြင့် စတင်မေးလိုက်ပါတော့သည်။

စာရေးသူလည်း ရှတ်တရက် အံ့အားသင့်ပြီး မိမိတပ်ဖွဲ့အခြေအနေ၊ မှုခင်းဖြစ်ပွားမှုအခြေအနေများကို အတိုချုံး၍ တင်ပြလိုက်ပါသည်။

စစ်ဗျူဟာမှူးကြီးက ပြုံးရွှင်စွာဖြင့် အခက်အခဲရှိလျှင် တင်ပြစေလိုကြောင်း၊ အချိန်မရွေး လာရောက်နိုင်ကြောင်းများကို ချိုပြုံးကြည်သာစွာဖြင့် ပြောနေပါတော့သည်။ အစည်းအဝေးတက်ရောက်သူများအားလုံးကလည်း စာရေးသူအားကြည့်ပြီး ၎င်းတို့၏ လငပုပ်ဖမ်းထားသောမျက်နှာများမှာ လမင်းကြီးအား ပြည့်ပြည့်ဝဝတွေ့လိုက်ရသကဲ့သို့ ပြုံးပျော်စွာဖြင့်ကြည့်နေကြပါသည်။

အစည်းအဝေး စတင်ချိန်မှစပြီး ဆူပူကြိမ်းမောင်းဒေါသဖြင့်စတင်ခဲ့သော အစည်းအဝေးကြောင့် တက်ရောက်လာကြသူများအားလုံး တိတ်ဆိတ်စွာဖြင့် ခေါင်းငုံ့လျက်ရှိနေကြစဉ် မိမိအလှည့်သို့ရောက်သည့်အခါမှ စစ်ဗျူဟာမှူးကြီး၏ ပျော့ပျောင်းပြုံးရွှင်စွာပြောဆိုမှုများကို ကြားသိရသောကြောင့် အံ့အားသင့်ဖြစ်ခဲ့ရသော အခြေအနေများသည် ဘုရားရှင်၏ ဘဂဝါဂုဏ်တော်တန်ခိုးကြောင့်ဟုပင် စာရေးသူအနေဖြင့် ယုံကြည်မိပါတော့သည်။

အစည်းအဝေးပြီးသည့်နောက် ကျန်သည့်တပ်ရင်းမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက စစ်ဗျူဟာမှူးကြီးဒေါသပြေအောင်များဘယ်လိုလုပ်လိုက်တာလဲဟု မေးမြန်းကြရာ စာရေးသူက ဘာမှပြန်မပြောဘဲ ပြုံး၍ကြည့်နေပြီး စိတ်ထဲကရွတ်ဆိုမှုကိုတော့ ပြောမပြဖြစ်ခဲ့ပါ။ ထိုသို့ ရက်လကြာလာသည့် ပုံမှန်တက်ရသော အစည်းအဝေးများတွင် အခန်းသို့ရောက်ရှိသည်နှင့် စစ်ဗျူဟာမှူးကြီး၏ မျက်နှာအားကြည့်ပြီး ဗုဒ္ဓ၏ ဘဂဝါဂုဏ်တော်ကိုသာ အထပ်ထပ် အခါခါပွားများခဲ့ပါသည်။ ထိုသို့ယုံကြည်မှုဖြင့် ပွားများခဲ့မှုများကြောင့် စာရေးသူအနေဖြင့် အစည်းအဝေးတိုင်းတွင် စစ်ဗျူဟာမှူးကြီး၏ ဆူပူကြိမ်းမောင်းမှုအား ထူးထူးခြားခြားမခံရသည်ကို တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့ မိမိတင်ပြရမည့်အလှည့်များတွင် စစ်ဗျူဟာမှူးကြီး ဒေါသပြေပျောက်သွားမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတပ်မှဗိုလ်ကြီးအဆင့်ရှိသူများက မေးမြန်းသည့်အခါ စာရေးသူက ဘဂဝါဂုဏ်တော်ကိုသာ မျက်နှာစေ့စေ့ကြည့်ပြီး ပွားများကြောင်း၊ ယုံကြည်ပါက လိုက်နာကျင့်သုံးစေလိုကြောင်းပြောပြခဲ့ပါသည်။ ထိုသို့ စာရေးသူက ပြောပြခဲ့သော်လည်း ၎င်းတို့က -

"မြို့နယ်မှူးကြီးရယ်၊ လူကြီးက တအားဒေါသထွက်နေတော့လည်း ဘုရားဂုဏ်တော်ကို ရွတ်ဖို့တောင် သတိမရတော့ပါဘူးဗျာ"

ဟု ပြန်ပြောကြပါသည်။

ထိုသို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တစ်နေ့တွင် မိသားစုရှိရာ လွိုင်လင်သို့ခေတ္တပြန်လာခွင့်ရခဲ့ပါသည်။ လွိုင်လင်တွင်ရှိနေစဉ် ဟိုမိန်းတွင်ကျန်ခဲ့သော ရဲစခန်းမှူး ရဲအုပ်လွင်စိုး (ငြိမ်း) က ဖုန်းဖြင့် အကြောင်းကြားရာတွင် စာရေးသူ ဟိုမိန်းပြန်ရောက်ရှိက မိန်းမိုင်ရွာသို့ ပြောင်းရွှေ့နေထိုင်ရန် စစ်ဗျူဟာမှူးကြီးမှ အမိန့်ပေးထားကြောင်း သိရပါသည်။ မိန်းမိုင်ရွာဆိုသည်မှာ ဟိုမိန်းနှင့် (၁) မိုင်ကျော်ခန့်ဝေးသော ရပ်ကွက်ကျေးရွာအဆင့်သာ ဖြစ်ပါသည်။ အခြားဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် နယ်စပ်ဒေသအုပ်ချုပ်ရေးရုံးအဖွဲ့ ရုံးစိုက်သည့် ဟိုမိန်းဒေသအနီးတွင်သာနေထိုင်ကြပြီး မိမိအား အဘယ်ကြောင့် ရောက်လာလျှင် မိန်းမိုင်ရွာသို့ ပြောင်းခိုင်းသည်ကို စဉ်းစားမရဖြစ်နေပါသည်။ မိမိအနေနှင့်လည်း စစ်ဗျူဟာမှူးကြီးနှင့်မည်သည့်ပြဿနာမျှမရှိသည်ကို ကိုယ်တိုင်သိရှိပါသည်။ ပေးအပ်သည့်တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည်ဟု မိမိကိုယ်မိမိ ယုံကြည်မိပါသည်။ သို့သော်လည်း အထက်အကြီးအကဲ၏အမိန့်ဖြစ်သဖြင့် ဟိုမိန်းဒေသပြန်ရောက်သည့်အခါ ညွှန်ကြားသည့်အတိုင်း သွားရောက်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

ဤလိုနှင့် ဟိုမိန်းဒေသသို့ ပြန်ရောက်သည့်နေ့မှာပင် ရောက်ရှိကြောင်း သတင်းပို့ရန် စစ်ဗျူဟာမှူးကြီးထံသို့ ထွက်လာပါသည်။ လမ်းတွင် ဒုတိယတန်းစစ်ဦးစီးမှူး (G-2) ဗိုလ်မှူးနှင့်တွေ့သည့်အခါ -

"မြို့နယ်မှူးကြီး၊ ဘယ်တုံးကပြန်ရောက်တာလဲ"

"ကျွန်တော် အခုပဲပြန်ရောက်တာ၊ ရောက်ရှိကြောင်း ဗျူဟာမှူးကြီးကို သတင်းသွားပို့မလို့"

"ဟုတ်ပြီ၊ ပို့ပြီးရင်တော့ ခင်ဗျား မိန်းမိုင်ရွာကိုပြောင်းပေတော့။ ပြီးခဲ့တဲ့ အစည်းအဝေးတုန်းက ကျွန်တော့်ကို ညွှန်ကြားထားတယ်။ ဘာဖြစ်လို့လဲ မသိဘူး။ ခင်ဗျား စခန်းမှူးကို မကျေနပ်လို့လားမသိဘူး"

"ပြောင်းဆိုတော့လည်း ပြောင်းရမှာပေါ့ ဗိုလ်မှူးရာ။ ကဲကဲ-ကျွန်တော် သွားလိုက်ဦးမယ်"

စာရေးသူလည်း ဗိုလ်မှူးအား နှုတ်ဆက်ပြီး ဗျူဟာကုန်းသို့ တက်လာခဲ့ပါသည်။ ထိုအချိန်တွင်လည်း စာရေးသူ ရွတ်ဆိုနေကျ ဘဂဝါ၏ ဂုဏ်တော်အား ပွားများပြီး စစ်ဗျူဟာမှူးကြီးမျက်နှာအား စိတ်တွင်ပေါ်အောင်ကြည့်၍လာခဲ့ပါသည်။ စစ်ဗျူဟာမှူးကြီးအနေဖြင့် မိမိနှင့်ပတ်သက်ပြီး မကျေနပ်ချက်တစ်ခုခုရှိနေ၍သာ ပြောင်းရွှေ့ခြင်းဖြစ်မည်ထင်ပြီး ရောက်သည့်အခါ မိမိအား ဆူပူကြိမ်းမောင်းပြောဆိုမည်ကိုလည်း စိုးရိမ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ဤသို့ဖြင့် ဘဂဝါဂုဏ်တော်အား အထပ်ထပ်အခါခါ စိတ်ထဲမှရွတ်ဆိုပြီး ဗျူဟာမှူးကြီးရုံးခန်းသို့ ဝင်ရောက်ခဲ့ပါသည်။ ရောက်သည်နှင့် အလေးပြုပြီးနောက်-

"ကျွန်တော် ပြန်ရောက်ပါပြီ၊ ဗျူဟာမှူးကြီး။ အဘအတွက် ကျွန်တော်တို့ရဲတပ်ဖွဲ့ကထုတ်တဲ့ပြက္ခဒိန်တစ်စောင်ကို အမှတ်တရယူလာခဲ့ပါတယ်ခင်ဗျာ"

ဗျူဟာမှူးကြီးက ဘာမှမပြောဘဲ ပြက္ခဒိန်ကိုယူ၍ တစ်ရွက်ချင်းလှန်ကြည့်နေပါသည်။ မိမိအား ဘာမှမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com

နေသဖြင့် စိုးရိမ်ပြီး ဘဂဝါဂုဏ်တော်ကိုသာ စိတ်ထဲမှအကြိမ်ကြိမ်ရွတ်နေမိပါသည်။ စာရေးသူအား ဘာမှမပြောသဖြင့် အရဲစွန့်ပြီး -

"ဗျူဟာမှူးကြီး၊ ကျွန်တော့်ကို ဘာညွှန်ကြားစရာများရှိပါသလဲခင်ဗျာ။ ဗျူဟာမှူးကြီးညွှန်ကြားထားလို့ ကျွန်တော် ဒီနေ့ပဲ မိန်းမိုင်ကို ပြောင်းပါ့မယ် ခင်ဗျာ"

ထိုအခါ ဗျူဟာမှူးကြီးက စာရေးသူအား ပြုံးရွှင်စွာနှင့်ကြည့်ပြီး -

"ဘာဖြစ်လို့ပြောင်းမှာလဲ"

"ဗျူဟာမှူးကြီးက အစည်းအဝေးမှာ ကျွန်တော်ပြန်ရောက်လာရင် မိန်းမိုင်ရွာကို ပြောင်းနေရမယ်လို့ ညွှန်ကြားထားတဲ့အကြောင်း G-2က ကျွန်တော့်ကို ပြောပါတယ်"

"အို - ထားထားလိုက်စမ်းပါ၊ ပြောင်းမနေနဲ့။ ကိုယ့်နေရာမှာပဲကိုယ်နေပါ။ မိသားစုနဲ့တွေ့လို့ တော်တော်ပျော်ခဲ့တယ်မဟုတ်လား"

စာရေးသူ အတော်ပင်အံ့အားသင့်သွားရပါသည်။ တွေ့ရှိသည့်အခါ အကြောင်းတစ်ခုခုဖြင့် ဆူပူကြိမ်းမောင်းမည်ကို စိုးရိမ်ပိုခဲ့ခြင်းများသည် တကယ်အဖြစ်အပျက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ပြောင်းရွှေ့ရန်ပြောခဲ့သည်မှာလည်း ဗျူဟာမှူးကြီးပင် ဖြစ်ပါသည်။ ယခုအခါ ပြုံးရွှင်စွာနှင့် မပြောင်းရွှေ့ရန် ပြောသူမှာလည်း ဗျူဟာမှူးကြီးပင် ဖြစ်ပါသည်။ စာရေးသူကတော့ ဘဂဝါဂုဏ်တော်ကြောင့်ဟုပင် ခိုင်လုံစွာယုံကြည်ခဲ့ပါသည်။ ဗျူဟာမှူးကြီးအား နှုတ်ဆက်ပြီးအပြန်တွင် (G-2) ဗိုလ်မှူးနှင့် တွေ့သည့်အခါ -

"ဘယ်လိုလဲ၊ ဗျူဟာမှူးကြီးက ခင်ဗျားကို ငရုတ်သီးစပ်စပ်ကျွေးလိုက်ပြီလား"

"မဟုတ်ပါဘူး ဗိုလ်မှူးရယ်။ ကျွန်တော်ကိုဘယ်မှမပြောင်းနဲ့တော့လို့ ပြောလိုက်တယ်"

ဗိုလ်မှူးကတော့ အံ့အားသင့်စွာနှင့် ခေါင်းကုတ်ပြီး -

"ဟင် - သူပဲပြောခဲ့ပြီး အခုတော့ ဘယ်လိုဖြစ်သွားရတာလဲ"

စာရေးသူကတော့ (G-2) ဗိုလ်မှူးအားကြည့်ပြီး ပြုံးရွှင်စွာဖြင့်ပင် ဘုရားဂုဏ်တော်ကြောင့်ပဲပေါ့ဗျာဟု စိတ်ထဲက ပြောမိလိုက်ပါသည်။

ထိုကဲ့သို့ စာရေးသူကိုယ်တိုင် ဘဂဝါဂုဏ်တော်ရွတ်ပွားမှုများကြောင့် ထပ်မံပြီး ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များကိုလည်း ဆက်လက် တင်ပြမည် ဖြစ်ပါသည်။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန (ဇီးပင်ကြီး) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ မတ်လတွင် ရဲမှူးအဆင့်သို့ ရာထူးတိုးမြှင့်ခံရပြီး သင်တန်းဌာနခွဲမှူးတာဝန်ယူဆောင်ရွက်ရပါသည်။ သင်တန်းကျောင်းဖြစ်သည့်အလျောက် အပတ်စဉ် တနင်္လာနေ့တိုင်းတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် သောကြာနေ့တိုင်း လေ့ကျင့်သင်ကြားရေးဆိုင်ရာအစည်းအဝေးအား မပျက်မကွက်တက်ရောက်ရပါသည်။သင်တန်းကျောင်း၏ အစည်းအဝေးခန်းမမှာ အင်္ဂလိပ်အက္ခရာ U ပုံစံ ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးက ထိပ်ဆုံးမှထိုင်ပြီး ဘယ်ဘက်ခြမ်းတွင် လေ့ကျင့်ရေးဆိုင်ရာနည်းပြချုပ်နှင့် ဌာနခွဲမှူးများနေရာယူပြီး ညာဘက်ခြမ်းတွင် ဒုတိယကျောင်းအုပ်ကြီးနှင့်အတူ စီမံခန့်ခွဲမှုဆိုင်ရာရဲမှူးနှင့် ဌာနခွဲမှူးတာဝန်ခံရဲမှူးများက နေရာယူထိုင်ကြရပါသည်။ အစည်းအဝေးဆိုင်ရာတင်ပြမှုများကို ဘယ်ဘက်အခြမ်းတွင် နေရာယူထားသော လေ့ကျင့်ရေးဆိုင်ရာဌာနခွဲမှူးများ၊ နည်းပြများက ပထမတင်ပြကြရပါသည်။

ထိုသို့ တင်ပြကြစဉ် အဆင်ပြေသည့်အခါရှိသလို အဆင်မပြေသည့်အခါများလည်းရှိပါသည်။ အဆင်မပြေသည့်အခါများတွင် ကျောင်းအုပ်ကြီးမှ လူကြီးပီပီ အဆင့်နှင့်လျော်ညီစွာ လုပ်ကိုင်နိုင်ရေးအတွက် ဆူပူပြောဆိုလျက်ရှိပါသည်။ တစ်နည်းအားဖြင့် ကျောင်းအုပ်ကြီးက ဒေါသနှင့်ပြောဆိုနေသဖြင့် တင်ပြသည့် နည်းပြများက ချင့်ချင့်ချိန်ချိန် သတိပြုတင်ပြကြရပါသည်။ မိမိတင်ပြချက်သည် ကျောင်းအုပ်ကြီး၏ စိတ်၌ သဘောမတွေ့စရာဖြစ်သွားပါက ထိုတင်ပြသူအား ပြစ်တင်ပြောဆိုပါတော့သည်။ အသက်အရွယ်အားဖြင့် (၄၀) ကျော်၊ (၅၀) အတွင်းများ ဖြစ်ကြသဖြင့် လူပုံအလယ် ဆူပူကြိမ်းမောင်း ပြစ်တင်ခြင်းများခံရပါက ရိုက်သည်ထက်ပင် ပိုမိုခံပြင်းအရှက်ရကြပါသည်။ ထိုသို့ ကျောင်းအုပ်ကြီးက တစ်ဖက်ခြမ်းမှ တင်ပြနေသောအချက်များနှင့်ပတ်သက်၍ ဒေါသထွက်ပြောဆိုနေသည့်အခါ စာရေးသူမှာ ပြုနေကျပါအတိုင်း ကျောင်းအုပ်ကြီးမျက်နှာကိုကြည့်ကာ ဘုရားရှင်ကို အာရုံပြုပြီး ဘဂဝါဂုဏ်တော်ကိုသာ လက်ချိုးရေတွက်ပြီး အဆက်မပြတ်ရွတ်ပွားနေပါတော့သည်။ ကျောင်းအုပ်ကြီး၏ ပြောဆိုမှုမှန်တိုင်းက မိမိဘက်သို့မကူးစက်စေရန် ကြိုတင်ကာကွယ်နေရခြင်း ဖြစ်ပါသည်။

မိမိတင်ပြရမည့်အလှည့်ရောက်သည့်အခါ တိုတိုရှင်းရှင်းနှင့်ပင် တင်ပြခဲ့ပါသည်။ စာရေးသူတင်ပြချိန်တွင် ကျောင်းအုပ်ကြီးက သဘောမကျခြင်း၊ အလိုမကျခြင်း စသည့်အမူအရာများကို မတွေ့ရတော့ပါ။ ခေါင်းတညိတ်ညိတ်နှင့်သာ နားထောင်နေပါသည်။ ဗုဒ္ဓဂုဏ်တော်၏အစွမ်းသတ္တိကြောင့်ဟုပင် ယုံကြည်မိပါသည်။ စာရေးသူအနေဖြင့် သင်တန်းကျောင်းတွင် (၃) နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုကာလအတွင်း အစည်းအဝေးကျင်းပသည့်အခါတိုင်း ဘဂဝါဂုဏ်တော်တစ်ခုကိုသာ စွဲမြဲစွာရွတ်ဖတ်ပြီးတက်ရောက်ခဲ့ပါသည်။ အထက်လူကြီး၏ ပြင်းထန်သောဆူပူမှု၊ ကြိမ်းမောင်းမှုများအား မခံစားခဲ့ရဖူးပါ။ အဆင်ပြေချောမွေ့ခဲ့သည်ကိုသာ ကြုံတွေ့ခဲ့ရ၏။ သင်တန်းကျောင်းမှတစ်ဆင့် နယ်ဘက်တွင် ခရိုင်ရဲတပ်ဖွဲ့မှူးအဆင့်တာဝန်ထမ်းဆောင်စဉ်ကာလအထိ အထက်အကြီးအကဲများပြုလုပ်သောအစည်းအဝေးတိုင်းတွင် တင်ပြချက်များချောမောစေရန်၊ ပြစ်တင်ကြိမ်းမောင်းမှု လျော့နည်းစေရန် ဤဘဂဝါဂုဏ်တော်ကိုသာ ယုံကြည်စွာရွတ်ဆိုပြီး ပြုမူဆောင်ရွက်ခဲ့ခြင်းများကြောင့် အောင်မြင်မှုများရရှိခဲ့ပါသည်။

စာရေးသူ၏ ဖြစ်စဉ်အမှန်များကိုသာ တင်ပြခြင်း ဖြစ်ပါသည်။ ယခုအခါ စာရေးသူလည်း သက်ပြည့်အငြိမ်းစားရယူခဲ့ပြီး ဖြစ်ပါသည်။ ဝန်ထမ်းတာဝန်ထမ်းဆောင်စဉ်ကကဲ့သို့ အထက်အကြီးအကဲအရာရှိလည်း မရှိတော့ပါ။ သို့သော် ဘုရားဂုဏ်တော်ပွားများမှုကိုတော့ နေ့စဉ်ဆောင်ရွက်ဆဲဖြစ်ပါသည်။ စာရှုသူများအနေဖြင့်လည်း ဗုဒ္ဓ၏ဂုဏ်တော်များကို ယုံကြည်သက်ဝင်စွာ ပွားများခြင်းဖြင့် ကြုံတွေ့နေရသော အခက်အခဲများ၊ ဒေါသအမျက်တရားများ ပြေပျောက်ကြစေလိုခြင်းငှာ နေ့စဉ်ရွတ်ပွားသင့်ပါကြောင်း ဆန္ဒပြုတင်ပြရပါသည်။

ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)ပခုး



www.burmeseclassic.com

www.burmeseclassic.com

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီးသည် ထူးခြားထင်ရှားလှစွာသော တန်ခိုးတော်တို့ဖြင့် ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့သည်မှာ (၁၅) နှစ်ရာသီသို့ပင်ရှိခဲ့ပြီဖြစ်ပါသည်။ ပွင့်ထွန်းပေါ်ပေါက်တော်မူစက ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့မှာ ထူးခြားဆန်းကြယ်လွန်းလှပါ၍ မကြားဘူး၊မမြင်ဘူး၊မတွေ့ဘူး၊မကြုံဘူးကြသောကြောင့် သက်တော်ထင်ရှား ဘုရားရှင်တို့၏ ဗုဒ္ဓဝင်တို့ကိုလေ့လာမှတ်သားထားရှိခြင်းမရှိကြသောစာရေးသူတို့ မိသားစုအပေါ် ယုံကြည်ရန် ဝန်လေးကြသော ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို လက်မခံနိုင်ကြသူများက မယုံကြည်နိုင်ကြဘဲရှိခဲ့ကြပါသည်။



၂၀၁၄၊ (၇) လပိုင်း ထားဝယ်ခရီးစဉ်တွင် မောင်ရှိန်းမှိန်းနေအိမ်၌ ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိစဉ်

## ဘိုဘို(ရွှေကံကူ)
## ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်
## ၂၀၁၄ ခုနှစ်၊ ပုဂံ-ပုပ္ပား-မြင်းခြံဒေသစာရီခရီးစဉ်၌ ပေါက္ခရဝဿမိုးရွာသွန်းခြင်း




၉-၉-၂၀၁၄ ရေ့ကိုင်းမြို့ အောင်မြေ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် ရုပ်ရှင်တော်မြတ်အား ကြည်ညိုရှုမြော် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



၁၅-၉-၂၀၁၄ ပုဂံမြို့ 'ရွှေရည်ပွင့်' မိသားစုမှ ရုပ်ရှင်တော်မြတ်အား ကြည်ညိုဖွယ် ပူဇော်ထားရှိပုံ



၂၀၁၄၊ (၄) ထပိုင်း၊ ရန်ကုန်ခရီးစဉ်တွင် မြောက်ဥက္ကလာပမှ ဒေါက်တာအရှင်နေမိန္ဒ၏ကျောင်းတွင် ရွှေကြက်ကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်



၁၇-၉-၂၀၁၄ မြင်းခြံမြို့ 'စိန်ဝင်းကျော်' အချိုရည်မိသားစုနေအိမ်တွင် ရုပ်ရှင်တော်မြတ် ထူးခြားစွာ ပြုံးတော်မူလျက် ဖူးတွေ့ရပုံ



၁၇-၉-၂၀၁၄ မြင်းခြံမြို့ 'စိန်ဝင်းကျော်' အချိုရည်မိသားစုနေအိမ်တွင် မနက် (၁း၀၀) အချိန်၌ ဘုရားခန်းအတွင်း မိုးရွာသွန်းစဉ်

သို့သော် အတုနှင့် အစစ်၊ အမှားနှင့် အမှန် ဟူသည်မှာ အချိန်၏မှတ်ကျောက်၌ ကြာမြင့်လာလေ ပေါ်လွင်ထင်ရှားလာလေဖြစ်ရမြဲပင်။ ထို့ကြောင့် ယနေ့အချိန်တွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို မြန်မာနိုင်ငံအနှံ့အပြားမျှသာမက ကမ္ဘာ့နိုင်ငံများမှပင် ကိုးကွယ်ယုံကြည်လျက်ရှိနေကြပြီ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူတို့တွင် ထူးခြားမှုတစ်ခုခုကိုတော့ ကြုံတွေ့ရမြဲဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်ဖွင့်တော်မူခြင်း၊ မျက်နှာချော်ပြုံးတော်မူခြင်း၊ ရောင်ခြည်တော်ကွန့်မြူး

www.burmeseclassic.com

တော်မူခြင်း အစရှိသည်တို့ကို ဖူးတွေ့ကြရသကဲ့သို့ ထူးခြားသိသာစွာ ဆုတောင်းအဓိဋ္ဌာန်တို့လည်းပြည့်ဝခဲ့ကြရပါသည်။

ပို၍ထူးခြားသည်မှာ ရုပ်ရှင်တော်မြတ်ကိုယ်တော်တိုင်မှမဟုတ်ပါ။ ရုပ်ရှင်တော်မြတ်၏ ခေတ်ပုံတော်၊ မဂ္ဂဇင်းမှပုံတော်၊ လက်ကမ်းစာစောင်မှပုံတော်တို့ကို ပူဇော်ကြည်ညိုကြသူများမှာပင် ထိုကဲ့သို့သော ထူးခြားမှုများကို တွေ့ကြုံကြရခြင်းဖြစ်ပါသည်။ ထိုသို့တွေ့ကြုံရသူတို့မှာလည်း တစ်ဦးတည်းတစ်ယောက်တည်းမဟုတ်ပါ။ နေရာဒေသမြို့ရွာများစွာနှင့် လူပေါင်းများစွာတို့တွင် ဖြစ်ပေါ်ကြုံတွေ့ကြရခြင်း ဖြစ်ပါသည်။ ဥပမာ တစ်နေရာတွင် တစ်စုံတစ်ယောက်မှ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို မည်သို့မည်ပုံ ထူးခြားစွာဖူးတွေ့ခဲ့ရဖူးပါသည်။ ဆုတောင်းအဓိဋ္ဌာန်တို့ မည်သို့မည်ပုံ ပြည့်ဝခဲ့ရပါသည်ဟု ဆိုလာလျှင် အခြားတစ်ဦးမှလည်း မိမိသည်လည်း ထိုကဲ့သို့ ကြုံတွေ့ဖူးကြောင်း ဝင်ရောက်ပြောကြားလာမည်သာ ဖြစ်ပါသည်။ နောက်တစ်ယောက်မှလည်း ဝင်ရောက်ထောက်ခံ ပြောကြားမည်သာ ဖြစ်ပါ၏။ ဤသည်ကိုကြည့်လျှင် ရုပ်ရှင်တော်မြတ်သည် အမှန်တကယ် ထူးခြားသော တန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူ၍ အမှန်တကယ် ဆုတောင်းအဓိဋ္ဌာန်တို့ ပြည့်ဝစေသည်ကို သိသာနေပြီဖြစ်ပါ၏။

ထို့အပြင် ပင့်ဆောင်ပူဇော်သူတို့ကိုကြည့်ပါ။ ဘုန်းတန်ခိုးကြီးမားတော်မူသော ဆရာတော်ကြီးများ၊ ဗုဒ္ဓစာပေများကို သင်ကြားပို့ချလျက်ရှိသော သီလရှင်ဆရာကြီးများ၊ သိပ္ပံနှင့်နည်းပညာ သုတေသနမှ အရာရှိကြီးများ၊ လောကီပညာဆရာကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရဲအရာရှိကြီးများ၊ ဆရာဝန်ကြီးများ၊ အရာရှိကြီးများ၊ အနုပညာရှင်များ အစရှိသော မြန်မာနိုင်ငံရှိ လောကီ၊ လောကုတ္တရာ အသိပညာရှင်၊ အတတ်ပညာရှင်များသာမက သိပ္ပံပညာထွန်းကားလှပါသည်ဆိုသော နိုင်ငံရပ်ခြားတိုင်းပြည်အချို့မှပင် ပင့်ဆောင်ခဲ့ကြပြီဖြစ်ကာ ပင့်ဆောင် ပူဇော်ကြသူတို့တွင်လည်း အထူးတလည်ကျေနပ်နှစ်သက်စွာဖြင့် ဝမ်းသာပီတိဖြစ်ခဲ့ကြရပြီ ဖြစ်ပါ၏။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ နှစ်စဉ်ဒေသစာရီခရီးစဉ်များကို ဆန်းစစ်လျှင် သုံးပုံနှစ်ပုံခန့်မှာ တစ်ကြိမ်ထက်



၁၉-၉-၂၀၁၄ ရက်နေ့တွင် မြင်းခြံမြို့ ဦးညီညီ 'ရွှေပြည့်အိမ်' မိသားစုမှ ထွက်ခွာကြွမြန်းစဉ်



၁၉-၉-၂၀၁၄ ရက်နေ့တွင် မြင်းခြံမြို့ ဦးညီညီ+ဒေါ်ခင်ညိုနွဲ့ 'ရွှေပြည့်အိမ်' မိသားစုနေအိမ်တွင် ရောင်ခြည်တော်ကွန့်မြူးစဉ်



၂၀၁၄၊ (၆) ထပိုင်း ရှမ်း/တောင်ခရီးစဉ်တွင် ဆောင်ပန်းမြို့ အမြောက်တပ်မမှူးနေအိမ်တွင် ရွှေကံကူရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်ဖွင့်တော်မူစဉ်

မနည်း ပင့်ဆောင်ပူဇော်ပြီးခဲ့ကြသူများသာဖြစ်ပြီး လာမည့်နှစ်တွင်လည်း ပင့်ဆောင်ပူဇော်ခွင့်ပြုပါရန် ထပ်မံလျှောက်ထားကြသူများသာဖြစ်နေကြခြင်း ဖြစ်ပါသည်။ သူရဇ္ဇမဂ္ဂဇင်းကြီးမှလည်း စာရေးသူ၏ ရွှေကံကူဆောင်းပါးများကို နှစ်ရှည်အဆက်မပြတ်ဖော်ပြပေးလျက်ရှိရာ ရုပ်ရှင်တော်မြတ်၏ ထူးခြားမှုများကို အသေးစိတ် တိကျခိုင်မာစွာ သိရှိလာကြရသဖြင့် ပင့်ဆောင်ပူဇော်လိုသူတို့ အဆက်မပြတ် တိုးပွား၍လာနေပြန်သဖြင့် ရွှေကံကူသာသနာပြုအန်တီဒေး




www.burmeseclassic.com

www.burmeseclassic.com



၉-၉-၂၀၁၄ စဉ့်ကိုင်မြို့ အောင်မြေ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် ရုပ်ရှင်တော်မြတ်အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ



၂၀၁၄၊ (၄) လပိုင်း ရန်ကုန်ခရီးစဉ်တွင် မြောက်ဒဂုံ ဓမ္မိက်တာအရှင်နေမိန္ဒာကျောင်းတွင် ရွှေကံကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်



၁၅-၉-၂၀၁၄ ပုဂံမြို့ 'ရွှေရည်ပွင့်' မိသားစုမှ ရုပ်ရှင်တော်မြတ်အား စိန်စီခြယ်သော ရွှေသားစလွယ်မကိုဋ်တော် လှူဒါန်းရန် လျှောက်ထားစဉ်



၂၀၁၄၊ (၇) လပိုင်း မန္တလေးခရီးစဉ်တွင် သာဝကများမှ ရွှေကံကူရုပ်ရှင်တော်မြတ်အား လှူဒါန်းသော (၁၁) ကျပ်သားရှိ ရွှေသားလင်ပန်းတော်

နှင့် ရွှေကံကူသာသနာပြုမယ်တော်ကြီး တို့မှာလည်း ခရီးများဆက်နေသဖြင့် ပင်ပန်းလှသော်လည်း သဒ္ဓါတရားထက် သန်စွာဖြင့် ပင့်ဆောင် ပူဇော်သူတို့ကို ငဲ့ကွက်၍ရုပ်ရှင်တော်မြတ်နှင့်အတူ မနေ မနား လိုက်ပါကြွမြန်းပေးလျက်ရှိနေရ ပါသည်။

ယနေ့အချိန်တွင် အန်တီအေးနှင့် မယ်တော်ကြီးတို့သည် အသက်အရွယ် ကြီးရင့်၍လာရုံမျှမက ခရီးပန်းသည့် ဒဏ်များကြောင့်လည်း အစဉ်ပင်ပန်း နွမ်းနယ်၍နေကြသည်ဖြစ်ခြင်းကြောင့် ပင့်ဆောင် ပူဇော်လိုကြသော သာဝက များကို ဤသို့ပန်ကြားရသည်။ လေယာဉ် ပေါက်သောခရီးဖြစ်လျှင် လေယာဉ်နှင့် သာပင့်ဆောင်ကြပါရန်၊ မော်တော် ယာဉ်သာရှိသော ခရီးဖြစ်လျှင်လည်း သက်သောင့်သက်သာ ကျယ်ကျယ်ဝန်း ဝန်းလိုက်ပါနိုင်ရန် ပင့်ဆောင်ပူဇော်ရာ ဌာနတို့တွင်လည်း ရာသီဥတုဒဏ်ကို ညီညွတ်မျှတစေပြီး ကျယ်ဝန်းသန့်ရှင်း သော အိပ်ခန်းစီစဉ်ပေးရန်နှင့် လက်တို လက်တောင်း အကူအညီပေးနိုင်ရန် မိန်းကလေးတစ်ဦးထားရှိပေးရန်တို့ ဖြစ် ပါသည်။

ထို့အပြင် စာရေးသူတို့ထံ ဖုန်းဖြင့် အဝေးမှ လျှောက်ထားခြင်းထက် ကိုယ် တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ လူကိုယ် တိုင် လာရောက်၍ စာရင်းပေးသွင်းကြ ရန်နှင့် ထိုသို့ စာရင်းပေးသွင်းပြီးလျှင် လည်း မိမိတို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိ မည့်ရက်ကို မပြတ်စုံစမ်းပေးကြပါရန်၊ မိမိတို့အလိုရှိသောရက်ကိုလည်း ရရှိ မည်မဟုတ်၊ အဆင်သင့်သောရက်ကို သာပင့်ကြရမည်ဟူ၍ ဖြစ်ပါသည်။ မည် သို့ပင်ဖြစ်စေ သဒ္ဓါတရားကြီးမားသူတို့ ကား များပြားလွန်းလှရာ ရုပ်ရှင်တော် မြတ်သည် နှစ်ပတ်လည်ဒေသစာရီခရီး များတွင်သာလှည့်လည်အပူဇော်ခံလျက် ရှိနေတော်မူခဲ့ရသည်မှာ ဤယနေ့တိုင် ဖြစ်ပါ၏။

၂၀၁၃ ခုနှစ်၊ ၁၀ လပိုင်းမှ စတင် ၍ ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံ အောက်ပိုင်းနှင့် စင်ကာပူနိုင်ငံတို့သို့ ဒေသစာရီ လှည့်လည်ကြွမြန်းလိုက်ပါ အပူဇော်ခံယူတော်မူခဲ့သောရုပ်ရှင်တော် မြတ်သည် ၂၀၁၄၊ ၆ လပိုင်းတွင်မှ စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်လည်ကြွ မြန်းရောက်ရှိတော်မူရာ (၈) လမျှကြာ မြင့်ခဲ့သောဒေသစာရီခရီး ဖြစ်ပါသည်။

ဤမျှကြာမြင့်ခဲ့သည့်တိုင် ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်သည် (၄) ရက်သာ နားနေတော်မူပြီးသည်နှင့် ထားဝယ်မြို့သို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။ ထားဝယ်မှတစ်ဖန် ရန်ကုန်သို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူပြီး နေပြည်တော်၊ ပျော်ဘွယ်မြို့များမှတစ်ဆင့် ၇ လပိုင်းကုန်ခန့်တွင် စဥ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူပါသည်။

၁-၈-၂၀၁၄ မှ ၅-၉-၂၀၁၄ အထိ မန္တလေးမြို့ပေါ်တွင် ကြွရောက်အပူဇော်ခံခဲ့ရပြန်ပါသည်။ (၅) ရက်နေ့ညပိုင်းတွင်မှ အောင်မြေသို့ ပြန်လည်ရောက်ရှိပါသည်။ ထိုနေ့မှစ၍ (၉) ရက်၊ (၉) လ ရွှေကံကူဗုဒ္ဓပူဇနိယပွဲတော်ရက်ပြီးစီးသည်မှာ (၁၁)ရက်ညအထိသီတင်းသုံးစံပယ်တော်မူပြီး ၁၂-၉-၂၀၁၄ နေ့နံနက် (၇) နာရီမှာပင် ပုဂံမြို့သို့ ဒေသစာရီကြွမြန်းတော်မူခဲ့ပါသည်။ ပုဂံမြို့သို့ ပင့်ဆောင် ပူဇော်ကြသော ဒါယကာတို့မှာ ဦးသိန်းအောင်၊ ဒေါ်ခင်မေစန်း ရွှေရည်ပွင့်ဟိုတယ်မိသားစုတို့ ဖြစ်ပါသည်။ ဤမိသားစုသည် ရန်ကုန်မြို့တွင် မိတ်ဆွေတစ်ဦး၏နေအိမ်၌ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ထားရှိစဥ် သွားရောက်ဖူးမြော်ပြီး ပုဂံမြို့ရှိ ၎င်းတို့၏ဟိုတယ်သို့ပင့်ဆောင်ပူဇော်ရန်လျှောက်ထားကာ ရက်ချိန်းရယူခဲ့ကြသူများဖြစ်ပါသည်။

ဤမိသားစုသည် (၉) ရက်၊ (၉) လ ၂၀၁၄ ရွှေကံကူဗုဒ္ဓပူဇနိယပွဲတော်နေ့တွင်လည်း အောင်မြေသို့လာရောက်ဖူးမြော်ခဲ့ကြသေးပြီး (၁၁) ရက်နေ့ညနေတွင်လည်း အောင်မြေသို့ လာရောက်ကာ လိုအပ်သည်များကို မေးမြန်းခဲ့ကြပါသည်။ ထိုညတွင် ပြင်ဦးလွင်သို့ သွားရောက်အိပ်စက်ကြပြီး နံနက်တွင် လာရောက်ပင့်ဆောင်ကြခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် အဲလ်ဖတ်ကားဖြင့် လာရောက်ကြသည်ဖြစ်၍ မယ်တော်ကြီးတို့နှစ်ပါးပါ ထိုကားဖြင့်လိုက်ပါနိုင်ပါသည်။


ရုပ်ရှင်တော်မြတ်၏ပုံတော်များ၊ စီဒီခွေများ၊ စာအုပ်များ၊ ဗီနိုင်းများတင်ဆောင်ရန်အတွက်မူ စာရေးသူ၏တပည့်ကလေး မောင်မျိုး၏ လိုက်ထရပ်ကားကို ငှားရမ်းပေးလိုက်ပါသည်။ ပုဂံကိုနေ့ဆွမ်းအမီပင် ရောက်ရှိသွားခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲများ၏ကျေးဇူးပင်ဖြစ်ပါသည်။ မြင်းခြံ-ညောင်ဦးကတ္တရာလမ်း ဖောက်လုပ်ထားရှိသဖြင့် ယခုကဲ့သို့ အချိန်တိုတိုနှင့် ပုဂံမြို့သို့ ရောက်ရှိသွားခြင်း ဖြစ်ပါသည်။



၂၀၁၄၊ (၄) လပိုင်း ရန်ကုန်ခရီးစဥ်တွင် မြောက်ဒဂုံမှ ဒေါက်တာအရှင်နေမိန္ဒ၏ကျောင်းတွင် 'ရွှေကံကူ' ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်၍ ဝတ္ထုငွေများ လှူဒါန်းစဥ်



၁၆-၉-၂၀၁၄ မြင်းခြံမြို့ 'စိန်ဝင်းကျော်' အချိုရည်မိသားစုနေအိမ်တွင် ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်စဥ်



၁၉-၉-၂၀၁၄ ရက်နေ့တွင် မြင်းခြံမြို့ ဦးညီညီ+ဒေါ်ခင်ညိုနွဲ့ 'ရွှေပြည့်အိမ်' မိသားစုမှ ဝတ္ထုငွေလှူဒါန်းစဥ်

ဦးသိန်းအောင်၊ ဒေါ်ခင်မေစန်းတို့မိသားစုသည် လူကြီးများသာမက သားသမီးများကလည်း ရုပ်ရှင်တော်မြတ်ကို အထူးပင် ကြည်ညိုကြသည်ဟု သိရပါသည်။ ရုပ်ရှင်တော်မြတ်ကို ဟိုတယ်ဘုရားဆောင်တွင် ခမ်းနားသိုက်မြိုက်စွာ ပြင်ဆင်၍ ပူဇော်ထားရှိကြပါသည်။ ညနေ (၃) နာရီခန့်တွင် တပည့်ကလေး မောင်မျိုးမှ စာရေးသူထံသို့ဖုန်းဆက်လာသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



၁၂-၉-၂၀၁၄ ပုဂံမြို့ 'ရွှေရည်ပွင့်' မိသားစုမှ ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့ ရွှေကံကူအောင်မြေသို့ လာရောက်ပင့်ဆောင်စဉ်



၁၅-၉-၂၀၁၄ ပုဂံမြို့ 'ရွှေရည်ပွင့်' မိသားစုမှ ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်စဉ် အနေကထိုင်ပေါ်၌ ထူးခြားသောပုံရိပ်များ ပေါ်ပေါက်လာပုံ



၁၅-၉-၂၀၁၄ ပုဂံမြို့ 'ရွှေရည်ပွင့်' မိသားစုမှ ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်စဉ်

ပူဇော်သော ရွှေရည်ပွင့်ဟိုတယ်မှာ အလွန်ပင်ခမ်းနား၍ အဆင့်အတန်းမြင့်ကြောင်း သန့်ရှင်းသပ်ရပ်၍သာယာလှပကြောင်း၊ အိမ်ရှင်မိသားစုအားလုံးနှင့် ဟိုတယ်ဝန်ထမ်းများမှာလည်း နွေးထွေးလိုက်လှဲဖော်ရွေစွာဆက်ဆံကြကြောင်း တို့ကို ဝမ်းသာအားရပြောပြပြီး -

"ကျွန်တော့်ကားပေါ်မှာ ရှာကအမျိုးတွေပုဂံရောက်ဖူးအောင်ခေါ်သွားခဲ့တာ။ အဲဒါ ကျွန်တော်တို့ဆို အပြင်လူတွေပဲ ကားအငှားလိုက်တဲ့ သဘောပဲ။ ဒါတောင် ဘုရားတန်ခိုး၊ ဆရာကြီးတို့ မျက်နှာနဲ့ ကျွန်တော်တို့ အားလုံးကို ညအိပ်တည်းခိုနေထိုင်စားသောက်ဖို့ ဇွတ်တားနေတာ။ ပြီးတော့ နေ့ဆွမ်းကပ်ချိန်မှာ ဘုရားရဲ့အနေကထိုင်မှာ ရွှေကံကူ ရုပ်ရှင်တော်မြတ်ရဲ့ မျက်နှာတော်တွေ ငါးခုလောက်ပေါ်တယ်။ တကယ့်ကို ထင်ထင်ရှားရှားပဲ။ အိမ်ရှင်မိသားစုတွေလည်း ဝမ်းသာနေကြတယ်။ ကျွန်တော်လည်း ဖုန်းကင်မရာနဲ့ ဓာတ်ပုံရိုက်ခဲ့သေးတယ်"

ဟု ပြောပါသည်။

ပွဲတော်ရက်မတိုင်မီကလည်း မယ်တော်ကြီးမှ ကျောင်းဆောင်တော်ကြီးကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာ တံခါးမကြီးမှန်တံခါးတွင် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော် ထင်ရှားစွာပေါ်ပေါက်ခဲ့ပါသေးသည်။ ထို့အတူ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ ဌာနများစွာတွင် နေရာအနှံ့အပြား၌ ရုပ်ရှင်တော်မြတ်၏ ပုံတော်တို့ အမြဲမပြတ်ပေါ်ပေါက်တော်မူလေ့ရှိခဲ့ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ နေရာဌာနများတွင် ရုပ်ရှင်တော်မြတ်၏ ဓာတ်တော်တို့ ပျံ့နှံ့တည်ရှိနေသောကြောင့်ဖြစ်သည်ဟု နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရထေရဝါဒဝံသာလင်္ကာရ၊ မရမ္မရဋ္ဌ သာသနဓဇ (သီရိလင်္ကာ) တောင်တန်းသာသနာပြု မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဝါခင်းကုန်းဆရာတော်ကြီးဦးတိက္ခမှ မိန့်ကြားတော်မူပါသည်။

ထိုည (၈) နာရီခန့်တွင် မောင်မျိုးပြန်လည်ရောက်ရှိလာပြီး ထွန်းလက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပါသည်။ စာရေးသူအား ညစဉ်လက်ဖက်ရည်ဂါရဝပြုကြသော စဉ့်ကိုင်မြို့မှ တိုက်၊ ကားဆေးသုတ်ဆရာ ကိုမောင်နိုင်၊ ဇမ္ဗူထိပ်တင်ဆိုင်ကယ်ဝပ်ရှော့မောင်အောင်နေလင်းတို့လည်း ပါဝင်ပါသည်။ လက်ဖက်ရည်ဆိုင်တွင် မောင်မျိုးမှ ရုပ်ရှင်တော်မြတ်မှ မျက်လုံးတော်ဖွင့်တော်မူပုံများ၊ ရောင်ခြည်တော်ကွန့်မြူးတော်မူပုံများ၊ ပြုံးတော်မူပုံများကို အားပါးတရပြောပြပြီး အနေကထိုင်တွင် ရုပ်ရှင်တော်မြတ်၏မျက်နှာတော် ပေါ်ပေါက်တော်မူပုံကို ၎င်း၏ ဖုန်းကင်မရာဖွင့်၍ပြသပါသည်။ စာရေးသူနှင့် တပည့်များလည်း အားရကျေနပ်စွာ ဖူးတွေ့ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင် မယ်တော်ကြီးမှ စာရေးသူကို မနက်ဖြန်တွင် ပုဂံသို့ လိုက်ခဲ့ပါဟု မိန့်ကြားပါသည်။ တကယ်တော့ စာရေးသူတို့ ရွှေကံကူမောင်နှမ (၃) ဦးသည် ပုဂံအဆက်အနွယ်များဖြစ်၍ (၁) နှစ်လျှင် (၁) ကြိမ်ကတော့ ပုဂံကို သွားရောက်ကြရပြီး ပုဂံရှိ ပဋ္ဌာန်းဆက်ဘုရားများကို သွားရောက်ပူဇော်ကန်တော့ရမြဲဖြစ်၍ ယခုမှ ရွှေရည်ပွင့်ဟိုတယ်မှ ရုပ်ရှင်တော်မြတ်ကို ပုဂံသို့ ပင့်ဆောင်သောအခါ အလျှဉ်းသင့်လှပေတော့သည်။

ထို့ကြောင့် ၁၃-၉-၂၀၁၄ နံနက်တွင် စာရေးသူနှင့် ဦးအေးကိုကိုသွန်း၊ ကိုထွန်းထွန်းလင်း၊ နန်းခမ်းလီ ဇနီးမောင်နှံတို့လိုက်ပါ၍ မယ်တော်ကြီးအား K.T.Aဆောက်လုပ်ရေး ကိုသန်းအောင်၊ မခင်စိုးသူတို့ လှူဒါန်းထားသော SURF ကားကြီးဖြင့် သွားရောက်ခဲ့ကြပါသည်။ ဦးအေးကိုကိုသွန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံး ရဲမင်းကြီး ဦးဘသွန်း၏ မျိုးဆက်ဖြစ်ပြီး အစဉ်အဆက် ၎င်းတို့မျိုးနွယ်အားလုံး၏ နောက်ဆုံးနာမည်အားလုံးကို သွန်းထည့်၍ မှည့်ခေါ်ခဲ့ကြကြောင်းသိရပြီး ၂၀၁၃ ဗုဒ္ဓပူဇနီယပွဲတော်မှ အောင်မြေသို့ စတင်ရောက်ရှိလာခဲ့ပြီး စွဲစွဲမြဲမြဲ ကိုးကွယ်ခဲ့သူဖြစ်ပါသည်။ စာရေးသူ၏ လမ်းညွှန်ချက်များကို လိုက်နာ၍ အလုပ်အကိုင် စီးပွားရေးတို့ အဆင်ပြေ တိုးတက်ခဲ့ရသူဖြစ်ပြီး ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်သော ဝေယျာဝစ္စမှန်သမျှတို့ကို စာရေးသူခိုင်းစေသမျှ ဝမ်းပန်းတသာ လုပ်ကိုင်ဆောင်ရွက်သူလည်း ဖြစ်ပါသည်။

ထွန်းထွန်းလင်းနှင့် နန်းခမ်းလီတို့မှာလည်း စာရေးသူ၏ လမ်းညွှန်ချက်ဖြင့် အဆင်ပြေနေသူများဖြစ်သည့်အပြင် ရုပ်ရှင်တော်မြတ်ကိုလည်း ကြည်ညိုလွန်းလှသူများဖြစ်ကာ ၎င်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို (၃) ကြိမ်တိုင် ပင့်ဆောင်ပူဇော်ပြီးကြသော သာဝကရင်းများ ဖြစ်ကြပါသည်။


ပထမဆုံး မြင်းခြံမြို့သို့ဝင်ရောက်ပြီး ဦးညီညီတို့နေအိမ်တွင် နံနက်စာစားကြကာ ဦးညီညီပါလိုက်ပါ၍ ပုဂံသို့ခရီးဆက်ခဲ့ကြပါသည်။ ပုဂံမြို့ပေါ်ကောင်းဘက်မှ ဝင်ရောက်သောအခါ ပုဂံမြို့သစ်အဝိုင်းကို တွေ့ရှိသည့်နှင့် ဘယ်ဘက် (အရှေ့ဘက်) လမ်းသို့ ချိုးရပါသည်။ (၂) ခြံကျော်လျှင် တောင်ဘက်သို့ထပ်မံချိုးကွေ့လိုက်သည်နှင့် လမ်း၏ အရှေ့




ပုဂံမြို့ 'ရွှေရည်ပွင့်' ဟိုတယ်မှ ပုပ္ပားမြို့ 'စိမ့်သင်းကြိုင်' မိသားစုနေအိမ်သို့ ပင့်ဆောင်စဉ်



၁၆-၉-၂၀၁၄ ပုပ္ပားမြို့ 'စိမ့်သင်းကြိုင်' စိုက်ပျိုးရေးခြံ မိသားစုမှ ဝတ္ထုငွေများ လှူဒါန်းစဉ်



'စိမ့်သင်းကြိုင်' မိသားစုနေအိမ်တွင် ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်စဉ်




၁၆-၉-၂၀၁၄ ပုပ္ပားမြို့ 'စိမ့်သင်းကြိုင်' စိုက်ပျိုးရေးခြံ မိသားစု နေအိမ်ဝရန်တာမှ ပုပ္ပားတောင်ကလပ်ရှိ စေတီပုထိုးများကို ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄၊ (၄) လပိုင်း ရန်ကုန်ခရီးစဉ်တွင် ထောက်ကြန့်မြို့မှ နိုင်ငံကျော်ဓမ္မကထိက အရှင်သောမ ရွှေကာကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်



၂၀-၉-၂၀၁၄ ရက်နေ့တွင် ပုဂံ-ပုပ္ပား-မြင်းခြံခရီးစဉ်မှအပြန် မြင်ဦးလွင်မြို့မှ လာရောက်ပင့်ဆောင်စဉ်



၂၀၁၄၊ (၈) လပိုင်း မန္တလေးခရီးစဉ် မန္တလေးမြို့ရှိ မိသားတစ်စု၏နေအိမ်တွင် ရွှေကာကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်





၂၀၁၄၊ (၈) လပိုင်း မန္တလေးခရီးစဉ်တွင် တိုင်းဒေသကြီး ဝန်ကြီးတစ်ဦး၏နေအိမ်မှ ပင့်ဆောင်စဉ် ရုပ်ရှင်တော်မြတ်အား ညအချိန် လာရောက်ဖူးမြော်သော နဂါးများ၏အရာများ

ဘက်တွင် ရွှေရည်ပွင့်ဟိုတယ်ကို တွေ့ရှိရပါသည်။ ခြံဝင်းအုတ်တံတိုင်းကို ပုဂံမြို့ရိုးပုံစံပြုလုပ်ထားပါသည်။ စာရေးသူတို့ ရောက်ရှိချိန်တွင် မယ်တော်ကြီးတို့ ဆွမ်းကပ်နေပြီဖြစ်၍ စာရေးသူတို့လည်း မယ်တော်ကြီးတို့နှင့်အတူ ဆွမ်းကပ်ကြပါသည်။ ဘုရားရှင်အား ဆွမ်းကပ်ပြီးသောအခါ အောက်ထပ်ရှိ စားသောက်ခန်းတွင် မယ်တော်ကြီးတို့နှင့်အတူ စာရေးသူတို့ကို နေ့လယ်စာ ဧည့်ခံကျွေးမွေးပါသည်။

ဟိုတယ်သို့ အခကြေးငွေဖြင့် လာရောက်စားသောက်ကြသော ဧည့်သည်တို့နှင့်မခြား လိုလေသေးမရှိရအောင် ဝန်ဆောင်မှုအပြည့်ဖြင့် ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးဧည့်ခံခြင်း ဖြစ်ပါသည်။ ဦးသိန်းအောင်၊ ဒေါ်ခင်စမ်းမေနှင့် သားသမီးများကိုယ်တိုင် ဦးဆောင်၍ ကျွေးမွေးကြခြင်း ဖြစ်ပါ သည်။ စာရေးသူတို့ ထမင်းစားပြီး၍ အချိုပွဲနှင့်ဧည့်ခံထားဆဲမှာပင် ဦးသိန်းအောင်နှင့် ဒေါ်ခင်စမ်းမေတို့မှ ရုပ်ရှင်တော်မြတ်အား စိန်ဖြင့်စီခြယ်သော စလွယ်တော်၊ မကိုဋ်တော်လှူဒါန်းလိုကြောင်း မယ်တော်ကြီးကို လျှောက်ထားသဖြင့် (၁၀) လပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ကြွရောက်တော်မူမည်။ ထိုအချိန်တွင် ပန်းထိမ်ဆရာနှင့် လာရောက် တိုင်းထွာနိုင်

www.burmeseclassic.com

ကြောင်း မယ်တော်ကြီးမှ ပြန်လည်မိန့်ကြားပါသည်။ ဤမိသားစုသည် ပုဂံမြို့သစ်တွင် ဟိုတယ်ဖွင့်လှစ်ထားရှိသော်လည်း ရန်ကုန်တွင် အခြေချနေထိုင်ကြသူများဖြစ်ပြီး ရန်ကုန်မြို့တွင် စိန်ဆိုင်များဖွင့်ထားကြောင်း သိရှိရပါသည်။ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ပင်ဖြစ်ပါ၏။ သာမန်ကျောက်မျက်ဖြင့် မြုလုပ်သော စလွယ်တော်၊ မကိုဋ်တော်တစ်စုံသည်ပင်လျှင် ငွေကြေးပမာဏများပြားပါသည်။ စိန်ဖြင့်မြုလုပ်မည့် စလွယ်တော်၊ မကိုဋ်တော်ဆိုလျှင်တော့ တန်ဖိုးနည်းမည်မဟုတ်ပါ။

မယ်တော်ကြီးသည် ဦးသိန်းအောင်၊ ဒေါ်ခင်စမ်းမေတို့၏ နှုတ်ကတိကြိုတင်လှူဒါန်းမှုကို လက်ခံပြီးနောက်-

"ကျုပ်ကလည်း ခင်ဗျားတို့ကို တစ်ခုပြန်ပြီးတောင်းဆိုချင်ပါတယ်။ ခင်ဗျားတို့လှူမယ့် စလွယ်တော်၊ မကိုဋ်တော်ထဲမှာ မန္တလေးမြို့ လက်ကီးဟုမ်းအိမ်တွင်းအလှုဆင်မိသားစုကလှူထားတဲ့ စိန် (၄) ပွင့်ကိုလည်းထည့်ပြီး ပူဇော်ပေးပါ။ စိန်ရဲ့အရည်တွေတော့ ကျုပ်နားမလည်ဘူး။ အဲဒီ (၄) ပွင့်က သိန်း (၆၀) တန်တယ်တဲ့"

ဟု မယ်တော်ကြီးမှ ပြောကြားရာ ၎င်းတို့ကလည်း ကျေနပ်စွာလက်ခံပါသည်။


ထို့နောက် စာရေးသူတို့ကို ခေတ္တနားနေရန် အခန်း (၁) ခန်းပေးပါသည်။ အခန်းနံပါတ် (၁၀၈) ဖြစ်နေသည်မှာ ထူးခြားပါသည်။ လုံးချင်းတိုက်ကလေးဖြစ်ပြီး အဆင့်မြင့်ဖွဲ့စည်းပုံများနှင့်



၂၀၁၄၊ (ဂ) လပိုင်း မန္တလေးခရီးစဉ်တွင် တောင်တန်းသာသနာပြု နိုင်ငံတော်ဗဟိုဝန်ဆောင် 'ဝါခင်းကုန်း' ဆရာတော်ကြီးအား 'ရွှေကံကူ' မိသားစုမှ နဝကမ္မလှူဒါန်းစဉ်



၂၀၁၄၊ (ဂ) လပိုင်း မန္တလေးခရီးစဉ်တွင် မြန်မာနိုင်ငံအထက်ပိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး မိသားစုနေအိမ်တွင် ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်စဉ်



၂၀၁၄၊ (ဂ) လပိုင်း၊ ထားဝယ်ခရီးစဉ်တွင် ရွှေကံကူသာသနာပြုမယ်တော်ကြီးမှ ပဋ္ဌာန်းနဂါးစမကျင့်စဉ်တော် ပူဇော်နေပုံ



၂၀၁၄၊ (၆) လပိုင်း ရှမ်း/တောင်ခရီးစဉ်တွင် အောင်ပန်းမြို့ အမြောက်တပ်မမှူးမိသားစု ရွှေကံကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်၍ ဝတ္ထုငွေများလှူဒါန်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄၊ (၄) လပိုင်း မွန်ပြည်နယ်ခရီးစဉ်မှ ရွှေကံကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်စဉ် လိုက်ပါသွားသော ဆရာဘိုဘို (စာရေးသူ)



၂၀၁၄၊ (၇) လပိုင်း ထားဝယ်ခရီးစဉ်တွင် မောင်ရှိုးရှိုး၏နေအိမ်၌ ရွှေကံကူရုပ်ရှင်တော်မြတ်အား လှူဒါန်းသော ဆွမ်းသပိတ် (၁၀၀၀) အား ကြည်ညိုဖွယ်တွေ့ရပုံ



၂၀၁၄၊ (၇) လပိုင်း ထားဝယ်ခရီးစဉ်တွင် မောင်ရှိုးရှိုး၏နေအိမ်၌ ရွှေကံကူရုပ်ရှင်တော်မြတ်အား လှူဒါန်းသော သစ်သီးပွဲ/ပန်း (၁၀၀၀) အား ကြည်ညိုဖွယ်တွေ့ရပုံ


တည်ဆောက်ထားခြင်း ဖြစ်ပါ၏။ ဤအခန်း၏ ငှားရမ်းခမှာ (၁) ရက်လျှင် ခုနစ်သောင်းကျပ်ဟု သိရပါသည်။ ဟိုတယ်ခြံဝင်းကြီးမှာ ကျယ်ဝန်းလှပြီး သမ်ပင်ပန်းမန်မြက်ခင်းတို့ စနစ်တကျ စိုက်ပျိုးထားရှိပြီး ပန်းခြံနှင့် ရေကူးကန်တို့ပါရှိ၍ နေရာတိုင်းတွင် ထိုင်ခုံကလေးများ ပြုလုပ်ထားရှိပါသည်။ အိပ်ခန်းမှာ သက်သောင့်သက်သာရှိလှ၍ တစ်ခဏအတွင်း အမောအပန်းပြေပြီး လန်းဆန်း၍သွားပါသည်။ ထို့ကြောင့် (၂)နာရီတွင် ရုပ်ရှင်တော်မြတ်ကို ပူဇော်ကန်တော့ကြပြီး ရွှေရည်ပွင့်ဟိုတယ်မှ ထွက်ခွာခဲ့ကြပါသည်။

ပထမဦးဆုံး ရှင်အဇ္ဇဂေါဏဘုရားသို့ ဝင်ရောက် ကန်တော့ပြီး ဝတ္ထုငွေလှူဒါန်းပြီး စေတီတော်၏ မြောက်ဘက်တွင်ရှိသော ရှင်အဇ္ဇဂေါဏပုံတော် ပူဇော်ထားရှိရာ အုတ်တိုက်ဓာတ်နန်းသို့ ဝင်ရောက်ကန်တော့ပြီး အလိုတော်ပြည့်ဘုရားသို့ ဆက်လက် ထွက်ခွာခဲ့ကြပါသည်။ ထိုမှတစ်ဖန် ကန်တော့ပလ္လင်ဘုရား၊ ထိုမှတစ်ဖန် ရွှေစည်းခုံစေတီတော်ကြီးကို ဝင်ရောက်ပူဇော်ကန်တော့ပြီး ဝတ္ထုငွေများလှူဒါန်းကာ ပုဂံမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

ရွှေရည်ပွင့်ဟိုတယ်တွင် ထိုညက ရုပ်ရှင်တော်မြတ်သည် သိသာထင်ရှားစွာ မျက်လုံးတော်ပွင့်တော်မူခြင်း၊ ပြုံးတော်မူခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ အိမ်ရှင်မိသားစုတို့သည် အထူးပင်ဝမ်းသာကျေနပ်လျက် ပီတိဖြစ်၍မဆုံးနိုင်အောင်ရှိနေကြပြီး ရန်ကုန်အိမ်သို့လည်းပင့်ဆောင်ပူဇော်ခွင့်ပြုပါရန် လျှောက်ထားကြပြီး နှစ်စဉ်နှစ်တိုင်းလည်း ပုဂံမြို့သို့ပင့်ဆောင်ပူဇော်ခွင့်ပေးပါရန် လျှောက်ထားကြပါသည်။

၁၄-၉-၂၀၁၄ နံနက်တွင် ရုပ်ရှင်တော်မြတ်အား ပုပ္ပားမြို့ စိမ့်သင်းကြိုင်ပျားလိမ္မော်ခြံ၊ ဗိုလ်မှူးကြီးမင်းလှအောင်-ဒေါ်ကြူကြူမိသားစုမှ လာရောက် ပင့်ဆောင်ပါသည်။ဤမိသားစုသည် ၂၀၁၁ ခုနှစ်မှ စတင်၍ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိခဲ့သော စာရေးသူ၏ ရွှေကံကူဆောင်းပါးများကို မလွတ်တမ်း ဖတ်ရှုလာခဲ့ကြသူများဖြစ်ကာ လွန်ခဲ့သော (၃) နှစ်မှစ၍ ရုပ်ရှင်တော်မြတ်အား ၎င်းတို့နေအိမ်သို့ ကြွရောက်တော်မူပါရန် အမြဲမပြတ် အဓိဋ္ဌာန်ပြုဆုတောင်းနေခဲ့ကြသည်ဟု သိရပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ စာရေးသူ၏ဆောင်းပါး

www.burmeseclassic.com



များနှင့် ဝတ္ထုများကို နှစ်သက်အားရစွာ လစဉ်စောင့်မျှော်ဖတ်ရှုလာခဲ့၍ ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏နေအိမ်သို့ ခမ်းခမ်းနားနား အလေးအမြတ်ထားကာ ပင့်ဆောင်ပူဇော်လိုခဲ့သော ဗိုလ်မှူးကြီးမင်းလှအောင်မှာ လွန်ခဲ့သော(၂)နှစ်နီးပါးခန့်က ကွယ်လွန်သွားပြီဟု သိရပါသည်။ စိမ့်သင်းကြိုင်ခြံကြီးမှာ (၈) ဧကမျှပင် ကျယ်ဝန်း ၍ ပျားလိမ္မော်ခြံဟုသာ အမည်တပ်ထားသော်လည်း နဂါးမောက်အစေ့လွတ်နိုင်ငံခြားမျိုးမာလကာ၊ ဩဇာအစရှိသော သီးပင်စားပင်မျိုးစုံနှင့် ပန်းမျိုးစုံ၊ ဂမုန်းမျိုးစုံတို့ကို စနစ်တကျ လှပစွာစိုက်ပျိုးထားရှိပြီး ခေတ်မီလှပသော အဆောက်အအုံများဖြင့် သာယာပျော်မွေ့ဖွယ်ကောင်းလှပါသည်။

ဤခြံကြီး၏ တည်ရှိရာနေရာမှာ ပုပ္ပားတောင်ကလပ်မှ ကျောင်းပန်းတောင်းဘက်သို့အဆင်း စစ်တပ်များသို့မရောက်ခင်နေရာတွင် ဖြစ်ပါသည်။ ဤခြံကြီးမှ လှမ်းကြည့်လျှင် တောင်ခိုးတိမ်ခိုးတို့ ရစ်ဆိုင်းလျက် ပြာမှိုင်း၍နေသော ပုပ္ပားတောင်မကြီးကို နောက်ခံပြုလျက် ပုပ္ပားတောင်ကလပ်ကို အခြေမှစ၍ ထင်ရှားစွာ မြင်တွေ့နေရသည်မှာ ဆွတ်ပျံ့ဖွယ်ရာပင်ကောင်းလှပါသည်။ ဒေါ်ကြူကြူမိသားစုတို့သည် ၂၀၁၃၊ ၁၂ လပိုင်းမှစ၍ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုပါကြောင်း လူကိုယ်တိုင်လည်း လာရောက်၍ ဖုန်းဖြင့်လည်း အကြိမ်ကြိမ်ဆက်သွယ်လျှောက်ထားခဲ့ကြသူများ ဖြစ်ပါသည်။ ဤယနေ့တွင် ရုပ်ရှင်တော်မြတ်ကို အောင်မြင်စွာ ပင့်ဆောင် ပူဇော်ခွင့်ရရှိကြပြီဖြစ်၍ အထူးပင် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြပြီး ရုပ်ရှင်တော်မြတ်ကို ခမ်းနားစွာ ပစ္စည်းလေးပါးဖြင့် ပူဇော်ကြသည့်အပြင် တရားဓမ္မများဖြင့်လည်း ပူဇော်ကြပါသည်။ ဒေါ်ကြူကြူမိသားစုနှင့်တကွ အိမ်ဝန်ထမ်း၊ ခြံဝန်ထမ်းများပါ ရုပ်ရှင်တော်မြတ်ကို အထူးပင် ကြည်ညိုကြပါသည်။

ဤနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ဖွင့်တော်မူခြင်း၊ ပြုံးတော်မူခြင်းများအပြင် ရောင်ခြည်တော်များပင် ကွန့်မြူးတော်မူပါသေးသည်။ ထိုမိသားစုသည်လည်း နောင်နှစ်များတွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ခွင့်ပြုပါရန်နှင့် မယ်တော်ကြီးတို့ ပုပ္ပားဘက်သို့ရောက်သည့်အခါများတွင်လည်း အချိန်မရွေး လာရောက်တည်းခိုနိုင်ပါကြောင်း ဖိတ်မန္တကပြုကြပါသည်။

၁၆-၉-၂၀၁၄ နေ့ နံနက်တွင် မြင်းခြံမြို့ ဗိုလ်ချုပ်လမ်း ဂရိတ်ဟိုတယ်အနီးမှ စိန်ဝင်းကျော် အချိုရည်မိသားစု ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာငွေ၊ သားလေး မောင်ပွမ်ပွမ်၊ ဦးညီညီမိသားစုတို့မှ ပုပ္ပားမြို့ စိမ့်သင်းကြိုင်ခြံကြီးသို့ လာရောက်၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ကြပါသည်။ စိမ့်သင်းကြိုင်မိသားစုသည်လည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူတို့၏ ထုံးစံအတိုင်းပင် (၂) ရက်တာမျှသာ အန်တီအေး၊ မယ်တော်ကြီးတို့နှင့် တွေ့ဆုံနေထိုင်ခဲ့ကြရဖူးသော်လည်း တကယ့်ဆွေမျိုးရင်းချာများပမာ မခွဲမခွာချင်အောင်ဖြစ်ကြရပါသည်။ လာရောက်ပင့်ဆောင်သူတို့မှာ ရွှင်လန်းတက်ကြွလျက်ရှိနေကြသော်လည်း ပင့်ဆောင်ပူဇော်ပြီးသောနေအိမ်တွင်မူ ဝမ်းနည်းစွာကျန်ခဲ့ရပါသည်။ မမြဲသောအနိစ္စ၏သဘောနှင့် အစိုးမရသောအနတ္တတို့၏ သဘောပင်ဖြစ်ပြီး သံဝေဂရယူမိပါ၏။

ဦးစိန်ဝင်းကျော်တို့မိသားစု ယခုနှစ် ပင့်ဆောင်ပူဇော်ခြင်းမှာ တတိယနှစ် တတိယအကြိမ်မြောက် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ ယခင်နှစ်များက ပင့်ဆောင်ပူဇော်စဉ် ဖြစ်ပေါ်ခဲ့သော ထူးခြားမှုများမှာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလထုတ် သုရဋ္ဌမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိခဲ့ပြီးဖြစ်ပါ၍ ထပ်မံ မတင်ပြတော့ဘဲ ယခုနှစ် ထူးခြားမှုများကိုသာ ဖော်ပြပါမည်။

တိုက်ဆိုင်သည်ဟု ဆိုရပါမည်။ ရုပ်ရှင်တော်မြတ် ထားဝယ်မြို့သို့ ကြွရောက်သောအချိန်တုန်းကလည်း သုရဋ္ဌမဂ္ဂဇင်းတွင် ထားဝယ်ခရီးစဉ်ကြိုတင်ပါရှိသကဲ့သို့ ယခုမြင်းခြံမြို့သို့ ဒေသစာရီကြွမြန်းတော်မူသောအချိန်မှာပင် သုရဋ္ဌမဂ္ဂဇင်းတွင် မြင်းခြံမြို့ခရီးစဉ်မျှသာမက ယခု ပင့်ဆောင်ပူဇော်သော ဦးစိန်ဝင်းကျော်တို့၏ နေအိမ်တွင် ထူးခြားသော အဖြစ်အပျက်များကို ဖော်ပြပါရှိခြင်းဖြစ်ခဲ့ရာ ယခင်နှစ်က ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ပြီးသူများ၊ ယခင်နှစ်က မဖူးတွေ့လိုက်ကြသူများပါ လာရောက် ဖူးမြော်ကြသဖြင့် ဦးစိန်ဝင်းကျော်တို့နေအိမ်တွင် ဘုရားဖူးဧည့်ပရိသတ်တို့ အထူးပင် စည်ကားလှသည်ဟု သိရပါသည်။

၁၇ - ၁၀ - ၂၀၁၄ ရက်နေ့တွင် ထွန်းထွန်းလင်းနှင့် (၄) နှစ်အရွယ် ကလေးငယ် (ထွန်းထွန်းလင်းနှင့် နန်းခမ်းလီတို့၏သားကလေး)၊ နန်းခမ်းလီ၏မောင်ဝမ်းကွဲတို့ ရောက်ရှိလာပြီး မြင်းခြံသို့ သွားရောက်ရန် စာရေးသူကို ဝင်ခေါ်ပါသည်။ နန်းခမ်းလီမှာ စာရေးသူတို့ ပုဂံသို့သွားရောက်သောနေ့ကတည်းက မယ်တော်ကြီးတို့၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ရန်နေရစ်ခဲ့ခြင်းဖြစ်ပါသည်။ နေ့လယ် (၁) နာရီခန့်တွင် စာရေးသူတို့ ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာငွေတို့နေအိမ်သို့ ရောက်ရှိသွားပါသည်။ ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာငွေနှင့် ဒေါ်ခင်မာငွေ၏မိခင်၊ ဒေါ်ခင်မာငွေ၏မောင်နှင့်ညီမတို့က စာရေးသူကို ဝမ်းမြောက်စွာ ကြိုဆို နှုတ်ဆက်ကြပါသည်။ ၎င်းတို့နေအိမ်သို့ ကြွရောက်စဉ်က စာရေးသူကုသပေးခဲ့သောအချိန်မှစ၍ ဤယနေ့တိုင်ပြန်လည် ပေါ်ပေါက်လာခြင်းမရှိတော့ကြောင်း၊ ထို့ကြောင့် စာရေးသူကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားခန်းတွင် ဧည့်သည်များရှိနေပြီး ဆရာတော်များနှင့် သံဃာတော်များပါ ရောက်ရှိဖူးမြော်နေကြပါသည်။ ရုပ်ရှင်တော်မြတ်အား T.V (၂) လုံးဖြင့် ကင်မရာနှင့်ချိတ်ဆက်ကာ ပြသအပူဇော်ခံထား၍ ထင်ရှားပြတ်သားစွာ ဖူးတွေ့ကြရပါသည်။ ရုပ်ရှင်တော်မြတ်၏ ရင်ဘတ်တော်၊ လည်ပင်းတော်၊ နားပန်တော်တို့မှ အရောင်စုံတစ်မျိုးပြီးတစ်မျိုး ထွက်ပေါ်လျက် ရောင်ခြည်တော်များ ကွန့်မြူးတော်မူလျက်ရှိနေ၍ ဆရာတော်များမှာ T.V နားကပ်၍ မမိတ်မသုန် ဖူးမြော်လျက်နေကြပါသည်။ ပိန်ပိန်ပါးပါး ဦးပဥ္စင်းကလေးတစ်ပါးမှ ရုပ်ရှင်တော်မြတ်၏ ရောင်ခြည်တော်များကို ရှင်းလင်းပြောပြနေရာမှ စာရေးသူဘက်သို့လှည့်ပြီး -

"ဆရာဘိုဘိုလား၊ ဦးပဥ္စင်းက ရှမ်းပြည်နယ်တောင်ပိုင်း နန့်ဆန်ကပါ။ ဒီစွန်းလွန်းကျောင်းကို ဘုရားဖူးလာရင်းနဲ့ ရွှေကူရုပ်ရှင်တော်မြတ်ကြွရောက်တော်မူနေတယ်ကြားလို့ လာဖူးတာပါ။ မယ်တော်ကြီးနဲ့သိပါတယ်။ နန့်ဆန်မှာတုန်းက ဦးပဥ္စင်းကိုယ်တိုင် ရုပ်ရှင်တော်မြတ်ကို ပန်းအလှဆင်ပြီး ပူဇော်ခဲ့ပါသေးတယ်။ တိုက်တိုက်ဆိုင် ဒီမြင်းခြံမြို့မှာ ရုပ်ရှင်တော်မြတ်ကို မမျှော်လင့်ဘဲ ဖူးခွင့်ကြုံလို့ ဝမ်းသာနေတာ"

ဟု မိန့်ကြားပါသည်။

ဘုရားဖူးလာရောက်ကြသော ဧည့်သည်များစွာမှလည်း -

"ဆရာဘိုဘို မင်္ဂလာပါ။ သာဓုခေါ်ပါတယ်။ ဆရာ့စာတွေကိုဖတ်ပြီး ဆရာ့ကိုရင်းနှီးနေတာ။ အခုမှ ဆရာနဲ့တွေ့ရတော့တယ်။ ရုပ်ရှင်တော်မြတ်ရဲ့ အကြောင်းတွေဆက်ရေးပေးပါ"

ဟု ပြောကြပါသည်။

စာရေးသူလည်း ဆရာတော်များနှင့် ဧည့်ပရိသတ်ကို နှုတ်ဆက်ပြီး မယ်တော်ကြီးတို့နားနေရာသို့ (ဘုရားခန်းနှင့်ကပ်လျက်နံဘေးခန်း) လိုက်သွားပါသည်။ နန်းခမ်းလီ၏ သားကလေးမှာ မအေနှင့်တွေ့ရ၍ ပျော်နေပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့မှ ဗိုလ်မှူးချုပ်စိုးရှိန်မိသားစု လှူဒါန်းသော ရွှေကူခြံဝင်းတံခါးတပ်ဆင်ခြင်းလုပ်ငန်းများ၊ ကျောင်းတော်ကြီးသန့်ရှင်းရေး စနစ်တကျ လုပ်ဆောင်ရန်ကိစ္စတို့ကို စနစ်တကျ မိန့်ကြားပါသည်။ ထိုသို့ မယ်တော်ကြီးတို့နှင့် စကားပြောနေဆဲမှာပင် ဦးစိန်ဝင်းကျော်တို့၏ သားလေး မောင်ပွမ်ပွမ်(အိမ်နာမည်)ရောက်ရှိလာပါသည်။ မောင်ပွမ်ပွမ်သည် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး (၃) မြို့နယ်အတွက် ကိုကာကိုလာတစ်ဦးတည်း ကိုယ်စားလှယ်ယူလိုက်ကြောင်း မြင်းခြံမြို့တောင်ပိုင်းရှိ ၎င်းတို့၏ မိတ်သစ်ကြက်သွန်ပွဲရုံ ခြံဝင်းအဆောက်အအုံထဲမှာပင် ပစ္စည်းများထားရှိပြီး ရုံးခန်းဖွင့်လှစ်ထားရှိကြောင်း ပြောပြကာ အရောင်းအဝယ်ကောင်းရန်နှင့် ဘေးရန်ကင်းရှင်းစေရန် စာရေးသူမှ လိုက်ပါ၍ မေတ္တာပို့ပေးပါရန် ပြောကြားပါသည်။ ထို့ကြောင့် စာရေးသူလည်း ထွန်းထွန်းလင်းတို့သားအဖနှင့်အတူ မောင်ပွမ်ပွမ်၏ အချိုရည်ရုံးခန်းနှင့် သိုလှောင်ရုံသို့ လိုက်ပါသွားခဲ့ပါသည်။

အပြန်တွင် မြင်းခြံမြို့၏ နာမည်ကြီး လက်ဖက်ရည်ဆိုင်ဖြစ်သော ပြည့်ဝကဖေးသို့ ဝင်ခဲ့ကြပါသေးသည်။ စာရေးသူတို့ ဦးစိန်ဝင်းကျော်တို့နေအိမ်သို့ ပြန်လည်ရောက်ရှိသောအခါ ဒေါ်မာကြည် ခေါက်ဆွဲဆိုင်မှ စိုးစိုး ရောက်ရှိနေပြီး စာရေးသူကိုစောင့်နေပါသည်။ (သူရဇ္ဇမဂ္ဂဇင်းတွင် မစိုးစိုး၏ ဓာတ်ပုံမှ ထူးခြားမှုများကိုဖော်ပြပြီး) စာရေးသူတို့အား ၎င်းတို့ဆိုင်သို့ ခေါက်ဆွဲစားရန် ဖိတ်ခေါ်နေသော်လည်း စာရေးသူတို့သည် အချိန်နောက်ကျမည်စိုး၍ မလာရောက်နိုင်တော့ကြောင်း အားနာစွာနှင့် ပြောလိုက်ရပါသည်။ မယ်တော်ကြီးတို့နှင့် စကားအနည်းငယ်ပြောဆိုပြီးသည်နှင့် (၂) နာရီခွဲခန့်တွင် ဦးစိန်ဝင်းကျော်တို့အား နှုတ်ဆက်ပြီး စဥ့်ကိုင်သို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။

၁၈-၉-၂၀၁၄နှင့် ၁၉-၉-၂၀၁၄ နေ့တို့တွင် ရုပ်ရှင်တော်မြတ်အား မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်း မြို့တောင်ဘက်ပိုင်း ပြည့်ဝလက်ဖက်ရည်ဆိုင်၏တောင်ဘက်၊ အရှေ့ဘက်မျက်နှာလှည့် လမ်းအနောက်ဘက်တန်းရှိ ဦးညီညီ - ဒေါ်ခင်ညိုနွဲ့ သမီးများနှင့် မြေးတစ်စုတို့မှ ပင့်ဆောင်ပူဇော်ကြပါသည်။ ဦးညီညီသည် စဥ့်ကိုင်မြို့သားဖြစ်၏။ သို့သော် မြင်းခြံမြို့သူနှင့် အကြောင်းပါ၍ (၂) ညနီးပါးမျှ မြင်းခြံမြို့တွင် နေထိုင်လျက်ရှိသော်လည်း စဥ့်ကိုင်မြို့တွင် အမေနှင့် အစ်ကိုများ၊ ညီများ၊ ဆွေမျိုးများရှိနေ၍ စဥ့်ကိုင်နှင့် အဆက်အသွယ်မပြတ်ပါ။ လွန်ခဲ့သော (၂) နှစ်ကျော်က အမေကွယ်လွန်သွားခဲ့သော်လည်း စဥ့်ကိုင်မြို့သို့ တစ်လလျှင် တစ်ခေါက်မှ သုံးခေါက်ခန့်အထိ ရောက်ရှိနေသူ ဖြစ်ပါသည်။

သို့သော်လည်း စဥ့်ကိုင်မြို့တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူလျက်ရှိသည်ကို လုံးဝမသိရှိပါ။ ၂၀၁၂ ခုနှစ်တွင်မှ စင်ကာပူနိုင်ငံတွင်နေထိုင်သော သူငယ်ချင်းတစ်ဦးမှ စဥ့်ကိုင်မြို့တွင် တန်ခိုးကြီးဘုရားတစ်ဆူပွင့်ထွန်းတော်မူလျက်ရှိကြောင်း သတင်းပေးပြောကြားသဖြင့် လိုက်လံစုံစမ်းလျက်ရှိစဉ် သူရဇ္ဇမဂ္ဂဇင်းတွင် စာရေးသူ၏ ရွှေကူဆောင်းပါးများကို တွေ့ရှိမိရာမှ စာရေးသူတို့နေအိမ်သို့ ရောက်ရှိလာသူ ဖြစ်ပါသည်။

ထို့နောက်တွင် ဦးညီညီသည် ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုရုံမျှမကပါ။ စာရေးသူကို အထူးပင်လေးစားကြည်ညိုချစ်ခင်၍လာကာ စဥ့်ကိုင်မြို့ အောင်မြေသို့ တစ်လလျှင် (၂) ကြိမ်၊ (၃) ကြိမ်မျှအထိ လာရောက်လေ့ရှိသည့်အပြင် စာရေးသူနှင့် အစ်မကြီးတို့အတွက် စားစရာလက်ဆောင်တစ်ခု ယူလာတတ်မြဲဖြစ်ကာ လာရောက်သည့်အခါတိုင်း (၅၀၀၀) ကျပ်တန် ပလ္လင်တော်တစ်ဆူ လှူဒါန်းလေ့ရှိပါသည်။ ပြီးခဲ့သောနှစ်သင်္ကြန်မတိုင်မီက ဦးညီညီ၏ ညီအစ်ကိုများမှ စဥ့်ကိုင်မြို့ မြို့ဦးကျောင်းထဲတွင် ကြီးမားသော ဓမ္မာရုံကြီးတစ်ခုဆောက်လုပ်လှူဒါန်းပြီး ရှင်ပြုနားသအလှူနှင့် ဓမ္မာရုံရေစက်ချပြုလုပ်ခဲ့ရာ ထိုကျောင်းတွင် ဦးညီညီ၏ တူတော်စပ်သူ မောင်ဇော်တူးနှင့် ဒုလ္လဘရဟန်းဝတ်ကြစဉ် မောင်ဇော်တူးမှ ၎င်းသည် စာရေးသူ၏ စောင့်ရှောက်မှုဖြင့် စီးပွားရေးများ အောင်မြင်ခဲ့ရသည်ဟု ပြောပြပါသည်။

ထို့ကြောင့် ဦးညီညီသည် ဒုလ္လဘရဟန်းမှ လူဝတ်လဲပြီးသောအခါ မောင်ဇော်တူးကဲ့သို့ ကျွန်တော့်ကိုလည်း စောင့်ရှောက်ပေးပါဟု စာရေးသူထံ အပ်နှံပါသည်။ ထိုအချိန်မှ ယနေ့တိုင် ဦးညီညီသည် စာရေးသူ လမ်းညွှန်သော အဓိဋ္ဌာန်တို့ကို ဝင်ရောက်ပြီး ယခင်ထက်စာလျှင် အလုပ်အကိုင်များအဆင်ပြေနေသည်ဟု သိရပါသည်။

ထိုရက်များမှာပင် မြင်းခြံမြို့မှ ပြည်ကျော် ပဲလှော်၊ ပဲကြော်မိသားစု အမေနီ၏သမီးများဖြစ်သောမာယာတင်နှင့် မုံရွေးရည်တို့မှ လည်းကောင်း၊ ဒေါ်အမာကြည်ခေါက်ဆွဲ မစိုးစိုးမှ လည်းကောင်း၊ ဦးညီညီမှလည်းကောင်း မြင်းခြံသို့ လာရောက်ပါလျက် စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

ကို မတွေ့လိုက်ကြရ၍ စိတ်မကောင်းကြကြောင်း ဖုန်းဆက်ပြောကြားကြပါသည်။

ထိုသို့ဖြင့် ၁၉-၉-၂၀၁၄ နေ့ ည (၇) နာရီခန့်တွင် ရုပ်ရှင်တော်မြတ်သည် ရွှေကံကူအောင်မြေကျောင်းတော်ကြီးသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူလာပါသည်။ သဲတော၊ ဝမ်းတွင်း၊ မန္တလေး၊ ဇန်းမော်၊ မန္တလေး အစရှိသော မြို့များမှ ဧည့်သည်တို့လည်း ဖွဲ့ကောင်းကောင်းဖြင့် ရုပ်ရှင်တော်မြတ်ကိုစောင့်၍ဖူးမြော်ကြပါသည်။ မန္တလေးမြို့မှ ဦးအေးကိုကိုသွန်းနှင့် ထွန်းထွန်းလင်းတို့သည်လည်း ကြိုတင်ရောက်ရှိနေပြီး ကျောင်းတော်သန့်ရှင်းရေးနှင့်ဝေယျာဝစ္စတို့ကို ဆောင်ရွက်ထားနှင့်ကြပါသည်။ (၉) နာရီခွဲခန့်မှ ဧည့်သည်တို့ပြန်သွားကြပြီး ဦးညီညီလည်း ယနေ့ည စဉ့်ကိုင်မြို့ ၎င်းအစ်ကို၏နေအိမ်မှာပင် အိပ်တော့မည်ဟုဆိုကာ ပြန်သွားပါသည်။ ထိုအချိန်ရောက်မှသာ မယ်တော်ကြီးတို့ကို ဤခရီးစဉ်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားမှုတို့ကို မေးမြန်းရပါသည်။ မယ်တော်ကြီး၊ အန်တီအေးနှင့် နှန်းခမ်းလီတို့၏ ပြောပြမှုဖြင့် စာရေးသူတို့ သိရှိကြရခြင်း ဖြစ်ပါသည်။

ဦးစိန်ဝင်းကျော်၊ ဒေါ်ခင်မာဌေး မိသားစုတို့ ယခုပင့်ဆောင်ခြင်းမှာ တစ်နှစ်တစ်ကြိမ် သုံးနှစ်ဆက်တိုက် သုံးကြိမ်မြောက် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်ကို အထူးပင် အလေးအမြတ်ထားကြသူများဖြစ်ရာ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သည့် (၂) ညစလုံး ရုပ်ရှင်တော်မြတ်အား တရားခွေတို့နှင့် အလင်းပေါက် ပူဇော်ကြပါသည်။ ၁၇-၉-၂၀၁၄ ည (၁) နာရီခန့်အချိန်တွင် မိုးပေါက်ကျသံများထွက်ပေါ်လာသဖြင့် အပြင်သို့ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ကြရာ အပြင်ဘက်တွင် လုံးဝ မိုးမကျပါ။ ဘုရားခန်းသို့ ကြည့်မိသောအခါ အံ့ဩဝမ်းသာမဆုံးဖြစ်ကြရပါသည်။ ဘုရားခန်းတွင် ဇာတန်ငယ်သည်းသောမိုးရွာသွန်းလျက်ရှိပါသည်။သို့သော် မိုးပေါက်တို့ကို ထင်ရှားစွာမြင်နေရသော်လည်း မည်သည့်အရာဝတ္ထုကိုမျှ မိုးရေ မိုးပေါက်တို့ မစိုရွှဲဘဲရှိနေပါသည်။

ဤနေရာတွင် ဦးစိန်ဝင်းကျော်တို့ နေအိမ်၏ပုံသဏ္ဌာန်ကို တင်ပြပါဦးမည်။ ဦးစိန်ဝင်းကျော်တို့၏ နေအိမ်ကြီးမှာ ရှေးခေတ်က ဆောက်လုပ်ခဲ့သောတိုက်အိမ်ကြီးဖြစ်ပါသည်။ ထိုစဉ်အခါက သံကူကွန်ကရစ်တိုင်နှင့် ထုပ်တန်းတို့ မပေါ်ပေါက်သေးပါ။ ထို့ကြောင့် သံချောင်း၊ သံတိုင်ကြီးများကို အသုံးပြုပြီး ထုထည်ကြီးမားသောအုတ်နံရံကြီးဖြင့် တည်ဆောက်ထားပါသည်။ သွပ်မိုးတွင် မျက်နှာကြက်ပါရှိပါသေးသည်။ ယခုခေတ်တွင် ထိုမျှကြီးမားသော ဟင်းဂလိုင်းသံချောင်းကြီးများထုတ်လုပ်ခြင်းမရှိတော့၍ ဦးစိန်ဝင်းကျော်တို့ နေအိမ်မှ ထိုသံချောင်းကြီးများကို တစ်ချောင်းလျှင် သိန်း (၅၀) ကျပ်ဖြင့် လာရောက် ဝယ်ယူနေကြောင်း သိရပါသည်။ တိုက်အိမ်မှာ နှစ်ထပ်ဖြစ်ပြီး ဘုရားခန်းမှာ အပေါ်ထပ် ဟောခန်းကျယ်ကြီးအတွင်းတွင် အလူမီနီယမ်မှန်ခန်းဖြင့် ပူဇော်ထားခြင်း ဖြစ်ပါသည်။ ထိုအလူမီနီယမ်ခန်းမှာပင် အမိုးထပ်မံပါရှိပါသေးသည်။ ထို့ကြောင့် အပြင်မှာ မိုးရွာစေကာမူ ဘုရားခန်းသို့ မိုးပေါက်များ ကျရောက်နိုင်စရာမရှိသည့်အပြင် ဘုရားခန်းမှာ အိမ်၏ အလယ်တည့်တည့်တွင် တည်ရှိနေ၍ ပြတင်းပေါက်မှ မိုးမှုန်မိုးဖွဲ့များလည်း ရောက်ရှိလာစရာ အကြောင်းမရှိပါ။

ထို့ကြောင့် ဘုရားခန်းထဲတွင် ခေါင်မိုးမျက်နှာကြက်မှ ရေပန်းဖွင့်လိုက်သကဲ့သို့ ရေများမိုးရွာသကဲ့သို့ကျရောက်နေသည်မှာ အံ့ဩမဆုံးနိုင်ဖွယ်ဖြစ်ကြရပါသည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့သည်ကား သက်တော်ထင်ရှား ဘုရားရှင်တို့၏ တန်ခိုးတော်များကဲ့သို့ အစိန္တေယျဂုဏ်နှင့်ကိုက်ညီကာ လူတို့၏ စိတ်ကူးစိတ်သန်းနှင့် မှန်းဆ၍မရနိုင်အောင် ထူးဆန်းအံ့ဩမဆုံးဖွယ်ဖြစ်ပါ၏။ ဤအဖြစ်မျိုးသည်ကား စာရေးသူတို့၏ ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ဘုရားသမိုင်းတွင် ဤတစ်ကြိမ်သာ ကြုံဖူးပါသေးသည်။ ပို၍ထူးဆန်းလှသည်မှာ မိုးပေါက်တို့မှာများပြားလှသော်လည်း ထိုမိုးပေါက်တို့မှာ အရာဝတ္ထုတို့နှင့်ထိလိုက်သည်နှင့် ပျောက်ဆုံးသွားခြင်း ဖြစ်ပါသည်။ ရွာသွန်းသည့် မိုးရေပမာဏနှင့်ဆိုလျှင် ရုပ်ရှင်တော်မြတ်သည်လည်း ရွှဲရွှဲစိုသွားမည်ဖြစ်သကဲ့သို့ ဘုရားခန်းအတွင်းတွင်လည်း အိုင်ထွန်းသွားမည် ဖြစ်ပါသည်။ သို့သော် မိုးရွာသွန်းခဲ့သည်ကိုသိသာစေရန် အခင်းနှင့် အရာဝတ္ထုများပေါ်တွင် ရေမှုန်ရေမြွားကလေးများ နေရာမလပ်ကျန်ရှိရစ်ပါသည်။

အိမ်ရှင်မိသားစု၊ စာရေးသူတို့ မိသားစုနှင့် ရွှေကံကူသာဝကအပေါင်းတို့သည် ထိုဖြစ်ရပ်အတွက် ဝမ်းမြောက်အံ့ဩ၍မဆုံးနိုင်အောင်ရှိကြရပြီး မြတ်ဗုဒ္ဓဘုရားရှင်အပေါ်တွင် ပိုမို၍ယုံကြည်မှုများ ခိုင်မြဲ၍လာခဲ့ကြရပါ၏။

ရုပ်ရှင်တော်မြတ်၏သမိုင်းစဉ်တွင် ယခုဖြစ်ရပ်တွင်သာ မကသေးပါ။ ပဲမိုးရွာသွန်းခြင်းလည်းရှိခဲ့ဖူးပါသည်။ ထိုအကြောင်းအရာကို စာရေးဆရာစိုးထွန်း (ဥပဒေ) မှ ၂၀၀၈ ခုနှစ်ခန့်က ဆောင်းပါးရေးသားခဲ့၍ သူရဋ္ဌမဂ္ဂဇင်းတွင်ဖော်ပြပါရှိခဲ့ပြီး ဖြစ်ပါသည်။ ထိုနှစ် ဧပြီ ၁၂ ရက်နေ့တွင်ဖြစ်ပါသည်။ ပုသိမ်မြို့ နံ့သာကုန်း မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် ဦးသာသနမှ ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့ K.T.A ဆောက်လုပ်ရေး ကိုသန်းအောင်-မခင်စိုးသူတို့မှ ၎င်းတို့၏နှစ်ဖက်သောမိဘများနေအိမ်များသို့ပင့်ဆောင်ပူဇော်ထားရှိစဉ် ဆရာတော်၏ နံ့သာကုန်းမိုးကုတ်ဝိပဿနာကျောင်းတိုက်သို့ ရုပ်ရှင်တော်မြတ်ကို နေ့ဆွမ်းဆက်ကပ်ရန် နာရီပိုင်းမျှပင့်ဆောင်ပူဇော်စဉ်အတွင်းမှာပင် မိုးများရုတ်တရက်ရွာချပါသည်။ နှစ်သစ်ပင် မကူးသေး၍ မိုးဦးမကျသေးပါ။ ဤကဲ့သို့ ရာသီဥတုပူပြင်းချိန် နွေခေါင်ခေါင်တွင် မိုးရွာချလျှင် မိုးသီးများပါလာလေ့ရှိတတ်ပါသည်။

ယခုလည်း ရုပ်ရှင်တော်မြတ်အား ဆွမ်းဆက်ကပ်လျက်ရှိသော ခေါင်မိုးပြင်တွင် မိုးပေါက်များနှင့်အတူ မိုးသီးများကြွေကျသံတို့ပါထွက်ပေါ်လာသဖြင့် ဆွမ်းကပ်၍ပြီးသွားလျှင် ဧည့်ပရိသတ်တို့က တံစက်မြိတ်အပြင် သမံတလင်းကြွေပြားအခင်းများပေါ်သို့ မိုးသီးများကို ကြည့်ရှုကြရာ မိုးသီးများမဟုတ်ဘဲ ပဲစေ့များဖြစ်နေသည်ကို ထူးဆန်းအံ့ဖွယ်တွေ့ရှိရပါသည်။ ဧည့်ပရိသတ်တို့သည် ထိုပဲစေ့များကို အဆောင်အဖြစ်ထားရှိရန် အလုအယက် ကောက်ယူကြပါသည်။ ဤပဲစေ့များသည် အခြားနေရာများတွင် ကျရောက်ရန်မဆိုထားနှင့် နံ့သာကုန်းကျောင်းတိုက်အတွင်း ဘုရားခန်းနေရာတွင်သာ ပဲစေ့များကျရောက်ခဲ့ခြင်းဖြစ်ပါသည်။

နောက်တစ်ကြိမ်မှာ နံ့သာကုန်းကျောင်းတွင် ပဲမိုးများရွာသွန်းပြီးနောက် (၁၃) လအကြာ ကဆုန်လပြည့်နေ့တွင် ဖြစ်ပါသည်။ နေရာဌာနမှာ ရန်ကုန်မြို့ တစ်ဖက်ကမ်းတွင်ရှိသော တစ်ခိုင်နှက




www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံကျော်ရုပ်ရှင်မင်းသားကိုမြတ်လေး ၏ဇာတိရွာ ဆိတ်ကြီးခနောင်တိုရွာမှ ဦးဇော်ဝင်း-ဒေါ်မြညွန့်တို့၏နေအိမ်တွင် လည်း ထိုကဲ့သို့ ပဲမိုးများရွာသွန်းခဲ့ပါ သေးသည်။ ထူးခြားလှသည်မှာ ယမန် နှစ်က ပုသိမ်မြို့ နံ့သာကုန်းကျောင်း တိုက်တွင် ရွာသွန်းခဲ့စဉ်က ကျရောက်ခဲ့ သော ပဲလွန်းဖြူပဲစေ့များပင် ဖြစ်နေပါ သည်။

အထက်ပါ ပဲမိုးရွာသွန်းခြင်းသည် လည်း ရွှေကံကူလေပုံသစ်တော်ရုပ်ရှင် တော်မြတ်၏သမိုင်းစဉ်တွင် အထူးခြား ဆုံးဖြစ်ရပ်အဖြစ် မှတ်တမ်းတင်ထားရစ် ရမည်ဖြစ်သကဲ့သို့ ယခု မြင်းခြံမြို့ စိန်ဝင်းကျော်အချိုရည်မိသားစုနေအိမ် တွင် ဘုရားခန်းအတွင်း မိုးလုံလေလုံ အမိုးအကာအောက်၌မိုးရွာသွန်းခြင်းကို လည်း အထူးခြားဆုံးဖြစ်ရပ်အဖြစ် ရွှေကံ ကူသမိုင်းတွင် မှတ်တမ်းတင်ထားရှိရ မည်သာ ဖြစ်ပါ၏။

ထို့ပြင် ဦးညီညီ (ဝင်းမော်တော် ယာဉ် မန္တလေး-မြင်းခြံ၊ မိုးဟိန်းမော် တော်ယာဉ် မြင်းခြံ-တောင်ငူကား အသင်းများတွင် မော်တော်ယာဉ်များ တည်ထောင်ထားသူ) ဒေါ်ခင်ညိုနွဲ့ ရွှေပြည့်အိမ်စတိုးမိသားစုနေအိမ်တွင် လည်း စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွရောက် တော်မူမည့် ၁၉-၉-၂၀၁၄ နေ့ နေ့လယ် (၂)နာရီတွင် ရုပ်ရှင်တော်မြတ်မှ (၅)မိနစ် မျှ ကြာမြင့်သည့်တိုင် ရောင်ခြည်တော် (၆)သွယ်တို့ အရောင်တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲကာ ကွန့်မြူးတော်မူပါသေး သည်။ ဦးညီညီ-ဒေါ်ခင်ညိုနွဲ့တို့သည် မနှစ်ကလည်း ဦးစိန်ဝင်းကျော်တို့၏ နေအိမ်မှ ရုပ်ရှင်တော်မြတ်အောင်မြေ သို့ ပြန်လည် ကြွမြန်းတော်မူစဉ်က လည်း နာရီဝက်မျှ ၎င်းတို့နေအိမ်တွင် ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။ ယခုနှစ်တွင်မူ နှစ်ရက် နှစ်ည ပင့်ဆောင် ပူဇော်ခွင့်ရရှိခဲ့ကြ၍ အထူးပင် အားရ ကျေနပ်လျက်ရှိနေကြပါသည်။

အချုပ်အားဖြင့်ဆိုသော် ရုပ်ရှင် တော်မြတ်၏ ၂၀၁၄ ခုနှစ် မြင်းခြံမြို့ ဒေသစာရီခရီးစဉ်သည်ကား ရုပ်ရှင် တော်မြတ်၏ ထူးခြားသောတန်ခိုးတော် တို့ကို သမိုင်းစာမျက်နှာအသစ်၌ရေးထိုး မော်ကွန်းတင်ရမည့်ခရီးစဉ်အဖြစ် မှတ် ချက်ပြုရမည် ဖြစ်ပါ၏။

ပင့်ဆောင်ပူဇော်သူတို့ပေါ်များလှ သည်နှင့်အညီ မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ရုပ်ရှင်တော်မြတ် အား ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ပင့်ဆောင်ပူဇော်ကြသူတို့၏ ပါရမီကို ဖြည့်ဆည်းရန်အတွက် ပင်ပန်းနွမ်းနယ် လျက်ရှိနေကြသော်လည်း ခရီးစဉ်ကို မရပ်နားပါ။ ၂၀-၉-၂၀၁၄ နံနက်မှာပင် ပြင်ဦးလွင်မြို့သို့ ဆက်လက် ကြွမြန်း တော်မူပါသည်။ ပြင်ဦးလွင်တွင် (၂)ရက် တာ သီတင်းသုံးစံပယ်တော်မူပြီး ရုပ်ရှင် တော်မြတ်သည် မန္တလေးမြို့ပေါ်တွင် ဆက်လက် ကြွမြန်းတော်မူပါသည်။ ၂၆-၉-၂၀၁၄ ရက်နေ့တွင် ရွှေကံကူ အန်တီအေးနှင့် ရွှေကံကူမယ်တော်ကြီး တို့သည် မန္တလေးမြို့တောင်စလင်းတိုက် သစ်မှ ဝါခင်းကုန်းဆရာတော်ကြီးဦးတိက္ခ ထံသွားရောက်၍ ဆရာတော်ကြီးတည် ထောင်လျက်ရှိသော ပုသိမ်ကြီးမြို့နယ် အတွင်းရှိ ဗောဓိ (၅၀၀၀) သာသနာ့ နယ်မြေ ခြံဝင်းတံခါး (အမြင့် ၁၃ ပေ၊ အကျယ် ပေ ၂၀ရှိ နှစ်ရွက်ဖွင့်သံပန်းထိုး တံခါးကြီး) သွားရောက်လှူဒါန်းပါသည်။

အကျိုးအကြောင်းဆက်နွယ်လျက် ရှိသည်မှာ အံ့ဩဖွယ်ကောင်းလှပါ သည်။ စာရေးသူတို့မိသားစုနေအိမ်ခြံ ဝင်းအတွင်းတွင် အလိုအလျောက်ပေါက် ရောက်လာသော မဟာဗောဓိပင်များကို သာသနာ့နယ်မြေအများစုနှင့်ဆရာတော် ကြီးဦးတိက္ခ၏ တောင်တန်းသာသနာပြု နှင့် ဗောဓိ(၅၀၀၀)သာသနာ့နယ်မြေတို့ အတွက် ဗောဓိပင်များလှူဒါန်းခဲ့သည် မှာ အပင် (၅၀၀) ကျော်မျှရှိခဲ့ပြီဖြစ်ပါ သည်။ သို့သော် ဗောဓိ (၅၀၀၀)အတွက် သံပန်းတံခါးလှူရန် ရည်ရွယ်စိတ်ကူး မရှိပါ။ ရွှေကံကူကျောင်းတော်ကြီး၏ ခြံဝင်းတွင်တပ်ဆင်ရန် မယ်တော်ကြီးမှ အထူးစီရင်၍ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

သံတံခါးကြီးတွင် စ-ခ-ဗ-ဝ ဟူသော ပွင့်တော်မူပြီးကုန်သော ဗုဒ္ဓ (၄) ဆူ၏ စမတော်များ ထည့်သွင်းပါရှိ ခြင်း၊ ဗုဒ္ဓသာသနာနေလိုလလိုထွန်းလင်း စေရန် နေနှင့် လ၏သင်္ကေတ ယုန်နှင့် ဒေါင်းတို့ပါဝင်ခြင်း၊ ဗုဒ္ဓသာသနာတော် တွင် ဗုဒ္ဓ၏ မြတ်စွယ်တော်တစ်ဆူကို စောင့်ရှောက်လျက်ရှိသော နဂါးတို့၏ သင်္ကေတအဖြစ် နဂါး (၂) စီး ထည့်သွင်း ထားရှိခြင်းတို့နှင့် လှပစွာတန်ဆာဆင် ပြုလုပ်ထားခြင်းဖြစ်သော်လည်း ရွှေကံ ကူခြံဝင်းတွင် တပ်ဆင်ရန် ကြီးမားလွန်း နေ၍ ဆရာတော်ကြီးဦးတိက္ခ၏ ဗောဓိ (၅၀၀၀) သို့ လှူဒါန်းလိုက်ရခြင်းဖြစ်ရာ ထိုဗောဓိ (၅၀၀၀) တွင် ရွှေကံကူအောင် မြေမှ ဗောဓိပင်တို့ပါရှိနေ၍ ရွှေကံကူ ကျောင်းတော် ခြံဝင်းတံခါးကြီးသည် ရွှေကံကူဗောဓိပင်များရှိရာသို့ ရောက်ရှိ သွားရခြင်း ဖြစ်ပါသည်။

ရွှေကံကူသာသနာပြုမယ်တော် ကြီးမှ သံပန်းတံခါးကြီးကို လှူဒါန်းလိုက် သောအခါ ဆရာတော်ဘုရားကြီးသည် အားရဝမ်းသာတော်မူလျက်ရှိပြီး ချက် ချင်းလက်ငင်းပင် သံတံခါးကြီး တပ်ဆင် မည့်နေရာကို သွားရောက် ရွေးချယ် သတ်မှတ်တော်မူပါသည်။

"မယ်တော်ကြီးကြိုးစားဗျ။ ကျုပ် ရဲ့ သာသနာပြုလုပ်ငန်းတွေအတွက် မယ်တော်ကြီးကို အားကိုးပါတယ်"

ဟု မိန့်ကြားတော်မူပြီး မယ်တော် ကြီးမှ မြင်းခြံမြို့တွင် ဘုရားခန်းအတွင်း ၌ မိုးရွာသွန်းခြင်းအကြောင်းကို လျှောက်ထားရာ -

"ဒါဟာ သက်တော်ထင်ရှား ဘုရားရှင်တို့နဲ့မခြားဘူးဆိုတာ သက် သေပြလိုက်တာပဲ။ သက်တော်ထင်ရှား ဘုရားရှင်တို့ရဲ့တန်ခိုးတော်နှင့်သာလျှင် ပေါက္ခရဝဿမိုးရွာနိုင်တာလေ။ ရုပ်ရှင် တော်မြတ်ဟာ သက်တော်ထင်ရှား ဘုရားရှင်တို့နှင့်မခြား တကယ့်ကို အနန္တ တန်ခိုးတော်တွေနှင့်ပြည့်စုံတော်မူတယ်။ ဗုဒ္ဓသာသနာအတွက် တကယ့်ကို ဂုဏ် ယူလို့မဆုံးနိုင်အောင် ထွန်းပေါ်လို့လာခဲ့ ရတာပါပဲ"

ဟု မိန့်ကြားတော်မူပါသည်။

နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကနှင့် ဘွဲ့တံဆိပ်များစွာ ဆက်ကပ်ခံယူရရှိ တော်မူပြီးသည့်အပြင် လက်တွေ့တွင် လည်း သာသနာပြုနှင့် လူမှုကူညီ ကယ်ဆယ်ရေးလုပ်ငန်းတို့ကို အကြီး အကျယ် ဗွမ်းစွမ်းတမံ ဆောင်ရွက်တော် မူလျက် အကျင့်သီလ၊ ဉာဏ်ပညာ၊ ဘုန်းသမ္ဘာ ကြီးမားတော်မူသော ဆရာ တော်ဘုရားကြီးမှ ထိုသို့ မိန့်ကြားလိုက် သောအခါ စာရေးသူတို့မိသားစုသည် ကြက်သီးဖြန်းဖြန်းထလျက် ဝမ်းသာပီတိ ဖြစ်ကြရပါသတည်း။

(၂၀၁၄ မှာ၊ ပူပွား မြင်းခြံခရီး စဉ်တွင် ပင့်ဆောင်ခဲ့ကြသော ရွှေကံကူ သာဝကမိသားစုတို့အား ကျေးဇူးအထူး တင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ကျေးဇူးအပ်ပါသည်။)

ဘိုဘို (ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နေ့လယ်ဆွမ်းခံပြန်ချိန်လောက်တွင် ကျွန်ုပ်သည် ဂမ္ဘီရဝတ္ထုရှည်ကြီးတစ်ပုဒ် ဇာတ်သိမ်းပိုင်းရေးသားပြီးစီးသွားသဖြင့် စိတ်ကျေနပ်မှုအပြည့်နှင့် စာရေးစားပွဲမှထကာ အိမ်ရှေ့ထွက်၍ ခြေဆန့်လက်ဆန့်အညောင်းဖြေနေစဉ် ကျွန်ုပ်အိမ်ရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

မြင်းလှည်းပေါ်မှ ဆင်းလာသူကို ကျွန်ုပ်ကြည့်လိုက်သောအခါ -

'ဗုဒ္ဓေါ မြတ်စွာဘုရား'

ဟု စိတ်ထဲမှတလိုက်မိရသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် လွန်ခဲ့သော ဆယ်နှစ်ခန့်မှစ၍ ဆတောင်းပြည့်ဘုရားရင်ပြင်တွင် ပုတီးစိပ်ဖက် အသိမိတ်ဆွေ ဒေါ်စိန်ငွေးခေါ် ဒေါ်အာကျယ် ဖြစ်နေသောကြောင့်ပေတည်း။

နတ်မောက်မြို့၏ တစ်ခုတည်းသောအခွန်လွတ်ဈေးတွင် ဒေါ်စိန်ငွေးကို အမည်ရင်းခေါ်သူက ရှားသည်။ ဒေါ်စိန်ငွေးမှ တစ်ဈေးလုံးကြားအောင် တုတ်ထိုးအိုးပေါက် တဲ့တိုးအပြောခံရသူတိုင်းမှာ ပိသာလေးနှင့် နံကြားပစ်ခံရသလို အတော့်ကိုအောင့်သွားရပြီး ခံရမသက်သာလှပါ။

"ဟဲ့ကောင်မတွေ၊ ကုန်ပစ္စည်းပေါ် ဈေးလည်းတင်သေး၊ မကောင်းတဲ့အပုပ်အပွဲလည်းရောသေး၊ အခဲလေးလည်းမပြည့်ရောင်းရင် 'ငါးခုံးမတစ်ကောင်နဲ့တစ်လှေလုံးပုပ်'ကုန်မှာပေါ့ဟဲ့။ 'နတ်မောက်ကဈေး၊ တောင်းတိုင်းပေး၊ အလေးမမှန်၊ ဝယ်သူကံ' လို့ ဝိုင်းကဲ့ရဲ့မှာပေါ့။ ဝယ်သူကံမဟုတ်ဘူး၊ ရောင်းသူကံဟဲ့။ ကောင်မတွေ နောင်ဘဝမှာမျက်နှာရှုံ့ကြီးတွေ၊ အပုပ်အပွဲမတွေဖြစ်ကုန်မယ်နော်"

"အံမယ်ကောင်မတွေ၊ ကိုယ့်ဈေးကိုယ်ဂရုမစိုက်မရောင်းဘူး။ သူများအတင်းအဖွင်းအပုပ်ချပြောနေကြတယ်။ ပါးစပ်တွေရွဲ့ကုန်လိမ့်မယ်"

အထက်ဖော်ပြပါ စကားစုတို့မှာ ဒေါ်စိန်ငွေး (ခ) ဒေါ်အာကျယ် (ခ) ဒေါ်အာပေါက်ဟု အနွတ္တသညာတွင်နေသော ကျွန်ုပ်မိတ်ဆွေ ပုတီးစိပ်ဖက်အဒေါ်ကြီး၏စကားအချို့ကို ဥဒါဟရုဏ်ပြဆိုခြင်း ဖြစ်ပါသည်။

သူ့ကုန်စုံဆိုင်တွင် လာဝယ်သူတိုင်းကို ငါးကျပ်သား၊ တစ်ဆယ်ကျပ်သားမှအစ တစ်ပိဿာ၊ နှစ်ပိဿာ၊ ဆယ်ပိဿာဝယ်သူတိုင်းအပေါ် တန်းတူရည်တူဆက်ဆံသည်။ အလေးမှန်၊ ဈေးမှန်ရောင်းဝယ်သည်။ တစ်ဆယ်ကျပ်သားဝယ်သူကိုလည်း အရေးတယူ ပျူပျူငှာငှာဆက်ဆံသလို ဆယ်ပိဿာဝယ်သူဟူ၍ မျက်နှာချိုသွေး၍ဦးစားပေးမဆက်ဆံပေ။ ပြောစရာရှိလျှင်ဆိုစရာ

# နတ်မောက်မင်းသန့်နိုင်

## ဖဘံ့ဂါ အာလေးပျိုနှင့်ဗုဒ္ဓရုပ်လေးဆူ



ဒေါ်အာကျယ်ဟု လည်းကောင်း၊ ဒေါ်အာပေါက်ဟု လည်းကောင်း ၎င်း၏ကွယ်ရာတွင် အမည်ပညတ်စကား ဝှက်သုံးခေါ်ဝေါ်ကြသည်။ ဒေါ်စိန်ငွေးသိသော်လည်း သူ့ရှေ့တွင် အန်တီစိန်၊ မမစိန်ဟု ခေါ်ဝေါ်သုံးစွဲလိုက်လျှင် အလွန်ပီတိဖြစ်ကျေနပ်ရသဖြင့် ထိုအမည်ပညတ် အာကျယ်၊ အာပေါက်ကိစ္စပျောက်သွားခဲ့ရသည်သာဖြစ်သည်။

ဒေါ်စိန်ငွေးက အသံတုတ်ကြီးဖြင့် တုတ်ထိုးအိုးပေါက်ပြောဆိုတတ်ပြီး အပေါက်ဆိုးသည်ဟုထင်ရသော်လည်း အတွင်းစိတ်ဖြူစင်ပြီး ပေးကမ်းသနားတတ်၊ လှူဒါန်းတတ်၊ ချီးမြှင့်တတ်၊ ချီးမြှောက်စာတတ်သူဖြစ်၍ သူ့ကိုပေယျာလကန်ပြု၍ သူ့ဘာပြောပြောခွင့်လွှတ်သည်းခံကြသည်သာ။ သို့သော် ပေးကမ်းသင့်သူ၊ သနားသင့်သူ၊ လှူဒါန်းရမည့်ကိစ္စတို့တွင် လက်မရွံ့၊ လက်မတွန့် စေတနာသဒ္ဓါတရားထက်သန်သူဖြစ်ပြီး 'အပြောဆိုး လက်သာ'သူဖြစ်၍ ၎င်း၏ကုန်စုံဆိုင်မှာ ကုန်ချိန်တွယ်ရောင်းဝယ်သော အလုပ်သမငါးဦးနှင့် တစ်နေကုန် လက်မလည်အောင် အရောင်းအဝယ်တွင်ကျယ်အကျိုးပေးသန်သူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှိလျှင် ပက်ခနဲပြောပစ်လိုက်သည်သာ။

"စိန်ငွေးတို့က အလေးမှန်ချိန်ခွင် မှန်ရောင်းတာ။ ဝယ်တဲ့သူတွေဇွတ် လောဘကြီးပြီး အဆစ်မနှိုက်ကြနဲ့။ ဆရာကြီးဦးလှသိန်းတရားဟောသလို ဈေးသည်က သူခိုး၊ ဝယ်သူက ဓားပြ မလုပ်ကြနဲ့"

ထိုသို့ ထိုသို့ တစ်ဈေးလုံးရောင်း သူရော ဝယ်သူပါ ကြားအောင် နေ့စဉ် (ဥပုသ်နေ့ဈေးပိတ်နေ့မှလွဲ၍) တစ်နေ့ နှစ်ကြိမ်၊သုံးကြိမ်အော်ပြောတတ်သဖြင့် နတ်မောက်တစ်ဈေးလုံး အလေးမှန်၊ ဈေးမှန်၊ ပစ္စည်းမှန်ဖြစ်ခဲ့ရသည်။ စည်ပင် သာယာသမားမိချိန်ခွင်သည်ပင် အိပ်ငိုက် နေရပြီဖြစ်သည်။

"အလိုတော်-ဘာတွေငေးကြောင် ကြည့်နေတာလဲဆရာနိုင်။ ကိုယ့်အိမ်ရှေ့ ကိုယ့်မိတ်ဆွေဧည့်သည်ရောက်လာတာ တောင် လာပါ၊ ဝင်ပါ၊ ထိုင်ပါမရှိဘူး။ တော်တော်လူမှုရေးနည်းပါး၊ အသိစိတ် နည်းပါလားတော်"

ကျွန်ုပ်မှာလည်း အတွေးလွန်သွား သဖြင့် ဒေါ်စိန်ငွေးကို ချက်ချင်းမခေါ် မိဘဲဖြစ်သွားရာ ကျွန်ုပ် ငယ်ထိပ်ကို ဖနောင့်နှင့်ပေါက်သလိုပြောချလိုက်ခြင်း ကို ချက်ချင်းလက်ငင်းခံလိုက်ရပါသည်။

"အာ - ဟိုဟို အဲလိုမဟုတ်ပါဘူး ဗျာ။ စာရေးနေရာကထလာလို့ အတွေး လွန်သွားလို့ပါဗျာ။ လာပါ ဒေါ်စိန်ငွေး ရယ်၊ ကိုယ့်မိတ်ဆွေရင်းတွေပဲဟာ တံခါး မရှိဓားမရှိ ဝင်နိုင်ထွက်နိုင်တာဘဲဗျာ။ အထူးပြောနေစရာမလိုပါဘူး ဟဲဟဲ"

ဒေါ်စိန်ငွေး၏ဝသီကိုသိပြီးသူပီပီ အခြေအနေပိုဆိုးမသွားအောင် ကပျာ ကယာပင် မျက်နှာချိုသွေးပြန်ပြောဖိတ် ခေါ်လိုက်ရပါသည်။

"မခေါ်လည်း အိမ်ပေါ်တော့ ရောက်လာပါပြီတော်"

ဟု ဆိုကာ ဒေါ်စိန်ငွေးမှာ ကျွန်ုပ် စာရေးစားပွဲပေါ် သို့ ၎င်း၏ချိုင်းကြားတွင် ညှပ်လာသောဖဲထီးကြီးကို ပုန်းခနဲချပြီး-

"ရော့ - ဒါက ဆရာနိုင်စားဖို့ ခရု ဆီချက်ခေါက်ဆွဲ။ ဒါစားပြီး အချိုတည်း ဖို့ စပျစ်သီးနဲ့ ပန်းသီး"

ဟု ဆို၍ ၎င်းလက်ထဲတွင်အသင့် ဆွဲလာသော ကျွတ်ကျွတ်အိတ်များပါ ကျွန်ုပ်၏စာရေးစားပွဲပေါ် တင်လိုက်လေ သည်။

"အဆင်ပြေလိုက်လေဗျာ။ ရက် ထားတဲ့ပက္ကလာ မိုးရွာတာနဲ့အဆင့်သင့် ဆိုသလိုပဲ။ ထမင်းစားချိန်ကြီး ခရုဆီချက် ခေါက်ဆွဲစားရမယ်ဆိုတော့ ဟဲဟဲ - ရေ ငတ်တုန်း ရေတွင်းထဲကျကိန်းပဲဗျို့"

"တဟဲဟဲရယ်မနေနဲ့ဆရာနိုင်ရေ၊ မြနေအောင် ကျုပ်ကိုကူညီရဦးမှာ။ စား မှာစား၊ ပြီးရင် စကားပြောမယ်"

သူ့ဝသီအတိုင်း တဲ့တိုးပင် ဒေါ်စိန် ငွေးကပြောချလိုက်ရာ ကျွန်ုပ်မှာ ထိတ် ခနဲပင်ဖြစ်သွားရပါသည်။ မဆီမဆိုင်ဟု ပဲဆိုရမည်လားမသိ။ ဗိုလ်ချုပ်အောင် ဆန်းကိုပင် အမှတ်တရဖြစ်သွားရသည်။ 'မြန်မာတစ်ပြည်လုံး ယောက်ျားရော မိန်းမပါ မြနေအောင် အလုပ်လုပ်ကြရ မယ်' ဟူသော မိန့်ခွန်းမှ ယခု ဒေါ်စိန် ငွေးကလည်း ကျွန်ုပ်ကို 'မြနေအောင် ကျုပ်ကိုကူညီရဦးမှာ' ဟု ဆိုလိုက်သော ကြောင့်ပင်။

"ကဲ-ဆရာနိုင်၊ စားမှာစား။ အချိန် ကဝယ်လို့ရတာမဟုတ်ဘူး။ ကျုပ်တို့ ဗမာတွေ အချိန်ဖြုန်းလွန်းလို့ မွဲနေကြ တာ ခုထိနားမလည်ကြသေးဘူး။ ဟဲ့- ဆရာကတော် မရွှေ ပန်းကန်မြန်မြန်ယူ ခဲ့စမ်းဟဲ့။ ညည်းယောကျ်ားဆရာမျိုးဖို့ ဆိုဖို့မြန်မြန်လုပ်"

ကျွန်ုပ်မှာ ဇနီးသည်မရွှေကို လှမ်း ခေါ်မည်ပြုစဉ် ဒေါ်စိန်ငွေးမှ အငှား ခေါ်ပေးလိုက်သောစကားလုံးတို့ကြောင့် ပြုံးရမလို၊မဲ့ရမလိုပင်ဖြစ်သွားရပါသည်။

"လာမယ် လာမယ် - အန်တီစိန်၊ ဒီမှာ ရေနွေးဓာတ်ဘူးဖြည့်နေတုန်းတန်း လန်းကြီးမို့ပါ"

စိတ်မြန်ကိုယ်မြန်ရှိသူပီပီ အဒေါ် ကြီး ဒေါ်စိန်ငွေးမှာ ကျွန်ုပ်အိမ်နောက် ဖက်ရှိ မီးဖိုခန်းဆီသုတ်ခနဲဝင်သွားပြီး ကြွေပန်းကန်ပြား၊ ပန်းကန်လုံးတို့ယူလာ ပြီးသကာလ ခရုဆီချက်ခေါက်ဆွဲ၊ ဟင်းချိုတို့ကို ဖျတ်ခနဲ ဖျတ်ခနဲ ထည့် လိုက်သည်။

"ကဲ-မြန်မြန်ပွဲတော်တည်တော်မူ ပါရှင်။ ကျွန်မကြီးကိုယ်တိုင်ပြင်ဆင်ပေး ပြီးပါပြီ"

မအီမသာစကားနာထိုးပြောပြီး သကာလ ကျွန်ုပ်ဇနီးဘက်သို့ မြားဦး လှည့်သွားပြန်သည်။

"ဟဲ့ - မရွှေ၊ လက်သုတ်ပဝါတို့၊ တစ်ရှူးတို့ယူလာပေးလေ။ ရေနွေးကြမ်း နှပ်ပြီးသားလာငှဲ့ပေး၊ ဟင်းရွက်လိုးဓား ပါယူခဲ့။ ပန်းသီးအခွံလှာပြီးစိတ်ပေး။ စပျစ်သီးထည့်ဖို့ ပန်းကန်ပြားသေးသေး လည်းယူခဲ့ဦး။ အမယ်လေး မောလိုက် တာ။ မယားဝတ္တရားဘာမှမသိဘူးလား မရွှေရယ်"

ဒေါ်စိန်ငွေးမှာ သူ့နဂိုဗီဇဝသီ အတိုင်း ကိုယ်လည်းမနား၊ စိတ်လည်း မနား၊ ပါးစပ်မှလည်း မြင်းအိုးပေါက် သလို မနားတမ်း တဗျစ်ဗျစ်နှင့်ဇနီးသည် ကို အပြစ်ဆိုညွှန်ကြားနေပါတော့သည်။

ကျွန်ုပ်တို့ ဇနီးမောင်နှံမှာလည်း ဆွေဝေးမျိုးဝေးဒေသတွင် ဒေါ်စိန်ငွေး ကိုသာ အဒေါ်အရင်းသဖွယ် ခင်မင် တွယ်တာရပြီး ဒေါ်စိန်ငွေးကလည်း ကျွန်ုပ်ကို တူလို၊ သားလို၊ ဆရာလို ချစ်ခင်သဖြင့် ယခုကဲ့သို့ ပိုင်စိုးပိုင်နင်း မြင်ပြင်းကပ်ဖွယ်စကားအထိ ရင်းနှီးစွာ ပြောဆိုဆက်ဆံခြင်းဖြစ်ပါသည်။ (စာရှု သူတို့ နားလည်လွယ်အောင် ရေးသားပြ ရခြင်းဖြစ်ပါသည်။)

ဒေါ်စိန်ငွေးနောက်ထပ်ပစ်လွှတ် မည့် စကားမြားတံများကို ကြောက်ရွံ့ စိုးထိတ်စွာဖြင့် ကျွန်ုပ်၏ဇနီးမရွှေမှာ လက်သုတ်ဝတ်၊ တစ်ရှူး၊ ရေနွေးဓာတ် ဘူး၊ ဟင်းသီးဟင်းရွက်လှီး စတီး(လ်)ဓား တို့ကို တစ်ပါတည်း (လက်နှစ်ဖက်) မအားအောင်ယူလာပေးပြီး ပန်းသီးအခွံ သင်လှီးဖြတ်ပေးပါတော့သည်။

"ဩော် - အန်တီစိန်၊ ထမင်းစားဖို့





www.burmeseclassic.com

www.burmeseclassic.com

ခူးမယ်လေ”

“စားပြီးသားပါတော်။ စားပြီးသောက်ပြီး ကိုယ့်ပစ္စည်းတဲ့။ ထမင်းစားချိန် ညှို့သည်ရောက်လာလို့ ခေါင်းကြီးမသွားပါနဲ့။ ကျုပ်ကိုရေတောင်မတိုက်ပါနဲ့။ အဲအဲ-ရေနွေးကြမ်းတော့ငှဲဦးဟဲ့”

ဇနီးသည်မှာ ရယ်မလိုလုပ်ပြီးမှ မရယ်ဘဲထိန်းလိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ငှဲကာပေးပြီး အိမ်နောက်မီးဖိုခန်းဆီသို့ ပြန်ဝင်သွားလေသည်။ ကျွန်ုပ်လည်း သမုဒ္ဒရာဝမ်းတစ်ထွာသို့ ခေတ္တငြိမ်အောင် ဖြည့်ဆည်းပေးပြီးသွားပြီဖြစ်၍ သွပ်မိုးရေကိုကျိုချက်၍ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်မွှေးမွှေးနှပ်ထားသောရေနွေးကြမ်းနှစ်ခွက်၊သုံးခွက်ဆင့်သောက်ချလိုက်လေသည်။ ထို့နောက် ဒေါ်စိန်ငွေးကို စကားမဆိုနိုင်သေးဘဲ ပန်းသီးကောက်ဝါးလိုက်၊ ဆေးလိပ်မီးညှိဖွာလိုက်အမှတ်မထင်လုပ်နေမိပါလေသည်။

“ကဲ-ဆရာနိုင်၊ ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်လုပ်နေတာလား။ ကျုပ်နဲ့ ဒီနေ့စကားပြောနိုင်ကူညီနိုင်ဦးမှာလား။ ကျုပ်က အိပ်စောင့်ရမှာလား၊ တကတဲတော် သူ့ဝေယျာဝစ္စကရိကထကိုမပြီးနိုင်ဘူး”

“ပြီးပါပြီ ဒေါ်စိန်ငွေးရယ်၊ အန်တီစိန်ကလည်း စိတ်ချည်းပဲ ဟဲဟဲ”

“ဟဲဟဲလုပ်မနေနဲ့၊ ကျုပ်ပြောမှာသေချာနားထောင်”

ဟု ဆိုကာ ဒေါ်စိန်ငွေးမှရင်းတွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲ၊ အကျပ်အတည်းတို့ကို ကရားရေလွှတ်တတွတ်တွတ်နှင့် ပြောချပါတော့သည်။ ကျွန်ုပ်မှာလည်း လူစင်စစ်မှ ပုတ်သင်ညိုဖြစ်မတတ် ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်၊ ဟုတ်ကဲ့၊ အင်းအဲနှင့် အရည်ပျော်မတတ်ပင်ဖြစ်သွားရပါလေသည်။

ဒေါ်စိန်ငွေး၏အခက်အခဲဒုက္ခမှာ-

လာမည့်တန်ဆောင်မုန်းလတွင် အောင်သပြေကျောင်းတိုက်၌ ကထိန်အလှူကြီးနှင့်အတူ သိန်းသုံးရာကုန်ဆွမ်းစားကျောင်းရေစက်ချအလှူကြီးပြုလုပ်မည်ဖြစ်သည်။ ယခု လေး၊ ငါးလအတွင်း အရောင်းအဝယ်ကပါး၊ သူရစရာရှိသည့် လက်ကားဖောက်သည်တွေ၊ လက်လီဖောက်သည်များကလည်း အရင်းလည်းပေါ်မလာ၊ အမြတ်ဆိုဝေလာဝေး၊ သိန်းတစ်ရာကျော်လောက်ငွေရင်းနစ်မြှုပ်နေရသည့်အပြင် ကွယ်ရာတွင်ပြိုင်ဘက်ကိုယ်စားလှယ်များက သူ့ကိုအမျိုးမျိုးအပုပ်ချပြောဆိုကာ ဖောက်သည်များပျက်အောင်ဖျက်နေသဖြင့် သူ့မှာအရင်းလည်းဆုံးရ၊ ဖောက်သည်များလည်းပြုန်းရ၊ ဆုံးရမလိုအခြေအနေဆိုးနှင့်ကြုံနေရပုံများဖြစ်ပါသည်ဆိုတော့ သူရည်ရွယ်မှန်းထားသည့် ကထိန်နှင့်ကျောင်းအလှူကြီး အထမမြောက် ပျက်ပြယ်သွားမှာသို့မဟုတ် နည်းနည်းနှင့် ကျဲကျဲဝိုင်းကာမလောက်မငှလှူရမှာ အလွန်ပင် စိုးရိမ်သောကရောက်ပူပန်ကာ အိပ်၍ပင်မပျော်နိုင်ဖြစ်နေရသည့် အခြေအနေပင်။

အဒေါ်ကြီးဒေါ်စိန်ငွေးပြောသမျှ နားရည်ဝအောင် ကြားနာပြီးနောက် ကျွန်ုပ်မှာ သက်ပြင်းမောကို မသိမသာ ညင်သာစွာချလိုက်မိပါသည်။ သူ့ပြဿနာအခက်အခဲမှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်ဆိုသလိုပင်။ သို့သော် သူ့ကံနှင့် ကျွန်ုပ်ကံ ပေါင်းစပ်ကာဆင့်ရပေတော့မည်ဟု ဆုံးဖြတ်ကာ ရှေးဦးစွာ ဒေါ်စိန်ငွေးကို ကျွန်ုပ်နေအိမ်ဘုရားခန်းသို့ခေါ်သွားပြီး ဘုရားရှင်အားရေချမ်း၊ အမွှေးတိုင်၊ အလင်းတိုင် ထွန်းညှိပူဇော်စေပြီး အနန္တငါးပါးကိုကန်တော့ခိုင်းလိုက်ပါသည်။

ပြီးနောက် ဘုရားကျောင်းဆောင်၏ညာဘက် ပရိတ်အိုးထဲမှ ပရိတ်ရေတစ်ခွက်ကို ခပ်ယူပေးပြီး သောက်စေလိုက်ပါသည်။

“ရင်ထဲကို အေးချမ်းသွားတာပဲ ဆရာရယ်၊ ဒါဘာရေလဲဟင်”

“အဲဒါ သာမန်ပေါ့ပေါ့ရေမဟုတ်ဘူး ဒေါ်စိန်ငွေး။ တောင်တန်းသာသနာပြုဆရာတော်ကြီး လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က နတ်မောက်ကိုကြွလာစဉ်ရယူခဲ့တဲ့ ရေဆူပရိတ်ရေကိုပွားထားတဲ့ရေပဲ။ ဒေါ်စိန်ငွေးရဲ့ခန္ဓာကိုယ်အတ္တဘောကြီးမှာ မှီနေ၊ ရှိနေတဲ့ မကောင်းတဲ့ အညစ်အကြေးကိလေသာတွေ၊ နာမ်စိတ်မှာကိန်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟကိလေသာအညစ်အကြေးတွေကိုပရိတ်ရေနဲ့ခြေဖျက်ဆေးကြောသုတ်သင်လိုက်တာပဲ”

“ဟုတ်လား ဆရာနိုင်၊ ဒါကြောင့်ကျုပ်မှာ ပေါ့ပါးလန်းဆန်းသွားတာကိုး။ ဒါနဲ့ပဲ ကျုပ်ရဲ့အခက်အခဲတွေပြေလည်သွားတော့မှာလား”

“ဘယ်ကလာ ဆောင်ရန်၊ ရှောင်ရန်တွေရှိသေးတယ်လေဗျာ။ တစ်ဆင့်ပြီးမှတစ်ဆင့်ပေါ့ဗျာ။ မစောင့်နိုင်တော့ဘူးလား။ စိတ်လောစိတ်ဇောမကြီးပါနဲ့ဗျာ”

“ဟုတ်ပါပြီ ဆရာရယ်၊ ဟုတ်ပါပြီ။ ဆက်ပါဦး၊ ကျုပ်ကဘာတွေဆောင်ပြီး ဘာတွေရှောင်ရမှာလဲ။ ယတြာချေရမှာဆိုရင်လည်း ဘယ်လောက်ကုန်ကုန်လုပ်ပါ့မယ် ဆရာ”

“ဒေါ်စိန်ငွေးပြောပုံက မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်အောင်လုပ်နေပါပြီဗျာ။ ဘာယတြာမှချေစရာမလိုပါဘူး။ ကျွန်တော်ဆောင်ခိုင်းတာဆောင်၊ ရှောင်ခိုင်းတာသာရှောင်ပါ။ ဟုတ်ပြီလား”

“ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ”

ထို့နောက် ကျွန်ုပ်သည် ချောင်းတစ်ချက်ရှင်းလိုက်ပြီး -

“ကျွန်တော်တို့ ပထမံသိဒ္ဓိပေါက်ကျမ်းကို ဆရာကြီးမြစလွယ် အမည်ခံ ဆရာဦးထင်ပေါ် ရေးသားပြုစုခဲ့တာရှိတယ်ဗျ။ အဲဒီကျမ်းစာအုပ်ကို ကိုခင်မောင် - မတင်စိန်တို့ရဲ့ ကျားပိဋကတ်စာအုပ်ဆိုင်ကြီးက ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လမှာ ဒုတိယအကြိမ် ထုတ်ဝေရောင်းချခဲ့တယ်။ အဲဒီတုန်းကတော့ ရွှေတိဂုံဘုရားကြီးအရှေ့ဘက်မုခ် ရွှေဂုံတိုင်စာတိုက်ကနေ ကျွန်တော်တစ်အုပ်ဝယ်ယူရရှိခဲ့တယ်ဗျ။ အဲဒီစာအုပ်ရဲ့ စာမျက်နှာ (၃၃) မှာ ပထမံဂါထာတော်ကြီးဆိုတာပါတယ်။ ဂါထာလေးဂါထာဖြစ်ပြီး ပထမဂါထာက ဒီလိုဗျ။

□ အာစရိယာ သေသာနာမ ပညာမိက ဇောမိသေတ္တာ၊
ဗုဒ္ဓဇာယျာ နိဗ္ဗာယန္တိ သဗ္ဗညုတော သုခံတဝေ။
ဒုတိယဂါထာက ဒီလို -
□ အာစရိယာ သေသာနာမ ဘဝိဿတိ အနာဂတေ၊
ဗုဒ္ဓဿ ပညာမိက ဇောမိပလ္လင် ဥပ္ပဇ္ဇိဿု။
တတိယဂါထာက -
□ အာစရိယာ သေသာနာမ ဘဝိဿတိ၊ ဣဓလောကေ၊
ဘဒ္ဒကပ္ပ ဩဇ္ဇာရိက၊ စိတ္တကာယော ဇောမိသတ္တော။
စတုတ္ထနောက်ဆုံးဂါထာက -
□ အနာဂတေ ပညာမိက ဘဝိဿတိ၊ အာစရိယာ၊
သေသာနာမ၊ ဇောမိသတ္တမမ္ဗရာဇာ သစ္စံဘဝေတဲ့ဗျ။

အဲဒီဂါထာလေးဂါထာကို ခင်ဗျားနှုတ်တက်ရွရွဆောင်ရမယ်။ ခင်ဗျားနေ့စဉ်လိမ်းမယ့် သနပ်ခါး၊ နံ့သာဖြူ

www.burmeseclassic.com

ကာရမက် ဆိုတဲ့ နံ့သာရည်တွေသွေးစ ထားပြီး အဲဒီလေးဂါထာနဲ့ (၁၇)အုပ်စုတ်ပြီး လိမ်းပေးဆောင်ပေးရမယ်။ အဲဒီလို လိမ်းဆောင်ရင် လူတိုင်းက ချစ်ခင်လေးစားရုံမကဘဲ နတ်တွေကပါချစ်ခင်လေးစားလာလိမ့်မယ်။ နတ်ခင်တော့ လာဘ်ရွှင်ပြီပေါ့ဗျာ။

"သိပ်ကိုအားရတာပဲ ဆရာနိုင်ရယ်။ ဒါပေမယ့် ကျုပ်က အဲဒီဂါထာကို မရဘူးလေတော်။ ဘယ်လိုလုပ်ရမှာလဲ"

"ဒီအတွက်တော့မပူနဲ့၊ ကျွန်တော့်သား အလတ်ကောင်ကို လက်ရေးဝိုင်းဝိုင်းကြီးကြီးရှင်းရှင်းရေးခိုင်းပြီးပေးမယ်။ ကျွန်တော် ရှေ့ကနေ ငါးခေါက်လောက် အဖြတ်အတောက်အသံမှန်အောင် ရွတ်ဆိုသင်ပေးမယ်လေ။ ဒါဆို အဆင်ပြေပြီ မဟုတ်လား"

"ဝမ်းသာလိုက်တာ ဆရာရယ်။ ဒါ့ကြောင့် ဆရာ့ကို တူလိုသားလိုချစ်ရသလို ဆရာဆာစ်ဆူလိုလည်း ရိုသေအားကိုးရတာပဲ"

"နေဦး နေဦး မပြီးသေးဘူး ဒေါ်စိန်ငွေးရဲ့။ ခင်ဗျားဆောင်ထားရမယ့် အရာရှိသေးတယ်"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ အမိန့်ရှိပါ"

"ရိုးရိုးပြောစမ်းပါ ဒေါ်စိန်ငွေးရယ်၊ ဘယ်နဲ့အမိန့်ရှိပါတွေဘာတွေဖြစ်လာရတာလဲ"

"ဆရာနိုင်ကို ပြောရင်းပြောရင်း လေးစားကြည်ညိုသွားမိလို့ ယောင်သွားတာပါတော်။ ဟုတ်ကဲ့ပါ"

"ကဲကဲ - ထားပါတော့၊ ဆက်ပြောမယ်။ အဲဒီပထမံလေးဂါထာနဲ့စုဟ်ပြီးစီမံထားတဲ့ ဗုဒ္ဓရုပ်ပုံလေးဆူရှိတယ်။ ခင်ဗျားကံကောင်းတာပေါ့ဗျာ။ ကျွန်တော်စီရင်ထားတာ ကိုးခုရှိတာ၊ ဒီလိုပဲ မိတ်ဆွေတွေကိုမျှဝေရတာနဲ့ နှစ်ခုကျန်သေးတယ်။ ခင်ဗျားကို တစ်ခုပေးလို့ ပေးမယ်"

ထို့နောက် ကျွန်ုပ်၏ ဘုရားကျောင်းဆောင် သာသနာပွဲနှင့်အတူ ပူဇော်ထားသော ပိတ်စအဖြူပေါ်တွင် ငှက်ပျောစေးနှင့် စီရင်ဆွဲထားသည့် အသင့်စီရင်ပြီးဖြစ်သော ဗုဒ္ဓရုပ်ပုံတော်လေးဆူပါရှိသည့် ပုံတော်ကားချပ်ကို ရိုသေစွာ စွန့်ယူကာ ဒေါ်စိန်ငွေးလက်ဝယ်မျှဝေလိုက်ပါသည်။ ထိုကားချပ်မှ ဗုဒ္ဓရုပ်ပုံလေးဆူမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ ဗုဒ္ဓပုံတော်လေး




ဗုဒ္ဓရုပ် (ပုံတော်-၁)



ဗုဒ္ဓရုပ် (ပုံတော်-၂)



ဗုဒ္ဓရုပ် (ပုံတော်-၃)



ဗုဒ္ဓရုပ် (ပုံတော်-၄)

www.burmeseclassic.com

www.burmeseclassic.com

ဆူကို တစ်တောင်ပတ်လည် အဖြူရောင်ပိတ်စပေါ်တွင် ငှက်ပျောစေးနှင့် ရေးဆွဲပြီး (၉)ရက်သက်သတ်လွတ်စား၊ ဂုဏ်တော်(၉)ပါးကို တစ်နေ့ (၈)ပတ်စိပ်၊ ဥပုသ်သီလစောင့်ပြီး နေအိမ်ဘုရားခန်းသို့မဟုတ် မိမိဒေသ တန်ခိုးကြီးဘုရားရင်ပြင်တွင် သာသနာပွဲတင်ပြီး ပထမံ (၄) ဂါထာနှင့် (၃၇) အုပ် စုတ်ကာ နေအိမ်ဘုရားခန်းတွင် ပူဇော်နိုင်ပါသည်။

ထိုသို့ ပူဇော်ဆောင်ယူထားခြင်းဖြင့် လူအများ၏ချစ်ခင်ကြည်ညိုလေးစားမှု ခံယူနိုင်ခြင်း၊ လူသာမက နတ်၊ ဗြဟ္မာတို့ကပင် ချစ်ခင်ခြင်း၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့၏ ကူညီစောင့်ရှောက်မစမှုများ ခံယူနိုင်ခြင်း၊ ရန်မာန်များ ဝေးကွာဖယ်ရှားရှောင်ရှားအကျိုးတရားထူးများ သုံးရက်၊ သုံးလ၊ သုံးနှစ်အတွင်း ပါရမီအနု၊ အရင့်အလျောက်ရရှိခံစားရစေပါသည်။ ဤသည်မှာ အနှစ်ချုပ် သံခိပ်တင်ပြခြင်းဖြစ်ပြီး များစွာကျယ်ဝန်းလေးနက်ပါသည်။

ဖော်ပြပါအတိုင်း ကျွန်ုပ်သည် ဒေါ်စိန်ငွေအား စိတ်ရှည်သည်းခံဖွဲ့သန်စွာဖြင့် ရှင်းပြပြောဆိုသင်ကြားပေးပြီးချိန်တွင် မှောင်ရီသန်း၍ ညနေချမ်းပင်ဖြစ်နေလေပြီ။အဒေါ်ကြီးလည်း ဝမ်းသာရွှင်မြူးစွာနှင့် ကျွန်ုပ်၏ ဘုရားခန်းမှ ရုပ်ပွားတော်များကို အကြိမ်ကြိမ်ဦးချပူဇော်ကန်တော့ပြီး ပြန်သွားလေတော့သည်။

❑

ငါးလခန့်အကြာ တစ်နေ့ နံနက် (၉) နာရီခန့်တွင် ကျွန်ုပ်သည် သူရဇ္ဇမဂ္ဂဇင်းတိုက်သို့ပေးပို့ရန် စာမူများရေးသားနေစဉ် နေအိမ်ရှေ့ လမ်းပေါ်သို့ ပါဂျဲရိုးဇိမ်ခံကားကြီးဆိုက်ရောက်လာပြီး ကားပေါ်မှ ဆင်းလာသူကို ကြည့်လိုက်သောအခါ မည်သူထင်ပါသနည်း။ စာရှုသူ တွေးထင်သိထားသည့်အတိုင်း ကျွန်ုပ်၏မိတ်ဆွေ အဒေါ်ကြီးဒေါ်စိန်ငွေပင်ဖြစ်ပါတော့သည်။

"ဟာ - အဒေါ်ကြီး ဒေါ်စိန်ငွေ၊ လာပါ၊ ဝင်ပါ၊ အိမ်ပေါ်ကြွပါ၊ ထိုင်ပါခင်ဗျာ"

"ဘာလဲ ဆရာနိုင်၊ အခုတစ်ခါ ကားနဲ့လာလို့ချက်ချင်းဖိတ်ခေါ်တာလား။ အရင်တစ်ခေါက်ကတော့ မြင်းလှည်းနဲ့လာလို့ ကြောင်ပြီးကြည့်နေတာလား"

ဟု ချက်ချင်း ခွန်းတုံ့ပြန်သဖြင့် ကျွန်ုပ်မှာ ပျာပျာသလဲဖြေလိုက်ရသေးသည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အိမ်ကို ခြေကျင်ပဲလာလာ၊ ဆိုက်ကားနဲ့ပဲလာလာ အတွင်းစိတ်က ဖော်ရွေပြီးသား၊ ဖြူစင်ပြီးသားပါဗျာ။ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

"အလကားပြောတာပါဆရာရယ်၊ ဆရာနိုင့်စိတ်စေတနာကို ကျုပ်နားလည်ပြီးသားပါတော်"

ဟု ပြောဆိုရင်း နောက်သို့ပြန်လှည့်ကြည့်ကာ ကားဒရိုင်ဘာလေးအား -

"ဟဲ့ - မောင်ခင်၊ ဘာလုပ်နေတာလဲ။ ကားပေါ်က အထုပ်တွေ၊ ပုံးတွေယူခဲ့လေ။ ဆရာနိုင်ကပဲ အိမ်ပေါ်ကဆင်းလာပြီး နင့်ကိုကုန်းပိုးခေါ်ရဦးမှာလား"

ဟု ငေါက်ပြောပြောလိုက်သဖြင့်-

"ဟုတ်ကဲ့ မမ ဟုတ်ကဲ့"

ဟု ပျာပျာသလဲ အထုပ်အပိုးများ မနိုင်မနင်းပွေ့၍ ကျွန်ုပ်အိမ်ပေါ်ရောက်လာပါသည်။

"ဒါက ဆရာ မနက်ကော်ဖီသောက်ရင်းစားဖို့ မုန့်ပုံး၊ ဒါက ဆရာထမင်းစားပြီး အချိုတည်းဖို့ လိမ္မော်သီး၊ စပျစ်သီး၊ ပန်းသီး။ ဒါကဆရာ့အတွက် ယောပုဆိုးနဲ့တိုက်ပုံပါ။ ဆရာ့ ပညာ၊ စေတနာ၊ မေတ္တာကိုကန်တော့တာ ဂုဏ်ပြုတာနော်။ ဆရာ့ခန္ဓာကိုယ်အတ္တဘောကြီးကို ကန်တော့တာမဟုတ်ဘူး"



"ဘာပဲဖြစ်ဖြစ်ပါဗျာ၊ ဒါတွေမလိုပါဘူးလေ မလုပ်ပါနဲ့ဗျာ။ ကျွန်တော် ဘာမှလဲ မမျှော်ကိုးပါဘူး။ ကျွန်တော် သိထား၊ မှတ်ထား၊ လေ့လာထားတဲ့ နှစ်ပြားတစ်ပဲအသိလေးနဲ့ကူညီခဲ့တာပါ။ မိတ်ဆွေသင်္ဂဟဆွေမျိုးတွေလို ခင်မင်ခဲ့တာပဲဟာ။ ဒါတွေအလကားဝယ်လာတယ်ဗျာ"

"အဲလိုတော့မပြောပါနဲ့ဆရာရယ်၊ ဆရာ့ပညာနဲ့မေတ္တာ၊ စေတနာကြောင့် တကယ်ပဲ ကျုပ်မှာ သုံးလအတွင်း ကုန်ကြေးတွေအကုန်လာပေးကြ၊ ဖောက်သည်အသစ်၊ ကိုယ်စားလှယ်အသစ်တွေ ထပ်တိုးနဲ့ လုပ်ငန်းတိုးချဲ့ရတော့တာပဲ။ ပြီးခဲ့တဲ့လထဲက များတော့မများပါဘူး၊ ထီ (၁၀) သိန်းပေါက်လိုက်သေးတယ် ဆရာ။ ဟီးဟီးဟီး - ကြွားတာတော့ မဟုတ်ပါဘူး။ အိမ်ရှေ့က ပါဂျဲရိုးကားကြီးကလည်း ဂျပန်မှာအလုပ်သွားလုပ်နေတဲ့သားကြီးက ပို့လိုက်တာ ဆရာရဲ့။ အခု ကျုပ်ဝယ်လာတာလေးက မဖြစ်စလောက်ပါတော်"

"ကဲ- ထားပါတော့၊ ထားပါတော့၊ ကျွန်တော်က ဒါတွေမကြိုက်တော့ဘူးဗျ။ ကျွန်တော်အကြိုက်ဆုံးကို အဒေါ်ကြီးမေ့သွားပြီလား"

ကျွန်ုပ်မှ တမင်စချင်နောက်ချင်သဖြင့်ပြောလိုက်ရာ ဒေါ်စိန်ငွေမှာ မျက်ကလဲဆန်ပျာနှင့် -

"အမယ်လေး - မေ့တာ၊ မေ့တာ။ ဟုတ်ပါရဲ့ဆရာရယ်၊ ဗိုလ်ချုပ်လမ်းမှာ တုန်းက ခရုဆီချက်ဝယ်ခဲ့ဖို့ဟာ မေ့လာတယ်။အသက်ကြီးလာတာများမကောင်းပါဘူးဆရာရယ်၊အလွန်ကိုမေ့တတ်တာ။ ဟဲ့-မောင်ခင်၊ ဗိုလ်ချုပ်လမ်းကိုပြန်သွား၊ ခရုဆီချက်နှစ်ပွဲ အမြန်ဝယ်ချေစမ်း"

ထိုသို့ ထိုသို့ ၎င်း၏ဒရိုင်ဘာလေးကို အော်ငေါက်ခိုင်းလိုက်သဖြင့် ကျွန်ုပ်မှာ -

"အလကားစတာပါဗျာ"

ဟု ကတိုက်ကရိုက် အမြန်ပင် တားယူလိုက်ရပါတော့သည်။

*လိုရာဆန္ဒမှန်သမျှပြည့်ဝကြပါစေ*

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

လူတို့၏ မူလရှိရင်းစိတ်သည် အရောင်အသွေးမရှိ ပကတိ အဖြူရောင်သက်သက်ဖြစ်သည်။ ထိုအဖြူရောင်စိတ်ကလေးကို တစ်ခုသောအာရုံလေးဝင်ရောက်သွားသောအခါ မူလအဖြူရောင်စိတ်ကလေးက စေတသိက်သို့ပြောင်းလဲသွားရပြီး အရောင်အဖြစ်သို့ရောက်သွားရလေသည်။ ကုသိုလ်စိတ်ကလေးဝင်လာလျှင် ကုသိုလ်စိတ်ဖြစ်သည်။ အကုသိုလ်စိတ်လေးဝင်လာလျှင် အကုသိုလ်စိတ်ဖြစ်ရသည်။

ထိုကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်ကို ချက်ချင်းသိနိုင်သူက ဝိပဿနာဘာဝနာတရားကိုအားထုတ်နေသူမှသာလျှင် မိမိစိတ်ကို ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဟု ခွဲခြားသိနိုင်သည်။ အများအားဖြင့် လူတို့သည် လောဘ၊ ဒေါသ၊ မောဟ

(အဃနိက)
# မောင်မောင်အောင်မြင်း
## တရားအားထုတ်သူနှင့် တရားအားမထုတ်သူ



စိတ်ဖြင့်သာ နေ့စဉ် ဘဝ၏စားဝတ်နေရေးကို ရုန်းကန်နေကြသည်။ ထို့ကြောင့် မသိမှုဆိုသည့် အဝိဇ္ဇာက ဖုံးလွှမ်းနေသဖြင့် မိမိ၏စိတ်ကို အဖြူ အမည်းမခွဲခြားနိုင်ကြပေ။

သဒ္ဓါတရားရှိသော လူပုဂ္ဂိုလ်တို့သည် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဘဝကိုရလိုသဖြင့် ဒါနကိုပြုကြသည်။ ဒါနအကျိုးက ချက်ချင်းလက်ရှိဘဝကို အကျိုးပေးတတ်သဖြင့် မလှူလို့မရှိ၊ မရှိလို့မလှူ ဆိုသည့် ဆိုရိုးစကားကို စွဲမြဲစွာယုံကြည်ကြသည်။ အမှန်တကယ်လည်း ဒါနအကျိုးက လက်ရှိဘဝကို အကျိုးပေးကြောင်း တွေ့ရသည်။ အလှူရေစက် လက်နှင့်မကွာ ဆိုသည့် ဆုတောင်းပြည့်နေကြသူများဟု မှဒိတာပွားမိပါသည်။ သာသနာထွန်းကားရေးအတွက် အထောက်အပံ့ပြုနေကြသူများဖြစ်သဖြင့် လူ၊ နတ်၊ ဗြဟ္မာသာဓုခေါ်ကြရပါသည်။

သို့သော် တချို့သောပုဂ္ဂိုလ်များသည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာကြသော်လည်း သဒ္ဓါတရားနည်းပါးသဖြင့် ဒါနအမှုကို ကောင်းစွာမပြုကြပေ။ လူအမျိုးမျိုး စိတ်အထွေထွေရှိကြ၏။ အပြစ်တစ်လိုခြင်းသဘောဖြင့် ရေးသားခြင်း မဟုတ်ပါ။ လူအများစု၏ စိတ်သဘောကို တင်ပြလိုခြင်းသာ ဖြစ်ပါ

www.burmeseclassic.com

သည် ကိုယ်ကျင့်တရားသီလစောင့်ထိန်းမှုအပိုင်းကျပြန်တော့လည်း ဗုဒ္ဓဘာသာဝင်လူအများစုသည် ဥပုသ်နေ့ပျောက်နေကြသည်။ ဥပုသ်နေ့ကိုပင် ဥပုသ်နေ့မှန်း မသိကြပါ။ အမြို့မြို့အနယ်နယ်ရှိ မြို့မဈေးကြီးများ၌ ဈေးရောင်းနေကြသူများသာလျှင် ဥပုသ်နေ့ကို ဥပုသ်နေ့မှန်း သိကြသည်။ အဘယ်ကြောင့်ဆိုပါမူ ဥပုသ်နေ့ ဈေးကြီးပိတ်သဖြင့် ဥပုသ်နေ့မှန်း သိသည်။ ထို့ကြောင့် ဥပုသ်နေ့ဈေးပိတ်သဖြင့် ဥပုသ်ဆောက်တည်ခြင်း၊ ဘုရား၊ ကျောင်းကန်သွားခြင်းဖြင့် ဥပုသ်နေ့ကို တန်ဖိုးရှိစွာ အသုံးချတတ်ကြသည်။ ဥပုသ်နေ့သီလဆောက်တည်ခြင်းက ယခုဘဝ အသက်ရှည်စွာနေရသည်ဟု ယုံကြည်သဖြင့် ဥပုသ်နေ့သီလဆောက်တည်ကြခြင်း ဖြစ်သည်။

သို့သော် လူအများစုက တရားဘာဝနာပွားများမှုအလုပ်ကျပြန်တော့ ပိုပြီး အလှမ်းဝေးကြသည်ကို တွေ့ရသည်။ တရားဘာဝနာအလုပ်ဆိုသည်မှာ ဝိပဿနာတရားကို ဆိုလိုခြင်းဖြစ်သည်။ ဝိပဿနာဘာဝနာတရားအလုပ်က နိဗ္ဗာန်နှင့်အလွန်အလှမ်းဝေးသည်ဟု ယုံကြည်ယူဆနေကြဟန်တူသည်။အမှန်တကယ်တော့ ဝိပဿနာဘာဝနာပွားများမှုအလုပ်ကို သေချာစွာ နိုက်နိုက်ချွတ်ချွတ် မလေ့လာမသိရှိသဖြင့် ထိုသို့ယုံကြည်ယူဆနေကြဟန်တူသည်။ဆရာသမားကောင်းနှင့်တွေ့ရှိပြီး သစ္စာလေးပါးတရားကို စိတ်ဝင်တစား လေးလေးနက်နက် နာကြားရပြီး ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကို နာကြားသဘောပေါက်သွားပါက အလှမ်းမဝေးသည့် နိဗ္ဗာန်ကို တွေ့နိုင်ကြမည် ဖြစ်သည်။ မိမိခန္ဓာကိုယ်အတောင်လေးတောင်ခန့်ရှိသည့် ခန္ဓာကိုယ်အဆုံးမှာ နိဗ္ဗာန်ရှိသည်ကို မသိကြ။ ဝိပဿနာဘာဝနာတရားအလုပ်ကို အမြဲတမ်းလုပ်နေကြသူများသည် မိမိခန္ဓာကိုယ်ကြီးကို အမြဲအကဲခတ်ရှုကြည့်နေကြတတ်သည်။ ရုပ်နာမ်တရားကို ခွဲခြားသိ၍ ထိုရုပ်၊နာမ်ခန္ဓာသင်္ခါရတရားကို ရှုမှတ်ပွားများနေသွင် အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်များရရှိပြီး ခန္ဓာကိုယ်ကြီးကိုငြီးငွေ့ငြီးတွယ်တာမှုများကင်းဝေး၍ အသုဘခန္ဓာကြီးပါလားဟု သက်ဝင်ယုံကြည်လာပါလိမ့်မည်။ ထိုအခါ ခန္ဓာကိုယ်ကြီးကို ငြီးငွေ့လာပြီး နောက်ထပ် ဇာတိဘဝကို မလိုချင်အောင်ဖြစ်လာပါတော့သည်။

မိမိ၏ခန္ဓာကိုယ်ကြီးကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ကြည့်မိသည့်အခါ ခန္ဓာကိုယ်ကြီးခိုင်းမှု နေ့စဉ်မပျက်မကွက် လုပ်ပေးနေရသည်ကို တွေ့ရပါမည်။ ထိုအခါ ခန္ဓာဒုက္ခကိုသိသည်။ သမ္မာဒိဋ္ဌိဉာဏ်ရလာပါတော့သည်။ ဗုဒ္ဓဟောကြားခဲ့သည့် သစ္စာလေးပါးအနက် ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်) ပါလားလို့ အကြွင်းမဲ့ယုံကြည်လာပြီး ဗုဒ္ဓမြတ်စွာဘုရားကို ကြည်ညိုလေးစားမဆုံးဖြစ်ရပါတော့သည်။ ပိုပြီး ခန္ဓာဒုက္ခသိလာသည့်အခါ မိမိခန္ဓာကိုယ်ကြီးကို မဟာဒုက္ခသစ္စာ (ကြီးမားသောဆင်းရဲခြင်း) ပါလားဟု ဉာဏ်အမြင်များ ရရှိလာပါသည်။

ထိုသို့ ဝိပဿနာဉာဏ်စဉ်များ တက်လာသည့်အခါ တရားရှုမှတ်နေသည့် ပုဂ္ဂိုလ်သည် သွားရင်းလာရင်း ခန္ဓာဒုက္ခကိုကြည့်တတ်လာသည်။ စားရင်းသောက်ရင်းကြည့်တတ်လာသည်။ ယုတ်စွအဆုံး သန့်စင်ခန်းသွားလျှင်လည်း ခန္ဓာဒုက္ခကိုကြည့်တတ်လာသည်။ မိမိခန္ဓာကိုယ်ကြီးသည် ကိလေသာအညစ်အကြေးများ ထိန်းသိမ်းသိုမှီးသည့်အိုးကြီးပါလားဟု မြင်တတ်လာပါသည်။ ဘယ်လောက်ပင် လတ်လတ်ဆတ်ဆတ် အသီးအရွက်များ၊ အသားများကို စားစေကာမူ နောက်ဆုံးတော့ အနိစ္စသင်္ခါရသဘောဖြင့်သာ အညစ်အကြေးများဖြစ်သွားရပြီး စွန့်ပစ်ရသည့် သဘာဝဓမ္မတရားကိုသာတွေ့ရပါသည်။

မိမိ၏ ဝိပဿနာဉာဏ်ဖြင့် မိမိခန္ဓာကိုယ်ကြီးကို ဆင်ခြင်ကြည့်ပါက တစ်နေ့ ဒီခန္ဓာကိုယ်ကြီးပိသေရသည်ကိုလည်း သိနိုင်ပါသည်။ ခန္ဓာကိုယ်ကြီးရရှိသည့်အချိန်မှစပြီး ခန္ဓာဝန်ကြီးကို ထမ်းပိုးထားရသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ခန္ဓာဝန်ကြီးက ပို၍လေးလာသည်။ အိုခြင်း၊ နာခြင်းက တစ်နေ့တခြား မပြတ်နှိပ်စက်နေသည်။ နောက်ဆုံး အိပ်ရာထဲကမထနိုင်အောင်ဖြစ်ရသည်။ ခြေမသယ်နိုင်၊ လက်မသယ်နိုင်ဖြစ်ကြရသည်။ အစားကို သူတစ်ပါးခွံ့ပေးမှစားနိုင်သည်။အဝတ်ကို သူတစ်ပါးဝတ်ပေးမှ ဝတ်နိုင်သည်။ အိပ်ရာထဲလဲနေသဖြင့် သူတစ်ပါးထူပေးမှ ထနိုင်သည်။

အိုခြင်း၊ နာခြင်းက နှိပ်စက်ရာမှ သေခြင်းက ထပ်မံနှိပ်စက်ပြန်သဖြင့် အိပ်ရာထဲမထနိုင်အောင် ခန္ဓာဝန်ထုပ်ကြီးပိ၍သေရပြန်လေသည်။ နောက်ဆုံးတော့ ဖြစ်ခြင်း၊ ပျက်ခြင်းမှတစ်ပါး အခြားဘာမှမရှိသည်ကို ဉာဏ်ဖြင့်ဆင်ခြင်မိလေသည်။ ထိုအခါ မိမိခန္ဓာကိုယ်ကြီးအပေါ် ငြိကပ်တွယ်တာမှု၊ စွဲလမ်းသိမ်းပိုက်မှုစသည့် ကိလေသာအညစ်အကြေးများ ကင်းစင်လျော့နည်းပပျောက်သွားပါလိမ့်မည်။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် သံသရာဝဋ်ဆင်းရဲမှ အမှန်တကယ် လွတ်မြောက်လိုပါမူ ဗုဒ္ဓဟောကြားခဲ့သည့် သစ္စာလေးပါးတရားကို နာကြားပါ။ နာကြားသည့်တရား သိအောင်လုပ်ပါ။ သိသည့်တရား ကျင့်ကြံပွားများအားထုတ်ပါ။ ကိုယ်တိုင်သိကိုယ်တိုင်ကျင့်မှရသည့်တရားဖြစ်သဖြင့် 'ငါငယ်ပါသေးသည်၊ အသက်အရွယ်ဘယ်လောက်ရောက်မှ ဝိပဿနာတရားကျင့်ကြံပွားများအားထုတ်မည်' ဟု ပေါ့ပေါ့တန်တန်မနေသင့်ပါ။ သေခြင်းတရားက အသက်အရွယ်ကြီးသည်၊ ငယ်သည်မရှိ မိမိလက်တစ်ကမ်းတွင် အမြဲရှိနေသည်။ 'ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ' ဆိုသည့် ဗုဒ္ဓဟောကြားခဲ့သည့်တရားတော်ကို ယုံယုံကြည်ကြည်ကျင့်ကြံပွားများအားထုတ်ကြရပါမည်။

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသည့် တရားတော်အတိုင်းဆိုပါရမူ -

'မိမိခန္ဓာကိုယ်ကြီးသွားနေသည့်လမ်းက သုသာန်လမ်း။ ထိုင်ရင်းလည်းသွားနေသည်၊ လမ်းလျှောက်ရင်းလည်းသွားနေသည်၊ ဈေးရောင်းဈေးဝယ်လုပ်ရင်းလည်းသွားနေသည်' ဆိုသည့် အနိစ္စသင်္ခါရတရားကို အမြဲနှလုံးသွင်းနိုင်ကြပါစေဟု စေတနာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

**မှတ်ချက် -**

မဟာဒုက္ခသစ္စာဟု ဆိုရခြင်းမှာ ဗုဒ္ဓဟောကြားခဲ့သည့်တရားကို ပြင်ဆင်ဖြည့်စွက်လိုသည့်သဘော မဟုတ်ပါ။ စာရေးသူအနေဖြင့် မိမိ၏ခန္ဓာကြီးကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ကြည့်ပြီး ရရှိခဲ့သည့်ဉာဏ်ဖြစ်ပါသည်။ ဝိပဿနာတရား ရှုမှတ်ပွားများသည့် ယောဂီများအနေဖြင့် မိမိ၏ခန္ဓာကိုယ်ကြီးကို ကွက်ကွက်ကွင်းကွင်း နက်နက်ရှိုင်းရှိုင်း သိမြင်စေလိုသည့် သဘောဆန္ဒသာဖြစ်ပါသည်။

မောင်မောင်အောင်မင်း
(ဒဿနိက)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ပကိဏ္ဏကနိပါတ်၊ ဒသဗြဟ္မဏဇာတ်တော်တွင် ကောရဗျမည်သောမင်းတစ်ပါးဖြစ်၍ ဘုရားအလောင်းတော် ဝိဓုရသုခမိန်၏ အတူအညီဖြင့် နန္ဒမူလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့အား အလှူတော်ကြီးပေးခွင့်ရခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ၏ အလောင်းလျာသည် ကုရုတိုင်းပြည် ဣန္ဒပတ္တမြို့တော်၌ ယုဓိဋ္ဌိလအနွယ်ဝင် ကောရဗျမင်း ဟူသော ဘွဲ့အမည်ဖြင့် ထီးနန်းစိုးစံခဲ့ရ၏။ ဘုရားအလောင်းတော်သည်တား ထိုကောရဗျမင်း၏ အရေးကိစ္စတူသမျှကို ကြည့်ရှုစေဖန်၍ အကြံဉာဏ်ပေးရသော ဝိဓုရသုခမိန်ဖြစ်ခဲ့လေသည်။

ကောရဗျမင်းသည် မိမိ၏ပိုင်နက်ဖြစ်သော ကုရုတိုင်းပြည်မှ တိုင်းသူပြည်သားတို့အား မကြာခဏအလှူပေးပွဲကြီးကျင်းပ၍ စိတ်တိုင်းကျစားသောက်ကြရန် ချက်ပြုတ်ကျွေးမွေး၏။ အလှူပေးပွဲက ကြီးကျယ်ခမ်းနားလှသဖြင့် ကုရုတိုင်းပြည်မှလူများသာမက အနီးဝန်းကျင်တိုင်းပြည်များကလည်း ကုရုတိုင်း ဣန္ဒပတ္တမြို့တော်မှ အလှူပေးပွဲကြီးသို့ လာရောက်၍ ပျော်ပျော်ပါးပါး စားသောက်ကြ၏။ ထိုမှတစ်ဆင့် အလှူပေးပွဲကြီး၏ သတင်းစကားကို တစ်ဆင့်စကားဖြင့်ကြားသိရသဖြင့် အခြားအခြားသော တိုင်းပြည်များကလည်း လာ၍လာ၍ စားသောက်ကြသဖြင့် ကောရဗျမင်း၏အလှူပေးပွဲကြီးသည် ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခွင်လုံး၌ အကျော်တစောဖြစ်လာပေသည်။

သို့ရာတွင် ကောရဗျမင်းကတော့ မိမိအလှူကို အားရကျေနပ်ခြင်းမရှိပါ။ ဝမ်းမြောက်ဝမ်းသာဖြစ်မလာခဲ့ပါ။ မိမိ၏ အလှူပေးပွဲကြီးသို့ လာရောက်၍ တပျော်တပါး စားသောက်ကြသူများထဲတွင် လေးစားကြည်ညိုလောက်သည့် သူတော်စင်များကိုထား ငါးပါးသီလကိုမျှ လုံခြုံအောင် ထိန်းသိမ်းနိုင်သူ မပါလာ၍ ဖြစ်ပေသည်။

သို့ဖြစ်၍ ကောရဗျမင်းသည် ညီလာခံခန်းမထဲသို့ ဘုရားအလောင်းတော် ဝိဓုရသုခမိန် ဝင်ရောက်လာသောအခါ ပြုံးရွှင်စွာဆီးကြို၍ -

“အို-ဝိဓုရသုခမိန်၊ ငါကိုယ်တော်မြတ်ရဲ့ အလှူတော်ပွဲကြီးမှာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးက လူမျိုးပေါင်းစုံလာပြီးစားခဲ့ကြတယ်။ ဒါပေမယ့် သူတို့အထဲမှာ ယဉ်ယဉ်ကျေးကျေးနဲ့ လေးစားလောက်တာမပါလာဘူး။ အားလုံးလိုလိုက ပေးလားဝါးလားနဲ့ အလကားရလို့လာစားတဲ့သူတွေဖြစ်နေတယ်။ အဲဒီလို ပေါက်လွှတ်ပဲစားလူတန်းစားထဲမှာ ငါး

ညီတော်အာနန္ဒာ၏ ဖိုရှိဖက်ဆင်းရှား

# ဝဏ္ဏသိရိ

နန္ဒမူလိုဏ်ဂူ၌ ပန်းမိုးရွာခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပါးသီလတောင်မှ ထိန်းမယ့်သူမပါနိုင်ဘူး။ ဒီလို အလှူခံမျိုးတွေကို ဆက်ပြီး လှူနေလို့တော့ အကျိုးရှိမှာ မဟုတ်ဘူး။ ဒီတော့ အကျိုးရှိရှိ အလှူပေးနိုင်အောင် ဘယ်လိုအလှူခံပုဂ္ဂိုလ်မျိုးကိုလှူရမယ်ဆိုတာ အသင်ပညာရှိသုခမိန်ကပဲရွေးချယ်ပေးပါတော့"

ဤသို့ တာဝန်ပေးအပ်လိုက်သည့် အမိန့်သံကို လေးစားစွာ နာခံလျက် ဝိဓုရသုခမိန်က -

"ကောင်းပါပြီ အရှင်မင်းမြတ်"

ဟု အစချီပြီးမှ ဆက်လက်၍ လျှောက်တင်သည်မှာ -

"ဒီဇမ္ဗူဒိပ်ကျွန်းကြီးပေါ်မှာ အလှူခံပုဂ္ဂိုလ်တွေအမျိုးမျိုးအစားစားရှိနေကြပါတယ်။ အဲဒီအထဲက အရှင်မင်းမြတ် သဘောကျတဲ့အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ပြီး လှူနိုင်အောင် အလှူခံပုဂ္ဂိုလ်အမျိုးအစားတစ်ခုချင်းကို လျှောက်တင်ပါ့မယ်။

(၁) အရှင်မင်းမြတ်၊ ပထမဆုံး လျှောက်တင်ရမယ့် အလှူခံအမျိုးအစားက ဆေးဆရာအလှူခံများ ဖြစ်ပါတယ်။ သူတို့တစ်တွေ သွားလေရာတိုင်းမှာ ဆေးအိတ်ကြီးတွေ သယ်ပိုးလာကြပါတယ်။ အဝကပိတ်ထားတဲ့ အဲဒီဆေးအိတ်ဖောင်းဖောင်းကြီးတွေထဲမှာ ဆေးမြစ်မျိုးစုံ ပါလာပါတယ်။ ရောက်လေရာအရပ်က တွေ့သမျှလူနာတွေကိုဆေးကုကြပါတယ်။ သူတို့နှုတ်ဖျားကလည်း ဆေးကျမ်းကြီးတွေထဲက အဆိုအမိန့်တွေကို ထုတ်ပြကြပါတယ်။ ဒီဆေးမြစ်က ဘယ်ရောဂါကို နိုင်နင်းကြောင်း အာပေါင်အာရင်းသန်သန်နဲ့ ထုတ်ဖော်ကြေညာကြပါတယ်။ ဂါထာမန္တန်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ကြပါတယ်။ သူတို့ကလည်း အရပ်တကာလှည့်လည်ပြီး အလှူခံနေကြတာမို့ အလှူခံပုဂ္ဂိုလ်တစ်မျိုးဖြစ်ကြပါတယ်။ အရှင်မင်းမြတ် အဲဒီအလှူခံမျိုးကိုလှူဒါန်းချင်ပါသလား"

"မလှူဒါန်းချင်ပါဘူး သုခမိန်။ သူတို့ကိုပေးလှူလို့ ဘာအကျိုးမှမရနိုင်ပါဘူး။ သူတို့တွေဟာ အလှူခံပုဂ္ဂိုလ်သူတော်စင်တို့ရဲ့ကျင့်ဝတ်နဲ့လည်း မပြည့်စုံကြပါဘူး"



www.burmeseclassic.com

"(၂) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ အဲဒီသူတွေကတော့ ခရီးသည်တွေကို ချူသံတချွမ်ချွမ်ပေးပြီး ရှေ့ကနေလမ်းပြပေးကြပါတယ်။ တစ်စုံတစ်ယောက်က အစေအပါးခိုင်းရင်လည်း မဆိုင်းမတွလုပ်ပေးတတ်ကြပါတယ်။ ရထားမောင်း ရထားလုပ်ငန်းတို့ကိုလည်း တတ်ကျွမ်းကြပါတယ်။ သူတို့မှာ အောက်တန်းစားအလုပ်သမားအမျိုးထဲမှာပါနေကြသော်လည်း ရောက်လေရာအရပ်မှာ အလှူခံပြီးစားတတ်ကြတာကြောင့် အလှူခံပုဂ္ဂိုလ်စာရင်းဝင်ဖြစ်နေကြပါတယ်"

"သုခမိန်၊ အဲဒီလို အလှူခံမျိုးကိုလည်း လက်မခံနိုင်ပါ"

"(၃) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ မင်းစိုးရာဇာတွေ တောလက်ကျေးရွာတွေသွားကြတဲ့အခါ ရေကရားနဲ့ တုတ်ကောက်ကိုကိုင်ပြီးတော့ လိုရာရောက်အောင် ပို့ဆောင်ပေးကြပါတယ်။ တွေ့ကရာမြင်ကရာအိမ်ကိုဝင်ပြီး အလှူခံကြပါတယ်။ အိမ်ရှင်တွေက တစ်စုံတစ်ရာ မမေးမချင်း ထိုင်ရာကမထဘဲ ပေကတ်ပြီးနေတတ်ကြပါတယ်။ သူတို့ကတော့ အခွန်တောင်းရက်စက်တဲ့ အရာရှိဆိုးနဲ့တူကြပါတယ်။

"သုခမိန်၊ အဲဒီလို အလှူခံမျိုးကိုလည်း မကြည်ညိုနိုင်ပါ"

"(၄) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ တကယ့်တောပျော်ရသေ့ သူတော်စင်တွေရဲ့ အသွင်အပြင်မျိုးကို ဆောင်ထားကြပါတယ်။ သူတို့ ချိုင်းမွေးကြီးတွေရှည်ပြီးထွက်နေကြတာက တောချုံတွေ ထနေသလိုပါပဲ။ ခြေသည်းလက်သည်းကြီးကလည်း ရှည်ချင်တိုင်းရှည်နေကြပါတယ်။ ဘယ်တော့မှသွားမတိုက်တဲ့အတွက် သူတို့သွားတွေလည်းသွားချေးတွေဖွေးနေအောင်ကပ်နေကြပါတယ်။ သူတို့ဦးခေါင်းပေါ်မှာရော ကိုယ်တစ်ခုလုံးအပေါ်မှာပါ ဖုန်တွေ၊ အမှုန်တွေ ဖွေးဖွေးလှုပ်နေကြပါတယ်။ ရောက်လေရာအရပ်မှာ အိမ်ပေါက်စေ့ဝင်ပြီးတော့ သူတို့အလှူခံကြတယ်။ အိမ်ရှင်တွေက တစ်စုံတစ်ရာမပေးမလှူမချင်း ထိုင်ရာမထတမ်း စွဲမြဲပြီးထိုင်နေတတ်ကြတဲ့အတွက် သစ်ငုတ်တိုကြီးတွေနဲ့ တူလှပါတယ်"

"သုခမိန်၊ အဲဒီလိုအလှူခံမျိုးကိုလည်း အလိုမရှိပါ"

"(၅) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ အရောင်းအဝယ်လုပ်ငန်းနဲ့ ပတ်သက်ကြပါတယ်။ သူတို့ရဲ့ရောင်းကုန်တွေကတော့ ဖန်ခါးသီး၊ သျှိသျှားသီး၊ သရက်သီး၊ သပြေသီး၊ သစ်ဆိမ့်သီး၊ တောင်ပိန္နဲသီး၊ ဥသျှစ်သီး၊ ဆီးသီး၊ လင်းလွန်းသီး၊ ကြံချောင်း၊ အထုပ်ထုပ်ထားတဲ့ တင်လဲခဲ၊ ဆေးတံ၊ မျက်စဉ်း၊ ပျားရည်မှစပြီး လူသုံးကုန်မှန်သမျှရောင်းကြဝယ်ကြပါတယ်။ ကုန်သည်တစ်ပိုင်း အလှူခံပုဂ္ဂိုလ်များ ဆိုနိုင်ပါတယ်"

"သုခမိန်၊ အဲဒီလို အလှူခံမျိုးကိုလည်း လှူချင်စိတ်မပေါ်လာသေးပါ"

"(၆) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ ငွေရလမ်းရှိသမျှ အကုန်လုပ်ကြပါတယ်။ လယ်ယာစိုက်ပျိုးရေး လုပ်ကြပါတယ်။ အရောင်းအဝယ်လည်း လုပ်ကြပါတယ်။ သိုး၊ ဆိတ်မွေးမြူရေးကိုလည်းလုပ်ကြပါတယ်။ သူများရဲ့သမီးပျိုများကိုလည်း မိမိတို့သားအတွက် ဝယ်ယူကြပါတယ်။ ကိုယ်မွေးထားတဲ့ သမီးပျိုများကိုလည်း ကြိုက်စျေးရရင် ရောင်းပစ်ကြပါတယ်။ တောလက်ကျေးရွာများက တောသူဌေးများဖြစ်သော်လည်း အခွင့်ကြုံရင် သူတို့ကလည်း အလှူခံတတ်ကြပါသေးတယ်"

"သုခမိန်ရယ်၊ ဒါလောက်တောင် လောဘဇောတက်နေတာတွေနဲ့တော့ မဆုံပါရစေနဲ့"

"(၇) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ တောသူတောင်သားများအတွက် တကယ့်ရှေ့သွားခေါင်းဆောင်ကြီးတွေပါ။ သူတို့က အခါပေးတတ်၊ ပေဒင်တွက်တတ်တာကြောင့် ရောက်လေရာအရပ်က သူတို့ကို ထမင်းအသင့်၊ ဟင်းအသင့် ကျွေးမွေးကြရပါတယ်။ သူတို့က နွားသင်းကွပ်တာလည်းလုပ်ပေးကြပါတယ်။ နွားကိုယ်ပေါ်မှာ သံပူနဲ့ကပ်ပြီး တံဆိပ်ရိုက်တာလည်းလုပ်ပေးကြပါတယ်။ နွား၊ ကျွဲ၊ ဝက်၊ ဆိတ်မှစပြီး တွေ့ကရာကိုသတ်ပေးကြပါတယ်။သူတို့ဟာ သားသတ်သမားစာရင်းဝင်ဖြစ်ကြသော်လည်း အနယ်နယ်အရပ်ရပ်မှာ လှည့်လည်အလှူခံတတ်ကြတဲ့အတွက် အလှူခံပုဂ္ဂိုလ်တစ်မျိုးလို့ဆိုနိုင်ပါတယ်"

"သုခမိန်ရယ်၊ သားသတ်သမားကို အလှူပေးလို့ကတော့ လူမိုက်အားပေး ဖြစ်တော့မှာပေါ့"

"(၈) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ အတိုက်အခိုက်ကျွမ်းကျင်ကြပါတယ်။ ဓားတစ်ချောင်းနဲ့သူတစ်ပါးကိုလည်း တိုက်ခိုက်နိုင်ကြပါတယ်။ အခြားသူက ဓားနဲ့လာပြီးခုတ်တော့လည်း ကာနဲ့ဆီးပြီးတော့ ကာကွယ်နိုင်ပါတယ်။ သူတို့အလုပ်က တောအုပ်များထဲကဖြတ်သွားတဲ့လမ်းထိပ်မှာ ရှိနေပါတယ်။ တောအုပ်ထဲက ဘေးကင်းရန်ကင်းဖြတ်သွားနိုင်အောင် ကုန်သည်တွေက သူတို့ကိုအခကြေးငွေပေးပြီး ငှားရမ်းကြပါတယ်"

"သုခမိန်၊ ဒီလိုလူမျိုးတွေကိုလည်း အလှူခံပုဂ္ဂိုလ်လို့ မသတ်မှတ်ချင်ပါဘူး"

"(၉) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်ထပ်လျှောက်တင်ပါရစေ။ သူတို့ကတော့ တောထဲမှာအနေများပါတယ်။ ချုံကောင်းကောင်းမှာ ပုန်းအောင်းပြီးတော့ ကျော့ကွင်းထောင်တတ်ကြပါတယ်။ ကျော့ကွင်းမှာ မိလာသမျှ ယုန်၊ ကြောင်၊ ဖွတ် ဆိုတဲ့ သတ္တဝါတွေကို မလွှတ်တမ်းသတ်ကြပါတယ်။ ငါးတို့၊ လိပ်တို့ကိုတောင်မှ အလွတ်မပေးကြပါဘူး"

"အို- သုခမိန်ရယ်၊ မုဆိုးစာရင်းဝင်အလှူခံတွေနဲ့တော့ မတွေ့ပါရစေနဲ့"

"(၁၀) အရှင်မင်းမြတ်၊ ဒီလိုဆိုရင် နောက်ဆုံးအခွင့်အရေးသဘောနဲ့နောက်တစ်မျိုး လျှောက်တင်ပါရစေ။ သူတို့ကတော့ ယဇ်ပူဇော်တဲ့လုပ်ငန်းကိုဦးဆောင်ဦးရွက်ပြုကြပါတယ်။ ဒါပေမယ့် သူတို့ဟာ ပစ္စည်းဥစ္စာကို လိုချင်မက်မောကြတာကြောင့် သောမယာဂအမည်ရှိတဲ့ ယဇ်ပူဇော်ပွဲပြုလုပ်ကြတဲ့အခါ မိမိတို့က ညောင်စောင်းအောက်မှာ အိပ်နေပြီးတော့ မင်းစိုးရာဇာတို့ကို ညောင်စောင်းပေါ်တက်စေပြီးတော့ အဲဒီကပဲ ရေချိုးချဖို့ စီစဉ်ကြပါတယ်"

"အို - သုခမိန်၊ တလွဲတချော် ယဇ်ပူဇော်ပွဲကျင်းပသူတွေကို မကြည့်ချင်ပါဘူး။ ကဲ - အလှူခံပုဂ္ဂိုလ်တွေ လျှောက်တင်လာခဲ့တာ အားလုံးပေါင်း ဆယ်မျိုးတောင်ရှိသွားပြီ။ အဲဒီတော့ နောက်ထပ်လျှောက်တင်စရာ တကယ့်ကို ကြည်ညိုလောက်တဲ့ အလှူခံပုဂ္ဂိုလ်များ ရှိပါသေးသလား"

"မှန်လှပါ၊ ရှိကြောင်းပါ ဘုရား။ အဲဒီအလှူခံပုဂ္ဂိုလ်များဟာ မေထုန်မှီဝဲခြင်းကို လွတ်လွတ်ကင်းကင်းရှောင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကြပါတယ်။ အကြားအမြင်များကြပါတယ်။ ကိုယ်ကျင့်သီလစင်ကြယ်ကြပါတယ်။ နံနက်စာတစ်ထပ်တည်းသာ စားသုံးကြပါတယ်။ မူးယစ်မေ့လျော့စေတတ်တဲ့သေအရက်တို့ကိုလုံးဝမသောက်ကြပါဘူး"

"အို - သုခမိန်၊ အခုမှပဲလိုရင်းကို ရောက်ပေတော့တယ်။ အဲဒီလို အလှူခံ ပုဂ္ဂိုလ်မျိုးကိုမှ အားပါးတရလှူဒါန်းချင်လှပါတယ်။ အဲဒီအလှူခံပုဂ္ဂိုလ်မျိုးက အခု ဘယ်မှာရှိပါသလဲ"

"အရှင်မင်းမြတ်၊ အဲဒီအလှူခံ ပုဂ္ဂိုလ်များက ဟိမဝန္တာတောင်စောင်းက နန္ဒမူလိုဏ်ဂူမှာ သီတင်းသုံးနေကြပါတယ်။ မိမိတို့ဘာသာမိမိတို့ကိုယ်တိုင် နိဗ္ဗာန်တရားတော်ကြီးကို အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ မျက်မှောက်ပြုပြီး ကျွတ်တမ်းဝင်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ဟာ နန္ဒမူလိုဏ်ဂူမှာ အေးငြိမ်းချမ်းသာစွာ သီတင်းသုံးလျက် ရှိကြပါတယ်ဘုရား"

"ကောင်းပြီ သုခမိန်၊ ကောင်းလှပါပြီ။ အဲဒီ အရှင်မြတ်များကို ဖူးချင်လှပါပြီ။ အလှူကြီးပေးချင်လှပါပြီ။ ဒါနဲ့ နေပါဦး သုခမိန်၊ ဟိုဝေးလံသီခေါင် လွန်းလှတဲ့ ဟိမဝန္တာတောင်ပေါ်က အရှင်မြတ်များကို ဘယ်လိုလုပ်ပြီး ပင့်ကြရပ့ါမလဲ"

"ဒီကိစ္စအတွက်တော့ ကြောင့်ကြတော်မမူပါနဲ့ ဘုရား။ ဘုရားကျွန်တော်မျိုး ရအောင်ပင့်ပေးပ့ါမယ်"

ဤသို့ လျှောက်တင်ပြီးလျှင် အလောင်းတော် ဝိဓုရသုခမိန်သည် ကောရဗျမင်းထံမှ အခွင့်အမိန့်တောင်းခံပြီးလျှင် ကုရုပတ္တမြို့တော်ကြီးတစ်ခုကို သန့်ရှင်းသပ်ရပ်အောင်လုပ်ဆောင်စေတာ အတင့်အတယ် တန်ဆာဆင်ရန် စီမံခန့်ခွဲ၏။ မြို့တော်သူမြို့တော်သား အားလုံးကလည်း နက်ဖြန်နေ့၌ ဥပုသ်သီလဆောက်တည်၍ အလှူပွဲများ တွင်းပကြရန် စည်လည်၍ကြေညာထားစေ၏။

ထို့အတူပင် ကောရဗျမင်းကိုလည်း အခြွေအရံပရိသတ်အပေါင်းနှင့် အတူ ဥပုသ်ဆောက်တည်ရန် လျှောက်ထားင်၏။ နောက်တစ်နေ့တွင် မိမိကိုယ်တိုင်ကလည်း ဥပုသ်သီလဆောက်တည်ထား၏။ ညချမ်းအချိန်သို့ရောက်သော အခါ အလောင်းတော်ဝိဓုရသုခမိန်သည် မြတ်လေးပန်းများ - အပြည့်အမောက် ထည့်ထားသော ရွှေပန်းတောင်းကို ခေါင်းပေါ်မှာရွက်၍ ရွှေနန်းတော်သို့ လာခဲ့၏။ နန်းတော်ထက်သို့ ရောက်သောအခါ ကောရဗျမင်းနှင့်တကွ နန်းတွင်းသူနန်းတွင်းသားအားလုံးပါမကျန် ညီလာခံခန်းမကြီးထဲ၌ စုဝေးကြ၏။ ထို့နောက် ဟိမဝန္တာတောင်ကြီးရှိရာ မြောက်မျက်နှာအရပ်သို့ ပရိသတ်အားလုံးတို့အား ထိခြင်းငါးပါးတို့ဖြင့် ရှိခိုးနေကြရန် ပန်ကြားလေ၏။ ထို့အတူပင် အလောင်းတော်သုခမိန်ကိုယ်တိုင်ကလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြုလျက် ဦးခေါင်းထက်၌ လက်အုပ်ချီထားပြီးလျှင် -

"ဟိမဝန္တာတောင်တော်ကြီးက နန္ဒမူလိုဏ်ဂူမှာ သီတင်းသုံးတော်မူကြတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ဘုရား။ ဘုရားတပည့်တော်တို့၏ အရှင်သခင် ကုရုတိုင်းပြည်ကို အစိုးရတော်မူတဲ့ ယုဓိဋ္ဌိလနွယ်ဖွား ကောရဗျမင်းတရားက အရှင်ဘုရားတို့အား ဆွမ်းအလှူပေးလိုပါတယ်။ ဒါကြောင့် နက်ဖြန်ခါ နံနက်ခင်းမှာ ဘုရားတပည့်တော်တို့၏ ကုရုပတ္တ ရွှေနန်းတော်သို့ ဆွမ်းအလှူခံကြွတော်မူကြပါရန် ရိုသေလေးမြတ်စွာဖြင့် ပင့်လျှောက်ပါတယ်ဘုရား"

ဤသို့ နှုတ်မြွက်၍လျှောက်ထားလိုက်ပြီးလျှင် ရွှေပန်းတောင်းထဲက မြတ်လေးပန်းတို့ကို လက်တစ်ဆုပ်အပြည့်ဆုပ်၍ အထက်ကောင်းကင်သို့ ပစ်လွှင့်လိုက်၏။ ထိုတစ်ဆုပ်ပြီးလျှင်နောက်တစ်ဆုပ် နောက်တစ်ဆုပ်အားဖြင့် ရှစ်ဆုပ်သော မြတ်လေးပန်းတို့ကို ကောင်းကင်သို့ ပစ်လွှင့်လိုက်လေရာ ပစ်လွှင့်ခြင်းခံရသည့် မြတ်လေးပန်းပွင့်အားလုံးတို့သည် မြောက်ဘက်လေသာပြတင်းမှတန်းတန်းမတ်မတ်ထွက်သွားကြပါတော့သည်။

ထိုမြတ်လေးပန်းရှစ်ဆုပ်တို့သည် ကောင်းကင်ခရီးဖြင့် လေဟုန်စီး၍ လာခဲ့ကြပြီးလျှင် ဟိမဝန္တာတောင်ခါးပန်းက နန္ဒမူလိုဏ်ဂူတော်သို့ရောက်လာကြ၏။ လိုဏ်ဂူတော်အတွင်းသို့ရောက်လာပြီးသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ အပေါ်၌ ပန်းမိုးရွာ၍ ပူဇော်ကြလေသည်။

ဤတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များက ပန်းမိုးရွာရခြင်း၏ အကြောင်းရင်းကို အဘိညာဉ်စွမ်းအားဖြင့် ကြည့်ရှုသိမြင်တော်မူကြရာ အရှင်မြတ်တစ်ပါးက-

"အို-အရှင်မြတ်တို့ဘုရား။ အခုရောက်လာတဲ့ပန်းတွေက ဝိဓုရသုခမိန်ရဲ့ စေတမန်များဖြစ်ကြပါတယ်။ သူတို့နေထိုင်ရာ ကုရုပတ္တမြို့တော်က ရွှေနန်းတော်သို့ ဆွမ်းအလှူခံကြွဖို့ ပင့်လျှောက်ခြင်း ဖြစ်ပါတယ်။ ပင့်လျှောက်သူ ဝိဓုရသုခမိန်ဟာ သာမညလူတစ်ယောက် မဟုတ်ပေဘူး။ ဒီဘဒ္ဒကမ္ဘာမှာပဲ ပွင့်တော်မူမယ့် ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဖြစ်ပေတယ်။ ဒါကြောင့် အလောင်းတော်ကိုချီးမြှောက်တဲ့သဘောနဲ့ သူပင့်လျှောက်တာကို လက်ခံကြပါစို့ဘုရား"

ဤသို့ အရှင်မြတ်ငါးရာလုံးအား ပန်ကြားလျှောက်ထားရာ အရှင်မြတ်အားလုံးက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူကြလေသည်။

အကယ်၍ ဝိဓုရသုခမိန်၏ ပင့်လျှောက်ခြင်းကို အရှင်မြတ်တို့က လက်မခံ ပယ်လှန်လိုက်ပါက မြတ်လေးပန်းများက ရွှေနန်းတော်သို့ ပြန်လာကြမည် ဖြစ်၏။ သို့ပါလျက် မြတ်လေးပန်းများက ပြန်မလာကြသဖြင့် အလောင်းတော်ဝိဓုရသုခမိန်က မိမိ၏ပင့်လျှောက်ခြင်းကို အရှင်မြတ်များက လက်ခံတော်မူလိုက်ကြပြီဟု သဘောပေါက်သဖြင့် မနက်ဖြန် ဆွမ်းအလှူတော်ပွဲအတွက် အဘက်ဘက်မှလိုလေသေးမရှိရအောင် ဆောင်ရွက်ထားလေသည်။

နောက်နေ့ နံနက်လင်းသောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးရာတို့သည် အနဝတတ်ရေအိုင်၌ ရေချိုးတော်မူကြပြီးလျှင် သင်္ကန်းရုံ၍သပိတ်ကိုပိုက်လျက် ကောင်းကင်ခရီးဖြင့် ကုရုပတ္တမြို့မှ ရွှေနန်းတော်သို့ ကြွတော်မူလာကြ၏။ ကောရဗျမင်းသည် နန်းတွင်းသူနန်းတွင်းသားပရိသတ်များနှင့်တကွ ရိုသေလေးမြတ်စွာကြိုဆို၍ အသင့်ပြင်ဆင်ခင်းကျင်းထားသောနေရာများသို့ ပင့်ဆောင်၏။ အရှင်မြတ်အားလုံးထိုင်မိကြသောအခါ အသင့်ချက်ပြုတ်စီမံထားသောဆွမ်းနှင့် ဆွမ်းဟင်းတို့ကို လောင်းလှူကြလေသည်။

ဤသို့ဖြင့် နေ့စဉ်ရက်ဆက် ဆွမ်းဘောဇဉ်များ ဆက်ကပ်လာခဲ့၍ ခုနစ်ရက်မြောက်သို့ ရောက်လာသည်တွင် ရဟန်းတို့၏ အသုံးအဆောင်ဖြစ်သော ပရိက္ခရာရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြလေသည်။

ဝဏ္ဏာသိရိ




www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်က ပရိနိဗ္ဗာန်ပြုခါနီးတွင် သုဘဒ္ဒအား -

"အို - သုဘဒ်၊ ဤသာသနာတွင်း၌ ရဟန်းတို့သည် နည်းမှန်လမ်းမှန်ဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နေသရွေ့ ကာလပတ်လုံး ဤလောကကြီးတွင် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းနိုင်"

ဟူ၍ ဟောကြားတော်မူခဲ့သည်။

ထို့နောက် -

❑ ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္မာဒေထ။

'ချစ်သားရဟန်းတို့၊ သင်တို့ကို ငါဘုရား နောက်ဆုံး မိန့်မှာတော်မူခဲ့ပါအံ့။ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကြကုန်၏။ သင်ချစ်သားတို့သည် မမေ့မလျော့သော သတိတရားဖြင့် အားထုတ်ရစ်ကြကုန်လော့'

ဟု နောက်ဆုံးစကား မိန့်မှာတော်မူခဲ့သည်။

ဘုရားရှင်၏ နှုတ်ထွက်စကားတော်တို့သည် ဗုဒ္ဓဘာသာသာသနာအတွက် အားထားစရာ၊ အားတက်စရာပင် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုသွားလင့်ကစား သာသနာတည်ရှိနေသမျှ ကာလပတ်လုံး မြန်မာနိုင်ငံတွင် မော်ကွန်းမှတ်တမ်းတင်ခံရသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများသည် ခေတ်အဆက်ဆက် တစ်ပါးပြီးတစ်ပါး တစ်ယောက်ပြီးတစ်ယောက်ပေါ်ပေါက်လာခဲ့သည်။ နောက်ထပ်လည်း ပေါ်ပေါက်ဆဲ ပေါ်ပေါက်ဦးမည် ဖြစ်ပါသည်။

ခန္ဓာဝန်ချပြီးသောအခါ အရောင်အဆင်းအမျိုးမျိုး၊ အရွယ်အစား၊ ပုံပန်းသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် ဓာတ်တော်များ ကျပြတော်မူခဲ့သည်။ မပုပ်မသိုးသောခန္ဓာများ၊ ပျော့ပျောင်းသောခန္ဓာဖြင့် ညာဘက်စောင်း၍ ခန္ဓာချုပ်ငြိမ်းသွားကြသည်ကို နေရာအနှံ့အပြားတွင် အတော်များများ တွေ့ရှိလာရပါသည်။

### (မြန်အောင်)

# စိုးလင်းအောင်

## ရှေးဟောင်းလမ်းပြသာသနာ့အာဇာနည်နှင့် ထူးထူးခြားခြားပုဂ္ဂိုလ်များ



www.burmeseclassic.com

ထို့ကြောင့် နိုင်ငံခြားသားများက မြန်မာနိုင်ငံသာသနာအပေါ် ယုံကြည်အားကိုးစွာဖြင့် 'နည်းမှန်လမ်းမှန် တရားအားထုတ်လိုလျှင် မြန်မာနိုင်ငံကိုသာ သွားပါ' ဟု လမ်းညွှန်လျက်ရှိနေကြပါပြီ။

ဆွစ်ဇလန်နိုင်ငံ ဂျနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ဘာသာရေးနှင့် အသိဉာဏ်မြင့်မားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ဗုဒ္ဓဘာသာကို ကမ္ဘာ့အမွန်မြတ်ဆုံးနှင့် အကောင်းဆုံးဘာသာအဖြစ် ၁၈-၁၁-၂၀၁၁ ရက်နေ့က ရွေးချယ်ခဲ့ကြောင်း သိရသည်။ ၎င်းရွေးချယ်ပွဲကို ကမ္ဘာ့ဘာသာပေါင်းစုံမှ ကိုယ်စားလှယ် (၂၀၀) ကျော်က မဲပေးရွေးချယ်ခဲ့ရာတွင် မဲအများဆုံးဖြင့် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။ ဘာသာရေးခေါင်းဆောင်အများစုသည် မိမိတို့၏ ဘာသာများထက် ဗုဒ္ဓဘာသာကို မဲပေးခြင်းသည် အလွန်အံ့သြဖွယ်ကောင်းခဲ့ကြောင်း အဆိုပါအဖွဲ့၏ ညွှန်ကြားရေးမှူးကိုယ်တိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ အထွန်းကားဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဘုရားဟောဒေသနာတော်များသည် ပါဠိဘာသာဖြင့်သာ တည်ရှိနေပါသည်။ ပါဠိဘာသာ မတတ်ကျွမ်း၊ မကျွမ်းကျင်သော လူပုဂ္ဂိုလ်တို့မှာ အခက်အခဲများစွာ တွေ့နေရပါ၏။

ထိုကဲ့သို့ ပါဠိဘာသာများနှင့် ဟောကြားထားသော တရားတော်များကို ဘုရား၏သားတော် ရဟန်းတော်များက မြန်မာလိုပြန်ဆို၍ ဟောကြားထားသောကြောင့်သာ မြန်မာလူမျိုးတို့များစွာ အကျိုးများ အကျိုးထူးရရှိပေသည်။

ထိုသို့ မြန်မာလို လူပြိန်းနားလည်အောင် ဟောကြားတော်မူသော သာသနာ့အာဇာနည်များစွာထဲမှ ဓာတ်တော်များကျ၍ -

'ငါသေရင် သပိတ်မသွတ်နဲ့။

လူမိုက်သေရင် လူမိုက်မသာ၊ လူလိမ္မာသေရင် လူလိမ္မာမသာ။

လူမိုက်မသာက သေရင်ပုပ်မယ်ရှိမယ်၊ လူလိမ္မာမသာက ဓာတ်တော်ကျမယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ဟောပြောတော်မူခဲ့သော မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဟောကြားခဲ့သော တရားအချို့ ကောက်နုတ်ချက်၊ ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သည့်အတိုင်း နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သောကြောင့်လည်းကောင်း၊ တခြားကမ္မဋ္ဌာန်းများဖြင့်လည်းကောင်း တရားအားထုတ်နှလုံးသွင်းမှုမှန်၍ တရားထူးတရားမြတ် ရရှိသူများအချို့ကို တင်ပြလိုပါသည်။

မိုးကုတ်ဆရာတော်ဦးဝိမလသည် သာမန်ပုထုဇဉ်များ နားလည်အောင် မြန်မာစကားပြေသက်သက်နှင့် အသံအနိမ့်၊ အမြင့်၊ အသံနေအသံထားမပါ အကြောင်းအရာတစ်ခုကို ရိုးရိုးအရပ်သုံးစကားသုံးကာ . ရှင်းပြသည့်အတွက် နားလည်လွယ်ပါသည်။

တရားအားထုတ်ရာတွင် လွယ်ကူအောင် 'ပုထုဇ္ဇနအလင်းပြကျမ်း' နှင့် အခြားကျမ်းများကို ရေးသားခဲ့ပါသည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ ဖြင့်ပြည့်စုံတော်မူသည့်အပြင် သာသနာ (၃) ရပ်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောကြောင့် ၁၉၆၂ ခု၊ ဇူလိုင် ၈ ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရမှ ကပ်လှူပူဇော်ခဲ့၏။

မိုးကုတ်ဆရာတော်လောင်းအလျာကို အမရပူရမြို့ အရှေ့တောင်ဘက် (၄) မိုင်ခန့်အကွာ မြစ်ငယ်(ဒုဋ္ဌဝတီ)မြစ်၏ မြောက်ဘက် ဥယျာဉ်တော်ရွာတွင် ဖွားမြင်ခဲ့ပါသည်။ ၁၂၆၁ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ခမည်းတော် ဦးအောင်ထွန်း၊ မယ်တော် ဒေါ်ရွှေအိတ်တို့မှ မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။ မယ်တော်ဒေါ်ရွှေအိတ်မှာ ဆရာတော်လောင်းလျာကို ဖွားမြင်သည်အထိ (၉) ပါးသီလ စောင့်ထိန်းကာ အချိန်ကုန်လွန်ခဲ့သည်။

ငယ်မည် မောင်လှဘော်ဖြစ်ပြီး မွေးချင်း (၈) ယောက်အနက် ပဉ္စမ မြောက်သား ဖြစ်ပါသည်။ ငယ်စဉ်က ကလေးများ ရှင်ပြုပွဲကစားကြတိုင်း မောင်လှဘော်လေးက ဘုန်းကြီးဝတ်သည့်နေရာကသာ ဗီဇဝါသနာအတိုင်း ကစားလေ့ရှိခဲ့၏။ (၄) နှစ်သားအရွယ်တွင် ကျောင်းစတတ်သည်။ တွက်စာ၊ ကျက်စာများပါတော်သဖြင့် ဆရာကြီး ဦးစံရက ချီးမွမ်းခဲ့ရပါသည်။

(၉) နှစ်သားအရွယ်တွင် ဥယျာဉ်တော်ရွာ၏ အနောက်မြောက်ဘက် ငွေးပင်တောရကျောင်း ဦးဇာဂရထံမှာ ပထမအကြိမ် ရှင်ပြုပေးခဲ့သည်။ ဘွဲ့တော်အမည်မှာ ရှင်ဝိမလဟု အမည်ပေးခဲ့သည်။ 'ဝိ' ဆိုတာ မရှိတာ၊ 'မလ' က အညစ်အကြေး၊ အညစ်အကြေးကင်းစင်သူဟု ငယ်ဆရာတော် ဦးဇာဂရ က မိန့်တော်မူခဲ့၏။

ကိုရင်ဝိမလမှာ သဒ္ဒါသင်္ဂြိုဟ်များကိုလည်း ကြိုးစားသင်ယူ၍ ဆရာ့ဝတ်ကိုလည်း ကျေပွန်လှ၏။ အဟောအပြော ငယ်ငယ်ကပင်ကောင်းမွန်လှ၍ လာဘ်လာဘပေါများပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ဘုန်းကြီးနေသဖြင့် ဆရာတော်ကြီးနှင့် ရပ်သူရွာသား ဒါယကာ၊ ဒါယိကာမများက ကိုရင်သီဝလိဟုပင် ခေါ်စမှတ်ပြုကြလေသည်။

ကိုရင်ဝိမလ (၁၂) နှစ်သားအရွယ်တွင် ခေါက်ထားသောသက်န်းမှာ ပျားများစွဲလေသည်။ ဤအကြောင်းကိုသိသော ငွေးပင်တောရဆရာတော်ကြီးက ဤသာမဏေသည် နောင်သောအခါတွင် ဘုန်းကံကြီးမားသောဆရာတော်အကျော်အမော်တစ်ပါး ဖြစ်လိမ့်မည်။ တပည့် ဒါယကာ၊ ဒါယိကာမ အသိုက်အဝန်းကြီးမား၍ လူများစွာ၏ မှီခိုအားထားရာဖြစ်ပေလိမ့်မည်ဟု နိမိတ်ဖတ်ကြားတော်မူလေသည်။

ဘုန်းတော်ကြီး အိုမင်းမစွမ်းရှိလာသည်နှင့် ကိုရင်ဝိမလသည် အစ်မအရင်းဖြစ်သူ သီလရှင် ဒေါ်သုစာရီရှိရာ အမရပူရမြို့သို့ ပညာသင်ထွက်ခဲ့၏။ ရှင်ဝိမလသည် မင်္ဂလာတိုက်ဆရာတော်နှင့် မင်းတုန်း၊ သီပေါ၊ ဗြိတိသျှ (၃) ခေတ်တွင် အဘိဓမ္မာအရာ၌ ပထမကျော် ဦးအုန်းထံ၌ အဘိဓမ္မာပညာများကို ကြိုးစားသင်ယူလေသည်။

ရှင်ဝိမလသည် ဥပုသ်ဇရပ်များတွင် ဘုရားဟောကောင်းသည်ဟု တစ်စတစ်စနှင့် ကျော်ကြားလာသဖြင့် ပညာရေးနှောင့်နှေးမည်ကိုစိုးလှသောကြောင့် ဆရာတော်ကြီးများက ပိတ်ပင်ထားရလေသည်။

ကိုရင်ဘဝနှင့်ပင် ဆရာကြီးဦးအုန်း၏ အဘိဓမ္မာအမွေတို့ကို အတွင်းကျကျ ရရှိထားသူ ဖြစ်လေသည်။

၁၂၈၁ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့ ရှင်ဝိမလ သက်တော် (၂၀) ပြည့်သောအခါ မင်္ဂလာတိုက်ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်ကို ရောက်ရှိတော်မူလေသည်။

ရဟန်းဒကာ၊ ဒကာမများမှာ အမရပူရမြို့ အိုးတော်ရပ် ကုန်သည်ကြီး ဦးဝမ်းနှင့် ဒေါ်ဒေါ်စောတို့ ဖြစ်ကြ၏။ ရဟန်းခံယူသောနေ့၌ သိမ်မှထွက်တော်မူပြီး သင်္ကန်းများချွေးစိုရွှဲနေသဖြင့် တန်းပေါ် ခဏတစ်ဖြုတ်တင်လှန်းထားရာ ဒုတိယအကြိမ် ပျားများဝိုင်းအုံစွဲကြပြန်သည်။

ထိုအကြောင်းကို ကိုယ်တွေ့ကြုံရသော အမရပူရမြို့ အောင်ခြင်း (၈) ပါး ဆရာတော်ဘုရားကြီးက ပုဗ္ဗနိမိတ်ဖတ်တော်မူသည်မှာ ယခုဘဝတွင်မှာပဲ တရားထူးတရားမြတ်ရနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်လိမ့်မည်ဟု ဖွင့်ဟမိန့်ဆိုတော်မူခဲ့သည်။

၁၂၈၃ ခုနှစ်တွင် အစ်မဖြစ်သူ သီလရှင် ဒေါ်သုစာရီနှင့် စာသင်ဖက်ဖြစ်သော မိုးကုတ်မြို့သူ ဒေါ်ဝိစာရီတို့က သိမ်ထပ်မင်္ဂလာပြုကြပြန်သည်။ ဤအချက်သည်ပင် မိုးကုတ်ဆရာတော်ဟူသော အမည်တော်ကို ခေါ်ဝေါ်နိုင်ရန် အခြေခံအကြောင်းတစ်ရပ် ဖြစ်ခဲ့ရလေသည်။

ထိုအချိန်အခါတွင် ပထမကျော် ဆရာကြီး ဦးအုန်းက မိမိကိုယ်စား ဦးပဉ္စင်းဦးဝိမလအား အဘိဓမ္မာညဝါများကို စမ်းသပ်ပို့ချခိုင်းလေသည်။ နေ့အခါတွင် မန္တလေးမြို့သို့ ရထားဖြင့်သွားရောက်ကာ စာပေပိဋကတ်တော်များ သင်ယူတော်မူရလေသည်။

၁၂၈၆ ခုနှစ်တွင် မင်္ဂလာတိုက်ကျောင်းအတွင်း အလယ်ပိဋကတ်တိုက်ကျောင်းကြီး၌ စာချဖြစ်တော်မူကာ နှစ်ပေါင်း (၃၀) ကျော်မျှ အထူးသဖြင့် အဘိဓမ္မာညဝါကျမ်းများကို ပို့ချတော်မူလေသည်။

မာတိကာ၊ ဓာတုကထာနှင့် ယမိုက်ပဋ္ဌာန်းကျမ်း (၃) ကျမ်းတို့ကို တစ်နှစ်လျှင် သုံးကြိမ်စီပို့ချတော်မူရာ စာလိုက်သံဃာများမှာ (၃၀၀)၊ (၄၀၀) ပင်ရှိကြသဖြင့် ကျောင်းပေါ်၌မဆံ့၍ မယ်ဇယ်(မည်စည်)ပင်များ၏ အရိပ်အာဝါသကို ခိုလှုံကာ စာဝါလိုက်ကြရသည်။

ဆရာတော်ဦးဝိမလသည် ရဟန်းတော်များအား စာပေပို့ချတော်မူလျက်ပင် တစ်ဖက်မှလည်း လူဒကာ၊ ဒကာမများအား အဘိဓမ္မာတရားများကို ဟောပြောပြသတော်မူလေသည်။

"မောင်ပဉ္စင်း၊ စာချရတာကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ရရုံလောက်ပဲရှိတယ်။ တရားဟောရတာလည်း ကုသိုလ်ရရုံလောက်ပဲရှိတယ်။ မိမိကိုယ်တိုင် ဦးစွာပထမ ဝိဇ္ဇာအသိဉာဏ်နဲ့ ကိစ္စပြီးအောင် ဆောင်ရွက်လုပ်ကိုင်ပါဦး။ နောက်ကျမှ ဟောပြောမှုကို ပြုလုပ်တာပေါ့"

ဟု သက်နီးပျားစွဲနိမိတ်ကို ဖတ်ကြားတော်မူခဲ့သော အောင်ခြင်း (၈) ပါး ဆရာတော်က နောင်အနာဂတ်ရေးကို မြော်တွေး ထောက်ချင့်တော်မူလျက် တရားဟောခြင်းနှင့် စာချခြင်းတို့ကို ဟန့်တားတော်မူလေသည်။

ဆရာတော်၏ ဆုံးမစကားကို မမျှော်လင့်ဘဲ ဖြန်းခနဲကြားလိုက်ရသော အခါ စိတ်ထဲနင့်ခနဲဖြစ်သွား၍ သံဝေဂဉာဏ်များဝင်ရောက်လာလေတော့၏။ ထိုအချိန်မှစတင်ပြီး ညဦးအခါများ၌ အချိန်ထားတော်မူကာ ဝိပဿနာအလုပ်ကို ကြိုးစား အားထုတ်တော်မူလေသည်။

ဆရာတော်ဦးဝိမလသည် 'ယထာဘူတ ဉာဏာယ သတ္တာပရိယေသိတဗ္ဗော' ဟူသော ရှင်တော်မြတ်ဘုရား၏ ဝိပဿနာအရာ ဆရာကောင်းရှာမှီးရမည် ဟူသောထုံးကို နှလုံး၌ထား တော်မူလျက် ကလျာဏမိတ္တ စစ်မှန်သော ဆရာကောင်းဆရာမွန်များကို မန္တလေး၊ မုံရွာ၊ မင်းကွန်း စသောနေရာဌာနများသို့ တရားရှာမှီး သွားရောက်ကာ တရားဘာဝနာများကို ကြိုးပမ်းအားထုတ်တော်မူလေသည်။

၁၂၉၀ ခုနှစ်တွင် ညောင်လေးပင်မြို့တရားပွဲအတွက် စစ်ကိုင်းတောင်ရိုးဇဗ္ဗုပတိချောင် လယ်တီဦးပဒုမအား လာရောက်ပင့်ဆောင်ကြရာ ဦးပဒုမက-

"ငါ့မှာ သွက်ချာပါဒဖြစ်နေပြီ။ ငါ တရားမဟောနိုင်တော့ဘူး။ ဒါပေမယ့် မင်းတို့ အဘိဓမ္မာတရားပွဲနဲ့ ထိုက်တန်တဲ့ ကိုယ်တော်လေးတစ်ပါးတော့ တွေ့ထားတယ်"

ဟု ဆိုကာ မိုးကုတ်ဆရာတော် ဦးဝိမလကို ညွှန်ကြားလိုက်သည်။

ဤအချိန်ကား အဘိဓမ္မာတရားပွဲများခေတ်စားနေချိန် ဖြစ်၏။ လယ်တီဆရာတော်ဘုရားကြီးနှင့်တကွ တပည့်ကြီးများဖြစ်သော လယ်တီဦးပဒုမ၊ သေကျွတောင် ဦးတိလောက စသော နိုင်ငံကျော်ဓမ္မကထိကများ တစ်ပါးဆင်း၊ တစ်ပါးတက် ဟောနေသောနေရာ ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီး စတင်ရောက်ရှိချိန်က ဤဘုရားပွဲတွင် တရားပွဲများ၊ ဇာတ်ရုပ်သေးပွဲများဖြင့် စည်ကားစွာ ကျင်းပနေချိန် ဖြစ်၏။ ထိုအကြောင်းအရာတို့ကိုသိတော်မူသော လယ်တီဆရာတော်ဘုရားကြီးက -

"တစ်နှစ်တစ်ခါ ငရဲရွာ လူ့ရွာ ဘုရားပွဲမလုပ်ကြပါနဲ့ကွာ"

ဟု မိန့်ဆိုတော်မူရာမှ ပေါ်ပေါက်လာခဲ့သော အဘိဓမ္မာတရားပွဲကြီး ဖြစ်လေသည်။

နောင်နှစ် ၁၂၉၂ ခုနှစ်မှစ၍ နှစ်စဉ် တပေါင်းလဆန်း ၈ ရက်နေ့တိုင်း ညောင်လေးပင်တရားပွဲကြီးသို့ကြွရောက် ချီးမြှင့်တော်မူရလေသည်။

ညောင်လေးပင်တရားပွဲတွင် -

"ဘုန်းကြီးက စာပေကိုသာ ပို့ချနေတာပါ။ ယခုလိုမဏ္ဍပ်ကြီးတွေထိုးပြီး မဟောဖူးသေးပါဘူး"

ဟု ခပ်ယို့ယို့ဖြင့် စတင်ပွဲထွက်လာခဲ့သော်လည်း မိုးကုတ်ဆရာတော်၏ အဘိဓမ္မာပန်းဝတ်ရည်ကို ညောင်လေးပင်မှ ဒကာ၊ ဒကာမများနှင့်တကွ တရားနာပရိသတ်အားလုံး စွဲမှတ်ကြိုက်နှစ်သက်ကြသည်။

ဆရာတော်ဘုရားကြီးသည် ဒုတိယကမ္ဘာစစ်ကာလ မိုးကုတ်မြို့ တော်ပတန်းရွာအနီးရှိ သဘာဝကျောက်လိုဏ်ဂူအတွင်းတွင် (၄)နှစ်ခန့်တရားအားထုတ်တော်မူခဲ့ရာမှ တရားထူးတရားမြတ်ရခဲ့သည်ဟု ယူဆရပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည်နှင့် ဆရာတော်ကြီးသည် မိုးကုတ်မြို့သို့ ကြွရောက်တော်မူခဲ့ပြီး (၇)နှစ်တာ ကာလပတ်လုံး မိုးကုတ်မြို့အား အလေးအမြတ်ထားကာ ဓမ္မတရားတော်ဖြင့် ကျွေးဖူးဆပ်နေသည်။

ဟောကြားသော တရားတော်များမှာလည်း ရှေးယခင်ကနှင့်မတူ လေးနက်လွန်း၏။ ထက်မြက်လွန်း၏။ လက်တွေ့အားထုတ်ရသည့် ခန္ဓာဉာဏ်ရောက် တရားတော်တွေချည်း ဖြစ်နေပေသည်။ ဆရာတော်သည် စရိုက်အထာ သက္ကာယဒိဋ္ဌိကို များစွာပေါ်လွင်အောင်၊ အညီအတွယ်များ ရှင်းလင်းအောင် ကြိုတင်ခွာနိုင်သမျှ ခွာပေးတော်မူလေ့ရှိသည်။

ဒိဋ္ဌိမခွာဘဲ ဒိဋ္ဌိတန်းလန်းနှင့် ဝိပဿနာရှုလျှင် (ဒုဗ္ဗလဝိပဿနာ) အားနည်းသောဝိပဿနာဖြစ်၍ မဂ်ဖိုလ်မရောက်နိုင်။ ထိုဒိဋ္ဌိအစွဲမှာလည်း ပဋိစ္စသမုပ္ပါဒ်နားမလည်၍ စွဲရသည်ဟု သုံးသပ်တော်မူကာ ဒိဋ္ဌိကို အသိနှင့်ခွာရန် ပဋိစ္စသမုပ္ပါဒ်ကိုသာနာနာဖြစ်၍ နားစွဲသွားအောင် ဟောတော်မူလေသည်။

နွေ၊ မိုး၊ ဆောင်း (၃) ရာသီစလုံး အမရပူရ၊ မိုးကုတ်၊ မင်းကွန်း စသော နေရာများကို သင့်တော်သလို အချိန်ပေး၍ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက် နိဗ္ဗာန်ရောက်တရားများကို ဟောပြောပြသ နေရင်း ၁၃၂၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ နေ့လယ် (၁) နာရီ မိနစ် (၂၀) အချိန်တွင် အမရပူရမြို့ မဂ်လာတိုက်ကျောင်း၌ ခန္ဓာဇာတ်သိမ်း၍ အကြွင်းမဲ့ အေးငြိမ်းတော်မူခဲ့လေသည်။

၁၃၂၄ ခု၊ ပြာသိုလဆန်း ၁၄ ရက်နေ့ ညနေ (၂) နာရီအချိန် ရုပ်ကလာပ်တော်ကို ဗဟိုမဏ္ဍပ်မှ ဦးကျော်သိန်း၊ ဒေါ်တင်လှတို့၏ ဧည့်ခံမဏ္ဍပ်ဆီသို့ ပင့်ဆောင်လာကြစဉ် လူအုပ်ကြီးပေါ်မှ ပျားကောင်များသန်းလိုက်လာပြီးလျှင် ရုပ်ကလာပ်မရောက်မီအချိန်ပိုင်းတွင် မဏ္ဍပ်မုတ်ဆိတ်တွင် ပျားစွဲပြန်သည်။

မိုးကုတ်ဆရာတော်နှင့် ပျားသည် တတိယအကြိမ်မြောက် အမှတ်အသားကြီးတစ်ခုဖြစ်လာသည်။ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ရန်စီစဉ်နေသော်လည်း အပုပ်နံ့ လုံးဝမထွက်ဘဲရှိနေသည်။

❑ နိက္ကိလေသာနံ မတသရီရမ္ပိ ဒုဂ္ဂန္ဓံ နဟောတိ။

**နိက္ကိလေသာနံ** - အာသဝေါကင်းကွာ ရဟန္တာအရှင်သူမြတ်တို့၏၊ **မတသရီရမ္ပိ** - ပရိနိဗ္ဗာန်စံဝင်ပြီးသော အတ္တဘောခန္ဓာကိုယ်သည်လည်း၊ **ဒုဂ္ဂန္ဓံ** - အပုပ်နံ့သည်၊ **နဟောတိ**- မထွက်ပါချေ။

မီးသင်္ဂြိုဟ်၍ မီးမစွဲဘဲကျန်နေသော သူငယ်အိမ်မပျက် မျက်လုံးတော် အစုံနှင့် ချိတ်ဆက်ဆက်နေသောလက်ဆစ်အရိုးတော်များ၊ ဓာတ်တော်များ၊ သွားတော်များကိုဖူးတွေ့ရမှသာ ရဟန္တာမှန်းသိကြတော့သည်။

ထိုအခါကျမှ သီတင်းကျွတ်လပြည့်နေ့က ဟောကြားတော်မူသော 'ငါသေလျှင် သပိတ်မသွတ်နှင့်' ဟူသော တရားတော်ကို နှလုံးပိုက်မိကြလေတော့သည်။

❑ **မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော်များမှ ကောက်နုတ်ချက်အချို့**

ဆရာတော်ဘုရားကြီးက -

❑ ယခုလို စက်တွေနဲ့ဖမ်းထားတာ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကျရင်ပြန့်ပွားလာလိမ့်မယ်. . .

ဟု ဟောကြားခဲ့ပါသည်။

□ ဦးကျော်သိန်း၊ ဒေါ်တင်လှတို့က ကျောင်းကြီးဆောက်လှူဒါန်းခဲ့သော်လည်း လက်မခံသေး။ ဝိပဿနာတရားများကိုသာ ကြိုးစားနာယူအားထုတ်စေရန် အတန်တန်ဟောကြား အားထုတ်စေပြီးမှ ကျောင်းကြီးကို ရေစက်ချလှူဒါန်းစေပါသည်။

ရှိလို့လှူတာထက် သိလို့လှူတာက မြတ်ကြောင်း ပြသလိုက်ခြင်း ဖြစ်ပါသည်။

□ ကျောင်းဆောက်၊ ဘုရားတည်တာ ကုသိုလ်မရဘူးလို့ မဟောပါဘူး။ သူက နိဗ္ဗာန်မြင်တဲ့ဆီရောက်အောင်ပို့ပေးရဦးမယ်။ သစ္စာမြင်တဲ့မျက်လုံးဆီပို့တော့မှ သစ္စာမြင်တဲ့မျက်လုံးကမြင်မှ နိဗ္ဗာန်ရမှာ။

□ နိဗ္ဗာန်ဟာ ရုပ်လား၊ နာမ်လားဆိုလျှင် နိဗ္ဗာန်ဟာ ကျုပ်တို့ဆီမှာရှိတဲ့ ရုပ်၊ နာမ်မျိုးတော့ မဟုတ်ဘူး။ သို့သော် ရုပ်လား၊ နာမ်လားလို့မေးလို့ရှိရင် နာမ်ဓမ္မလို့ဖြေ။

ဒါပေမယ့် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ရှိတဲ့ နာမ် မဟုတ်ဘူး။ ဖြစ်၊ ပျက်ရှိသလားဆိုတော့ မရှိဘူး။ ဒါဖြင့် ဖြစ်၊ပျက်မရှိတဲ့နာမ်ဓမ္မဆိုလို့ရှိရင် ဒီလိုမှတ်ပါ။

□ ပါရမီမလိုဘူး။ သစ္စာတရားနာကြားမှုနဲ့ နှလုံးသွင်းမှန်မှုလိုတယ်။

ကိလေသာမခြားရင်ကွာ မနက်အားထုတ်ရင် ညနေရပါတယ်။ ကိလေသာခြားရင်တော့ ကြာလိမ့်မယ်။

□ ကံစီမံသလိုခံရမှာပဲဆိုပြီး ကံကိုချည်း လွှဲချနေတဲ့အသုံး မသုံးပါနဲ့။ (မှန်ပါ့)။ ဘုန်းကြီးက သာမညဘုန်းကြီးမဟုတ်ဘူး။ ခင်ဗျားတို့ကို ဉာဏ်ပေးနေတာ။ ဉာဏ်စီမံရာကိုသွားပါ။ (မှန်ပါ)။ ဉာဏ်စီမံရာက (၃၁) ဘုံကလွတ်မှာ။ (မှန်ပါ)။ ပေါ်ပြီလား (ပေါ်ပါပြီ)။ ကံစီမံရာက။ (၃၁ဘုံအတွင်းမှာပါ)။ ဉာဏ်စီမံရာက။ (၃၁ဘုံကလွတ်ကင်းရာပါ)။ (၃၁) ဘုံက ဒုက္ခသစ္စာ၊ (၃၁) ဘုံအပြင်ထွက်မှ နိရောဓသစ္စာ။ (မှန်ပါ)။ ပေါ်ပြီလား။ (ပေါ်ပါပြီ)။

□ ဒါနကုသိုလ်ကပို့တာ ကြိုက်သလား၊ သီလကုသိုလ်ကပို့တာ ကြိုက်သလား၊ သမထကုသိုလ်ကပို့တာ ကြိုက်သလား၊ ဝိပဿနာကုသိုလ်ပို့တာကြိုက်သလား၊ အကုသိုလ်ကပို့တာ ကြိုက်သလား။

အကုသိုလ်ပို့တဲ့ဆီတော့ တပည့်တော်တို့ မသွားချင်ဘူး ဘုရား။ အပါယ်လေးပါးသွားရလိမ့်မယ်။ အကုသိုလ်တရားကပို့ရင် အပါယ်လေးပါးပဲပို့မှာပဲ။

□ ဒါနကုသိုလ်ပို့လိုက်ပြန်တော့လည်း လူ့ပြည်နဲ့ နတ်ပြည်ကို သူပို့မယ်။ ပို့ပြန်တော့ အခု ဆရာဘုန်းကြီးဆီမှာ ဆည်းကပ်နေတဲ့ ဒကာ၊ ဒကာမတွေဖြစ်လာတော့ ဟိုမှာ အိုဘေး၊ နာဘေး၊ သေဘေးတွေရှိတယ်ဆိုတာ သိပြီးသားဖြစ်နေတယ်။

□ သီလကုသိုလ်ကလည်း ပို့မှာပဲ။ လူ့ပြည်၊ နတ်ပြည် ဘယ်ကိုပို့ပို့ သူကလည်း အိုဘေး၊ နာဘေး၊ သေဘေးတွေဆီပို့မှာပဲ။

□ သမထကုသိုလ်အားထုတ်ပြီး သကာလ သမထကုသိုလ်ပို့ရာ လိုက်မလားဆိုတော့ ဦးတင် ဗြဟ္မာ့ပြည်သွားရလိမ့်မယ်။ သွားချင်ကြရဲ့လား။ ဟိုမှာလည်း သက်ဆိုးရှည်နေတာပဲ။ ခန္ဓာဝန်ထမ်းပြီးသကာလ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ အတူတူနေရတာဖြစ်သောကြောင့် သမထကုသိုလ်ပို့တဲ့ဆီတို့မသွားဘူး။

ဘာကြောင့်တုံး။ သက်ဆိုးရှည်ပြီး ဒုက္ခရောက်နေတာ၊ ဒုက္ခသစ္စာကြီးထမ်းပြီးလည်နေရတာကိုး။

□ ဒါဖြင့် ဝိပဿနာကုသိုလ်ပို့တဲ့နေရာတော့ မကြိုက်ဘူးလားလို့ ဒကာ၊ ဒကာမတွေမေးလို့ရှိရင် သူကတော့ဖြင့် နိဗ္ဗာန်ပဲပို့မယ်။ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ပဲပို့မယ်။ ဒါဖြင့် ဒုက္ခသစ္စာမရှိတဲ့ဆီ တပည့်တော်တို့သွားချင်ပါတယ်ဆိုသဖြင့် ဝိပဿနာရှုကြ။ မဂ်ဆိုက်သွားလိမ့်မယ်။ မဂ်ကပို့လိုက်တဲ့အခါကျလို့ရှိရင် နိဗ္ဗာန်မှတစ်ပါး ဘယ်မှမပို့ဘူး။

□ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်လာတယ်။ ဘုရားဖြစ်လာတော့ သြော် - ငါ့မှာ အတုမရှိဘုရားတော့ဖြစ်လာပြီ။ ငါ့ထက်သာတဲ့ ပုဂ္ဂိုလ်ရှိရင်ဖြင့် ရိုသေကိုးကွယ်ပူဇော်မယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လျှောက်ပြီးကြည့်လိုက်တယ်။ (၃၁) ဘုံထဲမှာ. . .။ ဦးသန်းမောင်၊ ငါ့ထက် သီလ၊ သမာဓိ၊ ပညာသာတဲ့ ပုဂ္ဂိုလ်ရှိလို့ရှိရင် ငါကိုးကွယ်ဆည်းကပ်မယ်လို့ကြည့်လိုက်တော့ တစ်ယောက်မှမမြင်ဘူး။

ဒီတွင်မှ ငါသည် ဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်မတုံးဆိုတော့ သြော် - တရားအားထုတ်လို့ဘုရားဖြစ်လာတာ၊ ရှင်းကြပြီလား။

□ ဘုန်းကြီးက ဒါနတရားဟောတတ်ပါတယ်။ သီလတွေလည်းလွှမ်းနေအောင်ဟောတတ်ပါတယ်။ အပါယ်တံခါးမပိတ်လို့မဟောချင်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ သံသရာဆက်တယ်။

ဒါကြောင့် ဘုန်းကြီးက သတိပေးလိုက်ပါတယ်။ဘယ်စာအုပ်ကရေးတယ်၊ ဘယ်ဆရာတော်ကပြောသွားတယ်ဆိုပြီး သူတို့ပြောတာကို ခင်ဗျားတို့နားထောင်ကြည့်တဲ့အခါကျတော့ ဒိဋ္ဌိမပြုတ်၊ ဝိစိကိစ္ဆာမပြုတ်တဲ့တရားကို သူတို့ပြောနေလို့ရှိရင် လိုသေးတယ်လို့သာ ဆုံးဖြတ်ချက်ချပါ။

□ သူများဘာပြောပြော ကိုယ့်ဟာကိုယ်ရှုန်းမှ ကိုယ်လွတ်မှာ။ အဲဒီတော့ လောကုတ္တရာအလုပ်ဆိုတာ ထုံးစံနဲ့ ဖွဲ့တိုက်ရတယ်။ ဒီတစ်လုံးဟာ အင်မတန်အရေးကြီးတဲ့စကားလို့မှတ်ပါ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလိုဖွဲ့တိုက်လို့ ဘုရားဖြစ်လာတာ။ ဖခင်ကလည်း စကြဝတေးဖြစ်စေချင်တယ်၊ ယသော်ဓရာတို့ကလည်း တောမထွက်စေချင်ဘူး ဘာလုပ်ရသတုံး။ (ထုံးစံနဲ့ ဖွဲ့တိုက်ရပါတယ် ဘုရား)

□ ခုနစ်ရက်ခုနစ်လီ မိုးမှောင်ကျနေတဲ့အထဲ လျှပ်စစ်လင်းသလောက်အထဲမှာ တို့သာသနာအလင်းရောင်ထဲမှာ လာကြုံတာဖြင့် တို့က လုံ့လ၊ ဝီရိယကလေးဖြင့် ပြင်းပြင်းထန်ထန်လုပ်လိုက်လို့ရှိရင် ကြုံတဲ့ပုဂ္ဂိုလ်သည် ပြီးပြီးသားကိစ္စဖြစ်နိုင်တယ်လို့ ဆုံးဖြတ်ချက်ချပါ။

အဲ - ဒီဒကာ၊ ဒကာမတွေလည်း ပြီးပြီးသားအကြောင်းကရှိလို့ ဒီသာသနာတော်ကြီးနဲ့၊ ဒီလို ဆရာကောင်းသမားကောင်းနဲ့ ဒီလိုကြုံလာတာ ဘာမှလိုလေသေးမရှိဘူးလို့ ဆုံးဖြတ်ချက်ချပါ။

□ လောကီမှာလည်း နေဖို့ထိုင်ဖို့၊ စားဖို့သောက်ဖို့ဆိုတာ တရားသာအားထုတ်ပါ။ တရားကဆောင်သွားပါလိမ့်မယ်။ ဘာမှအားမငယ်ကြပါနဲ့။

ကံရှိလို့ အသက်ရှည်တယ်။ တရားထူးတရားမြတ်ဆိုတာ ဘုရားပွင့်တော့မှပဲ ရတော့မှာပဲဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတဲ့တရားတွေ ဘုန်းကြီးက တစ်သဝေမတိမ်းဟောပြန်တော့ ခင်ဗျားတို့ သန္တာန်မှာလည်း ဘုရားပွင့်နေတာပဲ။

□ လူမိုက်သေရင် လူမိုက်မသာ၊ လူလိမ္မာသေရင် လူလိမ္မာမသာ၊ မသာချင်းခြားနားတယ်။ လူမိုက်မသာက ပုပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ လူလိမ္မာမသာကျတော့ ဓာတ်တော်တွေဖြစ်လာတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အရိယာရဟန္တာဖြစ်တော့ မပုပ်တဲ့ခန္ဓာကိုယ်နဲ့ အရိုးတောင် ချိတ်ဆက်ဖြစ်လာတာကြည့်ပါလား။ အကုန်ပြောင်းလဲသွားတာပဲ။

ပုထုဇဉ်ဘဝတုန်းကတော့ ပုပ်တဲ့ခန္ဓာကိုယ်နဲ့ အရိုးတွေ့ဆက်ပဲဖြစ်တယ်။ ကဲ - မပြောင်းရပေဘူးလား။

ဒါပြောင်းမှုရမှာနော်။ တွေ့ဆက်နဲ့ပုပ်တာ ကြိုက်သလား။ ချိတ်ဆက်နဲ့ မပုပ်တာကြိုက်သလား။ အဲဒါ အရိယာဖြစ်မှပြောင်းတဲ့ရုပ်၊ အရိယာဖြစ်မှ ပြောင်းတဲ့အရိုးပဲ။ ဒါဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ပြောင်းတာ။

အထက်မဂ်တွေများရပြီး ရဟန္တာဖြစ်သွားလို့ရှိရင် အရိုးတွေဘာတွေ ချိတ်ဆက်ဖြစ်ကုန်တယ်။ ဒါဘယ်နှယ့်ကြောင့်တုံးဆိုတော့ သူ့တရားနဲ့သူလုပ်တာကိုး။

တစ်ခါ မပုပ်မသိုးအောင် လုပ်ပြန်တော့လည်း နာမ်ဓမ္မတွေကလုပ်တဲ့အတွက် မပုပ်မသိုးတဲ့ ရဟန္တာရုပ်မျိုးတွေ ဖြစ်လာတယ်။ ဘုရားသခင်ကိုယ်တော်မြတ်များကျတော့ သူ့တရားတွေကလုပ်လိုက်တာ ဘုန်းကြီးတို့၊ ဒကာ၊ ဒကာမတို့လိုအရိုးတွေက တွေ့ဆက်မဟုတ်တော့ဘူး။ ချိတ်ဆက်တောင်မကဘဲ ကွင်းဆက်တွေဖြစ်ကုန်တယ်။

ဒါကိုဘယ်သူလုပ်တာတုံးဆိုရင် တရားတွေကလုပ်လိုက်တာ။ ခန္ဓာကိုယ်ကြီးက တရားသဘောလိုက်နေရတာ။

❑ ထွက်ရပ်လမ်းဆိုတာ ဝဋ်(၃)ပါးကထွက်တဲ့တရား။ ဝဋ်(၃)ပါးကထွက်တဲ့တရားဟောနေတော့ ဒီလမ်းကို ကိုယ်ကကြိုက်လည်းလိုက်ရုံပဲ။ မကြိုက်လည်းလိုက်ရမှာပဲ။ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်မကြိုက်တာက အဝိဇ္ဇာမျက်လုံး၊ တဏှာမျက်လုံးတွေ ဖုံးနေသေးလို့ မကြိုက်တာ။

❑ ဒကာ၊ ဒကာမတွေ ဘာမှအားမငယ်ကြနဲ့။ ဘုန်းကြီးပြောတာကိုသာ လိုက်နာကျင့်ကြံကြမယ်ဆိုရင် အပါယ်လေးပါး တည်းဟူသော အန္တရာယ်တွေ အကုန်လွတ်ပြီးသကာလ နိဗ္ဗာန်တည်းဟူသော လုံခြုံရာသို့ ရောက်ပါတယ်။

❑

ရွှေ့ဆောင်လမ်းပြ သာသနာ့အာဇာနည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ကျင့်ကြံအားထုတ်ခြင်းနှင့် အခြားဝိပဿနာကမ္မဋ္ဌာန်းနည်းများနှင့် ကျင့်ကြံအားထုတ်ကြ၍ တစ်ပါးပြီးတစ်ပါး ရုပ်ကလာပ်တော်များက သက်သေခံလျက် ဓာတ်တော်များကျခြင်း၊ လူပုဂ္ဂိုလ်များတ ပျော့ပျော့ပျောင်းပျောင်းဖြင့် မပုပ်မသိုးဘဲ ညာဘက်စောင်း၍ ခန္ဓာချုပ်သွားသူများ အတော်များများတွေ့နေရပါပြီ။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဒကာရင်းဖြစ်သော ဦးသန်းမောင် ကွယ်လွန်သောအခါ အမရပူရမြို့တွင် မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။ နောင် (၁၀) နှစ်၊ (၁၅) နှစ်ခန့်ကြာသော် သင်္ချိုင်းများ ရွှေ့ပြောင်းရန် ဘူဒိုဇာစက်များဖြင့် ရှင်းလင်းကြ၏။

ဦးသန်းမောင်အားမြှုပ်နှံထားသော နေရာသို့ရောက်သော် ဘူဒိုဇာစက်များ ရွှေ့မတိုးတော့ဘဲ ရုပ်တန့်သွားကြသည်။ ထိုကဲ့သို့ အိမ်တစ်ခန်းစာရှိသော မြေပုံအား စက်များဖြင့် ထိုးဆွမရသောအခါ ပေါက်တူးများဖြင့် ပေါက်ကြည့်ရာ အလွယ်တကူပင်ပေါက်၍ရကြသည်။

ထိုနေရာတွင် ဦးသန်းမောင်၏ ရုပ်အလောင်းမှာ (၁၀) နှစ်၊ (၁၅) နှစ်ကြာခဲ့သော်လည်း မနေ့တစ်နေ့ကပုံစံအတိုင်းတွေ့ရ၍ အံ့သြသွားကြရသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဇီးတောရွာမှ ဆရာတော်ဦးဇာဂရသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအတိုင်း နာကြားပွားများ အားထုတ်နေရင်းက ပျံလွန်တော်မူသောအခါ ဓာတ်တော်များကျခြင်း၊ ဖန်ပုလင်းတွင်ထည့်သွင်းပူဇော်ထားသော အရိုးတော်အပိုင်းအစများသည် ဓာတ်တော်များဖြစ်လာခြင်းနှင့် ချောက်တောင်းဝက်ရုပ်ရွာတွင် ပူဇော်ထားသော ဓာတ်တော်များသည် (၁) နာရီခန့် ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်း စသည်တို့ကို အံ့သြဘနန်း ဖူးတွေ့ကြရသည်။

မြန်အောင်မြို့ နန္ဒဝန်ဆရာတော် ဦးသာသန ပျံလွန်တော်မူသောအခါ ဆရာတော်၏ ရုပ်ကလာပ်တော်သည် မပုပ်မသိုးပျော့ပျောင်းလျက်သာရှိသည်။ မီးသင်္ဂြိုဟ်သောအခါ ဓာတ်တော်များ ကြွင်းကျန်ရစ်သည်ကို အံ့သြမကုန်အောင် ဖူးတွေ့မိကြပြန်သည်။ (ဦးသာသနသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏တပည့် သာဝကအရင်း ဖြစ်သည်။)

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် ဦးသုန္ဒရ ပျံလွန်တော်မမူခင် -

❑ ပုပ်တယ်ဆိုတာ ကိလေသာက ပုပ်တာ။ ကိလေသာကင်းရင် မပုပ်ပါဘူး။ အေး - ဒီတော့ ငါပျံလွန်တော်မူရင် ရင်မခွဲနဲ့၊ မြေမမြှုပ်နဲ့၊ မီးမသင်္ဂြိုဟ်နဲ့။ အဲဒီတော့မှ သိလိမ့်မယ် . . .

ဟူ၍ ရဲရဲဝံ့ဝံ့ အာမခံခဲ့သည်။

ဆရာတော်၏မိန့်မှာချက်အတိုင်း ရုပ်ကလာပ်တော်အား မည်သို့မျှမပြုလုပ်ဘဲ အပူဇော်ခံထားလိုက်ကြ၏။ ရုပ်ကလာပ်တော်မှာ အရောင်ပြောင်းခြင်းမရှိ၊ အနံ့ထွက်ခြင်းမရှိ ထူးခြားစွာတွေ့နေရသည်။ ထို့ကြောင့် ဗိမာန်ဖြင့်ထားရှိပူဇော်ခဲ့သည်။

(၂)လခန့်အကြာတွင် ရုပ်ကလာပ်တော်မှ အရောင်အလင်းများ ထွက်ပေါ်လာ၏။ အမွှေးရနံ့များကြိုင်လှိုင်လာ၏။ ပုလင်းထဲထည့်၍ ပူဇော်ထားသော ဆံတော်များမှလည်း ပွားများလာပြီး ဓာတ်တော်များပမာ လုံးဝန်းသွားသည်။ ဖူးတွေ့မိကြသူတိုင်းသည် အံ့သြမဆုံး ဝမ်းမြောက်မဆုံးဖြစ်ကြရသည်။

ဆရာတော်၏ ရုပ်ကလာပ်ကို ရေကြည်မြို့နယ် အသုတ်မြို့ နန်းဦးဓမ္မရိပ်သာ၌ ယနေ့တိုင် ကြည်ညိုဖူးတွေ့နိုင်ပါသည်။

ဆင်ဖြူကျွန်းမှ ဦးတင်အောင်သည်လည်း အသက် (၅၀) အရွယ်တွင် ရဟန်းဝတ်သည်။ ရဟန်းဘွဲ့မှာ ဦးဓမ္မသာရ ဖြစ်သည်။

နောင်သော် ဦးဓမ္မသာရသည် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နာယကဆရာတော်တစ်ပါး ဖြစ်လာခဲ့သည်။

ဆရာတော် ဦးဓမ္မသာရသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များကို လက်တွေ့ကျကျ ကျင့်ကြံကြိုးကုတ်အားထုတ်ဟောပြောပြသရင်းက ပျံလွန်တော်မူသောအခါ ဦးခေါင်းတော်ညာစောင်းခြင်း၊ အသားအရေပျော့ပျောင်း၍ အရိုးတော်ချိတ်ဆက်ဖြစ်ခြင်းနှင့် မီးသင်္ဂြိုဟ်သောအခါ ဓာတ်တော်များကျခြင်းတို့ကို အံ့မခန်း ဖူးတွေ့ကြရသည်။

ကနောင်မြို့ ကွမ်းခြံကုန်းအနောက်ကျောင်း မဟာဒွါရပထမဆရာတော်ကြီးသည် လူသိမခံ ထင်ပေါ် ကျော်ကြားမှု မလိုလား သိသိပ်သိပ်ဝှက်စွာ ကျင့်ကြံအားထုတ်မှုကြောင့် ပျံလွန်တော်မူသောအခါ ဓာတ်တော်များကျခြင်း၊ မီးမလောင်သော

www.burmeseclassic.com

အသားတော်များ ကျန်ရစ်ခြင်းတို့ကို ကနောင်မြို့ ကွမ်းခြံကုန်းအနောက်တိုက်အတွင်းတွင် ဓာတုစေတီတည်၍ အများပြည်သူ ပူဇော်နိုင်ရန် အမြဲဖွင့်လှစ်ထားပါသည်။

မြန်အောင်မြို့နယ် ပထမနှောကုန်း ဆရာတော်ကြီးသည် နေထိုင်မကောင်းသောအခါ ဆေးရုံသို့တက်ရောက် ကုသမှု ခံယူသည်။ ဆရာဝန်၏ခွင့်ပြုချက်ဖြင့် နှောကုန်းကျောင်းသို့ပြန်လည်ပင့်ဆောင်လာရာတွင် မိုးသည်းထန်စွာရွာနေသည်။ သို့သော် ပြန်လည်ပင့်ဆောင်သူအားလုံး တစ်ဦးတစ်ယောက်မှ မိုးရေမစွတ်စိုကြောင်းသိရပါသည်။

ဆရာဝန်က ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူခင်ကပင် ဓာတ်မှန်ထဲ၌ ဆရာတော်၏အရိုးများမှာ ချိတ်ဆက်ဖြစ်နေကြောင်း ပြောပြပါသည်။ ပျံလွန်တော်မူသွားသောအခါ မပုပ်မသိုးဘဲ နှစ်ပေါင်းများစွာ ယနေ့ထက်တိုင် ဂူဗိမာန်ဖြင့် အဖူးမြော်အပူဇော်ခံထားပါသည်။

မြန်အောင်မြို့နယ် နှောကုန်းကျေးရွာ သစ္စာဓိဋ္ဌာန်မုနိဟန် မြတ်စွာဘုရားကို လာရောက် ဖူးမြော်ပါက တောင်ဘက်သို့ (၂) ဖာလုံခန့်လောက်သွားလျှင် နှောကုန်းဆရာတော်ကြီး၏ ဂူဗိမာန်ကို အဝေးကပင်လှမ်း၍ကြည်ညိုပူဇော်နိုင်ပါသည်။ (ဆရာတော်ကြီးသည် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သည်ဟု သိရသည်။)

မြန်အောင်မြို့နယ် သစ်ချိုကုန်းရွာ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဦးဝါယမသည် တပည့် ဒကာ၊ ဒကာမ အခြွေအရံနည်းပါးသည်။ မြိုးမြံစွာကျင့်သည်။ သီလကိုလုံခြုံအောင်ထိန်းသိမ်းမှု တန်ဖိုးရှိကြောင်း ခဏခဏဟောသည်။

ကျန်းမာရေး မကောင်းစဉ်က ကျောင်းထဲသို့ ပျားများဝင်လာသည်။ မကြာမီ ကျန်းမာရေးကောင်းသွားသည်။ ဒုတိယအကြိမ်ကျန်းမာရေးညံ့ပြန်သည်။ ပျံလွန်တော်မူမည်ဟုပင် ဒကာ၊ ဒကာမများက စိုးရိမ်နေကြသည်။ ကျောင်းထဲသို့ ပျားများဝင်လာပြန်သည်။ ကျန်းမာရေးကောင်းသွားပြန်သည်။ တတိယအကြိမ် ကျန်းမာရေးမကောင်းသောအခါ ပျားများဝင်ရောက်မလာတော့ပါ။ ကျန်းမာရေးမကောင်းခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်းတို့ကြောင့် အနံ့အသက်ဆိုးများရရှိ၍ ကျောင်းဒကာတစ်ဦးက အနံ့အသက်များ ပျောက်စေရန် ဆေးဘူးများဖြင့် တရှီးရှီးလိုက်ဖျန်းပါသည်။

"အဲဒါဘာလုပ်တာလဲ"

ဟု ဆရာတော်ကြီးက မေးပါသည်။

ဒကာများက-

"ခြင်တွေ၊ ယင်တွေ မလာအောင်လို့ပါ"

ဟု လိမ္မာပါးနပ်စွာ လျှောက်ထားသည်ကို ဆရာတော်ကြီးက ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ပျံလွန်တော်မူသော် (၇)ရက်ထားသော်လည်း တောင့်တင်းခြင်းမရှိ၊ ပျော့ပျောင်း၍ အနံ့အသက်များလည်း လုံးဝမရှိတော့ကြောင်း အံ့သြစွာ ဖူးတွေ့ကြရပါသည်။

ဇီးကုန်းမြို့ အနောက်ဘက်ရှိ ကျောင်းကြီးတိုက်တွင် နှစ် (၄၀) နီးပါး မပျက်မစီးသော ဆရာတော်ဦးဘောဂ၏ရုပ်ကလာပ်ကိုလည်း ဖူးမြော်နိုင်ကြပါသည်။

ချောက်မြို့ စိန်ပန်းရပ်တွင် မွေးဖွားခဲ့သော သီလရှင်ကြီး ဒေါ်ဉာဏစာရီသည် ဝိပဿနာတရားများကိုအားထုတ်နေရင်း -

"ငါသေရင် ဖျိုးခနဲဖျတ်ခနဲ သေချင်တယ်"

လို့ ပြောပါသည်။

ပြောသည့်အတိုင်းပင် တစ်နေ့ဆွမ်းစားပြီး တရားဆွေးနွေးစကားပြောရင်းက ကုလားထိုင်ပေါ်မှ နောက်ကိုမှီချလိုက်ကာ အသက်ပျောက်သွားပါသည်။

သေဆုံးခါစမှာ ဆွမ်းစားပြီးစမို့ ဝမ်းဗိုက်ကပြည့်ပြီး တောင့်တင်းနေပါသည်။ သင်္ဂြိုဟ်ခါနီးကျမှ ပျော့ပျောင်းပြီး ကွေးလို့ဆန့်လို့ရကြောင်း သိရသည်။

ဒေါ်ဉာဏစာရီ ခဏခဏပြောသည့်စကားမှာ -

"ငါသေရင် သိစေရမယ်။ ငါသေရင် သက်သေပြမယ်"

ဟု ပြောခဲ့သည်မှာ ရုပ်ခန္ဓာက သက်သေပြလေပြီ။

ရှမ်းပြည်နယ်မှ (၁၄) နှစ်ကျောင်းသူလေး ထက်ထက်အောင်မှာလည်း တရားဘာဝနာပွားများရင်း သေဆုံးသောအခါ ပျော့ပျော့ပျောင်းပျောင်းဖြစ်နေပုံ။

မြန်အောင် ရွှေဘုံသာရပ်ကွက်မှ ဒေါ်ထားရှင်သည် နေ့စဉ် ဝိပဿနာကမ္မဋ္ဌာန်းတရားများ ပွားများအားထုတ်လျက် သေဆုံးသောအခါ အသုဘချလာစဉ် လမ်းတစ်လျှောက်တွင် ဒေါ်ထားရှင်၏ရုပ်အလောင်းအား ပျားအား ဝိုင်းအုံလိုက်လာပုံတို့မှာ နည်းမှန်လမ်းမှန်ကျသော သာသနာ့အာဇာနည်တို့၏လမ်းပြမှုကြောင့်သာ ထူးထူးခြားခြားပုဂ္ဂိုလ်များအဖြစ် တွေ့မြင်ရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဝိပဿနာရှုပွားနည်းများစွာရှိ၏။ လယ်တီ၊ မင်းကွန်း၊ မိုးညှင်း၊ စွန်းလွန်း၊ မိုးကုတ်၊ ဟံသာဝတီ၊ မဟာစည်၊ ညောင်လွန့်၊ ရွှေဥဒေါင်းတောင်၊ တောင်ပုလု၊ နိဗ္ဗိန္ဒ၊ ကသစ်ဝိုင်၊ ဝေဘူ၊ အနာဂါမ်ဆရာသက်ကြီး၊ ကန္နီနှင့် သဲအင်းဂူ စသည်ဖြင့် ကမ္မဋ္ဌာန်းအမျိုးမျိုးရှိပါသည်။

အားလုံးသော ကမ္မဋ္ဌာန်းနည်းတို့သည် သံသယဖြစ်ပွားဖွယ်မရှိသော၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရာ ဘုရားရှင်လမ်းညွှန်ပြသတော်မူခဲ့သည့် ဘုရား၏နည်းများပင် ဖြစ်သည်။ အမည်နာမအမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလျက်ရှိသော်လည်း ဘုရားရှင် ပွင့်ထွန်းပေါ်လာ၍သာ ထိုထိုသောနည်းလမ်းမှန်အတိုင်း ကျင့်ကြံအားထုတ်နိုင်ခြင်း ဖြစ်ပါသည်။

ထိုသို့ နည်းမှန်လမ်းမှန်သာသနာ့အာဇာနည်များ၏ လမ်းမှန်အတိုင်း ကျင့်ကြံပွားများ အားထုတ်ကြပါလျှင် ပစ္စုပ္ပန်နှင့် အနာဂတ်သာသနာတွင် ထူးထူးခြားခြားပုဂ္ဂိုလ်များထွက်ပေါ်လာဦးမည်သာ ဖြစ်ပါသတည်း။


*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စိုးလင်းအောင် (မြန်အောင်)

**ကျမ်းကိုး -**

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ (အရှင်ဃောသိတ)
၂။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယ-ဦးငွေးလှိုင်)
၃။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် တရားတော်များ
၄။ အပ္ပမာဒဓမ္မရသမဂ္ဂဇင်း
၅။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
၆။ ပါရမီမဂ္ဂဇင်း
၇။ ဦးသုနန္ဒနှင့် ဝိပဿနာအလုပ်ပေးတရားများ
၈။ မြဝတီရုပ်မြင်သံကြားမှ ရိုက်ကူးထားသော မိုးကုတ်ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိခွေ

www.burmeseclassic.com



ဆုတောင်းပြည့် ပင်မဘုရားကြီးအား သပ္ပာယ်စွာ ပူဇော်ထားရှိကြပုံ

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းသူအင်းသားတို့နေထိုင်ရာအင်းလေးကန်ကြီးသည် အလွန်လှပ၍ ဆန်းကြယ်စွာ ဖြစ်တည်၍နေသောဒေသကြီးဖြစ်လေသည်။ ထို့ထက်ပို၍ အင်းလေးကန်ဒေသကြီး၏ ရုပ်ဝတ္ထုပစ္စည်းများ၊ လူမျိုးထုံးစံ၊ ယဉ်ကျေးမှုအဆင့်အတန်း၊ ဓလေ့ဘာသာရိုးရာအနေအထားများ စသဖြင့် အရာရာတိုင်းသည် ရှေးရိုးကျလှသော သဘောမျိုးများအား တွေ့ကြရလေ့ရှိပါပေသည်။ ရှေးရိုးကျသည့် သဘောသဘာတို့ဖြစ်၍ အရာရာ၌ ရိုးသားမှု၊ သိမ်မွေ့မှု၊ ကိုင်းရှိုင်းရှိသေတတ်မှု၊ ကျိုးနွံလိုက်နာမှုတို့ကိုလည်း တွေ့မြင်ကြရလေ့ရှိပါ၏။ ထို့ကြောင့် မယဉ်ကျေးသော အပြုအမူ၊အပြောအဆို၊အတွေးအခေါ်တို့ ဟူ၍ ရှိသည်ဟု မတွေ့ကြရဘဲ အေးဆေးစွာ နေထိုင်သွားလာအသက်မွေးတတ်ကြသောသူများဖြစ်ကြပါလေသည်။

ရွှေဟင်္သာကျတောင်တိုမွေတော်ဘုရားသို့သွားရောက်ရန် ယခင်က အင်းလည်ဟု ခေါ်ကြသည့် အင်းလေးကန်ရေပြင်ကြီး၏ အလယ်နေရာအထိ ဖြတ်သန်းပြီးမှ ရောက်ရှိနိုင်ကြပါလေသည်။ ဆိုရပါက ယခင်က စက်လှေဟု ခေါ်ကြသော အင်းလေးကန်အတွင်း ခုတ်မောင်းသွားလာနေကြသောမော်တော်

## ခင်(တောင်ကြီး)

# ရွှေဟင်္သာကျတောင်တိုမွေတော်ဘုရား

လူးလူးခြားခြား



ဆုတောင်းပြည့် ပင်မဘုရားကြီးအနီးရှိ လက်ယာရံကိုယ်စားတော်ကြီး



ဆုတောင်းပြည့် ပင်မဘုရားကြီးအနီးရှိ လက်ဝဲရံကိုယ်စားတော်ကြီး



ဆုတောင်းပြည့်ပင်မဘုရားကြီး၏လက်ယာဘက် လက်တော်ရှိ ထူးခြားသည့်လက်စွပ်တော်များ



www.burmeseclassic.com


www.burmeseclassic.com


ထူးခြားသောစေတီတော်တစ်ဆူ၏
ပုံသဏ္ဌာန်မှာ. . .


ပြုပြင်နေဆဲနှင့် ပြုပြင်ပြီးစီးဖြစ်သော
စေတီတော်များ


စောင်းတန်းရှည်ကြီး၏
လက်ဝဲဘက်တစ်လျှောက်ရှိ စေတီများ


ရှေးစေတီတော်တို့၏တည်တံ့မှုတို့ဖြင့်
ကြံ့ကြံ့ခိုင်စွာ တည်ရှိနေကြပုံများ


ဆုတောင်းပြည့် ပင်မဘုရားကြီး စံတော်မူရာ
ကျောင်းဆောင်နံဘေးမှ စေတီတော်များ


တောင်တိုမွေတော်ဘုရားစေတီစုမှ
ပြုပြင်ပြီးစ ဘုရားတစ်ဆူ

များနှင့်သွားမှသာရောက်နိုင်သော ခရီးလမ်းမျိုးဖြစ်ပါ၏။ သွားရသည်ကလည်း စက်လှေကို ငြီးငွေ့နေသည့်တိုင် နေပူကို ပြင်းပြစွာအပူခံရသည့်တိုင် စီးနင်းပြီးမှ သွားနိုင်ကြရသည်ဖြစ်ပါ၏။ ယခုအချိန်တွင် အင်းလေးကန်ရေကျချိန်ဖြစ်သည့်ပြင် အင်းလေးကန်ကြီးအား ကန်အရှေ့ဘက်လမ်းမှနေ၍သွားနိုင်သော ကားလမ်းလည်းရှိခဲ့ပြီဖြစ်၍ သွားရသည်မှာ အနည်းငယ် အဆင်ပြေလာပြီ ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူတို့မိသားစုသည် ထိုခရီးထိုလမ်းကိုသွားရန် ရည်ရွယ်ကြသည့်အခါ ကန်အရှေ့ဘက်ပတ်လမ်းဖြစ်သော မိုင်းသောက်ရွာဘက်လမ်းမှသွားကြရန် စီစဉ်ဖြစ်ကြပါသည်။ မိုင်းသောက်ရွာဘက်လမ်းသို့သွားရန် ရှေးဦးစွာ တောင်ကြီးမြို့အောက်ဘက်အေးသာယာစက်မှုဇုန်မှတစ်ဆင့် ဖြတ်သန်းသွားကြရပါသည်။ ဖြောင့်ဖြူးသော ကားလမ်းကြီးသည် စက်မှုဇုန်မှတစ်ဆင့် ရွှေလင်ပန်း၊ ကျောက်ရေအိုး စသော စိုက်ပျိုးခြံများရှိကြသည့် ရွာငယ်များကို ဖြတ်သန်းကာသွားကြရသည်။ ထိုမှတစ်ဖန် သလဲဦး၊ အင်ကြင်းကုန်း၊ နမ့်ပန် စသောရွာများကိုဖြတ်သန်းပြီး ကျောက်တိုင်ရွာသို့ရောက်ခဲ့ကြသည်။

ကျောက်တိုင်ရွာသို့ရောက်သောအခါ စာရေးသူခင်ပွန်း၏ အဘိုးလေးတော်စပ်သော အင်းလျားရွာနေ အဘိုးလေး ဦးကျော်မျိုးတင့်နှင့်တူမြေးများက စက်လှေဖြင့်ရောက်နှင့်နေကြပြီဖြစ်လေသည်။ အကယ်စင်စစ်မှာ စာရေးသူတို့ ထိုရွာရှိ အဘိုးလေးထံ ကန်တော့ရန် ရှေးရှုလာခဲ့ကြခြင်း ဖြစ်ပါလေသည်။ ဤသို့ဖြင့် အဘိုးလေးလာကြိုသော စက်လှေဖြင့် လိုက်ပါကြရန် စီးလာခဲ့သော ကားလေးကို ကျောက်တိုင်ရွာလှေဆိပ်အနီးရှိအိမ်တစ်အိမ်တွင် ထားရစ်ခဲ့ကြပြီး ထွက်ခွာလာခဲ့ကြပါသည်။ ကျောက်တိုင်ရွာမှ အင်းလျားရွာရှိ ဦးကျော်မျိုးတင့်အိမ်အထိ စာရေးသူတို့မိနစ်ပိုင်းခန့်မျှသာ စက်လှေကို စီးနင်းလိုက်ရပါ၏။ ထိုမှ တောင်တိုမွေတော်ဘုရားသို့ ဆက်လက် သွားရောက်ခဲ့ကြပါသည်။

ရွှေဟသ်ာကျတောင်တိုမွေတော်ဘုရားကြီး၏သမိုင်းမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည့် ရှေးဇာတ်ကြောင်းများဖြင့် ပြည့်နှက်လျက်ရှိပါသည်။မြန်မာနိုင်ငံ၏ ရှေးကဘုရင်များထဲတွင် အစွမ်းအစပြည့်ဝပြီး ဘုန်းအမြော်အမြင်နှင့်ပြည့်စုံလှသည့် အလောင်းစည်သူမင်းကြီးသည် အင်းလေးကန်တည်ရှိရာ ဤဒေသသို့ရောက်ရှိလာခဲ့သည်ဟူပါ၏။ အလောင်းစည်သူမင်းကြီးသည် ရှေးဦးစွာ အင်းလေးရွာဖြစ်သော နမ့်ပန်ရွာသို့ရောက်ရှိခဲ့ပြီး ယခုလက်ရှိကာလထိတိုင်ထင်ရှားတန်ခိုးကြီးနေဆဲဖြစ်သည့် 'အင်တော်ပေါက်'ဘုရားကို တည်ထားတော်မူခဲ့လေသည်။



www.burmeseclassic.com


www.burmeseclassic.com


ထို့နောက် အင်းလေးကန်၏ တောင်ဘက်အရပ်သို့ ဦးတည်ခရီးဆက်ဆက်ထွက်ခွာခဲ့သည်ဟူပါ၏။ လမ်းတွင် တောင်တစ်လုံးသည် အစွန်းထွက်ပြူထွက်တည်နေသည်ကို မြင်တွေ့တော်မူ၍ ဟူးရားဖြူ ဟူးရားညိုတို့ကိုခေါ်ယူမေးမြန်းတော်မူလေသည်။ ဟူးရားဖြူဟူးရားညိုတို့က ထိုတောင်သည် ရှမ်းဘာသာအားဖြင့် လှိုင်ပွတ်တောင်ဟူ၍ခေါ်ကြောင်းနှင့် မြန်မာအားဖြင့် တောင်တိုဟူ၍ဖြစ်ကြောင်း၊ အရှင်မင်းကြီး၏ ဆမ်းခရီးတွင် အတိတ်ရတောင်ပင်ဖြစ်ပါကြောင်း လျှောက်တင်ကြလေသည်။


အလောင်းစည်သူမင်းကြီးသည် မြန်မာအမည်ဖြစ်သော တောင်တိုဟူ၍ ကြားသိရပြီးသောအခါ ဤတောင်တွင် ဘုရားတည်တော်မူမည်ဟုမိန့်တော်မူလေသည်။ ထို့နောက် မင်းကြီးသည် ရတနာမျိုးစုံဝင်သော ရွှေပန်းတောင်းအား အဓိဋ္ဌာန်ပြုပြီး လွှတ်တင်တော်မူလေသည်။ ထိုရတနာရွှေပန်းတောင်းသည် ဟင်္သာငှက်သဏ္ဍာန်ပျံတက်သွားပြီးကာ တောင်တိုနေရာ၏တောင်ခါးပန်းနေရာသို့ကျရောက်သွားခဲ့ပါလေသည်။ အလောင်းစည်သူမင်းကြီးသည် ထိုရတနာရွှေပန်းတောင်း ဟင်္သာငှက်သဏ္ဍာန်ဖြင့် ပျံသန်းကျရောက်ခဲ့ရာနေရာတွင် အနက်အားဖြင့် တစ်ဆယ့်ခုနစ်တောင်၊ ပေအတိုင်းအတာအားဖြင့် (၂၅. ၅) ပေရှိသော ဌာပနတိုက်တော်တွင်းအား တူးဖော်စေခဲ့ပါလေ၏။

ထိုဌာပနာတိုက်တော်တွင်းထဲသို့ အဖိုးတန်ရှားပါးလှသော ကျောက်မျက်ရတနာမျိုးစုံတို့ကို သေချာစီစစ်ရွေးချယ်၍ အရေအတွက်အားဖြင့် ပြည်တောင်းနှင့် ခုနစ်ပြည်နှင့်တစ်ခွက်တို့ကို ဓာတ်တော်ခုနစ်ဆူတို့နှင့်အတူ ဌာပနာထည့်သွင်းတော်မူခဲ့ပါလေသည်။ အလုံးစုံပြည့်စုံစေပြီးသောအခါ ဌာပနာတွင်းအားကျောက်ဖျာကြီးတစ်ချပ်ဖြင့် လုံခြုံစွာဖုံးအုပ်စေတော်မူပြီး ကျောက်ဖျာကြီးအပေါ်တွင် စေတီတစ်ဆူကို တည်တော်မူထားခဲ့ပါလေသည်။ ထိုစေတီကိုလည်း အလောင်းစည်သူမင်းကြီးမှပင် 'ရွှေဟင်္သာဘုရားရှင်'ဟူ၍ ဘွဲ့သမုတ်စေတော်မူပြီးကာ မင်းကြီးကိုယ်တိုင်လည်း အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုခဲ့ပါလေ၏။


"ဤ ငါတည်သော ရွှေဟင်္သာဘုရားရှင်ကို ဆွမ်း၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ရေချမ်း၊ ဆီမီး၊ ထီး၊ တံခွန်၊ ကြက်လျှာ၊ ပန်း၊ ပေါက်ပေါက်တို့လှူဒါန်းသူ၊ တံမြက်၊ တလင်း၊ ပေါင်းမြက်သုတ်သင်ပေးသောသူတို့သည် ငါကဲ့သို့ဘုန်းတန်ခိုးကြီးကြပါစေသတည်း။ ငါကဲ့သို့ ကျော်စောထင်ရှားခြင်းဖြစ်ကြပါစေသတည်း"


ဆုတောင်းပြည့် ပင်မဘုရားကြီး၏ ကျောင်းဆောင်ပတ်လည်ရှိ စေတီများ


ရှေးလူများ၏တန်ဖိုးမဖြတ်နိုင်သော လက်ရာများဖြင့် စေတီတော်များ


ရှေးကာပင် ကပ်လှူခဲ့ကြသော တစ်ဝက်တစ်ပျက် ထုံးသင်္ကန်းတော်များ


သွယ်နွဲ့သော စေတီဟန်များဖြင့် ကြည်လင်သောကောင်းကင်နောက်ခံတွင်. . .


ယခင်က ရှေးလက်ရာများနှင့် ယခုပြုပြင်ထားကြသောလက်ရာများအနေအထား


ဆုတောင်းပြည့် ပင်မဘုရားကြီး စံတော်မူရာ ကျောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ရွှေဟသ်ာဘုရားရှင်အား လက်ျာရစ်သုံးပတ်လှည့်လည်လျက် ရှိခိုးပူဇော်တော်မူခဲ့ပါလေသည်။ ရွှေဟသ်ာဘုရားရှင်အား တည်တော်မူပြီးသည်နှင့် အလောင်းစည်သူမင်းကြီးသည် တောင်ဘက်အရပ်မျက်နှာဆီသို့ ခရီးဆက်လက်ထွက်ခွာတော်မူလေ၏။ ကာလကြာမြင့်လာခဲ့သည်တွင် အင်းလေးကန်အတွင်းရှိအင်းလူမျိုးများက ထိုဘုရားကို တောင်တိုနေရာတွင်တည်ရှိနေသောကြောင့်ဟူကာ 'တောင်တိုမွေတော်ဘုရား'ဟု ခေါ်ဆိုခဲ့ကြပါလေ၏။ထိုရွှေဟသ်ာတောင်တိုမွေတော်ဘုရားကို အင်းလေးဒေသဝန်းကျင်တစ်ဝိုက်ဖြစ်ကြသော တောင်တို၊ လွယ်မော၊ မန်ကျည်းဆိပ်၊ ဆီဆုံ၊ ထိးလင်း၊ အင်းလျား၊ ကျိုင့်ခမ့်၊ အင်းဖျား၊ ပန်းကန်၊ ရွာသစ်၊ ကျောက်တိုင်၊ ကျောက်တစ်လုံးငယ်၊ ပိန္နဲကုန်း၊ လွယ်တော်၊ မြေဖြူ၊ နမ့်ပန်၊ ဇရပ်ကြီး စသည့် ကျေးရွာများမှာ တိုင်းရင်းသားအားလုံးပင် အထူးကြည်ညိုပူဇော်လေ့ရှိကြပါလေသည်။

တောင်တိုမွေတော်ဘုရားစေတီများအား အစဉ်အဆက် ဆရာတော်များ၊ ခေတ်အဆက်ဆက် စော်ဘွားမင်းများတို့က လှူဒါန်းပူဇော်ခဲ့ကြပေရာ စေတီအဆူပေါင်း (၁၄၇) ဆူအထိပူဇော်ထားရှိခဲ့ကြပါလေ၏။ ယခုခေတ်ကာလသို့ရောက်သည့်အချိန်ထိတိုင် အဆူအရေအတွက်အားဖြင့် ထိုအတိုင်းပင်တည်ရှိနေသေးသော်လည်း ရှေးလက်ရာမပျက်စေတီများမှာ (၁၁၇)ဆူရှိနေဆဲဖြစ်ပြီး ပြိုကျပျက်စီး၍ ပြုပြင်လှူဒါန်းထားပြီးသည်တို့မှာ စေတီပေါင်း (၃၀)ဆူရှိလျက်ရှိပါသည်။ ရှေးဟောင်းသိမ်နှင့် စောင်းတန်းမုခ်ဦးတို့မှ ခြသေ့်များ၊ လျောင်းတော်မူတိုက်ဇရပ်နှင့်ရေကန်များမှာ ရှေးလက်ရာမပျက်စီးကြသေးသော်လည်း ပြုပြင်ရန်မှု လိုအပ်နေပြီဖြစ်ပါ၏။


ရွှေဟသ်ာကျတောင်တိုမွေတော်ဘုရား၏ ဂန္ဓကုဋိတိုက်ထဲတွင် ရှေးမူမပျက်ရှိနေဆဲဖြစ်သော ရှေးခေါင်းလောင်းတစ်လုံးကိုလည်း သိမ်းဆည်းထားဆဲဖြစ်ပါသည်။ ထိုခေါင်းလောင်း၏ အလယ်ရစ်တွင် မော်ကွန်းစာများကို အောက်ပါအတိုင်းရေးထိုးဖော်ပြထားခဲ့ကြပါ၏။

ထိုမော်ကွန်းစာ၏မူရင်းမှာ -


*၁ သက္ကရာဇ် ၁၁၈၇ ခု တကူးလတွင် တောင်တိုဝ်ဂိုဏ်အုပ်အလယ်ကျွန်းဆရာအုပ်စုသံဃာခြာတပဉ်တကာပက်လက်ဝန်ကျတို့ဝ်နှင့်သွန်လှူသဉ်ခေါင်းလောင်းပေ့ပေါင်မာအကျပ်ငဝကိုဝ်တပိုပ်အပိုင်တရာကိုဝ် . . . ပါင်သါတချိန်ရှိပါသဉ်သြား . . .*

ဟူ၍ ဖြစ်လေသည်။


တောင်တိုမွေတော်စေတီစုသို့ အတက်စောင်းတန်းရှည်ကြီးနံဘေးမှစေတီများ


အလောင်းစည်သူမင်းကြီးလက်ထက်ကပင် တည်ခဲ့ကြသော စေတီတော်များ


စောင်းတန်းရှည်ကြီး၏လက်ယာဘက်မှ ဖူးမြင်ရသော စေတီများ


လူအများတို့ လေ့လာဖူးမြော်နိုင်ကြသည်တို့မှာ. . .



ရှေးက တည်ဆောက်ခဲ့ကြသော မွှော်ရုံတိုက်ကြီး


တစ်ပင်လုံး နီရဲရွှာ နထွက်နေကြသော [illegible] ညောင်နီပင်ကြီးမှာ. . .




www.burmeseclassic.com

www.burmeseclassic.com



ရှေးလက်ရာ မြေစိုက်စေတီတော်များနှင့် ပျူပျူရေးရေး အဝေးမှ တောင်တန်းများ




ရှေးလက်ရာစေတီတစ်ဆူ၏ ဘုံအဆင့်ဆင့် ဖော်ညွှန်းနေဟန် ထုဆစ်ပုံဖော်ထားဟန်



ရှေးလက်ရာကျန်ရှိနေသေးသော ပန်းကနုတ်သံပန်းများ



စေတီမုခ်ဝ၏ဘေးနှစ်ဖက်မှ ဘီလူးရုပ်နတ်ရုပ်များ



စေတီမုခ်ဝတစ်ခု၌ တွေ့မြင်ကြရသော နတ်ရုပ်များ



စေတီမုခ်ဝလေးနှစ်ဖက်မှ ကြွရောက်တော်မူလာမည့် ဘုရားရှင်အား ပူဇော်နေကြပုံ

အဓိပ္ပာယ်မှာ ထိုခေါင်းလောင်းကြီးအား သက္ကရာဇ် ၁၁၈၇ ခု၊ အေဒီနှစ် ၁၈၂၅ ၌ တောင်တိုဂိုဏ်းအုပ်အလယ်ကျွန်းဆရာတော် သံဃာဆရာဒကာ ဒကာမပည့်ပတ်လည်ဝန်းကျင်တို့နှင့် သွန်းလုပ်လှူဒါန်းခြင်း ဖြစ်သည် ဟူပါ၏။ ခေါင်းလောင်း၏ ကြေးပိဿာချိန်ပေါင်းမှာ ပိဿာ (၅၀၀) ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်းဖြင့် ဖော်ပြပါရှိခဲ့လေသည်။

ရွှေဟသ်ာစေတီစု၏ခေါင်းလောင်းတစ်ခုပင်ဖြစ်သော မွေတော်ကျောင်းကြီး၌ သိမ်းဆည်းထားခဲ့သောခေါင်းလောင်းတွင်မူ -

❑ *သက္ကရာဇ်တထောင်ကသာနှစ်စွန်းသွယ်၅၉၃တုံကိမ္ဗန္တနယုံလဝယ်ဆန်းမဓတုနေဂုရုကြုံရောက်ဆုံကာလ. . .*

ဟူသည်ကို လည်းကောင်း -

❑ *မြို့စကားကိုဘွားစားဆင့်သက်မပျက်နွယ်ဝင်သခင်ကြီးကမ္မောဇမဟာသီရိဇေယျာဝံသရာဇာသားတော်သခင်ကမ္မောဇမဟာသီရိဝံသဇယရာဇာရိတ်ရာဘွားစာတော်မူသည့်အတွင်း. . .*

ဟူသည်ကို လည်းကောင်း -

❑ *ခေါင်းလောင်းကိုကြေးပေါင်းအသားတင်ချိန်ချင်တွက်၁၀၁ကိုချောမွေ့စွာသွန်းလောင်းပြီးလျှင်ခေမာခွင်မြတ်နိဗ္ဗူကိုပံဆုယူစေတနာနှင့်လှူဒါန်းပါသည်။သုံးမည်လောကဝေနေယျများစွာသတ္တဝါအပေါင်းသောင်းသောင်းသာမုခေါ်. . .*

ဟူသည်ကို လည်းကောင်း -

❑ *သက္ကရာဇ် ၁၂၅၉ ခု တကူလအတွင်းခေါင်းလောင်းပုံပြုလုပ်သည့်ဘုရား. . .*

ဟူသည်ကိုလည်းကောင်း တွေ့ရှိကြရပါပေသည်။

ဆိုလိုရင်းမှာ မြန်မာနှစ် ၁၂၅၉ခု၊ အေဒီနှစ် ၁၈၉၇ ခုနှစ်တွင် စံကားစော်ဘွားကြီး၏သားတော် စော်ဘွားသခင်သည် သွန်းလောင်းပူဇော်ခဲ့ကြောင်းဖြင့် ဖော်ပြရေးသားထားခြင်းဖြစ်ပါသည်။

တောင်တိုရွှေဟသ်ာစေတီစုမှအင်းလေးဖောင်တော်ဦးဘုရားသို့သွားရောက်လှူဒါန်းထားသောခေါင်းလောင်းကြီး၏မော်ကွန်းစာတွင်လည်း -

❑ *ကြာပန်းမင်္ဂလာ ဘွက်ညားအံ့*
*မဟာမဏာ လနုဂရမှ*
*ဌာနငပင် ခြသေ့်မင်းသည်*
*စောင့်ခြင်းအမတ် အဂ္ဂရတံတွင်*
*အင်းမြတ်လေးခုံဖောင်ဆုံပြုသည့်*
*ယုခုဝေါဟာ အင်းလေးရွာ၏*
*အောင်ဂျာနယ်သတ်အင်းရာရတ်*
*တွင်*
*မပြတ်သဒ္ဒါ၊ ဖြောင့်ကိစ္စာသား*
*ကျောင်းသားကြီး မံဟာကျောင်း*


www.burmeseclassic.com




ကိန္နရီကိန္နရာအရုပ်များဖြင့် သရုပ်ဖော်ပုံဖော်ထားဟန်များ



စေတီမုခ်ဝထောင့်လေးဖက်များ၌ ပုံဖော်ထားဟန်မှာ



ရှေးခေတ်မှ လက်ရာဖြစ်သော အင်္ဂတေပန်းတော့အလုများ



ရှေးက တည်ဆောက်ခဲ့ကြသော တောင်တိုကျောင်းတိုက်ကြီး

*တကာလည်း*

*သညာထူးသစ် ဦးဘိုးနှစ်နှင့်. . .*

အစရှိသဖြင့် ရေးထိုးမှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရှိရပါသည်။

တောင်တို ရွှေဟသာစေတီစု၏ မြောက်ဘက်တစ်ကေကျော်ကျော်ကျယ်ဝန်းသော ကျောင်းပရိဝုဏ်အတွင်း၌ အင်းလေးဒေသသားတို့ ဦးတိုက်ပူဇော်ကြရာ တောင်တိုမွေတော်ကျောင်းတိုက်ကြီးကိုလည်း တွေ့ရှိနိုင်ပါသည်။ ထိုကျောင်းတိုက်ကြီးသည် ယခုထက်ထိတိုင်ပင် အုတ်အင်္ဂတေတိုင်တို့ဖြင့် အခိုင်အခံ့ရှိပြီး အမြင့်အားဖြင့် (၁၅) ပေမြင့်သော နှစ်ထပ်ကျောင်းဆောင်ကြီးဖြစ်သည်။ ခရစ်နှစ် ၁၉၃၈ တွင် ဆောက်လုပ်ပြီးစီးခဲ့သော ခံ့ညားထည်ဝါလှသည့် အဆောက်အအုံကြီးမျိုးဖြစ်ပါ၏။ ဦးစီး၍ ဆောက်လုပ်ခဲ့သော ဆရာတော်မှာ ပအိုဝ်တိုင်းရင်းသား ဆရာတော် ဘဒ္ဒန္တသီလာစာရဖြစ်ကြောင်းနှင့် နန့်ပလင်ရွာဇာတိသားဖြစ်ကြောင်း မှတ်တမ်းတို့အရ သိရှိရပါသည်။

ဒေသရိုးရာဓလေ့တို့အတိုင်းပင် တောင်တိုရွှေဟသာကျမွေတော်ဘုရားကြီး၏ဆွမ်းလောင်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ယခုထက်တိုင်ပင် နှစ်စဉ်ကျင်းပနေဆဲဖြစ်ပါသည်။ ပွဲတော်ကျင်းပသည့်နေ့ရက်မှာ နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ ၄ ရက်နေ့ထိဖြစ်ပြီး အကြိမ်ရေအားဖြင့် ယခုထိ (၄၅)ကြိမ်ရှိခဲ့ပြီဖြစ်ပါသည်။ အချိန်ကျရောက်လာသည့်အခါတိုင်း ထိုဆွမ်းလောင်းပွဲတော်သို့ ရပ်နီး၊ရပ်ဝေးတို့မှ တိုင်းရင်းသားပေါင်းစုံတို့ အရောက်လာကြမြဲဖြစ်ပါသည်။ တောင်ကြီး၊ ညောင်ရွှေ ရွှေညောင်၊ ဟဲဟိုး၊ ပင်လောင်း၊ နောင်တရား၊ မိုင်းသောက်၊ သလဲဦး စသည်တို့မှ အလှူရှင်များနှင့် အင်းလေးကန်ဝန်းကျင်ရှိရွာများမှ လာရောက် ဆွမ်းလောင်းပူဇော်ကြသော၊ ကုသိုလ်ယူကြသော ပွဲတော်ကြီး ဖြစ်ပါသည်။ ထိုပွဲတော်အတွက် ရည်ရွယ်၍ တောင်တိုမွေတော်ဘုရားကြီးသို့တက်ရောက်ရာ စောင်းတန်းရှည်ကြီးတစ်လျှောက်တွင် ဆွမ်းတင်ခုံများ၊ ဆွမ်းလောင်းခုံများကို အုတ်အင်္ဂတေတို့ဖြင့် အကျအနပြုလုပ်ထားရှိထားကြသည်ကိုလည်း တပြင်တပြားတည်းနှင့် အခန်းပေါင်းများစွာ အကန့်ပေါင်းများစွာ တွေ့မြင်ကြရသည်ကပင် ထူးခြားလွန်းလှပေသည်။

ပွဲတော်ကျင်းပကြသည့်အခါ ရပ်ဝေး၊ ရပ်နီးပင့်သံဃာ၊ ကြွသံဃာဟူသမျှတို့ကို ဆွမ်းလောင်းလှူပူဇော်ကြရင်း သူ့ရွာကိုယ့်ရွာ လာရောက်ပူဇော်ကြသော လူပရိသတ်များကို ဧည့်ထောက်ခံနားနေစေကာ ကျွေးမွေးခြင်းပြုနေကြသည်များကို ပွဲတော်ကာလအတွင်း ကြည်နူးပျော်ရွှင်ဖွယ်ရာ တွေ့မြင်နိုင်ကြပါလေသည်။ တောင်တိုမွေတော်ဘုရားကြီး၌ ပွဲတော်ကာလဖြစ်စေ၊ အခြားအချိန်တာတို့၌ဖြစ်စေ လာရောက်ကြည်ညိုကြသော ဧည့်ပရိသတ်အပေါင်းတို့၏အလှူငွေများဖြင့် ရှေးလက်ရာစေတီပုထိုးများထိန်းသိမ်းပြုပြင်နိုင်ရေး၊ ရှေးကမ်းလောင်ကျွမ်းမှုဖြင့် ပျက်စီးခဲ့ရသော ရှေးလက်ရာ စက္ကပါလိနီသိမ်တော်ကြီးကို ပြန်လည်တည်ဆောက်နိုင်ရေးတို့အတွက် အသုံးပြုကြမည်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်သည် တောင်တိုမွေတော်ဘုရား ဒါယကာ၊ ဒါယိကာမများ၏ အကြီးမားဆုံးနှင့် အလိုလားဆုံးဆန္ဒ မျှော်လင့်ချက်ပင်ဖြစ်ပါလေ၏။

စက္ကပါလိနီသိမ်တော်ကြီးသည် မြန်မာနှစ် ၁၂၅၇ ခု၊ အေဒီ ၁၈၉၅ ခုနှစ်တွင် ဗြိတိသျှဘုရင်မ ဝိတိုရိယ အုပ်ချုပ်သည့်လက်ထက်ကပင် တည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုခေတ်ထိုကာလက ကျိုင့်ခမ့်ရွာနေ အလှူရှင် ဦးခြယ်သည် ရဟန်းသံဃာတော်များအတွက် နှစ်စဉ်ပဝါရဏာဂပြုလုပ်နိုင်ကြရန်ဟူ၍ ရည်ရွယ်လှူဒါန်းခဲ့ခြင်းဖြစ်လေသည်။ ထိုစဉ်က သိမ်တော်ကြီးဆောက်လုပ်ရန်မြေအား မဟာဝန်ရှင်တော်မင်းကြီးထံ လျှောက်ထား တောင်းပန်ခဲ့ရကြောင်း မှတ်တမ်းထားရှိခဲ့လေ၏။ ထိုစက္ကပါလိနီသိမ်တော်ကြီးအား ရွှာမ၊ နမ့်ပန်ရွာတို့မှ ဆရာတော်ကြီးများဦးစီး၍ သိမ်နှုတ်ခြင်း သိမ်သမုတ်ခြင်း စသည်တို့ ပြုလုပ်ခဲ့ကြောင်းနှင့် သာသနာနှစ် ၂၄၃၉ ခုနှစ် မြန်မာနှစ် ၁၂၅၇ ခုနှစ်၊ နတ်တော်လ

www.burmeseclassic.com

ဆန်း ၁၄ ရက်၊ အေဒီနှစ် ၁၈၉၅ ခုတွင် သိမ်တော်အလှူကြီးပြီးစီးခဲ့ကြကြောင်း မှတ်တမ်းစာတို့အရ သိရှိရပါလေသည်။

ဒေသဗဟုသုတအားဖြင့်ဖော်ပြလိုသည်မှာ ဖွဲပုံသီးဟူ၍ အင်းဒေသသားတို့ခေါ်ဝေါ်လေ့ရှိကြသော နာနတ်သီးမျိုးပင် ဖြစ်ပါ၏။ စာရေးသူတို့သွားရောက်ကြသော ဦးကျော်မျိုးတင့်၊ ဒေါ်ဖွားခင်တို့၏အိမ်မှာ အင်းလျားရွာလယ်တွင် တည်ရှိပြီး ဆန်စက်ပိုင်ရှင်လည်းဖြစ်ပါသည်။ ရောက်ရောက်ချင်းပင် အလှူပွဲတစ်ပွဲစာပစ္စည်းများ၊ မုန့်များဖြင့် သမီးများ၊ မြေးများနှင့်အတူ လက်အုပ်ချီကန်တော့ကြပြီးမှ တောင်တိုဘုရားသို့ ချက်ချင်းပင် သွားရောက်ဖြစ်ခဲ့ကြခြင်းဖြစ်ပါသည်။ အဘိုးလေး၏သမီးဖြစ်သူမမီးမှ လိုက်ပါပို့ဆောင်ပေးသဖြင့် ဘုရားနှင့် ပတ်သက်သည်များကိုမေးမြန်းမှတ်သားနိုင်ခဲ့ပါကြောင်း ဤဆောင်းပါးဖြင့် ကျေးဇူးတုံ့ပြန်မှတ်တမ်းတင်ပါသည်။

ဦးကျော်မျိုးတင့်၏ ဆန်စက်တွင် ဖွဲကြမ်းများ နှစ်ကာလများစွာ ဖို့တက်လာသောအခါ ကျယ်ပြန့်သောနေရာကိုဖြစ်လာခဲ့သဖြင့် ထိုကဲ့သို့ ဖို့ကာထပ်ကာရှိလာသောနေရာပေါ်တွင် နာနတ်သီးများကို စိုက်ပျိုးခဲ့ကြခြင်းဖြစ်လေသည်။ စာရေးသူ ရောက်ရှိသွားချိန်၌ သန်စွမ်းလှသောနာနတ်ပင်များကို သီးစအသီးငယ်များနှင့်အတူတွေ့ရှိခဲ့ရသည်။ စားသုံးရန်သင့်သောအရွယ်၌ ထိုနာနတ်သီးများသည် ပြည်တောင်းခန့်ကြီးကြကြောင်း၊ သကြားတမျှချိုလှကြောင်း၊ ရနံ့အားဖြင့်လည်း ပို၍မွှေးပျံ့ကြောင်း သိရှိရပါ၏။ ဖွဲပုံပေါ်တွင် သီး၍ပင်လားမသိ။ အခြားသောနာနတ်သီးများထက် ထွားကျိုင်းမှုရှိသည်ကတော့ ထူးခြားလှပါပေသည်။ စာရှုသူတို့တွေ့မြင်နိုင်ကြရန် နာနတ်ပင်များစိုက်ပျိုးထားကြပုံနှင့် အသီးကင်းလေးများစတင်သီးနေပုံကို ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်ပါ၏။ ဓာတ်ပုံမှတ်တမ်းအဖြစ်ရိုက်ခဲ့သောနေ့မှာ ၂၀၁၅ ခု၊ ဧပြီလ ၅ ရက်နေ့ ဖြစ်ပါသည်။


ရပ်ဝေး၊ရပ်နီးတို့မှစာရှုသူမိတ်ဆွေများသည် အင်းလေးကန်အတွင်းမှ အင်းလျားရွာအနီးရှိ တောင်တိုမွေတော်ရှေးဟောင်း ရွှေဟင်္သာကျစေတီတော်များရှိရာသို့ တစ်ခါတစ်ခေါက်လာရောက်ကြစေလိုကြောင်းဖိတ်ကြားအပ်ပါသည်။ ပွဲတော်ရက်တွင်းဖြစ်စေ၊ ပွဲတော်ရက်မဟုတ်သည်ပင်ဖြစ်စေ လာရောက်ရန် လွယ်ကူသောအနေအထားများရှိနေကြပြီဖြစ်သည်။ ကားလမ်းဖြင့် အရှေ့ဘက်ကန်ပတ်လမ်း၊ ဟော်တယ်ဇုန်ကားလမ်းအတိုင်း လာရောက်နိုင်ကြသည်လည်းရှိနေပါသည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသား တိုးရစ်များ မကြာခဏလာရောက်ကြပြီး နေ့စဉ်လိုပင် စေတီတော်များကို လေ့လာနေကြသည်ကိုလည်း တွေ့မြင်ကြရပါသည်။ ယခင်ကဲ့သို့မဟုတ်ဘဲ ပွင့်လင်းမြင်သာကာ သာတောင့်သာယာရှိလှသော ဒေသဝန်းကျင်တို့ကြောင့် ဘုရားဖူးဧည့်သည်များလည်း မပြတ်ဘဲ လာရောက်ကြလေ့ရှိပါ၏။ ဂေါပကလူကြီးထံမှ သိလိုသောအကြောင်းအရာများကို မေးမြန်းနိုင်သကဲ့သို့ ဘုရားသမိုင်းစာအုပ်များ၊ ရွှေဆိုင်းများ၊ ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် စသည့် လှူဒါန်းဖွယ်ရာများကိုလည်း ဘုရားတွင်ပင်ဝယ်ယူလှူဒါန်းနိုင်ကြပါလေသည်။

ရွှေဟင်္သာကျတောင်တိုမွေတော်တွင် ပင်မဘုရားကြီး၏ပုံတော်အသွင်မှာလည်း ရှေးလက်ရာဖြစ်၍ ထူးခြားလွန်းလှပါသည်။လက်တော်တွင်လည်း လက်စွပ်တော်များကို လေ့လာမှုပြုနိုင်ကြပါသည်။ မည်သို့ပင်ဖြစ်ပါစေ ရှေးဟောင်းလက်ရာ အလောင်းစည်သူမင်းကြီး၏ အရိပ်အငွေ့များရှိနိုင်တော်မူခဲ့ရာ ခေတ်ပြိုင်စေတီတော်များစွာတို့တွင်းမှ စေတီစုများဖြစ်သော 'ရွှေဟင်္သာကျတောင်တိုမွေတော်ဘုရား' ရှိရာ အင်းလေးဒေသတွင်းမှနေရာတစ်ခုအား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးရေးသားလိုက်ရပါလေသည်။

ခင် (တောင်ကြီး)



အင်းရေပြင်၏စပါးခွံဖွဲပုံပေါ်တွင်
စိုက်ပျိုးထားသော နာနတ်ခင်းနှင့်
ငှက်ပျောတော၊ ပိန်းဥတော၊ ကန်စွန်းခင်းများ



အင်းလေးကန်ဒေသ
တောင်တိုမွေတော်ဘုရားတည်ရှိရာ
အင်းလျားရွာ၏ဒေသအလှအပများ



ဖွံ့ထွားကြီးမားလာတော့မည့်
အပင်တက်အမြွာများနှင့် ဖွဲပုံနာနတ်သီး



ဖွဲပုံပေါ်တွင် စိုက်ပျိုးသည့်
ဖွဲပုံနာနတ်သီးအသီးတည..စ လှပနေပုံ



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့ကို ရောက်သည်နှင့် မောင်အုံ့၏ ပထမဦးစားပေးအလုပ်မှာ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက် ဖူးမြော်ခြင်းပင် ဖြစ်သည်။ ယခုလည်း တည်းခိုရာ မြင်းဝန်မင်းကြီး ကျောင်းတိုက် ဖြူးကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား ဦးချကန်တော့ကာ ပစ္စည်းများ နေရာချထားပြီးနောက် ဘုရားကြီးသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။ တည်းခိုရာကျောင်းမှာ ဘုရားကြီး၏ မြောက်မုခ်တွင်ရှိပြီး ကားလမ်းသာခြားသဖြင့် (၁၀) မိနစ်ခန့်သာ လမ်းလျှောက်ခဲ့ရသည်။ ဘုရားကြီးအား ဖူးမြော်၊ ပုတီးစိပ်ပြီးနောက် ရင်ပြင်တော်အရှေ့ဘက်မှ ပတ်ကာ ကြေးသွန်းရုပ်ကြီးများရှိရာ တန်ဆောင်းကို ဝင်၍နားခိုနေခဲ့မိပါသည်။ အညာနေမှာ ညနေစောင်းသော်လည်း အပူရှိန်က သိသာစွာ လျော့မသွားသေးပေ။ ထွက်လာသည့်နဖူးပြင်မှ ချွေးစက်များကို လက်ပိုင်ပဝါဖြင့် သုတ်ကာ မဟာမြတ်မုနိဘုရားကြီး၏ အဝေးမြင် ကိုယ်လုံးတော်ပြည့်စေတီတော်ကို ဖူးမြော်ခဲ့ပါသည်။ တစ်စတစ်စ ဘုရားဖူးများမှာများလာသဖြင့် ကြေးရုပ်ကြီးများတန်ဆောင်းမှ ဆင်းလာပြီး ရင်ပြင်တော်ပေါ် အရောက် -

"ဟဲ့အကောင် မောင်အုံ့၊ တူပါတယ်လို့ ကြည့်နေတာကြာပြီ။ မန္တလေးကို ဘယ်တုံးကရောက်နေတာလဲ။ ဘယ်မှာတည်းလဲ။ မိသားစုကကော ဘယ်မှာလဲကွ"

မောင်အုံ့ လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်း၍ဝမ်းပန်းတသာမေးလာသော ပုဂ္ဂိုလ်ကို မောင်အုံ့ပြူးတူးပျာတာကြည့်မိပါသည်။ အသက် (၅၀) ကျော် စတစ်အင်္ကျီလက်စကအဖြူ၊ ပလေကပ်ပုဆိုး အနီရောင်အကွက်နှင့် သားသားနားနား ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရသဖြင့် မည်သူများလဲဟု အတွေးဖြင့် ငေးကြည့်နေမိရာ -

"ဟာ - ဒီကောင်မောင်အုံ့၊ ငါ့ကို မမှတ်မိဘူးလား။ သောင်းတန်လေကွာ။ မင်းခေါ် နေတဲ့ ကျပ်မတန်ပါကွ။ သေချာကြည့်ပါဦး"

ဒီတော့မှ သူငယ်ရုပ်ကို ဖမ်းမိသည်။

"ဟာ - ကျပ်မတန်ကြီး၊ မင်းက တစ်သွေးတစ်မွေးနဲ့ဆိုတော့ ရုတ်တရက် မမှတ်မိဘူးကွာ။ မင်းကောဘယ်မှာနေလဲ။ ဘာလုပ်နေလဲ။ မိသားစုကောရှိနေပြီလား။ မတွေ့ကြတာ နှစ်(၃၀)လောက်ရှိနေပြီဆိုတော့ မင်းရှိမှရှိသေးရဲ့လား ထင်နေတာလေ။ ငါ့ကောင်ကြီး အခြေအနေကောင်းနေပုံရတယ်။ မင်းနဲ့မမျှော်လင့်ဘဲ အခုလို ကျန်းကျန်းမာမာတွေ့ရတာ ဝမ်းသာတယ်ကွာ"

"အေး - ငါလည်း အရမ်းဝမ်းသာတာပဲ။ ငါ အိမ်ထောင်ကျပြီး သား (၃) ယောက်ရပြီ။ ဒီကောင်တွေ ကျောင်းပြီးလို့ အလုပ်လုပ်နေကြပြီလေ။ နေတာတော့ ပြင်ဦးလွင်မှာကွ။ အခုအလုပ်ကိစ္စနဲ့လာရင်း အလုပ်ပြီးလို့ အိမ်မပြန်ခင် ဘုရားလာဖူးတာပဲကွ။ အမော်ပဲ ငါ အပြန်မှာ မင်းလိုက်ခဲ့ကွာ။ ငါ့မိသားစုတွေ့ပြီး အိမ်ကိုလည်း ရောက်ဖူးမယ်၊ နောင်ကိုလည်း တို့သူငယ်ချင်းတွေ အဆက်အသွယ်မပြတ်တော့ဘူးပေါ့ကွာ"

သောင်းတန်၏ ဝမ်းသာအားရ ပြောစကားကို မောင်အုံ့ ချက်ချင်းမဖြေနိုင်ခဲ့ပါ။ လုပ်ရမည့်အလုပ်ကိစ္စများကို စဉ်းစားရင်းတွေဝေနေခဲ့မိပါသည်။

"ဘာတွေများစဉ်းစားနေတာလဲကွ။ ကနေ့အဖို့တော့ မင်းလည်း အလုပ်ချိန် မရှိလောက်တော့ပါဘူး။ တို့တစ်တွေ မဆုံကြတာလည်းကြာပြီမို့ အေးအေးဆေးဆေးစကားပြောရင်း ငါ့မိသားစုကိုလည်းတွေ့ရအောင်လိုက်ခဲ့ပါကွာ။ဘာမှ ငြင်းမနေနဲ့ အခုတစ်ခါတည်းသာလိုက်ခဲ့ပေတော့။ ငါ့မှာကားပါတယ်။ မနက်ကျရင် လည်း ပြန်ပို့ပေးပါ့မယ်ကွ"

အတင်းအကျပ် မရမကခေါ်နေသူ သောင်းတန်ကြီးကို အားနာလာ၍ တည်းခိုရာကျောင်းသို့ဝင်၊ ဆရာတော်အား လျှောက်ထားကာ ပြင်ဦးလွင်သို့ လိုက်ခဲ့ရတော့သည်။


❏

မောင်အုံ့နှင့် သောင်းတန်တို့မှာ သူငယ်တန်းမှစ၍ လည်ပင်းဖက်ကြီးလာကြသော ငယ်ပေါင်းသူငယ်ချင်းများဖြစ်သည်။ သောင်းတန်၏ဖခင်မှာ မြို့နယ်အဆင့်ဦးစီးဌာနတစ်ခုမှ အငယ်တန်းအရာရှိတစ်ဦး ဖြစ်သည်။ တစ်ဦးတည်းသောသား သောင်းတန်ကို မိဘများက အလိုလိုက်ထားကြရာ ပင်ကိုမူလဗီဇက မဆိုးသော်လည်း သောင်းတန်မှာ အလိုလိုက် အမိုက်စော်ကား ဆိုသလို လုပ်ချင်ရာ တစ်ဇွတ်ထိုး တလေကန်းလုပ်တတ်သည့်အကျင့်ရှိသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အုံကြွယ်

## ဇယရှစ်တန်ဂါထာနှင့် ဇိနဆယ်ပါးအကျိုးများ

ဤအကျင့်ကြောင့် လူတကာအော့ကြောလန်ချဥ်ဖတ်ဖြစ်သော်လည်း မောင်အုံ့အပေါ်တွင်မူ အကောင်းဆုံး ဆက်ဆံတတ်သူဖြစ်ပြီး အုံ့ဩလောက်အောင်လည်း သည်းခံသူ ဖြစ်သည်။

မောင်အုံ့တို့(၈)တန်းရောက်သည့်နှစ်တွင် သောင်းတန်၏ မိခင်ဖြစ်သူရုတ်တရက် ကွယ်လွန်ခဲ့ပြီး တစ်နှစ်အကြာလောက်တွင် ဖခင်ဖြစ်သူမှာ နောက်အိမ်ထောင်ထူခဲ့သည်။ သောင်းတန်၏မိထွေးဖြစ်သူမှာလည်း မုဆိုးမဖြစ်ပြီး သောင်းတန်နှင့် ရွယ်တူသမီးတစ်ယောက်နှင့် (၂)နှစ်ခန့်ငယ်သူ သားတစ်ယောက်ပါလာခဲ့သည်။ ဖခင်နောက်အိမ်ထောင်ပြုသည်မှစ၍ တစ်ဖွတ်ထိုးတဖောက်ကန်း သောင်းတန် လူဆိုးလူမိုက်ဖြစ်လာသည်။ အိမ်မှာနေလျှင်မိထွေးနှင့်ရော သူ့သားသမီးများနှင့်ပါမတည့်၍ တကျက်ကျက်ဖြစ်လာသည်။ ပိုဆိုးသည်မှာ ယခင်က လွန်စွာမှ ချစ်ကြောက်ရိုသေခဲ့သော ဖခင်၏စကားကိုပင် မထေမဲ့မြင်ပြုလာခဲ့သည်။ ကျောင်းတွင်လည်း မှန်တေတေနှင့် စကားကောင်းမပြောတော့ဘဲ ရန်လိုလာတော့သည်။ သူငယ်ချင်းများကပင် ဖယ်ကြဥ်လာကြသည်။သူနှင့်တွဲသူဆို၍ မောင်အုံ့တစ်ယောက်သာရှိတော့သည်။

"သောင်းတန်ရာ၊ မင်းရဲ့စိတ်ကိုလည်း ပြင်ပါဦး သူငယ်ချင်းရယ်။ မင်းဖာသာ အလကားနေရင်း အလိုမကျဖြစ်နေတော့ မင့်အမေဖြစ်စေချင်သလိုသိန်း

www.burmeseclassic.com

သောင်းတန်တဲ့ လူ့အဖိုးတန်လေးမဖြစ်နိုင်တော့ဘဲ တစ်ကျပ်တောင်မတန်တဲ့လူ့အန္တ အသုံးမကျတဲ့ကောင်ဖြစ်နေပြီကွ။ ဒီအတိုင်း ဆက်သွားမယ်ဆိုရင်တော့ မင်းကိုသောင်းတန်လို့မခေါ်ဘဲ တစ်ကျပ်တောင်မတန်တဲ့ ကျပ်မတန်လို့ဘဲခေါ်ရလိမ့်မယ်နော"

မောင်အံ့ မည်မျှပြောပြောဆိုဆို သောင်းတန်က ဂရုမစိုက်ခဲ့။ ပေပေတေတေနှင့် နေချင်သလိုနေခဲ့သည်။

"ဟေ့ကောင် မောင်အံ့၊ ငါ့ကို ဆရာလာမလုပ်နဲ့။ မင်းကြိုက်သလိုခေါ်နိုင်တယ်။ အေး-တခြားကောင်တွေခေါ်ရင်တော့ ငါနဲ့အတွေ့ပဲ"

ဒီလိုနဲ့ သောင်းတန်ကို ဘယ်သူမှ ထိန်းမရတော့ချေ။ မောင်အံ့ (၁၀) တန်းအောင်တော့ သောင်းတန်မအောင်ခဲ့ပါ။ ဤသည်မှစကာ နှစ်ဦးစလုံး အဆက်အသွယ်ပြတ်သွားခဲ့ကြသည်။ ကြိုကြားကြိုကြားမှု သောင်းတန်မကောင်းသတင်းကိုကြားရသည်။ (၃) နှစ်ဖြေဆိုခဲ့သော်လည်း (၁၀) တန်းလည်းမအောင်။ ပြောစကားလည်း နားမထောင်။ အလုပ်လည်း မလုပ်ချင်သည့် သောင်းတန်ကို သူ့ဖခင်က အိမ်ပေါ်မှ မောင်းချလိုက်သည်ဆိုသောသတင်းကို နောက်ဆုံးကြားလိုက်ရသည်။ အခုဆိုလျှင် နှစ်(၃၀) ခန့် ကြာခဲ့ပြီ။ တိုက်တိုက်ဆိုင်ဆိုင် မဟာမြတ်မုနိဘုရားကြီးရင်ပြင်တွင် မမျှော်လင့်ဘဲ ပြန်လည်ကြုံဆုံခဲ့ရသည်။

"ဟေ့ကောင်ကြီးဘာတွေတွေးနေတာလဲ။ မဟုတ်မှလွဲရော ငါ့အကြောင်းတွေ ပြန်ပြောင်းသတိရနေတာမဟုတ်လား"

ပြင်ဦးလွင်ကို ရောက်ပြီးနောက် သောင်းတန်၏မိသားစုကို တွေ့ကာ မိတ်ဆက်ပေး၍ ညစာစားအပြီး ဧည့်ခန်းတွင်ထိုင်လျက် အတွေးနယ်ချဲ့နေစဉ် သောင်းတန်ကြီး လက်ဖက်သုပ်ပန်းကန်ကိုင်ကာ မေးလာမှုအပေါ် -

"အေးကွာ ကျပ်မတန်ကြီး၊ မင်းကို ခုလို တင့်တောင်းတင့်တယ်မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းမြင်ရတော့ အံ့အားလည်းသင့်မိတယ်။ ဝမ်းလည်းသာမိတယ်ကွာ။အရင်တုန်းကမင်းရဲ့အကြောင်းတွေ စဉ်းစားနေမိတာ အမှန်ပဲကွ။ ကဲပါ သူငယ်ချင်းရာ အပန်းမကြီးဘူးဆိုရင် မင်းဘဝအကြောင်းနဲ့ အခုလိုအောင်မြင်လာပုံတွေကို အတုယူရအောင် ဖောက်သည်ချစမ်းပါဦးကွ"

"ငါ့ဘဝအကြောင်းတွေကို ပြောပြချင်လွန်းလို့လည်း မင်းကိုခေါ်လာရခြင်းအကြောင်းတစ်ချက်ပါတယ်ကွ။ ကဲ- အေးအေးဆေးဆေးရေနွေးကြမ်းသောက်၊ လက်ဖက်သုပ်စားရင်း နားထောင်ပေတော့ကွာ"

❑

အဖေနှင့် အဆင်မပြေ၍ သောင်းတန်အိမ်ကထွက်လာခဲ့သည်မှာ (၃)ရက်ရှိခဲ့ပါပြီ။ ပါလာသည့် ငွေ (၁၀) ကျပ်မှာလည်း ကားခ၊ မော်တော်ခ၊ စားစရိတ်တွေနှင့် လက်ထဲတွင် တစ်ပြားမျှမရှိတော့။ လာခဲ့သည့်ခရီးစဉ်ကို ပြန်တွက်ကြည့်ရာ ပေါက်ကနေ ပခုက္ကူ၊ ပခုက္ကူမှ ရေစကြို၊ ရေစကြိုကနေ ချင်းတွင်းမြစ်အတိုင်း မော်တော်စီးလာခဲ့ရာ ယခုဆိုမုံရွာမြို့ကို ရောက်နေပြီ ဖြစ်သည်။ မော်တော်ပေါ်ကဆင်းပြီး ကမ်းနားလမ်းအတိုင်းလျှောက်လာခဲ့ရာ ညနေ(၅)နာရီကျော်လာသည်အထိ နေ့လယ်စာထမင်းမစားရသေးသဖြင့် ဗိုက်ထဲက တကျုတ်ကျုတ်မြည်ကာ သံစုံပေးနေသည်။ ကမ်းနားလမ်းတစ်လျှောက် အဝစား (၁) ကျပ် ထမင်းဆိုင်များက ဒုနှင့်ဒေးရှိသော်လည်း ပိုက်ဆံမရှိတော့၍ ဝင်မထိုင်နိုင်။ (မှတ်ချက် - ထိုစဉ်က ငွေကျပ်တစ်သိန်းရှိလျှင် ခြံနှင့်ဝင်းနှင့် နှစ်ထပ်တိုက်တစ်လုံး ဝယ်ယူနိုင်သည်။ ထမင်းအဝစား (၁) ကျပ်၊ လက်ဖက်ရည်တစ်ခွက် (၂၅) ပြား ဖြစ်သည်။) ခြော်-ခုတော့ မောင်အံ့ခေါ်သလို တစ်ကျပ်တောင်မရှိသည့် ကျပ်မတန်ဆိုသည်မှာ မှန်နေပါလားလို့ တွေးရင်း ဝမ်းနည်းလာသည်။

မစားရ ဧည့်ခံဆိုသလို ထမင်းဆိုင်တစ်ဆိုင်၏ဘေး သစ်ပင်ရိပ်တွင်ခိုကာ ဆောင့်ကြောင့်ထိုင်လျက် ဟင်းနံ့ကိုခံကာ ထမင်းဆာသည့် အာသီသကိုဖျောက်နေမိသည်။ ဟင်းနံ့ရတော့ ပိုဆာလာသည်။ ဗိုက်ကိုဖိ၍ တံတွေးကိုသာ မျိုချနေရသည်။ စိတ်ညစ်ညစ်နှင့် မျက်လုံးကိုမှိတ်ကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ အနားတွင် ခြေသံလိုလိုကြားမိ၍ မျက်လုံးကိုဖွင့်ကြည့်မိသည်။ အသက် (၅၀)ကျော်ခန့် မွှန်မွန်ရည်ရည်လူတစ်ဦး၏ သနားကြင်နာရိပ်ရှိသည့် မျက်လုံးနှစ်လုံးနှင့် အကြည့်ချင်းဆုံမိသည်။

"လူလေး၊ ထမင်းသိပ်ဆာနေပြီထင်တယ်။ လာလာ - ဘကြီးနဲ့လိုက်ခဲ့၊ ဟိုမော်တော်ပေါ်ကနေ လူလေးကို ဘကြီးကြည့်နေလို့ အခြေအနေကို အကဲခတ်မိတာပါ။ ဆာလွန်းလို့လမ်းတောင်မလျှောက်နိုင်တော့တဲ့လူလေးကို မြင်တာနဲ့ ဘကြီးမော်တော်ပေါ်ကဆင်းလာတာကွယ်"

အနီးရှိ ထမင်းဆိုင်ကိုခေါ်၍ သောင်းတန်ကို ထမင်းကျွေးခဲ့သည်။ ထိုနေ့ကစားရသော ထမင်းအရသာလောက်ကောင်းတာ သူ့ဘဝတစ်သက်တာ မရှိခဲ့ဟု သောင်းတန် အမှတ်တရဖြစ်စေခဲ့ပါသည်။ ထမင်းစားပြီး ဆိုင်မှတည်ခင်းသည့် ထန်းလျက်ခဲကိုစား၊ ရေနွေးကြမ်းကိုသောက်ရင်း ဦးလေးကြီးမှ -

"လူလေးကြည့်ရတာ အိမ်နဲ့အဆင်မပြေလို့ထွက်လာပြီးစိတ်ညစ်နေပုံရတယ်။ ဘယ်ကလာလို့ဘယ်ကိုသွားမလို့လဲ။ ဘကြီးအကူအညီပေးနိုင်တာမျိုးရှိရင်လည်း ပြောပါ။ ကူညီရတာပေါ့ကွယ်"

ဟု မေးလာရာ သောင်းတန်က-

"ဘကြီးရယ်၊ ကျွန်တော့်အမည်က သောင်းတန်ပါ။ ယောနယ်စပ် ပေါက်မြို့က လာတာပါ။ စာမေးပွဲကျ၊ အဖေက ဆူလို့ စိတ်ညစ်ညစ်နဲ့ အိမ်ကထွက်လာတာပါ။ အဲဒီမှာ ကျွန်တော့်အမေရဲ့ မောင်ဝမ်းကွဲရှိလို့ အလုပ်လုပ်မယ်ဆိုပြီး ထွက်လာတာပါ။ အခုတော့ ကမူးကို ရောက်ဖို့မပြောနဲ့ မုံရွာမှာ ထမင်းငတ်သေမလားတောင် မသိတော့ပါဘူး ဘကြီးရယ်။ ဘကြီးက ဘယ်မှာနေတာလဲ။ ကျွန်တော့်ကို သင့်တော်တဲ့အလုပ်လေးများရှိရင်ခိုင်းပါ။ ထမင်းနပ်မှန်အောင် စားရရင် ကျေနပ်ပါပြီ ခင်ဗျာ"

"အင်း - မင်းလည်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခသည်ပဲကိုး။ ဘကြီးနာမည်က ရွှေကိုလို့ခေါ်တယ်။ ဇာတိကတော့ ဒီမြစ်အထက်နားက မင်းကင်းနယ်ကပဲကွ။ အလုပ်ကတော့ ခုနဘကြီးဆင်းလာခဲ့တဲ့ မော်တော်မှာ ဆလင်ကြီးပေါ့ကွာ။ မော်တော်မှာ ထမင်း၊ ဟင်းတွေချက်ထားတာရှိပေမယ့် မင်းကိုမြင်ပြီး ထမင်းကျွေးချင်မိလို့ ဆင်းလာခဲ့တာပေါ့လေ။ လောလောဆယ် ပိုက်ဆံမရှိ မသွားတတ်မလာတတ်နဲ့မို့ အလုပ်လုပ်ချင်ရင်တော့ အလုပ်သမားအဖြစ်နဲ့ မော်တော်မှာလိုက်ခဲ့ပေါ့ကွာ။ အေး - ဒါပေမယ့် မော်တော်အလုပ်ဆိုတာ ပင်လည်းပင်ပန်းတယ်။ အန္တရာယ်လည်း များတာမို့ လူလေးလုပ်နိုင်မယ်မထင်ဘူး"

"ဘာပဲဖြစ်ဖြစ် ဘကြီးရယ် လောလောဆယ်တော့ ကျွန်တော်လုပ်ပါရစေ။ အလုပ်လည်း သင်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com

ခိုင်းချင်တာလည်း ခိုင်းပါ။ လုပ်အားခရမှ ငွေလေးစုပြီး တမူးကိုဆက်သွားပါ့မယ်"

"ဒီလိုဆိုရင်လည်း ဘကြီးနဲ့ဘစ်ပါ တည်းလိုက်ခဲ့ပေတော့ကွယ်"

သလ္လာဝတီမော်တော်ကြီးပေါ်သို့ ရောက်လျှင် ဘကြီးရွှေကိုမှ စက်ဆရာအားခေါ်ကာ အကျိုးအကြောင်းပြောပြီး သောင်းတန်ကို အကူလုပ်သားအဖြစ် ခိုင်းရန်အပ်ပါသည်။ ရောတ်စတွင် အလုပ်ပင်ပန်းလွန်းသဖြင့် ထွက်ပြေးချင်စိတ်ပင်ပေါက်ခဲ့သည်။ နောက် နေသားကျသွားတော့ ပျော်လာပါသည်။ ပေါင်းသင်းဆက်ဆံရေးလည်းတတ်တာ လူရည်လျက် လူတောတိုးလာနိုင်ခဲ့၏။

ညဘက်ရောက်ပြီဆိုလျှင် ဘကြီးရွှေကိုအား ခြေဆုပ်လက်နယ်ပြုကာ ဘကြီးပြောပြသော သူ့ဘဝအတွေ့အကြုံများကို ကြားရပါသည်။ ရှံဖန်ရံခါ ဘုရားဟောဇာတ်နိပါတ်တော်များကို နားထောင်ရပြီး ဩကာသဘုရားရှိခိုးမှစကာ ဂါထာမန္တန်များကိုလည်း သင်ပေးခဲ့ပါသည်။

"လူလေး မောင်သောင်းတန်၊ တို့ဗုဒ္ဓဘာသာဝင်များရဲ့ တန်ဖိုးကတော့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်မှုပဲကွ။ အေး - ဒါပေမယ့် ကံကိုယုံပြီး ဆူးချုံတော့မနင်းနဲ့ပေါ့လေ။ လူလေးလည်း အခုလိုဒုက္ခတွေနဲ့ကြုံရပေမယ့် တစ်နေ့မှာ ကံကောင်းရင် မင်းလောင်းတောင်ဖြစ်နိုင်ပါတယ်။ ဘယ်တော့မှ အားမလျှော့နဲ့၊ ယောက်ျားတို့ဇွဲလုံ့လ သေခါမှ လျှော့မယ်လို့ ဆိုထားတယ်မဟုတ်လား။ ကံကောင်းချင်ရင်တော့ ကောင်းတာလုပ်၊ ဟုတ်တာပြော၊ တရားနဲ့အညီနေထိုင်ရင် တစ်နေ့ ကံကောင်းလာမှာမလွဲပါဘူးကွယ်။ လူလေးကို ကံကောင်းပြီး အောင်မြင်မှုတွေခံစားရရှိလာအောင် ဘကြီးက အောင်မြင်ကြောင်းဂါထာနှစ်ပုဒ်ကိုသင်ပေးမယ်။ စိတ်ကောင်းထားပြီး ဒီဂါထာတော်တွေကို ရွတ်ဆိုပွားများရင် လူလေးအဖို့ ကံတွေကောင်းလာပြီး အောင်မြင်မှုတွေလည်း မလွဲမသွေရစေမှာ အမှန်ပဲကွ။ ဘကြီးရှေ့ကနေရွတ်ဆိုပူဇော်သွားမယ်။ လူလေးက လိုက်ဆိုနော်။

## ဘကြီးပေးသော
## ဇယရှစ်တန်ဂါထာတော်တစ်ပုဒ်

### (၁) သစ္စာပန္နက်အောင်ရှစ်ချက်ဂါထာ

ဇယစက္ကော၊ ဇယန္တောယော၊
ဇယီတဗ္ဗေ၊ ဇယာသနေ၊
ဇယာပေသိ၊ ဇယေသိန်၊
ဇယံဒေတု၊ ဇယုတ္တရော။

### (၂) ရွှေတိုး ငွေတိုးစေသည့်ဇယရှစ်ချက်ဂါထာ

ဇယေသိန်၊ ဇယဒါန်၊
ဇယုဿဝံ၊ ဇယဒ္ဓဇံ၊
ဇယပါပံ၊ ဇယန္တာနံ၊
ဇယာတီတံ၊ ဇယံနမေ။

ပထမအောင်ဂါထာက လုပ်ငန်းဆောင်တာများ အဆင်ပြေ ချောမောပြီး ကံပွင့်လာဘ်ပွင့်စေတယ်။ အောင်မြင်မှုတွေ တံခွန်ထူပြီး စည်းစိမ်ဥစ္စာရတနာ ရွှေ ငွေများတိုးတက်စေလိမ့်မယ်။ ထီပေါက်တာမျိုးဖြစ်စေ၊ အမွေရတာမျိုးဖြစ်စေ မမျှော်လင့်ဘဲ ငွေကြေးဥစ္စာများ အစုလိုက်အပြုံလိုက်ရစေနိုင်တယ်။ အဲဒါကြောင့် လူလေးက ဒီဂါထာ (၂) ပုဒ်ကို ရအောင်ကျက်ပြီး မနက်အိပ်ရာထ၊ ညအိပ်ရာဝင် အနည်းဆုံး (၉) ခေါက်စီရွတ်ဆိုပူဇော်ရမယ်။ အချိန်ရရင်တော့ သက်စေ့ရွတ်ဆိုပေါ့ကွယ်"

ဘကြီးရွှေကို ချီးမြှင့်သင်ကြားပေးသော ဇယရှစ်တန်ဂါထာ (၂) ပုဒ်ကို အချိန်ရတိုင်း ရွတ်ဆိုခဲ့ရာ သောင်းတန်တစ်ယောက် လူချမ်းသာမဖြစ်သေးသော်လည်း စားဝတ်နေမှုအတွက်ပြည့်စုံလာသည်။ ပေါင်းသင်းဝင်ဆံ့လူချစ်လူခင်ပေါများလာပြီး လုပ်သမျှ အောင်မြင်လာသည်ကို အံ့ဩစဖွယ်တွေ့ကြုံလာရသည်။

သို့သော် သောင်းတန်၏ အကုသိုလ်ဝဋ်ကြွေးက မကုန်သေးဟုဆိုရပါမည်။ (၆) လတာမျှ အတူနေထိုင်၍ ဆွေမျိုးရင်းချာပမာ မှီခိုအားထားနေရသည့် ဘကြီးရွှေကိုတစ်ယောက် နေပူပူမှာ ရေဆင်းစိမ်ရင်း ဦးနှောက်သွေးကြောပြတ်ကာ ရုတ်တရက်ကွယ်လွန်သွားခဲ့သည့်နောက် သောင်းတန်မှာ မော်တော်အလုပ်ကိုလည်း မခုံမင်တော့ချေ။ ရှိသမျှအဝတ်အစားလေးတွေထုပ်ပိုးကာ မုံရွာဆိပ်ကမ်းကို ပြန်ရောက်ခဲ့ပြန်ပါသည်။

ဖခင်ကြီးရှိရာ ပေါက်ကိုဝဲပြန်ရမည်လား၊ အမေ့မောင်ဝမ်းကွဲရှိရာ တမူးကိုပဲသွားရမလား ဝေခွဲမရနိုင်သေးသဖြင့် ကမ်းနားလမ်း ရေကာတာပေါ်တွင် လျှောက်နေမိသည်။ အတန်ကြာလျှောက်မိတော့ ညောင်းလာသဖြင့် ရေကာတာပလက်ဖောင်းပေါ်မှ ဆင်းကာ မြစ်ကမ်းဖက် ဆူးမန်ကျည်းပင် (တရုတ်မန်ကျည်းပင်) အောက်ရှိ ခပ်ကြီးကြီး ကျောက်တုံးပေါ်တွင်ထိုင်ခဲ့မိသည်။ ချင်းတွင်းမြစ်ကိုဖြတ်၍တိုက်ခတ်လာသော လေနုအေးကြောင့်အိပ်ငိုက်လာခဲ့သည်။

"ဒီမှာ ညီလေး၊ ဒီကျောက်ရိုင်းတုံးကို ရောင်းမလား။ ဒီအတိုင်းမျက်မြင် (၃၀၀၀) ပေးမယ်ကွာ"

ပခုံးကိုလှုပ်ကာ ပြောလာသူအား သောင်းတန် ကြောင်တောင်တောင်ဖြင့် မော့ကြည့်မိ၏။ အသက်(၃၀)လောက်ရှိမည့် လူရွယ်တစ်ဦးက ပြုံးပြုံးရယ်ရယ်ဖြင့် သူ့အားကြည့်နေသည်တွေ့ရသည်။

"ကဲပါ ညီလေးရာ၊ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ (၅၀၀၀) ပေးပါမယ်ကွာ။ ဘယ့်နှယ်လဲ ရောင်းမယ်မဟုတ်လား"

စိတ်ညစ်၍ ထိုင်နေသည့်သူကို နောက်ပြောင်ရပါမလားဟု သောင်းတန် စိတ်တိုသွားသည်။ ပြောလာသူကိုလည်း ခပ်ထန်ထန်ကြည့်မိသည်။ ထိုသူကိုမြင်ရသည်မှာ နောက်နေခြင်းမျိုးမဟုတ်ဘဲ အတည်ပေါက်ပြောနေကြောင်း ခန့်မှန်းမိသည်။

"အစ်ကိုက ဘယ်ကကျောက်တုံးကိုပြောတာလဲ။ ကျွန်တော့်မှာဘာအရိုင်းတုံးမှမရှိဘူး"

"ဟာ - ညီလေးရာ မနောက်ပါနဲ့။ အခုမင်းဖင်ခုထိုင်ထားတဲ့ကျောက်တုံးကို ဝယ်နေတာကွ။ ဘယ်လိုလဲ ရောင်းမှာလား"

"အဲဒါမှ ဒုက္ခပဲ၊ ကျွန်တော်ထိုင်နေတာက မြစ်ရေကျပြီးပေါ်လာတဲ့ကျောက်တုံးပါဗျာ။ ကျွန်တော့်ဟာ မဟုတ်ရပါဘူး။ အစ်ကိုလိုချင်ရင် ဒီအတိုင်းယူသွားပါ"

ပြောပြောဆိုဆို သောင်းတန်က ကျောက်တုံးကို ဖင်ခုထိုင်နေရာမှထပေးခဲ့သည်။ လူရွယ်မှာ အားရဝမ်းသာနှင့် ရွှံ့မြေထဲတွင် တစ်ဝက်မြုပ်နေသော ကျောက်တုံးကို လက်ဖြင့်ဆွဲခွာသည်။ တော်တော်နှင့်မရသဖြင့် သောင်းတန်ပါ ဝိုင်းကူဖော်ပေးခဲ့သည်။ ပေါ်လာသော ကျောက်တုံးကို လူရွယ်က အသင့်ပါလာသော စစ်ရေဘူးထဲမှ ရေနှင့် တယုတယ ပွတ်သပ်ဆေးကြောနေခဲ့သည်။

"ကဲ-ညီလေး၊ အစ်ကိုက ကျောက်တူးသမားပဲ။ ဒီကျောင်းတုံးက ကျောက်စိမ်းအရိုင်းတုံးပဲကွ။ လုံးချောဖြစ်မလား၊ အာပလာဖြစ်မလားဆိုတာတော့ ကွမ်(သွေး) ကြည့်မှ သိရမှာလေ။ ဘာပဲဖြစ်ဖြစ် အစ်ကိုပေးထားတဲ့ကတိအတိုင်း ငွေ (၅၀၀၀) ကို ညီလေးကိုပေးပါမယ်။ ဒါမှမဟုတ် အစ်ကိုနဲ့လိုက်ခဲ့။ မန္တလေးတက်ထုခွဲကြည့်ပြီးမှ ရတာကို တစ်ဝက်စီယူ

www.burmeseclassic.com

ကြတာပေါ့။ ညီလေးကြိုက်သလိုဆုံးဖြတ်ပါ"

သောင်းတန် အံ့ဩလွန်း၍ ဘာပြောရမှန်းတောင်မသိတော့။ အတန်ကြာမှ -

"အစ်ကိုပေးတဲ့ငွေကိုလည်း ဒီအတိုင်း အလကားမယူချင်ပါဘူး။ အစ်ကိုပြောသလိုထုခွဲကြည့်ပြီးမှ ကံအကျိုးပေးမှုအပေါ် မူတည်ပြီး ထိုက်သမျှယူပါ့မယ်။ ဒါကြောင့် ကျွန်တော် အစ်ကိုနဲ့ လိုက်ခဲ့ပါမယ်"

ဟု ပြန်ပြောခဲ့သည်။

လူရွှယ်မှ အားရဝမ်းသာ သောင်းတန်၏ လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လျက် -

"ဝမ်းသာလိုက်တာ ညီလေးရာ။ မန္တလေးကို အခုပဲသွားမယ်။ ညီလေးအတွက် အစ်ကိုက စရိတ်ခံမယ်။ ဒီစရိတ်တွေကို ရမယ့်ထဲက မနှိမ်ပါဘူး။ အစ်ကို့အမည်ကိုလည်း မှတ်ထား၊ သာခုတဲ့။ အဘိုးပေးထားတဲ့နာမည်ပဲ။ ညီလေးနာမည်က ဘယ်လိုခေါ်သလဲ။ မင်းနဲ့အစ်ကို ကံစပ်ကြရင် အများကြီးအကျိုးပေးမှာပေါ့ကွာ"

"ကျွန်တော်က သောင်းတန်ပါ၊ ဒါပေမယ့် တစ်သောင်းမပြောနဲ့ တစ်ရာတောင်မတန်သေးပါဘူး အစ်ကိုရယ်"

"ဩော်- လူ့ကံဆိုတာ ဘယ်ပြောနိုင်ပါ့မလဲ။ ညီလေးက စိတ်ကောင်းရှိပြီး ရိုးသားဖြူစင်တဲ့သူမို့ တစ်နေ့တော့ သိန်းသောင်းချီပြီးချမ်းသာမှာပါကွာ"

သောင်းတန်တစ်ယောက် ကိုသာခု ဆိုသည့်ပုဂ္ဂိုလ်နှင့် ရန်အောင်မန်းကားဖြင့် မန္တလေးသို့လိုက်လာခဲ့သည်။ ကားပေါ်တွင် ကိုသာခုက သူ၏ ကျောက်သမားဘဝအတွေ့အကြုံများကို ဖောက်သည်ချခဲ့ပေ၏။

"တစ်ခုတော့ မေးချင်တယ် အစ်ကိုရာ၊ ကျောက်မျက်ရတနာတွေထွက်တယ်လို့ မကြားဘူးတဲ့ မုံရွာဆိပ်ကမ်းကို ဒီကျောက်စိမ်းအရိုင်းတုံးကြီးက ဘယ်လိုရောက်နေတယ်ဆိုတာကိုသိရင် ရှင်းပြပါလားဗျာ"

"ဒီလိုကွ ညီလေးရ။ ကျောက်စိမ်းတင်မကဘဲ ပတ္တမြားပါ အရိုင်းတုံးတွေရော အချောထည်တွေပါ တစ်ဖက်နိုင်ငံ အိန္ဒိယကို မော်တော်နဲ့သယ်လာကြတာ အခန့်မသင့်လို့ ရှာဖွေရေးတွေရဲ့ အစစ်အဆေးနဲ့ကြုံရင် အဲဒီကျောက်မျက်တွေကို မြစ်ထဲပစ်ချကြတယ်လေ။ ပစ္စည်းအဆုံးခံပြီး လူအလွတ်ရှောင်ကြတာမို့ ဒီလိုမြစ်ထဲကို ပစ်ချခဲ့တဲ့ နိုင်ငံ့ရတနာတွေ ဘယ်လောက်တောင်များပြားလိုက်မလဲမပြောနိုင်ဘူးပေါ့ကွာ။ ဒီပစ်ချခဲ့တဲ့ ကျောက်မျက်ကျောက်တုံးတွေက မြစ်ရေတိုက်စား၊ ရေစီးနဲ့မျောပါပြီး ကြုံရာကမ်းမှာတင်နေကြရတော့တာပေါ့။ အချို့ကံကောင်းတဲ့သူဆို အရိုင်းတုံးတွေရပြီး ကျောက်ပွင့်သွားလို့ လူချမ်းသာစာရင်းဝင်တောင်ဖြစ်သွားကြတယ်ကွ။ အစ်ကိုတို့နှစ်ယောက်လည်း လူချမ်းသာဖြစ်တော့မယ်တူပါရဲ့ ဟား ဟား ဟား"

သူ့အပြောကိုသူ့ဘာသာသဘောကျ၍ ကိုသာခုက ရယ်သလို သောင်းတန်ကလည်း မျှော်လင့်ချက်ဖြင့် အားရဝမ်းသာရယ်မောမိတော့သည်။

မန္တလေးရောက်၍ ကျောက်စိမ်းအရိုင်းတုံးအား ဖြတ်တောက်သွေးကြည့်ရာ မထင်မှတ်ဘဲ သိန်းကျောက်ဖြစ်နေသဖြင့် သောင်းတန်ဝေစုငါးသောင်းရပြီး နေ့ချင်းညချင်း ကျပ်မတန်ဘဝမှသောင်းတန်ပုဂ္ဂိုလ်ဖြစ်သွားပါတော့သည်။

❑

"အဲဒီနောက်နေ့တော့ ငါလည်း ကိုသာခုနဲ့မခွဲဘဲ ကျောက်လုပ်ငန်းကို တစိုက်မတ်မတ်လုပ်ခဲ့တာ ကနေ့ထိပါပဲကွာ။ ကိုသာခုကလည်း မိဘမဲ့ဖြစ်ပြီး ညီမလေးတစ်ယောက်ကို ပြုစုနေတဲ့ လူပျိုကြီးဆိုတော့ ငါတို့ပိုတွဲမိခဲ့ကြတယ်လေ။ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်ကမှ ကုမ္ပဏီထောင်ပြီး အခြေတကျကျောက်လုပ်ငန်းလုပ်ခဲ့ကြတာကွ။ တို့ညီနောင် ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုတဲ့အမည်နဲ့ ထိုက်သင့်သလောက်အောင်မြင်ခဲ့ပါတယ်ကွာ။ တို့ညီနောင်အမည်ပေးထားလို့ ဘာမှမတော်ဘဲ ညီအစ်ကိုဆိုပြီး ထင်ယောင်ထင်မှားလုပ်ထားတယ်လို့ မင်းက မေးချင်တယ်မဟုတ်လား၊ ဒီမှာ မောင်အံ့ မထူးဆန်းပါဘူးကွ။ ကိုသာခုရဲ့ တစ်ဦးတည်းသော ညီမသီတာဝင်းက ငါ့မိန်းမလေကွာ။ သမီးယောက်ဖလည်း ညီအစ်ကိုပဲမို့ တို့ညီနောင်လို့ အမည်ပေးထားတာ မမှားပါဘူးနော်။

"အေး - ဒီနေရာမှာ ပြောစရာရှိတာက ငါ့ကို ကံကောင်းစေပြီး အောင်မြင်မှုတွေရလို့ ကံပွင့်လာဘ်ပွင့်စေခဲ့တာကတော့ ဘကြီးသင်ပေးခဲ့တဲ့ ဇယရှစ်တန်ဂါထာ (၂) ပုဒ်ရဲ့တန်ခိုးနဲ့ အကျိုးကျေးဇူးကြောင့်လို့ ငါတော့ ယုံကြည်တယ်။ ကိုသာခုနဲ့တွဲရင်း ညီအစ်ကိုလိုဖြစ်လာတော့ ငါ့ယုံကြည်ချက်ကိုပြောပြပြီး ဒီဂါထာ (၂) ပုဒ် သူ့ကိုပေးခဲ့တယ်။ သူကလည်း ယုံယုံကြည်ကြည်နဲ့ နေ့၊ ည မပြတ် ပူဇော်တယ်။ အားရင်လည်း ရွတ်ဆိုနေတာပဲကွ။

"အံ့မယ်-သူကလည်း သူတို့မိဘ၊ ဘိုးဘွားအမြဲရွတ်ဆိုပူဇော်တဲ့ဂါထာတစ်ပုဒ်ကိုလည်း ငါ့ကိုပေးသေးတယ်။ အဲဒီဂါထာကတော့ ဇိနဆယ်ပါးဘုရားရှိခိုးဂါထာပဲကွ။ ဒီဂါထာကတော့ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးရဲ့ဂုဏ်တော်တွေကို ဦးထိပ်ထားပြီး ရှိခိုးတဲ့ဂါထာဖြစ်လို့ ဘေးရန်အသွယ်သွယ်ကင်းဝေးစေတယ်။ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များရဲ့ အနှောင့်အယှက်မှန်သမျှကိုလည်း ဖယ်ရှားပေးတယ်။ အောင်ခြင်းမင်္ဂလာအဖြာဖြာကိုလည်း ရရှိစေမှာဖြစ်တယ်။ ဒါကြောင့် ငါလည်း ဇယရှစ်တန်ဂါထာတွေနဲ့အတူ ဇိနဆယ်ပါးဂါထာတော်ကိုလည်း ရွတ်ဆိုပူဇော်မြဲပဲကွ။ မောင်အံ့၊ မင်းလည်း ယုံကြည်ရင် ရွတ်ပွားပူဇော်စမ်းပါကွာ။ ငါက ရွတ်ဆိုပေးမယ်၊ မင်းကလိုက်ကူးပေတော့"

**ဇိနဆယ်ပါးအောင်ဂါထာ**

ဇိနံပါပံ၊ ဇိနံသေဋ္ဌော၊
ဇိနံပါပံ၊ ဇိနံဓမ္မော၊
ဇိနံပါပံ၊ ဇိနံသံဃော၊
ဇိနော့ရသံ၊ ဇိနံဂုရု
ဇိနံဗိဇံ၊ ဇိနံဝဋ္ဋေ။

"ငါ့ဘဝကိုပြောင်းလဲတိုးတက်စေတာ ဒီဂါထာ (၃) ပုဒ်ရဲ့ကျေးဇူးကြောင့်လို့ ဆိုချင်တယ်ကွာ။ ဂါထာတော်များရဲ့တန်ခိုး၊ အဖိုးအနဂ္ဃဆိုတာ မှန်သလို မိမိကလည်း စိတ်ထားကောင်း၊ သဘောမှန်ကျင့်ကြံအားထုတ်မှုလည်းလိုတယ်လို့ ငါယုံကြည်တယ်။ ကဲ - ငါ့ဘဝအကျဉ်းကတော့ ဒီလောက်ပါပဲကွာ။ ညဥ့်လည်းနက်ပြီမို့ မင်းလည်း ခရီးပန်းညောင်းညာ အိပ်ချင်နေရောပေါ့။ နောက်မန္တလေးရောက်ရင် ငါ့ဆီလည်းလာပါကွာ"

နောက်တစ်နေ့တွင် မနက်စာစားသောက်ပြီး မန္တလေးသို့ သောင်းတန်ကိုယ်တိုင်လိုက်ပို့ပြီး မောင်အံ့အတွက် လက်ဆောင်တစ်ထုပ်ပေးကာ ပြင်ဦးလွင်သို့ ပြန်သွားပါသည်။ အထုပ်ကိုဖြေကြည့်လိုက်ရာ ပြင်ဦးလွင်ဖြစ် သိုးမွေးဆွယ်တာတစ်ထည်နှင့် စာအိတ်တစ်လုံးကို တွေ့ရပြီး စာအိတ်ထဲတွင် 'အမြဲအမှတ်တရရှိစေဖို့ (ကျပ်မတန်)' ဟူသောစာရွက်လေးနှင့်အတူ ကျပ်တစ်သောင်းတန်ငွေစက္ကူတစ်ရွက်ကို တွေ့လိုက်ရပါတော့သည်။

...ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီပုထိုးများ

အပိုင်း(၁၇)

# ထူးထူးခြားခြား ရှင်မကွဲဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် အံ့ဖွယ်စေတီတော်ကြီးအဖြစ် ထင်ရှားကျော်ကြား တည်နေတော်မူပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့၌တည်ရှိတော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင်တော်တွင် ခေတ်အဆက်ဆက်မှ သဒ္ဓါကြည်လင် အလှူရှင်များသည် အရံစေတီတော်များ တည်တော်မူခြင်း၊ ရုပ်ပွားဆင်းတုတော်များ တည်ထားကိုးကွယ်တော်မူခြင်းများ၊ အသစ်တစ်ဖန်ပြန်လည်ပြုပြင်လှူဒါန်းခြင်းများ၊ ဇရပ်၊ ဓမ္မာရုံ စသည်ဖြင့် သာသနိက အဆောက်အအုံများစွာ ဆောက်လုပ် လှူဒါန်းမှုများပြုကြပါသည်။ ထိုသို့ ရင်ပြင်တော်မှာတည်ထားဘုရားစေတီရုပ်ပွားဆင်းတုတော်တော်တော်များများသည် နှစ်ထောင်ချီလာမှုနှင့်အတူ ပထမမူလအလှူရှင်တော်တော်များများ၏ ကမ္ပည်းကျောက်စာများ မတွေ့ရတော့ပါ။ ပြုပြင်မွမ်းမံလှူဒါန်းထားသူများ၏အမည်များသာ တွေ့ရပါတော့သည်။

ယခုလ စာရေးသူ တင်ပြမည့် 'ရှင်မကွဲ'ဘုရား၏ မူလပထမ အလှူရှင်အမည်များ ကမ္ပည်းကျောက်စာ၌မတွေ့ရတော့ပါ။ အသစ်တစ်ဖန် ပြန်လည်ပြုပြင် လှူဒါန်းခဲ့ကြသော ရုပ်ရှင်သရုပ်ဆောင်နှင့် မျက်လှည့်ပညာရှင် ချန်ပီယံတင်ညွန့်နှင့် ဒီဘက်ခေတ် အလှူ့ရှင်များ၏ ကမ္ပည်းကျောက်စာများသာ တွေ့မြင်ကြရမည် ဖြစ်ပါသည်။

'ရှင်မကွဲ' ဘုရားသည် လိုဏ်အတွင်းမှတည်ထား ရုပ်ပွားတော် ဖြစ်တော်မူ၍ အပေါ်မှ စေတီတော်တည်ထားတော်မူရာ'ကွင်မကွဲ'စေတီဟုလည်း ဆိုပါက မှားမည်မဟုတ်ပါ။ 'ရှင်မကွဲ' ဟူသော ဘွဲ့တော်ကို မည်သည့်အချိန်၊ မည်သည့်ကာလက မည်သို့သောသဘောဖြင့် တည်တော်မူခဲ့သည်ကို ဂယနဏအတိအကျ မသိရသော်လည်း ရှေးမီနောက်မီလူကြီးတချို့က ရုပ်ရှင်သရုပ်ဆောင်၊မျက်လှည့်ဆရာချန်ပီယံတင်ညွန့်က စတင်ခဲ့သည်ဟု ဆိုကြ၏။ ချန်ပီယံတင်ညွန့်သည် တစ်ခေတ်တစ်ခါက နာမည်ကျော်ခဲ့သူတစ်ဦးဖြစ်၍ လူသိများလှပါသည်။ တပည့်တပန်းပေါများလှသူဖြစ်သည့်အပြင် အပြောအဟောလည်းကောင်းလှ၍ ဗေဒင်လည်းကျွမ်းကျင်စွာ တတ်မြောက်သူဟု ဆိုကြပါသည်။ ထိုရှင်မကွဲဘုရားရှေ့ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်နေကျဟုလည်း ပြောကြပါသည်။ ထိုဘုရားအနီးမှာပင် ဗေဒင်ဟောသည်ဟုလည်း ဆိုကြပြန်သည်။ ထိုဟောပြော၍ရသော ဉာဏ်ပူဇော်ခနှင့် တပည့်တပန်းများ၏ လှူဒါန်းငွေများဖြင့် ထိုဘုရားကို အသစ်တစ်ဖန်ပြန်လည်လှူဒါန်းတော်မူခဲ့ကြောင်းကြားသိရပါသည်။ ချန်ပီယံတင်ညွန့်ပြန်လည်ပြုပြင်လှူဒါန်းတော်မူပြီးနောက် 'ရှင်မကွဲ' ဟူသော ဘွဲ့အမည်တော် ထင်ပေါ်လာပါသည်။

**▫ မယ်နှင့်မောင်အတူပေါင်းကြဖို့ ရှင်မကွဲဘုရားမှာ ဆုတောင်းစို့**

ရှင်မကွဲဘုရားသို့ လာရောက် ဖူး



ရှင်မကွဲစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မကွဲဘုရား

မြော် ကုသိုလ်ယူသူများတွင် စုံတွဲများမှာ အများဆုံးဖြစ်ကြပါသည်။ ချန်ပီယံတင်ညွှန့်၏ လမ်းညွှန်ခဲ့မှုများကြောင့်ပင်လောမသိ။ စုံတွဲများသည် သစ္စာပန်းများကိုင်ဆောင်လာကြလျက် ရှင်မကွဲဘုရားရှေ့တွင်  သစ္စာဆို၊ ပန်းလှူ ဆုတောင်းကြ၏။ တချို့သော စုံတွဲများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေကြာသင်္ကန်းတော်မြှတ်ကပ်လှူခြင်းများ ပြုလုပ်ဆုတောင်းကြရာ ဆုတောင်းအလွန်ပြည့်ကြသည်ဟု ပြောကြပါသည်။

□ အချစ်ဦးနှင့်လွဲခဲ့သူ

လူတိုင်းတွင် အချစ်ဦးရှိကြပါသည်။ အချစ်ဦးနှင့် လက်ထပ်ခဲ့သူများလည်းရှိကြသကဲ့သို့ အချစ်ဦးနှင့်လွဲခဲ့ကြသူများလည်းရှိကြပါသည်။ စာရေးသူတို့လူပျိုပေါက်ငယ်ဘဝက စာရေးသူမှာငယ်ချစ်ဦးရှိခဲ့ပါ၏။ ရွှေတိဂုံဘုရားကြီးပေါ်သို့လည်း မကြာခဏရောက်ခဲ့ကြ၏။ ထိုစဉ်က ရွှေတိဂုံဘုရားကြီးပေါ်မှထင်ရှားကျော်ကြား စေတီဘုရားများလည်း မလေ့လာမိပါ။ ဘုရားသို့တက်ရှိခိုးပူဇော်လှူတော်မူပြီးလျှင် အရှေ့ဘက်မုခ် ကြားတောရလမ်းထိပ်က 'ကန်တော်မိတ်' ဆီချက်ခေါက်ဆွဲဆိုင်မှာ ဆီချက်တစ်ယောက်တစ်ပွဲစား၊ အအေးသောက်ပြီးတော့ ကိုယ့်အိမ်ကိုယ်ပြန်ကြလေ၏။ ဤသို့ဖြင့် နှစ်အနည်းငယ်တွဲခဲ့ကြ၏။ ကြာလာတော့လည်း မိန်းကလေးရှင်ရဲ့မိဘများကသိတော့ ကဗျာရှူးစာရူးဖြစ်သောလွယ်အိတ်တစ်လုံးနှင့်ရှာစဉ်ပြည်သူ စာရေးသူကို သဘောမတူကြပါ။

www.burmeseclassic.com

အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ဆင်းခဲ့ပါ၊ အားလုံးတာဝန်ယူပါတယ် ဆိုသော်လည်း စာရေးသူ၏ချစ်သူက မိဘစကားနားထောင်ပုံရပါ၏။ စာရေးသူနှင့်ဝေးရာလျှို့ဝှက်တစ်နေရာသို့ ပို့လိုက်ကြသဖြင့် အချစ်ဦးနှင့်ကွဲခဲ့ပါသည်။ အကယ်၍ ထိုစဉ်ကာလ ချစ်သူဘဝတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ လေ့လာမိခဲ့သည်ရှိသော် 'ရှင်မကွဲ' ဘုရားရှေ့မှာ သစ္စာပန်းတွေနှင့် 'တူနှစ်ကိုယ် သစ္စာထားပေါင်းရပါစေ' ဆုတောင်းမိခဲ့မည် ဆိုပါလျှင် . . . ။

## ၁ ကိုဘကျော်နှင့်သူ့ချစ်သူ

ပူပြင်းသော နွေကာလ နွေနေ့လယ်ခင်း ဘုရားကြီးပေါ်မှာ လေမတိုက် အိုက်စပ်စပ်ရှိလှ၏။ အရိပ်အာဝါသကောင်း၍ လေအေးအေးလေးများတိုက်ခတ်လေ့ရှိသော စနေထောင့် သစ်ပင်အိုကြီးများအောက် မြက်ခင်းစိမ်းစိမ်းကလေးပေါ်တွင်ထိုင်၍ အနားယူနေရသည်မှာ လွန်စွာအရသာရှိလှ၏။ ရှေးဖြစ်ဟောင်းတို့ကိုလည်း ပြန်ပြောင်းသတိရစေ၏။


လွန်ခဲ့သော (၁၀) နှစ်ဝန်းကျင်က ယခု စာရေးသူ ရောက်ရှိ အနားယူနေသောနေရာ ရင်ပြင်တော်အောက်ဘက် ပတ်လမ်း စနေထောင့်တွင် စနေဥယျာဉ်ဟု အမည်ရသော စားသောက်ဆိုင်တစ်ဆိုင်ရှိခဲ့ဖူးလေ၏။ ထိုစားသောက်ဆိုင်တွင် စာရေးသူနှင့် ဘုရားပေါ် ပုတီးစိပ်ကြရင်း ရင်းနှီးခဲ့သူတစ်ယောက် သူ့နာမည်က ကိုဘကျော်ဟု ခေါ်ပါသည်။ သူနှင့် စနေဥယျာဉ် စားသောက်ဆိုင်တွင် မကြာခဏ လက်ဖက်ရည်သောက်နေကျပါ။ ရှင်မကွဲဘုရားနှင့်ပတ်သက်၍ ထူးခြားသော ဇာတ်လမ်းတစ်ပုဒ် ကိုဘကျော်က ပြောပြခဲ့သည်ကို ယခုအခါ ပြန်လည် အမှတ်ရနေမိခဲ့ပါ၏။

ကိုဘကျော်၏ မိဘများက ဆန်စက်ပိုင်ရှင်သူဌေးများ ဖြစ်ကြ၏။ ကိုဘကျော်တက္ကသိုလ်တက်နေစဉ်က ဖြစ်၏။ နွေကျောင်းပိတ်ရက်တွင် မိဘများနှင့်အတူ ဆန်စက်များသို့ လှည့်လည် ကြည့်ရှုစစ်ဆေးခြင်း၊ စာရင်းအင်းများ ကူညီဆောင်ရွက်ပေးခြင်း များပြုလုပ်ရ၏။ ရန်ကုန်တစ်ဖက်ကမ်းမှ 'ဇမ္ဗူသီရိ' ဆန်စက်သို့ သွားရသည့်နေ့၌ ဖြူဖြူဖွေးဖွေးနှင့် ဖြူဖွေး ဆိုသော မိန်းကလေးကို သတိထားမိလိုက်၏။ ဖြူဖွေးက ဇမ္ဗူသီရိဆန်စက်မန်နေဂျာ၏ သမီးဖြစ်၍ (၁၀) တန်းအောင်ထားသူလေး ဖြစ်၏။ နောက်ပိုင်းရက်များတွင် အကြောင်းမရှိအကြောင်းရှာ၍ ဇမ္ဗူသီရိဆန်စက်သို့ ကိုဘကျော် ရောက်ရောက်သွားလေ၏။ တွေ့ပါမြင်ပါများတော့ ရင်းနှီးသွားကြပြီးနောက် ကိုဘကျော်နှင့် ဖြူဖွေးတို့ ချစ်သူဖြစ်သွားကြ၏။ ချစ်သူများ၏ထုံးစံအတိုင်း ရွှေတိဂုံဘုရားသို့ အတူသွားရောက်၍ ကန်တော့ကြ၏။ အဘိုးအိုတစ်ဦး၏လမ်းညွှန်မှုဖြင့် ရှင်မကွဲဘုရားသို့ သွားရောက်ဖူးမြော်ဆုတောင်းခဲ့ကြလေ၏။ တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ သံယောဇဉ်ကြိုးများ ရစ်ပတ်ချည်နှောင်လာကြသော အခါ ကိုဘကျော်က မိဘနှစ်ပါးထံခွင့်ပန်လေ၏။ ထိုသတင်းကို ကြားလိုက်ရသော ကိုဘကျော်မိဘများသည် ယမ်းပုံမီးကျသကဲ့သို့ ဒေါသအိုးပေါက်ကွဲ ချစ်သူနှစ်ဦးကို ခွဲခွာလိုက်ကြလေတော့၏။ ကိုဘကျော်၏ မိဘများသည် စက်သူဌေးများပီပီ ရွှေရွှေချင်းထပ် မြတ်ချင်လှသူများဖြစ်၍ ဆန်စက်မန်နေဂျာနှင့် သမီးဖြစ်သူတို့အား အလုပ်မှထုတ်၊ အခကြေးငွေထိုက်တန်စွာပေး၍ အဝေးတစ်နေရာသို့ ထွက်ခွာစေခဲ့လေ၏။

ကိုဘကျော်ကိုလည်း ကျောင်းမပြီးခင်မှာပင် စက်သူဌေးသမီးတစ်ဦးနှင့် မင်္ဂလာဆောင်ပေးလိုက်၏။ မချစ်မနှစ်သက်သောသူနှင့်ပေါင်းရပြီဆိုလျှင်ဖြင့် ကိုဘကျော် စိတ်အလွန်ညစ်နေ၏။ စိတ်ညစ်၍ အရက်ကိုသောက်၏။ ကြာတော့ အရက်သမားလုံးလုံးဖြစ်သွားလေတော့၏။ အချစ်မပါသော အိမ်ထောင်ရေးသည် ကြာရှည်မတည်တံ့ ဆိုသည့် စကားနှင့်အညီ ကိုဘကျော်၏ အိမ်



စေတီတော်ရှေ့မှ လေ့လာနေသူ မိန်းကလေးတစ်ဦး



ရှင်မကွဲဘုရားရှေ့မှမိသားတစ်စု



ရှင်မကွဲဘုရားရှေ့မှ ဖူးမြော်နေသူ



www.burmeseclassic.com

www.burmeseclassic.com

ထောင်ရေးသည် လပိုင်းမျှနှင့်ပင် အပြီးတိုင် ခွာပြုကွဲကွာခြင်းသို့ရောက်ရပါလေတော့၏။ အနှစ်ချုပ်လိုက်သော အခါ ကိုဘကျော် အရက်သမားဘွဲ့ရလာခဲ့တော့၏။ ကိုဘကျော်၏မိဘနှစ်ပါးသည်လည်း ပေတေလေလေနေသောတစ်ဦးတည်းသောသားအတွက် သောကဗျာပါဒများဖြင့် လုံးပါးကြပါတော့၏။ မိဘများမရှိတော့သည့်နောက် စီးပွားရေးစီမံခန့်ခွဲမှုမလုပ်တတ်သော အရက်သမား ကိုဘကျော်တစ်ယောက် ဆန်စက်များကို ရသည့်ဈေးဖြင့်ရောင်း၊ အရက်သမား သောက်ဖော်သောက်ဖက်များနှင့် နေ့ ည အရက်ကိုသာ စွဲစွဲမြဲမြဲ သောက်လာရင်း အရက်သမား အမှားတစ်ထောင်ဆိုသကဲ့သို့ အရက်ကြောင့် ဘဝပျက်ခဲ့ရ၏။ ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာဖြစ်သော 'သေနှင့်အရက် စီးပွားပျက်ကို တစ်စက်ကယ်မျှ မသောက်လေနှင့် ရှင်တော်ဟောသည့် အဆိပ်ရည်' ဆိုသည့်အတိုင်း ကိုဘကျော်တစ်ယောက် အရက်ကြောင့် ဒုက္ခလှလှတွေ့ခဲ့ရပါ၏။ အရက်ဆိုင်မှာ ဖြစ်ပွားသော ရန်ပွဲတစ်ခု၌ ဝင်ရောက်ဖျန်ဖြေရင်း လူသတ်မှုဖြစ်ပေါ်ခဲ့၏။ မမျှော်လင့်စွာ ကိုဘကျော် ထောင်ထဲရောက်ခဲ့ရ၏။ ထောင်ထဲရောက်တော့ အရက်ကိုတုံးတိဖြတ်သလိုဖြစ်ခဲ့၍ သေကောင်ပေါင်းလဲခံရ၏။ ထောင်ဆေးရုံတက်လိုက်ရ၏။

ထောင်ကပြစ်ဒဏ်ကျခံပြီး အပြင်လောကရောက်တော့ နေစရာ အိမ်မရှိ။ အရက်သမားထောင်ထွက်တစ်ယောက်ကို မည်သူမျှအဖက်မလုပ် ကြတော့။ စားစရာ၊ နေစရာမရှိတဲ့အဆုံး မိဘများလက်ထက်က ကိုးကွယ်ခဲ့သော ပတ္တမြားကျောင်းဆရာတော်၏ မေတ္တာရိပ်အောက်မှာ ဝေယျာဝစ္စပြုလုပ်ရင်း နားခိုခွင့်ရခဲ့လေ၏။

တစ်နေ့ ပတ္တမြားကျောင်း၏ စုပေါင်းဘုံကထိန်ပွဲ စည်ကားစွာ ဆင်နွှဲကျင်းပသောနေ့၌ မထင်မှတ်စွာ ငယ်ချစ်ဦး ဖြူဖွေးနှင့် မထင်မှတ်စွာ ဆုံတွေ့လိုက်ရ၏။ ဖြူဖွေးက ဖြုန်းခနဲ ကိုဘကျော်ကို မမှတ်မိ။ နွမ်းနွမ်းဖတ်ဖတ်နှင့် ဘဝကို အရှုံးပေးခဲ့ရသော ကိုဘကျော် မျက်နှာသည် လွန်စွာ အိုနေခဲ့ပေပြီ။ ငယ်ကချစ် အနှစ်(၁၀၀) မနေသာတိုင် မမေ့နိုင်သူလေးမို့ ဖြူဖွေးသည် ကိုဘကျော်ဟု သိလိုက်ရချိန် အံ့ဩတုန်လှုပ်ခြင်းနှင့်အတူ ဝမ်းနည်းပူဆွေးခြင်းများစွာ ရှိုက်ကြီးတငင်ငိုချလိုက်ပါတော့၏။

ထိုအခိုက် (၁၀) နှစ်အရွယ် ကလေးတစ်ယောက်သည် ဖြူဖွေးနားရောက်လာပြီး-

"အမေ. . . အမေ၊ ဘာဖြစ်လို့ ငိုတာလဲ"

ကလေးရဲ့အမေးကို ဖြူဖွေးက မပြော။ ကလေးကိုပွေ့ဖက်ရင်းငိုနေပြန်ပါသည်။ ထိုကလေး၏ 'အမေ'ဟူသော စကားသံကြောင့် ကိုဘကျော်စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွား၏။

"ဪ- ဖြူဖွေးက အိမ်ထောင်ပြုခဲ့ပြီ။ ကလေးတောင် အတော်ကြီးပါကလား"

"သား မောင်ချစ်ကျော်၊ သားမေးမေးနေတဲ့ သားရဲ့အဖေဆိုတာ အဲဒီလူကြီး သား"

"ဟင်"

ကိုဘကျော် အာမေဍိတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ကိုဘကျော်လည်း နားမလည်သလို ဖြူဖွေးကိုတစ်လှည့်၊ မောင်ချစ်ကျော်ကိုတစ်လှည့်ကြည့်နေမိ၏။ ခဏနေတော့ ဖြူဖွေးက မျက်ရည်တွေသုတ်ရင်း အကြောင်းစုံရှင်းပြပါတော့၏။

ကိုဘကျော်ရဲ့မိဘများက ဖြူဖွေးအဖေ ဆန်စက်မန်နေဂျာကို ငွေကြေးလုံလောက်စွာပေး၍ ဝေးဝေးပြေးစေစဉ်က ဖြူဖွေးမှာ ကိုဘကျော်နှင့်ရသည့်ကိုယ်ဝန်ပါသွားခဲ့လေ၏။ နယ်မြို့လေးတစ်မြို့မှာ မထင်မရှားနေကြရင်း အရပ်လက်သည်နှင့်ပင် ထိုကလေးကို မွေးမြူခဲ့၏။ မောင်ချစ်ကျော်မွေးပြီး (၅) နှစ်သားအရွယ်တွင် ဖြူဖွေးအဖေ ဆုံးပါးသွားပြီမို့ ဖြူဖွေးတို့သားအမိ ရန်ကုန်သို့တက်လာကြ၏။ ရှိစုမဲ့စုဖြင့် မြောက်ဥက္ကလာပတွင် (၁၀) ပေအိမ်ကလေးတစ်လုံးဝယ်၊ အိမ်နားက မေဓာဝီဈေးတွင် ဈေးရောင်းရင်း ရပ်တည်နေခဲ့ကြ၏။ ဈေးသူဈေးသားများ၏ စုပေါင်းမဟာဘုံကထိန်ကို ပတ္တမြားကျောင်းတွင် ကျင်းပကြသောအခါ ဈေးသူဈေးသားဖြစ်သော ဖြူဖွေးတို့သားအမိလည်း ကျောင်းသို့ လိုက်လာကြရင်းမှ မထင်မှတ်စွာ ကိုဘကျော်နှင့် ပြန်ဆုံစည်းခဲ့ကြခြင်း ဖြစ်ပါသည်။

မောင်ချစ်ကျော်သည် ကိုဘကျော်၏သွေးသားဟု ဖြူဖွေးက ရှင်းပြလိုက်မှ ဇာတ်ရည်လည်တော့၏။ ကိုဘကျော်က မောင်ချစ်ကျော်ကို သားဟု ဝမ်းခေါင်းသံကြီးဖြင့် ခေါ်လိုက်သောအခါ မောင်ချစ်ကျော်က 'သူ့အဖေက ဒီလိုပုံမဟုတ်ဘူး။ အမေဖွေးပြောထားတယ်၊ သန့်သန့်ခံ့ခံ့ကြီးတဲ့။ ဒီလိုစုတ်စုတ်ပြတ်ပြတ်မဟုတ်ဘူး။ ဦးလေးကြီးက အဖေမဟုတ်ဘူး' ဟု ခါးခါးသီးသီး ငြင်းဆန်သောအခါ ကိုဘကျော် စိတ်ထဲမှာ ဗလောင်ဆူသွားလေ၏။ အလှူပွဲပြီးနောက်ရက်များ ကျောင်းဝေယျာဝစ္စအလုပ်အားသည်နှင့် ကိုဘကျော်တစ်ယောက် ဖြူဖွေးတို့အိမ်သို့ရောက်ရောက်သွားလေ၏။ သွေးကစကားပြောသည်ဟု ဆိုရလောက်အောင်ပင် မောင်ချစ်ကျော်နှင့် ကိုဘကျော်တို့ ကြာလာ တွေ့ပါများတော့ ရင်းနှီးသွားကြလေ၏။ မကြာမတင်ကာလမှာပင် ကိုဘကျော်နှင့် ဖြူဖွေးတို့သည် ပတ္တမြားကျောင်းဆရာတော်ထံ မင်္ဂလာဆွမ်းကပ်လှူပြီးနောက် ပြန်လည် ပေါင်းစည်းသွားကြလေတော့၏။

စာရေးသူ တင်ပြလိုသော ကိုဘကျော်နှင့် သူ့ချစ်သူဖြူဖွေးတို့၏ ဇာတ်လမ်းက ပြန်လည် ပေါင်းစည်းခြင်းဖြင့် အဆုံးသတ်ရန်သာ ဖြစ်၏။

"ဆရာကံ၊ ကျွန်တော်နဲ့ ဖြူဖွေးတို့ ခေတ္တကွဲကွာခဲ့ပေမယ့် ပြန်လည်ပေါင်းစည်းသွားရတာ ဘာကြောင့်လဲ"

ထိုစဉ်က ကိုဘကျော်၏အမေးကို စာရေးသူက 'ဖူးစာမှန်လို့ပါ' ဟု ဖြေကြားမိခဲ့သော်လည်း ကိုဘကျော်က ခေါင်းကိုတွင်တွင်ခါလျက် 'မဟုတ်သေးဘူး' ဟု ဆိုပါသည်။ သေချာထပ်မေးသောအခါ ချစ်သူဘဝ၌ ရှင်မကွဲဘုရားရှေ့မှာ အတူဆုတောင်းခဲ့လို့ပါဟု ပြောပါသည်။ ရှင်မကွဲဘုရား၏ ထူးထူးခြားခြား ဖြစ်ရပ်မှန်ဇာတ်လမ်းကလေးတစ်ပုဒ်ကို ယခုလ စာရှုသူ မမှမိတ်ဆွေများထံ မျှဝေလိုက်ပါပြီ။ သို့ဖြစ်ပါ၍ ချစ်ကြသူတိုင်း ဘုန်းတန်ခိုးတော်ကြီး ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကန်တော့ကြရင်း အဂ္ဂါထောင့် ပြဟ္မာသားပိုက်ရုပ်နှင့် မျက်နှာချင်းဆိုင်မှာရှိ ဘုရားအမှတ် (၁၂၇) 'ရှင်မကွဲ'ဘုရားရှေ့တော်မှောက်အရောက်သွား သစ္စာပန်းများဖြင့် ဆုတောင်းဖြစ်အောင် ဆုတောင်းလိုက်ကြပါ။ ရှင်လျက်မကွဲ ချစ်ခရီးပန်းတိုင် ဆုံးခန်းတိုင်ပေါင်းကြရမှာအမှန်ဖြစ်ပါကြောင်း ရေးသားတင်ဆက်လိုက်ရပါသည်။ ချစ်သူချင်းပေါင်းဖက်နိုင်ကြပါစေကုန်သော်။

မေတ္တာများစွာဖြင့်

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာ့ဆရာ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းကောင်းများနှင့်အစီအရင်အဆောင်ဂါထာများ(၇)

# ပဒိုက္ကရားမင်းသားနှင့်အဆောင်အရှက်သုံးဂါထာ

မြန်မာရာဇဝင်တွင်စာတင်ခဲ့သည့် ပဒိုက္ကရားမင်းသား၏ အကြောင်းကား စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ပဒို က္ကရားမင်းသားကား သက္ကရာဇ် လေးရာ နှစ်ဆယ်ငါးခုတွင် ပုဂံပြည်၌ နန်းတက် တော်မူခဲ့သော ထီးလှိုင်ရှင် ကျန်စစ်သား မင်းကြီးလက်ထက်တွင် ပဒိုက္ကရားမင်း၏ သားတော်ဖြစ်ခဲ့ပါသည်။

ကျန်စစ်သားမင်းကြီးသည် မင်း ဖြစ်တော်မူပြီးနောက် အရှေ့တွင်အနော်ရထာမင်းစော၏ နန်းတော်ရာ၊ မြောက် အရပ်တွင် ပြူစောထီးမင်းဥဒ္ဓံမြှုပ်ရာ၊ အနောက်ဘက်တွင် မုဒ္ဒေါ၊ မြတ်သော အရပ်တို့ကို အခြေပြုကာ နန်းတည်၍ နေတော်မူခဲ့ပါသည်။

မင်းကြီးတွင် မိဖုရားလေးပါးရှိရာ အပယ်ရတနာမိဖုရား၊ ဥသာမင်းသမီး ခင်ဦး၊ ထီးလှိုင်ရွာသူကြီးသမီး ခင်တန်၊ မထီးတုမ သမ္ဘူလ ဦးဆောက်ပန်း မိဖုရားတို့ ဖြစ်ကြပါသည်။ ထိုမိဖုရား လေးပါးအနက် အပယ်ရတနာမိဖုရားမှ အလွန်လှပတင့်တယ်၍ ကောင်းခြင်း ငါးဖြာလက္ခဏာနှင့် ပြည့်စုံသော ရွှေအိမ်သည်ထိပ်ထားမင်းသမီးလေးကို ဖွားမြင်ခဲ့ပါသည်။ မင်းကြီးသည် သမီး တော် ရွှေအိမ်သည်မင်းသမီးလေးကို လွန်စွာချစ်မြတ်နိုးလှ၍ တစ်ပင်တိုင်နန်း နှင့်ထားတော်မူခဲ့သည်။

ထိုသို့ တစ်ပင်တိုင်နန်းစံ အလှ ထိပ်ထား ရွှေအိမ်သည်မင်းသမီးလေး အကြောင်းကိုကြားရသော ပဒိုက္ကရား မင်းသားသည် မင်းသမီးလေးကို မေတ္တာ သက်ဝင် ချစ်ကြင်လိုသောစိတ်ဖြင့် မိမိ၏ အဆောင် တန်ခိုးဣဒ္ဓိပါဒ်ရှိသော မြရှင် တိုင်၍ ကောင်းကင်မှလာရောက်ပြီးလျှင် ရွှေအိမ်သည်ထိပ်ထား၏ အထိန်းတော် ဖြစ်သော အမတ်ကြံသိုင်းတို့အား ငွေ ဆယ်တင်း တံစိုးလက်ဆောင်ပေးကာ ထိပ်ထားမင်းသမီးလေးနှင့်တွေ့ဆုံခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှကာ ရည်ငံမိ ကြလေသည်။

ထိုအဖြစ်အပျက်ကား မင်းကြီးနား သို့ပေါက်ကြားခဲ့လေပြီ။ ကျန်စစ်သား မင်းကြီးသည် သတိသမ္ပဇဉ်ဖြင့် သမီး တော် ရွှေအိမ်သည်ထိပ်ထားအတွက် ရင်မအေးရလေပြီ။ မင်းကြီးသည် ညီလာခံ၌ အမှတ်ပညာရှိတို့ကို တိုင်ပင် တော်မူခဲ့သည်။

ငါ့သမီးတော် ရွှေအိမ်သည်ကို ပဒိုက္ကရားမင်းသားနှင့် စုံဖက်စေသော် သင့်မည်လော။

ငါ့အရှင် အနော်ရထာမင်းကြီး၏ မြေးတော် စောယွမ်းနှင့် စုံဖက်စေသော် သင့်မည်လော။

တိုင်ပင်တော်မူရာ အမျိုးအနွယ် ကို စောင့်ရှောက်တတ်ကြသော အမှူး၊ အမတ်တို့က ဘုန်းကြီးသည့် အရှင်မင်း ကြီး၏သမီးတော်ကို ပဒိုက္ကရားမင်းသား နှင့်စုံဖက်ပေးတော်မူပါက နောင်အရှည် သော် ကုလားပြည်ဖြစ်လေတော့မည် ဟု နားတော်လျှောက်ကြကုန်လေရာ ကျန်စစ်သားမင်းကြီးသည် နန်းရိုးမျိုးနွယ် ဖြစ်သော အနော်ရထာမင်းကြီး၏ မြေး တော်ဖြစ်၍ စောလူးမင်း၏သားတော် ဖြစ်သော ခြေမသန်ရှာသည့် စောယွမ်း နှင့်သာ အနွယ်ကိုစောင့်လျက် စုံဖက်စေ ပြီးလျှင် အိမ်ရှေ့ပေးတော်မူခဲ့ပါသည်။

ထိုအချိန်တွင် ပဒိုက္ကရားမင်းသား သည် အဆောင်ရတနာမြရှင်ကိုင်လျက် ကောင်းကင်သို့ပျံတက်ကာ ရွှေအိမ်စည် ထိပ်ထား၏ တစ်ပင်တိုင်နန်းဆောင်သို့ လာနေခိုက် ဖြစ်သည်။ ထိုအခိုက်မှာပင် ကျန်စစ်သားမင်းကြီး၏ ဆရာအရှင် အရဟံမထေရ်မြတ်သည် မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိ မဟာဗောဓိသို့ ဝတ်ပြုရန် ကြွတော်မူရာ မြရှင်ငုံ၍ ကောင်းကင် ခရီးဖြင့်လာသော ပဒိုက္ကရားမင်းသားနှင့် တွေ့ဆုံကြလေရာ -

"မင်းသား၊ မသွားသင့်ပြီ။ ရွှေအိမ် သည်ကို စောယွမ်းနှင့်စုံဖက်ပြီးလေပြီ"

ဟု မိန့်ဆိုတော်မူလိုက်သည်တွင် ပဒိုက္ကရားမင်းသားမှာ မချိတင်ကဲ ဖိုလှိုက် အမောဆိုက်လျက် ဟိုက်ခနဲ နှုတ်ခံတွင်း ဖွင့်ဆိုမြည်မိရာ မြရှင်မှာ ထွက်ကျပြီး ကောင်းကင်မှ အောက်သို့ တစ်ရှိန်ထိုး ကျလျက် ကံကုန်အနိစ္စရောက်ခဲ့ရှာလေ သည်။

(အချို့သောရာဇဝင်တို့၌မူ ပတ္တ မြားလက်စွပ်အစွမ်းဖြင့် ကောင်းကင်မှ လာစဉ် ရှင်အရဟံမထေရ်နှင့်တွေ့ရာ ရွှေအိမ်သည်ကို စောယွမ်းနှင့် စုံဖက် ကြောင်းကြားသိရလေ၍ နှလုံးကြေကွဲ ဝမ်းနည်းလွန်းလှသဖြင့် ငါစုံမက်သူကို မရသော် သေပါစေတော့ဟု ကိုယ့်ကို အစာသတ်ပြီကာ သေသည်ဟုဆိုထား ပါသည်။)

## ◻ ပဒိုက္ကရားနှင့်အလောင်းစည်သူ

ပဒိုက္ကရားမင်းသား ကောင်းကင် ထက်မှ မြရှင်ခံတွင်းမှထွက်၍မြေသို့ကျ ကာ ကွယ်လွန်ခဲ့လေရာ ရှင်အရဟံ မထေရ်လည်း ရှေးဘဝက ဆုတောင်း ဖက်ဖြစ်ခဲ့သည်ကို ဆင်ခြင်တော်မူ၍ ပဒိုက္ကရားမင်းသား၏ အရိုးတို့ကို ဝါ ဟူသောအရပ်၌ စု၍ထားခဲ့လေသည်။

ပဒိုက္ကရားမင်းသား သေလွန်၍ ကာလမကြာမီတွင် ရွှေအိမ်သည်မင်း သမီး၏ဝမ်း၌ ပဋိသန္ဓေနေလေသည်။ သန္ဓေရင့်မာနေ့စေ့၍ မင်းသားကို ဖွား မြင်သောအခါ ထူးခြားလှသည့် အတိတ် နိမိတ်တို့ ထင်ရှားပေါ် ပေါက်ခဲ့ပါသည်။ မင်းသားမျက်နှာမြင်ချိန်တွင် ဦးကင်သ တံခါးအလိုလိုပွင့်သည်။ အိမ်ရှင့်စည်ကြီး လည်း လူမတီးဘဲ အလိုလိုမြည်သည်။ မင်းသားဖွားမြင်သောနေ့မှစ၍ ပြင်းစွာ အငိုမဆိတ်ငိုသည်။ ဘိုးတော်ထီးလှိုင် ရှင်မင်းကြီးက မြေးတော်လေးမည်သည့် အကြောင်းကြောင့် ဤမျှငိုရလေသည် ကို ပညာရှိ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ကို မေးတော်မူသည်။

ထိုပညာရှိတို့က မင်းကြီးမြေး တော်လေးသည် တိုင်းနိုင်ငံအပိုင်းအခြား ကိုသိလို၍ ငိုခြင်းဖြစ်ပါသည်ဟု မင်းကြီး အား နားတော်လျှောက်ကြလေသည်။

ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး သည် ပညာရှိတို့လျှောက်တင်သည်ကို ကြားတော်မူ၍ ရွှေဒေပထက်တွင် ဤသို့ ရေးစေကာ မင်းသားငယ်လေးရှေ့ မှောက်တွင် ဖတ်ကြားစေသည်။

"အရှေ့သို့လားသော် ခဋိုသဿ လမည် ပန်းသေးပြည်လျှင်အခြားတည်း။

အရှေ့တောင်သို့အလားကား အယောဓလမည် ဂျွမ်းတို့ပြည်လျှင် အခြားတည်း။

တောင်သို့အလားကား သမုဒ္ဒရာ အလယ် နဂါးပတ်ကျွန်းလျှင် အခြား တည်း။

အနောက်သို့အလားကား ပဒိုက္က ရားလမည် ကုလားပြည်လျှင် အခြား တည်း။

အနောက်မြောက်ထောင့်အရပ်သို့ အလားကား ကတူးနဂါးကြီး ရေပေါ်မီး လျှင် အခြားတည်း။

မြောက်အရပ်သို့ အလားကား ဂန္ဓာလရာဇ်လည်းမည် တရုတ်ပြည် အခြားတည်း. . ."

ဤကဲ့သို့ ရွှေပေထက်တွင် ရေး သားပြီး မင်းသားငယ်လေးရှေ့မှောက် ဖတ်ကြားပြလေလျှင် ငိုသံဆိတ်သွား လေသည်။

ဤကဲ့သို့ အံ့ဩဖွယ်ရာ ထူးဆန်း သောအဖြစ်ကို ဘိုးတော် ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးတွေ့မြင်ရလေလျှင် မြေးတော်လေးကို လွန်စွာချစ်မြတ်နိုးလှ ၍ ငါ့မြေးတော်နန်းကို ငါစောင့်ပါသည်

www.burmeseclassic.com

သာဟု မိန့်ဆိုတော်မူပြီးလျှင် မင်းကြီးသည် မြေးတော် မင်းသားငယ်လေးကို ရင်ခွင်၌ထွေးပိုက်လျက် ရာဇပလ္လင်ထက်တွင်တင်၍ သီရိဇေယျသူရဟူသောဘွဲ့မည်ဖြင့် ရာဇာဘိသိက်ခံယူစေခဲ့လေသည်။

ထိုရာဇာဘိသေကသဘင်အခါတွင် ကုလားပြည်သံတောင်နှင့် သေုံပင်လယ်ကိုနိုင်သည်ဟူ၍ စစ်သူကြီးတို့ကဖမ်းဆီးရမိသော သုံ့ပန်းကျည်းကုလားတို့ကို ဆက်လာခဲ့လေသည်။ မင်းကြီးက ထိုကုလားတို့ကို စည့်ကူးအရပ်တွင် အစုအကွက်ချ၍နေစေခဲ့ပါသည်။

## ၁ ရှေးဘဝဆုတောင်းဖက်မိတ်ဆွေငါးဦး

အတိတ်ကာလ ရှေးဘဝက ထီးလှိုင်ရှင် ကျန်စစ်မင်းကြီးအလောင်းသည် မင်းဖြစ်ခဲ့၍ မြေးတော် သီရိဇေယျသူရအလောင်းသည် မင်းသားဖြစ်ခဲ့ပါသည်။ ရှင်အရဟံမထေရ်မြတ်အလောင်းတော်ကား ပုဏ္ဏားဖြစ်ခဲ့ပါသည်။ မဟာဂီရိနတ်အလောင်းမှာမူ သူဌေးသားဖြစ်ခဲ့၍ သက်မင်းကတုံအလောင်းသည်ကား စစ်သူကြီးဖြစ်ခဲ့ဖူးပါသည်။

ထီးလှိုင်ရှင် ကျန်စစ်မင်းကြီးအလောင်းမင်းဖြစ်သောအခါ ထိုသူငါးဦးတို့ ဘုရားသို့အတူသွားရောက်ကြကာ ဝတ်ပြုဆုတောင်းခဲ့ကြပါသည်။

ထိုအခါ မင်းသားက လာလတ့ံသောဘဝ၌ ဘုန်းကြီးသောမင်းဖြစ်ပါစေသောဟု ဆုတောင်း၏။

ပုဏ္ဏားသားက မင်းတို့ကိုးကွယ်ခြင်းခံရသည့်ရဟန်းမြတ်ဖြစ်ပါစေသောဟု ဆုတောင်း၏။

သူဌေးက မင်းတို့ပူဇော်ရာ နတ်ဖြစ်သောဟု ဆုတောင်း၏။

စစ်သူကြီးက ပြည်ထောင်ဖက်ခြင်း မင်းဖြစ်သောဟု ဆုတောင်း၏။

ထီးလှိုင်ရှင်မင်းကြီးအလောင်းက ဤလေးဦးတို့ဖြစ်ရာ အကြီးအမှူးဖြစ်၍ အုပ်ချုပ်ရစေသော ဟူ၍ ဆုတောင်းခဲ့ကြပါသည်။

ဆုတောင်းဖက်ငါးဦးတို့ အသီးသီး ဤဘဝတွင် ဆုတောင်းပြည့်ခဲ့ကြပါလေပြီ။

မင်းသည် ထီးလှိုင်ရှင်ကျန်စစ်မင်းကြီးဖြစ်ခဲ့လေပြီ။

မင်းသားသည် ထီးလှိုင်ရှင်ကျန်စစ်မင်းကြီး၏မြေးတော် သီရိဇေယျသူရမှ အလောင်းစည်သူဖြစ်လာခဲ့ချေပြီ။

ပုဏ္ဏားသည် မင်းတို့၏ဆရာရှင်အရဟံမထေရ်မြတ်ဖြစ်ခဲ့လေပြီ။

သူဌေးသားသည် မဟာဂီရိနတ်ဖြစ်လာလေသည်။

စစ်သူကြီးသည် သက်မင်းကတုံဖြစ်ခဲ့ချေပြီ။

## ၂ ပဋိက္ကရားမင်းသားဘဝမှအလောင်းစည်သူမင်းကြီးအဖြစ်

အလောင်းစည်သူမင်းကြီးသည် ရှေးဘဝအဖြစ်ကိုယ်၌ ပဋိက္ကရားမင်းသားဖြစ်ခဲ့၍ ရွှေအိမ်သည်မင်းသမီးကို စောယွမ်းနှင့် စုံဖက်ကြောင်း ရှင်အရဟံမထေရ်မိန့်တော်မူသည်ကို ကြားလိုက်ရသောတစ်ခဏတွင် နှုတ်ငုံအဆောင်မြရှင် ခံတွင်းမှထွက်ကျကာ 'ဝါ'ဟူသောအရပ်၌ ကောင်းကင်မှကျ၍ သေလွန်ခဲ့သည်ကို ရှင်အရဟံမထေရ်က ပဋိက္ကရားမင်းသားအရိုးတို့ကို စုထားခဲ့သည်ဖြစ်ရာ မင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့်တကွ သွားရောက်ယူတော်မူပြီးလျှင် ညောင်ဦးကမ်းပါး၌ ငါ၏အရိုးမှန်ပါက ရေတွင်ပေါ်စေသားဟူ၍ အဓိဋ္ဌာန်သစ္စာပြုပြီးသော် ရေ၌ချလိုက်သည့်အခါတွင် ထိုအရိုးတို့သည် ရေ၌ကူး၍သွားသည်ကို ထူးခြားအံ့သြဖွယ်ရာ တွေ့မြင်ရသဖြင့် မင်းကြီးယူကာ ရွှေကူဘုရားအောက်မြေ၌ ကောင်းစွာထားခဲ့ပါသည်။

ဤကား ရာဇဝင်တွင် စာတင်ခဲ့သော ပဋိက္ကရားမင်းသားအကြောင်းနှင့် စပ်ဆိုင်ဖြစ်ပျက်ခဲ့သည့် အကြောင်းခြင်းရာတို့ကို ကောက်နုတ် တင်ပြခြင်းဖြစ်ပါသည်။ စာရှုသူများ သုတပွားများ၍ ကောင်းကျိုးချမ်းသာကို ဆောင်စေနိုင်တတ်သော ထိုပဋိက္ကရားမင်းသားအဆောင်အရွက်ပြုသော သုံးဂါထာကို ဖော်ထုတ် တင်ပြလိုက်ပါသည်။

### ပဋိက္ကရားမင်းသားအဆောင်အရွက် သုံးဂါထာ

၁ ဣတိပိသောဘဂဝါဝုတ္တာ။
ဣတိမန္တာ သုခါဝဟာ။
ဗုဒ္ဓကြန္နဥ္စ ဝေါဝုတ္တာ။
ဗုဒ္ဓတေဇော သုခါဝဟာ။

၂ ဣတိပိသောဘဂဝါဝုတ္တာ။
ဣတိမန္တာ သုခါဝဟာ။
ဓမ္မကြန္နဥ္စ ဝေါဝုတ္တာ။
ဓမ္မတေဇော သုခါဝဟာ။

၃ ဣတိပိသောဘဂဝါဝုတ္တာ။
ဣတိမန္တာ သုခါဝဟာ။
သံဃကြန္နဥ္စ ဝေါဝုတ္တာ။
သံဃတေဇော သုခါဝဟာ။

**အနက်မြန်မာပြန် -**

**ဣတိပိသောဘဂဝါဝုတ္တာ** - ဣတိပိသောဘဂဝါအမည်ရှိသော မန္တန်တော်သည်၊ **သုခါဝဟာ** - ချမ်းသာကိုဆောင်တတ်၏။ **ဗုဒ္ဓကြန္နဥ္စ** - ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် ချမ်းသာသည်ကိုလည်း၊ **ဝုတ္တာ** - ပေးဆပ်ကုန်၏။ **ဗုဒ္ဓတေဇော** - ဘုရားတန်ခိုးတော်အစွမ်းသည်၊ **သုခါဝဟာ** - ချမ်းသာကိုဆောင်တတ်၏။

**ဣတိပိသောဘဂဝါဝုတ္တာဣတိမန္တာ**- ဣတိပိသောဘဂဝါအမည်ရှိသော မန္တန်တော်သည်၊ **သုခါဝဟာ** - ချမ်းသာကိုဆောင်တတ်၏။ **ဓမ္မကြန္နဥ္စ** - တရားကျေးဇူးတော်ကြောင့် ချမ်းသာကိုလည်း၊ **ဝေါ**-သင်တို့အား၊ **ဝုတ္တာ**-ဟောအပ်ကုန်၏။ **ဓမ္မတေဇော** - တရားတန်ခိုးတော်အစွမ်းသည်၊ **သုခါဝဟာ** - ချမ်းသာကိုဆောင်တတ်၏။

**ဣတိပိသောဘဂဝါဝုတ္တာဣတိမန္တာ**- ဣတိပိသောဘဂဝါအမည်ရှိသောမန္တန်တော်သည်၊ **သုခါဝဟာ** - ချမ်းသာကိုဆောင်တတ်၏။ **သံဃကြန္နဥ္စ** - သံဃာ့ကျေးဇူးတော်ကြောင့် ချမ်းသာကိုလည်း၊ **ဝေါ**-သင်တို့အား၊ **ဝုတ္တာ**-ဟောအပ်ကုန်၏။ **သံဃတေဇော** - သံဃာ့တန်ခိုးတော်အစွမ်းသည်၊ **သုခါဝဟာ**-ချမ်းသာကိုဆောင်တတ်၏။

ဤသုံးဂါထာသည်ကား ပဋိက္ကရားမင်းသားသည် ထီးလှိုင်ရှင်ကျန်စစ်မင်းကြီး၏သမီးတော်ဖြစ်သော တစ်ပင်တိုင်နန်းနှင့်နေသူ ရွှေအိမ်သည် ထိပ်ထားမင်းသမီးထံသို့အလာတွင် မြရှင်လုံးကိုနှုတ်ခံတွင်း၌ငုံကာ ကောင်းကင်ထက်ပျံတက်၍ လာရောက်၍ မင်းသမီးနှင့်ရည်ငံခဲ့ကြသည်။

ဤဂါထာတော်ကို ဆောင်ကသားကောင်းရတနာရစေ၍ မင်းသား၏အဆောင်အရွက်ဂါထာ ဖြစ်ကြောင်း ရှေးဟောင်းမန္တန်ကျမ်းတို့၌လာရှိသည်။ ရွှေအိမ်သည်မင်းသမီးသည် ဘုန်းတန်ခိုးကြီးမားလှသော မင်းဧကရာဇ်ဖြစ်သည့် အလောင်းစည်သူမင်းကြီး၏မယ်တော်ပင် ဖြစ်ပါသည်။

သားကောင်းရတနာ၊သမီးကောင်းရတနာများရရှိနိုင်ရန် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဂုဏ်ကျေးဇူးကို မှီးမံတုံအပ်သော ဤပဋိက္ကရားမင်းသားအဆောင်အရွက်သုံးဂါထာကို ရွတ်ပွားသရဇ္ဈာယ်ခြင်းဖြင့် ဘေးရန်ကင်းပ ကောင်းကျိုးရ၍ သားကောင်းသမီးမွန်တို့ ရရှိနိုင်ကြပါစေ။

*သဒ္ဒိသံပါက်ဇနေတိ*
**သစ္စာဝါဒီ-ဦးမြင့်အောင်**

**ကျမ်းကိုး -**

၁။ မှန်နန်းရာဇဝင်ကြီးစတုတ္ထတွဲ
၂။ ဦးကုလားမဟာဇရာဝင်ပထမအုပ်
၃။ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ ပထမပိုင်း၊ အမျိုးသားပညာဝန် ဦးဖိုးကျားရေးသည်
၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တို့မြန်မာဝတ်ရွတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

လူသည် ရုပ်, နာမ် (၂) ပါး၊ ခန္ဓာ (၅) ပါးတို့ဖြင့် ဖွဲ့စည်းထား၏။ လူတွင် နာမ်ဟုခေါ်ဆိုသောစိတ်သည် အဓိက ကျပြီး အရေးအကြီးဆုံးဖြစ်သည်။ လူ၏ ကြံစည်စိတ်ကူး၊ လှုပ်ရှားမှု၊ ဆောင်ရွက်မှုတိုင်းသည် စိတ်ကဦးဆောင်လျက်ရှိသည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာစလုံး ဆုတ်ယုတ်ပျက်စီးနေသူမှန်သမျှသည် စိတ်၏ကျေးကျွန်ဖြစ်၏။ လောကီ၊ လောကုတ္တရာနှစ်ဖြာစလုံး ကြီးပွား

# (မျှော်ရွယ်) မောင်ထည်ဝါ

## ပယ်သတ်ရမည့်ဣဿာမစ္ဆရိယ

တိုးတက် အောင်မြင်နေသူမှန်သမျှသည် စိတ်၏သခင် ဖြစ်၏။ ကျွန် ဟူသည်မှာ သခင်စေခိုင်းသည်ကိုလုပ်ရသူ ဖြစ်၏။ ထို့အတူ စိတ်ခိုင်းသည်ကိုလုပ်ကြရသော စိတ်၏ ကျေးကျွန်ဖြစ်နေသူများသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာစလုံး ဆုတ်ယုတ်ပျက်စီးနေမည်သာဖြစ်သည်။ အကြောင်းမူကား ပါပသ္မိံရမတိမနော ဟူသော ဓမ္မပဒဒေသနာတော်အတိုင်း စိတ်၏ ပကတိသဘောသည် မကောင်းမှုအကုသိုလ်၌သာ မွေ့လျော်ပျော်ပိုက်တတ်သည်ဖြစ်ရာ စိတ်ကိုထိန်းချုပ်နိုင်ရမည် ဖြစ်သည်။

သခင် ဟူသည် ကျွန်ကိုစေခိုင်းရသောသူ ဖြစ်သည်။ သို့ဖြစ်၍ စိတ်ကို မိမိလိုရာ ခိုင်းနိုင်သောစိတ်၏သခင်များသည်ကား လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန်၊ သံသရာအားလုံး၌ အမြဲတမ်း ကြီးပွား တိုးတက် အောင်မြင်နေကြမည်သာ ဖြစ်လေသည်။ ထို့ကြောင့် ကမ္ဘာ အသျှင်ပွင့်ထွန်းတော်မူပြီးသော ဘုရားရှင်အဆူဆူတို့က

□ မကောင်းမှု ဟူသမျှ ဝေးဝေးရှောင်၊ ကောင်းမှုမှန်သမျှ မှုရရအောင် လုပ်၊ စိတ်ကိုဖြူစင်အောင်ထားပါ . . .

ဟု ဟောကြားတော်မူခဲ့သည်။

လူတိုင်းလူတိုင်းသည် မိမိစိတ်ကို ယောနိသောမနသိကာရ သင့်တင့်ကောင်းမွန်စွာ နှလုံးသွင်းရမည် ဖြစ်သည်။

အချို့သောလူတို့သည် သူတစ်ပါး အောင်မြင်တိုးတက်မှုများရရှိခံစားကြရသည်ကို မနာလိုဣဿာဖြစ်တတ်ကြသလို ဝန်တိုမစ္ဆရိယလည်းဖြစ်တတ်ကြသည်။ လူတို့သည် အများအားဖြင့် သူတစ်ပါး၏ မှားယွင်းအားနည်းချက်များကို ရွေးချယ် ဖော်ထုတ် ကဲ့ရဲ့ဖို့ရန်



လွယ်ကူတတ်သလောက် သူတစ်ပါး၏ ကောင်းကွက်များကို အသိအမှတ်ပြု ပြောဆိုချီးမွမ်းဖို့ရာ လွန်စွာဝန်လေးနေတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါး၏ ကောင်းကွက်ကို ဝန်တိုတတ်သောမစ္ဆရိယကြောင့်ပင် ဖြစ်သည်။ သို့သော်လည်း အချို့ပုဂ္ဂိုလ်များက ဂုဏ မစ္ဆရိယဖြစ်နေရှိနေသည်ကို ဝန်မခံချင်ဘဲ ငါတို့က သူများကို မြှောက်ပင့်မစားတတ်ဘူးဟု ဂုဏ်ယူပြောဆိုတတ်သေးသည်။ ချီးမွမ်းခြင်းနှင့် မြှောက်ပင့်ခြင်းကား ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်သည်။

□ ချီးမွမ်းခြင်းသည် မုဒိတာကြောင့် ဖြစ်သည်။

□ မြှောက်ပင့်ခြင်းသည် လောဘ ကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

- ၁ ချီးမွမ်းခြင်းသည် ပရဟိတကို ဦးတည်သည်။
- ၂ မြှောက်ပင့်ခြင်းသည် အတ္တဟိတကို ဦးတည်သည်။
- ၃ ချီးမွမ်းခြင်းသည် ပေးဆပ်ခြင်းကို ရှေးရှုသည်။
- ၄ မြှောက်ပင့်ခြင်းသည် ရယူလိုခြင်းကို ရှေးရှုသည်။
- ၅ ချီးမွမ်းခြင်းသည် မှန်ကန်သော သစ္စာစကား ဖြစ်သည်။

ထိုကဲ့သို့ ကွဲပြားခြားနားလှသောကြောင့်လည်း ရိုးသားစွာ ချီးမွမ်းသည့် အမှုကိုကား အတုလာဓိပတိဖြစ်တော်မူသော ဘုရားရှင်တို့သာ ပြုတော်မူသည်။

မုဒိတာပွားချီးမွမ်းခြင်းနှင့်စပ်လျဉ်း၍ သာဓကတစ်ခုကို တင်ပြပါမည်။

ဤဘဒ္ဒကမ္ဘာမှ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရမြတ်စွာဘုရားရှင် ထင်ရှားပွင့်တော်မူသည်။ ဟံသာဝတီမြို့ ဂေါစရဂံ ပြုလျက် သားကောင်တို့ကို ဒေါမဲ့ပေးရာ ခေမာအမည်ရသောတော၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ဝေဒေဟ အမည်ရသော သူကြွယ်တစ်ဦးသည် ဘုရားရှင် အမှူးပြုသော သံဃာတော်ခြောက်သိန်းမျှကို နေအိမ်သို့ပင့်ဖိတ်၍ ဆွမ်းကျွေးအလှူပွဲ ပြုလုပ်လျက်ရှိသည်။

ထိုစဉ်ကာလ၌ အရှင်မဟာကဿပမထေရ်မြတ်ကြီးကဲ့သို့ ဓုတင် (၁၃)ပါးကို ဆောင်တော်မူသည့် နိသဘမထေရ်သည် သူကြွယ်အိမ်ရှိရာလမ်းမှ ဆွမ်းခံကြွလာသည်ကို ဝေဒေဟသူကြွယ် မြင်ရသော် မထေရ်မြတ်ထံမှောက်သို့ အမြန်သွားရောက်၍ ဦးခိုက်ရှိခိုးကာ -

"အရှင်ဘုရား၊ သပိတ်တော်ကို သပိတ်ပေးတော်မူပါ"

ထိုအခါ မထေရ်မြတ်က သပိတ်ကို ပေးတော်မူသည်။ သပိတ်ရသည်နှင့် -

"အရှင်ဘုရား၊ အိမ်ထဲသို့ကြွတော်မူပါ။ မြတ်စွာဘုရားလည်း အိမ်၌ပင် နေတော်မူပါသည်".

ဟု လျှောက်ထားလျှင် မဟာနိသဘမထေရ်က-

"ဒါယကာ၊ ငါတို့ကား အိမ်သို့ဝင်ခြင်းငှာ မအပ်ပါ"

ဟု မိန့်တော်မူသည်။

သူကြွယ်လည်း သပိတ်ကို ဆွမ်းအပြည့်ထည့်စေပြီး မထေရ်အား ဆက်ကပ်လိုက်သည်။ သူကြွယ်သည်လည်း မထေရ်အား လိုက်ပို့ပြီးနောက် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထားလေ၏။

"မဟာနိသဘမထေရ်သည် အိမ်၌ မြတ်စွာဘုရား ထင်ရှားရှိပါ၏။ ဝင်တော်မူပါဟု လျှောက်ထားသော်လည်း ဝင်ခြင်းငှာ အလိုမရှိပါ။ ထိုမထေရ်အား အရှင်ဘုရားတို့ ထက်လွန်ကဲသော ဂုဏ်ကျေးဇူးအထူးရှိပါသလား"

ဟု မေးလျှောက်ထား၏။

ထိုအခါ ဂုဏမစ္ဆရိယကင်းရှင်းတော်မူသော ပဒုမုတ္တရဘုရားရှင်က -

"ဒါယကာ၊ ငါတို့ကား ဆွမ်းကျက်သည့်တိုင်အောင် စောင့်ဆိုင်းလျက် အိမ်၌နေကုန်၏။ မဟာနိသဘမထေရ်ကား ဤသို့ထိုင်လျက် ဆွမ်းကိုမမျှော်မငဲ့ မစောင့်ဆိုင်းချေ။ ငါတို့ကား ရွာနီးကျောင်း၌နေကြ၏။ ထိုမထေရ်ကား တော၌သာနေ၏။ ငါတို့ကား အမိုးရှိသောကျောင်း၌ နေကြကုန်၏။ ထိုမထေရ်ကား လွင်တီးခေါင်၌သာနေ၏။ ထိုနိသဘမထေရ်ကား ဤသို့ဤသို့သော ဂုဏ်ကျေးဇူးအထူးရှိချေ၏"

ဟူ၍ ထုတ်ဖော် ချီးမွမ်းတော်မူသည်။

ဤသာဓကကို ထောက်ထား၍ သူတစ်ပါး၏ ကောင်းဂုဏ်ကို ဝမ်းပန်းတသာချီးမွမ်းနိုင်သောပုဂ္ဂိုလ်ကိုတွေ့လျှင် ထိုပုဂ္ဂိုလ်သည် ဣဿာမစ္ဆရိယကို မဂ်ဉာဏ်ဖြင့်ပယ်သတ်ပြီးသော အရိယာသော် လည်းကောင်း ဖြစ်ရမည်။ သို့မဟုတ် ပင်ကိုဗီဇကပင် ဣဿာမစ္ဆရိယ ပါးရှားသောနှလုံးဖြူအစ္စင်းပုဂ္ဂိုလ်သော် လည်းကောင်း ဖြစ်ရမည်။ တစ်နည်းဆိုရသော်ရှိနေသော် ဣဿာစရိယကိုဖြစ်ပေါ်မလာအောင် အသိဉာဏ်ချွန်းဖြင့် ထိန်းချုပ်ထားနိုင်သော ပညာရှိသူတော်ကောင်းတစ်ယောက်သော်လည်းဖြစ်ရမည်ဟု သုံးသပ်ဆုံးဖြတ်နိုင်ပါသည်။

တစ်ဖန် မျက်မှောက်ခေတ် မြန်မာနိုင်ငံသာသနာတော်၌ ကြည်ညိုဖွယ်ရာဆရာတော်များ၏ ဣဿာမစ္ဆရိယ ပယ်သတ်နိုင်သော ဖြစ်ရပ်အချို့ကို အနည်းငယ်တင်ပြပါဦးမည်။

အချိန်ကာလမှာ ၁၃၃၁ခု၊ ကဆုန်လဆုတ် ၁၀ ရက်နေ့။

နောင်တွင် မဟာစည်ဆရာတော်ကြီးဖြစ်လာမည့် ဓမ္မာစရိယဆရာတော်လေး ဦးသောဘနက မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက်ဖြင့် ရေးသားပြီးသော ဝိသုဒ္ဓိမဂ်၊ မဟာဋီကာနိဿယကို ညောင်ကန်အရှင်ဣန္ဒကမှတစ်ဆင့် လာရောက် ဆက်ကပ်ပါသည်။

ထိုအချိန်တွင် မစိုးရိမ်ဆရာတော်ကြီးသည် မဟာစည်ဆရာတော်ထက် အသက်အားဖြင့်လည်း များစွာကြီးတော်မူ၏။ တစ်ဖန် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခံရသည်။ သုဓမ္မာသာသနာပိုင်ဆရာတော်လည်းဖြစ်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌လည်း ညောင်ရမ်းဆရာတော်ဘုရားကြီးနေရာတွင် ဆက်လက် တာဝန်ယူခဲ့ရခြင်းစသော ဂုဏ်အားဖြင့်လည်း ကြီးမားတော်မူသော မစိုးရိမ်ဆရာတော်ဘုရားကြီးက -

"မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်။ တို့များမမြင်တဲ့ စာမှား၊ ပေမှားများကို မြင်အောင်ကြည့်နိုင်တယ်။ သဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း၊ ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ နာမ်၊ ရုပ်တို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ မဆိုသင့်သေးဘဲ ကင်္ခါဝိတရဏဝိသုဒ္ဓိခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်။ ဒီကရှေ့ မဟာစည်ဆရာတော်ထက်သာသူကိုမဆိုနဲ့။ တန်းတူပုဂ္ဂိုလ်တောင်တွေ့ရဖို့မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကိုသိလို့လည်း ဒီဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကို ပြုစုဖို့ တို့များက တိုက်တွန်းရတယ်"

ဟူ၍ သူတစ်ပါး၏ စစ်မှန်သော ကောင်းဂုဏ်ကို ချီးမြှင့်မြှောက်စားသောကြောင့် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်မှာ ပို၍ပင်မြှောက်ခဲ့ရခြင်း ဖြစ်သည်။

နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီဖြစ်သော်လည်း မစ္ဆရိယကင်းသော မစိုးရိမ်ဆရာတော်ကြီး၏ လုပ်ဆောင်ချက်မှာ ပညာရှိသူတော်ကောင်းများအလယ်တွင် ယနေ့အချိန်အထိ ကျော်ကြားထင်ရှားနေဆဲ၊ ချီးကျူးခံနေရဆဲပင် ဖြစ် သည်။

ထို့ကြောင့် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင် -

- ၁ ညီရင်းနောင်ရင်း၊ နွယ်မကင်းသား သားချင်းမျိုးဖော်၊ အကျော်ထင်ရှား
  ဆွေတော်များကို၊ တံရားမပျက်
  မေတ္တာဆက်၍၊ မဖျက်ဆီးမူ
  ချီးမြှောက်ပြုလော့
  သူ့ကိုချီးမြှောက်၊
  ကိုယ့်ဂုဏ်မြှောက်၏၊
  ယွင်းဖောက်အလို၊ ဝန်မရှိနှင့်

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နှိမ့်၏
ဟူ၍ စပ်ဆိုခဲ့သည်။

မြစ်ငယ်မြို့မှ မြို့ပြင်ကြီးဆရာတော် (အဘိဓမ္မာအကျော်) ဆိုလျှင် စာပေလောကမှ ဆရာတော်အများသိကြပြီးဖြစ်သည်။ ဆရာတော်ကြီး စီရင်တော်မူခဲ့သော သဂြိုဟ်အဓိပ္ပာယ်ကောက်ကျမ်းသည် ယခုအချိန်အထိ တွင်ကျယ်နေဆဲပင် ဖြစ်သည်။ တစ်နေ့မှာတော့ မစိုးရိမ်ကျောင်းဒကာကြီးဖြစ်လာမည့် ဦးသက်ရှည်က မြို့ပြင်ကြီးဆရာတော်အားလျှောက်ထားသည်မှာ-

"ဆရာတော်ဘုရား၊ မရှိလို့မလှူ မလှူလို့မရှိဆိုတာ အင်မတန်မှန်ပါတယ်ဘုရား။ တပည့်တော်ဟာ မြစ်ငယ်မှထွက်သမျှ ဟင်းသီးဟင်းရွက် အသီးအနှံများကို မန္တလေးသို့ ပခုံးဖြင့်ထမ်းသယ်ပြီး ဆင်းဆင်းရဲရဲ ရောင်းချအသက်မွေးရတာပါ ဘုရား။ တစ်ခါတစ်ရံ ထမင်းတောင်ဝယ်မစားနိုင်ဘဲ မုန့်ပျားသလက်စားပြီး ထမင်းတစ်နပ်ပြီးခဲ့ရတဲ့ရက်တွေ အများကြီးပါ ဘုရား။ အခုလို ဆင်းရဲနေတာ ငါတို့အတိတ်က ဒါနမရှိခဲ့လို့ ဆင်းရဲနေရတာ။ ဒါနပြုဖြစ်အောင်ပြုမယ်။ ဒါနထဲမှာလည်း ကုသိုလ်အားအကောင်းဆုံးဖြစ်တဲ့ ကျောင်းအလှူလှူမယ်ဆိုပြီး ဆုံးဖြတ်ခဲ့တယ်။ အဲဒီနေ့ကစပြီး တပည့်တော် စီးပွားလည်းတက်လာလိုက်တာ အခုဆိုရင် ကိုယ်ပိုင်ပွဲရုံတောင်ရှိနေပါပြီဘုရား။ အခုလည်း ငွေအတော်စုမိထားပါပြီ။ ဆရာတော့်ကျောင်းဝိုင်းထဲမှာ ကျောင်းဆောက်လှူဒါန်းခွင့်ပြုပါဘုရား"

ထိုအခါ မြို့ပြင်ကြီးဆရာတော်က-

"မောင်သက်ရှည်၊ မင်းရဲ့သမ္မာအာဇီဝကျကျ ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းထားတဲ့အလှူငွေကို သာသနာတော်အတွက် တကယ်လိုအပ်တဲ့နေရာမှာ လှူဒါန်းသင့်တယ်။ ငါ့ကျောင်းဝိုင်းထဲမှာ ကျောင်းဆောက်လှူဒါန်းလို့ကတော့ နေမယ့်သံဃာမရှိတော့ အလကားဖြစ်နေမယ်။ အဲဒီတော့ သံဃာတွေနေစရာမရှိလို့ ကျပ်ကျပ်တည်းတည်းနဲ့ စာကျက်စာတက်နေရတဲ့ မန္တလေးကဘုရားကြီးတိုက်ထဲမှာသာ ကျောင်းဆောက်လှူဒါန်းပါ"

ဟု မိန့်မှာလမ်းညွှန်ခဲ့သည်။

ဆရာတော်ကြီး၏ စိတ်စေတနာကား မည်မျှကြည်ညိုဖွယ်ကောင်းလိုက်ပါသနည်း။ မြို့ပြင်ကြီးဆရာတော်ကား မိမိရမည့်လာဘ်လာဘကိုပင် သူတစ်ပါးအား ပေးဝေနိုင်ခြင်းမှာ လွန်စွာပင် အံ့ချီးဖွယ်ရာကောင်းလှပါသည်။ ဆရာတော်ကြီး၏ လမ်းညွှန်ချက်နှင့်အညီပင် ဦးသက်ရှည်ကလည်း မန္တလေးဘုရားကြီးတိုက်မှာပင် ကျောင်းဆောင်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

အလားတူစွာပင် နောင်အခါတွင် မန္တလေးမြို့ စာသင်တိုက်ကြီးများတွင် အလယ်တိုက်ကြီးများ၏ ကျောင်းဒကာကြီးဖြစ်လာမည့် ဗန္ဓုလဦးဆိုင်သည် မင်းကွန်းတိပိဋကဆရာတော်ကြီးထံသို့ ရောက်လာပြီး မင်းကွန်း၌ ကျောင်းဆောက်လုပ်လှူဒါန်းလိုပါသဖြင့် လက်ခံပါရန် လျှောက်ထားလေ၏။

ဆရာတော်ကြီးက သာသနာတော်အတွက် အရေးတကြီးလိုအပ်နေသောနေရာမှာသာလှူဒါန်းသင့်ကြောင်း ရှင်းလင်း ပြောကြားပြီး မန္တလေးမြို့ရှိ နာမည်ကျော် ရွှေရေးဆောင်အလယ်တိုက်ကြီးကိုသာ ပြင်ဆင်လှူဒါန်းစေခဲ့ပါသည်။ ဗန္ဓုလဦးဆိုင်ကလည်း ဆရာတော်ကြီးလမ်းညွှန်သည့်အတိုင်း ကျောင်းဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ထို့ပြင် ဆရာတော်ကြီး၏ မစ္ဆရိယနည်းပါးပုံကို ကြည်ညိုလွန်းလှ၍ ဆရာတော်ကြီး၏ ကျောင်းဝင်းထဲ၌လည်း ကြီးမားလှသော ဓမ္မာရုံကြီးကို မဖြစ်မနေ ဆောက်လုပ်လှူဒါန်းခဲ့ပါသေးသည်။ ဤကား မင်းကွန်းဆရာတော်ကြီး၏ လောဘနှင့် မစ္ဆရိယနည်းပါးသော ဖြစ်ရပ်တွေထဲမှ တစ်ခုသာ ဖြစ်ပါသည်။



ယခုတစ်ဖန် ဣဿာမစ္ဆရိယ၏ ဆိုးကျိုးများကို သိရှိနားလည်ပြီး သံဝေဂယူဆင်ခြင်နိုင်စေရန် တင်ပြပါဦးမည်။ သူတစ်ပါးက မိမိထက်သာလွန်သည်ကို မြင်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်လိုက်လျှင် မုဒိတာခေါ်သည့် ကုသိုလ်ဖြစ်ရသည်။ မနာလိုစိတ်ဖြစ်လိုက်လျှင် ဣဿာခေါ်သည့် အကုသိုလ်ဖြစ်ရသည်။ ထို့ကြောင့် ပညာရှိသူတော်ကောင်းများကဲ့သို့ အလကားနေရင်း ,အကုသိုလ်အဖြစ်မခံဘဲ ကုသိုလ်ဖြစ်အောင်ကြိုးစားပြီး ကောင်းမြတ်တဲ့စိတ်ထားမျိုး မွေးမြူရမည်ဖြစ်သည်။

ဣဿာနှင့် ရင်းနှီးစွာ ဆက်စပ်နေသော မစ္ဆရိယကား (၅) မျိုးရှိ၏။ ဝန်တိုခြင်းမစ္ဆရိယ (၅) မျိုးကို ဓမ္မသင်္ဂဏီပါဠိတော်တွင် ဟောကြားထားပြီး အဋ္ဌသာလိနီအဋ္ဌကထာဖြင့် အကျယ်ဖော်ပြထားသည်။ အဆိုပါ မစ္ဆရိယ (၅) မျိုးကား-

**အာဝါသမစ္ဆရိယ** - မိမိနေထိုင်သောနေရာ၊ အဆောက်အအုံ၌ မိမိမှအပ မည်သူ့ကိုမျှမနေစေလိုခြင်း။

**ကုလမစ္ဆရိယ** - ရဟန်းဖြစ်လျှင် မိမိအားကိုးကွယ်နေသောဒကာ၊ ဒကာမများက အခြားရဟန်းကို မကိုးကွယ်စေလိုခြင်း၊ လူဖြစ်လျှင် မိမိဆွေမျိုးမိတ်ဆွေများက မိမိထက် အခြားသူများကို ပို၍ချစ်ခင်သွားမည်ကို မလိုလားခြင်း။

**လာဘမစ္ဆရိယ** - စီးပွားလာဘ်လာဘ မိမိရသလို သူတစ်ပါးမရစေလိုခြင်း။

**ဝဏ္ဏမစ္ဆရိယ** - သူတစ်ပါးလှပသော အဆင်းဂုဏ်၊ မြင့်မြတ်သော အကျင့်ဂုဏ်ကို မိမိလည်း မချီးမွမ်းနိုင်။ သူတစ်ပါး ချီးမွမ်းသည်ကိုလည်း မလိုလားခြင်း။

**ဓမ္မမစ္ဆရိယ** - စာပေပရိယတ္တိနှင့် တရားအသိအမျိုးမျိုးကို မိမိသိသလို သူတစ်ပါးအား မသိစေလိုခြင်း။

ထို (၅) မျိုးတွင် အာဝါသမစ္ဆရိယကြောင့်သေသောအခါ မိမိစွဲလမ်းသောနေရာဌာနတွင် ဘီလူး၊ ပြိတ္တာမျိုး ဖြစ်တတ်သည်။ ငရဲ၌လည်းကျတတ်သည်။ ကုလမစ္ဆရိယကြောင့် ယခုဘဝမှာပင် ပွက်ပွက်ဆူသောသွေးများအန်ရတတ်ပြီး ဖြစ်လေရာရာဘဝတွင် ပစ္စည်း(၄)ပါး



www.burmeseclassic.com

www.burmeseclassic.com

လာဘ်လာဘပါးရှားတတ်သည်။

ဗုဒ္ဓလက်ထက်တော်က သိဥ္စည်းခေါ် တိတ္ထိဆရာကြီးသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်ဖြစ်လာမည့်သူ၏ လက်ရုံးတပည့် ဥပတိဿနှင့် ကောလိတ ဦးဆောင်သော တပည့်များ ဗုဒ္ဓ၏သာဝကအဖြစ်ခံယူသွားကြသောအခါ ယခုဘဝမှာပင် ပါးစပ်မှသွေးများအန်ထွက်ခဲ့ရသည်။ ထို့အတူပင် နိဂဏ္ဌနာဋ္ဌပုတ္တတိတ္ထိဆရာကြီးသည်လည်း သူ၏ဒကာရင်း ဥပါလိသူကြွယ် မြတ်ဗုဒ္ဓ၏ အရိယာသာဝကဖြစ်သွားသောကြောင့် သွေးအန်ရလေ၏။ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံး ကုလမစ္ဆရိယနှိပ်စက်ခြင်းခံကြရသဖြင့် သွေးပွက်ပွက်အန်ခဲ့ရပြီး ထိုရောဂါဒဏ်ဖြင့်ပင် ကွယ်လွန်ခဲ့ရရှာသည်။

လာဘမစ္ဆရိယကြောင့် သေဆုံးလျှင် ဘီလူးသော် လည်းကောင်း၊ ပြိတ္တာသော် လည်းကောင်း ဖြစ်ရတတ်သည်။ ဝဏ္ဏမစ္ဆရိယနှင့် ဓမ္မမစ္ဆရိယတို့ကြောင့် ဖြစ်ရာဘဝတို့၌ အဆင်းမလှခြင်း၊ ဆွံ့ အခြင်းဆိုးကျိုးများ ဖြစ်ရတတ်သည်။ ဣဿာမစ္ဆရိယ၏သတ္တိသည် ထိုမျှဖြင့် မပြီးဆုံးနိုင်ဘဲ မင်္ဂဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သော အရိယူပဝါဒကံကြီးကိုလည်း ကျူးလွန်မိတတ်ကြသည်။ ဣဿာမစ္ဆရိယ၏သတ္တိကြောင့် အရိယာပုဂ္ဂိုလ်အား စော်ကားပြစ်မှားမိသော ဓမ္မပဒတွင်ပါရှိသည့် အရှင်ဇမ္ဗုကမထေရ်၏ အကြောင်းကို အနည်းငယ် တင်ပြပါမည်။

တစ်ခုသောဘဝတွင် အရှင်ဇမ္ဗုကသည် ကျောင်းထိုင်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့ဖူးသည်။ တစ်နေ့မှာတော့ ကျောင်းသို့ အာဂန္တုရဟန်းတစ်ပါး ရောက်လာပြီး ခေတ္တတည်းခိုခွင့်ပြုရန် တောင်းပန်သဖြင့် နေခွင့်ပြုခဲ့သည်။ ညနေပိုင်းရောက်တော့ ကျောင်းဒကာကြီး ရောက်လာ၏။ ကျောင်းဒကာကြီးက အာဂန္တုရဟန်းအား အလွန်ကြည်ညိုသွားလေ၏။ အဘယ့်ကြောင့်ဆိုသော် အာဂန္တုရဟန်းကား ရဟန္တာတစ်ပါးဖြစ်နေသောကြောင့်ဖြစ်၏။ ကျောင်းဒကာသည် ဧည့်သည်ရဟန်းအား နေရာအိပ်ရာ၊ သင်္ကန်း၊ ဆွမ်းဘောဇဉ်၊ ဆံရိတ်ရန် ဆတ္တာထားပေးခြင်း စသည်တို့ကို လိုလေသေးမရှိ ပြည့်စုံအောင် ဆောင်ရွက်ပေးထား၏။

ထို့ကြောင့် ပုထုဇဉ်ဖြစ်သော ဇမ္ဗုကအလောင်း ကျောင်းထိုင်ဘုန်းကြီးသည် ဣဿမစ္ဆရိယတွေဝင်လာပြီး ဧည့်သည်ရဟန်းအပေါ် အကောင်းမမြင်တော့ဘဲ မနာလိုဝန်တိုဖြစ်လာသည်။ ကျောင်းဒကာက မိမိထက် ဧည့်သည်ရဟန်းကို ဦးစားပေးသောကြောင့် စိုးရိမ်မှုတွေဝင်လာသည်။ ကိုယ့်ဒကာက သူ့ဒကာဖြစ်သွားမှာကိုပူပန်လာ၏။ လာဘ်လာဘနည်းပါးသွားမှာကိုလည်း စိုးရိမ်လာ၏။ ဣဿာမစ္ဆရိယက ကျောင်းထိုင်ဘုန်းကြီးအား နှိပ်စက်ကလူပြုလေတော့၏။

"ငါ့ရှင်ရဟန်း၊ သင်သည် ငါ့ကျောင်းဒကာ၏ဆွမ်းကိုစားခြင်းထက် မစင်ကိုစားခြင်းကမြတ်၏။ ကျောင်းဒကာ၏ ဆတ္တာသည်ဖြင့် ဆံပင်ရိတ်ခြင်းထက် ထန်းစေ့မှုတ်ဖြင့် နုတ်ခြင်းကမြတ်၏။ ကျောင်းဒကာ၏ သင်္ကန်းကို ဝတ်ခြင်းထက် ကိုယ်လုံးတီးနေခြင်းက ပိုမြတ်၏။ ကျောင်းဒကာလှူသော ခုတင်၌အိပ်ခြင်းထက် မြေကြီး၌ အိပ်ခြင်းက မြတ်၏"

ဟူ၍ ဧည့်သည်ရဟန်းအားပြောဆိုပြစ်တင်လေ၏။

ဤအရိယူပဝါဒကံကြီးကြောင့် သေလွန်သောအခါ မဟာအဝီစိငရဲ၌ နှစ်ပေါင်းများစွာခံစားရပြီး ငရဲမှလွတ်သောအခါ ဂေါတမဘုရားရှင်လက်ထက် ရာဇဂြိုဟ်မြို့၌ လူလာဖြစ်လေသည်။ အရိယူပဝါဒကံ၏ အကျိုးဆက်ကြောင့် မွေးကတည်းက အိပ်ရာပေါ် မှာမအိပ်ဘဲ မြေကြီးပေါ်၌သာအိပ်၏။ ထမင်းဟင်းကိုမစားဘဲ မိမိမစင်ကိုသာပြန်စား၏။ အရွယ်ရောက်သောအခါတွင် အဝတ်မဝတ်ဘဲ ကိုယ်လုံးတီးနေ၏။ ထို့ကြောင့် မိဘများက အရှက်ရလွန်းသဖြင့် အာဇီဝကတက္ကတွန်းများထံသို့ပို့လိုက်သည်။ ထိုအခါမှ သူရဟန္တာကိုစော်ကားခဲ့သည့်အတိုင်း အဖြစ်ဆိုး (၄) မျိုးကို အပြည့်အဝ ခံစားရတော့၏။ အာဇီဝကတို့က သူ့အား တွင်းနက်ထဲတွင် ချထားပြီးမှ ထန်းစေ့မှုတ်ဖြင့် သူ၏ဆံပင်များကို ကုန်အောင်ဆွဲနုတ်ကြပြီးနောက် အာဇီဝကနည်းအတိုင်း ရဟန်းဝတ်ပေးလိုက်ကြ၏။

ဇမ္ဗုက အာဇီဝကရဟန်းဖြစ်လာသည့်အခါမှာလည်း အကုသိုလ်ကံက မကုန်သေး။ ထမင်းကိုမစားဘဲ ဝစ္စကုဋီထဲမှ မစင်များကိုသာ စားနေခဲ့သည်။ အာဇီဝကရဟန်းများသိသွားသောအခါ လူအများ ကဲ့ရဲ့မည်ကိုကြောက်သဖြင့် ဇမ္ဗုကအား ကျောင်းမှနှင်ထုတ်လိုက်တော့၏။ ဇမ္ဗုကလည်း အာဇီဝကကျောင်းမှထွက်လာပြီး လူအများ မစင်စွန့်ရာအနီးရှိ ကျောက်ဖျာကြီးပေါ်တွင် နေထိုင်၏။ ယင်းသို့နေထိုင်ရာတွင် ရိုးရိုးမနေ။ နေ့အခါတွင် လက်တစ်ဖက်က ကျောက်ဖျာကိုကိုင်လျက် ပါးစပ်ကိုဟ ခြေတစ်ဖက်ကိုမြှောက်ထားပြီး ထူးဆန်းအံ့ဖွယ်ဖြစ်အောင်နေထိုင်၏။ အသိဉာဏ်နည်းပါးသူများက လာရောက်မေးမြန်းသောအခါ -

"ငါသည် လေကိုသာစားသောက်၏။ ငါ၏အကျင့်သည် ပြင်းထန်လွန်းလှ၍ ငါ၏ ခြေနှစ်ဖက်စလုံးဖြင့် နင်းလိုက်သော် မြေကြီးက တုန်လှုပ်သွား၏။ ငါသည် ဘယ်သောအခါမှ ထိုင်ခြင်း အိပ်ခြင်းကိုမပြု"

ဟု ကြွားဝါပြောဆိုလေ၏။

လူ့လောကတွင် အသိဉာဏ်နည်းသူတို့မှာ အများစုဖြစ်၏။ ဇမ္ဗုက၏သတင်းကို ကြားကြသော အင်္ဂတိုင်း၊ မာဂဓတိုင်းတို့မှ လူအများအပြား လစဉ်လာရောက်၍ ဇမ္ဗုကအား ပူဇော်ခစားကြသည်။

ညဥ့်သန်းခေါင်ယံအချိန် လူတွေရှင်းသွားသောအခါမှသာ ဇမ္ဗုကသည် လူအများစွန့်ထားသော မစင်များကို အားပါးတရစားလေ၏။ ယင်းသို့သောဘဝဖြင့် (၅၅) နှစ်တိုင်မျှ ကြာမြင့်ခဲ့၏။ သူ၏ အကုသိုလ်ကံကြွေးကုန်ဆုံး၍ ကျွတ်တမ်းဝင်ချိန်ရောက်မှ ဘုရားရှင်ကြွလာ၍ ချေချွတ်တော်မူသဖြင့် ရဟန္တာဘဝသို့ရောက်ရှိခဲ့သည်။ ဣဿာမစ္ဆရိယကို အရင်းခံ၍ဖြစ်ပွားခဲ့ရသော အရိယူပဝါဒကံ၏ ဆိုးကျိုးသည်ကား လွန်စွာပင် ကြောက်မက်ဖွယ်ကောင်းလှပါသည်။

ဣဿာမစ္ဆရိယကား သတိမထားလျှင် သာမန်ပုထုဇဉ်ပုဂ္ဂိုလ်မဆိုထားနှင့် ယခုဘဝ၌ မုချကေန် ရဟန္တာဖြစ်မည့် ပစ္ဆိမအဝိကပုဂ္ဂိုလ်များကိုပင် အရှက်တကွဲအကျိုးနည်းဖြစ်အောင် နှိပ်စက်တတ်သည်ကို သတိပြု ဆင်ခြင်လျက် မိမိ၏သန္တာန်၌ မကောင်းသော ဣဿာမစ္ဆရိယအဆိုးတရား အကုသိုလ်များ ကင်းရှင်းစွာ နေထိုင်နိုင်ကြပါစေဟူ၍။

မောင်ထည်ဝါ (ပျော်ဘွယ်)

ကျမ်းကိုး -

မေတ္တာရှင် (အတွင်းရန်)



www.burmeseclassic.com

www.burmeseclassic.com









ဦးအောင်သုခ

# ဗုဒ္ဓရုပ်ပွားတော်အစဉ်အလာအစ

တစ်ခါသော် ကျွန်ုပ်သည် ကျိုက်ထီးရိုးတောင်တန်းတစ်လျှောက် လှည့်လည် သီတင်းသုံးနေတော်မူသော ဆရာသခင်ဘရသေ့အရှင်မြတ်ကြီးနှင့် အတူ သထုံနယ်ကျွန်းမြို့နယ် ဇ-တောင် ရပ်ကွက်ရှိ ဥက္ကလာဦးစေတီတော်မြတ် ကြီးသို့ရောက်ခဲ့၏။ ထိုဥက္ကလာဦးစေတီ တော်မြတ်ကြီးကို ယနေ့တိုင်အောင် ထင်ရှားကျော်ကြားတော်မူလျက်ရှိသည့် မဟိဒ္ဓိဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီး အဘဘိုးတော် အောင်မင်းခေါင်ကြီး ဖြစ်၏။ ထိုစေတီ တော်မြတ်ကြီးကိုတည်တော်မူခဲ့ရာတွင် ပါရမီထူးပုဂ္ဂိုလ်ကြီး အဘဦးရွှေအပ်နှင့် အတူ စေတီတော်ဝတ္တကမြေအဖြစ်လှူ ဒါန်းခဲ့သော မယ်တော်ကြီးဒေါ်လှမေနှင့် အဘဦးဘဦးတို့မိသားစုက ထဲထဲဝင်ဝင် ရင်းရင်းမြစ်မြစ် ပါဝင်ပါရမီတော်ဖြည့်ခဲ့ ကြသည်ဟု နောင်တွင် ကျွန်ုပ်သိရှိခဲ့ရ ၏။


ဤစေတီတော်တွင် သာသနာ့ အလင်းရောင်တန်ဆောင်းနှင့် ဂန္ဓကုဋိ တိုက်ကျောင်းတော်ရှိ၏။ ထိုဂန္ဓကုဋိတိုက် ကျောင်းတော်ထဲတွင် ရာဇဘိသေက အဆင်တန်ဆာတော်ဖြင့် ဇမ္ဗူပတိမင်း ချွတ်တော်မူရာတွင် ထင်ရှားပြတော်မူ သည့်နိမ္မိတသဏ္ဍာန်တော်ဆင်းတုတော် မြတ်ကြီးတစ်ဆူရှိ၏။ ဆင်းတုတော်မြတ် ကြီးလက်ယာဘက်တွင် အရှင်ဥပဂုတ္တမ ထေရ်မြတ်ကြီးရုပ်တုတော်ရှိ၏။ ဆင်းတု တော်မြတ်ကြီး၏ လက်ဝဲဘက်တွင် ရှင်သီဝလိမထေရ်မြတ်ကြီး၏ ရုပ်တု တော်ရှိ၏။ ကျွန်ုပ်သည် ထိုသာသနာ့ အလင်းရောင်ဆင်းတုတော်ကြီးကို ဖူး



www.burmeseclassic.com

www.burmeseclassic.com







မဝနိုင်ဖြစ်နေ၏။ ထိုသာသနာ့အလင်းရောင်တန်ဆောင်းကြီးအတွင်းသို့ရောက်နေသည်မှာ ကျွန်ုပ်တစ်ဦးတည်းမဟုတ်ပါ။ ကျွန်ုပ်၏ ကျေးဇူးရှင် ဘရသေ့ကြီးနှင့်အတူရောက်နေခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဆရာသခင်ဘရသေ့ကြီးက ဆင်းတုတော်မြတ်ကြီးရှေ့တော်တွင် ငြိမ်သက်စွာ တရားရှုမှတ်နေသဖြင့် ကျွန်ုပ်တစ်ဦးတည်းရှိနေသကဲ့သို့ တိတ်ဆိတ်နေခြင်း ဖြစ်ပါသည်။ မကြာမီတွင် ဘရသေ့အရှင်မြတ်ကြီးသည် ကျောက်ရုပ်တစ်ရုပ်ပမာငြိမ်နေရာမှ လှုးလွန့်လှုပ်ရှားလာပြီး ဘုရားရှင်ကိုဝတ်ပြုလေသည်။ ထို့နောက် မေတ္တာပို့၊ အမျှဝေပြီး ထုံးစံအတိုင်း ကြေးစည်လေးကို (၃)ကြိမ်ထုလိုက်လေသည်။ ဤတွင် ဆရာသခင် ဘရသေ့ကြီးသည် တရားမှတ်ခြင်းကိစ္စတစ်ကဏ္ဍပြီးသွားပြီဖြစ်ကြောင်း ကျွန်ုပ်ဆိုလိုက်၏။

ကျေးဇူးရှင် ဆရာသခင် ဘရသေ့ကြီးသည် ဆင်းတုတော်မြတ်ကြီးရှေ့မှထ၍ သူထိုင်နေသောသားရေနွယ် (သားရေနယ်)အားယူပြီးလျှင် တန်ဆောင်းဆောင့်တွင်ခင်းကာပြန်ထိုင်လိုက်ပြီး ဥက္ကလာဦးစေတီတော်ကြီးဘက်သို့ကြည့်ကာ ခေါင်းတညိတ်ညိတ်ပြုလုပ်နေပြန်၏။ ကျွန်ုပ်သည်လည်း ဘရသေ့ ပြောင်းရွှေ့သွားသောနေရာသို့လိုက်ထိုင်ပြီး သာသနာ့ဆင်းတုတော်ကြီးကိုသာ မမှိတ်မသုန်ဖူးမြော်၍နေမိ၏။

"လူလေးက ဆင်းတုတော်မြတ်ကြီးကို အတော်အာရုံမိနေပုံရတယ်"

ဘရသေ့ကြီးကမိန့်လိုက်မှ ကျွန်ုပ်သတိပြန်ဝင်လာ၏။

"ဟုတ်ပါတယ် အဘရသေ့၊ သားဖြင့်ကြည်ညိုလို့မဝနိုင်ဘူးဖြစ်နေပါတယ်"

"အေးကွယ့်၊ ဗုဒ္ဓရှင်တော်မြတ်ကြီးရဲ့ ဘုန်းတော်ကံတော်သာမက ကုသိုလ်ရှင်ရဲ့ စေတနာအဟုန်ကြောင့်ပဲကွယ့်"

"သားနားလည်အောင်ရှင်းပြတော်မူပါဦး ဘရသေ့ဘုရား"

"ဒီလိုကွယ့်၊ တို့ဗုဒ္ဓရှင်တော်မြတ်ကြီးရဲ့ ဘုန်းတော်၊ ကံတော်၊ ပါရမီတော်တွေကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးဟာ ကြည်ညိုဖွယ်ရာဝိသေသတော်ပြည့်စုံပြီးသား။ ဒီဗုဒ္ဓရှင်တော်မြတ်ကြီးရဲ့ အဆင်းတော်မြတ်ကို ကြည်ညိုနေသူမှာလည်း သဒ္ဓါစေတနာတွေထက်သန်နေစဉ်ဖြစ်တော့ ဗုဒ္ဓရှင်တော်မြတ်ကြီးရဲ့ အဆင်းတော်မြတ်ဟာ ကြည်ညိုသူရဲ့စိတ်မှာ ပီတိအဆင့်၊ သုခအဆင့်ထိဆိုက်အောင်ဖြစ်နိုင်တယ်။ ဒီအပြင်မှာ ဒီဆင်းတုတော်ကြီးရဲ့ အလှူရှင်ရဲ့ သဒ္ဓါ၊ စေတနာ၊ အဓိဋ္ဌာန်၊ သီလ၊ သမာဓိ၊ ပညာတွေကလည်း ဆင်းတုတော်ကြီးကို ကြည်ညိုနေတဲ့ သူတော်ကောင်းတွေရဲ့စိတ်ကို အားဖြည့် လှုံ့ဆော်ပေးတတ်တယ်။ ကြည်ညိုပူဇော်သူတို့ရဲ့ သဒ္ဓါ၊ သီလ၊ သမာဓိ၊ သစ္စာ၊ အဓိဋ္ဌာန်တွေက မြင့်မြတ်ထက်သန်ရင် မြင့်မြတ်ထက်သန်သလောက် သူတို့ပူဇော်ကြည်ညိုနေတဲ့ဆင်းတုတော်တွေမှာ ဗုဒ္ဓရှင်တော်မြတ်ကြီးရဲ့ ဓာတ်သက်တော်တွေ ကိန်းဝပ်ပြီး တန်ခိုးတော်တွေ နိုးကြွလာတတ်တယ်။

သားတို့ လူသားတွေ ဆွဲထားတဲ့ ပန်းချီ၊ ပန်းပုတွေအသက်ဝင်နေသလိုပါပဲလားလို့ပြောကြရသလိုပေါ့ကွယ်။ အဲဒီလို ဆင်းတုတော်ဒကာရော ကြည်ညိုသူမှာပါ သီလ၊ သမာဓိ၊ သစ္စာ၊ အဓိဋ္ဌာန်တွေ ထက်သန်မြင့်မြတ်ပြီး ကြည်ညိုနေစဉ်မှာ သမာဓိမိသွားရင် ဗုဒ္ဓဆင်းတုတော်ကြီးဟာ သက်တော်ဓာတ်သက်ကိန်းဝပ်တော်မူလာတတ်တယ်။ ကျောက်ဆင်းတုတော်က ပြုံးတော်မူတယ်ဆိုတာ အဲဒီသဘောပါပဲ သားရဲ့"

ဘရသေ့ကြီး ရှင်းပြလေတော့မှ ကျွန်ုပ်သည် နားရှင်းရတော့၏။ နားရှင်းရသည့်အပြင် စေတီတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်၊ ပုံတော်တို့ကို ကန်တော့နည်း သို့မဟုတ် အကျိုးများအောင် ကန်တော့နည်းတစ်နည်းကိုပါ ရခဲ့လေသည်။ နောက်ပိုင်းအခါများတွင် ကျွန်ုပ်၏ စိတ်မြန်ကိုယ်မြန်ဖြင့် အမြန်ကြိုက်အမြန်လိုက်တတ်သည့် စရိုက်ဉာဉ်အရ ဘုရား၊ စေတီတော်၊ ဗုဒ္ဓပုံတော်တို့ကို ပုဆိန်ပေါက်ရှိခိုးတတ်သည့်အကျင့်ကို ပြင်ရန်ပါ ဆုံးဖြတ်လိုက်မိ၏။

ဘရသေ့ကြီးသည် ကျွန်ုပ်အား ရှင်းပြရင်း ဆင်းတုတော်မြတ်ကြီးထံ လက်အုပ်ချီကာ ကန်တော့နေ၏။ ဤ



www.burmeseclassic.com

www.burmeseclassic.com

သည်ကား ကျွန်ုပ်အတွက် အခွင့်ကောင်း တစ်ခုဖြစ်၏။ စပ်စုဖွယ်ရာအခွင့်ကောင်း ရတိုင်း လက်လွှတ်မခံတတ်သော ကျွန်ုပ်သည် ဘရသေ့ကြီး အာရုံပြုခြင်းကိုစွပြီး သွားသည်နှင့် သိလိုသောမေးခွန်းများကို တရစပ်သွတ်ထုတ်မိလေသည်။

"ဘရသေ့၊ ဗုဒ္ဓရှင်တော်မြတ်ကြီးရဲ့ ပုံတော်တွေ ဒီလိုထုလုပ်ဖို့နဲ့ ဒီပုံတော်ပါဆိုတာကို ထုလုပ်သူတွေ ဘယ်လိုသိကြသလဲ အဘ။ သူတို့က ဘုရားရှင်ကို ဖူးမြင်ဖူးတာလည်းမဟုတ်ဘဲနဲ့"

"လူလေးကတော့ အတော်ကို ကတ်သီးကတ်သတ်မေးတတ်တယ်"

"သားသိချင်လို့ပါအဘရယ်၊ စိတ်မဆိုးပါနဲ့နော်"

"စိတ်မဆိုးပါဘူးကွယ်။ သားတင်မကပါဘူး၊ သားလိုပဲ သိချင်နေကြတဲ့ ကြည်ညိုသူတွေအတွက် အဘရှင်းပြပါ့မယ်"

"ဗုဒ္ဓဆင်းတုတော်မြတ်တစ်ဆူ၊ စေတီတစ်ဆူထုလုပ်တည်ထားပူဇော်ရခြင်းရဲ့ ပဓာနအကြောင်းရင်းခံက သဒ္ဓါစိတ်ပဲ။ ယုံကြည်မြတ်နိုးမှုစိတ်ပေါ့။ ဒီယုံကြည်မြတ်နိုးမှုသဒ္ဓါစိတ်ရဲ့ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ပစ္စည်းရှာလူစုကနေ စလာခဲ့ကြရတာပဲ။ ဒီနေရာမှာ ယုံကြည်မြတ်နိုးမှုစိတ်ဟာ ဘုရားဒကာ၊ စေတီဒကာရဲ့ တစ်ဦးတည်း၊ တစ်ယောက်တည်း၊ တစ်ဖွဲ့တည်းအပေါ်မှာသာရှိနေ၊ မြင့်မြတ်ထက်သန်နေရုံနဲ့ မပြီးဘူး။ အုတ်သယ်၊ သဲရွက်၊ အင်္ဂတေနယ်၊ သန်လျက်ကိုင် အစရှိတဲ့ တည်ဆောက်ရေးသမားအားလုံးရဲ့စိတ်ထဲမှာ မြင့်မြတ်ထက်သန်တဲ့သဒ္ဓါကြည်ညိုစိတ်တွေကိုယ်စီကိုယ်ငရှိနေကြဖို့လိုတယ်။ ဆင်းတုတော်၊ စေတီတော်ရဲ့ ပြင်ပရုပ်တော်ကတော့ ထုလုပ်တည်ဆောက်သူတို့ရဲ့ လက်စွမ်းလက်စရှိသလောက် ပေါ်ပေါက်ပီပြင်လာမှာပေါ့။ သို့သော်လည်း သူတို့ရဲ့ စိတ်စေတနာယုံကြည်မှုသဒ္ဓါစိတ်တွေ မြင့်မြတ်ထက်သန်သလောက် သူတို့ထုလုပ်တည်ဆောက်ခဲ့ကြတဲ့ ဆင်းတုတော်တွေ၊ စေတီတော်၊ ပုထိုးတော်တွေဟာ ဗုဒ္ဓဓာတ်သက်တော်တွေ ကြွရောက်ကိန်းဝပ်စံပယ်တော်မူကြပြီး အဲဒီဆင်းတုတော်တွေ၊ စေတီတော်၊ ပုထိုးတော်တွေတို လာရောက် ဖူးမြော်ပူဇော်ကြသူတွေ၊ ဆုတောင်းကြသူတွေ၊ အဓိဋ္ဌာန်ကြသူတွေမှာ လိုရာအကျိုးတွေ ပြည့်ဝစေနိုင်တယ်။ ဒါကြောင့် ဆုတောင်းပြည့်ဘုရား၊ ဆုတောင်းပြည့်စေတီတော်တွေလို့ ဘွဲ့တော်ပူဇော်ကြရတာပေါ့ကွယ့်"

ဘရသေ့အရှင်မြတ်ကြီး၏ဩဝါဒကို နာယူနေသော ကျွန်ုပ်၏ စိတ်တို့သည် ကြည်လင်လာပေသည်။

"လူလေးမေးသလို ဘုရားဆင်းတုတော်တွေကို ထုလုပ်တဲ့သူတွေက ဘုရားရှင်ကို မမြင်ဘူးဘဲနဲ့ဆိုတဲ့ သံသယကို အဘရသေ့ရှင်းပြမယ်။ ဒီသံသယကိုရှင်းဖို့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်ပွားတော်မြတ်စတင်ခဲ့ပုံကို ရှေးပညာရှိသူတော်ကောင်းကြီးများချန်ထားတော်မူခဲ့တဲ့ အဆိုအမိန့်တွေထောက်ပြပြီး ရှင်းရမှာပဲ။ ယုံတာ၊ မယုံတာ၊ လက်ခံတာ၊ မခံတာကတော့ လူလေးတို့အပိုင်းပေါ့။ အသေးစိတ်ကိုတော့ ကျီးသဲလေးထပ် ဆရာတော်ကြီးရဲ့ မဟာဝင်မှာ ရှာကြည့်ကွယ့်"

"မှန်ပါ့ ဘုရား"

ကျွန်ုပ်၏ အဓိကသိလိုချက်ဖြစ်၍ အိတ်ထဲရှိ မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကိုပင် ထုတ်ယူကာ ဘရသေ့ရှေ့တော်၌ ဝပ်တွားကာ နာယူခြင်း၊ မှတ်သားခြင်းများကိုပြုမိပါတော့သည်။

**□ ဗုဒ္ဓရုပ်ပွားတော်စတင်ကိုးကွယ်ပုံ**

"လူလေး ဆက်စပ်မိအောင် တို့ဘဘုရားနဲ့ မဟောသရနတ်မင်းကြီးတို့ တန်ခိုးပြိုင်ကြတာကို စပြီး အကျဉ်းပြောပြမယ်"

"မှန်ပါ အဘ"

ထို့နောက်တော့ အောက်ပါအတိုင်း မိန့်တော်မူလေသည်။

"မဟောသရနတ်မင်းကြီးဟာ ရှေးက ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ၊ ရဟန္တာအရှင်မြတ်တွေကို ကောင်းစွာ လှူဒါန်းစောင့်ရှောက်ဖူးတဲ့ကုသိုလ်ကောင်းမှုတွေကြောင့် မဟောသရနတ်မင်းကြီးရယ်လို့ ဖြစ်လာပြီးအလွန်တန်ခိုးကြီးမားလှတယ်။ နတ်မင်းကြီးဟာ ကုသိုလ်ကြောင့်တန်ခိုးကြီးတဲ့ နတ်ဖြစ်လာပေမယ့် ပုထုဇဉ်နတ်တစ်ပါး ဖြစ်နေလေတော့ သူရရှိထားတဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေအပေါ်မှာ အလွန်ပီတိဖြစ်နေတယ်။ ဆိုးတာက အဲဒီမဟောသရနတ်မင်းကြီးဟာ တန်ခိုးအရာမှာ နတ်အပေါင်းထက် သာလွန်ကြီးမားနေပြီး စိတ်အလိုရှိတိုင်းပြည့်စုံနေလေတော့ သူ့ကိုယ်သူ ပြိုင်သူကင်းတဲ့ အတုမရှိ တန်ခိုးရှင်ပုဂ္ဂိုလ်တစ်ပါးလို့ထင်ပြီး မာနတက်နေတယ်။ အဆိုးဆုံးကတော့ သရဏဂုံမှလွတ်ကင်းနေတဲ့ နတ်ဘီလူးဖြစ်နေတာပဲ"

ကျွန်ုပ်သည် မဟောသရနတ်ဘီလူးဆိုသည်ကို ကြားဖူးပါသည်။ သို့သော် သရဏဂုံမတည်ခဲ့ကြောင်းကို ယခု ဘရသေ့မိန့်မှသာ ကြားဖူးခြင်း ဖြစ်၏။

"တစ်နေ့တော့ မာန်မာနတွေ ထောင်လွှားနေတဲ့ အဲဒီမဟောသရနတ်ဘီလူးကြီးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုတွေ့ဆုံပြီး တန်ခိုးပြိုင်ဖို့ စိန်ခေါ်သတဲ့။ တို့ဘဘုရားကလည်း ဒီလိုတန်ခိုးကြီးလှတဲ့ နတ်ဘီလူးကြီးဟာ ဒီလိုသာ မာန်မာနတွေတက်ကြွနေရင်တော့ သူ့အတွက်ရော၊ ပတ်ဝန်းကျင်ရှိ နတ်တွေ၊ လူတွေရော အကျိုးယုတ်ဖြစ်စေတော့မယ်။ ပြီးတော့ ဒီလိုကုသိုလ်အကျိုးခံစားနေရတဲ့ သတ္တဝါမျိုးဟာ မပျက်စီးသင့်ကောင်းလို့ ဆင်ခြင်စိတ်ပူမိတယ်။ ဘုရားရှင်ကိုယ်တော်မြတ်တွေဟာ အလုပ်တစ်ခုခုလုပ်တော့မယ်ဆိုရင် အတိတ်၊ ပစ္စုပ္ပန်၊အနာဂတ်အကြောင်းအကျိုးတွေကို ဦးစွာဆင်ခြင်တော်မူပြီး အကြောင်းခိုင်လုံလို့ အကျိုးကောင်းမယ်ဆိုရင် ပစ္စုပ္ပန်မှာ ကိစ္စပြီးအောင် ဆောင်ရွက်ချီးမြှင့်တော်မူလေ့ရှိတယ်။ အခုလည်း မဟောသရနတ်မင်းကြီးရဲ့ အတိတ်အကြောင်းကို ဆင်ခြင်လိုက်တော့ ရတနာမြတ်သုံးပါးနဲ့ပတ်သက်ပြီး ပစ္စည်းလေးပါးနှင့်တကွ နွားနို့၊ ဒိန်ခဲ အစရှိသော လှူဖွယ်တွေကို လှူဒါန်းထောက်ပံ့ထားတဲ့ ကုသိုလ်ရှိမှန်းသိလို့ အဲဒီကုသိုလ်ကို အကြောင်းပြုပြီး နတ်မင်းကြီးအတွက် ဘဝချမ်းသာကိုရရှိစေမယ့် ဗုဒ္ဓသာသနာတော်ထဲတွင်ဆွဲသွင်းဖို့ ဆုံးဖြတ်တော်မူခဲ့တယ်"

ဤနေရာတွင် ကျွန်ုပ်တို့သည် ဒါနမှုတစ်ခုတည်းဖြင့် တင်းတိမ်အားရခြင်းဖြစ်မနေကြဘဲ သီလနှင့် ဘာဝနာတရားကိုပါ ဖြည့်ဆည်းရန် ကျွန်ုပ်သတိထားမိပါသည်။ ဤသို့ ဒါန၊ သီလ၊ ဘာဝနာမှုတို့ကိုပြုကြရာတွင်လည်း 'သရဏဂုံသုံးပါးနှင့်တကွ' ဟူသော လိုအပ်ချက်ကိုပါ အာရုံပြုမိခဲ့၏။ သရဏဂုံသီလနှင့် ဘာဝနာမပါ၊ သရဏဂုံမပါသော ဒါနစေတနာလေးတစ်ခုတည်းဖြင့်ပင် နတ်တကာတို့ထက် တန်ခိုးကြီးမားသော ဘီလူးအဖြစ်ဖြင့်စံစားရပြီး ဗုဒ္ဓဘုရားရှင်၏ ချေချွတ်ကာ လမ်းပြမှုကိုခံခဲ့ရခြင်းဖြစ်၍ အကယ်၍များ သရဏဂုံနှင့်တကွဖြစ်သော ဒါန၊ သီလ၊ ဘာဝနာတို့ကို သာပြုခဲ့ပါလျှင် မဟောသရနတ်ဘီလူးကြီးသည် ဤသို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအားဖူးရခိုက်တွင် တစ်မဂ်တစ်



www.burmeseclassic.com

www.burmeseclassic.com

ဖိုလ်ကတော့ ကျိန်းသေပဲဟုလည်း တွေးမိပေ၏။ ထိုပြင်မက ယခုအခါ ဗုဒ္ဓဘာသာဝင်တို့သည် သရဏဂုံနှင့်တကွဖြစ်သော ဒါန၊ သီလ၊ ဘာဝနာကို မပြုဘူးသူမရှိသလောက်ဖြစ်၍လည်း လွန်စွာအားတက်မိလိုက်သေး၏။

"ဒါနဲ့ ဘ,ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သင်မဟေသရ၊ သင်ဘယ်လိုမျိုးပြိုင်ချင်ပါသလဲလို့မေးတယ်။ မဟေသရနတ်ဘီလူးကြီးက အရှင်ဘုရား ဂေါတမနဲ့ ကျွန်ုပ်တို့ ကိုယ်ဝှက်တမ်းပြိုင်ကြရအောင်လို့စိန်ခေါ်တယ်။ ကိုယ်ဝှက်တမ်းဆိုတာက ကိုယ်ဖျောက်တမ်းလို့ဆိုတာ။ လွယ်လွယ်ပြောကြရရင် တူတူပုန်းတမ်းပေါ့ကွယ်"

'ဒီနတ်ဘီလူးနှယ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကလေးကလား တူတူပုန်းတမ်းကစားရအောင် တောင်းဆိုရတယ်လို့'

ဟူ၍ ကျွန်ုပ်၏စိတ်ထဲတွင် တွေးမိကာပြုံးမိ၏။

"အဲဒီလိုကိုယ်ဝှက်တမ်းပြိုင်တော့ ဘဘုရားက မဟေသရနတ်ဘီလူးကြီးကို ဦးစားပေးပြီး အရင်ဝှက်စေတယ်။ မဟေသရနတ်ဘီလူးကြီးက သူ့ဣဒ္ဓိတန်ခိုးနဲ့ကိုယ်ဖျောက်လိုက်ပေမယ့် ဘဘုရားက အလွယ်တကူပဲဖော်ထုတ်လိုက်တယ်။ ဒီနောက်ဘဘုရားအလှည့်ရောက်လာပါလေရော။ ဘဘုရားက ကိုယ်တော်ဖျောက်ထားလိုက်တာ နတ်ဘီလူးကြီးရှာလို့မတွေ့နိုင်ဘူးဖြစ်နေပါရော။ မဟေသရနတ်ဘီလူးကြီးက တောအုပ်၊ တောင်၊ လိုဏ်၊ ဂနိုင်၊ ကျောက်ကြား၊ စုံဖျား၊ ရေ၊ မြေ ဆယ်ကြိမ်မီပိုက်စိပ်တိုက်ရှာတယ်။ မတွေ့ဘူး။ ဒီနောက် သမုဒ္ဒရာရေပြင်အနှံ့၊ ပင်လယ်အနှံ့၊ နဂါးပြည်၊ ဂဠုန်ပြည်၊ အသုရာပြည်၊ ပြိတ္တာပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်အနှံ့နဲ့ စကြဝဠာအနှံ့ရှာတယ် မတွေ့ဘူး။ ဒါနဲ့ မဟေသရာနတ် ဘီလူးကြီး လက်လျှော့အရှုံးပေးပြီး တောင်းပန်လိုက်တော့မှ ဘ,ဘုရားရှင်ကိုယ်တော်မြတ်ကြီးက, မဟေသရနတ်ဘီလူးကြီးရဲ့ မျက်မှောင်ရင်းကနေ ကိုယ်တော်ထင်ရှားပြပြီး ဆင်းသက်တော်မူလာခဲ့တယ်"

ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ရွှေဉာဏ်တော်နှင့် တန်ခိုးတော်ကို ကျွန်ုပ်သည် အားရစွာ ကြည်ညိုမှုဖြစ်ခြင်းနှင့်တကွ 'မာနကြီးလှသည့် နတ်ဘီလူးကြီး ဘာတတ်နိုင်သေးလဲ' ဟု စိတ်ထဲမှပင် ကြိမ်းဝါးလိုက်မိပြန်၏။

"ဘဘုရားရဲ့ တန်ခိုးပြာဋိဟာကို မြင်ရတော့ မဟေသရနတ်ဘီလူးကြီးဟာ အံ့သြခြင်း၊ ဝမ်းမြောက်ခြင်း၊ ကြည်ညိုခြင်းစိတ်တွေဖြစ်ပြီး လက်ဆယ်ဖြာထိပ်မှာမိုးလို့ရှိခိုးပြီး အသက်ထက်ဆုံး သရဏဂုံသုံးပါး ခံယူဆောက်တည်ပြီး ဥပါသကာအဖြစ် အသနားခံကာ တောင်းပန်ခံယူတော့တယ်"

အံ့သြဖွယ်၊ ကြည်ညိုဖွယ်၊ လေးစားဖွယ်၊ အတုယူဖွယ် ဖြစ်၏။ အလွန်ထရာ တန်ခိုးကြီးမားပြီး မာန်မာနထောင်လွှားနေသည့် နတ်ဘီလူးကြီးဖြစ်သော်လည်း တရားသဖြင့် စိတ်တူကိုယ်တူသဘောတူညီမျှပြိုင်ဆိုင်ကြသောပြိုင်ပွဲတွင် မိမိကရှုံးနိမ့်ခဲ့ရပါသော်လည်း တရားသဖြင့် အနိုင်ရရှိသူ၏ တန်ခိုးစွမ်းရည်နှင့် အနိုင်ရအောင်မြင်မှုကို အသိအမှတ်ပြုရုံမျှမက လေးစားကြည်ညိုဝမ်းမြောက်စွာ ဆရာတင်ပြီး မိမိက တပည့်ခံကာ ကောင်းမြတ်သော လမ်းစဉ်တော်ကို လိုက်နာအားထုတ်နိုင်သည့် ထိုမဟေသရ နတ်ဘီလူးကြီး၏ တိမ်မြုပ်နေသော သူတော်ကောင်းစိတ်ဓာတ်ကို ကျွန်ုပ်သည် ရိုသေစွာလက်ချီလျက် သာဓုခေါ်ခဲ့မိပြန်၏။

ဘရသေ့ကြီးသည် ကျွန်ုပ်ကပ်ထားသော ရေနွေးဓာတ်ဘူးဟောင်းလေးထဲမှ စော်ဘွားနူတ်ခမ်းမွေးခြောက်အကြမ်းရည်ကို အကြမ်းပန်းကန်လုံးလေးထဲငှဲ့လိုက်ပြီး -

"ဒါတင်မကသေးဘူးကွယ့်။မဟေသရနတ်မင်းကြီးက သူ့ရဲ့နန်းစိုက်ရာမန္ဒာဂီရိတောင်မှာ ကျောင်းဆောက်လှူပြီး ဘုရားရှင်ကို ရာသက်ပန်ကိုးကွယ်ခွင့်တောင်းသေးတယ်။ ဘဘုရားက ခွင့်ပြုတော်မမူပြန်ဘူး။ ဒါနဲ့ မဟေသရနတ်ဘီလူးကြီးက ထပ်ပြီး ဘ,ဘုရားရဲ့ရုပ်ပွားတော်ကို သူ့ရဲ့ မန္ဒာဂီရိတောင်ထိပ်မှာ ကျောင်းတော်နဲ့ ကိုးကွယ်ပါရစေလို့ ခွင့်တောင်းပြန်တယ်။ ဒီအခွင့်အရေးကိုတော့ ဘုရားက သနားသဖြင့် ချီးမြှင့်ခွင့်ပြုတော်မူလိုက်တယ်"

တန်ခိုးဣဒ္ဓိ၊ ဒေါသ၊ မာန်မာန အလွန်ကြီးသည့် နတ်ဘီလူးကြီး၏ နှလုံးသားဝယ် ဘဘုရား၏မေတ္တာတော်ပျံ့နှံ့ပြီး ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အမြုတေတည်နေလေပြီဟု ကျွန်ုပ်တွေးမိ၏။

ဘရသေ့ကြီးသည် စောစောကငှဲ့ထားသော အကြမ်းခွက်ကို ကောက်ယူကာ တစ်ကျိုက်တည်း သောက်လိုက်၏။ အငွေ့ ဝ ထောင်းထောင်းထနေသော လက်ဖက်ရည်ကြမ်းကိုမမှုတ်ဘဲကောက်သောက်လိုက်သဖြင့် ကျွန်ုပ်မှာ လန့်ပြီးလှမ်းဆွဲရန်မင် ပြင်လိုက်မိ၏။ သို့သော် ကျွန်ုပ်မဆွဲခင်မှာပင် အကြမ်းခွက်မှာ ဗလာကျင်းအနေအထားဖြင့် သူ့နေရာသို့ပြန်ချလာသဖြင့် ကျွန်ုပ်မှာ ဘရသေ့ကြီး ပါးစပ်တော့ အပူလောင်လေပြီဟု ကမန်းကတမ်း လှမ်းကြည့်လိုက်ရာ ဘရသေ့ကြီးကမူ ရေအေးအေးတစ်ခွက်သောက်လိုက်သည့်ပမာ ဣန္ဒြေမပျက်။ ထိုလက်ဖက်ရည်ကြမ်းမှာ အငွေ့တထောင်းထောင်းထနေသော်လည်း ပူဟန်မတူဟူ၍သာ ကျွန်ုပ်မှတ်ချက်ချလိုက်၏။

ထို့နောက် ဘရသေ့ကြီးက ဆက်ပြန်၏။

"ဒါနဲ့ မဟေသရနတ်မင်းကြီးဟာ သရဏဂုံတည်ပြီဖြစ်တဲ့အတွက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော်မူဖို့ နတ်တို့ရဲ့တန်ခိုးနဲ့ သူ့စိတ်ထဲမှာ စေတနာပေါ်သမျှ အထူးထူးအမြတ်မြတ် စီရင်ဆင်သထားတဲ့ ကျောင်းတော်ကြီးကို သူ့ရဲ့မန္ဒဂီရိတောင်မှာဖန်ဆင်းတယ်။ အဲဒီကျောင်းတော်ကြီးထဲမှာပဲ ဘဘုရားရဲ့သက်တော်ထင်ရှားရူပကာယတော်မြတ်၊ လက္ခဏာတော်မြတ်တွေနဲ့ပြည့်လို့ ခွဲမရအောင်တူလှတဲ့ ရုပ်ပွားတော်မြတ်ကို ဘဘုရားရဲ့မေတ္တာတော်အားဖြင့် ပွားယူဖန်တီးပြီး သက်တော်ထင်ရှား ရူပကာယတော်မြတ်၊ လက္ခဏာတော်မြတ်တွေနဲ့ ပြည့်လို့ ခွဲမရအောင်တူလှတဲ့ ရုပ်ပွားတော်မြတ်ကို ဘဘုရားရဲ့ မေတ္တာတော်အားဖြင့် ပွားယူဖန်တီးပြီး သက်တော်ထင်ရှားဘဘုရားရဲ့မေတ္တာတော်၊ ရင်ငွေ့တော်၊ အမိန့်တော်တွေနဲ့ လွှမ်းခြုံခံယူပြီး အဲဒီဂန္ဓကုဋိကျောင်းတော်မြတ်မှာ ကိုးကွယ်တော်မူတယ်"

ယခုခေတ်တွင် ပြည့်စုံတတ်နိုင်သူတို့ စိမ့်ကိုးကွယ်နေကြပုံကို မြင်ယောင်မိပါ၏။

"ဒီနေရာမှာ ကြုံတုန်း ဘရသေ့ပြောချင်တာက ဆင်းရဲသူ၊ ချမ်းသာသူမရွေး ဗုဒ္ဓဘာသာဝင်တိုင်းရဲ့အိမ်မှာ ဘုရားကျောင်းတော်ကတော့ရှိကြစမြဲပဲ။ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စားတော်ဖြစ်တဲ့ ဗုဒ္ဓဆင်းတုတော်မြတ် သီတင်းသုံးတော်မူရာ ကျောင်းတော်ဟာ စိန်စီရွှေချထားဖို့ မလိုပါဘူး။ မိမိတို့တတ်နိုင်တဲ့ အင်အားအရ အထွတ်အမြတ်ထားပြီးပြင်ဆင်ကိုးကွယ်သင့်တယ်။ ဗုဒ္ဓဆင်းတုတော်မြတ် သီတင်းသုံးတော်



www.burmeseclassic.com

www.burmeseclassic.com

နေရာနေရာမြတ်မှာ ကြွက်သိုက်ဖြစ်နေပြီး ပင့်ကူမျှင်တွေတွယ်နေရင် မကောင်းတဲ့ အကုသိုလ်တွေအဝင်မြန်ပြီး အကျိုးပေး သန်သကွယ့်။ ပြီးတော့ ကျက်သရေမဲ့လှ တယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ မိမိတို့ရဲ့ ကံအကြောင်းကြောင့် တဲလေးနဲ့နေရ သည်ဖြစ်ပေမယ့် မိမိတို့ တဲလေးထဲက ဘုရားကျောင်းတော်မှာ ပန်းလေးတွေ၊ ရေချမ်းတော်တွေနဲ့ သန့်သန့်ရှင်းရှင်း ကြည်ကြည်လင်လင်ဖြစ်နေရင် ကျောင်း တော်မှ ဗုဒ္ဓဆင်းတု၊ ရုပ်တုတော် မတတ် နိုင်လို့ ပြက္ခဒိန်အဖုံးက ဗုဒ္ဓပုံတော်ကို ထရံမှာညှပ်ပြီး ကိုးကွယ်ထားရသည့် တိုင် လွန်စွာ ကျက်သရေရှိပြီး ကြည်ညို ဖွယ်ကောင်းလှတယ်။ တဲလေးကလည်း အေးချမ်းပြီး မင်္ဂလာရှိနေတယ်ကွယ့်။

အဲ - ဆင်းတုတော်၊ ရုပ်တုတော် ရှိနေပေမယ့် ကျောင်းတော်ပေါ်က လှူ ဖွယ်တွေဟာ ညစ်ပတ်၊ ညှိုးနွမ်း၊ ခန်း ခြောက်ပြီး ကြွက်သိုက်လို အမှိုက်တွေ၊ ဖုန်တွေ၊ ပင့်ကူမျှင်တွေရှိနေရင်တော့ ကျောင်းတော်ကြီးကို စိန်စီရွှေချထားပါ စေ၊ အိမ်ဂေဟာကြီးက နန်းတော်ကြီး တမျှ ကြီးကျယ်ခမ်းနားနေပါစေ လုံးဝ ကြည်ညိုဖွယ်မကောင်းသလို အိမ်ဂေဟာ ကြီးကလည်း အေးချမ်းဖွယ်၊ မင်္ဂလာရှိ ဖွယ်မမြင်ဘူးကွယ့်။ တချို့များဆိုရင် ဗုဒ္ဓ ကျောင်းတော်မှာသာ ညှိုးညှိုးနွမ်းနွမ်း ရှိပြီး ဘိုးတော်တွေ၊ နတ်စင်တွေမှာတော့ စိမ်းစိမ်းစိုစို လန်းလန်းဆန်းဆန်း ဆွမ်း၊ တွမ်း၊ ပန်းတွေဝေဆာလို့တွေ့ရတတ် သေးတယ်။ ဗုဒ္ဓဘာသာဝင်တိုင်းဟာ ဗုဒ္ဓ ရှင်တော်မြတ်ကြီး အမှူးရှိတော်မူတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်တော်မြတ် တွေကို အသေးစိတ်မဟုတ်တောင် ခန့်မှန်းပူဇော်နိုင်စွမ်းရှိသင့်တယ်"

ကျွန်ုပ်သည် ဘရသေ့ အရှင်မြတ် ကြီး၏ မိန့်စကားကိုနာယူရင်း ကျွန်ုပ်၏ အိမ်ရှိ ဗုဒ္ဓဝိဟာအဖြစ် ပူဇော်ထားသည့် ဘုရားရှိခိုးခန်းနှင့် ဗုဒ္ဓကျောင်းတော် ဂန္ဓ ကုဋိမြတ်ကို အာရုံရောက်မိ၏။ ကိုယ့် ဘာကိုယ် ကျေနပ်အားရမိပါ၏။ ဤသို့ ကြည်ညိုဖွယ်ဖြစ်အောင် ဆောက်လုပ် ပေးသော ညီမလေး ဌေးဌေးရီနှင့် အမြဲမပြတ် ဂရုစိုက်ပူဇော်လျက်ရှိသော ကျွန်ုပ်၏မိသားစုအား ကျေးဇူးတွေတင် မိပြန်၏။ ကျွန်ုပ်ကိုယ်တိုင်မှာကား ခရီး သည့်နေရသည်ကများ၍ အိမ်ကပ်ရ သည့်ရက် တစ်နှစ်တွင် တစ်လပင် မရှိ တတ်ချေ။

ဒီနောက် ဘရသေ့ကြီးက -

"မဟေသရနတ်ဘီလူးကြီးဟာ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော် မူဖို့ ကျောင်းတော်ကြီးနဲ့ ဂန္ဓကုဋိတိုက် ကြီးကိုဖန်တီးတည်ဆောက်ပြီးတဲ့နောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စတင်ကိုး ကွယ်တဲ့နေ့ကစပြီး ရုပ်ပွားတော်ကြီးကို သက်တော်ထင်ရှားရှိတော်မူတဲ့ ဘုရား ရှင်ကိုယ်တော်မြတ်ကြီးကိုကိုးကွယ်သလို နေ့စဉ် ကိုးကွယ်ပူဇော်ခဲ့တယ်။ မဟေ သရနတ်ဘီလူးကြီးဟာလည်း ပါရမီရှင် တစ်ဦးဖြစ်လေတော့ သူပူဇော်ပုံဟာ လည်း အလွန် ကြည်ညိုအားရ အားကျ စရာကောင်းလှတယ်ကွယ့်။

မဟေသရနတ်မင်းကြီး ဖန်တီး ကိုးကွယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဟာ ဘယ်လောက်တောင်ကြည်ညိုဖွယ် ကောင်းပြီး ဘုရားရှင်ကိုယ်တော်မြတ် ကြီးနဲ့ တစ်သဝေမတိမ်းတူညီသလဲဆိုရင် ဂနမာဒနတောင်က နန္ဒမူလိုဏ်ဂူတော် ကြီးမှာ နွေအခါ သီတင်းသုံးတော်မူလေ့ ရှိကြတဲ့ ရဟန္တာအရှင်မြတ်ငါးရာဟာ မဟေသရနတ်မင်းကြီး ကိုးကွယ်တဲ့ အဲဒီ ရုပ်ပွားတော်မြတ်ကြီးကို နေ့တိုင်း ကြွ ရောက် ပူဇော်ဝတ်ပြုတော်မူကြတယ်။ မဟေသရနတ်ဘီလူးကြီးကလည်း အဲဒီ ရဟန္တာအရှင်မြတ်ငါးရာကို နေ့စဉ် နတ် ဆွမ်းလောင်းလှူတယ်။ မဟေသရနတ် ဘီလူးကြီးရဲ့ တန်းဆွမ်းလောင်းလှူမှုပေါ့ ကွယ်။ အဲဒီ ရဟန္တာငါးရာတန်းဆွမ်း လောင်းလှူဖို့ ပြင်ဆင်ပုံ၊ လောင်းလှူ ပုံတွေကလည်း အံ့သြဖွယ်၊ ကြည်ညိုဖွယ် ကောင်းလွန်းလို့ပြောရဦးမယ်"

ကျွန်ုပ်မှာကား ဘရသေ့ကြီး၏ စကားလုံးတိုင်းတွင် နစ်မြုပ်နေသည်မို့ 'မှန်ပါ့' ပင် မထောက်နိုင်ပါ။

"ရဟန္တာအရှင်မြတ်ကြီးငါးရာကြွ လာခါနီးပြီဆိုရင် မဟေသရနတ်ဘီလူး ကြီးရဲ့တောင်မှာ မှီခိုနေတဲ့ ပါရမီရှင် မျောက်မင်းကြီးနဲ့ မျောက်အသင်းအပင်း တွေဟာ ရဟန္တာအရှင်မြတ်တွေကို ကပ် လှူဖို့ ဆွမ်းတို့၊ ဖျော်ရည်တို့ကို စီမံပြင် ဆင်ကြတယ်။ ပြီးတော့ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးရဲ့ ရှေ့တော်မှောက်မှာလည်း ပန်းပုံတောင်နဲ့ ရတနာစုံစီခြယ်ထားတဲ့ ရတနာပန်းတွေကို အသင့်ပြင်ထားကြ တယ်။ ပန်းပုံတောင်ကို နှစ်ခုပြင်ထား တယ်၊ အားလုံးအသင့်ဖြစ်တဲ့အချိန်မှာပဲ ရဟန္တာငါးရာဟာ ကောင်းကင်ကနေ ချာန်နဲ့ကြွလာပြီး ရုပ်ပွားတော် ရုပ်ရှင် တော်မြတ်ကို ရှိခိုးကြဖို့ ကျောင်းတော် တွင်းကို ကြွလှမ်းတော်မူကြတယ်။ အဲဒီ အခါမှာ မျောက်မင်းကြီးနဲ့ အခြွေအရံ တွေဟာ ရဟန္တာအရှင်မြတ်တိုင်းကို ရတနာပန်းခိုင်ငါးခိုင်စီကို ရုပ်ပွားရှင် တော်မြတ်ကြီးကို ကပ်လှူပူဇော်ဖို့ လှူ ပေးကြတယ်။ ရဟန္တာအရှင်မြတ်ငါးရာ တို့ကလည်း ရတနာပန်းခိုင်တွေကို ရုပ်ပွားတော်မြတ်ကြီးမှာ ကပ်လှူပူဇော် ရှိခိုးကန်တော့ကြပြီး ရုပ်ပွားတော်မြတ် ကြီးကို လက်ယာရစ်သုံးကြိမ် လှည့်ပတ် ပူဇော်ကြပြီးမှ ဂန္ဓာကုဋိတိုက်တော်ထဲက ထွက်ခဲ့ကြတယ်။ပြီးတော့ ကျောင်းတော် ကြီးရဲ့ ရဟန်းသံဃာတော်တို့အတွက် ရည်စူးထားတဲ့နေရာမှာ သီတင်းသုံး တော်မူကြတယ်။ ခုခေတ်အခေါ် အရ သံဃာစင်လို့ခေါ် ရမယ်ထင်ပါရဲ့"

ဘရသေ့ကြီး၏ ဟောချက်များ ကား ကျွန်ုပ်၏အာရုံတွင် ရုပ်ရှင်ပြနေ ဘိသကဲ့သို့ အကောင်အထည်၊ အရောင် အသွေးများဖြင့် ထင်ရှားမြင်ယောင်နေ ၏။

"ရဟန္တာအရှင်မြတ်ကြီးငါးရာစုံညီ စွာ ထိုင်သားကျပြီဆိုတဲ့အခါ မဟေသရ နတ်ဘီလူးမင်းကြီးဟာ နတ်မိဖုရားကြီး ဥမ္မာဒေဝီနဲ့အတူ စီးတော်ယာဉ်ဖြစ်တဲ့ သုရတိယအမည်ရတဲ့ နွားလားဥသဘ ကြီးကိုစီးပြီး 'အခြံအရံနတ်တွေနဲ့တကွ ကျောင်းတော်ဝကို ရောက်လာပေရော။ နတ်ဘီလူးမင်းကြီးဟာ သရဏဂုံသုံးပါး ဆောက်တည်ပြီးကတည်းက ဘုရား၊ တရား၊သံဃာရတနာမြတ်သုံးပါးအပေါ် မှာ အလွန်ကြည်ညိုသဒ္ဓါထက်သန်ပုံက တော့ ကျောင်းတော်မရောက်မီအလှမ်း ကတည်းက ကောင်းကင်ကဆင်း၊ စီး တော်ယာဉ်ပေါ်ကဆင်း၊ စီးတော်ခြေ နင်းကိုချွတ်ပြီး ကျောင်းတော်အထိ ခြေ ကျင်လာခဲ့သတဲ့။ ကျောင်းတော်ထဲ ရောက်တဲ့အခါ ဦးစွာရဟန္တာငါးရာအရှင် မြတ်များကို ဂါရဝပြုပြီး ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကို ရှိခိုးတယ်။ ဒီအခါ မျောက် မင်းကြီးက ဗုဒ္ဓရုပ်ပွားတော်မြတ်ကိုကပ် လှူဖို့ ရတနာပန်းပုံတောင်းထဲက ရတနာ ပန်းတွေကို နတ်မင်းကြီးအား ဆက်ပြီး ခွာသွားတယ်။ နတ်မင်းကြီးဟာ ရုပ်ပွား တော်ကို ရတနာပန်းတွေကပ်လှူ အားရ အောင် ကြည်ညိုဝတ်ပြုပြီးနောက် ရုပ်ပွား တော်မြတ်ကြီးကို လက်ယာရစ်ပူဇော်ပြီး မှ ရဟန္တာအရှင်မြတ်များထံသွားပြီး နတ်ဆွမ်းများကို လောင်းလှူတယ်၊ မိဖုရားကြီး ဥမ္မာဒေဝီနဲ့ နတ်အခြွေအရံ တွေကလည်း လောင်းလှူကြတာပေါ့"

ကျွန်ုပ်ကိုယ်တိုင်ပင် ရဟန္တာငါးရာ



www.burmeseclassic.com

www.burmeseclassic.com

အရှင်မြတ်ကြီးများကို ဆွမ်းလှူနေကြသော မဟေသရနတ်မင်းကြီး၏ အခြွေအရံတွေထဲတွင် ပါဝင်နေရဘိသကဲ့သို့ ခံစားရကာ ပီတိဖြစ်နေမိ၏။

"ရဟန္တာအရှင်မြတ်တွေကလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သင့်တော်ရာ ဆွမ်းအနုမောဒနာတရားတော်မြတ်ကို ချီးမြှင့်တော်မူပြီး ဈာန်သမာပတ်ဖြင့် မိမိတို့ သီတင်းသုံးတော်မူကြရာ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်ဂူတော်သို့ ကောင်းကင်မှ ပြန်ကြွတော်မူကြတယ်။ မဟေသရနတ်မင်းကြီးနဲ့ မိဖုရားဥမ္မာဒေဝီ အပါအဝင် နတ်တွေဟာ ဈာန်ပျံကာကြွသွားတော်မူကြတဲ့ ရဟန္တာအရှင်မြတ်တွေကို မြေပြင်ကနေ လက်အုပ်ချီမိုးလျက် အမြင်တစ်ဆုံးကြည်ညိုကြပြီးမှ မိမိစံမြန်းရာ ဂန္ဓာဂီရိတောင်ကိုပြန်ကြတယ်။ နတ်တွေနဲ့ မျောက်မင်းအုပ်စုတို့ ပြန်ကြတာနဲ့ ကျောင်းတော်ကြီးဟာလည်း နတ်တန်ခိုးနဲ့ ကွယ်သွားတော့သတဲ့။ နောက်နေ့ အချိန်တန်မှ ပြန်ပေါ်လာပြန်သတဲ့"

ကျွန်ုပ်သည်လည်း ရဟန္တာငါးရာကို ရည်စူးကာ လက်အုပ်ချီကန်တော့မိ၏။

ဘရသေ့က ရေနွေးကြမ်းငှဲ့နေ၏။

"ဘရသေ့ဘုရား၊ဒီသာသနာတော်မှာ အဲဒီမဟေသရနတ်မင်းကြီးဘာဖြစ်သွားသလဲ ဘုရား"

ဘရသေ့အရှင်မြတ်ကြီးက ရေနွေးကြမ်းကို တစ်ကျိုက်သောက်လိုက်ပြီး-

"အိမ်း-မဟေသရနတ်မင်းကြီးဟာ တစ်နေ့တော့ အရှင်ဟတ္ထကအမည်တော်ရှိတော်မူတဲ့ ရဟန္တာအရှင်တော်မြတ်ကြီးဟောတော်မူတဲ့ တရားတော်မြတ်ကိုနာကာ သောတာပတ္တိဖိုလ်ကို ဆိုက်ရောက်ပြီး သောတာပန်နတ်ကြီးတစ်ပါးဖြစ်သွားသတဲ့။ ဗုဒ္ဓဘာဘုရားရဲ့ ဥပါသကာနတ်မင်းကြီးတွေထဲက တစ်ပါးပေါ့ကွယ်။ ယခုထက်တိုင်အောင် သာသနာတော်ကို စောင့်ရှောက်ခြင်း၊ သာသနာတော်စောင့်ပုဂ္ဂိုလ်များ၊ သာသနာပြုပုဂ္ဂိုလ်များကို ကူညီခြင်းတွေနဲ့ ဗုဒ္ဓသာသနာတော်မြတ်ကို ကျေးဇူးဆပ်ထောက်ကူပြုနေသတဲ့။ အဲဒီ မဟေသရနတ်မင်းကြီးကို သသက်ရိုက်ကျမ်းတွေမှာတော့ ပရမေသုရာ၊ ပရမိသွာ စသဖြင့် ရေးကြတယ်ကွယ့်။ ယနေ့ ယုံကြည်သူတွေကတော့ ပရမိသွာလို့အခေါ် အသုံးများကြတယ်။ ဂြိုဟ်မင်း၊ နတ်မင်းတွေ ပူဇော်တဲ့ ဗလိနတ်စားပွဲတွေမှာ အထက်တန်းက အပူဇော်ခံနတ်မင်းတွေထဲမှာ တစ်ပါးအပါအဝင်ဖြစ်တယ်။ သူ့ရဲ့မိဖုရားကြီးကိုတော့ မနောဟရိနီ (သို့) ဥမ္မာဒေဝီလို့ခေါ်တယ်။ ယခုခေတ်မှာတော့ ဥမ္မာဒေဝီကို အသုံးများတယ်။ ဘုမ္မစိုးနတ်မင်းကြီးပေါ့ကွယ်။ တောများတောင်များလှည့်ပြီးကျင့်ကြတဲ့ ဂမ္ဘီရအကျင့်စခန်းဝင်သူ ပါရမီရှင်များရဲ့ အားကိုးအားထားပြုစရာ နတ်မင်းကြီးတစ်ပါးပေါ့"

ပရိမိသွာနတ်ကို လည်းကောင်း၊ ဥမ္မာဒေဝီကို လည်းကောင်း ကျွန်ုပ်ကြားဖူးပါ၏။ ဟိန္ဒူသာသနာဝင် ဓမ္မမိတ်ဆွေများနှင့် သစ္စာရောင်ခြည်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဦးယာဒဝတို့က တစ်ချိန်က ကျွန်ုပ်ကို ပြောပြဖူးပါသည်။ သို့သော် ဗုဒ္ဓရှင်တော်မြတ်နှင့် ဤသို့ ပတ်သက်နေသည်ကိုကား မသိရိုးအမှန်ပါ။ သို့မဟုတ် ကျွန်ုပ်သိသော သစ္စာရောင်ခြည်မဂ္ဂဇင်းမှအယ်ဒီတာချုပ် ဦးယာဒဝတို့၊ အမျိုးသားစာပေဆုရ (ဆရာကြီး)မှတ်ကျောက်တို့ပြောပြသော ပရမိသွာ၊ ဥမ္မာဒေဝီတို့နှင့် မတူသော သီးခြားပုဂ္ဂိုလ်တွေလောကိုမူ ကျွန်ုပ်မသိပါ။ ဘရသေ့ကြီးအား မေးရန်အကြံရမိသည်၊ ထိုသို့တွေးနေမိစဉ် ဘရသေ့ကြီးက စကားဆက်ပြန်၏။

"ဒီနေ့တို့ဗုဒ္ဓဘာသာဝင်အတော်များများဟာ ဗုဒ္ဓရှင်တော်မြတ်ကြီးနဲ့ ပတ်သက်ပြီး ယုံကြည်ဘက်ပိုပြီး ရိုသေလေးစားမှုဘက်မှာတော့ အားနည်းနေသေးသကွယ့်။ ရိုသေလေးစားမှုဆိုတာ ဂါရဝမှုနဲ့ပြုရတယ်။ ဂါရဝမှုဆိုတာက အမူအကျင့်ကိုကြည့်ပြီးသတ်မှတ်ရတယ်။ တို့ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတိုင်းရဲ့ အိမ်မှာ ဗုဒ္ဓဆင်းတုတော်၊ ရုပ်တုတော်၊ ဓာတ်ပုံတော်၊ ပန်းချီဆေးရေးကားချပ်တော် စသည်ဖြင့် တတ်နိုင်စွမ်းနဲ့ အာရုံအရရှိကြတာချည်းပဲ။ ဒီလိုပဲ ဗုဒ္ဓဝိဟာကျောင်းတော်အဖြစ်လည်း အိမ်ခေါင်းရင်းဘက်မှာ ဘုရားခန်းလို့ အလွယ်ခေါ်ကြတဲ့ ဂန္ဓကုဋိတိုက်ကစပြီး ဘုရားကျောင်းဆောင်လို့ခေါ်ကြတဲ့ ဗုဒ္ဓဝိဟာမျိုးအထိရှိတတ်ကြတာချည်းပဲ။ တခမ်းတနားစီရင်မွမ်းမံထားတဲ့တိုက်ခန်းဝိဟာကျောင်းတော်ကြီးမျိုးပဲဖြစ်စေ အိမ်ခေါင်းရင်းထရံမှာ ကပ်ပြီးချိတ်ထား၊ ညှပ်ထားရတဲ့ ဗုဒ္ဓဝိဟာကျောင်းတော်လေးမျိုးပဲဖြစ်စေ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသီတင်းသုံးတာချင်းကတော့ အတူတူပါပဲ။ ဒီတော့ တို့ဗုဒ္ဓဘာသာဝင်များဟာ ဗုဒ္ဓကျောင်းတော်ကို အာရုံထားပြီး ဆွမ်းချိန်မှာဆွမ်း၊ ရေချမ်းချိန် ရေချမ်း၊ ဆီမီးချိန်မှာ ဆီမီးပေါ့ကွယ်။ သက်တော်ထင်ရှားရှိတော်မူနေတဲ့ ဗုဒ္ဓရှင်တော်မြတ်ကြီးလို့ အာရုံထားပြီး ဆက်ကပ်သင့်တယ်။ အနည်းဆုံး ရေချမ်းကိုတော့ သတိပြုပြီး ကပ်လှူသင့်တယ်။ နေ့စဉ်နေ့တိုင်းလည်း သုတ်တော်၊ပရိတ်တော်တွေနဲ့ ဘုရားရှိခိုးကန်တော့သင့်ကြတယ်။ ဝမ်းစာရေးအတွက် လုံးပမ်းနေကြရလို့ မအားဘူးဆိုရင်တောင် အိပ်ခါနီးမှာတော့ မအိပ်ခင် ဘုရားရှင်ကိုရည်စူးပြီး သောက်တော်ရေချမ်းတစ်ခွက်ကပ်ပြီးဘုရားကန်တော့ပြီးမှအိပ်သင့်ပါတယ်။ ဒီလိုမဟုတ်ဘဲ ဘုရားဆင်းတုတော်ကတော့ ကျောင်းဆောင်ပေါ်မှာရှိပါတယ်။ ကိုးကွယ်သူမရှိတဲ့အတွက် အဲဒီအိမ်မှာရှိကြသူတွေနဲ့ ဘုရားရှင်ဟာ ဘုရားသတ်သတ်၊ လူသတ်သတ်ဖြစ်နေပါလေရော။ တချို့များဆိုရင် ကိုယ်ကိုးကွယ်ထားတဲ့ ဘုရားဆင်းတုတော်မှာ သောက်တော်ရေချမ်းကပ်ဖို့သာလို့လမရှိတာ ညဘက် နေဝင်လို့ အိမ်မီးတွေထွန်းပြီဆိုရင် အိမ်တိုင်မှာချိတ်ဆွဲထားတဲ့ အိမ်တွင်းနတ်အုန်းကိုကမန်းကတမ်းလိုက်ကာချကြတတ်တယ်။ အိမ်တွင်းက မီးမကြိုက်ဘူးလို့ ယုံနေကြတာကိုး။ အင်း - ဘဘုရားကတော့ သည်းခံခွင့်လွှတ်တယ်။ အိမ်တွင်းနတ်ကတော့မကျေနပ်ရင်ကိုင်ထည့်လိုက်မှာဆိုပြီး ကြောက်ကြသကိုး"

ကျွန်ုပ်တွင် အိမ်မှုရေးရာ ဝေယျာဝစ္စ ထိန်းသိမ်းဆောင်ရွက်တတ်သော သမီးငယ်တစ်ယောက်ရှိနေ၍ ထိုကိစ္စအတွက် ရင်အေးရသည်ကိုလည်း သတိပြုမိ၏။

ထိုစဉ် ဘရသေ့ကြီးအတွက် ဆွမ်းလာပို့သော ကျွန်ုပ်၏ ဇနီး ရောက်လာသဖြင့် ကျွန်ုပ်တို့၏စကားလည်း ဤတွင် နိဂုံးသတ်လိုက်ကြ၏။ ထိုနေ့အဖို့ကား ကျွန်ုပ်အတွက် ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်စတင်ကိုးကွယ်ခြင်းအလေ့အထဖြစ်ပေါ်လာပုံကို ဘရသေ့ကြီးထံမှ နာယူမှတ်သားခဲ့ရပေသည်။

မဟေသရနတ်မင်းကြီးနှင့် ဥမ္မာဒေဝီတို့အကြောင်းကိုမူ ဓမ္မမိတ်ဆွေကြီး ဦးယာဒဝတို့ ဆရာကြီးမှတ်ကျောက်တို့ ပြောပြဖူးသော ဟိန္ဒူသာသနာတော်ဝင်လာ ပရမိသွားနတ်ကြီးနှင့်ကြင်ရာတော် ဥမ္မာဒေဝီတို့နှင့် တူသည်၊ မတူသည်ကို ဘရသေ့ကြီးအား မမေးလျှောက်လိုက်၍ သိနိုင်ခွင့်အရေးကိုသာ ရှာဖွေစောင့်မျှော်နေရပေတော့သည်။

ဦးအောင်သုခ



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းခေါင်

## အပူသောကငြိမ်းအေးပြီး အလိုဆန္ဒပြည့်စုံသောအဓိဋ္ဌာန်ကျင့်စဉ်

တစ်နေ့သ၌-

ကျွန်ုပ်ထံသို့ ကျွန်ုပ်၏ ကျောင်းနေဖက်သူငယ်ချင်း ဦးစောမင်းကိုနှင့်အတူ ဧည့်သည်တစ်ယောက် ရောက်လာခဲ့ကြပါသည်။ ကျွန်ုပ်၏သူငယ်ချင်းမှ ကျွန်ုပ်နှင့် ဧည့်သည်ကို မိတ်ဆက်ပေးပါသည်။

"သူငယ်ချင်းရေ အခု ကိုယ်နဲ့ပါလာတဲ့သူက ဦးမောင်မောင်ငယ်လို့ခေါ်တယ်။ ကိုယ်နဲ့ လွန်စွာခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပေ့ါ။ အခု သူမှာ လူမှုရေးရော စီးပွားရေးတို့ပါ အစုလိုက်အပြုံလိုက်အပူသောကရောက်နေရတာမို့ သူငယ်ချင်းအနေနဲ့ အကူအညီပေးစေချင်လို့ ခေါ်လာခဲ့တာပါ"

ဟု လိုတိုရှင်းပြောပြလေတော့သည်။

"ကဲ - ဦးမောင်မောင်ငယ်ရဲ့ အခက်အခဲကိုပြောပြပါ။ ကျွန်တော် ကူညီနိုင်တာဆိုရင်လည်း အတတ်နိုင်ဆုံး ကြိုးစားပြီး အကူအညီပေးပါ့မယ်"

ဟု စကားလမ်းကြောင်းပြီး ပြောလိုက်ရပါတော့သည်။

ဦးမောင်မောင်ငယ်ဟု အမည်ရသူသည် အတော်ကိုပင် လူမှုရေးနှင့် စီးပွားရေးတို့ ထိုးနှက်ချက်ကို ခံစားနေရဟန်ရှိပါသည်။ သူ၏မျက်နှာသွင်ပြင်နှင့် မှေးမှိန်နေသော သူ၏မျက်လုံးများက ကျွန်ုပ်ကို အားကိုးတကြီးကူညီရန် စကားပြောနေသည်ဟုပင် မှတ်ထင်မိပါသည်။

ဦးမောင်မောင်ငယ်မှ အောက်ပါအတိုင်း ကျွန်ုပ်ကိုပြောပြပါတော့သည်။

"ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာ့ကိုမပြောခင် ကျွန်တော်ဦးစွာအနေနဲ့ ဦးစောမင်းကို ကိုပြောရဦးမယ်။ ခင်ဗျားကူညီမှုနဲ့ ကျွန်တော့်ကို ဆရာ့ဆီ ခေါ်ပေးတာမို့တစ်ကြောင်း၊ ကျွန်တော့်ရဲ့ ဖြစ်စဉ်အားလုံးနီးပါးအတွင်းသိမို့ ဘယ်မှမသွားဘဲ ဒီနားမှာပဲနေပါလို့ တောင်းခံပါတယ်။

ဆရာ့ကိုမခြွင်းမချန်ပြောပြရမယ်ဆိုရင် ကျွန်တော့်မိသားစုအတွက် အိမ်ထောင်ဦးစီး ကျွန်တော့်မှာ နှစ်ဖက်ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေသင်္ဂဟတွေရဲ့ ထောက်ပံ့မှုခံရသလို စီးပွားရေးကလည်း ထင်သလိုဖြစ်မလာတော့ လှုပ်လေမြုပ်လေ ကိုသာတုတ်ရေဆိုတဲ့ စာချိုးလိုဖြစ်နေတာပါ။ ဘာပဲလုပ်လုပ် အကျိုးမပေး အရာမထင်ဘူး ဆရာ။

ညဆိုရင်လည်း နာရီစင်မြင့်က တစ်နာရီကြားတစ်ခါထိုးနေတဲ့နာရီသံကိုသာ ကြားနေရပြီး မိုးလင်းခဲ့တဲ့ညပေါင်းမရေတွက်ချင်တော့ပါဘူး ဆရာရယ်။ အိပ်မပျော် စားမဝင် ဆိုတဲ့ စကားက ကျွန်တော့်အတွက် သက်သက်ကြီးထားခဲ့တာများလားလို့တောင် မှတ်ထင်နေမိပါတယ်"

ဟု ရိုးရှင်းပွင့်လင်းစွာပြောပြပါတော့သည်။

"ဟုတ်ကဲ့ပါ ဦးမောင်မောင်ငယ်။ ဘာကိုလုပ်ကြမယ်၊ အားထုတ်ရမယ်ဆိုတာကိုမပြောခင် ကနဦးအနေနဲ့ ကျွန်တော်ပြောပြချင်တဲ့စကားကို နည်းနည်းတော့ပြောမှဖြစ်မှာမို့ပါ"

ဟု စကားစပြီးသည်နှင့် အောက်ပါအတိုင်းပြောပြရလေတော့သည်။

"ကျွန်တော် ပထမဆုံးပြောချင်တာက ကျွန်တော်တို့ဟာ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေပါ။ ဒီတော့ သရဏဂုံပျက်မယ့်ကိစ္စမျိုးကို သေသေချာချာကိုရှောင်ကြဉ်ရမှာ အဓိကတာဝန်ပဲပေ့ါ။ တစ်နည်းပြောရရင်လည်း ယုံကြည်မှုနဲ့ သဒ္ဓါတရားပေ့ါဗျာ။

ကျွန်တော်ကတော့ ရတနာသုံးရပ်အထွတ်တပ်ပြီး နိဗ္ဗာန်ရွှေပြည်မရောက်မီမှာတော့ လောကီရေးရာချမ်းသာမှု အပြည့်အစုံတော့ ပိုင်ဆိုင်စေချင်တယ်လေ။ ဒေသနာတော်လာ သုတ္တန်တွေကို ကျွန်တော်တို့ ဖတ်ရှု နာကြားခဲ့ကြတာများပါပြီ။ ဒေသနာလာအကြောင်းများမှာ လွန်စွာကို ဆင်းရဲတဲ့ဘဝကနေပြီး မင်္ဂလာပိုလ်ဝင် စံစားသွားကြတဲ့ သူတော်ကောင်းကြီးတွေကို ပြန်ပြီးကြည်ညိုကြမယ်ဆိုရင် သူဌေးသူကြွယ်တွေ တော်ဝင်မျိုးနွယ်စုဖြစ်တဲ့ မင်းညီမင်းသားတွေက အများကြီးပါဗျာ။ သူဆင်းရဲက ကျွတ်လွတ်သွားတဲ့ ပုဂ္ဂိုလ်ထူးတွေကို ရေတွက်ကြည့်ရင် လက်ချိုးရေလို့ရပါတယ်။

ပြောချင်တာ အပူသောကတွေနဲ့ ပြွမ်းနေတဲ့ဘဝက ချမ်းသာ (လောကီချမ်းသာ) တွေ့ရအောင် အရင်ကြိုးစားအားထုတ်စေချင်တာပါ။ စီးပွားရေးပြည့်စုံတော့ ဇနီးမယား၊ သမီး၊ သားတို့အတွက် ထားရစ်ခဲ့ရင်လည်း ဘာမှနောက်ဆံမတင်းရတော့ဘူးမို့လား။

စီးပွားရှာရမှာတော့ ကျွန်တော်တို့ရဲ့ အနိုင်းမဲ့ မြတ်စွာဘုရားရှင်က အကုသိုလ်အမှုနဲ့ စီးပွားမရှာကြနဲ့။ ကောင်းမြတ်သောအလုပ်နဲ့ ကြိုးစားပြီး စီးပွားဥစ္စာရှာကြဖို့ အတိအလင်း ဆုံးမစကားဟောပြထားခဲ့ပြီးသားပါ။

အခု ကျွန်တော်ပြောချင်တာက လောကီမှန်အောင်သွားတဲ့လမ်းမှာ ဝိဇ္ဇာမရဂ္ဂမ္ဘီရနည်းလို့ ပြောချင်လည်းပြော၊ သမထယာနိကလို့ဆိုဆို အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုနဲ့ အပူငြိမ်းပြီး ချမ်းသာမှုကိုယ်ပိုင်ရရှိအောင်ရှာတဲ့နည်းလမ်းကိုပဲပြောပြချင်တာပါ။

ကျွန်တော်နည်းပေးလမ်းပြလုပ်လို့ အားနာပြီးလုပ်တာမျိုးတော့မဖြစ်စေချင်တာအမှန်ပဲဗျ။ မိမိကိုယ်တိုင်ကယုံကြည်မှုစေတနာအားကြီးစွာနဲ့ယုံယုံကြည်ကြည်လုပ်မယ်ဆိုရင် လူသိအတော်နည်းပါးပြီး အကျိုးပေးသန်တဲ့ အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုပေးလိုက်ပါမယ်"

ဟု ရှည်လျားစွာပြောရလေတော့သည်။

"ဟုတ်ကဲ့ပါ ဆရာရယ်၊ ဆရာစကားစကတည်းက ရှင်းပြတာတွေကို နားထောင်ရင်းနဲ့ ကျွန်တော်ယုံယုံကြည်ကြည်နဲ့ ခိုင်းသမျှလုပ်မယ်လို့ ဆုံးဖြတ်ချက်ချပြီးသားပါ။ ကျွန်တော့်ကို ကူညီပါ"

ဟု ထပ်လောင်းပြီး တောင်းခံနေပါတော့သည်။

လူအများစုမှာ စာဖတ်အားနာယူအားကြီးကြပါသည်။ တချို့မှာမူ နှစ်မျိုးစလုံး အားနည်းကြပါသည်။ ကျွန်ုပ် ယခုတင်ပြမည့် ပရိတ်တော်ကို လူအများစု သိရှိကြပါသည်။ နားရည်ဝနေကြပြီးဖြစ်ပါသည်။ နားလည်မှုနှင့်ယုံကြည်ပုံတို့မှာ ငါးရံ့မင်းပရိတ်တော်သည် မိုးခေါင်သောအရပ်မြို့ရွာဒေသများတွင် မိုးရွာအောင်ရွတ်ဖတ်ပူဇော်ကြသည့် သမားရိုးကျကိစ္စကိုသာ အသိများကြပါသည်။

ဝိဇ္ဇာရေဂမ္ဘီရပညာသဘောတရားတို့ဖြင့် ရှုမြင်ခဲ့ပါမူ မည်သူမဆို ကြီးစွာသောဘေးဒုက္ခကြုံနေခြင်း၊ အပူသောကကြီးဆိုက်ရောက်ချိန်တွင် အပူငြိမ်းပြီးသောကအေးအဓိဋ္ဌာန်ကျင့်စဉ်ဟု စဉ်းစားသူ၊ ကျင့်ကြံသူနည်းပါမည်ဟု ကျွန်ုပ်အနေကတော့ ထင်မြင်မိပါသည်။

(ယခုတင်ပြထားသည့် ထင်မြင်



www.burmeseclassic.com

www.burmeseclassic.com

ချက်၊ ခံယူမှုစေတနာသည် ဆရာသခင်များ၊ ပညာရှင်များ၊ ဝါစဉ်ကြီးများအပေါ် ကျော်လွှားခြင်း မလျှင်းမရှိပါ။ ရိုးသားစွာ တင်ပြခြင်းသာ ဖြစ်ပါသည်။)

ကျွန်ုပ်သည် ညီသည် ဦးမောင်မောင်ငယ်အား 'ငါးရံ့မင်းပရိတ်တော်' ကိုကူးယူရန် စာရွက်နှင့် ဘောလ်ပင်ပေး၍ကူးစေပါသည်။ နောက်ဆောင်ရမည့် သီလ၊ ကျင့်ရမည့်အဓိဋ္ဌာန်ကျင့်စဉ်တို့ကို အသေးစိတ် ပြောပြလိုက်ပါသည်။

အခါအားလျော်စွာ အဓိဋ္ဌာန်ကျင့်စဉ်များကို ရေးသားခဲ့ရာ မတ်၊ ၂၀၁၅ခု သူရဇ္ဇမဂ္ဂဇင်းတွင်ပါဝင်သော 'ဂုဏ်တော်နဝင်းကိုးထပ်နဝင်းပြတ်ပုတီးစိပ်ရအောင်' ဆောင်းပါးပါအတိုင်းအဓိဋ္ဌာန်ဝင်ရောက်လိုကြ၍ မရှင်းသည့်အချက်နှင့် သိချင်တာတို့ကို မေးမြန်းစုံစမ်းကြသည့် သူရဇ္ဇမဂ္ဂဇင်း စာချစ်သူမိတ်ဆွေများမှာ မြို့နယ်ခြား၊ ခရိုင်ခြား၊ တိုင်းခြားတို့မှ ဖုန်းဖြင့် ဆက်သွယ် မေးမြန်းခဲ့ကြသူများအား အဓိဋ္ဌာန်အောင်မြင်ကြပါစေဟု ဆုတောင်းခံသလို ယခုရေးသားသော အဓိဋ္ဌာန်ကျင့်စဉ်ကို နှစ်သက်သူများရှိပါက ဆောင်ရွက်နိုင်ကြစေရန် အပြည့်အစုံ ရေးသားပေးလိုက်ပါသည်။

(အထူးအားဖြင့် ငါးရံ့မင်းပရိတ်တော်အဆင်သင့်မဖြစ်သူများအတွက် ပရိတ်တော် အပြည့်အစုံ ရေးသားပေးလိုက်ပါသည်။ အိတ်ဆောင်သီရိမင်္ဂလာပရိတ်တော်ဝတ်ရွတ်စဉ်စာအုပ်တွင်ပါရှိသည်။)

**□ အဓိဋ္ဌာန်ကျင့်စဉ်ဝင်ရပုံအပြည့်အစုံ**

**၁။ ရက်ရွေးချယ်ခြင်းနှင့် ကာလသတ်မှတ်ရခြင်း**

- □ ရက်မြတ်ရက်ကောင်းတစ်ရက်တွင် စတင်ပါ။
- □ အဓိဋ္ဌာန်ကာလကို (၇)ရက် ရက်သတ္တပတ်ဝင်ရပါမည်။

**၂။ အဝတ်လဲရခြင်း**

- □ အဓိဋ္ဌာန်ဝင်ရောက်မည့် ယောဂီအမျိုးကောင်းသားများအနေဖြင့် အဖြူရောင်ဝတ်စုံ (သို့) အညိုရောင်ဝတ်စုံတို့ဖြင့် အဓိဋ္ဌာန်အဝတ်လဲရပါမည်။
- □ အမျိုးကောင်းသမီးများအနေဖြင့် ယောဂီရောင်ဝတ်စုံဝတ်ရပါမည်။

(အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ် အဓိဋ္ဌာန်ကာလ (၇) ရက်လုံးလုံး အဝတ်ပြောင်းလျှင်ပိုကောင်းပါသည်။)

**၃။ နေ့စဉ်ပြုဖွယ်များ**

က။ □ ကနဦး နတ်မင်းကြီးလေးပါးနှင့် သိကြားမင်းကို ဖိတ်ပါ။

- □ တန်ခိုးသိဒ္ဓိ ပြည့်စုံတော်မူကြသော ဆရာသခင်များပင့်ပါ။
- □ ပါရမီဖြည့်ဖက်များ၊ အမြဲကူညီနေသောပုဂ္ဂိုလ်များ ဖိတ်ထားပါ။

ခ။ ဒါနခံဏ်း -

- □ အောင်သပြေနှင့် မိမိမွေးနံပန်းလှူပါ။
- □ သောက်တော် (၂) ခွက် ကပ်လှူပြီး တစ်ခွက်ကို ကျင့်စဉ်အပြီး မိမိသောက်ပါ။ တစ်ခွက်ကို ဝေနေယျအများအတွက် ကုသိုလ်အမျှပေး၍ ရေစက်သွန်းလောင်းပါ။
- □ အလင်းတိုင်နှင့် နံ့သာတိုင်လှူပါ။ (မိမိအာရုံရှိသလိုလှူပါ။)
- □ ဘုရားရှိခိုးခြင်း၊ သီလခံယူပါ။ (သီလခံယူရာတွင် နဝင်္ဂသီလယူသင့်ပါသည်) မေတ္တာပို့သပါ။

ဂ။ ငါးရံ့မင်းပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။

- □ အမှားအယွင်းမရှိအောင် သတိထားပြီး ဖြည်းဖြည်းနှင့်မှန်မှန် ရွတ်ဖတ်ပူဇော်ပါ။

ဃ။ မိမိပြုခဲ့သမျှကို သစ္စာပြုပြီး ဆုတောင်းခံပါ။

င။ ကုသိုလ်အမျှပေးဝေပါ။

စ။ ပင့်ဖိတ်ထားခဲ့သော ပုဂ္ဂိုလ်များအားလုံး နေရပ်ဌာနကို ပြန်လည်ပို့ပါ။

## ငါးရံ့မင်းပရိတ်

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မစ္ဆယောနိယံ။
အာစရိ ဟိတဥ္စ ဉာတတ္တံ၊ မဟာမေဃံ ပဝဿိယ။

၂။ ဝဿာပေသိ ဂိမှာနေပိ၊ မစ္ဆရာဇာ မဟာဒယော။
သုတ္တာသ ဘေဇသာ ယဿာ၊ သုတ္တန္တံစ ဘဏာမ ဟေ။

၃။ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။

၄။ တတော ကာကာ စ ဂိဇ္ဈာ စ၊ ကင်္က ကုလလ သေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေဥပနိသီဒိယ။

၅။ ဧဝံ စိန္တေသဟံ တတ္ထ၊ သဟဉာတိဟိ ပီဠိတော။
ကေန နုခေါ ဥပါယေန၊ ဉာတိ ဒုက္ခာ ပမောစယေ။

၆။ စိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိ၊ ဉာတီနံ တံ အတိက္ခယံ။

၇။ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိ သစ္စကိရိယံ၊ ယံလောကေ ဓုဝသဿတံ။

၈။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိ ဇာနာမိ သဉ္စိစ္စ၊ ဧကံ ပါဏံ ပိ ဟိံသိတံ။

ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။

၉။ အဘိတ္ထနယ ပဇ္ဇုန္န။ နိဓိံ ကာကဿ နာသယ၊ ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေသောကာ ပမောစယ။

၁၀။ သဟကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၁၁။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။ ဝဿာပေသိ မဟာမေဃံ၊ သစ္စတေဇ ဗလဿိတော။
သစ္စေန မေ သမောနတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

□ ပရိတ်တော်မှာ ဂါထာပေါင်း (၁၁) ဂါထာ ပါဝင်ပါသည်။ အမှားအယွင်းမရှိအောင် ဖြည်းဖြည်းနှင့်မှန်မှန် တစ်ခေါက်တည်း ပူဇော်ရန်ဖြစ်ပါသည်။

ကျွန်ုပ်ယခုတင်ပြထားသောငါးရံ့မင်းပရိတ်အဓိဋ္ဌာန်ကျင့်စဉ်သည် အများတွေ့ကြုံနေကြသော ဂါထာမန္တန်များ၊ ပရိတ်တော်များနှင့်မတူသလို အသုံးကိုအလွန်အသိနည်းပါးသဖြင့် အဓိဋ္ဌာန်ကျင့်စဉ်အဖြစ် မတွေ့ရလောက်အောင် ရှားပါးမည်ဟု ယူဆပါသည်။

မြတ်စွာဘုရားရှင် ဟောတော်မူခဲ့သော ပရိတ်တော်များနှင့် ဂါထာမန္တန်တို့ကို ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ အနှစ်အမြုတေဖြစ်သော အဓိဋ္ဌာန်ကျင့်စဉ်ကို ဆန္ဒတူ၍ ဆောင်ရွက်လိုသူများ အလုံးစုံအောင်မြင်ပြီးမြောက်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

လူမှုဘဝ၊ စီးပွားရေးဘဝတို့တွင် နစ်မွန်းနေကြသော ခုနစ်နေ့သားခုနစ်နေ့သမီးများ မိမိတို့ပါရမီနှင့် သဒ္ဒါဝီရိယအားလျော်စွာ အကျိုးပေးအားကြီးသော ကျင့်စဉ်များကို အခါအားလျော်စွာ ရေးသား တင်ပြပါဦးမည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ် အလောင်းစည်သူမင်းကြီးလက်ထက် မြန်မာနှစ် ၄၇၆ ခုနှစ် (ခရစ်နှစ် ၁၁၁၄ ခုနှစ်) တွင် မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို ပုဂံနေပြည်တော်၌ ပြုစုပျိုးထောင် စည်ပင်သာယာစေရန် အားထုတ်ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည့် ဓမ္မဒဿီဘွဲ့ခံ



## လှမြင့် (ဂျန်ကျန်စာကြည့်တိုက်)

# ပုဂံ ပုံသကူမထေရ်မြတ် စွယ်ရှင်ဆရာတော်

ရှင်အရဟံမထေရ်မြတ် ပျံလွန်တော်မူသည့်အခါ၌ အလောင်းစည်သူမင်းကြီး၏ ပုဂံပြည့်ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးစေရန် ရှင်အရဟံမထေရ်မြတ်၏ ကိုယ်စား ဆက်ခံဆောင်ရွက်တော်မူခဲ့သောမထေရ်မြတ် ဖြစ်သည်။

ပုံသကူမထေရ်မြတ်သည် အကျင့်သိက္ခာ၊ သီလ၊ သမာဓိနှင့် အထူးပြည့်စုံသည်။ ပုဂံသားတို့ ဆက်ကပ် လှူဒါန်းသော ကထိန်သင်္ကန်းကိုပင် လက်မခံ။ သုသာန်၌ စွန့်ပစ်ထားသော လူသေတို့အား ဖုံးလွှမ်းထားသည့်အဝတ်တို့ကိုသာ ကောက်ယူလျက် သင်္ကန်းအဖြစ် ဝတ်ရုံသောမထေရ်မြတ်ဖြစ်၍ ပုံသကူမထေရ်မြတ် ဟူသော ဝိသေသဖြင့် ထင်ရှားခဲ့သည်။ပုံသကူမထေရ်မြတ်သည် အကျင့်သိက္ခာ၊ သီလ၊ သမာဓိ၊ ဝိနည်းတော်များနှင့် ပြည့်စုံတော်မူသည့်အပြင် ပြည်သူပြည်သားများကိုလည်း လွန်စွာချစ်မြတ်နိုးသည်။ မတရားမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ ကတိမတည်မှု၊ ဖိနှိပ်ညှဉ်းပန်းမှုစသည်တို့ကို လုံးဝမလိုလားခဲ့ပေ။ ထိုသို့သော မတရားမှုများကိုတွေ့ကြုံမြင်ကြားရလျှင် အုပ်ချုပ်သော ဘုရင်မင်းမြတ်ဖြစ်စေကာမူ ပုဂံသားတို့ဘက်မှ အစဉ်အမြဲရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးလျက် ဘုရင်မင်းမြတ်ကိုဆုံးမဩဝါဒပေးခဲ့သည်။ ဘုရင်မင်းမြတ်က လိုက်နာကျင့်သုံးခြင်းမရှိလျှင် ထိုဘုရင်၏နေပြည်တော်တွင် သီတင်းမသုံး၊ ဆွမ်းလက်မခံခဲ့ပေ။

အလောင်းစည်သူမင်းကြီးသည် မြန်မာနှစ် ၅၂၅ ခုနှစ် (ခရစ်နှစ် ၁၁၆၃ ခုနှစ်) တွင် မကျန်းမမာဖြစ်တော်မူစဉ် အိမ်ရှေ့မင်းဖြစ်သော သားတော်ငယ် နရသူသည် ရွှေကူဘုရားပို့ဆောင်၍ မျက်နှာကို စောင်၊ အဝတ်တို့ဖြင့် အုပ်ဖိလုပ်ကြံသတ်ဖြတ်ကာ ပုဂံထီးနန်းစည်းစိမ်ကို ရယူခဲ့သည်။

ထိုအခါ ထွန်တုံးပူတက်အရပ်တွင် ထီးနန်းစိုက်ထူ အုပ်ချုပ်စေသော မင်းရှင်စောသည် ပုဂံထီးနန်းကိုသိမ်းယူရန် အလုံးအရင်းအင်အားနှင့် ချီတော်မူလာသည်။ နောင်တော် မင်းရှင်စော၏ အင်အားကိုမယှဉ်နိုင်သောကြောင့် ညီတော် နရသူမင်းသည် ပုဂံတစ်ပြည်လုံး၏ ဘုရားကဲ့သို့ကိုးကွယ်သော သပိတ်သည်သား ပုံသကူမထေရ်မြတ်ကို ဤသို့နားတော်လျှောက်၏။

"နောင်တော် မင်းရှင်စောလည်း ခမည်းတော်မရှိသောအကြောင်းကိုကြား၍ ခမည်းတော်အရာ ရွှေထီးရွှေနန်းကို သိမ်းယူရန် အလုံးအရင်းနှင့်ချီတော်မူသော် ကြာချေတော့မည်ဖြစ်သည်။ ကြာ၍လည်း ပြည်ထဲအရေးသည် မသင့်ချေ။ ကျွန်တော်ရှိလေပြီးသည်ကို ဓားတစ်စင်း မြားတစ်စင်းနှင့်သာ အလျင်ကြွတော်မူ၍ နန်းတက်တော်မူမည့်အကြောင်းကို နောင်တော်အား ခေါ်တော်မူပါ"

ဟူ၍ လျှောက်သည်။

ပုံသကူ မထေရ်မြတ်က -

"ငါခေါ်၍ရောက်လာသောအခါ မင်းမပြောက်ဘဲနေဘိမူကား ငါရဟန်းတရားနှင့်မလျော်ရှိလတ္တံ့တည်း"

ဟု မိန့်တော်မူ၏။

နရသူက -

"နောင်တော်ဓားကိုထမ်း၍ နန်းတင်ပါမည်"

ဟူ၍ သစ္စာကြီးစွာပြု၏။

ပုံသကူမထေရ်မြတ်သည် နရသူမင်း သစ္စာပြုသည်ကို ယုံကြည်တော်မူ၍ မင်းရှင်စောရှိရာ ကြွတော်မူပြီးသော် အကြောင်းမျိုးစုံကို ပြန်တော်မူ၏။ မင်းရှင်စောလည်း မဟာထေရ်စကားကို ယုံတော်မူ၍ ရွှေလှော်ကားတစ်စင်းဖြင့်သာ မဟာထေရ်ကိုတင်၍ စုန်လာတော်မူ၏။ လက်ပဆိပ်သို့ရောက်လျှင် နရသူလည်း သစ္စာပြုသည့်အတိုင်း လှေသို့ဆင်း၍ နောင်တော့်သန်လျက်ကို ထမ်းပြီးသော် နောင်တော်ကို,မ၍ နန်းတင်လေ၏။ ဘိသိက်သွန်းပြီး၍ ထိုည၌တွင် စားတော်ဝယ်ဆေးခတ်ဘိ၍ အနိစ္စရောက်တော်မူလေ၏။

မင်းရှင်စောအနိစ္စရောက်ကြောင်းကို ပုံသကူမထေရ်မြတ်ကြားသော် နန်းတော်ကိုကြွ၍ -

"ဟယ်-မင်းဆိုးမင်းညစ်၊ သင်ကားသံသရာဝယ်ခံရသော မကောင်းမှုကို မကြောက်။ ဤသို့ စည်းစိမ်ကိုရလျှင် သင်၏ကိုယ်ခန္ဓာသည် မအိုမသေပြီဟူ၍မှတ်သလော။ လောကတွင် သင့်ထက်ပျက်သောမင်းမည်သည်ကားမရှိ"

ဟူ၍ မိန့်တော်မူ၏။

နရသူလည်း -

"အရှင်ဘုရားထံ သစ္စာခံသည့်အတိုင်း နောင်တော်၏ သန်လျက်ကိုထမ်း၍ နန်းတင်ပါ၏တကား"

www.burmeseclassic.com

ဟု ဆို၏။

မထေရ်မြတ်လည်း -

"လူ့ပြည်တွင် သင့်ထက် ဆိုးသွမ်း ညစ်ညမ်းသူမရှိပြီ"

ဟူ၍ ရဲဝံ့ပြတ်သားစွာ မိန့်ကြားတော်မူပြီး သိန်းယိုကျွန်း (သီဟိုဠ်ကျွန်း) သို့ ကြွတော်မူ၏။

ဤသို့ ပုံ့သကူမထေရ်မြတ်သည် နရသူမင်းဆိုးကို ရဲဝံ့ပြတ်သားစွာပြောဆို၍ သီဟိုကျွန်းသို့ကြွသွားတော်မူသည့်အခါ ပုဂံသားအပေါင်းတို့သည် နရသူမင်းအား ယုံကြည်မှု၊ လေးစားမှုကင်းလာသည်။ မကျေမနပ်ဖြစ်လာကြသည်။ မကြာမီတွင် နရသူမင်းသည် ကုလားတို့၏လုပ်ကြံသတ်ဖြတ်ခြင်းကိုခံရပြီး ရာဇဝင်တွင် ကုလားကျမင်း (နရသူ) ဟူ၍ အမည်ဆိုးတွင်ခဲ့သည်။

ပုံ့သကူမထေရ်မြတ်သည် သီဟိုဠ်ကျွန်းတွင် နှစ်အတန်ကြာသီတင်းသုံးနေထိုင်ခဲ့ရာမှ ပုဂံနရပတိစည်သူမင်း (ခရစ်နှစ် ၁၁၇၄-၁၂၁၁ခုနှစ်) လက်ထက်တွင် ပုဂံနေပြည်တော်သို့ ပြန်လည်ကြွတော်မူခဲ့သည်။ နရပတိစည်သူမင်းကြီးသည် တူရွင်းတော်၏ အလွန်မတ်စောက်နက်ရှိုင်းသော ချောက်ကြီးတစ်ခုကို ပြည်သူပြည်သားအပေါင်းအား အာဏာဖြင့် အပြင်းအထန် မြေဖို့ခိုင်းစေပြီး စူဠာမဏိစေတီတော်ကြီးတည်ရန် လုပ်ဆောင်ခဲ့သည်။

ထိုအခါ စာရိတ္တသီလ၊ ဝါရိတ္တသီလနှင့်ပြည့်စုံတော်မူသော ပုံ့သကူမထေရ်မြတ်ကြီးက နရပတိစည်သူမင်းကို -

"မင်းကြီးကောင်းမှုဖြစ်စိမ့်မည်ဟူ၍ ယခုပြုသောအမှုသည် ကောင်းမှုမဖြစ်၊ မကောင်းမှုသာဖြစ်၏။ မင်းကြီးလှူတော်မူသောဆွမ်းကိုလည်း ငါမခံ"

ဟု မိန့်တော်မူ၏။

နရပတိစည်သူမင်းကြီးက -

"ဘုန်းတော်ကြီး၊ ငါ့ဆွမ်းကိုဘုဉ်းပေးတော်မမူသော် ငါ့ပြည်တွင်နေတော်မမူသည်ဖြစ်မှ လွတ်တော်မူမည်။ ပြည်သူတို့လှူသောဆွမ်းသည်လည်း ငါ့ဆွမ်းမဟုတ်တုံလော"

ဟု မိန့်တော်မူ၏။

ပုံ့သကူမထေရ်မြတ်သည် -

"မင်းကြီးဤသို့ဆိုတပြီးကား"

ဟူ၍ သီဟိုဠ်ကျွန်းသို့ကူးတော်မူလည်း အကြံတော်ရှိ၍ စွယ်ကြိုအရပ်တောကြီးတွင် သီတင်းသုံးနေတော်မူလေသည်။

ထိုအခါ ပုဂံသရပါတံခါးစောင့်သော ဘီလူးတစ်ကောင်သည် နရပတိစည်သူမင်းထွက်တော်မူသည့်အခါတွင် တံခါးတွင်ရပ်လျက် မလွဲဖယ်နေသည်။ ပုဏ္ဏားပညာရှိကြီးများက မင်းကြီးသည် ပုံ့သကူမထေရ်မြတ်ကို မသင့်သော စကားပြောဆိုမိသောကြောင့် မလွဲဖယ်နေကြောင်းလျှောက်တင်သဖြင့် အမတ်တို့အား အကြိမ်ကြိမ်စေလွှတ်၍ ပုံ့သကူမထေရ်မြတ်အား ပုဂံသို့ပြန်လည်ကြွမြန်းရန် ပင့်ဖိတ်စေခဲ့သည်။

သို့ပေမယ့် ပုံ့သကူမထေရ်မြတ်သည် လိုက်ပါခြင်းမပြုဘဲ သီဟိုဠ်ကျွန်းသို့ကြွတော်မူရန် ပြင်ဆင်သည်။ နောက်ဆုံးတွင် နရပတိစည်သူမင်းသည် တုရင်ပစ္စည်းအမတ်ကြီးအား ပင့်ဆောင်ရန် စေလွှတ်ခဲ့သည်။ တုရင်ပစ္စည်းအမတ်ကြီးသည် ရွှေဘုရားဆင်းတုတော်တစ်ဆူကို လှေတွင်ပင့်ဆောင်ရန် ပုံ့သကူမထေရ်မြတ်ရှိတော်မူရာ သဘော်ဆိပ်သို့သွားသည်။ ပုံ့သကူမထေရ်မြတ်အား တုရင်ပစ္စည်းအမတ်ကြီးက -

"သဗ္ဗညုဘုရားသခင် ဤဆိပ်သို့ ရောက်သော်မူသည်။ သခင်မြတ်ဖူးမြင်ရန်လာစေတော်မူသတည်း"

ဟူ၍ လျှောက်ကြား၏။

ပုံ့သကူမထေရ်မြတ်သည် ဘုရားရှင်ကို ရိုသေပူဇော်မှုဖြင့် လှေပေါ်သို့ ကြွတော်မူသည့်အခါ လှေတော်ကို အပြင်း လော်၍ဆန်သည်။ အထူးထူးသော တောင်းပန်မှုများပြု၏။ သာသနာတော်ကို ချီးမြှောက်ပါဟု တောင်းပန်၏။ မထေရ်မြတ်လည်း သာသနာတော်ကိစ္စဖြစ်၍ ခွင့်လွှတ်လိုက်ပါတော်မူခဲ့သည်။

နရပတိစည်သူမင်းသည် အမတ်ပေါင်းခြံရံလျက် ပုံ့သကူမထေရ်မြတ်ကို ရိုသေစွာပူဇော်ကြိုဆို၏။ နန်းတော်သို့ ကိုယ်တိုင်ပင့်ဆောင်၏။ နန်းတော်တွင် မင်းကြီး၏လက်တော်နှင့် ကိုယ်တိုင်ဆွမ်းပွဲပြင်၍ လုပ်ကျွေးသည်။ ယနေ့မှစ၍ သခင်မြတ်၏အဆုံးအမကိုခံပါတော့မည် ဟူ၍ တောင်းပန်လျှောက်ကြားသည်။ ဇေယျသူရ၊ ဇေယျသိခ်၊ ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချိဟူသော သားတော် ငါးပါးတို့ အလုပ်အကျွေးပြု၍ လှူတော်မူ၏။ ပုံ့သကူမထေရ်မြတ်သည် သားတော်ငါးပါးကို အလှူခံပြီးနေက် မင်းကြီးထံ ပြန်လည် အပ်နှံခဲ့သည်။ နရပတိစည်သူမင်းကြီးသည် ပုံ့သကူမထေရ်မြတ်ကို ဦးထိပ်ထားလျက် သားတော်တစ်ပါးလျှင် ဘုရားတစ်ဆူစီ သားဖော်တစ်ဦးစီ၏ ကိုယ်အလေးချိန်နှင့်ညီသော ရွှေပိဿာများ ချီးမြှင့်တည်စေခဲ့သည်။ ပုဂံနေပြည်တော်နှင့်ဝန်းကျင်တွင် စာကြိုဘုရားလှ၊ မြေပုံသာဘုရားလှ၊ ကန်စွန်းအိုဘုရားလှ၊ သိကြားတောင်ဘုရားလှ၊ ချောက်ဘုရားလှ ဟူသော ဘုရားငါးဆူ တည်ထားကိုးကွယ်ခဲ့သည်။

ပုဂံခေတ်တွင် ပုံ့သကူမထေရ်မြတ်ကို -

ကထိန်သင်္ကန်းမခံ၊ သုသာန်၌ သူကောင်လွှမ်းသော အဝတ်ပုဆိုးကို သာယူတော်မူ၍ ပုံ့သကူသုံးဆောင်မြဖြစ်သောကြောင့် ပုံ့သကူမထေရ်မြတ်ဟု ထင်ရှားသည်။ ပုံ့သကူမထေရ်မြတ်ကို ပုဂံသားတို့က ငစွယ်ရှင်ဆရာတော် မထေရ်မြတ်ဟူ၍လည်း ဤသို့ဝိသေသပြုခဲ့သည်။

သခင်မြတ်ပုံ့သကူမထေရ်မြတ်ကို ငစွယ်ရှင်တွင်သောအကြောင်းကား -

ငစွယ်ငယ်ဆိုသောသူသည် သူငယ်ဖော်များနှင့် နွားကျောင်းကြလေ၏။ ငစွယ်ငယ်က သူငယ်ချင်းများကို -

"အချင်းတို့လည်း ကုသိုလ်ဖြစ်စေ၊ ငါလည်း ကုသိုလ်ဖြစ်စေ ငါသေကျွန်ပြုမည်။ ငါကိုယ့်ပေါ်တွင် နင်တို့အဝတ်ပုဆိုးကိုလွှမ်း၍ သခင်မြတ်အား ပုံ့သကူကောက်တော်မူပါဟူ၍ လျှောက်ကြကုန်"

ဟု ဆို၏။

သူငယ်ချင်းများလည်း ငစွယ်ငယ်ဆိုတိုင်းပြု၍လျှောက်ကြလေ၏။

သခင်မြတ်လည်း သုသာန်တစပြင်သို့ကြွ၍ ပုံ့သကူကောက်တော်မူ၏။ သခင်မြတ်ကြွလေသော် ငစွယ်ငယ်လည်း လူသေအစစ်ဖြစ်၍ အသက်မရှိဖြစ်ဘိ၏။ သူငယ်ချင်းများလည်း ထိုအကြောင်းကိုမြင်လေသော် ငစွယ်ငယ်မိဘအိမ်သို့သွား၍ အကြောင်းမျိုးကိုပြန်လေ၏။ ငစွယ်ငယ်မိဘအစရှိသော သားချင်းမြေးဖော်တို့သည် သခင်မြတ်အား လျှောက်ကြလေ၏။

သခင်မြတ်လည်း ပရိတ်တော်ရေဖြင့် ငစွယ်ငယ်ကို ဖျန်းပက်တော်မူ၏။ ထိုသို့ ဖျန်းသောခဏ၌ ငစွယ်ငယ်လည်း သခင်မြတ်အားထ၍ရှိခိုး၏။ ငစွယ်ငယ်မိဘတို့သည် ငစွယ်ငယ်ကို သခင်မြတ်အားလှူလေ၏။ ထိုတွင်မှ သခင်မြတ်တို့ ငစွယ်ရှင်ဟုတွင်၏။


လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)

www.burmeseclassic.com

www.burmeseclassic.com




နိုင်ခင်မောင်လေး

# ဆံတော်ရှင်ဇိနမာရ်အောင်(ဦးဇိန) စေတီတော်သမိုင်း

(အပိုင်း-၂)

သာသနာနှစ် ၁၉၁ ခု သထုံဘုရင် ဥပဒေဝလက်ထက် ကပ်ကြီးဆိုက်သဖြင့် ပထမသုဝဏ္ဏဘူမိ ပျက်စီး၏။ စေတီအသီးသီးတွင် ဌာပနာခဲ့သော ဗုဒ္ဓ၏ ဆံတော်ရှင်ဓာတ်နှင့် သွားတော်ဓာတ်များ ကွယ်ပျောက်ကုန်၏။ ဒုတိယသုဝဏ္ဏဘူမိကိုပြန်လည်တည်ထောင်သောအခါ ရဟန္တာအရှင်မြတ်ဆံတော်၊ ဓာတ်တော်များကို ပြန်လည်ရှာဖွေတွေ့ရှိရ၏။ သွားတော်ဓာတ်(၃၃)ဆူကို ကိုးကွယ်လိုလျှင် မည်သူမဆို လာရောက် တောင်းယူနိုင်ကြောင်း အနယ်နယ်အရပ်ရပ်သို့ အကြောင်းကြား၏။ ထိုအခါ ရမ္မာပူရ (မော်လမြိုင်) မှ သွားဓာတ်တော်တစ်ဆူ တောင်းယူပြီး မွန်ပိရာဇာမင်းအား ဆက်







www.burmeseclassic.com

www.burmeseclassic.com

သ၏။ မွန်ပိရာဇာမင်းကလည်း ရမ္မာပူရ နေပြည်တော်တွင် စေတီတစ်ဆူတည် ထားကိုးကွယ်လို၏။ ထို့ကြောင့် ယင်း ကိစ္စကို တောင်ဝိုင်းသာသနာပိုင်ခင်ကြီး ဦးဉာဏအား လျှောက်ထားရန် မင်းချင်း တို့ကို စေလွှတ်၏။

ထိုစဉ်က ခင်ကြီးဦးဉာဏသည် မြတ်စွာဘုရား၏ ဆံတော်ရှင်တစ်ဆူရှိ သည်ဟု ဆိုခဲ့၏။ ဆရာတော်က စေတီ ကို သံလင်တောင်တွင် တည်ထားသင့် ကြောင်း မိမိလက်ဝယ်ရှိ ဆံတော်ကို ပတ္တမြားကြုတ်တွင်ထည့်၍ ဌာပနာရန် အကြောင်းကြားလာ၏။ ရွှေဆင်းတုဗုဒ္ဓ ဝင်အစုံ ကြေးပြား၌ ရေးသားထား သည့် ပိဋကတ်သုံးပုံအစုံကို ဌာပနာ ပစ္စည်းအဖြစ် မွတ်ပိရာဇာမင်းအားပေး အပ်လိုက်၏။ ထို့ကြောင့် ကျိုက်သလွံ စေတီတော်သည် မြတ်စွာဘုရား၏ သွားတော်များနှင့် ဆံတော်ရှင်ဓာတ် တစ်ဆူကိန်းဝပ်ရာစေတီ ဖြစ်၏။ ကျိုက် သလွံစေတီတော်၏ မူလဒါယိကာဖြစ် ၏။

ဖော်ပြခဲ့သည့်အတိုင်း ကျိုက်သလွံ စေတီ၌ မြတ်စွာဘုရား၏ဆံတော်အပြင် သွားတော်လည်း ကိန်းဝပ်ဌာပနာခဲ့၏။ ယင်းသွားတော်များကို မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ဂဝံပတိမထေရ် ဆောင်ကြဉ်းလာပြီး သီရိမာသောကမင်း









www.burmeseclassic.com

www.burmeseclassic.com







က စေတီ(၃၃) ဆူတည်ပြီး ယင်းစေတီများနှစ်ကြာသဖြင့် တိမ်မြုပ်သွားသည်ဟု ဆိုခဲ့ပြီး သာသနာနှစ် ၂၃၅ ခုနှစ် ရှင်သောဏနှင့် ဥတ္တရမထေရ်ကြွရောက်လာသောအခါကျမှသာ သွားတော်တည်ရာစေတီဟောင်းကိုပြန်ဖော်ပြီး အထက်ကဖော်ပြခဲ့သည့် နေရာဒေသနများတွင် စေတီ တည်ထား ကိုးကွယ်ခဲ့၏။ သည့်ကြောင့် သွားတော်စေတီများ တိမ်မြုပ်ပျောက်ကွယ်နေသည့် နှစ်ပေါင်းမှာ မြတ်စွာဘုရားသည် ဝါတော် (၄၅) ဝါရှိသဖြင့် သထုံကို ပထမကြွလာသည့် (၈) ဝါမှ (၄၅) ဝါအထိ ရှင်သောဏနှင့် ဥတ္တရမထေရ်သွားတော်ပြန်ဖော်သည်မှာ သာသနာနှစ် ၂၃၅ ယင်းခုနှစ်များကို ပေါင်းသော သွားတော်စေတီများ တိမ်မြုပ်နေသည်မှာ နှစ်ပေါင်း(၂၆၂)နှစ်ခန့် ကြာခဲ့၏။

ထို့အတူ ဦးဇိနစေတီတော်သည်လည်း အထက်ပါ ဆိုခဲ့သည့်အတိုင်း သာသနာနှစ် ၁၁၁ ခု မြတ်စွာဘုရားရှစ်ဝါမြောက် ရာမညဒေသသို့ကြွရောက်စဉ် ဇိနရသေ့ဆံတော်ရရှိပြီး ကျောက်ပုံစေတီတည်ထားခဲ့သည်ဟု ဆိုခဲ့၏။

ခရစ်နှစ် ၁၉၁၈ ခုနှစ်တွင် ထုတ်ဝေသည့် အိန္ဒိယအစိုးရ ရှေးဟောင်းသုတေသနမှ ပြုစုခဲ့သော မြန်မာပြည်ရှေးဟောင်း သမိုင်းဝင် အဆောက်အအုံစာရင်းပြန်တမ်း စာမျက်နှာ (၆)၊ အမှတ် (၂၀) တွင် ကျိုက္ကမီခရိုင် မော်လမြိုင်ရှိ ဦးဇိနစေတီကို ဘီစီ(၃၀၀)ခန့်က မနောဇိနရသေ့သည် ငွေကြေးကြွယ်ဝသည့် ကုန်သည်ကြီး မိန်ဒိ၏ အကူအညီဖြင့် မူလကရှိခဲ့သော ဆံတော်ကို ဌာပနာပြီး တည်ထားခဲ့ကြောင်း ဖော်ပြပါရှိ၏။ သည့်ကြောင့် ဦးဇိနစေတီတော်သည် ဖော်ပြခဲ့သည့် သွားတော်(၃၃)ဆူစေတီကဲ့သို့ နှစ်ပေါင်း (၂၆၂) နီးပါး ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းပြီး တိမ်မြုပ်ပျောက်ကွယ်နေသည်ဟု ဆိုခဲ့ခြင်းဖြစ်၏။ သို့သော် မူလဆံတော်ရသည့်ရသေ့မှာ ဇိနရသေ့ဖြစ်၍ ဇိနရသေ့၏ကျောက်ပုံစေတီကို စေတီအဖြစ်တည်ထားသူမှာ မနောဇိနရသေ့ဖြစ်သဖြင့် ရသေ့နှစ်ပါး၏အမည်မှာ တိုက်ဆိုင်နေသည်ကို တွေ့ရှိရ၏။ R.R LANGHAM CARTER ၏ OLD MOULMEIN (875-1880)စာအုပ်တွင် ဘီစီ ၃၀၀ ခန့် ပါဠိလိပုတ်ပြည့်ရှင် အသောကမင်းသည် ဆံတော်ရှင်တစ်ဆူ ဌာပနာပြီး ဦးဇိနစေတီတော်ကို တည်ထားခဲ့ကြောင်း အတိအလင်း ရေးသားဖော်ပြထား၏။

သက္ကရာဇ် ၆၄၉၊ ပြာသိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ နံနက်လေးချက်တီးကျော် နက္ခတ်(၂၂)လုံး၊ မိန်တွင် ၃-၀၊ တူတွင် ၅၊ ခနွတွင် ရာဟု၊ မကာရစန်းလဂ်နှင့် ၁-၄-၆ ဂြိုဟ်ယှဉ်ပူးလျက်တွင် ဝါရီရူမင်းသည် ပွန်စလိုင်မြစ်အနီးကျောက်တောင်စွန်းကို အမှီပြု၍ မုတ္တမကိုတည်၏။ မုတ္တမ(၃၂)မြို့ရှိ၏။ မုတ္တမကိုပါထည့်သွင်းရေတွက်က မုတ္တမ(၃၃)မြို့ရှိသည်ဟု ဆို၏။ သို့သော် မုတ္တမကား တစ်သမတ်တည်းရှိလာသည်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ တစ်ခါတစ်ခါတွင် မုတ္တမသည် (၄၄) မြို့အထိရှိကြောင်း မွန်ပေမူတွင် ဖော်ပြထား၏။

ဝါရီရူ တည်ထောင်သည့် မုတ္တမ (၃၂) မြို့တွင် မော်လမြိုင်လည်း တစ်မြို့ အပါအဝင် ဖြစ်၏။ တစ်နည်းအားဖြင့် ရမ္မာဝတီ(မော်လမြိုင်)ဘုရင်နန်းစိုက်ရာ မြို့အဖြစ်မှ လျှောကျပြီးနောက် ဝါရီရူ မင်းလက်ထက်တွင် မုတ္တမမြို့ဝင်အဖြစ် မြို့စားများ အုပ်ချုပ်သည့်အဆင့်သို့ ရောက်ရှိသွား၏။ မုတ္တမဘုရင် ဝါရီရူ လက်ထက် ကျာဇတိုင်(ကျာ်ဗ္ဘာင်)ဘုရား ကိုပြုပြင်၏။ကျိုက်ဇတိုင်းသည် မော်လ မြိုင်နှင့်ထုံးအိုင်ကြားရှိ ကျိုက်ဗတိုင်ကို လည်း ယူနိုင်၏။ ဦးဇိနဆံတော်ရှင် ကျိုက်ဗတိုင်းကို ယူနိုင်၏။ သို့မဟုတ် ဝါရီရူသည် ကျိုက်ဗတိုင်းဘုရားနှစ်ဆူ စလုံးကိုပြုပြင်ခဲ့လေသလော တွေးတော စရာ ဖြစ်၏။ ဦးဇိနဘုရားကို အလွန် ရှေးကျသောကာလကပင် ကျိုက်ပတိုင်း ဟု ခေါ်ဝေါ်ခဲ့၏။

အေဒီ ၁၅ ရာစု မွန်ဘုရင် ဓမ္မ စေတီမင်းလက်ထက်တွင် ဗုဒ္ဓသာသနာ တိုးတက်ပြန့်ပွားရေးကို အထူးဆောင် ရွက်ခဲ့၏။ သာသနာသန့်ရှင်းရေးလည်း ပြုလုပ်ခဲ့၏။ ထိုစဉ်က ရာမညဒေသဟု ခေါ်သောဒေသတွင် စေတီပုထိုးမြောက် မြားစွာပြုပြင်ခဲ့၏။ ကလျာဏီသိမ်ပေါင်း (၃၉၇) သိမ်သမုတ်ခဲ့၏။ ယင်းတို့အနက် မော်လမြိုင်တွင် (၄) သိမ်၊ မုတ္တမတွင် (၂၁) သိမ်နှင့် သမုတ်ခဲ့၏။ ဓမ္မစေတီမင်း သည် ဟံသာဝတီတွင် (၁၁၇) သိမ်နှင့် မွန်ပြည် နယ်တွင် (၂၈၀) စုစုပေါင်းသိမ် (၃၉၇) သိမ် ဖြစ်၏။ ထိုသို့ မုတ္တမ- မော်လမြိုင်အထိ စေတီပုထိုးပြုပြင်ခြင်း၊ သိမ်သမုတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် မော်လမြိုင်တောင်ရိုးတန်းတစ်လျှောက် တန်ခိုးကြီးဘုရားများဖြစ်သည့် ကျိုက် သလ္လံ၊ ဦးဇိနစေတီတော်များကိုလည်း ပြုပြင်ခဲ့မည်ဟု ယူဆရ၏။

အထက်ကဖော်ပြခဲ့သည့်အတိုင်း ပါဠိလိပ်ပြည့်ရှင် သို့မဟုတ် ကုန်သည် မွန်ဒိတို့က ဦးဇိနရသေ့၏ ကျောက်ပုံ စေတီကိုပြုပြင်ပြီးနောက် နှစ်ပေါင်းများ စွာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်း ကွယ်ပျောက်နေပြန်၏။ ယခင်ရေးသား မှတ်တမ်းတင်ခဲ့သည့် ဦးဇိနဘုရားသမိုင်း ဟောင်းအလိုအရ ဖော်ပြပါ ဒါယိကာ ပြီးနောက် မြန်မာနှစ် ၁၁၉၅ ခုနှစ်၊ ခရစ်နှစ် အေဒီ ၁၈၃၄ တွင် အလှူရှင် ဦးလူကလေးနှင့် ဒေါ်မိတို့ ဉာဏ်တော် (၇၅) ပေအထိမြှင့်ခဲ့ကြောင်း ဆို၏။ သို့သော် အသောကမင်း သို့မဟုတ် ကုန်သည်မိန်ဒနှင့် ဦးလူကလေး၊ ဒေါ်မိ ကြားတွင် အလှူရှင်တစ်ဦးရှိသေးသည် ဟု ခိုင်မာသော အထောက်အထားအရ သိရှိရ၏။

ယခုလက်ရှိ ဂေါပကအဖွဲ့သည် ထီးတော်ကိုပြုပြင်ရန်အတွက် ထီးကိုချ သောအခါ ထီးတော်တွင် ချိတ်ဆွဲထား သော ခေါင်းလောင်းများအနက် ခေါင်း လောင်းအချို့မှာ မြန်မာနှစ် ၁၁၀၁ ဟု ကမ္ပည်းရေးထိုးထား၏။









www.burmeseclassic.com

www.burmeseclassic.com

မုတ္တမမြသိန်းတန်စေတီကိုပြုပြင်စဉ်က စေတီအနီးတွင် မွန်ကြေးဆင်းတုတော်တစ်ဆူ တူးဖော်တွေ့ရှိရ၏။ ထိုဆင်းတုကို မြန်မာနှစ် ၉၁၅ ခုတွင် မော်လမြိုင်မြို့စား ဗညားဦးက သွန်းလုပ်ခဲ့ကြောင်း၊ ကြေးချိန်ပိဿာ(၃၀၀)ရှိကြောင်း ကမ္ပည်းထိုးထား၏။ ထို့ကြောင့် မြန်မာနှစ် ၉၁၅ ခုတွင် မော်လမြိုင်သည် ဘုရင်နန်းစိုက်သည့် မြို့တော်မဟုတ်တော့။ မြို့စားအုပ်ချုပ်သောအဆင့်သို့ ရောက်ရှိသွားကြောင်း သိရှိရ၏။

အေဒီ ၁၆၇၈ ခုတွင် မော်လမြိုင်မြို့ကို ဗညားကင်းရန်အုပ်ချုပ်၏။ လဗင်(မုဒုံ)မြို့ကိုကား ဗညားစက္ကရွှန်း မြို့စားအဖြစ် အုပ်ချုပ်၏။ ဗညားစက္ကရွှန်းသည် မွန်ပေမူအရ 'ကျ်ဟ္တာင်' 'ကျိုက်ဗတိုင်း' ဘုရားဖြူကို ပြုပြင်ခဲ့၏။ ထိုစဉ်က ဘုရားဖြူတွင် ရဟန်းခုနစ်ပါးသီတင်းသုံးနေ၏။ ဗညားစက္ကရွှန်းသည် ယင်းရဟန်းခုနစ်ပါးနှင့်အတူ စေတီနှစ်ဆူ၊ ဇရပ်နှစ်ဆောင် ဝင်္ကသုံးခုဆောက်လုပ်ခဲ့၏။





၁၈၉၆ ခုနှစ်က တွေ့ရှိရသော ဦးဇိနဆံတော်ရှင်၏ ဓာတ်ပုံအထောက်အထားအရ ဗညားစက္ကရွှန်းသည် ဖော်ပြပါ အဆောက်အအုံများကို လှူဒါန်းသည်မှာ မှန်ကန်သည်ဟု ကောက်ချက်ချနိုင်၏။ သို့သော် ဗညားစက္ကရွှန်းလှူဒါန်းခဲ့သော အဆောက်အအုံများသည် ၁၉၆၀ပြည့်နှစ် ဦးဇိနစေတီတော်ရင်ပြင်တစ်ခုလုံးပြုကျစဉ်က ပျက်စီးသွားသဖြင့် ယင်းအဆောက်အအုံများမကျန်ရှိတော့ချေ။ ၁၈၉၅ ခုနှစ်က ရင်ပြင်တော်မပြိုခင်ဓာတ်ပုံနှင့် ၁၉၆၀ပြည့်နှစ်က ရင်ပြင်တော်တစ်ခုလုံးပြိုကျပြီးနောက် ဖူးမြင်ရသည့်ဓာတ်ပုံများကို နှိုင်းယှဉ်လေ့လာနိုင်၏။

ဌာပနာထားသော ဆံတော်ကိုလည်း (၇) ဆူဟု အချို့ကရေးသားခဲ့၏။ မှတ်တမ်းများအရ မော်လမြိုင်မြို့ရှိ ဆံတော်ရှင်စေတီများကို ဇယားတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရ၏။ ဖော်ပြပါမှတ်တမ်းအရ ဦးဇိနဘုရားတွင် ဆံတော် (၁) ဆူရှိကြောင်း တွေ့ရှိရ၏။ ၁၉၄၇ ခုနှစ်ထုတ် R.R LanaHan Center ၏ Old noulmein စာအုပ်၌ ဦးဇိနစေတီတော်တွင် ဆံတော်တစ်ဆူရှိကြောင်းဆို၏။ မည်သို့ပင်ဖြစ်စေ ဦးဇိနသည် ဆံတော်ရှင်စေတီအစစ်ဖြစ်သည်ကိုကား အခိုင်အမာပြောနိုင်၏။

**ယခုလက်ရှိ ဖူးမြော်နေရသည့် ဦးဇိနဆံတော်ရှင်**

ဗြိတိသျှတို့ ကျိုက္ခမိတွင် ရုံးစိုက်


| စဉ် | ဆံတော်အဆူ | မြို့အမည် | တည်ရှိရာအရပ် | ယခုအမည် |
|---|---|---|---|---|
| ၁။ | ဆံတော်(၁)ဆူ | မော်လမြိုင် | မရမ်းကုန်းရပ် | ကျိုက်သုတ်စေတီ |
| ၂။ | ဆံတော်(၁)ဆူ | မော်လမြိုင် | ဈေးရုံကြီးအနီး | တောင်တော်ဦးဇိနဘုရား |
| ၃။ | ဆံတော်(၁)ဆူ | မော်လမြိုင် | မုပွန်ရပ် | မလိပ်ကုရီစေတီတော် |
| ၄။ | ဆံတော်(၁)ဆူ | မော်လမြိုင် | မောင်ငံရပ် | ကျိုက်ဝဲဂူစေတီတော် |
| ၅။ | ဆံတော်(၁)ဆူ | မော်လမြိုင် | မောင်ငံရပ် | ရွှေဖျိုင်းဖြူစေတီတော် |
| ၆။ | ဆံတော်(၁)ဆူ | မော်လမြိုင် | ဒိုင်းဝန်ကွင်း | ကျိုက်ဖနဲး |
| ၇။ | ဆံတော်(၁)ဆူ | မော်လမြိုင် | ရိုးဂိုးဘင်လှိုင်ရွာ | ရိုးဂိုးစေတီ |
| ၈။ | ဆံတော်(၁)ဆူ | မော်လမြိုင် | ကျိုက်သလ္လံကုန်း | ကျိုက်သလ္လံစေတီတော် |



www.burmeseclassic.com

www.burmeseclassic.com





စဉ်က မော်လမြိုင်မြို့သို့ ရောက်ရှိလာသော ဗြိတိသျှစာရေးဆရာ မဲ(လ်)ကျွန်က မော်လမြိုင်တောင်ရိုးတန်းတစ်လျှောက် စေတီပုထိုးပြိုပျက်နေပြီး ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းလျက်ရှိသည်ဟုရေးသားခဲ့၏။ ဦးဇိနစေတီတော်သည်လည်း လူမမြင်သူမမြင် ချုံနွယ်ပိတ်ပေါင်းကြားတွင် နစ်မြုပ်နေသည်ဟု ယူဆရ၏။ မြန်မာနှစ် ၁၁၉၅ ခုနှစ်ကျမှ စေတီပုထိုးဝတ်တန်ဆောင်းဂူကျောင်းများကို ပြန်လည် ပြုပြင်သဖြင့် သစ်လွင်တောက်ပလာ၏။

ချုံနွယ်ပိတ်ပေါင်းများအကြားတွင် ကွယ်ပျောက်နေသည့် ဦးဇိနဆံတော်ရှင်စေတီအား မြန်မာနှစ် ၁၁၉၅ ခုနှစ်တွင် အေဒီ ၁၈၃၄ ဘုရားဒါယိကာ ဦးလူကလေးနှင့် ဘုရားအမ ဒေါ်မိတို့ ချုံနွယ်တို့ကို ဖယ်ရှားပြီး ရွှေထီးတော်တင်လှူခဲ့၏။ ဦးလူကလေးသည် စေတီတော်၏ဉာဏ်တော်ကို (၇၅) အထိ မြှင့်တင်ခဲ့၏။ နောက်နှစ် အေဒီ၁၈၃၅တွင် ယင်းတို့၏သားနှစ်ယောက်က ထီးတော်ကိုတင်လှူခဲ့၏။ သည့်ကြောင့် မြို့သူမြို့သားများကလည်း ဦးလူကလေးကို ဦးဇိနဟု ခေါ်ဝေါ်ခဲ့ကြ၏။ ဦးဇိနနှင့်ပတ်သက်၍ မှုကွဲအဆိုတစ်ခုရှိ၏။

အင်္ဂလိပ်များ အထက်မြန်မာနိုင်ငံကိုမသိမ်းပိုက်နိုင်မီ အောက်မြန်မာနိုင်ငံနှင့် မြေလတ်ပိုင်းတို့အတွက် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်နှင့်သရက်မြို့များကို အခြေခံ (၄)ဌာနအဖြစ် စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည်တို့အတွက် အခိုင်အမာ တပ်စွဲထားကြ၏။ အထူးသဖြင့် မော်လမြိုင်မြို့သည် အင်္ဂလိပ်အုပ်ချုပ်ရေးအောက်တွင် မွန်၊ မြန်မာတို့ အလုပ်အကိုင်ပေါကြ၏။ အရောင်းအဝယ်များတွင်ကျယ်ကြ၏။ ထို့ကြောင့် အထက်အညာမှ ရဟန်းရှင်လူတို့သည်လည်း 'ရေကြည်ရာမြက်နုရာ'ပြောင်းရွှေ့လာကြသည်။

ထိုအထဲတွင် ရုပ်ချော၍ အပြောအဟောကောင်းသူ ဦးဇိနခေါ် အညာသားပဉ္စင်းငယ်တစ်ပါးလည်း မော်လမြိုင်သို့ ကြွလာ၏။ ဦးဇိနသည် အဟောအပြောကောင်း၍ လူအများကြည်ညိုကြသော်လည်း ရဟန်းဘဝ၌နေရန် ကံပါရမီကုန်၍ လူဝတ်ကြောင်ဘဝသို့စုန်ခဲ့ရ၏။ အလုပ်အကိုင်ပေါများ၍ နေရေးစားရေး အခက်အခဲမရှိလှချေ။ အလုပ်များလုပ်ကိုင်၍ အတန်ငယ် ငွေကြေးစုဆောင်းမိသောအခါ အိမ်ထောင်ပြုလျက် ကြက်တန်းမန္တလေးအရပ်၌နေထိုင်လေ၏။

ဦးဇိနအား လူဝတ်ကြောင်ဘဝတွင်လည်း ဦးဇိန ဟူ၍ပင်ခေါ်ကြသည်။ စီးပွားရေးမှာ အထိုက်အလျောက်နေသာထိုင်သာရှိသော်လည်း ဦးဇိနကား သူ့ဘဝတွင် နှစ်ခြိုက်လှသည်မရှိ။ နေ့ရှိသမျှ အချိန်မှန် ဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ မြို့စောင့်နတ်၊ တောင်စောင့်နတ် စသည်တို့အား အမျှဝေ၊ ရတနာသုံးပါးလည်းမပြတ်ပေ။ တစ်ဖက်က စားဝတ်နေရေးကိုလည်း ရှုန်းကန်လှုပ်ရှားရလေ၏။

ထိုအချိန်က အားမတန်မာန်လျှော့ကာ အင်္ဂလိပ်မစ္ဆာဒိဋ္ဌိလူမျိုးတို့၏ လက်အောက်တွင်နေကြရရာ၌ မွန်၊ မြန်မာဘာသာရေးခေါင်းဆောင်တို့သည် ပို၍စိတ်ဆင်းရဲခဲ့ကြရ၏။ ထိုအကြောင်းကျိုက်သလ္လံစေတီရင်ပြင်တော်ရှိ စစ်ကဲကြီးကျောက်စာနှင့် အချိန်(၆၀၀)ရှိကြေးခေါင်းလောင်းကြီးက သက်သေထူလျက်ရှိနေ၏။

ထိုမှတစ်ပါး မော်လမြိုင်မြို့တွင် ခရစ်ယာန်ပုံနှိပ်တိုက်ကြီးများ အထူးထင်ရှား၍ ခရစ်ယာန်ကျမ်းစာများရိုက်နှိပ်ဖြန့်ဝေခြင်း၊ သာသနာပြုကျောင်းများထွန်းကားပြန့်ပွားနေခြင်း၊ ဗုဒ္ဓဘာသာကျောင်းကန်များမှာ (ယခုအခါကဲ့သို့မရှိသေးဘဲ) အလွန်အားနည်းနေခြင်းများကိုလည်းမြင်နေရရာ ဦးဇိန၏ နှလုံးသားတွင် သာသနာစိတ်က နှိုးဆွလျက်ရှိနေခဲ့၏။

သာသနာ့စိတ်ကနှိုးဆွလေ လူမှုရေးလည်းမချွတ်စေရ။ ရတနာသုံးပါးဝတ်လည်း ပို၍စွဲမြဲအောင်လုပ်ရလေနေလာခဲ့ပေသည်။ တစ်ခုသောညတွင် ဦးဇိနမှာ ထူးဆန်းသောအိပ်မက်တစ်ခုကိုမက်၏။


အိပ်မက်မှာ အိပ်မက်မဟုတ်ဘဲ အမှန်တကယ်ဖြစ်နေသလားဟုပင်ထင်ရ၏။

ဦးဇိန တောင်ရိုးတစ်ခုပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။ တဖြည်းဖြည်းတက်သွားရာ အမြင့်ဆုံးတောင်ထိပ်တစ်နေရာသို့ ရောက်သွား၏။ တောင်ထိပ်ပေါ် ရပ်၍ အမောဖြေနေခိုက် ရုတ်တရက် ဝတ်ဖြူစင်ကြယ်နှင့်လူတစ်ဦးက မိမိအားလာ၍ စကားပြော၏။

"အမောင်၊ ချမ်းသာကြီးပွား၍ ဘုရားကျေးဇူးဆပ်ချင်ရင် ဒီနေရာမှာ ဘုရားတည်ပါ။ မုချချမ်းသာကြီးပွားပါလိမ့်မယ်"

ဦးဇိနက ထိုပုဂ္ဂိုလ်အား -

"ကောင်းပါတယ်၊ ကျွန်တော်လည်း ဘုရားတည်၊ ကျောင်းဆောက်ဖို့ဆန္ဒရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာစားရုံသောက်ရုံပဲ ငွေကရှိတာ၊ အပိုအလျှံမရှိတော့ ခက်တယ်"

ဟု ပြောရာ ထိုပုဂ္ဂိုလ်က -

"အို-အမောင်၊ ကြားဖူးတယ်မဟုတ်လား။ 'မရှိလို့မလှူ၊ မလှူလို့မရှိ၊ လှူလေရလေ၊ ရလေတိုးလှူရလေ' ဆိုတာလေ"

ထိုစကားကိုမူ ဦးဇိန မငြင်းနိုင်။ ထိုအခိုက် အိပ်ရာမှလန့်၍နိုး၏။ မိန်းမအားနှိုး၍ပြောရာ မိန်းမက သူပြောသည့်အိပ်မက်အတိုင်း 'မဖြစ်နိုင်ပါဘူး တော်ရယ်' ဟု နိဂုံးချုပ်ကာ ပြန်၍အိပ်ကြလေ၏။

ဦးဇိနကား ရတနာသုံးပါးဝတ်ကို တိုး၍လုပ်လာ၏။ နှစ်ရက်ကြာ ထိုအတိုင်းပင် ထပ်၍မက်ပြန်သည်။ ညီသို့မျှအိပ်မက်အတိုင်းလုပ်ဆောင်နိုင်အားမရှိကြ။ ထိုအတိုင်းပင် နောက်ထပ်နှစ်ရက်အကြာ တတိယအကြိမ်မြင်မက်သောအခါ -

"ရှင်မရေ၊ ဒီလောက်တောင်နှိုးဆော်နေမှတော့ ဘာမှစဉ်းစားမနေနဲ့ ဘုရားတည်ကြရအောင်ကွာ။ အဲဒီအိပ်မက်ထဲက ပြတဲ့နေရာလည်း ငါ့မျက်စိထဲမှာ အခုတောင်မြင်နေတယ်"

"တော့်. . . ဘယ်မှာလဲ ပိုက်ဆံက။ အနည်းဆုံး သောင်းကိုးထောင်ရှိမှ ...တော်ရဲ့"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ခုလက်ထဲမှာ စစ်စစ်ပေါက်ပေါက် နှစ်ရာကျော်သုံးရာကျော်ရှိမယ်။ ဒီငွေကို အရင်းထားပြီး ကိုယ့်လုပ်အားများများနဲ့ငွေရှိသလောက်ပဲတည်ကြည့်မယ်။ နောက်တိုးပြီးရှိလာတော့လည်း ခပ်ကြီးကြီးတိုးပြီးငုံတည်လို့ရပါတယ်"

နေကောင်းစွာထွက်ပြူလာသဖြင့် နေရာသတ်မှတ်ပြီး ချုံနွယ်မြက်များရှင်းလင်းကြရာ နာရီဝက်ခန့်ကြာလျှင် မြေကြီးကိုပေါက်လိုက်သော ပေါက်ပြားမှ 'ချွင်' ခနဲ ဟူသောအသံ ထွက်ပေါ်လာ၍ကြည့်လိုက်ရာ မြေအိုးနှုတ်ခမ်းပဲ့သွားသည်ကို တွေ့ကြရလေသည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦးတစ်ယောက်မျက်နှာတစ်ယောက် အံ့အားသင့်သောအကြည့်ဖြင့် အကြည့်ချင်းဆုံသွား၏။ ပေါက်ပြားပေါက်သောနေရာကို သေသေချာချာကြည့်ကြသောအခါ ရွှေအိုးကြီးဖြစ်နေသည်ကိုတွေ့ကြရသည်။ ရွှေမန်ကျည်းသီးတောင့်များအပြည့်အနှက်ပါရှိ၏။ ဆက်၍တူးကြရာ ရွှေအိုးကြီး (၇) လုံးပင် ရရှိကြလေ၏။

မကြာမီ တောင်ထိပ်တစ်ခုလုံး လူအားဖြင့်တူးဖြို၍ စည်မျက်နှာပြင်ကဲ့သို့ဖြစ်အောင် မြေကိုညှိစေ၏။ တောင်ထိပ်တစ်ခုလုံးကိုပတ်မိအောင် အုတ်တံတိုင်းခတ်၍ စောင်းတန်းလေးသွယ်တန်းလိုက်သည်။ စေတီတော်ဖိနပ်မြေ အတောင် (၆၀)ကျော်ကျော်အုတ်အပြည့်ခင်းလျက် သံတောင် (၇၀) ကျော်ကျော်မြင့်သော စေတီကြီးတစ်ဆူတည်ကြလေသည်။ ပြီးလျှင် ရွှေအပြည့်ချ၍ပူဇော်၏။ တံတိုင်းအတွင်းပတ်ပတ်လည်၌ ဇရပ်တန်ဆောင်းများဆောက်လုပ်ကာ ဥပုသ်သည်များအား ကျွေးမွေးလှူဒါန်းခြင်း၊ နိုင်ငံကျော်ဓမ္မကထိကများ ပင့်ဖိတ်ကာ အခါအားလျော်စွာ တရားပွဲများကျင်းပခြင်း၊ ဆွမ်းကြီးလောင်းလှူပွဲများပြုလုပ်ခြင်း စသည်ဖြင့် ခရစ်ယာန်တို့ ကြီးစိုးလာသော မော်လမြိုင်မြို့တွင် သာသနာ့ရောင်ခြည်တစ်စတစ်စထွန်းပြောင်လာလေတော့၏။

သို့သော် ယခု ဖူးမြင်နေရသည့် စေတီကို ပြုပြင်ခဲ့သူမှာ ရွှေကျောင်းကြီးဒါယိကာ ဦးမိုးနှင့် ကျောင်းအမ မယ်ငြိမ်းကောင်းသည် ဝတ်ကျောင်း၊ သိမ်၊ ဇရပ်၊ ပြာသာဒ်တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်းတံတား စသည်တို့ကို အများအပြား ပြုပြင်ဆောက်လုပ်လှူဒါန်းခဲ့၏။ သို့သော် ဤမျှအလှူဒါနတွင် အားမရနိုင်၊ လှူလိုတန်းလိုသည့် စေတနာသုံးတန်သည် အမြဲတစေ စိတ်သန္တာန်တွင် ပြဋ္ဌာန်းနေ၏။

သည့်ကြောင့် သက္ကရာဇ် ၁၂၄၄ခုတွင် ဇိနမာန်အောင်(ဦးဇိန)ဆံတော်ရှင်စေတီကို အောက်ခြေမှချရာသည်အထိ ပြီးစီးအောင်ပြုပြင်ခဲ့၏။ သို့သော် ယင်းပြုပြင်သော စေတီတော်ကြီးမှာ ကြာရှည်မခံ ယိမ်းယိုင်ပြိုပျက်ကုန်၏။ ထို့ကြောင့် သက္ကရာဇ် ၁၂၄၇ ခုနှစ် တော်သလင်းလပြည့်နေ့တွင် သံဃာအရှင်မြတ်များကို ကမ္မဝါဖတ်စေပြီး စေတီတော်ကြီးအား အသစ်တဖန်အုတ်မြစ်ချ၍တစ်ဖန်တည်ထားပြန်၏။ ထိုသို့ တစ်ဖန်တည်ထားရာ ဘုံအဆုံးတွင် ပြိုပျက်သွားပြန်၏။ သို့သော် ဦးမိုးကား စေတနာမပျက်အားမလျှော့ဘဲ ၁၂၄၈ ခုနှစ်တွင် သည့်ထက် ကြီးကျယ်ခိုင်ခံ့သောစေတီကြီးကို ပြုပြင်တည်ထားပြန်၏။ သည်တစ်ခါ ဦးမိုး၏သဒ္ဓါတရားကြောင့် စေတီတော်ကြီး ၁၂၅၀ ပြည့်နှစ်အကူးတွင် ပြီးမြောက်အောင်မြင်အောင် တည်ဆောက်နိုင်ခဲ့၏။ စေတီကြီးဆောက်လုပ်ပြီးစီးသည်နှင့် ရွှေထီးတော်လည်း ထိုနှစ်တွင်ပင်တင်လှူနိုင်ခဲ့၏။ ဦးမိုးသည် စေတီတော်၏ဉာဏ်တော်ကို (၁၁၂) ပေအထိ မြှင့်တင်နိုင်ခဲ့၏။

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

သင်္ကေတ ဝစနံ သစ္စံ၊
လောကသမ္မုတိကရဏာ၊
ပရမတ္ထ ဝစနံ သစ္စံ၊
သဘာဝဘူတကရဏာ။

**သင်္ကေတဝစနံ** - လူတို့အမှတ်ပြု၍ ဆိုအပ်သမျှ စကားသည်၊ **သစ္စံ**-မှန်သည် ချည်းဖြစ်၏။ **ကသ္မာ** - အဘယ်ကြောင့် ဆိုသော်၊ **လောကသမ္မုတိကရဏာ** - အများက သမုတ်ပညတ်၍ ခေါ်ဝေါ်ပြု နေသောကြောင့်ဖြစ်သတည်း။

**ပရမတ္ထ ဝစနံ** - ပရမတ်စကားမျိုး သည်လည်း၊ **သစ္စံ** - မှန်သည်ချည်းသာ ဖြစ်၏။ **ကသ္မာ**-အဘယ်ကြောင့်ဆိုသော်၊ **ဓမ္မနံ** - သဘာဝတရားတို့၏၊ **ဘူတကရဏာ** - ထင်ရှားရှိသောကြောင့် ဖြစ်သတည်း။

ဝေါဟာရသည် ပညတ်စကား ဖြစ်၏။ ထိုစကားသည် လူအပေါင်း၏ ခေါ်ဝေါ်ပညတ်ချက်အရ ထွက်လာရ သဖြင့် သစ္စ-မှန်သောစကားဖြစ်သော ကြောင့် ၎င်းကို ဘုရားသခင်သည်ပင် ပယ်ရှားတော်မမူလေဘဲ သုံးစွဲခြင်းပြု တော်မူပုံများမှာ ကတိဝုတ် အဌကထာ လာစကားအရ ထင်ရှား၏။

(မင်္ဂလဘီသေကလက်စွဲကျမ်း
သိဒ္ဓိအောင်)

လောကကြီးကို ကာလအားဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ သုံး ပိုင်းခွဲခြားထားသည်။ ယခင်က ဖြစ်ပျက် ခဲ့သည်ကို အတိတ်ကာလ။ ယခုပစ္စုက္ခ မျက်မှောက်ဖြစ်ပျက်နေသည်ကို ပစ္စုပ္ပန် ကာလ၊ နောက်နောင်ဖြစ်ပျက်မည် ဖြစ် ပျက်လတ္တံ့ကို အနာဂတ်ကာလ ဟူ၍ ပညတ်ခေါ်ဝေါ်နေကြသည်။

ကာလအားဖြင့် အတိတ်ကာလ ကဟု ဆိုရမည်။ တိုးလွန်ခဲ့သော အနှစ် (၂၁) နှစ်ငလောက်က အဖြစ်အပျက်။ တောရွာများတွင် တီဗွီ၊ ဗွီဒီယိုတွေစတင် ၍ ကြည့်လာရသောအချိန်က ကျေးရွာ တစ်ရွာတွင် ဗွီဒီယိုပြစက်တစ်လုံးရှိခဲ့ သည်။ ရှိပြန်တော့လည်း အလကား မကြည့်ရ။ အခကြေးငွေပေး၍ ကြည့်ရ သည်။ ကျွန်တော်တို့ရွာသည် မကွေး တိုင်းဒေသကြီး ရေစကြိုမြို့နယ် တောင် လက်အဆုံးတွင် တည်ရှိသောရွာ ဖြစ် သည်။ နာမည်က ကြူရွာကျေးရွာအုပ်စု။ ကျေးရွာအုပ်စုတွင် ကြူရွာမ၊ ကြူရွာ သစ်၊ ဆင်ကြို့ရွာမ၊ ဆင်ကြို့ရွာသစ်ဟူ၍ ရွာခွဲလေးလေးရွာရှိခဲ့သည်။ ဗွီဒီယိုပြစက် မှာ ကြူရွာမတွင်တစ်လုံး၊ ကြူရွာသစ် တွင် တစ်လုံးရှိခဲ့သည်။ ကြူရွာမတွင် ဗွီဒီယိုပိုင်ရှင်က ဦးမြရှောင်၊ ကြူရွာ သစ်တွင် ဦးခင်မောင်က ပိုင်ဆိုင် သည်။ လူတစ်ယောက် ရုံဝင်ခ (၁၀၀) ကျပ်၊ ကလေးတစ် ယောက် (၅၀) ကျပ်ပေးရ သည်။ လက်ဆွဲ၍ အမေ သို့မဟုတ် အရီး၊ သား ချင်းနှင့်လိုက်သွားသော ကလေးသာ ပေးရ

(ကိုးဆောင်မြှင်းခြံ)

# မောင်ကြည်-ကြူ

## အိပ်မက်လေလား ဝိုးတဝါး



www.burmeseclassic.com

သည်။ တချို့ ကလေးအမေများက အရွယ်ရောက်ကလေးများကို ရုံဝင်ခ (၅၀) ကျပ် သက်သာစေရန် ခါးထစ်ခွချီ၍ ရုံထဲဝင်ကြသည်။ ကြူရှာသစ်ဗွီဒီယို ပိုင်ရှင် ဦးခင်မောင်က ဤကဲ့သို့ ရုံဝင်လာသော ကလေးဖင်တုံးကို ကလေးအမေ မသိခင် လိမ်ဆွဲတတ်၏။ ကလေး ဆတ်ဆတ်လူးငိုရ၏။ (၅၀) ကျပ် သက်သာတာနှင့်မကာတော့။ ဤအချိန်က လုပ်အားခတစ်နပ်လျှင် (၁၀၀)ကျပ်သာ ရသည်။ ကြည့်ချင်၍သာကြည့်ကြသည်၊ တစ်နပ်စာကျွန်ခံရသည်။ ဗွီဒီယိုပိုင်ရှင်များက မန်ကျည်းပင်ထိပ်ဖျားတွင်တက်၍ အော်လံ(ဟွန်း)များကို တပ်ဆင်ထားကြ၏။ တစ်ကမ္ဘာနှင့်တစ်ကမ္ဘာ တာဝေးပစ်ဒိုးပုံ တပ်ဆင်ထားသည့်အလား ကြူရှာသစ်ဦးခင်မောင်၏ဗွီဒီယိုရုံအော်လံက ကြူရှာမ ဦးမြရှောင် ဗွီဒီယိုရုံဆီသို့ တည့်တည့်လှည့်ထား၏။ ဦးမြရှောင်ဗွီဒီယိုရုံကလည်း ထိုနည်းလည်းကောင်း ဖြစ်သည်။ နေဝင်လျှင်ကြော်ငြာတော့သည်။ သူထက်ငါ ဦးအောင်ကြော်ငြာသည်။ ကြိုက်ရာ သရုပ်ဆောင်မင်းသား၊ မင်းသမီးပါသည့်ရုံကို သွားကြည့်ကြသည်။

အုံ့သော်၊ ဇော်ဝင်းထွေး၊ ကျော်လင်းထက် သုံးဦးသားကတော့ ဗွီဒီယိုရုံကို ကန်ထရိုက်ဆွဲထားသည့်အလား ဇာတ်ကားကောင်းသည့်ရုံဆီသို့ သွားကြည့်ကြသည်။

တစ်နေ့ ပြာသိုလထဲမှ တစ်နေ့။ ရွာမြောက်ဘက် ထန်းတောဆီမှ အမျိုးသမီးတစ်ယောက် ဦးမြရှောင်ဗွီဒီယိုရုံဆီသို့ ဦးတည်လာနေသည်။ လရောင်က ဝိုးတစ်ဝါး။ နှင်းမှုန်ကြားမှ အားယူကာ လောကကြီးအား အလင်းပေးနေသည်။ မှုန်ဝါးသော အလင်းရောင်အောက်မှ မိန်းကလေးမှာ ဆင်မယဉ်သာခြေလှမ်း လှုပ်လီလှုပ်လဲ့ ကနွဲ့ကယနိုင်လှချည့်။ ဗွီဒီယိုရုံဝသို့ရောက်ပြီ။ မျက်စိနှစ်လုံးကို ဝေ့ယမ်းကြည့်သည်။ မိန်းကလေးများရှိသော ရုံလယ်သို့ သွားရောက်ထိုင်လိုက်သည်။ ဗွီဒီယိုရုံဟုဆိုရသော်လည်း အမိုးအကာဗလာနတ္ထိ။ ဗွီဒီယိုပုံးကို စားပွဲပေါ်တွင်တင်ထားပြီးပြသခြင်းသာ။ တောသူတောင်သားများမှာ သဘာဝ၏ ကာကွယ်ဆေးများကြောင့် မျက်စိနာခြင်းမရှိ။ ဖျားနာခြင်းမရှိ၊ နဘယ် ဘေးမရှိကြပါ။

နေ့စဉ် ရုံဝတွင် အုံ့သော်၊ ဇော်ဝင်းထွေး၊ ကျော်လင်းထက်တို့သုံးဦး သူတို့၏မျက်စိများကို အားပါးတရအစာကျွေးနေကြသည်။ မည်သည့်မိန်းကလေးကတော့ ဘယ်လို၊ မည်သူ့သမီးကတော့ ဘယ်ကဲ့သို့ဝေဖန်သည်။ သုံးသပ်သည်။ ဆုံးဖြတ်သည်။ ပြီးတော့ ချဉ်းကပ်သည်။ ဒါက သဘာဝတရား။ ဖိုသည် မကို စွဲလမ်းတပ်မက်သည်။ မကလည်း ဖိုကို တပ်မက်သည်။ လိင်မတူသည်ကိုတပ်မက်စွဲလမ်းခြင်း တွန်းလှန်ဖယ်ထုတ်ပစ်ပယ်၍မရသော နိယာမသဘောတရား။ ဘုရား၊ ရဟန္တာ၊ အရိယာတို့သာ ပယ်သတ်နိုင်သောတရား။ အုံ့သော်က ဇော်ဝင်းထွေးနှင့်ကျော်လင်းထက်အား လက်တို့သည်။ မေးငေါ့ပြသည်။ ဗွီဒီယိုရုံ အလယ်တွင် မှန်သားပြင်အား ငေးစိုက်ကြည့်နေသော မိန်းကလေး။ ထိုမိန်းကလေးသည် ဆံပင်ကို ဖားလျားချထားသည်။ အကျီက လက်ရှည်ကြီးမဟုတ်။ လက်စက ဖက်ဖူးရောင်ရင်စေ့၊ အဖုအထစ်၊ အရစ်အတွ၊ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် ထည်ဝါလှပါဘိခြင်း။ အုံ့သော်တို့လူတစ်သိုက် ဤမိန်းကလေးဆီမှမျက်စိမခွာတော့။ ဗွီဒီယိုဇာတ်လမ်းကိုမကြည့်နိုင်တော့။ အနှီ မိန်းကလေးကတော့ သူ၏ဘေးပတ်ဝန်းကျင်မှ အတူထိုင်နေသော အမျိုးသမီးများကိုပင် ဂရုမမူ အလေးမထား စကားမပြောတစ်ကိုယ်တည်းဆန်လွန်းလှသည်။ မာနကြီး၍လော၊ အဖက်မတန်၍လော၊ အဆင့်အတန်းခွဲခြား၍လော။ မည်သူ့အိမ်မှာတည်း၍မည်သူ့အဖော်ပါသနည်းဟု အုံ့သော်တို့လူတစ်သိုက် အကဲခတ်နေကြသည်။

ဗွီဒီယိုဇာတ်လမ်းပြီးပါပြီ။ အနှီမိန်းကလေး၏ ဘေးပတ်ဝန်းကျင်မှ မိန်းကလေးများ ဗွီဒီယိုရုံထဲမှ ထွက်လာကြလေသည်။ ရွာတောင်ပိုင်းသူများ၊ အနောက်ပိုင်းသူများ၊ အရှေ့ပိုင်းသူများ အုပ်စုလိုက်အဖွဲ့လိုက် စကားတပြောပြောနှင့်။ ဤမိန်းကလေး တစ်ယောက်တည်း အာဂမိန်းကလေးပဲ။ အုံ့သော်တို့ သူငယ်ချင်းသုံးယောက် မိန်းကလေး၏နောက်မှ မနီးမဝေး နောက်ယောင်ခံလိုက်နေကြသည်။ ပြာသိုလ ည (၁၀) နာရီလောက်ဆိုလျှင် နှင်းတွေတဖြိုင်ဖြိုင်ကျနေသည်။ အညာဒေသ၏ သဘာဝရာသီဥတုသဘောတရားက အေးလျှင်



www.burmeseclassic.com

ခိုက်ခိုက်တုန်အေး၍ ပူလျှင် ဆွေ့ဆွေ့ခုန်အောင် ပူတတ်သည်။ အနီ မိန်းကလေး အနွေးထည်မပါ။ အင်္ကျီက လက်စကဖက်ဖူးရောင်နှင့်။ နောက်ယောင်ခံနေသော အုံ့သော်တို့လူတစ်သိုက်၏မျက်စိထဲတွင်တော့ စွဲမက်စရာပါကလား။ မိန်းကလေးက ဦးမြရှောင်၏ ဗွီဒီယိုရုံအနောက်ဘက် လမ်းမကြီးမှ တောင်သို့သွားနေသည်။ တောင်နားတွင် ကြူရှာကတော်အမေယာ၏ နတ်ကွန်းနတ်စင်။ နတ်ကွန်းနတ်စင်သည် လမ်းမကြီး၏ အရှေ့ဘက်တွင် တည်ရှိသည်။ မိန်းကလေးသည် ရွာထဲသို့ မဝင်ဘဲ တောင်ဘက်သို့ ဆက်သွားသည်။ ရွာတောင်ဘက် ဘုရားကြီးကျောင်းတိုက်တောင်ဘက်တွင် ကိုတင်သန်း၏ ဆေးပေါင်းရုံသုံးရုံတည်ရှိသည်။ ဆေးပေါင်းရုံမီးထိုးသားများ၏ သီချင်းဆိုသံ၊ ဗာဂျီးနီးယားဆေးရွက်များကို သီတံထိုးသီနေကြသောအလုပ်သမများ၏စကားပြောသံများက ဆူညံလျက်။ အုံ့သော်တို့လူသိုက် မိန်းကလေးနောက်ဆက်မလိုက်တော့။ ကိုတင်သန်း၏ဧည့်သည်ထင်ပြီး တပ်ခေါက်၍ပြန်ခဲ့ကြသည်။

မှတ်မှတ်ရရ ပြာသိုလပြည့်နေ့ည။ သက္ကရာဇ်တော့ တိတိကျကျမသိတော့။ အုံ့သော်တို့ သူငယ်ချင်းတစ်သိုက်ကတော့ ဖက်ဖူးရောင်မိန်းကလေးတဲ့။ နာမည်မသိတော့ မိမိဘာသာ နာမည်ပေးထားကြသည်။ အုံ့သော်တို့က ခေါ်ဝေါ်ဖြစ်အောင် ပညတ်သမုတ်ထားခြင်းဖြစ်သည်။ အနီဖက်ဖူးရောင်မိန်းကလေးသည် ဦးမြရှောင်ဗွီဒီယိုရုံသို့ သုံးညမြောက် လာရောက် ကြည့်ရှုခြင်း ဖြစ်သည်။ အုံ့သော်တို့လူသိုက် ရေငတ်တုန်းရေတွင်းထဲကျဆိုသလိုဖြစ်တော့သည်။ သည်ညတော့ မည်သူ့အိမ်မှ ဧည့်သည်ပဲဖြစ်ဖြစ်နာမည်မေးမည်၊ ရည်းစားစကားပြောမည်ဟု အုံ့သော်တို့လူတစ်သိုက်ကြိမ်းထားလိုက်သည်။

ဦးမြရှောင်၏ဗွီဒီယိုရုံသည် တော်တော်နှင့်မပြရ။ အင်ဂျင်မီးစက်ထိုး၍ရပ်သွားသောကြောင့် ဖြစ်၏။ ဗွီဒီယိုပြနေသော ဖိုးစိုးတစ်ယောက် မီးစက်ပြင်ဆရာကို စက်ဘီးနှင့် ပေါင်လောင်ရွာသို့သွားခေါ်ရသည်။ (၁၅) မိနစ်ခန့်အကြာတွင် မီးစက်ပြင်ဆရာဦးသန်းရှင်ရောက်လာသည်။ ဆီပေါက်ပိတ်သောကြောင့်ဟုဆို၏။ ည(၁၀)နာရီလောက်မှ ဗွီဒီယိုစ၍ပြရသည်။ ညဥ့်နက်မည်စိုးသောကြောင့် နမူနာကြော်ငြာတွေမပြတော့။ ဇာတ်လမ်းကိုသာပြတော့သည်။ ည(၁၁)နာရီလောက်တွင်ပြီးသွားတော့သည်။

ဖက်ဖူးရောင်မိန်းကလေး ပြန်နေကျလမ်းအတိုင်း အဖော်မပါတစ်ယောက်တည်းပြန်ခဲ့သည်။ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသည့်စကားအတိုင်း အုံ့သော်တို့လူတစ်သိုက်အတွက် မဟာ့မဟာအခွင့်အရေးကြီးတော့ လက်လွှတ်မခံတော့။ ဖက်ဖူးရောင်မိန်းကလေးသည် ကိုတင်သန်း၏ ပေါင်းရုံထဲသို့မဝင်။ ပေါင်းရုံပေါက်မှအနောက်ဘက်သို့ဆက်လျှောက်သွားသည်။ ရှင်ပင်မာရ်အောင်ဘုရားအနောက်ဘက်ကန်ပေါင်ပေါ်သို့ရောက်သွားပြီ။

အုံ့သော်တို့လူသိုက် ဖက်ဖူးရောင်မိန်းကလေး၏နောက်သို့ဒရမီလိုက်သွားသည်။ နာမည်မေးသည်။ နေရာမေးသည်။ ရွာကိုမေးသည်။ မိန်းကလေးကဘာမှပြန်မပြော။ ဆံမြိတ်ကျောလယ်ချကလေးအား ဆွဲသူကဆွဲသည်။ ဖက်ဖူးရောင်မိန်းကလေးဖြူတောင်မဖြူ။ပကတိငြိမ်းအေးစွာပင် ဆက်လျှောက်သွားနေသည်။ ပြာသိုလပြည့်နေ့ညတွင် လမင်းကြီးသည် လောကဓာတ်တစ်ခုလုံးအား အလင်းဓာတ်ပေးနေသော်လည်း အုံ့သော်တို့သုံးယောက်အတွက်မူ ဖက်ဖူးရောင်မိန်းကလေး၏ ရုပ်ရုံရမ္မက်ဇောဝယ် မျောနေကြတော့သည်။ ကန်ပေါင်၏အနောက်တောင်ဘက်ကုန်းမြင့်လေးပေါ်တွင် ကိုးတောင်ပြည်ဘုရားနှင့် သိမ်တော်တည်ရှိသည်။ အုံ့သော်တို့သူငယ်ချင်းသုံးယောက် မိန်းကလေး၏နောက်ထက်ကြပ်မကွာ လိုက်နေတော့၏။ ကိုးတောင်ပြည့်စေတီအနီး မိန်းကလေးရောက်သောအခါ တံ့ခနဲရပ်လိုက်သည်။ ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ဇော်ဝင်းထွေးက မိန်းကလေး၏ခါးကိုဖက်လိုက်သည်။ အုံ့သော်နှင့်ကျော်လင်းထက်တို့နှစ်ယောက်မှာ မှင်တက်မိနေတော့သည်။ မကြာလိုက်ပါ။ ဖက်ဖူးရောင် မိန်းကလေးသည် ဇော်ဝင်းထွေး၏လက်နှစ်ဖက်ကို အသာအယာခွာချကာ ကိုးတောင်ပြည့်စေတီအနောက်ဘက် လူသွားလမ်းလေးအတိုင်း အသာအယာဆင်းသွားနေတော့သည်။ ညဥ့်သန်းခေါင် လမိုက်ညထက် မှောင်သည်ကတော့ ကာမအမှောင်ပါတကား။

အုံ့သော်နှင့် ကျော်လင်းထက်တို့နှစ်ယောက် သတိပြန်ဝင်လာ၍အထက်အောက်၊ ဝဲ၊ ယာကို အကဲခတ်ကာကြည့်လိုက်သည်။ လားလား - ဖက်ဖူးရောင်တစ်ပြည်စံ ဆင်းသွားသည့်လမ်းကား ကြက်မတွန်ရွာခေါ်သည့် ကြူရှာသစ်သုသာန်ကြီးပါတကား။ အုံ့သော်နှင့် ကျော်လင်းထက်တို့ ကိုးတောင်ပြည့်စေတီတော်ဘုရားနားမှဆင်းကာ ကြူရှာမဆီသို့ တစ်ချိုးတည်းသုတ်ခြေတင်ခဲ့တော့သည်။

ဇော်ဝင်းထွေးတစ်ယောက်မှာ ဖက်ဖူးရောင်မိန်းကလေး၏ အတွေ့အာရုံကြောဝယ်မေ့မြောနေတော့သည်။ ဖက်ဖူးရောင် မိန်းကလေးဆင်းသွားနေသည်။ လှုပ်ရှားနေသည်။ လှပန္တနော်င်းနေသည်။ စွဲမက်စရာကောင်းနေသည်ကိုသာ ငူငူကြီးရပ်ကာကြည့်နေတော့သည်။ အလွန်မတန် ချမ်းအေးသော ပြာသိုလပြည့်ညသည်ကား လူတိုင်းအဖို့ ချမ်းအေးလှသော်လည်း ဇော်ဝင်းထွေး၏ရင်ထဲဝယ် ဖက်ဖူးရောင် မိန်းကလေး၏ အတွေ့အထိကြောင့် ရင်ထဲဖိုလှိုက်ငိုရှိုက်ရတော့မည်လား။ ဝေဒနာသောကလှိုင်းတွေထနေတော့သည်။ ကျော်လင်းထက်နှင့် အုံ့သော်တို့နှစ်ယောက်ကား အခြားအရပ်ဒေသတွင် အိုးအိမ်တည်ထောင်ကာ သားသမီးများနှင့် ပွားစီးနေကြသော်လည်း ဇော်ဝင်းထွေးတစ်ယောက်သည် ကိုးတောင်ပြည့်စေတီတော်အနီးတွင် နွေ၊ မိုး၊ ဆောင်းရာသီတွေပြောင်းသော်လည်း တစ်ယောက်တည်း ငူငူကြီးရပ်လျက် နှုတ်မှတတွတ်တွတ်နှင့် အိပ်မက်လေလား ဝိုးတဝါးပါလား ဖက်ဖူးရောင် မိန်းကလေးရယ်တဲ့။

မောင်ကြည်ကြူ
(ကိုးဆောင်မြင်းခြံ)

**စကားချပ်** -

ဤကုန်းတော်သည်ကား ကျွန်တော် ကလေးဘဝ လူမှန်းသိစအခါကာလ ဆောင်းရာသီ ချမ်းအေးသောနတ်တော်၊ ပြာသိုလဆိုလျှင် ကျတ်လှည်းများ ကြူရွာမဆီသို့ ဆင်းလာရာနေရာကလေး ဖြစ်ပါသည်။ လှည်းအုပ်များအသံ၊ နွားများ၏အသံစသည်တို့ကို ရွာထဲမှ အိပ်ရာနိုးနေသူတိုင်းကြားနေကြရသည်။ နံနက်မိုးသောက် အလင်းရောက်၍ လှည်းအုပ်များရပ်နားနေရာကို သွားကြည့်သူတိုင်း လှည်းခြေရာကွက်တစ်ကွက်မျှပင် မတွေ့ရကြောင်း တင်ပြအပ်ပါသည်။ ကျွန်တော့်အသက် (၆၄) နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။



www.burmeseclassic.com


www.burmeseclassic.com

လောကလူသားတို့သည် အသက်ရှင်သန်နေသမျှကာလပတ်လုံး ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်လိုကြသည်။ မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာတို့ကိုလည်း လုယက်ယူငင်သူကင်းရှင်းလျက် လုံလုံခြုံခြုံရှိနေကြ၏။ အသက်ကို ရန်ရှာသူနှင့် မိမိ၏သားမယားတို့အပေါ် အဓမ္မကျင့်လိုသူများကို မတွေ့လို၊ မြင်လိုကြ။ လူဆိုးလူမိုက်လူရမ်းကားတို့နှင့်ရင်မဆိုင်လိုကြ။ ကောင်းမွန်ချမ်းသာစွာနေလိုကြပါသည်။ သို့သော်လည်း အကျင့်သီလပျက်သူများကြောင့် လည်းကောင်း၊ မိမိကိုယ်တိုင်အကျင့်သီလမစောင့်ထိန်းသောကြောင့် လည်းကောင်း စိတ်ချမ်းမြေ့မှုမှာ လိုသလောက်မရဖြစ်နေကြသည်။သီလစောင့်ထိန်းသူပေါ်များသော အရပ်ဒေသများ၌မူ အမှန်တကယ်ပင် စိတ်ချလုံခြုံမှုရှိ၍ စိတ်ချမ်းမြေ့မှုအပြည့်အဝရကြလေသည်။ထို့ကြောင့် မိမိတို့ဘဝလုံခြုံစိတ်ချစိတ်ချမ်းမြေ့ကြဖို့ သီလဟူသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြောင်း ထင်ရှားလှပါသည်။

သီလဟူသည် ကာယကံနှင့်ဝစီကံတို့ကို စောင့်ထိန်းခြင်းဖြစ်သည်။ ကာယကံဆိုသည်မှာ ကိုယ်ကာယဖြင့် ပြုလုပ်ခြင်းဖြစ်၍ ဝစီကံဆိုသည်မှာ နှုတ်ဖြင့်ပြောဆိုသောအလုပ် ဖြစ်သည်။ မပြုသင့်မပြုထိုက်သောအလုပ်မျိုးကို ကိုယ်ကာယဖြင့်လည်းကောင်း၊ နှုတ်စကားဝစီဖြင့်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ် စောင့်ထိန်းခြင်းကို သီလဟုခေါ်၏။သီလစောင့်ထိန်းခြင်းကြောင့် လက်ရှိဘဝတွင်အန္တရာယ်အမျိုးမျိုးမှလွန်မြောက်၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း စသည့် အကျိုးတရားတို့ ကို ရရှိခံစားရလျက် တမလွန်ဘဝ၌လည်း ကောင်းရာသုဂတိသို့လားရောက်ရ၏။

# ဖျာပုံတင်နိုင်ဝင်း

## ငါးပါးသီလစောင့်ထိန်းရကျိုး



www.burmeseclassic.com

သီလတွင် စာရိတ္တသီလနှင့် ဝါရိတ္တသီလဟူ၍ နှစ်မျိုးရှိ၏။ စာရိတ္တသီလဆိုသည်မှာ ဘုရားရှင်ကပြုလုပ်ရမည်ဟု ပညတ်ထားသောသီလပုဒ်များကို ဖြည့်ကျင့်စောင့်ထိန်းခြင်းဖြစ်၍ ဝါရိတ္တသီလဆိုသည်မှာ ဘုရားရှင်က မပြုလုပ်ရဟု တားမြစ်ထားသော သိက္ခာပုဒ်တို့အား ရှောင်ကြဉ်စောင့်ထိန်းခြင်းကိုဆိုလိုသည်။ စာရိတ္တသီလကို ဆောင်ရန်သီလဟုခေါ်၍ ဝါရိတ္တသီလကို ရှောင်ရန်သီလဟုခေါ်ဆို၏။ ဆောင်ရန်သီလ ဖြစ်သော စာရိတ္တသီလဆိုသည်မှာ အပြစ်မရှိသော လုပ်ငန်းတာဝန်ဝတ္တရားများကို ပြုကျင့်လိုက်နာဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါရိတ္တသီလမှာမူ ဘုရားရှင်က မပြုလုပ်ရ မပြုလုပ်ကောင်းဟု တားမြစ်ပညတ်ထားသော မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ်ခြင်းဖြစ်သည်။

လူနှင့်တိရစ္ဆာန်တို့၏ကွာခြားချက်သည် အကျင့်သီလရှိခြင်းနှင့် မရှိခြင်းတို့ဖြစ်သည်။ လူသည် အနည်းဆုံး ငါးပါးသီလကိုတော့ ကျင့်သုံးသင့်၏။ အချို့ကမူ သီလစောင့်ထိန်းလျှင် စီးပွားရေး ပညာရေး စသည်တို့ကို ထိခိုက်မည်ဟု ထင်နေကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ သီလ၏အကျိုးကျေးဇူးကို မသိမမြင်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အခြေခံဖြစ်သော ငါးပါးသီလ၏အကျိုးတရားများကို သိရှိနားလည်စေရန် ဖော်ပြလိုက်ရပါသည်။

**၁။ ပါဏာတိပါတ - သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ရကျိုး**

သူ့အသက်သတ်ခြင်းကံမြောက်စေသည့် အင်္ဂါ (၅) ပါးရှိ၏။

က။ သက်ရှိသတ္တဝါဖြစ်ခြင်း၊
ခ။ သက်ရှိသတ္တဝါမှန်းသိနေခြင်း၊
ဂ။ သတ်လိုသော၊ သေစေလိုသော စိတ်ရှိခြင်း၊
ဃ။ သေစေရန်ပြုလုပ်အားထုတ်ခြင်း၊
င။ ထိုပြုလုပ်သောအားထုတ်မှုကြောင့် သေခြင်းတို့ ဖြစ်သည်။

ဋ္ဌင်းအင်္ဂါ (၅) ပါးစလုံး ပြည့်စုံမှသာ ပါဏာတိပါတကံမြောက်ပါသည်။ တစ်ပါးပါးချို့ယွင်းပါက ကံမမြောက်ချေ။ ထိုကံမမြောက်စေရန် သူတစ်ပါးအသက်သတ်ခြင်းမှ သီလအဖြစ် ဆောက်တည်ရှောင်ကြဉ်မည်ဆိုပါက အောက်ပါအကျိုးကျေးဇူးများရရှိမည် ဖြစ်သည်။

၁။ မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက် မချို့တဲ့ခြင်း၊
၂။ ဖြစ်လေရာဘဝ၌ ရုပ်ရည်လှပစိုပြည်ခြင်း၊
၃။ အားအင်ပြည့်ဖြိုးခြင်း၊
၄။ လျင်မြန်ဖျတ်လတ်ခြင်း၊
၅။ ဘေးရန်ပေါ်ပေါက်လျှင်ရဲရင့်ခြင်း
၆။ သူတစ်ပါးပယောဂကြောင့်မသေရခြင်း၊
၇။ အနာရောဂါကင်းခြင်း၊
၈။ အခြွေအရံပြည့်စုံခြင်း၊
၉။ အသက်ရှည်ခြင်း၊
စသော အကျိုးတရားများ ဖြစ်ပါသည်။


**၂။ အဒိန္နာဒါန - သူ့ဥစ္စာခိုးယူခြင်းမှရှောင်ကြဉ်ရကျိုး**

ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ သူတစ်ပါးမပေးသော ပစ္စည်းဥစ္စာတို့ကိုခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ လိမ်ညာယူခြင်း၊ လုယ့်ပတ်ယူခြင်း၊ အလေးခိုးခြင်း၊ ရေထိုးရောင်းခြင်း စသည်ဖြင့် မရိုးမသား မတရားပြုလုပ်၍ ရယူခြင်းမှန်သမျှကို အဒိန္နာဒါနဟုခေါ်၏။ ၎င်းကံမြောက်စေရန်လည်း အင်္ဂါ(၅)ပါးရှိ၏။

က။ သူတစ်ပါးဥစ္စာဖြစ်ခြင်း၊
ခ။ သူတစ်ပါးဥစ္စာဟုသိခြင်း၊
ဂ။ ခိုးယူလိုစိတ်ရှိခြင်း၊
ဃ။ ကိုယ်၊ နှုတ်၊ လုံ့လတစ်ခုခုပြုခြင်း၊
င။ ခိုးယူခြင်းတို့ ဖြစ်သည်။

၎င်းကံ မကျူးလွန်မိစေရန် သီလအဖြစ် ဆောက်တည် ရှောင်ကြဉ်မည်ဆိုပါက -

၁။ ပစ္စည်းဥစ္စာပေါကြွယ်ဝခြင်း၊
၂။ မပင်မပန်းရဘဲချမ်းသာခြင်း၊
၃။ အစားအစာပေါများခြင်း၊
၄။ အလိုရှိသော ပစ္စည်းများကို အလွယ်ရရှိခြင်း၊
၅။ လုပ်ငန်း၌ ကျွမ်းကျင်လိမ္မာ၍ စည်းစိမ်ဥစ္စာတိုးပွားခြင်း၊
၆။ ရန်သူမျိုးငါးပါးမှ လွတ်ကင်းရခြင်း
စသော အကျိုးကျေးဇူးများကို ခံစားရမည် ဖြစ်သည်။



**၃။ ကာမေသုမိစ္ဆာစာရ - သူ့တစ်ပါးသားမယားအား စော်ကားခြင်းမှ ရှောင်ကြဉ်ရကျိုး**

အုပ်ထိန်းသူရှိသော မိန်းကလေး၊ ကာမပိုင်ရှိသော ယောကျ်ား၊ မိန်းမစသူတို့အပေါ်၌ ကာမဂုဏ်ဖောက်ပြန်လိုသောစိတ်ဖြင့်မေထုန်ခံစားမှီဝဲမှောက်မှားမိလျှင် ၎င်းကံထိုက်ပါသည်။ ၎င်းကံအထမြောက်ရန် အင်္ဂါ(၄)ပါးရှိပါသည်။ ၎င်းတို့မှာ-

၁။ မသွားလာမဖောက်ပြန်အပ်သောသူ၊
၂။ ဖောက်ပြန်မှီဝဲလိုစိတ်ရှိခြင်း၊
၃။ လုံ့လပြုခြင်း၊
၄။ စိတ်၌ သာယာခြင်းတို့ ဖြစ်သည်။

၎င်းအင်္ဂါ (၄) ပါးစလုံး ပါဝင်ကျူးလွန်မှသာ ကာမေသုမိစ္ဆာစာရကံဖြစ်မြောက်ပါသည်။

၎င်းကံအား မကျူးလွန်မိစေရန် သီလအဖြစ် ဆောက်တည် ရှောင်ကြဉ်မည်ဆိုပါက -

၁။ ရန်သူမရှိခြင်း၊
၂။ အများ၏ ချစ်ခင်မြတ်နိုးခြင်းကို ရရှိခြင်း၊
၃။ အစားအသောက်၊အဝတ်အထည်တို့ ပေါများခြင်း၊
၄။ ချမ်းသာစွာအိပ်ရခြင်း၊
၅။ ချမ်းသာစွာနိုးထရခြင်း၊
၆။ အပါယ်ဘေးမှလွတ်ရခြင်း၊
၇။ မိန်းမ၊ မိန်းမလျာအဖြစ်မှ လွတ်မြောက်ရခြင်း၊
၈။ အမျက်ဒေါသနည်းခြင်း၊
၉။ ပွင့်လင်းစွာပြောဆိုနိုင်ခြင်း၊
၁၀။ ကြော့ကြော့မော့မော့နေနိုင်ခြင်း၊
၁၁။ ကြည်လင်ရွှင်ပျစွာနေနိုင်ခြင်း၊
၁၂။ အချင်းချင်းချစ်ခင်မြတ်နိုးခြင်း၊
၁၃။ ရရာဘဝ၌ ခြေလက်အင်္ဂါ ပြည့်စုံခြင်း၊
၁၄။ ကြန်အင်လက္ခဏာနှင့်ပြည့်စုံခြင်း၊
၁၅။ ယုံမှားသံသယကင်း၍ ရဲရဲတင်းတင်းနေထိုင်နိုင်ခြင်း၊
၁၆။ ချမ်းသာစွာ နေထိုင်ရခြင်း၊
၁၇။ ပူပန်ကြောင့်ကြမရှိခြင်း၊
၁၈။ ဘေးရန်မရှိခြင်း၊
၁၉။ ချစ်ခင်နှစ်သက်သူတို့နှင့် အတူနေရခြင်း စသောအကျိုးကျေးဇူးများကို ခံစားရမည် ဖြစ်သည်။

**၄။ မုသာဝါဒ-လိမ်ညာပြောဆိုခြင်းမှရှောင်ကြဉ်ရကျိုး**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လက်လှုပ်ပြ၍ဖြစ်စေ၊ လိမ်ညာမှု မှန်သမျှ မုသာဝါဒ ဖြစ်သည်။ သို့သော် နှုတ်ဖြင့်ပြောဆိုသောမုသာဝါဒက များ၍ ဝစီစရိုက် (နှုတ်အပြော) ၌ ထည့်သွင်းရ၏။ ၎င်းမုသာဝါဒကံဖြစ်မြောက်ရန်လည်း အင်္ဂါ (၄) ပါး ရှိပါသည်။ ၎င်းတို့မှာ-

က။ မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း၊
ခ။ မဟုတ်မမှန် ပြောဆိုလိုစိတ်ရှိခြင်း၊
ဂ။ ထိုသို့ပြောလည်းပြောခြင်း၊
ဃ။ လိမ်ပြောသော စကားအဓိပ္ပာယ်ကို လိမ်လည်ခံရသူသိရှိခြင်းတို့ ဖြစ်သည်။

၎င်း မုသာဝါဒကံအား မလွန်ကျူးမိစေရန် သီလအဖြစ် ဆောက်တည်ရှောင်ကြဉ်မည်ဆိုပါက -


၁။ စကားပီသပြတ်သားခြင်း၊
၂။ သွားများညီညာခြင်း၊
၃။ အာခံတွင်းမွှေးကြိုင်ခြင်း၊
၄။ ကိုယ်ရေအသားပြည့်ဖြိုးခြင်း၊
၅။ မျက်စိ၊ နားစသည်တို့ ကြည်လင်ခြင်း၊
၆။ ခန္ဓာကိုယ်အချိုးအစားလှပခြင်း၊
၇။ သူတစ်ပါးအပေါ် သြဇာအာဏာရှိခြင်း၊
၈။ အပြောအဆို ကောင်းမွန်ပြေပြစ်ခြင်း၊
၉။ စိတ်တည်ငြိမ်ခြင်း၊
၁၀။ အကြီးအကဲဖြစ်ရခြင်း

စသည့် အကျိုးကျေးဇူးများကို ခံစားရမည် ဖြစ်သည်။

## ၅။ သုရာမေရယ-အရက်သေစာသောက်စားခြင်းမှရှောင်ကြဉ်ရကျိုး

သေရည်သေရက်(အရက်၊ဘီယာစသည်) ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ ကတ်ကင်း၊ ဆေးခြောက်၊ ဘိန်းဖြူ စသည့် မူးယစ်စေတတ်သောမည်သည့်အရာကိုမဆို သောက်စားသုံးစွဲခြင်းပြုလျှင် သုရာမေရယကံထိုက်ပါသည်။ အရက်သေစာစသည်တို့ မူးယစ်တွေဝေခြင်းသည် မောဟတရားကိုဖြစ်စေလျက် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏အကြောင်းရင်း ဖြစ်သည်။ ၎င်းကံထမြောက်ရန် အင်္ဂါ (၄) ပါးရှိသည်။

က။ အရက်၊ ဘိန်း စသည်တစ်ခုခုဖြစ်ခြင်း၊
ခ။ သောက်စားလိုသောစိတ်ရှိခြင်း၊
ဂ။ သောက်စားသုံးစွဲရန် အားထုတ်ပြုလုပ်ခြင်း၊



ဃ။ သောက်စားသုံးစွဲခြင်းတို့ ဖြစ်သည်။

၎င်းသုရာမေရယကံအား မကျူးလွန် မပြုလုပ်မိစေရန် သီလအဖြစ် ဆောက်တည်ရှောင်ကြဉ်မည်ဆိုပါက -

၁။ အရေးအခွင့် သင့်မသင့်ကိုသိခြင်း
၂။ လုံ့လ ဝီရိယရှိခြင်း
၃။ သတိနှင့် ပြည့်စုံခြင်း
၄။ သူပြုဖူးသော ကျေးဇူးကိုသိခြင်း
၅။ အရှက်အကြောက်ရှိခြင်း
၆။ ကုသိုလ်ကောင်းမှု ပြုလွယ်ခြင်း

စသည့်အကျိုးတရားများကို ခံစားရမည် ဖြစ်ပါသည်။

အထက်ပါ ငါးပါးသီလသည် နေ့စဉ်အမြဲတမ်းကျင့်သုံးရမည့်သီလဖြစ်သဖြင့် နိစ္စသီလမည်၏။ ၎င်းသီလကို နေ့စဉ် ဆောက်တည် ကျင့်သုံးရမည်ဆိုပါက များစွာသော ကောင်းကျိုးတရားများကို ခံစားရမည်ဖြစ်သည်။ ထို့အတူ ၎င်းငါးပါးသီလအား ဖောက်ဖျက်ကျူးလွန်မည်ဆိုပါက အထက်ပါ ကောင်းကျိုးတရားများနှင့် ဆန့်ကျင်စွာ ဆိုးကျိုးတရားများကို ခံစားရမည် ဖြစ်သည်။

ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီးက -

အမှန်အားဖြင့်သော်ကား သီလသည် အလေးပြုထိုက်သော အကျင့်ပေတည်း။ အပါယ်လေးပါး၌ အတိဒုက္ခရောက်နေကြသော သတ္တဝါတို့တွင် သီလပျက်မှုကြောင့် ရောက်ကြရသောသူတို့သည် (၁၀၀) လျှင် (၉၉) ယောက်ထက်မနည်းရှိကုန်ရာ၏။ လူဘုံ၊ နတ်ဘုံ၌ချမ်းသာလျက်ရှိသော သူတို့တွင်လည်း သီလစင်ကြယ်မှုကြောင့် လူ၊ နတ်ဖြစ်သောသူတို့သည် (၁၀၀) လျှင် (၅၀) ထက်မနည်း ရှိကုန်ရာ၏။ မဂ်ဖိုလ်ကိုရကုန်သောသူတို့တွင်လည်း ရှေးအဖို့က သီလစင်ကြယ်၍ မဂ်၊ ဖိုလ်ကိုရသော သူတို့သည်သာလျှင် များကုန်ရာ၏။ ရှေးအဖို့က သီလမစင်ကြယ်ဘဲ မဂ်၊ဖိုလ်ကိုရသောသူတို့မှာ အနည်းငယ်သာရှိကုန်ရာ၏။

သို့ဖြစ်၍ သီလကို မည်သူမဆို အသက်ပမာ အလေးပြု၍ စောင့်ထိန်းအပ် စောင့်ထိန်းထိုက်သည်သာတည်း။ နောင်အခါမှ စောင့်ထိန်းမည်ဟု ပေ့ါပေ့ါဆဆမပြုအပ်သည်သာတည်း။အကြောင်းမူကား ထိုသို့ ပေ့ါပေ့ါဆဆပြုလျက် သီလပျက်စီးနေခိုက်တွင် အမှတ်တမဲ့ရုတ်တရက် သေဆုံးသွားပါလျှင် မျက်စိတစ်မှိတ်ခန့်အတွင်းမှာပင် အပါယ်ငရဲသို့ ကျရောက်သွားမည်ကို စိုးရိမ်ရသောကြောင့်တည်း။ ဘာဝနာကို အားထုတ်လိုသောသူတို့၌ကား ဆိုဖွယ်ပင်မရှိတော့ပြီ။ ထိုသို့သောသူတို့သည်ကား အသက်ထက်ပင် အလေးအမြတ်ပြု၍ ထက်ဝန်းကျင်စင်ကြယ်အောင် စောင့်ထိန်းအပ် စောင့်ထိန်းထိုက်သည်သာတည်း။

သီလ၏အကျိုးကား အမှတ်တရဆောက်တည် ကျင့်သုံးအပ်သော ထိုသီလကို အားထုတ်သောကာလ၌ သတိရတိုင်း ငါသည် သီလစင်ကြယ်ပါပေသည်ဟု စိတ်နှလုံးသာရွှင်ခြင်းဖြစ်ပါလတ္တံ့၊ အနည်းငယ် နှစ်သိမ့်အားရခြင်းများစွာနှစ်သိမ့်အားရခြင်း ကိုယ်စိတ်ငြိမ်းအေးခြင်း ဝမ်းမြောက်ဝမ်းသာခြင်း စိတ်၏ ငြိမ်သက်တည်ကြည်ခြင်း ဖြစ်ပါလတ္တံ့၊ ထင်တိုင်းသော ရုပ်နာမ်တို့ကို ရှုမှတ်နိုင်၍ အမှန်အတိုင်းသိသော ယထာဘူတဉာဏ်စသည်တို့ဖြစ်ပါလတ္တံ့ ဟူ၍ ဝိပဿနာရှုနည်းကျမ်း (ပထမတွဲ) တွင် ရေးသား ဖော်ပြထားပါသည်။

သီလ ဟူသည် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေသည့်အတွက် လည်းကောင်း၊ ယခုဘဝရော နောင်သံသရာအတွက်ပါ ကောင်းကျိုးများ ဖြစ်ထွန်းစေသည့်အတွက် လည်းကောင်း သီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲသင့်၏။ သတ်သူ၊ ခိုးသူ၊ အရက်သမား၊ လိမ်ညာသူ စသည့် သီလပျက်သူများ၏ဆိုးကျိုးများကိုကြည့်၍ သီလ၏ ကောင်းကျိုးတရားကို ဆင်ခြင်သိရှိအပ်ကြပေသည်။

ဗျာပုံတင်နိုင်ဝင်း

**မှီငြမ်း -**

၁။ မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း(ပထမတွဲ)
၂။ ဗုဒ္ဓတရားတော် (အထက်တန်းဆင့်)



www.burmeseclassic.com

'နယုန်မိုးသေး မြက်သားမွေး' ဆိုသော်လည်း နေကခြစ်ခြစ်တောက် တောက်ပူမြဲပူလျက်။ ရံဖန်ရံခါတော့ မိုးစက်လေးများ တစ်ပေါက်စနှစ်ပေါက်စ ကျတတ်၏။ [illegible]မျှော်ဖားတွေက ညဘက်တွင် အုပ်စုလိုက်အော်နေလေပြီ။ မိုးဆွေငှက်ကလေးများကလည်း အသံပေးနေကြပြီ။ သို့သော် မိုးကအချိန်မကျသဖြင့်မရွာသေး။

ဇွန်လပထမပတ်တွင် စာသင်ကျောင်းများလည်းပြန်လည်ဖွင့်လေပြီ။ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် စာရင်းကို ဇွန်လဒုတိယပတ်တွင်ထွက်မည်ဟု ကြေညာထား၏။

ယနေ့သည် စနေနေ့ ဖြစ်၏။ မြို့ကျောင်းကြီးမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းများကပ်ထားသည်ဟု တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်စစ်နိုင် ကြားသိရ၏။ နံနက်စာထမင်းကို စောစောစားပြီး မြို့ကျောင်းသို့ စက်ဘီးစီးလျက် ထွက်သွားခဲ့၏။


နေပူကျဲကျဲမှာပင် စက်ဘီးကို အမြန်နင်းလျက် ရွာသို့ပြန်ခဲ့၏။

မိမိနေထိုင်ရာ ခြံဝင်းကျယ်ကြီးထဲ အရောက် စက်ဘီးစီးဝင်လာပြီး စက်ဘီးပေါ်မှသွက်သွက်ဆင်း၍ ဒေါက်ထောက်လိုက်၏။

"အမေ၊ သားဆယ်တန်းအောင်ပြီ အမေ"

# အရှင်သုမဓမ္မသာရ

## မေတ္တာရှင်၊ ကရုဏာရှင်



www.burmeseclassic.com


မိမိတို့ အိမ်ကြီးရှေ့ရှိ အကြော်စုံကြော်သောတဲလေးထဲတွင်အကြော်များကိုကြော်နေသည့် မိခင်ကြီးဒေါ် ဖွားခင်အား အော်ပြောလိုက်၏။

ဝမ်းသာပီတိအပျော်ဖုံးသောအပြုံးတွေဝေဆာသည့်မျက်နှာဖြင့် မိခင်ကြီးအကြော်ကြော်နေသည့်တဲလေးထဲသို့ဝင်လာပြီး မိခင်ကြီး၏ရှေ့တဲထဲမှာဝင်ထိုင်လိုက်၏။

မိခင်ကြီးက ကျက်နေသောအကြော်စုံများကိုဆယ်လျက် ဇန်းထဲသို့ထည့်နေ၏။ မောင်စစ်နိုင် မိခင်ကြီးကိုကရုဏာမျက်လုံးအစုံဖြင့်ကြည့်၏။ မိခင်ကြီး၏အသားအရေကမွဲခြောက်ခြောက်မစိုမပြည်၊ ခံပင်တွေကဖြူဖြူပါးနှစ်ဖက်က ပါးရေတွေတွန့်လျက်။ ငယ်ရုပ်နှင့်တော့မတူတော့။ မိခင်ကြီးငယ်စဉ်က ဖြူဖြူရော့ရော့။

"ငါသား ဆယ်တန်းအောင်တော့မင်းအစ်ကိုလိုပဲ ဘွဲ့ရအောင် တက္ကသိုလ်ကျောင်းကြီးကို ဆက်တက်ပေါ့ကွယ်"

မိခင်ကြီး၏ အသံက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်။ မိခင်ကြီးဒေါ်ဖွားခင် နှုတ်မှ စီးကျလာသည့်





www.burmeseclassic.com

www.burmeseclassic.com

ချွေးများကို ဘယ်ဘက်လက်ဖျံဖြင့်သုတ်လိုက်ပြီးမှ သားငယ်ကို မော်ကြည့်လိုက်၏။

"သားကျောင်းဆက်မတက်တော့ဘူးနော် အမေ"

မမျှော်လင့်ဘဲ သားငယ်၏စကားသံကိုကြားလိုက်ရသဖြင့် မိခင်ကြီးစိုးရိမ်စိတ်ဝင်ပြီး သားငယ်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်မိ၏။

"ဘာဖြစ်လို့လဲ သားရဲ့"

စိုးရိမ်စိတ်ဖြင့် မေးသည့်အသံ။

ထိုအချိန်ခိုက်ဝယ် နံနက်ဖြန်အလျှုလုပ်မည့်အိမ်မှ အကြော်များကိုလာယူသဖြင့် မိခင်ကြီး အကြော်စုံများကို ရေတွက်ပေးနေရသောကြောင့် စကားစကရပ်သွားရ၏။ အလျှုလုပ်မည့်အိမ်မှမိန်းကလေး အကြော်စုံများကိုယူသွားပြီးမှ မောင်စစ်နိုင်က အမေ့အမေးကို ဖြေကြား၏။

"သားပိုက်ဆံရတဲ့အလုပ်ကိုပဲလုပ်တော့မယ် အမေ။ အမေပင်ပန်းနေတာကို သားမကြည့်ရက်တော့ဘူး။ သားအမေ့ကိုလုပ်ကျွေးမယ်နော်"

သားငယ်စကား ်တော့မှ မိခင်ကြီးက -

"သားရယ်၊ အမေအကြော်ကြော်ရတာ မပင်ပန်းပါဘူးကွယ်။ သားတက္ကသိုလ်ကျောင်းကြီးကိုပဲ ဆက်တက်ပါ။ မင်းအစ်ကိုကြီးလိုပဲ ဘွဲ့ရအောင်လုပ်ပါ။ မင်းပညာဆက်သင်ဖို့အမေ့မှာစုထားတဲ့ငွေတွေလုံလုံလောက်လောက်ရှိပါတယ်ကွယ်"

ဟု လေအေးအေးဖြင့် ပြောပြ၏။

"အမေရယ်၊ သားအလုပ်ပဲလုပ်ပါရစေနော်။ အမေပြောတဲ့ ဘွဲ့ရအောင်လည်း သားအလုပ်လုပ်ရင်းနဲ့ ကြိုးစားပါ့မယ်နော်"

"သားကဘာအလုပ်များလုပ်မှာလဲကွယ့်"

"သားမှာ စက်ဘီးရှိတယ်လေ။ ဒီစက်ဘီးကို နောက်က ကယ်ရီယာခုံတပ်မယ်။ ပြီးတော့ မြို့ကို ခရီးသည်တွေပို့မယ်။ အဲဒါ တစ်နေ့ကို တစ်ထောင်တော့ရမယ် အမေ။ ပြီးတော့လည်း ပိုက်သူကြီး ဦးလေးလှတို့ရဲ့ ငါးတောင်းတွေကို ပို့ပေးရမယ်။ အဲဒါကလည်း တစ်နေ့ကို တစ်ထောင်ရမယ် အမေ"

သားငယ်၏ တက်တက်ကြွကြွစကားသံ။

"ဆယ်တန်းအောင်ထားတဲ့ ငါ့သားငယ်က ကယ်ရီယာနင်းမလို့လားကွယ့်"

"ဘာဖြစ်လဲ အမေရယ်။ သူများတွေလည်း နင်းနေတာပဲ။ သားမရှက်ပါဘူး"

"ဒါဆိုလည်း သားသဘောပဲလေ"

မိခင်ကြီး၏ စကားအဆုံးတွင် သားငယ် မောင်စစ်နိုင် အလွန်ပျော်ရွှင်သွားရပြီး ပျားရည်ဆမ်းသောအပြုံးမျက်နှာဖြင့် မိခင်ကြီးကိုကြည့်လိုက်ပြီးမှ မိခင်ကြီး၏နဖူးပြင်လေးကို ရှုတ်တရက်ထပြီး နမ်းလိုက်ပါတော့၏။

သားငယ် မောင်စစ်နိုင်၏ စိတ်ထဲမှာတော့ ပီတိတွေဝေဝေဖြာလျက်။

❑

ဖခင်ကြီး ဦးကျော်နိုင် မကွယ်လွန်မီက ဒေါ်ဖွားခင်တို့ မိသားစုကြီးမှာ လယ်ပိုင်၊ နွားပိုင်၊ လှည်းပိုင်တွေနှင့် တင့်တောင့်တင့်တယ် လယ်သမားမိသားစု။

ယင်းကြောင့် သားနှစ်ယောက်ဖြစ်ကြသည့် သားကြီးမောင်စိုးနိုင်နှင့် သားငယ်မောင်စစ်နိုင်တို့ကို လယ်တောမှာမခိုင်းဘဲ မြို့ကျောင်းမှာ ပညာသင်ခိုင်းခဲ့၏။

မမျှော်လင့်မယားသော ကံကြမ္မာဆိုးက ရုတ်တရက်ဝင်လာပါတော့၏။ ဦးကျော်နိုင်မှာ ဝမ်းဗိုက်ထဲကအောင့်သည်ဆိုသည့်ဝေဒနာကြီးကပေါ်လာ၏။ ဆရာအမျိုးမျိုး၊ ဆေးအဖုံဖုံတို့နှင့် ကုသ၏။ မပျောက်ပါ။

နွားကိုရောင်း၏။ လှည်းကိုရောင်း၏။ ကောင်းသည်ဆိုသည့် နာမည်ကြီးဆရာသမားများကို အိမ်သို့ပင့်ပြီး ကုသ၏။

ဦးကျော်နိုင်၏ ရောဂါကားသက်သာလိုက်၊ ပြန်ဖြစ်လိုက်ဖြစ်နေရ၏။ နောက်ဆုံးတော့ ဗဟုသုတရှိကြသော မိတ်ဆွေများ၏ အကြံဉာဏ်ပေးချက်အရ မြို့ကြီးရှိ ဆေးရုံသို့ပို့၍ ကုသပြန်၏။ မြို့ဆေးရုံကြီးရောက်တော့ ငွေကအလွန်ကုန်ကျပါသဖြင့် လယ်များကိုပါရောင်းပြီး ကုသရပြန်၏။ ဆေးရုံကြီးမှ ဆရာဝန်သမားတော်ကြီးများကလည်း ကြပ်ကြပ်မတ်မတ်ကုသပေး၏။

ဦးကျော်နိုင်၏ရောဂါမှာ အူမကြီးတွင် ကင်ဆာရောဂါဖြစ်နေပါသဖြင့် နောက်ဆုံးတော့ ကွယ်လွန်သွားရတော့၏။

ငွေကုန်လူပန်း၍ အိမ်ထောင်ဦးစီးကွယ်လွန်သွားပြီး မုဆိုးမဘဝရောက်နေရသော ဒေါ်ဖွားခင်ကား စိတ်ဓာတ်မကျ၊ အားမာန်မလျှော့။ သူတို့၏ ခြံဝင်းကျယ်ကျယ်ကြီးအိမ်မြင့်မြင့်ကြီးရှေ့မှာ ဝါးတဲလေးတစ်လုံးကိုထိုး၏။ပြီးတော့ အကြော်မျိုးစုံကိုကြော်၍ ဖောက်သည်ရောင်းချသည့်အလုပ်ဖြင့် အသက်မွေးမှုကိုပြု၏။

မုဆိုးမ မိခင်ကြီး၏ အကြော်မျိုးစုံဆိုင်ကလည်း နေ့စဉ်နှင့်အမျှ ရောင်းကောင်းလှ၏။ ရွာထဲသို့ ခေါင်းရွက်ပြီး လှည့်လည်ရောင်းချကြသည့် မိန်းကလေးများက အလုအယက်ဝယ်ယူကြ၏။ တစ်နေ့တစ်နေ့လျှင် အရင်းနုတ်ပြီး အမြတ်ငွေ (၃) ထောင်လောက်ရ၏။

သားငယ် မောင်စစ်နိုင်က နံနက်စောစော မိခင်ကြီးကို ဝိုင်းကူလုပ်ပေးပြီးမှ ကယ်ရီယာနင်းထွက်၏။

မုဆိုးမ မိခင်ကြီးဒေါ်ဖွားခင်က အကြော်မျိုးစုံကြော်၊ သားငယ်မောင်စစ်နိုင်က ကယ်ရီယာနင်း။ မြို့ကို ခရီးသည်ပို့၊ ငါးတောင်းတွေပို့။ ရသည့်ငွေတွေ မိခင်ကြီးအပ်။

ညစာကျတော့ သားအမိနှစ်ဦး မျက်နှာချင်းဆိုင်ပြီး ညစာကိုအတူတူစားကြ။ သားအမိနှစ်ယောက်တို့၏ဘဝက ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူး သာသာယာယာ။

သားကြီး မောင်စိုးနိုင်က ဘွဲ့ရပြီး မြို့ကြီးမှာ အလုပ်ရနေလေပြီ။ အလုပ်ဝင်ခါစမို့ မိခင်ကြီးအား မထောက်ပံ့နိုင်သေး။

❑

တစ်နေ့သ၌ မောင်စစ်နိုင်၏ သူငယ်ချင်းတစ်စု ညဘက် သူတို့အိမ်သို့ ရောက်လာကြ၏။ တက္ကသိုလ်ဝင်တန်းအောင်ပြီးသားသူငယ်ချင်းများ ဖြစ်ကြ၏။

ဗိုလ်သင်တန်း (D.S.A) လျှောက်ရန် တိုင်ပင်ကြ၏။ နောက်ဆုံးတော့ သူငယ်ချင်းတစ်စုတို့ ဗိုလ်သင်တန်းလျှောက်ကြ၏။

အားလုံး (၅) ယောက်လျှောက်ကြရာ မြို့ပေါ်မှသူငယ်ချင်းနှစ်ယောက်သာရကြ၏။ မောင်စစ်နိုင်က ရေးဖြေစာမေးပွဲအောင်ပြီး လက်တွေ့စစ်ဆေးချက်များမှာ ကျရှုံး၏။ ယင်းကြောင့် ဗိုလ်သင်တန်းကို မတက်ရ။

သို့သော် မောင်စစ်နိုင်က အမေ့သားပီပီ ဇွဲလုံ့လကို မလျှော့ပါ။ ရိုးရိုးစစ်သားဘဝဖြင့် တပ်မတော်သို့ဝင်သည်။ အခြေခံစစ်ပညာသင်တန်းတက်



www.burmeseclassic.com

www.burmeseclassic.com

ရန် မင်္ဂလာဒုံသို့သွားရ၏။ ကိုယ်ပိုင်နံပါတ်ရသည့်နေ့မှစပြီး တပ်သားလစာကို ခံစားရ၏။ သင်တန်းသားစုံတော့ အခြေခံစစ်ပညာသင်တန်းကိုတက်ရ၏။ သင်တန်းနည်းပြဆရာကြီးများခိုင်းစေသည့်အတိုင်း လိုက်နာပါသဖြင့် သင်တန်းသား (စံပြ) ဆုကိုပါ ရရှိ၏။ စစ်သင်တန်းဆင်းပြီးကြတော့ သင်တန်းသားများအားလုံး ခွင့်တစ်ပတ်ခန့်ရရှိကြ၏။ အသီးသီး မိဘရပ်ထံပြန်ကြသဖြင့် တပ်သား မောင်စစ်နိုင်လည်း မိခင်ကြီးထံပြန်ခဲ့၏။

သားငယ်စစ်သားကြီးမောင်စစ်နိုင်က သူစုဆောင်းထားသည့် ငွေ(၁၀၀၀၀)ကျပ်ကို မိခင်ကြီးအား ဦးဦးဖျားဖျားကန်တော့၏။ စစ်ယူနီဖောင်းဖြင့်ရိုက်ထားသော သူ၏ဓာတ်ပုံကြီးတစ်ပုံကိုလည်း မိခင်ကြီးကို ပေးအပ်၏။

မုဆိုးမ မိခင်ကြီး သူ့သားငယ်ကို ကြည့်ပြီး သဘောကျနေ၏။

သားငယ်က အရပ်အမောင်းလည်း ထွက်လာ၏။ ကာယဗလလည်း ဖွံ့ဖြိုးလာ၏။ လက်မောင်းကြွက်သားကြီးများကလည်း သန်သန်မာမာ။ ယောကျ်ားကောင်း၊ အာဇာနည်စစ်သားကောင်းကြီးပါပဲ။ အသားကတော့ နည်းနည်းမည်းသွား၏။

ခွင့်တစ်ပတ်သာရသဖြင့် နံနက်ဖြန် သားငယ်စစ်သားကြီး မောင်စစ်နိုင် သူတာဝန်ကျရာ ရှမ်းပြည်နယ်တပ်ရင်းသို့ ပြန်ရပေတော့မည်။

ယင်းကြောင့် မောင်စစ်နိုင် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဦးလေးတော်သူ ကျောင်းထိုင်ဆရာတော်ကြီးကို သွားကန်တော့၏။

မုဆိုးမ မိခင်ကြီးက သူ့ထဘီအထက်ဆင်စကို ဆုတ်ဖြဲသည်။ ပြီးတော့ အပ်ချည်ကြိုးတစ်ချောင်းကို ခိုင်ခိုင်ကျစ်၏။ အထက်ဆင်စကို အပ်ချည်ကြိုးမှာ ခိုင်ခိုင်မြဲမြဲချည်၏။

သားငယ်စစ်သားကြီး ဘုန်းတော်ကြီးကျောင်းမှ ပြန်လာတော့ မိခင်ကြီးက ထဘီအထက်ဆင်စကို သားငယ်၏လည်ပင်းမှာ သူကိုယ်တိုင်ဆွဲပေးလိုက်၏။

"သားငယ်၊ ဒါ အမေရဲ့ အထက်ဆင်စကွယ့်။ အမေ့ရဲ့ထဘီစကို ဆောင်ကောင်းတယ်ကွယ့်။ အန္တရာယ်ကင်းတယ်ကွယ့်။ မင်း နေ့တိုင်း ရတနာ(၃)ပါးနဲ့ မိဘနဲ့ ဆရာသမားတွေကို ရှိခိုးကွယ့်။ မမေ့နဲ့ ကြားလား ငါ့သား"

"သား နေ့စဉ်ရှိခိုးပါတယ် အမေ"

"ငါ့သား သမ္ဗုဒ္ဓေဂါထာလည်း ရတယ်မဟုတ်လားကွယ့်"

"ရပါတယ် အမေ"

"သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုလည်း နေ့တိုင်ရွတ်ကွယ့်။ စစ်ထွက်ခါနီးလည်း ရွတ်ကွယ့်။ အန္တရာယ်တွေအမျိုးမျိုးကင်းတယ်ကွယ့်"

"နေ့တိုင်းရွတ်ပါတယ် အမေ"

သားငယ်မောင်စစ်နိုင်က စစ်ယူနီဖောင်းကိုဝတ်ပြီးမှ သူ့မိခင်ကြီးကို ကန်တော့၏။

မိခင်ကြီးက ဆုတွေအမျိုးမျိုးပေးပြီး ပါးပြင်ပေါ်သို့ စီးကျလာသည့် မျက်ရည်စများကို သားမမြင်တွေ့ရအောင် သွက်သွက်လေးသုတ်လိုက်၏။

❑

❑ *မချမ်းတစ်ခါ၊ ချမ်းတစ်ခါနှင့်*
*ဟေမာလိုလို၊ သန်လိုလိုနှင့်*
*နှင်းစိုတစ်ကြော့၊ မိုးတစ်ကြော့က၊*
*ဆော့နှော့ဝလီ၊ တောင်ဆီကလို၊*
*မြောက်ကလိုနှင့် လေချိုဆွတ်ဖျန်း၊*
*ဝသန်ကျွမ်းပြီ၊ မချမ်းတစ်ခါ၊ ချမ်းတစ်ခါ၊*
*အလွမ်းခါခါ၊ လွမ်းခါခါ။*

မိုးကလည်း မကုန်သေး၊ ဆောင်းကလည်း ပီပီပြင်ပြင်မရောက်လာသေး။

နှင်းတွေကျလိုက်၊ မိုးကရွာလိုက်။

သန်းခေါင်းယံညဥ့်တစ်ည။ ကြက်တွေပင်တွန်နေလေပြီ။ မုဆိုးမမိခင်ကြီးက အိပ်၍မပျော်နိုင်သေး။ သူ့သားငယ်စစ်သားကြီး၏ ဓာတ်ပုံကို မီးခွက်ကြီးထွန်းလျက် ကြည့်နေရသည်မှာ မဝနိုင်။

သားငယ် စစ်သားကြီး ပြန်သည့်နေ့မှစပြီး ဘုရားမှာ ရေချမ်းကပ်၊ အောင်သပြေပန်းတွေလှူ၊ မေတ္တာပို့၊ ဆုတွေတောင်းရသည်မှာလည်း နိစ္စဓူဝပါပဲ။

သည်နေ့မနက် အိပ်ရာထထချင်း သားကြီး မောင်စိုးနိုင်၏ မျက်နှာကို မြင်ယောင်လာ၏။ မုဆိုးမမိခင်ကြီးစိတ်ထဲမှာ သားကြီးများလာမည်လားမသိဟု ထင်မိနေ၏။

အကြော်စုံကြော်ရန် ဆီပုံးနှင့် ပစ္စည်းများကို အကြော်တဲလေးဆီသို့ ယူဆောင်လာ၏။ အကြော်ကြော်ရင်း တရားစာတွေရွတ်ဖတ်ပြီး သားနှစ်ယောက်ကို မေတ္တာတွေပို့သနေမိ၏။

နံနက် (၇) နာရီလောက်တွင် အိမ်ရှေ့သို့ ရဟန်းတော်တစ်ပါးနှင့် ရှင်သာမဏေတစ်ပါးတို့ ဆွမ်းလာရပ်၏။

ဒေါ်ဖွားခင် အကြော်စုံများကို ရိုရိုသေသေလောင်းလှူ၏။ ဤကား နေ့စဉ်နှင့်အမျှ ဒေါ်ဖွားခင်၏ ဒါနပါပဲ။

ရွာဦးဘုန်းတော်ကြီးကျောင်းမှ မောင်တော်သူ ကျောင်းထိုင်ဆရာကြီးထံသို့လည်း နေ့စဉ်မပြတ် ကိုယ်တိုင်ကိုယ်ကျ အကြော်စုံများကို သွားလှူကပ်၏။ စေတနာကဖြူဖြူ၊ သဒ္ဓါကထက်ထက်မြက်မြက်။

သည်ကနေ့ နံနက်အိပ်ရာမှ ထကတည်းက သားကြီးမောင်စိုးနိုင်၏ မျက်နှာကို အာရုံထဲမှာမြင်တွေ့နေရ၏။ ညနေပိုင်းကျတော့ ထင်ထားသည့်အတိုင်းပင် သားကြီး မြို့မှပြန်ရောက်လာ၏။

သားကြီးနှင့်အတူ ရုပ်ရည်ချော်ချော သန့်သန့်ပြန့်ပြန့် အမျိုးသမီးတစ်ဦးပါလာသည်ကို တွေ့ရ၏။

နှစ်ထပ်အိမ်ကြီး၏အပေါ်ထပ်မှာ သားအမိတစ်တွေထိုင်ကြ၏။ သားကြီးက စကားစပြော၏။

"အမေ၊ သူက သားရဲ့သူငယ်ချင်းပါ။ သားနဲ့အတူတူ တက္ကသိုလ်မှာ ဘွဲ့ရသူပါ"

သားကြီး သူ့မိခင်ကြီးကို တစ်ချက်ကြည့်ပြီးမှ-

"သူ့နာမည်က ခင်လှလှပါ။ သားတို့ နှစ်ဦးသဘောတူ မြို့ကရုံးမှာ လက်ထပ်ပြီးကြပါပြီ အမေ"

"ဩော်ဩော် - ဒါနဲ့ သမီးရဲ့ဇာတိက ဘယ်ကလဲကွယ့်"

မိခင်ကြီးက မိန်းကလေးကိုကြည့်ပြီး စုံစမ်း၏။

"သမီးက သန်လျင်မြို့ပါ အမေ"

"သမီး သားနဲ့ လက်ထပ်ကြတာကိုကော သမီးတို့ရဲ့မိဘတွေက သဘောတူကြရဲ့လားကွယ့်"

မိခင်ကြီး၏ရုတ်တရက်အမေးကို ခင်လှလှမဖြေနိုင်ပါ။ ဆိုင်းငံ့ငံ့ဖြစ်သွားဖြစ်သွားရ၏။ ယင်းကြောင့် သူ့ခင်ပွန်း မောင်စိုးနိုင်ကို အကူအညီတောင်းသည့် အကြည့်ဖြင့် လှမ်းကြည့်လိုက်၏။

"ဒီလိုပါ အမေ။ ခင်လှလှတို့ရဲ့ မိဘတွေက သန်လျင်မြို့ကပါ။ သူဌေးမျိုးတွေပါ။တိုက်ပိုင်ကားပိုင်တွေနဲ့။ သားနဲ့ သူ့သမီးကိုတော့ သဘောမတူကြဘူး အမေ။ ဒါနဲ့ပဲ ခင်လှလှ သဘောတူညီမှုနဲ့ သားတို့ တရားဝင် ရုံးမှာပဲလက်ထပ်လိုက်ပါတယ် အမေ"

သားကြီး၏စကားကို နားထောင်ပြီး မိခင်ကြီး ဘာမှုဝေဖန်ပြီး မပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com

တော့ပါ။

"သားနဲ့ သမီးတို့ အေးအေးဆေးဆေး နားကြဦးကွယ်။ ခရီးပန်းလာကြတယ်။ အမေ သားတို့စားဖို့ ငါးသွားဝယ်လိုက်ဦးမယ်ကွယ်"

မုဆိုးမ မိခင်ကြီးက ထိုင်နေရာမှ ဖြည်းဖြည်းချင်းထပြီး အိမ်ကြီးအောက်သို့ ဆင်းလာခဲ့၏။ ခင်လှလှကို သူ့မိဘများကအမွေဖြတ်ထားသည်ကို မိခင်ကြီးကို မပြောပြပါ။

သားကြီးတို့ ဇနီး မောင်နှံက (၃) ရက်ခန့်သာနေပြီး မြို့သို့ ပြန်ကြမည်ဖြစ်၏။

ညဘက်ကျမှ သားကြီးမောင်စိုးနိုင်က မိခင်ကြီးအား သူတို့လာရခြင်း အကြောင်းကို ရှင်းပြ၏။

ရန်ကုန်မြို့ကြီးမှာ သူတို့နှစ်ဦးစလုံး ကုမ္ပဏီကြီးတစ်ခုမှာ တစ်လချင် လခ (၁) သိန်းရကြ၏။ နှစ်ယောက်ပေါင်း (၂) သိန်းရကြ၏။

သားခါစ ဇနီးမောင်နှံတို့ အိမ်ငှားပြီးနေချင်ကြ၏။ အိမ်ငှားဖို့ စပေါ်ငွေပေးရန် ငွေလိုအပ်နေ၏။ ယင်းကြောင့် မုဆိုးမ အကြော်သည် မိခင်ကြီးထံ အပူလာကပ်ခြင်း ဖြစ်၏။

မုဆိုးမ မိခင်ကြီးက -

"ဘာမှမပူပါနဲ့ သားရယ်။ အမေဆောင်ရွက်ပေးပါမယ်နော်"

နောက်နေ့နံနက်ပိုင်းမှာ အကြော်သည် မုဆိုးမမိခင်ကြီး သူ့မိဘများလက်ထက်က ဆင်ပေးထားသည့် ရွှေနားကပ်တစ်ရန်ကို နားမှချွတ်၍သွားရောင်း၏။ ငွေ (၅) သောင်းကျပ်ရ၏။ မိခင်ကြီးအကြော်ရောင်းချပြီး စုဆောင်းထားသည့်ငွေက (၅) သောင်းရှိ၏။ စုစုပေါင်း ငွေတစ်သိန်းကို သားနှင့် ချွေးမတို့အား စိတ်ချမ်းမြေ့စွာဖြင့် ပေးအပ်၏။

သားနှင့် ချွေးမတို့လည်း ပျော်ရွှင်သွားကြပြီး ထိုနေ့မှာပင် ရန်ကုန်မြို့သို့ ပြန်ကြပါတော့၏။

❑

စစ်သားကြီးသားငယ်မောင်စစ်နိုင် ထံမှ (၃) လတစ်ကြိမ် စာတိုက်မှစာ ရောက်ရောက်လာ၏။ မိခင်ကြီးကိုသတိရကြောင်း၊ သားလည်းကျန်းကျန်းမာမာ ရှိကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထား၏။

စစ်သားကြီး သားငယ်၏ စာတွေကို သတိရတိုင်း ထုတ်ထုတ်ဖတ်ရသည်မှာလည်း မဝနိုင်။



(၂) နှစ်ကျော်ကျော်ခန့်ကြာတော့ သားငယ် အိမ်သို့ပြန်ရောက်လာ၏။ သည်တစ်ခါတော့ တပ်သားစစ်နိုင် မဟုတ်တော့ပါ။ လက်မောင်းနှစ်ဖက်ပေါ်မှာ အရစ်နှစ်ရစ်စီတပ်ထားသည့် တပ်ကြပ်ဆရာစစ်နိုင်ဖြစ်လာပါတော့ပြီ။

သားငယ်ရာထူးတက်ခဲ့လေပြီ။

ခရီးရောက်ရောက်ချင်း နို့ဆီဘူးများ၊ ငါးသေတ္တာများနှင့်ပန်းသီး၊ လိမ္မော်သီးများကို မိခင်ကြီးရှေ့မှချ၏။ အသင့်ထည့်ထားသော စာအိတ်တစ်အိတ်ကိုလည်းထုတ်၏။ ထိုစာအိတ်ထဲမှာ ဆရာစစ်နိုင် စုဆောင်းထားသည့် ငွေ (၅) သောင်းတိတိ။

ထိုပစ္စည်းများနှင့် မိခင်ကြီးကို ရိုရိုသေသေထိုင်ကန်တော့၏။ မိခင်ကြီးမှာ ပျော်လွန်းသဖြင့် ပီတိမျက်ရည်တွေ ဝိုင်းလာ၏။

ညစာအတွက် သားငယ်ကြိုက်တတ်သည့် ငါးဘတ်သားဟင်းကို ချက်၏။ ငါးခူးစင်းကောနှင့် ရဲယိုရွက်ကိုစဉ်းပြီး ရဲယိုရွက်ဖက်ထုပ်လုပ်၏။ ဟင်းချိုက ခြံထဲက ကင်ပွန်းရွက်ဟင်းချို။

သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကြပြီး ထမင်းဝိုင်းမှာ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူးစားကြ၏။

ထမင်းစားပြီးတော့ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲစားကြပြီး သားအမိနှစ်ယောက် စကားတွေပြောကြသည်မှာမဝနိုင်ကြ။ ညဉ့်နက်သန်းခေါင်ပင်ကျော်သွားရ၏။

သားငယ် တပ်ကြပ်စစ်နိုင်က တစ်ပတ်သာခွင့်ရသဖြင့် နံနက်ဖြန်တွင် မိမိ၏တပ်ရင်းသို့ပြန်ရမည်ဖြစ်၏။

သားငယ်က လိမ္မော်သီးများနှင့် ပန်းသီးများကို ခြင်းတစ်ခြင်းထဲထည့်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းသို့သွား၍ သွားလှူ၏။

သည်ကနေ့ မိခင်ကြီး၏ သွားတစ်ချောင်းကနဲ့နေ၏။ သွားကကိုက်လည်းကိုက်၏။

မိခင်ကြီး ရုတ်ခြည်းစဉ်းစားလိုက်၏။ သူ၏နဲ့နေသည့်သွားကို ယနေ့ညရအောင်နုတ်မည်။ ပြီးတော့ သားငယ်ကို ဆောင်ထားရန်ပေးမည်။

ယင်းကြောင့် မိခင်ကြီးနဲ့နေသည့် သူ့သွားကိုလှုပ်လှုပ်ပြီးမကြာခဏနှဲ့နေမိ၏။ သွားကပို၍ကိုက်လာ၏။ သားငယ် ဘုန်းတော်ကြီးကျောင်းမှ ပြန်လာတော့ မိခင်ကြီးမှာ သွားကိုက်ဝေဒနာကြောင့် ညည်းညူနေသည်ကို တွေ့မြင်ရ၏။

သားငယ်မောင်စစ်နိုင် မြို့သို့အမြန်သွားပြီးသွားနာပျောက်သည့်ဆေးများကို ဝယ်၏။

အိမ်ပြန်ရောက်ရောက်ချင်း မိခင်ကြီးကို ဆေးတိုက်၏။ ဆေးသောက်လိုက်တော့ မိခင်ကြီးသွားကိုက်ဝေဒနာ သက်သာသွားရ၏။ ထမင်းမစားနိုင်သဖြင့် မောင်စစ်နိုင် ဆန်ပြုတ်ပြုတ်၍တိုက်၏။ ညစာကို သားငယ်က သူကိုယ်တိုင်ချက်ပြီးစားသောက်၏။

ညက မိခင်ကြီးတစ်ညလုံးမအိပ်ပါ။ သူ၏နဲ့နေသောသွားကို ပို၍နဲ့အောင် အမျိုးမျိုးနှဲ့ကြည့်၏။ သွားကယိုင်တော့ယိုင်လာပါပြီ။ သို့သော် သွားအမြစ်က ခိုင်နေသေး၏။

မိခင်ကြီး အပ်ချည်ကြိုးတစ်ချောင်းကိုယူပြီးခိုင်အောင်ကျစ်၏။ သူ၏သွားရင်းမှာမပြုတ်ထွက်ရအောင်ရစ်ပတ်၏။ ပြီးမှ အပ်ချည်ကြိုးကို သွားကျွတ်ထွက်အောင်ဆွဲ၏။ မျက်ရည်များကျဆင်းလာ၏။ နာသည့်ဝေဒနာက ပိုဆိုးသွားရ၏။

မိခင်ကြီးအနာခံပြီး အပ်ချည်ကြိုးကို အကြိတ်ပြီးဆွဲ၏။ ထပ်ထပ်ဆွဲ၏။ နောက်ဆုံးတော့ သွားကြီးကျွတ်ပါလာတော့၏။ သွားရင်းမှ ပြည်ပုပ်များ၊ သွေးရည်များ ကျဆင်းလာ၏။ စိတ်ကြောင့်လားမသိပါ။ သွားနာလည်း သက်သာသွားရ၏။

မိခင်ကြီး နလင်ကျော်မြစ်ကိုသွေးပြီး ပါးမှာလိမ်း၏။ ငန်းနီကျော်ဆေးမှုန့်ကို ရေနွေးပူပူဖြင့်သောက်၏။

သွားနုတ်၍ရသွားသဖြင့် မိခင်ကြီး ပီတိတွေဖြာဆင်းပြီး မိုးမြန်မြန်လင်းစေချင်၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတော့ သားငယ်ကို သူ၏သွားကိုပေး၏။

"သား အဲဒါ အမေ့ကျွတ်သွားတဲ့သွားကွယ့်။ သားငယ် ဆောင်ထား၊ ဘေးဥပဒ်အန္တရာယ်ကင်းတယ်ကွယ့်"

သားငယ်က မိခင်ကြီး လှမ်းပေးသည့် သွားကိုယူပြီး အပ်ချည်ကြိုးတစ်ချောင်းကို ခိုင်ခိုင်ကျစ်၏။ ပြီးမှ သွားမှာချည်၏။ ပြီးတော့ သူ၏လည်ပင်းမှာ ဆွဲလိုက်၏။

ယခုတော့ သားငယ်၏ လည်ပင်းမှာ မိခင်ကြီး၏ အထက်ဆင်စနှင့် မိခင်ကြီး၏သွားကိုဆွဲထားမိလေပြီ။အဆောင်က နှစ်ဆူ။

ပြုံးပြုံးရွှင်ရွှင်ဖြင့် မိခင်ကြီးကို မော်ကြည့်လိုက်တော့ -

မိခင်ကြီး၏ပါးတစ်ဖက်က ရောင်ကိုင်းနေ၏။

"ဟင်-အမေ့ပါးရောင်နေပါလားအမေ"

"ဒါလား သားမစိုးရိမ်နဲ့။ အမေ မနာတော့ဘူး။ ကိုက်လည်းမကိုက်တော့ဘူးကွယ့်။ အမေနလင်ကျော်မြစ်ကိုသွေးလိမ်းထားတယ်။ ငန်းနီကျော်ဆေးလည်းသောက်ထားတယ်ကွယ့်"

သားငယ် ဆရာစစ်နိုင် စစ်ယူနီဖောင်းလဲပြီး မိခင်ကြီးရှေ့မှထိုင်၏။

"အမေ့ကို သားဝမ်းသာစရာပြောပြရဦးမယ် အမေ"

"ဘာများလဲ သားရဲ့"

"သား ဒီကပြန်ရင် ဗိုလ်သင်တန်းတက်ရမယ် အမေ။ တပ်ရင်းမှူးကြီးက ပြောပြလိုက်တယ် အမေရဲ့"

"ကောင်းတာပေါ့ကွယ်။ ငါ့သားကြီးဖြစ်ချင်တဲ့ စစ်ဗိုလ်ကြီးဖြစ်တော့မှာပေါ့"

"သားဗိုလ်သင်တန်းတက်ပြီးရင် လစာငွေတွေလည်း အများကြီးရမယ် အမေ။ အဲဒီကျရင် သား အမေ့ကို လာခေါ်မယ်နော်။ အမေသားနဲ့လိုက်နေရမယ်နော် အမေ"

"လိုက်နေမှာပေါ့ကွယ့်။ ငါ့သားနဲ့ အမေ အတူတူနေရရင် စိတ်လည်းချမ်းသာမှာပါကွယ်"

တပ်ကြပ်ဆရာစစ်နိုင်က သူ့မိခင်ကြီးကို ရှိရှိသေသေ ဦး (၃) ကြိမ်ချပြီး တန်တော့နေ၏။ မိခင်ကြီးက မေတ္တာပို့ပြီး ဆုတွေလည်းပေးနေ၏။

မျက်ဝန်းအစုံမှ စီးဆင်းကျလာသည့်ပါးပြင်ထက်မှ မျက်ရည်စကို သားငယ်မမြင်တွေ့ရအောင် ကပျာကယာသုတ်လိုက်ရ၏။

❏

နေက ချစ်ချစ်တောက်ပူနေ၏။

ကဆုန် နယုန် ဆွေ့ဆွေ့ခုန်ဆိုသလိုပင် အပူဒဏ်က ပိုကဲနေ၏။

မုဆိုးမမိခင်ကြီး မုန့်ကြိတ်ခုံမှ ကြိတ်ပြီးသားဆန်နှစ်ရည်များကို အိတ်တစ်အိတ်ထဲသို့ထည့်ပြီး ခေါင်းပေါ်ရွက်လျက် အိမ်သို့ပြန်၏။

ညစဉ်နှင့်အမျှ သားငယ်အတွက် ဘုရားမှာ မေတ္တာပို့ ဆုတောင်းရသည်မှာလည်း မမောနိုင်မပန်းနိုင်ပါ။

သားငယ်ပြန်သွားပြီး (၂) လခန့်ကြာတော့ မိုးတွေဖြိုင်ဖြိုင်ရွာသွန်းနေ၏။ အပူဒဏ်ကနည်းနည်းသက်သာသွားရ၏။

မိုးတွေဖြိုင်ဖြိုင်ရွာနေသောညနေပိုင်းတွင် ရန်ကုန်မြို့မှ သားကြီး မောင်စိုးနိုင်နှင့် ချွေးမခင်လှလှတို့ မမျှော်လင့်ဘဲ ရောက်လာကြ၏။

ချွေးမဖြစ်သူက ဟောလစ်တစ်ဘူးဝယ်ပြီး မိခင်ကြီးကို ကန်တော့၏။

"သမီးနဲ့သားတို့ မြို့မှာ အစားအသောက်တောင်းကြရဲ့လားကွယ့်။ စားချင်တာကိုပြော၊ အမေချက်ကျွေးမယ်နော်"

သားကြီး မောင်စိုးနိုင်က -

"အမေ၊ သားတို့ကြက်သားကာလသားဟင်းစားချင်တယ် အမေ"

ဟု ဆို၏။

"စားရမယ် သား။ ကဲ - သမီးနဲ့သားတို့ အဝတ်အစားတွေလဲကြဦး။ နားလည်းနားကြပါဦးကွယ့်"

အကြော်သည်မိခင်ကြီးပြောပြောဆိုဆိုနှင့်ပင် အိမ်ကြီးအောက်သို့ဆင်းခဲ့၏။ ခြေရင်းအိမ်မှာ သူငယ်လေးကိုခေါ်ပြီး ကြက်တစ်ကောင်ကို ဝယ်ခိုင်းလိုက်၏။

မကြာလိုက်ပါ။ ငါးဆယ်သားအရွယ် ကြက်အသေကောင်တစ်ကောင်ဆွဲပြီး သူငယ်လေးပြန်လာပြီးပေး၏။

မိခင်ကြီးက ရေနွေးအိုးတည်ပြီး ငရုတ်ပွပွကိုရေစိမ်၏။ ရေနွေးဆူတော့ ကြက်မွေးကို သူကိုယ်တိုင်နုတ်၏။ငကြွဲဆန်ကောင်းကောင်းကို ချွေးမနှင့် သားစားဖို့ချက်၏။ ကြက်သားကို သားပြောသည့်အတိုင်း ကာလသားဟင်းချက်၏။ ကြက်ရိုးများကို ခြံထဲမှ ခွေးတောက်ရွက်နှင့် ဟင်းချိုချက်၏။ မုဆိုးမမိခင်ကြီးကတော့ ငါးရံ့ခြောက်နှင့်ကင်ပွန်းရွက်ဟင်းချိုနှင့် ညစာကို စားလိုက်၏။

သမီးချွေးမနှင့် သားကြီးတို့က ညစာကို မြိန်ရေရှက်ရေ အတူတူစားသောက်ကြ၏။

မုဆိုးမ မိခင်ကြီးက ချွေးမကန်တော့သည့် ဟောလစ်ဘူးကို ရွာဦးကျောင်းမှ မောင်တော်သူ့ကျောင်းထိုင်ဆရာတော်ကို ကိုယ်တိုင်သွားကပ်လှူလိုက်၏။

ညဘက်ကျတော့မှ သားဖြစ်သူ မောင်စိုးနိုင်က မိခင်ကြီးကို သူတို့လာရင်းအကြောင်းကိုပြောပြ၏။

သူတို့ဇနီးမောင်နှံနှစ်ဦးတို့ တောင်ကိုရီးယားနိုင်ငံမှာ အလုပ်သွားလုပ်ကြမည်။ တစ်ယောက်ကို မြန်မာငွေနှင့် တစ်လ သိန်း (၃၀) ရမည်။ နှစ်ယောက်ပေါင်း သိန်း (၆၀) ရမည်။ အဲဒါ နိုင်ငံခြားထွက်ဖို့အတွက် ငွေသိန်းတစ်ရာလောက်လိုနေ၏။ ယင်းလိုသည့်ငွေကို အကြော်သည် မုဆိုးမမိခင်ကြီးထံ အကူအညီလာတောင်းကြောင်းကို ပြောပြ၏။

ငွေသိန်းတစ်ရာဆိုတော့ မုဆိုးမအကြော်သည်၏ခေါင်းထဲမှာ မီးရထားကြီးတစ်စင်းခုတ်မောင်းသွားရသလို ဖြစ်သွားရ၏။

သို့သော် မုဆိုးမမိခင်ကြီးက သားကြီးအတွက် စဉ်းစား၏။ မိခင်ကြီး၏ဦးနှောက်ထဲမှာ လျှပ်တစ်ပြက် အလင်းတန်းတစ်ခုက ဖျတ်ခနဲပေါ်လာ၏။

"သားကြီး၊ ဘာမှမပူနဲ့။ အမေလုပ်ပေးမယ်"

အားရဝမ်းသာစွာဖြင့် ပြောသည့်အသံ။

မုဆိုးမမိခင်ကြီး ရွာရိုးလျှောက်ပြီး သူ့အိမ်ကြီးကိုရောင်း၏။ အသိမိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် မြို့မှ တရုတ်သူဌေးကြီးတစ်ဦးက ဝယ်ယူမည်ဖြစ်၏။

နောက်တစ်နေ့ နံနက်တွင် မြို့မှ တရုတ်သူဌေးကြီး ရောက်လာပြီး အိမ်ကြီးကို သေသေချာချာကြည့်ပြီး သိန်း (၁၂၀) ဖြင့် ဝယ်သွားတော့၏။

ငွေကိုပါ တစ်ပါတည်း ချေပေးခဲ့၏။

မုဆိုးမ မိခင်ကြီး အိမ်ရောင်းရသည့်ငွေ သိန်း(၁၂၀)ကို သားနှင့် ချွေးမအား ဝမ်းသာစွာဖြင့် ပေးအပ်လိုက်၏။

သားနှင့် ချွေးမတို့သည်လည်း ငွေရသည်နှင့်တစ်ပြိုင်နက် ရန်ကုန်မြို့သို့ ပီတိတွေဝေလျက် ခပ်မြန်မြန်ပင်ပြန်တော့၏။

❏



www.burmeseclassic.com

www.burmeseclassic.com

သကြံ့န်ကျပြီး နွေဦးရာသီတွင် သားငယ် ဗိုလ်စစ်နိုင် ရဲဘော်လေးတစ်ဦး နှင့်အတူတူ စစ်ဂျစ်ကားလေးမောင်းပြီး မိမိမွေးရာမြေရွာထဲသို့ မောင်းဝင်လာပါတော့၏။

ရွာထဲမှ ကလေးငယ်တစ်စုက စစ်ဂျစ်ကားလေးကို ဝိုင်းကြည့်နေကြ၏။

မိမိတို့မိသားစု ပျော်ပျော်ရွှင်ရွှင်ဖြင့် နေထိုင်ခဲ့ရာ ခြံကြီးရှေ့ရောက်တော့ စစ်ဂျစ်ကားလေးကိုရပ်၏။

ခြံကြီးထဲမှာ အိမ်ကြီးကမရှိတော့ပါ။ အကြော်တဲလေးကတော့ ယိုင်ယိုင် နဲ့နဲ့။

ခြံကြီးထဲမှာ အိမ်ကြီးကိုလည်း မတွေ့ရ။ မိခင်ကြီးကိုပါ မတွေ့ရသဖြင့် ဗိုလ်စစ်နိုင်ရင်ထဲမှာ ဆို့နင့်နင့်ကြီးဖြစ် သွားရမိ၏။

အိမ်နားနီးချင်းများကို မေးမြန်း စုံစမ်းကြည့်တော့မှ အဖြစ်မှန်ကိုသိသွား ရ၏။

မိခင်ကြီးမှာ နေစရာအိမ်မရှိတော့ ပါသဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်း သို့ရောက်နေရလေပြီ။

ယင်းကြောင့် စစ်ဂျစ်ကားလေးကို ဦးလေးတော်သူ ရွာဦးဘုန်းတော်ကြီး ကျောင်းသို့ ဆက်မောင်းရပါတော့၏။

ကျောင်းထိုင်ဆရာတော်ကြီးအား ပန်းသီးများနှင့် လိမ္မော်သီးများကို ဆက်ကပ် လှူဒါန်းပြီးမှ မိခင်ကြီး အကြောင်းကို မေးမြန်းမိ၏။

"မောင်စစ်နိုင်ရဲ့ မိခင်ကြီး ဓမ္မာရုံ ကြီးထဲမှာရှိပါတယ်။ ဒီအချိန်ဆိုရင်တော့ တရားထိုင်နေလိမ့်မယ်ကွယ့်။ သွားလိုက် ပါ"

ဆရာတော်ကြီး၏ ခွင့်ပြုချက် ကြောင့် မိခင်ကြီးရှိရာ ဓမ္မာရုံကြီးဆီသို့ ဗိုလ်စစ်နိုင် ဖြည်းဖြည်းချင်းလာခဲ့၏။

တွေ့ရပါပြီ မိခင်ကြီး။

မိခင်ကြီးက ဘုရားကျောင်း ဆောင်ရှေ့မှာ ကြွေရရထိုင်နေ၏။ မျက်စိကိုမှိတ်ထား၏။ ဝတ်စုံက ယောဂီ ဝတ်စုံ။ မိခင်ကြီး ဝိပဿနာတရားရှု မှတ်နေခြင်း ဖြစ်၏။

ဘုန်းတော်ကြီးကျောင်းဝင်းကြီးက တိတ်ဆိတ်ငြိမ်သက်လှ၏။ အေးချမ်းလှ ၏။ နာရီဝက်ခန့်ကြာတော့ မိခင်ကြီး ဘုရားကို ဦး(၃)ကြိမ်ချပြီး နောက်ဘက် တွင်ထိုင်နေသည့် သားငယ်ဘက်သို့ မျက်နှာမူလိုက်၏။

"သားငယ်၊ ရောက်နေပြီလား

| | | |
|---|---|---|
| | | **MOTHER = အမေ** |
| M = | MOVE | = လှုပ်ရှားခဲ့ရသည်။ |
| O = | OWNER OLD | = ပိုင်ဆိုင်မှုတွေအိုမင်းလာရပြီ။ |
| T = | TEARS | = မျက်ရည်တွေကျခဲ့ရသည်။ |
| H = | HEART | = နှလုံးသားဖြူစင်တဲ့ မေတ္တာပိုင်ရှင်။ |
| E = | EYES | = သားသမီးတွေအတွက် အမြဲတမ်းစောင့်ကြည့်နေတဲ့ မျက်လုံးပိုင်ရှင်။ |
| R = | RIGHT | = အမှန်တရားကို အမြဲလုပ်ဖို့ တိုက်တွန်းသည်။ |

ကွယ့်"

မယ်တော်ကြီး၏အသံက အေး ချမ်းလှ၏။ နူးညံ့သိမ်မွေ့လှ၏။

"ဟုတ်ကဲ့ပါ မယ်တော်"

"ငါ့သားလာမယ်ဆိုတာ မနေ့က တည်းက မယ်တော်ရဲ့အာရုံထဲမှာမြင်ရ တယ်ကွယ့်"

မယ်တော်ကြီးက သမာဓိအား တွေကောင်းနေပြီ ဖြစ်၏။

"ငါ့သားကျန်းမာရဲ့လား"

"ကျန်းမာပါတယ် မယ်တော်"

"သား၊ အခု သားလိုချင်တဲ့စစ်ဗိုလ် ကြီးဖြစ်ပြီပေါ့နော်"

"ဟုတ်ပါတယ် မယ်တော်။ အခု လာတာဟာ မယ်တော့်ကိုလာခေါ်တာ ပါ။ တပ်ရင်းမှူးကြီးက မယ်တော်ကြီးကို ခေါ်လာဖို့ ကားပါပေးလိုက်ပါတယ်။ မယ်တော်ကြီးနေဖို့ သီးသန့်လိုင်းခန်း လည်း ရထားပါပြီ မယ်တော်"

"သားငယ် မယ်တော်ကြီး မလိုက် ပါရစေနဲ့တော့ကွယ်။ မယ်တော်ကြီး ဒီ ဘုန်းတော်ကြီးကျောင်းမှာပဲ တရားနဲ့ နေပါတော့မယ်ကွယ်။ သားငယ် အေး အေးဆေးဆေးပဲပြန်တော့နော်"

မယ်တော်ကြီးက တရားသမား ပီပီ သံယောဇဉ်တွေပြတ်လေပြီ။ ဗိုလ် စစ်နိုင် ဘာထပ်ပြောရမှန်း မသိတော့ပါ။

"ဒါဆိုလည်း မယ်တော့်ကို ကန်တော့ဖို့ သားမှာ ငွေ (၅) သိန်းပါလာ ပါတယ်။ မယ်တော် ဒါကိုတော့ လက်ခံ ထားလိုက်ပါ မယ်တော်"

"မယ်တော် ဘာမှမလိုချင်တော့ ဘူး သားရယ်။ မယ်တော်မှာ သုံးစရာ လည်း မရှိပါဘူးကွယ်"

မယ်တော်ကြီး၏ အသားအရေ က စိုစိုပြည်ပြည် မျက်နှာက လမင်းကြီး လို ကြည်ကြည်လင်လင်။ မေတ္တာဓာတ် တွေက မယ်တော်ကြီး၏ မျက်နှာမှာ အပြည့်။

"ဒါဆိုရင်လည်း သားငယ် ပြန် တော့နော်"

မယ်တော်ကြီးက ထိုင်နေရာမှ ဖြည်းဖြည်းချင်းထပြီး သူ၏ အိပ်ခန်းဆီ သို့ အမှတ်တရားဖြင့် လျှောက်လှမ်းသွား ပါတော့၏။

ဗိုလ်စစ်နိုင် စိတ်ကရည်မှန်းလျက် မယ်တော်ကြီးကို ဦး (၃) ကြိမ်ကန်တော့ ပြီး ဦးလေးတော် ဘုန်းတော်ကြီးထံ ပြန်လာခဲ့၏။

ဗိုလ်စစ်နိုင် သူ့တွင် အသင့်ပါလာ သော ငွေ (၅) သိန်းစာအိတ်လေးကို ကျောင်းထိုင်ဆရာတော်ကြီးအား သဒ္ဓါ တရားထက်သန်စွာဖြင့် လှူဒါန်းလိုက်၏။

ဆရာတော်ကြီးက ဆုတွေပေးပြီး မေတ္တာပို့သပေးနေ၏။

ကျောင်းထိုင်ဆရာတော်ကြီးအား ရိုရိုသေသေ ဦး (၃) ကြိမ်ချပြီး ဘုန်း တော်ကြီးကျောင်းတိုက်ထဲမှ ဖြည်းဖြည်း ချင်းထွက်ခဲ့ပါတော့၏။

စစ်ဂျစ်ကားပေါ် တက်လိုက်၏။ ရဲဘော်လေးက အလိုက်သိ၏။ သူ၏ အရာရှိမျက်နှာကိုကြည့်ပြီး ဘာတစ်ခွန်း မှမပြောပါ။ မမေးပါ။

ယခုတော့ စစ်ဂျစ်ကားလေးသည် ဗိုလ်စစ်နိုင်၏ ဇာတိမြေမှ တဖြည်းဖြည်း ထွက်ခွာလာခဲ့ပါပြီ။

ယောကျ်ားအာဇာနည်စစ်သားကြီး မျက်လုံးအစုံမှ မျက်ရည်တွေ ပါးပြင်ပေါ် သို့ စီးကျလာ၏။ သူ့ရဲဘော်လေး မမြင်ရ အောင် မြန်မြန်ပဲလက်ကိုင်ပဝါလေးထုတ် ၍သုတ်လိုက်ရပါတော့သတည်း။

□ *MOTHER ၏ စကားလုံး အဓိပ္ပာယ်များကို အင်္ဂလန်နိုင်ငံသား စာရေးဆရာဟောင်းဝပ်ဖွန်က ရေးသား ခဲ့၏။*

အရှင်သုခမ္မသာ

www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

## စွယ်စုံသုံးနိုင်တဲ့ ဇော်ဂျီဦးထုပ်

ကျွန်တော် စာပေနယ်မှာ အခြေစချတာ ၁၉၉၄ ခုနှစ်ထုတ် မြတ်ကြေးမုံမဂ္ဂဇင်း အမှတ် (၁၃) မှာ 'မိုးကုတ်က ဇော်ဂျီဦးထုပ်' ဆိုတဲ့ ဆောင်းပါးနဲ့ပါ။

အဲဒီတုန်းက တွေ့သမျှရောဂါသည်တွေကို သဘာဝပေါက်ပင်တွေနဲ့ သင့်ရာပေးပြီး စေတနာဖြစ်ကုသပေးနေခြင်းပါ။ အဲဒီမှာ ကျောက်ပြာသာဒ်သူနဲ့ အိမ်ထောင်ကျပြီးအခြေကျနေတဲ့ ယောသားလူရွှေက ယောကျ်ားတွေ အူကျရင် သစ်ပင်တွေပေါ်မှာပေါက်တဲ့ ဇော်ဂျီဦးထုပ်ပင်ပြုတ်သောက်ရင်ခဏနဲ့ပျောက်တယ်ဆိုပြီး အပင်ကိုပြတာကြောင့် ကံကောင်းစွာနဲ့ ကျွန်တော် အဲဒီဆေးနည်းကိုရပါတယ်။

ရတယ်ဆိုရင်ပဲ အဲဒီဇော်ဂျီဦးထုပ်ပင်တွေကို အသေအချာ လေ့လာတဲ့အခါ မျိုးစိတ်အတော်များများကို တွေ့ရပါတယ်။ သူ့ရဲ့ပင်စည်လက်မောင်းလုံးခန့်ကနေ ကျောက်တံလုံးလောက်သေးငယ်တဲ့ အပင်ငယ်လေးတွေအထိ စုံလင်စွာ တွေ့ရပါတယ်။ အရွက်၊ အရွယ်၊ အပင်ပုံသဏ္ဌာန်များစွာပဲရှိကြပါတယ်။ တစ်ပင်နဲ့တစ်ပင်က ဖွဲ့စည်းပုံမတူကြပါဘူး။



ဒီရဲ့ဇော်ဂျီဦးထုပ်ပင်တွေကို ကျွန်တော်တို့မြန်မာတွေက ဥရင်ကောက်ပင်လို့ခေါ်ကြပါတယ်။ သူက မြေကြီးတွေပေါ်မှာလည်းပေါက်တယ်။ ရေစပ်စပ်တွေမှာလည်းပေါက်တယ်။ ကျောက်နံရံတွေ၊ ကျောက်တောင်တွေမှာလည်းပေါက်တယ်။ သစ်ပင်၊ ထန်းပင်တွေပေါ်မှာလည်း ပေါက်တယ်။ အဓိက ဆေးသုံးတာက အာကာသပင်လို့ခေါ်တဲ့ သစ်ပင်တွေ၊ ကျောက်တောင်တွေပေါ်မှာပေါက်တဲ့ အပင်တွေကိုသုံးပါတယ်။ သူ့ရဲ့ပင်စည်မှာ အမွေးနီညိုရောင်လေးတွေပါလို့ ဇော်ဂျီရောင်ဖြစ်တာမို့ အလွယ်အကူ ဇော်ဂျီဦးထုပ်လို့ခေါ်ကြခြင်းပါ။

ဥရင်ကောက်ပင်မျိုးစုံကို ကမ္ဘာက ဖန်း (FERN) ပင်လို့ခေါ်ကြပြီး မျိုးစိတ်ပေါင်း (၄၀၀) ကျော်ရှိကြောင်း သိရပါတယ်။ အကြီးဆုံးဖန်းပင်အနေနဲ့ ဆိုင်အေသီယာ (CYATHEA) ဖန်းပင်တွေဟာ (၁၂)မီတာအထိ မြင့်ကြပါတယ်။ မြန်မာတွေက သစ်မင်းလို့ ခေါ်ကြပါတယ်။ စိမ့်စမ်းချောင်းမြောင်းတွေမှာ အဓိက ပေါက်ရောက်ပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ အဲဒီဇော်ဂျီဦးထုပ်ပင်နဲ့ ယောကျ်ားအူကျရောဂါတွေ ကုကုပေးနေတာ အံ့ဩလောက်အောင်အပျောက်မြန်ပါတယ်။ ကျောက်ဖျာရွာမှာကျတော့ တောထဲကအပင်ကြီးတွေဆီကယူပါတယ်။ မိုးကုတ်မြို့မှာကျတော့ ကျွန်တော်တို့အိမ်အနီးရှိ ထောင်ဝင်းထဲက သစ်တော်ပင်တွေမှာ သွားယူပါတယ်။ ဆေးပင်က အတော်ပေါတာပါ။ စွတ်စိုဒေသမို့ နေရာတိုင်းလိုလိုမှာရှိတယ်။

အင်း - ဒီအတိုင်းဆို တိုင်းပြည်ကသိအောင် စာနဲ့ရေးပြီးတင်ပြမှတော်မယ်ဆိုပြီး မြတ်ကြေးမုံမဂ္ဂဇင်းမှာ စတင်ရေးပြီး တင်ပြပါတယ်။ မဂ္ဂဇင်းတိုက်က တောင်းခံလာတာကြောင့် ဇော်ဂျီဦးထုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါးတွေ ဆက်တိုက်ရေးဖြစ်ပါတယ်။ ဒီလိုနဲ့ စာစုံရေးဖြစ်လာတာပါ။

နောက်ပိုင်း ဇော်ဂျီဦးထုပ်ဟာ လိပ်ခေါင်းပျောက်တာလည်းတွေ့လာရတယ်။ မိန်းမအူကျရောဂါလည်း ပျောက်တာတွေ့ရတယ်။ ဆင်ခွာရွာလမ်းက ရေနံပင်ကြီးမှာ ဇော်ဂျီဦးထုပ်တွေ တက်ယူနေတော့ ဂေါ်ရခါးကုလားမကြီးက သူတို့ မီးနေရင် ဘာဆေးမှမစားဘဲ ဒီဇော်ဂျီဦးထုပ်ကို အစိမ်းဝါးစားတာနဲ့ မီးတွင်းဆေးကိစ္စပြီးကြောင်းပြောပြတော့ အနာမန်းကိုနိုင်ကြောင်း သဘောပေါက်ရပြန်ပါတယ်။ အသုံးဝင်ပုံ အသိတိုးရခြင်းပါပဲ။

ဒါဆိုရင် ဇော်ဂျီဦးထုပ်ဟာ အတွင်းရောဂါတွေကို နိုင်နင်းကြောင်းသိရပြန်တာကြောင့် ဘာရောဂါဖြစ်ဖြစ် ဇော်ဂျီဦးထုပ်နဲ့ကုကြည့်မယ်ဆိုတဲ့အတွေးဝင်မိပါတယ်။

ကျွန်တော်ဟာ ခရီးသွားရင် အမှတ်တမဲ့မသွားပါဘူး။ ဘယ်နားမှာ ဘာပင်ရှိတယ်၊ ဘာရောဂါတွေပျောက်နိုင်တယ်ဆိုတာ အမြဲမှတ်သားနေလေ့ရှိတာပါ။ အဲဒါမှ ရောက်ရာအရပ်မှာ လူတွေကိုကူညီနိုင်တာပါ။

မိုးကုတ်မှာ၊ မိုင်းရှူးမှာ လူပေါင်းများစွာကို ကယ်တင်ခဲ့ပါတယ်။ ၂၀၁၁ နေပြည်တော်ကိုရောက်တဲ့အခါမှာတော့ မိုးကုတ်နဲ့မိုင်းရှူးမှာပေါက်တဲ့ဆေးပင်တွေ ရေမြေမတူတာကြောင့် မတွေ့ရတော့ပေမယ့် ဇော်ဂျီဦးထုပ်ပင်တွေကတော့ အသင့်အတင့်တွေ့ရတဲ့အခါ စိတ်ထဲမှာ ကြည်နူးမိတာအမှန်ပါ။

တွေ့ရတဲ့ဖန်းပင်တွေက ဒရယ်ချိဖန်းနဲ့ တောက်တဲ့လက်ဝါးခေါ် ဖို၊ မရွက်စုံပါတဲ့ဖန်းပင်တွေပါ။ တောက်တဲ့လက်ဝါးလို့ ရန်ကုန်ဘက်မှာခေါ်ကြတဲ့ ဖို၊ မရွက်စုံဖန်းပင်တွေဟာ နေပြည်တော်ကနေပြီး အောက်ပြည် မိုးများရာဒေသ ကုက္ကိုပင်ကြီးတွေ၊ သရက်ပင်အစရှိတဲ့ အပင်ကြီးတွေမှာ တွယ်ကပ်ပြီး ပေါက်ရောက်နေကြတဲ့ ကပ်ပါးပင်တွေပါပဲ။ အလွန်ပဲပေါများလွန်းလှပါတယ်။

ဒရယ်ချိဖန်းပင်တွေကျပြန်တော့ ဒုရင်ကောက်လို ငှက်မွေးရွက်ပေါင်းမဟုတ်ပါဘူး။ မုန်လာထုပ်အရွက်ကြီးတွေလို တည်ရှိပါတယ်။ အဲဒီရွက်ပြားကြီးတွေက အဖိုတွေပါ။ ဒရယ်ချိုလို အမွှာမွှာဖြာဆင်းနေတာကမှ ပိုးကျိတ်ကနေ မျိုးစေ့ထုတ်လွှင့်တဲ့အမရွက်တွေပါ။ သူလည်း ဖို၊ မရွက်စုံထွက်တဲ့ ဖန်းမျိုးနွယ်ပါ။

တောက်တဲ့လက်ဝါးပင်မရှိရင် သူ့ကိုလည်း ပြုတ်သောက်လို့ရပါတယ်။ သူ့အရွက်ခြောက်ကို ပြာချပြီး အုန်းဆီနဲ့ ဖျော်လိမ်းရင် အရေပြားမှာပေါက်တတ်တဲ့ မှိုနာတွေပျောက်ပါတယ်။ ကုက္ကိုပင်ကြီးတွေပေါ် မော့ကြည့်ရင် အဖတ်ကြီးတွေနဲ့ အထင်းသားမြင်နေရတာပါ။ ရာသီမရွေးတွေ့နိုင်ကြပါတယ်။

ကျွန်တော် နေပြည်တော်ရောက်တဲ့အခါ သိမ်ကျောင်းဆရာတော်ကြီး ဦးစက္ကိန္ဒကို သွားကန်တော့တဲ့အခါ ကျောင်းဝင်းထဲက သရက်ပင်အိုတွေမှာ တောက်တဲ့လက်ဝါးပင်တွေမြင်ရတော့ အရမ်း ဝမ်းသာတာပါ။

ဒါဆိုရင် ဒီအရပ်က လူတွေရဲ့ ဒုက္ခတွေကို ကယ်တင်နိုင်စွမ်းရှိပြီလို့ ယုံကြည်လိုက်ပါတယ်။ ဆရာတော်ကိုလည်း သရက်ပင်ကြီးတွေမှာ ဆေးပင်တွေရှိလို့ မခုတ်ပစ်ဖို့လျှောက်ထားခဲ့ပါတယ်။

သိပ်ပြီးတော့မကြာလိုက်ပါဘူး။ ကျွန်တော့်ညီမအကြီးမခင်ထွေးတို့အိမ်မှာ တစ်နေ့နှစ်ကြိမ် ထမင်းသွားစားတဲ့အခါ ခေါင်အမြဲမူးနေတဲ့ ဝေဒနာသည်တစ်ဦးကို တွေ့ရတာပါပဲ။ သူက ကျွန်တော့်အဖေဘက်ရော အမေဘက်ပါ နှစ်ဖက် အမျိုးတော်ပြီး အဖေနဲ့ညီအစ်ကိုတော်စပ်တယ်လို့ဆိုပါတယ်။ ကျွန်တော့်ဦးလေးတော်တာပေါ့။ ဒါပေမယ့် ကျွန်တော့်ထက် အတန်ငယ်ပါတယ်။ သူက အရာကြီးတာပေါ့လေ။ အရွယ်က ငါးဆယ်ကျော်ကျော်ပါ။ နာမည်က ဦးစိုးဝင်းတဲ့ဗျ။

ညီမကြီးက ကျွန်တော် ဆေးကုတတ်ကြောင်းပြောတော့ သူ့ဝေဒနာတင်ပြပါတယ်။ ခေါင်းအမြဲမူးနေတာကြောင့် တောင်ဝှေးကို အားပြုသွားနေရတာပါ။ ဒါနဲ့ ကျွန်တော်လည်း ဇော်ဂျီဦးထုပ်စမ်းချင်နေတာကြောင့် သူ့ကို သိမ်ကျောင်းခေါ် သွားပါတယ်။

ဘုန်းတော်ကြီး ဦးစက္ကိန္ဒကို လျှောက်ထားပြီး ကျောင်းသားကြီးတစ်ဦးကို ပိုက်ဆံတစ်ထောင်ပေးကာ လူနှစ်ရပ်၊ သုံးရပ်စာမြင့်တဲ့ သရက်ပင်ပေါ်က ဇော်ဂျီဦးထုပ်ခေါ် တောက်တဲ့လက်ဝါးပင်တွေခွာချခိုင်းပါတယ်။ အချပ်လိုက်ကွာကျလာတာပါ။ ဆာလာအိတ်နဲ့တစ်အိတ်လောက်ရတော့ ပြန်ခဲ့ကြပြီး ကိုစိုးဝင်းကို အခွံတွေသင်ပြီး အထဲက အသားကိုပါးပါးလှီးကာ ကျိုသောက်ဖို့ညွှန်ခဲ့ပါတယ်။

နောက်တွေ့လို့မေးကြည့်တဲ့အခါ ချက်ချင်း ထူးခြားမှုမရှိသေးပေမယ့် ဝမ်းသွားတဲ့အခါ ဖယောင်းတုံးလို ချောချော်လေးတွေသွားကြောင်း ပြောပြပါတယ်။ ဝမ်းသွားရတာ အတော်သက်သာပြီး သွားလို့အလွန်ကောင်းတယ်လို့ ဆိုပါတယ်။ ဒါဟာ ဆေးအစွမ်းပြနေခြင်းပါပဲ။

ဒီလိုနဲ့ တစ်အိတ်ကုန်တော့ နောက်တစ်အိတ်သွားယူပြီးသောက်စေပါတယ်။ အဲဒီမှာ သက်သာစပြုလာပါပြီ။ နောက် ဆပ်သွားဖူးမြစ်ကိုသွေးပြီး ကုပ်ပိုးတို့၊ နားထင်တို့ကိုလိမ်းခိုင်းပါတယ်။

ဖွဲ့ရှိတဲ့ ကိုစိုးဝင်းဟာ တစ်နှစ်နီးပါးအကြာမှာ ဘာဆေးနဲ့မှကုလို့မရခဲ့တဲ့ ခေါင်းမူးဝေဒနာလုံးဝပျောက်ကင်းသွားပြီး ခုဆို သူ့တောင်ဝှေးသွားလေရာမပါတော့ဘဲ လူကောင်းပကတိ စပ်ဖြစပ်ဖြနဲ့ သွားလာနေတာတွေ့ရပါတယ်။ ကျန်းမာခြင်းရဲ့လာဘ်ကိုရသွားခြင်းပါ။

အဲဒီမှာ သိလာရတာက ခန္ဓာကိုယ်ရဲ့ ဇီဝပစ္စည်းတွေကို ဇော်ဂျီဦးထုပ်က ပြုပြင်ပေးနိုင်စွမ်းရှိကြောင်းပါပဲ။ အမိက ကတော့ ဖွဲ့ရှိရှိသောက်ဖို့သာလိုတာပါ။ အတွင်းက ချို့ယွင်းနေတဲ့ပစ္စည်းကို ဆေးက သူ့အလုပ်သူလုပ်သွားမှာပဲ ဖြစ်ပါတယ်။ ဒါဆိုရင် ဇော်ဂျီဦးထုပ်ဟာ စွယ်စုံသုံးလို့ရနိုင်ကြောင်းသဘောပေါက်ရပါပြီ။

နောက်ထပ် တွေ့တာကတော့ ကျွန်တော့်ဇာတ်လိုက်ကျော် သူငယ်ချင်းမွတ်တားပါ။ ကျွန်တော်နဲ့ နေ့စဉ် လမ်းလျှောက်နေကျပါ။ သူရယ်၊ ကျွန်တော်ရယ်၊ ကိုတင်ထွန်းရယ် သုံးယောက်တွဲမိကြပါတယ်။

မွတ်တားလမ်းလျှောက်ပျက်တာကြောင့် ဘာဖြစ်သလဲမေးတော့ သူ့ရဲ့အူကျနေတာကြာပြီ။ အခုအောင့်လို့ မလျှောက်နိုင်ကြောင်း ပြောပြတဲ့အခါ ကျောင်းကြီးကျောင်းတိုက်ရဲ့ အဝင်ဝ ထန်းပင်မှာတွယ်ကပ်နေတဲ့ တောက်တဲ့လက်ဝါးပင်ယူပြီး ပြုတ်သောက်စေပါတယ်။

နှစ်ရက်လောက်နေတော့ အူက ပြန်တက်သွားပေမယ့် နှစ်ရှည်လို့ခဲနေတဲ့ အဆီတွေက ပြန်မတက်တော့ပါဘူး။ ပမာဏက တစ်မိုက်လောက်ကျနေခြင်းပါ။ အဲဒီမှာသွားလာလို့ကောင်းသွားပေမယ့် အဆီအိတ်ကြီးကျန်တာကြောင့် ဆေးခန်းမှာသွားခွဲပြီး အဆီတွေခြစ်ထုတ်ပစ်ရပါတယ်။ ခုတော့ [illegible]ကသွား

www.burmeseclassic.com

ပါပြီ။

မွတ်တားက -

"သူငယ်ချင်းရေ၊ မင်းရောက်တာ နောက်ကျလိုက်တာ။ မင်းသာစောစော ရောက်ရင် ငါ့မိန်းမရဲ့ဆီးချိုရောဂါကို မင်းကုပေးနိုင်မှာကွ။ ခုတော့ ငါ့မိန်းမ (၅၃) နှစ်အရွယ်ငယ်ငယ်နဲ့ဆုံးပါးသွားရတာ စိတ်မကောင်းလိုက်တာကွာ"

လို့ သူ့မိန်းမကို တမ်းတမ်းတတ ဆိုရှာပါတယ်။

တောင်တန်းဒေသနဲ့မြေပြန့်ဒေသရေ၊ မြေ၊ သဘာဝတွေမတူတော့ကာ သဘာဝပေါက်ပင်တွေလည်းတူတာတွေ ရှိသလို မတူတာတွေလည်း အများအပြားရှိပါတယ်။ အဲဒါကြောင့် လေ့လာစူးစမ်းမှုလေးတွေပြုနေရပါတယ်။

၂၀၁၃နှစ်ကုန်ခါနီးမှာ ကျွန်တော် မန္တလေးရှိမိသားစုထံရောက်နေပါတယ်။ သားငယ် အာကာစိုးနဲ့ သားကြီး သူရိန်စိုးတို့ဟာ ဖားကန့်ကျောက်စိမ်းမြေနားထားတာကြောင့် အိမ်မှာမိသားစုစုံစုံလင်လင် ရှိနေချိန်ပါ။ တစ်နေ့မှာ သားငယ် အာကာစိုးက သူ့ဝေဒနာတင်ပြလာပါတယ်။

"အဖေ၊ သားဝမ်းသွားတာ ကတ္တရာစေးလို ဝမ်းမည်းမည်းစေးစေးတွေ သွားတယ်"

"ဘယ်နှရက်ရှိပြီလဲ သား"

"သုံးရက်ရှိပြီ အဖေ"

"သား ဝမ်းမည်းစေတဲ့ဆေးတွေ သောက်သေးလား"

"ဘာဆေးမှမသောက်ပါဘူး"

"ဒါဆို ပေါ့လို့မရဘူး သားရေ။ သားရဲ့အူမကြီး ဒါမှမဟုတ် အစာအိမ်နံရံက သွေးကြောလေးတွေပေါက်လို့ သွေးစေးကြောင့်ဝမ်းမည်းနေတာ"

"ဒါဆို အဖေ့ဆေးတစ်ခုခုလုပ်ပါဦး"

"အင်း - အတွင်းမန်းဆိုတော့ တစ်ပင်တိုင်မြနန်း မိုးကုတ်ကမှာပြီး ပြုတ်သောက်ရင် ကောင်းမယ်ထင်တယ်"

"ဒါနဲ့ အဖေ့ရဲ့ဇော်ဂျီဦးထုပ်ကော မရနိုင်ဘူးလား။ မြစ်ကြီးနားတစ်မြို့လုံးမှာ အလွန်ပေါတယ်လေ"

"ဟုတ်သားပဲ၊ ဒါလည်းရနိုင်တာပဲကွ။ မြစ်ကြီးနားက သားရဲ့ယောက္ခမတွေဆီ အမြန်ဆုံးပို့ပေးဖို့မှာကွာ"

ဆိုပြီး သူ့ဇနီးအိအိဇာကိုခေါ်ကာ မြစ်ကြီးနားက သူ့မိဘတွေဆီ ဖုန်းဆက်ခိုင်းပြီး အမြန်မှာစေပါတယ်။ မအိရဲ့မိဘများကလည်း အရေးတယူပါပဲ။ အမြန်ဆုံး မီးရထားနဲ့တင်ပို့လိုက်တယ်။ ဂုပ်ဖာကြီးတစ်လုံးပါ။ မြစ်ကြီးနားမြို့နဲ့တစ်ပြည်လုံးမှာ အပင်ကြီးတွေပေါ်မှာ သုံးမကုန်အောင် ပေါများလှပါတယ်။ အပင်တွေသန်လိုက်တာကလည်း ကျပ်လုံးထက်တောင်ကြီးပါတယ်။ တောက်တဲ့လက်ဝါးမျိုးနွယ်တွေပါ။ အဲဒီစွတ်စိုဒေသရဲ့ တောရော မြို့တွေမှာပါ ဖန်းပင်မျိုးစုံကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒါနဲ့ ဘူတာကြီးက ရွေးလာပြီး ရောက်ရောက်ချင်းပဲ ပါးပါးလှီးကာ မအိကိုကျိုစေပါတယ်။ မအိကလည်း ဂရုတစိုက်တိုက်ကျွေးတာကြောင့် အစာအိမ်သွေးကြောငယ်လေးတွေပေါက်တဲ့ရောဂါလုံးဝကို ပျောက်ကင်းသွားခဲ့ပါတယ်။ သောက်ပြီး ဒုတိယမြောက်နေ့မှာ ဝမ်းဟာ ပုံမှန်အဝါရောင်ပြန်ဖြစ်သွားခဲ့ပါတယ်။ ရက်အတော်ကြာ ဆက်သောက်ခိုင်းလိုက်ပါတယ်။ အဲဒီအစာအိမ်အူလမ်းကြောင်းသွေးကြောပေါက်ရောဂါနဲ့ပတ်သက်လို့ -

"ဒီလိုပေါက်စရှိရင် ပေါက်တတ်တယ်။ သားက ဝမ်းကိုသတိထားကြည့်လို့တော်သေးတယ်။ ဂရုမစိုက်လို့ သွေးကြောမကြီးပေါက်သွားရင် ဘာမှလုပ်လို့မရတော့ဘူး။ အဲဒီလိုသွေးကြောမကြီးပေါက်လို့ အသက်ဆုံးရှုံးရတာတွေ မနည်းတော့ဘူး။ သားက ကြိုသိလို့ တော်သေးတာပေါ့"

လို့ ပြောပြရပါတယ်။

အလွန် ကြောက်ဖို့ကောင်းတဲ့ ဝေဒနာပါ။ လျှော့မတွက်ကြပါနဲ့။ အဲဒီမှာ ဇော်ဂျီဦးထုပ်ဟာ အတွင်းပစ္စည်းတွေချို့ယွင်းမှုကို ပြုပြင်ဆင်ကုသပေးနိုင်ကြောင်း လက်တွေ့သိခဲ့ရပါတယ်။

၂၀၁၄ မိုးဦးကျမှာ သားနှစ်ယောက်စလုံး ဖားကန့်ကို အလုပ်သွားလုပ်ကြပါပြီ။ သားငယ်က ကားတစ်စင်းနဲ့ဖက်စပ်တွေလှည့်လည်အုပ်ချုပ်ရတာပါ။ ဒီတော့ အစားမမှန်ပါဘူး။ အဲဒီမှာ အစာအိမ်ထိခိုက်ထားခြင်းပါ။ သွားခါနီးမှာ အသေအချာမှာရပါတယ်။

"သားရေ အစာအိမ်တို့ဘာတို့ ဘာပဲဖြစ်ဖြစ် သားတို့ဖားကန့်မှာအလွန်ပေါတဲ့ ဇော်ဂျီဦးထုပ်ကိုမမေ့နဲ့။ သူက စွယ်စုံရပြီး အရမ်းစွမ်းတယ်။ ငှက်ဖျားလည်းရတယ်"

လို့ အသေအချာမှာရပါတယ်။ သူ့ဇနီး အိအိဇာနဲ့ သမီးလေး သွန်းနေခြည်သာတို့ကတော့ ကျွန်တော်တို့မိသားစုများနဲ့ မန္တလေးမှာကျန်ရစ်တာပါ။ မန္တလေးရောက်ရင် ကျွန်တော် မြေးမလေးနဲ့ပျော်နေရတာပါ။ ခုဆို (၂)နှစ်ပြည့်တော့မှာပါ။

၂၀၁၄၊ သီတင်းကျွတ်ခါနီးမှာ မတည့်အတူနေဆိုတာလို မတည့်ပေမယ့် အတူနေနေရတဲ့ ကျွန်တော်ရဲ့ မဒမ်ဟာ ညအိပ်နေတုန်း ကိုယ်စောင်းအပြန်မှာ ခုတင်ပေါ်ကနေလိမ့်ကျပြီး ညာဘက်ပေါင်ခွဆုံရိုးကျိုးကြေသွားခဲ့ပါတယ်။ အဲဒီဝေဒနာကြောင့် မန္တလေးရဲ့ နာမည်ကြီး အထူးကုဆေးခန်းကြီးမှာ ရက်ပေါင်း (၂၀) လောက်နီးပါး တက်ရောက် ကုသရပါတယ်။

အဲဒီမှာ ထူးခြားမှုက အရိုးတွေပွပြီးကြွပ်နေတာကြောင့် ခုတင်ပေါ်ကကျရုံနဲ့ကျိုးကြေသွားခြင်းပါ။ အဲဒီခွဆုံရိုးကို ဖြတ်ပြီး စတီးလုံးနဲ့ပြန်ဆက်ပေးပါတယ်။ ပကတိပြန်ကောင်းဖို့မလွယ်တော့ပါဘူး။

အဲဒီအရိုးကိုဓာတ်ခွဲကြည့်တဲ့အခါ ကင်ဆာဆဲ(လ်)တွေ့ရတယ်လို့ ဆိုပါတယ်။ အရှင်းဆိုရရင်တော့ အရိုးကင်ဆာဆိုတဲ့သဘောပေါ့။ အိပ်(ချ်)အိုင်ဗွီပိုးရှိသူဆိုရင် ဆေးတွေစားရင်သက်တမ်းစေ့နေနိုင်တယ်။ ကင်ဆာကျတော့ သက်တမ်းစေ့နေနိုင်အောင်ထိန်းတဲ့ဆေးမရှိပါဘူး။ ဝေဒနာကိုသိရတော့ အားလုံးသောကကိုယ်စီနဲ့ပါ။

အဲဒီမှာ မဒမ်က ခွဲစိတ်ထားတဲ့ အနာလည်းကျက်ပြီမို့ ဆင်းခွင့်တောင်းကာ ဆင်းခဲ့ပါတယ်။ သူ့ရဲ့ကုရာနတ္ထိဆေးမရှိတဲ့ရောဂါကို ကျွန်တော်ကုရတော့မှာပါ။ သမီးနေခြည်၊ သမီးအိအိဇာတို့နဲ့ တိုင်ပင်ပြီး မြစ်ကြီးနားရှိ သမီးမအိဇာရဲ့မိဘတွေဆီ ဇော်ဂျီဦးထုပ်မှာခိုင်းပါတယ်။

မဒမ်ကို -

"မင်းကို ငါကုပေးမယ်၊ ကုမလား"

လို့ မေးတော့ -

"ကုမယ်" တဲ့ဗျ။

မဒမ်ဟာ ကျွန်တော့်စာတွေကို မဖတ်ဘူး၊ ကျွန်တော့်ဆေးတွေကို မစားဘူး။ ကျွန်တော်နဲ့အမြဲဆန့်ကျင်နေသူပါ။ သူနဲ့ကျွန်တော်က ခေမာဆိုတဲ့ ရန်ဓာတ်ဆိုတော့ စကားနည်းရန်စဲ တစ်နေ့ကုန်နေလို့ စကားတစ်လုံး ကျွန်တော်က မပြောပါဘူး။ ခုလို ဘေးတွေ့တဲ့အခါမှာတော့ လွှဲမရှောင်သာဘဲ ခေါင်းညိတ်လိုက်ရပါပြီ။

ဒါနဲ့ ကျွန်တော်ဟာ မြန်မာဆေးစစ်စစ်ဖြစ်တဲ့ အရိုးကင်ဆာဆေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဂျီဦးထုပ်ဆေးရည်ရယ် နေ့စဉ်သောက်ခိုင်းရပါတယ်။ အရိုးကင်ဆာဆိုတော့ အရိုးတွေကိုက်ပါတယ်။ အဲဒီဆေးသောက်တော့ သက်သာတယ်လို့သိရတယ်။ ပျားရည်နဲ့ (၂)မျိုးတည်း ဖော်စပ်ရတဲ့ အလွန်လွယ်တဲ့ဆေးပါ။ ဆေးအားဇော်ဂျီဦးထုပ်အားနဲ့ ဝေဒနာကို တွန်းလှန်ကြည့်နေပါတယ်။ အဖြေမရှိသေးတဲ့ပုစ္ဆာတစ်ခုပါ။

လူဆိုတာ သေကံမရှိဘဲ နေကံရှိရင် အနာနဲ့ဆေးတည့်သွားတတ်ပေမယ့် သေကံကြုံပြီဆိုရင်တော့ ဇီဝကရဲ့ဆေးတောင် သေခြင်းကိုတားနိုင်မှာမဟုတ်ပါဘူး။ ခုလည်း နေကံကြုံပါစေလို့ ဆုတောင်းနေရတာပါပဲ။

အတွင်းရောဂါတွေဖြစ်တဲ့ ဆီးချိုရောဂါ၊ အစာအိမ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါစတဲ့မတ်တတ်နာတွေဟာ ပိုက်ဆံအရမ်းကုန်လို့ သူဌေးနာလို့ခေါ်ကြပါတယ်။ အဲဒီရောဂါတွေဖြစ်ခဲ့ရင် ပိုက်ဆံလည်း တစ်ပြားမှမကုန်တဲ့ ဇော်ဂျီဦးထုပ်ပင်တွေယူပြီး ပါးပါးလှီးကျိုသောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

အဲဒီဇော်ဂျီဦးထုပ်ဟာ အပူပိုင်းမှာမရှိပါဘူး။ အဲဒီတော့ နီးစပ်ရာ စွတ်စိုပိုင်း ဆွေမျိုးမိတ်သင်္ဂဟတွေဆီမှာယူပြီး သောက်နိုင်ကြပါတယ်။ ခဏနဲ့တော့မရပါဘူး။ ဝေဒနာကြီးရင် ကြီးသလောက်ပျောက်သည်အထိ စွဲသောက်ဖို့တော့လိုပါတယ်။ ဘာမဆို ဇွဲရှိမှအောင်မြင်တာပါ။ စစ်မံရောက်ခင် မြားကုန်နေမယ်ဆိုရင်တော့ အရာထင်မှာမဟုတ်ပါဘူး။

၃၀-၁၀-၂၀၁၄ နေ့ နံနက်ပိုင်းမှာ တူတော်မောင်ရဲ့ မင်္ဂလာဧည့်ခံနေချိန် ဖုန်းဝင်ပါတယ်။ ပဲခူးတိုင်းဒေသကြီးထဲက ကျေးရွာတစ်ရွာကလို့သိရတယ်။ ကျွန်တော်ရဲ့ စာဖတ်ပရိသတ်ပါ။ ရွာအမည်မမှတ်မိတော့ပါဘူး။

သူ့အကူအညီတောင်းလာတာက သူ့မောင်လေးမှာ အသည်းရောင်အသားဝါဘီပိုးဝင်နေလို့ဘာဆေးသောက်ရမလဲဆိုတာ ညွှန်ကြားပေးစေလိုကြောင်း အကူအညီတောင်းခြင်းပါ။

မိုင်းရှူးမှာဆိုရင်တော့ ခမ်းတောက်နဲ့ ရှမ်းပိတောက်နှစ်မျိုးစပ်ပြီး သောက်ဆေးပေးနေကျပါ။ ဒီမှာကျတော့ ကြားတောင်ကြားဖူးကြမယ်မထင်ပါဘူး။ ရှိမှမရှိဘဲကိုး။

ဒါနဲ့ အမြန်ဆုံး အတွင်းဆေးကို စဉ်းစားတဲ့အခါ ဝေဒနာမျိုးစုံကို တော်လှန်တွန်းဖယ်နိုင်တဲ့ ဇော်ဂျီဦးထုပ်ခေါ်တောက်တဲ့လက်ဝါးကို ပြေးမြင်တယ်။ အဲဒါနဲ့ ဇော်ဂျီဦးထုပ်အကြောင်းပြောပြပြီး ပဲခူးတိုင်းဒေသကြီးထဲမှာ အလွန်ပေါတဲ့တောက်တဲ့လက်ဝါးပင်ကို ကုက္ကိုပင်ကြီးတွေပေါ်ကခွာပြီး ပါးပါးလှီးကျိုသောက်ဖို့ညွှန်ရပါတယ်။ ဧည့်သည်တွေဧည့်ခံနေလျက်မို့ ငါးမိနစ်မျှသာပြောပြနိုင်ပါတယ်။ စိတ်ထဲမှာတယ်ပြီးအားမရပါဘူး။

နောက်နေ့ စိတ်အေးလက်အေးရှိတဲ့အခါကျတော့မှ အဲဒီအမျိုးသမီးကို ပြန်ခေါ်ပါတယ်။ ကျွန်တော့်အသံကြားတော့ ဖုန်းမှားနေပါတယ်လုပ်လို့ ကျွန်တော် ရွှေပြည်စိုးပါလို့ အမြန်ပြောရပါတယ်။ ဒီတော့မှ ဆရာလားဆိုပြီး ဝမ်းသာအားရစကားပြောပါတယ်။

ဆရာပြောတဲ့ ဇော်ဂျီဦးထုပ်မသိကြောင်း၊ မရှာတတ်ကြောင်း၊ အခြားဆေးနည်းတစ်နည်းကို ညွှန်ပါဆိုတာကြောင့် အဲဒီဆေးပင်မရှာတတ်ရင် ပေရွက်ကိုပြုတ်သောက်ပါလို့ အလွယ်ဆုံးဆေးကို ထပ်ညွှန်ရပါတယ်။ နီးနီးနားနားဆိုရင် ပြေးသွားပြီး အိမ်ဝိုင်းတွေထဲပေါက်တဲ့ မန်းပုပ်ပင်၊ မန်းလေးပင်၊ ဒန္တသုခ၊ သိကြားမကိုင်ဆိုပြီး အမျိုးမျိုးခေါ်ကြတဲ့အပင်ကိုဆွဲနုတ်ပြီး ဒီဆေးကို မပျောက်မချင်းပြုတ်သောက်ဆိုပြီး ပြလိုက်ချင်ပါတယ်။ ခုဟာက ဘယ်မှာမှန်းမသိတော့ မတတ်နိုင်ခဲ့ပါဘူး။ စိတ်မကောင်းစရာပါ။

ပြီးတော့ ဆရာရွှေပြည်စိုးနဲ့ မိုးကုတ်ကျော်ကျော်စိုး၊ နေပြည်တော်ကျော်ကျော်စိုးဆိုတာရေးပုံတွေတူတယ်။ တစ်ယောက်တည်းလားတဲ့။ ဟုတ်ကဲ့ပါဆိုတော့ ကျွန်မ ဆရာ့စာတွေအမြဲဖတ်ပါတယ်တဲ့။ ဒီလိုပြောတော့ ဝမ်းသာရတာပေါ့လေ။ ဒါနဲ့ဖုန်းချလိုက်ပါတယ်။

မြေမှာပေါက်တဲ့ဇော်ဂျီဦးထုပ်ပင်တွေမှာ ဆေးမြင်းခွာဆိုတာရှိတယ်။ မိုးကုတ် စိမ့်စမ်းနံဘေးတွေမှာ အတော်ပေါတယ်။ ဆိုင်အေသီယာဖန်းခေါ် သစ်မင်းပင်ကြီးတွေနဲ့အတူ လှပစွာပေါက်ရောက်တယ်။ သူ့အရွက်က တစ်လံကျော်ကျော်ရှည်ပါတယ်။ သူ့အရွက်ကြွေရင် အရွက်ရင်းမှာ မြင်းခွာသဏ္ဌာန်ရွက်ညှာကြီးတွေခွေပြီး ကျန်ရစ်တယ်။ တည်ဆောက်ပုံက ခပ်ပြားပြားတည်ရှိပြီး အုန်းပင်လုံးလောက် ပင်စည်ရှိတယ်။

အဲဒီဆေးမြစ်ခွာရွက်ညှာကြီးတွေဟာ မြင်းခွာသဏ္ဌာန်ရှိကြတယ်။ သန်မာရင် လက်ဖက်ရည်ပန်းကန်လောက်ရှိတယ်။ ဆေးသုံးကတော့ အများကြီးပါပဲ။ သူလည်း ဇော်ဂျီဦးထုပ်မျိုးနွယ်ဖြစ်ပါတယ်။

ဇော်ဂျီဦးထုပ်သောက်လို့ ဒုက္ခဖြစ်သူမကြုံတာကြောင့် ဒီဆေးပင်တွေဟာ ဘေးထွက်ဆိုးကျိုးမရှိနိုင်ဘူးလို့ အကြမ်းအားဖြင့် သတ်မှတ်လို့ရပါတယ်။ သိပ္ပံနည်းကျတော့ သံမနိုင်ကျောက်မနိုင်၊ ဓာတုဗေဒ ကွာသရမူလီတို့လို စမ်းသပ်စစ်ဆေးမှုပြုဟန်မရှိသေးပါဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဖျားတာနာတာမဟုတ်ဘဲ နာတာရှည်ဝေဒနာဖြစ်နေခဲ့တယ်ဆိုရင်တော့ အောက်ပြည်အောက်ရွာနဲ့ တောင်တန်းဒေသတွေမှာ အလွန်ပေါတဲ့ ဇော်ဂျီဦးထုပ်ကို ဇွဲရှိရှိနဲ့ စွဲသောက်ကြမယ်ဆိုရင် ဝေဒနာတွေရှင်းသွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်နေပါတယ်။

ဇော်ဂျီဦးထုပ်အကြောင်းဆောင်းပါးပေါင်းများစွာရေးခဲ့သလို ဝတ္ထုအသွင်နဲ့လည်း တင်ပြခဲ့ပြီးပါပြီ။ ဒါက အများပြည်သူ ကျန်းမာစေဖို့ဆိုပြီး စေတနာနဲ့ ထပ်မံ တင်ပြလိုက်ခြင်းပါ။

၆-၁၁-၂၀၁၄ တန်ဆောင်တိုင်ပွဲတော်ညမှာ ကိုတင်ထွန်းက သူ့ဇာတိရွာသဲကောလေး ဘုန်းတော်ကြီးကျောင်း ရှေးဟောင်းစေတီတွေမှာ ဆီမီးသုံးထောင်သွားလှူပါတယ်။ ကျွန်တော်နဲ့ မွတ်တားတို့ပါကြတယ်။ ဆီမီးလှူပြီးတော့ ပေါင်မုန့်(၁၅၀)ဝေပါတယ်။ ပိုက်ဆံနှစ်သောင်းခွဲ ရွှေမိုးငွေမိုးရွာပါတယ်။ စည်ကားလိုက်တာ အလွန်ပါပဲ။

အဲဒီလိုသွားရာမှာ ကျွန်တော်လမ်းဘေး ကုက္ကိုပင်ကြီးတွေဆီ အမြဲကြည့်တယ်။ ပေါမ်ကုန်းရွာမှာရော နေပြည်တော် လယ်ဝေးမြို့ထဲမှာပါ တောက်တဲ့လက်ဝါးတွေ များစွာတွေ့ရတယ်။ နောက်ပြီး ရှေးတုန်းက နာမည်ကြီးခဲ့တဲ့ လယ်ဝေးအမတ်သခင်ကြည်ရွှေ မွေးဖွားရာ ကြောင်ရေရွာတစ်လျှောက်မှာလည်း များစွာတွေ့ရတယ်။ မသိလို့ကျော်သွားနေကြတာပါ။ သိလို့ဖော်စားနိုင်ရင် အဲဒီအပင်တွေဟာ တန်ဖိုးအနဂ္ဃပါ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်လေဆိပ်ကြီးကနေ မြန်မာပြည်ကိုစတင်ဝင်ရောက်လာတဲ့ နိုင်ငံခြားသားတိုင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ကိန္နရီ-ကိန္နရာမောင်နှံတောင်းကင်ယံထက်ပျံဝဲနေဟန် ငွေသားရုပ်ကြွကြီးနဲ့ အရင်ဆုံး ဆုံတွေ့ရမြဲပါ။ ဒဏ္ဍာရီလာ ငှက်လူ (Mythical Birds) တွေမို့ ဆွဲဆောင်မှုရှိလှလို့ ခရီးသည်တွေထဲမှာ ကမ္ဘာကျော် ရုပ်ရှင် ဒါရိုက်တာကြီးတွေများပါခဲ့ပြီး မြင်တွေ့လိုက်ရင်တော့ စိတ်ကူးသစ်တွေရကာ Avatar လို ထူးဆန်းလှပပြီး ဆွတ်ပျံ့ဖွယ်ကောင်းတဲ့ ခေတ်လွန်ရုပ်ရှင်ကားတွေ ဖန်တီးနိုင်လိမ့်မယ်ထင်ရဲ့။


လှိုင်ကော်-ဟော်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဘာသာကျက်သရေတိုးတဲ့ တခမ်းတနားမြေ

# ကယားပြည်နယ်က ဟော်နန်းကျောင်း










www.burmeseclassic.com

www.burmeseclassic.com




လှိုင်ကော်-ပေါ်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ





လှိုင်ကော်-ပေါ်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ



လှိုင်ကော်-ပေါ်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ



လှိုင်ကော်-ပေါ်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ

❑ ငွေတောင်သူ့အလွမ်း

ဒါဟာ ဒဏ္ဍာရီပုံပြင်တစ်ပုဒ် ဖြစ်ပြီး မြန်မာ့ဇာတ်သဘင်လောကမှာ ခင်းကျင်းပြသလေ့ရှိတဲ့ ဒွေးမယ်နော် ဇာတ်ကြောင်းက ဇာတ်ကွက်တစ်ခုပါ။ ငွေတောင်မင်းတရားကြီးရဲ့ သမီးတွေ ငွေတောင်သူ ဒွေးမယ်နော်နဲ့ မြေပြန့် သား သုမနမင်းသားတို့ရဲ့ ဆွတ်ပျံ့ လွမ်းမောဖွယ် အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။

ကယားတို့ရဲ့ ရိုးရာပုံပြင်လာ ငွေတောင်ပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ သမီးတော် ဒွေးမယ်နော်နဲ့ ညီမခုနစ် ဖော်ရေကစားတဲ့ရေကန်၊ ဒွေးမယ်နော် ငွေတောင်ပြည်ပြန်ခန်းမှ ဒွေးမယ်နော် ကိန္နရီမင်းသမီးလေး သစ္စာအဓိဋ္ဌာန်ပြု တဲ့ 'ဒွေးမယ်နော်သစ္စာကန်' များလည်း ယခုတိုင်ရှိနေသေးရဲ့။ ကယားပြည်နယ် ဟာ သစ္စာတရားထွန်းကားရာမြေပြင် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာကန်အပြင် စိတ်ရွှင်လန်းစရာ၊ ရှုမောဖွယ်မထေးကူရေတံခွန်စခန်းနဲ့ လွိုင်ကော်အရှေ့တောင်ဘက်(၁၂)မိုင်ခန့်မှာရှိတဲ့ လောပိတရေတံခွန်စခန်းတို့လည်း သာတောင့်သာယာရှိပါတယ်။

ကယားတိုင်းရင်းသားတွေဟာ မိမိတို့ကိုယ်ကိုမိမိတို့ ကိန္နရီ-ကိန္နရာများကနေ ဆင်းသက်လာတယ်လို့ ယုံကြည်ကြလို့ ဒါဟာ ကယားပြည်နယ်ရဲ့အမှတ်သင်္ကေတဖြစ်လာရဲ့။

## ❑ ကရင်နီတို့နယ်မြေ ကယားပြည်

ကယားတို့မြေ ငွေတောင်ပြည်ကို အခုတော့ အလည်အပတ်ရောက်ခဲ့ပေါ့။ အိပ်မက်ပမာ လှပရှုမောဖွယ် ကယားပြည်နယ်ကို မမျှော်လင့်ဘဲသွားရောက်ခဲ့ရတာဟာ အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလိုပါပဲ။


ပြည်နယ်ရဲ့ မြို့တော်ကတော့ လွိုက်ကော် (လွိုင်ကော်-လွယ်ကော်)ပါ။ ဒီအမည်ကို ရှမ်းတိုင်းရင်းသားများ





လွိုင်ကော်-ဟော်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ





လွိုင်ကော်မြို့က ကန္နရဝတီပန်းခြံနဲ့ ကိန္နရီကိန္နရာရုပ်




လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့မြင်ကွင်းအဖုံဖုံ




www.burmeseclassic.com

www.burmeseclassic.com





လှိုင်ကော်-ဟော်နန်းကျောင်းကြီးရဲ့
ဘုရားဆောင်နဲ့ ဟော်နန်းကို
ထိန်းသိမ်းထားတဲ့ ဆရာတော်ကြီး



လှိုင်ကော်-ဟော်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ ဓာတ်ပုံဟောင်းတွေ



လှိုင်ကော်-ဟော်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ



လှိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းဓာတ်ပုံ

က စတင်ခေါ်ခဲ့ကြပြီး ဘီလူးချောင်း အနောက်ဘက်ကမ်းအနီးမှာ တည်ရှိတဲ့ တောင်လေးကို အကြောင်းပြုပြီး ခေါ်တွင်ခဲ့ကြတာပါ။ အဲဒီတောင်ဟာ သီးသီးခြားခြား ထီးထီးမားမား ရပ်တည်နေတာမို့ ဒေသခံ ရှမ်းဘာသာစကားနဲ့ 'လွယ်ခေါ်' လို့ အမည်ပေးခဲ့ပါတယ်။ မြန်မာလိုတော့ 'သီးခြားသန့်သန့်တည်နေတဲ့တောင်' ပေါ့။ 'လွယ်ခေါ်' ကနေ 'လွယ်ကော်'၊ 'လှိုင်ကော်' ဖြစ်လာတာပါ။ ခုတော့ လှိုင်ကော်တောင်ကိုလည်း 'ရွှေတောင်' လို့ပဲ ခေါ်နေပါပြီ။


ဒီမြို့ကို မြန်မာနှစ် ၁၂၀၀ ပြည့်နှစ်မှာ 'ဦးသီရိ' က အကြီးအမှူးပြုပြီးတည်ထောင်ခဲ့တာပါ။ လှိုင်ကော် အမည်မတွင်ခင်ကတော့ 'သီရိတော-သီရိဒေါ-ဆီရိဒေါ'လို့လည်း ခေါ်ဆိုခဲ့ဖူးပါတယ်။

ဆီရိဒေါလမ်း၊ ပင်လယ်ကဗွီးပင်တွေစီတန်းစိုက်ထားတဲ့ လမ်းလယ်ကျွန်းတွေနဲ့ လှပတဲ့ ကန္တာရဝတီလမ်း၊ ပန်းနု




www.burmeseclassic.com


www.burmeseclassic.com



လှိုင်ကော်မြို့ ပေါ်နန်းကျောင်းကြီးရဲ့မြင်ကွင်းအဖုံဖုံ



လှိုင်ကော်-ပေါ်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ



လှိုင်ကော်-ပေါ်နန်းကျောင်းကြီးအနီးက ရွှေတောင်ပရိယတ္တိကျောင်းနဲ့စေတီတော်များ

ရောင်ငုစပ်ပင်တွေပွင့်ဝေနေတဲ့ ကန္တာပေဝန်ပန်းဥယျာဉ်၊ ဥယျာဉ်အလယ်က ဖားစည်တွေဝန်းရံထားတဲ့ လွတ်လပ်ရေးကျောက်တိုင်၊ ပန်းခြံရှေ့လမ်းဆုံမှာတော့ ရွှေရောင်ပန်းပုရုပ်ကိန္နရီ-ကိန္နရာမောင်နှံဟာ တောင်ပံယှက်ကာ ကခုန်နေရဲ့။ သာတောင့်သာယာရှိတဲ့ ကယားတို့ရဲ့ တောတောင်တွေမှာ ကိန္နရီတွေပျော်မြူးနေထိုင်ခဲ့ပုံပါ။ ကျနတင့်တယ်လှတဲ့ မြို့နာမ်စေတီ၊ ဆေးရောင်စုံတံတားလေး ဖြတ်ပြီးခင်းထားကဲ့ နောင်ယားကန်၊ တက္ကသိုလ်ကျောင်းတွေ၊ သီရိမင်္ဂလာဈေးကြီး၊ ရွှေတောင်စေတီတော်တွေကို လှည့်လည် ကြည့်ရှု ဖူးမြော်နိုင်ပါတယ်။ ဖြောင့်တန်းပြီး ကျယ်ဝန်းလှတဲ့လမ်းကြီးတွေမှာ စိန်ပန်းနီတွေကြဲပက်ထားတဲ့ ကယားတို့မြို့တော် လှိုင်ကော်ဟာ လှလှချည်ရဲ့။

တောင်ကွဲစေတီထူးကလည်း ဦးခိုက်လို့မဝနိုင်အောင် တင့်တယ်လှပပါတယ်။ ဘီလူးချောင်းရဲ့ရေစီးပုံဟာ ငြိမ့်ငြိမ့်သိမ့်သိမ့်နဲ့ အတော့်ကို မဟာဆန်လှတယ်။ ရေအရောင်က မြရောင်လို စိမ်းကြည်ကြည်လေးနဲ့ပါ။ လှိုင်ကော်ညဲဟာ အိပ်ပစ်ဖို့နှမြောလောက်အောင်ကို လှပနေလေရဲ့။ ကယားသဇင်တွေကလည်း မွှေးမြလို့။

## ❏ သီရိမင်္ဂလာတောင်တော်က တောင်ကွဲစေတီတော်

ဖြောင့်ဖြူးလှတဲ့ လှိုင်ကော်ရဲ့ လမ်းအကွေ့မှာ တောင်ကွဲစေတီကြီးကို ဖူးတွေ့ခဲ့ရပါတယ်။ ဒီလမ်းကွေ့ကနေ ဆက်သွားရင် ငွေတောင်ဘက်ကိုရောက်ပါမယ်။ 'သီရိမင်္ဂလာတောင်တော်စေတီ' ဆိုတဲ့ ခံ့ခံ့ညားညားမုခ်ဦးကြီးကနေဝင်ခဲ့တယ်။ တောင်ပေါ်ကို ဓာတ်လှေကားနဲ့လည်း လွယ်လင့်တကူတက်နိုင်ပါတယ်။ ဓာတ်လှေကားက အခမဲ့ပါ။ ဘုရားပေါ်ကကြည့်လိုက်တော့ လှလိုက်တဲ့မြို့ကွက်မြို့ခင်းတွေကို တွေ့လိုက်ရတယ်။

တောင်ကွဲစေတီလို့ နာမည်တွင်တဲ့ သီရိမင်္ဂလာတောင်တော်စေတီဟာ ကယားပြည်နယ်ရဲ့ ထင်ရှားတဲ့ အမှတ်အသားဖြစ်သလို လှိုင်ကော်မြို့ကျက်သရေဆောင်လည်းဖြစ်ရဲ့။ မြို့ရဲ့တောင်ဘက်အရပ် ပုဗ္ဗာရုံစာသင်တိုက်နဲ့ မိုးကောင်းဘုရားကြီးအကြားမှာ တည်ရှိတယ်။ ကျောက်တောင်အကြီးကြီးတစ်ခုတည်းမဟုတ်ဘဲ တောင်ထွတ်ကြီး (၉) ခု စုစုဝေးဝေးနဲ့ သဘာဝအနေ



www.burmeseclassic.com

အထားအရ ထူးခြားစွာ ဖြစ်ပေါ်လျက် ရှိနေတာပါ။ တောင်တစ်ခုချင်းကလည်း လုံးချောကျောက်တုံးကြီးတွေမဟုတ်ဘဲ အကွဲကွဲအအက်အက်နဲ့ပေါ့။ ဒါပေမယ့် တောင်တွေဟာ တကယ့်ကိုလှပပါတယ်။ စေတီတော်က တစ်ဆူတည်းမဟုတ်ဘဲ အကွဲကွဲအမြွှာမြွှာ ကျောက်တောင်ထိပ်တွေမှာ အဆူဆူရှိနေပါတယ်။ ကျောက်တောင်တွေ တစ်ခုကနေတစ်ခုကူးဖို့လည်း သံ-သစ်သား-အုတ်တံတားတွေ ပုံသဏ္ဍာန်မျိုးစုံနဲ့တည်ဆောက်ပြီး ဆက်စပ်ထားရဲ့။ စေတီစုတွေရှိတဲ့ တောင်တော်ရဲ့အမြင့်ကတော့ (၃၇၈) ပေပါ။

ဒီတောင်တော်စုကို မြန်မာလို 'တောင်ကွဲတောင်'၊ ရှမ်းလို 'လွိုင်ဖာတက်'၊ ကယားလို 'ဖော်ဖြဲ' လို့ ခေါ်ပါတယ်။

တောင်တော်နဲ့ပတ်သက်ပြီးတော့ သိုက်တဘောင်အဆိုတွေ၊ ကယားတို့ရဲ့ ယူဆချက်တွေကလည်း များစွာရှိနေပါရဲ့။ အချုပ်ကတော့ -

'ဤတောင်တော်သည် ကိုးစိတ်ကိုးမြွှာကွဲနေသော်လည်း သာသနာပြုမင်းပေါ် ထွန်းလာသောအခါ ဤတောင်တော်တွင် စေတီတော်တစ်ဆူတည်ထားကိုးကွယ်လတ္တံ့'


လို့ပဲ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်မှာ အုပ်ချုပ်သူနဲ့ အလှူရှင်အသီးသီးက တောင်ထွတ်တောင်ကြားတွေမှာ စေတီ၊ ဘုန်းကြီးကျောင်းနဲ့ ဇရပ်၊ တန်ဆောင်းတွေကို အခါအားလျော်စွာ သဒ္ဓါပေါက်သလို အခြေအနေပေးတိုင်း ဆောက်လုပ်တည်ထားလာခဲ့ကြတာပါ။ စိတ်ကူးတည့်သလို ဘည်ထားကိုးကွယ်ခဲ့ကြပေမယ့် ကိုယ်တို့ရဲ့ ပြည်ထောင်စုကြီးလိုပဲ တောင်ကွဲစေတီတော်စုဟာ မတူကွဲပြားခြင်းတွေနဲ့အတူ လှပတဲ့ ပန်းချီကားတစ်ချပ်ဖြစ်လာခဲ့လေရဲ့။


မာတ်လှေကားလမ်းအဆုံးမှာ ပထမဆုံးဖူးတွေ့ရတာကတော့ 'ရွှေပြည်အေး' စေတီပါ။ ၁၉၅ဝ ပြည့်နှစ်မှာ အများပြည်သူ့ စုပေါင်းကုသိုလ်နဲ့ တည်ခဲ့တာမို့ နှစ် (၆ဝ) ကျော်ခဲ့ပေါ့။ နောက် ရွှေယပ်တောင်ကို ဌာပနာပြုပြီး တည်ထားတဲ့ ဉာဏ်တော် (၂၂) တောင်နဲ့ 'ရွှေယပ်တောင်စေတီတော်'၊ (၉)တောင်မြင့်တဲ့'ရွှေရင်အေးစေတီတော်'နဲ့'ကျောက်သမ္ဘာန်စေတီတော်'၊ (၁၆) တောင်ရှိ 'အောင်တော်မူစေတီတော်'၊ 'ဆုတောင်းပြည့်စေတီတော်' နဲ့ အရံစေတီ (၆) ဆူ၊



လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအဖုံဖုံ



လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအဖုံဖုံ




လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအဖုံဖုံ



www.burmeseclassic.com


www.burmeseclassic.com



လှိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့မြင်ကွင်းအဖုံဖုံ




လှိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့မြင်ကွင်းအဖုံဖုံ



လှိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့မြင်ကွင်းအဖုံဖုံ

ဉာဏ်တော် (၂၄) တောင်ရှိ 'ပြည်လုံးချမ်းသာစေတီ' တို့ကို ဖူးတွေ့ရပါတယ်။ ၁၉၃၃ ခုနှစ်မှာတည်တဲ့ ဉာဏ်တော် (၉) တောင်ရှိ 'အောက်ကျိုက်ထီးရိုးစေတီ'နဲ့ ၁၉၃၄ ခုနှစ်မှာတည်တဲ့ (၁၂) တောင်ရှိ 'အထက်ကျိုက်ထီးရိုးစေတီ' တွေကိုလည်း ဆက်လက် ဖူးမြော်နိုင်ပါတယ်။ ၁၉၅၀ ပြည့်နှစ်မှာတည်တဲ့ ဉာဏ်တော် (၁၄) တောင်ရှိ 'ရွှေပြည်အေးစေတီ'၊ ၁၉၉၂ ခုနှစ်က ဉာဏ်တော် (၁၂) တောင်ရှိ 'ဇေယျာသိဒ္ဓိ-ပါရမီစေတီ'၊ ၁၉၉၄ ခုနှစ်က ဉာဏ်တော် (၉) တောင်ရှိ 'ကန္ဒရဝတီစေတီ'၊ ၁၉၉၉ ခုနှစ်က ဉာဏ်တော် (၅) တောင်ရှိ 'ရွှေပိတုန်းစေတီ' တွေကိုလည်းဖူးတွေ့ရပြန်ပါတယ်။ ဘုရားစေတီတွေအပြင် ကျောင်း၊ တန်ဆောင်းနဲ့ဇရပ်တွေလည်း တည်ဆောက် လှူဒါန်းခဲ့ကြလို့ လေးထပ်ကျောင်းကြီးလည်းရှိရဲ့။

ညအချိန်မှာ တောင်ပေါ်စေတီတော်တွေကို ပိုမိုသဒ္ဓါကြည်ညိုစွာဖူးမြော်နိုင်ဖို့ လျှပ်စစ်မီးတွေ ပြုပြင်မွမ်းမံပြီး ထိန်ထိန်ညီးစေခဲ့ပါတယ်။ တောင်ပေါ်ကို တက်ရောက် မဖူးမြော်နိုင်ကြတဲ့ သက်ကြီးရွယ်အိုတွေအတွက် တောင်တော်မြောက်ဘက်ခြေရင်းမှာ အာရုံခံမဏ္ဍပ်ရုံတည်ဆောက်ထားခြင်း၊ တောင်တော်ရဲ့ အရှေ့တောင်ဘက်မှာ ဓာတ်လှေကားတပ်ဆင်ခြင်းတွေလည်း ပြုလုပ်ထားပါတယ်။ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ဓာတ်လှေကားကို အောင်မြင်စွာ ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါရဲ့။ မြို့ပေါ် ရှင်ပြုပွဲများ၊ ရိုးရာတောင်ပိုင်ဘိုးဘိုးကြီးနတ်ပြရာမှာ အဆင်ပြေစေဖို့ တောင်ပိုင်ဘိုးဘိုးနဲ့ (၃၇) မင်းနတ်နန်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြတယ်။ စေတီတော်တွေ ပြုပြင်မွမ်းမံပြီး ရွှေသင်္ကန်းသစ်၊ ထီးတော်သစ်များတင်လှူခြင်း၊ ပင်မတောင်တော်ပြည်လုံးချမ်းသာစေတီတော်ရဲ့ အရှေ့ဘက် ရင်ပြင်အာရုံခံတန်ဆောင်းနဲ့ ကျောက်စီလှေကား၊ တောင်ဘက်-အနောက်ဘက်ရင်ပြင်များတည်ဆောက်ခြင်း၊ ပြည်လုံးချမ်းသာနဲ့ ရွှေယပ်တောင်စေတီနှစ်ဆူဆက်သွယ်တဲ့ တံတားနှစ်စင်းတပ်ဆင်ခြင်း၊ လျှပ်စစ်မီးဆလိုက်များနဲ့ မီးပူဇော်ခြင်း၊ လှေကားထစ်များပြုပြင်ခြင်းနဲ့ဒေသထွက် ကျောက်ပြားများခင်းခြင်း၊ သဘော်ဦးဘုရား မြန်မာမှုတပ်ဆင်ခြင်း၊ သောက်သုံးရေအဆင်ပြေစေရန် အဝီစိတွင်းတူးဖော်ခြင်းတွေကိုလည်း ပြုလုပ်ခဲ့တယ်။


နောက်ပိုင်းနှစ်တွေမှာ တောင်



www.burmeseclassic.com

www.burmeseclassic.com





လှိုင်ကော်-ပေဟ်နန်းကျောင်းကြီးရဲ့ဘုရားဆောင်နဲ့ပေဟ်နန်းကိုထိန်းသိမ်းထားတဲ့ဆရာတော်ဦး

တော်အဝင်မုခ်ဦးမုခ်ပေါက်များပြုပြင်ခြင်း၊ ရင်ပြင်ကြွေပြားခင်း-သံပန်းတပ်ဆင်ခြင်း၊ ဘုရားဆောင်ပြုပြင်ခြင်းနဲ့ ဘုရားဝင်းအုတ်တံတိုင်းကာခြင်း၊တောင်တော်အတက်-အဆင်းလမ်းမီးတိုင်များ စိုက်ထူခြင်း၊ အောက်ရင်ပြင်ကွန်ကရစ်ခင်းခြင်းနဲ့ တယ်လီဖုန်းတပ်ဆင်ခြင်းတို့ကိုလည်း လုပ်ဆောင်ထားခဲ့ပါတယ်။

## ၂ တောင်ထိပ်ကဝက်ပါ

မာတ်လှေကားကထွက်ကတည်းက ဘုရားတွေ့ရင်ဖူးလိုက်၊ တန်ဆောင်းဇရပ်တွေ့ရင် နားလိုက်၊ တံတားတွေတက်လိုက်,ဆင်းလိုက်၊ လက်ရန်းတွေကနေ ရှုခင်းသာတဲ့ပတ်ဝန်းကျင်ကို ငေးလိုက်နဲ့ တစ်တောင်ဆင်း တစ်တောင်တက်သွားရင်း တောင်ပေါ်တစ်ခွင်ကို နှံ့ပါရော။ တစ်နေရာရောက်မှ နောက်ကိုပြန်ပြန်ကြည့်ရင် ဘယ်လိုဆင်းပြီး ဘယ်လိုတက်လာခဲ့တယ်ဆိုတာတောင် တွေးရခက်ခက်ခက်ပါ။ တောင်ထိပ်တွေပေါ်မှာ ဝက်ပါလမ်းတွေ ဖောက်ထားသလိုပါပဲ။ တောင်ကွဲစေတီတော်စုရဲ့ ပင်မစေတီ 'ပြည်လုံးချမ်းသာ' နဲ့ ကျိုက်ထီးရိုး၊ ရွှေယပ်တောင်၊ ကျောက်သမ္ဘာန်၊ ကန္ဒာရဝတီစေတီတော်တွေ၊ မုဒြာအမျိုးမျိုးနဲ့ ဆင်းတုတော်တွေရှိရာဇရပ်တွေ၊ ကျောက်တောင်နှစ်ခုကိုဆက်ပြီး သစ်သားနဲ့ ခက်ခက်ခဲခဲဆောက်ထားတဲ့ လေးထပ်ကျောင်း၊ ဟသ်ာရုပ်နဲ့တံခွန်တိုင်၊ တောင်ထိပ်ကျောက်သားပြင်ပေါ်က ခြေတော်ရာပုံ ရေအိုင်ငယ်တွေကိုဖူးတွေ့ဖြတ်သန်းခဲ့ရပါတယ်။ အဆင်းမှာတော့ သဘော်ဦးပုံဇရပ်တစ်ဆောင်က ကျောက်ဆောင်တွေကြားက ဗိသုကာဟန်အဆန်းနဲ့ ထိုးထွက်နေရဲ့။

စေတီတော်ခြေရင်းမှာ ကြီးမား... တဲ့ညောင်ပင်ကြီးနဲ့ ကကြိုးတန်ဆာအ... အလင်မြင်းတစ်ကောင်။ ပြီးတော့ ယ... ခေတ်စေတီတွေရဲ့ သဘာဝအတို... နတ်ကွန်းနတ်နန်းတွေလည်း အဆော... တစ်ခုနဲ့ တခမ်းတနားပါ။ '(၃၇) ... တောင်ပိုင်ဘိုးဘိုးကြီးနတ်နန်း' ... ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် အပါအ...



www.burmeseclassic.com

www.burmeseclassic.com


ကြားဖူးသမျှ နတ်တွေမှစုံလို့၊ ရုပ်တုတော်တွေမှာလည်း ပွဲတွေထိုး၊ ပဝါတွေဆက်နဲ့ ဝေဝေဆာဆာပါ။ ပဲခူးမယ်တော်၊ နံတာရိုင်းမယ်တော်တွေအပြင် ကရင်မောင်နှမနတ်ရုပ်တစ်စုံပါ ပါသေးရဲ့။

**ကယားပြည်နယ်ရဲ့ ယုံကြည်ကိုးကွယ်မှုနဲ့ ဆိုင်ရာဆန်တဲ့ 'ကျတ်ဂူ'**


ကယားမျိုးနွယ်စုတွေမှာ ဗုဒ္ဓဘာသာဝင်တွေ၊ နတ်ကိုးကွယ်သူတွေနဲ့ ခရစ်ယာန်ဘာသာဝင်တွေလို့ရှိကြပါတယ်။ နတ်စင်တွေကို ရွာအပြင်မှာ ဆောက်လုပ်ထားတတ်ကြရဲ့။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ သစ်ပင်စောင့်နတ်၊ ချောင်းစောင့်နတ်တွေကိုလည်း ယုံကြည်ကိုးကွယ်ကြတယ်။ အိမ်တွေမှာလည်း အိမ်စောင့်နတ်ဆိုပြီး အခန်းငယ်သီးသန့်ထားတတ်ကြသူတွေရှိပါတယ်။ သစ်ပင်ကြီးရင်နတ်ရှိတယ်လို့ယူဆပြီး အရမ်းမဲ့ခုတ်လှည်းခြင်းမပြုကြပါဘူး။ ကယန်းအမျိုးသားတွေဟာ ရိုးရာတံခွန်တိုင်နတ်ကို ယုံကြည်ကိုးကွယ်ကြပြီး နှစ်စဉ်နှစ်တိုင်း ဧပြီလတွင် တံခွန်တိုင်ပွဲတော်ကို ရွာတိုင်းမှာ ကျင်းပကြတယ်။ ဗုဒ္ဓဘာသာဝင်များဖြစ်တဲ့တိုင် တံခွန်တိုင်နတ်ကို ဘုမ္မစိုးနတ်ဖြစ်တယ်၊ သိကြားမင်းလို နတ်ဖြစ်တယ်လို့လည်းယူဆကြရဲ့။ တံခွန်တိုင့်မှာ နတ်နေတယ်လို့ ယုံကြည်ကြလို့ တံခွန်တိုင်မှာရှိတဲ့ငှက်ရုပ်ဟာ နတ်ရဲ့အစေအပါးဖြစ်ပါတယ်။ ဝိညာဉ်လိပ်ပြာကောင်အယူအဆလည်းရှိပါသေးတယ်။

ကယားပြည်နယ်မှာ စိတ်ဝင်စားဖွယ်ကောင်းတဲ့နေရာတွေ အများအပြားရှိပါတယ်။ သာယာလှပတဲ့ တစ်မျှော်တစ်ခေါ် တောတောင်ရေမြေရှုခင်းတွေ၊ တသွင်သွင်စီးဆင်းနေတဲ့ရေတံခွန်တွေနဲ့ သဘာဝလိုဏ်ဂူကြီးတွေအပါအဝင်ပေါ့။ အဲဒီထဲမှာ အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့သဘာဝလိုဏ်ခေါင်းကြီးလည်း ပါဝင်နေပါတယ်။


အဲဒီလိုဏ်ခေါင်းကြီးဟာ လွိုင်ကော်မြို့အရှေ့ဘက်စူးစူး (၁၂) မိုင်ခန့်ကွာဝေးတဲ့ တောင်တန်းမှာရှိနေရဲ့။ လိုဏ်ခေါင်းအလျားဟာ အလွန်ရှည်လျားလှလို့ ဘယ်ဘက်မှာထွက်ပေါက်ရှိနေတယ်ဆိုတာကို ဘယ်သူမှတပ်အပ်သေချာမသိကြပါဘူးတဲ့။ အတွင်းမှာမည်းမှောင်နေလို့ဝင်ကြည့်လိုသူတွေဟာ ရှေးကတော့ တညင်တုတ်တွေကိုမီးရှို့ပြီး မီးတိုင်အဖြစ် အသုံးပြုကာကိုင်ဆောင်သွားကြရတယ်။



လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအချို့



လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအချို့



လွိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအချို့



www.burmeseclassic.com

www.burmeseclassic.com







လှိုင်ကော်-ပေါ်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ ဓာတ်ပုံဟောင်းတွေ

အခုခေတ်မှာတော့ လက်နှိပ်ဓာတ်မီး၊ လျှပ်စစ်မီးအိမ်များကို သုံးနိုင်တာပေါ့။ ဒါပေမယ့် တစ်ဖာလုံခန့်သာ အလွယ်တကူသွားနိုင်ပြီး အတွင်းထဲအထိသွားရောက်ရန်ကတော့ ခက်ခဲလှသတဲ့။

ဂူကြီးအတွင်းမှာတော့ ကျောက်ကမူတွေရှိပြီး အဲဒါတွေရဲ့ အပေါ်မှာ သစ်ကတိုးနဲ့ အခေါင်းပုံသဏ္ဍာန် ပြုလုပ်ထားတဲ့အရာတွေကို ဝင်ရောက်သူတိုင်း အထိတ်တလန့် တွေ့ခဲ့ကြရသတဲ့။ အခေါင်းတွေဟာ အရှည်ဆုံး (၁၅) ပေခန့်နဲ့ အတိုဆုံးက (၂) ပေခန့်ရှိပါတယ်။ အဲဒီအခေါင်းတွေကြောင့်ပဲ ကယားတိုင်းရင်းသားတွေက ဒီလိုဏ်ခေါင်းကြီးကို ကျွတ်ဂူလို့ ယူဆခဲ့ကြတာပါ။ ရှေးအခါက ကျွတ်တွေဟာ ဒီဂူထဲမှာနေထိုင်ပြီး အသုဘခေါင်းတွေကိုဝှက်ထားကြတယ်လို့ယုံကြည်ကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၅) နှစ်ကျော်က လိုဏ်ဂူထဲကို ဝင်ရောက်ဖူးခဲ့သူတွေက အဲဒီအခေါင်းတွေထဲမှာ အရိုးစုတွေတောင်တွေ့ခဲ့ရတယ်လို့ပြောကြတယ်။ ယခုတော့ အရိုးစုတွေ မရှိကြတော့ပါဘူးတဲ့။

အဲဒီလိုစိတ်ဝင်စားဖွယ်ကောင်းတဲ့ ကျွတ်ဂူကို သွားရောက်ဖို့မလွယ်ကူတာမို့ ငါးမရလည်းရေချိုးပြန်မယ်လို့စိတ်ကူးပြီး နောက်ထပ်တကယ်သွားရောက်နိုင်တဲ့ လှိုင်ကော်မြို့ထဲက ကယားပဒေသရာဇ်မျိုးနွယ်တွေရဲ့ဟော်နန်းကို နောက်နေ့မှာသွားဖို့ ကြံစည်ရပါတော့တယ်။ နာမည်ကျော်လောပိတရေအားလျှပ်စစ်စက်ရုံကိုလည်း လုံခြုံရေးအရသွားရောက်လည်ပတ်ဖို့မဖြစ်နိုင်ခဲ့ပါဘူး။

**❑ လောပိတရေတံခွန်စခန်း**

လောပိတတောင်ပေါ်မှာ တောင်ပေါ်စခန်း တည်ဆောက်ထားပါတယ်။ တောင်အောက်ကို (၃)မိုင်ခန့်ရှည်လျားတဲ့ မော်တော်ကားလမ်းနဲ့ ဆက်သွယ်ထားပါတယ်။ တောင်အောက်စခန်းမှာတော့ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးရှိနေတာပါ။ ပေ (၆၀၀) ခန့်ကျဆင်းနေတဲ့ လောပိတရေတံခွန်ကြီးဟာ သာယာကြည်နူးဖွယ်ကောင်းလှသတဲ့။ ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်နယ်က အင်းလေးကန်ကြီးမှာမြစ်ဖျားခံပြီး ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တွေကို ဖြတ်သန်းစီးဆင်းလာခဲ့တဲ့ ဘီလူးချောင်းဟာ လှိုင်ကော်ကိုလွန်ပြီး (၇) မိုင်မျှ စီးဆင်းမိတဲ့အခါ မြေနိမ့်နဲ့တွေ့ပြီး တစ်ဟုန်ထိုး စီးဆင်းလာကာ ရေတံခွန်များကို ဖန်တီး

www.burmeseclassic.com







လှိုင်ကော်-ဟော်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ ဓာတ်ပုံဟောင်းတွေ



လှိုင်ကော်-ဟော်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ ဓာတ်ပုံဟောင်းတွေ

လှိုင်ကော်-ဟော်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ ဓာတ်ပုံဟောင်းတွေ

ပေးခဲ့တာပေါ့။ ပထမဆုံး မထေးကူရေတံခွန်၊ ဒုတိယအနေနဲ့က နာမည်ကျော်သတိုင်းသိတဲ့ လောပိတရေတံခွန်တို့ဖြစ်ကြပါတယ်။ ဒါ့ကြောင့်လည်း လောပိတဟာ ဘီလူးချောင်းကို အခြေခံပြီးဖြစ်ထွန်းလာရတယ်လို့ ဆိုနိုင်ပါရဲ့။

တော်လှန်ရေးအစိုးရလက်ထက်မှာစတင်တည်ခဲ့တဲ့ ငွေတောင်ဆည်ကြီးကိုတော့ သွားရောက်နိုင်ခဲ့ပါတယ်။

**ကယားပဒေသရာဇ်မှူးနွယ်တွေရဲ့ တစ်ခါက ဟော်နန်းကြီး**

နောက်နေ့မှာတော့ ဈေးကြီးနဲ့ ခနီးမဝေးမှာ ဟော်နန်းရှိတယ် ဆိုလို့ လေ့လာမြန်းစုံစမ်းရင်းသွားခဲ့ပြန်ပါတယ်။

'မင်္ဂလာဟော်ကြီး - ပရိယတ္တိစာသင်တိုက်' ဆိုတဲ့ မုခ်ဦးကြီးနဲ့ ခံ့ထည်စွာတည်ရှိနေတဲ့ ဟော်နန်းကို မကြာခင်မှာ ရောက်ရှိသွားပေါ့။ ၁၉၉၄ ခုနှစ်လို့ မုခ်ဦးမှာရေးထိုးထားတော့ မုခ်ဦးနောက်




လှိုင်ကော်-ဟော်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ ဓာတ်ပုံဟောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com





လှိုင်ကော်-ဟော်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ဓာတ်ပုံဟောင်းတွေ



လှိုင်ကော်မြို့ ဟော်နန်းကျောင်းကြီးရဲ့မြင်ကွင်းအဖုံဖုံ

က ဟော်နန်းအိုကြီးကို ပြန်လည် ပြုပြင်ပြီးမှ ရေးထိုးထားတာလို့ သိလိုက်ရပါတယ်။ မြို့တော်သိန်းအောင်ဇာတ်ပွဲထဲက မြို့တော် မောင်ယဉ်အောင်ရဲ့ 'မဲပြာပုဆိုးပေါ်က ချုပ်ရိုးသစ်' ဆိုတဲ့ ပြဇာတ်နာမည်ကိုသတိရမိရဲ့။ ဟော်နန်းအိုကြီးရဲ့မျက်နှာစာမှာတော့ 'သီရိမင်္ဂလာပုံကျောင်း' လို့ သစ်သားဆိုင်းဘုတ်ရေးထိုးထားပါတယ်။ သစ်သားပန်းကွက်ဖော်မှန်ပြတင်းပေါက်တွေ၊ သစ်သားတရုတ်ကတ်ပြတင်းတွေနဲ့အုတ်တိုက်ခံသစ်သားဟော်နန်းကျောင်းတော်ကြီးပါ။ဟော်နန်းအဖြစ်တည်ရှိခဲ့စဉ်ကတည်းက အမိုးမှာဘုံအဆင့်ဆင့်၊ ပန်းဆွဲသစ်သားပြားတွေနဲ့မို့ ဘုန်းကြီးကျောင်းကြီးလို ခံ့ထည်နေခဲ့ပုံရပါတယ်။ ဟော်နန်းပေါ်တက်တဲ့အုတ်နဲ့သစ်သား လှေကားကြီးသုံးစင်းကလည်း ထည်ဝါလှရဲ့။

အသစ်ပြန်လည်ပြုလုပ်ထားပုံရတဲ့ ပေါ်လစ်တပြောင်ပြောင်နဲ့သစ်သားလှေကားကြီးကနေ ဟော်နန်းကျောင်းပေါ်ကို တက်ခဲ့ပါတယ်။ အပေါ်ထပ်က အဆောင်ဆောင်အခန်းခန်းမှာ သစ်သားပွတ်လုံးတိုင်တွေ၊ ပန်းဖောက်သစ်သားပြားတွေ၊ သစ်သားမျက်နှာကြက်တွေ၊ ပန်းကွက်ဖော် ရွှေမင်သုတ်ပြတင်းပေါက်တွေနဲ့ တန်ဆာဆင်ထားရဲ့။ ရှေးခေတ်ကလက်ကျန် ဖန်မီးဆိုင်းတွေကိုလည်း မျက်နှာကြက်မှာချိတ်ဆွဲထားလို့ ဂန္ထဝင်မြောက်နေပါတော့တယ်။ ရှေးဟောင်းပန်ကာကြီးတွေက၊ သံဒလက်ပြားကြီးတွေက တဖတ်ဖတ်လည်လို့ပေါ့။ ကျွန်းသားအဝိုက်အကွေးတွေနဲ့ အဆင့်ဆင့်ထုလုပ်ပုံဖော်ထားတဲ့ ဘုရားကျောင်းဆောင်ကလည်း ကျယ်ပြောခံ့ညားလှပါတယ်။

လက်ရှိ ကျောင်းထိုင်ဆရာတော်ကြီးကိုအသင့်ဖူးတွေ့ရပြီး ဆရာတော်က ပဒေသရာဇ်ခေတ်က ကယားမျိုးနွယ်စုတွေရဲ့ဟော်နန်းကြီးကို အလှူခံပြီး ဗုဒ္ဓဘာသာ ပြန့်ပွားတည်မြဲဖို့ ကြိုးပမ်းလုပ်ဆောင်ရာ သာသနာရေးကျောင်းတော်ကြီးအဖြစ် ပြုပြင်ပြောင်းလဲခဲ့ရပုံတွေကို ရှင်းလင်းပြောပြပါတယ်။

□ရှေးခေတ်ကယားပြည်နယ်ရဲ့အုပ်ချုပ်ရေး

ရှေးအခါက ကယားပြည်နယ်ကို ကယားတိုင်းရင်းသားမျိုးနွယ်စုတွေက ရွေးချယ်ထားတဲ့ 'စော်ဖျား' (Saw Pya) တွေက အုပ်ချုပ်ခဲ့ကြပါတယ်။ ဖခင်စော်ဖျား ကွယ်လွန်သွားရင်တော့ သားအကြီးဆုံးက စော်ဖျားရာထူးကို ဆက်ခံရတယ်။ ဒါပေမယ့် ခြွင်းချက်




www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ ရာထူးဆက်ခံရမယ့် စောဖျာနွယ်ဝင်သားကြီးမှာ အရည်အချင်းမရှိဘဲ လူထုကို နှိပ်စက်ကလူပြုလို့ လူထုမခံမရပ်နိုင်ဖြစ်လာရင်တော့ အဲဒီလူကိုဖြုတ်ချပြီးတော့ မိမိတို့နှစ်သက်တဲ့ စောဖျာအရည်အချင်းနဲ့ ပြည့်စုံသူကို စောဖျာအဖြစ် တင်မြှောက်နိုင်ကြပါသတဲ့။

စောဖျာတွေဟာ ကန္တာရဝတီနယ်၊ ဘော်လခဲနယ်၊ ကြယ်ဖိုးကြီးနယ်၊ နောင်ပုလဲနယ်၊ နန်းမယ်ခုံနယ် စသဖြင့် (၅) နယ်ခွဲကာ ကယားပြည်နယ်ကို အုပ်ချုပ်ခဲ့ကြတယ်။ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းမှာတော့ ကန္တာရဝတီနယ်၊ ဘော်လခဲနယ်၊ ကြယ်ဖိုးကြီးနယ်လို့သာ (၃) နယ်ခွဲကာ အုပ်ချုပ်ခဲ့ပါတယ်။ နယ်တစ်ခုစီမှာ စောဖျာအုပ်ချုပ်ရေးရုံးတစ်ရုံးစီထားကာ ကန္တာရဝတီနယ်အတွက် လွိုင်ကော်၊ ဘော်လခဲနယ်အတွက် ဘော်လခဲနဲ့ ကြယ်ဖိုးကြီးနယ်အတွက် ဖရူးဆိုရွာတို့မှာ ရုံးစိုက်ကြတယ်။ အင်္ဂလိပ်အစိုးရလက်ထက်မှာတော့ ဗဟိုစောဖျာအုပ်ချုပ်ရေးရုံးမှာ အမတ်ချုပ်နဲ့ အမတ်တောက်တို့က အရေးအပါဆုံးဖြစ်ခဲ့ပါတယ်။


အင်္ဂလိပ်တွေ မဝင်ရောက်ခင်က ဓာခိုအမျိုးသားတွေမှာ 'တောင်စား'တွေကအုပ်ချုပ်ရေးအချုပ်အခြာဖြစ်ပါတယ်။ မြန်မာနှစ် ၆၈၄ ခုနှစ်မှာတော့ တောင်စားတောင်ပိုင်များဟာ အာဏာရမင်းများဖြစ်ကြတယ်။ စစ်ကိုင်းမင်းထံမှာ စပ်စာကျော် ဆိုသူက တောင်ပိုင်တောင်စားအာဏာကို ခံယူခဲ့တဲ့မင်း ဖြစ်ပါတယ်။ ဒုတိယအင်းဝခေတ် ဆင်ဖြူရှင်ရဲ့သားညောင်ရမ်းမင်းလက်ထက်မှာတော့ ဖူးကဒိုက တောင်ပိုင်တောင်စားအာဏာကို ခံယူခဲ့တယ်။ သူတို့ရဲ့ သားစဉ်မြေးဆက်က 'လတက်' ဟာ ကုန်းဘောင်မင်းထံကနေ တောင်ပိုင်တောင်စားကိုခံယူခဲ့ပြန်ပါတယ်။ သီပေါမင်းထံမှာ အာဏာခံယူသူကတော့ 'ဝီကေ' ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရမင်းများလက်ထက်မှာတော့ မောင်ကျော်ခေါ် 'သိုင်ကာလ' က အာဏာကိုရကာ မောင်ကျော်ဂါတ်လို့ပင် ဂါတ်ဌာနဖွင့်လှစ်ထူထောင်ခဲ့သေးရဲ့။ သူ့သား 'ညီးလိုးယား' လက်ထက်မှာတော့ တောင်ပိုင်တောင်စားလို့ မခေါ်တော့ဘဲ စော်ကဲ ဆိုတဲ့ ဘွဲ့ထူးအမည်ကို ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ သူ့နောက်မှာတော့ မင်းဆက်ပျက်သွားပါတော့တယ်။



လွိုင်ကော်-ပေါ်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ဓာတ်ပုံဟောင်းတွေ



လွိုင်ကော်-ပေါ်နန်းကျောင်းကြီးပေါ်က ရှေးခေတ်က ကယားပြည်နယ်ရဲ့ဓာတ်ပုံဟောင်းတွေ



• လွိုင်ကော်-ပေါ်နန်းကျောင်းကြီးမှာကျင်းပတဲ့ ရှင်ပြုပွဲ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ကော်-ပေါ်နန်းကျောင်းကြီးရဲ့ဘုရားဆောင်နဲ့ပေါ်နန်းကိုထိန်းသိမ်းထားတဲ့ဆရာတော်ကြီး



လှိုင်ကော်မြို့ ပေါ်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအဖုံဖုံ



လှိုင်ကော်မြို့ ပေါ်နန်းကျောင်းကြီးရဲ့ မြင်ကွင်းအဖုံဖုံ

## ◘ တစ်ခါက ကယားတို့ပြည်

ကယားပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး ဟိုတုန်းကတော့ ကရင်နီနယ်လို့လည်းခေါ်ခဲ့ဖူးရဲ့။ မင်းတုန်းမင်းကြီးက ကရင်နီနယ်ကို အုပ်ချုပ်စိုးပိုင်ရတဲ့ စတုတ္ထမြောက် စောလဖော်မင်းကြီးအတွက် 'ပဗ္ဗတသီဟရာဇာ-စောလဖော်မင်းကြီး' တံဆိပ်ကို ချီးမြှင့်ခဲ့တယ်။ ကရင်နီမြောက်ပိုင်းကိုလည်း 'ကန္တရဝတီမြို့ဝ်' အဖြစ် ချီးမြှောက်ပေးခဲ့ပါတယ်။ လှိုင်ကော်မြို့ မြောက်ပိုင်းထိပ်မှာ ကျွန်းတိုင်ကြီးနဲ့ မြို့အမည်ကို ရွှေစာလုံးများထွင်းပြီး စိုက်ထူစေခဲ့တယ်။ ဒီအကြောင်းတွေကို မြန်မာ့စွယ်စုံကျမ်းမှာ မှတ်တမ်းတင်ဖော်ပြထားလေရဲ့။

သက္ကရာဇ် ၁၈၄၅ ခုနှစ်တွင် အရှေ့ကယားပြည် ကန္တာရဝတီနယ် ကယားမင်းဟာ ပထမဖဖော်ကြီး ကွယ်လွန်၍ ထိုနှစ်မှာပဲ ဒုတိယမြောက် စောဖျာဖဖော်ကလေးဆက်ခံခဲ့ပါတယ်။ ခရစ်နှစ် ၁၈၈၆ ခုနှစ်မှာ စောဖျာဖဖော်ကလေး ကွယ်လွန်ပြန်တော့ တတိယမြောက် စောဖျာဖဖော် (စောဖျာလင်) ဆက်ခံပါတယ်။ အဲဒီနှစ်မှာပဲ စောဖျာလင် ကွယ်လွန်သွားပြန်ရာ စတုတ္ထမြောက် စောဖျာဖဖော် (မဟာစောလဖော်) က အရိုက်အရာကို ဆက်ခံခဲ့တယ်။

အထက်မြန်မာနိုင်ငံ မန္တလေးမှာ သီပေါဘုရင်မင်းမြတ် ပါတော်မူပြီးတဲ့နောက် ဗြိတိသျှအစိုးရဟာ ရှမ်းပြည်နယ်ကို သိမ်းယူခဲ့ပါတယ်။ ဆက်လက်ပြီး အရှေ့ကယားပြည်နယ် စတုတ္ထမြောက် စောဖျာ-မဟာစောလဖော်ကို အကြိမ်ကြိမ်ခေါ်ယူပေမယ့် မလာနိုင်ကြောင်းနဲ့ ကယားပြည်နယ်သို့သာ လာရောက်တွေ့ဆုံဖို့ပဲ ဗြိတိသျှအစိုးရကို ပြန်ကြားဖိတ်ခေါ်လိုက်တယ်။ အဲဒီအခါ ဗြိတိသျှအစိုးရကလည်း မည်သည့်အကြောင်းအရင်းကိုမျှ ပြန်ကြားခြင်းမပြုဘဲ တိတ်တဆိတ် လျှို့ဝှက်စွာနဲ့ ၁၈၈၈ ခုနှစ် ဒီဇင်ဘာလမှာ မိုးဗြဲနယ်ခြား ကန့်ကျိုင်းစခန်းကို ဗြိတိသျှအစိုးရစစ်တပ်များ ရောက်ရှိလာပါတော့တယ်။


ဒီလိုနဲ့ အရှေ့ကယားပြည်နယ် စောဖျာ မဟာစောလဖော်စစ်တပ်နဲ့ တိုက်ပွဲတွေဖြစ်ကြပါတယ်။ ဒီဇင်ဘာလ ၂၉ ရက်နေ့ကစပြီး လောတမမြို့ မနေရဲ့သားတွေဖြစ်တဲ့ ကျဲရယ်ဦးရယ်




www.burmeseclassic.com

www.burmeseclassic.com







**လှိုင်ကော်-ဟော်နန်းကျောင်းကြီးထဲက ရှေးခေတ်စော်ဘွားများရဲ့အသုံးအဆောင်တွေ**

ဦးဆောင်ပြီး စတင်တိုက်ခိုက်ကြတယ်။

ကယားစစ်တပ်ရှုံးပြီး နောက်ဆုတ်ပေးလိုက်ကြရပြီးတဲ့နောက်မှာ စောဖျာမဟာစောလဖော်ဟာ ဖဖိုးဒေါ(စောလုံ)မြို့တော်ကို ဆက်လက် ချီတက်သွားပါတယ်။ မဟာစောလဖော်ဟာ အညံ့မခံဘဲ ဆက်လက်တိုက်ခိုက်ဖို့ ပြင်ဆင်နေခဲ့တယ်။

ခရစ်နှစ် ၁၈၈၉ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာတော့ ဖဖိုးဒေါ (စောလုံ) မြို့တော်မှာ ဟော်နန်းတည်ဆောက်ရာမှာ ကြီးမှူးအုပ်ချုပ်တဲ့ အင်းသား-ရှမ်းအမျိုးသား ဦးနီဟာ မဟာစောလဖော်ဆီ သွားရောက် တွေ့ဆုံပါတယ်။ သူ့ရဲ့ကိုယ်တွေ့ဖြစ်တဲ့ ဗြိတိသျှစစ်တပ်အင်အား အခြေအနေဖြစ်ရပ်မှန်ကိုလည်း တင်ပြခဲ့တယ်၊ အဲဒီအခါမှာ မဟာစောလဖော်ဟာ ဆက်လက်မတိုက်တော့ဘဲ သူ့နေရာကို တူဖြစ်သူ စဝ်လဝီ (ဝီရယ်) ကိုလွှဲအပ်ခဲ့ပြီး တိမ်းရှောင်ထွက်ခွာသွားလိုက်ပါတော့တယ်။


ဦးနီလည်း တူတော် စဝ်လဝီထံသွားရောက်ကာ စေ့စပ်ဆွေးနွေးပြန်ပါတယ်။ အဲဒီနောက် ဗြိတိသျှစစ်တပ်ရောက်လာတဲ့အခါ အင်္ဂလိပ်စစ်ဗိုလ်နဲ့ ညှိနှိုင်းဆွေးနွေးကြတယ်။ ဆွေးနွေးမှုအပြီးမှာတော့ တူတော် စောလဝီကို ဆက်လက်အုပ်စိုးဖို့ သဘောတူခဲ့ကြပါတယ်၊ ဒီလိုနဲ့ အရှေ့ကယားပြည်နယ် ကန္တာရဝတီ စောဖျာရာထူးကို ၁၈၈၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်နေ့မှာ ဖဖိုးဒေါ (စောလုံ)မြို့တော်ဟော်နန်းမှာ စဝ်လဝီကိုပဲ တင်မြှောက်လိုက်တယ်။

၁၈၈၉ ခုနှစ် ကန္တာရဝတီစောဖျာ-စဝ်လဝီလက်ထက်မှာ ကျေးဇူးသစ္စာစောင့်သိပြီး အမြော်အမြင်ရှိတဲ့ ဦးနီကို အမတ်ကြီးရာထူးနဲ့ သီရိဒေါ(လွိုင်ကော်) မြို့ကို အပိုင်စားပေးလိုက်ပါတော့တယ်။ အမတ်ကြီးဦးနီဟာ သီရိဒေါမြို့ကိုပြုပြင်ခြင်း၊ ရောင်းဝယ်ဖောက်ကားရန် ဌာနဈေးကြီးတည်ဆောက်စေခဲ့တယ်။ ဆက်လက်ပြီးလည်း ဦးနီ အကြီးအမှူးပြုပြီး ဘာသာသာသနာအတွက် ဘုရားတည်ကျောင်းဆောက်တွေလုပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်နယ်နိမိတ်အတွင်းမှာ ကရင်နီ (ကယားပြည်ထောင်စု) ပါဝင်လာခဲ့ပြီးနောက် ၁၉၄၈ ခုနှစ်မှာ ပါလီမန်အတွင်းဝန်ဦးစိန်နဲ့ သမားတော်ကြီး ဦးဘအေးတို့က မြို့ကို 'သီရိဒေါ' လို့အမည်ပြောင်းစေခဲ့တယ်။ 'တောင်ကွဲ' အမည်ဟာလည်း ကွဲအက်ခြင်းအနက်အဓိပ္ပာယ်နဲ့မို့ မသင့်လျော်ဘူးရယ်လို့ ကျက်သရေတိုးအောင် 'သီရိတောင်' လို့ ခေါ်ဝေါ်စေခဲ့တယ်။

တော်လှန်ရေးကောင်စီအာဏာယူပြီးတဲ့နောက်မှာ စော်ဘွားတွေ၊ဟော်နန်းတွေလည်း ပဒေသရာဇ်စနစ် ပြိုလဲတာနဲ့အတူ ပျောက်ကွယ် မှေးမှိန်ခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ ဆရာတော်ကြီးက ဟော်နန်းကိုအသွင်ပြောင်းပြီး ဘာသာရေးအဆောက်အအုံဖြစ်စေခဲ့ပါပြီ။ဘုရားဆောင်မှာ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာရဲ့သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်တွေလည်း နေရာယူနေရဲ့။ ခုတော့ ကိုယ်တို့သွားရောက်လည်ပတ်စဉ်မှာပဲ ရှင်ပြုပွဲတစ်ခုကိုလည်း ဘုန်းကြီးကျောင်းတစ်ဖြစ်လဲ ဟော်နန်းဆောင်ထဲမှာ ကျင်းပပြုလုပ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် မူလ

www.burmeseclassic.com



လှိုင်ကော်-ဟော်နန်းကျောင်းကြီးရဲ့ဘုရားဆောင်နဲ့ဟော်နန်းကိုထိန်းသိမ်းထားတဲ့ဆရာတော်ကြီး



လှိုင်ကော်မြို့က ဈေးကလေးတစ်ခု

ဟော်နန်းအဆောက်အအုံကြီးကတော့ အားလုံး အပြည့်အဝမဟုတ်တဲ့ဟိုင် အတော်လေး ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။

ဆရာတော်ကြီးပြလို့ ကန္တာရဝတီ ဟော်နန်းအိုကြီးရဲ့နှစ်အဆက်ဆက်မှာ ပြောင်းလဲလာတဲ့ ဓာတ်ပုံတွေကို မြင်ခဲ့ရတယ်။ ကန္တရဝတီစောဖျာ-ဒူစင်လဖော်ကြီးကောင်းမှု (စောလုံ) ဓာတ်ပုံတွေလည်း တွေ့ခဲ့ရပါတယ်။ စော်ဘွားမျိုးဆက်တွေရဲ့ရုပ်ပုံတွေ၊ သူတို့ရဲ့ဘာသာရေးလှုပ်ရှားမှုတွေ၊ သူတို့ရဲ့ အသုံးအဆောင်တွေကိုလည်း မြင်ခဲ့ရတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဝတ်စားဆင်ယင်ပုံတွေကိုလည်း အဲဒီဓာတ်ပုံတွေကနေ လေ့လာနိုင်ခဲ့ရဲ့။ ဟော်နန်းကြီးရဲ့ အခန်းတစ်ခုန်ရှိမှာတော့ ရှေးအခါက သုံးခဲ့တဲ့ 'ကယားပြည်နယ်၊ စောဖျာဒူရုံးတော်ဌာန' ဆိုတဲ့ ရွှေစာလုံးဖောင်းကြွနဲ့ ဆိုင်းဘုတ်အိုတစ်ခုကို ချိတ်ဆွဲထားတာတွေ့လိုက်ရတယ်။ ကယားတိုင်းရင်းသားတွေ တန်ဖိုးထားသုံးစွဲခဲ့တဲ့ ဖားစည်၊ စော်ဘွားစောဖျာတွေစီးနင်းခဲ့တဲ့ ဝေါယာဉ်တော်တွေကိုလည်း ကျောင်းပေါ်မှာ ထိန်းသိမ်းပြသထားပါတယ်။ ဆရာတော်ကြီးက ဘာသာရေး၊ လူမှုရေးတွေလုပ်ရင်း ဟော်နန်းကြီးကို သာသနာရေးဗိမာန်ဖြစ်စေခဲ့ပေါ့။

ပဒေသရာဇ်ဟော်နန်းကပြန်ဆင်းလာတော့ မလှမ်းမကမ်းမှာရှိတဲ့ ရွှေတောင်ပရိယတ္တိစာသင်တိုက်ကို ဆက်လက်သွားကြပြန်ပါတယ်။ ကျောက်တောင်တွေပေါတဲ့ လှိုင်ကော်မှာတော့ စေတီတွေတည်ဖို့ ဖိနပ်ခုံဟာ ကျောက်တောင်တွေပဲမို့ တစ်မျိုးထူးခြားသလို ထင်ထင်ပေါ်ပေါ်လည်းရှိရဲ့။ ရွှေတောင်ကျောင်းက စေတီတော်တွေဟာ တောင်ကွဲစေတီတော်ရဲ့အသေးစားကလေးလို လှပတင့်တယ်နေပါတယ်။

လှိုင်ကော်ခရီးကပြန်လာကတည်းက လှပသာယာလွန်းတဲ့ ကယားပြည်နယ်မှာ လေ့လာစရာတွေလည်း စုံလွန်းလှသမို့ တစ်ခါတစ်ခေါက် သွားရောက်ကြဖို့ ကိုယ်ကတော့ သူငယ်ချင်းတွေကို မမောနိုင်အောင် ပြောပြတိုက်တွန်းနေမိရဲ့။ အဲဒီထဲမှာ ဟော်နန်းကြီးအကြောင်းလည်း အထူးသဖြင့် ပါနေသပေါ့။

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-သု)

စာကိုး -


ကန္တရဝတီဟော်ကြီး-နှစ်တစ်ရာ ပြည့် အထိမ်းအမှတ် လက်ကမ်းစာစောင်

ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(ကယား)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

Encyclopædia Britannica 2014.




www.burmeseclassic.com

www.burmeseclassic.com

ဇင်အောင်(ကျုံးတတ္ထသိုလ်)

# ပထမသပိတ်အိုင်ဆရာတော်ကြီးဦးကိတ္တိ

# အမှတ်တရ

ဣမိနာ၊ ပုညကမ္မေန၊ ဤယောဂီ ... အမည်ရှိသော ‘စူဠသောတာပန်ဖြစ် ... ခန်းမာတ်ကမ္မဋ္ဌာန်းကျမ်း’ကို ရေးသား ... စီရင်ရသော ကုသိုလ်ကံကြောင့်၊ ... တိယေ-ဒုတိယဘဝ၌၊ အတ္တသမ္မာဝေမိ ... တ္တသော-ဖြစ်ရသည်ရှိသော်၊ တာဝတိံ ... သာ - တာဝတိံသာဘုံ၌၊ နိဗ္ဗတ္တိတ္တွာ- ... ဖြစ်၍၊ စတုမဂ္ဂဉာဏ်-လေးပါးသောမဂ် ... ဉာဏ်ကို၊ လဒ္ဓံ-မုချဧကန်ရပါလို၏။

ဖော်ပြပါဆုတောင်းကိုတောင်းဆို ... တော်မူခဲ့သော သာသနာ့အာဇာနည် ... ပုဂ္ဂိုလ်ထူးကြီးကား အခြားမဟုတ်။ ... ရိယတ်ရောပဋိပတ်ပါ စွယ်စုံလုံလောက် ... သောက်မာတင်ဖြစ်တော်မူသော ပထမ သပိတ်အိုင်တောရဆရာတော်ဘုရားကြီး ဦးကိတ္တိပင် ဖြစ်ပေသည်။

အလွန်ထူးဆန်းသောနိဒါန်းတစ်ခု ... ဖတ်ရသည်။ ထိုနိဒါန်းမှာ ဤကျမ်းကို ... အလိုရှိက မည်သူမဆို ရိုက်နှိပ်ကူးယူနိုင် ... သည်ဟူ၍ ဖြစ်သည်။ ဤခေတ်တွင် အလွန်ထူးဆန်းနေသည်။ နိဒါန်းကိုဖတ် ... သောအခါ အံ့သြဖွယ်ဖြစ်ပြန်သည်။ ... ဒါန်းတွင် ရေးသားသည်မှာ -

“ကျမ်းကြီးကြီးရေးရမည်ဆိုသော် ... မလေး။ စာများများရေးလိုက်ရုံသာ ... သည်။ ကျမ်းကြီးကြီးရေးလိုက်သော် ... သုတသာလျှင် များပေလိမ့်မည်။ ... ငွေလှူဒါန်းနိုင်ရန်ခဲယဉ်းသွားလိမ့်မည်။ ... သုတအလို့ငှာ ရေးသားထားကြ သော ကျမ်းကြီးတို့ကား များလှကုန် သည်။ နောက်ထပ်ရေးရန်မလို”

ဟူ၍ ဖြစ်သည်။

အလွန်ရှင်းသည်။ ထိုအလွန် ... ဆန်းသောကျမ်း၏အမည်မှာ ‘စူဠ သောတာပန်ဖြစ်ခန်းမာတ်ကမ္မဋ္ဌာန်းကျမ်း’ ... အုပ်ပင်ဖြစ်သည်။ ပြုစုသူမှာ သပိတ် ... တောရဆရာတော်ဘုရားကြီးဦးကိတ္တိ ... ပါသည်။ ထိုကျမ်းကို ပိဋကတ်ဖျူဟာ ... အဖွဲ့၏ (၁၅) အုပ်မြောက်စာအုပ်အဖြစ် ... ဝေထားသဖြင့် ဖတ်ရှုရာတွင် အလွန် ... ကျိုးများပေသည်။ ပိဋကတ်ဖျူဟာအဖွဲ့ ... ၏ ဩဝါဒါစရိယအဘိဓဇမဟာရဋ္ဌ ... ဘဒ္ဒန္တပညိန္ဒာဘိဝံသကိုယ်တော်မြတ် ... ၏ဩဝါဒကထာကိုလည်း ကြည်ညို ... ဖတ်ရှုရသည်။ ပိဋကတ်ဖျူဟာအဖွဲ့ ... ဦးပွင့်၏အမှာစာကိုလည်း ဖတ်ရ သည်။ ပို၍မမေ့နိုင်သည်မှာ ဝဏ္ဏကျော် ထင်ဦးဘသိန်း၏ သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိဖြစ်လေ သည်။ ဖတ်သည်မှာ အကြိမ်ကြိမ်ဖြစ် သည်။ ဖတ်၍မဝ၊ ကြည်ညို၍မဝ၊ သပိတ် အိုင်တောရဆရာတော်ဘုရားကြီးဟူသည် ကား အဘယ်နည်း။ ကျွန်ုပ်အဘယ် ကြောင့် စွဲလမ်းစွာဖတ်ရခြင်းကို သင်သိ အောင် အောက်တွင်ဖတ်ကြည့်ပါဦး။

မြန်မာနိုင်ငံပဋိပတ္တိသာသနာဝင် သမိုင်းတွင် ရဟန္တာဟုကျော်ကြားသော ပထမသပိတ်အိုင်ဆရာတော်လောင်းလျာ ကို အေဒီ ၁၈၉၃ ခုနှစ်၊ ဧပြီလ ၁၇ရက် (၁၂၅၅-ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်) တနင်္လာနေ့၊ နံနက်ခုနစ်နာရီ၌ တောင်ငူ ခရိုင် ညောင်လေးပင်မြို့နယ် ဖိုးတုပ်ပုံ အလယ်ရွာ၌ မွေးချင်းခုနစ်ယောက်တွင် ဒုတိယမြောက် သားရတနာ ဖြစ်သည်။ ငယ်မည်ကား မောင်ဖိုးသောင်ဖြစ်သည်။ မောင်ဖိုးသောင်သည် ငယ်စဉ်ကပင်စိတ် ကြီးသည်။စကားနည်းသည်။တစ်ယောက် တည်းနေလေ့ရှိသည်။ အသက်(၆)နှစ်၌ ရှင်သာမဏေဖြစ်သောအခါ ဘွဲ့အမည် ကို ရှင်ကိတ္တိဟု မှည့်ခေါ်ခဲ့သည်။ ကိုရင် ဘဝတွင် နိကာယ်ငါးရပ်၏ လမ်းစဖြစ် သော သဒ္ဒါစသည့်အခြေခံစာပေများကို သင်ယူခဲ့သည်။ ထို့နောက် ကြာအင်းရွာ သပြေပင်တောရကျောင်းသို့ ပြောင်းရွှေ့ ပြီး ငိုကာကျော်၊ ရူပသိဒ္ဓိစသောကျမ်းစာ များကို ပလ္လင်ပေါက်သင်ယူတတ်မြောက် ခဲ့လေသည်။

## ◻ ရဟန်းဖြစ်တော်မူပုံ

ဆရာတော်အလောင်းလျာသည် ၁၂၇၈ ခုနှစ်၊ တပေါင်းလဆုတ် ၄ ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၈) နာရီခွဲအချိန် တွင် ရွှေကျင်ဂိုဏ်းဝင် သပြေပင်တောရ ဆရာတော်ကြီး ဦးဥေ ယျကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ် ရောက်ရှိပါသည်။ ရဟန်းဘွဲ့အမည်မှာလည်း ဦးကိတ္တိပင်။ ထိုစဉ်က သက်တော် (၂၃) နှစ်ရှိပေပြီ။ ဤသို့ အသက် (၂၀) ပြည့်ပြီးနောက် (၃) နှစ်ရောက်တော့မှ ရဟန်းပြုရသည့် အကြောင်းမှာ ဝိနည်းနှင့်ပတ်သက်၍ အားရကျေနပ်အောင် လေ့လာနေသော ကြောင့် ဖြစ်သည်။ ရဟန်းဖြစ်ပြီးနောက် တစ်ဝါမှ ဥပဇ္ဈာယ်ဆရာတော်၏ ခြေ တော်ရင်းဝယ်နေပြီးနောက် ညောင်လေး [illegible] မူသည်။ ညောင်လေးပင်တောရစာသင် တိုက်မှာ ရဟန္တာဟုထင်ရှားသော ပဲခူး ဘုန်းတော်ကြီး ဦးသီလ (၁၈၃၂-၁၉၀၇) တည်ထောင်ခဲ့သည့် စာသင်တိုက်များ အနက်တစ်တိုက်အပါအဝင် ဖြစ်သည်။ တောရကြီးတိုက်ဦးစီးနာယကဆရာတော် ကား အရသာကျမ်းပေါင်းများစွာကိုပြုစု တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတဦး အရိယမထေရ်ပင် ဖြစ်ပေသည်။ ထို ကျောင်းတိုက်မှာပင် ပထမငယ်နှင့် ပထမလတ်အောင်မြင်တော်မူခဲ့သည်။

## ◻ ပရိယတ်သင်ကြားခဲ့ရာဌာနများ

တစ်ဖန် အုတ်တွင်းမြို့ ကန်ကလေး တောရကျောင်းသို့ ပြောင်းရွှေ့သင်ကြား ရင်း ပထမကြီးတန်းအောင်မြင်သည်။ အကြီးတန်းအောင်မြင်ပြီးသော်လည်း ပညာရေးကို မတင်းတိမ်နိုင်သေးရကား ပခုက္ကူစာသင်တိုက်ကြီးများသို့ကြွရောက် ၍ နိကာယ်ငါးရပ်ကို ပေါက်မြောက် အောင် သင်ယူခဲ့သည်။ ထို့ပြင် မြင်းခြံ၊ အမရပူရနှင့် မန္တလေးမြို့များသို့ သွား ရောက်ကာ ငါးရပ်နိကာယ်၊ သုံးသွယ် ပိဋကတ်တို့ကို တစ်ဖက်ကမ်းခပ် တတ် မြောက်အောင် သင်ယူတော်မူခဲ့သည်။ ထိုသို့သင်ယူခဲ့စဉ်က ဆရာတော်လောင်း လျာသည် တောထွက်ဖို့ရန် နိဗ္ဗာန်မှတ် ရင့်သန်စေမည့်စာပေများ၊ ဓူတင်အကျင့် မြတ်ကို အထောက်အကူပြုစေမည့် စာပေ များကို အထူးပြု၍ လေ့လာမှတ်သားခဲ့ သည်။

ပရိယတ္တိစာပေကို ရဟန်း(၁၀)ဝါ ရသည်အထိသင်ယူခဲ့ပြီးနောက် လေးနှစ် ခန့် စာပေများကိုပို့ချခဲ့သည်။ ဆရာတော် လောင်းလျာစာပေသင်ကြားစဉ်က အထူး စိတ်ဝင်စားသော အချက်အလက်အချို့ မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဓူတင်ခန်းနှင့် ကဿပသံယုတ်၊ ကဿပထေရာပဒါန် တို့ ဖြစ်ကြသည်။ ဆရာတော်လောင်း လျာသည် နိဒါနဝဂ္ဂသံယုတ်၊ ကဿပ သံယုတ်၊ ဇိဏ္ဏသုတ်၌ ဘုရားရှင်က မေးတော်မူသဖြင့် ဓူတင်ဆယ့်သုံးပါး ဆောင် အရှင်မဟာကဿပမထေရ်က ပြန်လည် ဖြေကြားသော အောက်ပါ လျှောက်ထားချက်ကို အလွန်နှစ်သက် သဘောကျလှသဖြင့် မှတ်တမ်း၌ ရေး မှတ်ထားခဲ့သည်။

“ချစ်သား ကဿပ၊ သင်သည် ဘယ်လိုအကျိုးစီးပွားကိုမျှော်၍၊ နေ့ရက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြာမြင့်လှစွာအခါပတ်လုံး တောရ ကျောင်း၌နေ၍ တောရကျောင်းနေသူ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလေ သည်။"

"မြတ်စွာဘုရား၊တပည့်တော်သည် ...သူခဝိဟာရခေါ် မျက်မှောက် ... ချမ်းသာခံစားနေဖို့ရန်နှင့် နောင် ...နောက်သား တပည့်များတို့သည် ...ရည်တူ ငါ့အတူပင် တောရဆောက် ...နေသောအကျင့်ကို လိုက်နာကျင့် ...လေရာ၏ဟု နောင်လာနောက်သား ...များကိုငဲ့ကွက်သနားခြင်းဟူသော ...ကြောင်းနှစ်ပါးကြောင့် ကိုယ်တိုင် ... တောရကျောင်းမှာနေ၍ သူတစ် ...အားလည်း တောရကျောင်း၌နေ ... တိုက်တွန်းပါ၏။ ဂုဏ်ကျေးဇူးကို ... ချီးမွမ်းပါ၏ ဘုရား"

ဆရာတော်အလောင်းလျာသည် ...အခါကပင် တောရပ်မှီရန် စိတ်အား ...သန်ခဲ့သည်။ ဆရာတော်၏ မှတ်စု ...တမ်းများကိုကြည့်လျှင် တောရဓုတင် ...သုံးဆောက်တည်မှုနှင့် စပ်လျဉ်း၍ ... အဋ္ဌကထာ၊ ဋီကာများစွာတို့မှ ...ကိုးနုတ်ချက်များရေးမှတ်ထားသည် ... တွေ့ရပေသည်။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌ ...ထာ၊ ဓုတင်ဆယ့်သုံးပါးကိုမူ အသေး ... ရေးမှတ်ထားလေသည်။

...တ်ကောင်းရပုံ

ထိုသို့ တောထွက်ရန် စိတ်သန်လှ ... ဆရာတော်အဖို့ အမြန်ဆုံး တော ...ရန် အကြောင်းဖန်လာတော့သည်။ ...ကြောင်းမှာ ဆရာတော်အား ခန်းစာချ ...ကြီးဘဝမှ ကျောင်းထိုင်ဘုန်းကြီး ...သို့ပို့ရန် ကြာအင်းကြီးရွာသားများ ...ကျောင်းဆောက်၍ တင်လှူရန် စီမံ ...ကြသောကြောင့် ဖြစ်သည်။ သို့နှင့် ...တော်သည် ၁၂၈၈ ခုနှစ်၊ ကဆုန် ...န်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် တော ...ဖို့ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ...ထွက်မည့်အကြောင်းကို ဆွေမျိုး ...တို့အား လုံးဝအသိမပေးဘဲ ဆရာ ...များကိုသာ အသိပေးပန်ကြားထား ... သတွင် အဖော်အဖြစ် လိုက်ပို့မည့် ... ဦးသုနန္ဒနှင့်အတူ အိပ်ကြရာ ...ရုံသို့သွားချိန်နီးသည့်တိုင်မနိုးဘဲ ...သည်။ ယင်းသို့ရှိနေစဉ် မြေငလျင် ... သည်းထန်စွာလှုပ်လိုက်ရာမှ နှစ်ပါး ... လန့်နိုးကြသည်။ သို့နှင့် ဘူတာရုံသို့ ...မီရုံကလေး ရောက်ရှိသွားသည်။ ...ခါ ဘယ်သူ့ကိုမျှ တစ်စုံတစ်ရာ ...ဘဲ ငါသည် အကြံအောင်တော့ မည်တကားဟု သဘောပိုက်လျက် အထူးဝမ်းမြောက်လေတော့သည်။

အဖော်ဖြစ်သူ ဦးသုနန္ဒကမူ ဘူတာအထိသာ လိုက်ပို့ပေးပြီးနောက် ပြန်သွားသည်။ဆရာတော်မူကား ရထား ဖြင့် ညောင်လေးပင်မှ ပဲခူး၊ ပဲခူးမှ စစ် တောင်း၊ မုတ္တမတို့ကို အဆင့်ဆင့်ကျော် ဖြတ်၍ ဘီလူးကျွန်း ရွာလွတ်ရွာအနီး ဂူကလေးတောရသို့ ကြွတော်မူသည်။ ဆရာတော်သည် ဂူကလေးတောရ၌ တစ်ဝါမျှသာနေပြီးနောက် ၁၉၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ သောကြာနေ့ (၁၂၈၈ခုနှစ်၊ နတ်တော်လဆန်း၁၃ရက် နေ့) မှစ၍ သပိတ်အိုင်တောရ၌သာ ဧကစာရာသက်ပန်သီတင်းသုံးတော်မူ သွားခဲ့လေသည်။

## ၂ သပိတ်အိုင်တောရအမည်ရပုံ

သပိတ်တောရဆိုသည်ကား သထုံ ခရိုင် ပေါင်မြို့နယ် ကျွဲခြံရွာမှ သုံးမိုင်ခန့် ဝေးသော ကျူကရွာအနီး နွားလည်ပို့ တောင်ခြေ၌ သပိတ်သဏ္ဌာန်တည်ရှိနေ သည့် စမ်းရေအိုင်ကြီးကို အစွဲပြု၍ မှည့် ခေါ်ထားခြင်းဖြစ်သည်။ ဆရာတော်ကြီး သည် တောင်စဉ်တစ်လျှောက် တရားထူး တရားမြတ်များရသည်အထိ အားထုတ် တော်မူခဲ့လေသည်။ သပိတ်အိုင်သို့ဆရာ တော်ရောက်စက နေစရာ အဆောက် အအုံ ဟူ၍ တောတွင်းသစ်၊ ဝါးတို့ဖြင့် တစ်ပါးနေသာရုံ လေးတိုင်စင်သင်္ခမ်း ကျောင်းလေးတစ်ကျောင်း ဆောက်လုပ် ပြီးနေခဲ့ရသည်။ နောင်မှသာ ကျောင်း စသည့် အဆောက်အအုံတို့ လှူဒါန်းသူ များ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

## ၃ မေတ္တာပွားမှု၏အကျိုး

ဆရာတော်သည် ပဋိပတ္တိကျင့်ကြံ အားထုတ်မှု၊ သီလမြတ်နိုးမှု၊ ဝိနည်းလေး စားမှု၊ မေတ္တာကမ္မဋ္ဌာန်းအလေးထားပွား မှုများကြောင့် သပိတ်အိုင်တောရရောက် ပြီး မကြာမီမှာပင် ဆင်၊ ကျား စသည့် တောရိုင်းတိရစ္ဆာန်တို့၏ အန္တရာယ်ပြု ခြင်းကို မခံခဲ့ရပေ။

ကျောင်းတွင် သင်္ကန်းသုံးစုံ၊ စာအုပ်စာတမ်း အနည်းငယ်မှလွဲ၍ မည်သည့်အပိုပစ္စည်းကိုမျှထားလေ့မရှိ ပါ။ (နောင်အခါ ခေါင်းကြီးနှစ်လုံးပြုလုပ် ထားပြီး ရရှိလာသမျှသော ဆပ်ပြာ၊ ဖယောင်းတိုင်၊ သင်္ကန်း စသည်တို့ကို ထည့်ထားလေ့ရှိသည်။) မည်သည့်လူ ရှင်ရဟန်းကိုမျှ ညအိပ်ညဉ့်နေ ခွင့်မပြု ပေ။ ရောက်လာသူများအား ငါးပါးသီလ ပေးတော်မူပြီး ငါးမိနစ်၊ ဆယ်မိနစ်မျှ တရားဟော၍ ပြန်လွှတ်လေ့ရှိသည်။

သပိတ်အိုင်တောရနေရာမှ တော ကြီးသည် တောင်မြင့်သည်။ လျှိုမြောင် ချိုင့်ဝှမ်းတို့ ထူပြောသည်။ သို့ဖြစ်ရာ သစ်၊ ကျား၊ ဆင်၊ ဝက် စသော သားရဲ တိရစ္ဆာန်တို့ မြူးထူးပျော်ပါးရာနေရာ လည်း ဖြစ်သည်။ ဆရာတော်နှင့် မကြာ ခဏဆိုသလို ရင်ဆိုင်တွေ့မိတတ်ကြ သည်။ ဆရာတော်ဆွမ်းခံကြွရာလမ်း တွင် ဆင်ရိုင်းနှင့် ကျားများ ဆုံတွေ့မိ လျှင် ထိုသားကောင်များက လမ်းဖယ် ၍ပင်ပေးကြသည်။ (ဆရာတော်နှင့် တိရစ္ဆာန်ရိုင်းများ ထိတွေ့ဆက်ဆံပုံကို ဓာတ်ကမ္မဋ္ဌာန်းကျမ်းပါ ဆရာတော်၏ ထေရုပ္ပတ္တိတွင် နေ့စွဲ၊ ရက်စွဲနှင့်တကွ ရေးသားထားပါသည်။)

သီလနှင့်ပြည့်စုံသော တောနေ အရှင်မြတ်တို့ကို နတ်လည်းချစ်ကြည်ညို သည်။ လူလည်း ချစ်ကြည်ညိုသည်။ တိရစ္ဆာန်များလည်း ချစ်ကြည်ညိုရပါ သည်။ ဆရာတော်၏မှတ်တမ်းများအရ ဆိုလျှင် ၁၂၉၃ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၄ ရက်နေ့က ဆရာတော် ဆွမ်းခံကြွတော်မူရာ လမ်းကျဉ်းကလေး တစ်ခုအရောက် ကျားတစ်ကောင်နှင့် ရင်ဆိုင်တိုးတော့သည်။ ထိုအခါ ဆရာ တော်ကလည်း ရပ်နေသည်။ ကျားက လည်း ရပ်နေသည်။ ခဏကြာသော် ကျားသည် နောက်ပြန်ဆုတ်ကာ လမ်း ဘေး တောထဲသို့ ဝင်ပြေးလေတော့ သည်။

၁၃၀၂ ခု၊ ကဆုန်လဆန်း ၄ ရက် နေ့ကဖြစ်သည်။ ဒကာ(၄)ယောက်သည် ဆရာတော်၏ကျောင်းလေးကို အမိုးမိုး ကြရင်း ကျောင်းအနီး သစ်ပင်ချုံနွယ်များ ကို ရှင်းလင်းကြရာမှ ကျားမကြီးတစ် ကောင်သားပေါက်နေသည်ကိုတွေ့ကြရ သည်။ ဒကာများက ကျားမကြီးမရှိခိုက် ကျားငယ်ကို ဆရာတော်ထံ ယူလာပြီး ပေးထားသည်။ ကျားမကြီးပြန်လာသော အခါ ဆရာတော်က ကျားငယ်ကလေး ကို ကောက်ယူ၍ ကျားမကြီးနှင့် ဆယ် တောင်ခန့်မျှ နီးကပ်သည်အထိ ပို့ပေး သည်။ ကျားမကြီးသည် မည်သို့မျှ အန္တရာယ်မပြုဘဲ မိမိ၏သားငယ်ကိုသာ ကိုက်ချီ၍တောထဲသို့ဝင်သွားလေသည်။

ဆင်ရိုင်းကြီးခုနစ်ကောင်မှာလည်း ဆရာတော်၏ကျောင်းသို့ မကြာခဏ ရောက်လာတတ်ကြသည်။ လူကိုနင်း သတ်လေ့ရှိသောဆင်ရိုင်းကြီးများဖြစ်ကြ သည်။ထိုဆင်ရိုင်းကြီးများကို ဆရာတော် သည် အစာခွံ့ကျွေးခြင်း၊ အစွယ်များကို



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ခြင်းပြုတော်မူသည်။ အခြားသူများ ကိုင်လျှင်မူကား လုံးဝလက်မခံချေ။

ဆရာတော်၏ သီလနှင့် မေတ္တာ အာနုဘော်စွမ်းအင်ကား လွန်စွာကြီးမား တော်မူသည်။ သောင်းကျန်းသူများပေါ သော သပိတ်အိုင်နယ်မြေသို့ လာသမျှ သော လူအပေါင်းအား တစ်ကြိမ်မျှပင် အန္တရာယ်ပြုခြင်း၊ နှောင့်ယှက်ခြင်းမခံခဲ့ရ ပေ။ အချို့သော ဒကာမများမှာ ဆရာ တော်ထံသို့ လက်ဝတ်လက်စားစိန်ရွှေ အပြည့်အစုံ ဝတ်စားဆင်ယင်ပြီးလာကြ စေကာမူ လုယက်ခြင်းမခံရ။ အနီးအပါး ရွာများကို သူပုန်များဝိုင်းထားခိုက်မှာပင် ဆရာတော်သည် ဆွမ်းခံမပျက်ခဲ့ပေ။ သူပုန်များသည်လည်း ဆရာတော်ဆွမ်း ခံကြွလာသည်ကိုမြင်လျှင် သေနတ်ပစ် ဖောက်ခြင်းမပြုသေးဘဲ စောင့်ဆိုင်းနေ ကြသည်။ ဆရာတော် ဆွမ်းခံပြီး ပြန်ကြွ သွားမှ သူပုန်တို့သည် မိမိတို့ကိစ္စကို ဆက်လုပ်ကြလေသည်။

တစ်ခါသော် ကျုံကရွာအနီး နတ် ကြီးချောင်ရွာမှ မိန်းမပျိုလေးနှစ်ယောက် ကို ပြန်ပေးဆွဲသွားပြီး ငွေငါးထောင်၊ ရွှေ တစ်ဆယ်သားနှင့်ရွေးယူရန် မှာသွား သည်။ မိဘများမှာ အပူမီးတောက် လောင်ကာ ဆရာတော်ထံရောက်လာ ပြီး အကျိုးအကြောင်းလျှောက်ထားကြ သည်။

ထိုအခါ ဆရာတော်ကြီးက မိန်းကလေးနှစ်ဦး၏အမည်ကို မှတ်သား ထားပြီး မိဘများကို စိတ်မပူကြရန် ပြော၍လွှတ်လိုက်သည်။ ထို့နောက် ဆရာတော်သည် ယင်းမိန်းကလေးနှစ်ဦး အားရည်ညွှန်း၍ ဩဓိသမေတ္တာပို့ပေး သည်။ မကြာမီမှာပင် ရွှေ၊ ငွေ၊ ပစ္စည်း တစ်စုံတစ်ရာမပေးရဘဲ မိန်းကလေး နှစ်ဦး ဘေးမသီရန်မခ ပြန်လည်လွတ် မြောက်လာကြလေတော့သည်။ ထို မိန်းကလေးတို့၏ပြောပြချက်မှာ ဓားပြ ပြန်ပေးများ၏စခန်းတွင်နေရခိုက် ဆရာ တော်ကြွရောက်လာပြီး 'မကြောက်ကြ နဲ့၊ မကြာခင် လွှတ်လိမ့်မယ်' ဟု ပြော သွားပြီး မကြာခင်မှာပင် လူဆိုးများက တောစခန်းလွန်သည်အထိ လိုက်ပို့ပေး ကြသည်ဟုပြောပြလေသည်။ ယင်းကား ဆရာတော်ကြီး၏ ထူးခြားချက်တစ်ရပ် ဖြစ်ပါသည်။ အလားတူထူးခြားချက်များ လည်း အများအပြားရှိသေးသည်။

ဆရာတော်သပိတ်အိုင်တောရ၌ သီတင်းသုံးသည့်နေမှ၍ အခြားမည် သည့်မြို့ရွာသို့မျှ ဆွမ်းခံကြွတော်မမူဘဲ ဆွမ်းခံကြွနေကျ ကျုံကရွာမှာပင် နံနက် တိုင်း ဆွမ်းခံကြွနေပါလျက် ရုံဖန်ရံခါ မော်လမြိုင်၊ ဘီလူးကျွန်း၊ သထုံ၊ ရန်ကုန် စသည့်မြို့ရွာများသို့ ဆွမ်းခံကြွတော်မူ ကြောင်း သတင်းစကားများဖြစ်ပေါ်လာ ခဲ့သည်။

၁၃၂၄ ခုနှစ်၊ တန်ဆောင်မုန်းလ ဆန်း ၁၄ ရက်နေ့က ဖြစ်သည်။ သထုံ မြို့သူမြို့သားများသည် သပိတ်အိုင် ဆရာတော်ဆွမ်းခံကြွလာသည်ဆိုကာ စေတနာသဒ္ဓါတရားထက်သန်စွာလောင်း လှူကြသည်။ ဆွမ်းလောင်းသူအချို့က မူ သပိတ်အိုင်ဆရာတော်ဟုတ်၊ မဟုတ် သိရန် ဆွမ်းလောင်းပြီးလျှင်ပြီးချင်း ဂျစ်ကားဖြင့် သပိတ်အိုင်တောရသို့လိုက် သွားကြရာ သပိတ်အိုင်တောရ၌ ဆရာ တော် ဆွမ်းဘုဉ်းပေးနေသည်ကိုတွေ့ကြ ရသည်။ မိမိတို့လောင်းလှူလိုက်သော ဆွမ်း၊ သစ်သီး စသည့် လှူဖွယ်ဝတ္ထု ပစ္စည်းတို့လည်း ပါဝင်သည်ကို တွေ့ရ လေသည်။

ဤတွင် ဒကာများက -

"ဆရာတော်၊ ဘယ်မြို့ကို ဆွမ်းခံ ကြွပါသလဲဘုရား"

ဟု မေးလျှောက်ကြရာ ဆရာ တော်က -

"ငါကျုံကရွာမှာပဲဆွမ်းခံတယ်"

ဟု ပြန်လည် ဖြေကြားတော်မူ သဖြင့် ဒကာများမှာ အံ့ဩကြရတော့ သည်။

ထို့ပြင် မော်လမြိုင်၊ မုတ္တမ၊ ပေါင်၊ ကျိုက်ခမီ စသော ပတ်ဝန်းကျင်မြို့ရွာများ၌ လည်းကောင်း၊ ကဒါ၊ သာယာကုန်း၊ ပန်း ကုန်း၊ လက်ပံ၊ ဒေးပရိန်း၊ သရက်တော စသော ပတ်ဝန်းကျင်ကျေးရွာများသို့ လည်းကောင်း၊ အလံတစ်ရာဘုရား၊ ရန်ကုန်မြို့ စသော ဝေးလံသည့် အရပ် ဒေသများသို့ လည်းကောင်း ဆွမ်းခံကြွ လာသည်၊ ဆွမ်းလောင်းလှူလိုက်ရသည် ဟူ၍ အုန်းအုန်းကျွက်ကျွက်ဖြစ်ခဲ့ရပြန် သည်။

ဤကဲ့သို့ သတင်းအမျိုးမျိုးတို့ သည် ရန်ကုန်တွင် ပျံ့နှံ့နေသောကြောင့် ရန်ကုန်က လူများတို့ဖူးမြော်ရန်အလို့ငှာ ဘင်ဝင်ရွာမှ မောင်ကြွယ်ကို အပင့်ခိုင်း လိုက်သည်။ လေယာဉ်ပျံနှင့် အသွား အပြန်ပို့ပေးပါမည်။ ကြွနိုင်ပါမည်လား ဟု လျှောက်ကြားသောအခါ သပိတ် အိုင်ဆရာတော်က -

"ဒီလိုသာ ငါ့ကိုလူတောထဲသို့ပင့် လျှင် ငါမလိုက်နိုင်။ လူတောထဲသို့ပင့် တိုင်းလိုက်ချေက ငါ့မှာအကျိုးဆုတ်ယုတ် လိမ့်မည်။**တရားဆိုသည်ကား သဒ္ဓါရယ်၊ ဝီရိယရယ်၊ ပညာရယ်၊ သမာဓိရယ် ဤ တရားလေးပါးနှင့် ညီညွတ်လျှင် တရား အထူးကို ရနိုင်သည်။** ဤတရားလေးပါး နှင့် မညီညွတ်လျှင် တရားအထူးကိုမ[illegible] နိုင်။ ညီတော်အာနန္ဒာ တရားရပုံ[illegible] ကြည့်ပါလား။ လူတောထဲသို့လိုက်[illegible] လူအများ၏ အကြည်အညိုကိုလိုက်[illegible] နေပါက ဤတရားလေးပါးနှင့် ညီညွတ်[illegible] နိုင်ပါမည်လော"

ဟု မိန့်တော်မူလေသည်။

ယင်းသို့ အခြားအရပ်ဒေသများ[illegible] သို့ ဆွမ်းခံကြွရောက်သည်။ဆွမ်းလောင်း လှူလိုက်ရသည်ဟု အံ့ဩမဆုံးဖြစ်[illegible] ရငြားသော်လည်း ဆရာတော်က[illegible] ကျုံကရွာ၌သာ ဆွမ်းခံမပျက်ဆွမ်းခံ[illegible] မြဲ ဖြစ်သည်။ အချို့က မိမိတို့လှူဒါန်း[illegible] လိုက်သောဝတ္ထုပစ္စည်းကိုအမှတ်အသား[illegible] ပြု၍ လောင်းလှူလိုက်သည်။ လောင်းပြီး လျှင်ပြီးချင်း သပိတ်အိုင်တောရသို့ လို[illegible] လာခဲ့ကြသည်။ သူတို့အမှတ်အသား[illegible] ၍ လောင်းလှူလိုက်သောပစ္စည်းကိုတွေ့ ကြရလေသည်။

ထိုကဲ့သို့ သတင်းအမျိုးမျိုးဖြစ်ပေါ်[illegible] ကျော်ကြားနေသဖြင့် တစ်ခါသော်[illegible] မော်လမြိုင်မြို့ စိန်မမကျောင်းတိုက်[illegible] ဆရာတော်ဦးသူရိယာဘိဝံသက သပိတ် အိုင်ဆရာတော်အား -

"ရဟန္တာဖြစ်ပါပြီလား ဘုရား"

ဟု တိုက်ရိုက်ပင် မေးလျှောက်[illegible] သည်။

ဤတွင် သပိတ်အိုင်ဆရာတော် က -

"တပည့်တော် ရဟန္တာမဖြစ်သေး[illegible] ပါဘူး။ ရဟန္တာမဖြစ်သေးဘဲနဲ့ ဟိုဆွမ်း[illegible] ကြွ၊ဒီဆွမ်းခံကြွနဲ့ သတင်းတွေဖြစ်[illegible] တာကတော့ နတ်တွေကချစ်လို့ကြည်[illegible] လို့ ကြော်ငြာပေးတာမျိုးဖြစ်မှာပါ။ ခ[illegible] တယ်။ ဒီနတ်တွေက သူတို့မကြည်[illegible] တော့လည်းတစ်မျိုး၊ ကြည်ညိုတော့ လည်းတစ်မျိုး"

ဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။

(ဤကား ရဟန္တာဖြစ်တာ န[illegible] တွေကသိကြကြောင်း အကျော်ဇော[illegible] ရှိတော်မူခဲ့သော သပိတ်အိုင်တော[illegible] ဆရာတော်ဦးကိတ္တိကိုယ်တော်မြတ်[illegible] အကြောင်း စာရေးသူက ထပ်ဆင့်ပူ[illegible] ခြင်းသာ ဖြစ်ပါသည်။)

ဝိနည်းသိက္ခာပုဒ်ကို လေးစား[illegible] တွင် ဆရာတော်မှာ စံထားလောက်[illegible] ပေသည်။ ဝိနည်းနှင့်ပတ်သက်လာ[illegible] ဆရာတော်သည် အသက်တမျှ[illegible] စောင့်ရှောက်တော်မူလေ့ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နပ်ကိုပင် သံသယရှိ၍ စီးနင်းတော် ဘဲ ရှောင်ကြဉ်တော်မူခဲ့ပါသည်။ အတူ သစ်စေးသုတ်သပိတ်ကိုလည်း သံသယရှိတော်မူ၍ အသုံးမပြုဘဲ ထည်အဖြူသက်သက်ကို မှာကြားပြီး ဆီစစ်နှင့် ပေါင်းခံ၍ ဖုတ်သော သပိတ်ကိုသာ သုံးစွဲတော်မူသည်။

ဆရာတော်၏ကြွန္ဒြေစောင့်ထိန်းမှု အံ့သြလောက်အောင်ပင်ဖြစ်သည်။ အထူးသဖြင့် စက္ခုန္ဒြေကို တင်းကျပ်စွာ စောင့်စည်းတော်မူသည်။ မည်မျှပင် စောင့်စည်းသနည်းဆိုပါမူ -

"မင်းတို့ ငါ့ကို ရှေ့တည့်တည့်မှ ၍ကြည့်ပါ။ မင်းတို့မျက်လုံးနဲ့ ငါ့ ကလုံးအကြည့်ချင်းဆုံမိတာများတွေ့ခဲ့ ဘယ်ခါမဆိုငါ့မျက်လုံးကိုထိုးဖောက် လိုက်ကြစမ်းပါ။ ရဟန်းလုပ်ပြီး ဒီ ကလုံးကို ဒါလောက်မှမစောင့်ရှောက် ရင် ဘာအသုံးကျတော့မှာလဲ။ ဒီ လောက်မှ မျက်လုံးကို မစောင့်ရှောက် ရင် တောထဲမှာနေလိမ့်မယ်မဟုတ်

ဟူသော ရဲရဲတောက်မိန့်ကြားချက် သက်သေခံလျက်ရှိပေသည်။

ဆရာတော်သည် ပဋိပတ်တွင် စွမ်းသည်မဟုတ်၊ ပရိယတ်ဘက်၌ အစွမ်းထက်တော်မူသည်။ ပိတ်အိုင်တောရ၌ သီတင်းသုံးတော် (၁) သီမကောသလ္လကျမ်းနှင့် (၂) သောတာပန်ဖြစ်ခန်းဓာတ်ကမ္မဋ္ဌာန်း နှစ်စောင်ကို စီရင်ရေးသားတော် ခဲ့သည်။

သီမကောသလ္လကျမ်းတွင် သိမ် စပ်လျဉ်းသော လိုရင်းအချက်များ ပြည့်အစုံပါဝင်သည်။ သိမ်နုတ်နည်း၊ သမုတ်နည်း၊ ဝိသုံဝါမခံပုံ၊ နိမိတ် ကြောင်းနှင့် ခက်ခဲသော အဆုံးအဖြတ် ကို အဋ္ဌကထာ၊ ဋီကာတို့မှထုတ်နုတ် ချက် ရေးသားပြုစုထားခြင်း ဖြစ်သည်။ ရာတော်သည် ထိုကျမ်းကို ပြုစုရာတွင် အကားပြုကာ ရေးသားတော်မူ ခြင်း ဖြစ်သည်။

ယောဂီနန္ဒီခေါ် စူဠသောတာပန် ခန်းဓာတ်ကမ္မဋ္ဌာန်းကျမ်းမှာ ငယ်ငယ် ထိမိလှသောကျမ်းတစ်ဆူဖြစ်သည်။ အားထုတ်လိုသော ယောဂီများ တ် ဆရာတော်ဟောပြောဆုံးမ သော တရားတော်များကို စာအုပ် ရေးသား ချီးမြှင့်တော်မူခြင်း ဖြစ် ။ ထိုကျမ်းတွင် နာမ်၊ ရုပ် နှစ်ပါးခွဲ ထုနစွာခွဲပြထားသည်။ ဓာတ်တော် လေးပါးတို့၏ လက္ခဏာကိုလည်း အချာ ရှင်းပြထားသည်။ အာနာ ပါနကမ္မဋ္ဌာန်းကို သမထနည်း၊ ဝိပဿနာ နည်းအားထုတ်ပုံနှင့်တကွ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ၊ သက္ကာယဒိဋ္ဌိခွာပုံ၊ နာမ်ရုပ်ဖမ်း၍ ရှုပွားပုံ၊ စူဠသောတာပန်ဖြစ်ပုံတို့ကို ညွှန်ပြထားလေသည်။ စူဠသောတာပန် ဆိုသည်မှာ သောတာပန်ကလေး (ဝါ) သောတာပန်အလောင်းအလျာကို ဆိုလို ပါသည်။

ဆရာတော်သည် သက်တော် (၇၀) ကျော်လာသောအခါ မူလရှိရင်း လေနာရောဂါ၊ သွေးဝမ်းရောဂါတို့အပြင် ဇွက်ဖျားရောဂါကလည်း ထပ်မံနှိပ်စက် လာပြန်သည်။ မည်သို့ပင် ဇရာဒုက္ခနှင့် ဗျာဓိဒုက္ခတို့ကို နှိပ်စက်စေကာမူ ဆရာ တော်အနေဖြင့် ဆွမ်းခံဝတ်မပျက်ခဲ့ပေ။ စိုးရိမ်တတ်သော ဒကာရင်းချာများက ဆွမ်းခံမထွက်ရန်သော် လည်းကောင်း၊ အစောင့်အရှောက် ဒကာတစ်ယောက် လက်ခံရန်သော်လည်းကောင်း လျှောက် ထားကြပါသည်။ ဆရာတော်ကား ရှေးသူတော်ကောင်းကြီးများထုံးကို နှလုံး မူ၍ လက်ခံခြင်းမပြုခဲ့ပါ။

သို့နှင့် တဖြည်းဖြည်း ရောဂါ၏ နှိပ်စက်ခြင်းဒဏ်ကို ခံစားလာရသော အခါ ဆရာတော်သည် တူအရင်းလည်း ဖြစ်၊ တပည့်ကြီးလည်းဖြစ်သော ညောင် လေးပင်မြို့ ကြားတောရဆရာတော် ဦးဝါသဝကို မှာကြား၍ မိမိကျောင်း ကလေးနှင့်တကွ အာရာမ်(အရံ)ပစ္စည်း ပါ လှူဒါန်းတော်မူပါသည်။ မိမိပျံလွန် တော်မူလျှင် သင်္ကန်းအစုံ(၃၀)ကို သံဃာ တော်များအား လှူဒါန်း၍ အလောင်းကို (၃) ရက်ထက်ပိုမထားဘဲ မီးသဂြိုဟ်ရန်၊ ဘုန်းကြီးပျံပွဲမပြုလုပ်ရန် စသည်ဖြင့် မှာကြားတော်မူခဲ့လေသည်။

သက်တော် (၇၆)၊ သိက္ခာတော် (၅၆) ဝါအရတွင် ရောဂါဝေဒနာပြင်း ထန်စွာ ခံစားနေရသော်လည်း ဆွမ်းခံ တော်မပျက်ပေ။ ပျံလွန်မည့်နေ့ရက်တွင် သာ ဆွမ်းခံဝတ်ပျက်သည်။ ဆွမ်းခံ မထွက်၍ တပည့်ဒါယကာ၊ ဒါယိကာမ များက ကျောင်းကိုလိုက်လာပြီးကြည့်ရာ မှ ၁၃၁၁ ခုနှစ်၊ တော်သလင်းလဆုတ် ၁၁ ရက် (၁၉၆၉ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်) ဗုဒ္ဓဟူးနေ့တွင် ခန္ဓာရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူကာ ဘုရားရှင်သော်မှ မလွန်ဆန်နိုင်သော မစ္စုနိုင်ငံသို့ လိုက်ပါ တော်မူခဲ့ရသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ် တော်ကို မီးသဂြိုဟ်သောအခါ ဓာတ် ကြွင်းသည်၊ ရောင်ခြည်တော်လွှတ်သည် ဟု အမျိုးမျိုးသော သတင်းစကားကို လူအများက သဒ္ဓါတရားအစားစားဖြင့် ပြောဆိုခဲ့ကြသည်။ မည်သို့ပင်ဆိုစေ ကြွင်းကျန်ရစ်သောအရိုးနှင့် ပြာများကို (၁၂) တောင်ခန့် ဉာဏ်တော်ရှိသော စေတီတော်တစ်ဆူတည်၍ အောက်ခြေ ၌ အရိုးပြာအိုးကို ဌာပနာထားသည်။ အထက်ငှက်ပျောဖူး၌ မြတ်စွာဘုရား၏ ဓာတ်တော်များထည့်၍ ပူဇော်ထားလေ သည်။

၁၉၇၄ ခုနှစ်၊ ဧပြီလ။

ကျွန်တော်၏ဖခင် စာရေးဆရာ ကြီး ဦးရန်အောင်နှင့် ကျွန်တော်သည် မော်လမြိုင်စိုက်ပျိုးရေးသိပ္ပံမှ ဆရာ မင်းမြင့်သန်းလိုက်ပို့ပေးမှုကြောင့် ဆရာ တော်ဘုရားကြီး၏စေတီကို ဖူးမြော်ခွင့် ရခဲ့ပေသည်။

အဖေက -

"ဆရာတော်ကြီးက သပိတ်အိုင် နာမည်နဲ့ သင့်တော်ပါပေတယ်။ ဘာ ကြောင့်လဲဆိုတော့ သပိတ်တစ်လုံးနဲ့ ဆွမ်းခံပြီး ခန္ဓာချုပ်ငြိမ်းတော်မူတယ်။ ဆရာတော်ကြီးသုံးခဲ့တဲ့သပိတ်ကလည်း အထူးသပိတ်ပါပဲ"

အဖေသည် ဆရာတော်ဘုရား ကြီးကို အလွန်ကြည်ညိုသဖြင့် အဖေ အသက် (၈၀) မှ ကွယ်လွန်သည့် (၉၁) နှစ်အထိ ဆရာတော်ဘုရားကြီး ပြုစုခဲ့ သော 'စူဠသောတာပန်ဖြစ်ခန်းဓာတ် ကမ္မဋ္ဌာန်းကျမ်းစာ'ကို အုပ်ရေ သောင်းချီ ရိုက်နှိပ်၍ ဓမ္မဒါနပြုခဲ့လေသည်။ ယင်း ကျမ်းစာအုပ်ကို အဖေက ဦးဘလှသိန်း (အဖေ၏တူ၊ ဆိပ်ကမ်းကော်ပိုရေးရှင်း ငွေကိုင်ချုပ် ဦးအုန်းခိုင်၏ညီ၊ ရုပ်ရှင် သရုပ်ဆောင် မေသဥ္စာဦး၏ ယောက္ခမ) ကို အရိုက်ခိုင်း၏။

တင်အောင် (စက်မှုတက္ကသိုလ်)

*ဤဆောင်းပါးဖြင့် ပထမသပိတ်အိုင်ဆရာတော်ဘုရားကြီး ဦးကိတ္တိနှင့် အဖေ ဦးရန်အောင်တို့အား ဦးခိုက်လျက်*

**ကျမ်းကိုး -**

၁။ စူဠသောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း(ပထမသပိတ်အိုင်ဆရာတော်ကြီး ဦးကိတ္တိ)
၂။ ရဟန္တာနှင့် ရဟန်းထူးများ (ဆရာမောင်ပန်းမွှေး၊ တက္ကသိုလ်မြန်မာစာဆရာ)
၃။ အကျော်ဒေးယျဆရာတော်ကြီးများ၏ဘဝ၊ ဩဝါဒနှင့် ဖြစ်ရပ်ဆန်းများ (တင်အောင်သွင်)
(တိုးထက်စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းနိုင်

# ဘုရားသက်ရှည်အမေထွေး

မြန်မာမှုနယ်ပယ်၌ ရဟန်းသံဃာတော်များနှင့် ဘိုးဘွား၊ မိဘ၊ ဆရာသမားတို့ကို ရှိခိုး ပူဇော်ကန်တော့ပြီးတိုင်း -

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ မရသေးသောစည်းစိမ်၊ ဥစ္စာရတနာတို့ကိုရရှိခြင်း၊ ရရှိပြီးသောစည်းစိမ်ဥစ္စာရတနာတို့ကို အမြဲတည်တံ့ခြင်း စသည့် ဆုကိုပေးလေ့ရှိသည်မှာ တွင်ကျယ်လှပေသည်။

ထိုဆုပေး၌ပါသော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်းတို့သည် သီလတရားနှင့်ဆိုင်သောအကျိုးတို့ ဖြစ်၏။ သီလကိုစင်ကြယ်စွာမကျိုးမပေါက်စေရန် စောင့်ရှောက်သူအတွက် ထိုအကျိုးတရားများ မုချရရှိစေနိုင်ကြောင်း သီလနှင့်စပ်ဆိုင်သည့်ကျမ်းဂန်တို့၌ ပြဆိုထားပေသည်။

သီလသည် လူသာမန်တို့ ဆောက်တည် ကျင့်သုံးအပ်သောသီလ၊ ရှင်သာမဏေတို့ ဆောက်တည် ကျင့်သုံးအပ်သောသီလ၊ ရဟန်းသံဃာတို့ ဆောက်တည် ကျင့်သုံးအပ်သောသီလ စသည်ဖြင့် ပုဂ္ဂိုလ်အားလျော်စွာ ကျင့်သုံးကြသောသီလ ဟူ၍ ရှိကြ၏။

အရေအတွက်အားဖြင့်မူ -

**၁။ မမ္မတာသီလ** - လူတို့လိုက်နာကျင့်သုံးအပ်သောသီလ။

**၂။ ဂရုဓမ္မသီလ**-သူတော်ကောင်းတို့ အလေးဂရုပြု ကျင့်သုံးရသောသီလ။

**၃။ စက္ကဝတ္တိဓမ္မသတ်သီလ** - စကြဝတေးမင်းတို့ ဓမ္မသတ်သံဖွယ် အုပ်ချုပ်ရာ၌ကျင့်ရာသောသီလ။

**၄။ ကုရုဓမ္မသီလ** - ကုရုတိုင်းသားတို့ ကျင့်အပ်သောသီလ။

**၅။ ဂအင္ဂသီလ** - လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်ဖြစ်သောသီလ။

**၆။ ပဥ္စသီလ**-သူ့အသက်သတ်ခြင်း စသော အရေအတွက်ငါးပါးရှိသောသီလ။

**၇။ နိစ္စသီလ**-လူတို့အစဉ်အမြဲကျင့်သုံးအပ်သောသီလ။

**၈။ ဝါရိတ္တသီလ** - ဘုရားရှင်ကိုယ်တော်တိုင် တားမြစ်အပ်သောသီလ။

**၉။ အရိယာကန္တသီလ** - အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောသီလ။

**၁၀။ ပဒသီလ** - ကျင့်သုံးသင့် ကျင့်သုံးထိုက်သောသီလ။

စသည်ဖြင့် ဆယ်ပါးအပြားရှိ၏။

အနှစ်သာရအားဖြင့်မူ ပင်ကိုပကတိအားဖြင့် သန့်ရှင်းဖြူစင်လျက်ရှိသည့်စိတ်လေးပေါ်တွင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တည်းဟူသည့် အရောင်အမျိုးမျိုး ဝင်ရောက်မဆိုးနိုင်ရန် အဖြူရောင်၏ပင်ကိုမပျက်စီးစေဖို့ တားဆီးကာကွယ်စောင့်ရှောက်ရသော သဘောဖြစ်၍အတူတူပင်ဖြစ်လေသည်။

ထိုသို့ ပုဂ္ဂိုလ်အားလျော်စွာ စောင့်ရှောက်ကြသောသီလကို မကျိုးမပေါက် စောင့်ရှောက်ထိန်းသိမ်းကြပါက အသက်ရှည်ခြင်း၊ အဆင်းလှခြင်းအစရှိသည်တို့ အပြင် -

၁။ စည်းစိမ်ချမ်းသာ ကြီးကျယ်တိုး ပွားခြင်း၊

၂။ ကောင်းသတင်းကျော်စောခြင်း

၃။ ပရိသတ်အလယ်၌ မတုန်မလှုပ် ဝင်ရဲခြင်း၊


၄။ မတွေဝေဘဲသေရခြင်း၊

၅။ သေသည်၏အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ရခြင်း

စသော အကျိုးတို့ကိုလည်း ခံစားရရှိနိုင်ကြပေသည်။

ကျွန်တော်တို့သည် ဘိုးသက်ရှည် ဘွားသက်ရှည်များကိုတွေ့တိုင်း သီလ ကောင်းကြသူများ၊ သီလစင်ကြယ်ကြသူများအဖြစ် ချီးမွမ်းလေ့ရှိကြ၏။

ကျွန်တော်တို့၏မြတ်ဗုဒ္ဓသည်



အမေထွေး၊ ရှင်ပြုမင်္ဂလာအလှူပွဲ လှူဒါန်းကျင်းပနေစဉ်





သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့တိုင်း မြို့နယ်အတွင်းရှိ သံဃာတော်အရှင်မြတ်များ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီး၌ အမေထွေး ဆွမ်းဆန်လှူနေစဉ်



www.burmeseclassic.com

www.burmeseclassic.com


အမေထွေး နှစ် (၁၀၀) ပြည့်အကြိုမွေးနေ့ပွဲ၌ ကြွရောက်လာကြသူများ
သံဃာတော်အရှင်မြတ်များထံ ငါးပါးသီလခံယူနေကြစဉ်


ဇီးကုန်းမြို့ စည်ပင်သာယာ (ရွှေတောင်တက်) လမ်း၌ အမေထွေး လှူဒါန်းသည့် ရေတွင်း

သခေ်ျအားဖြင့် နှစ် (၁၀၀) တန်းတွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့သည်။ သက်တော် (၃၅) နှစ်အရွယ်၌ အလုံးစုံသော တရားအပေါင်းတို့ကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသော သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူကာ (၄၅) ဝါကာလကြာအောင် ကျွတ်ထိုက်သသူ နတ်၊ လူ၊ ဗြဟ္မာသတ္တဝါတို့ကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေး ချွေချွတ်တော်မူပြီး သက်တော် (၈၀) အရွယ်တွင် ခန္ဓပရိနိဗ္ဗာန်စံတော်မူသည်။ ထိုပရိနိဗ္ဗာန်စံဝင်သည့်နေ့မှစ၍ အနှစ် (၁၀၀) ပြည့်တိုင်း လူတို့၏သက်တမ်းသည် တစ်နှစ်ဆုတ်ယုတ်ခဲ့ရာ နှစ်ပေါင်း (၂၅၀၀) တွင် (၂၅) နှစ်ရှိခဲ့ပြီဖြစ်သဖြင့် ယခုဆိုလျှင် လူတို့၏သက်တမ်းသည် (၇၅) နှစ်တန်းသာကျန်ရှိတော့၏။ (ဗုဒ္ဓဘာသာဝင်တို့၏အယူဖြစ်ပါသည်။)

ထို (၇၅) နှစ်မှကျော်၍ အသက် (၈၀) ကျော် (၉၀) အရွယ်ရှိ အသက်ရှည်ကြသူများကို သီလကောင်းလိုက်တာဟု၍ မှတ်ယူချီးမွမ်းကြသည်။ ထို့ထက်ပို၍ (၁၀၀)၊ (၁၀၀)ကျော်ရှည်ကြသူများတို့ကား ဆိုဖွယ်ရာမရှိတော့ပေ။ သီလတောရကျွဲတာဆိုသည့်အတိုင်း သီလတရားက စောင့်ရှောက်ခဲ့ကြသည့်အတွက် ထိုပုဂ္ဂိုလ်များသည် သက်တမ်းကျော် ဘိုးသက်ရှည်၊ ဘွားသက်ရှည်များအပြင် ပူဇော်ဂုဏ်ပြုထိုက်သူများပင်ဖြစ်တော့သည်။

ကျွန်တော်သည် ထိုကဲ့သို့ ဂုဏ်ပြုပူဇော်ထိုက်သော ဘိုးသက်ရှည်၊ ဘွားသက်ရှည်များအကြောင်းကို သုရဋ္ဌနက္ခတ္တ အစရှိသောမဂ္ဂဇင်းများနှင့် မြတ်မင်္ဂလာအပြင် အခြားမဂ္ဂဇင်းစာမျက်နှာများပေါ်၌ အခါအားလျော်စွာ ရေးသားပူဇော်ခဲ့ပါသည်။

ယခုလည်း ဘွားသက်ရှည်တစ်ယောက်အကြောင်း ရေးသားပူဇော်ဂုဏ်ပြုခွင့်ရခဲ့သဖြင့် များစွာဝမ်းမြောက်မိပါ၏။ ၂၀၁၄ ခု၊ ၁၀ လပိုင်းအစရက်လောက်က မြန်မာ့အလင်းသတင်းထောက် မောင်ယဉ်ရှထွေးထံမှ မပျက်မကွက်ကြွရောက်ပါရန်ဆိုသည့်မှတ်ချက်နှင့် ဖိတ်စာလေးတစ်စောင်ရောက်လာပါသည်။

ဖိတ်စာလေးကိုဖောက်လိုက်တော့ အသက်(၁၀၀)ပြည့်အကြိုမွေးနေ့မင်္ဂလာဟု ပါရှိသည့်အတွက် မောင်ယဉ်မွေး၊ မတင်အေးတို့၏မိခင် ဘွားသက်ရှည် အမေဒေါ်ထွေး၏အသက်ရာပြည့်အကြိုမွေးနေ့ပွဲဖြစ်ကြောင်း သိလိုက်ရ၍ မဖြစ်မနေ သွားရန်လည်း ဆုံးဖြတ်လိုက်ပါသည်။

အကြောင်းမှာ မောင်ယဉ်မွေး၊ မတင်အေးတို့ဇနီးမောင်နှံမှာ ကျွန်တော်နှင့် ညီအစ်ကိုရင်း၊ မောင်နှမရင်းများကဲ့သို့ခင်မင်ခဲ့ကြသူ။ မိသားစုများလိုဖြစ်နေပြီး အမေထွေးမှာလည်း မိခင်တစ်ယောက်လို ချစ်ခင်ကြည်ညိုလေးစားရသောသူ ဖြစ်ပါသည်။ ထို့အပြင် အခြားအကြောင်းတစ်ရပ်ကလည်း အမေထွေး၏အကြောင်းကို စာရေးပူဇော်ဂုဏ်ပြုလိုမှုပင် ဖြစ်ပါသည်။

အမေထွေးသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ ရွှေတောင်တက် (၁) လမ်းတွင် သမီးဖြစ်သူ မတင်အေးနှင့်အတူ နေထိုင်လျက်ရှိပြီး အဖေ ဟိန္ဒူ၊ အမေ မြန်မာလူမျိုး မိဘနှစ်ပါးမှ ကောဇာနှစ် ၁၂၇၇ ခုနှစ်ဦးပိုင်းတွင်မွေးဖွားခဲ့သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး၊ မြန်မာနိုင်ငံသား ဖြစ်ပါသည်။ အသက် (၁၀၀) ပြည့်ရန် လပိုင်းမျှသာလိုတော့သည်။ အမေထွေး၏ မှတ်ပုံတင်နံပါတ်မှာ Z.G.N. ၀၀၆၅၂၀ ဖြစ်ပါသည်။

အမေထွေးကို ကျွန်တော်စတင်ရင်းနှီးခွင့်ရခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာကပင် ဖြစ်ပါသည်။ စတင်တွေ့စက ကျွန်းတောလမ်းရှိ ဈေးကျောင်း၌ အမေထွေး ရှင်ပြုအလှူတော်ပွဲကြီးကျင်းပနေခိုက် ဖြစ်ပါသည်။

မောင်ရှင်လောင်းများအား ဆံပယ်ရာတွင် လည်းကောင်း၊ ရှင်သာမဏေအဖြစ် ဥပဇ္ဈာယ်ဆရာက ရှင်ပြုပေးနေရာတွင် လည်းကောင်း၊ အလှူရေစက်ချ အမျှအတန်းဝေရာတွင်လည်းကောင်း၊ အမေထွေး၏ ပီတိဝေဆာသဒ္ဓါရိပ်တွေဖြာ၍ ပြုံးပန်းတွေဝေနေသည့်မျက်နှာမှာ ခင်မင်ကြည်ညိုစရာအလွန်ကောင်းလှပါသည်။

အမေထွေးသည် ဂရုဓမ္မသီလဖြစ်သော သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့အိမ်ရာကျူးကျော်ခြင်း၊ မဟုတ်မမှန်ပြောခြင်း၊ မူးယစ်စေတတ်သောသေရည်သေရက်သောက်စားခြင်းစသည့် အရေအတွက်အားဖြင့် ငါးပါးရှိသောပဉ္စသီလကို ငယ်စဉ်နုပျိုစဉ်အရွယ်ကပင်



www.burmeseclassic.com

www.burmeseclassic.com

မကျိုးမပေါက်အောင် အတတ်နိုင်ဆုံး ကြိုးစား၍ဆောက်တည်ခဲ့သူဖြစ်ကြောင်းလည်း သိရပါသည်။

"အဖေ့အမေက ဟိန္ဒူဆိုပေမယ့် ဗုဒ္ဓဘာသာပါပဲ။ အဖေနဲ့ အမေက အမေ့ကို ငယ်စဉ်ကလေးဘဝကတည်းက အဲဒီကံတွေထိန်းဖို့ သင်ကြားခဲ့တာပါ။ သူ့အသက်မသတ်ဘဲ ရှောင်ကြဉ်ရင် ဘယ်လိုအကျိုးတွေရမယ်ဆိုတာ မှတ်လွယ်သားလွယ်လင်္ကာလေးတွေနဲ့သင်ခဲ့တာ။

ဥပမာ အဖေနဲ့ အမေ သင်ခဲ့တဲ့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တဲ့အတွက် ဘယ်လိုအကျိုးတွေရတယ်ဆိုတာလေးတစ်ခုလောက်အမေဆိုပြမယ်။ နားထောင်ကြည့်ကြ။

*သူ့သက်မသတ်၊ ရလဒ်အကျိုး အမျိုးမျိုးကား ဖွတ်လတ်လျင်စွာ ကြင်နာသနား၊ ခြေများညီပေ့၊ သိမ်မွေ့သန့်ရှင်း ရဲတင်းခွန်အား၊ စကားရှို့ကြောက်၊ ကင်းပျောက်မကွဲ၊ မြဲပရိတ်သတ်၊ ဆန္ဒိတတ်ကင်း၊ လူခပင်းချစ်၊ များလစ်ခြံရံ၊ တစ်ဖန်မပျက်၊ များလက်ချက်ဖြင့် သက်မသေရ၊ လှပအဆင်း၊ ကောင်းခြင်း၊ သဏ္ဍာန်၊ နည်းပြန်အနာ၊ ကင်းကွာသောက၊ ချစ်ကြချင်းချင်း၊ ကွေကွင်းမဲ့ ပြား၊ ရှည်လျားအသက်၊ အကျိုးဆက်သည် သူ့သက်မသတ် မြတ်ကျိုးတည်းတဲ့။*

အဲဒါ အဖေနဲ့ အမေ သင်ခဲ့တဲ့ လင်္ကာလေးပဲ။ လင်္ကာလေးဆိုတော့ ရလည်းရလွယ်တယ်၊ မှတ်သားလို့လည်းကောင်းတာပေါ့"

အမေထွေးက သူငါးပါးသီလစောင့်ရှောက်ထိန်းသိမ်းဆောက်တည်ခဲ့ပုံ အကြောင်းရင်းကို ကျွန်တော်တို့ကို ပြောပြပါသည်။ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည့်စာဆိုနှင့်အညီ မိဘတို့၏သွန်သင်ညွှန်ကြားဆုံးမစကားများကြောင့် ကံငါးပါးကို စောင့်ရှောက်ခဲ့ရပါသည်ဆိုသော စကားမှာ အတုယူစရာများပင် ဖြစ်ပါသည်။

အမေထွေးသည် အလှူရေစက်ကိုလည်း လက်နှင့်မကွာ လှူဒါန်းနေသူဖြစ်၏။ ယခုနေသောအိမ်ကြီး၏ရှေ့တွင် စက်ရေတွင်းတူးကာ သားသမက်ဖြစ်သူအား လမ်းရှိ မည်သူမဆို သုံးနိုင်ရန် ရေစင်များ၊ စည်များဆောက်၍ နေ့စဉ်နံနက်၊ ညစက်ဖြင့် မောင်း၍ ရေလှူစေသည်။ သားသမက်ဖြစ်သူ မောင်ယဉ်မွှေးကလည်း မိခင်ကြီး၏စိတ်တိုင်းကျ အလှူဒါနများကို ပါရမီဖြည့်ဆောင်ရွက်လျက်ရှိ၏။ လမ်း၌လည်း အမေထွေးက သားဖြစ်သူနှင့် သမီးဖြစ်သူအား အုတ်ရေတွင်းတူး၍ လှူစေသဖြင့် လမ်းတွင် အမျိုးအကာနှင့် မည်သူမဆို သောက်သုံးနိုင်သည့် အုတ်ရေတွင်းကြီးမှာ အမေထွေးတို့၏ကမ္ပည်းနာမည်များနှင့်အထင်အရှားရှိနေပြီ ဖြစ်သည်။ အခြားအခြားသောဒေသတို့၌လည်း သဟပုညကာရီအနေဖြင့် ဘုရားတည်ကျောင်းဆောက်၊ ရေကန်တူး၊ လမ်းတံတားခင်းခြင်း စသောအမှုတို့ကို နည်း၊ များမဟူလှူဒါန်းခဲ့သည်မှာလည်း များလှပြီ ဖြစ်ပေ၏။

အထူးသဖြင့် အမေထွေးသည် နှစ်စဉ်နှစ်တိုင်း- မပျက်မကွက် ဝါဆိုသင်္ကန်းကပ်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့၌ ကျင်းပမြဲဖြစ်သည့် မြို့နယ်အတွင်းရှိ သံဃာတော်အရှင်သူမြတ်များကို မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး၌ သံဃာအပါးစေ့ ဆွမ်းဆန်များလောင်းလှူခြင်း၊ အခါအားလျော်စွာ ကထိန်အလှူလှူခြင်း၊ ရှင်ပြုခြင်း၊ ဆွမ်းကျွေးခြင်း စသော အလှူဒါနများကို ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်ပါသည်။

ထို့အပြင်လည်း အမေထွေးသည် ဆင်းရဲနွမ်းပါးသူ သက်ကြီးရွယ်အိုများကို တွေ့ရှိပါက ကျန်းမာရေးအတွက် ဆေးဝါးဓာတ်စာ၊ အဝတ်အထည် စသည်ဖြင့် ကူညီလေ့ရှိ၏။

ကျွန်တော်သည် အမေထွေး၏ ဂုဏဝရဂုဏ်များကို အာရုံပြု၍ အမေထွေးအတွက် ရာပြည့်အကြိုမွေးနေ့ပွဲသို့ မဖြစ်မနေရောက်ရှိခဲ့ပါသည်။ကျွန်တော်ရောက်သွားတော့ ပရိသတ်အတော်စုံနေပြီဖြစ်ပြီး သံဃာတော်အရှင်မြတ်များကို ဆွမ်းခဲဖွယ်ဘောဇဉ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများပင် ဆက်ကပ်လှူဒါန်းပြီးနေပါပြီ။

"လာ - ဆရာ၊ လာ"

မောင်ယဉ်ထွေးက အပေါက်ဝမှ ဆီးကြိုရင်း -

"ဆရာ၊ ဘာလို့နောက်ကျနေတာလဲ"

ဟု မေးသဖြင့် လမ်းလာရင်း ဆိုင်ကယ်ဆီပြတ်သွားကြောင်းပြောကာ အမေထွေးအနားသွားထိုင်လိုက်ပါသည်။ အမေထွေး၏မျက်နှာမှာ အလှူဒါနနှင့် တွေ့၍လားမသိ နုပျိုလန်းဆန်းနေသည်ဟုပင် ထင်မိပါ၏။

သံဃာတော်များ ပြန်ကြွသွားမှ စကားအေးအေးဆေးဆေးပြောဖြစ်ကြပါသည်။

"အမေ့ရဲ့ နှစ်တစ်ရာပြည့်အကြိုမွေးနေ့ပွဲဆိုတော့ အမေ့အသက်တစ်ရာပြည့်ဖို့ ဘယ်လောက်လိုသေးလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

အမေထွေးက ပြုံး၍ -

"(၆) လလောက်တော့ လိုသေးတယ်"

ဟု ဖြေပါသည်။

"အမေက အသက်တစ်ရာပြည့်တော့မယ်သာဆိုတယ်၊ ခြေထောက်က ဒဏ်ကြောင့် လမ်းမလျှောက်နိုင်တာကလွဲလို့ အသားအရေတွေလည်း မကျသေးဘူး။ နောက်ပြီး လူကလည်း တက်ကြွနေတာပဲ။ အမေဘာဆေးတွေမှီဝဲနေပါသလဲ"

သည်တစ်ခါတော့ အမေထွေးက ရယ်ပြီး -

"ဘာဆေးတွေ မှီဝဲသလဲဆိုရင်တော့ ပြောရင် မင်းယုံပါ့မလား။ အမေဒီအချိန်အထိ နန်းတွင်လျှာပွတ်ဆေးကလွဲပြီး အမေအမြဲမှီဝဲနေတာကတော့ ကံငါးပါးလုံခြုံအောင်ထိန်းတယ်။ စိတ်နှလုံးကို ငြိမ်းချမ်းအောင်နေတယ်။ အခါအားလျော်စွာ ဝင်လေ၊ ထွက်လေရှုတယ်။ အစားအသောက်ကို မက်မက်မောမောကြီး မတပ်မက်ဘူး၊ ကြုံသလို အာဟာရနဲ့ပဲ တင်းတိမ်ရောင့်ရဲတယ်။ အဲဒါ အမေ အမြဲတမ်းမှီဝဲတဲ့ဆေးပဲ"

ဟု ဆိုပါသည်။

"ခုအချိန်မှာ အသက်ရာတန်းတွေ တော်တော်ရှားသွားပြီ။ ဒီထိအောင် အနာရောဂါကင်းရှင်းစွာနဲ့ အသက်ရှည်နေတာ တော်တော်သိလကောင်းပါတယ်။ အမေ့အကြောင်း ဘွားသက်ရှည် အမေထွေးဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော် ဆောင်းပါးရေးချင်ပါတယ်။ ရည်ရွယ်ချက်ကတော့ လူငယ်လူရွယ်တွေအနေနဲ့ အမေတို့လိုပုဂ္ဂိုလ်တွေရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်တွေကို အာရုံပြုကြည်ညိုနိုင်ကြရအောင်လို့ပါ။ အတုလည်းယူနိုင်ကြတာပေါ့"

"အမေဘာမှမပြောလိုပါဘူးကွယ်၊ အကျိုးရှိဖို့ပဲလိုပါတယ်"

ကျွန်တော်လည်း ဘွားသက်ရှည် အမေထွေး၏ ခွင့်ပြုချက်ရသည်နှင့် လိုအပ်သည်များ မေးမြန်းကာ နေ့လယ် (၁၂) နာရီတွင်း ပြန်ခဲ့ပါသည်။

အပြန်၌ မောင်ယဉ်ထွေးက အိမ်ခြံပေါက်ဝအထိလိုက်ပို့ရင်း -

"ဆရာရေ၊ အဘွားရဲ့နှစ်တစ်ရာပြည့်ပွဲကျရင်လည်း လာခဲ့ရမယ်နော်။ ခုကတည်းက ကြိုဖိတ်ထားတာ"

ဟု မှာလိုက်ပါသေးသည်။

နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com


တင်ထွန်း(စက်မှု-၂ ငြိမ်း)

# မြန်မာနိုင်ငံမီးရထား၏ထင်ရှားကျော်ကြားသော ဂုတ်ထိပ်တံတားကြီး


မြန်မာနိုင်ငံမီးရထားဌာနကြီးတွင် တံတားကြီး၊ ငယ်ပေါင်း (၄၃၂၈) ခုရှိသည့်အနက် အောက်ဖော်ပြပါ ရထားလမ်းကူးတံတားကြီးသည် ထင်ပေါ်ကျော်ကြားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး - လားရှိုး ရထားလမ်းပိုင်း နောင်ချိုဘူတာအလွန် (၈)မိုင်အကွာ မိုင်တိုင်(၄၆၃)တွင်ရှိ၍ ခရစ်နှစ် ၁၉၀၃ ခုနှစ်၌ တည်ဆောက် ပြီးစီးခဲ့ပါသည်။ ဂုတ်ထိပ်တံတားကြီးသည် အခြားတံတားကြီးများဘက်သို့ မြစ်၊ ချောင်းများကို ဖြတ်ကျော်တည်ဆောက်ထားခြင်းမဟုတ်ဘဲ ပေ (၃၀၀) ကျော် မတ်စောက် နက်ရှိုင်းသော လျှိုကြီးနှစ်ခုကိုဖြတ်ကျော်၍ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

ဂုတ်ထိပ်တံတားကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်ရှိ ဆာအေ၊အမ်၊ရင်းဒယ်လ်အင်ကုမ္ပဏီမှ တံတားပုံစံ ရေးဆွဲ၍ အမေရိကန်ပြည်ထောင်စု ပင်ဆဲ(လ်)ဗေးနီးယားနှင့် မေရီလင်းတံတားတည်ဆောက်လုပ်ရေးကုမ္ပဏီမှ ပေ (၁၂၀) ရှည်လျားသော အလျားကူးသံပေါင်ကြီး (၁၀) ခု၊ ပေ(၆၀)ရှည်သော အလျားကူးသံပေါင်ကြီး(၇)ခုနှင့် ပေ(၄၀)ရှည်သော အလျားကူးသံပေါင်ကြီး(၁၆)ခု၊ သံမဏိတံတိုင်းကြီး(၁၆)ခုဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

တံတားတံတိုင်းကြီးမှာ (၃၂၀)ပေရှည်၍ ရထားသံလမ်းမျက်နှာပြင်အောက် (၈၂၅) ပေ၌ရှိသည့် ရေမြောင်းလေးကို ဖြတ်ကျော်လျက်ရှိသည့် သဘာဝကျောက်ပေါင်ကြီးပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ရထားလမ်းအောက် အနိမ့်ဆုံးတံတားတိုင်မှာ (၄၅) ပေရှိပါသည်။ ဂုတ်ထိပ်တံတားကြီး၏ အရှည်အလျားမှာ (၂၂၆၀) ပေရှိ၍ ရထားလမ်းကူးတံတားကြီးအောက်ခြေရှိ ရေ




ဂုတ်ထိပ်တံတားကြီးကို ပြန်လည်ပြုပြင်နေစဉ်ကာလ ရထားသွားလာခြင်း ရပ်ဆိုင်းမသွားစေရန် ယာယီရထားလမ်းတစ်ခုကို တံတားကြီး၏ဘေး၊ လျှိုတွင်း၌ ဖောက်လုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



မြန်မာနိုင်ငံမြောက်ပိုင်း၊ ရှမ်းပြည်နယ်ရှိ ထင်ရှားသော ဂုတ်ထိပ်တံတားကြီး
(ပြန်လည်၍ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံ)



ဂုတ်ထိပ်တံတားကြီး၏ တံတားသံပေါင်ကြီးကို ဆွဲမထားပြီး ပြန်လည်ပြုပြင်နေသည့် မှတ်တမ်းဓာတ်ပုံ



ဒုတိယကမ္ဘာစစ်ကာလအတွင်းကဂုတ်ထိပ်တံတားကြီးစစ်ဘေးဒဏ်ခံထားရသည့်မှတ်တမ်းဓာတ်ပုံ




www.burmeseclassic.com

www.burmeseclassic.com



ယာယီရထားလမ်းမှ
ရထားစက်ခေါင်းနှင့်တွဲများကို
သံမဏိဆိုင်းကြိုးများဖြင့် ဆွဲတင်၊ ဆွဲချ
ပြုလုပ်ပေးနေသည့် မှတ်တမ်းဓာတ်ပုံ



ဂုတ်တွင်း ခေါ် လျှိုကြီးအလယ်သို့ရောက်နေ
သော ရထားစက်ခေါင်းကြီးကို တစ်ဖက်ကမ်း
သို့ သံမဏိဆိုင်းကြိုးများဖြင့်ဆွဲတင်နေသည့်
မှတ်တမ်းဓာတ်ပုံ



စစ်ဘေးဒဏ်ခံထားရသည့်
ဂုတ်ထိပ်တံတားကြီးမှတ်တမ်းဓာတ်ပုံ



စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားသည့်
ဂုတ်ထိပ်တံတားကြီး ပြန်လည်
တည်ဆောက်နေသည့် မှတ်တမ်းဓာတ်ပုံ

မြောင်းလေး၏ရေမျက်နှာပြင်မှတိုင်းတာလျှင် ပေပေါင်း (၁၁၀၀)အမြင့်ရှိသည်။ ထိုဂုတ်ထိပ်တံတားကြီးကို ပထမဦးဆုံး တည်ဆောက်ရန် အဆိုပြုခဲ့စဉ်က ရူပီးငွေ (၁၂၆၀၀၀၀) သာ ကုန်ကျလိမ့်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း လက်တွေ့တည်ဆောက်ခဲ့ရာတွင် မူလခန့်မှန်းထားသည်ထက် ရူပီးငွေ (၄၃၈၂၀၀) ပိုမို၍ ကုန်ကျခဲ့ပြီး စုစုပေါင်းရူပီးငွေ (၁၆၉၈၂၀၀)၊ (စတာလင်ပေါင် ၁၁၃၂၀၀) ခန့် ကုန်ကျခဲ့ပါသည်။ တံတားကြီးစတုရန်းပေ (၄၀၁၅၀၀) ကို ဆေးသုတ်ခကုန်ကျသည့်ငွေမှာ စတာလင်ပေါင် (၈၀၀) ခန့် ကုန်ကျခဲ့ပါသည်။

ဂုတ်ထိပ်တံတားကြီးကို တည်ဆောက်ရန်အတွက် တံတားပစ္စည်းများကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ သင်္ဘောကြီးများဖြင့် သယ်ဆောင်ခဲ့ရပြီး ထူထပ်သောတောတောင်များကို ခုတ်ထွင်ရှင်းလင်း၍ အလွန်မတ်စောက်သော တောင်စောင်းကြီးနှစ်ခုကို ဖြတ်ကျော်လျက် ခက်ရာခက်ဆစ်ဆောက်လုပ်ခဲ့ရပြီး ဆောက်လုပ်ခြင်း စုစုပေါင်းအချိန်မှာ (၉)လသာကြာမြင့်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တပ်များ ကြီးစိုးအုပ်ချုပ်ခဲ့သည့်အချိန်၌ ဗြိတိသျှတပ်တို့၏ဗုံးကြဲဖျက်ဆီးခဲ့ခြင်းကြောင့် တံတားတိုင်အမှတ်(၂)နှင့် အမှတ်(၅)တို့မှာ ပျက်စီးသွားခဲ့ပါသည်။ ဂျပန်တပ်တို့ဆုတ်ခွာချိန်တွင် ဂျပန်တပ်တို့သည် တံတားသံမဏိသံတိုင်နံပါတ် (၉)၊ (၁၀)၊ (၁၁) နှင့် (၁၂) တို့၏ တံတားတိုင်ခြေရင်းများ၌ မိုင်းများမြှုပ်နှံ၍ ဖောက်ခွဲခဲ့ကြရာ ရထားတံတားတိုင်အမှတ် (၁၀) နှင့် (၁၂) တို့မှာ လုံးဝပျက်စီးသွားခဲ့ကြပြီး တံတားတိုင်အမှတ် (၉) နှင့် (၁၁) တို့မှာ စိတ်မချလောက်သည့်အခြေအနေထိ စတင်ပျက်စီးသွားခဲ့ပါသည်။ တံတားတိုင်အမှတ် (၉)နှင့် (၁၀)၊ (၁၀) နှင့် (၁၁)၊ (၁၁)နှင့် (၁၂)၊ (၁၂) နှင့် (၁၃) တို့ကို ဆက်သွယ်ထားသည့် သံမဏိတံတားကြီး၏ယက်မကြီးများသည် တံတားတိုင်ကြီးများနှင့်အတူ ပျက်စီးပြုတ်ကျသွားခဲ့ကြရပြီး တံတားတိုင်အမှတ် (၈) နှင့် (၉) ကြားရှိ သံမဏိရက်မကြီးများသည် အကြီးအကျယ် ပျက်စီးသွားခဲ့သည့်ပြင် တံတားတိုင်ကြီးများ၏ထိပ်များကို ထိန်းချုပ်ထားသည့် ပေ (၄၀) အရှည်ရှိသော အလျားကူးတံတားသံပေါင်ကြီးများသည်လည်း ပျက်စီးသွားခဲ့ကြပါသည်။

စစ်ကြီးပြီးဆုံးပြီးနောက်တွင် ယင်းတံတားကြီး၏ ပြန်လည် ပြုပြင် တည်ဆောက်ရေးလုပ်ငန်းကို မြန်မာနိုင်ငံမီးရထားမှ တာဝန်ယူ၍ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင် တံတားကြီးတည်ဆောက်ရေးလုပ်ငန်းကို ပြန်လည်၍ စတင်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။ သို့သော်လည်း တံတားတည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများကို မန္တလေးသို့ရေကြောင်းဖြင့် သယ်ယူခဲ့ရခြင်းကြောင့် လက်တွေ့ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၄၈ ခုနှစ်၊ မေလတွင်မှ စတင်နိုင်ခဲ့ပါသည်။ ဂုတ်ထိပ်တံတားကြီးကို ပြန်လည် တည်ဆောက်နေစဉ် မြောက်ပိုင်းရှမ်းပြည်နယ်သို့ ရထားသွားလာခြင်းများ အဆက်မပြတ်စေနိုင်ရန်အတွက် ဂုတ်တွင်းခေါ် ဂုတ်ထိပ်တံတားခြေရင်း တစ်ဖက်တစ်ချက်သို့ ယာယီရထားလမ်း ဆက်သွယ်ပေးခဲ့ပါသည်။ တံတားကြီး၏ တောင်ဘက်နှင့် မြောက်ဘက် ကမ်းပါးထိပ်တွင် ရေနွေးငွေ့မောင်းဝန်ချီစက်များကို တပ်ဆင်ပေးထားပြီး ရထားစက်ခေါင်းနှင့်တွဲများကို တစ်တွဲချင်း သံမဏိကြိုးများဖြင့် ချည်နှောင်၍ ဂုတ်တွင်းအလယ်သို့ရောက်ရှိနိုင်အောင် ယာယီရထားသံလမ်းမှ လျှောချပေးရပါသည်။ ယင်းစက်ခေါင်းတွဲများ ဂုတ်တွင်းအလယ်သို့ရောက်ရှိသွားသည့်အခါ အခြားတစ်ဖက်ကမ်းရှိ ဝန်ချီစက်မှသံမဏိကြိုးများဖြင့် ကူးပြောင်းချည်နှောင်စေခဲ့ပြီး ဆွဲယူတင်ခဲ့ရသည်။ ဤနည်းလမ်းဖြင့် တစ်ဖက်ကမ်းမှ ရထားစက်ခေါင်းနှင့်တွဲများသည် အခြားတစ်ဖက်ကမ်းသို့ ရောက်ရှိသွားခဲ့ပါသည်။

ဂုတ်ထိပ်တံတားကြီးကို ပြန်လည်ပြုပြင်ခဲ့ရသည့် စုစုပေါင်းကုန်ကျစရိတ်မှာ ရူပီးငွေ (၃၂၀၀၀၀၀) ဖြစ်၍ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ရထားများဖြတ်ကျော်ခုတ်မောင်းနိုင်ရန်အတွက် ပြန်လည်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

တင်ထွန်း(စက်မှု-၂၊ ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com


ဤလောက၌ ထူးခြားဆန်းကြယ်ဖြစ်ရပ်အသွယ်သွယ်တို့သည် ဖြစ်ပေါ်နေကြစမြဲ ဖြစ်၏။ ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများသည် တစ်ဆင့်စကားတစ်ဆင့်နားပျံ့နှံ့သွား၏။ ထိုသို့ထူးဆန်းဖြစ်ရပ်ဆန်းများ ကြားရပြီဆိုလျှင်ဖြင့် စာရေးသူတို့လို စာပေသမားများသည် အနေးနှင့်အမြန်ရောက်အောင်သွား၍ သတင်းထူးကို ဦးနိုင်သမျှဦးအောင်ရေးသားတတ်ကြ၏။ အကြောင်းမညီညွတ်၍ သတင်းထူးကို ဦးအောင် စာရှုသူထံ မတင်ပြနိုင်သည့်တိုင် အခါအခွင့်သင့်သည်နှင့် ရေးသားတင်ပြကြသည်။

စာရေးသူတို့၏ခရီးစဉ်က ပုဂံသို့ဝင်ရန် မူလကမပါခဲ့ပါ။ စံရိပ်ငြိမ် (၅) လမ်းမှာနေ ဒေါ်အေးအေးသိန်းနှင့် မောင်ဖြစ်သူ ဦးဝင်းနိုင်၊ တူမ ကြည်ပြာရှိန်၊ ပန်ပန်တို့က အကြံပြုသဖြင့် ပုဂံကိုဝင်ဖြစ်ကြတော့၏။ ပုဂံကိုရောက်တော့ မူဝံဒေါ်မေရီခင်က အလိုဟူသမျှ ပြည့်စုံရအောင် 'အလိုတော်ပြည့်' သို့ အဦးဆုံးဝင်မည်ဆို၍ အလိုတော်ပြည့်ဘုရားဝင်ဖူးကြ၏။ ထိုမှ ရွှေစည်းခုံဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြ၏။ ရွှေစည်းခုံဘုရားကြီး၏ အံ့ဖွယ် (၉) ပါးဖြစ်ရပ်များနှင့် ထင်ရှားကျော်ကြားထူးခြားမှုများကတော့ စာပေနယ်မှာ စာရေးဆရာများစွာ ရေးသားထားပြီး ဖြစ်ပါသည်။ ရွှေစည်းခုံဘုရားကြီးနှင့်ဆက်နွှယ်နေသောဖြစ်ရပ်မှန်တစ်ခု ယခုစာရေးသူတင်ပြလိုသည်က စာရေးသူ ကြားထားသော သတင်းတစ်ပုဒ်ကို ခြေရာခံ၍ ရေးသားတင်ပြမည် ဖြစ်ပါသည်။

# ရွှေစည်းခုံဘုရားကြီးမြောက်ဘက်နားမှ

# ထူးထူးခြားခြား ကျောက်နဂါး

## ကံဝင်း


ညောင်ဦး ရွှေစည်းခုံဘုရားကြီး


လွန်ခဲ့သော တစ်နှစ်ကျော်ကျော်က သတင်းတစ်ပုဒ်ဖတ်လိုက်ရ၏။ ဘုန်းတန်ခိုးတော်ကြီးမား ညောင်ဦးရွှေစည်းခုံဘုရားကြီးသို့ ကောင်းကင်ယံမှ လက်ယာရစ် လှည့်ပတ်ပူဇော်ခဲ့သော နဂါးကြီးသတင်း ဖြစ်၏။ ကြားကြားချင်း ပုဂံလာချင်သော်လည်း အကြောင်းမညီညွတ်၍မလာဖြစ်ပါ။ ယခုမှ ရောက်ပါတော့၏။ ညောင်ဦးရွှေစည်းခုံသို့ စာရေးသူရောက်သောနေ့က ၈-၃-၂၀၁၅ နေ့။

မမွှမိတ်ဆွေများနှင့် ရွှေစည်းခုံဘုရားကြီးသို့ လှည့်လည် ဖူးမြော်ရင်း သတင်းရင်းမြစ်ကို စနည်းနာလိုက်တော့ သိရပါပြီ။ ဘုရားကြီးမြောက်ဘက် ဘုရားဖူးတွေ တစ်သုတ်ပြီးတစ်သုတ် အုပ်စုလိုက်သွားနေသောနေရာ 'ပေါ်တော်မူ'ကျောက်နဂါးကြီးရှိသောနေရာ။ ဘုရားဈေးသည်များ ညွှန်ကြားလိုက်တဲ့နေရာ။ ထိုကျောက်နဂါးကြီးအဆောင်နားရောက်တော့ လူတွေက အများကြီးတွေ့လိုက်ရ၏။ ကျောက်နဂါးရုပ်တုကြီးရှေ့မှာ နွားနို့၊ ပေါက်ပေါက်ကပ်လှူနေကြသူတွေလည်း တွေ့ရ၏။ ကျောက်




www.burmeseclassic.com


www.burmeseclassic.com





စွယ်တော်ရှင် ရွှေစည်းခုံဘုရားကြီးအား နဂါးမင်းကြီး ထက်ယာရစ်ပူဇော်နေပုံ
(ဘုရားမှာရှိ မှ Vinyl ပြန်ကူးပါသည်)




ကျောက်နဂါးကြီး မြေကြီးမှပေါ်သောနေရာ(ရေလောင်းကြ၏)


ပေါ်တော်မူ
ကျောက်နဂါးကြီးဦးခေါင်းတော်


နဂါးမင်းအားဓါနပြုကြသည့်
နွားနို့၊ ပေါက်ပေါက်၊ ရေနှင့်မုန့်

နဂါးကြီးအနီးမှ အကျိုးဆောင် ဝေယျာဝစ္စပြုသူ၏ဆုတောင်းပေးနေသည့်အသံကိုလည်း ကြားရ၏။

"ဘောဂဝတီတိုင်း၌ာနီက သာသနာပြုရန်ရောက်လာ ကျောက်နဂါးမင်းကြီး၊ အင်္ဂါသမီးက ဂါရဝတရားရှေ့မှာထား၍ ပေါက်ပေါက်နှင့်နို့ဆက်ကပ်ပါ၏။ ဤသို့ဂါရဝတရားရှေ့ထားဆက်သသော ကျောက်နဂါးရှေ့တော်မှောက်ရောက်နေသော အင်္ဂါသားသမီးအားကျန်းမာချမ်းသာ ပြည့်စုံစွာဖြင့် စီးပွားဥစ္စာအဖြာဖြာတို့ ပေါမျှားပြည့်စုံ တစ်သက်ဖူလုံအောင် စောင်မစောင့်ရှောက်ပေးတော်မူပါ။ ယခုလာဘုရားဖူးခရီးစဉ်လည်း သွားလမ်းသာပြန်လမ်းဖြောင့်ပါစေ။ အိမ်ပြန်ရောက်သည်နှင့် ရတနာဘုံပေါက်ပြီး ရတနာ့စိန်ကျောက်ဇယ်တောက်တမ်းကစားနိုင်သည်ထိချမ်းသာကြွယ်ဝပါစေသတည်း"

ဝေယျာဝစ္စအကျိုးဆောင် အမျိုးသမီး၏ ဆုတောင်းများသည် စုံစုံစေ့စေ့ လိုအပ်ချက်မရှိအောင် ဆုတောင်းပေးနိုင်သည်ကို တွေ့ရပါသည်။ ကျောက်နဂါးမင်းအား ဆက်သရန် စတီးဗန်းလေးပေါ်တွင် နွားနို့တစ်ခွက်၊ ပေါက်ပေါက်တစ်ပန်းကန်၊ ရေတစ်ခွက်ပါ၍ (၃၀၀) ကျပ်၊ (၅၀၀) ကျပ်၊ (၁၀၀၀) ကျပ်ဖြင့် ရောင်းချကြသည်ကို တွေ့ရပါသည်။ တချို့အလှူရှင်များက ကျောက်နဂါးကြီးအား အေးချမ်းပါစေ ဆန္ဒမွန်ဖြင့် ရေဖျန်းပေးသည်ကိုလည်း တွေ့ရပါ၏။ တချို့က ဇာပဝါစိမ်းကို ရစ်ပတ်ပူဇော်ပေးသည်ကိုလည်း တွေ့ရ၏။ ဒေသခံများက ဆုတောင်းအင်မတန်ပြည့်ပါကြောင်း ဆိုကြ၏။ ဟုတ်လောက်ပါ၏။ သို့မို့ကြောင့်လည်း လာရောက်ဒါနပြုကုသိုလ်ယူသူများဖြင့် စည်းကားသိုက်မြိုက်နေပါ၏။ ဥပမာ သူတစ်ပါးကို အေးချမ်းပါစေ ဆိုသော ဆန္ဒမွန်ဖြင့် ရေအေးအေးလေး ပက်ဖျန်းကြည့်ပါ။ တုံ့ပြန်မှုနိယာမသဘောတရားအရ သူတစ်ပါးအား အေးချမ်းစေလိုသော ဆန္ဒသည် ချက်ချင်းပင် မိမိစိတ်ကလေးအေးချမ်းသွားစေ၏။ ကျောက်နဂါးကြီးအား အေးချမ်းပါစေ၊ မေတ္တာရေလောင်းသူများသည်လည်း အေးချမ်းသာယာ ကြေနပ်ရသည်မှာ အမှန်ဖြစ်ပါ၏။

ပေါက်ပေါက်၊ သောက်ရေ စသည်ဖြင့် ဒါနပြုကပ်လှူဒါန်းသူတွေ ဆိုပါက ဆ ဖွယ်ရာမရှိတော့ပါ။ တစ်နည်းမဟုတ် တစ်နည်း၊ တစ်ချိန်မဟုတ်တစ်ချိန် အခါ

www.burmeseclassic.com

အခွင့်သင့်လျှင်သင့်သလို သို့တည်း မဟုတ် တစ်ခါတည်း အဆင်ပြေလျှင် ပြေသွားပါလိမ့်မည်။


ကျောက်နဂါးကြီးအား ရေစင်ရေအေးလောင်းခြင်း၊ နွားနို့ ပေါက်ပေါက် ကပ်လှူဒါနပြုခြင်းများသည် အခါအခွင့်သင့် ရောက်တုန်းရောက်ခိုက်မှာ ဒါနပြု ကပ်လှူပါက အပန်းမကြီးသော အလှူဒါနဖြစ်ခြင်းကြောင့် ဒါနပြု ဆုတောင်း၊ အကူအညီတောင်းခြင်းဖြင့် ကုသိုလ်ကံအခွင့် ပန်းလိုပွင့်နိုင်ပါကြောင်း အကြံပြုပါသည်။

**□ ရွှေစည်းခုံတည်စဉ်က နဂါးမင်းများ၏လုပ်အားဒါန**

သီဟိုဠ်ကျွန်းမှ ဗုဒ္ဓမြတ်စွယ်တော်ပွားကို လှူပြည်လှူရှာ သာသနာတော်ထွန်းကားရာ ပုဂံသို့ကြွတော်မူပြီးနောက် သဲစည်းခုံတွင် စေတီတည်တော့မည် ဟူသောသတင်းကို ဘောဂဝတီတိုင်းဌာနီမှ နဂါးမင်းများကြားသိသောအခါ စွယ်တော်စေတီ တည်တော်မူမည့် သဲစည်းခုံသို့ စုရုံးရောက်လာကြလေ၏။ စေတီတော်တည်ရာတွင် လုပ်အားဒါန ဆောင်ရွက်ကြရန် ဖြစ်ပါ၏။ မြစ်ကမ်းနဖူး သဲသောင်ပြင်ရှိရာ သဲစည်းခုံတွင် ရှင်အရဟံနှင့် အနော်ရထာမင်းကြီးတို့မှ စေတီတည်တော်မူမည်ဖြစ်ရာ သဲများတွင်ရှိ ရေတို့အား စုပ်ယူ၍ ရေများကုန်စင်အောင်၊ စေတီတည်ရာနေရာမှာ အမာခံရအောင် ရေတို့ကို ကုန်စင်အောင်စုပ်၍ လုပ်အားဒါနပြုကြလေ၏။ စာရှုသူများ လက်ယက်တွင်းလေးများတွေ့မြင်ဖူးကြပါလိမ့်မည်။ သဲကို လက်ဖြင့်ယက်ပါက ရေကြည်တလေးများ ပေါ်လာပါလိမ့်မည်။ ထိုရေသည် သဲထဲတွင် အောင်းနေသောရေ ဖြစ်ပါသည်။ နဂါးများစုပ်ယူသည်က ထိုသဲထဲမှရေဖြစ်ပါသည်။ ဘုရားကြီးအုတ်မြစ်ချချိန်မှစ၍ ပြီးသည့်တိုင်အောင် နဂါးတို့အစွမ်းအစဖြင့် ကုသိုလ်ယူ ဝိုင်းဝန်းတော်မူကြ၏။ သဲစည်းခုံတွင်တည်၍ ရွှေစည်းခုံဟု ဘွဲ့အမည်တော် ပေါ်ထွန်းပြီးနောက် ဗုဒ္ဓါဒိသေကအနေကဇာတော်တင်ရေစက်သွန်းချ အမျှဝေပြီးသည့်အထိ နေခဲ့ကြ၏။

**□ နဂါးမင်းကြီး၏အမိဋ္ဌာန်**

ရွှေစည်းခုံဘုရားကြီးပြီး၍ ဘောဂဝတီတိုင်းဌာနသို့ နဂါးများပြန်ကြရာတွင် သဒ္ဓါတရားထက်သန်လွန်းသော နဂါးမင်းကြီးသည် ဘုရားကြီးမြောက်ဘက်



မုခ်ဝထိပ်နား၌ စိတ်ကြံသမှု အဓိဋ္ဌာန်ပြု၍ -

"ကျွန်ုပ်သည် ရွှေစည်းခုံဘုရားကြီးတည်ရာတွင် လုပ်အားဒါန အောင်မြင်စွာပြုခဲ့ပါ၏။ ဘုရားကြီးပြီးသော ယခုအချိန်အခါမှာလည်း ဘုရားကြီးအား ကြည်ညိုသဒ္ဓါပြင်းပြမှုနှင့်အတူ သာသနာငါးထောင်ပတ်လုံး ကြည်ညိုစောင့်ရှောက်နိုင်စေခြင်းငှာ ဤနေရာတွင် ကျောက်ဖြစ်ပါစေသတည်း"

ဟု ဆုတောင်းအဓိဋ္ဌာန်ပြုသောအခါ နဂါးမင်းသည် ကျောက်သားပကတိ နဂါးကြီးဖြစ်သွားပါတော့၏။

**□ ရွှေဥမင်ဆရာတော်ကြီးအိပ်မက်**

ပုဂံညောင်ဦးမှာတည်ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ မြောက်အရပ်မြောက်ဘက်မုခ်ဝမှ လှမ်းကြည့်သော် တိုက်ကျောင်းကြီးတစ်ကျောင်းတည်ရှိပါ၏။ ထိုကျောင်းသည် ရွှေဥမင်ကျောင်းဖြစ်၏။ ရွှေဥမင်ဆရာတော်ကြီးသည် သီလ၊ သမာဓိ၊ သိက္ခာပြည့်စုံစွာဖြင့် သာသနာတော်အကျိုးသယ်ပိုးနေတော်မူသော ဆရာတော်ကြီး ဖြစ်လေ၏။ တစ်ညသ၌ ရွှေဥမင်ဆရာတော်ကြီးသည် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် နဂါးကြီးတစ်ကောင်က လာရောက်လျှောက်ထားသည်ကို မြင်မက်၏။ အိပ်မက်တွင် နဂါးကြီးတစ်ကောင်က -

"တပည့်တော်သည် ဘုရားကြီးမြောက်မုခ်ချွန်နွယ်အုပ်အုပ်အောက်တွင် အဓိဋ္ဌာန်ဖြင့်နေသော ကျောက်နဂါးကြီးဖြစ်ပါသည်ဘုရား။ ယခုအခါ နှစ်ပေါင်းများစွာ မြေကြီးအောက်မှာ အနေကြာလာသည်ကတစ်ကြောင်း၊ ဘုရားကြည်ညိုတရားပွားများ၊သံဃာရှိသေကြသော (၇) ရက်သားသမီးများအား မစစောင့်ရှောက်လိုခြင်း၊ သာသနာငါးထောင်ပတ်လုံး သာသနာပြုလိုခြင်းကြောင့် တပည့်တော်အား ဖော်ပေးတော်မူပါဘုရား"

ဟု အိပ်မက်ပေးလေ၏။

အိပ်မက်ပေးသော်လည်း ဆရာတော်ကြီးက ယုံကြည်မှုမရှိပါ ။ မဖြစ်နိုင်ဟု မေ့မေ့ပျောက်ပျောက်နေလိုက်၏။ ထိုသို့ အိပ်မက်ပေးပြီး အတန်ကြာသောကာလ ၃-၃-၂၀၁၂ နေ့ နံနက် (၅) နာရီ (၄၅) မိနစ်မှာ နဂါးမင်းကြီးသည် တန်ခိုးတော်ပြလျက် ရွှေစည်းခုံစေတီတော်ကြီးအား ကိုယ်ထင်ပြပါတော့၏။ တန်ခိုးတော်ဖြင့် လက်ယာရစ်လှည့်ပတ်ပူဇော်ပါတော့၏။ ထိုသို့ဖြစ်ထွန်းလာမှုကို ရွှေစည်းခုံဘုရား အရုဏ်ဆွမ်းကပ်သူများ၊ နံနက်စောစော ဘုရားလာဖူးသူများက ထင်ထင်ရှားရှား တွေ့မြင်လိုက်ကြပြီး ကင်မရာပါသူက ကင်မရာဖြင့် မှတ်တမ်းတင်၍ တချို့က ဟမ်းဖုန်းများဖြင့် ဓာတ်ပုံ ရိုက်ကူးယူခဲ့ကြကြောင်း ကြားသိရပါသည်။ စာရေးသူအနေဖြင့် တစ်ပါးသူဒါနပြုလှူဒါန်းထား ဗွီနိုင်းပိုစတာမှ တစ်ဆင့်ပြန်ကူးယူခဲ့ရ၍ ပုံတော်မှာ အနည်းငယ်မှုန်ဝါးနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ထူးခြားဆန်းပြား အမှန်တကယ်ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှန်မှတ်တမ်းတစ်ပုဒ်ကို တင်ဆက်ရေးသားခွင့်ရခဲ့ပြီ ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ထူးခြားဆန်းပြား အမှန်တကယ် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှန်မှတ်တမ်းတစ်ပုဒ်ကို တင်ဆက်ရေးသားခွင့်ရခဲ့၍ ဝမ်းသာပီတိ ဂွမ်းဆီထိသလို ကြည်နူးမိပါသည်။ စာရှုသူ ဓမ္မမိတ်ဆွေအနေဖြင့်လည်း ပုဂံသို့ရောက်သောအခါ ညောင်ဦး 'ရွှေစည်းခုံ'ဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြမည် ဖြစ်ပါသည်။ ညောင်ဦး ရွှေစည်းခုံဘုရားကြီးတွင် ဖူးမြင်စရာစုံလင်စွာ များပြားလှပါသည်။ ဘုရားကြီးရေချိန်တော်၊ နတ်ဆေးမြင်းရုပ်၊ ဆွမ်းသပိတ်တော်ကြီး၊ အဖေ့ထက်သားတစ်လကြီး၊ ကင်းဝန်မင်းကြီးကျောက်သပိတ်၊ ကျန်စစ်သားမင်းလှံထောက်နေရာ၊ မြင်းခွာနေရာ စသည်ဖြင့် လှည့်လည်ဖူးမြော်လေ့လာ၍ပြီးသော် ဘုရားကြီးမြောက်ဘက်မုခ်ဝအနီးမှ မြေကြီးအတွင်းမှထွန်းပေါ် နဂါးမင်းကျောက်ရုပ်ပုံကို အရောက်သွား၍ လေ့လာကြည့်ရှု ဒါနပြုနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နဂါးမင်း၏ သစ္စာအဓိဋ္ဌာန်စကားအတိုင်း မ,စ စောင့်ရှောက်နိုင်ခွင့်ရကြပါစေ။

*မေတ္တာများစွာဖြင့်*
ကံဝင်း




www.burmeseclassic.com

www.burmeseclassic.com

သစ်ထူးအိမ်

# ရာဇဝင်ထဲက ကာလေးမြို့



ကာလေးမြို့မှ တန်ခိုးကြီးဘုရားတစ်ဆူ

## ❑ နွယ်ပတ်မြို့ခေါ် ကာလေးမြို့

ကလေးမြို့သည် ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်တို့နှင့် ဆက်စပ်နေသော ခံ့ညား သည့် သမိုင်းဝင် မြို့ကြီးတစ်မြို့ ဖြစ် သည်။ ချင်းတွင်းဒေသကြီးတွင် သလ္လာဝတီမြို့တော် မုံရွာပြီးလျှင် အကြီးဆုံး အစည်ကားဆုံး မြို့ပြဖြစ်သည်။ ဗုဒ္ဓဘုရားရှင်ရှိတော်မူစဉ်ကပင် မဇ္ဈိမမှ ဗုဒ္ဓဘာသာသာသနာပြုရဟန်းများ ဒေသစာရီကြွချီခဲ့ရာဒေသဖြစ်သလို ဗုဒ္ဓသာသနာထွန်းကားရာ မဇ္ဈိမဒေသသို့ သွားရောက် ကြည်ညိုရာ လမ်းကြောင်းလည်းဖြစ်လေသည်။ ရှေးယခင်ကတည်းကပင် ပျူ၊ မြန်မာ၊ ရှမ်းတို့နေထိုင်ရာ ဒေသလည်းဖြစ်ခဲ့သည်။

မှတ်တမ်းများအရ မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းဆက်မှ ငါးဆက်မြောက် နာဂါဒါသမင်းဖြစ်သောအခါ ပြည်သူပြည်သားများသည် အဖသတ်မင်းမျိုးကို အလိုမရှိဟုဆိုကာ ရာဇဂြိုဟ်ပြည်မှ နှင်ထုတ်ခံရလေသည်။ နာဂါဒါသမင်းဆက်မှ မင်းသားတစ်ပါးသည် နောက်လိုက်နောက်ပါဗိုလ်ထုဖြင့် မြန်မာပြည်သို့ ဝင်ရောက် တိမ်းရှောင်ရောက်ရှိလာခဲ့သည်။ ယခု ကလေးမြို့နေရာဖြစ်သော ကလေးလွင်ပြင်ဒေသတွင် မဇ္ဈိမဒေသမှ ရာဇဂြိုဟ်ပြည်ကြီးအတိုင်း ရာဇဂြိုဟ်မြို့ငယ်ကို တည်ထောင်၍ ဗိုလ်ဝင်ခံကာမင်းပြုလေသည်။

၎င်းမင်းဆက်ဖြစ်သော လန္တပါလမင်းသည် သာသနာနှစ် ၂၂၅ နှစ်တွင် ရာဇဂြိုဟ်ရွာကို ချဲ့ထွင်၍ နွယ်ပတ်မြို့ကို တည်ထောင်လေသည်။ မြို့အင်္ဂါနှင့်ညီစေရန် မြို့ရိုး၊ ကျုံးတား၊ ဘုရား၊ စေတီတို့တည်ဆောက်ခဲ့သည်။ ရန်သူဘေးရန်မှ ကာကွယ်နိုင်ရန် ကင်းမြို့များဖြစ်သော ရွှေတောင်မြို့၊ စဉ်းတုံမြို့၊ မန်လုံမြို့၊ ခမ်းပါတ်မြို့ စသည့် မြို့လေးမြို့ကို ကာရံထားစေသည်။

နောင်တွင် အကာအရံအဖြစ်ထားသောမြို့လေးမြို့ကို အဓိကထား၍ ကာလေးမြို့ (ကလေးမြို့) ဟု ခေါ်တွင်ခဲ့သည်။

သာသနာနှစ် ၂၂၃ ခုနှစ်တွင် သီရိဓမ္မာအာသောကမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းလုံး၌ သာသနာ့အမွေ(၈၄၀၀၀)ကို ဖြန့်ဝေရာ နွယ်ပတ်မြို့၏ ဘုရင်ဖြစ်သော လန္တလပါမင်းလည်း သာသနာ့အမွေကို လက်ခံရရှိခဲ့သည်။ သို့ဖြစ်၍ ဘုရား၊ ပုထိုး၊ စေတီအမျိုးမျိုးတို့ကို တည်ထား ကိုးကွယ်ခဲ့သဖြင့် ကာလေးမြို့မှာ ပို၍စည်ကားထင်ရှားခဲ့ပေသည်။

## ❑ စာကိုရေး ကလေးတည်

ကလေးမြို့သည် မြောက်လတ္တီတွဒ် (၂၂) ဒီဂရီ (၄၃) မိနစ်မှ (၂၃) ဒီဂရီ (၃၇)မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် (၉၃) ဒီဂရီ (၁၅) မိနစ်အတွင်းကျရောက်တည်ရှိသည်။ မြေအနေအထားမှာ တောင်များကာရံဝိုင်းပတ်ထားသော မြေပြန့်လွင်ပြင်ဒေသဖြစ်သည်။ ဖလမ်း၊ တီးတိန် စသော မြို့များတည်ရှိရာ ချင်းတောင်နှင့် တမူး၊ ခမ်းပတ်မြို့များတည်ရှိသော ကဘော်ချိုင့်ဝှမ်းဒေသ၊ မိုးရေး၊ အင်ဖာ၊ ကိုဟီး၊ မားဖြို စသော အိန္ဒိယမြို့များနှင့် ဆက်သွယ်နိုင်သော လမ်းမကြီးဘေးတွင် တည်ရှိသည်။ ချင်းတွင်းမြစ်ကမ်းမြို့များဖြစ်သော မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့များနှင့် အလွယ်တကူသွားလာနိုင်သော ကားလမ်းများရှိသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ဆက်သွယ် ပျံသန်းသောလေယာဉ်ကွင်းနှင့် လေကြောင်းလိုင်းများ ရှိသည်။

ယခင်က စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်တွင် ပါဝင်သော မြို့နယ်ဖြစ်သော်လည်း ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး၏ ခရိုင်မြို့တစ်မြို့အဖြစ် ရောက်ရှိနေပြီ ဖြစ်သည်။ ၁၉၈၉ ခုနှစ်က ခရိုင်မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခြင်းခံရသည်။ ခေတ်သစ်မှတ်တမ်းများအရ ကလေးမြို့အား 'စာကိုရေး ကလေးတည်' ဟု စာဆိုအတိုင်း မြန်မာနှစ် ၃၂၈ ခုနှစ်တွင် ကလေးကျေးတောင်ညိုမင်းက စတင်တည်ထောင်ခဲ့သည်ဟု ရာဇဝင်များတ ပြဆိုပါသည်။ ရှေးခေတ်ကာလ နွယ်ပတ်မြို့ခေါ် ကာလေးမြို့ (ရာဇဂြိုဟ်ကျေးမြို့) နှင့် ဆက်စပ်တည်ရှိသော်လည်း မြို့ဗဟိုချက်မမှာ အတန်ငယ် အလှမ်းကွာနေပါသည်။ သို့သော် နွယ်ပတ်မြို့၊ ကာလေးမြို့၊ ကလေးမြို့မှာ အတူတူသာဖြစ်သည်။

ကလေးကျေးတောင်ညိုမှာ ပထမအင်းဝခေတ်က အင်းဝဘုရင်မင်းကြီးစွာစော်ကဲ၏မြေးဖြစ်၍ ဆင်ဖြူရှင်တရဖျား၏သားတော် ဖြစ်သည်။ ပထမအင်းဝဘုရင်မင်းခေါင်မှာ ဦးလေးတော်၍ သူရဲကောင်းမင်းရဲကျော်စွာနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သည်။ ရှေးဝင်



www.burmeseclassic.com

www.burmeseclassic.com

များတွင် (ကလေးကျေးတောင်ညိုဟူ၍လည်းကောင်း၊ ကျေးတောင်ညိုဟူ၍လည်းကောင်း) မှတ်တမ်းတင်ရေးသားကြသည်။ စစ်သူရဲတစ်ဦး၊ တပ်မှူးဗိုလ်မှူးတစ်ဦးအဖြစ် အင်းဝ-ဟံသာဝတီ နှစ်(၄၀) စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။

အင်းဝနန်းစည်းစိမ်အား မိဖုရားကြီး ရှင်ဖို့မယ်၏အစီအစဉ်ဖြင့် ကောဇာနှစ် ၇၈၇ ခုနှစ်တွင် ရရှိသည်။ သို့သော်နန်းစံသက် (၇) လသာရှိ၍ သက်တော်(၄၁) နှစ်တွင် နာဖျား၍ ကွယ်လွန်တော်မူခဲ့သည်။ ပထမအင်းဝမင်းဆက် (၇) ဆက်မြောက်ဘုရင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကျေးတောင်ညိုမင်းသည် ကလေးမြို့စားဘဝတွင် ယခု ကလေးမြို့သစ်အား ကောဇာနှစ် ၃၂၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့တွင် တည်ထောင်ခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြထားလေသည်။


ကောဇာနှစ် ၉၉၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကလေးစော်ဘွားကြီး စောစစ်ဇယ်က ကလေးမြို့ကို ပြန်လည် ပြုပြင်တည်ထောင်ခဲ့သည်။ ခေတ်အခါကား ဒုတိယအင်းဝခေတ်ဖြစ်၍ သာလွန်မင်းတရားကြီးကောင်းမှုတော်စေတီတည်ထားကိုးကွယ်ခဲ့သောအချိန်ကာလ ဖြစ်သည်။

ကောဇာနှစ် ၁၁၂၃ ခုနှစ်၊ နယုန်လဆန်း၁၀ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကလေးစော်ဘွားစောရှိုင်းမှ တတိယအကြိမ်ပြန်လည်တည်ထောင်ခဲ့ပြန်သည်။ ခေတ်အားဖြင့်ဆိုလျှင် အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ခေတ်ဦးကာလပင်ဖြစ်သည်။

ကောဇာနှစ် ၁၂၅၁ ခုနှစ်တွင် ကလေးစော်ဘွားမောင်ဖာကြီးက စတုတ္ထအကြိမ် ပြန်လည် တည်ထောင်ခဲ့သည်။ ခေတ်အားဖြင့် အင်္ဂလိပ်အုပ်ချုပ်သော ကိုလိုနီခေတ်ဖြစ်၏။ စော်ဘွားမောင်ဖာကြီးသည် ရွှေချီးဖြူမင်းသားနှင့်ပေါင်း၍ ဗြိတိသျှနယ်ချဲ့အား တော်လှန်တိုက်ခိုက်ခြင်းဖြင့် ဘဝအဆုံးသတ်ခဲ့သည်။

ကိုလိုနီခေတ်က ကလေးမြို့မှာ မော်လိုက်ခရိုင်တွင်ပါဝင်၍ ကလေးဝနယ်ပိုင်အုပ်ချုပ်သော လက်အောက်ခံမြို့လေးသာဖြစ်သော်လည်း ယခုအခါတွင် ကြီးမားစည်ကား၍ကျယ်ပြန့်ခဲ့ညား သောမြို့ကြီးတစ်မြို့ဖြစ်နေပေပြီ။

ကလေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ တည်ရှိနေပြီဖြစ်၍ ထွန်းကားတိုးတက်သောမြို့ကြီးတစ်မြို့



ကာလေးမြို့မှ နဂါးရုံဘုရားတစ်ဆူ




ကလေးမြို့နယ်မှ ရေကန်လယ်မှ ဘုရားစေတီတော်တစ်ဆူ

www.burmeseclassic.com

ဖြစ်နေပေပြီ။ ထို့အပြင် ကလေးမြို့၏ နတ်ချောင်းလမ်းဆုံတွင် အမြင့်(၁၈)ပေရှိ စစ်သူကြီးမဟာဗန္ဓုလ၏ ဓားဝင့်၍ စစ်ချီနေသော မြင်းစီးကျောက်ရုပ်ကြီးကို ခံ့ညားလှပစွာ အထင်ကရမြင်တွေ့နိုင်ပေသေးသည်။

**□ ကလေးမြို့နယ်မှဘုရားစေတီများ**

ရှေးဟောင်းမြို့ဖြစ်သော ကလေးမြို့မှာ ဘာသာသာသနာထွန်းကားသောမြို့ ဖြစ်သည်။ ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော ဘာသာရေးအဆောက်အအုံများ၊ဘုရားပုထိုးစေတီ ရုပ်ပွားတော်များပေါ်များသော မြို့နယ်ဒေသလည်း ဖြစ်ပါသည်။ သမိုင်းဝင် သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများမှာ တန်ခိုးကြီးမား၍ ကလေးခရိုင်ဒေသတွင် နာမည်ကျော်ကြားလျက်ရှိပါသည်။

မှတ်တမ်းအကျဉ်းမျှ ဖော်ပြလျှင်ပင် စာရှည်၍သွားနိုင်သဖြင့် အဓိကဖြစ်သော ဘုရားစေတီတော်များကိုသာ တင်ပြနိုင်ပါတော့သည်။

**□ ရွှေဘုံသာစေတီတော်ကြီး**

ဗုဒ္ဓစာပေနှင့် ကမ္ဘာ့စာပေများ၌ သီရိဓမ္မာသောကမင်းကြီး (မဟာအာသောကရာဇာ) စေလွှတ်သော ဓာတ်တော်မွေတော်တို့ကိုဌာပနာ၍ လန္တပါလမင်းလက်ထက် သာသနာနှစ် ၂၂၅ ခုနှစ်တွင် ရွှေဘုံသာစေတီတော်ကြီးကို တည်ထားခဲ့ရာ ယခုအချိန်ထိ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်၌ တည်ရှိဖူးမြော်နိုင်ပါသည်။

ကောဇာနှစ် ၄၅၀ ပြည့်နှစ်ဝန်းကျင်က ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ် တွေ့ရှိဖူးမြော်ရ၍ ရွှေဘုံသာစေတီတော်ကြီးအားပြုပြင်မွမ်းမံခဲ့သည်။ ထို့နောက်တွင် ၁၀၅၈ နှစ်က ကလေးစော်ဘွား စောသည်လုနက ထပ်မံ၍ မွမ်းမံခဲ့သည်။

၁၂၅၉ ခုနှစ်တွင် လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးရပြန်သဖြင့် မြို့သူမြို့သားတို့ကထပ်မံပြုပြင်ခဲ့သည်။ ၁၃၂၀ ပြည့်နှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကြောင့် ယိုယွင်းပျက်စီးခဲ့သဖြင့် ကလေးမြို့သူမြို့သား၊ နယ်သူနယ်သားအားလုံးမှ စုပေါင်း၍ ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရသည်။ ၁၃၂၁ ခုနှစ်တွင် ရွှေထီးတော်ကပ်လှူပူဇော်၍ ၁၃၂၂ ခုနှစ်တွင် တတိယပစ္စယံအထိ ရွှေပိန်းချပူဇော်ခဲ့သည်။ ရွှေဘုံသာစေတီတော်မြတ်ကြီးအား နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်းတွင် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**□ မဟာစေတီအုတ်သုံးမျိုးဘုရား**

သီရိဓမ္မာသောကမင်းကြီးသည် သာသနာနှစ် ၂၂၃ ခုနှစ်တွင် ဓာတ်တော်မွေတော်များအား ဇမ္ဗူဒိပ်ကျွန်းအနှံ့အပြားတွင် စေတီပေါင်း (၈၄၀၀၀) ကျော်ကို တည်စေခဲ့ရာတွင် မဟာစေတီအုတ်သုံးမျိုးဘုရားလည်း ပါဝင်ခဲ့သည်။ လန္တပါလမင်းရရှိခဲ့သော ဓာတ်တော်မွေတော်များကို စေတီတော်၌ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ် စသည့် ရတနာအုတ်သုံးမျိုးတို့ဖြင့် ကလေးမြို့အရှေ့တောင်ထောင့်၌ တည်ထား ကိုးကွယ်ခဲ့သည်။ ယနေ့တိုင် ဖူးမြော်ကြည်ညိုနိုင်ပါသည်။

**□ မြို့ချက်အောင်မြေဘုရား**

မြို့ချက်အောင်မြေဘုရားခေါ် မြို့ချက်စေတီသည် ကလေးမြို့၏အလယ်ဗဟိုတွင် တည်ရှိသည်ဟု ဆိုသည်။ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် ရှင်စန္ဒိမာ၏ မြို့ချက်ကျောင်းတွင် တည်ရှိသည်။ ကြက်မတစ်ဝပ်စာရှိသော အောင်မြေနေရာဖြစ်သဖြင့် မြို့ကိုလုံခြုံစေသည်။ လူစွမ်းကောင်းပေါ်များ၍ နတ်ကောင်းနတ်မြတ်များ မ,စသည်ဟု ယုံကြည်ကြသည်။ ယုတ်ညံ့သောကိစ္စများ မဖြစ်ပေါ်စေရန် ၎င်းအောင်မြေကို ငုံ၍ စေတီတော်တည်ထားကိုးကွယ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

**□ စကားလှဘုရား**

အလောင်းစည်သူမင်းကြီး၏မြေးတော် နရပတိစည်သူမင်းသည် တိုင်းခန်းလှည့်လည်ရင်းမှ ကလေးမြို့ကို ရောက်ရှိလာသည်။ ကလေးမြို့၏ သာသနာစည်ကားထွန်းကားပုံကို သဘောကျတော်မူ၍ စကားသားဖြင့် ပြုလုပ်သော ဆင်းတုရုပ်ပွားတော်တစ်ဆူကို ကလေးစော်ဘွား စောမော်ပုံအား ပေးအပ်ကိုးကွယ်စေသည်။ စကားလှဘုရားဟု ဘွဲ့တော်တွင်စေသည်။ စကားလှဘုရားမှာ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ အလိုအလျောက် ကွန့်မြူးသဖြင့် နာမည်ကျော်ကြား တန်ခိုးကြီးမားလှသည်။ ယခုအချိန်ထိ ကလေးမြို့ ဆရာတော် ဦးမေဓါလ၏ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်လျက်ရှိသည်။ အဓိဋ္ဌာန်ဖြင့်တရားကျင့်၍ ဆုတောင်းပြည့်သောဘုရားဟု ယုံကြည်ကြသည်။

**□ မြသိန်းတန်ဘုရား**

သာသနာနှစ် ၂၅၈ ခုနှစ်တွင် ကလေးမြို့၌ နန္ဒရာဇာမင်း နန်းတက်၍ ဘောလောင်းတော် လန္တပါလမင်းကြီး၏ မြကြုတ်ဖြင့်ကိုးကွယ်ခဲ့သော ဓာတ်တော်တို့ကို ယခု ရာဇဂြိုဟ်ရွာ၏အရှေ့တောင်ထောင့် ဘောဂဗဒ္ဒတထောင်ထိပ်၌ မြေတွင်းအနက် အတောင် (၄၀) တူးစေပြီး ဌာပနာတော်မူကာ စေတီတည်ထားကိုးကွယ်ခဲ့သည်။ အရန်စေတီနှစ်ဆူနှင့်အတူ မြသိန်းတန်ဘုရား ဟူသော ဘွဲ့တော်ဖြင့် ယနေ့ ကံကြီးရွာအရှေ့တွင် တည်ရှိသည်။

**□ ရေဆန်ကျွန်းစေတီ**

ကလေးမြို့ ဗိုလ်ချုပ်လမ်း တာကိုပါဘုရားကျောင်း မဟာဗောဓိစေတီတော်မြတ်ကြီး၏ အာရာမ်အတွင်း ထောင်ပြည့်ရုပ်ပွားစေတီတော်မြတ်ကြီးအဖြစ် တည်ထားကိုးကွယ်ပူဇော်သော နတ်ထိန်းရေဆန်ကျွန်းမြတ်စေတီကြီးဖြစ်သည်။ ကိုလိုနီခေတ်ကာလက ချောင်းရေကိုမစုန် ချောင်းအထက်ကို အမြဲဆန်တက်နေသော ကျွန်းသစ်လုံးကြီးအား ကလေးဝဆရာတော်မှ သစ်တောဌာနထံမှ အလှူခံကာ ဗုဒ္ဓတစ်ထောင်ထွင်းထု၍ ကိုးကွယ်တော်မူခဲ့သည်။ အလှူရှင်ပြည်သူအများ၏ကောင်းမှုဖြင့် ၁၃၄၄ ခုမှ ယနေ့အထိ တည်ရှိကိုးကွယ်လျက်ရှိသည်။

**ထန်ဘုရား**

ထန်ဘုရားသည် ကလေးမြို့နယ် အင်းတင်ရွာတွင် တည်ရှိသည်။ 'ထန်' ဟူသည်မှာ ရှမ်းစကားဖြင့် လိုဏ်ဂူဟု အဓိပ္ပာယ်ရပါသည်။ ထန်တောင်နှင့် ထန်ချောင်းမှာ အတူတည်ရှိနေသည်။ ကျောက်ဂူကြီးတွင် ဆင်မင်းနှင့် ဘုရားကို အောက်ခြေကျောက်ဂူမှ ကျောက်သား တစ်ဆက်တည်း ထုလုပ်ကိုးကွယ်ထားသဖြင့် အံ့ဩဖွယ် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်သည်။ နှစ်စဉ်သင်္ကြန်ကာလများတွင် အထူးစည်ကားသည်။

နွယ်ပတ်မြို့ခေါ် ကလေးမြို့ခေါ် ကလေးမြို့သည် ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သကဲ့သို့ ချင်းတွင်းအထက်ပိုင်းဒေသတွင် ကြီးမားစည်ကား၍ ဖွံ့ဖြိုးတိုးတက်မှုရှိသောမြို့တစ်မြို့ဖြစ်လေသည်။

**သစ်ထူးအိမ်**

**ကျမ်းကိုး -**
၁။ ကလေးမြို့မဂ္ဂဇင်း (၂၀၀၅)
၂။ ကျော်ဝင်းမောင်(ကလေးဝ)
'ဆရာကျော်ဇော်ဟိန်းမှတ်စုများ ၁၉၄၇-၂၀၁၄'



www.burmeseclassic.com

www.burmeseclassic.com

# မှဝင်း(ဒဿန)

## ဩကာသကန်တော့ချိုးနှင့် ဝပ်လျှိုး၍



နွေဦးတစ်ညနေခင်းတွင် လာနေကျ ဓမ္မမိတ်ဆွေရောက်လာပါသည်။ ဓမ္မမိတ်ဆွေသည် ရောက်လျှင်ရောက်ချင်း ဤသို့စကားစပါသည်။

"ဆရာ၊ ဘာတွေရှာနေတာလဲ။ အခွဲ့ပေါ်မှာလည်း စာအုပ်တွေပုံလို့၊ ...နှင်းလျှားပေါ်မှာလည်း စာအုပ်တွေပုံ...

"ဩကာသကန်တော့ချိုးနဲ့ပတ်သက်တဲ့စာတွေရှာနေတာဗျာ"

"အကြောင်းထူးရှိလို့လားဆရာ"

"တစ်လောက ဆရာတော်တစ်ပါးကြွလာတယ်။ ဆရာတော်က ဩကာသနဲ့ပတ်သက်တဲ့စာအုပ် ပြုစုနေတာတဲ့။ ဘယ်သူက လက်ထောက်ချလိုက်တယ် မပြောတတ်ဘူး။ ကျွန်တော့်ဆီရောက်လာပြီး ဒကာ့ဆီမှာဩကာသနဲ့ပတ်သက်တဲ့စာတွေစုထားတယ်ကြားလို့။ အဲဒါ ဘုန်းကြီးကြည့်ချင်လို့ပါ။ ဘုန်းကြီးဆီမှာမရှိတာတွေ့ရင်လည်း ကူးသွားမှာပါ။ ဒကာကြီးကူညီပါတဲ့။ အဲဒါနဲ့ ကျွန်တော်က ရှိတော့ရှိပါတယ်ဘုရား၊ မှတ်စုစာအုပ်တွေထဲမှာ ကူးထားခဲ့တာဆိုတော့ မှတ်စုစာအုပ်တွေကိုထုတ်ပြီး ပြန်ကြည့်ရဦးမှာပါ။ တပည့်တော်အဆင်သင့်ဖြစ်တဲ့အခါ အရှင်ဘုရားဆီ ဖုန်းဆက်လိုက်ပါ့မယ်ဘုရားလို့ လျှောက်လိုက်ရတယ်။ မနက်ကပဲ ဆရာတော့်ဆီက ဖုန်းလာသေးတယ်။ ဒကာကြီး၊ တွေ့ပြီလားတဲ့။ ဒါနဲ့မဖြစ်တော့ဘူးဆိုပြီး မှတ်စုစာအုပ်တွေကိုထုတ်ပြီးရှာနေတာ"

"တွေ့ကောတွေ့ရဲ့လား ဆရာ"

"ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီးနဲ့ သစ်ချတောင်ဆရာတော်တို့ရဲ့ ဩကာသကန်တော့ချိုးနဲ့ပတ်သက်တဲ့စာတွေကိုတော့ တွေ့ပါပြီ"

"အဲဒီဆရာတော်ဘုရားကြီးတွေရဲ့ ဩကာသကန်တော့ချိုးနဲ့ပတ်သက်တဲ့စာတွေ ဆရာဘယ်ကရခဲ့တာလဲ"

"ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီးရဲ့ ဩကာသကန်တော့ချိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်တဲ့စာကို ဆရာတော်ဘုရားကြီးစီရင်တဲ့ 'သံသယဝိသောဓနီ' ကျမ်းကရခဲ့တာ။ သစ်ချတောင်ဆရာတော်ရဲ့ ဩကာသကန်တော့ချိုးနဲ့ ပတ်သက်တဲ့စာကိုတော့ ဆရာတော်စီရင်တဲ့ 'အရိယမဂ္ဂဒီပနီ' ကျမ်းကရခဲ့တာ။ အဲဒီကန်တော့ချိုးတွေကို မှတ်စုစာအုပ်ထဲမှာ ကူးထည့်ထားခဲ့ရတာကတော့ ကန်တော့ချိုးတွေနဲ့ပတ်သက်တဲ့မှတ်ချက်တွေက မှတ်သားစရာကောင်းလို့ပါ"

"ဆရာပြောခဲ့တဲ့ ကျမ်းတွေကို ကျွန်တော်မတွေ့ဖူးပါဘူး။ အချိန်ရရင် ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီးရဲ့ ဩကာသကန်တော့ချိုးနဲ့ပတ်သက်တဲ့စာကိုနာပါရစေ"

"အချိန်ရပါတယ်ဗျ။ ကျွန်တော်ဖတ်ပြပါ့မယ်။

□ *ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့မှ ကင်းလွတ်ပါစေခြင်းအကျိုးငှာ ပဌမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာသုံးပါး ဆရာများအပေါင်းတို့ကို အကျွန်ုပ် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏။ ကန်တော့ရသောအကျိုးအားဖြင့် အပယ်လေးပါး၊ ကပ်သုံးပါး၊ အရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားတို့မှ ကင်းလွတ်၍ ချမ်းတရား၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကိုရပါလို၏"*

"ကျွန်တော်တို့ရထားတဲ့ဩကာသကန်တော့ချိုးနဲ့သိပ်မကွာပါဘူး"

"ကန်တော့ချိုးအဆုံးမှာ ဆရာတော်ဘုရားကြီးက မှတ်ချက်စကားရေးထားတယ်။အဲဒါကိုလည်း ဖတ်ပြပါ့မယ်။

□ *ဒါယကာတို့၏နှုလုံးသွင်း၊ သုံးစွဲရင်းနိဿယကံဖြင့် ကန်တော့သော ပဏာမသည် စိုးစဉ်းမျှကဲ့ရဲ့ရန်မရှိ။ ကျမ်းဂန်သိဖြင့် အရှင်မြတ်အဆက်ဆက်တို့နှစ်သက်သော ဩဝါဒဂါရဝ မဂ်လာမှန်လှပါပြီ။ ရှေးဆရာတို့ နည်းဟောင်းအလွန်ကောင်းလျက်ကို ဖျက်ဆီး၍အသစ်ပြင်လျှင် ခုနစ်အင်သော အပရိဟာနိယဓမ္မတွင် သတ္တုဂါရဝတရားယုတ်၍ ပစ္စုပ္ပန်ဘဝ၌ ဒုမင်္ဂလအပ္ပာယုကပါရိုဇ္ဇသအကျိုးဖြစ်တတ်သည်ဟု မဟာရဟန်္တာဝိသတိကျမ်း၌လာချေသည်"*



(သတ်ပုံမှာ မူရင်းစာအုပ်တွင်လာသည့်အတိုင်းဖြစ်ပါသည်။)

"ဖတ်လက်စနဲ့ သစ်ချတောင်ဆရာတော်ရဲ့ ဩကာသကန်တော့ချိုးနဲ့ ပတ်သက်တဲ့စာကိုလည်း ဖတ်ပြပါဦးဆရာ"

"ဖတ်ပြပါ့မယ်ဗျာ။

□ *ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပဌမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊တရားရတနာ၊သံဃာရတနာ မြတ်သုံးပါးတို့အား အကျွန်ုပ် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏။*

အရိုးအစဉ်ဆုတောင်းပုံကား-

□ *ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပယ်လေးပါး၊ ကပ်သုံးပါး၊ အရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးတို့မှ ကင်းလွတ်သည်သာဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရနိုင်သောကိုယ်ဖြစ်ရပါလို၏"*

"ဒီကန်တော့ချိုးကတော့ ကျွန်တော်တို့ရထားတဲ့ကန်တော့ချိုးနဲ့အတူတူပဲလို့ ပြောလို့ရပါတယ်"

"သစ်ချတောင်ဆရာတော်ကြီးကလည်း ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီးလိုပဲ ကန်တော့ချိုးအဆုံးမှာ မှတ်ချက်စကားရေးခဲ့သေးတယ်။ ကျွန်တော်ဖတ်ပြပါ့မယ်။

□ *ဤကန်တော့လက်ာ၊ ဆုတောင်းလက်ာသည် ရှေးရှေးဆရာမထေရ်မြတ် ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့ စီရေးထားခဲ့သော ပေါရာဏလက်ာပေတည်း။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ တစ်စုံတစ်ယောက်သောသူသည် အပြစ်ဒေါသဆိုခြင်းငှာမစွမ်းနိုင်သော ပဏာမလက်ာပေတည်း"*

"ကန်တော့ချိုးနှစ်ခုမှာ မတူတာတော့ရှိတယ်။ အဲဒါကတော့ ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီးရဲ့ ကန်တော့ချိုးမှာ 'ကန်တော့ရသောအကျိုးအားဖြင့်'လို့ကြားလိုက်ရတယ်။ သစ်ချတောင်ဆရာတော်ရဲ့ ကန်တော့ချိုးမှာတော့ 'ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့်' လို့ ကြားလိုက်ရတယ်"

"အဲဒါနဲ့ပတ်သက်လို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက 'ဩကာသကန်တော့ခန်းနှင့် သီလရှင်းတမ်းတရားတော်'မှာ ရှင်းပြထားတယ်။ ဆရာတော်ဘုရားကြီးက ကန်တော့ချိုးမှာ နှစ်မျိုးစလုံးဆိုကြပါတယ်။ 'ကန်တော့ရသောအကျိုးအားကြောင့်'ဆိုတာလည်း မှားတယ်လို့မဆိုနိုင်ဘူးတဲ့။'တဿကမ္မဿဝိပါကေန'ဆိုတဲ့ စာနဲ့ကိုက်ပါသတဲ့။ တချို့ကတော့ အကျိုးမဟုတ်ဘူးတဲ့၊ အကြောင်းတရားဖြစ်ရမယ်တဲ့။ ဒီလိုဖြစ်ရတာကလည်း ရှေးကစာဖြစ်တဲ့ 'တဿကမ္မဝိပါကေန' ကို မထောက်ထား မစဉ်းစားမိလို့ ဖြစ်မှာပါလို့ ရှင်းပြထားပါတယ်"

"ကျေးဇူးပါ ဆရာ၊ ဆရာအခုလို ရှင်းပြတော့ သဘောပေါက်သွားပါပြီ"

"အဲဒီအချက်နဲ့ ပတ်သက်လို့ စစ်ကိုင်းတောင်ရိုးရွှေဟသာဆရာတော်ဘုရားကြီးရှင်းပြထားတာလည်းရှိပါသေးတယ်။ မှတ်စုစာအုပ်ထဲမှာတော့ရှိပါတယ်။ ကျွန်တော်ရှာပါဦးမယ်။ အဲဒါတွေ့ရင်တော့ ဩကာသနဲ့ပတ်သက်လို့ ကျမ်းပြုနေတဲ့ဆရာတော်ဆီ ဖုန်းဆက်လိုက်တော့မယ်"

"ကဲ - ကျွန်တော်ရောက်လာတာနဲ့ ဆရာစာရှာနေတာပျက်သွားပြီ"

"ရပါတယ်ဗျာ၊ အခုလိုပြောရတာကိုက ကုသိုလ်တစ်ခုပါ။ ကုသိုလ်တစ်နေ့တိုင်းပြုလော့လို့ဆိုထားတယ်မဟုတ်လား"

"သာဓုပါ ဆရာ၊ သာဓု၊ သာဓု"

ဓမ္မမိတ်ဆွေသည် ထိုသို့ သာ ခေါ်ပြီးနောက် ကြည်လင်အေးချမ်းစွာ ပြန်သွားပါသတည်း။

မြဝင်း (ဒဿန



www.burmeseclassic.com

www.burmeseclassic.com

# ဆိုးသွမ်းဟောရမ်း

# ရာဟုဂြိုဟ်ကြမ်းဂြိုဟ်အိပ်ဂြိုဟ်စား သတိထား

△ဗေဒင်ဆရာ နှင့် ဆရာဖေမောင်ချို

(ရွှေ့ပြောင်း ပေးနိုင်သော ရွှေစင်စေ)



(ယခင်လမှအဆက်)

ဤရာဟုဂြိုဟ်စိုးမိုးရာအရပ်တွင်းရှိ အာရပ်နိုင်ငံတစ်ခုကို လေ့လာကြည့်ပါက အီရန်ကိုတွေ့ရပါလိမ့်မည်။ အီရန်သည်လည်း နိုင်ငံရေးတည်ငြိမ်မှုမရှိသည့်သာမက ချူကလီးယားစက်ရုံတည်ဆောက်မှုကြောင့် အမေရိကန်နှင့် အီးယူနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသောနိုင်ငံ ဖြစ်ပါသည်။

တစ်ဖန် ဆီးရီးယားနိုင်ငံကိုကြည့်ပါကလည်း ဆီးရီးယားသမ္မတအာဆတ်ကို ဆန့်ကျင်သူများက စစ်ရေးယှဉ်ပြိုင်မှုဖြစ်နေသဖြင့် ပြည်တွင်းစစ်အကြီးအကျယ်ဖြစ်ပွားနေ၍မှ မပြီးဆုံးသေး ယခုအခါ အစွလာမ်မစ်အစွန်းရောက်များဝင်ရောက်ကျူးကျော်ခြင်းကိုခံနေရပြန်ပါသည်။ ထိုဆီးရီးယားနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် လူဦးရေသုံးသန်းကျော် နေအိမ်များမှ စွန့်ခွာထွက်ပြေးကြရပြီး ဒုက္ခသည်များအဖြစ် သတ်မှတ်ခြင်းခံထားကြရလေသည်။ ထိုဆီးရီးယားနိုင်ငံ၏လက်နက်ကိုင်ပဋိပက္ခများ သုံးနှစ်ကြာကာလတွင် ဆီးရီးယားပြည်သူတစ်သိန်းကိုးသောင်းကျော် သေကျေပျက်စီးခဲ့ကြရပါသည်။ ထို့အပြင် ဆိုခဲ့ပြီးသည့်အတိုင်း ဆီးရီးယားနိုင်ငံမြောက်ပိုင်းသို့နယ်မြေတိုးချဲ့သိမ်းပိုက်ဝင်ရောက်လာသော အိုင်အက်စ်စစ်သွေးကြွတပ်ဖွဲ့များကြောင့် ကိုဘိန်းမြို့မှ ကာ့ဒ်လူမျိုးဒုက္ခသည် (၆၆၀၀၀) ဦး တူရကီနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထိုအီရတ်၊ ဆီးရီးယားဒုက္ခသည်များကြောင့် နယ်စပ်ဖြစ်သော တူရကီနိုင်ငံသည်လည်း (၈၄၀၀၀၀) ကျော်ရှိ စစ်ပြေးဒုက္ခသည်များ၏ဝန်ကိုထမ်းရ ပေသည်။

ဤကား မြန်မာနိုင်ငံ အပါအဝင် ရာဟုဂြိုဟ် စိုးမိုးရာအရပ်ဖြစ်သော အရှေ့တောင်အာရှ၏ အနောက်မြောက်ထောင့်ရှိ ရာဟုဂြိုဟ်၏ စိုးမိုးဒုက္ခပေးခြင်းတွင် ထူးခြားထင်ရှားသောဖြစ်ရပ်များနှင့် ပြည့်နှက်နေသည့် နိုင်ငံအချို့ကိုသာ ရွေးချယ် ကောက်နုတ် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

**၃ ရာဟုဂြိုဟ်၏ ဓာတ်သဘောအရ ဘေးအန္တရာယ်များကျရောက်စေသော ဖြစ်ရပ်များ**

အထက်တွင် ကျွန်ုပ်သည် ရာဟုဂြိုဟ်၏ စိုးမိုးရာအရပ်မျက်နှာအတွင်း ကျရောက်နေသည့်တိုင်းပြည်နိုင်ငံဒေသနယ်ပယ်အသီးသီးတို့အပေါ် ရာဟုဂြိုဟ်၏ အကျိုးသက်ရောက်လွှမ်းမိုးဒုက္ခပေးနေပုံကို ပြဆိုခဲ့ပြီး ဖြစ်ပါသည်။ စင်စစ် ရာဟုသည် ယင်း၏ စိုးမိုးရာအရပ်ဒေသများကို အရပ်မျက်နှာအလိုက် ဒုက္ခပေးရုံမျှသာမက ယင်း၏ဓာတ်သဘောသဘာဝအရပါ ကြီးစွာသောပြဿနာဒုက္ခဆိုးကျိုးများကိုပေးနေကြောင်းတွေ့ရပါသည်။အထက်တွင်ဆိုခဲ့သည့်အတိုင်း ရာဟု၏ဓာတ်သဘောမှာ စ-ရေ(အင်္ဂါ-ရာဟု) လေဓာတ်ဖြစ်ကြောင်း တွေ့ရပါမည်။ထိုလေဓာတ်၏ပရိယာယ်ဖြစ်သော လေမုန်တိုင်း၊ လေပြင်းမုန်တိုင်း၊ လေကြောင်းသွားလာရေး၊ လေကြောင်းသွားလာယာဉ်များ စသည်တို့နှင့်ပတ်သက်၍လည်း ကြီးစွာသော ဘေးရန်အန္တရာယ်များကို ဖြစ်ပေါ်စေနေကြောင်း တွေ့ရပြန်လေသည်။

ရာဟုဂြိုဟ်ဓာတ်၏ပရိယာယ်မှာ လေဓာတ်ဖြစ်ကြောင်း ပြောခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ လေမုန်တိုင်းများသည် ရာဟုဂြိုဟ်၏ဓာတ်ပရိယာယ်တွင် အကျုံးဝင်ပေသည်။ ယခုအခါ ကမ္ဘာတစ်ခွင်လုံးလေပြင်းမုန်တိုင်းများကြောင့် ကြီးစွာသောဘေးဒုက္ခအန္တရာယ်များပေါ် ပေါက်ခဲ့ကြ၊ ပေါက်ပေါက်နေကြဆဲဖြစ်ကြောင်း တွေ့ရပါသည်။ မြန်မာပြည်တွင်ဆိုလျှင် ၂၀၀၈ ခုနှစ်၊ မေလ၌ ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် အောက်မြန်မာပြည် ဧရာဝတီတိုင်းတစ်တိုင်းလုံးနီးပါး ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်တွေ့ကြုံခဲ့ရကြောင်းကို အထူးပြောရန်လိုမည်မထင်။မြစ်ဝကျွန်းပေါ်ဒေသတစ်ဝှမ်း



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ယခုအထိ အချို့အရပ်ဒေသများ နာလန်မထူနိုင်သေးချေ။

ကမ္ဘာတစ်ဝန်း ရာဟု၏ ဓာတ်ပရိယာယ်ဖြစ်သော လေဓာတ်နှင့်ဆက်စပ်သည့် လေပြင်းမုန်တိုင်းဒဏ်အချို့ကို ပြန်လည်ကြည့်လျှင် ၂၀၁၃ ခုနှစ်က ဖိလစ်ပိုင်တွင် တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်ပြည်သူ (၇၅၀၀၀၀) ကျော် အိုးအိမ်မဲ့များဖြစ်ကာ အသက်အိုးအိမ်စည်းစိမ်များစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုမုန်တိုင်းသည် ကမ္ဘာတွင် အင်အားအကြီးမားဆုံးမုန်တိုင်းတစ်ခုဖြစ်သည်ဟု မှတ်တမ်းဝင်ခဲ့ရသည်။ မုန်တိုင်းပြင်းအားတစ်နာရီ (၁၉၅) မိုင်နှုန်းကျော် ပြင်းထန်စွာ တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ထိုဖိလစ်ပိုင်၌ပင် ကယ်လ်မေဂီတိုင်ဖွန်းမုန်တိုင်း မကြာသေးခင်က တိုက်ခတ်သဖြင့် လူပေါင်း (၃၆၆၀၀၀) ခန့်အထိ ဒုက္ခရောက်ခဲ့ကြရသည်။ ထိုမုန်တိုင်းများကြောင့် ဖိလစ်ပိုင်ပြည်သူ (၆၀၀၀) ခန့် သေဆုံးပြီး (၁၈၀၀) ခန့် ပျောက်ဆုံးနေသည်။

တစ်ဖန် ယခုနှစ် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအစပိုင်း၌ ကျွန်ုပ်တို့၏အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းဒေသကို ဖြတ်လျက်တိုက်ခတ်ခဲ့သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ အိုဒီးရှနှင့်အန်ဒရာပရာဒက်ရှ် ပြည်နယ်တို့တွင် ထိခိုက်မှုရှိပြီး ပြည်သူသုံးသောင်းခန့်ကို ကယ်တင်နေရာရွှေ့ပေးခဲ့ရသည်။ အသက်အိုးအိမ်စည်းစိမ်များစွာတို့မှာ ထိုဟုဒ်ဆိုင်ကလုန်းမုန်တိုင်း (Hudhuol Cyclome) ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့မျှမကသေး ဤ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလပိုင်းကပင် မက္ကဆီကိုနိုင်ငံအရှေ့ပိုင်းဒေသရှိ လော့စ်ကာဘော့မြို့သို့ (၁) နာရီ (၁၂၅) မိုင်ခန့် ပြင်းအားရှိသော အိုဒီးလ်အမည်ရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြည်သူ (၃) သောင်းခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ကြရလေသည်။

တစ်ဖန် ၂၀၁၃၊ စက်တင်ဘာလခန့်ကလည်း တရုတ်ပြည်တောင်ပိုင်း၌ တိုက်ခတ်ခဲ့သော ယူစာဂီတိုက်ဖွန်းမုန်တိုင်းကြောင့် လူ (၂၅) ဦး သေဆုံးပြီး လူပေါင်းများစွာ အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရပြန်ပါလေသည်။ ထို့မျှမက ထို ၂၀၁၃၊ စက်တင်ဘာလ၌ပင် တိုင်ပေ၌လည်း ယန်းဝမ်းခေါ် မုန်တိုင်းကြောင့် တိုင်ပေအရှေ့ပိုင်းပြည်နယ်များ၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပြန်လေသည်။

ဤသည်များကား ရာဟုဂြိုဟ်သည် ယင်း၏ဓာတ်သဘာဝပရိယာယ်ဖြစ်သော လေဓာတ်သဘာဝသဘောအရ လေပြင်းမုန်တိုင်းများအားဖြင့် မြန်မာ အပါအဝင် ကမ္ဘာကို ကိုင်လှုပ်ဒုက္ခပေးနေသောဖြစ်အင်များကို ကျွန်ုပ်သတိထားကြည့်ရှုလေ့လာမိသလောက် အကျဉ်းချုပ် ကောက်နုတ် ဖော်ပြချက်များမှသာဖြစ်ပြီး ကျွန်ုပ်ကောင်းစွာမမှတ်မိ မသိရှိလိုက်သော လေပြင်းမုန်တိုင်းသတင်းအချက်အလက်များစွာ ကျန်ပါသေးသည်။ ဤမြန်မာအပါအဝင် ကမ္ဘာတစ်ခွင်ဖြစ်ပေါ်နေသော ဤရာဟု၏ လေဓာတ်သဘာဝသဘောအရ ဘေးအန္တရာယ်ဖြစ်စေမှုများသည် လွန်ခဲ့သောနှစ်များစွာနှင့် နှိုင်းယှဉ်လျှင် ယခုမျက်မှောက်ခေတ်ကာလ ဤမှာဘက် (၂) နှစ်၊ (၃) နှစ်တွင် အကြိမ်များများ၊ အချိန်စိပ်စိပ်ဆက်တိုက်ဖြစ်ပေါ်နေကြောင်း တွေ့ရပေသည်။

ထိုရာဟုသည် ယခုကျွန်ုပ်ပြဆိုခဲ့ပြီးသကဲ့သို့ ယင်း၏ ဓာတ်သဘောသဘာဝဖြစ်သော လေဓာတ်အနေဖြင့် လေပြင်းမုန်တိုင်းများ ဖန်တီးဖြစ်ပေါ်စေပြီး ဒုက္ခပေးနေရုံမျှမက ယင်း၏ဓာတ်သဘာဝဖြစ်သော လေထုအတွင်းဝင်ရောက်လာသော သက်မဲ့ပစ္စည်းများဖြစ်သည့်အပြင် ယင်း'လေ'ဓာတ်သဘာဝကို မှီခိုလှုပ်ရှားသက်ဝင်ရသော 'လေယာဉ်ပျံ'များ၌ ယခုမျက်မှောက်ကာလတွင် ဘေးရန်အန္တရာယ်များကို များစွာဖြစ်ပေါ်နေစေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဤလေယာဉ်များ၌ ဘေးအန္တရာယ်ကြုံတွေ့ရမှုကို ကျွန်ုပ်လေ့လာမှတ်သား သတိထား သိရှိရသလောက် အကျဉ်းချုပ်ဖော်ပြရသည်ရှိသော် -

၁။ ပထမဦးစွာ ဖော်ပြချင်သော လေယာဉ်ဘေးရန်အန္တရာယ်မှာ တစ်ကမ္ဘာလုံး သိရှိထင်ရှားဖြစ်ပေါ်ခဲ့သည့် မလေးရှားလေကြောင်းပိုင်း MH-370လေယာဉ်ကိစ္စကစ၍ ပြောရမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၈ ရက်က မလေးရှားနိုင်ငံလေကြောင်းပိုင် လေယာဉ်အမှတ် MH-370 သည် ကွာလာလမ်ပူမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းသို့ ထွက်ခွာလာခဲ့ရာတွင် လမ်း၌ အမှတ်မထင် ရုတ်တရက် ပျောက်ကွယ်သွားခဲ့ရသည်မှာ ယနေ့အထိ လေယာဉ်အပိုင်းအစအနပင် ရှာမရလောက်အောင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ရလေသည်။ ထိုလေယာဉ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ လေယာဉ်ပြန်ပေးဆွဲခံရသည်ဟု ပြောသူကပြော၊ ပေါက်ကွဲပျက်စီးသွားသည်ဟု ဆိုသူကဆိုနှင့် နောက်ဆုံး မည်သည့်အကြောင်းမျှရှာမရဘဲ ယခုထိ ထို MH-370 လေယာဉ်ပျောက်ဆုံးမှုမှာ ပဟေဠိဆန်နေဆဲပါပေ။ ထိုလေယာဉ်တွင် ခရီးသည် (၂၂၇) ဦးနှင့် ဝန်ထမ်း (၁၂) ဦး ပါဝင်နေသည်။

၂။ ထိုမလေးရှားလေယာဉ်တစ်စီးပင်ဖြစ်သော MH-17 လေယာဉ်သည်လည်း ၂၀၁၄ ခု၊ ဇူလိုင်လ ၁၇ ရက်က ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်းနက်ဒေသ၌ ပစ်ခတ်ခံရသဖြင့် ပျက်ကျခဲ့ရပြန်ပါသည်။ ခရီးသည်နှင့်လေယာဉ်ဝန်ထမ်း (၂၉၈) ဦး သေဆုံးခဲ့ရသည့် ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုပါပေ။

၃။ ထို့မျှမကသေး ၂၀၁၄ ခု ဇူလိုင်လ ၂၄ ရက်ကပင် တိုင်ပေနိုင်ငံ၌ Trans Asia Flight GE - 222 သည် လူပေါင်း(၅၀)ကျော် တင်ဆောင်လျက် ပျံသန်းရာမှ တိုင်ပေနိုင်ငံ မာဂုန်လေဆိပ် အနီး၌ အရေးပေါ်ဆင်းသက်ခဲ့ရာ လေယာဉ်ပျက်ကျပြီး လူ(၅၁)ဦးသေဆုံး ကာ (၇) ဦးမှာ ဒဏ်ရာပြင်းထန်စွာရ ရလေသည်။

၄။ ရာဟုဂြိုဟ်ကား ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ဒုက္ခပေးနေသည်ကို ယ အယ်လ်ဂျီးရီးယားလေကြောင်းပိုင် လေ ယာဉ်ဖြစ်သော AH - 5017, MD - လေယာဉ်ပျက်ကျမှုက သက်သေတင် ပါ။ ၂၀၁၄၊ ဇူလိုင်လ ၂၄ ရက်နေ့က Air Algeria လေကြောင်းလိုင်းပိုင် AH- 501 MD-83 သည် ထိုနိုင်ငံ မာလီပိုင်န ဒေသ၌ အဆက်အသွယ်ပြတ်တောက် ပြီး နောက်ဆုံး ဘာကီနာလာဆိုနယ် နှင့် (၅၀) ကီလိုမီတာအကွာတွင် ပျက် ကျခဲ့ရပြန်လေသည်။ ထိုလေယာဉ် ခရီးသည် (၁၁၂) ဦးနှင့် လေယာ ဝန်ထမ်း (၆) ဦးပါရှိခဲ့ပြီး အား ဝမ်းနည်းစရာကောင်းလှစွာ သေဆုံးခဲ့ ရပါလေသည်။

၅။ ရာဟု အနို ရာဟုကား ဆို လှပါချေသည်။အထက်ပါအဖြစ်အ များမျှသာမက ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၈ ရက်နေ့၌ အီရန်နိုင်ငံပိုင် လေ လိုင်းဖြစ်သော ဆီပဟန်လေကြော လိုင်းအမှတ်(၁၄၀)လေယာဉ်သည်လ



www.burmeseclassic.com

www.burmeseclassic.com

အီရန်နိုင်ငံ မက်ဟရာဘက်လေဆိပ်မှ နံနက်ပိုင်း၌ ထွက်ခွာသွားခဲ့ရာ နိုင်ငံမြောက်ပိုင်း တဘတ်(စ်)ဒေသ၌ပြုတ်ကျပျက်စီးပြီး လူ (၄၈) ဦး အသက်ဆုံးရှုံးခဲ့ရလေသည်။

၆။ ထို့မှမက ၂၀၁၄၊ ဖေဖော်ဝါရီလက နီပေါနိုင်ငံ လေကြောင်းလိုင်း လေယာဉ်အမှတ် - ၁၈၃ (Nepal Airlines Flight-183, a de Havill-and Canada DHC- b) သည်လည်း ယင်းနိုင်ငံအနောက်တောင်ပိုင်း ပေါက်ဟာရာဒေသ၏ (၇၄)မီလီမီတာအကွာ ခီဒင်းနား၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါလူ(၁၈) ဦးစလုံး သေဆုံးခဲ့လေသည်။

ဤကား ယခုမျက်မှောက်ကာလ ၂၀၁၄ ခုတွင် ထင်ရှားစွာဖြစ်ပျက်ခဲ့သောလေယာဉ်များဘေးရန်အန္တရာယ် ထိခိုက်ပျက်စီးမှုများကိုသာ အကျဉ်းချုပ်ပြဆိုခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၌လည်း လေယာဉ်များပျက်စီးဆုံးရှုံးမှုပေါင်း (၁၃) ခု ရှိခဲ့ပေသေးသည်။ သို့ဖြစ်ရာ ဤနေရာ၌ ကျွန်ုပ်ပြောချင်သည်မှာ ရာဟုဂြိုဟ်သည် ယင်း၏ဂြိုဟ်ဓာတ်သဘာဝဖြစ်သော လေဓာတ်နှင့်ပတ်သက်သည့် (ဝါ) ယင်းပိုင်စိုးသည့် လေဓာတ်နှင့်ပတ်သက်သော လေပြင်းမုန်တိုင်းများသာမက ယင်းပိုင်လေထုအတွင်း ဖြတ်သန်း သွားလာ သက်ဝင် လှုပ်ရှားရသော သက်မဲ့လေယာဉ်များကိုပါဘေးဒုက္ခများပေးနေကြောင်း ထင်ရှားသိစေလိုခြင်းပင် ဖြစ်ပေတော့သည်။

**ရာဟုဂြိုဟ်၏ အမည်ပညတ်ဓာတ်သဘောအရ ဘေးအန္တရာယ်ဖြစ်စေမှုများ**

ကျွန်ုပ်၏ လေ့လာတွေ့ရှိချက်များအရ ရာဟုဂြိုဟ်သည် ယင်း၏ စိုးမိုးရာအရပ်ဒေသ၊ ယင်း၏ ဓာတ်သဘာဝသဘောပရိယာယ်အရ ဆိုးကျိုးပေးဘေးအန္တရာယ်များဖြစ်စေသည်သာမက ယင်း၏ အမည်ပညတ်ဓာတ်သဘောအရ ယင်းနှင့် အမည်ပညတ်ဓာတ်ဝင်သော သက်ရှိ၊ သက်မဲ့တို့အားလည်း ကောင်းစွာဒုက္ခပေးကြောင်း တွေ့မြင်ပါသည်။ ဥပမာတစ်ခုပြောရပါသော် ကျွန်ုပ်တို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ယိုးဒယားနိုင်ငံ (ယင်းကို ကမ္ဘာက Thai ဟု ခေါ်သော်လည်း ကျွန်ုပ်တို့မြန်မာများကား ယင်းတို့ကို ယိုးဒယားဟုသာ ခေါ်ဝေါ်လေ့ရှိကြပေသည်။) ကြည့်ပါက ယိုးဒယားသည် ရာဟုနံ ရာဟုနံအက္ခရာဆုံးသောရာဟုအမည်ပညတ်ဝင်သောနိုင်ငံဖြစ်ပေသည်။ ထိုThaiခေါ် ယိုးဒယားနိုင်ငံ၏ အခြေအနေကို လေ့လာကြည့်ပါက ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင် ရာထူးမှဖြုတ်ချခံရပြီးကတည်းက ယိုးဒယားနိုင်ငံတွင် နိုင်ငံရေးအဓိကရုဏ်းပဋိပက္ခများ ကြီးမားကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့လေသည်မှာ လူများသေကျေပျက်စီးရသည်အထိ ကမ္ဘာသိဖြစ်ပျက်ခဲ့ရသည်။ ထို့နောက် ညီမဖြစ်သူ ယင်လတ်ရှင်နာဝပ်လက်ထက်ထိ နိုင်ငံရေးအခြေအနေတည်ငြိမ်မှုမရှိခဲ့ဘဲ နောက်ဆုံး ယင်လတ်ရှင်နာဝပ်ရာထူးမှနုတ်ထွက်ခဲ့ပြီး ထိုင်းတပ်မတော်မှ အာဏာသိမ်းယူခဲ့သည်မှာ ယနေ့အထိပင်။ အနည်းငယ်ပြန်ကြည့်လျှင် အစိုးရဆန့်ကျင်ရေးသမားအတိုက်အခံအင်အားစုများက ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၄ ခု၊ မေလအထိ ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။ နောက်ဆုံးလူထုအုံကြွပေါက်ကွဲလှုပ်ရှားမှုများ၊ ဗုံးခွဲခြင်း၊ လက်နက်များနှင့် ပစ်ခတ်ခြင်းများအထိပြုခဲ့ကြရာ လူ (၂၈) ဦး သေဆုံးပြီး (၈၀၀) ဒဏ်ရာရခဲ့ကြသည်။ ဇန်နဝါရီလ ၂၁ ရက်တွင် ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝပ်အစိုးရက အရေးပေါ်အခြေအနေကို ကြေညာခဲ့ရသည်။ ထို့နောက်တွင် ဥပဒေပြုတရားရုံးက ယင်လတ်နှင့်ဝန်ကြီး(၉)ဦးကို ရာထူးမှဖယ်ရှားလိုက်ရသည်။ နောက်ဆုံးတွင်ကား ဘုရင့်တပ်မတော်က မာရှယ်လောဥပဒေကိုထုတ်ပြန် ကြေညာလိုက်တော့သည်။ ထို့နောက် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အော်ချာက ဝန်ကြီးချုပ်တာဝန်ကိုယူလိုက်တော့သည်။

ကျွန်ုပ်တို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုယိုးဒယားနိုင်ငံအား လေ့လာကြည့်လျှင် ဗေဒင်ရှုထောင့်အရ ယိုးဒယားဟူသော အမည်သည် ရာဟု၏ဂြိုဟ်အက္ခရာဖြစ်သော 'ယ' ဖြင့်စ၍ 'ယ' ဖြင့်ပင်ပိတ်ထားသော ရာဟုအမည်စစ်စစ် ဖြစ်လေသည်။ ထို့အပြင် ဝန်ကြီးချုပ်အမည်မှာ ယင်လတ်ရှင်နာဝပ်ဖြစ်ပေရာ ဝန်ကြီးချုပ်မှာလည်း ရာဟုနံသင့်အမည်အက္ခရာ စိုးမိုးထားသောအမည်ပင်ဖြစ်နေတော့သည်။ ထို့ကြောင့်လည်း ယိုးဒယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေဆိုးကား ရာဟုဂြိုဟ်၏ ဟော့ရမ်းဆိုးသွမ်းရမ်းကားနှိပ်စက်ချက်ပင် ဖြစ်ပေသည်ဟု မှတ်ချက်ချလိုပေသည်။

တစ်ဖန် ရာဟုဂြိုဟ်၏ နံသင့်အက္ခရာ အမည်ပညတ်မကင်းသော မလေးရှားနိုင်ငံကိုကြည့်ပါလေ။ မလေးရှားနိုင်ငံအမည်တွင် 'ရှား'ဟူသောစကားလုံးသည် ရာဟုအက္ခရာအမည်တစ်ခုဖြစ်ပေသည်။ အကယ်၍ 'ရ' ကို ဗုဒ္ဓဟူးဟု ယူပါကလည်း ၄-ဟူးသည် ရာဟု၏ဝန်ဂြိုဟ်ဖြစ်သဖြင့် သာ၍ဆိုးပေသည်။ ထိုမလေးရှားနိုင်ငံ၏လေကြောင်းကုမ္ပဏီ (ရာဟုနှင့်သက်ဆိုင်နေပြန်၏။) ပိုင် ဖြစ်သော လေယာဉ်နှစ်စီး (ရာဟုအက္ခရာအမည် သက်မဲ့ပစ္စည်းများ ဖြစ်နေပြန်သည်) ဖြစ်သော MH-370, MH-17 တို့သည် MH-370 က ပေကျင်းသို့အသွား ထိုင်းပင်လယ်ကွေ့ထဲ၌ ပျောက်ဆုံးသွားပြီး MH-17 ကမူ ယူကရိန်းပြည်၌ ပစ်ချခြင်းခံခဲ့ရလေသည်။ မလေးရှားနိုင်ငံဆိုသည်မှာ ရာဟုနံသင့်အမည်စီးထားသောအမည်ဖြစ်ပြီး ရာဟုဓာတ်သဘောလေထုတွင်း၌ သွားလာလှုပ်ရှားရသောလေယာဉ်များဖြစ်သဖြင့် မလေးရှားနိုင်ငံသည် လေကြောင်းလုပ်ငန်း၌ တိုက်ခိုက်နေသလော (ဝါ) ရာဟုဂြိုဟ်ကြီး၏ ကြီးစိုးဆုပ်ကိုင်ဖမ်းစားခြင်းခံရသလောဟု စောကြောရဖွယ်ရှိနေလေခြင်း ဖြစ်ပေတော့သည်။

ထို့အပြင် ရာဟုဂြိုဟ်၏ အက္ခရာအမည်ပေါက်ရှိသော (ဝါ) ရာဟုဂြိုဟ်၏ အမည်ပညတ် ဓာတ်သင့်ဝင်သော ကမ္ဘာ့နိုင်ငံများကို ကြည့်ပါလေက 'ယူကရိန်းနိုင်ငံ' ကို ထောက်ပြရပါလိမ့်မည်။ ယူကရိန်းနိုင်ငံ၏အမည်သည် ရာဟုဂြိုဟ်နံအက္ခရာ 'ယ' နှင့် 'ရ' တို့ဖြင့်အစပြု၍ အဆုံးသတ်ထားပေရာ ရာဟုဂြိုဟ်၏အမည်ပညတ်ဓာတ်သက်အပြည့်အဝဝင်သောနိုင်ငံဟု ဆိုရပေမည်။ ထိုယူကရိန်းနိုင်ငံမှာလည်း လွန်ခဲ့သော ၂၀၁၁ ခုမှစတင်၍ ယခုအထိ ရုရှားခွဲထွက်ရေးသမားများ၊ ရုရှားလိုလားသူများနှင့် အနောက်အုပ်စုလိုလားသူများ လက်နက်ကိုင်ပဋိပက္ခများဖြစ်လျက် ပြည်တွင်းစစ်မီးဟုန်းနေသည်မှာ ယခုထိမအေးချမ်းသေး။ ပြည်သူပေါင်းများစွာအသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးနေကြရပေသည်။ ထို့အပြင် ယူကရိန်းနိုင်ငံသည်လည်း အရပ်မျက်နှာအားဖြင့် ရာဟုဂြိုဟ် စိုးမိုးရာအရပ်ဖြစ်သော အနောက်မြောက်အရပ်နှင့် ကောင်းစွာမလွတ်ချေ။

(ဆက်ရန်)

ကြီးဒေသနာ-ဆရာဒေယျာသင်း
(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com

www.burmeseclassic.com


နောင်ဂရောင်ချောင်း ဆိုတာက ကျုပ်တို့ ရေလဲ(မြင်သာ)ရွာရဲ့အနောက် တောင်ယွန်းယွန်းလောက်မှာ ရှိတယ်။ ကျုပ်တို့ရွာနဲ့တော့ နှစ်မိုင်ဝန်းကျင် လောက်ဝေးတယ်။ အဲဒီနေရာဟာ ကျုပ်တို့ရွာက ကျွဲ၊ နွားစားကျက်မြေလို့ ပြောရင်ရတယ်။ ခိုတောင်းရွာနဲ့ မဲဇလီ ရွာက ကျွဲ၊ နွားတွေလည်းရောက်လာ တတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာဟာ ကျုပ်တို့ရွာနဲ့ ခုနက မဲဇလီရွာတို့၊ ခိုတောင်းရွာတို့ဆိုတာ သုံးပွင့်ဆိုင်လိုရှိနေတယ်။ အဲဒီသုံးပွင့် ဆိုင်ရဲ့ အလယ်နေရာရေချောင်းကရှိနေ လို့ပါပဲ။

ဒီနေရာတစ်ဝိုက်မှာ ကျောက် စလစ်ခဲဆန်တဲ့သဲသောင်ပြင်လိုကွက်လပ် ကလေးတစ်ခုကလည်းရှိနေသေးတယ်။ ဧကတစ်ဆယ်လောက်တော့ရှိမယ်ထင် ရတယ်။ ကွက်လပ်ဆိုလို့ ဒီနေရာတစ်ခု ပဲရှိတယ်။ ကျန်တဲ့နေရာတွေမှာတော့ ပေလေး၊ ငါးဆယ်လောက်မြင့်တဲ့ သစ် တောသစ်ပင်တွေချည်းပါပဲ။ အောက် ခြေမှာလည်း ကြိမ်ဆူးတောတွေ၊ ချုံနွယ် ပင်တွေက ပိတ်ပေါင်းနေအောင် တော က ထူလှပါတယ်။ သားရဲတိရစ္ဆာန်တွေ ခိုအောင်းလို့ကောင်းပေမယ့် ကျားတို့၊ ဝက်ဝံတို့ကတော့ ခိုတောင်းတောင်ပေါ် မှာပဲနေကြတာပါ။

ကျန်တဲ့ ဒရယ်၊ ချေ၊ တောဝက် အဲဒါတွေကတော့ လာပြီးခိုအောင်းနေ ကြတာပေါ့။ တောကြက်၊ ရစ်၊ ဒေါင်း၊ မျောက်၊ တောကြောင် ဒါတွေကတော့ ပေါတယ်။

သောင်ပြင်ကွက်လပ်ရဲ့ အလယ် လောက်ကိုဖြတ်ပြီး စီးဆင်းနေတဲ့ နောင် ကရောင်းချောင်းဟာ နွေရာသီမှာ လူတစ်ရပ်ဝန်းကျင်လောက်သာ နက် တာပါ။ ဒါကြောင့် ကျွဲတွေအတွက် ရေ စိမ်လို့ကောင်းသလို နွားတွေအတွက် လည်း ရေသောက်လို့ရတာပေါ့။

ကျွဲ၊ နွားတွေဟာ ရွာကနေပြီး ထွက်လာခဲ့ကြပြီဆိုတာတာနဲ့ လမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်မှာ တွေ့ခဲ့ရတဲ့ အစားအစာတွေကိုစားရင်း တဖြည်းဖြည်းနဲ့ တိုးလာကြတယ်။ မွန်းလွဲပိုင်းလောက်ရောက်ပြီဆိုတာနဲ့ အဲဒီကွက်လပ်ပြင်ကြီးကို စုရုံးလို့ ရောက်ရှိလာခဲ့ကြတော့တာပါပဲ။

တစ်နေကုန်ဆိုသလို ကျွဲ၊နွားတွေနဲ့ ခလောက်သံတွေနဲ့ ဆူညံနေတော့တာပေါ့။ ငှက်မျိုးစုံတွေကလည်း အဲဒီတစ်လျှောက်ကိုလာပြီးစုစည်းတတ်ကြသေးတယ်။ ဗျိုင်း၊ ဗျိုင်းအောက်၊ သပိတ်လွယ်ငှက်၊ ဆက်ရက်၊ တစ်တီတူး၊ ရေကြက်နှင့် ဘုတ်ငှက်တို့ပါပဲ။

အဲဒီငှက်တွေထဲမှာ တစ်တီတူးငှက်ဟာ အခြားငှက်တွေလို သစ်ပင်ပေါ်မှာတက်ပြီး အသိုက်လုပ်တာမဟုတ်ဘဲ သဲသောင်ပြင်မှာတင် အသိုက်လုပ်ကြတာပါ။ ကျွဲချေးခြောက်၊နွားချေးခြောက်တွေကို လိုက်ကောက်ပြီး မသိမသာကလေးအသိုက်ဖွဲ့လို့ ဥတွေဥကြတာပါ။ တော်ရုံတန်ရုံနဲ့တော့ သူတို့ရဲ့ဥကို မြင်ရဖို့ဆိုတာ မလွယ်လှပါဘူး။ သူတို့ဥမှာလည်း အစက်အပြောက်ကလေးတွေနဲ့ဆိုတော့ အခြားအမှိုက်သရိုက်တွေနဲ့ ရောထွေးနေတာကိုး။

အဲဒီ ကွက်လပ်ကလေးကနေပြီး တောင်ဘက်ကိုကြည့်လိုက်ရင် ခိုတောင်းတောင်ပါပဲ။ မဝေးပါဘူး။ အများဆုံးရှိမှ ကိုက်တစ်ထောင်ကျော်လောက်ပါပဲ။ ကျွဲ၊ နွားတွေက အဲဒီတောင်ပေါ်ကိုလည်း မတက်ကြပါဘူး။ ရေချောင်းရှိတဲ့ သောင်ပြင်မှာပဲ လာပြီးပျော်ပါးကြတာပါ။

နေစောင်းပြီဆိုရင်တော့ ကျွဲ၊ နွားရှာတဲ့သူတွေ ဒီတစ်လျှောက်ကို တဖွဲဖွဲနဲ့ ရောက်လာကြတယ်။ပြီးတော့ မောင်းပြီး ပြန်သွားကြတာပေါ့။ အဲဒီလို တဖြည်းဖြည်းနဲ့မောင်းပြီးပြန်သွားကြပြီးပြီဆိုရင်တော့ တစ်နေကုန်ဆူညံခဲ့ကြသလောက် တစ်ညလုံး တိတ်ဆိတ်သွားပြန်ပါလေ

# ချစ်ဆိုင်

## အရှင်ကြီးနတ်ကိုကျွဲရှာခိုင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ရော။ ဒီအခါမှာတော့ ညဥ့်ငှက်နဲ့သားရဲ တိရစ္ဆာန်တို့ရဲ့အလှည့်ကိုရောက်ခဲ့ရပြန်ပြီ ဆိုပါတော့။ သားရဲတိရစ္ဆာန်တွေက တစ်နေကုန် ပုန်းအောင်းနေခဲ့ကြရပြီး ညအခါရောက်မှ တောထဲတောင်ထဲ ချုံနွယ်ထဲကထွက်လာပြီး လာရောက် စုဝေးလို့ ပျော်ပါးစားသောက်ကြပြန် တယ်။ ဒီလိုနည်းနဲ့ နေ့ရောညပါ သက် ဝင်လှုပ်ရှားနေတဲ့နေရာကြီးပါပဲ။

❏

ကျုပ်ဟာ အဲဒီနေရာကို နေ့တိုင်း ရောက်ဖြစ်တယ်။ ကျွဲရှာရတယ်လေ။

တစ်နေ့မှာတော့ ကျုပ်က အဲဒီကို ကျွဲသွားရှာတော့ မတွေ့ဘူးဖြစ်နေတယ်။ ကျုပ်ရဲ့ကျွဲက အဲဒီမှာပဲအနေများတာပါ။ ဒါနဲ့ပဲ ကျုပ်ကပြန်ပြီးဆန်တက်လာရပြန် တယ်။သဲသောင်ပြင်တစ်လျှောက်ကိုပြန် ရောက်ခဲ့တော့ ကျွဲ၊ နွားတွေတောင်နည်း ပါးစပြုနေပြီ။ပိုင်ရှင်တွေကလာပြီးမောင်း သွားကြလို့ပါ။ ဒါပေမယ့် ကျုပ်အိမ်က ကျွဲတွေကိုတော့ဖြင့် ခုထိမတွေ့သေးဘူး။

ဒါနဲ့ပဲ ကျုပ်က ချောင်းအတိုင်း ဆန်တက်ခဲ့ပြန်တယ်။ အထက်ဘက်မှာ က ကျွဲတွေအိုင်လူးတတ်တဲ့နှစ်နေရာရှိ တယ်။ ဗွက်အောင်ဖော်အင်းရယ်၊ နောင် ဆမ်ခါးအင်းရယ်ပေါ့။ ကျုပ်က ချောင်း တစ်လျှောက်ကိုလည်း ကြည့်လာရင်နဲ့ ဗွက်အောင်ဖော်အင်းကိုရောက်ခဲ့တယ်။ အခြားကျွဲ (၄)၊ (၅)၊ (၆) ကောင် တွေ့ရ ပေမယ့် ကျုပ်ရဲ့ကျွဲကိုတော့မတွေ့ဘူး။

ဒါနဲ့ ကျုပ်က စိတ်ဆတ်သူပီပီ ဒေါသကလည်း အနည်းငယ်လောက် ထွက်လာပြီ။ အချိန်ကလည်း သိပ်မရှိ တော့ဘူး။ ပြီးတော့ မောကလည်းမော လာနေပြီ။ ဒီတော့ ခိုတောင်းရွာကိုကြည့် ပြီး ခိုတောင်းရွာက အရှင်ကြီးကိုတိုင် တည်လိုက်တယ်။

"ခိုတောင်းရွာက အရှင်ကြီးနတ် ရေ၊ ငါ့ကျွဲကို ရှာပေးဦး။ ငါတို့ပူဇော်ပသ တဲ့မုန့်ပဲသရေစာတွေကြတော့ စားပြီး ငါတို့ဒုက္ခရောက်နေတာကိုတော့ လှည့် မကြည့်ဘူးဆိုရင်မဟုတ်သေးဘူး။အမြန် ဆုံးလာပြီး ရှာကူပါဦးဗျို့"

အဲဒီလို (၃)၊ (၄)ခါမက တိုင်တည် ပြီး နောင်ဆမ်ခါးအင်းဘက်ကို ချီတက် ခဲ့ပြန်တယ်။ ကျုပ်ကကျုပ်တို့ရေလဲရွာက အရှင်ကြီးနတ်ကို မတိုင်တည်ပါဘူး။ ကျုပ်တို့ရွာမှာလည်း ရှိသားပဲ။ ကျုပ်တို့ ရွာမှသာ မဟုတ်ပါဘူး။ အခြားရွာတွေ မှာလည်း အရှင်ကြီးနတ်ကွန်းတွေနဲ့ရှိနေ ကြတာပါ။ ကျုပ်က ကျုပ်တို့ရွာရဲ့အရှင် ကြီးနတ်ကို မတိုင်တည်ဘဲ ခိုတောင်းရွာ ကနတ်ကို ဘာကြောင့်တိုင်တည်ရလဲဆို တော့ နတ်တွေမှာလည်း ကျုပ်တို့လူတွေ လို သူ့အုပ်စုနဲ့သူရှိပုံရတယ်။

ဆိုပါစို့-ကျုပ်တို့လူတွေမှာလည်း ဘယ်ရွာအုပ်စု၊ ဥပမာ ရေလဲရွာအုပ်စု၊ မြင်သာရွာအုပ်စုဆိုပြီးတော့မှ လေး၊ ငါး ရွာကို တစ်အုပ်စုဆိုပြီး အုပ်စုဖွဲ့လို့နေ ကြသလိုမျိုးပါ။

ကျုပ်တို့ရွာကအရှင်ကြီးကတော့ ဖြင့် ခိုတောင်းရွာအရှင်ကြီးနတ်ရဲ့အုပ်စု ထဲမှာ ပါဝင်တယ်။ ခိုတောင်းရွာအရှင် ကြီးနတ်ရဲ့အုပ်စုထဲမှာ ငိုးပင်းရွာအရှင် ကြီးနတ်ရယ်၊ ကျုပ်တို့ရွာက အရှင်ကြီး နတ်ရယ်၊ မဲဇလီရွာကအရှင်ကြီးနတ်ရယ်၊ ခိုတောင်းရွာက အရှင်ကြီးနတ်ရယ်ပါ တယ်။ ရွာလေးရွာဆိုပါတော့။ အဲဒီ အရှင်ကြီးနတ်တွေထဲမှာ ခိုတောင်းရွာ အရှင်ကြီးနတ်က အကြီးဆုံး။ သူက အဓိပတိခေါင်းဆောင်ဆိုပါတော့။ ဒါ ကြောင့် ကျုပ်က အဲဒီဂိုဏ်းချုပ်အရှင် ကြီးနယ်ကို တိုက်ရိုက်တိုင်တည်လိုက် တာပါ။ သူမအားရင် အခြားသောအရှင် ကြီးနတ်တွေကို သူကတစ်ဆင့်ခိုင်းလို့ ရတယ်မဟုတ်လား။ အဲဒါကြောင့်ပါ။

နောင်ဆမ်ခါးအင်းကိုရောက်တော့ လည်း ကျုပ်ရဲ့ကျွဲကို မတွေ့ပါဘူး။ ဒါနဲ့ပဲ ကျုပ်က အရှင်ကြီးနတ်တွေကို မြည်တွန် တောက်တီးရင်း သောင်ပြင်ရှိရာဆီကို ပြန်စုန်ဆင်းခဲ့တယ်။ ပြောခဲ့ပြီးသားပဲ၊ ကျုပ်က စိတ်ဆတ်တယ်လေ။ ဒီနေ့ မရရအောင်ရှာမယ်ဆိုတဲ့ ဒေါသစိတ် ကလေးကလည်းရှိနေတာကိုး။

နေဝင်စပြုနေပါပြီ။ ကျေးငှက် တွေလည်း အိပ်တန်းရှိရာဆီ ပျံသန်းနေ ကြပါပြီ။ ကျုပ်ကတော့ သောင်ပြင်ဝန်း ကျင်လောက်ပြန်ရောက်လို့မှ မတွေ့ တော့ရင် ရွာပြန်မယ်ပေါ့။ ဒီလိုနည်းနဲ့ တောတိုးရင်း စုန်လာခဲ့တယ်။ ကျွဲ၊ နွား ခလောက်သံတွေကလည်း အတော်က လေးကို တိတ်ဆိတ်စပြုလာပါပြီ။ ဒါ ပေမယ့် ကျုပ်က လရောင်အားကိုးနဲ့ ရှာ ပြန်နိုင်တယ်ဆိုတဲ့စိတ်ခွန်အားနဲ့ စုန်ဆင်း လာခဲ့တာပါ။

သောင်ပြင်တစ်ဝိုက်ကိုပြန်ရောက် တော့ လမင်းရဲ့အလင်းရောင်သက်သက် သာရှိနေပါတော့တယ်။ ပိုင်ရှင်ပြန်လာ မမောင်းတဲ့ ကျွဲ (၄)၊ (၅)၊ (၆)ကောင် လောက်တော့တွေ့ရပါတယ်။ ခိုတောင်း တောင်ပေါ်မှာတော့ ဒေါင်းတွန်သံ၊ မျောက်အူသံတွေကြားနေရပြီး တစ်ခါ တစ်ရံမှာ ချေဟောက်သံနဲ့ ဆတ်တစ်သံ တို့ပါ ကြားနေရတယ်။ တစ်တီတူးရဲ့ ပျံ့ဝဲ လို့အော်မြည်နေသံက ကျုပ်ရဲ့နားထဲမှာ စူးစူးရှရှနဲ့တိုးဝင်လို့နေတယ်။ ပတ်ဝန်း ကျင်မှာတော့ တဖြည်းဖြည်းချင်း တိတ် ဆိတ်လို့ လူနေတဲ့လည်းမရှိဆိုတော့ ရွာ ကိုပြန်ဖို့ဆုံးဖြတ်လိုက်ပြီး နှုတ်ကလည်း-

"အရှင်ကြီးနတ်တို့ရေ၊ ခင်ဗျားတို့ ရဲ့စေတနာမေတ္တာတွေကိုကျုပ်သိရပါပြီ။ အခက်အခဲရှိလို့ အကူအညီတောင်း လိုက်ကာမှတစ်ခါဆိုဆိုသလိုပဲ။ ထားပါ။ နောက်နေ့မှပဲ ကိုယ့်အားကိုယ်ကိုးပြီးလာ ရှာတော့မယ်"

ပြောဆိုပြီး ရွာရှိရာဘက်ဆီကို တောတိုးလို့ပြန်ခဲ့ရတယ်။ သစ်တောသစ် ပင်တွေက ထူထပ်နေလေတော့ လရဲ့ အလင်းရောင်ကလည်း သိပ်ပြီးအသုံး မဝင်ချင်တော့ဘူး။ သွားလို့တော့ရတာ ပေါ့။ ဒါပေမယ့် ခက်ခဲတယ်လို့ဆိုလို တာပါ။ အတော်အတန်သားကောင် လောက်ကိုတော့ ကျုပ်ကသိပ်ပြီးမမှုပါ ဘူး။ အဲဒီဓားကို ကျုပ်က ဓားအိမ်နဲ့ သေသေချာချာ ပြုလုပ်ထည့်သွင်းထား ပြီး ကျုပ်ရဲ့ခါးမှာစစ်ခါးပတ်နဲ့တွဲလို့ချိတ် ထားတာပါ။ တောထဲသွားတိုင်းပါနေကျ ဆိုပါတော့။

တော်တော်ကလေးတိုးလာပြီးတဲ့ အခါ ကွင်းပြင်တစ်ခုကို ကျုပ်ဝင်ရောက် ခဲ့ရတယ်။ ဘေးဘီကိုလျှောက်ကြည့် တော့ ဟောဗျာ - ခုနက ကျုပ်ထွက်ခဲ့တဲ့ သောင်ပြင်ကို ပြန်ဝင်နေပါပေါ့လား။ ဒါနဲ့ တစ်ခါ ကျုပ်ကသောင်ပြင်ကိုကျော ခိုင်းပြီး ရွာရှိရာဘက်ဆီကို တောတိုးလို့ ပြန်ခဲ့ရပြန်တယ်။ တိုးရင်းတိုးရင်းနဲ့တော အုပ်ကို လွန်လာတယ်။ ဘေးဝဲ၊ ယာကို လျှောက်ကြည့်တော့ ဟောဒီသောင်ပြင် ကိုပဲ ပြန်ရောက်ခဲ့ရပြန်ပြီပဲ။ ဒီလိုနဲ့ တတိယအကြိမ် ဆက်ပြီးရွာရှိရာဆီသို့ တိုးရပြန်ပြီပေါ့။ မတိုးလို့ဘယ်ရမှာလဲ ဒီမှာက ညအိပ်စရာမှမရှိတာ။ မိုးလင်း ခါမှလင်းရော။ ရွာမရောက်မချင်းတိုးနေ ရမှာပဲ။ဘယ်လိုတွေဖြစ်နေပါလိမ့်။ အံ့ဩ စရာပါပဲ။

ကျုပ်က လက်စွဲတော်ဓားကို အသင့်ကိုင်ပြီး ခပ်သုတ်သုတ်ကလေး တောတိုးပြီးခရီးဆက်ခဲ့ရတယ်။ အတော် လောက်ခရီးပေါက်လာတော့ ကွက်လပ် တစ်ခုကို တွေ့ရပြီ။ ဒါက ကျုပ်တို့ရွာ အစပ်က ကုန်းခင်းလုပ်တဲ့နေရာပဲ မယ်ဆိုပြီးလျှောက်ကြည့်တော့ လား



www.burmeseclassic.com

www.burmeseclassic.com

လား - ခုနကသောင်ပြင်ကွက်လပ်ကိုပဲ ပြန်ရောက်နေရပါပေါ့လား။

ကျုပ်ရဲ့ခန္ဓာကိုယ်မှာ ချွေးတွေချွဲနစ်နေရသလိုမောလည်းနေပြီ။ တောတိုးချင်စိတ်လည်းမရှိတော့ဘူး။ တစ်ကိုယ်လုံး နုံးချည့်ပြီးခွေယိုင်လို့နေလေပြီ။ ခဏတစ်ဖြုတ်တော့ ထိုင်ပြီးအမောဖြေချင်စိတ်တွေလည်းဝင်လာတယ်။

ညဥ့်ငှက်တွေကလည်း ကျုပ်နားတစ်လျှောက် တဂီးဂီးတဂဲဂဲနဲ့အော်မြည်လို့ပျံသန်းနေကြတယ်။လရဲ့အလင်းရောင်တွေကရှိနေပေမယ့် ကျုပ်ရဲ့အာရုံထဲမှာ အမြင်တွေက မှုန်ဝါးစပြုလာပြီ။ ရေကဆာ၊ ဗိုက်ကဆာနဲ့ ဝေဒနာတွေက စုပြုံလို့ ခံစားနေရပြီ။ ဒါကြောင့် ချုံအစပ်နားတစ်နေရာမှာ ကျုပ်ဖင်ထိုင်ချပြီးနားလိုက်ရတော့တယ်။

အဲဒီလို နားနေရင်းနဲ့ ကျုပ်ရဲ့နောက်နားက လှုပ်ရှားမှုတစ်ခုလိုလိုမျိုးကြားလိုက်ရတယ်။ သက်သာမကင်းလို့ကြည့်တော့ ဒူးဆစ်နီးပါးလောက်မြင့်တဲ့ ရေမှုပ်လိုလိုအပုံကြီးတစ်ခုကို တွေ့ရတော့တာပါပဲ။ ဆပ်ပြာရည်လိုအမြှုပ်နဲ့ တူတယ်။ ဒါပေမယ့် ရေမြှုပ်လုံးတွေက ကြွက်သီးလုံးဝန်းကျင်တွေလောက်ကြီးတာ ။ ရေမြှုပ်လုံးတွေကအရောင်မျိုးစုံပါပဲ။ အဖြူ အနီ၊ အဝါ၊ အစိမ်း၊ အပြာ၊ ခရမ်းရောင်၊ ခရမ်းရောင် စသည်ဖြင့်ပါ။ ကျုပ်က အဲဒီရေမြှုပ်ပုံကြီးကိုကြည့်ပြီး ဘယ်လိုစိတ်ကူးမိလာတယ်မသိပါဘူး။ အဲဒါကြီးကို လက်နဲ့သွားကိုင်ချင်လာတယ်၊ တစ်ခါမှလည်း မမြင်ဘူးဘဲကိုး။ အရောင်စုံပတရောင်စဉ်အလုံးတွေဟာ ကျုပ်ကိုကိုင်ချင်လာအောင် ဆွဲဆောင်နေကြသလား။ တွေးရင်းတွေးရင်းနဲ့ ကျုပ်ရဲ့ ညာဘက်လက်နဲ့ အဲဒီရေမြှုပ်ပုံကြီးကို လှမ်းကိုင်မယ်အပြုမှာ -

"မောင်ဖေရေ၊ ဟေး မောင်ဖေ"

ကျုပ်နာမည်ကို အော်ခေါ်ပြီးလာတဲ့လူတစ်စုရဲ့အသံကို မသဲမကွဲကြားတယ်၊ ဒီအခါ ကျုပ်ရဲ့လက်ကိုပြန်ရုပ်ပြီး ခေါ်သံရှိရာကိုနားစွင့်နေလိုက်တယ်။ ခေါ်သံတိတ်ဆိတ်သွားပြန်တော့ ကျုပ်က နောက်တစ်ခါ အဲဒီရေမြှုပ်ပုံကြီးကို လှမ်းကိုင်မယ်ကြံပြန်ရော ကျုပ်ရဲ့လက်က ရေမြှုပ်ကြီးကိုလှမ်းဆွဲမယ်လုပ်လိုက်ပြန်တော့ -

"မောင်ဖေရေ၊ ဟေး-မောင်ဖေ၊ ဘယ်မှာလဲ၊ ငါတို့လာပြီ"

ကျုပ်ရဲ့လက်ကို နောက်ပြန်ဆုတ်ပြီး ကျုပ်ကို ခေါ်နေတဲ့လူတစ်စုရဲ့အသံကို နားစွင့်ပြန်တယ်။ နောက်ဆုံး မထူးတော့ပါဘူး။ ဒါကြီးဟာ ဘာကြီးလဲဆိုတာသိရအောင် ကိုင်ကြည့်ပြီးမှဆိုပြီး စိတ်ကဖြစ်လာတယ်။ ဒါကြောင့် ကျုပ်က နောက်ပြန်လှည့်ပြီး အဲဒီရေမြှုပ်ပုံကြီးကိုကိုင်မယ်အပြု ကျုပ်ရဲ့ခန္ဓာကိုယ်ကြီးကို လူတစ်ယောက်က နောက်ကနေပြီး ဆောင့်ဆွဲတာကိုခံလိုက်ရတယ်။

ကျုပ်က အိပ်မပျော်တပျော်ဖြစ်နေချိန် လန့်ဖျပ်ပြီး အိပ်ရာကနိုးထလာရသူလိုဖြစ်သွားတယ်။ အသိသတိတွေဝင်လာပြီးကြည့်လိုက်တော့ ကျုပ်တို့ရွာကလူတွေ မီးတုတ်တဝင်းဝင်း၊ ခွေးတစီစီနဲ့ ကျုပ်နောက်ကိုလိုက်ပါခဲ့ကြတာကိုး။ ဒါက ကျုပ်တို့အရပ်ဒေသရဲ့ဓလေ့တစ်ခုလိုဖြစ်နေပါတယ်။ ဘယ်သူတောထဲပျောက်ပျောက် လူပျောက်ရှာပုံတော်ကတော့ အခုလိုပါပဲ။

တောထဲတောင်ထဲကိုသွားတဲ့သူ တော်တော်နဲ့ ပြန်မရောက်ဘူး၊ လမ်းပျောက်နေပြီလို့ သံသယဖြစ်ပြီဆိုတာနဲ့ ခုလိုပဲလူစုလူဝေးနဲ့လိုက်ရှာကြရတာပါ။ သားရဲတိရစ္ဆာန်တွေရဲ့ရန်ကကြောက်ရသလို နတ်ဝှက်ခံရမှာကိုလည်း စိုးရိမ်ရပါတယ်။ ဘယ်လိုအခြေအနေမှာမဆို လိုက်ရှာကြရသည်သာဖြစ်တယ်။

ကျွန်ုပ်၏ဖခင်က ကျုပ်ကို ပြေးထူပြီး -

"သားရယ်၊ ကျွဲမတွေ့လည်း ဘာဖြစ်လဲ၊ ခပ်စောစောလေးပြန်ခဲ့ရောပေါ့။ ဒီနေ့မတွေ့လည်း နောက်နေ့ဆက်ရှာလို့ရနေတာပဲဥစ္စာ"

ဟု ပြောသည်။

ဒီအချိန်မှာ ကျုပ်ထိုင်ခဲ့တဲ့နေရာကို ခွေးတွေက ဝိုင်းပြီးထိုးဟောင်နေတာကို သတိပြုမိလိုက်တယ်။ ရွာသားတွေကသွားကြည့်တော့ -

"ဟာ-မြွေကြီးဟ၊ မြွေကြီး။ စပါးကြီးမြွေဗျ"

"ဟုတ်ပ့ါဗျာ၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး။ ပေါင်လုံးနီးပါးလောက်ရှိတယ်ဗျို့၊ သူ့ရှေ့မှာလည်း ချွဲတွေအန်ထုတ်ထားတာတစ်ပုံကြီးပဲ"

"သတ်၊ သတ်။ မြန်မြန်သတ်ဟေ့"

တစ်ယောက်တစ်ပေါက်အော်ဟစ်နေကြတယ်။

ဒီအချိန်မှာ ကျုပ်တို့ရွာကသက်ကြီးပိုင်းလောက်ရောက်နေပြီ ဖြစ်တဲ့ ဦးထွန်းရှိန်က -

"ဟေ့ဟေ့-အဲဒါသွားမလုပ်ကြနဲ့ဟေ့၊ ဒုက္ခရောက်ကုန်လိမ့်မယ်"

"သတ်ပစ်မှုရမှာပေါ့။ ကြည့်စမ်းသူ့ပါးစပ်ထဲက ချွဲတွေအန်ထုတ်ပြီး မောင်ဖေကို လှည့်စားနေတာ။ လှည့်စားနေတယ်ဆိုတာ ညို့ယူနေတာပေါ့။အဲဒါကြောင့် မောင်ဖေရွာကိုပြန်မရောက်နိုင်ဘဲ ဖြစ်နေတာ"

"ဟုတ်တယ်၊ ဟုတ်တယ်။ ငါတို့အရောက်ဦးခဲ့လို့ပေါ့ကွာ။ မဟုတ်ရင် မောင်ဖေ မြွေအမျိုခံရပြီသာမှတ်တော့"

အမျိုးမျိုးပြောဆိုနေကြသည်။

ဦးထွန်းရှိန်က -

"မင်းတို့ကို ငါပြောပြမယ်။ မြွေကိုချည်း အပြစ်တင်မနေနဲ့။ ကျွဲလာရှာတဲ့မောင်ဖေကကော ဘာတွေများပြောမှားဆိုမှားလုပ်မိခဲ့လည်းမှမသိတာ။ ဒီမှာက တော့ ကြမ်းတာလည်း မင်းတို့အသိပဲ။ ဒီမြွေက ရိုးရိုးမြွေမဟုတ်နိုင်ဘူး။ ဒါကြောင့် ဘာမှမလုပ်ကြနဲ့၊ ငါပြောတာနားထောင်"

ဒီအချိန်မှာ ကျုပ်က ကောင်းကောင်းကြီးသတိရနေပါပြီ။ ဒါပေမယ့် ဘာမှတော့ ဝင်မပြောချင်တော့ပါ။

ဦးထွန်းရှိန်က -

"ကဲကဲ - ဘာမှပြောမနေကြနဲ့တော့၊ ငါတို့ပြန်ကြမယ်"

ဒီလိုနဲ့ပဲ ကျုပ်ကရွာကိုပြန်ရောက်ခဲ့တယ်ဆိုပါတော့။

❑

ပြန်တွေးကြည့်တော့ ကျုပ်အဖြစ်က လူတွေသိရင် ရယ်စရာကြီးပါ။ ကိုယ့်ဟာကို အသုံးမကျလို့ ကျွဲရှာမတွေ့ရင်လည်း ရွာကိုအေးအေးဆေးဆေးပြန်ခဲ့ရင် ရလျက်သားနဲ့ ခုတော့ ဒီလိုမဟုတ်ဘူး၊ အရှင်ကြီးနတ်ကိုမှ ကျွဲသွားရှာကူခိုင်းတယ်။ ရှာကူခိုင်းပြန်တော့လည်း သူ့တစ်ဖက်သား စေတနာထားလာအောင် မပြောဆိုတတ်ဘူး။ အထက်စီးကနေ ပြောဆိုတယ်။ စေတနာမဲ့ပြီး ဒေါသဖြစ်အောင်ပြောတယ်။

ဒီတော့ အရှင်ကြီးနတ်ကို ကျွဲရှာကူခိုင်းခဲ့တဲ့ ကျုပ်ဟာ ကျွဲကို မတွေ့ရဘဲ ကံကောင်းလို့မသေ သံချောင်းတို့အဖေဆိုသလိုမျိုးဖြစ်ခဲ့ရပါပေါ့လား အရပ်ကတို့ရေလို့သာ အော်ဟစ်ပြီးပြောလိုက်ချင်ပါတော့တယ်ခင်ဗျား။


*ရှင်လန်းချမ်းမြေ့ကြပါစေ*

ချစ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com




## ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)

# ဝေသာလီမြို့ဟောင်းတူးဖော်မှု ကုန်းအမှတ် (VSL.9)

တူးဖော်သုတေသနပြုလုပ်သည့် အမှတ် (VSL.9) သည် တူးဖော်သုတေသနပြုလုပ်ပြီးဖြစ်သည့် ကုန်းအမှတ် (VSL.7) ၏ တောင်ဘက်၊ တူးဖော်သုတေသနပြုလုပ်ပြီးသည့် ကုန်းအမှတ် (VSL.10) ၏ အရှေ့မြောက်ဘက်တွင် တည်ရှိနေပါသည်။ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.13) ၏ အနောက်ဘက်တွင် ကျရောက်ပါ၏။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် ၂၀ ၃၉ ၃၇၊ အရှေ့လောင်ဂျီတွဒ် ၉၃ ၈ ၃၀ တွင် တည်ရှိပါသည်။

လယ်ကွင်းကြီးများ၊ အိမ်ရာကြီးခေါ် သိင်္ဂစန္ဒြာအိမ်ရာနှင့် ဝေသာလီချောင်း လက်တက်၊ ရန်ကုန်-စစ်တွေကားလမ်း၊ မင်းဘူး-စစ်တွေရထားလမ်းနှင့် ဝေသာလီရွာတို့ရှိပါသည်။ မြောက်ဘက်တွင် ရေတွင်း၊ လယ်ကွင်းများနှင့် ဝေသာလီချောင်းတို့ တည်ရှိပါသည်။ အနောက်ဘက်တွင် လယ်ကွင်းများ၊ ဝေသာလီကျောက်လှေကား အနောက်ဘက်မြို့ရိုးနှင့် ပီပင်ရင့်ရွာတို့ တည်ရှိပါသည်။

တောင်ဘက်နှင့်အနောက်တောင်ဘက် တချို့၊ မြို့တံခါးဘုရား ဝေသာလီ ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 10) နှင့် ပီပင်ရင့်ရွာဝင်လမ်းတို့ဖြင့် ဝိုင်း လျက်ရှိပါသည်။


တူးဖော်မှုကုန်းသည် အရှေ့ အနောက် (၃၂) ပေခန့်နှင့် တော မြောက်လည်း (၃၂) ပေခန့်ရှိပါသည် မတူးဖော်မီ ဤကုန်း၏ အမြင့် ပတ်ဝန်းကျင်မြေရှိ အနိမ့်ဆုံး တိုင်းလျှင် (၃) ပေကျော်ခန့်ရှိသည်



www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် ( VSL.9) မြောက်ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ




တွေ့ရှိရပါသည်။ ကုန်းပေါ်တွင် ချုံနွယ်ပင်များပေါက်ရောက်ပြီး ချုံနွယ်ပင်များအောက်ကုန်းအလယ်တွင် ကျောက်ဆစ်ပလ္လင်ကျောက်တုံးများ ပြန့်ကျဲစွာတွေ့ရှိရပါသည်။ ပလ္လင်ကျောက်ဆစ်လက်ရာကျောက်တုံးများနောက်တွင် ဆင်းတုတော်ကျိုးတစ်ဆူကို ဖူးတွေ့ရပါသည်။

တူးဖော်သုတေသနပြုလုပ်ခဲ့သော ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် ( VSL.9) သည် နှောင်းခေတ်သူတို့၏နှောင့်ယှက်ဖျက်ဆီးမှုကို များစွာခံထားရသော ကုန်းတစ်ကုန်းပင် ဖြစ်ပါသည်၊ တူးဖော်မှုကုန်းသည် သိုက်ဆရာများ သိုက်တူးမှုကြောင့် ကျောက်ဆစ်လက်ရာပလ္လင်ပျက်စီးပြီး ဆင်းတုတော်လည်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်၊ ဤကုန်းပေါ်မှ ကျောက်၊ အုတ်များကို လယ်သမားများယူငင်၍ လယ်ကန်သင်းရိုး ပြုလုပ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့နောက် ရာသီဥတုဒဏ် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဝင်တက်များသောဖျက်ဆီးမှုဒဏ်များစွာခံထားရသော ကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်ကလည်း ဤကုန်းကို သုတေသနပြုလုပ်ခဲ့ပါ၏။ မပြီးခဲ့ပါ။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တူးဖော်သည့်နည်းစနစ်တို့ များစွာရှိသည့်အနက် အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာ သိရှိနားလည်စေရန်နှင့် တွေ့ထွက်ရှိလာသော ယဉ်ကျေးမှုအထောက်အထားပစ္စည်းများကို အလွယ်တကူ ဖော်ထုတ်တင်နိုင်စေရန်အတွက် ကျင်းကွက်ခွဲ တူးဖော်သည့်နည်းစနစ် ( Grid System ) ကို အခြေခံပြီး တူးဖော်သုတေသနပြုလုပ်ထားခြင်း ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် လေးထောင့်အဆောက်အအုံကုန်းတစ်ခုကို တူးဖော်တွေ့ရှိရပါသည်။ အဆောက်အအုံကုန်းမှာ လေးဖက်လေးတန် ပတ်ပတ်လည်တွင် အုတ်ဖြင့်စီထားသည်ကို တူးဖော်တွေ့ရှိရပါသည်။ အုတ်ကုန်းအလယ်တွင် ကျောက်ပလ္လင်ပျက်ကျောက်ဆစ်လက်ရာများကို ပြန့်ကျဲစွာတွေ့ရှိရပါသည်။ ပြန့်ကျဲနေသော ကျောက်ပလ္လင်ပျက်နောက်ကြောတွင် ကျောက်ဆင်းတုတော်တစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ ဆင်းတုတော်ဉာဏ်တော်အမြင့် (၁၃၂) cm ခန့်၊ ပခုံးစွန်းနှစ်ဖက်အကျယ် (၇၀) cm ခန့်နှင့် ဒူးစွန်းနှစ်ဖက်အကျယ်(၁၁၀) cmခန့်ရှိပါသည်။ ဆင်းတုတော်ဦးတော်လည်းကျိုးနေပြီး ဆင်းတုတော်၏ဘယ်ဘက်လက်မောင်းလည်းကျိုးနေသည်ကို တွေ့ရှိရပါသည်။ ၂၀၀၅ ခုနှစ် တူးဖော်ခဲ့စဉ်က ဤဆင်းတုတော်မှာ ကုန်းပေါ်မြေကြီးထဲတွင်မြုပ်နေပြီး ဦးတော်မပါရှိပေ။ ဦးတော်ကို ဤကုန်း၏အနောက်တောင်ဘက်မြို့ရိုးနားတွင်ကပ်နေသော ဘုရားကုန်းတွင်သွားတွေ့၍ ဤဆင်းတုတော်တွင် ပြန်တင်ထားခြင်းဖြစ်ပါသည်။

အုတ်ကုန်းမှာ အရှေ့၊ အနောက် အလျား (၂၇) ပေခန့်နှင့်တောင်၊မြောက် အလျား (၂၅) ပေခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။


တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်( VSL.9) ၏ အဆောက်အအုံတည်ဆောက်ပုံစနစ်သည် အောက်ခံရွှံ့ဆန်သော သဘာဝမြေလွှာပေါ်တွင် ကျစ်လျစ်သိပ်သည်းစွာ ထုထောင်းနင်းထားသောဖို့မြေလွှာတစ်လွှာကိုတွေ့ရှိရပါသည်။ ထိုမြေကျစ်လွှာဖို့မြေပေါ်တွင်သာ အုတ်ချပ်များကို အသုံးပြုပြီး မြေတင်အုတ်ပန္နက်ကိုစတင်ပြုလုပ်ပါသည်။ ထိုမြေတင်အုတ်ပန္နက်မှ အုတ်ချပ်များကို တစ်လွှာပြီးတစ်လွှာရှစ်လွှာမြောက်သည်အထိ စီတင်ထားသည်ကို တွေ့ရှိရပါသည်။ အုတ်စီလွှာမှာ ရှစ်စီရှစ်ဆင့်ခန့်လက်ရှိ သုတေသန ပြုလုပ်သည့်အခါ တွေ့ရှိရပါသည်။ အုတ်စီများအပေါ်တွင် အာလူးကျောက်နှင့် အုတ်ခဲကျိုးများဖြင့် ရောနေသောမြေလွှာတစ်လွှာကို တွေ့ရှိရပါသည်။ ထိုအာလူးကျောက်နှင့်အုတ်ကျိုးများအပေါ်တွင်သာ သဲကျောက်တုံးများကို တွေ့ရှိရပါသည်။ သဲကျောက်တုံးများအပေါ် အုတ်စီများအပေါ်တွင်သာ အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာကို တွေ့ရှိရပါသည်။

အာလူးကျောက်နှင့် အုတ်ခဲကျိုးရောမြေလွှာအပေါ်တွင် ပလ္လင်ကျောက်များဖြစ်သည့် သဲကျောက်တုံးကျောက်ဆစ်လက်ရာများကို ပြန့်ကျဲစွာတွေ့ရှိရပါသည်။ ကျောက်ဆစ်လက်ရာများမှာ ရခိုင်ရှေးခေတ်စိတ္တလက်ာရအနုပညာလက်ရာများဖြင့် အလှဆင်ထားသည်မှာ အနုပညာလက်ရာမြောက်လှပါသည်။ ထိုကျောက်ဆစ်လက်ရာများအနောက်ဘက်တွင် ဆင်းတုတော်ကျိုးကိုတွေ့ရှိရပါသည်။အုတ်စီတန်းဘေးပတ်ပတ်လည်တွင်လည်း အုတ်ကျိုးများကို ပြန့်ကျဲစွာတွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်( VSL.9)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အဆောက်အအုံနှင့်ဆက်စပ်နေသည့်မြေလွှာသမိုင်းကြောင်း

www.burmeseclassic.com

(VSL.9) ပလ္လင်ကျောက်ဆစ်ပန်း




ပုံ (၁)

ကို သိရှိစေရန်အတွက် မြေလွှာစမ်းသပ်တူးဖော်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ မြေလွှာစမ်းသပ်ကျင်းကို အပေါ်ယံမြေလွှာမှသဘာဝမြေလွှာရောက်သည်အထိ တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာခြောက်လွှာကို လေ့လာတွေ့ရှိရပါသည်။

မြေလွှာအမှတ်(၁)သည် အပေါ်ယံသစ်ဆွေး၊ သစ်မြစ်၊ သစ်ရွက်ခြောက်တို့နှင့် ရေ၊ လေ၊ မြေသယ်ဆောင်ခြင်းတို့ဖြင့် ရောနှောပို့ချထားသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၂)သည် သစ်မြစ်ဆွေးရောအပေါ်ယံမြေလွှာအောက်တွင် တွေ့ရှိရသော သဲကျောက်တုံးလွှာပင်ဖြစ်ပါသည်။ ပလ္လင်ကျောက်စီလွှာပင်ဖြစ်ပါ၏။

မြေလွှာအမှတ်(၃)မှာ သဲကျောက်တုံးများအလွှာအောက်တွင်တွေ့ရှိရသော အာလူးကျောက်နှင့် အုတ်ကျိုးရောမြေလွှာပင်ဖြစ်ပါသည်။ သဲကျောက်တုံးများအမာခံဖြစ်အောင်စီထားသော မြေလွှာတစ်လွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၄)သည် အာလူးကျောက်နှင့် အုတ်ကျိုးရောမြေလွှာအောက်တွင် တူးဖော်တွေ့ရှိရသော အုတ်စီလွှာပင်ဖြစ်ပါသည်။ အဆောက်အအုံပန္နက်အုတ်စီပင်ဖြစ်ပါ၏။ ဤအုတ်စီလွှာတွင် အုတ်စီရှစ်လွှာခန့် တွေ့ရှိရပါသည်။

မြေလွှာအမှတ်(၅)မှာ အုတ်စီလွှာအောက်တွင်တွေ့ရှိရသော မြေကျစ်ဖို့မြေလွှာပင်ဖြစ်ပါသည်။ သဘာဝရွှံ့စေးမြေလွှာပေါ်တွင် အုတ်စီများမကျွံကျအောင် အခြားတစ်နေရာမှ မြေသားကိုယူ၍ ကျစ်လျစ်မာကျောအောင် ထုထောင်းထားသော ဖို့မြေလွှာပင်ဖြစ်ပါသည်။ အုတ်စီလွှာနှင့် သဘာဝမြေလွှာကြားတွင် တွေ့ရှိရပါသည်။


မြေလွှာအမှတ် (၆) သည် ကျစ်လျစ်မာကျောအောင် ထုထောင်းနင်းထားသော မြေကျစ်လွှာဖို့မြေအောက်တွင်တွေ့ရှိရသော ရွှံ့ဆန်သောသဘာဝမြေလွှာပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်( VSL.9)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အုတ်အဆောက်အအုံ၊ စဥ့်လက်ရာအပိုင်းအစများ၊ မြေမီးဖုတ်အိုးခြမ်းကွဲများ၊ ကျောက်ဆင်းတုတော်ကျိုးနှင့် ပလ္လင်ကျောက်ဆစ်အနုပန်းလက်ရာများကို တူးဖော်တွေ့ရှိရပါသည်။ ထိုအထဲမှ တူးဖော်သုတေသနပြုလုပ်၍တွေ့ရှိသော ကျောက်ဆစ်အနုလက်ရာများကို ရေးသားဖော်ပြပါမည်။

ပုံ(၁)သည် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိသော ကျောက်ဆစ်လက်ရာကိုကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ကျောက်ဆစ်လက်ရာ၏လက်ဝဲ၊ လက်ယာတွင် လည်ပြန်ကြည့်နေသောငှက် တစ်ဖက်တစ်ကောင်ကို တွေ့ရှိရပါသည်။ လက်ယာဘက်ငှက်မှာ တစ်ဝက်ပဲ့သွားသည်ကို တွေ့ရှိရပါသည်။

ငှက်နှစ်ကောင်ကြားတွင် အပေါ်၌နှစ်ထပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီအလှဆင်ထားပြီး နှစ်ထပ်ပွင့်ဖတ်များအောက်တွင် ရွဲလုံးကြီးများစီတန်း၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရွဲလုံးကြီးတစ်လုံးကို နှစ်ထပ်ပွင့်ဖတ်လေးဖတ်စီဖြင့် ဝိုင်းရံအလှဆင်ထားပါ၏။ နှစ်ထပ်ပွင့်ဖတ်လေးဖတ်ဖြင့်အလှဆင်ထားသောရွဲလုံးများမှာ ပင်လယ်ဆီးသီးနှင့်သဏ္ဌာန်တူသည်ကို တွေ့ရှိရပါသည်။ ရွဲလုံးများထက်၊ အောက်တွင် ဖောင်းလိုင်းနှစ်လိုင်းညှပ်ထားပါ၏။ ရွဲလုံးကြီးများအောက်တွင်လည်း နှစ်ထပ်ပွင့်ဖတ်ကြီးများဖြင့် အစီအရီအလှဆင်ထားပါသည်။ ဤပုံ (၁) ကျောက်ဆစ်လက်ရာမှာ အနုစိတ်လှပြီး ရှေးခေတ်ရခိုင်စိတ္တလက်ရာအနုပန်းလက်ရာများ၏ ထူးခြားသော ဖန်တီးမှုလက်ရာများပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိရသော ပလ္လင်ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဤရခိုင်စိတ္တလက်ရာအနုလက်ရာမှာ အပေါ်၌ [illegible] လုံးတစ်လုံးဖြင့် အနားသ[illegible]ထားပြီး




ပုံ (၂)

ဖောင်းလုံးအောက်တွင် နှစ်ထပ်ပွင့်ဖတ်များ၊ ကြားညှပ်ပွင့်ဖတ်များဖြင့် အစီအရီ အလှဆင်ထားပါသည်။

ထိုပွင့်ဖတ်များ၏ အောက်တွင် ဖောင်းနှစ်ဆင့်ထပ်ခံထားပါ၏။ ဖောင်းများအောက်တွင် လက်ဝဲဘက်၌ လက်ဝဲဘက်သို့မျက်နှာပြုနေသော ကြက်တစ်ကောင်ကို တွေ့ရှိရပါသည်။ ကြက်ကို ပန်းအိမ်ထဲတွင်ဖွဲ့စည်း၍အလှဆင်ထားပါ၏။ ပန်းအိမ်ကို ဖောင်းနှစ်လုံးကြားတွင် ရွှဲလုံးကလေးများဖြင့် တန်ဆာဆင်ထားပါ၏။ ရွှဲတန်း၏ လက်ယာဘက်ဖောင်းတွန့်နှင့် အပြင်ဖောင်းတွန့်ကြားတွင် ပန်းလိပ်ညွှန့်လေးများဖြင့် အဆင်သင့်အလှဆင်ထားပါသည်။


ပန်းအိမ်၏ လက်ယာဘက်တွင် သဇင်တံ၊ သဇင်ခက်ဖြင့်ခွေ၍ ထပ်မံအားဖြည့်ကာတန်ဆာဆင်ထားပါသည်။ သဇင်ခက်ကလေးများကို ပန်းလိပ်ညွှန့်၊ ပန်းလိပ်၊ ပန်းရွက်တို့ဖြင့် ဖွဲ့စည်းတန်ဆာဆင်ထားပါ၏။ သဇင်တံကိုလည်း အဆစ်၊ အကြောများဖြင့်ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ သဇင်ခက်များလက်ယာဘက်တွင် သုံးထပ်ပွင့်ဖတ်ရှည်ကြီးတစ်ခုတ်အောက်တွင် နှစ်ထပ်ပွင့်ဖတ်တစ်ခုဖြင့်ခံထားပါ၏။ ပွင့်ဖတ်ရှည်ကြီးလက်ယာဘက်တွင် ပန်းလိပ်များဖြင့် အဆင့်ဆင့်တွေ့ရှိရပါ၏။ ထိုရခိုင်စိတ္တလက်ာရအနုလက်ရာအောက်ဆုံးတွင် ဖောင်းတစ်ဆင့်ထပ်ခံအနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအားကောင်းသော ရှေးခေတ်ရခိုင်စိတ္တလက်ာရအနုလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ပုံ(၃)လက်ရာသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ပုံ (၃)ပုံဆွဲလက်ရာ၏အပေါ်ဆုံးတွင် ဖောင်းတစ်ဆင့်နှိမ့်ထားပြီး ထိုဖောင်းအောက်တွင် အလယ်၌ အတွန့်များဖော်ထားသော သစ်ရွက်ပုံသဏ္ဍာန်ပန်းအိမ်တစ်ခုကို တွေ့ရှိရပါသည်။ ပန်းအိမ်လက်ဝဲလက်ယာတွင် သဇင်တံ၊ သဇင်ခက်များဖြင့်ခွေ၍ အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။

ပန်းအိမ်ကို အထပ်သုံးထပ် အဆင့်သုံးဆင့်ဖြင့် အလှဆင်ဖွဲ့စည်းထားပါ၏။ အလယ်ပထမထပ်တွင် အကြောပါသော ပန်းလိပ်၊ ပန်းဖူးညွှန့်များ


(VSL.9) ပလ္လင်ကျောက်ဆစ်ပန်း




ပုံ (၃)

(VSL.9) ပလ္လင်ကျောက်ဆစ်ပန်း

ပုံ (၄)




ဖြင့် ဖွဲ့စည်းထားပါသည်။ ဒုတိယထပ်တွင် ဖောင်းလုံးတွန့်နှစ်ခုကြား၌ ရွှဲလုံးလေးများကိုစီ၍ အလှဆင်ထားပါသည်။ တတိယထပ်တွင်လည်း ဖောင်းလုံးနှစ်လုံးကြား၌ ပန်းလိပ်ညွှန့်ကလေးများကို ပတ်၍ အဆင့်ဆင့်အလှဆင်ထားပါသည်။

ပန်းအိမ်၏ လက်ဝဲဘက်တွင် သဇင်တံခွေတစ်ခွေဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ သဇင်တံခွေကို အကြောဖော်၍ အဆစ်ပတ်ထည့်ထားပါ၏။ သဇင်တံခွေရှိသဇင်ခက်လေးများကို ပန်းလိပ်၊ ပန်းလိပ်ညွှန့်၊ ပန်းရွက်များဖြင့် တန်ဆာဆင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

ပန်းအိမ်၏ လက်ယာဘက်တွင်လည်း သဇင်တံခွေတစ်ခွေတွေ့ရှိရပါသည်။သဇင်တံခွေမှာ ပဲ့သွား၍တစ်ဝက်သာကျန်ရှိပါတော့သည်။ ပန်းအိမ်နှင့် သဇင်တံခွေများအောက်တွင် ဖောင်းနှစ်ဆင့်ကြား၌ ပွင့်ဖတ်လေးများဖြင့် စီတန်း၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်ကလေးများမှာ နှစ်ထပ်ပွင့်ဖတ်ကလေးများနှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ပုံ (၃) လက်ရာမှာ အနုစိတ်လှသော ရှေးခေတ်ရခိုင်စိတ္တလက်ာရအနုလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) တူးဖော်မှုကုန်းမှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ရခိုင်စိတ္တလက်ာရအနုလက်ရာပုံဆွဲတစ်ခုပင်ဖြစ်ပါသည်။ ပုံ (၃) ပုံဆွဲလက်ရာမှာ အပေါ်ဖောင်းကိုနှိမ့်ထားပြီး ဖောင်းအောက်တွင် ပန်းအိမ်တစ်ခုနှင့် သဇင်တံခွေများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

www.burmeseclassic.com

ပန်းအိမ်အလယ်ထပ်ပထမဆင့် အပေါ်ပွင့်ဖတ်များအောက်တွင် ပန်းဖူးတစ်ခုဆင်းပြီး ပန်းဖူးလက်ဝဲ၊ လက်ယာတွင် ပန်းလိပ်၊ ပန်းလိပ်ညွှန့်များဖြင့် အဆင့်ဆင့်အလှဆင်ထားသည်။ ဒုတိယအဆင့်တွင် ဖောင်းတွန့်နှစ်ခုကြား၌ရွဲလုံးကလေးများစီတန်း၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တတိယထပ်တွင်လည်း ဖောင်းတွန့်နှစ်ခုကြားတွင် ပန်းလိပ်ညွှန့်များဖြင့် အဆင့်ဆင့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ပန်းအိမ်လက်ဝဲဘက်တွင်လည်း သဇင်တံခွေတစ်ခွေဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ သဇင်တံခွေအရိုးကို အကြောအဆစ်ပတ်ဖြင့်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါ၏။ သဇင်ခက်ကလေးများကိုလည်း ပန်းလိပ်၊ ပန်းလိပ်ညွှန့်၊ ပန်းရွက်များဖြင့် ပုံသဏ္ဌာန်ဖော်၍ ဖွဲ့စည်းတန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်၏လက်ယာဘက်တွင်လည်း သဇင်တံခွေတစ်ခွေကို တွေ့ရှိရပါ၏။ သဇင်တံခွေမှာပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံလက်ဝဲဘက် သဇင်တံခွေနှင့်တူသည်ကို တွေ့ရှိရပါသည်။


ပန်းအိမ်နှင့် သဇင်တံခွေများအောက်တွင် ဖောင်းဆင့်နှစ်ဆင့်ကြား၌ နှစ်ထပ်ပွင့်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီတန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၄) သည်လည်း ပုံ (၃) နှင့် ခပ်ဆင်ဆင်တူသည့် အနေအထားတွေ့ရှိရပြီး ထူးခြားသည့် ရှေးခေတ်ရခိုင်စိတ္တလက်ာရအနုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၅)သည် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၅)သည် မြွေနှစ်ကောင်ပျော်ရွှင်မြူးထူးစွာဖြင့် ပါးစပ်ဟ၍ ကြည်နူးနေကြသည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ ပါးစပ်များထဲတွင် သွားများအစီအရီနှင့်အောက်စိုက်နေသော သွားစွယ်ကို တွေ့ရှိရပါသည်။ မျက်လုံးမှာ ပြူးကျယ်ပြီး မုတ်ဆိတ်မွေးများဖြင့် ထူးခြားစွာ တွေ့ရှိရပါသည်။ မြွေနှစ်ကောင်စလုံးတွင် အမြီးဖျားခန္ဓာကိုယ်ကို ကျစ်၍ ဦးခေါင်းတွင်တိုက်ထားသည်ကို တွေ့ရှိရပါသည်။ မြွေနှစ်ကောင်စလုံး၏ ခန္ဓာကိုယ်ပိုင်းပဲ့နေသည်ကို တွေ့ရှိရပါသည်။ ရှေးခေတ်ရခိုင်စိတ္တလက်ာရအနုလက်ရာများထဲတွင် ထူးခြားစွာတွေ့ရှိရသော မြွေနှစ်ကောင်ပင် ဖြစ်ပါသည်။

ပုံ(၆)သည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.9)မှ တူးဖော်တွေ့ရှိရသော ရှေးခေတ်ဟောင်းရခိုင်စိတ္တလက်ာရအနုလက်ရာတစ်ခုကို ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၆)လက်ရာမှာ အပေါ်ဖောင်းတစ်ဆင့်ကို နှိမ့်ထားပြီး ဖောင်းဆင့်အောက်တွင် ပန်းအိမ်နှင့်သဇင်ခွေများဖြင့်အလှဆင်ထားပါသည်။ ဤပန်းအိမ်မှာ နှစ်ထပ်နှစ်ဆင့်သာတွေ့ရှိရပါသည်။ အလယ်ပထမထပ်တွင် အပေါ်ထိပ်၌ ဝတ်ဆံဝန်းတစ်ခုအောက်တွင် နှစ်ထပ်ပွင့်ဖတ်ရှည်တစ်ခုနှင့် ပန်းလိပ်နှစ်ခုကြားတွင် အဖူးကလေးတစ်ဖူးထွက်နေသည်ကို တွေ့ရှိရပါသည်။ ထိုပွင့်ဖတ်နှင့်အဖူးကလေး လက်ဝဲ၊ လက်ယာတွင် ပန်းလိပ်ညွှန့်နှင့် အကြောပါသော ပန်းရွက်ဖြင့် ပွင့်အာနေဟန် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤပထမအဆင့်ကို ဖောင်းတွန့်ဖြင့် အနားသတ်ထားပါ၏။

ဒုတိယအထပ်တွင် ဖောင်းတွန့်နှစ်ခုကြားတွင် ပန်းလိပ်ညွှန့်များဖြင့် ပတ်လည်အဆင့်ဆင့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်လက်ယာဘက်တွင် သဇင်တံခွေတစ်ခွေတွေ့ရှိရပါ၏။ သဇင်တံခွေကို အကြောဖော်၍ အဆစ်ပတ်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ သဇင်ခက်ကလေးများကို ပန်းလိပ်ပန်းလိပ်ညွှန့်များဖြင့် အလှဆင် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်၏ လက်ဝဲဘက်တွင်လည်း သဇင်တံခွေတစ်ခွေကို တွေ့ရှိရပါသည်။ ဤသဇင်တံခွေသည်လည်း လက်ယာဘက်သဇင်တံခွေနှင့် ခပ်ဆင်ဆင်တူသည်ကို တွေ့ရှိရပါသည်။ ဤသဇင်တံခွေ၏ လက်ဝဲဘက်တွင် ထောင့်ချိုး၌ အပေါ်နှစ်ထပ်ပွင့်ဖတ်ငယ်တစ်ခုအောက်တွင် သုံးထပ်ပွင့်ဖတ်ရှည်ကြီးတစ်ခု တွေ့ရှိရပါသည်။ ပွင့်ဖတ်ရှည်ကြီးလက်ဝဲဘက်တွင်လည်း သဇင်တံခွေတစ်ခွေ တွေ့ရှိရပါသေးသည်။

(VSL.9) ပလ္လင်ကျောက်ဆစ်ပန်း




(VSL.9) ပလ္လင်ကျောက်ဆစ်ပန်း





www.burmeseclassic.com

www.burmeseclassic.com

ပုံ (၇)

( VSL.9) ပလ္လင်ကျောက်ဆစ်ပန်း




ပန်းအိမ်သဇင်တံခွေများအောက်တွင် ဖောင်းနှစ်ဆင့်ခံ၍ ဖောင်းနှစ်ဆင့်ကြားထဲတွင် နှစ်ထပ်ပွင့်ဖတ်ကလေးများနှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ(၆)လက်ရာသည်လည်း အနုလက်ရာမြောက်လှသော ရှေးခေတ်ရခိုင်စိတ္တလက်ာရအနုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) ကုန်းမှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ရှေးခေတ်ရခိုင်စိတ္တလက်ာရအနုလက်ရာပုံဆွဲတစ်ခုပင် ဖြစ်ပါသည်။ ပုံဆွဲလက်ရာမှာ အပေါ်ဖောင်းလိုင်းတစ်ခုအောက်တွင် ပန်းအိမ်၊ သဇင်တံခွေနှင့် ထောင့်ချိုးပွင့်ဖတ်ရှည်များဖြင့် တန်ဆာဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ပန်းအိမ်ကို နှစ်ထပ်တွေ့ရှိရပါ၏။

အလယ်တွင် ပန်းပွင့်တစ်ပွင့်ကို ထားပြီး ပန်းပွင့်အောက်ကို အဆင့်နှစ်ဆင့်ခံကာ သန်လျက်သဏ္ဌာန်အဖူးလေးဖြင့်အောက်သို့ရှည်လျားစွာချထားသည်ကို တွေ့ရှိရပါသည်။ ပန်းပွင့်တွင် ဝတ်ဆံကြီးတစ်ခုနှင့် ပွင့်ဖတ်လေးခုဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်သုံးဖတ်မှာ နှစ်ထပ်ပွင့်ဖတ်အဖြစ် တွေ့ရှိရပါသည်။ ပန်းပွင့်နှင့် အဆင့်များကို ခပ်စောင်းစောင်းအစင်းကြောင်းကလေးများဖြင့် ဝိုင်းရံကာ ဖောင်းတွန့်နှစ်ဆင့်ဖြင့် အနားသတ်ထားပါသည်။ ပန်းအိမ်ဒုတိယထပ်ကို ဖောင်းတွန့်နှစ်တွန့်ပူးကြားတွင် အကြောပါသော ပန်းလိပ်၊ ပန်းလိပ်ညွန့်များဖြင့် ပတ်လည်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်မှာ အနုစိတ်လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်၏လက်ယာဘက်တွင်လည်း သဇင်ခက်တစ်ခက်၊ နှစ်ခက်ကို တွေ့ရှိရပါသည်။ ပန်းအိမ်လက်ဝဲဘက်တွင် သဇင်တံခွေတစ်ခွေကို ဖန်တီးထားပါသည်။သဇင်တံခွေအရိုးတွင် အကြော၊ အဆစ်ပတ်တို့ဖြင့် တွေ့ရှိရပါ၏။ သဇင်တံခက်များတွင် ပန်းလိပ်၊ ပန်းလိပ်ညွန့်တို့ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ သဇင်တံအခွကြားတွင် အဖူးဖြင့်လည်း တွေ့ရှိရပါသည်။


သဇင်တံခွေ၏လက်ဝဲဘက်တွင် ထောင့်ချိုးအဖြစ် သုံးထပ်ပွင့်ဖတ်ရှည်ကြီးတစ်ခုနှင့် နှစ်ထပ်ပွင့်ဖတ်ငယ်တစ်ခုကို တွေ့ရှိရပါသည်။ ထိုပွင့်ဖတ်များ၏ လက်ဝဲဘက်တွင်လည်း သဇင်တံခွေတစ်ခွေကို တွေ့ရှိရပါသည်။ သဇင်တံခွေမှာ အပြည့်မတွေ့ရှိရဘဲ ပတ်နေသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်၊ သဇင်တံခွေနှင့် ထောင့်ချိုးများအောက်တွင် ဖောင်းနှစ်ဆင့်ကြား၌ နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤ ပုံ (၇) လက်ရာသည်လည်း အနုစိတ်လက်ရာမြောက်လှသော ရှေးခေတ်ဟောင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၈)လက်ရာမှာ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.9) တူးဖော်မှုကုန်းမှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသည့် ရှေးခေတ်ဟောင်းရခိုင်စိတ္တလက်ာရအနုလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၈)လက်ရာအပေါ်တွင် နှစ်ထပ်ပွင့်ဖတ်ကလေးများနှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီတန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထိုနှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ်ပွင့်ဖတ်ကလေးများအောက်တွင် ရွှဲလုံးကလေးများကို တန်း၍ အလှဆင်ထားပါသည်။ ရွှဲလုံးတစ်လုံးစီကို နှစ်ထပ်ပွင့်ဖတ်လေးဖတ်စီဖြင့် ကာရံတန်ဆာဆင်ထားပါသည်။ ရွှဲလုံးများမှာ ပင်လယ်ဆီးသီးနှင့်တူသည်ကို တွေ့ရှိရပါသည်။ ရွှဲလုံးများထက်အောက်တွင် ဖောင်းလိုင်းနှစ်လိုင်းညှပ်၍ဖော်ထားသည်ကိုတွေ့ရှိရသည်။

ရွှဲလုံးများအောက်တွင်လည်း နှစ်ထပ်ပွင့်ဖတ်ကလေးများ၊ ကြားညှပ်ပွင့်

( VSL.9) ပလ္လင်ကျောက်ဆစ်ပန်း

ပုံ (၈)



www.burmeseclassic.com

ဖတ်ကလေးများဖြင့် အစီအရီတန်း၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရွဲလုံးများ၊ နှစ်ထပ်ပွင့်ဖတ်များ၊ လက်ယာဘက်တွင် ဦးခေါင်းနောက်ပြန်လှည့်၍ ကြည့်နေသော ကြက်သဏ္ဌာန်တစ်ကောင်ကို တွေ့ရှိရပါသည်။ ဤကြက်မှာ အမောက်ပါရှိခြင်း မတွေ့ရှိရပေ။ ရွဲလုံးများ၊ နှစ်ထပ်ပွင့်ဖတ်များ လက်ဝဲဘက်တွင်လည်း ဦးခေါင်းနောက်လှည့်နေသောကြက်တစ်ကောင်ကို တွေ့ရှိရပါသည်။ ဤကြက်တွင် အမောက်ပါရှိသည်ကို တွေ့ရှိရပါသည်။ ကြက်ဖဖြစ်မည်ဟု ခန့်မှန်းရပါ၏။ ဤကြက်ဖလက်ဝဲဘက်တွင်လည်း ထက်အောက်နှစ်ထပ်ပွင့်ဖတ်များ၊ ကြားညှပ်ပွင့်ဖတ်များနှင့် ရွဲလုံးတို့ကို တွေ့ရှိရပါသည်။ ဤပုံ (၈) လက်ရာသည်လည်း ရှေးခေတ်ဟောင်းရခိုင်စိတ္တလင်္ကာရလက်ရာများထဲတွင် အနုစိတ်လှသောလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ရှေးဟောင်းရခိုင်စိတ္တလင်္ကာရအနုလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၉)၏အပေါ် ဖောင်းငယ်တစ်ဆင့်နှင့်ဖောင်းကြီးတစ်ဆင့်အောက်တွင် အလယ်၌ပန်းအိမ်တစ်ခုတွေ့ရှိရပြီး ပန်းအိမ်ကို သုံးဆင့်ရံ၍ ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။


အလယ်ဆင့်အပေါ်တွင် ပန်းလိပ်ညွန့်ရှည်နှစ်ခုကို ဖြန့်ကားထားပြီး ထိုပန်းလိပ်ညွန့်နှစ်ခု တောင်ပံကဲ့သို့ကားနေသည့်အောက်တွင် နှစ်ထပ်ပွင့်ဖတ်တစ်ခုခံထားပါ၏။ ထိုနှစ်ထပ်ပွင့်ဖတ်ကို ခပ်စောင်းစောင်းအစင်းကြောင်းလေးများဖြင့် ထပ်မံအားဖြည့်ထားပါသည်။ ထိုအစင်းကြောင်းများအောက်ဘေးတွင်မှ ဖောင်းတစ်ဆင့်ပတ်ထားသည်ကို တွေ့ရှိရပါသည်။

ဒုတိယဆင့်တွင် ဖောင်းနှစ်ထပ်ကြား၌ အစီအရီရွဲလုံးတလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တတိယဆင့်တွင်လည်း အတွင်းဖောင်းတံနှစ်ခုကြားနှင့် အပြင်ဖောင်တွန့်နှစ်ခုကြားတွင် ပန်းလိပ်ညွန့်များကိုပတ်၍ အစီအရီအဆင့်ဆင့်တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်လက်ယာဘက်တွင် သဇင်တံခွေတစ်ခွေတွေ့ရှိရပါသည်။သဇင်တံအရိုးတွင် အကြော၊ အဆစ်ပတ်ဖော်ထားပါ၏။ သဇင်တံခွတွင်လည်း အဖူးဖြင့်တွေ့ရှိရပါ၏။ သဇင်ခက်ကလေးများကို ပန်းလိပ်၊ ပန်းလိပ်ညွန့်များဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။


လက်ဝဲဘက်တွင်လည်း လက်ယာဘက်ကဲ့သို့ သဇင်တံခွေတစ်ခွေကို အနုစိတ်စွာ ဖွဲ့စည်းအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်ဝဲဘက်သဇင်တံခွေဘယ်ဘက်တွင် ထောင့်ချိုးသုံးထပ်ပွင့်ဖတ်ရှည်တစ်ခုနှင့် နှစ်ထပ်ပွင့်ဖတ်ရှည်တစ်ခုကို တွေ့ရှိရပါသည်။ ပွင့်ဖတ်ရှည်ထောင့်ချိုးလက်ဝဲဘက်တွင်လည်း သဇင်တံခွေတစ်ခွေဖြင့် ထပ်မံဖန်တီးဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ထိုလက်ရာများအောက်ဆုံးတွင် ဖောင်းနှစ်လုံးကြား၌ နှစ်ထပ်ပွင့်ဖတ်ကလေးများနှင့် ကြားညှပ်ပွင့်ဖတ်ကလေးများဖြင့် အစီအရီ အလှဆင်ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၉)လက်ရာသည်လည်း ထူးခြားမှုရှိလှသော ရှေးခေတ်ဟောင်းရခိုင်စိတ္တလင်္ကာရအနုလက်ရာတစ်ခုပင်ဖြစ်ပါသည်။

( VSL.9) ပလ္လင်ကျောက်ဆစ်ပန်း

ပုံ (၉)




( VSL.9) တံကဲကျောက်ဆစ်ပန်း



ပုံ (၁၀)

www.burmeseclassic.com

www.burmeseclassic.com

ပုံ(၁၀)သည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသည့် ပန်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၀) တွင် ပန်းခက်သုံးခက်ကိုဆင့်၍ တွေ့ရှိရပါ၏။ ပန်းခက်တစ်ခက်စီတွင် အရွက်တစ်ခုနှင့် ပန်းလိပ်ညွန့်တစ်ခုစီဖြင့် ဖန်တီးဖွဲ့စည်းအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

အလယ်တွင် ရွှဲလုံးတန်းဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရွှဲလုံးများကို နှစ်ထပ်ပွင့်ဖတ်လေးခုစီဖြင့် ကာရံထားသည်မှာ ပင်လယ်ဆီးသီးနှင့်တူနေသည်ကို တွေ့ရှိရပါသည်။ ရွှဲလုံးများထက်အောက်တွင် ဖောင်းလိုင်းနှစ်လိုင်းညှပ်ထားပါ၏။ ဖောင်းလိုင်းများထက်အောက်တွင် နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ်ပွင့်ဖတ်များဖြင့် အစီအရီတန်း၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရွှဲလုံးများလက်ယာဘက်တွင် နောက်ပြန်လှည့်ကြည့်နေသော ချိုးငှက်သဏ္ဌာန် ငှက်ငယ်တစ်ကောင်ကို တွေ့ရှိရပါသည်။ ဤပုံ (၁၁) လက်ရာသည်လည်း အနုစိတ်လှသည်ကို တွေ့ရှိရပါသည်။


ပုံ (၁၂) သည် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ခပ်ကွေးကွေး ဖောင်းနှစ်လုံးကြားတွင် ရွှဲလုံးလေးများဖြင့် အစီအရီ ထက်အောက်အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ရွှဲလုံးဖောင်းတန်းလက်ယာဘက်တွင် ပန်းခက်သုံးခက်ကျော်ခန့်ကို ထက်အောက်ဆင့်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းခက်တစ်ခက်စီကို ပန်းရွက်တစ်ရွက်နှင့် ပန်းလိပ်ညွန့်တစ်ညွန့်စီဖြင့် ပေါင်းစပ်ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ပန်းခက်လက်ယာဘက်တွင်လည်း ဖောင်းလုံးတစ်လုံးဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ(၁၂)လက်ရာသည်လည်း အနုပညာမြောက်လှသော လက်ရာတစ်ခုပင်ဖြစ်ပါသည်။ ဖော်ပြပါ အနုလက်ရာများမှာ ဝေသာလီခေတ်၏ စံနမူနာယူထိုက်သော ရှေးခေတ် ရခိုင်စိတ္တလက်ရာအနုလက်ရာများပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.9) မှ တူးဖော်သုတေသနပြုလုပ်၍တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာလက်ရာများမှာ များသောအားဖြင့် ဝေသာလီကျောက်လှေကားခေတ်လက်ရာများကိုသာ တွေ့ရှိရပါသည်။ အဆောက်အအုံကုန်းတွင်တွေ့ရှိရသောဆင်းတုတော်ကိုလည်း ရန်ကာဘုရားဟု ခေါ်ကြသည်ကို သိရှိရပါသည်။ ဖော်ပြပါ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ရေရှည်တည်တံ့နိုင်စေရန် ထိန်းသိမ်းရေးပြုလုပ်ခြင်း၊ ခြံစည်းရိုးများကာရံခြင်း စသည်များကို ဆက်လက်လုပ်ဆောင်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

( VSL.9) ပလ္လင်ကျောက်ဆစ်ပန်း




( VSL.9) တံကဲကျောက်ဆစ်ပန်း




ကိုးကားချက် -

၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ (VSL.9) တူးဖော်မှုအစီရင်ခံစာ (၂၀၁၄)
၃။ (VSL.9) ၂၀၁၅၊ တူးဖော်မှုအစီရင်ခံစာ



www.burmeseclassic.com

www.burmeseclassic.com

**❑ ရန်ကုန်ရောက် အညာသူလေး**

"ဒေါ်ထွေးထွေးတို့များ အိုဇာတာကောင်းလိုက်တာ"

ဤသို့ပြောလာကြတိုင်း အသက် (၆၀) အရွယ်ရှိ ဒေါ်ထွေးထွေးသည် အတိတ်က ပင်ပန်းဆင်းရဲခဲ့သည်များကို ပြန်ပြောင်းသတိရတတ်သည်။ အမှန်တကယ် အိုဇာတာကောင်း၊မကောင်းကိုလည်း အဖြေထုတ်ကြည့်တတ်သည်။

သားသမီး (၄) ယောက်စလုံး ဆရာဝန်၊ မန်နေဂျာ၊ ရဲအရာရှိ ကျောင်းဆရာမ စသည်ဖြင့် အသီးသီးဖြစ်သွားကြတာကို အိုဇာတာကောင်းတယ်ဟု ခေရမလား။ အထက်အညာ ဇရာဝတီမြစ်ကမ်းဘေးဇာတိရွာမှာ အဖေဆောက်လုပ်ခဲ့သောနေအိမ်ကို စွန့်ခွာ၍ သမီးဆရာဝန်မကြီးနေထိုင်ရာ ရန်ကုန်မြို့တိုက်ခန်းပေါ်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့တာကိုပဲ အိုဇာတာကောင်းသည်ခေါ်မလား။

သမီးမှာ ကားရှိတော့ အခါကြီးရက်ကြီးတွေမှာ တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်နိုင်သည်။ စူပါမားကတ်တွေမှာ လိုချင်တာရနိုင်သည်။

ရွာမှာ မီးစက်ဖြင့် လျှပ်စစ်မီးပေးသောအချိန်တိုကလေးမှာ လိုင်းမမိတမိ တီဗွီကြည့်ခဲ့ရသည်။ မီးအားနိုင်မှ ခွေထိုးကြည့်နိုင်သည်။ ရန်ကုန်မှာတော့ MR TV-4/5, Skynet၊ မြဝတီ စသည်လိုင်းစုံ ပြောင်းကြည့်နိုင်သည်။

ကျန်းမာရေးမကောင်းလျှင် အထူးကုဆေးရုံကြီးများမှာ အထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေး ကုသနိုင်ပါသည်။ ငွေလည်းကုန်သည်။ အဖြေလည်းစုံသည်။

ဒါတွေကိုပဲ 'အိုဇာတာကောင်းတယ်' ဟု ခေါ်မလား။

မွန်းကျပ်သောမြို့ပြအငွေ့အသက်များနှင့် သမီးကြီး၏ အရိပ်အာဝါသအောက်၌ ပြည့်စုံစွာနေထိုင်ရသော်လည်း ဒေါ်ထွေးထွေးသည် တစ်ခါတစ်ရံမှာတော့ အဖေ၊အမေနှင့်ညီအစ်မတစ်တွေ မွေးဖွားကြီး ပြင်းခဲ့ကြသော မိဘများ ခေါင်းချခဲ့ကြသောရွာမှ နေအိမ်ကို သတိရလွမ်းဆွတ်မိပါသည်။

ထို့အတူ မိမိ (၈) နှစ်သမီးအရွယ် အထိသာ အတူနေထိုင်ခွင့်ရခဲ့သော အမေနှင့်တကွ ထူးခြားသောဖြစ်ရပ်များကို မေ့ဖျောက်မရနိုင်ပါ။

**❑ အမေ့ရောဂါနှင့်အဖေ့စေတနာ**

ထွေးထွေးတို့မိဘများမှာ အခင်းတောင်သူဖြစ်၍ ပဲမျိုးစုံနှင့်နှမ်းတို့စိုက်ပျိုးပါသည်။ အဖေသည် လက်သမားဆရာကြီးဖြစ်သည့်အပြင် ပန်းရန်အလုပ်ကိုပါနိုင်သဖြင့် မိမိဒေသတစ်ဝိုက်တွင်နာမည်ရပါသည်။ သမီးချည်း (၃) ယောက်မွေး၍ အေးအေး၊ နွေးနွေး၊ ထွေးထွေးဟု အဖေက လိုက်ဖက်သော နာမည်များ ပေးထားပါသည်။ စီးပွားရေးပြေလည်၍ ဇနီးနှင့် သမီးများကို ဆွဲကြိုး၊ နားကပ် စသည်ဖြင့် သင့်တင့်အောင် အဖေက ဆင်ပေးပါသည်။

လွန်ခဲ့သော နှစ် (၅၀) ကျော်က မြန်မာကျေးရွာဓလေ့အရ အစ်မ (၂) ယောက်မှာ ဆံတောက်ဖားဖား၊ ဆံရစ်ဝိုင်းတို့နှင့်ဖြစ်သော်လည်း မြို့ကိုအရောက်အပေါက်ရှိသော အဖေက ထွေးထွေးကို ဗိုလ်ကေညှပ်ထားပါသည်။ ဆံပင်ကို နားရွက်အောက်နားထိ ခပ်တိုတိုလှအောင်ဖြတ်ထားပြီး လည်ပင်းပေါ်ကျအောင် မရှည်မိ အဖေက စိတ်ရှည်လက်ရှည် ညှပ်ပေးတတ်ပါသည်။ အဖေ့မှာ ဆံပင်ညှပ်ဆိုင်များကဲ့သို့ ကိရိယာအစုံ ရှိပါသည်။

ထွေးထွေး(၆)နှစ်သမီးအရွယ်ခန့်မှစ၍ အမေသည် ချောင်းတဟွတ်ဟွတ်ဆိုး၍ တစ်နေ့တခြား ပိန်လှီလာခဲ့ပါသည်။ ရွာမှ လူကြီးများက မီးယပ်ပိန် မီးယပ်ခြောက်ဟု ရောဂါအမည်တပ်ပြီး သွေးဆေးမျိုးစုံ သောက်ခိုင်းကြပါသည်။

အမေ့ရောဂါအခြေအနေတိုးတက်မှုမရှိသောအခါ အဖေသည် မန္တလေးမြို့တွင် သမီးကြီးနှစ်ယောက်ကို ကျောင်းထားရင်း အမေ့ကို ခေတ်မီဆေးဝါးများဖြင့် ကုသစေခဲ့ပါသည်။ ထွေးထွေးလည်း အမေနှင့်အတူ လိုက်ပါခဲ့ပါသည်။ မန္တလေးမှ ဆေးတိုက်ကြီးက အမေ့ရောဂါကို တီဘီဟု သတ်မှတ်၍ တီဘီဆေးများဖြင့် ကုသပေးပါသည်။

အစ်မများ (၆) တန်းစာမေးပွဲပြီး၍ ရွာသို့ပြန်ရောက်သောအခါ အမေ့ကို ဆေးထိုးပေးမည့်သူမရှိသဖြင့် အဖေကိုယ်တိုင် ထိုးပေးခဲ့ရပါသည်။ သို့သော်

**အခင်ကြိုင်း (ကသာ)**

**အိုဇာတာကောင်းသူလေး**



www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်က ဆေးဝါးများမစွမ်း၍လား၊ အမေ့ရောဂါပဲ ကျွမ်း၍လားမသိ။ အဖေ ရှာဖွေရသမျှငွေဖြင့် ကုသပေးခဲ့သော် လည်း အမေ့ရောဂါမှာ ချွဲသလိပ်များ များသည်ထက်များလာပြီး မအိပ်ရမနေ ရ ဖြစ်လာခဲ့ပါသည်။

အနောက်တိုင်းဆေးဖြင့်မပျောက် နိုင်သောအခါ အဖေသည် လူပြောများ သော မြန်မာဆရာများကို လှည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖုံ လှေနှင့်တစ်မျိုး အိမ်သို့ပင့်ဆောင်၍ အမေ့ရောဂါကို ကုသပေးပါသည်။

ထွေးထွေးမှတ်မှတ်ရရရှိနေခဲ့သော ဆေးဆရာမကြီးသည် လူနာ၏ ငွေကုန်လူပန်းဖြစ်နေသော အခြေအနေကို အားမနာဘဲ 'ဟင်းဆိုရင် ဆီလက်တစ်ဆစ်လောက် မြုပ်နေမှ စားတတ်တယ်' ဟု ကြေးများပါသည်။ ထိုဆရာမကြီးမှာ သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းတတ်သဖြင့် အမေ့အတွက် အဖေဝယ်ပေးထားသော ကျောက်ပျဉ်ကြီးနှင့်အပြည့် နံနက်တိုင်း သွေးပေးကြရပါသည်။

ထွေးထွေးတို့ရွာသည် မကြီးလှသော်လည်း မြောက်ကျောင်း၊ တောင်ကျောင်း၊ ဂိုဏ်းသစ်အလယ်ကျောင်း ဟူ၍ ဘုန်းကြီးကျောင်း (၃) ကျောင်း ရှိပါသည်။ မြောက်ကျောင်းနှင့် တောင်ကျောင်းသည် ရှေးရိုးစဉ်လာ ကိုးကွယ်မှု ဂိုဏ်းတူပါသည်။ မြောက်ကျောင်းကို အများကိုးကွယ်ကြသောကြောင့် ကျောင်းကြီးဟု လည်းကောင်း၊ အသင်းကြီးဟု လည်းကောင်း ခေါ်ကြပါသည်။ မြောက်ကျောင်းနှင့် တောင်ကျောင်းမှ ဆရာ၊ ဒကာများသည် နောက်မှပေါ်လာသော ဂိုဏ်းသစ်မှပုဂ္ဂိုလ်များနှင့်အခေါ်အပြော အဆက်အစပ်မလုပ်ကြပါ။

ထွေးထွေးတို့အိမ်သည် ရွာဦး မြောက်ကျောင်းနှင့် ကပ်လျက်ရှိပြီး မြောက်ကျောင်းကိုးကွယ်သူများ ဖြစ်ပါသည်။ သို့သော် အမေ့ဘက်မှ ညီအစ်မများသည် ဂိုဏ်းသစ်၏အမာခံဒကာများ ဖြစ်ကြသောကြောင့် အဖေနှင့် ခပ်တန်းတန်းနေကြပါသည်။

ဤသို့ မပြေလည်သည့်ကြားထဲ အမေသည် အရေးပေါ် သုံးရန် အဖေ အပ်နှံထားသောငွေသုံးရာကျပ်ကို အမေ့အစ်မ ဒေါ်မြရီခေါ်လာသော ရင်းနှင့် ဂိုဏ်းတူ မိန်းမတစ်ဦးအား အဖေ့ကို အသိမပေးဘဲ ထုတ်ချေးခဲ့ပါသည်။ ထိုခေတ်က သုံးရာကျပ်မှာ အတော်အသင့်များသောငွေကြေး ဖြစ်ပါသည်။ ထိုမိန်းမက အပေါင်ခံပစ္စည်းအဖြစ် လက်ကောက်တစ်ရန်ပေးရာ ဒေါ်မြရီက မက်လောက်စရာ ပြောပါသည်။

"စတိလက်ကောက်တစ်ကွင်းကို တစ်ကျပ်သား။ တစ်ရန်ဆိုတော့နှစ်ကျပ်သားပေါ့အေ။ အပေါင်ဆုံးရင်လည်း အမြတ်ပဲ။ ငွေပွားတာပေါ့"

သို့သော် အမေ့အတွက် အသုံးလို၍ မြို့တက်ပြီး အဖေသွားပေါင်သော အခါ ရွှေရည်စိမ်အတုဖြစ်နေ၍ အတိုင်မခံရအောင် အဖေ့မှာ မနည်းတောင်းပန်ခဲ့ရပါသည်။ အဖေ၏ ချွေးနဲ့စာသည် သူတစ်ပါးအတွက်ဖြစ်ခဲ့ရလေသည်။ အဖေ့ဒေါသသည် အသည်းအသန်မမာနေသော ဇနီးသည်အပေါ် မကျနိုင်ဘဲ ဒေါ်မြရီအပေါ် ပုံကျခဲ့လေသည်။

"ဒီလက်ကောက်က ဒီလောက်တန်နေရင် သူကဘာလို့မယူတာလဲ။ မကျည်းတဲ့ပြင် လူကိုသက်သက်မဲ့ ဒုက္ခလာပေးတယ်"

အဖေက မကျေမနပ်ပြောပါသည်။

အကျပ်အတည်းမျိုးစုံဖြင့် အဖေ အခက်တွေ့နေချိန်မှာ အမေ့ကို ပျောက်အောင်ကုပေးမည်ဟူ၍ ပြောဆိုခဲ့သော ဆရာမကြီးသည် အမေမဆုံးမီ နှစ်ရက် အလိုတွင် ဆေးဖော်ရန်အကြောင်းပြ၍ အဖေ့ထံတွင် ပိုက်ဆံတောင်းပြီး ပြန်သွားခဲ့သည်မှာ ပေါ်မလာတော့ပါ။

၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ချမ်းအေးသောဆောင်းရာသီတွင် အမေသည် အဖေ့ကို သမီး (၃) ယောက်နှင့် အတူ ထားရစ်ခဲ့လေသည်။ အေးမြသောဆောင်းသည် အဖေ့သောကအပူကို အနိုင်တိုနိုင်မည်မထင်ပါ။

**□ ချစ်သက်လက်ဆောင် အိမ်ထောင်ဦးနားကပ်**

ထွေးထွေးကို မိခင်ဆုံးသည့်နေ့မှာပင် အဖေ့ညီဝမ်းကွဲတော်သူ ဘထွေးကျော်ဖေသည် မြို့မှာကျောင်းနေကြသော ထွေးထွေး၏အစ်မများကို သွားခေါ်ပါသည်။ အစ်မများသည် နောက်တစ်နေ့နံနက်ပိုင်းမှာပင် သင်္ဘောဖြင့် ရွာသို့ရောက်ခဲ့ကြပါသည်။

အစ်မနှစ်ယောက်လုံးမှာ (၈)တန်းကျောင်းသူများဖြစ်ကြပြီး အစ်မကြီး အေးအေးက (၁၅) နှစ်၊ အစ်မငယ် နွေးနွေးက (၁၂) နှစ် ဖြစ်ပါသည်။

"မခင်မေရေ မင့်သမီးတွေလာပြီကွယ့်"

အဖေသည် လှေကားမှတက်လာသောသမီးများ၏ခြေသံကိုကြားသည်နှင့် အိမ်ရှေ့ခန်းတွင် ပြင်ဆင်ထားသော အမေ့ရုပ်အလောင်းကို အက်ကွဲဆို့နှင့်သောအသံကြီးနှင့် ပြောလိုက်ပါသည်။ ယောကျ်ားတန်မဲ့ မျက်ရည်မကျအောင် ထိန်းချုပ်ထားသော်လည်း ရနိုင်ဟန်မတူပါ။

မိခင်၏တန်ဖိုးကို နားလည်သော အစ်မအေးအေးက လှေကားမှ ကသောကမျောပြေးလာပြီး မိခင်၏အလောင်းကို ပြေးဖက်၍ငိုပါသည်။ နွေးနွေးကတော့ အခြားအိမ်မှ လူသေသည်ကို ကြားဖူးသော်လည်း မိသားစုဝင်တစ်ဦး သေဆုံးမှုကို ယခုမှကြုံတွေ့ရ၍ မိခင်၏ အလောင်းကို အထူးအဆန်းသဖွယ် ငေးကြည့်နေပါသည်။ အသက် (၈) နှစ်သာ ရှိသေးသော ထွေးထွေးမှာမူ အဖေနှင့် အစ်မတို့၏ သောကမျက်နှာများကို ကြည့်လိုက်၊ မိမိတို့အိမ်သို့ ရွာသူရွာသားများ ဝင်ကြထွက်ကြလုပ်ကိုင်ကြသည်ကို ကြည့်လိုက်နှင့် သနားစဖွယ်ရပ်နေရှာပါသည်။

အမေ့အတွက် တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ရသည်မှာ အမေ့ကိုအဖေဆင်ပေးခဲ့သော အိမ်ထောင်ဦးနားကပ်တစ်ရန်မှာ အမေ့အား ကိုယ်ဖိရင်ဖိပြုစုနေကြသော ဆွေမျိုးများအနက် မည်သူက မည်သည့်အချိန်တွင် ဖြုတ်ယူသွားခဲ့သည်ကို မသိလိုက်ရပါ။ အမေ့ရုပ်အလောင်းကို ပြင်ဆင်ရန် အဖေက အိမ်ရှေ့ခုတင်ပေါ်သို့ ရွှေ့ပေးသောအခါမှ နားကပ်မရှိတော့သည်ကို သိကြရပါသည်။

"သမီးကြီးကို သူ့အမေရဲ့အမွေ မပေးနိုင်တော့ဘူးပေါ့ဗျာ။ လိုချင်လို့ ယူသွားတာ ဘယ်တတ်နိုင်မှာလဲ။ လူတစ်ယောက်လုံးတောင် ဆုံးရှုံးထားရတာ။ နားကပ်တစ်ရန်ကို မပြောကြပါနဲ့တော့"

ဥစ္စာပျောက် ငရဲရောက် ဆိုသလို ယုန်ထင်ကြောင်ထင်ပြောကြသူများကို အဖေကတားပါသည်။ မီးတောက်မီးညွှန့်များဖြင့်တဟုန်းဟုန်းတောက်လောင်နေသော မီးပုံထဲသို့ ဆေးလိပ်မီးတစ်တို ထပ်ထည့်ခြင်းဖြင့် တိုး၍ပူလောင်စရာ မရှိတော့သည့်အလားပင်။

**□ ဆိုးဆိုး၊ ကောင်းကောင်း ဆွေမျိုးအကြောင်း**

ရက်လည်ဆွမ်းပြီးနောက်တစ်နေ့တွင် အစ်မများမှာ ကျောင်းဆက်တက်ရန်မြို့သို့ပြန်သွားခဲ့ကြပါသည်။ သင်္ဘောဆိပ်တွင် ထွေးထွေးသည် အခြားလိုက်ပို့သူများကဲ့သို့ မပြန်နိုင်သေးဘဲ အစ်မများ လိုက်ပါသွားသော နန်းဆန် အမည်ရှိ သင်္ဘောကြီးကို မျက်စိတစ်ဆုံးမျှော်ငေး၍ ကျန်ရစ်ခဲ့ပါသည်။ တသွင်သွင်စီးကျနေသော မျက်ရည်များကို သုတ်ဖယ်ပစ်ရန်လည်း သတိမရနိုင်ရှာပါ။

ယခင်က အစ်မများကို သင်္ဘောဆိပ်သို့လိုက်ပို့ပြီး ပြန်လာလျှင် အဖေ



www.burmeseclassic.com

www.burmeseclassic.com

သည် ထွေးထွေးကို ခြံဝမှစောင့်ကြိုလျက် ဝမ်းနည်းမှုများပြေပျောက်အောင် နှစ်သိမ့်ပေးတတ်သည်။ ယခုမူ ထွေးထွေးကို စောင့်ကြို၍ မျက်ရည်သုတ်ပေးမည့် အမေမရှိတော့လေပြီ။

နာရေးကိစ္စပြီးသွားပြီဖြစ်၍ အိမ်မှာ ထွေးထွေးတို့သားအဖနှစ်ယောက်သာရှိပါတော့သည်။ အဖေသည် သမီးအားမငယ်အောင် အပူရုပ်ကို ဟန်လုပ်၍ ချက်ပြုတ်ကျွေးမွေးပါသည်။ အဖေ့ကို ကြောက်၍စားရသော်လည်း ထမင်းဝိုင်းမှာခြောက်ကပ်ပြီး မည်သည့်အရသာမှ မရှိပါချေ။ မကြာမီ အဖေလည်း အလုပ်ရှိရာသို့သွားရမည်ကို ထွေးထွေးသိနေပါသည်။ ထွေးထွေးသည် ဝမ်းထဲ၌လစ်ဟာ၍ ယခင်ကတစ်ကြိမ်မျှမခံစားခဲ့ဘူးသော ဝမ်းနည်းမှု၊ အားငယ်မှု၊ အထီးကျန်မှုများကို ထိုအချိန်မှစ၍ မှတ်မှတ်ရရခံစားခဲ့ရပါတော့သည်။

အဖေသည် အမေဆုံးပြီးနောက်ပိုင်းတွင် ဗာဟီရများသောအခင်းအလုပ်ကိုမလုပ်နိုင်တော့ပါ။ ထွေးထွေးကို ရွာရှိမူလတန်းကျောင်းတွင်ထား၍ ကုန်ကျစရိတ်သက်သာသော်လည်း အကြီးမနှစ်ယောက်အတွက် အိမ်လခ၊ ကျောင်းလခ၊ ထမင်းစရိတ်များပေးနိုင်အောင် ရှာဖွေရပါသည်။ သမီးများကို အဝတ်အစားဆင်ပေးရန်လည်း အဖေမမေ့ပါ။

စီးပွားရေးကို သုညမှပြန်လည်စတင်ရသော အဖေသည် မိသားစုကုန်ကျစရိတ်များကို ဖြည့်ဆည်းနိုင်ရန် ဇာတိရွာ၌သာမက အနီးအနားရွာများမှ အလုပ်များကိုပါ လက်ခံဆောင်ရွက်ရပါသည်။ ထွေးထွေးကိုစိတ်မချသော်လည်း အဆင်ပြေအောင်စီစဉ်ပေးပြီးထားခဲ့ရပါသည်။

ထွေးထွေးသည် ထမင်း၊ ဟင်း မချက်တတ်သေးသဖြင့် အဖေက ၎င်း၏ညီမအရင်း ဒေါ်တင်ရီကို ဆန်၊ ဆီနှင့်ဟင်းဖိုးငွေများ အလုံအလောက်ပေး၍ ထွေးထွေးကို ဒေါ်တင်ရီအိမ်မှာ စားစေပါသည်။ အဖေသည် သမီးမျက်နှာငယ်ရလေအောင် ပိုပိုသာသာပေးတတ်သဖြင့် ဆင်းရဲသော ဒေါ်တင်ရီတို့မိသားစုအတွက်လည်း အဆင်ပြေပါသည်။ ဒေါ်တင်ရီ၏ သမီးများဖြစ်ကြသော စိုးစိုး၊ မိုးမိုးတို့မှာ ထွေးထွေး၏ညအိပ်ဖော်များဖြစ်ကြပါသည်။

အဖေသည် အခင်းမလုပ်နိုင်သော်လည်း သီးစားချထားသဖြင့် မြေပဲဆီမှာ အိမ်၌ တစ်နှစ်စာအတွက် ငါးဆယ်ဝင်အိုးနှင့်အပြည့်ရှိ၏။ ဤအကြောင်းကိုသိသော အရီးဒေါ်တင်ရီသည် ထွေးထွေးတို့အိမ်မှ ဆီ၊ ဆန်၊ ပန်းကန်ပြားမှအစ သူလိုချင်သောပစ္စည်းများကို အဖေမရှိချိန်၌သူ့အိမ်သို့သယ်ပါသည်။ ထွေးထွေးသည် ကလေးမျှသာဖြစ်၍ သူ့စားအိမ်ဖြစ်သော ဒေါ်တင်ရီကို တားဆီးကန့်ကွက်ခြင်းမပြုနိုင်ပါ။ အဖေကိုယ်တိုင် ရိပ်မိသိရှိသော်လည်း ထွေးထွေးကို ငြိုငြင်မည်စိုး၍ မပြောသာချေ။

အဖေ့နှမဝမ်းကွဲတော်သူ ဒေါ်စိန်သွင်သည် အဖေ့ကိုများစွာကူညီပေးပါသည်။ ဆန်မရှိလျှင် ဆန်ချေးသည်။ ငွေလိုလျှင် ငွေချေးသည်။ အဖေ့အတွက် တိုင်ပင်ဖော်တိုင်ပင်ဖက်လည်း ဖြစ်ပါသည်။ သူမသည် ဘာကိုမှမမျှော်ကိုးဘဲ ကူညီသူဖြစ်ပြီး သူမ၏ သမီး ဖြူဖွေးသည် ထွေးထွေးတို့သားအဖကို အလွန်ခင်တွယ်ပါသည်။ သို့သော် ဖြူဖွေးသည် ထွေးထွေးထက် (၄) နှစ်ခန့်ငယ်၍ ညအိပ်ဖော်လုပ်မပေးနိုင်သေးပါ။

အမေ့ညီအစ်မအရင်းများဖြစ်ကြသော ဒေါ်မြရီ၊ ဒေါ်မြကြည်တို့မှာမူ စီးပွားရေးချောင်လည်ကြသော်လည်း အဖေနှင့်မခေါ်သည်ကို အကြောင်းပြု၍ တူမအရင်းဖြစ်သော ထွေးထွေးတို့အား ပေးကမ်း ထောက်ပံ့ခြင်း လုံးဝမရှိသည့်အပြင် လမ်း၌ဆုံလျှင်ပင်မျက်နှာလွှဲသွားကြပါသည်။

ဆွေမျိုးကိုယုံသဖြင့် ရွှေတုကိုအပေါင်ခံ၍ ငွေဆုံးရခြင်း၊ ဆွေမျိုး၏သစ္စာမဲ့မှုကြောင့် အမေနားကပ်ပျောက်ရခြင်း၊ ဆွေမျိုးရင်းချာတို့က မိတဆိုးသမီးများအား စိမ်းကားခြင်းတို့ကြောင့် အဖေသည် ဆွေမျိုးများကို ခံပြင်းနာကြည်းစွာဖြင့် ဤသို့ပြောတတ်ပါသည်။

"ဆွေမျိုးကို ဘယ်တော့မှအားမကိုးနဲ့ သမီးတို့။ ကိုယ့်ရှိမှ ကိုယ်စားရတာ။ ရွှေရှိမှအမျိုးတော်ချင်ကြတဲ့ရွှေမျိုးတွေ။ နီးတာ၊ ဝေးတာနဲ့ မဆိုင်ဘူး။ ကောင်းတဲ့သူမှကောင်းတာ။ ငါ့သမီးတွေ ပညာတတ်ကြီးဖြစ်လို့ ချမ်းချမ်းသာသာဖြစ်လာတဲ့အခါ ဦးကြီး၊ ဦးလေးတွေ၊ ဒေါ်ကြီး၊ ဒေါ်လေးတွေ၊ ဆွေမျိုးဆယ့်နှစ်ဝမ်းကွဲတွေပေါ်လာကြပါလိမ့်မယ်။ အဲဒီအခါကျမှ ဘယ်ကအမျိုးလဲ၊ ရှင်တို့ကို ကျွန်မမသိဘူးလို့ ပစ်ပစ်ခါခါပြောပစ်လိုက်ကြ"

## ၂ သူစိမ်းကျွေးသော ထမင်းတစ်နပ်

"ဟဲ့ - ထွေးထွေး၊ ဒီကိုလာစမ်း။ ဆံပင်က ဆီမရှိဘာမရှိနဲ့ နီကြောင်လို့။ ဟင်-သန်းတွေတောင်ကျနေပြီ။ လုံချည်ကလည်းညစ်ပတ်လို့။ ဆံပြာကောရှိရဲ့လား"

အုပ်ထိန်းသူမရှိဘဲ စိတ်ကူးတည့်ရာလျှောက်လည်နေသော ထွေးထွေးကို ဆွေမျိုးနီးစပ်တော်သည့် အပျိုကြီးဒေါ်သန်းသန်းက ခေါ်လိုက်ပါသည်။ အပျိုကြီးသည် ဖျစ်တောက်ဖျစ်တောက်ပြောရင်း ထွေးထွေး၏ခေါင်းကို အုန်းဆီထည့်၍ ဖြီးသင်ပေးပါသည်။

အမေသည် နံနက်တိုင်း ထွေးထွေး၏ဗိုလ်ကေဆံပင်ကို ဝဲဘက်မှ ခွဲကြောင်းညီညီခွဲပြီး ညာဘက်သို့ချပေးပါသည်။ ပြီးလျှင် သနပ်ခါးကိုညီညာစွာလိမ်းပေးပြီး အိမ်ရှေ့တွင်စိုက်ပျိုးထားသောပန်းတစ်မျိုးမျိုးကိုခူး၍ ဆံညှပ်ဖြင့် လှအောင်ပန်ပေးတတ်ပါသည်။ ထို့နောက် အဆာပြေထမင်းကျွေး၍ ကျောင်းသို့ပို့ပေးပါသည်။ ယခု အမေမရှိတော့ ထွေးထွေးကို ဤသို့ ပြုစုယုယပေးမည့်သူမရှိ။ အမေ့မေတ္တာ၊ အကြင်နာများနှင့်ဝေးကွာခဲ့သည်မှာ ကြာခဲ့ပေပြီ။

"ဟဲ့ - ဒီကလေးမငိုနေပြန်ပါပြီ။ တိတ်တိတ်၊ မျက်ရည်တွေသုတ်ပစ်လိုက်။ ထမင်းမစားရသေးရင် စားသွား"

ဒေါ်သန်းသန်းသည် ထွေးထွေး၏ မျက်ရည်နှင့်နှာရည်ရောနေသောငိုရှိုက်သံကိုကြားရ၍ စိတ်မကောင်းဖြစ်သွားဟန်ရှိပါသည်။ ထွေးထွေးကိုချော့မော့၍ ထမင်းကျွေးပြီး ဆုံးမစကားများကိုလည်း တတွတ်တွတ်ပြောပါသည်။ အဖေသည် ငွေမပြေလည်သည့်အခါများတွင် ၎င်းတို့ထံမှချေး၍ ဘုန်းကြီးကျောင်း၌ ၎င်းတို့လှူဒါန်းသော အဆောက်အအုံများကို ဆောက်လုပ်ခြင်းဖြင့် ပြန်လည်ပေးဆပ်ရပါသည်။ အဖေ့ကို ယုံကြည်သဖြင့် အပေါင်ပစ္စည်းပေးရန် မလိုပါ။

အိမ်မှာ ကစားဖော်မရှိသော ထွေးထွေးသည် ကျောင်းပိတ်ရက်များ၌ အနီးတစ်ဝိုက်ရှိ သက်တူရွယ်တူအိမ်များသို့ သွားရောက်လည်ပတ်လေ့ရှိပါသည်။ အများဆုံး သွားရောက်တတ်သည်မှာ အမေ့အစ်မဝမ်းကွဲတော်စပ်သူ ဒေါ်မြင့်စိန်၏အိမ် ဖြစ်ပါသည်။ ဒေါ်မြင့်စိန်၏ သမီး ခင်ခင်မူမှာ ထွေးထွေးနှင့် အသက်မတိမ်းမယိမ်း ကစားဖော်ကစားဖက်ဖြစ်ပါသည်။ ကလေးပီပီ ကစားသည့်အာရုံတွင် စိတ်နှစ်နေလျှင် ဆာလောင်မှန်းလည်း မသိကြပါ။

"ခင်ခင်မူ၊ ထမင်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားချိန်ကျလျှင် ထွေးထွေးတို့ကစားနေရာသို့ ခင်ခင်မူ၏ အစ်မများက လာခေါ်ပါသည်။ သူတို့သည် ခင်ခင်မူကိုသာခေါ်ပြီး ထွေးထွေးကို မည်သည့်အခါမျှ ထမင်းစားမခေါ်ပါ။

ခင်ခင်မူထမင်းစားရန် အိမ်ပေါ်တက်သွားလျှင် ထွေးထွေးတစ်ယောက်တည်း အိမ်အောက်မှာ စိတ်မပါလက်မပါ ကစားရင်း ကျန်နေခဲ့ပါသည်။ ခင်ခင်မူတို့အိမ်သည် စီးပွားရေးအဆင်ပြေ၍ မိသားစုလည်း စုံညီသောကြောင့် သူတို့ထမင်းဝိုင်းသည် ပျော်ပျော်ပါးပါးနှင့် စိုပြည်နေလိမ့်မည် ထင်ပါသည်။

ကျောင်းဖွင့်ရက် နေ့လယ်ထမင်းစားချိန်၌ အခြားကျောင်းသားကျောင်းသူများသည် မိမိတို့နေအိမ်သို့ ထမင်းစားပြန်ကြသည်။ ၎င်းတို့နေအိမ်၌ မိခင်နှင့် အစ်မများသည် ထမင်းစားပြန်လာကြသော သူတို့ကို အပြုံးနှင့်စောင့်ကြိုနေကြပေသည်။ ထွေးထွေးမှာမူ အဖေနှင့်အစ်မများ အဝေး၌ရောက်နေကြသောကြောင့် အထူးတလည်ကြိုဆိုမည့်သူ မရှိရှာပါ။ တစ်ခါတစ်ရံ ထွေးထွေးသည် အိမ်သို့မပြန်ဘဲ အဆင်ပြေရာ အတန်းဖော်များအိမ်သို့ ကပ်ရပ်၍ လိုက်ပါသွားတတ်သည်။

တစ်နေ့ ကျောင်းဆင်းချိန်တွင် ထွေးထွေးသည် ရွာတောင်ပိုင်းရှိ ဂိုဏ်းသစ်ဘုန်းတော်ကြီးကျောင်း၏ အမာခံဒကာကြီး ဦးတင်မောင်၏နေအိမ်သို့ ၎င်း၏သမီးနှင့်အတူလိုက်ပါသွားခဲ့သည်။ ထွေးထွေးတို့အဖေမှာ မြောက်ကျောင်း၏ လက်ရုံးဒကာဖြစ်၍ ထွေးထွေးကို မြင်သောအခါ အိမ်သားများ အံ့သြသွားကြပါသည်။ အမှန်တော့ လူကြီးများ၏ ဂိုဏ်းဂဏကွဲပြားမှုများကို ထွေးထွေး မသိနားမလည်ပါ။

"ဟယ် - ထွေးထွေးလိုက်လာသလား။ အိမ်မှာအဖေမရှိဘူးထင်တယ်။ ထမင်းမစားရသေးဘူးနေမှာ။ လာ၊ လာ မဲ့စုနဲ့အတူစားလိုက်။ ဒီမှာ လက်ဆေး"

သူတို့သည် ထွေးထွေးတို့မိသားစုအကြောင်းကိုသိထားပြီးဖြစ်၍ ထွေးထွေးကို နွေးထွေးစွာကြိုဆိုကာ သူတို့သမီးနှင့်အတူ နေ့လယ်စာစားစေခဲ့ပါသည်။ 'တစ်လုတ်စားဖူး သူ့ကျေးဇူး' ဆိုသည့်အတိုင်း မေတ္တာငတ်နေရှာသောထွေးထွေးသည် သူမ၏ ထမင်းရှင်ဖြစ်ခဲ့ဖူးသော ဒေါ်သန်းသန်းနှင့် မဲ့စုတို့၏ ကျေးဇူးကို ယနေ့တိုင် မမေ့နိုင်ပါ။

ထို့ပြင် ထွေးထွေးသည် ကလေးအရွယ်သာဖြစ်သော်လည်း သွေးသားမတော်သော မဲ့စုတို့မိသားစု၏ စေတနာနှင့် သားချင်းတော်ပြီး ကိုးကွယ်မှုတူသော်လည်း ခွဲခြားဆက်ဆံတတ်သော ခင်ခင်မူတို့မိသားစု၏ စိတ်ဓာတ်တို့မှာ ဆီနှင့်ရေလိုကွာခြားကြောင်း ခံစားတတ်ခဲ့ပါသည်။

**▫ မင်္ဂလာဆောင်အိမ်မှ ချဉ်ရည်အိုး**

ထွေးထွေး (၉) နှစ်၊ (၁၀) နှစ်အရွယ်က အဖေအိမ်မှာရှိသည့်အခိုက် ခြေရင်းအိမ်မှ ဒေါ်တင်ငွေ၏သမီးမင်္ဂလာဆောင်သည်နှင့် ကြုံကြိုက်ခဲ့ပါသည်။ ဒေါ်တင်ငွေသည် ဒေါ်မြင့်စိန်၏ ညီမအရင်းဖြစ်ပြီး ထွေးထွေးတို့အမေနှင့်ညီမတစ်ဝမ်းကွဲတော်ပါသည်။

မင်္ဂလာဆောင်မတိုင်မီ တစ်ရက်က ထိုအိမ်၌ ရွာသားများသည် အစဉ်အလာရှိသည့်အတိုင်း ပြင်ဆင်ဆောင်ရွက်နေကြစဉ် ထွေးထွေးသည် ကစားဖော်များနှင့် ဆော့ကစားရင်းနေကုန်ပါသည်။ အသံချဲ့စက်မှသီချင်းသံများက ကလေးများကို ပို၍ပျော်မြူးစေပါသည်။ အဖေကလည်း ဆွေမျိုးတော်စပ်သော အိမ်နီးချင်းများဖြစ်သည့်အပြင် ထွေးထွေးကို ပျော်ပျော်ပါးပါးနေစေချင်သောဆန္ဒဖြင့် စိတ်ချစွာလွှတ်ထားခဲ့ပါသည်။ မိုးချုပ်သောအခါ အလုပ်နှင့်လက်မပြတ်သော အဖေသည် ထွေးထွေးပြန်လာလျှင် သူ့ကိုနှိုးလိမ့်မည်အထင်နှင့် တံခါးမကြီးကိုပိတ်၍ အိပ်ပျော်သွားခဲ့လေသည်။

မင်္ဂလာဆောင်အိမ်၌ လက်ထပ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများပြီးစီး၍ အိမ်ရှင်နှင့်ကူညီလုပ်ကိုင်သူများ ထမင်းဝိုင်းဖွဲ့စားကြသောအခါ ထွေးထွေးလည်း စားခွင့်ရခဲ့ပါသည်။ ဘူးသီးချဉ်ရည်ဟင်းကနည်းလာသောအခါ လူကြီးများသည် ထွေးထွေးကို ခပ်လှမ်းလှမ်းရှိ မီးဖိုပေါ်၌ နွေးထားသော ဟင်းအိုးကြီးထဲမှ ဟင်းဖြည့်ရန် ခိုင်းလိုက်ပါသည်။

ထွေးထွေးသည် ရေနံဆီမီးခွက်ကတစ်ဖက်၊ ဟင်းရည်သောက်ပန်းကန်လုံးကြီးကတစ်ဖက်ဖြင့် လက်မအားသောကြောင့် မီးခွက်ကို ဒန်အိုးဖုံးပေါ်တင်လိုက်ပါသည်။ ထို့နောက် အလှူမင်္ဂလာဆောင်များတွင်သုံးသော လေးလံသည့် ဒန်အိုးကြီး၏အဖုံးကို မနိုင်မနင်းဖွင့်ရာ အဖုံးကို အနည်းငယ်လှပ်လိုက်သည်နှင့် လက်ကို အပူငွေ့များဟပ်၍ လွှတ်ချလိုက်ပါသည်။ မီးခွက်လည်း ဟင်းအိုးထဲသို့လိမ့်ကျပြီး ပန်းကန်လုံးမှာ မြေပြင်ပေါ်ကျသွားပါတော့သည်။

ထွေးထွေးသည် လူကြီးများ အပြစ်တင်ပြောဆိုခံရမည်ကိုကြောက်ပြီး ထမင်းဝိုင်းသို့ ပြန်မသွားရဲတော့ဘဲ ခြံစည်းရိုးကိုကျော်၍ အိမ်သို့ပြန်ပြေးခဲ့ပါသည်။ ထမင်းဝိုင်းမှာ မည်သို့ဖြစ်ကျန်ခဲ့သည်မသိ။ သူတို့သည် ထွေးထွေးကို ဟင်းခပ်ခိုင်းမိသည့်အတွက် နောင်တကောင်းကောင်းရနေကြမည်ထင်ပါသည်။

လှေကားမှပြေးတက်ခဲ့သော ထွေးထွေးမှာ အဖေက တံခါးပိတ်ထားသဖြင့် အမောဆို့ရပါတော့သည်။ အလည်လွန်ခဲ့သော ထွေးထွေးသည် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ညအချိန်မတော် အဖေ့ကိုမနှိုးရဲပါ။

ထိုညက ထွေးထွေးသည် အဖေ့ကို လည်းကောင်း၊ ဒေါ်တင်ငွေတို့ကိုလည်းကောင်း၊ အမှောင်ထဲမှ အနိဋ္ဌာရုံများကိုလည်းကောင်း ကြောက်ခြင်းမျိုးစုံဖြင့် လှေကားရင်း အိမ်နံရံကိုမှီ၍ မှေးခဲ့ရပါတော့သည်။

**▫ ကတော်ရုပ်လား၊ သူခိုးရုပ်လား**

ထွေးထွေးတို့ရွာ၌ အဓိကလမ်းမကြီး (၃) ခုရှိပြီး အိမ်များသည် လမ်းဘေးဝဲ၊ ယာ၌ ကျောချင်းကပ်ဆောက်ထားကြပါသည်။ ထွေးထွေးတို့အိမ်၏ နောက်ကျောဘက်ရှိ အိမ်တန်းသည် တောတန်းနှင့်နီးသဖြင့် တောဘက်တန်းဟု ခေါ်ကြပါသည်။ တောတန်းဘက်၌ ကောက်စိုက်၊ ပျိုးနုတ်၊ ပေါင်းလိုက်၊ ပဲကောက်၊ ငါးဖမ်း စသည့် ကြုံရာကျပန်း ရရစားစားသမားများ နေထိုင်ကြသည်။ အမေရှိစဉ်က အိမ်မလည်စေသောကြောင့် ထိုအိမ်ဘက်တန်းကို ထွေးထွေးမရောက်ဘူးပါ။

တစ်နေ့နေ့ခင်းတွင် ထွေးထွေးသည် ခင်ခင်မူတို့နေအိမ်၌ ကစားနေရာမှ ခင်ခင်မူ၏အစ်မ ခင်ခင်မြနှင့် ထိုအိမ်ဘက်တန်းကို လိုက်ပါသွားခဲ့ပါသည်။ ခင်ခင်မြသည် ထွေးထွေးထက် (၂) နှစ်ကျော်ကျော်ကြီးပါသည်။

"လာ - ဒေါ်ဒေါင်းတို့အိမ်မှာ ရေသောက်ရအောင်"

ထွေးထွေးသည် ခင်ခင်မြနှင့်အတူ ဒေါ်ဒေါင်း၏အိမ်ပေါ်သို့ တက်ခဲ့ကြသည်။ ဒေါ်ဒေါင်းတို့ အိမ်သားများမရှိကြပါ။ ဒေါ်ဒေါင်းတို့အိမ်ကိုမရောက်ဘူးသော်လည်း အမေရှိစဉ်က မိမိတို့အိမ်တွင် နေ့စားအလုပ်လုပ်ဖူးသူဖြစ်သည့် ဒေါ်ဒေါင်းကို ထွေးထွေးသိပါသည်



www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုတတ်လျှင် အမေ့ထံတွင် ပိုက်ဆံလာချေးတတ်ပါသည်။ ထွေးထွေးတို့အိမ်ကိုလာလျှင် ဒေါ်ဒေါ်ငါးပြောနေကြတောားမှာ -

"ဒေါ်ခင်မေရဲ့သမီး(၃)ယောက်ထဲမှာ ထွေးထွေးက အလှဆုံးပဲ။ မျက်လုံး၊ မျက်ခုံးလည်း ကောင်းတယ်။ ကြီးရင် အတော်ဖြစ်မယ့်ရုပ်ပဲ"

ဒေါ်ဒေါ်ငါး၏ ဘော်လီအကျီသည် အိမ်ကပြင်ကြိုးတန်းတွင်လှန်းထားပြီး အိတ်ထောင်ထဲမှ ငွေ (၁၀) ကျပ်တန်တစ်ရွက် ထွက်ပြူနေသည်ကို မြင်ကြရပါသည်။ ထွေးထွေးသည် ရေအိုးမှ ရေတစ်ခွက်ခပ်သောက်နေစဉ် ခင်ခင်မြသည် ၎င်းတစ်ဆယ်ကျပ်တန်ကို ဘော်လီအိတ်ထဲမှဆွဲယူ၍ သူမ၏ လုံချည်ထဲထိုးသည့်ပြီး ထွေးထွေးကို နှုတ်ပိတ်သည့်သဘောဖြင့် မျက်ရိပ်ပြပါသည်။

ထွေးထွေးတို့ ထိုအိမ်မှပြန်ခဲ့ပြီးနောက် ခင်ခင်မြက မည်သို့ပြောလိုက်သည်မသိ။ ဒေါ်ဒေါ်ငါး၏ပိုက်ဆံပျောက်မှု ထွေးထွေး၏ခေါင်းပေါ် ကျလာပါတော့သည်။

"ဒေါ်ဒေါ်ငါးရဲ့ပိုက်ဆံကိုယူထားရင် ပြန်ပေးလိုက် ငါ့တူမ။ သူကြီးကိုအတိုင်ခံရရင် နင့်အဖေက ဒေါသကြီးတာနဲ့ အသေရိုက်လိမ့်မယ်။ ဂါတ်ကိုတိုင်ရင်လည်း ပုလိပ်တွေက ရိုက်နှက်ပြီးစစ်မှာပဲ။ ကလေးလည်းညာမှာမဟုတ်ဘူး၊ ရှက်စရာလည်းကောင်းတယ်"

ဒေါ်ဒေါ်ငါးနှင့် ဒေါ်တင်ငွေ (ခင်ခင်မြ၏ အဒေါ်အရင်း) တို့သည် ထွေးထွေးကို ချော့၍တစ်မျိုး၊ ခြောက်၍တစ်မျိုး စစ်ဆေးမေးမြန်းကြပါသည်။ အမှန်တကယ်ခိုးယူသည့် ငွေမျက်နှာ၊ ဆွေမျိုးမျက်နှာရှိသော ခင်ခင်မြကိုသူတို့ စစ်မေးခြင်းရှိ မရှိ ထွေးထွေး မသိနိုင်ပါ။

သူတို့ဘယ်လိုပဲစစ်စစ် ထွေးထွေးသည် မိမိမခိုးသောပိုက်ဆံအတွက် ဝန်မခံပါ။ ပြန်ပေးစရာလည်း မရှိပါ။ သူမသည် ၎င်းတို့ ခြိမ်းခြောက်သည့်သူကြီးတွေ၊ ပုလိပ်တွေထက် သူမကိုနှုတ်ပိတ်ထားသည့် ခင်ခင်မြကို ပို၍ကြောက်ပါသည်။

နောက်ဆုံးတွင် ဒေါ်ဒေါ်ငါးနှင့် ဒေါ်တင်ငွေသည် ဟုတ်မခံ အဖေ့ဒေါသကိုကြောက်၍လား၊ ထွေးထွေး အမှန်တကယ်မခိုးကြောင်း လက်ခံသွား၍လား၊ ထိုကိစ္စကိုလက်လျှော့သွားကြသည်။

အမေရှိစဉ်က ထွေးထွေးကို 'ကကော်ရုပ်' ဟု မြင်ခဲ့သော ဒေါ်ဒေါ်ငါးသည် အမေမရှိတော့ဘဲ စီးပွားကျဆင်းလာသောအခါ 'သူခိုးရုပ်' ဟု မြင်ခဲ့ချေပြီ။ ဤအဖြစ်ကို အမေ့ရင်ခွင်တွင် ခေါင်းဝှက်၍တိုင်ချင်လှသော်လည်း အမေသည် ထွေးထွေးတို့ကို စောစီးစွာပစ်ထားခဲ့လေသည်။ အမေသာရှိလျှင် ရင်ထုမနာဖြစ်မှာသေချာလှပါသည်။

အဖေပြောပြသည့် 'ဖာတစ်လုံးခေါင်းကျား' ရုပ်ရှင်ထဲကလို အခြေအနေနှင့် အချိန်အခါအရ လူများသည် အပြောင်းအလဲလည်းမြန်လှပေသည်ဟု ထွေးထွေး သဘောပေါက်ရပါတော့သည်။

အဖေ ပြန်လာသောအခါတွင် ထွေးထွေးသည် သားသမီးချင်းမစာနာ စွပ်စွဲခံရသော ရှက်ကြောက်ဖွယ် မိမိ၏အဖြစ်ကိုမတိုင်ရဲရှာပါ။ အဖေသည် ရွာလည်သည်ကိုမကြိုက်၍ ဤအကြောင်းကို သိလျှင် အဆူခံရဖို့သာရှိပါသည်။

"မခေါ်ဘဲလည်း မလည်နှင့်၊ မတော်ဘဲလည်း မဝယ်နှင့်လို့ ဆုံးမစကားရှိတယ် သမီးတို့"

ဟု အစချီကာ အဖေသည် အိမ်မလည်ရန် သမီးများကို မကြာခဏဆုံးမပါသည်။

"ရှေးတုန်းက ရဟန်းတစ်ပါးဟာ ဘုရင့်ပန်းထိမ်ဆရာကြီးရဲ့နေအိမ်ထဲကို ဆွမ်းခံဝင်ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ပန်းထိမ်ဆရာကြီးရဲ့အိမ်မှာ မွေးထားတဲ့ ကြိုးကြာငှက်က ဘုရင်ရဲ့ပတ္တမြားကြီးကို သားတစ်မှတ်ပြီး မျိုချလိုက်တယ်။ ဒါကို ပန်းထိမ်ဆရာကြီးက မမြင်လိုက်ဘူး။ ပန်းထိမ်ဆရာကြီးဟာ ရဟန်းကို ပတ္တမြားသူခိုးလို့စွပ်စွဲပြီး ရိုက်နှက်ပုတ်ခတ်ခဲ့တယ်။ ဒါပေမယ့် ကြိုးကြာငှက်ကို အသတ်ခံရမှာစိုးလို့ ရဟန်းကြီးက ဖွင့်မပြောရှာဘူး"

ထွေးထွေး၏ အဖြစ်မှာလည်း ရဟန်းကြီးကဲ့သို့ အမှန်ကိုသိလျက် ပြောမထွက်နိုင်ခဲ့ပါ။

မိတဆိုးသမီးများကို အုပ်ထိန်းရသောဖခင်ကြီး ဆုံးမဟောပြောသည့် ပုံပြင်ဇာတ်နိပါတ်များမှာ များလှပါပေသည်။ ထို့အပြင် အဖေသည် သမီးများ ရွာမလည်ဘဲ အိမ်တွင် ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် ကျပ်လုံးခန့်ရှိသည့် အုန်းဆံကြိုးကြီးကြီးတစ်ချောင်းနှင့် အိမ်အောက်တွင် ဒန်းဆင်ပေးထားပါသေးသည်။ အဖေ့ဆုံးမစကားကို မနာယူခဲ့သော ထွေးထွေးသည် မိမိကိုယ်ကိုသာ အပြစ်ဆိုဖွယ်ရှိပါတော့သည်။

ချုံ့၍ပြောရလျှင် အမေကွယ်လွန်ပြီးနောက်ပိုင်း ထွေးထွေး၏ငယ်ဘဝမှာ အဖေနှင့် အစ်မများ အဝေးမှပြန်ရောက်လျှင် ဝမ်းသာပျော်ရွှင်ရသည်မှအပ လုံခြုံမှုမရှိခြင်း၊ နှိမ့်ချခံရခြင်း၊ အားငယ်ခြင်း၊ ကြောက်ခြင်းတို့ဖြင့်သာ ပြည့်လျှမ်း၍နေပါတော့သည်။

**ထူးဆန်းသော အသံရှင်**

ထွေးထွေးသည် 'အမိမဲ့သား ရေနည်းငါး' ဆိုသကဲ့သို့ ခါးသီးသော လူမှုဒုက္ခများကို တွေ့ကြုံရသည့်အပြင် ထိတ်လန့်တုန်လှုပ်ဖွယ်စိတ်ဒုက္ခများကိုလည်း ခံစားခဲ့ရပါသေးသည်။

ထွေးထွေးတို့ မိဘများသည် ကျေးလက်နေ မြန်မာဗုဒ္ဓဘာသာများ ပီပီ ဘာသာရေးကို အလေးအမြတ်ထားကြပါသည်။ အမေသည် နေ့စဉ်ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းပို့ပြီး ငါးပါးသီလခံယူသည့်အပြင် ဥပုသ်နေ့တိုင်း ရှစ်ပါးသီလဆောက်တည်ပါသည်။ အမေ၏မိန်းမပီသမှုကြောင့် အဖေအထူးလုပ်ပေးထားသော ဘုရားဆောင်သည် ဖုန်တစ်မှုံမျှမရှိဘဲ သောက်တော်ရေ၊ သုံးတော်ရေ၊ ဆွမ်း၊ ပန်း၊ ဆီမီးတို့ဖြင့် ကြည်ညိုဖွယ်အမြဲတင့်တယ်ဝေဆာနေပါသည်။ အမေသည် ဤကုသိုလ်အလုပ်ကို သူကိုယ်တိုင်လုပ်ရုံမက သမီးများကိုလည်း လုပ်ဆောင်စေပါသည်။

အဖေသည်လည်း ဘာသာရေးစာပေများကို လေ့လာလိုက်စားပြီး ညစဉ် ညဦးပိုင်းမှာ တစ်ကြိမ်၊ အရုဏ်တက်မှာတစ်ကြိမ် ဘုရားဝတ်တက် မပျက်ခဲ့ပေ။ သမီးများကိုလည်း ရွာဦးကျောင်းဆရာတော်ကြီး၏ ဩဝါဒအတိုင်း ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းတတ်အောင် သင်ကြားပေးပါသည်။

သို့သော် အမေ ဆုံးပြီးနောက် အဖေနှင့် အစ်မများလည်း အိမ်မှာမရှိကြသောအခါ ဘုရားဆောင်မှာ ရှိခိုးကော်ရော်မည့်သူမရှိတော့ဘဲ ပန်း၊ ရေချမ်းတို့မှာ ညှိုးနွမ်းခြောက်သွေ့နေပါတော့သည်။ ကလေးသာသာရှိသေးသော ထွေးထွေးမှာ ဆုံးမသွန်သင်သူမရှိသဖြင့် ညအိပ်ရာဝင် ဦး (၃) ကြိမ်ချရန်ကိုပင် မေ့လျော့နေတတ်ပါသည်။

ထိုခေတ်က ကျေးရွာများတွင် ရေနံဆီမီးခွက်ကို အသုံးပြုကြပါသည်။ ထွေးထွေးမမေ့နိုင်သော ထိုတစ်ညက



www.burmeseclassic.com

www.burmeseclassic.com

ထွေးထွေးနှင့်အတူ စိုးစိုး၊ မိုးမိုးတို့ ရှိကြပါသည်။ စိုးစိုးမှာ အကြီးဆုံးဖြစ်၍ ပျော်ပျော်နေတတ်သူ ဖြစ်ပါသည်။ သူမသည် မကြာမီက ရွာတွင် ကပြသွားသော ဇာတ်အဖွဲ့မှ ပြဇာတ်မင်းသမီးကဲ့သို့ ကိုယ်ဝန်ဆောင်ပုံစံ သရုပ်ဆောင်ပြရာ ထွေးထွေးနှင့် မိုးမိုးတို့မှာ ရယ်မောပျော်ရွှင်ကြရပါသည်။

ည (၉) နာရီအချိန်ခန့်တွင် အိမ်ရှေ့ခန်း ဘုရားဆောင်ဘေး၌ ထွေရာလေးပါး စကားပြောကြပြီး မီးခွက်ငြိမ်း၍ အိပ်ကြပါသည်။ လူငယ်များဖြစ်၍ ခဏနှင့် အိပ်ပျော်သွားကြပါသည်။

"တောက် . . . တောက် . . . တောက် . . . တောက် . . . တောက် တောက် . . ."

ထွေးထွေးသည် အလိုလိုနိုးလာပြီး ထူးခြားသော အသံတစ်မျိုးကို ကြားရပါသည်။ တောရွာဓလေ့ လူသွားလူလာမရှိတော့ဘဲ တိတ်ဆိတ်နေသဖြင့် သန်းခေါင်အချိန်ဟု ခန့်မှန်းရပါသည်။

ထွေးထွေးတို့အိမ်သည် အတန်ငယ်မြင့်ပြီး ပျဉ်ထောင်ပျဉ်ခင်းသက်ငယ်မိုးဖြစ်ပါသည်။ အိမ်အောက်မှာ အခင်းလုပ်စဉ်က နွားများထားသောကြောင့် အကာအရံမရှိပါ။

ထူးခြားသောအသံသည် သူမတို့အိပ်သည့် ခေါင်းရင်းဘက်မှစ၍ အိမ်နံရံပျဉ်ကို တုတ်ချောင်းသေးသေးနှင့် ခေါက်သည့်အသံမျိုးဖြစ်ပြီး အိမ်နောက်ဖေးအိမ်ခြေရင်းဘက်များသို့ ခပ်သွက်သွက်ပတ်ပြီးခေါက်သွားပါသည်။ ဆက်လက်နားစွင့်နေသောအခါ အသံသည် အိမ်ရှေ့ဘက်သို့ရောက်သွားပြီး မကြာမီ ထွေးထွေးတို့ ခေါင်းရင်းဘက်သို့ ပြန်လည်ရောက်ရှိလာပါသည်။ အသံသည် မတိုးမကျယ်ကြားသာရုံမျှဖြစ်ပြီး ယခင်အတိုင်း စတ်၍ခေါက်သွားပါသည်။

"မမစိုး မမစိုး၊ ဘာအသံလဲ ကြားလား"

ထွေးထွေးက စိုးစိုး၏လက်မောင်းကိုလှုပ်၍နှိုးပါသည်။ သူမ ည် အကြီးဆုံးဖြစ်၍ အလယ်မှာအိပ်ပါသည်။ သူတို့ညီအစ်မသည် အဖေခရီးမထွက်မီ (၃) ရက် ကြိုတင်၍ လာအိပ်ပေးကြပါသည်။

"အေး - ငါလည်း နားထောင်နေတာ။ စောစောကတစ်ပတ်ခေါက်သွားပြီးပြီ"

အငယ်ဆုံးမိုးမိုးကလည်းဝင်ပြောပါသည်။

"ကျွန်မက စပြီးခေါက်ကတည်းက နိုးနေတာ။ ကောင်လေးတွေ ကျွန်မတို့ကို လာနောက်နေတာလားလို့၊ အိမ်ကိုပတ်ပြေးပြီး တုတ်ရှည်ရှည်နဲ့ ခေါက်နေသလားပဲ"

"ဟယ် - လူကအဲ့လောက်အမြန်ကြီးပြေးပြီး ခေါက်နိုင်မလား။ ပြေးတဲ့ခြေသံလည်း မကြားရဘူး"

ညီအစ်မ(၃)ယောက်သည် အသံကို နားစွင့်ပြီး အဖြေရှာရင်း ငြိမ်သက်တိတ်ဆိတ်နေကြပါသည်။ အိမ်ကို သုံး၊ လေးပတ်လောက် ခေါက်ပြီးသောအခါ အသံသည် ခေတ္တပျောက်သွားပြီး နောက်တစ်မျိုးကြားကြရပါသည်။

"ရှမ်း . . . ရှမ်း . . ဖြန်း . . ဖြန်း"

အိမ်အောက်တွင် တံမြက်စည်းလှည်းနေသောအသံ ဖြစ်ပါသည်။ မည်သူသည် အကာလညအခါ ထွေးထွေးတို့အိမ်အောက်ကို တံမြက်လှည်းပေးနေပါသနည်း။

"ထွေးထွေး၊ အိမ်တံခါးတွေကို မင်းတုပ်သေချာထိုးရဲ့လား။ လူဆိုရင်တို့ကို ရန်ပြုမှာစိုးလို့"

တစ်ဦး၏ အသက်ရှူသံကို တစ်ဦးကြားရမလောက် တိတ်ဆိတ်နေရာမှ စိုးစိုးကမေးလိုက်ပါသည်။

"အဖေက ခဏခဏမှာလွန်းလို့ သေချာပိတ်ထားပါတယ်"

"လူမဟုတ်ဘူးထင်တယ်၊ တစ်မျိုးကြီးပဲ။ ကြောက်စရာကြီး"

မိုးမိုးက ဤသို့ပြောပြီးနောက် ထွေးထွေးတို့ (၃) ဦးသည် ပို၍ပူးကပ်ထားကြပါသည်။ သူတို့သည် ထိတ်လန့်မှုကြောင့် ပြူးကျယ်သောမျက်လုံးများဖြင့် အမှောင်ထဲကိုကြည့်ပြီး အစွမ်းကုန်နားစွင့်ထားကြပါသည်။

"ကျွန်မတို့ကို တစ္ဆေခြောက်ပြီထင်တယ်။ ဦးကြီးရှိရင်ကောင်းမှာ။ ဦးကြီးရှိတုန်းက ဘာမှမဖြစ်ဘူး"

အငယ်ဆုံးမိုးမိုးသည် အသံတုန်တုန်ဖြင့် ထွေးထွေးတို့အဖေကို တမ်းတနေရှာပါသည်။ ထွေးထွေးကတော့ မိဘများသင်ပေးထားသည့် ဘုရားစာများကို တစ်ခုပြီးတစ်ခု အဆက်မပြတ် ရွတ်ဆိုနေပါသည်။ သို့သော် စိတ်ချောက်ချားနေသဖြင့် အစမှအဆုံးတိုင် ဖြောင့်မှန်အောင် မရွတ်ဆိုနိုင်ဘဲ ဆုံးချင်သည့်နေရာတွင်ဆုံး၍ စချင်သည့်နေရာမှပြန်စကာ ကမောက်တမဖြစ်နေပါတော့သည်။

"ဦးကြီးက ညတိုင်း ဘုရားရှိခိုးတယ်။ တို့က ဘုရားမှမရှိခိုးဘဲ။ အခုမှရှိခိုးတော့လည်း ဘယ်ရမလဲ"

ညီအစ်မ (၃) ယောက်သည် ထွေးထွေးတို့အဖေကိုတ,လိုက်၊ ဘုရားကို တ,လိုက်နှင့် စကားပင် ကျယ်ကျယ်မပြောရဲကြရှာပါ။

ထိုစဉ် ထွေးထွေးတို့အတွက် အိမ်အောက်တွင် အဖေဆင်ပေးထားသော ဒန်းကြီးသည် လူတက်စီးနေသကဲ့သို့ ရှေ့နောက်လွှဲယမ်းသည့်အသံ မြည်လာပါသည်။

"ဒွီး . . . ဒွီး . . . ဒွီး . . . ဒွီး . . . ဒွီး . . . ဒွီး . . ."

ဘုရားစာရွတ်နေသောထွေးထွေးသည် အိပ်ရာမှထထိုင်ပြီး မီးခွက်ထွန်းရန် ခေါင်းအုံးဘေး၌ထားသော နတ်သမီးမီးခြစ်ဘူးကိုရှာရာ တော်တော်နှင့်မတွေ့၊ တွေ့ပြန်တော့လည်း မီးခြစ်ဆံငါးချောင်း၊ ခြောက်ချောင်းခန့်ကုန်မှသာ မီးခွက်ကို ထွန်းညှိနိုင်ပါသည်။ သို့စေကာမူ လောင်ကျွမ်းပြီးသော မီးစာကို မချွေထားသဖြင့် မီးရောင်မှာ အားနည်းဖျော့တော့လွန်းလှပါသည်။

"ဟော - ဒန်းစီးနေပြန်ပြီ"

မိုးမိုးသည် သူ့အစ်မ၏ လက်မောင်းကိုတင်းတင်းဆုပ်၍ တစ်ဖက်သားကြားသွားမှာကိုစိုးဘိသကဲ့သို့ တိုးတိုးလေးပြောပါသည်။

"သူက ပိုဆိုးလာပြီ။ ရှေ့အိမ်က ဖွားစိန်အေးကို အော်ခေါ်မလား။ ဒေါ်တင်ငွေတို့အိပ်တဲ့နေရာကနည်းနည်းလှမ်းတယ်။ခေါ်ရင်ကြားမှာမဟုတ်ဘူး"

စိုးစိုးက အားကိုးရာကို အပြေးအလွှားစဉ်းစား၍ပြောပါသည်။ သို့သော် ထွေးထွေးတို့သည် မည်သူ့ကိုမျှ မခေါ်ဖြစ်ဘဲ မလှုပ်မယှက် ငြိမ်သက်နေကြပါသည်။

ဒန်းသည် တဒွီဒွီနှင့်အတော်ကြာအောင်မြည်နေပြီးနောက် ရပ်သွားခဲ့ရာ ထွေးထွေးတို့လည်း မိမိတို့အား ခြောက်လန့်သူသည်ပြန်သွားလေပြီဟု အောက်မေ့၍စိတ်လျှော့လိုက်ကြပါသည်။ ထိုစဉ် လူတစ်ယောက် လှေကားမှ တက်လာသောခြေသံကို သိသာစွာ ကြားကြရပါသည်။

ညီအစ်မ (၃) ယောက်သည် တိုင်ပင်ထားသည့်အလား စောင်ကို ခေါင်းမြီးခြုံ၍ ကိုယ်ကိုကျုံ့ထားလိုက်ကြပါသည်။ ခြေသံသည် လှေကားထိပ်တွင် ရပ်သွားပြီး အာမခံသော့ခလောက်ကြီးခတ်ထားသော အဖေ အခိုင်အမာ တပ်ဆင်ထားသော



www.burmeseclassic.com

www.burmeseclassic.com

သံမျောက်လက်ကြီးကို ချလိုက်၊ မ,လိုက်ဖြင့်ဖွင့်နေသောအသံ ပေါ်လာပါသည်။

"ကျီ. . . ဂလောက်. . . ကျီ. . . ဂလောက်. . ."

ထို့နောက် ခြေသံရှင်သည် အိမ်ရှေ့ခန်းသို့ ခြေသံတရှပ်ရှပ်နှင့်ရောက်လာပြီး ထွေးထွေးတို့ အိပ်ရာခြေရင်းမှ ကျော်ဖြတ်၍ အခန်းအတွင်းသို့ဝင်သွားပါတော့သည်။ အိမ်တံခါးမကြီးရော အိပ်ခန်းတံခါးပါပိတ်ထားသည်ဖြစ်ရာ အသံရှင်သည် မည်သို့ဝင်ရောက်သည်ကို မသိနိုင်ပါ။

"ချွပ်. . . ချွပ်. . . ချွပ်. . . ချွပ်. . . ရှပ်. . . ရှပ်. . ."

"အခန်းထဲမှာဘာတွေလုပ်နေလဲမသိဘူး"

အိပ်ခန်းထဲတွင် ဟိုဟိုဒီဒီသွားလာလှုပ်ရှားသံများကြား၍ မိုးမိုးကမေးပါသည်။ ကျန်နှစ်ယောက်မှာ သူ့အမေးကိုမဖြေနိုင်ဘဲ ဘာတွေဆက်ဖြစ်ဦးမလဲဟု အသံရှင်ကိုအာရုံစိုက်နေကြပါသည်။ သူတို့သည် ဘာမှန်းမသိသည့်အရာကို ကြောက်စိတ်တစ်ဝက်၊ စူးစမ်းလိုစိတ်တစ်ဝက်ဖြင့် အခြေအနေကိုစောင့်ကြည့်နေကြလေသည်။

ခဏကြာလျှင် အဝတ်အထည်များထည့်သည့် ကျွန်းသေတ္တာကိုဖွင့်သံကြားကြရပါသည်။

"ဖြီ. . . ဖြီး. . . ရွှီ. . . ရွှီ. . . ဦ. . ."

အလိုမကျ၍ လုံချည်၊ အင်္ကျီများကို စိတ်ဆိုးမာန်ဆိုးနှင့်ဆုတ်ဖြဲနေသည့်အသံများ ပေါ်ထွက်လာပါသည်။

"မမထွေးတို့အဝတ်တွေကို ဆုတ်ဖြဲကုန်ပြီ။ တံခါးဖွင့်ကြည့်ကြမလား"

မိုးမိုးသည် အသံရှင်ကို ကြောက်သော်လည်း အဝတ်များ စုတ်ကုန်မည်ကို နှမြောစိတ်ဖြင့် ပြောပါသည်။ သူမသည် ပြောပင်ပြောသော်လည်း ခေါင်းမြီးခြုံကို မဖွင့်ပါ။

"ဒီတိုင်းပဲနေတာကောင်းပါတယ်။ ဒီသွားဒီသွားနဲ့ မီးထွန်းခွက်ကို လေတိုးရင် ငြိမ်းသွားလိမ့်မယ်"

စိုးစိုးက မီးတောက်အားနည်းနေသည်ကို တွေ့မိ၍ ပြောပါသည်။ သူတို့သည် မီးငြိမ်း၍ မှောင်မိုက်သွားလျှင် အခြေအနေပိုဆိုးသွားမည်ကို စိုးရိမ်နေကြပါသည်။ ထွေးထွေးကတော့ ဤကဲ့သို့ စိတ်လန့်ကြောက်ရွံ့နေရသောအချိန်တွင် အဖေနှင့်အစ်မများကို အောက်မေ့တမ်းတ၍ မျက်ရည်ဝဲနေရှာပါသည်။

အသံရှင်သည် အဝတ်များကို အတန်ကြာ ဆုတ်ဖြဲနေပြီးနောက် -

"တောက်"

ပြင်းထန်သော တောက်ခေါက်သံကြီးနှင့်အတူ လူတစ်ယောက်အလွန်စိတ်တိုရ၍ ခုန်သည့်အသံမျိုး ကျယ်လောင်စွာ ထွက်လာပါသည်။

"ဒုန်း. . ."

ညီအစ်မ(၃)ယောက် တုတ်တုတ်မျှမလှုပ်ရဲကြသလို အသံလည်းတစ်ချက်မျှ မထွက်ရဲကြတော့ပါ။ အသံရှင်သည် အခန်းထဲမှထွက်လာပြီး မိမိတို့ထံလာ၍ ခြေထောက်ဆွဲလေမလား၊ လည်ပင်းညှစ်လေမလား၊ တစ္ဆေပုံပြင်များထဲကလို မျက်လုံးကြီး လင်းကွင်းလောက်ပြူးပြီး လျှာကြီးတစ်တောင်လောက်ထုတ်ပြလေမလား ကြောက်စိတ်လွန်ကဲ၍ခေါင်းကြီးပြီး ချွေးပြန်နေကြပေပြီ။

ညီအစ်မ (၃) ယောက် တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးကြသော အဖြစ်အပျက်ကြောင့် ထိတ်လန့်တုန်လှုပ်နေကြပြီး အသံရှင်ကိုမည်သို့တုံ့ပြန်ရင်ဆိုင်ရမည်ကို မသိနိုင်ကြ။ သူတို့အမျှော်လင့်ကြီးမျှော်လင့်နေကြသည်မှာ အ,ကာလ အချိန်လွန်မြောက်၍ လူအများနိုးကြားသွားလာပြောဆိုကြမည့်အသံများပင်ဖြစ်ပါသည်။

မကြာမီ သူတို့မကြည့်ရဲ၊ မမြင်ရဲသောအသံရှင်သည် အလာတုန်းကကဲ့သို့ ခြေသံတရှပ်ရှပ်နှင့် အခန်းထဲမှ ထွက်လာပြီး သူတို့ခြေရင်းမှ ကျော်ဖြတ်သွားခဲ့ပါသည်။ လှေကားအဆင်းတွင် 'ဒုန်း. . . ဒုန်း. . . ဒုန်း. . . ' ဟု အသံပေးသွားပါသေးသည်။

ခဏအကြာတွင် ရွာဦးဘုန်းကြီးကျောင်းမှ အရုဏ်တက်ခေါင်းလောင်းထိုးသံကို ကြားရပြီး ပတ်ဝန်းကျင်မှာ သက်ဝင်လှုပ်ရှားလာပါသည်။ ထိုအခါမှ ထွေးထွေးတို့လည်း ခေါင်းမြီးခြုံကို လှပ်၍ အသက်ဝအောင် ရှူကြရပါတော့သည်။

နံနက်လင်းသော် ထွေးထွေးတို့သည် တံခါးမကြီးရော အိပ်ခန်းတံခါးပါ ပိတ်လျက်တွေ့ရသဖြင့် အသံရှင်သည် အိမ်တွင်းသို့ မည်သို့ဝင်ပြီး မည်သို့ထွက်သွားသည်ကို မတွေးတတ်နိုင်ကြပါ။ အဝတ်သေတ္တာသည်လည်း ပိတ်လျက်၊ အဝတ်များလည်း အရာမယွင်း၊ စုတ်ပြဲခြင်းမရှိပါချေ။ အသံရှင်သည် အကောင်အထည်မရှိ၍ အဝတ်များကို ဆုတ်ဖြဲလိုသော်လည်း မဆုတ်ဖြဲနိုင်ဟုသာ တွေးရပါတော့သည်။

ထွေးထွေးတို့သည် ညစဉ်ပင် သန်းခေါင်အချိန်ခန့်၌ အလိုလိုနိုးလာကြပြီး တောက်ခေါက်ခြင်း၊ ခုန်ခြင်းမှအပ ဤကဲ့သို့ ပုံမှန်ခြောက်လှန့်မှုကို ကြုံတွေ့ရပါသည်။ ကြာတော့လည်း အချိန်တန်လျှင် သူပြန်သွားမှာပဲ။ တို့ကို ဘာမှ မလုပ်ပါဘူး ဟူသော အသိစိတ်ဖြင့် ကြိုးစား၍အိပ်ကြရပါသည်။

## ▫ ချစ်သည်၊ သို့သော် ကြောက်သည်

ဤအဖြစ်အပျက်သည် ထွေးထွေးက မပြောသော်လည်း စိုးစိုးတို့ညီအစ်မမှာ မပြောဘဲမနေနိုင်သဖြင့် ရွာ၌ပျံ့နှံ့ခဲ့ပါသည်။ ခြေရင်းအိမ်မှဒေါ်တင်ငွေသည် တစ်နေ့တွင် ထွေးထွေးကို ပြောလာပါသည်။

"နင်တို့အမေက နင်တို့ကို စွဲလမ်းပြီး မကျွတ်ဘူးနဲ့တူတယ်။ နင်က အငယ်ဆုံး၊ အချစ်ဆုံးဆိုတော့ နင့်ကိုစိတ်ချမှာမဟုတ်ဘူး။ ညနေညနေကျရင် နင်တို့ပဲမှော်စင်နားမှာ နင့်အမေရဲ့ပုံသဏ္ဌာန်မျိုး ငါတွေ့တွေ့နေတာ။ ဆံပင်ဖားလျားနဲ့ ဘေးစောင်းပြလိုက်၊ ကျောပေးမှက်ပြလိုက်နဲ့ မျက်နှာတော့မပြဘူး။ အဲဒါ နင့်အဖေပြန်လာရင် ပြောလိုက်ဦး။ ငါတော့ မပြောရဲဘူး"

"ထွေးထွေးကို အချစ်ဆုံးဆိုရင် အမေက ဘာလို့ ထွေးထွေးကြောက်အောင် ခြောက်ရတာလဲ"

ထွေးထွေးက ဘဝင်မကျနိုင်သည့်လေသံဖြင့် မေးပါသည်။

"ဟဲ့ - အဲဒါ ခြောက်တာမဟုတ်ဘူး။ ဒီအိမ်က သူ့အိမ်။ ဒီအိမ်မှာ သူရှိနေတယ်ဆိုတာကို ပြတာ။ သူက နင်တို့ကို စွဲလမ်းနေပြီး နင်တို့ကကျတော့ သူ့အတွက် ဘာမှမလုပ်ပေးတဲ့အပြင် ဟီးဟီးဟားဟားနဲ့ ကခုန်နေတော့ သူစိတ်ဆိုးမှာပေါ့။ ညကျရင် ဘုရားရှိခိုး၊ သူ့ကို မေတ္တာပို့ပြီးမှအိပ် ကြားလား"

ထွေးထွေးသည် တစ်နေ့ နေ့လယ်ကျောင်းဆင်းချိန် အိမ်ပြန်လာရာတွင် ထူးခြားသောအဖြစ်တစ်ခုကို ကြုံခဲ့ရပါသည်။ သူမသည် အိမ်တွင် ဖွယ်ဖွယ်ရာရာ စားစရာမရှိသဖြင့် အိမ်နောက်ဖေး၌ အဖေစိုက်ထားသော ကြံပင်ကို စိတ်ကြိုက်ရွေးပြီး အိမ်အောက်၌ အသင့်ရှိသောဓားဖြင့်ခုတ်ခဲ့ပါသည်။ ထို့နောက် ဒန်းကို တငြိမ့်ငြိမ့်စီးရင်း ကြံချိုချိုကိုစုပ်နေခဲ့ပါသည်။

ထိုစဉ် အိမ်ပေါ်၌ ယခင် စင်းငါး



www.burmeseclassic.com

www.burmeseclassic.com

အပ်ချုပ်စက်ထားခဲ့သည့်နေရာမှ အမေစက်ချုပ်သည့်အသံမျိုးထွက်ပေါ်လာပါသည်။

"ဂျောင်း. . . ဂျောင်း. . . ဂျောင်း . . . ဂျောင်း. . . ဂျောင်း. . ."

ခဏကြာလျှင် ကြမ်းပေါ်သို့ ကတ်ကြေးလွတ်ကျသံကို ကြားရပါသည်။

"ချွမ်. . . ဒေါက်"

ထိုချုပ်စက်သည် ဒေါ်စံမယ်ဆိုသူက အမေ့ထံတွင် ပေါင်နှံထားသောပစ္စည်းဖြစ်ပြီး အမေရက်လည်သောအခါ အမေနှင့် ငွေရှင်းပြီးသားဟု အဖေ့ကို လိမ်ညာပြောဆို၍ ပြန်ယူသွားခဲ့ပါသည်။ အဖေသည် အိမ်သူသက်ထားတစ်ယောက်လုံး ဆုံးရှုံးထားရသူဖြစ်၍ ဤပစ္စည်းမျှလောက်ကို အငြင်းအခုံမလုပ်ချင်တော့ပေ။

အိမ်ပေါ်တွင် အမေလည်းမရှိ၊ မည်သူမျှမရှိသည့်အပြင် ချုပ်စက်လည်းမရှိတော့ပြီဖြစ်၍ ထွေးထွေးသည် ထူးဆန်းသောအဖြစ်ကို ဖျတ်ခနဲတွေးမိလျက် ကြောက်စိတ်နှင့်အတူ ဝါးလုံးထိုးထားသော ခြံတံခါးကို ခုန်ကျော်၍ ထွက်ပြေးခဲ့ရပါသည်။

ထွေးထွေးသည် အိမ်၌ မိမိကို ဆီးကြိုထွေးပိုက်မည့် မိသားစုမရှိသည့်ပြင် ဤအဖြစ်မျိုးကိုစိုးရွံ့သဖြင့် အိမ်ကို မကပ်ရဲတော့ဘဲ ရွာလည်တတ်သော မိန်းကလေးဖြစ်ခဲ့ပါတော့သည်။ သူမသည် သက်ရှိထင်ရှား မြင်တွေ့ရသော မိခင်ကို ချစ်ခင်တွယ်တာပါသည်။ သို့သော် မမြင်မတွေ့ရသောမိခင်၏ဝိညာဉ်ကိုတော့ ကြောက်မိပါသည်။

**□ ဘဝခြားတဲ့ချစ်သက်ထား**

အစ်မများ (၈) တန်းစာမေးပွဲပြီး၍ ကျောင်း (၃) လ ပိတ်သောအခါ အဖေလည်း ရွာသို့ခေတ္တပြန်လာသဖြင့် ကြုံတောင့်ကြုံခဲ ထွေးထွေးတို့အိမ်မှာ မိသားစုစုံလင်ခဲ့ပါသည်။ အစ်မကြီးအေးအေး၏ လက်ရာမှာ အမေ့လက်ရာကို မမီသော်လည်း သားအဖတစ်တွေ ထမင်းမြိန်ကြပါသည်။

တပေါင်းလတစ်ညနေခင်း နေဝင်ရီတရောအချိန်၌ အစ်မငယ် နွေးနွေးသည် အိမ်ရှေ့ပြတင်းပေါက်မှ လမ်းပေါ်သို့ ငေးကြည့်နေခဲ့ပါသည်။ ထိုအချိန်တွင် မိုးဖွဲဖွဲလေးရွာနေခဲ့ပြီး ခြံတံခါးပေါက်ရှေ့၌ အမျိုးသမီးတစ်ယောက်၏ သဏ္ဌာန်ပေါ်လာပါသည်။နွေးနွေးသည် ထူးဆန်းသလိုရှိသောထိုသူကို အိမ်ဝင်းထဲသို့ ဝင်လာလေမလားဟု စောင့်ကြည့်နေရင်းနှင့်ပင် ထိုသဏ္ဌာန်သည် မျက်စိအောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားပါတော့သည်။

ထိုအကြောင်းကို နွေးနွေးက ထမင်းဝိုင်းတွင်ပြောပြရာ အဖေသည် အရေးမကြီးသည့်ပုံစံနှင့် ရယ်ရယ်မောမောပြောပါသည်။

"မိုးရွာနေလို့ သမီးအမြင်မှားတာပါကွယ်။ ဘယ်သူက မိုးရေထဲမှာလာရပ်နေမှာလဲ။ အိမ်ကို လာမယ့်သူဆိုရင်လည်း သမီးတို့ကို ခေါ်မှာပေါ့"

အဖေက ရေးကြီးခွင့်ကျယ်လုပ်မပြောသည့်အတွက် ဤအကြောင်းမှာ ပြီးစီးသွားခဲ့သော်လည်း နွေးနွေးကတော့ ထူးဆန်းသည့်ထိုအရာကို မကြာခဏ တွေးမိပါသည်။

တစ်နေ့တွင် အပျိုကြီးဒေါ်သန်းသန်း၏အမေ ဒေါ်လှထူး အဖေ့ထံလာပါသည်။ ဒေါ်လှထူးက အဖေ့ကို တိုးတိုးပြောပါသည်။

"မောင်ထွန်းမြ၊ မင်းမိန်းမက မကျွတ်ဘူးထင်တယ်။ သူ့အတွက် သံဃာ့ဒါနလုပ်ပြီး အမျှအတန်းဝေရင် ကောင်းမယ်"

အဖေသည် ဒေါ်လှထူးထံမှ ထိုစကားကို မျှော်လင့်ထားသည်မဟုတ်၍ ရုတ်တရက် ဒေါသထွက်သွားဟန်ရှိပါသည်။ အဖေသည် အဝေး၌ အနေများသည့်ပြင် အဖေစိတ်ကြီးသည်ကိုသိ၍ အများက မပြောရဲကြသောကြောင့် အိမ်က အဖြစ်များကို အဖေမသိပါ။

"မခင်မေက အလွန်စိတ်ထားနှလုံးထားကောင်းတဲ့မိန်းမ။ ဘုရားသွားကျောင်းတက်ကောင်းတဲ့အလုပ်ပဲလုပ်တယ်။ သူများကို ကလိန်ကကျစ်ဘာမှ မလုပ်ဘူး။ သူက နတ်ပြည်သွားမယ့် မိန်းမ မမထူးရဲ့။ အလကား ဒီအိမ်ကို စျေးပေါပေါနဲ့ အချောင်ရချင်ကြလို့ တစ္ဆေခြောက်တာဘာညာနဲ့ မဟုတ်ကဟုတ်ကလျှောက်ပြောနေကြတာ"

အဖေသည် အမေ့ကို အလွန်ချစ်မြတ်နိုးသူဖြစ်၍ သူမကိုမကျွတ်သေးဘူးဟုပြောခြင်းမှာ မလိုသူများက တမင်သိက္ခာချသည်ဟု ယူဆပါသည်။ မိမိတို့ကို ကူညီဖေးမနေသော ဒေါ်လှထူး မဟုတ်ဘဲ တခြားသူများက လာပြောလျှင် အဖေက အိမ်ပေါ်မှ မောင်းချလိမ့်မည် ထင်ပါသည်။

"အင်းပါလေ၊ မင်းလည်း တရားသိတဲ့လူပဲ ထွန်းမြရယ်။ တခြားဟာတွေတော့ မပြောတတ်ဘူး။ သူမှာ ရောဂါဖောက်နေပါတယ်ဆိုမှ နားကပ်ကအလုခံရသေး။ ပါးစပ်က မပြောနိုင်ပေမယ့် သူသိချင်သိမှာပေါ့။ ဘယ်ဘဝကူးကောင်းနိုင်ပါ့မလဲ။ ကလေးတွေကလည်း ငယ်သေးတော့ စိတ်ချမှာမဟုတ်ဘူး။ အေးလေ၊ မင့်သမီး ထွေးထွေးကိုလည်း မေးကြည့်ပါဦး။ သူ့ခမျာ အိမ်မှာမနေရဲလို့ ရွာရိုးကိုးပေါက်လျှောက်သွားနေတာ။ ဟိုဂိုဏ်းကဦးတင်မောင်အိမ်ရောက်လိုရောက်၊ မဒေါင်းအိမ်ရောက်လိုရောက်နဲ့။ ခင်မေက ငါ့ညီမတော်တာပဲကွယ်။ ငါလည်း သူကောင်းရာမွန်ရာရောက်စေချင်လို့ပြောတာပါ"

"မမထူးသိတဲ့အတိုင်း ကျွန်တော်မှာ မမထူးတို့ကိုဆပ်ရမယ့် အကြွေးဟောင်းတွေကို မကျေသေးဘူး။ သံဃာ့ဒါနလုပ်ဖို့ ဘယ်မှာပိုက်ဆံရှိရမှာလဲဗျာ"

"နင်လုပ်ချင်တယ်ဆိုရင် လိုသလောက်ပြောပါ ထွန်းမြရယ်။ နင့်လိုလူကိုမှမယုံရင် ဘယ်သူ့သွားယုံမလဲ"

"ကျွန်တော် စဉ်းစားပါဦးမယ် မမထူး"

ဒေါ်လှထူး ပြန်သွားသောအခါ အဖေသည် အိမ်နောက်ကပြင်တွင် အတွေးများစွာဖြင့် ငေးငိုင်၍ ကျန်ရစ်ရှာပါသည်။ ငယ်ချစ်ဦးနှင့် ရိုးမြေကျပေါင်းရန် ရည်ရွယ်သော်လည်း ဘဝခြားခဲ့လေပြီ။

"ဖြစ်ရလေ မခင်မေရယ်၊ မင်းကို ငါဘယ်လိုများကယ်တင်ရပါ့မလဲကွယ်"

**□ ဆင်းရဲသားအလှူ**

အဖေသည် ဒေါ်လှထူးပြောသကဲ့သို့ ကြွေးတင်ခံ၍ အလှူမပေးနိုင်သော်လည်း ဘုရားတရားအလုပ်ကို ယခင်ထက်ပို၍ အလေးထား ဆောင်ရွက်ပါသည်။

ဘုရားဆောင်မှ ပိုးမျှင်နှင့်ဖုန်များကို အဖေကိုယ်တိုင်ရှင်းလင်းပြီး ဖုန်တက်နေသော ရေကြည်တော်အိုးကို အစ်မကြီးအား တိုက်ချွတ်ဆေးကြောခိုင်းပါသည်။ သောက်တော်ရေအတွက် ရွာဦးကျောင်းရေတွင်းမှရေကို ရေစစ်နှင့်ထည့်ရပါသည်။ ရေကြည်တော်ခွက်များနှင့် လင်ပန်းမှာ ကြေးထည်များဖြစ်၍ အရောင်တက်ပြီး ဝင်းလက်လာအောင် မန်ကျည်းမှည့်နှင့်ပွတ်ပြီးဆေးရပါသည်။

ဘုရားပန်းသည် ထွေးထွေး[illegible] ယောက်တည်းနေစဉ်ကကဲ့သို့ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



# ရှောင်းဆုံအာရုံးသွင်

## အသီးမှာသရက်

အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက် ဟူ၍ ဆိုရိုးစကားရှိပါသည်။ အကောင်းဆုံးအသီး၊ အကောင်းဆုံးအရွက်၊ အကောင်းဆုံးအသား ဟူ၍ ဆိုလိုရင်းဖြစ်ပါသည်။ ဘာသာရေးကြောင့် ရှောင်သူအချို့က လွဲလျှင် ဝက်သားကို အများကြိုက်ကြပါသည်။ စာဖွဲ့လောက်အောင်ထူးကဲသော အရသာဖြစ်ပါသည်။ တေးသီချင်းဖြင့်လည်းကောင်း၊ အခြားစာပေများတွင်လည်းကောင်း ဝက်သားကို ထူးထူးခြားခြား ဖွဲ့ဆိုထားပါသည်။ မြန်မာတို့၏ အလှူတွင် ဟင်းလျာ၌ ဝက်သားသည် အဓိကကျပါသည်။ အချို့ဒေသများတွင် အလှူဖိတ်သော်အခါ ဝက်သားဟင်းဖြင့်

သွေ့မနေတော့ပါ။ အမေစိုက်ပျိုးထားခဲ့သော ရွက်လှ၊ ကံ့ကော်၊ နှင်းဆီတို့ဖြင့် စိုပြည်လှပနေပါသည်။

အဖေကိုယ်တိုင် သို့မဟုတ် အစ်မကြီးက ဘုရားဆွမ်းတော်ကို သန့်ရှင်းသော ပန်းကန်တွင် အပြည့်အမောက်ထည့်၍ ခြံထွက်သီးနှံများရှိလျှင်လည်း ရေစင်စင်ဆေးပြီး မြတ်စွာဘုရားအား အထူးလေးမြတ်စွာ ကပ်လှူကြပါသည်။

အဖေသည် ညဥ့်ဦးပိုင်းနှင့် အရုဏ်တက်တွင် အလင်းတိုင်များ ထွန်းညှိ၍ သီလခံယူခြင်း၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ပါသည်။ သမီးများကိုလည်း သစဉ် ဘုရားရှိခိုးအမျိုးမျိုးနှင့် ဓမ္မစကြာကို ရွတ်ဆိုစေရာ အစ်မကြီးမှာ အလွတ်ရသော်လည်း အငယ်နှစ်ယောက်မှာ စာအုပ်ကိုကြည့်၍ ရွတ်ဆိုကြရပါသည်။

အဖေနှင့် သမီးများသည် ဤကဲ့သို့ တစ်နေ့တာပြုသမျှ ကုသိုလ်ကောင်းမှုတို့ကို မိခင် ဒေါ်ခင်မေအား အလေးအနက် အမျှပေးဝေကြပါသည်။

ရတနာသုံးပါးတန်ခိုးတော်ကြောင့် ကောင်းနတ်မြတ်များ အိမ်ကိုစောင့်ရှောက်၍လား၊ အဖေ့ကို ကြောက်၍လား၊ အမေ့ဝိညာဉ်သည် အိမ်ပေါ်ထိ မတက်လာတော့ပါ။ အိမ်ပတ်လည်ကို ခေါက်ခြင်း၊ တံမြက်လှည်းခြင်း၊ ဒန်းစီးခြင်းတို့မှာလည်း တစ်နေ့တခြားသိသာစွာကျဲသွားပြီး နွေကျောင်းပိတ်ရက်အတွင်း လုံးဝပျောက်ကွယ်သွားပါတော့သည်။

အမေ့ဝိညာဉ်သည် နိမ့်ကျသော ဘုံဘဝမှ မြင့်ရာသို့ တက်လှမ်းသွားနိုင်ပြီဟု မှတ်ယူရပါတော့သည်။

### ၂ မေတ္တာ သစ္စာ ပဓာန

"ညီမ၊ ဘာတွေဒီလောက်တွေးနေတာလဲ။ မင့်သမီးဆေးရုံကပြန်လာရင် ဘုရားလိုက်ပို့ပေးမယ်လို့ပြောထားတယ်လေ။ ရေမိုးချိုးပြီး ပြင်ဆင်ထားဦး။ မင်းက ရေချိုးရင် ကြာပါဘိသနဲ့။ အဆင်သင့်မဖြစ်ရင် ဒေါပွနေဦးမယ်"

ဒေါ်ထွေးထွေးကို ဘယ်အချိန်ကကြည့်နေမှန်းမသိသော ခင်ပွန်းသည် ဦးစိုးဝင်းက ပြောပါသည်။

"ရှာကို သတိရနေတာပါတော်။ အဖေတို့ အမေတို့ရော၊ ညီမကိုသူခိုးဖိုးတဲ့ ဒေါ်ဒေါ်ဝင်းရော၊ ဆွေမျိုးတွေရော ရောက်တတ်ရာရာပေါ့"

"အဖေတို့ အမေတို့လည်း မရှိတော့ဘူး။ ဒေါ်ဒေါ်ဝင်းလည်း မရှိတော့ဘူး။ အခုနေ ဒေါ်ဒေါ်ဝင်းရှိရင်တော့ မင့်ကို ကတော်ရုပ်လို့ပြောမှာပေါ့ကွာ။ ဆွေမျိုးတွေကတော့ သေတဲ့သူတွေလည်း သေကုန်ပြီ။ ကျန်တဲ့သူတွေကတော့ ရန်ကုန်ရောက်ရင် မင့်ဆီမဝင်ဘဲမနေပါဘူး။ အဖေပြောသလိုပဲပေါ့ကွာ။ ကဲ- သွားသွား၊ ရေချိုးချေ။ ငါရေနွေးစပ်ပေးထားတယ်။ သနပ်ခါးလည်းသွေးထားလိုက်မယ်"

ဒေါ်ထွေးထွေးသည် ဘဝဇာတ်လမ်းစုံကို သိထားသော ခင်ပွန်းသည်၏ စကားကို နားထောင်ရင်း မိမိအပေါ် ဂရုစိုက်မှုကို ကြည်နူးပီတိဖြစ်လျက် -

"သည့်ပြင် စည်းစိမ်ချမ်းသာတွေထက် သည်အရွယ်ထိ ကိုယ့်လင်သားက ကြင်နာသေးရင် အိုဇာတာကောင်းတယ်ခေါ် ရမှာပေါ့လေ"

ဟု ကိုယ့်အတွေးနှင့်ကိုယ်ပြုံးမိပါတော့သတည်း။

*အဖြစ်မှန်ကိုခံစားရေးဖွဲ့ပါသည်*

အင်ကြင်း (ကသာ)



www.burmeseclassic.com

www.burmeseclassic.com

ညည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း ထည့်ဖိတ်လေ့ရှိသည်ဟု ကြားဖူးပါသည်။

ထို့အတူပင် အရွက်တကာတို့တွင်လည်း လက်ဖက်ရွက်သည် အရသာအရှိဆုံးနှင့် တန်ဖိုးအရှိဆုံးဟု ဆိုပါသည်။ လက်ဖက်သည် လူ့ပြည်မှာပေါက်သောအပင်မဟုတ်၊ နတ်ပြည်ကရသောအပင်ဟုဆို၏။ ထို့ကြောင့် လက်ဖက်ရွက်ကို နတ်သစ်ရွက်ဟု ခေါ်ပါသည်။ အခြားအဆိုတစ်ရပ်မှာ တရုတ်ပြည်မှ တရားကျင့်သော ဘုန်းတော်ကြီးတစ်ပါးသည် တရားကျင့်ရာတွင် မျက်ခွံရှိသဖြင့် မျက်ခွံပိတ်ပြီး အိပ်ငိုက်ခြင်း ဖြစ်သည်။ မျက်ခွံမရှိလျှင် အိပ်ငိုက်မည်မဟုတ်ဟု အကြံဖြစ်ပြီး မျက်ခွံနှစ်ဖက်ကို ဓားဖြင့်လှီးဖြတ်၍လွှင့်ပစ်လိုက်သည်။ မြေပေါ်ကျသော ထိုမျက်ခွံနှစ်ဖက်မှ လက်ဖက်ပင်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် လက်ဖက်စားလျှင် အိပ်မငိုက်ခြင်း ဖြစ်သည်ဟုဆို သည်။

အသီးတကာတို့တွင် သရက်သီးသည် အရသာအရှိဆုံး၊ တန်ဖိုးအကြီးဆုံးဟု ဆိုသည်။ အခြားအသီးများသည် သရက်သီးကဲ့သို့ စာမဖွဲ့ကြပေ။ သရက်သီးသည် ဤမျက်မှောက်ကမ္ဘာတွင်သာမက ရှေးကမ္ဘာအဆက်ဆက်ကပင် ကျော်ကြားခဲ့သည်။ ဇာတ်နိပါတ်များတွင် သရက်သီးအကြောင်းပါလေ့ရှိသည်။ ထူးကဲသော အနံ့အရသာနှင့်ပြည့်စုံသည့် သရက်ပင်ကို ဖျက်ဆီးသူအကြောင်းလည်း တွေ့ရသည်။ ဘုရင်တစ်ပါးပိုင်သည့် ထိုသရက်ပင်ကို ဖျက်ဆီးရန်အတွက် အခြားဘုရင်တစ်ပါးက လူတစ်ဦးကိုစေလွှတ်လိုက်သည်။ ထိုသူသည် သရက်ပင်ပိုင်ရှင်ဘုရင်ထံမှ ဥယျာဉ်မှူးရာထူးကို ကြိုးပမ်းရရှိခဲ့သည်။ ထိုသရက်ပင်နားကပ်လျက် တမာပင်များစိုက်ပြီး သရက်သီးသီးချိန်တန်တော့ ထွက်ပေးလာခဲ့သည်။ သရက်သီးမှည့်သောအခါ ခါးသည့်အရသာထွက်ပြီး ချိုသည့်အရသာပျက်သွားသည်။

▫ တမာသရက်ရောနှောယှက်က
သရက်ပင်မင်း၊ သီးချိုကင်း၏-

ဟူသော စကားစုသည် ထိုအခါမှ စခဲ့ခြင်း ဖြစ်ပါသည်။ ဆရာမိဘများသည် တပည့်သားသမီးများကို အကျင့်ပျက်သူနှင့်ပေါင်းလျှင် မိမိပါအကျင့်ပျက်သွားတတ်ကြောင်းကို အထက်ပါပုံပြင် အထက်ပါစကားစုဖြင့် ပမာပြဆို ဆုံးမလေ့ရှိပါသည်။

သရက်သီးသည် ဤမျှစာဖွဲ့လောက်အောင် ခမ်းခမ်းနားနားရှိခဲ့ပါသည်။ သရက်သီးသာ တန်ဖိုးရှိသည်မဟုတ် သရက်တစ်ပင်လုံး တန်ဖိုးရှိရှိ အသုံးကျပုံကို ဗေဒယျတု (မကွေး) ဆိုသူ ဆောင်းပါးရှင်က ကြေးမုံသတင်းစာတွင် ခမ်းခမ်းနားနား ရေးသား ဖော်ပြထားပါသည်။ မဖတ်မိလိုက်သူများ၊ အမှတ်တမဲ့ဖြစ်သွားသူများ ကျန်းမာရေးဗဟုသုတ ရရှိဖို့အတွက် ကောက်နုတ် ဖော်ပြဖောက်သည်ချပါမည်။

ဤတွင် (၂)လက်မ၊ (၁)ကော်လံခန့် ဖြုကွက်ပြီးလုံးဝဖတ်မရသဖြင့် ချန်ခဲ့ရသောအချက်များရှိပါသည်။ ကြေးမုံယူသူ အိမ်နီးချင်းများတွင် လိုက်ကြည့်တော့လည်း ကျွန်တော့်အတိုင်းပင်ဖြစ်နေပါသည်။

သရက်သီးသည် နှုတ်ခံတွင်းကို မြိန်စေ၏။ ကျန်းမာရေးကိုဖြစ်စေ၏။ ကျန်းမာရေးနှင့်လူမှုစီးပွားရေးနယ်ပယ်တို့၌ ကောင်းကျိုးအနန္တများပြားလှ၏ဟု စာရေးသူက အစချီထားပါသည်။

ဆက်ပြီး -

**မျိုးရင်း** - ANACARDIACEAE
**ရုက္ခဗေဒ အမည်** - Mangiferaindica Linn

ဟု သတ်မှတ်ထားသည်။

မြန်မာအမည် သရက်။ အမျိုးပေါင်းများပြားလှသည့်အတွက် အရောင်အဆင်း၊ ပုံသဏ္ဌာန်၊ အရသာအလိုက် ခွဲခြားထားသော သရက်မျိုးများစွာကို တွေ့ရသည်။

သရက်သီးအစိမ်းသည် ဖန်၊ ချဉ်သောအရသာရှိ၏။ နှုတ်ကိုမြိန်စေပြီး လေနှင့် သည်းခြေကိုပွားစေ၏။ လည်ချောင်းနာကျင်ကိုက်ခဲသောရောဂါ၊ ဆီးရောဂါနှင့် ယောနိ၌ဖြစ်သောရောဂါတို့ကို ပျောက်ကင်းစေ၏။

သရက်သီးအမှည့်သည် ချိုမွှေးနူးညံ့၏။ လေကိုပယ်တတ်ပြီး အနာပေါက်ခြင်းရောဂါ၊ သလိပ်ရောဂါ၊ သွေးရောဂါတို့မှ ကင်းဝေးစေ၏။ သရက်ရွက်သတ္တုရည်ဖြင့် သွေးမြင်းသရိုက်ရောဂါ၊ နားကိုက်ရောဂါတို့ကို ပျောက်ကင်းစေ၏။

သရက်ရွက်ခြောက်ကိုခြေ၍ မီးရှို့ပြီး အခိုးကိုရှူက ကြို့ထိုးသည့်ရောဂါနှင့် လည်ချောင်းနာရောဂါတို့ကို သက်သာပျောက်ကင်းစေသည်။ အဆုတ်နာနှင့် သားအိမ်မှာ သွေးယိုခြင်းရောဂါတို့ကို သရက်ခေါက်ကို သွေးပြီးတိုက်လျှင် ပျောက်ကင်းစေသည်။ ညောင်းကျ ရောဂါကို သရက်ခေါက်ပြုတ်ရည်တိုက်က ပျောက်ကင်းစေနိုင်သည်။ နှာခေါင်းသွေးယိုခြင်းရောဂါကို သရက်စေ့အဆန် သွေးပြီးရှူက ပျောက်၏။

သရက်စေ့အဆန်ကို ချွေးထွက်လွန်သူများအတွက် လိမ်းဆေးအဖြစ် အသုံးပြုနိုင်၏။ အပူလွန်ခြင်းကြောင့် နှာခေါင်းမှပြည်ပုပ်များထွက်လျှင် သတ္တုရည်ကို နှာခေါင်းထဲထည့်ပေးနိုင်သည်ဟု ဖော်ပြထားသည်။

ဤတွင် ကျွန်တော့်အတွေ့အကြုံအရ တစ်မျိုးထပ်ဖြည့်လိုပါသည်။ ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့ တောရွာကျေးလက်ဒေသတွင် အလှူ မင်္ဂလာပွဲများသွားသည့်အခါမှအပ ဖိနပ်စီးလေ့မရှိကြပါ။ ထို့ကြောင့် ခြေထောက် ဆူးစူးခြင်းနှင့် အသားကြေခြင်းတို့မှာ မကြာခဏဖြစ်လေ့ရှိပါသည်။ ဆူးစူးခြင်းကို အပ်ဖြင့်ထွင်ထုတ်လိုက်လျှင်ပြီးသော်လည်း အသားကြေခြင်းမှာ တစ်ခါတစ်ရံ ရန်ရှာတတ်ပါသည်။ ထွင်၍မထွက်သည့် အဖျားပိုင်းပြတ်ကျန်နေသည့် ဆူးများသည်လည်း ပြည်တည်ပြီးဒုက္ခပေးတတ်ပါသည်။ အချို့ဆူးများမှာ အဆိပ်ရှိ သည်။

ထိုကဲ့သို့ ဆူးစူးခံရပြီးရန်ရှာခြင်း အသားကြေပြီးရန်ရှာခြင်းများဖြစ်သော အခါ သရက်အခေါက်ဖြင့် ကုသပျောက် ကင်းရပါသည်။ ကုသပုံမှာ သရက်ခေါက် အကျယ်နှစ်လက်မပတ်လည်ခန့်ကို အ မခြစ်ဘဲရေဆေးပြီး အခွံဘက်က ပေါ်တင်ကာ အတော်ပူသည်အထိထား ရပါသည်။ အတော်ပူသောအခါ အ ထုတ်ပြီး အခွံဘက်ကိုကြမ်းပေါ် ခ အတွင်းသားပေါ်ကို မထူမပါးဆား ပါမည်။ ထိုဆားကို ဆူးစူး၍အနာ နေသော၊ အသားကြေ၍နာနေသော ရာကိုထိအောင် ခပ်ဖွဖွနင်းရပါမည်။ သရက်ခေါက်အခိုးသည် ဆားကိုဖြတ် အနာတွင်းသို့ဝင်ပါမည်။ မခံနိုင်အောင် ပူလာလျှင် ခေတ္တဖယ်ပြီးပြန်နင်း မည်။ သရက်ခေါက်အခိုးနှင့် ဆားအ တို့ဓာတ်ပြုပြီး အနာကိုသက်သာပျော ကင်းစေပါသည်။ တစ်နေ့တစ်ကြိမ် (၇) ရက်ခန့် ဆက်နင်းရပါမည်။

အားလုံးကျန်းမာကြပါ

ချောင်းဆုံအ


www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းမိုးနိုင်အောင်




(၁-၇-၂၀၁၅) နေ့
သာယနဇာတာခွင်




(၁၁-၇-၂၀၁၅) နေ့
သာယနဇာတာခွင်




(၂၁-၇-၂၀၁၅) နေ့
သာယနဇာတာခွင်

၂၀၁၅ ခုနှစ် ဇူလိုင်လ၏ ပထမ (၁၀) ရက်ကာလတွင် ရွှေဈေးတက်ရိပ်မြင့်နေပေမယ့် မှန်းဆရခက်နေမည်။ ငွေကြေးဈေးကွက် အတက်၊ အကျမမှန်ဘဲ ချိန်ဆရခက်နေမည်။ ကျောက်မျက်ဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ယှက်ခတ်နေမည်။ ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတုပစ္စည်းများ တက်ဈေးမြင့်လာရမည်။ ရေထွက်ပစ္စည်းလုပ်ငန်းများ ဦးထောင်လာပါမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အပျော်အပါး၊ အစားအသောက်ဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာများတက်ရိပ်ရှိနေသော်လည်း အချိန်မရွေး ကျရိပ်ရောက်လာနိုင်သည်။ အနုပညာလုပ်ငန်းများကောင်းသော်လည်း သတိထားရမည်။ စာနယ်ဇင်းဈေးကွက်မတည်ငြိမ်သေး။ အိမ်ခြံမြေဈေးကွက်ပုံမှန်မဟုတ်သေး။ ဆောက်လုပ်ရေးလုပ်ငန်း ဦးမော့လာပါမည်။ လယ်ယာစိုက်ပျိုးရေးဈေးကွက် ချိန်ဆရခက်နေမည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၏ ဒုတိယ (၁၀)ရက်ကာလတွင် ရွှေဈေးကွက်တက်နိုင်ရှိသော်လည်း အချိန်မရွေး ပြုတ်ကျနိုင်သည်။ ငွေကြေးဈေးကွက်တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ အကျဘက်ကိုပိုယိုင်တက်မည်။ ကျောက်မျက်ဈေးကွက် ပုံမှန်မဟုတ် ဖောက်ပြန်လွယ်မည်။ ရေထွက်ပစ္စည်းလုပ်ငန်း ဈေးကွက်လှုပ်ခတ်နေမည်။ မွေးမြူရေးဈေးကွက်မှန်းဆရမလွယ်ဖြစ်မည်။ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဈေးနှုန်းမတည်ငြိမ်သော်လည်း အကောင်းဘက်ကို ဦးတည်နေသည်။ အိမ်ခြံမြေဈေးကွက် ဘောင်ဘင်ခတ်နေမည်။ ဖက်ရှင်ဆိုင်ရာ၊ အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာဈေးကွက်များ မတည်ငြိမ်မှုပိုများနေမည်။ ဓာတုပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်မကောင်း။ ဓာတ်ငွေ့နှင့်လောင်စာဆီ တက်ဈေးငြိမ်နေသော်လည်း ပြုတ်ကျလွယ်မည်။ ရေဒီယိုဆိုင်ရာ၊ အီလက်ထရွန်နစ်ဆိုင်ရာ၊ လျှပ်စစ်ဆိုင်ရာဈေးကွက် အကောင်းဘက်မှာရှိသော်လည်း အချိန်မရွေး အဆိုးဘက်ရောက်သွားတတ်သည်။


၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၏ တတိယ (၁၀) ရက်ကာလတွင် ရွှေဈေးကွက်တက်ရိပ်ရှိသော်လည်း ကျရိပ်အချိန်မရွေးလာနိုင်သည်။ ငွေကြေးဈေးကွက်တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်ငြိမ်မည်။ ရေထွက်ပစ္စည်း တက်ဈေးရှိသော်လည်း အထိန်းရခက်နေမည်။ လျှပ်စစ်၊အီလက်ထရွန်းနစ်၊ ရေဒီယိုဆိုင်ရာပစ္စည်းများဈေးနှုန်းချိန်ဆရခက်နေမည်။ စားသောက်ဆိုင်လုပ်ငန်းများ ဈေးကွက်ပုံမှန်ဖြစ်နေမည်။ စားသုံးကုန်ပစ္စည်းဈေးကွက် အကောင်းဘက်မှာရှိနေမည်။ ဓာတုပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဈေးကောင်းမိသော်လည်း ရုတ်တရက်ပြုတ်ကျတတ်မည်။ အနုပညာလုပ်ငန်း၊ ဖက်ရှင်နှင့်အလှအပလုပ်ငန်း ဈေးကွက်ငြိမ်လာမည်။ စာနယ်ဇင်းဈေးကွက်သိပ်မကောင်းသေး။ လောင်စာဆီနှင့်ဓာတ်ငွေ့ဈေးနှုန်း အတက်၊အကျမှန်းဆရခက်နေမည်။ စားသုံးဆီဈေးကွက်ငြိမ်မည်။ ဆောက်လုပ်ရေးလုပ်ငန်း ပုံမှန်မဟုတ်သေး။ အိမ်ခြံမြေဈေးကွက်တည်ငြိမ်မှုမရှိသေး။

မင်းမိုးနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



# နှင်းဝင်းကျော်ခေါင် (၁၉၄၄–လူပုည်)

## ယမမင်းစစ်တမ်း

ကျွန်ုပ် စာရေးသူသည် ၁၃၁၄ ခု တွင် မွေးဖွား၍ တနင်္ဂနွေသားဖြစ်ကာ မရဏဖွားဖြစ်၏။ မွေးဖွားစဉ်က လွန်မင်းစွာ ချူချာကြောင်း မိဘများမှ ပြောဆိုခဲ့၍ သိခဲ့ရ၏။ မွေးသဖခင် ကျေးဇူးရှင်ဖြစ်သော ကျွန်ုပ် စာရေးသူ၏ ဖခင်ကြီးမှာ ကျွန်ုပ်အသက် (၁၅) နှစ်ခန့်တွင် ကွယ်လွန်သွားခဲ့ပါသည်။ မွေးမိခင်ကြီးကျေးဇူးနှင့်ကျွေးမိခင်ကြီးကျေးဇူးကြောင့် ကျွန်ုပ်၏ပညာရေး ဆုံးခန်းမတိုင်ခဲ့ခြင်းလည်း ဖြစ်၏။

ကျွန်ုပ် စာရေးသူသည် ထိုစဉ်ထိုကာလများ၌ ဓာတ်ပြားအဆိုတော် ဖြစ်လိုလှ၏။ ထိုခေတ်က ဓာတ်ပြားအဆိုတော်၊ ရုပ်ရှင်မင်းသား တွံတေးသိန်းတန်၊ မောင်မောင်ညွန့်၊ ဟသ်ာတထွန်းရင်၊ ရွှေမြိုင်မောင်အုန်း၊ အညာသားအေးလွင်၊ မြောင်မြို့အုန်းမြင့် စသည့် ပုဂ္ဂိုလ်များကဲ့သို့ နိုင်ငံကျော် ဓာတ်ပြား အဆိုတော်ကြီးဖြစ်လိုခဲ့၏။

သို့သော် မဖြစ်ခဲ့ပါချေ။

လူ့ဘဝဆိုသည်မှာ လွန်မင်းစွာ အံ့ဩစရာအတိပြီး၏ဟုဆိုသော် မမှားအံ့။ လူတစ်ရာတွင် (၉၉) ရာခိုင်နှုန်း ငြင်းအံ့မထင်ပါချေ။

အဘယ်ကြောင့်နည်းဆိုသော် -

ဓာတ်ပြားအဆိုတော် ဖြစ်လိုလှသည့် ကျွန်ုပ်သည် ကံအားလျော်စွာ စာရေးဆရာ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသမားဖြစ်ခဲ့ပါ၏။

ဓာတ်ပြားအဆိုတော် ဖြစ်လိုလှသည့် ကျွန်ုပ်သည် အဆိုကျော်ဟသ်ာတထွန်းရင်၏ ငယ်ဆရာဖြစ်သည့် ပန်တျာချစ်လှိုင်ထံတွင် သီချင်းအဆိုသင်၏။ ဆရာပန်တျာ ချစ်လှိုင်သည် ဟသ်ာတထွန်းရင်ကို ဓာတ်ပြားသွင်းရန် ထိုစဉ်အခါက စစ်ကဲမောင်ထော်လေးလမ်းတွင်ရှိ စူပါဟိုက်ဓာတ်ပြားတိုက်ပိုင်ရှင်ဦးမောင်လေးထံ ပို့ပေး၏။ ဟသ်ာတထွန်းရင်၏ ပထမဆုံးဓာတ်ပြားတေးမှာ 'ရှာတော့မယ်' ဟူသော တေးသီချင်းဖြစ်၍ ထိုဓာတ်ပြားတေးသီချင်းဖြင့်ပင် ဟသ်ာတထွန်းရင် စတင်နာမည်ကျော်ခဲ့၏။

ကျွန်ုပ်၏ ဒုတိယ အနုပညာဆရာမှာ ဂီတာသိန်းစိုး ဖြစ်၏။ တွံတေးသိန်းတန်၊ အညာသားအေးလွင်၊ မြောင်မြို့ အုန်းမြင့်တို့ ငယ်ဆရာလည်းဖြစ်၏။ ဂီတာသိန်းစိုးသည် မြန်မာဂီတာအတီးတော်၏။ ဓာတ်ပြားတိုက်ပိုင်ရှင်လည်း ဖြစ်၏။

ဂီတာသိန်းစိုးသည် အနုပညာလောကတွင် အမျိုးသားဓာတ်ပြားအဆိုကျော်များကို မွေးထုတ်ခဲ့သလို အမျိုးသမီးအဆိုရှင်များဖြစ်သည့် တင်တင်ထွေး(ယု)၊ ဒလခင်ထွေးရီတို့ကဲ့သို့သော အဆိုတော်များကိုလည်း စင်တင်ပေးခဲ့၏။

အကယ်ဒမီ အေးအေးသင်းကဲ့[illegible] နိုင်ငံကျော် ရုပ်ရှင်မင်းသမီးတစ်လက်[illegible] လည်း ငယ်မွေးခြံပေါက်အဖြစ် စင်တ[illegible] ခဲ့၏။

တကယ်တန္တုဆိုသော် ကျွန်[illegible] သည် နိုင်ငံကျော် အဆိုတော်[illegible] တစ်ယောက်မဖြစ်ခဲ့သော်လည်း ကျွန်ုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

၏ အနုပညာဆရာတို့ကား များပြားလှ၏။

ကျွန်ုပ်၏ အနုပညာတတိယဆရာမှာ ဂီတစာဆို ကိုတင့်မိုး ဖြစ်၏။

သို့သော် ကိုတင့်မိုးမှာ လက်တီးအတတ်ပညာ မယ်ဒလင်အတီးမတတ်ခဲ့၍ စွဲမြဲစွာ မသင်ခဲ့ရချေ။

ထိုခေတ်ထိုကာလ ထိုအချိန်အခါက ဓာတ်ပြားအဆိုတော်တစ်ယောက်ဖြစ်ရန် လွန်မင်းစွာ ခက်ခဲလှကြောင်း ကျွန်ုပ်မသိပါဟု ရိုးသားစွာ ဝန်ခံပါရစေတော့။

ဓာတ်ပြားသီချင်းရေးသူ ဂီတစာဆိုတေးပြုစာဆိုရှင်သည် သံစဉ်ရှာရ၏။ စာသားရှာရ၏။ အကြောင်းအရာရှာရ၏။

တချို့သော ဂီတစာဆိုသည် စာသားကို အသံထည့်ကာ ခေါင်းစီးတပ်၏။ တချို့သောတေးပြုစာဆိုရှင်သည် သီချင်းခေါင်းစီးကို အရင်ရှာ၍ စာသားနှင့် မယ်လိုဒီခေါ် သံစဉ်ထဲစာသားထည့်၏။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်စာရေးသူ၏လက်ဦးဆရာ ဖြစ်သည့် ပန်တျာချစ်လှိုင်သည် 'သူတို့လို' ဟူသော သီချင်းတစ်ပုဒ်ရေးသည်ကို ကျွန်ုပ်ကိုယ်တွေ့ကြုံဖူး၏။

ထိုစဉ်က ဆရာသည် ကမာရွတ် သုခလမ်းတွင် နေထိုင်၍ စပယ်ခြံသို့ သွားကာ သီချင်းရေး၏။

ဆရာ၏ ငယ်ချစ်အိမ် ဖြစ်၏။ သို့သော် နဖူးစာ မှင်ရည်ကျဲ၍ စလယ်ဝင်အိုး ဖင်မမည်းခင်က ကွဲခဲ့ရ၏။ ဆရာပန်တျာချစ်လှိုင်၏ ငယ်ရည်းစားသည် အဖေနှင့်အမေရှိ၏။ သို့သော် အသက်ကြီးလှပြီ ဖြစ်၏။ သို့သော် ထိုအဘိုးအို၊ အဘွားအိုသည် အသက်သာကြီးကြသော်လည်း အချစ်တို့၊ မေတ္တာရနံ့တို့ မပြယ်ကြသေးပေ။ ကြင်နာဆဲ၊ ယုယဆဲသာ ဖြစ်သည်ကို တွေ့လိုက်ရသော ကျွန်ုပ် စာရေးသူ၏ဆရာသည် 'ဪ-သူတို့လို တို့များနှစ်ဦးသား အသက်ရှင်လျက်တွေ့နေရပေမယ့် ရင်မှာ အမုန်းတရားတွေပိုက်နေကြပါပေါ့လား'ဟူသော အတွေးလေးတစ်စ ဝင်ရောက်သွားကာ 'သူတို့လို' ဟူသော တေးသီချင်းလေး တစ်ပုဒ် ဖြစ်ပေါ်ခဲ့ပါ၏။

ထို'သူတို့လို'ဟူသော တေးသီချင်းလေးကို မြန်မာ့အသံတွင် ဂီတာသာစိန် ဟူသော ကရင်အဆိုတော် သီဆိုခဲ့သလို ရောင်းတန်းဓာတ်ပြားလောက၌လည်း တွံတေးသိန်းတန် သီဆိုအောင်မြင်ခဲ့ပါသည်။

ဓာတ်ပြားတေးသီချင်းတစ်ပုဒ် အသံသွင်းရာ၌ စတူဒီယိုနှင့် Sound အင်ဂျင်နီယာခေါ် အသံဖမ်းဆရာသည် အဓိကကျလှ၏။

ရန်ကုန်ရုပ်ရှင်စတူဒီယိုတွင် အသံဖမ်းဆရာ အင်ဂျင်နီယာမှာ ဦးတင်အေး ဖြစ်၏။

စိန်မောင်စတူဒီယိုတွင် အသံဖမ်းဆရာမှာ ဦးခင်မောင်ဦး ဖြစ်၏။

အေဝမ်းခြံ မြဇော်စတူဒီယိုတွင် အသံဖမ်းဆရာမှာ ဆရာစံနှင့် တပည့်ဖြစ်သူ အသံဖမ်းအကာယ်ဒမီဆုရရှိခဲ့သူ ဦးခင်ဦး ဖြစ်၏။

ဓာတ်ပြားတစ်ချပ်ကို အသံသွင်းရာ၌ ထိုခေတ်က စန္ဒရားဆရာ၊ ဂီတမှူးများမှာ စန္ဒရားစိန်သောင်း၊ စန္ဒရားငွေစိုး၊ စန္ဒရားညွန့်ဝင်းလေးတို့သည် အလွန်အလုပ်များကြသော စန္ဒရားဆရာဂီတမှူးများ ဖြစ်ကြ၏။

အဆိုတော်နှင့်တေးပြုစာဆို၊ ဂီတစာဆိုတို့သည် ထိုစန္ဒရားဆရာဂီတမှူးများနှင့် သီချင်းတိုက်ရ၏။ သီချင်းတိုက်ပြီးသော် အဆိုတော်နှင့် လိုက်ဖက်သောသံစဉ်အနိမ့်၊ အမြင့်ကို မူတည်၍ KEY ချိန်ရ၏။ ထိုခေတ်က နာမည်ကြီးဓာတ်ပြားအဆိုတော်များသည် မြန်မာ့ဂီတနှင့် ဆိုသော် လေးပေါက် အင်တာနေရှင်နယ်သံစဉ်အရ G-KEY ကို အဆိုများကြ၏။

သီချင်းသွင်းပြီးသော် Master တိပ်ကို နိုင်ငံခြားပို့ရ၏။

တိတိကျကျဆိုရသော် အင်္ဂလန်နိုင်ငံပို့ရ၏။

ဓာတ်ပြားတိုက်များမှာ စူပါဟိုက်ဓာတ်ပြားတိုက်၊ အောင်လံတော်ဓာတ်ပြားတိုက်၊ တေးပုလဲဘတင့်ဓာတ်ပြားတိုက်၊ ရွှေဆောင်ဓာတ်ပြားတိုက် စသည့်ဓာတ်ပြားတိုက်များ ဖြစ်ကြ၏။ တချို့ဓာတ်ပြားတိုက်များကို မမှတ်မိတော့၍ မဖော်ပြနိုင်တော့ပေ။

ဓာတ်ပြားတိုက်တစ်တိုက်သည် ငွေကြေးရှိတိုင်း ဓာတ်ပြားထုတ်လုပ်ခွင့်မရရှိကြပေ။ နိုင်ငံတော်အစိုးရမှ ဓာတ်ပြားတိုက်တစ်တိုက်ကို တစ်နှစ်လျှင် ဓာတ်ပြားချပ်ရေ (၁၀) ချပ်ခန့်သာ ခွဲတမ်းချပေး၏။ ခွဲတမ်းအရသာ MASTER တိပ်ကို နိုင်ငံခြားပို့ခွင့်ရရှိသောကြောင့် မြန်မာသံအဆိုတော်ကျော်တစ်ယောက် သို့မဟုတ် ဓာတ်ပြားအဆိုတော်တစ်ယောက်ဖြစ်ခွင့်၊ နာမည်ကျော်ခွင့် မလွယ်ကူခဲ့ပါချေ။

နောက်ပိုင်းကာလများတွင် အသံသွင်း MASTER တိပ်မှ (စတင်ဘာပြား) ခုတ်ကာ ချိတ်လုံးကို ချိပ်ပြား သို့မဟုတ် ဓာတ်ပြားအဖြစ် ပြုလုပ်အသွင်ပြောင်းကာ တံဆိပ်များကပ်ပြီး အသံချဲ့စက်များသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။

ဤခေတ်ကို ရောက်တော့မှသာ မြန်မာသံအဆိုတော်၊ ဓာတ်ပြားအဆိုတော်များ အတန်အသင့်ပေါ်များခဲ့၏။ ဓာတ်ပြားအဆိုတော် ဖြစ်လိုလှသော ကျွန်ုပ်သည် ထိုခေတ်က ဓာတ်ပြားအဆိုတော် ရွှေမြင့်မောင်အုန်းသီဆိုပြီး တေးပြုဂီတစာဆိုမှာ ရဲသီဟကိုသန်းအောင် ဟု ထင်၏။ သီချင်းမှာ တောသူမလေး မိချို ဖြစ်၏။ ဓာတ်ပြားအဆိုတော်ဖြစ်လိုလှသည့်ကျွန်ုပ်စာရေးသူသည် သီချင်းများကိုအလွတ်ကျက်မှတ်၏။ မယ်ဒလင်တီးသည့်ဆရာသမား၊ မိတ်ဆွေအပေါင်းအသင်းများအား ဝတ်ကြီးဝတ်ငယ်ပြုစု၍ သီချင်းတိုက်ခဲ့ရ၏။ ယုတ်စွအဆုံး အရက်ပင်တိုက်ရ၏။

ထိုစဉ်ကာလကား ပညာကို ငွေ ဖြင့်ဆက်၍ဝယ်ကာ မရခဲ့ပေ။

တောသူမလေးမိချိုသီချင်းအဆို ကောင်းခဲ့သော ကျွန်ုပ်မှာ တွံတေးမြို့နှင့် ရေမိုင်(၁၅)မိုင်မျှဝေးသော ဆူးကလေ ရေကျော်အမည်ရှိ တောမြို့မကျတော ရွာမကကြီးသောရွာကြီးတစ်ရွာ၏အနေ ရှိ အလယ်ရွာ ဟူသော ကျေးတောရွာ လေးတစ်ရွာမှ ကရင်မလေး မိချိုနှင့် အိမ်ထောင်ကျခဲ့၏။

လေးနှစ်ခန့်ကြာသော် သမီးလေး တစ်ယောက်ပင် ရ၏။ ထိုသမီးလေး အမည်သည်ကား ဇင်ဝင်း ဟူသော အမည်နာမကို ကျွန်ုပ်ကိုယ်တိုင်မှည့်ခေါ် ခဲ့၏။ ရွှေဒုံးဘီအောင် စစ်ကြိုခေတ်တွင် ရေးသားထုတ်ဝေ၍ ကျွန်ုပ်စာရေး ကိုယ်တိုင် ဇာတ်ညွှန်းရေးသား အ သွင်းကာ ဒါရိုက်တာအဖြစ် ကက်ဆ ဇာတ်လမ်းထုတ်ဝေခဲ့သော 'ဗိုလ်အောင် ဒင် ပြန်လာပြီ' တိပ်ခွေ နာမည်ကြီး တွင် သမီးလေး ဇင်ဝင်းအား ကျွ ကိုယ်တိုင် နန္ဒတစ်လုံးထပ်တိုးကာ န ဇင်ဝင်းဟု မှည့်ခေါ် လိုက်ပါသည်။

ထိုအချိန်ထိုကာလမှာ ၁၉၇ ပြည့်နှစ်ခန့်က ဖြစ်၏။

ယခု ကျွန်ုပ် ရေးသား 'ယမမင်းစစ်တမ်း' အမည်ရှိ ဝတ္ထုဇာ လမ်းတိုလေးသည် ထိုစဉ်ထိုကာ အမှန်တကယ်ဖြစ်ပျက်ခဲ့သော ကျွန်ုပ် ယောက္ခမဖြစ်သူ ဦးမျှော်၏ True အ ဇာတ်လမ်းလေးပင်ဖြစ်ကြောင်း ရိုးသ စွာ ဝန်ခံပါ၏။

ထိုကာလက ကျွန်ုပ်၏သမီးလေး နန္ဒဝင်းမမွေးဖွားသေးပါ။

ကျွန်ုပ်စာရေးသူတို့ဇနီးမောင်နှံ ယောက် တောသူမလေးမိချို၏ ဆွေ သားချင်းများနေထိုင်ရာ အလယ်ရွာ သို့ ဆွေပြမျိုးပြသွားရောက်လည် ချိန်လည်း ဖြစ်၏။ ထိုရွာကြီးသည် ခြေရှစ်ရာခန့်ရှိသော ရွာကြီးတစ်ရွာ ၏။ ၎င်းအလယ်ရွာကြီးနှင့် တစ်ခေါ် သာခန့်ဝေးသော မြစ်ကြီးနှင့် ရိုးချောင်း လေးဆုံရာ တြိဂံကုန်းမြေလေးတွင် နီးချုပ်စပ်မှ လူအများသေကျေပျက် ဆုံးပါးသွားခဲ့လျှင် မြုပ်နှံသော သ ဟစပြင်လေးရှိ၏။

အလယ်ရွာကြီးသင်္ချိုင်းဟုခေါ်

၎င်းသင်္ချိုင်းသည် အခြေ အလုန့်ကြီးသည်ဟုလည်း ကျော်

၎င်းသင်္ချိုင်း၏ယာဘက် ရှိသော ရိုးချောင်းလေးမှ လှေဖြင့်

www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်၊ ဆယ်ငါးမိနစ်ခန့် လျှော်ခတ်၍ ဆက်သွားမှသာ အလယ်ရွာလေးသို့ ရောက်၏။

ထိုအလယ်ရွာလေးသည်သာလျှင် ကျွန်ုပ်၏ ဇနီး တောသူမလေး မိချိုတို့ ရွာငယ်လေးပင် ဖြစ်ပေတော့သတည်း။

ထိုရွာကလေးတွင် စကောကရင် တိုင်းရင်းသားအများစုနေထိုင်ကြသည်။

နတ်ကိုးကွယ်၏။ တစ်နှစ်တစ်ကြိမ် ကြက်သတ်၊ ဝက်သတ်ကာ ရိုးရာအရှင်နတ်ကြီးကို တင်မြှောက်ပ,သ၏။

ရန်ကုန်မြို့ကြီးကို မရောက်ဘူးသူများရှိသလို ရွှေတိဂုံဘုရားကြီးကိုလည်း ရောက်ဘူးသူများရှိ၏။

ထိုအထဲတွင် ကျွန်ုပ်စာရေးသူ၏ ယောက္ခမကြီးဦးမျှော်လည်းပါသည်။

ကျွန်ုပ်၏ဇနီးမိချိုအမေ ကျွန်ုပ်ယောက္ခမကြီးမှာ ကျွန်ုပ်နှင့် မိချိုတို့ အိမ်ထောင်မကျခင်ကပင် ကွယ်လွန်ခဲ့ပြီးဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏ယောက္ခမကြီးကို ကျွန်ုပ်မှာ မြင်တောင်မမြင်ဘူးခဲ့ချေ။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်လိုလှသည့် ကျွန်ုပ်ယောက္ခမကြီးသည် ကျွန်ုပ်တို့ နှင့်မောင်နှံ ရန်ကုန်မြို့သို့ အပြန်ကို လိုက်လာခဲ့ပါသည်။ ထိုစဉ်ကာလက ဆေးကလပ် - ရေကျော် ထွက်ခွာသော တိမ်ပျံသင်္ဘောကြီးမှာ တွံတေးဝကို ကျော်သည်နှင့် တွံတေးမြို့ကို ဆိုက်ကပ်ပြန်၏။ တွံတေးမြို့သည်ကား အိုးများထုတ်သည့်မြို့ဖြစ်သည်နှင့်အညီ အိုးကြီး အိုးသေးများမှာ သင်္ဘောခရီးသည်တစ်လျှောက် မြင်တွေ့နေရ၏။ တွံတေးကျော်သည်မှာ တစ်နာရီကျော်ကျော်ကြာမြင့်လာသည်နှင့် ရွှေတိဂုံဘုရားကြီးအား ရန်ကုန်မြစ်အတွင်းမှပင် လှမ်း၍ပင် တွေ့မြင်ဖူးမြော်နိုင်ပါတော့သည်။

ရွှေတောင်ကြီးအလား ငွားငွားစွင့်စွင့် ဝင့်ဝင့်ထည်ထည်ဖြစ်၏။ မကြာမီချေ တိမ်ပျံသည် ကီလီဆိပ်ကမ်းတွင် ဆိုက်ကပ်သည်။ ကီလီသင်္ဘောဆိပ်မှ မြင်းကားစီးကာ စံပြရုပ်ရှင်ရုံသို့လာ၍ အမှတ်(၈)ဟီးနိုးကားကြီးများကိုစီးရ၏။ ဟီးနိုးကားကြီးများသည် အင်းစိန်ဘက်သွားသောခရီးသည်တင်ကားကြီးများ ဖြစ်လေသည်။

ဤတွင် ကျွန်ုပ်ယောက္ခမ ဦးမျှော်သည် လူများဥဒဟိုသွားလာနေကြသည်ကို မြင်တွေ့ကာ ကျွန်ုပ်စာရေးသူ၏ ပုဆိုးစကို ဆွဲကိုင်လိုက်၏။

ကျွန်ုပ်လည်း အမှုမဲ့အမှတ်မဲ့ပင် နေမိ၏။

အမှတ်(၈)ဟီးနိုးကားကြီးပေါ်သို့ ခရီးသည်များ အလုအယက် တိုးဝှေ့တက်ကြ၏။ ကျွန်ုပ်ယောက္ခမဦးမျှော်သည်လည်း ခရီးသည်များနှင့်အတူ ဟီးနိုးကားကြီးပေါ်သို့ ကျွန်ုပ်၏ပုဆိုးစကိုမလွှတ်ဘဲ ဖွတ်အတင်းပင်ဆွဲ၍တက်၏။ ကားကြီးပေါ်ရောက်သောအခါ၌လည်း လွှတ်၍မပေးချေ။

ကျွန်ုပ်မှာ လွန်စွာ အခက်အခဲတွေ့ကာ လွန်စွာမှလည်း အနေရအထိုင်ရကျပ်တော့၏။ ကားပေါ်ပါလာကြသော ခရီးသည်အချို့မှာလည်း ကျွန်ုပ်တို့ကိုကြည့်ကာ ပြုံးစိစိဖြစ်ကုန်၏။

မည်သို့သော အဓိပ္ပာယ်ကောက်ယူသွားကြမည်ကိုတော့ ကျွန်ုပ်မတွေးတောတတ်တော့။

ကျွန်ုပ်မှာ ယောက္ခမကြီးကို နှုတ်မှဖွင့်ဟမေးရတော့၏။

အဖေ၊ ဘာဖြစ်လို့ ကျွန်တော်ပုဆိုးစကို လွှတ်မပေးတော့လဲ"

ကျွန်ုပ်သည် ကျွန်ုပ်၏ယောက္ခမဦးမျှော်အား အဖေဟု ခေါ်၏။

"ဟ - မင်းဆင်းသွားရင် ရန်ကုန်မြို့ကြီးမှာ ငါဘယ်မှမသွားတတ်ဘူးကွ"

ကိုင်း-မှတ်ကရော။

ကျွန်ုပ်၏ယောက္ခမကြီးသည်ကား ရန်ကုန်ရည်အလွန်ပင်လည်လေတော့သတည်း။

ဤ၌ တစ်ခေတ်တစ်ခါက မျက်မမြင်အဆိုတော်တစ်ယောက်ရှိခဲ့ဖူး၏။

အမည်ကား ဘလိုင်းထီးဆိုင် ဟူ၏။

ကျွန်ုပ်၏ ရင်းနှီးခင်မင်လှသော မိတ်ဆွေလည်း ဖြစ်၏။ ဘလိုင်းထီးဆိုင်သည် မွေးရာပါ မျက်မမြင်တစ်ဦးလည်း ဖြစ်၏။ ထိုစဉ်ကာလ၌ ကျွန်ုပ်စာရေးသူသည် ကောလိပ်ဂျင်နေဝင်း၊ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ၊ ဗိုလ်မှူးဗကိုခေါ် ဗိုလ်ဗကို၊ အကယ်ဒမီစိုးရွှေကိုသုမောင်၊ ရုပ်ရှင်မင်းသမီးများဖြစ်ကြသည့် တင်တင်နွဲ့၊ ဝါဝါဝင်းရွှေ ဒေါ်မေသစ်၊ မြင့်မြင့်ခိုင်၊ တေးသံရှင် ရုပ်ရှင်မင်းသမီး မေဆွိ၏ အမေ၊ အကယ်ဒမီဒေါ်မြင့်မြင့်ခင်တို့ဖြင့် အသံကက်ဆက်ဇာတ်လမ်းများသင်ယူနေချိန်လည်း ဖြစ်၏။

အသံသွင်းသည့်စတူဒီယိုမှာ ပါရမီစတူဒီယိုဖြစ်၏။ အသံဖမ်းဆရာများမှာ အေဝမ်းဦးစံ၏သား ထင်ကျော်စံနှင့် အကယ်ဒမီ အသံဖမ်းဆရာ ဦးခင်ဦး၏သားနှစ်ယောက်ဖြစ်သည့် မိုးမိုးနှင့် ရည်မွန်တို့ ဖြစ်၏။

ထိုအချိန်တွင် ကျွန်ုပ်၏အပေါင်းအသင်းရောင်းရင်းကြီး ကက်ဆက်ပြဇာတ် ဇာတ်လမ်းများ အသံသွင်းသည်ကို မမြင်ဘူး၍ လာရောက်လေ့လာ၏။ ဘလိုင်းထီးဆိုင်ဖြစ်၏။

ဘလိုင်းထီးဆိုင်ကို အသံဖမ်းစတူဒီယိုအခန်းတွင်း၌ ခေါ်ယူ၍ နေရာပေးကာ ထိုင်ခိုင်းထားလိုက်၏။

"ကိုနန္ဒ၊ အသံဖမ်းဆရာက ဘယ်သူလဲဗျ"

ဘလိုင်းထီးဆိုင်မှာ ကျွန်ုပ်စာရေးသူအား မေး၏။

"အေဝမ်း ဦးစံလို့ ခေါ်တဲ့ဆရာစံ"

"အသံဖမ်းဆရာလောကမှာတော့ နာမည်ကျော်ပဲဗျ။ ကျွန်တော့်ကို မိတ်ဆက်ပေးပါဦး"

ဘလိုင်းထီးဆိုင် တောင်းဆို၍ ဆရာစံမှာ မြေနီကုန်း အေဝမ်းခြံ မြဇော်စတူဒီယိုတွင် ရုပ်ရှင်မင်းသားကျော်ဟိန်းနှင့် မို့မို့မြင့်အောင်တို့ ပါဝင်သော မွန်းတည့်ချိန်မှာနေဝင်သည် ရုပ်ရှင်ကားကြီး ဒါဗင်မစ်ရှင်ခေါ် အသံရောနှောဘက် ကရောင်းအတီး နောက်ခံတီးလုံးများထည့်နေ၍ ပါရမီစတူဒီယိုတွင်ရှိမနေပါချေ။

ဤ၌ အကယ်ဒမီ ဦးခင်ဦး၏ သားကြီး မိုးမိုးမှ ကျွန်ုပ် စာရေးသူအား မျက်စိမှိတ်ပြ၍ သူ၏ရင်ဘတ်ကို ဘလိုင်းထီးဆိုင်မသိအောင် ပုတ်ပြလိုက်ပါသည်။ မိုးမိုးမှာ ခပ်တည်တည်ဖြင့် နောက်ပြောင်တတ်သူလည်း ဖြစ်၏။ ကျွန်ုပ်စာရေးသူမှာလည်း ရေရှည်မတွေးတော့မိဘဲ မျက်စိမမြင်သောသူတို့၏ ခံစားမှုကို ကိုယ်ချင်းမစာနာတတ်စွာဖြင့် မိုးမိုးကို ဆရာစံအဖြစ် ဘလိုင်းထီးဆိုင်နှင့် မိတ်ဆက်ပေးလိုက်မိပါ၏။

"ဗိုလ်ထီး၊ ဒါ ဆရာစံပါ"

"ဟာ-တွေ့ရတာဝမ်းအများကြီးသာပါတယ်ဆရာ"

မိုးမိုးမှာ ဘလိုင်းထီးဆိုင်ကို လက်ဆွဲနှုတ်ဆက်လိုက်သလို ကျွန်ုပ်အားလည်း ပြုံး၍ မျက်စိမှိတ်ပြလိုက်၏။

သို့သော် ဘလိုင်းထီးဆိုင်ကားသည်အတိုင်းမနေပါချေ။ ဆရာစံဆိုသည်နှင့် လက်ကို ဆွဲကိုင်လိုက်၏။ မျက်နှာကိုစမ်း၏။ ဦးခေါင်းနှင့်လည်တိုင်

www.burmeseclassic.com

စမ်းပြန်၏။ အရပ်အရှည်၊ အပိန်၊ အဝ ကိုပင်စမ်း၍ မှတ်သားလိုက်ပုံပေါ်၏။

မိုးမိုးမှာ လူငယ်တစ်ဦးသာဖြစ်၍ အဝေးကြည့်မျက်မှန်တပ်မထားပါချေ။ ထိုအချိန်တွင် ဂီတမှူး စန္ဒရားငွေစိုးမှာ အသံမင်းသမီး ခနေဖြူကြည်ကြည်သိန်းအား ဇာတ်ဝင်သီချင်းတိုက်ပေးနေပြီး ထင်ကျော်စံမှာ အသံဖမ်းရန် ပြင်ဆင်နေ၏။ ထိုအချိန်မှာပင် ဆရာစံသည် B.boo အငှားကားလေးတစ်စီးဖြင့် သူ၏ ပါရမီစတူဒီယိုသို့ပြန်ရောက်လာပါတော့သည်။

ပြန်ရောက်လာလာချင်းမှာပင် ဆရာစံမှာ အသံဖမ်းခန်းအတွင်းသို့ တန်း၍ဝင်လာပါသည်။ ဆရာစံသည် ကျွန်ုပ်စာရေးသူကို တွေ့သည့်ခဏမှာပင် ကျွန်ုပ်အား ပြုံး၍ပြလိုက်သလို နှုတ်ဆက်စကားလည်းဆို၏။

"ဒီနေ့ ကိုနန္ဒ အသံသွင်း Date ပေါ့"

"ဟုတ်ကဲ့ ဆရာစံ"

ဆရာစံသည် ကျွန်ုပ်စာရေးသူအား အသက်အားဖြင့် သုံးဆယ်ကျော်ခန့် ကွာခြားနေသော်လည်း ကိုနန္ဒဟုကိုတပ်၍ ခေါ်၏။ ပြော၏။

ဆရာစံ၏အသံကို တထစ်ချမှတ်ယူထားသော ဘလိုင်းထီးဆိုင်မှာလည်း မိုးမိုးအသံနှင့် ဆရာစံအသံ၊ လူငယ်တစ်ယောက်အသံနှင့် လူကြီးတစ်ယောက်အသံကို ခွဲခြားမိသွားပြီး၊ ဆရာစံအသံကြားရာဆီသို့ တန်းတန်းမတ်မတ်သွားကာ ဆရာစံ၏မျက်နှာ၊ ဆံပင်၊ အရပ်အမောင်းတို့ကို ထိတွေ့စမ်းသပ်တော့၏။

မိုးမိုးမှာ ဆံပင်ရှည်၏။ မျက်မှန်တပ်၏။ ခန္ဓာကိုယ်မှာဝ၏။ ဗိုလ်ထီးခေါ် ဘလိုင်းထီးဆိုင်မှာ ကျွန်ုပ်ဘက်သို့လှည့်ကြည့်၏။ သညာခန္ဓာခေါ် မှတ်သားမှုအာရုံအားကောင်းသော ဘလိုင်းထီးဆိုင်မှာ အညာမိခံလိုက်ပြီကို ရိပ်စားမိသွားပါတော့သည်။

မိုးမိုးနှင့် ရည်မွန်တို့လူငယ်နှစ်ယောက်မှာ မည်သည့်အရာမျှမတွေးတော့ဘဲ ဘလိုင်းထီးဆိုင်အဖြစ်ကို တွေ့မြင်သွားပြီး တဟားဟားဖြင့် အသံထွက်ရယ်မောကြပါတော့သည်။

"ကိုနန္ဒဗျာ၊ ကျွန်တော့်လိုမျက်စိမမြင်ရတဲ့အကန်းတစ်ယောက်ကို အခွင့်အရေးယူပြီး စော်ကားလိုက်တာလားဗျာ"

ကျွန်ုပ်စာရေးသူ ခံစားလိုက်ရပါတော့သည်။ ထင်ကျော်စံ၊ မိုးမိုး၊ ရည်မွန်တို့သုံးယောက်မှာလည်း တဝါးဝါးတဟားဟား အသံထွက်ရယ်မောနေရာမှ ဆိုင်းလင့်ရှော့ဖြစ်ကာ ရယ်မောသံများ ပိတ်၍သွားကြပါတော့သည်။

ကျွန်ုပ်စာရေးသူမှာလည်း လွန်စွာမှပင် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါတော့၏။

ဤသို့ ဤဖြစ်စဉ်နှစ်ခုတွင် ကျွန်ုပ်စာရေးသူ၏ ယောက္ခမ ဦးမျှော်သည် ရှိုးသား၏။ သို့သော် အ၏။ နု၏။ လူရည်လူသွေးညံ့၏။

ဘလိုင်းထီးဆိုင်ခေါ် ဗိုလ်ထီးသည်ကား မျက်မမြင်တစ်ယောက်ဖြစ်သော်ငြားလည်း စူးစမ်းတတ်၏။ မအ,ချေ။ လူရည်လူသွေးထက်မြက်၏။

ဘလိုင်းထီးဆိုင်ကို ညတစ်နာရီခွဲခန့်တွင် အသံသွင်းပြီး၍ ရှုတင်ကားဖြင့် မျက်မမြင်ကျောင်းသို့ ပြန်လိုက်ပို့ရာ မျက်မမြင်ကျောင်း မရောက်မီမှာပင်။

"ရောက်ပြီ၊ ရောက်ပြီ။ ကားရပ်တော့ ရပ်တော့"

ဟု ရှေ့ခန်းမှ ကားဆရာကို အော်ပြော၏။ ကားရပ်သည်နှင့် ကားပေါ်မှ ခုန်၍ဆင်း၏။ မြေပြင်သို့ခြေချမိသည်နှင့် လူကောင်းတစ်ယောက်အလား သူနေထိုင်ရာ မျက်မမြင်ကျောင်းခြံစည်းရိုးသို့ ပြေးလွှားသွားသည်မှာ ပကတိလူကောင်း တစ်ယောက်အလား ဖြစ်၏။

မျက်မမြင်ကျောင်းခြံစည်းရိုးမှာ သံဆူးကြိုးများပတ်ကာ ခြံခတ်ထားသလို သံဆူးကြိုးနှစ်ချောင်းကို ပင့်၍ မ, တင်လိုက်လျှင်သည်နှင့် လူတစ်ကိုယ်စာ ချောင်ချောင်ချိချိ ဝင်ထွက်နိုင်၏။ ဘလိုင်းထီးဆိုင်ဝင်သွားပုံမှာ လူကောင်းတစ်ယောက်နှင့် ယှဉ်ပြိုင်လျှင်ပင် မျက်မမြင်လူသားက နိုင်သွားလောက်ပေ၏။

ဤကား မျက်မမြင် ဘလိုင်းထီးဆိုင်၏ လူရည်လူသွေးထက်မြက်ပုံကို ပြောလိုခြင်း ဖြစ်၏။ ကျွန်ုပ်သည် ကျွန်ုပ်ယောက္ခမအား ရွှေတိဂုံဘုရားသို့ လိုက်၍ပို့၏။ ကမ္ဘာအေးဘုရား၊ မယ်လမုဘုရားများသို့ လိုက်ပို့ပြီး ထိုခေတ်ထိုအခါက နာမည်ကြီးရုပ်ရှင် ဂိုးဖင်းဂါးအမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ပြ၏။ ကျွန်ုပ်၏ယောက္ခမမငြင်း၏။ ဗဟုသုတပေါ့ အဖေရာဟုပြောမှ ကြည့်၏။ ထိုရုပ်ရှင်ကားတွင် မင်းသားကြီး ရှောင်ကွန်နရီအား လူဆိုးများမှ ကားများဖြင့်လိုက်၍တိုက်ကာ သေနတ်များဖြင့်လိုက်၍ပစ်၏။ နိုင်ငံခြားရုပ်ရှင်ကားဖြစ်၍ ကားများမှာ တစ်စီးနှင့်တစ်စီး အပြိုင်မောင်း၏။ တိုက်၏။ ချောက်ကြီးများအတွင်း ထိုးကျသွားပုံများမှာ ရင်တဖိုဖို အသည်းတအေးအေးဖြင့် ကြည့်ရ၏။ ဤတွင် ကျွန်ုပ်ဘေးတွင် ရုပ်ရှင်ကြည့်နေသော ကျွန်ုပ်၏ယောက္ခမဦးမျှော်မှာ -

"ဟော့ကောင်၊ ပြန်ကြမယ်"

"ဟင်-ဘာဖြစ်လို့လဲအဖေ"

ကျွန်ုပ်က မေး၏။

"ဟ - မင်းကားတွေအပြိုင်မောင်းနေကြတာ မတွေ့ဘူးလား။ မတော်တဆ ပိတ်ကားကြီးထဲက မင်းကားကြီးတွေ ကျွံထွက်လာရင် အကုန်လုံးဒုက္ခများကုန်မယ်"

ဟု ပြန်ပြောလေတော့သည်။

ကျွန်ုပ် စာရေးသူမှာ ငိုရမလား ရယ်ရမလား မပြောတတ်တော့ပါချေ။

"အဖေ၊ ဒါရုပ်ရှင်ပြနေတာ။ အပြင်ကိုကျွံထွက်မလာပါဘူး"

ဟု ရှင်းပြ၏။

"ဟ - ပြောလို့ရမလား၊ သူတို့က အရမ်းမောင်းနေကြတာ။ မင်းမမြင်ဘူးလား"

ကျွန်ုပ်မှာ ယောက္ခမဖြစ်သူအား မနည်းရှင်းပြ၍ ချော့မော့လိုက်ရ၏။

အိမ်သို့ပြန်ရောက်သောအခါ မိခ... အား သူ့အဖေအကြောင်း ပြောပြလိုက်၏။

"ဩော်-အဖေက ဒီလိုမျိုး ရုပ်ရှင်ကားမျိုးတွေမှမကြည့်ဘူးတာ"

ဟု ဆို၏။

ကျွန်ုပ်သည် ကျွန်ုပ်ယောက္ခမ ဦးမျှော်အား ယခုခေတ်တွင် ရုပ်ရှင်... ကြီးများ၌ ရုံတင်ပြသနေသော သ... သုံးဖက်မြင်ရုပ်ရှင်ကားမျိုးကိုသာ ပြ... လိုက်ချင်ပါတော့၏။ ကျွန်ုပ်ယောက္ခမ ဦးမျှော်တစ်ယောက် ရုပ်ရှင်ရုံထဲမှာ မည်သို့မျှဆွဲထား၍ ရမည်မထင်တော့ပေ။ ထွက်ပြေးမည်ကား ကျိန်းသေ... ပေတော့သည်။

ဤသို့ဖြင့် ကျွန်ုပ်သည် ယောက္ခမ ဦးမျှော်၏ရွာသို့ သရက်သီးပေါ်ချိန်တွင် ရောက်ဖြစ်၏။ အင်းများဖော်ချိန်တွင် ရောက်ဖြစ်ပြန်၏။ စပါးပေါ်ချိန်တွင် ထပ်မံ၍ရောက်လေတော့သည်။

ယောက္ခမ ဦးမျှော်၏ သရက်... ဘေးတွင် အဘဦးသိလ အမည်ရှိ အ... ကြီးတစ်ဦးရှိ၏။ အသက်ကား (... နီးပါးခန့် ဖြစ်၏။ အဘဦးသိလ... သမိုင်းမြို့သစ်တွင် သားသမီးများနှ...



www.burmeseclassic.com

www.burmeseclassic.com

အတူနေထိုင်နိုင်သော်လည်း ဆူးကလပ်ရေကျော်ရှိ တူ၊ တူမများရှိ၍ ကျွန်ုပ်ယောက္ခမကြီး ဦးမျှော်၏ သရက်ခြံ၊ ငှက်ပျောခြံဘေးတွင် သရက်ခြံကြီးတစ်ခြံကို ဝယ်ယူကာ သရက်ပင်များကို ထပ်မံစိုက်၏။ အပင်ပိုးကျများကိုခုတ်၍ မီးတိုက်ကာ သရက်မျိုးကောင်းများကိုပျိုး၍စိုက်၏။ သရက်ပေါ်ချိန်တွင် လှေသမ္ဗန်များဖြင့်တင်ကာ ရန်ကုန်မြို့ ကိုလီဈေးသို့ သရက်သီးများ လာရောက်ရောင်းချ၏။

အဘဦးသီလသည် ငယ်စဉ်က ပထမကြီးတန်းအောင်ခဲ့၏။တရားဟော၊ တရားပြုလည်းတော်၏။ ယခုသည်မှာ အလုပ်လုပ်နေခြင်းသည် စားဝတ်နေရေးခန္ဓာအတွက်ဖြစ်ကြောင်း၊ ပိုလျှံသည်နှင့် သာသနာတော်ကို ထောက်ပံ့လှူဒါန်း၏။

အလယ်ရွာကြီးနှင့် အလယ်ရွာလေးမှာရှိကြကုန်သော လူကြီး၊ လူငယ်တို့အား ဗုဒ္ဓဘာသာဝင်များဖြစ်စေရန် ဟောပြောဆုံးမ၏။

ငရဲသွားလမ်း၊ အကုသိုလ်ဆိုးပြစ်များကို ရှောင်နည်းညွှန်၏။

တိရစ္ဆာန်ဘဝမကျရောက်စေရန် ရှောင်လွှဲနည်းကို ပြ၏။

ပြိတ္တာ၊ အသူရကာယ်ဘဝသို့ ရောက်ပြောင်း၊ မကျရောက်နိုင်ရန် ဟောပြောဆုံးမတတ်၏။

အသေမဦးခင် ဉာဏ်ဦးဖို့လိုကြောင်း -

၁ ယုံကြည်ကြမ္မာ စိတ်ဖြောင့်စွာဖြင့်
လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို
ဖြစ်ချုပ် ဉာဏ်မြင်၊ ဤငါးအင်
မှန်ပင်မဂ်ရကြောင်း

ဆိုတဲ့ ဆောင်ပုဒ်အရ ပုဗ္ဗကိစ္စ သုံးခုဖြစ်သည့် -

၁။ တရားအားမထုတ်မီ မိမိခန္ဓာကိုယ်ကို ပထမဆုံး တရားပိုင်ရှင်ဖြစ်တဲ့ ဘုရားကိုလှူပါ။

၂။ ဆရာ၊ မိဘ ပုဂ္ဂိုလ်မြတ်တို့ကို ကန်တော့ပါ။ (ပြစ်မှားမိပါက ထိုအပြစ်တို့ ပျောက်ပါစေခြင်းအကျိုးငှာ တောင်းပန်ဝန်ချကန်တော့ရမည်။)

ဝ၃။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်အပေါင်းနှင့်တကွ သတ္တဝါအားလုံး ဘေးရန်ကင်း၍ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့ရမည်။

ရုပ်နှင့်နာမ်ကို ပိုင်းခြားနားလည်အောင် မြင်စရာ အဆင်းကို မြင်တဲ့မျက်စိကရုပ်၊ သိမှုကနာမ်။ အာရုံခြောက်ပါးမှာ ရုပ်နှင့်နာမ်ဟာ အမြဲတွဲနေတာ။ တရားအားထုတ်တော့မယ်ဆိုလျှင် ပရိညာသုံးပါးနဲ့သိသိသွားရမယ်။

၁။ ဉာတပရိညာ၊

၂။ တီရဏပရိညာ၊

၃။ ပဟာနပရိညာ သုံးပါးရှိတယ်။

ဉာတပရိညာ ဆိုတာက ဖြစ်ဆဲရုပ်၊ နာမ်ကို ဒီဟာကရုပ်၊ ဒီဟာကနာမ်ဆိုပြီး ခွဲခြားပြီး သိသိသွားတာ ဉာဏပရိညာ။

တီရဏပရိညာဆိုတာက ဖြစ်ဆဲရုပ်၊ နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ပိုင်းခြားပြီးသိတာ။

ပဟာနပရိညာဆိုတာက ရုပ်၊နာမ်တို့အပေါ်မှာ ငါ့ရုပ်ဆိုတဲ့ တဏှာစွဲ၊ ရုပ်ဟာ ငါပဲဆိုတဲ့ မာနစွဲ၊ ဒီရုပ်ဟာ ငါ့ကိုယ်ပဲဆိုတဲ့ ဒိဋ္ဌိစွဲ။ ဒီအစွဲသုံးပါးကို သိအောင်လုပ်ပြီး ပြုတ်အောင်လုပ်ရမည်။

အဘဦးသီလရောက်လာ၍ တချို့ရုပ်ကြမ်းဝါဒီသမားများ၊ ရိုးရာနတ်စွဲသမားများ၊ မိရိုးဖလာဗုဒ္ဓဘာသာများ၊ သမ္မာဒိဋ္ဌိဖြစ်ကာ အယူမှန်လာကြ၏။ အတွေးမှန်လာကြ၏။

သို့သော် ကျွန်ုပ် စာရေးသူ၏ ယောက္ခမကြီး ဦးမျှော်ကမူ သမ္မာဒိဋ္ဌိ မဖြစ်ခဲ့ပေ။ ရိုးရာကရင်နတ်ကို ကိုးကွယ်မြဲ ကိုးကွယ်၍ ကြက်သတ်၊ ဝက်သတ်သတ်ကာ အယူမှားဆဲ၊ မှားမြဲသာ ဖြစ်၏။

တစ်နေ့ . . .

အဘဦးသီလ၏ ငှက်ပျောခြံ၊ သရက်ခြံနှင့် ကျွန်ုပ်၏ ယောက္ခမကြီး ဦးမျှော်၏ ခြံနှစ်ခြံကြား ရဟန်းတော်တစ်ပါး ကြွရောက်လာကာ တရားအားထုတ်နေသည်ကို တွေ့လိုက်ရ၏။

မိုးအကုန် ဆောင်းအကူးကာလဖြစ်၍ နှင်းများဝေ့ဆိုင်းကာ ရစ်သိုင်းဖွဲ့ခြုံနေ၏။ ရဟန်းတော်အား အဘဦးသီလက သူ၏ခြံအတွင်းကြွရောက်၍ သီတင်းသုံးရန် ပင့်ဖိတ်၏။ သို့သော် ရဟန်းတော်မှာ ဤနေရာတွင် တစ်ဝါတိတိ တရားအားထုတ်ရန် အဓိဋ္ဌာန်ပြုပြီးဖြစ်၍ သည်းခံရန်ပြော၏။ ရွာနီးချုပ်စပ်သို့လည်း ဆွမ်းခံကြွမည်ဟု မိန့်ကြား၏။

အဘဦးသီလမှာ ရဟန်းတော်အား ဤနေရာတွင် ဝါးကျောင်းငယ်ဆောက်လုပ်လှူဒါန်းခွင့်ပြုရန် လျှောက်ထားရာ ရဟန်းတော်မှ ခွင့်ပြု၏။

အဘဦးသီလမှာ ရဟန်းတော်သီတင်းသုံးရန် ဝါးကျောင်းငယ်ဆောက်လုပ်လှူဒါန်းခွင့်ရလိုက်၍ ဝါးလို၏။ ဓနိလို၏။ ဤဝါးဓနိများကို ဆူးကလပ်ရေကျော်ရွာကြီးသို့ သွားရောက် ဝယ်ယူမှရမည်ဖြစ်၏။

ဤခရီးက ဝေးကွာလှ၍ ယနေ့ညရဟန်းတော် ညအိပ်ကျိန်းစက်ရန်ခက်မည် ဖြစ်၏။ ဦးမျှော်မှာ မနေ့က ဝါးများလှေတစ်စီးတိုက် သယ်ယူလာသည်ကို တွေ့မြင်လိုက်၍ ကျွန်ုပ်ယောက္ခမကြီး ဦးမျှော်ထံ သွားရောက် မေးမြန်းရာ ဝက်ခြံလုပ်လိုက်ပြီဖြစ်ကြောင်း။ သို့သော် ဝါးကိုးလုံးကျန်သေးကြောင်း၊ အဘဦးသီလက ပိုနေတဲ့ ဝါးလုံးကိုးလုံးကို သူ့အား ပြန်ရောင်းပါလားဟု ပြောရာ ကျွန်ုပ်ယောက္ခမဦးမျှော်က နင်ဘာလုပ်မလို့လဲမေးမြန်း၏။

အဘဦးသီလက သူ့ခြံနှင့်ဦးမျှော်၏ခြံကြားမှာ ရဟန်းတစ်ပါးတရားအားထုတ်နေကြောင်းပြော၍ ထိုရဟန်းတရားအားထုတ်ရန် ဝါးကျောင်းငယ်တစ်ကျောင်း ဆောက်လုပ်လို၍ ရောင်းပါရန်ပြောရာ ယောက္ခမကြီးဦးမျှော်က-

"ဟ-နင်ကိုးကွယ်တဲ့ဘုန်းကြီးဆိုရင် ဒီဝါးလုံးတွေအားလုံး ငါလှူမှာပေါ့"

ဟူ၍ ကျွန်ုပ်ယောက္ခမဦးမျှော်က လွန်စွာမှရှည်လည်းရှည်၊ လွန်စွာမှလည်းတုတ်သော ဝါးလုံးကြီးကိုးလုံးကို အဘဦးသီလနှင့်အတူ ထမ်းပိုး၍ ဆောက်လုပ်မည့်နေရာသို့ နှစ်ယောက်အတူ သယ်ယူပို့ဆောင်ပေးလိုက်ပါ၏။

ရဟန်းတော်မှာ နေကထိုင်ငယ်လေးတစ်ချပ်ခင်း၍ တရားအားထုတ်နေ၏။ ဦးမျှော်မှာ တရားအားထုတ်နေသည့် ရဟန်းတော်အား ကြည့်ကာ မတ်တတ်ရပ်လျက်ကပင် လက်အုပ်ကလေးချီမိုး၍ ကန်တော့လိုက်သည်ကို တွေ့မြင်လိုက်သူ အဘဦးသီလမှာ ဦးမျှော်ကို ကြည့်၍ ပီတိပြုံးကလေးတစ်ပွင့်ပွင့်၍ သွားပါတော့သည်။

ဝါးကျောင်းငယ်လေးဆောက်လုပ်ရာတွင်လည်း ကျွန်ုပ်ယောက္ခမဦးမျှော်မှာ အဘဦးသီလနှင့်အတူ ဓားဖြင့်ဝါးကိုကူ၍ ဖြတ်ပေး၏။ နှီးမရှိ၍ သူ့အိမ်တွင်ရှိသော နှီးကို ပြေး၍ယူ၏။

ဤသို့ဖြင့် နေလုံးကြီးအနောက်ဂေါ်ရာကျွန်းသို့ယွန်းခဲ့ပြီဖြစ်၏။

အမှောင်ရိပ်တို့ပင် ဖျိုးဖျိုးဖျောက်ဖျောက်ဝင်ရောက်စပြုလာချိန်တွင် အဘဦးသီလနှင့် ဦးမျှော်တို့ ဆောက်သော ဝါးကျောင်းလေးမှာ ပြီးစီးခဲ့၏။ အလုံး

www.burmeseclassic.com

တစ်ခုသာကျန်၏။ အမိုးကိုလည်း ငှက်ပျောဖက်များခုတ်ကာ နှင်းဒဏ်မှ ကာကွယ်စေရန် အခြင်ဝါးပေါ် တင်ပေးခဲ့ကာ ရဟန်းတော်အား ကျောင်းကိုလှူဒါန်းလိုက်တော့၏။

ဦးမျှော် ပြန်သွားခဲ့ပြီ။

နံနက်မိုးသောက်သော် ဦးမျှော် တစ်ယောက် ပိုးထိ၍ ဆုံးပါးသွားပြီဟူသောသတင်း အလယ်ရွာကြီးနှင့် အလယ်ရွာလေး နှစ်ရွာလုံး၌ပြန့်၏။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ် ဒေသသည် မြွေဆိုး၊ မြွေပွေးများ ပေါ၏။ ယခုတော့ ကျွန်ုပ်ယောက္ခမ ဦးမျှော်တစ်ယောက် အသေဆိုးဖြင့် သေခဲ့ရပြီ ဖြစ်၏။ သို့သော် တိုင်းရင်းဆေးဆရာတစ်ယောက်မှ ကျွန်ုပ်ယောက္ခမ ဦးမျှော်အား မြွေဆိုး၏အဆိပ်ကိုထုတ်ပါသေး၏။ သို့သော် ကျွန်ုပ်ယောက္ခမဦးမျှော်မှာ ညဏ်မဦးမီအသေဦးခဲ့ပြီ ဖြစ်၏။

ယောက္ခမကြီး ဦးမျှော်၏ဆွေမျိုးတို့မှာ အုတ်အုတ်သဲသဲငိုကြ

ကျွန်ုပ်၏ဇနီး မိချိုမှ မြင်းမိုရ်တောင်ကြီးကွယ်ပျောက်ခဲ့၍ ငိုကြွေး၍မဆုံးတော့။

ဦးမျှော်၏အသုဘ သုံးရက်ပြည့်သည့်နေ့ နေ့တစ်နာရီခန့်တွင် အလယ်ရွာကြီး၏ သုသာန်သချိုင်းတွင်ချ၏။ ဦးမျှော်ကို မြေမြှုပ်ရန် မြေတွင်းတူးသူလူငယ်တို့မှာ အရက်များသောက်စားထားကြ၏။

မူးသူမူး၊ ရူးသူရူး၊ ငိုသူငိုဖြင့် အလယ်ရွာကြီးသုသာန်မှာ စည်ကားလှ၏။

ယောက္ခမကြီး ဦးမျှော်အား ကန်တော့ရန် အခေါင်းအဖုံးကိုဖွင့်၍ နောက်ဆုံးအနေဖြင့် ဆွေမျိုးတို့မှာ ကြည့်ရှုကြ၏။ မိချိုမှာ ဖခင်ကြီး၏ အခေါင်းအဖုံးကို ဆွဲ၍ဖွင့်လိုက်သည်။ ဖခင်ကြီးဦးမျှော်အလောင်းအား ပွေ့ဖက်ကာ -

"အမယ်လေး အဖေရဲ့၊ သမီးတစ်ယောက်တည်းထားခဲ့ပြီလား"

ဟု ပြောငိုငို၏။ဦးမျှော်အလောင်းအား ဆွဲလှုပ်သလိုငို၏။

ယောက္ခမကြီး ဦးမျှော်၏ ရုပ်အလောင်းကြီးမှာ မျက်စိနှစ်လုံးပွင့်လာ၏။ လက်များလှုပ်လာသည်ကို ကျွန်ုပ်စာရေးသူ တွေ့လိုက်ရပါတော့၏။

မတ်တတ်ရပ်၍ကြည့်နေသူအားလုံးတို့လည်း တွေ့မြင်သွားကာ နောက်သို့ပြိုင်တူပင်ဆုတ်သွားကြပါတော့သည်။

ကျွန်ုပ်စာရေးသူ၏ဇနီး မိချိုမှာမူ သူ့ဖခင်ကြီးအခြေအနေကို မတွေ့၊ မမြင်သေးပါချေ။ ထိုအချိန်မှာပင် ကျွန်ုပ်ယောက္ခမကြီး ဦးမျှော်ထံမှ အသံထွက်လာ၏။

"သ. . . သမီး မိချို"

ကျွန်ုပ်မှာလည်း ကျွန်ုပ်၏ဇနီးမိချိုကို ဆွဲယူထူမ,လိုက်သလို အလောင်းကောင်ကြီးကို လှုပ်ကိုင်၍ ငိုကြွေးနေသော မိချိုမှာလည်း ဖခင်အလောင်းကောင်ကြီးမှ မျက်လုံးကြီးနှစ်လုံးဖွင့်၍ စိုက်ကြည့်နေသည်ကိုတွေ့မြင်ကာ ကျွန်ုပ်ဆွဲယူရာသို့ ဆိုးဆိုးဆက်ဆက်ပါလာပါတော့သည်။

အသုဘပို့လာကြသူအားလုံးတို့မှာလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတော့၏။

အသုဘချရန် မြေတွင်းတူးသူ အရက်သမားများ၊

အသုဘကိုထမ်းပိုးသယ်ဆောင်လာကြသူ အမူးသမားများမှာလည်း အမူးများပြေကုန်ကြတော့သည်။

ဦးမျှော်၏ဆွေတော်မျိုးတော်တို့မှာလည်း ငိုကြွေးနေကြရာမှ ထွက်ပြေးကုန်ကြတော့၏။

"သမီးမိချို"

ဒုတိယအကြိမ် ထပ်မံ၍ ခေါ်လိုက်သံကို ကျွန်ုပ်စာရေးသူ၏ဇနီး မိချိုမှာ ကြားလိုက်ပြီး ကျွန်ုပ်ကိုကြည့်၏။ ပြီးသော် ဖခင်ကြီးဦးမျှော်၏ရုပ်အလောင်းကြီးအနီး ဖြည်းညင်းစွာထိုင်လိုက်၏။

အလောင်းကောင်ကြီး၏ ခြေမကြီး၊ လက်မကြီးများ ပူးတွဲချည်နှောင်ထား၍ ကျွန်ုပ် ယောက္ခမကြီး ဦးမျှော်မှာ ခြေ၊ လက်များ မလှုပ်ရှားနိုင်သဖြင့် အခက်အခဲလည်း တွေ့နေပုံရ၏။ ကျဉ်းကြပ်သောအခေါင်းအတွင်း ပိတ်လှောင်ထားခြင်းခံနေရ၍ လှုပ်ရှား၍လည်းမရနိုင်ဖြစ်နေပုံပေါ်၏။

ကျွန်ုပ်၏ဇနီးမိချိုမှာ တောသူကရင်မပီပီ အကြောက်အလန့်လည်းကင်း၏။ ကျွန်ုပ်၏ ယောက္ခမကြီးဦးမျှော်မှာ ပိုးထိ၍အသက်သေဆုံးခဲ့ရသည်ကို မသိရှိဘဲ ဘေးပတ်ဝန်းကျင်ကို တွေ့မြင်လိုက်ကာ သချိုင်းကုန်းမြေပြင်တစ်ဝိုက်ရှိ မြေပုံမို့မို့များ၊ အုတ်ဂူများကို မြင်တွေ့သွားကာ အံ့သြနေပုံလည်းရ၏။

အသုဘလိုက်ပို့သူ ရွာသူရွာသားများနှင့် ဦးမျှော်၏ဆွေမျိုးတို့မှာလည်း တဖြည်းဖြည်းချင်း ဦးမျှော်၏အနားသို့ ရောက်ရှိဝိုင်းအုံလာကြတော့၏။

ကျွန်ုပ်နှင့် မိချိုတို့နှစ်ယောက်မှာလည်း ယောက္ခမကြီးဦးမျှော်ကို အခေါင်းအတွင်းမှ အပြင်သို့တွဲ၍ထုတ်လိုက်၏။

ကျွန်ုပ်၏ယောက္ခမကြီး ဦးမျှော်မှာ လူ့ပြည့်လူ့လောကသို့ ဒုတိယအကြိမ် ထပ်မံ ရောက်ရှိလာပါတော့၏။

❑

အောက်ဖော်ပြပါ အဖြစ်အပျက်တို့သည် ကျွန်ုပ် ယောက္ခမကြီး ဦးမျှော်၏အလယ်ရွာအိမ်သို့ ပြန်လည်ရောက်ရှိလာပြီး သူကိုယ်တိုင် အဘဦးသီလနှင့် အတူ ဝါးကိုးလုံးလှူဒါန်း၍ ဝါးကျောင်ငယ်ဆောက်လုပ်လှူဒါန်းခဲ့သည်။

မှတ်ချက် - နောင်အခါ ဝါးကိုးလုံးဆရာတော်ဟုတွင်၏။

ဆရာတော်၏ဘွဲ့မည်မှာ အရှင်ဝါယမသိဒ္ဓိ ဖြစ်ပါသည်။

ဆရာတော်အား အဘဦးသီလ ပင့်ဖိတ်၍ ကြွရောက်လာပြီးဆရာတော်ရှေ့၊ ဦးမျှော်၏ဆွေမျိုးများရှေ့၊ ရွာသူရွာသားများရှေ့၊ ကျွန်ုပ်စာရေးသူနှင့် ဦးမျှော်၏သမီးတော်သူမလေး မိချို၏ရှေ့တွင် ပြန်ပြောင်းပြောပြသည့်အဖြစ်အပျက်များသာ ဖြစ်ပါကြောင်း။

ကျွန်ုပ်စာရေးသူ၏ ယောက္ခမကြီးဦးမျှော်ပြောပြသည့် အဖြစ်အပျက်တို့သည်ပင် 'ယမမင်းစစ်တမ်း'ဟူသော ဝတ္ထုတိုကြီးဖြစ်ပေတော့၏။

❑

လူတွေအားလုံးမှ သေပြီဟုထင်ကြသောဦးမျှော်၏အလောင်းကို ခေါင်းမသွင်းမီ ဦးမျှော်၏ ရုပ်အလောင်းခန္ဓာကိုယ်ကြီးကို အိမ်၏ ဘုရားကျောင်းဆောင်ရှေ့တွင် ပြင်ဆင်ထားကြ၏။ ဦးမျှော်၏ဆွေမျိုးများထဲမှ ဦးမျှော်၏ အငယ်ဆုံးနှမလေး ဒေါ်ပိုးလိုမှာ ဦးမျှော်၏ရုပ်အလောင်းကြီးကိုကြည့်၍ တရှုတ်ရှုတ်ငိုနေ၏။

ရွာသားလူငယ်တချို့မှာ ဦးမျှော်၏ အသုဘခန္ဓာကိုယ်ကြီးကိုထည့်မည့် သရက်သားဖြင့် အခေါင်းစပ်နေ၏။

အိမ်တွင်းတွင် ကာရံထားသော ဝါးထရံကိုဖြုတ်သူဖြုတ်၊ အိမ်၏အတက် အဆင်းလှေကားထစ်ကို ခိုင်ခံ့အောင် သရက်ကိုင်းတို့ဖြင့် ဒေါက်ထောက်ပေး နေကြ၏။

ထိုအချိန်မှာပင် မြေကြီးထဲ မည်းမည်းကြီးနှစ်ယောက်မှာ ဦးမျှော်



www.burmeseclassic.com

www.burmeseclassic.com

အသုဘအိမ်ရှေ့ လမ်းမပေါ်တွင်ထွက်ပေါ်လာပါတော့သည်။

သို့သော် ဦးမျှော်၏အသုဘအိမ်တွင် လူတွေအများကြီးရှိနေပါသော်လည်း မည်သူမျှ မတွေ့မြင်ကြပါချေ။

ဦးမျှော်၏အိမ်တွင်မွေးထားသော ခွေးကြီးငနက်မှာ လူမည်းကြီးနှစ်ယောက်ကို တွေ့မြင်သွားပြီး အသည်းအသန်ထိုး၍ဟောင်ပါတော့သည်။

လူမည်းမည်းကြီးနှစ်ယောက်မှာ သူတို့နှစ်ယောက်ကိုကြည့်၍ ဟောင်နေသော ခွေးကြီးငနက်ကို တွေ့မြင်သော်လည်း အလျှဉ်းဂရုစိုက်ခြင်းမရှိဘဲ ဦးမျှော်၏ အလောင်းပြင်ထားရာသို့ တက်ရောက်လာပြီး ဦးမျှော်၏ ရုပ်အလောင်းကြီးအား လက်ဖြင့်ပုတ်လိုက်ရာ ရုပ်အလောင်းကောင်ကြီးမှ ဦးမျှော်တစ်ယောက် အိပ်ရာမှနိုးထလာသော ပုံသဏ္ဍာန်ဖြင့်ထ၍ထွက်လာပြီး လူမည်းမည်းကြီးနှစ်ယောက်ကို တွေ့မြင်သွားပါတော့သည်။ ဦးမျှော်၏အနားတွင် ရှိနေကြသော နှမ ပိုးလိုကိုလည်း တွေ့၏။

သို့သော် နှမငယ် ပိုးလိုမှာမူ ဦးမျှော်ကို တွေ့မြင်ခြင်းအလျှင်းရှိပုံမရ။ ထို့အတူ အလယ်ရွာမှ လူငယ်များမှာလည်း ဦးမျှော်ကို တွေ့ခြင်းမရှိသလို လူမည်းမည်းကြီးနှစ်ယောက် အိမ်ထဲဝင်လာသည်ကိုလည်း တွေ့မြင်ပုံမရချေ။

ခွေးကြီးငနက်ဟောင်၍ နောက်ဆုတ်နောက်ဆုတ်သွားနေသည်ကိုသာ တွေ့ကြလေသည်။ လူမည်းမည်းကြီးနှစ်ယောက်မှာ မည်သည့်လူ၊ မည်သည့်တိရစ္ဆာန်ကိုမှ ဂရုစိုက်ခြင်းမရှိဘဲ သူတို့အနားသို့ ရောက်လာသော ဦးမျှော်၏ လက်ကိုသာ ဖမ်းဆွဲဆုပ်ကိုင်ခေါ်ဆောင်သွားပါတော့သည်။

ခွေးကြီးငနက်မှာ လူမည်းမည်းကြီးနှစ်ယောက်နှင့် ဦးမျှော်တို့ထွက်သွားရာဘက်သို့သာ ထိုး၍ထိုး၍ဟောင်ရင်းကျန်ရစ်ခဲ့လေတော့၏။

ဦးမျှော်ရောက်ရှိသွားသည့်နေရာအား ယမမင်းကြီးရှေ့ပင် ဖြစ်၏။

အငွေ့တထောင်းထောင်းထွက်နေသောကန်ကြီးများအတွင်းတွင် လူအများ၏ ကယ်ပါယူပါတစာစာ အော်ဟစ်သံကြီးများကို ကြားမြင်ပြီး ဦးမျှော်မှာ လွန်မင်းစွာ ထိတ်လန့်ကြောက်ရွံ့နေတော့၏။

ထိုအချိန်မှာပင် ယမမင်းကြီးထံမှ အားသံထွက်လာ၏။

"လူ့ပြည်မှာတုန်းက ကြက်ကလေး၊ ငါးကလေးတိရစ္ဆာန်တွေကို မညှာမတာ သတ်ဖြတ်ခဲ့တာ သူမဟုတ်လားကွယ့်"

"ဟုတ်ပါတယ်အရှင်"

လူမည်းမည်းကြီး နှစ်ယောက်၏ ပြန်ဖြေကြားသံကို ဦးမျှော်ကြားလိုက်မိ၏။

"ကောင်းပြီလေ၊ သူ့ကိုလည်း တူသောအကျိုးပြန်ခံစားစေဗျား"

လူမည်းမည်းကြီးနှစ်ယောက်မှာ သူ့ကိုလည်း ကြက်ကလေး၊ ငှက်ကလေး တစ်ကောင်အား ဆွဲခေါ်သလိုခေါ်ဆောင်သွား၏။ ဂွမ်းစလေးတစ်စ လေထဲလွင့်သလို လူမည်းမည်းကြီးနှစ်ယောက်ခေါ်ဆောင်သွားရာသို့ ဦးမျှော်ပါသွား၏။

အငွေ့တထောင်းထွက်နေသော ရေပူကန်ကြီးအတွင်း၌ လူအများမှာ မခိုမဆံ့ခံစားနေသည်ကို တွေ့မြင်သွားသူ ဦးမျှော်မှာ အားကုန်ရုန်းကန်တော့သည်။ သို့သော် လူကြီးတစ်ယောက်အားနှင့် ကလေးတစ်ယောက်အလားအားချင်းကွာခြားနေ၍ ဦးမျှော် ရုန်းလေသော်လည်း အရာမထင်ဘဲ လူမည်းမည်းကြီးနှစ်ယောက်မှာ ဦးမျှော်အားဆွဲကိုင်မ,ယူလိုက်တော့ အပူငွေ့များတထောင်းထောင်းထိုးထွက်နေသည့် ရေပူကန်ကြီးအတွင်းသို့ ဦးမျှော်အားပစ်၍ချလိုက်ပါတော့၏။

"အား"

ဦးမျှော်၏ ကြောက်ခမန်းလိလိအော်သံကြီးနှင့်အတူ ဗိုး. . . ဗိုးဟူသောမြည်သံကြီးများ ထွက်ပေါ်လာကာ ရေပူကန်ကြီးအတွင်း ပစ်ကျခါနီးမှာပင် ဝါးလုံးကိုးလုံးတို့မှာ ဦးမျှော်၏ခန္ဓာကိုယ်အောက်တည့်တည့်မှာထိုး၍ ထိုး၍ ဝင်ရောက်ခံလိုက်ကြပါတော့၏။

ဦးမျှော်အား ကြည့်ကာ လူမည်းမည်းကြီးနှစ်ယောက်တို့မှာလည်း ထိတ်လန့်တကြီး အံ့သြကုန်ကြတော့၏။ ငရဲသား လူမည်းမည်းကြီးနှစ်ယောက်မှာ ဦးမျှော်အား ထပ်မံဖမ်းဆီးကာ တဗွမ်းဗွမ်း တဗွက်ဗွက်ဆူညံပွက်နေသော ရေပူရေဆူကန်ကြီးအတွင်း ပစ်၍ချလိုက်ပြန်ပါတော့သည်။ သို့သော် ဦးမျှော်အား ရေပူကန်ကြီးအတွင်းပစ်၍ချတိုင်း၊ ရေပူကန်ကြီးအတွင်း ကျရောက်လုနီးတိုင်း ဝါးကိုးလုံးမှာထိုး၍ထိုး၍ခံနေလေသည့်အတွက် လူမည်းမည်းကြီးနှစ်ယောက်တို့မှာ ယမမင်းကြီးထံ ဦးမျှော်အား ထပ်မံခေါ်ဆောင်သွားကြပါတော့သည်။ လူမည်းမည်းကြီးနှစ်ယောက်မှာ ဦးမျှော်အား ရေပူကန်အတွင်းပစ်ချရာ၌ ဝါးလုံးကိုးလုံးမှာ ရေပူကန်ကြီးအတွင်း ပစ်ချလိုက်တိုင်း ဝင်ရောက်ထိုးခံကယ်တင်နေ၍ပစ်ချ၍မရကြောင်းပြောဆိုရာ ယမမင်းကြီးမှာ ဦးမျှော်အား စစ်မေးလေ၏။

"ဟဲ့-လူသား၊ သင်လူ့ပြည်မှာဘာကောင်းမှုတွေပြုခဲ့သလဲ"

ဦးမျှော်မှာ ရဟန်းတရားပွားများအားထုတ်နေသော ရဟန်းတော်မြတ်ကို ဝါးကိုးလုံး လှူဒါန်းခဲ့ကြောင်း တွေးမိကာ ယမမင်းကြီးအား မှန်သည့်အတိုင်း ပြောဆိုမိလေသည်။

"သြော် - ဒီလူသားက ဝိပဿနာတရားအားထုတ်နေတဲ့ ရဟန်းမြတ်ကို ဝါးနဲ့ နီး လှူဒါန်းခဲ့တဲ့ကုသိုလ်က ကယ်တင်နေတာကိုး။ လူသား၊ သင်လူ့ပြည်ပြန်ဦး၊ ကောင်းမှုကုသိုလ်ဆက်ပြုဦးဟဲ့"

❑

ကျွန်ုပ်စာရေးသူ၏ ယောကမကြီး ဦးမျှော် ပြန်လည်ပြောဆိုသော စကားများကိုကြားပြီး ဝိပဿနာတရားအားထုတ်နေသည့် ရဟန်းတော်မြတ်မှာ ဦးခေါင်းကိုညိတ်၏။ တရားပြဆရာကြီးအဘဦးသီလမှာ ဦးမျှော်အား ကြည့်ကာနှစ်သိမ့်ပြုံးလေးပြုံးပြ၏။

အလယ်ရွာကြီးတွင် မှီတင်းနေထိုင်ကြကုန်သောရွာသူရွာသားအပေါင်းနှင့် ဦးမျှော်၏ ဆွေမျိုးအပေါင်းတို့မှာ ဝါးကိုးလုံးဆရာတော်အား ဝတ်ဖြည့်လိုက်ကြပါတော့၏။

သို့သော် တချို့သော အရက်သမားလူရမ်းကားတို့မှာ ဦးမျှော်၏အဖြစ်စုံကိုကြားပြီး -

"အလကားကွာ၊ ဒီအဘိုးကြီး ရူးကြောင်မူးကြောင်နဲ့ ဘာတွေလျှောက်ပြောနေမှန်းမသိပါဘူး"

ဟု ပြောကြ၏။

သို့သော် ကျွန်ုပ်ယောက္ခမ ဦးမျှော်မှာမူ ဝါးကိုးလုံးဆရာတော်ထံတွင် ဦးပရမသိဒ္ဓိ ဟူသောဘွဲ့ဖြင့် တောထွက်ရဟန်းကြီးအဖြစ် ပျံလွန်သည့်တိုင် ဝိပဿနာတရားပွားများအားထုတ်သွားခဲ့ပါတော့သတည်း။

နန္ဒဝင်းကျော်ခေါင်

(ခတ္တာ-လူ့ပြည်)

www.burmeseclassic.com



(ဥပဒေ) စိုးထွန်း

# ဧည့်သည်တရားခံ

ရွှေညောင်ပင်ဆရာတော်ကြီးအား ဒကာ၊ဒကာမများမှ ဖူးတွေ့ရန်ကိစ္စသည် တော်တော်လေး မလွယ်ကူ။ အရညဝါသီ တောရပ်မှီကိုယ်တော်ဖြစ်၍ ဆွမ်းအတွက် လိုအပ်မှသာ ဇနပုဒ်ရွာထဲသို့ ကြွလေ့ရှိတတ်သည်။ တစ်ရွာထဲကိုလည်း နိစ္စဓူဝဆွမ်းခံလေ့မရှိ။ ထို့ကြောင့် တစ်ကြိမ်ဖူးတွေ့ရန်ပင် အလွန်ခဲယဉ်းလှသည့် ဘုန်းတော်ကြီးတစ်ပါးပင်ဖြစ်ပေသည်။ ထိုသို့ တွေ့ဆုံရန် ခက်ခဲလှသော ဆရာတော်ကြီးအား ကိုကျော်ထွေးတို့ သူငယ်ချင်းသုံးယောက်က အမှတ်မထင် တွေ့မြင်လိုက်ခြင်း ဖြစ်ပါသည်။

ဆိုင်ကယ်တစ်စီးကို သုံးယောက်စီး၍ ရိုးမတောလမ်းအားဖြတ်၍မောင်းလာသည်။ တောင်ကုန်းတွေတက်စဉ်က ဆိုင်ကယ်က သဘောအကောင်းသား။ ဖြစ်ချင်တော့ မြေပြန့်လမ်းတွင် စက်က ပျက်သွားသည်။ လမ်းဘေး သစ်ညိုပင်အောက်ရောက်မှပျက်၍ တော်သေး၏။ ဆိုင်ကယ်အား တတ်သမျှပညာနှင့်ပြင်နေစဉ် တွေ့ရခဲလှသော ရွှေညောင်ပင်ဆရာတော်ကို တွေ့လိုက်သည်။ လှမ်း၍ကြည့်လိုက်ရာ သပိတ်အား ဆေးကြောနေ၍ ဆွမ်းကိစ္စပြီးဟန်တူကြောင်း သိလိုက်၏။

"ဟော့ - ဒီဆရာတော်ဟာ ရွှေညောင်ပင်ဆရာတော်ဟုတ်တယ်နော်"

"ဟုတ်တယ်ကွ၊ မမှားနိုင်ဘူး"

"တို့တစ်တွေ ကြုံတုန်း ပါလာတဲ့ မုန့်တွေကို မုန့်ဆွမ်းအဖြစ်ကပ်ရအောင်"

"အေး - ကောင်းတယ်၊ ကပ်ကြမယ်"

ဆရာတော်သည် လူငယ်များကပ်သည့်မုန့်ဆွမ်းကို ဘုဉ်းပေးပြီး ကျန်းမာစေကြောင်း၊ချမ်းသာစေကြောင်းဆုတွေပေး၍ တောထဲပြန်ကြွရန် မတ်တတ်ရပ်လိုက်၏။ သက်ပြင်းရှုံ့အပြီး ကိုကျော်ထွေးကိုကြည့်လျက် -

"ဒကာလေးတရားခံမဖြစ်အောင် ငါးပါးသီလစောင့်ထိန်းကွယ့်"

ဟု အမှာစကားပြောပြီး မြိုင်ရပ်သို့ကြွသွားသည်။

ကိုကျော်ထွေး၏ သူငယ်ချင်းတစ်ယောက်က -

"အင်း - ဒီဆရာတော်က စကားပြောခဲသား။ အထူးသဖြင့် အဟောအပြောလုံးဝမလုပ်ဘူး။ မေးတောင်ဖြေချင်မှဖြေတာ။ အခုလို တစ်ခွန်းစနှစ်ခွန်းပြောတာလေးကြားချင်လို့ လိုက်ရှာတဲ့ လူတွေက အများကြီးပဲ။ အခုလို ပြောပြီဆိုရင် မောင်ရင်ရေ မပေါ့နဲ့၊ သတိထားပေတော့။ ဆရာတော်ကြီး လိုအပ်လို့ပြောတာဖြစ်မယ်"

"အိုကွာ၊ လူများပြောတာဖြစ်မယ်။ ငါက ရဲနဲ့ပတ်သက်တဲ့ကိစ္စတွေ တယ်လေ။ တစ်လုံး နှစ်လုံး သုံးလုံး

www.burmeseclassic.com

www.burmeseclassic.com



သည်းမလုပ်ဘူး။ ဒါကြောင့် တရားခံဖြစ်ရောဘာအကြောင်းမှမရှိနိုင်ပါဘူး။ ဒီတစ်ကြိမ်တော့ မင်းဆရာတော်ကြီးလွဲပြီဆင်တယ်”

ထိုသို့ စကားအခြေအတင်ပြောအပြီး သူငယ်ချင်းသုံးယောက်ခရီးဆက်ကြသည်။ ဆိုင်ကယ်ပြင်ထားသည့်ဆိုင်ရောက်ရော ကိုကျော်ထွေးက ဆင်း၍ကျန်ခဲ့သည်။ အချိန်က ညနေပိုင်း။ ကိုကျော်ထွေးက ဆိုင်ကယ်စက်ကိုစမ်း၍နှိုးကြည့်သည်။ စိတ်ကြိုက်မစမ်းလို့သည်း မဖြစ်။ ကိုကျော်ထွေးက တစ္ဆေချောင်းအထိ ခရီးဆက်ရဦးမှာကိုး။

တစ္ဆေချောင်းသို့သွားလမ်းသည် မြေပြန့်လမ်းတော့ မဟုတ်။ ပုသိမ်-မော်တင် ရိုးမကားလမ်းသည် တက်တစ်ခါဆင်းတစ်လှည့်သွားရသည့်ခရီး။ သုံးထပ်ကွေ့တစ်ခုအား သတိနှင့်ဆင်းလာစဉ်ကားလမ်းဘေးတွင် မှောက်လဲနေသည့်ဆိုင်ကယ်တစ်စီး။ ဆိုင်ကယ်နှင့် (၁၅)ပေအကွာလောက်တွင် လှုပ်ရှားမှုမရှိသည့်လူတစ်ယောက်။ ထိုလူကိုကြည့်ရှုရာ ငုင်းဆောင်းထားသည့်ဦးထုပ်ထိပ်တည့်တည့်တွင် အပေါက်ကြီးကတစ်ပေါက်။

ကိုကျော်ထွေးရပ်၍စဉ်းစားကြည့်ရာ ဆိုင်ကယ်စီးသူသည် သုံးထပ်ကွေ့ကုန်းဆင်းအား အရှိန်မထိန်းနိုင်ဘဲ မှောက်လဲကြောင်း၊ ငုင်းဆောင်းသည့်ဦးထုပ်မှာ မာကျောသည့်အရာဝတ္ထုနှင့် ပြင်းပြင်းထန်ထန်ဆောင့်မိ၍ ထိပ်တွင်ပေါက်ပြီး ခေါင်းအား ထိခိုက်ကြောင်း၊ ဦးထုပ်အတွင်းမှသွေးတို့သည် အတွင်းမှအပြင်သို့ထွက်နေ၍ အသက်မရှင်နိုင်တော့ဟု ကိုကျော်ထွေးက သုံးသပ်ကြည့်လိုက်သည်။

ထိုသူကိုတော့ မကိုင်ရဲ။ စေတနာနှင့် လှမ်းလှောကြည့်မိလျှင် ရဲတွေက အထိုင်ပျက်သည်ဟု ပြော၍ပြဿနာရှာနိုင်သည်။ ထိုလူနှင့်လက်လံနှစ်လံကျော်တွင် လက်ကိုင်ဖုန်းတစ်လုံး။ မြင်လိုက်သည်နှင့် တန်ဖိုးကြီးပစ္စည်းဖြစ်ကြောင်းသိနေသည်။ သားရေဖုံးအကောင်းစားဖြစ်၍ အတွင်းကပစ္စည်းကို ထိခိုက်ပုံမပေါ်။ ကိုကျော်ထွေးက ဖုန်းကိုင်တွယ်ရာတွင် ပြင်ဆရာနီးပါးကျွမ်းကျင်သည့်ပုဂ္ဂိုလ်။

ကောက်ကိုင်၍ ဖွင့်ကြည့်လိုက်သည်နှင့် NOKIA စာလုံးလေးပေါ်လာသည်။ NOKIA ထဲတွင် ပထမတန်းစားအဆင့်ဝင်ဖုန်းဖြစ်ကြောင်း သူကသိနေသည်။ ငွေသားလက်ကျန်လည်း(၇၀၀၀)ကျော်ရှိသေး၏။ ဤသူသည် (၁၀၀၀၀)ကတ်ထည့်ထားပြီး (၃၀၀၀) ကျပ်သာသုံးခဲ့ကြောင်း ဖုန်းဘေလ်က ပြနေ၏။ ဓာတ်ပုံတွေလည်း အများကြီး။ သီချင်းတွေလည်း အပုဒ်ပေါင်းမနည်းလှ။ ဂိမ်းတွေကလည်း မျိုးပေါင်း (၂၀) ကျော်၊ ဓာတ်ပုံရိုက်ချက်နှင့်အသံဖမ်းလိုင်းတွေကလည်း ကောင်းမှကောင်း။

အနည်းဆုံး သုံးသိန်းကျော်တန်သည့်ပစ္စည်းဖြစ်၍ ဒီအတိုင်းတော့ မထားခဲ့ချင်။ ခိုးယူတာမှမဟုတ်ဘဲ။ သူနှင့်လည်း ဘာမှအသုံးမတည့်မယ့်အတူတူ ငါယူလိုက်တာကောင်းတယ်ဟု စဉ်းစားဆုံးဖြတ်ပြီး အိတ်ထဲသို့ကောက်၍ထည့်လိုက်သည်။ ဒီလိုနေရာမျိုးမှာ ကြာရှည်မနေသင့်။ တစ္ဆေချောင်းရောက်မှ ရွာလူကြီးကို ဖုန်းနှင့်အကြောင်းကြားတော့မည်ဟုဆုံးဖြတ်၍ ဆိုင်ကယ်ကို

www.burmeseclassic.com

www.burmeseclassic.com

မောင်းပြီးထွက်လိုက်သည်။

ကိုကျော်ထွေးက ဖုန်းနှစ်လုံးကလိလွန်း၍ ပျက်စီးသွားချိန် ဒီဖုန်းကိုမထင်မှတ်ဘဲရလိုက်သောကြောင့် သူတော်တော်ကလေး ပီတိဖြစ်နေသည်။ ကိုကျော်ထွေးသာ ရန်ကုန်မှာနေသူဆိုလျှင် MODELBOY လုပ်စားလို့ရနိုင်သည့် ရုပ်ရည်မျိုး။ ရုပ်ကဖြောင့်ဖြောင့်၊ အသားကဖြူဖြူ လက်ထဲတွင်လည်း ငွေကပြတ်သည်မရှိ။ ဒီတော့လည်း သက်တူရွယ်တူမိန်းကလေးတွေက ဝိုင်းဝိုင်းလည်နေသည်။ တစ်နည်းအားဖြင့် ကိုကျော်ထွေးက သက်စေ့ရည်းစားထားသူကိုး။

အခုလည်း ဖုန်းအသစ်ရလာ၍ ရည်းစားဟောင်းများကို ဖုန်းနံပါတ်အသစ်နှင့်ဆက်သွယ်ရန် မမောနိုင်မပန်းနိုင်အောင်သတင်းပေးလို့ကောင်းနေဆဲ။ တစ်နေ့လုံးဆက်သွယ်မှ သူ့ရည်းစားတွေက နံပါတ်စဉ်ပြည့်သွားတော့သည်။ နောက်ဆုံးတစ်ယောက်နှင့် စကားပြောပြီးချိန်တွင် -

"အစ်ကို၊ မင်္ဂလာပါ"

တစ်ဖက်မှချိုလွင်သောမိန်းကလေး၏အသံ။ ပထမတော့ သူသတင်းပေးထားသည့်ဖုန်းနံပါတ်နှင့် တစ်ယောက်ယောက်က ပြန်ဆက်တာဖြစ်မည်ဟု ရေလိုက်သင့်ငါးလိုက်သင့်နှင့် -

"မင်္ဂလာပါ ညီမ၊ အခုဆက်တာဘယ်သူလဲဟင်"

တကယ်ပင် အသံမမှတ်မိသဖြင့် ကိုကျော်ထွေးက သေချာအောင်သွေးတိုးစမ်းပြီးတော့ မေးလိုက်သည့်သဘော။ တစ်ဖက်ကလည်း အထာပေါက်ပြီးသား။

"ဟင်း - တစ်နေ့လုံး ဘယ်သူတွေနဲ့စကားပြောနေတာလဲ။ တစ်နေ့လုံးခေါ်တာမရဘူး။ ရည်းစားတွေများနေတော့ အသံတောင် မမှတ်မိတော့ဘူးပေါ့။ မော်တင်ဘုရားပွဲမှာဆုံတဲ့ နွယ်လေ။ မှတ်မိသွားပြီလား။ သူများက သူ့ကိုနေ့တိုင်းသတိရနေလိုက်ရတာ။ ဟင်း - မုန်းဖို့ကောင်းလိုက်တာ"

ခုအထိလည်း ခေါင်းထဲတွင်စဉ်းစားလို့မပေါ်သေး။ ချော်လဲတုန်းရောထိုင်လိုက်သလို -

"အို - မဟုတ်ပါဘူး နွယ်ရာ၊ အမှတ်တမဲ့ဖြစ်သွားလို့ပါ။ အခု နွယ်က ဘယ်ကနေဆက်နေတာလဲ"

တစ်ဖက်ဆက်သွယ်သူမှ နေရပ်ကိုပြောလျှင် ဘယ်သူဖြစ်နိုင်သည်ဟု



ခန့်မှန်းနိုင်ရန် ကိုယ့်စိတ်ကူးနှင့်ကိုယ်မသိမသာမေးလိုက်သည့်သဘော။ နွယ်ဆိုသောမိန်းကလေးက သွက်သွက်လက်လက်ဖြင့်-

"အမယ် - အစ်ကိုက မေ့ပြန်ပြီ။ မော်တင်ဘုရားပွဲကမပြန်ခင်မှာ ဟင်္သာတကို ပြန်တော့မယ် အစ်ကိုလို့ နှုတ်ဆက်တယ်လေ။ အစ်ကိုသာ ဘယ်မြို့မှာနေတယ်၊ နာမည်ဘယ်သူလို့ မပြောဘူး။ ဘာလဲ၊ အိမ်ကိုအလည်လာမှာစိုးလို့လား။ အစ်ကိုက နွယ်လိုမပွင့်လင်းဘူး"

"အို - ဒီလိုမဟုတ်ပါဘူး။ အစ်ကို့နာမည်က ကျော်ထွေး၊ ပုသိမ်မှာနေတယ်။ ကဲ - ကျေနပ်ပြီလား"

"အို-အဆင်ပြေလိုက်တာ။ ပုသိမ်မြို့မှာ နွယ့်အသိတစ်ယောက်ကိုရှာဖို့ရှိနေတယ်။ ပုသိမ်သားမိတ်ဆွေရှိတော့ ပိုပြီးအဆင်ပြေတာပေါ့"

"လာခဲ့လေ၊ နွယ်လာမယ်ဆိုရင် နေ့ရက်နဲ့အချိန်ကိုကြိုပြော"

"နေ့ရက်နဲ့အချိန်အပြင် နွယ်ကိုမှတ်မိအောင် အစိမ်းနုရောင်ဝမ်းဆက်ဝတ်လာမယ်။ အစ်ကိုက ပုဆိုးအနက်ဖောက်နဲ့ ရှပ်လက်ရှည်အဖြူဝတ်ထား။ မနက်ဖြန်မနက် (၁၀) နာရီ ဗိုလ်ချုပ်ကျောက်ရုပ်ရှေ့ကို နွယ်လာခဲ့မယ်"

ကိုကျော်ထွေးက သမီးရည်းစားတွေ့တာလည်း ဝတ္ထုဆန်လိုက်တာဟု ပြုံးမိ၏။ မိန်းကလေးများ အဆက်အသွယ်လုပ်ချင်လျှင် ဒီလိုပဲ ဟိုဟာအကြောင်းပြ၊ ဒီဟာအကြောင်းပြနှင့်။ အခုလည်း အသိတစ်ယောက်ကိုရှာဖို့ဟု အကြောင်းလေးတော့ပြထားသည်။ ကိုကျော်ထွေးကိုယ်တိုင် နွယ်ဆိုသောကလေးမကို စဉ်းစားလို့မရသေး။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ရောက်ရင် အရုပ်ဆိုးဆိုးလား၊ ချောချောလေးလားဆိုသည်ကို မြင်ရတော့မည်ဟု စိတ်ကူးတွေယဉ်လို့ကောင်းနေသည်။

ထူးခြားသည့် ဖိတ်ကြားမှုဖြစ်၍ ကိုကျော်ထွေးက ဘယ်သူ့ကိုမှ နွယ့်အကြောင်းကို ဖွင့်မပြောဖြစ်။ ဘာပဲဖြစ်ဖြစ် ရင်ခုန်စရာဇာတ်လမ်းအသစ်ဖြစ်ပေါ်ရန် ထူးထူးဆန်းဆန်းဖိတ်ကြားသည့် နွယ်ဆိုသော မိန်းကလေးကိုတော့ တွေ့ဖြစ်အောင်တွေ့ရမည်ဟု ကိုကျော်ထွေးက စိတ်ကိုတုံးတုံးချထားသည်။ နွယ်နှင့်ဆက်သွယ်ခွင့်ရခဲ့သည်ညက စိတ်ကူးတွေအယဉ်လွန်ပြီး တော်တော်နှင့်အိပ်မပျော်။

နွယ်သတ်မှတ်ထားသလို ဗိုလ်ချုပ်ကျောက်ရုပ်ရှေ့တွင် ကိုကျော်ထွေးက ပုဆိုးအနက်ဖောက်နှင့်ရှပ်လက်ရှည်အဖြူကို သေသေသပ်သပ်ဝတ်ထားသည်။ (၁၀)နာရီတွင် တွေ့ဆုံရန်ချိန်းထားသော်လည်း ကိုကျော်ထွေးက စိတ်တွေစောပြီး (၈) နာရီကတည်းက ရောက်နေ၏။ အဝတ်သစ်အစားသစ်နှင့်သူ့အား ဖြတ်သွားဖြတ်လာများမှ ပြုံးစိပြုံးစိနှင့်ကြည့်၍သွားကြသည်။မနက်စောစော အဖော်မပါဘဲ တစ်ယောက်တည်း ခပ်ကြောင်ကြောင်ရပ်နေရတဲ့အဖြစ်ကိုး။

မျှော်တုန်းမျှော်ဆဲ နွယ်ဆိုသောမိန်းကလေးက ဆိုင်ကယ်တက္ကစီနှင့်ရောက်လာသည်။ ဖုန်းနှင့်ပြောထားသည့်အတိုင်း နွယ်က အစိမ်းနုရောင်ဝမ်းဆက်ဝတ်လာသည်။ အဝေးမှလှမ်းမြင်ရသည့်မြင်ကွင်းအရပင် အလွန်လှသော မိန်းကလေးဖြစ်မှန်း သိသာလှပေ၏။ ရည်းစားတွေအများကြီးထားဖူးသော်လည်း ဒီတစ်ခေါက် ကျော်ထွေးရင်တွေခုန်နေသည်။ တဖြည်းဖြည်းနီးလာလေ သူ့ရင်ထဲမှာ ရထားစက်ခေါင်းကြီးမောင်းနေသလို တဂျုန်းဂျုန်းတဂျက်ဂျက်နှင့် ရှက်ခြည်း ခြေဖျားလက်ဖျားတွေပင် အေး၍လာတော့သည်။

"ကိုကျော်ထွေး ဆိုတာ အစ်ကိုလား"

"ဟုတ်ပါတယ် နွယ်၊ အစ်ကို့နာမည် ကိုကျော်ထွေးပါ"

"ကဲ - သူကိုယ်တိုင်က ကိုကျော်ထွေးပါလို့ ဝန်ခံနေတယ်။ သေချာသွားပြီဖြစ်လို့ ဆရာတို့အရေးယူလို့ရပါပြီ"

ကိုကျော်ထွေးက ဒီစကားကိုလုံးဝနားမရှင်း။ နောက်ကိုလှည့်ကြည့်လိုက်တော့ သူ့နောက်မှာ ရဲသား (၅) ယောက်ရောက်နေသည်။

"ဟာ - ဘယ်လို"

ဟု စကားမဆုံးခင် ရဲသားတစ်ယောက်က လက်ထိတ်ခတ်လိုက်သည်။ သူ့ရှေ့တွင်လာရပ်သော ဒုရဲအုပ်တစ်ယောက်မှ -

"ဟေ့ - သူ့အိတ်ထဲကဖုန်းကိုရှာ



www.burmeseclassic.com

www.burmeseclassic.com

သူလိုက်ဟော့"

ဟု အမိန့်ပေးလိုက်ရာ ရဲသားတစ်ဦးက ဖုန်းကိုနှိုက်ယူပြီး ရဲအုပ်လက်သို့အပ်လိုက်သည်။ ရဲအုပ်မှ ဖုန်းကိုဖွင့်လိုက်ပြီး -

"တွေ့လား၊ မင်းကိုင်တဲ့ဖုန်းနံပါတ်က 09 ×××××ဖြစ်နေတဲ့အတွက် သေသူရဲ့ဖုန်းကို ခင်ဗျားယူထားလို့ ဖမ်းလိုက်တာ။ ဒေါ်ခင်နွယ်နွယ်ကိုယ်တိုင် ဒီဖုန်းဘယ်ရောက်နေလဲလို့ စုံစမ်းနေတာ။ ခင်ဗျားက ပုသိမ်မှာနေတယ်ဆိုလို့ အခုထိ ဗိုလ်ချုပ်ကျောက်ရုပ်ကိုရောက်လာအောင် ခေါ်လိုက်တာပါ။ အခု ခင်ဗျားကို ရဲလင်းကျော်ကို ရိုးမမှာသတ်ပြီး ဖုန်းကိုယူပြေးတဲ့လူသတ်မှုနဲ့ ဖမ်းလိုက်ပြီ။ ဒေါ်ခင်နွယ်နွယ်လည်း စခန်းမှာ အမှုဖွင့်ထားပါတယ်"

ဒီစကားကြားတော့မှ ခေါင်းကိုမီးတွေတောက်သွားသည်။ ကိုကျော်ထွေးက ကတုန်ကယင်အသံနှင့် -

"ကျွန်တော် လူ. . . လူမသတ်ပါဘူး တကယ်ပြောတာပါ။ ဒီဖုန်းက သေသူနဲ့ အဝေးကြီးမှာရောက်နေလို့ ယူထားမိတာပါ"

"ရှင်သာရိုးသားတဲ့စိတ်ရှိတယ်ဆိုရင် ကျွန်မဖုန်းဆက်တုန်းက မိန်းကလေးအမ်းများဆက်နေပြီထင်တယ်။ ဒီဖုန်းပါတ်ကို ဘယ်လိုလုပ်သိတာလဲ၊ ဒီဖုန်း ပတ်သက်နေလို့လား။ ပိုင်ရှင်ဆိုရင် အထောက်အထားပြောပြီး လာယူနိုင်ပါတယ်လို့ ရိုးရိုးသားသားဆက်သွယ်ရင် အခုလို ရှင့်ကိုဖမ်းစရာတောင်မလိုဘူး။ အခုတော့ စခန်းရောက်မှရှင်းပေတော့"

ဟု နာကြည်းခံပြင်းသည့်မျက်နှာနှင့်ပြောနေ၍ ကိုကျော်ထွေးလည်း ဘာဆင်ခြေမှမပေးရဲတော့။ ရဲကားနှင့်အတူစခန်းရောက်ရာ စခန်းမှူးကြီးက -

"ကဲ-ပြောပါဦး၊ လူမသတ်ဘဲ မင်းလက်ထဲဖုန်းရောက်နေတဲ့အကြောင်းကို ယုတ္တိရှိအောင်ပြောပြနော်"

"ကျွန်တော် အမှန်အတိုင်းပြောပါမယ်၊ အဲဒီနေ့က ကျွန်တော် ဆိုင်ကယ်မောက်လို့ (၁၅) မိုင်စခန်းမှာထားခဲ့ပြီး ဆိုင်ကယ်ကြုံနဲ့ ပုသိမ်ပြန်ခဲ့တယ်။ ပုသိမ်ရောက်တော့ တဲကြီးကုန်းဘက်က သူငယ်ချင်းတွေနဲ့တွေ့ပြီးအကူအညီတောင်းလိုက်တော့ သူတို့လည်း တောင်ရိုးထဲသွားဖို့ရှိတယ်။ ဆိုင်ကယ်အတွက်လိုတဲ့ပစ္စည်းဝယ်ထားလို့ ပြောပါတယ်။

ကျွန်တော်ရယ်၊ သိန်းထွန်းရယ်၊ ...ရယ်သုံးယောက် ဆိုင်ကယ်တစ် စီးနဲ့ ရိုးမထဲကိုသွားကြတယ်။ သိန်းထွန်းဆိုင်ကယ်က (125)၊ ယိုးဒယားဘီး (DREAM)ပါ။ ဒါပေမယ့် လမ်းမှာပျက်လို့တစ်ခါပြင်ရသေးတယ်။ (၁၅)မိုင်ရောက်တော့ ဒီကောင်တွေက ရှေ့ကိုခရီးဆက်တယ်။ ကျွန်တော်က ဝယ်လာတဲ့ ဘက်ထရီကို လဲလိုက်တော့ အိုကေပဲ။ ဒါနဲ့ တစ္ဆေချောင်းကို ကျွန်တော်တစ်ယောက်တည်း ခရီးဆက်ပါတယ်။

သုံးထပ်ကွေ့အဆင်းမှာ ဆရာတို့ပြောတဲ့ ရဲလင်းကျော်ကို တွေ့တာပါ။ ကုန်းဆင်းကို အရှိန်မထိန်းနိုင်တာလား၊ ဘရိတ်ချို့ယွင်းသွားတာလားတော့မသိဘူး၊ ဆိုင်ကယ်နဲ့(၁၅)ပေအကွာလောက်လို့ထင်ရတဲ့နေရာမှာ ဒီလူက မှောက်လျက်လဲနေတယ်။ ကျွန်တော်သူ့ရဲ့ဆိုင်ကယ်စီးဦးထုပ်ကိုကြည့်တော့ လိမ္မော်သီးတစ်လုံးစာလောက် ထိပ်မှာပေါက်နေတယ်။အဲဒီအပေါက်ကိုကြည့်လိုက်တော့ ဖြူဖြူရောသွေးရောတွေ့တယ်။ ကျွန်တော်ထင်တာက ဦးခေါင်းပေါက်ပြဲပြီး ဦးနှောက်တွေထွက်နေတယ်လို့ထင်ပါတယ်။

ဒီလူကိုလည်းမကိုင်ရဲဘူး။ မှုလပ်ုံစံမဟုတ်ဘဲ ခြေရာလက်ရာပျက်နေရင် ပြဿနာတက်မှာစိုးလို့ မကိုင်ရဲတာပါ။ သူနဲ့တစ်လံကွာလောက်မှာ အဲဒီဖုန်းကိုတွေ့တာပါ။ ဖုန်းလေးကိုဖွင့်ကြည့်တော့ ဖွင့်လို့ရတယ်။ ဘာမှမပျက်စီးဘူး။ ပြီးတော့ ပစ္စည်းကောင်းလေးဖြစ်တာနဲ့ ထားခဲ့ရင် သူများတွေယူမယ့်အတူတူ ငါနဲ့ထိုက်လို့ ငါရတာဆိုပြီး ယူထားမိပါတယ် ဆရာ။ တစ္ဆေချောင်းရောက်တော့ ရွာလူကြီးကို ဆိုင်ကယ်မှောက်လို့ လူတစ်ယောက်လဲနေကြောင်း ဖုန်းနဲ့ သတင်းပို့လိုက်ပါတယ်"

"အင်း - မင်းပြောတဲ့ဇာတ်လမ်းအရဆိုရင် မဆိုးပါဘူး။ အဲဒီအကြောင်းအရာတွေကို တရားရုံးမှာ တင်ပြပေါ့ ဟုတ်ပြီလား။ အခုတော့ ဖုန်းပိုင်ရှင်ကသေပြီး ဒီဖုန်းက မင်းလက်ထဲရောက်နေတော့ အချုပ်ထဲမှာပဲနေဦးပေါ့ကွာ။ မင်းမိဘတွေဆီ ဆက်သွယ်ချင်ရင် ဖုန်းနံပါတ်ပြော၊ ငါတို့ဆက်သွယ်ပေးပါမယ်"



တရားရုံးတွင် ရဲလင်းကျော်၏ လူသတ်မှုစစ်ဆေးစဉ်က ကွင်းဆင်းစစ်ဆေးသည့် ရဲတပ်သားလေးမှ သေသူသည် ဆိုင်ကယ်မှောက်စဉ် မိုင်တိုင်ကျောက်တိုင်နှင့် ဆိုင်ကယ်စီးဦးထုပ်တို့ ပြင်းထန်စွာထိခဲ့ကြောင်း၊ မိုင်တိုင်ကျောက်တိုင်အောက်၌ ဆိုင်ကယ်စီးဦးထုပ်၏အစအနများကို သိမ်းခဲ့ကြောင်း၊ ထိုဦးထုပ်အပေါက်မှ ဦးခေါင်းခွံကိုထိခိုက်၍ ဦးခေါင်းခွံပေါက်ပြဲနေသည်ကို မျက်မြင်တွေ့ခဲ့ကြောင်း အစစ်ခံသည်။

ဆိုင်ကယ်ပြင်ဆရာမှ ရဲလင်းကျော်ဆိုင်ကယ်အားပြင်ဆင်ရန်စစ်ဆေးရာ ရှေ့ဝင်ရိုးကျိုးသည်ကိုတွေ့ခဲ့ကြောင်း၊ သုံးထပ်ကွေ့တွင် ဝင်ရိုးကျိုးပါက ကျွမ်းပြန်၍မှောက်နိုင်ကြောင်း အစစ်ခံသည်။ ရွာလူကြီးမှ အစစ်ခံရာတွင် ထိုနေ့က မိမိသည် ရဲစခန်းသို့ အခင်းဖြစ်ကိစ္စအား ချက်ချင်းအကြောင်းကြားခဲ့ကြောင်း၊ ဖုန်းနှင့်သတင်းပေးသူမှာ ကိုကျော်ထွေးဖြစ်ကြောင်း ထောက်ခံထွက်ဆိုသည်။

သက်သေများ၏ထွက်ဆိုချက်အရ ကိုကျော်ထွေးတစ်ယောက် လူသတ်မှုနှင့်အပြစ်ပေးခြင်းမခံရတော့ဘဲ လူသေမှုနှင့် ပြောင်းလဲ အမိန့်ချလိုက်သည်။ ယူထားမိသော ဖုန်းကိစ္စမှာ ချုပ်ရက်နှင့်ပြီးသွားသည်။ ဧည့်သည် တရားခံဘဝမှလွတ်သည့်နေ့တွင် ကိုကျော်ထွေး အသည်းတွင်စွဲနေသည့်စကားတစ်ခွန်းကို ပြန်၍ကြားယောင်နေသည်။ ထိုစကားမှာ ရွှေညောင်ပင်ဆရာတော်ကြီး ပြောသောစကားပင်ဖြစ်ပေ၏။

ဆရာတော်ကြီးမှ သူ့အားကြည့်လျက် -

"ဒကာလေးတရားခံမဖြစ်အောင် ငါးပါးသီလစောင့်ထိန်းကွယ့်"

ဆိုတဲ့ စကားဟာ တကယ်ကို တည့်တည့်ကြီး ငါ့ကိုသတိပေးတဲ့စကားပါလား။ သူတော်ကောင်းစကားကို ကြားခဲ့ရပါလျက် ငါက ပြက်ရယ်ပြုပြီး ဒီတစ်ကြိမ်တော့ မင်းဆရာတော်ကြီးလွဲပြီထင်တယ်လို့မလေးမစားပြောခဲ့တယ်။ ဆရာတော်ကြီးစကားကို အလေးသာထားခဲ့ရင် အခုလိုခံရမှာမဟုတ်ဘူးဟု နောင်တရမဆုံးဖြစ်၍နေပါသည်။

စိုးထွန်း (ဥပဒေ)

www.burmeseclassic.com



စကျူးဆူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ (၄)

▫ မြှပ်ဘွာပြည်သုံးအက္ခရာများ

“တို့မြန်မာတွေအသုံးပြုတဲ့ ဗျည်း၊ သရ စတဲ့အက္ခရာတွေကို ပေါ့သေးသေး တော့မထင်နဲ့။ အင်မတန်မှစွမ်းအားကြီး တဲ့အက္ခရာတွေဆိုတာကို တကယ်လက် တွေ့စမ်းသပ်လုပ်ကိုင်ကြည့်ပြီးမှ သိနိုင် တာမျိုးဖြစ်တယ်ကွယ့်”

ဟု ဆရာကြီး ဦးရာမန်းမှ ပြော လိုက်သောအခါ မောင်ထွန်းမြိုင်လည်း ကောင်းစွာ နားမလည်သော မျက်နှာ အမူအရာမျိုးဖြင့် -

“လက်တွေ့စမ်းသပ်လုပ်ကိုင်ကြည့် ပြီးမှသိတယ်ဆိုတာဘယ်လိုမျိုးလဲ ဆရာ ကြီးရဲ့”

“ဒီလိုကွ၊ လက်တွေ့စမ်းသပ် ကြည့်တယ်ဆိုတာ နှိုင်းယှဉ်ပြီးလုပ်ကြည့် တာကိုပြောတာ။ မင်းနားလည်အောင် ဥပမာဆောင်ပြီးပြောရရင်ကွာ။ အင်း တစ်ချပ်ဆိုပါတော့။ အဲဒီအင်းဟာ အင်းဝိဇ္ဇာဓရပညာအရ အသေအချာ စီရင်ထားတဲ့ အင်းတစ်ချပ်ပဲ။ ပညာအရ လည်း မှန်တယ်။ သမားစဉ်အရလည်း မှန်တယ်။ ဖြစ်ပျက်ပြီးသမျှသော သမိုင်း ဆိုင်ရာ အတွေ့အကြုံများအရလည်း မှန်ကန်ထိရောက်တဲ့ အစွမ်းအာနိသင်ရှိ ကြောင်းတွေ့ရတဲ့ အင်းတစ်ချပ်ပဲ။ အဲဒီ အင်းချပ်ထဲမှာ မြန်မာဗျည်း၊ သရအက္ခ ရာတွေပါတယ်ဆိုပါစို့။ အဲဒီမြန်မာအက္ခ ရာတွေနေရာမှာ တရုတ်ဗျည်းသရအက္ခ ရာတွေ၊ ကုလားဗျည်းသရအက္ခရာတွေ အင်္ဂလိပ်ဗျည်းသရအက္ခရာတွေကို မူ မြန်မာအက္ခရာတွေနေရာမှ အစားထိုး ထည့်ပြီးသုံးကြည့်ပါလား။ ကကြီး၊ ခခွေး ဂငယ်စတဲ့ မြန်မာအက္ခရာတွေနေရာမှာ အေ၊ ဘီ၊ စီ စတာတွေ အစားထိုးပြောင်း ထည့်ပြီးသုံးကြည့်ဖို့၊ လက်တွေ့စမ်းသပ် ကြည့်ဖို့ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သောအခါ မောင်ထွန်းမြိုင်ကလည်း စိတ်ဝင်တစားဖြင့်-

"အဲဒီလို တခြားလူမျိုးတွေအသုံးပြုတဲ့အက္ခရာတွေ ပြောင်းထည့်တော့ အင်းချပ်ရဲ့အာနိသင်က ဘယ်လိုဖြစ်သွားလဲ ဆရာကြီး"

"အင်းချပ်ရဲ့ အာနိသင်ကတော့ ပျက်မသွားပါဘူး။ ဒါပေမယ့် ထိရောက်မှုအာနိသင်ကတော့ အများကြီးလျော့နည်းသွားတာကို တွေ့ရတယ်ကွယ့်။ ဒါကလည်း မူလအင်းရဲ့ပညာရပ်လမ်းစဉ်မှန်နေတာကြောင့် အင်းချပ်ရဲ့အာနိသင်က ကျန်နေတာဖြစ်မယ်။ ဒါကြောင့် တို့ရဲ့မြန်မာအက္ခရာတွေက တခြားလူမျိုးခြားတွေရဲ့အက္ခရာတွေနဲ့ အစွမ်းချင်း၊ အာနိသင်ချင်း၊ တန်ခိုးထက်ပုံချင်းမတူဘူးလို့ ပြောတာပေါ့ကွယ့်"

"အဲဒါ ဘာဖြစ်လို့ မတူရတာလဲ ဆရာကြီး"

"အက္ခရာတွေရဲ့ ဗျည်း၊ သရဟိတ်



www.burmeseclassic.com

www.burmeseclassic.com

တွေမတူလို့ဘဲ။ သူတို့ရဲ့အက္ခရာတွေက သူတို့ရဲ့ရှေးဘိုးဘေးတွေလက်ထက်က တည်းက သူတို့ဘာသာသူတို့ တီထွင်ပြီး ဖန်တီးထားတာတွေဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် အခြားသော အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးက ဖော်ဆောင်ပေးတာလည်းဖြစ်မယ်။ ဒါပေမယ့် တို့ရဲ့မြန်မာ အက္ခရာတွေကတော့ ထူးခြားတယ်။ ဗြဟ္မာပြည်ကဆင်းသက်လာတဲ့ အက္ခရာတွေပဲ။ ဒါကိုပဲ ရှေးသုသေတနပညာရှင်တွေက မြန်မာအက္ခရာတွေဆိုတာ ဗြဟ္မီအက္ခရာက ဆင်းသက်လာတယ်လို့ဆိုကြခြင်းဖြစ်တယ်ကွယ့်။ အဲဒီဗြဟ္မီအက္ခရာဆိုတာ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မမူမီက မဇ္ဈိမဒေသတစ်နေရာမှာသုံးစွဲခဲ့တဲ့အက္ခရာတွေပဲ။ အဲဒီကိစ္စက သမိုင်းအထောက်အထား အခိုင်အမာရှိတယ်။ နောက်ပြီး မြန်မာပညာရှိ သီရိပျံချီဦးသာမြတ်ရေးတဲ့ မြန်မာအက္ခရာအတ္ထုပ္ပတ္တိစာအုပ်မှာလည်း မြန်မာအက္ခရာတွေဟာ ဗြဟ္မီအက္ခရာတွေက ဆင်းသက်လာပုံအဆင့်ဆင့်ကို အထောက်အထားနဲ့တကွ အခိုင်အမာပြထားတယ်။ မင်းမှတ်ထားပြီး နောက်တွေ့ရင်ဖတ်ကြည့်ပေါ့ကွယ်။ အဲဒီဗြဟ္မီဆိုတာ ဗြဟ္မာကိုဆိုတာပဲ"

ဟုပြောလိုက်ရာ မောင်ထွန်းမြိုင်လည်း ဆရာကြီးဦးရာမန်းကိုမော့ကြည့်လိုက်ပြီး-

"ဆရာကြီး၊ ကျွန်တော်မရှင်းတာရှိလို့ မေးချင်ပါသေးတယ်။ ကျွန်တော်ငယ်ငယ်က ရွာဘုန်းကြီးကျောင်းမှာ သင်္ဂြိုဟ်သင်ဖူးပါတယ်။ အဲဒီမှာ ဗြဟ္မာပြည်က ဗြဟ္မာတွေဆိုတာ စက္ခုပသာဒနဲ့ သောတပသာဒတွေပဲရှိတယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ အခု ဆရာကြီးက မြန်မာအက္ခရာတွေဆိုတဲ့ ဗြဟ္မာပြည်မှာသုံးတဲ့ ဘာသာစကားကနေပြီး ဆင်းသက်လာတာလို့ဆိုပါတယ်။ ဒါဆိုဗြဟ္မာပြည်မှာ စကားပြောကြသလား ဆရာကြီး"

ဟု မေးလိုက်ရာ ဆရာကြီးက-

"ဟုတ်လိုက်လေ မောင်ထွန်းမြိုင်ရယ်။ မင်းကို ဆရာက ဒါကြောင့် သဘောကျတာ၊ ဒီလိုမှာပေါ့။ အခုကိစ္စအနေနဲ့ပတ်သက်ပြီးပြောရရင် ဗြဟ္မာပြည်ဆိုတာ ဘုံအနေနဲ့ (၂၀) တောင်ရှိတာကလား။ အဲဒီမှာတောင် တန်ခိုးအနိမ့်၊ အမြင့်က အများကြီးကွာခြားကြတယ်။ သူတို့ဆီမှာ ပသာဒရုပ်တွေက အားလုံးရှိကြပါတယ်။ ဒါပေမယ့် သူတို့တွေဟာ ဘုရားပွင့်တော်မူလာတဲ့အခါကျရင် ဘုရားဖူးဖို့ စက္ခုပသာဒကို အသုံးပြုကြတယ်။ အဲဒီဘုရားပွင့်တဲ့အခါမယ် တရားဟောတဲ့အခါ တရားနာဖို့ သောတပသာဒကို အသုံးပြုကြတယ်။ ကျန်တဲ့ ပသာဒရုပ်တွေကို အသုံးပြုစရာမလိုတဲ့ အတွက် အသုံးမပြုခြင်းဘဲ ဖြစ်တယ်။ ဥပမာအဖြစ်ဆိုပါတော့။ ဗြဟ္မာတွေမှာ တို့လူတွေ နတ်တွေလို ကုတ္ထိယ၊ ပုရိသ စတဲ့ လိင်တွေပေါင်းစပ်တဲ့ မေထုန်သံဝါသဆိုတဲ့ အထိအတွေ့အာရုံတွေကို ပြုစရာမရှိဘူး။ ဒါကြောင့် ကာယပသာဒရုပ်ကို အသုံးမပြုတဲ့သဘောဘဲ။ ဒီလိုပဲ ဃာနပသာဒ၊ ဇိဝှါပသာဒတွေလည်း အသုံးပြုစရာမရှိရင် မသုံးတာဘဲကွယ့်။ ဒါကြောင့် ဗြဟ္မာတွေမှာ ပါးစပ်ရှိပါတယ်။ ဒါကြောင့် သူတို့သုံးတဲ့စကားလည်းရှိပါတယ်။ မလိုအပ်လို့ မသုံးတာပါ။ ဒီနေရာမှာ ဗြဟ္မာတွေဟာ မလိုအပ်ဘဲ စကားမပြောဘူးလို့နားလည်ရတယ်။ သူတို့စကားပြောပြီဆိုရင်လည်း အမှန်တကယ် လောကအတွက် လိုအပ်မှ အရေးကြီးတဲ့စကား၊ တန်ဖိုးရှိတဲ့စကားကိုပဲ အနှစ်သာရရှိရှိပြောကြတယ်လို့ သဘောပေါက်ရတယ်။

ဗြဟ္မာကြီးတွေ စကားပြောတဲ့ အကြောင်း အထောက်အထားအနေနဲ့ ပြောရရင် ဗုဒ္ဓဝင်ထဲမှာကြည့်။ မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူပြီး နောက် စိတ်အကြံတစ်ခုဖြစ်တော်မူလေတယ်။ အဲဒါက ဘာလဲဆိုတော့ သူသိမြင်ထားတဲ့ဓမ္မတွေဟာ အလွန်တရာမှပဲ လေးနက်တော်မူလွန်းလှတဲ့အတွက် လူသာမန်တွေနားလည်အောင် ဟောကြားဖို့ဆို အတော်မလွယ်ကူတဲ့ကိစ္စဘဲလို့တွေးမိပြီး တရားမဟောတော့ဘဲနေဖို့ စိတ်အကြံဖြစ်တော်မူခဲ့တယ်။

အဲဒါကို တန်ခိုးကြီးတဲ့ သဟမ္ပတိဗြဟ္မာကြီးကသိသွားပြီး မြတ်စွာဘုရားထံမှောက် သွားရောက်ကာ သတ္တဝါအပေါင်းတို့သည် အလွန်သနားစရာကောင်းကြောင်း၊ ၄င်းညာထောက်ထားသောအားဖြင့် အရှင်ဘုရားသိတော်မူထားတဲ့တရားကို ဟောတော်မူသင့်ပါကြောင်း အားပေးထောက်ပံ့တောင်းပန်လျှောက်ထားတဲ့အခါကျမှ မြတ်စွာဘုရားရှင်က တရားစဟောတယ်မဟုတ်လား။ ဒါကြောင့် ဗြဟ္မာတွေဟာ စကားပြောပါတယ်။ ဗြဟ္မာပြည်သုံးဘာသာစကားလည်းရှိပါတယ်"

ဟု အကျယ်တဝင့် ဆရာကြီးက ပြောပြပြီးသောအခါ -

"အခုလိုသေသေချာချာရှင်းပြပေးတဲ့ ဆရာကြီးကို ကျေးဇူးတင်ပါတယ်။ ဒါဆို မြန်မာအက္ခရာတွေဟာ တော်တော်လေးကို တန်ဖိုးရှိတာပဲနော်။ အခုလို ဗြဟ္မာအက္ခရာတွေကို မြန်မာတွေလိုသုံးတဲ့ အခြားသောလူမျိုးတွေကော ဆရာကြီးကြားဖူးတာရှိသလား"

"မြန်မာအက္ခရာနဲ့ တူတာတော့ အတိအကျတူတာ မရှိပါဘူး။ နောက် မဇ္ဈိမဒေသမှာသုံးတဲ့ သက္ကတအက္ခရာဗျည်းသရတွေဆိုတာတော့ရှိတယ်။ အဲဒီသက္ကတကို ဒေဝနာဂရီစာလို့ခေါ်တယ်။ ဒေဝနာဂရီရဲ့အဓိပ္ပာယ်က နတ်ပြည်မှာသုံးတဲ့စကားလို့ဆိုတယ်။ ဒါကြောင့် သက္ကတက နတ်ပြည်မှာသုံးတဲ့စကား၊ ဗြဟ္မီက ဗြဟ္မာပြည်မှာသုံးတဲ့စကားပဲ။ ဗြဟ္မာဆိုတာ ဘာပဲပြောပြော ဒီ(၃၁)ဘုံမှာအမြင့်ဆုံးပဲလေ။ ဒါကြောင့် တို့မြန်မာတွေက တို့စာပေ၊ တို့ဘာသာစကားကို အထွတ်အမြတ် တန်ဖိုးထားကြတာပဲ။ အက္ခရာစာပေတွေနဲ့ပတ်သက်ရင် ဘယ်လောက်အထိဆိုထားလဲဆိုတော့ 'စာတစ်လုံး ဘုရားတစ်ဆူ'လို့တောင်ဆိုထားတယ်မဟုတ်လား"

"ကျွန်တော်တို့မြန်မာတွေ ဆိုရိုးရှိခဲ့တဲ့ အဲဒီ စာတစ်လုံးဘုရားတစ်ဆူဆိုတာကို နည်းနည်းလောက် ထပ်ရှင်းပြပါ ဆရာကြီး"

"အဓိပ္ပာယ်ကတော့ ဘုရားဟောခဲ့တဲ့ ဓမ္မတွေကို စာပေနဲ့ပြန်လည်ရေးသားမှတ်တမ်းတင်ထားပြီး မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးသော်လည်း နောင်လာနောင်သားများဟာ ထိုစာပေများကို ပြန်လည် အသုံးပြုခြင်းအားဖြင့် မြတ်စွာဘုရား လက်ရှိဟောနေသကဲ့သို့ ပြန်လည် နာယူနိုင်တာကိုခေါ်တာပဲ။ ဒါကြောင့် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ဆိုတာ ဘုရားပေါင်းရှစ်ထောင်လေးထောင်အဖြစ် တင်စားတာမျိုးပဲ။ ဗျည်း၊ သရ(၄၁)လုံးဆိုတာ ဘုရားပေါင်း (၄၁) ဆူအဖြစ် တင်စားခေါ်ဝေါ်သုံးစွဲကြတာပဲ။ ဥပမာ ဗျည်း(၃၃)လုံး ဘုရားရှိခိုးမှာ ကကြီးအက္ခရာကို ဘယ်လိုအနက်ဖွင့်ရှိခိုးသလဲဆိုတာလေး ရွတ်ပြမယ်။ က-တဏှာက္ခယံ ကရောတိ ဧတေနတိလို့ ရှိခိုးတယ်။ အဓိပ္ပာယ်ကတော့ ဧတေန အက္ခရေန - ထိုကအက္ခရာဖြင့် တဏှာက္ခယံ - တဏှာ၏ကုန်ခြင်းကို ကရောတိ - ပြုတတ်၏။ ဣတိတသ္မာ- ထို့ကြောင့် 'က'မည်၏လို့ အဓိပ္ပာယ်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကကြီးအက္ခရာက တကျာကို တန်အောင်တောင်ပြုနိုင်တယ်ဆိုတာ ခပ်ပေါ့ပေါ့ယူထားတာမဟုတ်ဘူးဆိုတာ နားလည်ထားရမယ်။ ဒီလိုပဲ ကျန်တဲ့အက္ခရာတွေကိုယူရမယ်။ ဒါကြောင့် ကကြီးအက္ခရာတစ်လုံးဟာ သုံးတတ်ရင်သုံးတတ်သလောက်၊ ဉာဏ်ရှိရင်ရှိသလောက်သုံးလို့ရတယ်။ ကကြီးအက္ခရာတွေနဲ့အလိုဆန္ဒအားလုံးပြီးပြည့်စုံအောင် လုပ်လို့ရတယ်။

အဲဒီကကြီးအက္ခရာနဲ့မှ ဝိဇ္ဇာဓရထွက်ရပ်ပညာနဲ့ ထွက်စခန်းကိုပြီးမြောက်အောင်လုပ်လို့ရတယ်။နောက်ပြီး တို့ရဲ့ ဝိဇ္ဇာဓရပညာမှာ ကကြီးဟာ က၊ ဃ၊ ဏ၊ ဋ ဆိုတဲ့ ကြီးလေးကြီးအက္ခရာလေးလုံးထဲမှာပါတယ်။ ဒါ့အပြင် အဲဒီကကြီးအက္ခရာရဲ့အနက်အဓိပ္ပာယ်ကိုက တကျာကုန်ရာ မဂ်၊ ဖိုလ်နိဗ္ဗာန်တွေကို ဝင်စံနိုင်တယ်ကွယ့်"

ဟု ဆရာကြီးက အကျယ်တဝင့်ရှင်းပြလေရာ မောင်ထွန်းမြိုင်လည်း ကောင်းစွာသိရှိနားလည်သဘောပေါက်ပြီး ကျေနပ်အားရသည့် ပုံစံမျိုးဖြင့် မျက်နှာတွင် ပြုံးယောင်သန်းကာ ခေါင်းတညိတ်ညိတ်လုပ်နေတော့၏။

ထိုအချိန်တွင် ဆရာကြီးဦးရာမန်းသည် ဘေးဘီဝန်းကျင်ကို တစ်ချက်မျှဝေ့ဝိုက်ကြည့်လိုက်ကာ -

"အင်း - အချိန်တောင်နည်းနည်းလင့်သွားပြီ။ ခရီးသည်တွေတောင် အတော်များများ အိပ်ကုန်ကြပြီကွယ့်။ လာကွယ်၊ အိပ်ချင်ပြေသွားအောင် သင်္ဘောထမင်းဆိုင်သွားပြီး လက်ဖက်ရည်လေးဘာလေးသောက်ကြရအောင်"

ဟုဆိုလိုက်သဖြင့် မောင်ထွန်းမြိုင်လည်း ဆရာကြီးနှင့်အတူ သင်္ဘောထမင်းဆိုင်သို့လိုက်သွားကာ လက်ဖက်ရည်နှစ်ခွက်မှာပြီး သောက်ကြလေ၏။ လက်ဖက်ရည်ကို သောက်ပြီးကြသောအခါ ဆိုင်ရှင်မှ ရေနွေးကြမ်းပူပူတစ်အိုးကို အသင့်ပင် လာရောက်ချပေးလေ၏။ ထိုအခါ ဆရာကြီးဦးရာမန်းသည် ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့လိုက်ပြီး အဆိုပါအငွေ့တထောင်းထောင်းထနေသည့် ရေနွေးကြမ်းကို တဖြည်းဖြည်းမှုတ်သောက်ရင်း တစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားနေလေ၏။ အတန်ကြာသောအခါတွင်မှ ဆရာကြီးဦးရာမန်းသည် ချင့်ချင့်ချိန်ချိန်ဖြင့် စကားအချို့ကို အနည်းငယ်မျှပြောလိုက်၏။

"ဒီမယ် မောင်ထွန်းမြိုင်၊ မင်းဒီနေ့ခံစားတွေ့ထိသိရှိလိုက်ရတဲ့အတိတ်နိမိတ်တွေရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်ရင် တို့ရဲ့အင်းပညာရပ်မှာ အက္ခရာအုပ်စုနဲ့ ကိန်းဂဏန်းအုပ်စုဆိုပြီး အပိုင်းနှစ်ပိုင်းရှိတယ်။ တို့ရဲ့ စမ္ဗာနဝအင်းလမ်းစဉ်က ကိန်းဂဏန်းအုပ်စုထဲမှာပါတယ်။ မင်းရဲ့ ဒီနေ့ခံစားတွေ့သိရတဲ့နိမိတ်က ကကြီးဆိုတော့ အက္ခရာသဘောနွယ်နေတယ်။ ဒါကြောင့် မင်းဟာ အက္ခရာတွေကိုအဓိကထားပြီးစီရင်တဲ့အုပ်စုထဲကို နောက်ပိုင်းရောက်သွားမယ်ထင်တယ်"

ဟုဆိုလိုက်သဖြင့် မောင်ထွန်းမြိုင်လည်း မျက်နှာအနည်းငယ်မကောင်းဖြစ်သွားလေ၏။ ထိုကိုသတိပြုမိသော ဆရာကြီးဦးရာမန်းက ချက်ချင်းပင် -

"တို့ ဝိဇ္ဇာဓရပညာတွေဆိုတာ ဒီလိုပဲဖြစ်တတ်ပါတယ်ကွယ်။ ငါ့အထင်တော့ မင်းဟာ ငါတို့ပညာထက် ပိုကောင်းတဲ့ပညာကိုရနိုင်ပါတယ်။ အဲဒီလိုဖြစ်ရင် ပိုကောင်းတာပေါ့ မောင်ထွန်းမြိုင်ရဲ့။ မင်းဟာ ပညာရပ်နှစ်မျိုးစလုံးကို တတ်သွားလိမ့်မပေါ့။ ကဲကဲ-ညဉ့်လည်း အတော်နက်နေပြီ။ တို့ရဲ့နေရာကိုပြန်ပြီး ခဏနားလိုက်ကြဦးစို့။ ဒါမှ မနက်ဖြန် ရွှေမုဋ္ဌောဘုရားသွားဖူးကြတဲ့အခါ လန်းလန်းဆန်းဆန်းဖြစ်နေမှာပေါ့ကွယ့်"

**သိုက်ချုပ်ကြီးသာလာရနှင့်တွေ့ဆုံခြင်း**

နောက်တစ်နေ့နံနက်စောစောတွင် မောင်ထွန်းမြိုင်တို့စီးလာသောသင်္ဘောသည် ပုသိမ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လေ၏။ ဆရာကြီးဦးရာမန်းနှင့် မောင်ထွန်းမြိုင်တို့ ပုသိမ်ကမ်းနားပေါ် သို့တက်ရောက်ပြီး နံနက်စာစားသောက်ရန်အတွက် ဆိုင်တစ်ဆိုင်သို့ဝင်၍ စားသောက်ကြလေ၏။ ထိုစဉ် မောင်ထွန်းမြိုင်က သူသိလိုသောအကြောင်းအရာကို ဖွင့်ဟမေးလေ၏။

"ဆရာကြီး၊ အခု ကျွန်တော်တို့ ပုသိမ်ကိုလာတာ ရွှေမုဋ္ဌောဘုရားကိုဖူးဖို့အပြင် သိုက်စောင့်ပုဂ္ဂိုလ်တွေကိုလည်း တွေ့ရမယ်ဆို၊ တကယ်လား ဆရာကြီး"

"ဟာ-တကယ်ပေါ့မောင်ထွန်းမြိုင်ရဲ့၊ မင်း အဲဒီပုဂ္ဂိုလ်တွေကို မျက်မြင်ကိုယ်တွေ့တွေ့ရမှာပါ။ မင်းတွေ့ဖူးအောင်လည်း ငါက တမင်ရည်ရွယ်ပြီး ခေါ်လာခဲ့တာပဲလေ"

"ဒါဆို ကျွန်တော်တို့တွေ့ရမယ့် သိုက်ကပုဂ္ဂိုလ်တွေဆိုတာ ဘယ်သိုက်ကလဲ ဆရာကြီး"

"ဘယ်သိုက်ကမလဲ မောင်ထွန်းမြိုင်ရဲ့။ ရွှေမုဋ္ဌောဘုရားသိုက်ကပေါ့ကွယ့်။ ဒီရွှေမုဋ္ဌောဘုရားသိုက်ဆိုတာ ပေါ့သေးသေးသိုက် မဟုတ်ဘူး။ ဒီနယ်တစ်ဝိုက်မှာတော့ တကယ့်အထိကရသိုက်ကြီးပဲ။ အဲဒီသိုက်ရဲ့သိုက်ချုပ်ကြီးကတော့ သာလာရလို့ ခေါ်တယ်ကွယ့်။ မှတ်ထားနော် မောင်ထွန်းမြိုင်"

"ဆရာကြီးပြောတာနဲ့ပဲ ကျွန်တော် သိုက်ချုပ်ကြီး သာလာရ ဆိုတဲ့ပုဂ္ဂိုလ်ကို ပိုပြီးတွေ့ချင်လာပြီ"

"တွေ့ရမှာပေါ့ မောင်ရယ်၊ သိပ်လည်း ဆန္ဒမစောပါနဲ့။ ကဲ - တို့တွေစားပြီးပြီဆိုတော့ ရွှေမုဋ္ဌောဘုရားကိုသွားလိုက်ကြရအောင်"

"ဟုတ်ကဲ့ ဆရာကြီး"

ထို့နောက် မောင်ထွန်းမြိုင်တို့သည် ပုသိမ်မြို့၏ ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားသို့ထွက်လာခဲ့ကြလေ၏။ ဘုရားသို့ရောက်သောအခါ ဆရာတပည့်နှစ်ယောက်သည် ဘုရားဝတ်ပြုကြလေ၏။

ထို့နောက် ဆရာကြီး ဦးရာမန်းက -

"ဒီအချိန်ကစောလွန်းသေးတယ်။ သိုက်ကပုဂ္ဂိုလ်တွေကိုတွေ့ဖို့အဆင်မပြေလောက်သေးဘူး၊ အချိန်ရသေးတယ်။ ဒီတော့ ဒီဘုရားကြီးကို ရောက်တုန်းရောက်ခိုက် တို့တစ်တွေ ပုတီးစိပ်လိုက်ကြရအောင်"

ဟု ဆိုသဖြင့် မောင်ထွန်းမြိုင်လည်း သဘောတူကြောင်းခေါင်းညိတ်ပြလိုက်သဖြင့် သူတို့သည် အရိပ်အာဝါသကောင်းပြီးတိတ်ဆိတ်ငြိမ်သက်မှုရှိသည့် အာရုံခံတန်ဆောင်းတစ်ခုကိုရှာဖွေကာ ထိုအထဲသို့ဝင်ပြီး ပုတီးစိပ်ကြလေ၏။

ထိုသို့ ပုတီးစိပ်သည့်အမှုတွင် အာရုံဝင်စားသွားကြသဖြင့် အချိန်မည်မျှကြာသွားသည်ကိုပင် သတိမပြုမိလိုက်ကြချေ။ ပုတီးစိပ်ပြီး၍ အပြင်သို့လှမ်းကြည့်လိုက်သောအခါတွင် နေပင်အနည်းငယ်စောင်းနေပြီဖြစ်ကြောင်းတွေ့ရသဖြင့် ဆရာကြီးဦးရာမန်းက -

"လာဟေ့ မောင်ထွန်းမြိုင်၊ သွားကြစို့၊ ဒီအချိန်လောက်ဆို အတော်ပဲ"

ဟုဆိုလိုက်သဖြင့် မောင်ထွန်းမြိုင်လည်းထကာ ဆရာကြီးသွားရာနောက်သို့လိုက်လေ၏။ ဆရာကြီးဦးရာမန်းလည်း ဘုရားကြီးကိုပတ်သွားပြီး တစ်နေရာသို့ရောက်သောအခါ မောင်ထွန်းမြိုင်ဘက်လှည့်ပြီး -

"မောင်ထွန်းမြိုင်၊ ဟောဟိုနားက



www.burmeseclassic.com

www.burmeseclassic.com

အုတ်ခုံလေးပေါ်မှာသွားထိုင်နေ။ ငါ သာလာရကိုခေါ်ပြီး သူတို့နဲ့ခြင်းခတ်ပြမယ်။ မင်းက အဲဒီအချိန်မှာ သာလာရကို သေသေချာချာကြည့်ပေတော့"

ဟု ပြောဆိုညွှန်ပြသဖြင့် ဆရာကြီးညွှန်ပြသည့်နေရာသို့ သွားရောက်ကာ အခြေအနေကို လေ့လာအကဲခတ်နေလိုက်၏။ ထို့နောက် ဆရာကြီးဦးရာမန်းက အသံခပ်ကျယ်ကျယ်ပြုပြီး -

"ဟေ့ - သာလာရ မင်းနဲ့ငါ ခြင်းခတ်ကြရအောင်၊ မင်းတပည့်နှစ်ယောက်ကိုပါခေါ်လာခဲ့။ ခြင်းလုံးကိုလည်းယူလာခဲ့ဟေ့"

ဟု အော်ပြောလိုက်၏။ ခေတ္တမျှကြာလျှင် ဘုရား၏ ကြားတစ်နေရာမှ သန်သန်မာမာထွားထွားကျိုင်းကျိုင်းလူကြီးတစ်ယောက်သည် ခြင်းလုံးလေးတစ်လုံးကိုကိုင်ကာ ထွက်လာလေ၏။ ထိုလူကြီး၏နောက်မှ လူနှစ်ယောက်လည်း ကပ်လျက်လိုက်ပါလာသည်ကို တွေ့ရလေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်လည်း စိတ်လှုပ်ရှားစွာဖြင့် ရှေ့ဆုံးမှ သန်မာထွားကျိုင်းလှသော လူကြီးကိုကြည့်ပြီး စိတ်ထဲမှ-

"အင်း - သာလာရဆိုတာ အဲဒီလူကြီးပဲဖြစ်မယ်"

ဟု မှတ်ချက်ပြုလိုက်၏။

မောင်ထွန်းမြိုင်လည်း ထိုလူကြီးအသေအချာလေ့လာနေလေ၏။ ထိုသူသည် ခါးတောင်းကိုမြှောင်နေအောင် ကျိုက်ထား၏။ ထိုးကွင်းမင်ကြောင်ဆေးများကို ခါးတစ်ပတ်လည်လုံးနှင့် ပေါင်တစ်ခုလုံးကို ဒူးဆစ်အထိထိုးထားလေ၏။ ထို့အပြင် ဆံပင်ကိုလည်း သျှောင်တစောင်းထုံးထားပြီး သူ၏မျက်နှာသွင်ပြင်ဟန်ပန်အမူအရာတို့မှာ တည်ကြည်လေးနက်ကာ ပြတ်ပြတ်သားသားလုပ်တတ်မည့်ပုံပေါ်နေကြောင်း မောင်ထွန်းမြိုင်သတိပြုမိ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် သာလာရတို့ (၃) ယောက်၏ လုပ်ပုံကိုင်ပုံ ဟန်ပန်အမူအရာများကို မျက်တောင်မခတ်ကြည့်ရှုပေ့လာတော့၏။

အဆိုပါ သာလာရတို့(၃)ဦးသည် အလွန်ပင် ခြင်းခတ်ကောင်းကြသူများဖြစ်ကြလေ၏။ မည်မျှခက်ခဲနက်နဲသည့် ခြင်းပေါက်မျိုးကိုခတ်ကြရသည်ဖြစ်စေ ထိုခြင်းသည် ပျက်သွားသည် ဟူ၍ မရှိပေ။ မြေသို့ကျသွားသည်ဟူ၍လည်း မရှိပေ။ မောင်ထွန်းမြိုင်၏ တစ်သက်နှင့်တစ်ကိုယ် မတွေ့ဘူးခဲ့သော အလွန်လုပ်သည့် ခြင်းပေါက်မျိုးစုံကို သာလာရတို့ခတ်သွားကြောင်းတွေ့ရသဖြင့် မှင်တက်အံ့သြခြင်းပင်ဖြစ်ရလေ၏။

မောင်ထွန်းမြိုင်သည် အဆိုပါခြင်းဝိုင်းကိုကြည့်နေရင်းပင် အလွန်စိတ်ဝင်စားသွားကာ လောကကြီးကို တဒင်္ဂမျှပင် မေ့သွားခဲ့ရသည်အထိ ဖြစ်ခဲ့ရ၏။ အဆိုပါ ခြင်းဝိုင်းသည် မည်မျှအထိကောင်းသနည်းဟူမူ သူတို့လေးဦး ခြင်းခတ်နေခြင်းကို ခြင်းဝိဇ္ဇာကြီး(၄)ဦး ခြင်းခတ်နေခြင်းပေလောဟုပင်ထင်မြင်မိလေ၏။ သူတို့သည် မြန်မာ့ရိုးရာခြင်းပညာကို လွန်စွာ ကျွမ်းကျင်ပိုင်နိုင်ကြသူများဖြစ်၏။

အဆိုပါ ပုဂ္ဂိုလ်များနှင့်အတူ ယှဉ်တွဲခြင်းခတ်သောအခါတွင်မှ ဆရာကြီးဦးရာမန်း၏ခြင်းပညာကို တွေ့ရတော့၏။ ဆရာကြီးကလည်း ခေသူမဟုတ်ပေ။ ထိုသူများ၏ ခြင်းပညာအဆင့်အတန်းကို မီအောင်လိုက်ခတ်နိုင်သူ ဖြစ်၏။ ဆရာကြီးဦးရာမန်းသည်လည်း သာလာရတို့နှင့်အတူ ခြင်းခတ်ရမည်ဆိုသောအခါ ခါးတောင်းကျိုက်လိုက်သဖြင့် ထိုးကွင်းမင်ကြောင်များအပြည့်ထိုးထားကြောင်း တွေ့ရလေ၏။ ထိုကဲ့သို့ ထိုးကွင်းထိုးထားသောလူကြီး(၄)ဦးခြင်းခတ်နေသောပုံသည် မောင်ထွန်းမြိုင်အဖို့ ဘဝတစ်လျှောက်လုံး မမေ့ပျောက်နိုင်လောက်အောင်ပင် အမှတ်ထင်ထင်ဖြစ်ခဲ့ရတော့၏။

ဆရာကြီးနှင့် သာလာရတို့လည်း ခြင်းကိုခတ်ကောင်းကောင်းဖြင့်ခတ်ခဲ့ကြသဖြင့် အဆိုပါခြင်းဝိုင်းသည် အချိန်အားဖြင့် နှစ်နာရီမျှပင်ကြာမြင့်သွားတော့၏။ သူတို့အားလုံးသည် ချွေးတရွှဲရွှဲဖြစ်ကုန်ကြ၏။ ကြည့်ရှုသူ မောင်ထွန်းမြိုင်အဖို့လည်း လွန်စွာကြည့်ကောင်းကောင်းဖြင့် ကြည့်နေမိသဖြင့် အချိန်နှစ်နာရီမှာ မည်သို့ ကုန်သွားမှန်းပင် မသိလိုက်ပေ။ ထို့နောက် သာလာရနှင့် သူ့အဖော်နှစ်ယောက်တို့လည်း ခြင်းလုံးလေးကိုကိုင်ကာ ဘုရားအကြားသို့ဝင်ရောက်ပြီးပြန်သွားကြတော့၏။

ထိုအခါတွင်မှ ဆရာကြီးဦးရာမန်းလည်း ချွေးသံတရွှဲရွှဲဖြင့် မောင်ထွန်းမြိုင်ထံလျှောက်လာပြီး -

"ဘယ်လိုလဲဟေ့ မောင်ထွန်းမြိုင်၊ သိုက်ကပုဂ္ဂိုလ်တွေကို တွေ့ဖူးသွားပြီမဟုတ်လား"

"ဟုတ်ကဲ့ - သေသေချာချာတွေ့ခဲ့ပါပြီ ဆရာကြီး"

"အေး-ကောင်းတယ်၊ သာလာရတို့က ဒီရွှေမုဋ္ဌောဘုရားသိုက်ကပဲ။ သိုက်တွေဆိုတာ တို့လိုဝိဇ္ဇာဓရပညာတွေလုပ်ထားတဲ့ပုဂ္ဂိုလ်တွေအဖို့ကတော့ ပြဿနာမရှိဘူး။ အခုလိုပဲ အချိန်မရွေး သိုက်က ပုဂ္ဂိုလ်တွေကိုခေါ်နိုင်တယ်။နောက်ပြီး သိုက်တွေထဲကိုလည်း အချိန်မရွေးဝင်နိုင်တယ်၊ ထွက်နိုင်တယ်ကွယ့်"

ဟု ပြောဆိုနေရင်းပင် ဆရာကြီးဦးရာမန်းသည် သူ့လွယ်အိတ်ထဲမှ ချွေးသုတ်ပဝါတစ်ထည်ကိုထုတ်ယူကာ သူ့ခန္ဓာကိုယ်ပေါ်မှ တတောက်တောက်ဖြင့် ယိုစီးကျနေသောချွေးများကိုသုတ်နေလေ၏။

ထိုအချိန်တွင် မောင်ထွန်းမြိုင်သည် ဆရာကြီးပြောလိုက်သောစကားများကို စဉ်းစားပြီးနေလေ၏။ ခဏကြာသောအခါတွင်မှ -

"ဆရာကြီး၊ အခုလိုပဲ သိုက်ကပုဂ္ဂိုလ်တွေကို အချိန်မရွေးခေါ်နိုင်တယ်၊ နောက်ပြီး သိုက်တွေထဲကိုလည်း အချိန်မရွေးဝင်နိုင်တယ်၊ ထွက်နိုင်တယ်ဟုတ်လား ဆရာကြီး"

"အေး - သိုက်နဲ့ပတ်သက်ရင် အချိန်မရွေးလုပ်လို့ရပါတယ်၊ ဘာမှမခဲယဉ်းပါဘူး။ ဒါပေမယ့် မောင်ထွန်းမြိုင်တစ်ခုစဉ်းစားဖို့က ဒီလိုလုပ်လို့ရတိုင်း အမြဲတမ်းကြီးတော့ လုပ်ဖို့မသင့်ဘူး။ အခွင့်အရေးဆိုတာ ရတိုင်းအသုံးချရင် အန္တရာယ်ရှိတယ်ကွယ့်"

ဟု ဆိုလိုက်ရာ မောင်ထွန်းမြိုင်လည်း အံ့သြသွားပြီး -

"ဗျာ-အန္တရာယ်ရှိတယ်ဟုတ်လား ဆရာကြီး"

"ဒီလိုလေ ငမောင်ထွန်းမြိုင်ရဲ့ သိုက်ဆိုတာ သူတို့ရဲ့ပိုင်နက်မဟုတ်လား။ သိုက်ဆိုတာ ရှေးခေတ်နှစ်ပေါင်းများစွာကတည်းက ဘုရားရှင်အတွက် ရည်စူးပြီး တန်ဖိုးရှိတဲ့ပစ္စည်းတွေစုပေါင်းပြီး သိမ်းထားတာမလား။ ဘာပဲဖြစ်ဖြစ် ကိုယ်က သူတို့ကိုနိုင်တယ်ဆိုပြီး ခေါ်ချင်တိုင်းခေါ်မယ်၊ဝင်ချင်တိုင်းဝင်မယ်၊ထွက်ချင်တိုင်းထွက်မယ်ဆိုရင် သူတို့အနေနဲ့ သူတို့ပစ္စည်းတွေအတွက် မစိုးရိမ်ဘဲနဲ့မလား စိုးရိမ်မှာပေါ့။ အဲဒီပစ္စည်းတွေစောင့်ဖို့အတွက် အစောင့်အင်အားကလည်းထပ်ပြီးလိုမှာပဲ။ အဲဒီအစောင့်တွေရဖို့ ထပ်ပြီးစုဆောင်းရဦးမယ်။ ဒါကြောင့် လူလိုတယ်လေ"

ဟု ပြောပြီး စကားဖြတ်ထားလိုက်ရာ မောင်ထွန်းမြိုင်က အားမလိုအားမ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး-

"လူလိုတော့ ဘာလုပ်ကြသလဲ ဆရာကြီးရဲ့"

"ဘာလုပ်ရမှာလဲကွယ့်။ သိုက်ထဲက တန်ဖိုးရှိတဲ့ရွှေတွေ၊ ငွေတွေ၊ လက်ဝတ်လက်စားတွေ၊ ရတနာပစ္စည်းတွေနဲ့ မှုံးခေါ်တာပေါ့။ အဲဒီမှာ သိုက်ထဲကို ခဏခဏသွားပြီး ဒီပစ္စည်းတွေကိုမြင်တွေ့ဖန်များတော့ လိုချင်တပ်မက်လာလိမ့်မယ်။ ဒီအခါမယ် အဲဒီပစ္စည်းတွေကိုယူပြီး သုံးချင်သလိုသုံးမိလိမ့်မယ်။ သိုက်ထဲကပစ္စည်းတွေကို နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် သုံးမိလို့ကတော့ သွားပြီ။ သုံးထားတဲ့ပုဂ္ဂိုလ်အနေနဲ့ အခြေအနေအရ ယခုလက်ရှိဘဝကိုစွန့်လိုက်တာနဲ့တစ်ပြိုင်နက် သိုက်ထဲကို ရောက်သွားပြီ။ သိုက်ထဲရောက်သွားတာဟာ တခြားတော့မဟုတ်ဘူး၊ သိုက်စောင့်ဖြစ်သွားတာ"

"သိုက်ထဲကပစ္စည်းယူသုံးမိတာနဲ့ သိုက်စောင့်ဖြစ်သွားတယ်ဟုတ်လား"

"သိုက်စောင့်ဖြစ်တယ် အသေအချာပဲကွယ့်။ ဘာဖြစ်လို့လဲဆိုတော့ သိုက်ဆိုတာ ဘုရားပစ္စည်းတွေကိုထားတဲ့ နေရာပဲမဟုတ်လား။ ဒါကြောင့် သိုက်ထဲကပစ္စည်းယူသုံးတယ်ဆိုတာ ဘုရားပစ္စည်းကိုယူသုံးတဲ့သဘောမဟုတ်လား။ ဘုရားပစ္စည်းသုံးမှတော့ သိုက်စောင့်ဖြစ်တာ ဆန်းပါဦးမလားကွယ့်"

"ဟုတ်ပါတယ် ဖြစ်နိုင်ပါတယ်။ အခုလိုလုပ်မှ သိုက်စောင့်ဖြစ်တာပဲလား ဆရာကြီး"

"ဒီလိုလုပ်ရင် ဒီလိုဖြစ်တတ်တယ်ဆိုတာ ယေဘုယျအကြမ်းဖျင်းပြောတာပါ။ ဒီပြင်နည်းနဲ့လည်း သိုက်စောင့်ဖြစ်တာတွေရှိသေးတယ်ကွယ့်"

"ဟုတ်လား ဆရာကြီး၊ ဥပမာတစ်ခုလောက်ပြောပြပါလား"

"မင်းကို စောစောကပြောခဲ့တယ်မဟုတ်လား။ သိုက်ထဲကိုဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်ရင်အန္တရာယ်ရှိတယ်ဆိုတာလေ မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ် ဆရာကြီး"

"အေး - အဲဒီလိုနည်းနဲ့သိုက်ထဲဝင်သွားပြီး ပြန်ထွက်လို့မရတဲ့သူတွေ အများကြီးရှိတယ်။ ဒါကြောင့် သိုက်ဆိုတာ ပိုပြီးအဓိပ္ပာယ်ရှင်းအောင်ပြောရရင် ဝင်ချင်တိုင်းဝင်လို့မခဲယဉ်းပေမယ့် ထွက်ချင်တိုင်းပြန်ထွက်လို့မရဘူး"

"ဒါဆို အဲဒီသိုက်ထဲကပြန်ထွက်လို့မရတဲ့လူတွေက ဘယ်လိုဖြစ်သွားလဲ ဆရာကြီး။ နောက်ပြီး သူတို့ဘာဖြစ်လို့ သိုက်ထဲကပြန်ထွက်လို့မရတာလဲ"

"သိုက်ထဲကပြန်မထွက်နိုင်တဲ့လူတွေက ဒီဘဝကနေ ချက်ချင်းပဲဘဝပြောင်းပြီး သိုက်စောင့်ဘဝရောက်သွားကြရတယ်။ ဘယ်လိုမှမတတ်နိုင်တော့ဘူး။ သူတို့ ဘာဖြစ်လို့ သိုက်ထဲကပြန်မထွက်နိုင်ကြတာလဲဆိုတော့ သူတို့ဟာ ကိုယ်တတ်ထားတဲ့ပညာကို အဟုတ်ကြီးထင်ပြီးသိုက်ထဲဝင်သွားကြတာ။ သိုက်ထဲရောက်တော့ ဟိုက သိုက်ချုပ်ဆိုတဲ့ ပုဂ္ဂိုလ်က ကိုယ့်ထက် ပညာအများကြီးတတ်ထားတဲ့ပုဂ္ဂိုလ်ဖြစ်နေရင် သွားပြီ။ ဘယ်နည်းနဲ့မှ ပြန်ထွက်ဖို့စိတ်မကူးနဲ့တော့"

"ဘယ်လို ဆရာကြီး၊ သိုက်ချုပ်ဆိုတဲ့ပုဂ္ဂိုလ်တွေကလည်း ဒီလိုဝိဇ္ဇာခရေပညာတွေကိုတတ်တယ်ဟုတ်လား"

"ဟာ - သိပ်တတ်တာပေါ့ကွယ့်။ ဘယ်တော့မှလျှော့မတွက်လေနဲ့။ ခုနငါနဲ့အတူခြင်းလာခတ်တဲ့ ရွှေမုဋ္ဌောဘုရားသိုက်ချုပ်သာလာရကိုပဲကြည့်။ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ဘူး။ သူလည်း တစ်ချိန်တုန်းက တို့လိုပဲ ဝိဇ္ဇာခရေပညာတွေကို အကြီးအကျယ်လိုက်စားခဲ့တာပဲ"

"ဟင် - ဒါဆို အဲဒီသိုက်ချုပ်ကြီးက ဝိဇ္ဇာခရေပညာရပ်တွေကို အကြီးအကျယ်လိုက်စားခဲ့ပြီး ဘာဖြစ်လို့ သိုက်ထဲရောက်သွားရတာလဲ"

"သိုက်ထဲကိုရောက်သွားပြီဆိုကတည်းက အဲဒီပုဂ္ဂိုလ်ဟာ စည်းပေါက်သွားတာ တစ်ခုခုရှိလို့ပဲကွယ့်။ စည်းပေါက်တယ်ဆိုတာက ပမာဆိုပါတော့။ အဲဒီဝိဇ္ဇာခရေလမ်းစဉ်လိုက်တဲ့ပုဂ္ဂိုလ်ဟာ ဘုရားတစ်ဆူတည်တယ် ဆိုပါတော့။ အဲဒီမှာ ဘုရားတည်ဖို့အတွက်ရည်စူးလှူတဲ့ငွေတွေထဲကအချို့ကို ကိုယ်ရေးကိုယ်တာသုံးမိတာမျိုးရှိနိုင်တယ်။ ဒါမှမဟုတ် သိုက်ကပုဂ္ဂိုလ်တွေက သူတို့တည်ချင်တဲ့ ဘုရားအတွက် အဲဒီဝိဇ္ဇာခရေလမ်းစဉ်လိုက်တဲ့ပုဂ္ဂိုလ်ကိုငွေပေးပြီး တည်ခိုင်းတာမျိုးလည်းရှိချင်ရှိမယ်။ အဲဒီအခါမျိုးမယ် အဆိုပါ ဝိဇ္ဇာခရေလမ်းစဉ်ပုဂ္ဂိုလ်က ဘုရားတော့တည်ပါရဲ့၊ ပြီးအောင်လည်းတည်နိုင်ပါရဲ့။ ဒါပေမယ့် ရရှိတဲ့ငွေထဲကအချို့ကို ကိုယ်ရေးကိုယ်တာအတွက်သုံးမိတယ်ဆိုရင် စည်းပေါက်သွားပြီကွယ့်"

"အဲဒီလို စည်းပေါက်သွားရင် ဘယ်လိုဆက်ဖြစ်သေးလဲ ဆရာကြီး"

ဟု မောင်ထွန်းမြိုင်က စိတ်ဝင်တစားဆက်မေးရာ -

"ဒီကိစ္စက အင်မတန်အရေးကြီးတယ် မောင်ထွန်းမြိုင်။ သေသေချာချာမှတ်ထားကွယ့်။ အဲဒီစည်းပေါက်သွားတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝ၊ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာနဲ့ ဘယ်လိုမှ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မဖြစ်နိုင်တော့ဘူး။ ဘယ်လောက်ပဲ ကံ၊ ဉာဏ်၊ ဝီရိယကြီးလို့ ကြိုးစားအားထုတ်ကြစည်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါစေ နောက်ဆုံးအန္တိမထွက်ရပ်ခရီးကို အောင်မြင်အောင် ဘယ်လိုမှ ကျော်ဖြတ်လို့မရတော့ဘူး။ အဲဒီအဆင့်မှာ ကျရှုံးတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပုဂ္ဂိုလ်တွေဟာ ဘုရားငွေကို အလွဲသုံးစားလုပ်ထားလို့ပဲ။ နောက်ပြီး ထွက်ရပ်ဆိုင်ရာ အန္တိမကိစ္စဆောင်ရွက်နေချိန်မှာ မာတုဂါမအဖျက်ဝင်လို့ပျက်သွားတာမျိုး၊ ခင်ပွန်းကြီးဆယ်ပါးနဲ့ပတ်သက်တဲ့ ပြစ်မှုကျူးလွန်တာမျိုးစသဖြင့် အမျိုးမျိုးရှိနိုင်တာပေါ့ကွယ်။ များသောအားဖြင့်တော့ ငွေရေးကြေးရေး အလွဲသုံးစားကိစ္စက အဖြစ်အများဆုံးဖြစ်တတ်တဲ့ကိစ္စလို့ ပြောရမှာပဲ"

"ဆရာကြီးဆိုလိုတာက သိုက်ထဲရောက်ရတဲ့ပုဂ္ဂိုလ်တွေဟာ သိုက်နဲ့ပတ်သက်တဲ့ ငွေကြေးဆိုင်ရာကို အလွဲသုံးစားလုပ်ခဲ့တဲ့အမှုနဲ့ ပတ်သက်တယ်လို့ဆိုလိုတာပါသလား"

"အေး - ဟုတ်တယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ပညာ၊ ဉာဏ်ဘယ်လောက်ကြီးကြီး အန္တိမအဆင့်ကို ဘယ်လိုမှမကျော်ဖြတ်နိုင်တော့ဘူး။ ဒါကြောင့် ဒီဘဝ၊ ဒီရုပ်၊ နာမ်၊ ခန္ဓာတွေချုပ်ပြီးတာနဲ့ သိုက်ထဲရောက်ပြီ။ ဒါပေမယ့် သူတို့ဟာ မူလကတည်းက ပညာအားကြီးတော့ အဲဒီသိုက်ရဲ့ အကြီးအကဲအချုပ်ဖြစ်တာများပါတယ်။ ဒါကြောင့် သိုက်ချုပ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို သာမည်ညောင်ည ပါချည်ပါချဲ့ပုဂ္ဂိုလ်တွေလို့မထင်လေနဲ့။ အဆင့်မြင့်ဝိဇ္ဇာခရေပညာတွေကိုတတ်မြောက်ထားတဲ့ပုဂ္ဂိုလ်တွေပဲ။ တော်ရုံပညာနဲ့တော့ခံသွားရလိမ့်မယ်ကွယ့်။ ဒါကြောင့် သိုက်နဲ့ပတ်သက်လာရင် အခွင့်အရေးကြီးပဲလို့ တထစ်ချမမှတ်လေနဲ့။ သူ့နောက်ကပြဿနာတွေ၊ အန္တရာယ်တွေကို သတိကြပ်ကြပ်ထားရမယ်ကွယ့်။ ကဲကဲ - အချိန်တောင်တော်တော်လင့်သွားပြီ။ ငါတို့ပြန်ကြမယ်"

(ရှေ့လဆက်ပါမည်)

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရမြန်မာ့အင်္ဂါရတ်ပညာ

**□ ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ**

ဝိဇ္ဇာဓရပညာသည် အမှန်တကယ်ဖြစ်သောပညာရပ် ဖြစ်ပါသည်။ ဤပညာရပ်များနှင့် ပတ်သက်သော အဖြစ်အပျက်ပေါင်း မြောက်မြားစွာရှိပါသည်။ ထိုအဖြစ်အပျက်များစွာထဲမှ ထူးခြားသော အဖြစ်အပျက်များနှင့် လမ်းစဉ်အချို့ကို အာစရိယဝါဒများ၊ မှတ်တမ်းများ၊ ကျမ်းစာများထဲမှ ထုတ်နုတ်ဖော်ပြလိုပါသည်။ ထိုအထဲတွင် အင်းဝညာရပ်၊ မန္တ[illegible]ပညာရပ်၊ ဓာတ်ပညာရပ်များနှင့် ပတ်သက်သော ဖြစ်ရပ်မှတ်တမ်းများပါဝင်မည် ဖြစ်ပါသည်။ ပထမဦးစွာ အင်းပညာရှင်ဆရာကြီး ဦးသာပို၏ ဝိဇ္ဇာဓရပညာရပ်ဆိုင်ရာအဖြစ်အပျက်တစ်ခုကို ဖော်ပြလိုပါသည်။

**□ ဝါယောအင်းတစ်ကွက်၏အစွမ်းသတ္တိ**

အသက် (၃၀) အရွယ်ခန့်ရှိ လူတစ်ဦးသည် အင်းများကို သဲကြီးမဲကြီး ချနေလေ၏။ သူချနေသည့်အင်းမှာ 'အ' အလယ်သေအင်းဖြစ်၏။ ထို'အ'အလယ်သေအင်းနှင့်ပတ်သက်ပြီး ယမန်နေ့က မိတ်ဆွေတစ်ဦးကပြောသဖြင့် တွံတေးမြို့ ရွှေဆံတော်ဘုရားကြီး၏ တနင်္ဂနွေထောင့်ရှိ နောင်တော်ကြီးဘုရားရင်ပြင်ပေါ်တက်ရောက်ကာ အင်းကစားနေခြင်း ဖြစ်လေ၏။ ထိုပုဂ္ဂိုလ်၏အမည်မှာ ကိုသာပိုဟု ခေါ်၏။ သူသည် ငယ်စဉ်ကတည်းက အင်းစမပညာကို အထူးပင် ဝါသနာကြီးသူဖြစ်သဖြင့် ဟိုဆရာမေး၊ ဒီဆရာမေးဖြင့် အင်းပညာကို လေ့လာဆည်းပူးခဲ့သူ ဖြစ်၏။

ယခုလည်း 'အ'အလယ်သေအင်းကို အလယ်မသေသေအောင် ကြိုးစားချနေခြင်း ဖြစ်၏။ နောက်ဆုံး ညနေနေဝင်ဖျိုးဖျအချိန်လောက်တွင်မှ ကံအားလျော်စွာ အင်းကွက်၏ အလယ်ကွောင်တည့်တည့်တွင် 'အ'ဝင်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ဤ'အ'အလယ်သေ အင်းနှင့်ပတ်သက်ပြီး သူ့မိတ်ဆွေပြော ခဲ့သည့်စကားကို ပြန်လည်ကြားယောင် မိသောကြောင့် ဖြစ်၏။

"ဒီမယ်သူငယ်ချင်း၊ အဲဒီလိုသာ 'အ' အလယ်သေသွားမယ်ဆိုရင် 'အ' အကွရာထည့်ပြီးတာနဲ့ တစ်ပြိုင်နက် အင်းဝိဇ္ဇာကြီးပေါ် လာလိမ့်မယ်။ အဲဒီ[illegible] ပေါ်လာပြီဆိုရင် မင်းအနေနဲ့ အဲဒီပုဂ္ဂိုလ် ကြီးဆီမှာ အင်းနဲ့ပတ်သက်ပြီး ကြိုက်[illegible] ပညာတွေ၊ အလိုရှိတာတွေအကုန်[illegible] တောင်းလို့ရတယ်"

ဟု ပြောခဲ့ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယခု သူ့အင်းကွက်ထဲတွင် 'အ' အလယ်သွင်းနိုင်သော်လည်း ထည့်သည့် အင်းဝိဇ္ဇာပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ပေါ်မလာသောကြောင့် ဖြစ်၏။

ထို့ကြောင့် သူလည်း မည်သည့်အကြောင်းကြောင့်ပါနည်းဟု စဉ်းစားရာ စိတ်ပျက်လက်ပျက်ဖြစ်ပြီး သူချခဲ့သည့်အင်းကို ပြန်လည်ငုံ့ကြည့်ပြီး ခေါင်းကိုက်ကာ စဉ်းစားခန်းဝင်နေလေတော့၏။ ထိုအချိန်တွင် ထူးခြားသော အသံတစ်သံက ထွက်ပေါ်လာခဲ့၏။

"မင်းရဲ့အင်းက ဘယ်ကလာပြီး ဝိဇ္ဇာပေါ်ပါ့မလဲ"

ဟု ဆိုလာသဖြင့် အသံလာသို့ လှမ်းကြည့်လိုက်သောအခါ အသက် (၅၀) အရွယ်ခန့်ရှိ လူတစ်ဦးကို တွေ့လိုက်ရသဖြင့် -

"ခင်ဗျားက ဘာကြောင့် ဒီလို ပြောရတာလဲ"

"ပြောရမှာပေါ့ကွယ်။ မင်းရဲ့အင်းက အင်္ဂါရပ်တွေပြည့်မှုမပြည့်စုံသေးတာကြီး၊ လိုအပ်ချက်တွေရှိနေသေးတယ်"

"ဘယ်လိုလိုအပ်ချက်များပါလဲ ခင်ဗျာ။ ဆရာကြီးက အင်းဆရာကြီးလား"

"အေး-ဟုတ်တယ်၊ အင်းဆရာပဲ။ အခု မင်းရဲ့အင်းမှာ အဓိကမပြည့်စုံသေးတဲ့အချက်ကတော့ 'အ' အလယ်သေအင်းဆိုတာ 'ကကြီး' ကနေ 'အ' အထိ ဗျည်း(၃၃)လုံးစလုံး မြင်းသွားနဲ့ဝင်သွားရမယ်၊ နောက်ဆုံး 'အ' ဟာ အင်းကွက်ရဲ့ အလယ်တည့်တည့်ဝင်သွားရမယ်။ ဒါ - နောက်ပြီး အရေးကြီးဆုံးအချက်က အဲဒီအလယ်မှာ 'အ' သေတယ်ဆိုတာ 'အ' ကနေပြီး အစဦးဆုံးအက္ခရာဖြစ်တဲ့ 'ကကြီး' ဆီကို မြင်းသွားနဲ့ပြန်ထွက်လို့ရရမယ်။ ခု မင်းအင်းက 'အ'ကနေပြီး 'ကကြီး' ဆီကို မြင်းနဲ့မှခုန်ထွက်လို့မရတာဘဲ"

"ဟင် - ဒါဆို ဆရာကြီးကတော်တော်သိတာပဲ။ အင်းပညာနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုသင်ပေးနိုင်မလား"

"အင်း - မင်းအနေနဲ့ ငါခိုင်းတာကို ဘာပဲဖြစ်ဖြစ် တစ်သဝေမတိမ်းလိုက်လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့-လုပ်ပါ့မယ်။ တိတိကျကျလိုက်နာပါ့မယ်။ အင်းသာသင်ပေးမယ်ဆိုရင် ဘာမဆိုလုပ်ဖို့အသင့်ပါဘဲ"

"အင်း - မင်းက အင်းပညာနဲ့ပတ်သက်ပြီး အတော်စိတ်အားထက်သန်တာပဲ။ ငါကလည်း ဒါမျိုးမှကြိုက်တာ။ မင်းအနေနဲ့ အင်းပညာသင်မယ်ဆိုရင် ငါနေတဲ့နေရာကိုလိုက်သင်မှရမယ်။ ငါက မအားဘူး"

"ဟုတ်ကဲ့ - လိုက်သင်ပါ့မယ်။ ဘယ်တော့လိုက်ရမှာလဲ ဆရာကြီး"

"လိုက်မယ်ဆို ခုလိုက်ခဲ့ရမယ်။ ဘယ်လိုလဲ၊ လိုက်မှာလား"

"ဟုတ်ကဲ့ - လိုက်ပါမယ်"

"ကဲ - ဒါဆို ငါနေတဲ့တောင်ကို သွားကြစို့"

ဟု တိုင်ပင်ပြောဆိုကြပြီးနောက် ကိုသာပိုသည် အင်းဆရာကြီးနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားခဲ့တော့၏။ ဆရာကြီးနေသောတောင်သို့ ရောက်သောအခါ သူသည် ဆရာကြီး၏ ဝတ်ကြီးဝတ်ငယ်တို့ကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပေး၏။ ရေခပ်၊ အဝတ်လျှော်ခြင်း၊ အစားအသောက်ချက်ပြုတ်ပေးခြင်းစသည်တို့ကို မညည်းမညူပြုစုပေး၏။ ဆရာကြီးကလည်း အားလပ်သည့်အချိန်များတွင် အင်းပညာကို သင်ပေး၏။ ကိုသာပိုကလည်း ကြိုးကြိုးစားစား လိုက်နာမှတ်သားနာယူခဲ့၏။

ဤသို့ဖြင့် အချိန်ကာလတို့သည် ရက်မှလ၊ လမှနှစ်သို့ တိုင်ခဲ့ပြီဖြစ်၏။ အမှန်တကယ်ကား ကိုသာပိုသည် လူပျိုလူလွတ်တစ်ဦး မဟုတ်ပေ။ ဇနီးမယားလည်းရှိ၏။ သားသမီးများလည်း ရှိ၏။ သူတို့ကိုအကြောင်းမကြားဘဲ ရုတ်တရက်ဆရာကြီးနှင့်လိုက်သွားပြီး ပျောက်ခြင်းမလှ ပျောက်သွားသဖြင့် ကျန်ရစ်ခဲ့သောသားမယားဖြစ်သူတို့ကလည်း စိတ်အပူကြီးပူနေကြ၏။ ကိုသာပိုအနေဖြင့်လည်း သူ၏ကျန်ရစ်ခဲ့သောမိသားစုကို သတိရနေမိ၏။ သူတို့ဘယ်လိုများနေကြမလဲ၊ ဘယ်လိုစားကြသောက်ကြမလဲဟု တွေးပြီးစိတ်ပူနေမိ၏။ သို့သော်လည်း မည်သို့မျှ မတတ်နိုင်။ အင်းပညာတတ်ဖို့က အရေးကြီးသည်ဟု ခံယူ၏။ သင်ကြားပြသပေးမည့်ဆရာနှင့်တွေ့တုန်း မယူလျှင် နောက်တစ်ကြိမ်ပြန်တွေ့ဖို့ဆိုသည်မှာ မမျှော်လင့်နိုင်သည့်ကိစ္စဟုလည်း ထင်မြင်ယူဆ၏။ နောက်တစ်နှစ်၊ နှစ်နှစ်လောက်ဆိုလျှင် အင်းပညာအတော်အသင့်ပြည့်စုံမည်ဖြစ်သဖြင့် မိသားစုနှင့်ပြန်လည်ဆုံတွေ့နိုင်တော့မည်ကိုလည်း တွေးတောနေမိ၏။ အချိန်မည်မျှကြာအောင်တွေးတောနေမိသည်မသိ ဆရာကြီး၏အသံကြားသောအခါတွင်မှ မော့ကြည့်မိ၏။

"ဒီမယ် - မောင်သာပို၊ မင်းကို ငါ ဒီနေ့ အင်းသင်ခန်းစာတစ်ခုသင်ပေးမယ်။ သေသေချာချာမှတ်ထားပါ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒီအင်းကို ဝါယောအင်းလို့ခေါ်တယ်။ ချမဆွဲနဲ့၊ စိတ်နဲ့ပဲမှတ်ထားပါ။ ဒါနဲ့ ငါအရေးတကြီးကိစ္စရှိလို့ ခရီးတစ်ခုသွားရမယ်။ ဒီအတွင်းဘာအမှားအယွင်းမှမလုပ်မိပါစေနဲ့ ကောင်းကောင်းမွန်မွန်စောင့်ရှောက်ထားပါ"

"ဟုတ်ကဲ့ ဆရာကြီး၊ စိတ်ချလက်ချသွားပါ"

ဤသို့ဖြင့် ဆရာကြီးလည်း ခရီးထွက်သွားလေတော့၏။

ဆရာကြီး ခရီးထွက်ပြီး နှစ်ရက်၊ သုံးရက်အရတွင် ကိုသာပိုလည်း နောက်ဆုံးသင်ပေးသွားသော ဝါယောအင်းကို စိတ်ဖြင့် လေ့ကျင့်လေ၏။ စိတ်ဖြင့်လေ့ကျင့်ရင်း အားမလိုအားမရဖြစ်လာလေ၏။ ထို့ကြောင့် မြေပြင်ပေါ်တွင် အနည်းငယ်ရှင်းလင်းလိုက်ပြီး တုတ်တစ်ချောင်းနှင့် မြေပြင်ပေါ်တွင် ဝါယောအင်းကို ရေးချကြည့်လိုက်၏။

ထိုနေရာသည် တောင်တစ်လုံး၏ထိပ်တွင်ဖြစ်၏။ ဝါယောအင်းချရေးပြီး မကြာမတင်မီတွင် မူလက ငြိမ်သက်နေသောလေသည် အနည်းငယ်ပိုတိုက်လာသည်ကို တွေ့ရ၏။ တဖြည်းဖြည်းနှင့် လေတိုက်ပိုပြင်းလာခဲ့၏။ ကိုသာပိုလည်း ဘယ်လိုဖြစ်တာလဲဟုသောအတွေးဖြင့် အခြေအနေကို စောင့်ကြည့်နေလိုက်၏။

ဤသို့ဖြင့် လေတိုက်ခြင်းသည် တစ်စထက်တစ်စပိုပြင်းလာခဲ့၏။ လေပြင်းကျသကဲ့သို့ဖြစ်လာ၏။တောတောင်တစ်ခုလုံးရှိ သစ်ပင်များအားလုံးယိမ်းထိုးလှုပ်ရှားကုန်တော့၏။ လေသည် လေပြင်းအဆင့်မှ လေမုန်တိုင်းအဆင့်သို့ ကူးပြောင်းသွားတော့၏။ ထိုအချိန်တွင် တစ်တောလုံးတစ်တောင်လုံး ဆူညံနေတော့၏။ လေသည် တဖြည်းဖြည်းနှင့် သာမန်လေမုန်တိုင်းအဆင့်မှအပြင်းထန်ဆုံးသော လေမုန်တိုင်းအဖြစ်သို့ ကူးပြောင်းသွားတော့၏။ ထိုအခါ ကိုသာပိုလည်း ဘာလုပ်၍လုပ်ရမှန်းမသိဘဲ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေတော့၏။ ကိုသာပိုရပ်နေသော တောတောင်တစ်ခုလုံးသည် ကမ္ဘာပျက်သကဲ့သို့ဖြစ်နေလေတော့၏။

ထိုသို့ဖြစ်ပျက်ပြီး မကြာမတင်မီတွင် ကိုသာပို၏ အင်းဆရာကြီး ကမန်း



www.burmeseclassic.com

www.burmeseclassic.com

ကတန်းရောက်ရှိလာပြီးနောက် ကိုသာပို မြေပြင်ပေါ်တွင်ဆွဲထားသော ဝါယော အင်းကို အဆောတလျင်ပင် ဖျက်ပစ် လိုက်လေတော့၏။ ထိုကဲ့သို့ အင်းကို ဖျက်ပစ်လိုက်ပြီးသောအခါတွင်မှ လေ မှာ တဖြည်းဖြည်းငြိမ်သွားလေ၏။ လေ လုံးဝငြိမ်သက်သွားသောအခါတွင် မူလ က မှုန်မှိုင်းအုံ့ဆိုင်းနေမှုများ ပျောက် ကွယ်သွားပြီး ပတ်ဝန်းကျင်သည် တဖြည်း ဖြည်းပြန်လည်ကြည်လင်လာသောအခါ တွင်မှ ထင်ရှားစွာမြင်ရတော့၏။ ထိုအခါ တွင်မှ ကိုသာပိုသည် ပတ်ဝန်းကျင် ကို အသေအချာကြည့်ပြီး မျက်လုံးပြူး သွားရတော့၏။

ထိုအခါတွင် အင်းဆရာကြီးက -

"ကဲ - မောင်သာပို၊ ဘယ်လိုဖြစ် တာလဲ။ ငါအသေအချာမှာထားတယ် မဟုတ်လား။ အဲဒီဝါယောအင်းကို ချမဆွဲပါနဲ့လို့"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်မှားသွားမိပါတယ်"

"ခုတော့ကြည့်စမ်း။ ဒီတစ်တော တစ်တောင်တစ်ခုလုံး ဘယ်လောက် အခြေအနေဆိုးကုန်ပြီလဲ။ အားလုံး အလဲလဲအပြိုပြိုဖြစ်ကုန်ပြီ။ မင်းရဲ့အမှု မဲ့အမှတ်ပြုလိုက်တဲ့အကျိုးကို တွေ့တယ် မဟုတ်လား။ ငါခဏခဏပြောပါတယ်။ ဒီပညာတွေဟာ ပေါ့သေးသေးပညာ တွေမဟုတ်၊ အင်အားသိပ်ကြီးတာ။ အခုတွေ့ပြီမဟုတ်လား"

"ဟုတ်ကဲ့ - တွေ့ပါပြီ။ ဘယ်လိုမှ ထင်မထားတာတွေဖြစ်ကုန်တာပါဘဲ"

"အခုတကယ့်လက်တွေ့မှာတော့ ဘယ်လောက်ကြေကွဲဖို့ကောင်းလဲ။ သစ် ပင်ဝါးပင်တွေ ပျက်စီးရုံမျှမကဘူး။ ဒီ တောဒီတောင်မှာ မှီခိုနေထိုင်ကြတဲ့ သတ္တဝါတွေလည်း များစွာပဲ သေကျေ ပျက်စီးကြရတယ်။ ဒီအတွက် မင်းမှာ တာဝန်ရှိတယ်။ ဒီတာဝန်ကို မင်းယူရ မယ်"

"ယူပါ့မယ် ခင်ဗျာ"

"တာဝန်ယူမယ်ဆိုရင် ဟောဒီ တောင်းလေးနှစ်လုံးနဲ့ ဆန်အလှူခံထွက် ပါ။ ဟောဒီထမ်းပိုးကိုသုံးပြီး ရှေ့တောင်း၊ နောက်တောင်းပုံစံမျိုးနဲ့ထမ်းပြီး တစ်ရွာ ဝင်တစ်ရွာထွက် ဆန်အလှူခံထွက်ပေ တော့။ အဲဒီတောင်းလေးနှစ်လုံးထဲမှာ ဆန်အပြည့်ဖြစ်တော့မှ ငါ့ဆီကိုပြန်လာ ခဲ့ပါ။ သေသေချာချာလိုက်နာပါ။ ဒီကိစ္စ ဟာ တာဝန်ပေးခြင်းဖြစ်သလို ပြစ်ဒဏ် ခတ်ခြင်းလည်းမည်တယ် နားလည် လား"

"ဟုတ်ကဲ့-နားလည်ပါတယ်ဆရာ ကြီး"

"အေး - ဒါဆို ခုပဲစပြီးဆန်အလှူ ခံထွက်ပေတော့"

ဟု မိန့်ကြားလိုက်သဖြင့် ကိုသာပို လည်း တောင်းလေးများကို ထမ်းပိုးဖြင့် ရှေ့တစ်တောင်း၊ နောက်တစ်တောင်း ထမ်းကာ ရွာများဆီသို့ ဦးတည်၍ထွက် လာခဲ့တော့၏။

## ❑ပြည့်နိုင်ခဲသောဆန်တစ်စိတ်ဝင်တောင်း လေးများ

ကိုသာပိုသည် ဆရာကြီး၏ ဒဏ် ပေးခြင်းကိုခံရသဖြင့် ဆရာကြီးပေး သော တောင်းလေးနှစ်လုံးကိုထမ်းပြီး တောင်ပေါ်မှဆင်းလာခဲ့၏။ လမ်းတွင် စဉ်းစားမိသည်မှာ ဤဆန်ထည့်ရမည့် တောင်းလေးများသည် ဝါးကိုရက်ပြီး ထားသည့်တောင်းများ ဖြစ်၏။ ထို တောင်းလေးများထဲတွင် ဆန်ထည့်မည် ဆိုပါက ဆန်တစ်စိတ်ပမာဏထက် မည်သို့မျှ ပို၍ဆံ့နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အဆိုပါဆန်တောင်းများပြည့် ရန် နှစ်ရက်၊ သုံးရက်ထက်ပို၍ ဆန်ခံ ထွက်စရာအကြောင်းမရှိဟု စဉ်းစားမိ ၏။ အကယ်၍ အခြေအနေပေးလျှင် ယနေ့ညနေ နေမဝင်မီတွင်ပင် ဆန်ပြည့် သွားနိုင်မည်ဖြစ်ကြောင်းကိုလည်း တွေး လိုက်မိ၏။

ဤသို့ဖြင့် ကိုသာပိုသည် တောင် ခြေသို့ရောက်ရှိပြီးနောက် အနီးဆုံးတွေ့ သောရွာထဲသို့ ဆန်အလှူခံဝင်ရာ ရွာသူ ရွာသားများကလည်း စေတနာထက်ထက် သန်သန်ဖြင့် ဆန်လှူကြရာ ကိုသာပို လည်း အတော်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားခဲ့ရ၏။ ဤသို့ဖြင့် ဆန်ခံရင်း နေဝင်သွားသဖြင့် ရွာအစွန်ရှိ ဇရပ်သို့



သွားရောက်ကာ တစ်ညတာနားခိုအိပ် စက်ရန်အတွက် ပြင်ဆင်လေ၏။ ဇရပ် သို့ရောက်ပြီး ဆန်တောင်းလေးများထဲ သို့ကြည့်လိုက်သောအခါ တစ်ဝက်နီးပါး ခန့် ဆန်များရလာသဖြင့် အတော်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားတော့၏။ ထို့ကြောင့် ပါလာသည့် ကောက်ညှင်း ထုပ်ကို ဖြေစားလိုက်ပြီး ရေသောက်ကာ အိပ်စက်လိုက်တော့၏။ မကြာမီပင် နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့ ၏။

အိပ်ပျော်ပြီးနောက် အရုဏ်တက် ခါနီးအချိန်တွင် ထူးခြားသောအိပ်မက် တစ်ခုမက်ခဲ့၏။ အိပ်မက်ထဲတွင်သူထမ်း လာသောတောင်းများသည် ယခုအပြင် တွင် တွေ့နေရသော တောင်းငယ်များ မဟုတ်ဘဲ အလွန်တရာကြီးမားသော တောင်းကြီးများဖြစ်နေကြောင်း တွေ့ရ လေ၏။ တောင်းကြီးများ၏ပမာဏကား အဘယ်မျှကြီးသနည်းဟုမူ အိမ်ကြီး တစ်လုံးစာလောက်မျှရှိသဖြင့် လန့်သွား တော့၏။ မကြာမီပင် ကိုသာပိုလည်း အိပ်ရာမှနိုးလာခဲ့၏။

သူ၏အိပ်မက်မှာ ထင်ရှားလွန်း လှသဖြင့် အိပ်ရာမှနိုးသည့်တိုင် မေ့ ဖျောက်၍မရနိုင်ဘဲ ထင်ထင်ရှားရှားပင် မှတ်မိနေခြင်းဖြစ်သဖြင့် ညဦးက ဆန်ခံ တောင်းများရှိရာသို့ သွားရောက်ကြည့်မိ လေ၏။ အဆိုပါ ဆန်ခံတောင်းလေးများ သည် ပကတိအတိုင်းပင်ရှိနေသဖြင့် စိတ်သက်သာရာရသွားခဲ့၏။ ထို့နောက် ကိုသာပိုသည် ကိုယ်လက်သုတ်သင်ပြီး နောက် ဘုရားဝတ်တက်ကာ အင်းလ စဉ်လိုက်စားသူတို့ နေ့စဉ်လုပ်ကိုင်ရမည့် ပြုဖွယ်ကိစ္စကို ပြုလုပ်လေတော့၏။

ပြုဖွယ်ကိစ္စများ ပြုလုပ်ပြီးသည့် နောက် ကိုသာပိုသည် ဆန်အလှူခံခြင်း လုပ်ငန်းကို မြန်မြန်ပြီးစီးရန်အတွက် နံနက်စောစောပင် စတင်ထွက်ခွာ လုပ်ကိုင်လေတော့၏။ ဤနေ့လည်း ကိုသာပိုသည် နေထွက်မှသည် နေဝင် သည်အထိ မနေမနားဘဲ ဆန်အလှူခံ ခြင်းအမှုကိုပြုလေ၏။

ထို့နောက် ဤနေ့အဖို့ နားခိုအိပ် စက်ခြင်းအတွက် တည်းခိုမည့်နေရာ ထိုနောက်ဆုံးအလှူခံသည့်ရွာ၏ ဘုန်း ကြီးကျောင်းတွင်နားမည်ဟု ဆုံးဖြတ် ချက်ပြုလိုက်ပြီး ဘုန်းကြီးကျောင်း အတွက် လှူဒါန်းဖွယ်ရာအချို့လှူဒါန်း ပြီး တစ်ညတာအိပ်စက်ခွင့်တောင်း ဘုန်းတော်ကြီးလည်း ခွင့်ပြုပြီးနေရာ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခင်းပေးလိုက်၏။

ထို့ကြောင့် ကိုသာပိုသည် သူ တည်းရမည့်နေရာသို့ သွားရောက်ကာ နေရာချထားလေ၏။ တစ်ဆက်တည်း တွင် သူ့ဆန်ခံတောင်းလေးထဲ၌ ဆန် ည်မျှရနေပြီကို သိရှိရန်ကြည့်လိုက်ရာ ရက်လုံးပြုံးသွားလေတော့၏။ အဘယ် ကြောင့်ဆိုသော် သူဒီနေ့တစ်နေ့လုံး ဆန် အလှူခံခဲ့၏။ လှူဒါန်းသူများကလည်း အတော်များများပင် လှူဒါန်းခဲ့ကြ၏။ သို့သော် ဆန်သည် တောင်းထဲတွင် ပြည့်မလာဘဲ ယမန်နေ့ကအတိုင်း သောကမျှလောက်ပင် ဖြစ်နေလေ၏။ ထို့ကြောင့် တောင်းများပေါက်နေ သလားဟုထင်ပြီး တောင်းကလေးနှစ် ခုစလုံးအား နှံ့နှံ့စပ်စပ်ရှာဖွေစစ်ဆေး ကြည့်၏။ လုံးဝ အပေါက် ဟူ၍ လည်း ကောင်း၊ ယိုစရာဖိတ်စရာ ဟူ၍ လည်း ကောင်း တစ်စုံတစ်ရာမျှ မတွေ့ရှိရပေ။

သို့ဖြစ်သောကြောင့် ကိုသာပို သည် အထူးပင်စဉ်းစားရကျပ်ပြီး ခေါင်း ခြောက်သွားခဲ့ရတော့၏။ သူသည် ထူးဆန်းသော အဖြစ်အပျက်တစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီလားဟူ၍ သံသ ယလည်းဖြစ်သွား၏။

ဤသံသယ မှန်ကန်ကြောင်းကို နောက်နေ့များတွင်လည်း ကြုံတွေ့ရ သော ဤကဲ့သို့သော အဖြစ်အပျက်မျိုး ကြောင့်ပင် တွေ့ရှိရသဖြင့် အထူးပင် အံ့မိသောကပွားရတော့၏။ ယခုကဲ့သို့ ဤတောင်းထဲသို့ဘယ်လောက်ပင်ထည့် ထည့် ပြည့်လာသည်ဟူ၍မရှိခြင်းသည် အလွန့်အလွန်အလာအရ အတော်ပင် စိတ်ပျက်ဖွယ်ကောင်းမည့်ကိစ္စ ဖြစ်၏။ ထို့ကြောင့်လည်း ကိုသာပိုသည် ဆန် အလှူခံခြင်းကိစ္စကို တစ်ရက်မျှပျက်ကွက် ခြင်းမဖြစ်စေဘဲ အားထုတ်ကြိုးပမ်းခဲ့၏။

ထိုသို့ ကိုသာပို၏ ဆန်အလှူခံ ခြင်းလုပ်ငန်းသည် 'ရက်' မှသည် 'လ' လည်းကောင်း၊ 'လ' မှသည် 'နှစ်' လည်းကောင်း ကူးပြောင်းသာလာခဲ့ သည်၊ အလှူခံရရှိသောဆန်ကား တောင်းကလေးထဲတွင် ပြည့်မလာခဲ့ပေ။ ထို့ကြောင့် အဆိုပါ လုပ်ငန်းအတွက် ကိုသာပိုသည် အထူးပင် စိတ်ပျက်အား လျော့သော်လည်း ဇွဲကိုကား မလျှော့ ချေ။ ထိုနည်းအားဖြင့် ကိုသာပိုသည် ၎င်း၏ ဆန်တောင်းလေး တစ်နေ့ပြည့်နိုး မျှော်လင့်အားခဲရင်း လုပ်ကိုင်လာခဲ့ သော အချိန်ကာလအားဖြင့် (၃) နှစ်တင်း တင်းခဲ့သောအခါတွင်မှ ဆန်တောင်း လေး ပြည့်သောအဖြစ်သို့ ရောက်ရှိခဲ့ လေတော့၏။

ထိုနေ့သည်ကား ကိုသာပို၏ ဘဝ အဖို့ အပျော်ဆုံးနေ့တစ်နေ့ဖြစ်ခဲ့၏။ စည်းနှောင်ထားသော အနှောင်အဖွဲ့ အားလုံးတို့မှလည်း လွတ်ကျွတ်သွား သကဲ့သို့လည်း ခံစားလိုက်ရ၏။ ဝေဝါး သွားသော အနာဂတ်မျှော်လင့်ချက်တို့ သည် ထင်ရှားပီပြင်လာသကဲ့သို့ ဖြစ်လာ ၏။ စိတ်အားများလည်း တက်ကြွသွား တော့၏။

သို့ဖြစ်သောကြောင့် ကိုသာပို သည် နောက်တစ်နေ့နံနက်စောစောထ ၍ ဆန်တောင်းနှစ်တောင်းကိုထမ်းကာ သူ့ဆရာရှိသည့်တောင်သို့ ပြန်လာခဲ့၏။ တောင်ပေါ်သို့ ရောက်သောအခါတွင် ကိုသာပိုသည် သူ့ဆရာကြီးနေသည့် တရားကျောင်းထဲသို့ ဝင်သွားလိုက်၏။ ထိုအထဲတွင် ဆရာကြီးကို မတွေ့သဖြင့် အပြင်ပြန်ထွက်လာကာ အနီးပတ်ဝန်း ကျင်၌ ဆရာကြီးရှာခဲ့၏၊ မတွေ့ရပေ။ ထို့ကြောင့် ဟိုဟိုဒီဒီလှမ်းမျှော်ကြည့် လိုက်ရာ တောင်ခါးပန်းနေရာမှ မီးခိုး များအူထွက်နေသည်ကို တွေ့ရသဖြင့် ခေတ္တမျှ စဉ်းစားကြည့်လိုက်၏။

ထိုအခြင်းအရာသည် ထူးခြားလှ ၏။ လွန်ခဲ့သော (၃) နှစ်က ဤတောင် တော်တွင်နေထိုင်ခဲ့သည့် ကာလတစ် လျှောက်လုံး မီး ဟူ၍ လည်းကောင်း၊ မီးခိုး ဟူ၍ လည်းကောင်း မရှိပေ။ ဆရာ ကြီးကိုယ်တိုင်ကလည်း မည်သည့်အခါ တွင်ကမျှ မီးမွှေးပြီးချက်ပြုတ်စား သောက်သူမျိုး မဟုတ်ပေ။ မီးလွတ် စားလေ့ရှိသည့်ပုဂ္ဂိုလ်မျိုးသာ ဖြစ်၏။ ထို့ကြောင့် ကိုသာပိုလည်း ဤတောင် တော်သို့ ရောက်သည့်နေ့မှစပြီး ဆရာ ကြီးကဲ့သို့ပင် မီးလွတ်စားခဲ့၏။

သို့ဖြစ်ပါသောကြောင့် ယခုကဲ့သို့ တောင်ခါးပန်းမှ မီးခိုးများအူထွက်နေ ခြင်းသည် မည်သည့်အကြောင်းခြင်းရာ များနည်းဟူသော သိလိုစိတ်ကပြင်းထန် လာသဖြင့် ကိုသာပိုသည် မီးခိုးများအူ ထွက်နေသည့်နေရာသို့ အပြေးအလွှား ပြေးဆင်းသွားလိုက်၏။ ထိုနေရာသို့ ရောက်သောအခါ ဒယ်ကြီးနှစ်လုံးကို တွေ့ရ၏။ ဒယ်ကြီးထဲတွင် ရေများ အပြည့်ထားသည်ကိုတွေ့ရပြီး ထိုဒယ် များအောက်မှ မီးလောင်နေသည့် ထင်း ချောင်းများကို တွေ့ရပြန်သဖြင့် မီးထိုး နေသူကို တစ်ဖန်ကြည့်လိုက်ပြန်သော အခါတွင်မူ အလွန်ပင် အံ့ဩသွားရလေ တော့ ၏။

အဘယ်ကြောင့်ဆိုသော် ထိုမီးဖို မှမီးများကိုထိုးပေးနေသူမှာ သူ၏အင်း ဆရာကြီးဖြစ်နေသောကြောင့်ပင်တည်း။ ထို့ကြောင့်လည်း ကိုသာပိုသည် ကမန်း ကတန်းပင် ဆရာကြီးအနီးသို့ တိုးကပ် သွားကာ ရှိခိုးကန်တော့လိုက်ပြီး -

"ဆရာကြီးခင်ဗျား၊ ဆရာကြီးခိုင်း တဲ့အတိုင်း ကျွန်တော်လုပ်ငန်းပြီးစီး အောင် တာဝန်ယူလုပ်ဆောင်ခဲ့ပြီးပါပြီ"

ဟု ပြောလိုက်သောအခါ ဆရာ ကြီးက လက်ကာပြ၍ ကိုသာပိုဆက် ပြောမည့်စကားကို ဟန့်တားလိုက်ကာ လေးနက်တည်ကြည်သော အမူအရာ မျိုးဖြင့် -

"တာဝန်က မပြီးသေးဘူး မောင် သာပို။ အခု မင်း အလှူခံလို့ရလာတဲ့ ဆန်တွေကို ဟောဒီဒယ်အိုးကြီးတွေထဲ ထည့်ပြီးချက်ရမယ်။ ထမင်းကျက်ပြီ ဆိုတာနဲ့ ဒီတောဒီတောင်တစ်ခုလုံးမှာ ရှိတဲ့သတ္တဝါတွေကို ဖက်တွေပေါ်မှာတင် ပြီး နေရာအနှံ့လိုက်ကျွေးရမယ်။ အဲဒီ အလုပ်ကို မင်းအလှူခံလာတဲ့ ဆန်တွေ မကုန်မချင်း ချက်ပြီးကျွေးရမယ်"

ဟု ပြောလိုက်သဖြင့် ကိုသာပို လည်း သူအလှူခံလာသော တောင်း များထဲမှဆန်တို့ကို ချင့်တွယ်ယူငင်ပြီး ဒယ်အိုးထဲထည့်ကာ ချက်လေတော့၏။ ထမင်းကျက်သောအခါ တောထဲမှ အင်ဖက်များကိုလိုက်ခူးပြီး သေချာစွာ ဆေးကြောလေတော့၏။ ဆေးကြောပြီး သောအခါ အင်ဖက်များကို အဝတ် ခြောက်ဖြင့် ရေစင်အောင်သုတ်လေ၏။

ထို့နောက် ဖက်များပေါ်တွင် ထမင်းများပုံကာ ဟိုတစ်ပုံဒီတစ်ပုံပြုပြီး တောတောင်အနှံ့ သတ္တဝါများအား လိုက်ကျွေးရလေ၏။ ကိုသာပိုလည်း သူ အလှူခံလာသည့်ဆန်များကို နေ့စဉ်ပြန် ချက်ပြီးကျွေးရသောအလုပ်ကို လုပ်ရ လေတော့၏။ ထိုအလုပ်သည်လည်း လွယ်ကူသည်တော့ မဟုတ်ပေ။

ကိုသာပိုသည် နံနက်ပိုင်းတွင် ဒယ်ကြီးများဖြင့် ထမင်းချက်ရခြင်း၊ ထမင်းကျက်သောအခါ ဖက်များဖြင့် သတ္တဝါများအား တောတောင်အနှံ့ လိုက်ကျွေးရခြင်း၊ ကျွေးပြီးသောအခါ ဒယ်များဆေးကြောသန့်ရှင်းရေးလုပ်ရ ခြင်းကို ပြုရလေ၏။ နေ့လယ်ပိုင်းတွင် တောထဲတောင်ထဲလှည့်ပြီး သစ်ကျိုး၊ ဝါးကျိုးများကို နောက်တစ်နေ့အတွက် လောင်စာအဖြစ်အသုံးပြုရန် ထင်းခွေ



www.burmeseclassic.com

www.burmeseclassic.com

ရ၏။ ညနေဘက်တွင် ထမင်းပုံကျွေးရန် လိုအပ်သော အင်ဖက်များကို လိုက်ခူးရလေ၏။ ဖက်ခူးပြီးလျှင် ရေဆေးကာ သန့်စင်စေ၍ သွေ့ခြောက်စေကာ အစီအရီထပ်ထားရ၏။ ပြီးသောအခါတွင်မှ ညချမ်းအချိန်တွင် ကိုသာပို ဘာဝနာပွားခြင်းအမှုကို ပြုရလေတော့၏။ ဤဆောင်ရွက်ချက်တို့သည် ကိုသာပို၏ နိစ္စဓူဝပြုရသောလုပ်ငန်းများ ဖြစ်၏။

**□ ကုန်နိုင်ခဲသောဆန်တစ်စိတ်ဝင်တောင်းလေးများ**

ကိုသာပိုသည် အဆိုပါ တောင်းလေးများပြည့်အောင် ဆန်အလှူခံရခြင်းအမှုကို မမျှော်လင့်ဘဲ သုံးနှစ်သုံးမိုးပြုခဲ့ရ၏။ ထို့အတူ ယခုအခါ ထိုတောင်းထဲထည့်ထားသောဆန်များ ကုန်အောင်လည်း ပြန်သုံးရမည် ဖြစ်၏။ ထိုဆန်များကို ကုန်စင်အောင်ပြန်သုံးသည်ဆိုရာတွင် ကုန်လျှင်ပြီးရော ဗုံးပေါလအောသုံး၍မရပေ။ စည်းစနစ်တကျသာ သုံးစွဲခွင့်ရ၏။ ကိုသာပိုသည် သတ္တဝါတို့အားအစာကျွေးပြီးချိန် နေ့လယ်ပိုင်းတွင် တောတောင်အနှံ့ကျွေးထားသောနေရာများ၏အခြေအနေကို လိုက်လံစစ်ဆေးရ၏။ အကယ်၍ အချို့သောကျွေးထားသည့်နေရာများတွင် ထမင်းများမကုန်လျှင် ထိုကျန်ရှိနေသောပမာဏကို ချင့်တွက်ပြီး နောက်တစ်နေ့တွင် လျှော့ချက်ရ၏။ အကယ်၍ မလောက်လျှင် ထပ်တိုးပြီးချက်ရ၏။ ကိုသာပိုအနေဖြင့် ယခုကဲ့သို့ တောင်းထဲမှ ဆန်များကို ပြန်ယူချက်ခြင်းသည် သိပ်မကြာနိုင်ဟု တွက်ဆ ထား၏။

သို့သော်လည်း တောင်းထဲမှ ဆန်များကို နေ့စဉ်ခပ်ပြီးချက်၍သုံးနေသော်လည်း ရက်မှလ၊ လမှနှစ်သို့သာတိုင်ခဲ့ပြီဖြစ်၏။ တောင်းထဲမှဆန်များမကုန်သေးပေ။ သို့သော် ဖွဲ့မလျှော့ဘဲ နေ့စဉ်ထမင်းချက်ခြင်းအမှုကိုပြုကာ သတ္တဝါများအတွက် ကျွေးမြဲအတိုင်းသာ ကျွေးလာခဲ့၏။ ဤသို့ဖြင့် စိတ်ရှည်ရှည်လုပ်ကိုင်လာခဲ့ရာ (၃) နှစ်တင်းတင်း ပြည့်မြောက်သောအချိန်တွင်မှ တောင်းထဲရှိဆန်များ ကုန်သွားလေတော့၏။ ထိုနေ့သည်ကား ကိုသာပိုအဖို့ အပျော်ဆုံးနေ့ပင် ဖြစ်၏။ ထို့ကြောင့် ဆန်ကုန်သောနေ့တွင် ဆရာကြီးထံ အပြေးအလွှား သွားရောက်ပြီး ဝမ်းသာအားရဖြင့် -

"ဆရာကြီးခင်ဗျား၊ ဆရာကြီးခိုင်းတဲ့အတိုင်း ကျွန်တော်ဟာ လုပ်ငန်းပြီးစီး



အောင် တာဝန်ယူ လုပ်ဆောင်ခဲ့ပြီး . . ."

ဟု ပြောလက်စစကား မပြီးစီးမီပင် ဆရာကြီးက လက်ကာပြပြီး ဟန့်တားလိုက်သဖြင့် ကိုသာပိုလည်း အလွန်ပင် ထိတ်ထိတ်ပျာပျာဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ ပြောလက်စစကားကို ရပ်တန့်လိုက်ခြင်း ဖြစ်၏။

"ဒီမယ် မောင်သာပို၊ မင်းရဲ့တာဝန်ကပြီးပြီဆိုလို့မရသေးဘူး။ ဘာလဲဆိုတော့ မင်းဟာ ဒီဒေသ၊ ဒီတော၊ ဒီတောင်၊ ဒီဝန်းကျင်မှာ အမှားကြီးတစ်ရပ်ကိုလုပ်ခဲ့မိတယ်။ အဲဒါကြောင့် ဒီဝန်းကျင်မှာရှိတဲ့ သတ္တဝါပေါင်းများစွာ သေကျေပျက်စီးခဲ့ရတယ်။ မိတကွဲဖတကွဲ သားတကွဲမယားတကွဲဖြစ်ခဲ့ကြရတယ်။ တောတောင်တွေတစ်ခုလုံးဟာလည်း ဖရိုဖရဲ ပြိုလဲပျက်စီးခဲ့ရတယ်။

ဒီလောကကြီးမှာ သဘာဝနိယာမတစ်ရပ်ရှိတယ်။ ကိုယ်ပြုခဲ့တဲ့ကံအတိုင်း ကိုယ်ပြန်ခံစားရတယ်။ ကောင်းကျိုးလုပ်လည်း ကောင်းတဲ့အကျိုးကို ကျိန်းသေပြန်ရတယ်။ မကောင်းမှုပြုခဲ့ရင်လည်း ဒီအတိုင်းပဲ။ သူ့အားနဲ့ညီမျှတဲ့ ဒဏ်ပြန်အားဆိုတာ ရှိစမြဲပဲကွယ့်။ မင်းကြောင့် ပျက်စီးခဲ့ရတဲ့ ပျက်စီးမှုတွေအတွက် မဖြစ်မနေ ဘဏ္ဍာစားဆိုတာ ပြန်ပေးရတယ်။ အဲဒါလျော်ကြေးပဲ။ အဲဒီလျော်ကြေးပေးဖို့ကို ရှောင်လွှဲနေလို့ မရဘူးလားဆိုတော့ ရှောင်လွှဲနေလို့ရတယ်။

ဒါပေမယ့် အရေးကြီးတာက ရှောင်လွှဲနေလို့ ပြီးသွားသလားဆိုတော့ မပြီးဘူး။ ဘယ်နည်းနဲ့မှမပြီးဘူး။ တို့ရဲ့ ဝိဇ္ဇာဓရလမ်းစဉ်မှာ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာနဲ့ ဒီဘဝမှာတင်ခဲ့တဲ့ကြွေးကို ဘာဖြစ်လို့

အချိန်ဆွဲနေမှာလဲ။ ဒီဘဝထဲမှာပဲ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာတွေနဲ့ အပြီးပြန်ဆပ်လိုက်တာ အကောင်းဆုံးပဲ မဟုတ်လား မောင်သာပိုရဲ့"

"ဟုတ်ကဲ့၊ အဲဒါအကောင်းဆုံး ဖြစ်ပါလိမ့်မယ်"

"အေး - အဲဒီလိုမှ ဒီဘဝမှာချက်ချင်းပြန်မဆပ်ဘဲ ရှောင်လွှဲနေမယ်ဆိုရင် ဒီအကြွေးတွေကိုပြန်ဆပ်ဖို့ နောက်ဘဝတစ်ခု၊ နောက်ခန္ဓာတစ်ခု၊ နောက်အခြေအနေတစ်ခုကို ပြန်ယူရလိမ့်မယ်။ ဒါ မင်းစဉ်းစားကြည့်၊ တို့ရဲ့ ဝိဇ္ဇာဓရလမ်း ဆိုတာ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာမှာ အနိစ္စ ဒုက္ခ၊ အနတ္တနဲ့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တွေကို ကွင်းရှောင်ပြီး ဘာဝနာပွားများ မှုတွေများများရအောင်၊ ပါရမီတွေများ များဖြည့်နိုင်အောင် ဇာတိ၊ ဇရာ၊ ဗျာ မရဏတွေ အနှောင့်အယှက်မပြုနိုင် နိစ္စ၊ သုခ၊ အမတလမ်းစဉ်အတိုင်း သုံးနိုင်သောဘဝနေနည်းကို အရယူ ရည်ရွယ်ခြင်း ဖြစ်တယ်။ ဒါကြော လက်ရှိ ဒီဘဝ၊ ဒီရုပ်၊ ဒီခန္ဓာမှာ အကြွေးတွေမှတင်မနေဖို့လိုတယ်။ ရှိနေရင်စောစောဆပ်တာ၊ ပြည့်ပြည့် နဲ့ ပိုပိုသာသာဆပ်တာ အကောင်းဆုံး ဝိဇ္ဇာဓရလမ်းစဉ်မှာ ကြွေးကင်းမှု ပဓာနကျတယ်။ ထွက်ရပ်ပေါ် အတွက်က စစ်မှန်တဲ့ အာစရိယဝါ ရရှိဖို့လည်း အရေးကြီးသလို ကြွေး ဖို့လည်း အရမ်းအရေးကြီးတယ်။

အေး-ကြွေးတွေတင်နေတဲ့ပုဂ္ဂိုလ် မျိုးဆိုလို့ကတော့ ဒီဘဝထွက်ရပ်မပေါ် အောင်၊ မထွက်နိုင်အောင် သက်ဆိုင် ပုဂ္ဂိုလ်က တားထားလို့ရတယ်။ မဟုတ် ဒီအကြွေးတွေဆပ်ဖို့နောက် နောက်ရုပ်၊ နောက်ခန္ဓာတစ်ခုထပ် ရပေလိမ့်မယ်။ သဘောပေါက် မောင်သာပို"

"ဟုတ်ကဲ့ ဆရာကြီး၊ ဝိဇ္ဇာ လမ်းစဉ်လိုက်တဲ့သူတွေဟာ ကြွေး ရမယ်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော့်ကိစ္စနဲ့ပတ်သက်ပြီး ဖြစ် ကိုတော့ သဘောပေါက်ပါပြီ။ အဲ ကိစ္စမျိုးက ကျွန်တော့်အထင် ကျ မယ်ထင်ပါတယ်။ နောက်ဘယ်လို တွေလဲဖြစ်တတ်ပါသေးလဲ။ ရှင်း ပါဦး"

"အင်း-အဲဒီကြွေးကိစ္စနဲ့ပတ် ပြီး ပြောရမယ်ဆိုရင် အများဆုံး ဖြစ်ထရှိတာကတော့ ငွေရေးကြေး ကိစ္စပဲ။ အဲဒါကိုပြောမယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာအဖြစ်တတ်ဆုံးမို့လို့ ပြောမယ်။ သေသေချာချာမှတ်ထား။ ဘာဖြစ်လို့လဲဆိုတော့ မင်းအနေနဲ့လည်း နောက်ပိုင်း ဒီကိစ္စမျိုး ကြုံတွေ့ရနိုင်တယ်လေ"

"ဟုတ်ကဲ့ပါ ဆရာကြီး။ သေသေချာချာ မှတ်သားပါ့မယ်"

"ဒီလိုကွယ့်၊ ဒီဝိဇ္ဇာမရေလမ်းစဉ်လိုက်တဲ့ပုဂ္ဂိုလ်တွေဟာ သမာဓိနဲ့ ပညာတွေကို ဦးစားပေးရသလို သီလကိုလည်း ရှေ့တန်းမှာထားရတယ်။ အထူးသဖြင့် ကျင့်စဉ်အဆင့်အတန်းအတော်အသင့် မြင့်မားလာပြီဆိုတာနဲ့ ပိုပြီးသတိထားရတယ်။ အထူးသဖြင့် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာ(၃)ပါးနဲ့ ပတ်သက်လာရင် ပိုပြီးသတိထားရသေးတယ်။ ဥပမာဆိုပါတော့ကွာ သံဃာနဲ့ပတ်သက်တဲ့ကိစ္စကို စပြောမယ်။ တို့ဗုဒ္ဓဘာသာဝင်တွေဟာ မိမိနေထိုင်ရာ နေရာဒေသတွေမှာ သံဃာတွေကို အပတ်စဉ်ဆွမ်းလောင်းတဲ့ ဆွမ်းပတ်အဖွဲ့တွေဖွဲ့ကြတယ်။ အဲဒီမှာ ကိုယ်တစ်ဦးတည်းလှူတာကတော့ ကိစ္စမရှိဘူး။ တကယ်လို့ တစ်ဦးတည်းမတတ်နိုင်လို့ အများစုဖွဲ့ပြီး ဆွမ်းလောင်းတာကတော့ အများဆီက ငွေကောက်ခံရတယ်။ ငွေတွေသတ်မှတ်ချက်ပြည့်အောင်ရတော့မှ မိမိတို့ရည်ရွယ်တဲ့နေ့မှာ ဆွမ်းလောင်းဖို့ ချက်ပြုတ်ကြတယ်။ အဲဒီမှာဦးစီးဦးဆောင်ပြုလုပ်တဲ့ နိဗ္ဗာန်ဆော်ပုဂ္ဂိုလ်က ဆွမ်းလောင်းဖို့ကောက်ခံရရှိတဲ့ငွေတချို့ကို ကိုယ်ရေးကိုယ်တာအတွက် သုံးစွဲမိရင် သွားပြီပဲ။ အဲဒီနိဗ္ဗာန်ဆော်ပုဂ္ဂိုလ်က ဝိဇ္ဇာမရေလမ်းစဉ်မလိုက်တဲ့ပုဂ္ဂိုလ်ဆို ထားလိုက်ပါဦး။ တကယ်လို့ အဲဒီပုဂ္ဂိုလ်ဟာ ဝိဇ္ဇာမရေလမ်းစဉ်လိုက်တဲ့ပုဂ္ဂိုလ်ဆိုရင်တော့မလွယ်ဘူး တော်ပေတော့။ ထွက်ရပ်လည်းမပေါက်နိုင်တော့ဘူး။ ပညာလည်း ရောက်တဲ့နေရာမှာရပ်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ သံဃာအတွက်ရည်ရွယ်ထားတဲ့လှူဒါန်းထားတဲ့ငွေကို လူကဝင်ပြီးအလွဲသုံးစားလုပ်လို့ပဲ။ အဲဒီလိုပုဂ္ဂိုလ်ကို သံဃာဆီသံဃာသွေးစားတဲ့သူလို့သတ်မှတ်တယ်။ အဲကြောင့် ကြွေးရှိတယ်။ ထွက်ရပ်မပေါက်နိုင်ဘူး။

နောက်တစ်မျိုးက လူဓမ္မကထိက၊ ဘုန်းကြီးဓမ္မကထိကတွေ၊ နောက် လူအမ္ဗဋ္ဌနာစရိယ၊ ဘုန်းကြီးကမ္မဋ္ဌာနာစရိယတွေ။ အဲဒီပုဂ္ဂိုလ်တွေ တရားဟောတယ်၊ တရားပြကြတယ်။ အဲဒီမှာ ဒါယကာ တရားနာပရိတ်တွေ၊ ယောဂီတွေက အဲဒီပုဂ္ဂိုလ်တွေကို ငွေစတဲ့ လှူဖွယ်ပစ္စည်းတွေကို လှူကြတယ်။ လှူရတဲ့အကြောင်းက သူတို့ဟောတဲ့တရား၊ သူတို့ပြတဲ့တရားတော်ကို ကြည်ညိုပြီး ရည်ရွယ်ပြီးတော့ လှူကြတာပဲ။ တစ်နည်းအားဖြင့်ပြောရရင် ဓမ္မကိုလှူတာပဲဖြစ်တယ်။ အဲဒါကို ဆရာတွေဖြစ်တဲ့လူပုဂ္ဂိုလ်တွေ၊ ရဟန်းပုဂ္ဂိုလ်တွေက ငါတို့ကိုကြည်ညိုလို့ လှူတာပဲဆိုပြီး ကိုယ်ကျိုးအတွက်ပဲ၊ ကိုယ့်ကိစ္စအတွက်ပဲသုံးမယ်ဆိုရင် ငြိစွန်းသွားပြီ။

အမှန်က ဓမ္မနဲ့ပတ်သက်ပြီး ဖြစ်ထွန်းပေါ်ပေါက်လာတဲ့လာဘ်လာဘကို ဓမ္မအတွက်ပဲ ပြန်သုံးသင့်တယ်။ ဒါမှမဟုတ် ဘုရားနဲ့ပတ်သက်တဲ့ကိစ္စမျိုးမှာ သုံးနိုင်တယ်။ ဒီလိုမဟုတ်ဘဲ သံဃာအတွက်၊ ရဟန်းအတွက်သွားသုံးတယ်ဆိုရင် ငြိစွန်းတယ်။ လူပုဂ္ဂိုလ်ဆိုတာကတော့ ဝေလာဝေး၊ ပိုလို့တောင်ဆိုးသေးတယ်။ လုံးဝမသုံးသင့်ဘူး။ ဗုဒ္ဓဘာသာရဲ့ ရတနာသုံးပါးဆိုတဲ့ ဘုရား၊ တရား၊ သံဃာကို တစ်တန်းးတည်း ပေါင်းစုဖော်ပြတယ်ဆိုပေမယ့် ဒီဂရီအဆင့်က တူတာမဟုတ်ဘူး။ ရောပြွမ်းလို့မရဘူး။ သီးခြားစီနားလည်ရမယ်။ သံဃာအဆင့်ထက် ဓမ္မတရားတော်က ပိုမြင့်တယ်၊ ဓမ္မတရားတော်ထက် ဘုရားက ပိုမြင့်တယ်လို့ အကြမ်းဖျင်းတော့ သိထားရမယ်။

နောက်ဘုရားနဲ့ပတ်သက်ကိုပြောမယ်ဆိုပါစို့။ ဘုရားတည်မယ့်ကိစ္စလုပ်မယ်။ အဲဒီမှာ တစ်ဦးချင်းတစ်ယောက်ချင်း၊ တစ်ပါးချင်းလှူတာထက် အများပေါင်းစုပြီးလှူတာကများတယ်။ အဲဒါကြောင့် ဘုရားတည်ဖို့ဆိုပြီး ငွေအလှူခံကြတယ်။ ဘုရားတည်တာနဲ့ပတ်သက်ရင် ဩဝါဒါစရိယဆရာတော်များအဖွဲ့တို့၊ ဂေါပကအဖွဲ့တို့ဆိုတာတွေဖွဲ့ပြီး စီမံခန့်ခွဲဆောင်ရွက်ရတယ်။ ဒီလိုမှ အမှားအယွင်းအတိမ်းအစောင်းတွေနည်းမယ်၊ မရှိနိုင်ဘူး။ အဲဒီလိုမဟုတ်ဘဲ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးတစ်စုတစ်ဖွဲ့တည်းက မိမိတို့ကြိုက်သလို စီမံခန့်ခွဲမယ်၊ အကျိုးအမြတ်ယူမယ်၊ အလွဲသုံးစားလုပ်မယ်ဆိုရင်တော့ သွားပြီ။ ဘုရားငွေနဲ့ပတ်သက်ပြီး အကြွေးတင်ပြီ။ အဲဒီအကြွေးက ပြဿနာအကြီးဆုံးပဲ။ ဘုရားဆီဘုရားသွေးကို စားတယ်ခေါ်တယ်။ အဲဒီပုဂ္ဂိုလ်ဟာ ဝိဇ္ဇာမရေလမ်းစဉ်လိုက်တဲ့ပုဂ္ဂိုလ်ဆိုရင် ဘယ်တော့မှ ထွက်ရပ်မပေါက်နိုင်တော့ဘူး။ ခန္ဓာဝန်ချသွားတဲ့အခါမှာလည်း အဲဒီရုပ်ခန္ဓာကို သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေရဲ့သိမ်းဆည်းခြင်း၊ တားမြစ်ခြင်းကိုခံရလိမ့်မယ်။ ပြောရရင်တော့ အရှည်ကြီးပဲ။ အဲဒီလိုအသိမျိုးနဲ့ကြပ်ကြပ်သတိထားပါ မောင်သာပို"

"ဆရာကြီးပြောတာကြားရတော့ ကျွန်တော်ဖြင့် ကြက်သီးတွေတောင်ထလာတယ်။ ကြောက်လည်းကြောက်သွားမိတယ် ဆရာကြီး။ နောက်ဆိုရင် ပိုပြီးကြပ်ကြပ်သတိထားမှဖြစ်တော့မယ်"

"အဲဒါ သတိမထားလို့မရဘူး။ အရေးကြီးဆုံးကိစ္စပဲ။ ဝိဇ္ဇာမရေလမ်းစဉ်လိုက်တဲ့ပုဂ္ဂိုလ်တွေ၊ ထွက်ရပ်ပေါက်မဖြစ်ခြင်းရဲ့ အများစုသောကိစ္စက အဲဒီမှာ စာမေးပွဲကျတာပဲ။ တချို့တွေက ထင်ကြတယ်။ ဝိဇ္ဇာဆိုတာ ဘိုးတော်ယောင်ယောင် ဘာယောင်ယောင်နဲ့ ခပ်ယောင်ယောင်ပုဂ္ဂိုလ်တွေလို့ထင်ကြတယ်။ အဲဒီလို လူတွေထင်ကြတာကလည်း ဝိဇ္ဇာလောကကို ခုတုံးလုပ်ပြီး လိမ်စားကြတဲ့လူတွေကြောင့် ဒီဖြစ်ရတာပဲ။ ဒီမယ် မောင်သာပို၊ မင်းကို ခပ်ရှင်းရှင်းပဲပြောမယ်။ တကယ်အစစ်အမှန်ဖြစ်တဲ့ ဝိဇ္ဇာမရေလမ်းစဉ်ဟာ တကယ်မလွယ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ။ ဝိနည်းစည်းကမ်းကြီးတယ်။ ကတိသစ္စာကြီးတယ်ကွယ့်။ ကဲ - ဒီလောက်ဆို မင်းလည်း တော်တော်သိလောက်ပြီ။ အဲဒါကြောင့် မင်းလုပ်ရမယ့်ကိစ္စ ဆက်ပြောမယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာကြီး"

"မင်းဟာ ပြစ်ဒဏ်ကြွေး (၂) ခုကိုတော့ ဆပ်ခဲ့ပြီ။ ပထမတစ်ခုက (၃) နှစ်ဆန်အလှူခံခဲ့တယ်။ ရလာတဲ့ဆန်တွေကို ချက်ပြုတ်ပြီး သတ္တဝါတွေစားဖို့ ပြန်လှူခဲ့တယ်။ အလွန်မှန်မြတ်တဲ့လုပ်ငန်းပါပဲ။ အခုဆိုရင် (၆) နှစ်တာအတောအတွင်းမှာ ဒီတောကြီးလည်း ပြန်ပြီးစိမ်းစိမ်းစိုစိုဖြစ်လာပြီ။ ဒီမှာမှီတင်းနေထိုင်တဲ့သတ္တဝါတွေလည်း နေသားတကျရှိလာနေပါပြီ။ ပုံမှန်ဘဝအခြေအနေကိုပြန်ရောက်နေပါပြီ။ ရှေ့ဆက်ပြီး ပိုကောင်းဖို့၊ တိုးတက်ဖို့ပဲလိုတော့တယ်။ ဒါကြောင့် မောင်သာပိုရေ မင်းအနေနဲ့ ဒီနေ့ကစပြီး မေတ္တာဘာဝနာစီးဖြန်းရမယ်။ ဘယ်နှနှစ်ကျင့်ရမလဲဆိုရင် သုံးနှစ်ကျင့်ရမယ်။ ဘာဖြစ်လို့လဲဆို မင်းက သူတို့တွေအပေါ်မှာ ပြင်းပြင်းထန်ထန် ရက်ရက်စက်စက်လုပ်သလိုဖြစ်ခဲ့တယ်မဟုတ်လား"

(ရှေ့လဆက်ဖတ်ရန်)

ဆရာဦးဆက်ထွန်းလင်း

(အာယုမင်္ဂလာ)



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျောက်ကျော်စိုး

## မြေအောက်ကမ္ဘာမှာ

□ လူးတွင်း

မိုင်းရှူးရတနာမြေမှာ လူးတွင်း အများအပြားရှိပါတယ်။ မိုင်းရှူးရတနာ မြေကောင်းစားစဉ်ကာလမှာ လူတွေခြေ ချင်းလိမ်လုအောင်လာကြတာဆိုတော့ ကျုပ်အထင် လူပေါင်းသန်းချီပြီးရောက် ကြမယ်ထင်တယ်။ အဲဒီကာလမှာ ကျဉ်းမြောင်းလှတဲ့ မိုင်းရှူးရတနာမြေမှာ လူပေါင်းလေး၊ငါးသိန်းလောက်နေကြ တာကလား။ လာသူကလာ၊ ပြန်သူက ပြန်နဲ့ဆိုတော့ လူဦးရေအတိအကျသိနိုင် သူမရှိလောက်ပါဘူး။ မြို့တော်ရန်ကုန် လိုပဲ ကျောတစ်ခင်းစာနေရာရဖို့ဆိုတာ ခပ်ခက်ခက်ပါ။ တောင်အောက်ကနေပြီး ကြည့်ရင် တောင်ထိပ်ပေါ်မှာ ပျားအုံ တစ်အုံသဖွယ်ခဲပြွတ်နေတဲ့ အဆောက် အအုံတွေကို ရင်သပ်ရှုမောဖွယ် လှလှ ပပမြင်ရတာပါ။

ရတနာမြေရဲ့လမ်းတွေပေါ်မှာဆို ရင် နေ့စဉ်ဘုရားပွဲကျင်းပနေသလား အောက်မေ့ရတယ်။ လူတွေပြည့်ညပ်နေ ပါတယ်။ ကျောက်ရောင်းဝယ်သူတွေ ပွဲစားတွေ၊ တွင်းသမားတွေဟာ မျှော် လင့်ချက်တွေကိုယ်စီနဲ့ လှုပ်ရှားသွား လာနေကြတာပါ။ လမ်းဘေးဝဲ၊ယာတွေ မှာတော့ ကျောက်ခုံလို့ခေါ်တဲ့ကျောက် ဝယ်တဲ့ဆိုင်တွေ၊ စတိုးဆိုင်တွေ၊ တွင်းသုံး ပစ္စည်းဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ စည်ကားနေပါတယ်။

မိုင်းရှူးမှာ အနေကြာတဲ့လူတွေ တိုင်း မိုင်းရှူးရတနာမြေရဲ့ကျောက်တွင်း အလုပ်ကိုသိကြတယ်။ ရတနာမြေတွေ ရဲ့အရင်းအမြစ်ဟာ ရတနာတူးဖော်တဲ့ တွင်းတွေပါပဲ။ ကျောက်ရောင်းဝယ်တာ တို့၊ ကျောက်ပွဲစားလုပ်တာတို့၊ ကျောက် သွေးတာတို့၊ ကျောက်မီးဖုတ်တာတို့၊ လက်ဝတ်ရတနာလုပ်တာတို့၊ ကျောက် အာပလာရှာတာတို့ဆိုတာက အရင်း အမြစ်ဖြစ်တဲ့ကျောက်မျက်ထုတ်လုပ်တဲ့ ကျောက်တွင်းတွေကို မှီခိုလုပ်ကိုင်ကြ[illegible] ခြင်းပါ။ ကျောက်တွင်းမရှိရင် ကျန်တဲ့ အလုပ်ဆိုတာ လုံးဝမရှိနိုင်ပါဘူး။

ကျောက်တွင်းတွေအနေနဲ့ ခဲတွင်း[illegible] မျှောတွင်း၊ လေးပင်တွင်း၊ လူးတွင်းဆို[illegible] တော့ကာ အမျိုးမျိုးရှိတယ်။ ကျွန်တော်[illegible] ဝင်ပြီးလုပ်ကိုင်နေတာက ဆိုင်းလုံ[illegible] နာမည်ကြီး ကျောက်ကလပ်လူး[illegible] ကျောက်တောင်ကြီးရဲ့ခြေရင်းမှာပါ။

မိုင်းရှူးရတနာမြေရဲ့ အဓိက[illegible] ကျောက်ထွက်တဲ့ တောင်တန်းကြီး[illegible] အနောက်တောင်နဲ့ အရှေ့မြောက်တည်[illegible] ရှိနေပါတယ်။ စကျင်တောင်တန်းကြီး[illegible] ပါတယ်။ ဆိုင်းလုံ့ရွာဟာ တောင်တန်း[illegible] ကြီးရဲ့အရှေ့မြောက်ဘက်မှာတည်ရှိ[illegible] တောင်ခြေရင်းမှာတည်ရှိတဲ့ရွာပါ။ [illegible] တုန်းကတော့ အိမ်ကလေးဆယ့်[illegible] ငါးအိမ်လောက်သာရှိခဲ့တဲ့ရွာကလေး[illegible] ဒေသခံတွေကတော့ ရှမ်းအနွယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လောင်အများစုနေထိုင်တာပါ။

ဆိုင်းလျံဆိုတာက ကျွန်တော်တို့ မြန်မာသံနဲ့ခေါ်တာပါ။ ရှမ်းလို ဆဲလျံပါ။ ဆဲဆိုတာ သဲပါ။ လျံဆိုတာက နီတာပါ။ သဲနီတွေရှိတဲ့ရွာလို့ ခေါ်ပါတယ်။ အရင်တုန်းက ဒေသခံတွေဟာ အဲဒီသဲနီတွေကို ပတ္တမြားမှန်းမသိခဲ့ကြပါဘူး။ သဲအနီရောင်တွေလို့သာ ခပ်ပေါ့ပေါ့သတ်မှတ်ခဲ့နေလာခဲ့တာ ကာလအားဖြင့်ကြာခဲ့ပါပြီ။

နောင် အမြော်အမြင်ရှိတဲ့ လူကြီးတွေက အဲဒီသဲနီတွေကိုမြင်းနဲ့တင်သွားပြီး တောင်အောက်က မိုင်းရှူးမြို့မှာ သဲနီတစ်ပြည်ကို ဆန်တစ်ပြည်နဲ့လာလဲကြတဲ့အခါ ဆန်ကုန်သည်တွေကလဲကြပါတယ်။ အဲဒီသဲနီတွေကို တောင်ကြီးဘက်ကို ပြန်ရောင်းပါတယ်။ တောင်ကြီးကနေ တာချီလိတ်ကိုရောက်ပြီး ထိုင်းဘက်ပို့တဲ့အခါ ပတ္တမြားတွေဖြစ်နေတာကြောင့် တန်ဖိုးကြီးရတနာတွေဖြစ်နေပါတယ်။ အဲဒီကစပြီး မိုင်းရှူးရတနာမြေဒေသလို့ ဖြစ်ပေါ်လာခဲ့ပြီး စီးပွားရေးဖြတ်လမ်းလိုက်လိုသူတွေဟာ အုပ်နဲ့ကျင်းနဲ့ ကို ရောက်လာခဲ့တော့တာပါပဲ။ အဲဒီလူတွေထဲမှာ ကျွန်တော်လည်းပါတယ်။ ကျွန်တော့်နာမည်က ဇော်လင်းထူးပါ။ မိတ္ထီလာတပ်ထဲကပါ။ ဖက်စပ်အမှတ်ကျောက်ကလပ်လူးမှာ ကျင်းသားလုပ်ပါတယ်။ အဲဒီတုန်းက မှတ်မှတ်ရရ ကျွန်တော့်အသက် (၁၇) နှစ်အရွယ်ပါ။

**▫ ရတနာအတွက်**

ရတနာဆိုတာ ရတနာထိုက်သူတို့အတွက်တော့ သက်သောင့်သက်သာနဲ့ အလွယ်တကူ ရတတ်ကြပေမယ့် မထိုက်သူတွေကျတော့ အချို့ဆို ရတနာအတွက် အသက်စတေးသွားရတာတွေ အများကြီးရှိပါတယ်။

ပထမဦးဆုံး ဆိုင်းလျံမှာ မိုင်းရှူးပတ္တမြားတွေထွက်စဉ်ကာလက ဥပဒေမဲ့နေတဲ့အချိန်ပါ။ တောထဲတောင်ထဲမှာ လူတွေ သောင်းသိန်းချီပြီး ကြိတ်ကြိတ်တိုး အပေါ်ယံမြေလွှာတွေ ခြစ်ယူပြီးတူးကြဆွကြတဲ့အချိန်မှာ သစ်တွေဝါးတွေထည့်ရမှန်းမသိဘဲ အလွတ်တူးကြတဲ့အခါ မြေပြိုလို့ပိသေကြတာတွေ မနည်းလှပါဘူး။

အဲဒီလို အသက်နဲ့ရင်းပြီးလုပ်ကိုင်နေပါတယ်ဆိုမှ ကျောက်ထွက်ကောင်းတဲ့တွင်းဆိုရင် လက်နက်နဲ့အနိုင်ကျင့်ပြီး လုယူခံရတာတွေလည်း အများအပြားပါပဲ။ အဖွဲ့အစည်းတွေကလည်းအတော်များများ ရောက်လာခဲ့ကြတယ်လေ။ နောက်တော့ နိုင်ငံတော်က ထိန်းချုပ်နိုင်ခဲ့ပြီး ဖက်စပ်စနစ်နဲ့ ကျောက်တွင်းတွေချပေးတဲ့အခါ လုပ်ကွက်ပေါင်းများစွာ ပေါ်ပေါက်လာခဲ့ပါတယ်။

မိုင်းရှူးရတနာမြေအစ ဆိုင်းလျံရွာကလို့ အဆိုရှိတာနဲ့အညီပေါ့လေ။ ကျွန်တော်ဟာ ဝမ်ကန်လို့ခေါ်တဲ့ ခဲကျောက်တောင်တန်းကြီးကို မသွားဘဲ ဆိုင်းလုံရွာအနီးက ကျောက်ကလပ်လူးမှာသာ ကျင်းသားဝင်လုပ်လိုက်ပါတယ်။ ဆိုင်းလျံမှာအနေကြာတော့ ဆိုင်းလျံကို သံယောဇဉ်ရှိနေတာကိုး။ ပြီးတော့ ဆိုင်းလျံရွာက မြို့ပြလို စည်ကားနေပြီလေ။

www.burmeseclassic.com

ဘာလိုသလဲ။ ဘာမဆိုအကုန်ရှိတယ်။ အဲဒါကြောင့် ကျွန်တော် ပျော်တာပါ။

မိုင်းရှူးမှာ ကျောက်က (၃) မျိုးရှိတယ်။ ရေကျောက်၊ မြေကျောက်၊ ခဲကျောက်ပါ။ ရေကျောက်က အောက်မိုင်းရှူးချောင်းတစ်လျှောက်မှာ ထွက်တယ်။ မြေကျောက်က လူးတွေနဲ့ဖောက်တွင်းတွေကထွက်တယ်။ ခဲကျောက်က မိုင်းရှူးရတနာမြေရဲ့အဓိကစကျင်တောင်တန်းကြီးကထွက်တာပါ။ အကောင်းဆုံးနဲ့ ဈေးအမြင့်ဆုံးကခဲကျောက်ပါ။ ထုတ်လုပ်မှုစရိတ်ကလည်း ကြီးမားပါတယ်။

ရတနာအတွက် အသက်စတေးကြရတယ်ဆိုတာ အပြောမဟုတ်ပါဘူး။ အမြင်တွေအများကြီးရှိတယ်။ သူများဖြစ်တော့ ခပ်ပေ့ါပေ့ါပါပဲ။ ဩော်-သေကြပြီကိုးဆိုပြီး ကြည့်ပြီးအမှတ်တမဲ့နေတာပါ။ အသက်ဘေးကို ကိုယ်တွေ့ကြုံပြီဆိုတော့မှ တကယ်ဗျာ အတော့်ကို ထိတ်လန့်တုန်လှုပ်ရတာပါ။ သွေးပျက်ပြီးရှူးမတတ်ခံစားခဲ့ရတာပါ။ အဲဒါကို ကျွန်တော်ပြောပြချင်တာပါ။

## ၂ လူငယ်တို့သဘာဝ

လူငယ်တွေဆိုတာ ကျွန်တော်တို့ ကျောင်းသားဘဝနဲ့ တယ်ပြီးမထူးပါဘူး။ ကျောင်းတက်တုန်းကဆိုရင် ကျောင်းဆင်းတာနဲ့တစ်ပြိုင်နက် သူ့ထက်ငါ ဦးအောင်အရင်ဆုံးလုပြီးပြေးထွက်ကြတာ ထုံးစံပါ။ ဒီတစ်နေ့တာ ကျောင်းစာသင်ခန်းကလွတ်ပြီကျွတ်ပြီဆိုတဲ့သဘောပေ့ါလေ။ အဲဒီအပျော်ကို ကျောင်းနေစဉ်ကလေးဘဝတုန်းက အရမ်းမက်မောခဲ့တာပါ။

အခုကျွန်တော်တို့တွေ လူးထဲမှာ တစ်နေ့တာလုပ်လို့အချိန်ပြည့်ပြီဆိုတာနဲ့ အုပ်ချုပ်သူအင်ချတ်က ကဲ - တက်ကြမယ်ဆိုတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့တွေရှေ့ဆုံးကပြေးပြီးတက်ကြတာထုံးစံပါ။ တစ်နေ့တာလုပ်ငန်းကိစ္စတွေပြီးပြီလေ။

အုပ်ချုပ်သူအင်ချတ်နဲ့ကျင်းဆရာတွေကျတော့ နောက်မှာလူကျန်၊ မကျန်အသေအချာကြည့်ရှုစစ်ဆေးပြီးမှနောက်ဆုံးကနေလိုက်ကြတာပါ။

လူး ဆိုတဲ့ မြေအောက်ကမ္ဘာမှာ သွားလို့မဆုံးနိုင်တဲ့လိုဏ်ဂူတွေကမရေတွက်နိုင်အောင်ရှိပါတယ်။ ကမ္ဘာတည်ပြီကတည်းက သဘာဝအလျောက်ဖြစ်တည်နေတဲ့ ထုံးစကျင်ကျောက်လူးတွေဟာ အထပ်ထပ်အတည်ရှိနေပြီး အလွန်လှပဆန်းကြယ်လှပါတယ်။ တကယ့်သဘာဝ ကျောက်လိုဏ်ဂူပြတိုက်ကြီးသဖွယ်ပါပဲ။ ကျောက်ခက်တွေ၊ ကျောက်ပန်းဆွဲတွေ၊ ကျောက်ပန်းပွင့်တွေ၊ ရေတံခွန်တွေ၊ စမ်းချောင်းတွေ၊ ရောင်စုံကျောက်နံ့ရံတွေဆိုတာ တစ်ခုနဲ့တစ်ခု၊ တစ်နေရာနဲ့တစ်နေရာ ပသာဒချင်းမတူကြပါဘူး။ တကယ့်ကို ရင်သပ်ရှုမောဖွယ်ရာအလှတွေပါ။ တစ်ခါတစ်ရံသာ မြင်ရလို့ကတော့ တအံ့တသြပါ။

အဲဒီအလှတွေကြားမှာ သက်စွန့်ဆံဖျား ရတနာရှာဖွေတဲ့အလုပ်ကို လုပ်နေရတဲ့အခါ ဒီအလှတွေကို ကျွန်တော်ရဲ့ မိဘဆွေမျိုးတွေ ညီအစ်ကိုမောင်နှမတွေ သူငယ်ချင်းတွေကိုမြင်စေချင်တယ်၊ မျှဝေခံစားချင်တယ် တကယ်ပါဗျာ။ ကျွန်တော်တို့အဖို့ နေ့စဉ်ခံစားနေရတော့လည်း အဆန်းမဟုတ်တော့ပါဘူး။ ကျောက်အမိုးက နိမ့်တာရှိတယ်၊ မြင့်တာရှိတယ်။

ကျွန်တော်တို့ ပွိုင့်လို့ခေါ်တဲ့ လုပ်ကွက်အုပ်စုကလေးမှာ ကျွန်တော်က အသွက်ဆုံးပါ။ ဘာလို့လဲဆိုတော့ တွင်းက တက်တာနဲ့တစ်ပြိုင်နက် နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုပြီး ရှေ့ဆုံးကချည်းရောက်တာပါ။ ကျောင်းသားဘဝတုန်းကလည်း ကျောင်းအပြင်ရောက်အောင် ကျွန်တော်က ရှေ့ဆုံးကပြေးနေကျဆိုတော့ အဲဒီအကျင့်ကပါနေတော့တာပေ့ါဗျာ။

လူးပေါက်တွေထဲမှာ လုပ်နေတဲ့ အဖွဲ့တွေက နည်းမှမနည်းတာ။ ကျွန်တော့်အထင် အဖွဲ့ပေါင်း (၂၀)လောက်ရှိတယ်။ သူ့လမ်းသူသွားကိုယ့်လမ်းကိုယ်သွားပဲလေ။ တစ်နေရာနဲ့ တစ်နေ့ရာက အဝေးကြီးပါ။

သွားရာလမ်းကြောင်းတိုင်းမှာ လျှပ်စစ်ဝိုင်ယာကြိုးအတုတ်ကြီးတွေနဲ့ လျှပ်စစ်ပို့တယ်။ လမ်းတွေမှာ လုံးဝမီးမထွန်းပါဘူး။ လုပ်ကွက်ကျောက်တွင်းမှာသာ ထွန်းပါတယ်။ လမ်းသွားလမ်းလာအတွက် နှစ်ခဲထိုးဓာတ်မီးလေးတွေ ထုတ်ပေးထားတယ်။ အင်ချတ်တွေနဲ့ ကျင်းဆရာတွေကျတော့ အန္တရာယ်ကို ကြည့်နိုင်မြင်နိုင်အောင် အားကောင်းတဲ့ (၃) ခဲထိုးဓာတ်မီး ထုတ်ပေးပါတယ်။ ဓာတ်ခဲကတော့ နှစ်ရက်တစ်ကြိမ်ထုတ်ပေးပါတယ်။ အဟောင်းကိုတော့ ရေဒီယို၊ ကက်ဆက်ဖွင့်ကြတာပါ။

အဲဒီဓာတ်မီးကို ကျွန်တော်တို့ အများစုက လက်ကမကိုင်ပါဘူး။သားရေပင်နဲ့ချည်ပြီး ခေါင်းမှာစွပ်လိုက်တာပါ။ လက်နှစ်ဖက်က အန္တရာယ်များလှတဲ့လူးလမ်းနံ့ရံတွေ၊ မတ်စောက်တဲ့ ရေတံခွန်တွေ၊ ကျောက်နံ့ရံတွေမှာဆင်ထားတဲ့ ကြိုးလှေကားတွေကိုင်ဖို့ အသုံးပြုကြပါတယ်။ ခြေချော်လက်ချော်လုပ်လို့မရပါဘူး။ ပြုတ်ကျလိုက်လို့ကတော့ ကျိုးကြေပြီးသေသွားနိုင်တဲ့ပမာဏအမြင့်တွေပါ။

ဆင်းတဲ့အခါ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆင်းကြတာပါ။ သူ့အဖွဲ့ကိုယ့်အဖွဲ့ သူ့လမ်းကိုယ့်လမ်းသွားကြရခြင်းပါ။ တက်တဲ့အခါမှာတော့ ကျင်းစအိုဝပေ (၃၀၀) လောက်ရှိတဲ့အပေါ်ကို ဦးရာလူကတက်စမြဲပါ။ တက်တာက လက်နဲ့တက်တာမဟုတ်ပါဘူး။ စက်နဲ့တက်တာပါ။ ဝင့်ခြင်းစီးပြီးတက်တာဆိုတော့ တစ်ခါတက်မှ (၄) ယောက်ပဲတက်လို့ရတယ်။ အပေါ်ကို အမြန်ရောက်ချင်တဲ့ ကျွန်တော်ဟာ နေ့စဉ် အလောတကြီးပြေးတက်တာ ထုံးစံပါ။ ဘာလို့လဲဆိုတော့ အပေါ်မှာ ကျွန်တော် တစ်ဖက်သတ်ချစ်နေရတဲ့ အင်ချတ်မလေး မေဇွန်မွှေးကို မြင်ချင်လို့ပါ။

မေဇွန်မွှေးလား။ မေဇင်မွှေးတဲ့ အင်ချတ်မလေးပါ။ သူကပဒိုဝ့်လို့ပြောတာပဲ။ ကျွန်တော်နဲ့မရင်းနှီးပါဘူး။ ကျွန်တော်တစ်ဖက်သတ်ချစ်နေတာပါ။ သူ့ကိုမြင်ရင် ကျွန်တော်ပျော်နေတာပါ။

ခဲတောင်မှာကျတော့ ခဲစာတွေ ရွှေးရတာ၊ အဲဒီခဲရွှေးမတွေ ကျောက်မခိုးအောင် အင်ချတ်မတွေက စောင့်ကြည့်ရတာ။ ကျွန်တော်တို့လူးမှာကျတော့ တစ်နေ့တာဆေးလို့ရသမျှ အလည်ထိုင်ကျောက်နဲ့ သဲကို ပီနံအိတ်ထဲထည့်ပြီး အင်ချတ်က တိပ်နဲ့စည်းပြီးလက်မှတ်ထိုးရတယ်။ အဲဒီကျောက်အိတ်ကို လက်ထောက်ကျင်းဆရာကလွယ်ပြီးတက်ရတယ်။အပေါ်ရောက်ရင် ကျောက်တိုက်မှာ လက်မှတ်ထိုးပြီး အပ်ရတယ်။

အဲဒီကျောက်နဲ့ သဲတွေကို လူဆန်ကာနဲ့ပြန်ဝိုင်းပြီး ကျောက်ရွှေးမလေးတွေက ဇာဂနာနဲ့ ကျောက်တွေကို ကျောက်ဘူးထဲ ကောက်ထည့်ရတယ်။ သူတို့ကျောက်မခိုးနိုင်အောင် အင်ချတ်မတွေက စောင့်ကြည့်ရတယ်။ မေဇွန်မွှေးက အင်ချတ်မလေးပါ။ ဖွေးဆွတ်ပြီး အတော်လှပါတယ်။ ကျွန်တော်ဘယ်လို မှကပ်လို့မရမှန်းသိပေမယ့် သူ့ကိုချစ်တဲ့ မြတ်နိုးတဲ့စိတ်က ဘယ်လိုမှတားမရဘူး ဗျာ။ တကယ်ချစ်တာပါ။

www.burmeseclassic.com

ကျွန်တော် အပေါ်ရောက်ရင် မှောင်စတောင်ပြုပြီ။ လူးလမ်းမှာကိုက (၂)နာရီနီးပါးလျှောက်ရတာကိုး။ ရောက်တာနဲ့ရေအမြန်ချိုးပြီး သူရှိရာအဆောင်ဘက်ကို ကိုယ်ယောင်ပြပေါ့ဗျာ။ မြင်ရရင် ပျော်တာပေါ့။ မမြင်ရတဲ့နေ့ဆိုရင်တော့ တကယ်ဗျာ၊ အမောကိုမပြေပါဘူး။

❑ လမ်းမှားသွားတဲ့နေ့

"ကဲ - လေးနာရီထိုးပြီ တက်ကြမယ်"

ဆိုတဲ့ အင်ချက်ရဲ့အသံကိုကြားတာနဲ့ အသင့်အနေအထားနဲ့နေတဲ့ ကျွန်တော်ဟာ ဘေးနားမှာတင်ထားတဲ့ နှစ်ခဲထိုးဓာတ်မီးကို ခေါင်းမှာကောက်စွပ်လိုက်ပြီး လာရာလမ်းဆီဘက်ကို ပြေးတော့တာပါပဲ။ ကျန်တဲ့လူတွေကတော့ အေးအေးဆေးဆေးပါပဲ။ ကျွန်တော်သာ မေဇွန်မွှေးဇောနဲ့လောနေတာပါ။ ကျွန်တော်တို့အဖွဲ့ရဲ့စကားသံတွေ ခဏအတွင်းမှာ နောက်မှာကျန်ရစ်ခဲ့ပါပြီ။

ခေါင်းမှာစွပ်ထားတဲ့ဓာတ်မီးရောင်ကခပ်မှိန်မှိန်ဖြစ်နေပါပြီ။ လမ်းကမြင်ရရုံပါ။ တစ်ရက်ကိုအသွားအပြန်လေးနာရီလောက်အသုံးပြုတာပါ။ နှစ်ရက်နေမှဓာတ်ခဲတစ်ခါထုတ်ပေးတာဆိုတော့၊ ဒီဓာတ်ခဲနှစ်လုံးဟာ ခြောက်နာရီနန်းတော့နဲ့သုံးထားတာဆိုတော့ အားအတော်ကုန်နေပါပြီ။ နက်ဖြန်မှာ ဓာတ်ခဲထုတ်ပေးရက်ပါ။

လူးထဲဆိုတာ ပြန့်ပြူးတဲ့လမ်းသိပ်မရှိပါဘူး။ အတက်၊ အဆင်း၊ အနိမ့်၊ အမြင့်တွေသာများတာပါ။ အဲဒီလမ်းတွေကို မမောစတမ်းကျွန်တော်ခပ်သွက်သွက်တက်နေမိပါတယ်။ မီးကမှိန်တော့ တာ အောက်ကို စူးစိုက်ပြီးသွားနေလိုက်တာ တစ်နာရီလောက်ရှိခဲ့ပါပြီ။ အနေပေါ်ရောက်ချင်ဇောနဲ့ ကသောကမျောတက်နေခဲ့တာပါ။ ကျွန်တော့်အထင် မြေအောက်လိုဏ်ဂူကမ္ဘာထဲကို ဆင်းရတာအနည်းဆုံး အနက်တစ်မိုင်ကျော်ကျော်တော့ရှိမယ်ထင်ပါတယ်။ ဘယ်သူကမှ အတိအကျကျမတိုင်းထွာကြပါဘူး။

အရင်နေ့တွေကဆိုရင် ဒီလောက်တက်လိုက်ရင် လူးခန်းဟောလ်ကြီးတစ်ခုရဲ့အလယ်မှာဖြတ်သန်းစီးဆင်းနေတဲ့ စမ်းချောင်းကို ရောက်ပါပြီ။ အဲဒီစမ်းချောင်းဟာ ပေါင်လည်လောက်နက်တယ်။ ဒီစမ်းချောင်းဟာ မိုးတွင်းဆိုရင် တစ်ခါတစ်ရံ ခေတ္တရေကြီးတတ်တယ်။ အဲဒီစမ်းချောင်းဝဲ၊ ယာတွေမှာလည်း လုပ်ကွက်တွေရှိတယ်။

အခု ဘာလို့ အဲဒီစမ်းချောင်းကို မရောက်သေးတာပါလိမ့်ဆိုပြီး အပေါ်ဘက်ဆက်မတက်ဘဲ ကျွန်တော် ရပ်လိုက်ပါတယ်။ လမ်းကြောင်းကတော့ လမ်းကြောင်းပါပဲ။ လမ်းများမှားလာလေသလားဆိုပြီး ဘေးဝဲ၊ ယာကို ဓာတ်မီးနဲ့ထိုးကြည့်ပါတယ်။ မြင်နေကျအမှတ်အသားတွေမဟုတ်တာကို တွေ့ရပါတယ်။ ပြီးတော့ အတန်ကျယ်ပြန့်တဲ့ ဟောလ်ခန်းငယ်တစ်ခုထဲရောက်နေခြင်းပါ။

ဒါနဲ့ ကျွန်တော်လမ်းကြောင်းရဲ့ ခေါင်မိုးကို အလန့်တကြား ဓာတ်မီးနဲ့ထိုးကြည့်လိုက်တယ်။ ပြီးတော့ ဘေးဘယ်၊ ညာကို ပြန်ကြည့်မိပြန်ပါတယ်။ ကျွန်တော်ရှာကြည့်နေတဲ့အရာက တွင်းလုပ်ကွက်ဆီ လျှပ်စစ်မီးဆက်သွယ်တဲ့ဝိုင်ယာကြိုးတုတ်တုတ်ကြီးတွေပါ။ အဲဒီဝိုင်ယာကြိုးတွေဟာ ကျွန်တော်တို့တွင်းသွားလမ်းတစ်လျှောက်မှာ အလျဉ်းသင့်သလိုသွယ်တန်းထားတာပါ။ အများအားဖြင့် နံရံတွေကို၊ ခေါင်မိုးနိမ့်နိမ့်တွေကို စိန်လွန်ပူနဲ့ဖောက်ပြီး သံချောင်းစိုက်တွေရိုက်သွင်းကာ ဝိုင်ယာကြိုးတွေတင်ထားခြင်းပါပဲ။ ခုလို ဘာဝိုင်ယာမှမတွေ့တဲ့အခါ ကျွန်တော် အောက်ကိုသာငုံ့ကြည့်ပြီး အလောတကြီးပြေးတက်ခဲ့တာ လမ်းကြောင်းလွဲခဲ့ပြီဆိုတာကို သိလိုက်တာကြောင့် အထိတ်တလန့်ဖြစ်သွားခဲ့ရပါတယ်။

တက်နေကျလမ်းပါ။ ဘာဖြစ်လို့ အခုလို လမ်းကြောင်းလွဲရသလဲဆိုတာ ကျွန်တော် ခေတ္တတွေပြီး စဉ်းစားကြည့်တယ်။ ကျွန်တော့်အာရုံထဲမှာ မေဇွန်မွှေးသာ ကြီးစိုးနေတာကိုး။ အဲဒါကြောင့် သပွတ်အူလိုရှုပ်ထွေးလှတဲ့မြေအောက်ကမ္ဘာလမ်းကြောင်းတွေမှာ လမ်းလွဲခဲ့ရခြင်းပါပဲ။

❑ ဓာတ်ခဲအားကုန်သွားပြီ

လမ်းမှားတာများဘာအခက်အခဲရှိမှာလဲ။ လမ်းအတိုင်းပြန်ပြေးဆင်းလိုက်ရင် စပြီးလွဲတဲ့နေရာကို မကြာမီအချိန်အတွင်း ပြန်ရောက်နိုင်တာပဲဆိုပြီး ကိုယ့်ကိုယ်ကိုယ်အားပေးကာ နောက်ကြောင်းဆီ အမြန်ဆုံးပြေးဆင်းခဲ့ပြန်ပါတယ်။ အတက်လမ်းမဟုတ်ဘဲ အဆင်းလမ်းမို့ အဆင်းတွေသာများတာပါတယ်။ ဘယ်နားကစပြီးမှားခဲ့သလဲဆိုကာတော့ တွေးမရပါဘူး။ တကယ်ဗျာ၊ အမြန်လိုကာမှ အနေးဖြစ်ရတယ်လို့ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေမိတယ်။ ငါအတော်ညံ့တာပါလားလို့လည်း အပြစ်တင်နေမိပါတယ်။

လူး ဆိုတဲ့ မြေအောက်ကမ္ဘာဟာ ဝက်ပါလိုပဲ လမ်းကြောင်းတွေများစွာရှိတာပါ။ ဒီမြေအောက်ကမ္ဘာမှာ ကွက်သစ်တွေရှာပြီးလုပ်ခဲ့ကြတာ ကာလအတန်ကြာပါပြီ။ ကျောက်မထွက်ရင်၊ ကျောက်ထွက်အားမကောင်းရင် အဲဒီလုပ်ကွက်တွေကို ထားခဲ့ပြီး လုပ်ကွက်အသစ်ရှာကြတာပါ။ အဲဒီလိုနဲ့ လူသွားလမ်းကြောင်းတွေဖုံပြီး ရှုပ်ထွေးနေခြင်းပါ။ လုပ်ကွက်ပြောင်းတာနဲ့ လုပ်ကွက်ကိုဆက်သွယ်တဲ့ လျှပ်စစ်ကြိုးတွေလည်း ဖြုတ်ယူသွားကြစမြဲပါ။ အဓိကလမ်းကြောင်းလမ်းညွှန်တာဟာ ဝိုင်ယာကြိုးတွေပါပဲ။ ဝိုင်ယာတွေ့ရင် လမ်းကြောင်းတွေ့တာနဲ့ အတူတူပါပဲ။ ခုတော့ နမော်နမဲ့တက်ခဲ့တာကြောင့် လမ်းကြောင်းလွဲခဲ့ပါပြီ။ အောက်ထဲမှာ တွင်းပေါင်းအတော်များများရှိတာမို့ တွင်းတစ်ခုခုရဲ့ လမ်းကြောင်းကိုတွေ့ရင် လမ်းတွေ့တာနဲ့ အတူတူပါပဲ။

ဓာတ်မီးကလည်း မှိန်မှိန်ရှိတော့တာပါ။ အဲဒါကြောင့် အားသွန်ခွန်စိုက်ဓာတ်ခဲမကုန်မီ လမ်းမှန်ရောက်အောင်ကြိုးစားပြီးပြေးဆင်းလာခဲ့ပါတယ်။ ခက်တာက လမ်းခွဲတွေတွေ့တွေ့နေခြင်းပါပဲ။ တွေဝေမနေနိုင်ပါဘူး။ လမ်းကြောင်းမှန်လို့ထင်တဲ့ဘက်ကို လိုက်ရပါတယ်။ အဲဒီလိုလိုက်ရင်းလိုက်ရင်းနဲ့ တစ်နာရီလောက်ကြာခဲ့ပါပြီ။ ကိုယ်မှာလည်း ဇောချွေးတွေနဲ့ရွှဲရွှဲနစ်နေပါပြီ။ ကျန်နေတဲ့ဓာတ်ခဲအားနီကြင်ကြင့်လေးနဲ့ ဝိုင်ယာကြိုးတွေ့ငြားထိုး ကြည့်ရတာကလည်း အမောပါပဲ။ ကျွန်တော်စပြီးမှားတက်ခဲ့တဲ့နေရာကို ပြန်မရောက်နိုင်ပါဘူး။ ဒါဆိုထပ်ပြီးအောက်ထဲမှာမှားခဲ့ပြန်ပြီဆိုတာ အလိုလိုသိလိုက်ပါတယ်။

ကျွန်တော်ဆင်းခဲ့တဲ့အချိန်အတိုင်းအတာနဲ့ဆိုရင် ကျွန်တော်တို့တွင်းရဲ့ အောက်ဘက်ကို ပြန်ရောက်နေနိုင်တဲ့ အခြေအနေပါ။ မြေအောက်ကမ္ဘာထဲမှာဆိုတာက အရှေ့၊ အနောက်၊ တောင်၊ မြောက် လုံးဝခွဲခြားနိုင်စွမ်းမရှိကြပါဘူး။ သံလိုက်အိမ်မြှောင်ပါရင်တော့ သိကောင်းသိနိုင်မှာပါ။ အဲဒါကြောင့် မီးမှိန်မှိန်လေးအသုံးပြုပြီး အပေါ်ကိုပြန်တက်ရပြန်တာပါပဲ။

လမ်းကြောင်းဆိုလို့ မြေပြင်မှာလို

www.burmeseclassic.com

လမ်းကြောင်းမထင်လိုက်ပါနဲ့။ လူးလမ်းကြောင်းတွေဟာ အချို့နေရာတွေမှာ ခက်ခက်ခဲခဲနဲ့ သွားရတာတွေရှိတယ်။ အမှောင်ထဲမှာ မီးမှိန်မှိန်နဲ့ ကျင့်သားရသွားတာကြောင့် ခပ်သွက်သွက်ပြန်တက်တာမို့ ခရီးအတော်တွင်ပါတယ်။

ဒါပေမယ့် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတွေ့မသိလောက်အောင်ကိုဖြစ်နေရတာပါ။ မီးမှိန်မှိန်ကလည်း မလင်းတစ်ချက် လင်းတစ်ချက်နဲ့ဆန္ဒပြနေပါပြီ။ အဲဒီလိုဆန္ဒပြရင် ဓာတ်မီးကို လက်နဲ့ တဖတ်ဖတ်ပုတ်ရပါတယ်။ ဒါဆိုဓာတ်မီးကနည်းနည်းပြန်လင်းလာတတ်ပါတယ်။ ဓာတ်မီးက မှိတ်တုတ်မှိတ်တုတ်ဖြစ်နေတဲ့အခါ သွားရလာရတာခရီးမတွင်တော့ပါဘူး။ တရွေ့ရွေ့ပဲသွားနိုင်ပါတော့တယ်။ ရှုပ်ထွေးများပြားလှတဲ့လမ်းကြောင်းတွေမှာ ဘယ်ဟာအမှန်၊အမှားကို မခွဲခြားနိုင်ပါဘူး။ ဓာတ်မီးက လုံးဝလင်းမလာတော့တာကြောင့် အမှောင်ထဲမှာထိုင်ချလိုက်ပြီး ဓာတ်ခဲနှစ်လုံးကို ထုတ်ကာ ဓာတ်ခဲချင်းဆောင့်ရပါတယ်။ အဲဒီလိုလုပ်တော့ မီးကမှိန်ပျပျပြန်လင်းလာပြန်ပါတယ်။ ဒါနဲ့ ခရီးဆက်ပြန်ပါတယ်။ သိပ်မကြာဘူး၊ ရှိစုမဲ့စုဓာတ်ခဲအားလေးကုန်သွားပြန်တယ်။ ထိုင်ပြီး ဓာတ်ခဲထုတ်ကာ ဓာတ်ခဲချင်းထုပြီး ပြန်သုံးကြည့်ပေမယ့် မီးကလုံးဝလင်းမလာတော့ပါဘူး။ ကျွန်တော့်ကို အမှောင်ထုက လုံးဝကြီးစိုးသွားခဲ့ပါပြီ။

**❑ အမှောင်ထဲမှာ စမ်းတဝါးဝါး**

မြေအောက်ကမ္ဘာရဲ့အမှောင်ဟာ ဘယ်လောက်မှောင်လဲဆိုရင် ကျွန်တော် မျက်နှာနားကပ်ပြီး ကိုယ့်လက်ကိုယ်ပြန်ကြည့်တယ်၊ ဘာဆိုဘာမှမမြင်ရတော့တာ။ တကယ့်မှောင်အတိပါ။ မျက်စိနှစ်လုံးကွယ်သွားတဲ့လူတွေ ဒီလိုနေမှာဆိုပြီး မဆီမဆိုင်တွေးမိလိုက်သေးတယ်ဗျ။

ဒီအချိန်ဆို အပေါ်မှာ မိုးချုပ်လောက်ပါပြီ။ ကျွန်တော်ပျောက်နေတာလည်း သိလောက်ကြပါပြီ။ ကျွန်တော်တို့ဖက်စပ်မှာ အပေါ်၊အောက်လုပ်သားပေါင်း ငါးရာနီးပါးရှိတယ်။ အဲဒီအထဲက တာဝန်ရှိသူတွေဟာ အဖွဲ့တွေဖွဲ့ပြီး ကျွန်တော့်ကိုစတင်ရှာနေလောက်ပါပြီ။

ကျွန်တော်ခုလိုဘာကြောင့်ဖြစ်တာလဲ။အဓိကအကြောင်းရင်းက မေဇွန်မွှေးပါ။ မေဇွန်မွှေးကို တွေ့လိုမြင်လိုဇောနဲ့ လောကြီးမိလို့ဖြစ်ခဲ့ရတာ။ အေးဗျာ၊ တစ်ဖက်သတ်အချစ်ဟာ အတော်ဆိုးတာကိုးဗျ။ ကျွန်တော်ငုတ်တုတ်ထိုင်ပြီး လောလောဆယ်ကြုံတွေ့နေရတဲ့သောကတွေကိုဖျောက်ကာ မေဇွန်မွှေးရဲ့ အလှရသကို တစိမ့်စိမ့်ခံစားနေမိတယ်။ နှလုံးသားဆီ မေတ္တာတွေစိမ့်ဝင်သွားတော့ ခေတ္တအေးချမ်းသွားပါတယ်။

ဒါပေမယ့် ကြာကြာကြီးမခံစားနိုင်ပါဘူး။ မြေအောက်အမှောင်ကမ္ဘာထဲမှာ တစ်ယောက်တည်း လမ်းပျောက်နေတာဆိုတော့ အသိကရုတ်ခြည်းပြန်ရောက်လာတယ်။ ဒီတော့ ထိုင်နေလို့ အကျိုးမရှိဘူး။ စမ်းတဝါးဝါးနဲ့လျှောက်မယ်ဆိုပြီး လေးဖက်တွားပြီးသွားနေရပါတယ်။ ဒီလိုသွားနေရတာက ကျွန်တော့်ကိုရှာနေတဲ့လူတွေရဲ့အသံကိုကြားရလိုကြားရငြားသွားနေရခြင်းပါ။ သူတို့ရဲ့အသံကိုမကြားရတောင် ကျွန်တော့်အသံကို သူတို့ကြားလိုကြားငြား အားရှိအားကုန် ဝူးဆိုတဲ့အသံကို ပေးနေရပါတယ်။

"ဝူး"

"ဝူး ဟူး ဟူး ဟူး"

ကျွန်တော် အူလိုက်တာနဲ့ ကျွန်တော်အူသံရဲ့ ပဲ့တင်သံကို ကျယ်ဝန်းတဲ့လိုဏ်ဂူတွေကနေ ပြန်ရိုက်ခတ်ပါတယ်။ ကိုယ့်အူသံပဲကိုယ်ပြန်ကြားနေရတာပါ။ လာရှာသူတွေရဲ့အသံကို စိုးစဉ်းမှကို မကြားရတာပါ။ ပဲ့တင်ရိုက်ခတ်သံပြီးတာနဲ့ ပြန်လည်တိတ်ဆိတ်သွားပြန်ပါတယ်။ မှောင်ချက်ကမ်းကုန်သလို တိတ်ဆိတ်ချက်ကလည်း ကမ်းကုန်ပါတယ်။

ကျွန်တော်တို့လူးမှာ တစ်ခါက ကျင်းဆရာတစ်ဦးကို ခြောက်လှန့်ဖူးပါတယ်။ လူးထဲမှာခြောက်လှန့်တာကို လူးခြောက်တယ်လို့ခေါ်ကြပါတယ်။ ကျယ်ဝန်းလှတဲ့ မြေအောက်ကမ္ဘာမှာ ကျွန်တော်တို့မမြင်နိုင်တဲ့ သတ္တဝါတွေက ကျွန်တော်တို့မရောက်မီကတည်းက ရှိနှင့်နေတယ်ဆိုတာ ဝါရင့်လူးကျင်းဆရာကြီးတွေက ပြောပြလေ့ရှိတာကြောင့် သိနေပါတယ်။ လူးခြောက်ပုံပြင်တွေက အများအပြားပါပဲ။

ဒါပေမယ့် ကျွန်တော်ကကြောက်တတ်တဲ့အကောင်မဟုတ်ပါဘူး။ ကျွန်တော့်အဖေက မိတ္ထီလာတပ်ရင်းတစ်ခုထဲကစစ်သားကြီးပါ။ ကျွန်တော်ကျောင်းလစ်လစ်ပြီး ကျွန်တော်အလွန်ချစ်တဲ့ ဗွီဒီယိုမင်းသမီး ထွန်းအိန္ဒြာဗိုလ်ပါတဲ့ ဇာတ်ကားတွေသွားသွားကြည့်တာပါ။ ဘာရှိဦးမှာလဲ၊ ကျွန်တော် (၁၄) နှစ်လူပျိုပေါက်အရွယ်ပါ။ အဲဒီထွန်းအိန္ဒြာဗိုလ်ကိုဘယ်လောက်ချစ်လဲဆို တစ်ကားမှအလွတ်မပေးဘဲကြည့်တာ။ တစ်ကားကို ဆယ်ခါပြန်ကြည့်တာတောင် ကြည့်မဝဘူး။ ကျွန်တော့်ဘဝမှာ ပထမဆုံးချ[illegible] ခဲ့တာ အဲဒီမင်းသမီးပါ။ ဒါပေမယ့် မိုးနဲ့မြေပါပဲ။

ဒီတော့ အဲဒီမင်းသမီးကိုချစ်တဲ့စိတ်နဲ့ ကျောင်းစာကိုလုံးဝစိတ်မဝင်စား[illegible]တော့တာ။ အဖေကဆိုရင် တီးသလ[illegible] မမေးနဲ့။ စစ်သားဆိုတော့ လက်သံ[illegible] အတော်ပြောင်တယ်။ကျွန်တော်ကလည်း စစ်သားရဲ့သားပီသစွာပဲ အကြော[illegible] ဆိုတာ လုံးဝရှိတဲ့ကောင်မဟုတ်ဘူး[illegible] ခပ်ပေပေခပ်မိုက်မိုက်ကိုဖြစ်နေခဲ့တာ[illegible] ထွန်းအိန္ဒြာဗိုလ်မကောင်းကြောင်းပြော[illegible] ကောင်တွေ့လို့ကတော့ လက်မနှေးဘူး[illegible] ကိုယ့်ထက်ကြီးနေပါစေ၊ ဦးအောင်တွယ်[illegible] ထည့်လိုက်တာချည်းပဲ။ အဲဒီတော့ ဇော်[illegible] လင်းထူးဆိုတဲ့ကျွန်တော့်ကို လူတိုင်း[illegible] ချဉ်ကြတယ်။ ကျောင်းမှာရောတပ်ထဲ[illegible] လိုင်းထဲမှာပါ ကျွန်တော်က ငယ်ငယ်[illegible] ရွယ်ရွယ်နဲ့ ချဉ်ဖတ်ဖြစ်နေခဲ့တာ။

ဒီလိုနဲ့ ကျောင်းစာစိတ်မဝင်စား[illegible] အတူတူ မိုင်းရှူးတက်မယ့်အဖော်တွေ[illegible] တာကြောင့် မိဘကို အသိမပေးဘဲ [illegible] တက်ခဲ့တာပါ။ အခုထိ အဆက်အသွယ် မလုပ်ပါဘူး။ ကျွန်တော်မိုင်းရှူးမှာရှိနေ[illegible] တယ်ဆိုတာတော့ ပြန်သွားတဲ့ သူငယ်[illegible] ချင်းတွေပြောပြလို့ သိနေလောက်ပါပြီ[illegible] အတွေ့အကြုံမနည်းတော့ဘူး ဆို[illegible] တော့။

လူးထဲမှာခြောက်မယ့်သရဲတစ္ဆေ[illegible] တွေကို တွေးမကြောက်မိပေမယ့် ကျွန်[illegible] တော်မျက်စိလည်ပြီး ပျောက်နေတာ[illegible] အပေါ်ကလူတွေ ရှာမတွေ့မှာကိုတော့[illegible] ကြောက်နေမိပါတယ်။ အခု ကျွန်တော်[illegible] ရောက်နေတဲ့ လူးလိုဏ်ဂူတွေက စိမ့်[illegible] ကျောက်စက်ရေလုံးဝမရှိတဲ့လူးခြောက်[illegible] တွေပါ။ ဒီတော့ အစာငတ်ရေငတ်[illegible] သေဆုံးသွားနိုင်တဲ့အခြေအနေပါ၊ အဲဒီ[illegible] ကြောင့် စမ်းတဝါးဝါးသွားရင်း ကြာကြာ[illegible] တစ်ခါအူနေရပါတယ်။

**❑ အမှောင်ထဲကဒုက္ခ**

စားချိန်တန်လို့ မစားရ၊ သောက်[illegible] ချိန်တန်လို့မသောက်ရတဲ့ ဗိုက်ကလည်း[illegible] တဂွီဂွီနဲ့ဆန္ဒပြနေပါပြီ။ ခုချိန်မှာများ[illegible] ကျောက်စက်ရေအိုင်လေးတွေ့ရင် ဘယ်[illegible] လောက်ကောင်းလိုက်လေမလဲ ဆို[illegible] အတွေးက သေရေးရှင်ရေးထက် စိတ်[illegible] အတင်းဝင်လာတာကြောင့် ရေငတ်[illegible] စိတ်က လွှမ်းမိုးလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်၊ ကျွန်တော် ဒုန်းပြေးတက်၊ ဒုန်းပြေးဆင်းနဲ့လုပ်ခဲ့တုန်းက ချွေးတွေ ဒီးဒီးကျပြီး ခန္ဓာကိုယ်မှာရှိတဲ့ ရေတွေ အတော်ခန်းကုန်တာပါ။ ခုဆို ရေသောက်ချင်စိတ်က လွှမ်းမိုးလာခဲ့ပါပြီ။ အဲဒါကြောင့် အမှောင်ထဲမှာ တရွေ့ရွေ့ မြင်းပြီးလျှောက်နေရတာပါ။ လေးဖက်ထောက်စမ်းပြီးသွားရတာကြာတော့ ဒူးတွေပွန်းပြီး အထိမခံနိုင်အောင်နာလာပါတယ်။ ဒါနဲ့ ဖင်တရွတ်တိုက်ပြီး တရွေ့ရွေ့သွားနေရပြန်တာပါပဲ။

ကျောက်စက်ရေကျသံများကြားလေား၊ ရေတံခွန်တွေ စိမ့်စမ်းတွေ ချောင်းတွေရဲ့ရေစီးသံကြားမလား၊ ရှာဖွေသူတွေရဲ့အသံကြားမလားဆိုပြီး နားကို အသားကုန်စွင့်ထားရပါတယ်။ လက်တလည်း ရွှေ့ဘေးဘယ်၊ ညာ အသေအချာစမ်းပြီးလှုပ်ရှားသွားလာနေရပါတယ်။ တိတ်ဆိတ်မှုကလွဲပြီး ဘာဆိုဘာသံမှကိုမကြားရတာ စိတ်ထဲမှာချောက်ချားလှပါတယ်။

တော်သေးတယ်၊ ကျွန်တော်တို့ ဆုပ်နေတဲ့ လှုဏ်ရိယာတွေက အောက်ဆီဂျင်ကောင်းကောင်းရနေလို့။ အချို့လှုဏ်တွေ၊ အောက်ဆီဂျင်အလွန်နည်းတာကြောင့် လူတွေကျန်းမာရေးချို့တဲ့ကြရတယ်။ လူတွေရှိတော့၊ အစားအစာတွေရှိတော့ကား အဲဒီအစားအစာတွေရဲ့ အကြွင်းစားကျန်တွေကိုစားသုံးဖို့ ကြွက်တွေက မြေပေါ်ကနေမြေအောက်ကမ္ဘာကို တပ်ထောင်တာဗိုလ်ထုနဲ့ ဆင်းလာတာ မျိုးဆက်တွေပေါက်ပွားပြီးနေထိုင်ကြပါတယ်။ လူတွေ ရွှေ့ပြောင်းရင် သူတို့ကလည်းလိုက်ပြီးရွှေ့ပြောင်းလေ့ရှိတယ်။ အောက်ထဲမှာ အန္တရာယ်ကင်းတော့ကာ ပွားချင်တိုင်းပွား၊ များချင်တိုင်းများနေတာပါ။

လူဆိုတာ ကျင်ကြီးကျင်ငယ်ဆိုတဲ့ အညစ်အကြေးကလည်း အနံ့အသက်ဆိုးရွားစွာ နေ့စဉ်စွန့်ထုတ်နေရတာပါ။ အဲဒီအညစ်အကြေးကိုအမှီပြုပြီး ယင်မမဲကောင်းတွေ၊ ယင်ကောင်တွေ၊ ဖြုတ်လို အကောင်သေးသေးတွေကလည်းများစွာ ပေါက်ပွားလာပါတယ်။

ရေရှိရင် ငါးရှိတယ် ဆိုတဲ့စကား ကျွန်တော်ကြားဖူးတယ်။ ရေရှိပြီးငါးမရှိတာ လှုဏ်ထဲမြေအောက်ကမ္ဘာက အင်းအိုင်ချောင်းမြောင်းတွေပါ။ လုံးဝကို မနေသတ္တဝါဖြစ်တဲ့ ငါး၊ ငါးရှဉ့်၊ ဖား၊ ကဏန်းစတဲ့အကောင်ဆိုလို့ဘာကောင်မှတာမတွေ့ရပါဘူး။

သက်ရှိသတ္တဝါဆိုလို့ စိုစွတ်တဲ့ နေရာတွေမှာ လူးပုရစ်လေးတွေပဲတွေ့ရတယ်။ဒီလူးပုရစ်လေးတွေကိုအကောင်များစွာ အုပ်စုလိုက်တွေ့ရတယ်။ သူတို့မှာ နေရောင်ခြည်နဲ့ အလင်းရောင်လုံးဝ ထိတွေ့မှုမရှိတာကြောင့် သူတို့ရဲ့ခန္ဓာကိုယ်၊လက်တွေဆွတ်ဆွတ်ဖြူနေပါတယ်။ အကောင်အလျားတိုပြီး ဦးချိုနဲ့ ခြေ၊ လက်တွေအလွန်ရှည်လျားတဲ့ အင်းဆက်ပိုးတစ်မျိုးပါ။ ပြင်ပအပေါ်မှာလုံးဝမတွေ့ရပါဘူး။ ပြီးတော့ အလွန်နုနယ်တာကြောင့်-သူတို့ကိုဖမ်းရင် ရှန်းကန်တာနဲ့ ခြေ၊ လက်တွေပြုတ်ထွက်ကုန်ပါတယ်။ တကယ့်နုနုလေးတည်ဆောက်ထားတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း တွေပါ။

သွားလာရင်း ဆာလောင်မွတ်သိပ်မှုက ပြင်းထန်လာပါတယ်။ ခုချိန်များ လူးပုရစ်လေးတွေအုပ်စုလိုက်တွေ့ရင် လက်နဲ့စမ်းပြီး ဖမ်းစားလိုက်ရင် အထိုက်အလျောက် အဆာပြေကောင်းရဲ့လို့ တွေးမိပေမယ့် လူးပုရစ်နဲ့တူတာကို လုံးဝမစမ်းမိဘဲ ကျောက်စရစ်လုံးတွေ၊ ကြမ်းတမ်းနဲ့နံရံတွေသာ စမ်းမိနေတာပါ။ သွားသာသွားနေရတာ အကန်းလုံးလုံးဖြစ်နေတော့ စမ်းတဝါးဝါးနဲ့ ခရီးကမတွင်ပါဘူး။ ရှေ့မှာ ကုန်းကမူဖြစ်နေတာကြောင့် ဖြည်းဖြည်းချင်းတက်ခဲ့ပါတယ်။ လမ်းတော့ဟုတ်ဟန်မတူပါဘူး။ ဒါပေမယ့် သွားနေရမှာပါ။ သွားပါများခရီးရောက်တာပဲလေ။

ဒီလိုနဲ့ တက်လာပြီး အလျှောက လေးစမ်းမိတာကြောင့် အလျှောအတိုင်းဆက်အဆင်းမှာ ကျောက်စရစ်လုံးတွေပေါ် ရောက်သွားပြီး အောက်ဘက်ကို လိမ့်ဆင်းသွားပါတော့တယ်။ သေချာပေါက်ရှေ့မှာ ကမ်းပါးပြတ်ချောက်ဖြစ်နေတော့တာပါ။

သွားပြီ၊ ဘယ်လောက်နက်တဲ့ ချောက်လဲဆိုတာမသိပေမယ့် ကျွန်တော် သေနိုင်လောက်တဲ့အမြင့်ဆိုလို့ကတော့ ကျွန်တော်အဆုံးသတ်ပါပြီ။ ဒါပေမယ့် ကြာကြာမကျလိုက်ပါဘူး။စက္ကန့်အနည်းငယ်အတွင်းမှာပဲ အောက်ခြေကျောက်လွှာနဲ့ ကျွန်တော့်ခန္ဓာကိုယ်ရိုက်ခတ်သံ ပုန်းဆိုတာ ကျွန်တော်ကြားလိုက်ရပြီး လောကကြီးနဲ့အဆက်ပြတ်သွားခဲ့ပါတော့တယ်။

၂ အသံပင်မထွက်တော့ပြီ

ချမ်းလိုက်တာ။ ချမ်းလိုက်တဲ့ဖြစ်ခြင်း။ အအေးဓာတ်ကြောင့်ထင်ရဲ့ ကျွန်တော် သတိပြန်ရလာချိန်မှာ တစ်ကိုယ်လုံးအေးစက်တောင့်တင်းနေပြီး ခန္ဓာကိုယ်နေရာအနှံ့ တစစ်စစ်နဲ့ နာကျင်ကိုက်ခဲနေပါတယ်။ တော်သေးတယ်၊ ဦးခေါင်းနဲ့ကျရင် နေရာမှာတင်ပွဲသိမ်းနိုင်ပါတယ်။ အကျတော်လို့သာ ကံကောင်းသွားတာပါ။ ကျွန်တော်မေ့နေတာ အချိန်ဘယ်လောက်ရှိတယ် မသိပါဘူး။

ဒါပေမယ့် အောက်ခံကျောက်လွှာ ကြမ်းတာကြောင့် လက်၊ ခြေတွေပေါက်ပြဲပြီး စပ်ဖျင်းဖျင်းဖြစ်နေပါတယ်။ မမြင်ရပေမယ့် စမ်းကြည့်ပြီးသိရတယ်။ သွေးစေးတွေနဲ့စေးကပ်နေပါတယ်။ ဘယ်လောက်နာပါစေ မလျှော့တဲ့ဇွဲနဲ့လျှောက်နေရဦးမှာပါ။ အတတ်နိုင်ဆုံးလည်း အူပြီးအသံပေးနေရမှာပါ။

ဒီလိုနဲ့ ကျွန်တော် ဖင်ထိုင်ပြီး တရွေ့ရွေ့သွားရင်း မကြာမကြာအူသံပေးနေရပါတယ်။ သွားရင်းသွားရင်း ရှေ့မှာ ကျောက်နံရံပိတ်ပိတ်နေတာတွေ့ရပါ တယ်။ အဲဒီပိတ်နေတဲ့နံရံကို စမ်းပြီးထွက်ပေါက်ရှာပါတယ်။ လူးလိုဏ်ဂူကသိပ်ပြီးအကျယ်ကြီးဟုတ်ဟန်မတူပါဘူး။ ပတ်ချာလှည့်စမ်းနေတာ နာရီအချိန်အတော်သာကုန်တယ်၊ ထွက်ပေါက် လုံးဝမတွေ့ပါဘူး။ တကယ်ဗျာ၊ အဲဒါမှဒုက္ခပါ။ ဘာမှမမြင်ရတော့ အတော်ခက်တာပါ။

လွတ်မြောက်လိုဇောနဲ့မို့သာသွားနေရတယ်။ ခန္ဓာကိုယ်က အတော့်ကိုနာနေတာပါ။ ထွက်ပေါက်မတွေ့မယ့်အတူတူတော့ မတတ်နိုင်တော့ပါဘူး။ ကျောက်နံရံကိုမှီပြီး ကြာကြာတစ်ခါအားရှိအားကုန်အူသံပေးနေရတာပါ။

ဆာလိုက်ချက်ကတော့လည်း မကျန်ပါဘူး။ ခုချိန်အစားမစားရရင်နေပါ၊ ရေကလေးတစ်ပေါက်လောက်သောက်လိုက်ရရင်ကို အတော်ပျော်မိမှာပါ။ ရောက်နေတဲ့နေရာကလည်း စွတ်စိုတဲ့လှုဏ်ခန်းမဟုတ်ဘဲ ရေလုံးဝမရှိတဲ့ လှုဏ်ခန်းအခြောက်ဖြစ်နေတော့ကာ စိတ်ဓာတ်အတော်ကျမိပါတယ်။

ဒီပုံအတိုင်း ဆက်နေရလို့ကတော့ ကျွန်တော် ဒီလှုဏ်ခန်းထဲမှာပဲ ကျွန်တော့်ဘဝအဆုံးသတ်ရတော့မယ်ထင်ပါတယ်။ ကျွန်တော့်မိဘတွေ ကျွန်တော်ဘယ်လိုသေတယ်ဆိုတာတောင်သိကြမှာမဟုတ်ဘဲ ကျွန်တော့်ပြန်အလာကို မျှော်နေကြမှာပါ။ ကျွန်တော်တို့ဆိုတာက ဘယ်ကျောင်းသား၊ ကျောင်းဆရာကမှ လိပ်စာပေး



www.burmeseclassic.com

www.burmeseclassic.com

ထားကြတာ မဟုတ်ပါဘူး။ မှတ်ပုံတင် ဆိုတာကလည်း ကျွန်တော်က လာတုန်းကကို မပါခဲ့တာ။ တောင်ပေါ်ရတနာမြေ ရပ်ကွက်ရုံးထောက်ခံစာနဲ့ အလုပ်ဝင်ခဲ့တာပါ။ ကျွန်တော်တို့ မိုင်းရှူးတောင်ပေါ်မှာလုပ်နေကြတဲ့ကျောင်းသားအတော်များများဟာ မှတ်ပုံတင်မရှိကြတာများပါတယ်။

ဘာလို့လဲဆိုတော့ မော်ကြာတွင်းသားတွေဟာ ဖက်စပ်စည်းမျဉ်းအတိုင်း မနေနိုင်ရင်၊ သတ်မှတ်တဲ့လမပြည့်ဘဲ ထွက်ချင်ရင်၊ ဖက်စပ်က ဘတ်ကျောက်လို့ခေါ်တဲ့ ခိုးကျောက်ရရင် မြင့်မားတဲ့ သွပ်စည်းရိုးကိုရအောင်ကျော်ပြီး ထွက်ပြေးလေ့ရှိကြတာပါ။ ဒီတော့ မှတ်ပုံတင် ကျန်ရစ်ခဲ့ပါပြီ။ ပြန်မရတော့ပါဘူး၊ ဒီတော့ မှတ်ပုံတင်မဲ့သူဆိုတာ (၉၀) ရာခိုင်နှုန်းလောက် ရှိနေတတ်ပါတယ်။ ဖက်စပ်တွေအနေနဲ့ကလည်း မှတ်ပုံတင် အစစ်ပါမှဆိုတဲ့ စည်းကမ်းကို မသိကျိုးကျွန်ပြုပြီး မှတ်ပုံတင်ထက် အလုပ်လုပ်ဖို့ကိုသာ ဦးတည်ချက်ထားပြီး လက်ခံကြရတဲ့အခြေအနေပါ။ ကျွန်တော်ကတော့ ကျွန်တော့်မှတ်ပုံတင် အဖေ့သေတ္တာထဲမှာမို့ ပါမလာခဲ့ခြင်းပါ။

အချိန်တွေတရွေ့ရွေ့သာကုန်နေတယ်။ ကျွန်တော့်ကိုကယ်မယ့်လူတွေရဲ့အသံကို သဲ့သဲ့မျှတောင်မကြားရပါဘူးဗျာ။ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး အသံပေးနေတာပါ။ ကြာတော့ ကျွန်တော်လဲလျှောင်းပြီးနေရပါတယ်။ ခန္ဓာကိုယ်ကလည်း တစစ်စစ်နဲ့နာကျင်ကိုက်ခဲနေတော့တာ မှိန်းလိုက်၊အိပ်ပျော်လိုက်၊ ပြန်နိုးရင် အသံပေးလိုက်နဲ့ တကယ့်မျှော်လင့်ချက်မဲ့ အခြေအနေပါပဲဗျာ။ အောက်ထဲမှာ ဘယ်လောက်ကြာပြီလဲတောင် မခန့်မှန်းတတ်တော့ပါဘူး။

တိတ်ဆိတ်မှုနဲ့အတူ အချိန်တွေကုန်ဆုံးခဲ့ပြီး ကျွန်တော်က အရမ်းချမ်းလာခဲ့ပါပြီ။ ခေါင်းတွေမူးဝေပြီး အာခေါင်တွေယည်း စေးထိုင်းကာ ခြောက်ကပ်လာခဲ့ပါပြီ။ ကျွန်တော်ဟာ တွင်းဝတ်နဲ့သာ ရပ်တည်နေရတော့ လူးထဲက အအေးဒဏ်ကြောင့် အအေးပတ်ပြီး အဖျားဝင်ခဲ့ပြီနေမှာပါ။ အဲဒါကြောင့် ထိုင်နေရာက လဲလျောင်းတဲ့အနေအထားကို ပြောင်းလိုက်ရပါပြီ။

ကြမ်းတမ်းအေးစက်တဲ့အောက်ခံ စကျင်ကျောက်လွှာကြောင့် နေရတာ တစ်စက်ကလေးမှ အဆင်မပြေပါဘူး။ ဒါပေမယ့် လုံးဝမတတ်နိုင်တော့တဲ့ အခြေအနေပါ။ အိပ်ပျော်သွားလိုက်၊ အိပ်မက်တွေ ကယောင်ချောက်ချားမက်လိုက်၊ ပြန်နိုးလိုက်၊ အူလိုက်နဲ့လုပ်နေရပါတယ်။

အမြင့်ပေါ်ကပြုတ်ကျတဲ့ဒဏ်ကလည်း သိသိသာသာကို ခံစားလာရပါပြီ။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး လှုပ်တောင်မလှုပ်ချင်တော့ပါဘူး။ သတိရတိုင်း အတတ်နိုင်ဆုံးကြိုးစားပြီး အူပေမယ့်လည်း ကျွန်တော့်အူသံကို ကျွန်တော်လုံးဝမကြားရတော့ပါဘူး။

ကျွန်တော့်နားတွေပဲလေးကုန်လို့လား။ ဒါမှမဟုတ် အူသံမထွက်တော့တာလားဆိုတာ ရုတ်တရက်မကွဲပြားပါဘူး။ အဲဒါကြောင့် လက်နဲ့ကျောက်ခဲလေးတစ်လုံးစမ်းပြီး အောက်ခံကျောက်လွှာကို ထုကြည့်ပါတယ်။ ဒေါက်ဒေါက်ဆိုတဲ့အသံကို ကြားရတယ်ဗျ။ ဒါဆို ကျွန်တော်ရဲ့အူသံမကြားရတာ ကျွန်တော့်အသံလုံးဝမထွက်တော့ဘူးဆိုတာကို သိလိုက်ရတော့တာပါပဲ။

ခက်ပြီ။ ကျွန်တော့်ဘဝအတော်ကို မျှော်လင့်ချက်မဲ့သွားပါပြီ။ ရှာတဲ့လူတွေလာရင် ကျွန်တော့်ဆီက အူသံပြန်မပေးနိုင်ရင် ကျွန်တော့်အနီးကို ရောက်ခဲ့ပေမယ့် ကျွန်တော့်ကိုမမြင်ရင်ကျော်သွားနိုင်ပါတယ်။ ဒါဆိုရင် ကျွန်တော့်ဘဝပြီးဆုံးသွားပါပြီ။ အမှောင်မြေအောက်ကမ္ဘာမှာ ဘယ်နှရက်ကြာသွားပြီဆိုတာ မခန့်မှန်းနိုင်တော့ပါဘူး။

## ▫ ကယ်ဆယ်ရေးအဖွဲ့လာပြီ

အိပ်ပဲပျော်တာလား၊ သတိပဲမေ့တာလားတော့ ကျွန်တော်မခွဲခြားနိုင်ပါဘူး။ အိပ်မက်ထဲမှာ ကျွန်တော့်အဖေနဲ့ အမေကို ဝိုးတဝါးတွေ့ရသလို ကျွန်တော်ချစ်တဲ့မေဇွန်မွှေးကိုလည်း တွေ့ရတယ်။ ပြီးတော့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေလည်း တွေ့ရတယ်။

ဒါပေမယ့် ပီပြင်တဲ့အိပ်မက်တွေတော့မဟုတ်ပါဘူး။ ဝေဝေဝါးဝါးတွေပါ။ စကားပြောဆိုနိုင်အောင် ပီပြင်တဲ့အိပ်မက်မျိုးတွေမဟုတ်ဘဲ ကယောင်ချောက်ချားမက်နေခြင်းပါ။ ပြီးတော့ ကျွန်တော့်ကို လာကယ်တဲ့အဖွဲ့တွေကိုလည်း အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ ကျွန်တော့်နာမည်ခေါ်သံကိုကြားနေရပါတယ်။

"ဇော်လင်းထူးရေ ဇော်လင်းထူး"

"ဝူး ဝူး ဝူး"

"ဇော်လင်းထူးရေ ဝူး ဟူး ဟူး ဟူး"

နာမည်ခေါ်သံ၊ အူသံတွေကြားနေရတော့ ကျွန်တော်ကလည်း အားရှိအားကုန် ဝမ်းသာအားရ -

"ကျွန်တော်ဒီမှာ"

လို့ ပြန်အော်နေပါတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်လောက်အော်အော် သူတို့က ကြားဟန်မတူဘူး။ ကျွန်တော့်နာမည်ကိုတကြော်ကြော်အော်ပြီး အူသံတွေပေးနေတုန်းပါပဲ။ ကျွန်တော့်နာမည်အော်ခေါ်သံဟာ အတော်လေး နီးကပ်လာနေပါပြီ။ ဒီအခါကျမှ ကျွန်တော်ရဲ့အသိအာရုံကို အတတ်နိုင်ဆုံး စုစည်းလိုက်ပါတယ်။ တကယ်တော့ ကျွန်တော်အိပ်ပျော်ပြီးအိပ်မက်မက်နေခြင်းပါ။ ကျွန်တော့်ရဲ့ပကတိအသိစိတ်ဝင်ချိန်လေးမှာပဲ ကျွန်တော့်နာမည်ခေါ်သံနားထဲဝင်လာပါတယ်။ အဲဒါကြောင့် မျက်လုံးဖွင့်ကြည့်မိပါတယ်။

"ဇော်လင်းထူးရေ"

"ဝူး ဟူး ဟူး ဟူး"

ဟုတ်ပါတယ်။ ရှာတဲ့အဖွဲ့တွေ ကျွန်တော်နဲ့နီးလာပါပြီ၊ ဓာတ်မီးရောင်တွေလည်း မြင်နေရပါပြီ။ အပေါ်ထဲ ကျောက်ကမ်းပါးစောင်းပေါ်ကပါ။ အဲဒါကြောင့်ဝမ်းသာအားရပြန်အော်ပါတယ်။

"ကျွန်တော် ဒီမှာပါ ဒီမှာပါ"

ခက်လိုက်တာဗျာ၊ အသံ တစ်စက်လေးမှကို မထွက်တော့တာ ထထိုင်နိုင်တဲ့အစွမ်းတောင်မရှိတော့ဘူး အဲဒါကြောင့် လက်ကလေးမြှောက် နေရပါတယ်။ သူတို့တွေကျော်သွားရင် ကျွန်တော်တော့ပြီးပြီပေါ့ဗျာ။

"ကဲဟေ့ တို့တွေ ဒီဟောလ်ခေါင်း ထဲဝင်ရှာကြမယ်"

လို့ ပြောသံကြားပြီး လူတွေဆင်း လာကြပါတယ်။ ကျွန်တော်က လက် လေးမြှောက်မြှောက်ပြရပါတယ်။ အဲ မှာ ကျွန်တော့်ဆီ ဓာတ်မီးရောင်ကျ ပြီး-

"တွေ့ပြီဟေ့၊ တွေ့ပြီကွ၊ ဒီကို ကြဟေ့"

ဆိုတဲ့အသံတွေ ကြားရပါတယ် ခဏအတွင်းမှာပဲ ကျွန်တော့်ဆီလူဆင်း ယောက်ခန့်အုံလာပါတယ်။

"ဇော်လင်းထူး၊ မင်းကိုရှာ တာ ငါတို့ငါးရက်ရှိပြီကွ၊ ဘယ်လို တာလဲကွာ"

ဆိုတဲ့ ကျွန်တော်ရဲ့ ကျင်း ကိုအောင်ခန့်ရဲ့အသံကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲတဲ့ ကျွန်တော့်မျက်ရည်တွေ ဒလဟောထွက်လာပါတယ်။ အသံသာ မထွက်တာ မျက်ရည်တော့ထွက်နိုင်တာကို တွေ့ရပြီး ကျွန်တော် ဝမ်းနည်း၊ ဝမ်းသာငိုနေမိတာပေါ့ဗျာ။ အသံမထွက်တာကြောင့် ဘာမှပြန်ပြောနိုင်စွမ်းမရှိပါဘူး။

"ကဲကဲ ငိုမနေနဲ့ တိတ်တော့၊ ပြီးတာတွေပြီးပြီပဲကွာ။ ကဲ-ဟော့ကော်င်တွေ ရေအရင်ဆုံးတိုက်ရအောင်"

ဆိုပြီး ကျွန်တော့်ကို ပွေ့ပိုက်ကာ ရေအနည်းငယ်တိုက်ပါတယ်။ ကာလ ရှည်လျားစွာ သောက်ချင်နေတဲ့ရေအား ငါးတရသောက်လိုက်ချင်ပေမယ့် တကယ် မသောက်နိုင်ပါဘူး။ တစ်ငုံလောက်ပဲ သောက်နိုင်ပါတယ်။ အဲဒီတစ်ငုံဟာ တစ်ငုံဆိုသလောက် ခန္ဓာကိုယ်အားရှိသွားသလို ခံစားရပါတယ်။

"ကျောင်းဆရာ၊ ဒီကောင်အဖျားဝင်နေတာဗျ"

"အောက်ထဲ ဒီလောက်အေးတာ ဖျားမှာပေါ့ကွာ။ မင်းတို့ငါတို့အလုပ်တွေလုပ်ပြီး သွေးနွေးနေလို့သာခံနိုင်ရည်ရှိတာကွ။ ဒီကောင် ဒီလောက်တင်းခံနိုင်တာ နဂိုကတည်းက စိတ်ဓာတ်မာကျောလို့ကွ။ စိတ်ပျော့တဲ့ကောင်ဆို ကြွသွားနိုင်တယ်။ ကဲ - တို့တွေ ဒီကောင့်ကို အလှည့်ကျပိုးပြီး တက်ကြမယ်။ မြင့်အောင်နဲ့လှမောင်တို့ကရှေ့ကဦးဆောင်ပြီး လမ်းကြောင်းမမှားအောင်သွားကြ။ တို့လာတဲ့လမ်းကြောင်းတွေ မှတ်မိတယ်မဟုတ်လား"

"ဟုတ်ကဲ့-မှတ်မိပါတယ်။ လမ်းကြောင်းတစ်လျှောက်လုံး ပလတ်စတစ်ကြိုးစလေးတွေချပြီး အမှတ်အသားပြုထားပါတယ်"

"ခုဆို အဲဒီအစတွေ ပြန်ကောက်နော်။ ကောက်ရင်း ဖြည်းဖြည်းသွား။ လုံးဝအမှားခံလို့မရဘူး၊ တို့လမ်းကြောင်းနဲ့ခရီးက အတော်လေးဝေးနေခဲ့တာ။ ငါးရက်တိုင်တိုင် အဖွဲ့တွေ မနားတမ်းရှာခဲ့ရတာကြည့်တော့။ တွေ့မယ်တွေ့တော့ ငါတို့လူကို ငါတို့အဖွဲ့ကပဲပြန်တွေ့တာ တော်သေးတယ်ကွာ။ ဒီကောင်သေကံမရောက်သက်မပျောက်ပေလို့။ မင်းလုပ်လိုက်တာနဲ့ ငါတို့တွေအားလုံးအလုပ်ပျက်အကိုင်ပျက်မင်းကိုရှာပုံတော်ဖွင့်နေရတာ။ ဒီကရှေ့တော့ ဘယ်သူ့ကိုမှရှေ့က အလွတ်ရဲတော့ဘူး။ အားလုံးလူစုံအောင်စစ်ဆေးပြီးမှ တစ်စုတစ်ဝေးတည်း တက်ကြရမယ်။ အခုလိုဖြစ်တာ ငါ့ အပြစ်လည်းပါတာပေါ့ကွာ။ ငါကကျောင်းဆရာကိုး။ ကဲ-သွားကြစို့ဟေ့"

ဆိုပြီး ကျောင်းသားတစ်ယောက်က ကျွန်တော့်ကို ကျောပိုးပြီးသယ်ပါတယ်။ ဝေးဝေးမသယ်နိုင်ပါဘူး။ အတက်တွေ၊ အဆင်းတွေနဲ့ ခက်ခက်ခဲခဲသယ်ရတာဆိုတော့ တစ်ဦးပြီးတစ်ဦး ပြောင်းနေရတာပါ။

သယ်လိုက်၊ နားလိုက်နဲ့ အချိန်အတော်ကြာပါတယ်။ ပွန်းပဲ့ထိခိုက်ထားတဲ့ဒဏ်ရာတွေကြောင့်လည်း ကျွန်တော့် တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေပါတယ်။ ဒီဝေဒနာတွေကြောင့် ကိုယ့်ခြေထောက်နဲ့ မသွားရပေမယ့် ကျွန်တော်လည်း ပင်ပန်းလှပါတယ်။ အချိန်အတန်ကြီးကြာမှ ကျွန်တော်တို့တွင်းဆင်းလမ်းကြောင်းပေါ်ပြန်ရောက်ပါတယ်။နည်းတဲ့ခရီးမဟုတ်ပါဘူး။ တကယ့်ကိုအဝေးကြီးကို ရောက်သွားခဲ့တာပါ။

သပ္ပတ်အူလို ဝက်ပါလို ရှုပ်ထွေးများမြောင်လှတဲ့ ဝက်ပါလိုဏ်ဂူတွေဟာ မြေအောက်ကမ္ဘာအဖြစ် ကျယ်ပြန့်စွာရှိကြောင်း အတွေ့အကြုံအရ ထိတ်လန့်ကြောက်ရွံ့ဖွယ် တွေ့ကြုံခံစားခဲ့ရခြင်းပါပဲ။ ကံကောင်းစွာ ကျွန်တော်သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရပါပြီ။ ကယ်ဆယ်ရေးအဖွဲ့နဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြုံခဲ့လို့သာ ကံကောင်းရခြင်းပါ။

## ▫မြေအောက်ကမ္ဘာမှာ

အပေါ်ရောက်ပြီး ကျွန်တော်လေး၊ ငါးရက်ဆေးကုပြီး ပြန်လည်နေကောင်းလာပါတယ်။ နေကောင်းတာနဲ့ ကျွန်တော့်ကို ရုံးခန်းခေါ်ပြီး ပြန်လည်စစ်ဆေးတော့တာပါပဲ။ ကျွန်တော်လည်း ဖြစ်သမျှကို ပြန်လည်ပြောပြခဲ့ပါတယ်။ ကျွန်တော့်ကြောင့် ဖက်စပ်ရဲ့နစ်နာဆုံးရှုံးမှုတွေ အများကြီးရှိခဲ့ကြောင်း ပြောပြပါတယ်။

ဟုတ်ပါတယ်။ လူပေါင်းငါးရာနီးပါးကို တစ်နေ့ထမင်းသုံးနပ်ကျွေးရတယ်။ ညဆိုင်းဆိုရင် ညလယ်စာတစ်နပ်ပါတော့ လေးနပ်ကျတယ်။ ကျွေးတာကလည်း ကောင်းကောင်းမွန်မွန် ကျွေးတာပါ။ တစ်ပတ်ကို အသားဟင်း သုံးခါကျွေးတယ်။ ကျန်တာကတော့ ကုလားပဲနဲ့ ငါးခြောက်ကြော်ကျွေးတယ်။ ရုံဖန်ရံခါ ဟင်းရွက်ဟင်းသီးပေါ့လေ။ အစားအစာက အလျှံပယ်ကျွေးတာပါ။ ကြိုက်သလောက်စား။ ဒါပေမယ့် စည်းကမ်းရှိတယ်။ မကုန်နိုင်မခန်းနိုင်မထည့်ရပါဘူး။ကုန်သလောက်ထည့်စားပါ။ ထမင်းဟင်းသွန်ရင် တစ်ရက်စာဒဏ်ရိုက်ပါတယ်။ ထမင်းစားဆောင်မှာလည်း စောင့်ကြည့်တဲ့အင်ချတ်ရှိတယ်။ အဲဒီတော့ စားရာမှာစည်းကမ်းရှိကြတယ်။

လခလား။ လခကတော့ မိုင်ရှူးတောင်ပေါ်မှာ အမြင့်ဆုံးရတဲ့ ဖက်စပ်ပါ။ လေးငါးခြောက်သိန်းစားလောက် အထိရှိကြတယ်၊ အုပ်ချုပ်သူတွေဆိုရင် ဆယ်ချီပြီးရကြတယ်။ တော်ရင်တော်သလောက် မြှောက်စားတယ်။ အဲဒီမှာက အစုစားဆိုတာ လုံးဝမရှိပါဘူး။ မန်နေဂျာကြီးကစပြီး လခစားတွေပါ။

ခက်တာက လုံးဝအပြင်ထွက်ခွင့်မရတာပါဘဲ။ တစ်နှစ်ပြည့်ရင် ခေတ္တအလည်ပြန်ခွင့်ပေးတယ်။ အဲဒီလိုပြန်တဲ့အခါ လက်ထဲငွေထုပ်ထည့်ပေးလိုက်တယ်မထင်နဲ့။ မိုင်းရှူးတောင်ပေါ်မှာနေလို့ ပျော်လို့မရအောင် လက်ထဲကိုယ့်မြို့ရောက်နိုင်တဲ့ငွေပမာဏကိုပဲထည့်ပေးလိုက်တာ။ ရသမျှငွေအားလုံးကို ကိုယ့်မြို့ရောက်မှ ဘဏ်ကထုတ်ယူရတာ။ အမြဲတမ်း ဘဏ်ကပဲ လွှဲပေးနေကျပါ။ အဲဒီတော့ မိသားစုဆီ ငွေပါတာပေါ့ဗျာ။ ငွေထုတ်နဲ့ လွှတ်ပေးလိုက်လို့ကတော့ အဲဒီငွေ ဘယ်တော့မှ အိမ်ပြန်ရောက်မှာမဟုတ်ဘူး။ ပျော်စရာတွေပြည့်နေတဲ့ မိုင်းရှူးတောင်ပေါ်မှာတင်ပြောင်မှာ။ ကံမကောင်းရင် နောက်ဆုံးပေါ်ရောဂါရပြီး သေသွားနိုင်ပါသေးတယ်။ အဲဒီဖက်စပ်ကြီးရဲ့လူကြီးတွေရဲ့ စည်းစနစ်ကျမှု၊ မြော်မြင်တတ်မှုကတော့ လေးစားချီးကျူးလောက်ပါတယ်။

ကျွန်တော်မကြိုက်တဲ့အချက်က အပြင်လုံးဝထွက်ခွင့်မရှိတာပါဘဲ။ အထဲမှာပဲ ထောင်လိုနေရတာ။ ယောက်ျားတွေဆိုတော့ မျက်စိပသာဒလေးဘာလေးခံစားချင်သပေါ့ဗျာ။ အထဲမှာက မိန်းကလေးဝန်ထမ်းက နည်းတယ်။ စားဖိုမတွေရယ်၊ အင်ချတ်မ၊ ကျောက်ရွေးမပေါင်းလိုက်ရင် သုံး၊ လေးဆယ်ပဲရှိတာ။ ပြီးတော့ စည်းကမ်းကလည်းကြီးပုံ့။ ဒီတော့ အညော်ခံရုံသက်သက်ပါ။

မေဇွန်မွှေးဆိုတဲ့ သံယောဇဉ်လေးနဲ့နေနေရတဲ့ကျွန်တော်ဟာ တကယ်တော့ သူမသိငါပိုးပါပဲ။ လုံးဝအရာမရောက်နိုင်တဲ့ချစ်ခြင်းပါ။ ဒီသံယောဇဉ်လေးနဲ့ ဆယ်ပေအမြင့်ရှိတဲ့သွပ်တွေကာရံထားတဲ့ ဖက်စပ်ဝင်းအတွင်းမှာ ပျော်မွေ့နေရခြင်းပါ။ ထောင်နဲ့မခြားပါဘူး။

တစ်နှစ်မှာ အပြင်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မုဒိတာ(ကျိုက်လတ်)

# တဖက်ခြင်းအကျိုး အသိဉာဏ်တိုး

ဗုဒ္ဓဘုရားများပွင့်တော်မူသော ကမ္ဘာငါးမျိုးရှိသည်။

| | | |
|---|---|---|
| ၁။ သာရကမ္ဘာ | —— . | မြတ်ဘုရားတစ်ဆူသာပွင့်တော်မူသောကမ္ဘာ။ |
| ၂။ မဏ္ဍကမ္ဘာ | —— . | မြတ်ဘုရားနှစ်ဆူသာပွင့်တော်မူသောကမ္ဘာ။ |
| ၃။ ဝရကမ္ဘာ | —— . | မြတ်ဘုရားသုံးဆူသာပွင့်တော်မူသောကမ္ဘာ။ |
| ၄။ သာရမဏ္ဍကမ္ဘာ | —— . | မြတ်ဘုရားလေးဆူသာပွင့်တော်မူသောကမ္ဘာ။ |
| ၅။ ဘဒ္ဒကမ္ဘာ | —— . | ဗုဒ္ဓမြတ်စွာငါးဆူပွင့်တော်မူသောကမ္ဘာ။ |

မြန်မာစာပေ ကျမ်းဂန်များမှ ကမ္ဘာမြေကြီးတည်နေပုံမှာ စကြဝဠာ တစ်ခုလုံးသည် ယူဇနာသုံးသန်း၊ ခြောက်သိန်း၊ တစ်သောင်း၊ သုံးရာငါးဆယ်ရှိသည်ဟု အဆိုရှိပေသည်။ မဟာပထဝီ မြေကြီး၏အထုမှာ ယူဇနာနှစ်သိန်းလေးသောင်းရှိ၏။ မြေကြီးအောက်မှခံသော ရေထုမှာ ယူဇနာလေးသိန်းရှစ်သောင်း ရှိ၍ ရေအောက်မှခံသောလေထုမှာ ယူဇနာ ကိုးသိန်းခြောက်သောင်းရှိ၏။ ဤကဲ့သို့ မြေ၊ရေ၊လေထုများကို အခြေခံ၍ တည်နေသော ကမ္ဘာမြေကြီးမှာ နှစ်မျိုးရှိသည်ဟုဆို၏။ ကမ္ဘာနှစ်မျိုးမှာ သုညကမ္ဘာနှင့် အသုညကမ္ဘာ ဖြစ်သည်။ သုညကမ္ဘာဆိုသည်မှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်းတို့ မဖြစ်ပေါ်

တို့တစ်ရက်ထွက်ခွင့်ရတယ်။ အဲဒါက နှစ်သစ်ကူးသကြိန်အကြတ်ရက်မှာ ဆိုင်းလျှံ၊ ဝမ်ကန်အနှံ့ ဖက်စပ်က ကားကြီးတွေနဲ့လည်ပြီး ရေပက်ကစားကြခြင်းပါ။ ရေကစားတယ်ဆိုလို့ လွတ်လွတ်လပ်လပ်မထင်နဲ့။ ကားပေါ်ကမဆင်းရဘူး၊ ဝိတ်လျှော့ဖို့ မြို့ပြင်တစ်နေရာမှာ ရပ်ပေးတယ်။ အုပ်ချုပ်သူတွေက တင်းတင်းကျပ်ကျပ်အုပ်ချုပ်တာ။ ပြင်ပကလူတွေနဲ့ မဆက်ဆံရဘူး။ ဘာလို့လဲဆိုတော့ ကျောက်ခိုးထုတ်မှာစိုးလို့ပါ။ ဒါမျိုးသာဓကတွေကရှိခဲ့ဖူးတာကိုး။

ဒီလိုမျိုး စည်းကမ်းတွေ ဖြစ်ပေါ်လာတာက မှုဆိုးစိုင်သင်ဆိုတာလို့ပေါ့ဗျာ။ အလုပ်သမားတွေက အတွေ့အကြုံတွေသင်ပေးထားတော့ အုပ်ချုပ်သူတွေအတွက် စည်းစနစ်တွေဖြစ်လာတာပေါ့။ အဲဒီစည်းစနစ်တွေကို ကျွန်တော်တို့ပဲ ပြန်လည်ကျင့်သုံးရတာပါ။ အုပ်ချုပ်သူတွေက စည်းစနစ်တွေ ဆုပ်ကိုင်ထားတာပေါ့။

မြေအောက်ကမ္ဘာမှာ ကျွန်တော်တွေ့ကြုံခံစားခဲ့ရတာက အသက်ဘေးက သီသီလေးလွတ်ခဲ့တာပါ။ ဒီထက်နောက်ကျခဲ့ရင် ကျွန်တော့်အတွက် မတွေးဝံ့စရာပါဘဲ။ အဲဒီလိုသေဘေးနဲ့ မျက်နှာချင်းဆိုင်လိုက်ရတဲ့အခါ ကျွန်တော် အတော်လေး သွေးပျက်ခဲ့ပုံရှိပါတယ်။ ဘာလို့လဲဆိုတော့ တွင်းထဲဆင်းချင်စိတ်ကုန်သွားပါတယ်။ ဆင်းကို မဆင်းချင်တော့တာပါ။

အဲဒါကြောင့် မန်နေဂျာကို ထွက်ခွင့်ပေးဖို့တောင်းဆိုပါတယ်။ မလုပ်ရဲတော့ဘူးဆိုတဲ့အကြောင်းပြချက်ပေးရတာပေါ့လေ။ မလုပ်ရဲတာမဟုတ်ဘူး။ မလုပ်ချင်တော့တာ။ အနေအထိုင်ကျပ်တာတစ်ကြောင်း၊ နည်းနည်းဖြုံသွားတာတစ်ကြောင်းကြောင့် ထွက်ခွင့်တောင်းခြင်းပါ။ တကယ်တော့ ရလိုရငြား တောင်းခြင်းပါ။

ဖက်စပ်စည်းကမ်းအရ တစ်နှစ်မပြည့်သေးတာမို့ ထွက်ခွင့်မရပါဘူး။ သုံးလလောက်လိုနေပါသေးတယ်။ အဲဒါကြောင့် ညာတာတဲ့အနေနဲ့ ကျွန်တော့်ကို အပေါ်တာဝန်ပေးပါတယ်။ကျောက်သဲဖတ်တွေဆန်ကာလှည့်တဲ့နေရာမှာနေရပြီး ဆန်ကာလှည့်ပေးရပါတယ်။

အဲဒီမှာ ကျောက်ရွေးမတွေကို စောင့်ကြည့်ရတဲ့ အင်ချတ်မ မေဇွန်မွှေးကို တဝကြီးမြင်တွေ့ရတော့ကာ အမောတွေပြေရတာပေါ့ဗျာ။ ဒါပေမယ့် အလှမ်းကဝေးလှပါတယ်။ သူက ကျွန်တော့်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် ထင်ပုံမရပါဘူး။ ကျွန်တော့်ရုပ်ရည်ကလည်း တကယ့်အညာသားခပ်ကြမ်းကြမ်းရုပ်ရည်လေ။ မိတ္ထီလာမှာမွေးတော့ အညာသားဆိုပါတော့။

ဒီလိုနဲ့ ကျွန်တော်သုံးလပြည့်တဲ့အခါ ကျွန်တော့်လစာငွေကို မိတ္ထီလာမြန်မာ့စီးပွားရေးဘဏ်ကိုလွှဲပေးပါတယ်။ ကျွန်တော့်အတွက်တော့ ပြန်စရိတ်လောက်ပဲပေးပါတယ်။ တော်သေးတယ်။ ကိုယ့်မှတ်ပုံတင်နံပါတ်ကို မှတ်မိပေလို့ပေါ့။ ဒီလိုနဲ့ ကျွန်တော်မိတ္ထီလာတပ်ထဲက မိဘတွေဆီ ပိုက်ဆံကန်တော့နိုင်ခဲ့ပါတယ်။ သုံးနှစ်စာဆိုတော့ သိန်းနှစ်ဆယ်ကျော်ပါ။ မိဘတွေလည်း လိမ္မာလာတဲ့ကျွန်တော့်ကို ချစ်မဆုံးနိုင်ကြပါဘူး။

ဒါပေမယ့် ကြောင်ကြာကြာရှေ့မငုပ်နိုင်ဘူးဆိုလိုတာပေါ့လေ။ ရတနာရှာဖွေတဲ့ပိုးဝင်ထားတဲ့ ကျွန်တော်ဟာ ရတနာစောင့်နတ်ပူးဝင်နေလို့ထင်ရဲ့၊ မိတ္ထီလာမှာ ကြာကြာမနေနိုင်ပါဘူး။ မိုင်းရှူးကို ပြန်ချင်စိတ်ပဲ ကြီးစိုးနေပါတယ်။ အဲဒါကြောင့် ဒီတစ်ခါတော့ မိဘတွေဆီ ခွင့်ပန်ပြီး ကောင်းကောင်းမွန်မွန်တက်ခဲ့တာပါ။ အဲဒါကြောင့် ကျွန်တော် ဒီ (၇၉) လူးကို ပြန်ရောက်ခဲ့ခြင်းပါ။

ဒီမှာကျတော့ အလုပ်နားချိန်ဆိုရင် အချိန်ပြည့်ထွက်လည်နိုင်တယ်လေ။ မိုင်းရှူးရတနာမြေရဲ့အရသာကို (၇၉) လူး မြေအောက်ကမ္ဘာမှာ အလုပ်လုပ်ရင်း ခံစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်မိုး



www.burmeseclassic.com

www.burmeseclassic.com

သော၊ ဆိတ်သုဉ်းသောကမ္ဘာကို ခေါ်သည်။ သုညကမ္ဘာသည် တပေါင်းလကွယ်နေ့ ပုဏ္ဏာတိထီနှင့်ယှဉ်၍တည်၏။ အသုညကမ္ဘာမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်းတို့ ဖြစ်ပေါ်သောကမ္ဘာကိုခေါ်၏။ အသုညကမ္ဘာသည် တပေါင်းလပြည့်နေ့ ပုဏ္ဏာတိထီနှင့် ယှဉ်၍တည်သည်။

## ▫ သဘာဝနိယာမငါးပါး

၎င်းတို့မှာ ဗီဇနိယာမ၊ ဥတုနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမနှင့် ဓမ္မနိယာမ ဖြစ်သည်။ ဗီဇနိယာမ ဆိုသည်မှာ သဘာဝအလျောက် သက်ရှိ၊ သက်မဲ့ ရုပ်တို့ဖြစ်ပေါ်လာကြ၍ ထိုရုပ်တရားအတိုင်း အစဉ်အဆက်ဗီဇပါရှိလာကြပြီး ဆက်လက်ဖြစ်ပွားမှုကို **ဗီဇနိယာမ** ဟု အကျဉ်းသိရ၏။

**ဥတုနိယာမ** ဆိုသည်မှာ အပူ၊ အအေး စသော ဓာတ်သဘာဝသဘာဝအလျောက် သက်ရှိသက်မဲ့တို့ကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းသောသဘောကို **ဥတုနိယာမ** ဟု အကျဉ်းသိရ၏။

**ကမ္မနိယာမ** ဆိုသည်မှာ သက်ရှိရုပ်တို့၏ ဘဝဟောင်းက မိမိကံ၏ အကြောင်းတရားအလျောက် တိဟိတ်၊ ဒွိဟိတ်၊ ပဋိသန္ဓေအတိုင်းဖြစ်လာရလေသည်။ မှားယွင်းခြင်းလုံးဝမဖြစ်နိုင်သည်ကို **ကမ္မနိယာမ**ဟု အကျဉ်းဆုံးနည်းဖြင့် မှတ်အပ်သည်။

**စိတ္တနိယာမ** ဆိုသည်မှာ အာရုံနှင့် ဒွါရရုပ်တို့ထိတွေ့ဆုံကြုံသောခဏ၌ ဖြစ်ပေါ်လာသောစိတ်ကိုဆိုခြင်းဖြစ်၏။ စိတ်၏အကြောင်းမှာ အလွန်ကျယ်ဝန်းလှ၏။

**ဓမ္မနိယာမ** ဆိုသည်ကား အထက်ပါနိယာမအားလုံးကိုဖြစ်စေပြီး လောကဓာတ်အတွင်း၌ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော သဘာဝမှန်သမျှကို **ဓမ္မနိယာမ** ဟုခေါ်၍ လွန်စွာကျယ်ဝန်း လှပေသည်။

ဤနိယာမငါးပါးကို သုတေသီဥဏ်ရှိလ်တိုင်း ကောင်းစွာ လေ့လာမှတ်သားသင့်ပေ၏။ အနက်သဘောကား လွန်စွာ ကျယ်ဝန်းလှသည်ဖြစ်၍ သိပ္ပံနည်းဖြင့် အကျယ်ဖွင့်ထုတ်ရေးသားနိုင်ကြပါမူ လွန်စွာတန်ဖိုးရှိပေမည်။ လောကုတ္တရာနည်းဖြင့် အကျယ်ဖွင့်ဆိုပါလျှင် အဘိဓမ္မာတရား ဖြစ်လေသည်။

## ▫ မြင်းမိုရ်တောင်အကြောင်းတစေ့တစောင်း

ရှေးခေတ်အခါကာလက မြန်မာ ရိုးရာခရီးအကွာအဝေးတိုင်းတာပုံသည် စနစ်တကျရှိသည်။ တိုင်းတာပုံစနစ်မှာ ပိဋကတ်ကျမ်းလာ ဒေသနာတော်အရ အသုံးပြုခဲ့ကြလေ၏။ ခရီးအကွာအဝေး ဆိုသည့်အတိုင်း အကွာနှင့်အဝေးကို ခွဲခြားသတ်မှတ်ခဲ့ကြဟန်ရှိသည်။ ရပ်တည်သောနေရာဌာနမှ ရွေ့သွားခြင်းကို အကွာဟုခေါ်၍ တရွေ့ရွေ့ဝေးသွားခြင်းကို အဝေးဟု ယူဆနိုင်ပေသည်။ ထိုအကွာနှင့်အဝေးကိုပင် ခရီးဟုခေါ်ဟန်တူသည်။

ရှေးအခါက အသုံးပြုခဲ့ကြသော ယူဇနာတိုင်းထွာပုံများမှာ ခရီး၏ မူလအစ ရပ်တည်ဌာနမှ ရွေ့သို့ရွေ့လျားသွားသောအကွာအဝေးကို အဏုမြူနှင့် တိုင်းထွာ၍ တင်ပြခဲ့ကြသည်ကို တွေ့ရသည်။

ကျမ်းဂန်တို့၌လာသော ယူဇနာတွက်ကိန်းများမှာ အောက်ပါအတိုင်းဖြစ်၏။

## ▫ မြင်းမိုရ်တောင်ကိုတိုင်းထွာသောယူဇနာတိုင်းထွာနည်း

ပရမာဏုမြူ ၃၆ လုံး - အဏုမြူ တစ်လုံး။
အဏုမြူ ၃၆ လုံး - တဇ္ဇာရီမြူ တစ်လုံး။
တဇ္ဇာရီမြူ ၃၆ လုံး - ရထရေမြူ တစ်လုံး။
ရထရေမြူ ၃၆ လုံး - လိက္ခာမြူ တစ်လုံး။
လိက္ခာမြူ ၇ လုံး - သန်းဦးခေါင်း တစ်လုံး။
သန်းဦးခေါင်း ၇ လုံး - နှမ်းတစ်လုံး။
နှမ်း ၇ လုံး - စပါးတစ်လုံး။
စပါး ၇ လုံး - လက်တစ်သစ်။
လက် ၁၂ သစ် - တစ်ထွာ။
၂ ထွာ - တစ်တောင်။
၇ တောင် - တစ်တာ။
အတာ ၂၀ - တစ်ဥသဘ။
ဥသဘ ၈၀ - တစ်ဂါဝုတ်။
၄ ဂါဝုတ် - တစ်ယူဇနာ။
(ခြောက်တိုင်နှင့်တာ=၄၀၀)

အထက်ပါတို့မှာ မြင်းမိုရ်တောင်ကိုတိုင်းထွာသောယူဇနာဖြစ်ပေသည်။

မြူ၏ပမာဏကို ခန့်မှန်းရာ၌ ပကတိမျက်လုံးနှင့် မမြင်နိုင်သောမြူကို ပရမာဏုမြူဟု ခေါ်၍ နေရောင်၊ လရောင်တို့၌မြင်ရသောအမှုန်ကို အဏုမြူ လူနှင့်ကျွဲ၊ နွား၊ ဆင်၊ မြင်းတို့ သွားလာသောအခါ မြင်ရသောမြူမှုန်ကို တဇ္ဇာရီမြူခေါ်၏။ လှည်းရထားသွားသောအခါ မြင်ရသောမြူမှုန်ကို ရထရေမြူဟု ခေါ်သည်။ လူတို့၏ ခြေ၊ လက်တို့တွင် ကပ်သောအမှုန်ကို လိက္ခာမြူဟုခေါ်ဆိုကြောင်းကို ဝိဘင်းအဋ္ဌကထာ၌ ပါရှိပေသည်။

## ▫ မြင်းမိုရ်တောင်၏ပုံသဏ္ဌာန်

မြန်မာလူမျိုးတို့လေးစားယုံကြည် အလေးထားကြသော မြင်းမိုရ်တောင်၏ အကြောင်းကို တစေ့တစောင်း တင်ပြရသော် မြင်းမိုရ်တောင်၏ ပုံသဏ္ဌာန်ကို ရှေးဦးစွာ လေ့လာသည့်အခါ ဇိနာလင်္ကာရကျမ်း၌ မြင်းမိုရ်တောင်သည် လေးထောင့်မဟုတ်။ မရိုးစည်သဏ္ဌာန်ကဲ့သို့ အလယ်ဝမ်းပူလျက် အထက်ရှုံးအောက်ရှုံးဖြစ်သည်ဟုဆိုသည်။ သရတ္ထဒီပနီဋီကာ၏အဆိုမှာ မြင်းမိုရ်တောင်ထိပ်၌ အာလိန်ငါးဆင့်ရှိ၍ တစ်ထပ်နှင့်တစ်ထပ်အကြားသည် ယူဇနာ(၅၀၀၀) ကွာဝေးသည်။ အထက်သို့ မရိုးစည်ကဲ့သို့ရှုံး၍ မြင့်တက်ရာ တာဝတိံသာသို့ ရောက်လျှင် ယူဇနာ (၅၀၀၀)ကျော်မျှ ရှိသည်ဟုဆိုသည်။ ထိုကျမ်းအလိုအားဖြင့် အာလိန်ငါးဆင့်သို့ရောက်သောအခါ မြင်းမိုရ်တောင်၏ပုံမှာ စေတီကဲ့သို့သောပုံသဏ္ဌာန်ဖြစ်သည်ဟု ဆိုသည်။ မြင်းမိုရ်တောင်နှင့်စပ်လျဉ်း၍ သုတ္တနိပါတ်ဋီကာတို့တွင်လာသည်မှာ မြင်းမိုရ်တောင်သည် ဖျာသရိုင်လိပ်ကဲ့သို့ တဖြောင့်တည်းတည်ရှိသည်ဟု ဆိုသည်။

သီတာသမုဒ္ဒရာအောက်၌ ယူဇနာ (၈၄၀၀၀)နစ်၍ အမြင့်အားဖြင့် အထက်သို့ ယူဇနာ (၈၄၀၀၀) ရှိသည်။ အချင့်ဖြစ်သော အလျား၊ အနံတို့မှာလည်း ယူဇနာ (၈၄၀၀၀) ရှိကြောင်းတွေ့ရ၏။

မြန်မာပညာရှိ ကဗျာဆရာကြီးများက သုတ္တနိပါတ်ဋီကာကို အတည်ပြုကြ၍ 'နှစ်သိန်းငါးသောင်းနှစ်ထောင်ပေါင်းနှင့် လုံးလျောင်းကြံ့ခိုင် သရိုင်လည်ဟန် စည်သဏ္ဌာန်သို့' ဟူ၍စပ်ဆိုခဲ့ကြသည်။

*(ဤဆောင်းပါးစာဖတ်ခြင်းအကျိုးကြောင့် ယနေ့မျိုးဆက်သစ်လူငယ်များ စာပေဗဟုသုတနှင့်တကွ အသိဉာဏ်မြင့်မားတိုးတက်ကြပါစေ။)*

မုဒိတာ (ကျိုက်သလဲ)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် ယခု ဖူးတွေ့မြင်နေရသော စေတီတော်များတည်ထားရခြင်းသည် ရှေးမြန်မာ့ရိုးရာ ဗိသုကာပညာရပ်ကျမ်းဂန်များအဆိုအရ စေတီတော်ပုံများသည် စကြဝဠာ၏ (၃၁) ဘုံတည်ရှိနေသောဟန်ကို ရည်ညွှန်းသည့် သင်္ကေတဟု ဆိုကြပါသည်။

ဥပမာဆိုရသော် စေတီတော်ရင်ပြင်၊ သံတောင် ဖိနပ်တော်မှ အထက်သို့တက်သွားသော ဘုံစဥ်ပလ္လင်ခုနစ်ဆင့်ရှိပါသည်။ ထိုဘုံစဥ်များသည် ကာမ၊

တစ်ဖန် ဗိသုကာဆရာမြတ်တို့၏ မိန့်မှာချက်အရ ဘုံစဥ်ပလ္လင်တော်ကိုးဆင့်အဖြစ် တိုးချဲ့တည်ထားခဲ့ကြပြန်သည်။ ထိုဘုံကိုးဆင့်မှာ (၁) မနုဿဘူမိ၊ (၂) ဘုမ္မာဒေဝါဘူမိ၊ (၃) စတုမဟာရာဇိကဘူမိ၊ (၄) တာဝတိံသာဘူမိ၊ (၅) ယာမာဘူမိ၊ (၆) တုသိတာဘူမိ၊ (၇) နိမ္မာနရတိဘူမိ၊ (၈) ပရနိမ္မိတဝသဝတ္တိဘူမိ၊ (၉) ဗြာဟ္မဏယိကာဒေဝါဘူမိဟူ၍ ဘုံစဥ်ကိုးဆင့်ဖြစ်ပေါ်လာခဲ့ပြန်သည်။

တချို့ ဗိသုကာပညာရှင်များက ဘုံ (၁၁) ဆင့်ထီးတော်ကို စီမံကြသည်။ ဉာဏ်စဥ်တစ်ဆယ့်တစ်ပါးအား ကိုးစားရည်ညွှန်းသောအားဖြင့် ထီးတော်ကို (၁၁) ဆင့်တင်ကြခြင်းပင် ဖြစ်ပါသည်။ စေတီဘုရားထီးတော်သည် မြတ်စွာဘုရား၏သဗ္ဗညုတဉာဏ်တော်အား ရည်ညွှန်းသည့် သင်္ကေတဖြစ်ပြီး ရှေးပညာရှိများ



# ကျော်ဇင်ဖြူ

## စေတီဘုရားနှင့်
## ဗုဒ္ဓယဉ်ကျေးမှုဗိသုကာအဆိုအမိန့်

သင်္ဂတိခုနစ်ဘုံကို ညွှန်ပြသည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ကုသိုလ်ကောင်းမှု တရားဓမ္မကို ပြုကျင့်ကြပါက အထက်ကောင်းရာသုဂတိဘုံများဆီသို့ ရောက်နိုင်ကြောင်းကိုရည်ညွှန်းလို၍ လူ့ဘုံ (မနုဿဘူမိ၊ စတုမဟာရာဇိကဘူမိ၊ တာဝတိံသာဘူမိ၊ ယာမာဘူမိ၊ တုသိတာဘူမိ၊ နိမ္မာနရတိဘူမိ၊ ပရနိမ္မိတဝသဝတ္တိဘူမိ)တို့ကို ရည်ညွှန်းသော စေတီတော်၏ပလ္လင်ဘုံခုနစ်ဆင့်ကိုပြုလုပ်တည်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

က တင်သားပြီးသောထီးကို မချစကောင်းဟု မိန့်မှာခဲ့ကြပါသည်။ထို့ပြင် ကြက်လျှာတံခွန်ပြားကို ငှက်မြတ်နားဟူ၍ ဝေါဟာရပညတ်ခေါ် ဆိုကြပြန်၏။ ထီးတော်၏အထက်တွင် ဆတ်သွားဖူးနှင့် စိန်ပွင့်သုံးဆင့်ရှိ၏။စိန်ပွင့်အထက်တွင် သုံးထောင့်ကြက်လျှာချွန်သဏ္ဍာန် တပ်ထားသဖြင့် လေတိုက်တိုင်း ပန်းလည်တိုင်ကို ဗဟိုပြုလျက် လှည့်ပတ်လှုပ်ရှားနေသော ပန်းခက်ပြားကြီးကို 'ငှက်မြတ်နား'ဟု ခေါ်ဆိုကြ၏။

ဘုရားလောင်းဘဝနှစ်အခါက ဟင်္သာငှက်မင်း၊ ကျေးမင်း၊ ကြက်မင်း၊ သင်းမြီးဆွဲငှက်မင်းဘဝကျင်လည်ခဲ့ရစဉ် ဘေးမသိရန်မခဲ့ခြင်းကြောင့် ဇာတကဝတ္ထုတို့ကို အလေးအမြတ်ပြုပြီး ပန်းပြားကြီးပေါ်တွင် စံပျော်နားနေဟန် ထုလုပ်ထားရှိခဲ့သည်။ ဤငှက်မြတ်လေးပါးစီးနင်းပျံနားခြင်းကို အစွဲပြုလျက် 'ငှက်မြတ်နား' ဟုခေါ်ခြင်းဖြစ်၏။

❑ *ခြစ်ပျစ်ပန်းဆိုင်း၊ တမ့်နိုင်းအောင်၊ ရှုတိုင်းထိန်ရဲ စိန်ပုလဲတည်း၊ မြီးဆွဲ ဟင်္သာ၊ ကျေးဝါ၊ ကြက်ရုပ်၊ ထုလုပ်ထွေပြား၊ ငှက်မြတ်နားနှင့် ပတ္တမြားအထွတ်၊ နဝရတ်မျက်ကိုး၊ ရောင်စုံဖြိုးသား၊ ရွှေစိုးရတနာ၊ နေခြည်ကာဟု မင်္ဂလာထီးချုပ် . . .။*

**(မယဒေဝလင်္ကာသစ်**
**လင်္ကာပိုဒ်-၄၇**
**မန်လည်ဆရာတော်)**

ငှက်မြတ်နားကို ဖူးတွေ့ရသူတိုင်း ငှက်မင်းများဟောကြားခဲ့သည့် လောကဓမ္မရာဇဓမ္မဩဝါဒများကို အောက်မေ့သတိရပါက သူတော်ကောင်းများဖြစ်လာကြစေရန် ရည်ရွယ်စီမံခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားစေတီတော်များတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုတပ်ဆင်ထားရှိခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ရိုးရာဗိသုကာသမိုင်းအား လေ့လာရာတွင် -

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရာတွင် သီတင်းသုံးနေတော်မူစဉ် အခါတစ်ပါး၌ ဓဇဂ္ဂသုတ်ကို ဟောကြားတော်မူခဲ့၏။

စစ်အင်္ဂါလေးရပ်ဖြစ်တော်မူသော ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တို့အတွက် စစ်သေနာပတိ၏ အောင်လံတံခွန်သည် အားတက်ဖွယ်ရာဖြစ်သကဲ့သို့ ရေမြွေသနင်း ပြည့်ရှင်မင်း၏ အောင်လံတံခွန်လည်း တိုင်းသူပြည်သားအတွက် အားကိုးအားထားဖွယ်ရာဖြစ်၏။ နတ်စစ်သည်တို့သည် တိုက်ပွဲဝင်ကြရာတွင် ကြောက်ရွံ့တုန်လှုပ်ခြင်းမှကင်းဝေးအောင် သိကြားမင်း၊ ပဇာပတိနတ်စစ်သူကြီး၊ ဝရုဏနတ်စစ်သူကြီး၊ ကျန်သာနနတ်စစ်သူကြီးတို့၏အောင်လံတံခွန်ကိုဖြစ်စေ မြင်တွေ့လိုက်လျှင် ရဲသွေးရဲမာန်စိတ်များ ကြွလာတတ်ပြီး စစ်ပွဲကိုအောင်နိုင်အောင်တိုက်နိုင်ကြ၏။

အောင်လံတကာအောင်လံတို့တွင် ဘုရားဂုဏ်တော်တည်းဟူသော အောင်လံတံခွန် တရား၊ သံဃာ ဟူသော အောင်လံတံခွန်တော်တို့ကို လှမ်းမျှော်ဖူးတွေ့ရလျှင် စိုးရိမ်ကြောင့်ကြခြင်းသည်လည်း ပယ်ပျောက်ပြီး ရဲသွေးရဲစိတ်တို့ဖြစ်ပေါ်တတ်၏။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ရန် မြတ်စွာဘုရားမှ ဓဇဂ္ဂသုတ်တော်တွင် ဟောကြားခဲ့ခြင်းဖြစ်၏။

ရှေးအခါက စစ်အောင်နိုင်သောပုဂ္ဂိုလ်တို့သည် အောင်ပွဲခံသောအခါ လုံများတွင် အောင်လံတံခွန်ချိတ်၍ အောင်ပွဲခံကြသည်။

ထို့အတူ စေတီတော်ပုထိုးတော်ကောင်းမှုတော်များ၏အထွတ်တွင် စိန်ဖူးတပ်အောင်လံလွှင့်ထူထားခြင်းမှာလည်း မြတ်စွာဘုရားရှင်၏ ခန္ဓာမာန်၊ မစ္စုအဘိသင်္ခါရမာန်၊ ကိလေသာမာန်၊ ဒေဝပုတ္တမာန် တည်းဟူသော ရန်သူစစ်သည်အပေါင်းကို အောင်တော်မူအထိမ်းအမှတ်ဖြင့် စိုက်ထူထားခြင်းသဘောပင် ဖြစ်၏။

ထို့ကြောင့် စေတီတော်ထိပ်တွင် စိန်ဖူးငှက်မြတ်နားတပ်ဆင်ထားခြင်းဖြစ်၏။

စိန်ဖူးတော်သည် လုံ့ထိပ်မိုးကြိုးသွားဖြစ်၍ ငှက်မြတ်နားသည် အောင်လံတံခွန်ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ အောင်လံတံခွန်ကို ရည်စူးထားခြင်းကြောင့် သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့၏ အောင်လံတံခွန်ထက် သာလွန်သည့် သာသနာ့အောင်လံတံခွန်ပင် ဖြစ်တော်မူ၏။

ဤသည်ကို ရည်ညွှန်းလျက် သုံးထောင့်ကြက်လျှာချွန်ပုံသဏ္ဍာန်ရှိ ငှက်မြတ်နားကို လည်းကောင်း၊ ဝရဇိန်လက်နက် လုံ့သွားထက်ကဲ့သို့ ပုံပန်းသဏ္ဍာန်ရှိ စိန်ဖူးကိုလည်းကောင်း စေတီတော်၏အထွတ်တွင် လွှင့်တင်စိုက်ထူထားခြင်း ဖြစ်၏။

❑ **ဝဇီရရွှေဒီကာကျမ်းလာ**

စိန်ဖူးတော်သည် ကြာဖူးပုံသဏ္ဍာန်ဖြစ်နေရခြင်းမှာ ဗိသုကာဆရာတို့ အလိုအရ ငှက်မြတ်နားကို အောင်လံတံခွန်ပြုလုပ်ပြီးလျှင် စိန်ဖူးစိန်ပွင့်များကို ဘုရားရှင်အားရည်စူးလျက် ကြာဖူးကြာပွင့်သဏ္ဍာန် ပြုလုပ်ခဲ့ကြသောကြောင့်ပင် ဖြစ်၏။

စေတီပုထိုးများအထက်ပိုင်းတွင် ထီးတော်နှင့်တကွ လေပြင်းများမကြာခဏတိုက်ခတ်တိုးဝှေ့လေ့ရှိ၏။ ထိုအခါ လေခွဲစနစ်ကို ကျင့်သုံး၍ လေပြင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန်စီမံထားခြင်း၊ ငှက်မြတ်နားကိုအရင်းကား၍ အဖျားသွယ်ချွန်ထားရခြင်းသည် လည်းကောင်း၊ ပန်းတိုင်အလယ်ကို ဗဟိုပြုလျက် လေတိုက်လျှင် လည်ပတ်ကာ လေလာရာဘက်သို့ မျက်နှာမူလေခွဲပေးခြင်း၊ သုံးထောင့်ကြက်လျှာချွန်သဏ္ဍာန် ငှက်မြတ်နားတောင်ပံဖျားကို ကော့လျက် ဖြာထွက်အောင် စီမံထားခြင်း၊ ပန်းပေါက်များဖောက်ဖောက်ပေးခြင်းစသည့်အစီအရင်များသည် ရှေးခေတ် ဗိသုကာပညာရပ်တို့၏ ကြီးကျယ်သော သိပ္ပံနည်းကျစေသည့် လေခွဲစနစ်ကို အသုံးပြုထားခြင်းလည်းဖြစ်သည်။

တစ်နည်းဆိုရသော် သိမ်း၊ စွန်၊ ကျီး၊ လင်းတမွဲများ၊ ငှက်ဆိုးငှက်ယုတ်များ၊ ငှက်မင်းလေးပါးတို့ ပျံနားစောင့်ရှောက်လျက်ရှိသော စိန်ဖူးတော်၊ ထီးတော်အင်္ဂါရပ်များကို မဖျက်ဆီးဝံ့ကြရန် အစီအမံဟုလည်း ဆိုနိုင်၏။

သို့ပါ၍ စေတီဘုရားနှင့် ဗုဒ္ဓယဉ်ကျေးမှုဗိသုကာအဆိုအမိန့်ကျမ်းဂန်များအရ ယခု မြင်တွေ့ ဖူးမြော်ရသော စေတီပုထိုးတော်များရောက်ရှိသည့်အခါ သာမန်ဦးချဖူးမြော်ခြင်းထက် ဗုဒ္ဓယဉ်ကျေးမှုအဆိုအမိန့်များကို ဖူးမြော်ကြည်ညိုနိုင်ပါက ပိုမို၍ အကျိုးထူးပေလိမ့်မည်ဖြစ်ကြောင်း ရေးသား တင်ပြအပ်ရပါသည်။

ကျော်ဇေဖြူ

**စာညွှန်း -**

ဗုဒ္ဓယဉ်ကျေးမှုဗိသုကာသမိုင်း (ဆရာစဝ်ထွန်းမှတ်ဝင်း)

မယဒေဝါလင်္ကာသစ်၊ အပိုဒ်(၄၇)



www.burmeseclassic.com

www.burmeseclassic.com

"မေမေ၊ သားကို ဘုန်းကြီးကျောင်းကိုပို့ပေးပါတော့။ အမြန်ဆုံးပို့ပေးပါ။ သားနေလို့မရတော့ဘူး။ ခေါင်းထဲမှာလည်းအုံနေတယ်။ ထိုးထိုးပြီးတော့ နာနေတယ်။ သား အဲဒီကနေ သူမရှိတုန်း တက္ကစီနဲ့အမြန်ပြေးလာတာ။ သားကို အခုချက်ချင်း ဘုန်းကြီးကျောင်းကိုပို့ပေးပါတော့ မေမေ"

"ဟဲ့-သား၊ အမေ ဘယ်ဘုန်းကြီးကျောင်းကိုပို့ပေးရမှာတုံး"

"အမေတို့ကိုးကွယ်နေတဲ့ဘုန်းကြီးကျောင်းရှိတယ်လေ။ အဲဒီကိုပို့ပေးပါ"

"သားရယ် ပျာယီးပျာယာနဲ့၊ ကဲ-ဒါဆိုလည်း ခဏနေသွားကြတာပေါ့"

ဤသို့ဖြင့် မောင်ဝင်းနိုင် ဓမ္မသာစည်ဘုန်းကြီးကျောင်းသို့ အမေနှင့်အတူ ရောက်ခဲ့သည်။

ဇာတ်လမ်းအစကို ပြန်ကောက်ရသော် . . ။

❑

အမေ၏စီစဉ်မှုဖြင့် မောင်ဝင်းနိုင်တစ်ယောက် ဤစက်ရုံလုံခြုံရေးဌာနတွင် အလုပ်ရခဲ့သည်။ (၁၀)တန်းတွင် (၂)ခါဆက်တိုက်ကျသော မောင်ဝင်းနိုင်ကို ယောင်တောင်တောင်ဘဝမှ အလုပ်အကိုင်လေးနှင့်ဆိုလျှင် တည်ငြိမ်သွားမလားဆိုပြီး လုံခြုံရေးအလုပ်သွင်းပေးခဲ့ခြင်း ဖြစ်သည်။

မောင်ဝင်းနိုင်မှာ သူငယ်တန်းမှစ၍ (၉) တန်းအထိ အတန်းထဲတွင် လစဉ် ပထမရကာ စာတော်သော ကလေး ဖြစ်သော်လည်း (၁၀) တန်းတွင် အပေါင်းအသင်းစမှားသည်။ အမေက မောင်ဝင်းနိုင်ကို ဖျောင်းဖျောင်းဖျဖျပြောသော်လည်း စကားနားမထောင်ပါချေ။ မောင်ဝင်းနိုင် ၏ဖခင်ဖြစ်သူ ဦးမျိုးလွင်မှာ မာတ်သတ္တုရှာဖွေရေးဝန်ထမ်းဘဝဖြင့် နယ်ရောက်နေသည်။ သူ့အလုပ်ကလည်း ရန်ကုန်မှာနေရသည်က နည်းနည်း၊ နယ်တွင်တာဝန်ကျသည်ကများသည်။

မောင်ဝင်းနိုင်တို့တွင် မောင်နှမ (၇) ယောက်ရှိသည်။ မောင်ဝင်းနိုင်က အငယ်ဆုံးဖြစ်သည်။ အစ်ကိုအကြီးဆုံးဖြစ်သူက မည်သို့အဆက်အသွယ်ရသည်မသိ၊ ၁၉၈၁ ခုတွင် နိုင်ငံခြားသင်္ဘောလိုက်ခွင့်ရသွားသည်။ အစ်ကိုကြီးဖြစ်သူကိုသစ်မောင်မှာ သင်္ဘောပထမအခေါက်တွင် (၄)နှစ်ကြာခဲ့သည်။ ရန်ကုန်တွင် (၃) လသာနားပြီး ဒုတိယအခေါက်သင်္ဘောလိုက်ရာ သင်္ဘောပေါ် (၁) နှစ်ခန့်အကြာတွင် ကိုသစ်မောင်တို့သင်္ဘော အီရန်-အီရတ်စစ်ပွဲအကြား ပင်လယ်ကွေ့ရေလယ်ကြားအတွင် ဒုံးကျည်ထိမှန်ပါတော့သည်။


ဒုံးကျည်မှာ သက်တမ်းလွန်နေ၍ ပေါက်ကွဲခြင်းမရှိသော်လည်း... 





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဝင်ဒဏ်ရာရရှိသူ (၃) ဦးရှိရာ ကိုသစ်မောင်မှာ ဒဏ်ရာအနည်းငယ်ပိုသည်။ ဘာရိန်းနိုင်ငံတွင် ဒဏ်ရာရသူများကို ဆေးခန်းပြပေးသည်။ (၂) ယောက်ကို (၂) ရက်စာဆေးပေးသော်လည်း ကိုသစ်မောင်ကို (၇) ရက်စာ ဆေးပေးသည်။

သင်္ဘောလွှန်းတင်နေသော ဘာရိန်းနိုင်ငံ ဘာရိန်းမြို့သို့ သင်္ဘောရုံးချုပ်မှ အဆင့်မြင့်အရာရှိဖြစ်သူ မြန်မာလူမျိုး ဦးအောင်သန်း သင်္ဘောပေါ်သို့ရောက်လာသည်။ စင်ကာပူသင်္ဘောရုံးချုပ်တွင် မြန်မာအရာရှိကြီးတစ်ဦးသာ ရှိသည်။ အရာရှိကြီးဦးအောင်သန်းက သင်္ဘောဝန်ထမ်းအားလုံးကို အားပေးစကားပြောကြားသည်။

ဒဏ်ရာရသူ(၃)ဦးအနက်မှ ဒဏ်ရာပိုရသော ကိုသစ်မောင်ကို ဦးအောင်သန်းက ပို၍ခင်မင်သည်။ဦးအောင်သန်းက ကိုသစ်မောင်ကို -

"ခင်ဗျားနာမည်ဖုံးမောင်မောင်လို့ ကျုပ်နာမည်သစ်ပေးလိုက်မယ်။ ကဲ - ဖုံးမောင်မောင်၊ သင်္ဘောပေါ်မှာ အခု (၁) နှစ်ရှိပြီဆိုတော့ အိမ်ကိုပြန်ချင်ရင် ကုမ္ပဏီစရိတ်နဲ့ ပြန်ပို့ပေးမယ်။ အခု စာရင်းပေးထားတဲ့ အိမ်ပြန်ချင်နေတဲ့ (၅) ယောက်ကိုလည်း ဒီကနေ အခုသွားမယ့် စင်ကာပူရောက်ရင် အိမ်ပြန်ခွင့်ပေးမယ်။ သူတို့နဲ့အတူ ပြန်ပို့ပေးမယ်။ ဖုံးမောင်မောင် ပြန်ချင်သလား"

ဟု မေးလာသည်။

ကိုသစ်မောင်က -

"ကျွန်တော် မပြန်ချင်သေးပါဘူး အစ်ကို။ နောက်ထပ် (၆) လ လုပ်ပါဦးမယ်"

ဟု ပြန်ဖြေခဲ့သည်။

နောက်ထပ် (၆) လအကြာတွင် ကိုသစ်မောင် သင်္ဘောပေါ်မှဆင်းသည်။ စင်ကာပူသင်္ဘောကုမ္ပဏီရုံးချုပ်တွင် အရာရှိကြီး ဦးအောင်သန်း မိတ်ဆက်ပေးမှုဖြင့် သင်္ဘောပိုင်ရှင် ဂျပန်မကြီးနှင့် တွေ့ရသည်။ ဂျပန်မကြီးက အင်္ဂလိပ်လို မေးသည်။ ဘာသာပြန်ရသော် -

"ကဲ-ကိုသစ်မောင်၊ ဒဏ်ရာတွေ ပျောက်သွားပြီလား။ အဲဒီဒဏ်ရာတွေအတွက် လျော်ကြေးယူမလား"

ဟု ကိုသစ်မောင်ကို မေးသည်။

ကိုသစ်မောင်က -

"လျော်ကြေးမလိုချင်ပါဘူး"

ဟု ဖြေခဲ့သည်။

ဂျပန်မကြီးက -

"ဒါဆိုရင် တစ်ခုခုတောင်းဆိုလေ၊ ဘာလိုချင်သလဲ"

ဟု မေးသဖြင့် ကိုသစ်မောင်က ဦးအောင်သန်းဘက်သို့ မျက်နှာမူကာ -

"အစ်ကိုကြီးရေ၊ ကျွန်တော် သူဌေးကို တစ်ခုတောင်းဆိုချင်ပါတယ်"

ဟု ပြောလိုက်သည်။

"တောင်းလေ ကိုသစ်မောင်၊ သူက အခွင့်ပေးနေတာပဲ"

ဟု ဦးအောင်သန်းက အားပေးသည်။

ကိုသစ်မောင်က -

"သူဌေးခင်ဗျား၊ ကျွန်တော့်ညီ အငယ်ဆုံးအတွက် အလုပ်ခန့်စာ(အလုပ်သင်အရာရှိ) လိုချင်ပါတယ်။ ကူညီနိုင်မယ်ဆိုရင် ကူညီပါ ခင်ဗျား"

ဟု ပြောသောအခါ ဂျပန်မကြီးက-

"ဟာ - ကူညီရမှာပေါ့၊ ညီက အရင်းလား"

ဟုမေးသဖြင့် ကိုသစ်မောင်က 'ဟုတ်ပါတယ်' ဟု ဖြေခဲ့သည်။

ထိုအခါ ဂျပန်မကြီးမှာ ဦးအောင်သန်းဘက်သို့မျက်နှာမူလျက်-

"ကဲ-ဦးအောင်သန်းရေ၊ ကိုသစ်မောင်ကို ကူညီလိုက်ပါ။ လိုအပ်တာတွေပြောပြလိုက်ပါ"

ဟု ပြောဆိုတာဝန်ပေးလိုက်ပါသည်။

ဦးအောင်သန်းက-

"ကိုသစ်မောင်ရေ၊ ခင်ဗျားညီအတွက် လိုအပ်တဲ့ ထောက်ခံစာတွေနဲ့ အလုပ်လျှောက်လိုက်ပါ။ အေးဂျင့်(ကိုယ်စားလှယ်) က တစ်ဆင့် လျှောက်ပါ။ စင်ကာပူရုံးချုပ်ကို မှတ်ပုံတင်လုပ်ပြီး သေသေချာချာပို့ပါ။ စစ်ဆေးကြည့်ရှုပြီးတော့ ဒီကနေ အလုပ်ခန့်စာပို့လိုက်မယ်။ မြန်မြန်ထပ်ထပ်တော့လုပ်နော်"

ဟု မှာသည်။

"ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော် အမြန်ဆုံးလျှောက်လွှာပို့လိုက်ပါ့မယ်"

ဟု ကိုသစ်မောင်ကဖြေခဲ့သည်။

ဂျပန်မကြီးကိုလည်း -

"သူဌေး၊ ကျေးဇူးအထူးတင်ပါတယ်"

ဟု နှုတ်ဆက်ခဲ့သည်။

အတိုချုံးပြောရလျှင် ကိုသစ်မောင်မှာ သူ့ညီအငယ်ဆုံး မောင်ဝင်းနိုင်အတွက် လိုအပ်သည့် ထောက်ခံစာ စာရွက်စာတမ်းများကို (၂) ပတ်အတွင်း အပြီးအစီးလုပ်ကာ အင်္ဂလိပ်လိုဘာသာပြန်လျက် စင်ကာပူသင်္ဘောရုံးချုပ်သို့ ဦးအောင်သန်းမှတစ်ဆင့်ပေးပို့ခဲ့သည်။ မောင်ဝင်းနိုင်ကို (၉) ရက် အဓိဋ္ဌာန်ဝင်ကာ အိမ်ရှိဘုရားတွင် အရဟံဂုဏ်တော်ကို အာရုံပြုလျက် နေ့စဉ် တစ်နာရီခန့် ပုတီးစိပ်စေခဲ့သည်။ ဘုရားကို ယုံယုံကြည်ကြည် အာရုံပြု၍လုပ်စေခဲ့သည်။

ထူးခြားပါသည်။အဓိဋ္ဌာန်(၉)ရက်ပြည့်ပြီး နောက်တစ်နေ့တွင် မောင်ဝင်းနိုင်အတွက် အလုပ်သင်အရာရှိ အလုပ်ခန့်စာရရှိလာသည်။ ချက်ချင်းဆိုသလို ရန်ကုန်တွင်ရှိသော သင်္ဘောကိုယ်စားလှယ်ထံ ချက်ချင်းသတင်းပို့ဆောင်ရွက်ပါသည်။

ကိုယ်စားလှယ်က သူ့လူ၊ သူ့တူအရင်း၊ တူဝမ်းကွဲများကို ကြားဖြတ်ထိုးထည့်သဖြင့် (၆) လကြာလျှင် သင်္ဘောတက်ရမည်ဖြစ်သော မောင်ဝင်းနိုင်မှာ (၂) နှစ်ခန့်ကြာမှ သင်္ဘောတက်ခွင့်ရခဲ့သည်။

သင်္ဘောက ရေနံသင်္ဘော။ မောင်ဝင်းနိုင် စင်ကာပူတွင် သင်္ဘောတက်ရ သည်။ အလုပ်ကြိုးစားသောမောင်ဝင်းနိုင်ကို အထက်အရာရှိများနှင့် သင်္ဘောသားအများစုကကြိုက်နှစ်သက်ကြသည်။ သို့သော် တစ်ယောက်စနှစ်ယောက် မှာ မနာလို၍ ကုန်းတိုက်သည်။

သင်္ဘောပေါ်တွင် (၂) နှစ်ကြာသောအခါ မောင်ဝင်းနိုင်တစ်ယောက် ရန်ကုန်သို့ပြန်ခဲ့သည်။ ရန်ကုန်တွင် လေးလခန့်သာ အနားယူပြီး သင်္ဘောပေါ်ပြန်တက်ခဲ့သည်။ တစ်နှစ်ခွဲကြာခဲ့ သည်။ ဒုတိယအရာရှိစာမေးပွဲဖြေမည့် လိုနှင့်အပေါင်းအသင်းများ၏။ ပြဿနာက ဒီမှာစတင်သည်။

မောင်ဝင်းနိုင်ကို မနာလိုသော သင်္ဘောပေါ်မှ အတူတူဆင်းလာသော မောင်တင်မောင်မှာ မောင်မင်းအောင် နှင့်အတူ မောင်ဝင်းနိုင်ကို ဖျက်ဆီးတော့ သည်။ အရက်သောက်ကြသည်၊ နိုက် ကလပ်တက်ကြသည်၊ ပန်းကုံးစွပ်ကြ သည်။ သည်မှာတင် အေးသူဇာနှင့် လေတော့သည်။

အေးသူဇာဆိုသူမှာ ဒီနိုက်ကလပ် သို့ရောက်လာသည်မှာ (၁)လပင်မပြည့် သေးပါ။ ဒီကိုမရောက်ခင်က ပျက်စီး သလိုလိုကြားရသည်။ အဖေက လက် သမား၊ အမေက အငတ်လျှော်သ သမီးမိန်းကလေးချည်း လေးယောက် ရာ အေးသူဇာက အငယ်ဆုံး။ မိဘ ပါးမှာ သမီး (၄)ယောက်ကို ...



www.burmeseclassic.com

www.burmeseclassic.com

မသိမ်းနိုင်သဖြင့် သမီး(၄)ယောက်မှာ ကိုယ့်ဝမ်းစာကိုယ်ရှာကာ ပျက်စီးချင်သလိုလိုဖြစ်နေခဲ့သည်။ အကြီးဆုံးက (၂၄) နှစ်၊ အငယ်ဆုံးက (၁၈)နှစ်။ အဖေ အမေကလည်း သူတို့ကိုမကြည့်နိုင်၊ ဟုတ်တိပတ်တိမဆုံးမနိုင်။ သမီး (၄) ယောက်စလုံး (၈) တန်းနှင့်ပင်ကျောင်းထွက်ကြကာ ရရစားစားဘဝများမှာ ကျင်လည်ခဲ့သည်။

အဖေ၊ အမေမှာ သူတို့ဝမ်းစာပင် အနိုင်နိုင်ဖြစ်နေသဖြင့် သမီးလေး ယောက်စလုံးကို လျစ်လျူရှုသလိုဖြစ်နေခဲ့သည်။ အိမ်ငှားဘဝဖြင့် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဘဝကိုရေစုန်မျောနေကြသူများဖြစ်သည်။

အရက်သောက်၊ ဖဲရိုက်၊ မိန်းမလိုက်စားသော မောင်ဝင်းနိုင်၏သူငယ်ချင်း (၂) ယောက်က မောင်ဝင်းနိုင်ကို အရက်မူးအောင်တိုက်ကာ ဖျက်ဆီးဖို့ကြံသည်။ လူမှန်းသူမှန်းမသိအရက်မူးသောအခါ မောင်ဝင်းနိုင်မှာ ဘာဆိုဘာမှမသိတော့။ ဝူးဝူးဝါးဝါးဖြင့် အိပ်မောကျခဲ့သည်။ မနက် (၆)နာရီ အိပ်ရာကနိုးလာတော့ သူ့ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။ သွားပြီ - မှားပြီ၊ မှားပြီ။

သူဒီအိမ်ကိုညကရောက်လာသလိုလို ဘာတွေဖြစ်ပျက်ခဲ့သည်ကို သူမမှတ်မိ။

တစ်နေရာတွင် -

"ရှော့-ဒီနေရာမှာလက်မှတ်ထိုး"

ဆို၍သာထိုးလိုက်ရသည်။ ဘာတွေထိုးခိုင်းသည်မသိ၊ ထိုးပြီးရင်ပြီးရော ဆိုသလို သူလက်မှတ်ထိုးခဲ့သည်ကို စိတ်ထဲက ဝိုးတဝါးမှတ်မိနေသည်။ သေသေချာချာတော့ သိရှိနေသည်မဟုတ်။

ခဏအကြာ အေးသူဇာ ရောက်လာသည်။ အေးသူဇာက ရွှက်ကြမ်းရည်ကျိုရုပ်ရည်၊ အရပ်က ပုပျပ်ပျပ်။

"အစ်ကို၊ အိပ်ရာနိုးပြီလား"

ဟု ချွဲကာနွဲ့ကာ မောင်ဝင်းနိုင်ကို ဆိုလာသည်။ နောင်မှသိရသည်။ သူ့ကိုမနာလိုသော သင်္ဘောအတူဆင်းလာသည့် မောင်မင်းအောင်မှာ အေးသူဇာ၏ ဦးလေးဝမ်းကွဲ။ မောင်ဝင်းနိုင်တစ်ယောက် အရက်သောက်၍ မူးရူးနေသောအခါ မောင်ဝင်းနိုင်ကို အေးသူဇာနှင့် သူတို့ရပ်ကွက်ကောင်စီရုံးတွင် လက်ထပ်စာချုပ်၌ အတင်းအဓမ္မလက်မှတ်ထိုးခိုင်းခြင်းပင်။

"ကဲ - အစ်ကို ညတ အစ်ကိုနဲ့ အေးသူဇာတို့ လက်မှတ်ထိုးပြီးသွားပြီ။ အစ်ကိုလည်း ဒီမှာ ဝင်ထွက်လို့ အေးအေးဆေးဆေးရပြီပေါ့"

အေးသူဇာက မောင်ဝင်းနိုင်ကို မလှုပ်နိုင်အောင် ချုပ်၍ထားလေပြီ။ ဤသို့ဖြင့် မောင်ဝင်းနိုင်မှာ အပြင်သို့ လုံးဝထွက်ခွင့်မရဘဲ အေးသူဇာတို့အိမ်တွင် နောက်ထပ် (၂) ရက် ကြာမြင့်ခဲ့သည်။

(၃)ရက်လုံးလုံး အိမ်မှပျောက်နေသော မောင်ဝင်းနိုင်ကို အမေဖြစ်သူက စိတ်ပူလာသည်။ ဒီလိုတော့ မဖြစ်ချေတော့။ သူ့သူငယ်ချင်းအိမ်တွေကို စုံစမ်းဦးမှဟုဆိုကာ အနီးအနားတွင်ရှိသော မောင်ဝင်းနိုင်၏ သူငယ်ချင်း (၃)၊ (၄) အိမ်သို့ မောင်ဝင်းနိုင်တစ်ယောက် ဘယ်နေရာများသို့သွားတတ်ကြောင်း စုံစမ်းသော်လည်း သူတို့မှာမသိကြ။

နောက်တစ်နေ့တွင် အမေဖြစ်သူ ဒေါ်သီရိက မောင်ဝင်းနိုင်အတွက် ရဲစခန်းသို့လူပျောက်သွားတိုင်မည်ဟုစိတ်ကူးနေဆဲမှာပင် မောင်ဝင်းနိုင်တစ်ယောက် အိမ်သို့ပြန်လာသည်။ အမေလုပ်သူက ချော့တစ်ခါခြောက်တစ်လှည့်မေးသောအခါ မောင်ဝင်းနိုင်က ဖြစ်ကြောင်းရယ်ကုန်စင်ကို သေသေချာချာပြောပါတော့သည်။

"အမေ၊ သူတို့ သားကို အောက်လမ်းနဲ့လုပ်သလား၊ ဆေးနဲ့လုပ်သလား တော့မသိဘူး။ သားကို အဲဒီညက သူတို့အိမ်မှာ ဘာမှန်းမသိတဲ့အရည်တွေတိုက်တယ်။ (၂) ခွက်တောင်သောက်ရတယ်။ ပျားရည်တော့မဟုတ်ဘူး။ ပျားရည်လို ပျစ်ပျစ်ချွဲချွဲကတစ်ခွက်၊ သွေးဆေးမှုန့်ကို ရေဖျော်ထားသလို အရည်ကတစ်ခွက် ပန်းကန်လုံးနဲ့သောက်ရတယ်။ မသောက်ချင်လည်း မရဘူး၊ အတင်းချုပ်ပြီး တိုက်တယ်။ အဲဒါတွေသောက်ထားလို့လား မသိဘူး၊ အဲဒီမှာနေတဲ့ (၂) ရက်၊ (၃) ရက်စလုံး ခေါင်းထဲမှာ မကြည်ဘူး။ မှုန်ထိုင်းထိုင်းနဲ့ဖြစ်နေတယ်။ ဒီမနက် ဘုရားရှိခိုးရင်း စိတ်ထဲက ပုတီးစိပ်ချင်လာလို့ ပုတီး (၉) ပတ်စိပ်ပြီးတော့ အမေ့ဆီ ငါပြန်ဦးမယ်ဆိုပြီး ဇွတ်ထွက်လာခဲ့တာ။ အမေရေ၊ သားကိုကယ်ပါဦး။ သားတော့ မှားသွားပြီ"

ဟု ငိုယိုပြောဆိုနေသူက မောင်ဝင်းနိုင်။

မိခင်ဖြစ်သူ ဒေါ်သီရိက -

"သားရေ၊ ဖြစ်ပြီးတာတွေဘာ တတ်နိုင်မှာလဲ၊ ကိစ္စမရှိဘူး။ အမေတို့ဘက်မှာ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာရှိတယ် သား။ သူတို့ဘာလုပ်လုပ် ငါ့သားကို မနိုင်စေရဘူး။ ငါ့သား ဒီအိမ်မှာ အေးအေးဆေးဆေးနေပြီး ဘုရားတရားပဲလုပ်နေပေါ့ သားရယ်"

ဟု မိခင်ဖြစ်သူက မောင်ဝင်းနိုင်ကို နှစ်သိမ့်ပါသည်။

ဘုရား၊ တရားလုပ်သည်မှာလည်း တစ်နာရီခန့်ကြာပြီးနောက် မောင်ဝင်းနိုင်မှာ ငိုက်မျဉ်းလာသည်။ သည်တော့ အိပ်လိုက်သည်။အိပ်လိုက်သည်နှင့် အိပ်မက်တော့သည်။ အိပ်မက်က မကောင်း။

အေးသူဇာတို့အိမ်မှာ သရဲလိုလို အမွေးပွအကောင်ကြီးက (၆) ပေကျော် (၇) ပေခန့်အရပ်နှင့်။ မောင်ဝင်းနိုင်ကို လိုက်လံ၍ ခြောက်လှန့်ကာ အဆက်မပြတ် ထုနှက်နေသည်။

မောင်ဝင်းနိုင်က -

"ကြောက်ပါပြီ ကြောက်ပါပြီ"

ဟုအော်ကာ အဆက်မပြတ် ပြေးလွှားနေရသည်။ မောင်ဝင်းနိုင်ကရှေ့က ပြေးလိုက်၊ သရဲကြီးက နောက်ကပြေးလာထုလိုက်၊ ရိုက်လိုက်နှင့်ကြာတော့ မောင်ဝင်းနိုင်မှာ ဟောဟဲလိုက်ကာ မောပန်းလာသည်။ မပြေးလွှားနိုင်တော့။ ရောက်သည့်နေရာတွင် ပုံလဲကျသွားသည်။

"ကြောက်ပါပြီ၊ လန့်ပါပြီဗျ"

ဟု အော်ဟစ်ကာ မောင်ဝင်းနိုင်တစ်ယောက် လန့်နိုးလာတော့သည်။

ဘေးနားတွင် အမေဖြစ်သူက-

"ငါ့သား ဘာတွေဖြစ်နေတာတုံး၊ အိပ်မက်ဆိုးတွေမက်နေတာလား"

ဟု ခန္ဓာကိုယ်ကိုလှုပ်ကာနှိုးလိုက်သည်။ သောက်ရေအိုးမှသောက်ရေတစ်ခွက်ခပ်ကာ -

"ရော့-ငါ့သား ရေသောက်လိုက်၊ စိတ်ထဲမှာ ဘုရား၊ ဘုရား၊ ဘုရားလို့ ရွတ်ဆိုလိုက်"

ဟု ဆိုကာ ရေသောက်စေသည်။ ဘုရားရှိခိုးစေသည်။

အမေ့အိမ်တွင် မောင်ဝင်းနိုင်မှာ (၁)ရက် (၂)ရက်ခန့်နေပြီး စိတ်များက ပြန်လည်ဖောက်ပြန်လာသည်။

"အမေရေ၊ ကျွန်တော် အပြင်သွားလိုက်ဦးမယ်"

ဟု ဆိုကာ အမေတားနေသည့်ကြားကထွက်သွားတော့သည်။ (၂)ရက်၊ (၃) ရက် ပျောက်နေပြီးနောက် အမေ့အိမ်သို့ တစ်ဖန်ရောက်လာပြန်သည်။ ဤသို့ (၃)ကြိမ်ခန့်ဖြစ်ပြီးနောက် အမေ့ထံတွင် ကက်ဆက်ထဲမှ တရားနာ၊ ပုတီးစိပ်ပြီးနောက် -



www.burmeseclassic.com

www.burmeseclassic.com

"အမေရေ ကျွန်တော့်တော့တော် ပြီ။ လုံးဝသူတို့ဆီမသွားတော့ဘူး။ ဒီနေ့ တော့ သင်္ဘောသားရုံးကိုသွားလိုက်ဦး မယ်။ သင်္ဘောသားကိစ္စစာရွက်စာတမ်း တွေလုပ်ရဦးမယ်"

ဟု ဆိုကာ (၆) ထပ်ရုံးကိုသွားခဲ့ သည်။ ကိစ္စဝိစ္စပြီး၍ ရုံးပေါ်မှဆင်းလာ ပြီး မြေညီထပ်အပေါက်ဝသို့ မောင်ဝင်း နိုင်ရောက်သောအခါ -

"အမလေး အစ်ကိုရဲ့ သူများ သားသမီးယူထားပြီး (၄) ရက်လုံးလုံး ဘယ်ပျောက်နေတာတုံး။ ဒီမှာဖြင့် ဘယ် သွားလို့ ဘယ်လာမှန်းမသိ ရှာလိုက်ရ တာ။ လာ - အခုအိမ်လိုက်ခဲ့"

ဟု ဆိုကာ အေးသူဇာက ဆွဲခေါ် သွားတော့သည်။ မောင်ဝင်းနိုင်မှာ အာစေးထည့်ထားသူပမာ ဘာမှမပြော သာဘဲ သူမနောက်ကောက်ကောက်ပါ အောင်လိုက်သွားရတော့သည်။

နောက်တစ်နေ့တွင် အေးသူဇာ က မောင်ဝင်းနိုင်ကို ရပ်ကွက်တစ်ခု၏ အစွန်အဖျားနေရာ တဲအိမ်လေးများရှိ သောနေရာတစ်ခုသို့ ခေါ်သွားသည်။ ဂိုဏ်းဆရာလိုလို၊ အောက်လမ်းဆရာ လိုလိုပုဂ္ဂိုလ်တစ်ယောက်နှင့်တွေ့ရသည်။ မောင်ဝင်းနိုင်၏ ညာဘက် လက်မောင်း တွင် စုတ်(၃)ချက်ထိုးရမည်ဟုဆိုသည်။ မောင်ဝင်းနိုင်က အကျောက်အကန်ငြင်း ဆိုသော်လည်း ဘယ်သောအချိန်က အေးသူဇာတို့ အချိန်းအဆက်လုပ်ထား သည် မသိ။ ဘယ်ကမှန်းမသိသော လူ (၃)ယောက်ပေါ်လာကာ မောင်ဝင်းနိုင် ကို မလှုပ်နိုင်အောင် ဝိုင်းချုပ်လိုက်ကြပြီး သူ၏ညာလက်မောင်းပေါ်တွင် စုတ် (၃) ချက်ကိုအတင်းအကျပ်ထိုးပါတော့သည်။ စုတ် (၃)ချက်တွင် စာလုံး (၃) လုံး ဘာ စာလုံးမှန်းမသိ။ တရုတ်လိုလို၊ ကုလား လိုလိုစာတွေနှင့် မောင်ဝင်းနိုင်မှာ အား မတန်၍ မာန်လျှော့လိုက်ရသည်။ လုပ် ချင်ရာလုပ်ကြတော့။

ယခုအချိန်တွင် မောင်ဝင်းနိုင်မှာ အေးသူဇာ၏ အတင်းအကျပ် လက်မှတ် ထိုးလက်ထပ်ခံထားရသည်မှာ (၂) လ ကျော်ခဲ့ပြီ။ အမေ့ဆီအပ်ထားသော ငွေ (၁၅) သိန်းမှာ အလွယ်အကူတောင်း၍ လည်းကောင်း၊ တောင်း၍မရလျှင် ခြိမ်း ခြောက်၍သော်လည်းကောင်း ပြန်လည် တောင်းယူသွားသည်မှာ အမေ့ထံတွင် (၁၅) သိန်း ကုန်သွားပြီ။ လက်ကျန် ငါး သိန်းသာ ကျန်တော့သည်။ ထိုအချိန်က (၁၉၉၄) ငွေ (၁၅)သိန်းဟူသောငွေမှာ နည်းနည်းနောနောမဟုတ်။ ငွေတန်ဖိုးရှိ သည့်အလျောက် အဖိုးတန်သည်။

ဤသို့ဖြင့် အေးသူဇာအိမ်တွင် နောက်ထပ် (၂) ပတ်ခန့် ကြာပြန်သည်။ မောင်ဝင်းနိုင်၏ငွေကြေးများကို အေး သူဇာတို့မိသားစု သုံးဖြုန်းစားသောက်ခဲ့ ကြသည်။

အေးသူဇာကိုယ်တိုင်လည်း ဝတ် ဆင်ထားသည်မှာ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက် (၄) ကွင်း၊ ရွှေနားကပ် တစ်ရန် စုစုပေါင်း (၆) ကျပ်သားခန့်ရှိ သည်။ အိမ်တွင် ပရိဘောဂများလည်း ဝယ်ခြမ်းထားပြီးပြီ။ အေးသူဇာတို့ ယခင် က ရွှေဆိုလျှင် (၁)မူးသားပင်မရှိ။ ယခု တော့ ရွှေနှင့်ငွေနှင့်ဆူဖြိုး၍နေလေပြီ။ မောင်ဝင်းနိုင်ထံမှ သူတို့လိမ်လည်စား သောက်ထားခြင်းပင်။ အေးသူဇာတို့ အိမ်တွင် မောင်ဝင်းနိုင် (၂) ပတ်ခန့်ကြာ သည်။ အောင့်အည်းနေရသော်လည်း ဘယ်လိုမှနေ၍မရ။ ဒီကြားထဲ ဗေဒင် ဆရာတစ်ယောက်၏အိမ်သို့သွားရောက် ကာ ဆေးအမှုန့်များ (၂)ကျပ်သားခန့်ကို သူ့ရှေ့တွင် လျှာနှင့်တို့ဆိတ်လျက်စားခဲ့ ရသည်။ ထို (၂) ကျပ်သားဆေးမှုန့်တွင် ဆေး (၃) မျိုး ပါသည်။ ဒီတစ်ခါတော့ မောင်ဝင်းနိုင်စိတ်ထဲတွင် ဘာမှခံစား ချက်မရှိတော့။ အေးသူဇာက စားဆိုစား၊ သောက်ဆိုသောက်သည်။ အေးသူဇာ ၏ခိုင်းစေသော စက်ရုပ်တစ်ရုပ်ဖြစ်နေ ပြီ။

ဒီနေ့တစ်နေ့လုံး မောင်ဝင်းနိုင်၏ စိတ်တို့ကယောက်ကယက်ဖြစ်နေသည်။ ဗိုက်ထဲတွင်ပူလောင်နေသည်။ အစာမရှိ ၍မဟုတ်။ နေ့လယ်စာ ဆိုင်မှ ခေါက်ဆွဲ တစ်ပန်းကန်ကြီးစားထားပြီးပြီ။ ခေါင်းထဲ ကထိုးနေသည်။ နေ့ခင်းနေ့လယ်လည်း အိပ်မရ။ ညကလည်း တစ်ရေးမှမပျော်။ ယခု မိမိနေရာ (ငှားထားသောအခန်း) ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အေးသူဇာလည်းမရှိ။ အခန်းထဲတွင် မောင်ဝင်းနိုင်တစ်ယောက်တည်း။

မောင်ဝင်းနိုင် စိတ်တွေထွေပြား နေသည်။ အေးသူဇာ အမေ၊ အဖေနှင့် သူတို့ဆွေမျိုးများမှာ ရွှေတွဲလွဲငွေတွဲလွဲ၊ ပရိဘောဂအသစ်တွေနှင့်ပြုံးနေကြသည်။ သူတို့က မောင်ဝင်းနိုင်ကို ခဏခဏခေါ် နေသော်လည်း တစ်ခါတစ်ရံတော့သွား မိသည်။ ယခုတော့ လုံးဝသွားချင်စိတ် မရှိ။ အေးသူဇာမိဘအိမ်ခန်းမှာလည်း မှုန်မှုန်မှိုင်းမှိုင်းနှင့် မင်္ဂလာမရှိသောအိမ် ဟုခံစားရသည်။

ယခု အေးသူဇာနှင့်သူနေသော အိမ်ခန်းမှာလည်းမသန့်ဟုထင်နေသည်။ စိတ်ထဲတွင် သရဲတစ်ကောင်ရှိနေသည် ဟု ခံစားမိသည်။ ခေါင်းထဲမှာလည်း ထိုးထိုးပြီးတော့နာနေသည်။

အမေစီမံထားသောဆရာတစ်ဦး နှင့် ဖယောင်းတိုင်စီမံထားသောဂါထာ နှင့် မီးထွန်းလျှင် အမေ့ဆီပြန်ချင်လာ ဖယောင်းတိုင်မီးငြိမ်းပြီး အေးသူဇာ ဘက်က အောက်လမ်းနည်းဖြင့်ဘာလု သည်မသိ။ မေမေ့ထံမှ အေးသူဇာ မသွားမနေရသွားချင်ပြန်သည်။ အမေ ကတော့ဆရာနှင့်လုပ်တာနည်းပါသည် ဘုရားထံတွင်ဆုတောင်းပါသည်။

ယခု မောင်ဝင်းနိုင် အဝတ်အစား လဲပြီး စိတ်ဆုံးဖြတ်ကာ အိမ်ခန်းကိုသော့ ခတ်ပြီး ထွက်လာခဲ့တော့သည်။ လမ်း တွင် တက္ကစီတစ်စီးကိုတားလိုက်သည်။ အမေ့ဆီ မောင်ဝင်းနိုင်ရောက်ခဲ့ပြီ။

❑

"မေမေ၊ သားကို ဘုန်းကြီး ကျောင်းကိုပို့ပေးပါ။ သားကို အမြန် ပို့ပေးပါ။ သားနေလို့မရတော့ဘူး။ ခေါင်း ထဲမှာလည်းထိုးထိုးပြီးတော့နာနေတယ် သား အဲဒီကနေ အေးသူဇာမရှိတုန်း တက္ကစီနဲ့အမြန်ဆုံးပြေးလာတာ။ သား အခုချက်ချင်း ဘုန်းကြီးကျောင်းကိုပို့ပေး ပါ မေမေ"

"ဟဲ့-သား၊ အမေ ဘယ်ဘုန်းကြီး ကျောင်းကိုပို့ပေးရမှာတုံး"

"အမေတို့ကိုးကွယ်နေတဲ့ မွေ့သာ စည်ဘုန်းကြီးကျောင်းကိုပို့ပေးပါ မေမေ"

"သားကလည်း ပျာယီးပျာယာ အေးလေ ခဏနေသွားကြတာပေါ့"

ဤသို့ဖြင့် မောင်ဝင်းနိုင် မွေ့သာ စည်ကျောင်းသို့ရောက်ခဲ့လေပြီ။ ယခ က ဘုန်းကြီးကျောင်းဆိုလျှင် လုံးဝခေါ် မရခဲ့သော မောင်ဝင်းနိုင်မှာ ယခုတော့ သူကိုယ်တိုင်က တောင်းဆိုနေလေ အမေဖြစ်သူ ဒေါ်သီရိမှာ ဝမ်းသာ သည်။ ပြန်စဉ်းစားကြည့်တော့ ထူးလည်း ထူးဆန်းနေသည်။

မောင်ဝင်းနိုင်နှင့် အမေဒေါ်သီ တို့ မွေ့သာစည်ကျောင်းသို့ရောက်ခဲ့လေ ပြီ။

ဆရာတော်ဘုရားက -

"ကဲ-ဒကာမကြီးရေ၊ ဒကာ တို့ အမြဲတမ်း ကျုပ်ရဲ့ကျောင်းကို ဒါနနေတာပဲ။ ဒီမှာမထားချင် တာမဟုတ်ဘူးနော်။ ဒကာကြီးတွေ

www.burmeseclassic.com

နဲ့ ကျောင်းနဲ့နီးနေတယ်။ ဒီတော့ ကျုပ်ရဲ့ဆရာဘုန်းကြီးကျောင်း (၁)ကျောင်းရှိတယ်။ အဲဒီကျောင်းဆိုရင် ပိုပြီးကောင်းတယ်။ အဲဒီကျောင်းမှာ ဒကာမောင်ဝင်းနိုင် (၁)လလောက် ဘုန်းကြီးဝတ်လိုက်ပေါ့။ နောက်ပြီးတော့ လိုအပ်တာကိုတိုင်ပင်လုပ်ကြတာပေါ့"

ဟုလမ်းညွှန်ပေးလိုက်သဖြင့် ညွှန်လိုက်သော ဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့ရလေတော့သည်။

ဆရာတော်က ဂမ္ဘီရပညာတတ်သည်ဟုလည်းကြားရသည်။ နောက်တစ်နေ့နံနက်တွင် မောင်ဝင်းနိုင်ကို ခေါင်းတုံးတုံးသည်။ ခေါင်းတုံးပေါ်တွင် စုတ် (၉) ချက်ထိုးပေးသည်။ ထိုးပေးရင်းက ဂါထာရွတ်နေသည်။

ဦးပဥ္စင်း အရှင်ဦးဝိရိယ ထိုညက အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် အရှင်ဦးဝိရိယ၏ကိုယ်အထဲမှ အရပ် (၆) ပေ၊ (၇) ပေခန့်ရှိ ဝက်ဝံမည်းကြီး သဏ္ဌာန် သရဲတစ်ကောင်။ 'ကြောက်ပါပြီဗျ ကြောက်ပါပြီဗျ' ဟု ဆိုကာ ပြေးထွက်သွားသည်။ နံနက်လင်းသောအခါ အရှင်ဦးဝိရိယ စိတ်တွေရှင်းသန့်နေသည်။ ခန္ဓာကိုယ်လည်း ပေါ့နေသလို လေးလံထိုင်းမှိုင်းခြင်းမရှိတော့။ ခေါင်းသည်းမထိုးတော့၊ မအုံတော့။

ဆရာတော်ဘုရားထံ ကျောင်းဆောက်ရန်နှင့်စရိတ်အတွက်လှုံလောက်မှုတော ပိုလျှံစွာ ဒေါ်သီရိက လှူသည်။ အရှင်ဝိရိယ ဆွမ်းခံစရာမလို။ ဆရာတော်၏ တူမ(၃)ယောက်က ချက်ပြုတ်ပေးသည်။ သူတို့အထဲတွင် တူမအကြီးဆုံးက လှပသလို ယဉ်ကျေးသိမ်မွေ့သည်။

ထိုဘုန်းတော်ကြီးကျောင်းဆီသို့ ရောက်ခင်က ဓမ္မသာစည်ဘုန်းတော်ကြီးက သတိပေးလိုက်ပါသည်။

"အဲဒီကျောင်းမှာ ဘုန်းကြီးတူမ (၃)ယောက်ရှိတယ်။ အဲဒီမှာ ဘုန်းကြီးဝတ်မယ်ဆိုရင် သတိတော့ထားပါ။ သတင်းကြားတာက အဲဒီတူမလေးတွေ က အိမ်ထောင်ချပေးချင်နေတယ်လို့ လည်းကြားတယ်။ တူမ (၂) ယောက်က (၂၈)နှစ်စီ၊ နောက်တစ်ယောက်က (၂၈) နှစ်ရှိပြီလို့ သတင်းကြားတယ်။ အဲဒီတော့ ဒကာမောင်ဝင်းနိုင်လည်း သတိတော့ ထားပေါ့။ လက်ခုပ်ဆိုတာ (၂)ဖက်တီးမှ မြည်တာပါ။ တစ်ဖက်တည်းတီးလို့မရပါ ဘူး"

ဟု ဆရာတော်ဘုရားက သတိပေးလိုက်ပါသေးသည်။

သည်လိုနှင့် ဒေါ်သီရိမှာ သားဘုန်းကြီးဆီ (၂)ရက်တစ်ခေါက် ရောက်သည်။ အားလုံးအဆင်ပြေပါသည်ဟု အရှင်ဦးဝိရိယကဆိုသည်။ ထိုကဲ့သို့နေလာရာမှ ဦးပဥ္စင်းဝတ်ပြီး (၂) ပတ်အကြာတွင် သင်္ဘောသားရုံးမှ နောက် (၂) ပတ်ကြာလျှင် သင်္ဘောထွက်ရတော့မည်ဟုသင်္ဘောကိုယ်စားလှယ်မှ အကြောင်းကြားသည်။ အမေက ချက်ချင်းပြောပြသည်။

လွန်ခဲ့သော(၂)နှစ်က ခင်ပွန်းမှာ ငှက်ဖျားရောဂါဖြင့်ဆုံးခဲ့သဖြင့် ဒေါ်သီရိမှာ အမေလိုတစ်မျိုး၊ အဖေလိုတစ်သွယ် သားသမီးတို့အတွက် လုပ်ဆောင်နေရသည်။

သင်္ဘောထွက်ဖို့ စာရွက်စာတမ်းတွေ အခုကတည်းကလုပ်မှဖြစ်တော့မှာ ဟုဆိုကာ အရှင်ဦးဝိရိယလည်း လူထွက်ခဲ့ရသည်။ ဘုန်းကြီးလူထွက်မောင်ဝင်းနိုင်လည်း မနက်မိုးလင်းမှသည် ညမိုးချုပ်သည်အထိ (၁) ပတ်ခန့် နေ့စဉ်လုပ်ရသည်။တချို့နေ့များဆိုလျှင် ည(၁၀)နာရီမှ အိမ်ပြန်ရောက်သည်။

"ဟဲ့-ငါ့သား၊ မိုးချုပ်လှချေလား"

ဟု မေးသောအခါ -

"အမေရေ၊ စာရွက်စာတမ်းတွေက ဒီလိုပဲကြာတယ်"

ဟု ပြန်ဖြေခဲ့သည်။

တကယ်တော့ မောင်ဝင်းနိုင်တစ်ယောက် ဇာတ်လမ်းရှုပ်နေသည်ကို အမေ လုံးဝမသိ။ အမေက -

"ဟဲ့သား၊ သင်္ဘောကိစ္စတွေက ဒီနေ့ထိမပြီးသေးဘူးလား။ တစ်ပတ်ကြာနေပြီလေ"

ဟုမေးသောအခါ မောင်ဝင်းနိုင်က-

"ဒီနေ့ပြီးပါပြီ အမေ"

ဟု ပြန်ဖြေသည်။

နောက်တစ်နေ့ အဝတ်အစားသစ်သစ်လွင်လွင်နှင့် မောင်ဝင်းနိုင်က အပြင်ထွက်မည်ဟု ပြောသောအခါ -

"ဟဲ့သား သင်္ဘောကိစ္စလည်းပြီးပြီဆို၊ ဘယ်ကိုသွားဦးမှာလဲ"

"သူငယ်ချင်းနဲ့ ချိန်းထားတယ် အမေ၊ အရေးကြီးတဲ့ကိစ္စရှိတယ်"

ဟု မောင်ဝင်းနိုင်က ပြောပြန်သည်။

"ကဲ - ဒါဆိုလည်းသွားပေါ့ကွယ်"

ဟု အမေလက်လျှော့ခဲ့ရတော့သည်။

မောင်ဝင်းနိုင် ထွက်သွားသည်မှာ (၂)ရက်ကြာပြီ။ အိမ်သို့ပြန်မလာသဖြင့် အမေ ဒေါ်သီရိက ဘုန်းကြီးကျောင်းသို့ သွားသောအခါ -

"ဟာ - ဒကာမကြီးမသိသေးဘူးလား"

ဟု ဆရာတော်က မေးပါသည်။ ပြီးနောက် ဆရာတော်က -

"ကျုပ်ရဲ့တူမအကြီး မဝတ်ရည်နဲ့ မောင်ဝင်းနိုင်တို့ မေတ္တာရှိနေကြပြီ။ မနေ့က မောင်ဝင်းနိုင်နဲ့ ဝတ်ရည်တို့ ဝတ်ရည်ရဲ့ မိဘ(၂)ပါးရှိရာ တောင်စွန်းကိုသွားကြပြီ"

ဟု ဆိုသည်။

ဒေါ်သီရိ အံ့ဩသောမျက်နှာနှင့်-

"ဟင်-အရှင်ဘုရားရယ်၊ ဘယ်လိုဖြစ်ကြတာတုံး"

ဟု မေးပါသည်။

ဆရာတော်ဘုရားက -

"ကဲ - ဒကာမကြီးရယ်၊ ကျုပ်တူမက (၂၈)နှစ်၊ မောင်ဝင်းနိုင်လည်း (၂၈) နှစ် အရွယ်ရောက်ကြပြီပဲ။ ဖူးစာလို့သာ သဘောထားလိုက်ပါ"

ဟု ပြောသဖြင့် ဒေါ်သီရိမှာ ခေါင်းငိုက်စိုက်ဖြင့် အိမ်သို့ပြန်လာခဲ့ရတော့သည်။

တောင်စွန်းတွင် မောင်ဝင်းနိုင်တို့ (၅)ရက်ကြာပြီးနောက် (၂)ယောက်သား အမေ ဒေါ်သီရိထံ ရောက်လာသည်။ တောင်စွန်းတွင် သူတို့ (၂) ယောက် လက်ထပ်ပြီးပြီ၊ ညှော်ခံပွဲပင်လုပ်ပြီးပြီဟု ဆိုသည်။

နောက်ထပ် တစ်ပတ်ကြာသောအခါ မောင်ဝင်းနိုင်လည်း သင်္ဘောတက်သွားခဲ့လေပြီ။ ကြားတော့ကြားရသည်။ ဟုတ်မဟုတ်တော့မသိ။ (၂)ပတ်အတွင်း မဝတ်ရည်တစ်ယောက် မောင်ဝင်းနိုင်ကို လက်ထပ်နိုင်သည်အထိ ဆွဲဆောင်နိုင်ခဲ့သည်မှာ သူမအလှကြောင့်လော၊ ဆရာတော်၏ ဂမ္ဘီရအစွမ်းကြောင့်လောဟု စဉ်းစားစရာဖြစ်နေပါသည်။ မည်သို့ပင်ဖြစ်စေ လက်ခုပ်(၂)ဖက်တီးသဖြင့် အသံမြည်သွားသည်မှာ အမှန်ပင်ဖြစ်ပါသည်။

(၁၉၉၄ ခုနှစ်က တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်ပါသည်။ ယခုအခါ ကိုဝင်းနိုင်နှင့် မဝတ်ရည်တို့တွင် သား(၃)ယောက်ရှိနေပါပြီ။ ကိုဝင်းနိုင်သင်္ဘောလိုက်ဆဲပင်။ စာမေးပွဲများ အဆင့်ဆင့်အောင်မြင်၍ ရေယာဉ်မှူး ခေါ် ကပ္ပတိန်ဖြစ်နေပါပြီ။)

သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

(၁)

"အမလေး၊ အဖေရေ အဖေ့ကို ဖိုးစိန်သတ်တာပါတော့"

ရုပ်သေးဆရာကြီးဦးတင် သေဆုံးသွားသည့်အတွက် သူ၏သမီး မယ်ခ ငိုနေခြင်းဖြစ်ပါသည်။ ဦးတင်၏အိမ်တွင် ရုပ်ကွက်အတွင်းမှ အသုဘရှုရန်ရောက်ရှိနေကြသူများနှင့် အပြည့်ရှိနေပါသည်။ ထိုပရိသတ်ထဲတွင် ပျံကျလုပ်ကိုင်စားသည့်ဖိုးစိန်လည်းရှိနေသည်။ မယ်ခ၏ အော်ငိုသံကြောင့် လူအားလုံးက ပျံကျဖိုးစိန်ထံသို့ ဝိုင်းကြည့်ကြပါသည်။ ဖိုးစိန်မှာလည်း အနေရခက်နေသည်။ ထပြန်ရကောင်းလေမည်လားဟုလည်း တွေးနေမိသည်။

ထိုစဉ် မယ်ခမှ ထပ်မံငိုလိုက်ပြန်ပါသည်။

"အရပ်ကတို့ရေ၊ ကျွန်မအဖေကို ရက်ရက်စက်စက်သတ်သွားတာ ဖိုးစိန်ပါတော့။ အမလေး-အဖေ့ကျေးဇူးကိုမှ မထောက်၊သင်းလုပ်ရက်ပါပေ့၊ ဖိုးစိန်ရေ နင်လုပ်နိုင်တုန်းလုပ်ထားဦးပေ့ါဟဲ့ ဟီး ဟီး. . ."

ပျံကျဖိုးစိန်တစ်ယောက် ဆက်နေ၍ မဖြစ်တော့ပါ။ မျက်စိမျက်နှာပျက်ပြီး သုတ်သုတ်ထထွက်သွားသည်။ပရိသတ်မှာ သို့လောသို့လောဖြင့် ဝေဝေဝါးဝါးဖြစ်၍ကျန်ခဲ့ပါတော့သည်။

(၂)

ရပ်ကွက်လူကြီးရုံးခန်း ဖြစ်ပါသည်။ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ စုံစုံညီညီ ရောက်ရှိနေကြလေသည်။ ပျံကျဖိုးစိန်တစ်ယောက် လူကြီးများရှေ့တွင် မျက်နှာငယ်ဖြင့် ထိုင်နေပါသည်။

ထိုစဉ် အုပ်ချုပ်ရေးမှူးမှ -

"ကဲ- ဖိုးစိန်၊ ရုပ်သေးဆရာကြီး ဦးတင်ကိုသတ်တာ မင်းလို့ တစ်ရပ်ကွက်လုံးက ပြောနေကြတယ်။ ဒီကိစ္စ မင်းဘယ်လိုဖြေရှင်းမလဲ"

"ကြံကြီးစည်ရာ အုပ်ချုပ်ရေးမှူးကြီးရယ်။ ရပ်ကွက်မှာ ကျွန်တော်နေတာထိုင်တာလည်း အုပ်ချုပ်ရေးမှူးကြီးတို့အသိပဲ။ ဦးလေးတင်ကို ကျွန်တော့်ဦးလေးအရင်းတစ်ယောက်လို လေးစားခဲ့တာပဲဗျာ"

ထိုစဉ် ရပ်ကွက်လူကြီး အဖွဲ့ဝင်တစ်ဦးမှ -

"ဖိုးစိန်၊ မင်းဘာမှဝေ့လည်ကြောင်ပတ်ပြောမနေနဲ့။ ရုပ်သေးဆရာကြီး ဦးတင်သမီးမယ်ခနဲ့ မင်းကြိုက်ဖူးတယ်လေ။ ကဲ - အဲဒီအကြောင်းတွေကို ဒေါ်ဒုတ်ထိုးခင်ဗျားသိသမျှပြောပြလိုက်စမ်းဗျာ"

ဒေါ်ဒုတ်ထိုး ဆိုသည့်အတွက် ဖိုးစိန်လန့်သွားသည်။ တကယ်တော့ ဒေါ်ဒုတ်ထိုးမှာဝက်သားတုတ်ထိုးရောင်းသူ ဖြစ်ပါသည်။ သူ့အလုပ်ကို အစွဲပြုပြီး ဒေါ်ဒုတ်ထိုးဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ သူ့ဝက်သားတုတ်ထိုးက နာမည်ကြီးသည်။ မြို့ထဲကပါ လာဝယ်စားကြသည်။ သူ့ဆိုင်တွင် လူမပြတ်။ လူမပြတ်သလောက် ဒေါ်ဒုတ်ထိုးကလည်း ဟိုအကြောင်းသည်အကြောင်း စုံစမ်းတတ်သလို ဟိုကအကြောင်းသည်ပို့၊ သည်ကအကြောင်းဟိုပို့လုပ်တတ်သည်။ အကြောင်းအရာသေးသေးကိစ္စတစ်ခု ဒုတ်ထိုးမှီ မသိလိုက်နှင့် ပုံကြီးချဲ့၍ ကြီးမားသောကိစ္စကြီးတစ်ခု ဖြစ်သွားအောင်ပြောတတ်ပေသည်။ စကားကလည်းတတ်၊ အပြောကလည်းကျွမ်းသမို့ ဒုတ်ထိုးပြောသမျှ အားလုံး အမှန်ဟုထင်သွားတတ်ကြသည်။ လူမသိစေချင်သောကိစ္စများ ဒုတ်ထိုးမသိလိုက်လေနှင့် အသံချဲ့စက်ဖြင့် လိုက်ဟစ်သည်ကမှနေ့ပေဦးမည်။ တစ်ခဏအတွင်းမှာ ပျံ့နှံ့သွားတတ်ပေသည်။ ဖိုးစိန်လန့်မည်ဆိုကလည်း လန့်လောက်စရာ ဒုတ်ထိုးပါပေ။ ယခုလည်းကြည့်၊ ပြောလိုက်ပုံက -

"အင်း - ပြောရမှာတော့ အားနာပါတယ်။ လူကြီးမင်းတို့က ပြောပါဆိုလို့သာ ဒုတ်ထိုးသိသမျှပြောရမှာ။ ဟိုပြီး... တဲ့ လပိုင်းလောက်က လူငယ်တစ်... လာဝယ်စားရင်း သူတို့ချင်းပြောနေတာ... ကို ကျွန်မ အမှတ်မထင်ကြားလိုက်... တယ်။ လူငယ်တစ်ယောက်က -

'ဟော့ကောင်၊ တို့ရပ်ကွက်ထဲက... ဖိုးစိန်နဲ့မယ်ခတို့ ချိန်းတွေ့တာ ၁ မယ်... အဖေ ရုပ်သေးဆရာကြီးမိသွားလို့... အဲဒါ မင်းကြားလား'

'အေး - ဖိုးစိန်က အဘိုးကြီး... တော်တော်အခဲမကျေဖြစ်နေတယ်... ရင်သတ်များသတ်မလားမသိဘူး'

လို့ပြောနေကြတော့ ကျွန်မက -

'ဟဲ့ - နေစမ်းပါဦး၊ ဘယ်ဖိုးစိ... လဲ'


လို့မေးရော လူငယ်တစ်ယော... က-

'ဘယ်ဖိုးစိန်ရှိမလဲ ဒေါ်ဒုတ်ထိုး... ဟိုပျံကျဖိုးစိန်ပေါ့ဗျ'

ဒီတော့ ကျွန်မက ထပ်ပြီးပြော... လိုက်ပြန်ပါတယ်။

'ဟယ် - နင်တို့ကလည်း ပျံကျ... စိန်က ရိုးသားပါတယ်၊ စိတ်သဘော... လည်းကောင်းပါတယ်ဟယ်။ အဘိုးကြီး... ကို သူရက်ရက်စက်စက်မလုပ်ပါဘူး'

ဆိုတော့ -



လူငယ်တစ်ယောက်က -

'ဘယ်ပြောနိုင်မလဲဗျ၊ အခ... ထိပ်ရောက်တယ်ဆိုတာ အဒေါ်... ဖူးဘူးလား'

လို့ပြောပြီးထပြန်သွား...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသိသမျှပောာ့ အဲဒါပါပဲရှင်"

ဒေါ်ဒုတ်ထီးက လုံးစေ့ပတ်စေ့ ပြောပြနေသဖြင့် ဖိုးစိန်မှာ မျက်စိမျက်နှာပျက်နေပါတော့သည်။

ဒါကိုရိပ်မိသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ -

"ကဲ-ဖိုးစိန်၊ မင်းဘာမှ မျက်စိမျက်နှာပျက်မနေနဲ့တော့။ ဒီကိစ္စကို ဦးတင်ရပ်လည်ဆွမ်းသွတ်ပြီးမှ မယ်ခပါခေါ်ပြီး စစ်မယ်၊ ဒီရက်အတွင်းမှာတော့ မင်းဘယ်မှမသွားရဘူး။ ရုံးမှာခံဝန်လက်မှတ်ထိုးခဲ့ရမယ်"

"ဟုတ်၊ ဟုတ်ကဲ့-အုပ်ချုပ်ရေးမှူးကြီး၊ ကျွန်တော်ဘယ်မှမသွားပါဘူး။ မယ်ခကို ခေါ်ပြီး စစ်ဖြစ်အောင်စစ်ပါခင်ဗျာ"

"အေး-စစ်မှာမပူနဲ့၊ မင်းကိုအခုလို ခံဝန်နဲ့ ပြန်လွှတ်တာ ကံကောင်းတယ်မှတ်။ မင်းရဲ့ရိုးသားမှုသတင်းကြောင့်လည်း ပါတယ်။ အမှန်ကတော့ မင်းကို လောလောဆယ် အချုပ်ထဲပို့ထားရမှာ။ ကဲ-မင်းအခုရက်ပိုင်းမှာ ကောင်းကောင်းမွန်မွန်နေပေတော့၊ အားလုံးသွားနိုင်ပြီ"

ရပ်ကွက်ရုံးခန်းမှ အားလုံးထွက်သွားကြသည်။ ပျံကျဖိုးစိန်မှာတော့ လောလောဆယ် စိတ်သက်သာရာရသွားပုံရပါသည်။

(၃)

ရပ်သေးဆရာကြီးဦးတင် ဈာပနကိစ္စပြီးပေပြီ။ရက်လည်ဆွမ်းလည်းသွတ်ပြီးသွားလေပြီ။ ထို့ကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ပျံကျဖိုးစိန်ကိုစစ်ဆေးရန်အတွက် ရုံးသို့အားလုံးချိန်းဆိုထားခဲ့ပေသည်။ မယ်ခလည်းရောက်နေပေပြီ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှစ၍ မေးလိုက်ပါသည်။

"မယ်ခ၊ ညည်းအဖေကို ဖိုးစိန်သတ်တယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပါပဲ အုပ်ချုပ်ရေးမှူးကြီးရယ်၊ ဖိုးစိန်ဟာ ကျွန်မအဖေကို အငြိုးထားပြီးသတ်လိုက်တာပါပဲ"

မယ်ခစကားကို ကြားသည့်အခါ သက်သေအဖြစ် ရောက်နေသော ဒေါ်ဒုတ်ထီးမှ 'ကဲ - ငါမပြောဘူးလား၊ ဘယ်နှယ့်လဲ' ဟူသည့် သဘောဖြင့် လူများဘက်သို့လှည့်၍ မေးငေါ့ပြလိုက်ပေသည်။

ထိုစဉ် အုပ်ချုပ်ရေးမှူးမှ ဆက်မေးပြန်သည်။



ဟာသဝတ္ထု

# မင်းခန့်ဟိန်း

# ဖိုးစိန်သတ်တာ

www.burmeseclassic.com

www.burmeseclassic.com

"မယ်ခ၊ ဖိုးစိန်က ညည်းအဖေကို ဘယ်လိုသတ်လိုက်တာလဲဆိုတာ ပြောပြပါဦး"

"ဒီလိုပါ အုပ်ချုပ်ရေးမှူးကြီးရယ်၊ ပထမ ကျွန်မအဖေကို မထနိုင်အောင် ခြေထောက်တစ်ဖက်ကို ချိုးပစ်လိုက်ပါတယ်။ ပြီးတော့မှ ကျွန်မအဖေကို မသေသေအောင် ဖိုးစိန်သတ်တော့တာပါပဲရှင်"

ထိုစဉ် ဖိုးစိန်မှ -

"ဟဲ့ - မယ်ခရယ်၊ နင့်စကားကလည်း ဆင်ဆင်ခြင်ခြင်ပြောမှပေါ့ဟယ်"

ဟုပြောလိုက်ရာ အုပ်ချုပ်ရေးမှူးမှ-

"ဖိုးစိန်၊ မင်းငြိမ်ငြိမ်နေ။ မင်းကို မမေးဘဲ ဘာမှဝင်မပြောနဲ့"

ဖိုးစိန်ငြိမ်သွားပါသည်။

အုပ်ချုပ်ရေးမှူးမှဆက်၍ -

"ကဲ - မယ်ခ၊ နောက်ဆုံးတစ်ခုပဲ မေးဖို့ကျန်တော့တယ်။ ညည်းအဖေကို သတ်တာ ဟောဒီဖိုးစိန်လား"

ပုံကျဖိုးစိန်ဘက်သို့ လက်ညှိုးညွှန်ပြီးမေးလိုက်ရာ မယ်ခကြောင်အမ်းအမ်းဖြင့် -

"ဟင် - ကျွန်မအဖေကိုသတ်တာ ဒီဖိုးစိန်ဟုတ်လား။ ဟာ-အုပ်ချုပ်ရေးမှူးကြီးကလည်း၊ ဘယ်ကလာ ဟုတ်ရမှာလဲ မဟုတ်ပါဘူး"

"ဒါနဲ့ နင့်အဖေကို သတ်တာ ဖိုးစိန်ဆို။ နင့်ဟာက ဘာလဲ၊ မရှင်းမရှင်းနဲ့။ ကဲ - ဒါဖြင့်ပြော၊ ဘယ်ဖိုးစိန်သတ်တာလဲ။ မှန်မှန်မပြောရင် နင့်ကို အရေးယူမယ်"

"ဒီလိုပါ အုပ်ချုပ်ရေးမှူးကြီးရယ်။ ဒီအဖြစ်အပျက်တွေကို ပြန်ပြောရရင် တော်တော်ရှည်ရှည်ပြောရမှာမို့ နည်းနည်းတော့ သည်းခံပြီးနားထောင်စေချင်ပါတယ်။ အဖေအဖြစ်က ဒီလိုပါရှင်"

မယ်ခမှာ မျက်နှာငယ်ငယ်ဖြင့် သူ့အဖေသေဆုံးရခြင်းကိစ္စကို အစမှ အဆုံး ပြန်ပြောပြပါတော့သည်။

(၄)

"ဒုန်း ဒုန်း ဒုန်း ဝုန်း"

ရုပ်သေးဆရာကြီးဦးတင်၏အိမ်မှ အသံများ ဖြစ်ပါသည်။ ညဉ့်သန်းခေါင်ယံ အိပ်မော‌ကျနေချိန်မို့ အိမ်သားများ မနိုးကြသေးပါ။ အသံများက ဆက်တိုက်မြည်နေသည်။ ခဏအကြာတွင် ဦးတင်၏ဇနီး ဒေါ်မယ်စိန် နိုးလာသည်။

"ဟော ဟော ကိုတင်၊ ကိုတင်ထပါဦး၊ ဖိုးစိန် သောင်းကျန်းနေတယ်"

ဦးတင်နိုးလာပါသည်။

"ဟေ-ဟုတ်လား၊ ဟာ-ဒီကောင် လုပ်ပြန်ပြီပေါ့ မယ်စိန်ရေ၊ မနက်ဖြန်ပွဲငှားတွေလာမှာသေချာတယ်။ ထမင်းသာ ပိုချက်ထားပေတော့"

"ဟုတ်ကဲ့ပါတော်၊ ကျွန်မလည်း သိပါတယ်။ ဒါပေမယ့် ဖိုးစိန်ကြောင့် ရှင့်ပွဲတွေရနေတာ သားလေးဖိုးစိန်ကို ဝတ်စုံအသစ်ချုပ်ပေးဖို့ ရှင်ကတိပေးထားတာ ခုဘယ်နှပွဲရှိနေပြီလဲ။ သူ့ကိုချော့လိုက်ဦးလေ။ ဟိုမှာ မကြားဘူးလား"

"ဒုန်း ဒုန်း ဒုန်း ဝုန်း"

"အေးအေးပါ-ငါသိပါတယ်ဟာ။ ကဲ ကဲ ငါ့သားဖိုးစိန်ရေ၊ ဒီတစ်ပွဲတည့်တာနဲ့ ဝတ်စုံအသစ်ချုပ်ပေးပါမယ်။ ဒီတစ်ခါ အဖေအသေအချာကတိပေးပါတယ်ကွာ တိတ်တော့နော်"

ဦးတင်ပြောလိုက်၍လား မပြောတတ်၊ စောစောက တဝုန်းဝုန်းတဒိုင်းဒိုင်းဖြစ်နေသည့်အသံများ ငြိမ်သက်သွားသည်မှာ အမှန်ဖြစ်ပါသည်။ အခြားသူမဟုတ်ပါ။ ရုပ်သေးဆရာကြီးဦးတင်၏ အဓိက လက်ဆွဲရုပ် မင်းသားရုပ်လေး ဖိုးစိန်ပင် ဖြစ်ပါသည်။ ရုပ်သေး ဆရာကြီး ဦးတင်တို့မိသားစုမှာ ဖိုးစိန်နှင့် ပတ်သက်ပြီး အသက်ဝိညာဉ်ရနေပြီဟု အထူးယုံကြည်နေကြသည်။ ယုံကြည်လောက်အောင်လည်း အတွေ့အကြုံများ တိုက်ဆိုင်မှုများကရှိနေပြန်ပါသည်။ ဖိုးစိန်ဟု အမည်မှည့်ခဲ့ခြင်းမှာလည်း ဇာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်၏ အမည်ကိုယူထားခြင်း ဖြစ်သည်။

*'ဩဒိသစိတ်ထား၊ ရွှေမြို့တော်စံဖျား၊ မခြားမေတ္တာပို့သလျက်ပါ ဆက်ကာရက်မကြာ၊ စည်းစိမ်တိုးလို့ ရွှေမိုးငွေမိုး သွန်းဖြိုးရွာ၊ ကိုးဆယ့်ခြောက်ဖြာဝေဒနာ၊ မရောက်စေငှာ၊ ရှင်းလင်းကွာ၊ ရတ္တီဒီဝါမလစ်ပါ၊ ဒသလီတင်ရွက်ကာ၊ သဗ္ဗဗုဒ္ဓဇေတဇာ၊ သဗ္ဗဓမ္မ သံဃဇေတဇာ၊ ဘုံရှိသတ္တဝါ ကြုံသည့်အခါ အဝေရာ သေဒ္ဓါ၊ သပြေတောင်ကျွန်းဝန်းရံကာ၊ လောင်ဘက်ပျက်ဘက်စကြဝဠာဘဝဂ် အထိ၊ အဝီစိသိစေငှာ၊ စိန်ဆရာရေးတေးဂီတာ၊ ရန်ပေါင်းဝေး ဘေးပေါင်းကွာ'*

မင်းသားကြီး ဘုရားဒကာဂရိတ် ဦးဖိုးစိန်၏ ဖော်ပြပါ ဩဒိသမေတ္တာပို့သီချင်းကို ဆို၍ ကပြီဆိုလျှင် ရုပ်သေးမင်းသားဖိုးစိန်မှာ အလိုလိုအသက်ဝင်လာပြီး မထင်မှတ်သည့် ကကြိုးကလက်များဖြင့် ထူးထူးခြားခြားကတတ်သည်။ ဦးတင်မှ ကြိုးဒလက်ကိုကိုင်ပြီး အလိုက်သင့်ဆွဲပေးရုံသာလုပ်ရသည်ဟု ဦးတင်ကိုယ်တိုင်ပြောပြဖူးသည်။

ဖိုးစိန်သည် ပန်းကွင်းခုန်အကက၊ မီးကွင်းခုန်အကက၊ စည်ပိုင်းခတ်အကက၊ ခြင်းလုံးခတ်အကများ ကသည့်အခါတွင်လည်း လူကဲ့သို့ အပီအပြင်လုပ်နိုင်သည်။ ကြိုးကို ထိန်းပေးရုံသာထိန်းရသည်။ တစ်ခါတစ်ရံ မျက်စိမှိတ်ပြ၊ လျှာထုတ်ပြလုပ်သည့်အခါ မျက်စိကြိုး၊ လျှာကြိုးများကို မဆွဲရဘဲ သူ့အလိုလို မှိတ်ပြ ထုတ်ပြလုပ်နေသည်ဟု ဦးတင်က ပြောသည်။ ဦးတင် ကြိုးဝိဇ္ဇာဘွဲ့ရခဲ့သည်မှာလည်း သူ့အစွမ်းထက် ဖိုးစိန်အစွမ်းကြောင့်ဟု သူယူဆထားသည်။ ဖိုးစိန် လူအသွင်ဖြင့် အိမ်ပေါ်သို့ အတက် အဆင်းလုပ်သည်ကို နှစ်ကြိမ်၊ သုံးကြိမ်မျှ မြင်ဖူးသည်။ ဖိုးစိန်ဟာ လူအသွင်ဖြင့် အလွန်ပင် ချောမောလှသည်ဟုလည်း ဦးတင်ပြောဖူးသည်။ ဦးတင်၏ရုပ်သေးစင်တော်ကြီးတစ်ဖွဲ့လုံးမှာ ဖိုးစိန်အပေါ်တွင် တည်မှီနေရသည်။ ပွဲငှားများကလည်း ဖိုးစိန်ပါအောင် ခေါ်ခဲ့ဖို့ပြောကြသည့်နည်းတူ ပွဲကသည့်အခါတွင်လည်း ဖိုးစိန်ထွက်ပါတော့မျို့ဟု ပရိသတ်က တောင်းကြသည်။ တကယ်တော့ ဖိုးစိန်သည် ရုပ်သေးဆရာကြီးဦးတင်၏ အားအထားရဆုံး သားအရင်းတစ်ယောက်နှင့်မခြားဖြစ်ပါတော့သည်။

(၅)

ဖိုးစိန်မင်းသားရုပ်ထည့်ထားသည့် သေတ္တာတွင်းမှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံကြားပြီးသည့်နောက်တစ်နေ့တွင် ဦးတင်တို့ထင်ထားသည့်အတိုင်း ပွဲငှားများ ရောက်လာပါသည်။ ပွဲကလည်းတည့်ပါသည်။ ဦးတင်ပြောသည့်ဈေးတိုင်း ဈေးမဆစ်ဘဲငှားသွားပါသည်။ ကရမည့်ပွဲမှာ အင်္ဂပူမြို့နယ် ချောက်ရွာ ရွာလုံးကျွတ် မဟာဒုက်ပွဲတော်ကြီးမှာ ဖြစ်ပါသည်။ ပွဲငှားစာချုပ်ချုပ်ပြီး ပွဲငှားများက ထုံးစံအတိုင်း ဖိုးစိန်ကို ပါအောင်ခေါ်ခဲ့ဖို့ အတန်တန်မှာ၍ ပြန်သွားကြပါသည်။ ဦးတင်မှာလည်း ကရမယ့်ပွဲက ပွဲကြီး ပွဲချိုကလည်း ငါးည ငါးချို၊ ပွဲငှားကြေးကလည်း မြိုးမြိုးမြက်မြက်ရလိုက်သဖြင့် တော်ရိလျော်ရိလုပ်၍မရ ကြိုးဆွဲကအဆိုင်းသမား၊ နှဲသမား၊ အဆို၊ အဆို အပြော၊ လူကောင်းသူကောင်းကိုခေါ် ဖြစ်မည်။ ငါးညကရမည်ဖြစ်၍ အတ



www.burmeseclassic.com

www.burmeseclassic.com

ထုပ်ဇာတ်ကွက်မထပ်စေရန် ဇာတ်တိုက်ရမည်။ ဇာတ်ထုပ်အသစ်များ ထပ်မံရေးသားရမည်။မဟာဒုက်ပွဲဖြစ်၍ မဟာဒုက်ဇာတ်ထုပ် မပါလျှင်မပြီး စသည်ဖြင့် ပြင်ဆင်စရာရှိသည်များကို ဆက်တိုက်ပြင်ဆင်ဆောင်ရွက်ရင်းဖြင့် ဦးတင်မှာ နေ့မနားညမအား လှုပ်ရှားဆောင်ရွက်ခဲ့ရာ ပွဲကစတင်မည့်ရက်သို့ ရောက်လာပါတော့သည်။

ထိုအခါမှ ဦးတင်၏ဇနီး ဒေါ်မယ်စိန်က -

"ဟောတော့ ကိုတင်ရေ၊ ကျွန်မတို့သားလေးဖိုးစိန်အတွက် ဝတ်စုံအသစ်လည်း ချုပ်မပေးဖြစ်ဘူး။ ခုပဲ ပွဲထွက်ရတော့မယ်"

"အေးကွာ၊ ငါလည်း အလုပ်တွေ ရှုပ်ပြီး မေ့သွားတယ်၊ ပွဲငှားစရန်ရတဲ့ငွေလေးကလည်း ကြိုးဆွဲနဲ့ ဆိုင်းသမားတွေကြိုတင်ငွေပေးလိုက်ရလို့ ကုန်ပြီ။ ရပါတယ်ကွာ၊ ပွဲကပြီးလို့ ပွဲငှားခအကြေရပြီးမှ သားလေးအတွက် ဝတ်စုံအသစ်ချုပ်ပေးကြတာပေါ့"

"အင်း-ကိုတင်ရေ၊ ကျွန်မတို့သားလေး ဖိုးစိန်အပေါ် ကတိမတည်သလိုများ ဖြစ်နေမလားမသိဘူး။ ကျွန်မတော့ ချေးငှားပြီးချုပ်ပေးလိုက်ချင်တယ်"

"ကိစ္စမရှိပါဘူး မယ်စိန်ရယ်၊ အလကားကြွေးတင်ခံလို့၊ ပြန်လာမှ ချုပ်ပေးလည်း ရပါတယ်ကွာ"

"ရလည်းပြီးတာပါပဲတော်၊ ကျွန်မက သားလေးဖိုးစိန် စိတ်ဆိုးသွားမှာကို ကြောက်တာ"

ဒီလိုနှင့် ချောက်ရွာမဟာဒုက်ပွဲကြီးသို့ သွားရောက် ကပြကြပါသည်။ ဒေါ်မယ်စိန်ထင်ထားသည့်အတိုင်း သားလေးဖိုးစိန် စိတ်ဆိုးနေပြီလားမပြောတတ်။ ပွဲကနေရင်းမှာ လမိုင်းမကပ်၊ အဖွဲ့သားအချင်းချင်း ရန်ဖြစ်ကြ၊ ထိုးကြိတ်ကြ၊ အဆိုးဆုံးမှာ ပွဲကနေရင်းဖြစ်စဖူး မင်းသားဖိုးစိန် ကြိုးပြတ်ပြီး အောက်ကြမ်းပြင်မှာ ပုံလျက်သားဖြစ်သွားသည်။ ကသိကအောက်နှင့်ပင်ပွဲငါးညကပြီး၍ ပြန်ကြပါသည်။ ထိုစဉ်က ချောက်ရွာခရီးမှာ မီးရထားခြင့် မြို့ကွင်းသွား၊ မြို့ကွင်းမှတစ်ဆင့် လှည်းစီး၍ သွားရပါသည်။ အပြန်တွင်လည်း အစီအစဉ်အတိုင်းပြန်ခဲ့ရာ မြို့ကွင်းသူတာမှ မီးရထားပေါ်သို့အတက်တွင် ခြေချော်ကျ၍ ဦးတင် ညာခြေထောက်ပိုင်းပိုင်းကျိုးသွားပါသည်။ အိမ်ရောက်သည့်အခါ ဦးတင်မှာ ခြေထောက်တွင် ကျောက်ပတ်တီးစည်းထားရသည်။ စိတ်ထိခိုက်သည်ကတစ်ကြောင်း၊ ဇာတ်က မထွက်နိုင်တော့၍ စိတ်ဓာတ်ကျသည်ကတစ်ကြောင်းတို့ကြောင့် ဦးတင်မှာ အိပ်ရာထဲတွင် ဗုန်းဗုန်းလဲပါတော့သည်။ ဦးတင်မှာ နှလုံးရောဂါပါရှိနေပြီ ဖြစ်ပါသည်။ ပွဲက၍ရလာသည့်ငွေများမှာလည်း ဦးတင်အား ဆေးကုရသည်နှင့် ကုန်ပေပြီ။ ထိုစဉ် တစ်နေ့၌ ရုပ်သေးရုပ်များကို ဝါးလုံးတန်းဖြင့်ချိတ်ဆွဲထားရာ ဖိုးစိန်ရုပ်ပါသည့်ဝါးတန်းမှာ ဝုန်းဆိုကျိုး၍ အရုပ်များအောက်သို့ပြုတ်ကျပါသည်။ ဖိုးစိန်မှာလည်း ပိုးလိုးပက်လက်လန်နေပါသည်။ ထိုအဖြစ်အပျက်ကို ကြည့်ပြီး ဦးတင်မှ ပြောပါသည်။

"မယ်စိန်၊ ငါ့ကို ဆေးမကုနဲ့တော့ မရတော့ဘူး။ ဖိုးစိန် ငါ့ကို မသေမချင်း သတ်တော့မှာ"

"အို - ကိုတင်ရယ်၊ နိမိတ်မရှိတာတွေ မပြောစမ်းပါနဲ့တော်။ ကျွန်မငွေရှာပြီး သားလေးကို ဝတ်စုံအသစ်ချုပ်ပေးမယ်။ ပြီးတော့ ချော့မော့ပြောပါ့မယ်"

"ငါသိတယ်၊ မယ်စိန်၊ ဘာမှထပ်ပြီး အကုန်အကျမခံနဲ့တော့။ သူငါ့ကိုညက အိပ်မက်လာပေးတယ်။ နင်တို့ကတိပျက်တာ ဘယ်နှခါရှိပြီးလဲ။ ကတိပျက်တဲ့လူကို ငါမုန်းတယ်၊ ဒီတစ်ခါတော့ နင်သေပြီမှတ်လို့ ကြိမ်းဝါးသွားတယ်။ မရတော့ဘူး မယ်စိန်၊ ငါသေရတော့မှာ"

ပြောသည့်အတိုင်းပင် မကြာမီမှာ ဦးတင်ကွယ်လွန်သွားခဲ့ပါတော့သည်။

(၆)

"အဲဒီလိုနဲ့ပဲ ဖိုးစိန်ဟာ အဖေ့ကို မသေမချင်း သတ်သွားတော့တာပါပဲ အုပ်ချုပ်ရေးမှူးကြီးရယ်"

"လက်စသတ်တော့ ညည်းအဖေကိုသတ်တာ မင်းသားရုပ်ဖိုးစိန်ကိုး။ အင်းအင်း - ရှင်းသွားပါပြီ။ အားလုံးပဲ မယ်ခပြောတာ ကြားကြမှာပေါ့။ ကဲကဲ-ပြန်နိုင်ကြပါပြီ။ ကိုသံချောင်းတော့ ခဏနေခဲ့ပါဦး"

ရပ်ကွက်အုပ်ချုပ်ရေးမှူးမှအားလုံးပြန်လွှတ်ပြီး ကိုသံချောင်းကို ဆက်ခေါ်ထားပါသည်။ ကိုသံချောင်းမှာ ရုပ်သေးဆရာကြီးဦးတင်၏ ညီအရင်းဖြစ်သည်။ ရုပ်သေးအဖွဲ့တွင် သူလည်း ပါပါသည်။

"ကဲ - ကိုသံချောင်း၊ မယ်ခပြောသွားတာတွေဟာ တကယ့်အဖြစ်အပျက်တွေလား"

"အင်း - ဒါဟာ ဘာကယ်တော့ ဖိုးစိန်ကို သူတို့ကသေအောင်မသတ်နိုင်လို့ ဖိုးစိန်ကပြန်သတ်သွားတာပါပဲ"

"ဘာလဲဗျ ကိုသံချောင်း၊ ရှင်းရှင်းပြောစမ်းပါ"

"ဒီလိုပါ အုပ်ချုပ်ရေးမှူးကြီးရယ်၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုတဲ့ စကားလိုပါပဲ။ မင်းသားရုပ်ဖိုးစိန်နဲ့ပတ်သက်ပြီး ထင်ယောင်ဝိုးတဝါးနဲ့ယုံကြည်မှုလွန်ကဲလို့ အခုလိုဖြစ်ရတာပါ"

"နေပါဦးဗျ ကိုသံချောင်းရဲ့ ဖိုးစိန်ထည့်ထားတဲ့သေတ္တာထဲက ဝုန်းဝုန်းဒိုင်းဒိုင်းမြည်တာကကော"

"ကျွန်တော့်အစ်ကိုရဲ့အိမ်ကကျဉ်းတော့ အရုပ်သေတ္တာတွေကို အိမ်ရှေ့ဘက်မှာ အဖီချပြီး မြေကြီးဖို့ထားတဲ့ အဆောင်လေးထဲမှာထားရတယ်။ တစ်ခါတစ်ရံ အဲဒီအဆောင်ထဲကို မြေကြွက်ကြီးတွေဝင်ဝင်ပြီး သောင်းကျန်းကြတာပါ"

"ဝါးလုံးတန်းကျိုးကျတာကကောဗျာ"

"ဒါကလည်းရှင်းပါတယ်။ ဝါးလုံးသက်တမ်းက နှစ်အစိတ်၊ နှစ်သုံးဆယ်လောက်ရှိနေပြီ။ ပိုးကလည်းထိုးထားပြန်တော့ ကျိုးတာပေါ့ဗျာ။ အဲဒီအချိန်က စပြီး ကျွန်တော့်အစ်ကိုဟာ ဖိုးစိန် သူ့အပေါ် ရန်ငြိုးထားပြီး သူမနေရတော့ဘူး။ ဆေးကုနေလည်း အပိုပဲဆိုပြီး ဆေးထိုး၊ ဆေးသောက်မလုပ်တော့ဘဲ အသေခံသွားခဲ့တာပါပဲ။ တကယ်တော့ ကျွန်တော့်အစ်ကို ဦးတင်ဟာ သက္ကာယ၊ မိစ္ဆာဝေသေန ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ။ သက္ကာယေ - ပရမတ္ထအားဖြင့် ထင်ရှားဧကန်အဟုတ်အမှန်ရှိသောခန္ဓာငါးပါးအပေါင်း၌၊ မိစ္ဆာဝသေန - မှားသောအားဖြင့်၊ ဒိဋ္ဌိ - စွဲလမ်း၏ ဆိုတဲ့ တရားသဘောအတိုင်း သက္ကာယဒိဋ္ဌိဖြစ်ပြီး အမှန်ကို မမြင်နိုင်တော့ဘဲ ဖိုးစိန်ဆိုတဲ့အစွဲအလမ်းကြီးကို သေအောင်မသတ်နိုင်ခဲ့လို့ အခုလို ဖိုးစိန်က သူ့ကိုသတ်သွားတာပါပဲ အုပ်ချုပ်ရေးမှူးကြီးရယ်"

ကိုသံချောင်း၏ စကားကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးကြီးခမျာ -

"သြော် - ဖြစ်မှဖြစ်ရလေ ဦးတင်ရယ်"

ဟုသာ ရေရွတ်လိုက်နိုင်ပါတော့သည်။


(ဖြစ်စဉ်ပြောပြသူ ကိုသောကြာအား ကျေးဇူးတင်လျက်)

ဟာသဝတ္ထု-မင်းခန့်ဝိန်း



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအနိုးသွင်
# ခါးမနာတဲ့ဆေး

"ညအိပ်တုန်းက အကောင်းကြီး၊ တစ်ရေးနိုးတော့ ခါးနာနေတယ်။ ဘာကြောင့်မှန်းမသိဘူး"

ရွှေးစေ့မျှစီလောက်ရှိသော ကျန်းမာရေးဗဟုသုတများကို ဖလှယ်ဆွေးနွေးရန် ရောက်လာသော ဦးဘအေးက ခရီးရောက်မဆိုက် အထက်ပါအတိုင်း ပြောပါသည်။

မှန်ပါသည်။ သူမလာသည်မှာ သုံး၊ လေးရက်ရှိသွားပြီး ယခုလာတော့ ခါးနည်းနည်းစောင်းနေသည်ကို သတိထားမိပါသည်။

"သက်ရင်းကြီးရွက်ကို မီးကင်ပြီး ခါးပတ်အိပ်"

ကျွန်တော့်ဇနီးထံ ကိစ္စဖြင့်လာသော ဦးမောင်ဝင်း ဆိုသူက ကိစ္စပြီး၍ အပြန်တွင် ရပ်ပင်မရပ်ဘဲ ပြောပြော-ဆင်းဆင်းပြောပြီး အိမ်ပေါ်ကဆင်းသွားပါသည်။ ခရီးသွားဟန်လွှဲ ဇီဝိတဒါနပြု သွားပါသည်။ ဤသည်မှာ မြန်မာတိုင်းရင်းသားတို့၏ စေတနာဖြစ်ပါသည်။ အထာမကိုင်၊ မာန်မလုပ်၊ မေးမှမဟုတ်ဘဲ ကြုံသည်နှင့် ကူညီခြင်း ဖြစ်ပါသည်။ ဦးဘအေးက ကျွန်တော့်ကို ဘယ်လိုလဲ ဟူသော မေးခွန်းပါသည့် အကြည့်ဖြင့် ကြည့်ပါသည်။

ကျွန်တော်က -

"အင်း - ကြားဖူးတယ်၊ သုံးလည်း သုံးဖူးတယ်။ 'ဆေးမည်တို' ဆိုတာ အနာသိလို့ပေးတဲ့ဆေးမျိုးမဟုတ်ဘဲ ဒါဖြစ်ရင် ဒါနဲ့ ပျောက်တယ်ဆိုတဲ့ 'အဖြစ်နဲ့အပျောက်' အတွေ့အကြုံအရပြောတာပဲ။ ဒါဘာကြောင့်ဖြစ်တယ်ဆိုတာကိုသိတာနည်းတယ်။ တတ်ကျွမ်းတဲ့ဆရာမှ စစ်ဆေးပြီးသိတာ။ ဒီတော့ တိုက်ဆိုင်ရင်ပျောက်တယ်ပေါ့"

"ဆေးမြီးတိုလို့ ခေါ်တယ်မဟုတ်လား"

ကျွန်တော့်အခေါ်အဝေါ်ကဆန်းနေသည့်အတွက် ဦးဘမှေးက မေးလိုက်ပါသည်။

ကျွန်တော်က -

"ကျွန်တော်လည်း အစက အဲလိုပဲသိပြီး အဲဒီလိုပဲ သုံးခဲ့ပါတယ်။ ဒါပေမယ့် တစ်လောက ပါမောက္ခချုပ်ဆရာတော်ရဲ့တရားကို နာရတော့ အဲဒီက ဆေးနဲ့ ပတ်သက်ပြီး အဖိုးတန်မှတ်စရာ နှစ်ချက်နာလိုက်ရတယ်။ တစ်ချက်က အခုပြောတဲ့ 'ဆေးမည်တို' ဆိုတာပဲ။ အသံထွက်တိုင်းဆိုရင့်တော့ 'ဆေးမယ်တို' ပေါ့။ အမယ်ဆိုတာ အမျိုးအမည်ကိုပြောတာ။ ဆေးပစ္စည်းအမျိုးအမည်များနဲ့ ဖော်စပ်ထားတဲ့ဆေးတွေရှိသလို တစ်မျိုး၊ နှစ်မျိုးနဲ့ ဖော်စပ်သုံးစွဲရတဲ့ ဆေးလည်းရှိတယ်။ အမည်နည်းတော့ 'နာမည်တို' တာပေါ့။ ဒါကို 'ဆေးအမည်တို'၊ 'ဆေးမယ်တို' လို့ ခေါ်သတဲ့။ နောက်တစ်ချက်က -

ဆေးကြောင့်ဖြစ်တဲ့ ရောဂါဟာ ကုရာနတ္ထိ ဆေးမရှိဘူးတဲ့။ အဲဒီလိုပဲ ပညာတတ် မိုက်ပြီဆိုရင်လည်း ချွတ်လို့မရဘူးတဲ့။

ဆေးကြောင့်ဖြစ်တဲ့ရောဂါ ဆေးကုလို့မရဘူး ဆိုတာနဲ့ ပတ်သက်ပြီး ကိုယ်တွေ့ပြောပြမယ်။ ကျွန်တော် (၁၈) နှစ်သားလောက်မှာ ဘရင်ဂျီဖြစ်တယ်။ ရွာကဗိန္ဒောဆရာနဲ့ကုတယ်။ သူ့သောက်ဆေးက (၉) မျိုး ပါတယ်။ (၈) မျိုးကို ကျွန်တော်မမှတ်မိတော့ဘူး။ မှတ်မိတဲ့ တစ်မျိုးကတော့ ကနခိုဆိုတာပဲ။ အခြား (၈) မျိုးက တစ်ကျပ်သားစီ။ ကနခိုက (၈)ကျပ်သား၊ ပေါင်း(၁၆)ကျပ်သားပေါ့။ ဒူးရင်းယိုပုံစံပဲ။ နေ့စဉ် ရွှေးတစ်ခြမ်းလောက်သောက်ရတယ်။ သောက်စကဝမ်း (၃)၊ (၄) ခါသွားတယ်။ နောက်တော့ တစ်ခါပဲသွားတယ်။ ဖြစ်စကပြောင်းဖူးစေ့ခပ်ကြီးကြီးလောက်ရှိတယ်။ ဆေးသောက်၊ ဆေးလိမ်းနဲ့ (၃) လလောက်ကြာတော့ ငရုတ်ကောင်းစေ့လောက်ဖြစ်သွားတယ်။ သက်သာတယ်ပေါ့။ အဲဒီမှာ ဆရာက ရုတ်တရက်ကွယ်လွန်သွားတယ်။ ကျွန်တော်လည်း မပျောက်မချင်း သောက်ရမယ်ထင်ပြီး ဆက်သောက်တယ်။ (၆) လလောက်ရတော့ ကျွန်တော် ရန်ကုန်ကို ထွက်ခဲ့တယ်။ ဆေးပါယူလာတယ်။

လေဆိပ်မှာ ဘိန်းထင်ပြီး အတော်ကြာစစ်ဆေးခံရတယ်။ ကျွန်တော် ဆက်သောက်တယ်။ အနာကလည်း ငရုတ်ကောင်းစေ့လောက်က မလျော့ဘူး။ ခုထိပဲ။ ဘာမှတော့ဒုက္ခမပေးဘူး။ ရန်ကုန်မှာ (၂) နှစ်ကျော် ကြာတယ်။ ကျွန်တော့်ကိုယ်ဟာ ပိုးဟပ်ဖြူဘ[...] ငါးကျည်းခြောက်ဘဝရောက်သွားတ[...] ရွာပြန်ရောက်လို့ အဘိုးဆရာ (တ[...] ရွာမှာနေတာ၊ တွေ့ရခဲ့တယ်) က ဒေ[...] တကြီးနဲ့ ဆေးကို လွှင့်ပစ်လိုက်တ[...] ပြီးတော့ မင်းကနခိုအဆိပ်သင့်နေပြ[...] ပြောတယ်။ ဘာဆေးမှလဲမပေးဘူ[...] နောက်တော့ အသားအရေဟာ မူ[...] အတိုင်း ပြန်မဖြစ်ပေမယ့် ပြန်ကော[...] လာတယ်။အခြားဘာမှမဖြစ်ဘူး။ ဒီ[...] နေလာတာ အသက် (၆၀)ကျော်မှ အ[...] တက်တဲ့ရောဂါ ဖြစ်လာတယ်။ [...] ဘက်၊ ညဘက်တွေမှာ မီးမြိုက်သ[...] တယ်။ တစ်လကို အနည်းဆုံးတစ်[...]



www.burmeseclassic.com

www.burmeseclassic.com

လောက်တော့ ဖြစ်တယ်။ ဘယ်ဆရာ၊ ဘယ်ဆေးနဲ့မှ ကုလို့မရဘူး ခုထိပဲ။ နောက်တစ်ခုက -

ကျွန်တော်ငယ်စဉ်တုန်းက ကျွန်တော်တို့ခေါင်းရင်းအိမ်က ကျွန်တော့် ကြီးကြီးရဲ့သမီး ဝမ်းပိုက်အောင့်တယ်။ လေထိုးတယ်လို့ခေါ်ကြတယ်။ အဲဒီမှာ တစ်ရွာတည်းကပဲ ဝမ်းဆွဲအဒေါ်ကြီး ရောက်လာတာနဲ့ကြုံပြီး အဒေါ်ကြီးက-

'သကြားနဲ့ဆား ဟင်းခပ်ဇွန်းနဲ့ တစ်ဇွန်းစီ လက်ဖက်ရည်ပန်းကန်နဲ့ထည့် ခဲ့စမ်း'

လို့ ပြောတယ်။

အိမ်သားတွေကလည်း အားကိုး ကြီးနဲ့ ပြောတဲ့အတိုင်းလုပ်ပေးတယ်။ အဒေါ်ကြီးက အဲဒါကို ရေနွေးနဲ့ဖျော်ပြီး တိုက်တယ်။ သကြားနဲ့ ဆားဆိုလို့ ချိုင်နဲ ကြီးလို့မထင်နဲ့။ အလွန်ခါးတယ်။ သောက်ပြီးတော့ ပိုဆိုးလာလို့ တစ်ဖက်ရွာက ဗိန္ဒောဆရာ ပြေးပင့်ရတယ်။

ဆရာက -

'လေထိုးတာချင်း တူပေမယ့် အကြောင်းရင်းမတူဘူး။ တစ်ခါပျောက် တာကို စွဲထားပြီး အမြဲသုံးလို့ မရဘူး။ အဆင်မသင့်ရင် အန္တရာယ်များတယ်'

လို့ ပြောပါတယ်။

အသက်ကြီးလာတော့ ဝမ်းပိုက် နာခြင်းအတွက်အကြောင်းရင်းက အမျိုး ပေါင်း(၄၀)ကျော်ရှိသတဲ့။ အကြောင်းနဲ့ သင့်တဲ့ဆေးပေးမှသက်သာပျောက်ကင်း မယ်။ အကြောင်းမသင့်ရင် မသက်သာရုံ တာ ဒုက္ခပါများနိုင်တယ်။

ဒါကြောင့် -

စေတနာနဲ့အတူ ပညာပါရတယ်။ ပညာ (အသိဉာဏ်) မပါရင် စေတနာ ဟာ ဝေဒနာဖြစ်သွားမယ်။ ဆေးမယ်တို ဆိုတာ လူအတော်များများကြားဖူးနားဝ ရင်းသိထားကြတယ်။ ဒါပေမယ့် တစ်နေရာမှာ တစ်ခါကြုံဖူးတာတွေက များတယ်။

ဒါကြောင့် ဒီလိုအတွေ့အကြုံအ ထားအသားတွေအရ ဆေးမယ်တို ညွှန် မယ်ဆိုရင် သတိထားရတယ်။ အရေး ကြီးတဲ့အချက်နှစ်ချက်ရှိတယ်။ တစ်ချက် က အများစားသုံးနေတဲ့ အစားအစာ၊ အသုံးအဆောင်ဖြစ်ဖို့၊ နောက်တစ်ချက် က အတိုင်းအဆ အလွန်အကျွံမဖြစ် ဖို့၊ တန်ဆေး လွန်ဘေးဆိုတဲ့စကားရှိ တယ်မဟုတ်လား။ဆေးမယ်တိုဗဟုသုတ မှတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့နဲ့ ဆင့်ကြားတွေကို ဖြန့်တဲ့နေရာမှာ ကျွန်တော် ဒီနှစ်ချက်ကို သတိပြုပြီး ဖြန့် တယ်။

ဆေးမယ်တိုတွေဟာ အကြောင်း သင့်ရင် မထင်ရလောက်အောင် သက် သက်သာသာနဲ့ ပျောက်တယ်။ အချို့က သက်သာတော့ အလေးမထားဘူးပေါ့။ ကျွန်တော့်မှာ ပြင်းထန်တဲ့ကျောအောင့် ရောဂါဖြစ်ဖူးတယ်။ ဆရာဝန်၊ တိုင်းရင်း သမားတော်တွေနဲ့အတော်ကြာကုတယ်။ မပျောက်ဘူး။ ကျွန်တော့်သင်တန်းဆရာ ညွှန်တဲ့အသက်ရှုလေ့ကျင့်ခန်းနဲ့ပျောက် တယ်။ လုံးဝငွေကုန်ကျမှုမရှိဘူး။ ဒါကို ကျွန်တော် လူအတော်များများကိုဖြန့်ဝေ ဖူးတယ်။ တစ်ရာမှာ တစ်ယောက်ဆို သလောက်ပဲ လိုက်လုပ်ပြီးပျောက်သွား တယ်။ ဘာလို့မလုပ်ကြသလဲဆိုရင် ကုန်ကျစရိတ်မရှိလို့။

နောက်တစ်မျိုးကလည်း လူပုဂ္ဂိုလ် ကို အထင်မကြီးရင် လက်မခံကြပြန်ဘူး။ အားနာလို့ နှုတ်ကဘာမှမပြောပေမယ့် စိတ်ကတော့ သူက ဆေးအကြောင်း၊ ရောဂါအကြောင်း ဘယ်လောက်နားလည်လို့ သူပြောတာကိုယုံပြီးလိုက်လုပ် ရမလဲဆိုပြီး မလုပ်ဘူး။ အဲဒါနဲ့ပတ်သက် ပြီး အတွေ့အကြုံတစ်ခု ပြောရဦးမယ်။

ကျွန်တော်ငယ်စဉ်က ကျွန်တော် တို့အိမ်ရဲ့ ခေါင်းရင်းဘက်ကအိမ်မှာ ရပ်ဆွေရပ်မျိုး ဘကြီးနဲ့ ကြီးတော် မိသားစု နေတယ်။ ဘကြီးက လူအေး၊ ကြီးတော်က စွာတယ်။ ဘကြီးက ကြီးတော်ကို ကြောက်ရတယ်။ တစ်ခါ မှာ ကြီးတော်ဒူးနာတယ်၊ ဒီတော့ ဘကြီး က -

'သက်ရင်းကြီးရွက်ကို မီးကင်ပြီး ဒူးခေါင်းကို ပတ်ထား၊ ပျောက်သွားလိမ့် မယ်'

လို့ ပြောတယ်။

ဒီတော့ ကြီးတော်က -

'တော်ကဘာသိလို့လဲ။ သက်ရင်း ကြီးရွက်နုကို ဒဏ်ကျအောင် လက်သုပ် အသုပ်စားရတယ်လို့ပဲ ကြားဖူးတယ်'

လို့ပြန်ပြောပြီး မလုပ်ဘူး။ နောက် နှစ်ရက်လောက်ကြာတော့ ရွာလွတ်ရွာ က ဦးတင်ဆိုသူ ကိစ္စတစ်ခုနဲ့ သူတို့ဆီ လာတယ်။ ကြီးတော် ဒူးနာတာ တွေ့ တော့ ဦးတင်က -

"သက်ရင်းကြီးရွက် မီးကင်ပြီး ဒူး ခေါင်းမှာပတ်ထား၊ ပျောက်သွားလိမ့် မယ်"

"ဟဲ့ - မိအေး၊ သက်ရင်းကြီးရွက် အမြန်သွားရှာစမ်း"

ဦးတင်ရဲ့စကားဆုံးတာနဲ့ ကြီးတော် က သူ့သမီးကို ချက်ချင်း သက်ရင်းကြီး ရွက် အရှာခိုင်းလိုက်တယ်။ အဲဒါပုဂ္ဂိုလ် အပေါ် အထင်ကြီးမှု၊ အထင်သေးမှု အပေါ်မူတည်ပြီး ယုံကြည်မှု၊ မယုံကြည် မှုဖြစ်ကြတာပဲ"

"ကျွန်တော်က ဆရာ့ကိုအထင် ကြီးပြီးသားပါဗျာ။ ပြောသာပြောပါ၊ ယုံ ယုံကြည်ကြည်လုပ်ပါ့မယ်"

ဦးဘအေးက ဖြတ်ပြောလိုက်ပါ သည်။

ကျွန်တော်က -

"ခါးနာတာလည်း အကြောင်း အမျိုးမျိုးကြောင့်ပေါ့။ ကျောက်ကပ် ကြောင့်နာတဲ့ခါးကို ဆေးပူတွေ အလွန် အကျွံမလိမ်းဖို့ သတိပေးကြတယ်။ ကျွန်တော် အရင်က ခဏခဏခါးနာပြီး နာတိုင်း အတော်ခံရတယ်။ ကြာလည်း ကြာတယ်။ ကျွန်တော်က ထိုင်တာများ လို့နာတာ။ သတိမထားဘဲ အထိုင်ကြာ တာနဲ့နာတော့တာပါပဲ။ ခုလည်း အထိုင် ကြာသွားရင်တော့ နာတတ်တာပဲ။ ဒါပေမယ့် ပြင်းပြင်းထန်ထန်နဲ့ အကြာ ကြီးမခံရတော့ဘူး။ ကျွန်တော့်နည်းက အလွယ်ကူဆုံးနဲ့ အကုန်အကျအသက် သာဆုံးပဲ။ မိတ်ဆွေတစ်ယောက်က ပေးတဲ့နည်းပါ။

မနက် အိပ်ရာကထလို့ မျက်နှာ သစ်ရင် နောက်ဆုံးအကြိမ်သစ်ပြီးတော့ လက်မှာကပ်နေတဲ့ရေကို အရင်ခါလိုက် ဦး။ ပြီးမှ ခါးကို အဝတ်လှန်ပြီး ပွတ်ပေး ပါ။

ကျွန်တော်ငယ်ငယ်တုန်းက အမေ က ဆေးတိုက်ရင် ဘုရားဆေး၊ တရား ဆေး၊ သံဃာဆေး၊ ချောင်းဆိုး(စသည်) ပျောက်ဆေးဆိုပြီးတိုက်တယ်။ နောက် တော့ ကိုယ်တိုင်လည်း အဲဒီလိုပြောပြီး သောက်တဲ့အကျင့်ဖြစ်လာတယ်။ အခု ခါးကို ရေနဲ့ပွတ်တော့လည်း ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး၊ ခါးနာပျောက် တဲ့ (ခါးမနာတဲ့) ဆေးဆိုပြီး ပွတ်တယ်။ မနာလည်း နေ့တိုင်းပွတ်တယ်။ ပွတ်ပြီး အဝတ်အပြင်ကနေ လက်ခံကြည့်ရင် ရှိန်းရှိန်းရှိန်းရှိန်းနဲ့ အပူတွေထွက်တာ ခံစားမိလိမ့်မယ်"

ဟု ဆေးနည်းပေးလိုက်ပါသည်။

ဦးဘအေးက လိုလိုလားလား မှတ်သွားပါသည်။

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်
# ခိုတောင်သိုက်

အချိန်ကာလသည် ၁၉၄၄ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးနောက် ဂျာမန်များ ဥရောပတိုက်၌ စစ်မျက်နှာ တိုးချဲ့နေသလို ဂျပန်များကလည်း မြန်မာ တစ်ပြည်လုံးအားသိမ်းပိုက်ပြီး အနောက် မြောက်ဒေသအားဖြတ်သန်း၍ မဏိပူရ လွင်ပြင်ရှိ အင်ဖာမြို့နှင့်အာသံနယ်ခြား ရှိ ကိုဟီးမားမြို့သို့ ဦးတည်ချီတက်နေ ချိန် ဖြစ်သည်။

ဖက်ဆစ်ဂျပန်များ၏ စစ်ရေးရည် မှန်းချက်မှာ ထိုဒေသမှတစ်ဆင့် အိန္ဒိယ နိုင်ငံအတွင်း ထိုးဖောက်၍ အင်္ဂလိပ်တပ် များအားတိုက်ထုတ်ပြီး အိန္ဒိယတစ်နိုင်ငံ လုံးအား သိမ်းပိုက်ရန် ဖြစ်သည်။ ၁၉၄၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ဂျပန် တပ်မတော် အမှတ် (၃၃)၊ (၃၁)၊ (၁၅) အစရှိသော တပ်မကြီးများသည် စစ် ကြောင်းသုံးကြောင်းခွဲ၍ မြန်မာနိုင်ငံ နှင့် အိန္ဒိယနိုင်ငံနယ်စပ်အကြား ပတ် ကွိုင်တောင်တန်း၊ နာဂတောင်တန်း၊ ဟူးကောင်းတောင်တန်းကြီးများအား ခက်ခဲစွာ ဖြတ်ကျော်ပြီး ချီတက်ကြ၏။

အင်္ဂလိပ်တို့သည် ဒုတိယကမ္ဘာစစ် ကြီးဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံ၏ ရေတပ်အခြေစိုက် စခန်းဖြစ်သော ပုလဲဆိပ်ကမ်းအား အလစ်အငိုက်တိုက်ခိုက်ခြင်းဖြင့် ဒုတိယ ကမ္ဘာစစ်ပွဲကြီးအတွင်း အမေရိကန်နိုင်ငံ ပါဝင်လာသောအခါ အမေရိကန်တို့နှင့် မဟာမိတ်တပ်ပေါင်းစုဖွဲ့လိုက်ကြသည်။ ဂျပန်၊ ဂျာမနီ၊ အီတလီတို့အား ဝင်ရိုး တန်းဖက်ဆစ်နိုင်ငံများဟု ခေါ်ကြသည်။

အိန္ဒိယစစ်မြေပြင်တွင် အင်္ဂလိပ် နှင့် အမေရိကန်တပ်များ ပူးပေါင်းပြီး မဟာမိတ်တပ်ပေါင်းစုဖွဲ့၍ ထိုးဖောက် ဝင်ရောက်လာနေသော ဂျပန်တပ်များ အား ခံစစ်ဆင်သည်။ သို့အတွက်ကြောင့် မဟာမိတ်တပ်များအဖို့ မိမိတို့၏အခြေခံ စခန်းများနှင့် အလှမ်းကွာခြင်းမရှိဘဲ တိုက်ပွဲဆင်နွှဲနိုင်ခဲ့သည်။

ဂျပန်တပ်များအဖို့ စစ်ဦးဘီလူး ဆိုသည့်အတိုင်း တရကြမ်းတိုက်ပွဲဆင်၍ မြို့ရွာနိုင်ငံများအား သိမ်းပိုက်ရင်း သူတို့ ၏အခြေခံစခန်းများနှင့် ဝေးကွာမှန်းမသိ ဝေးကွာလာခဲ့၏။ စစ်ဦးရောက်နေသော အိန္ဒိယနယ်စပ်သို့ လိုအပ်သော လက် နက်ခဲယမ်းမီးကျောက်၊ စားနပ်ရိက္ခာများ အား ပို့ဆောင်ပေးရန်မှာ တဖြည်းဖြည်း ခက်ခဲလာခဲ့၏။ နယ်စပ်သို့သွားသော တမူးလမ်းမှာလည်း ထိုစဉ်က လွယ်ကူ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သောလမ်း မဟုတ်ခဲ့။

သို့သော် ပထမဦးဆုံး အင်ဖာ တိုက်ပွဲ၌ ဂျပန်တပ်များ အနိုင်ရလိုက်သည်။ အိန္ဒိယနယ်စပ်ရှိ ဗိုလ်ချုပ်ကြီး စလင်း၏ အမှတ် (၁၄) တပ်မတော်အား ဂျပန်တပ်များ အောင်ပွဲခံလိုက်သောအခါ ဂျပန်နိုင်ငံ တိုကျိုရေဒီယိုမှ အောင်ပွဲအတွက် ကျူးရင့်ဟစ်ကြွေးသံများ ပွက်ပွက်ညံသွားခဲ့သည်။ မဏိပူရ လွင်ပြင်ရှိ အင်ဖာမြို့နှင့် အာသံနယ်ခြားရှိ ကိုဟိုးမားမြို့တို့ရှိ မဟာမိတ်တပ်များအား ဂျပန်ဒီဗီဇံတပ်ကြီးများကဝိုင်းထားလိုက်ကြသည်။

ထိုအခါ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ပြောင်းရွှေ့ ရုံးစိုက်သော ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် အစိုးရအဖွဲ့သည် တုန်လှုပ်ချောက်ချားလာကြသည်။ အိန္ဒိယနိုင်ငံကြီးအား ဂျပန်တပ်များက နေ့သိမ်းမှာလား၊ ညသိမ်းမှာလားဟု စိုးရိမ်လာကြ၏။

ဒါပေမယ့် အထက်ပါ အခြေအနေသည် ခေတ္တခဏသာဖြစ်ခဲ့ပါသည်။ ရှေ့တန်းရောက် ဂျပန်တပ်မတော်အား နောက်တန်းမှ စားနပ်ရိက္ခာနှင့်လက်နက်ခဲယမ်းမထောက်ပံ့နိုင်ခြင်း၊ ဂျပန်လေတပ်မတော်ကလည်း ကောင်းစွာမကူညီနိုင်သောအခါ တိုက်ပွဲသည် အခြေအနေ တစ်မျိုးပြောင်းသွား၏။ ဖက်ဆစ်ဂျပန်တို့၏ မြန်မာပြည်စစ်မြေပြင်၌ ကျဆုံးခြင်းအလှည့်အပြောင်းသည် စတင်ခဲ့ပြီဖြစ်ပါသည်။ ချန်ကေရှိတ်၏ တရုတ်ဖြူတပ်များကလည်း ဂျပန်တပ်များ ရိက္ခာမပို့နိုင်အောင် လမ်းကြောင်းများ ဖြတ်တောက်ထား၏။ ထို့ကြောင့် ဂျပန်တပ်များ တဖြည်းဖြည်းအားအင်ချည့်နဲ့လာခဲ့ကြရသည်။

အဝိုင်းခံထားရသော မဟာမိတ်တပ်များသို့ မဟာမိတ်စစ်လေယာဉ်များက လက်နက်ခဲယမ်းများ၊ စားနပ်ရိက္ခာများအား လေထီးများဖြင့် အဆက်မပြတ်ထောက်ပံ့ပေးပြီး လေကြောင်းကပါ ပြင်းထန်စွာတိုက်ခိုက်သောအခါ ဝိုင်းရံထားသော ဂျပန်တပ်များ အကျအဆုံးများစွာဖြင့် ဆုတ်ခွာကြရတော့သည်။ ထိုအခါ အင်အားချည့်နဲ့ပြီး အစာရေစာငတ်မွတ်နေသော ဂျပန်တပ်တို့အား မဟာမိတ်တပ်များက ကြည်းတပ်၊ လေတပ်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်ကြတော့သည်။

မဏိပူရ၊ အင်ဖာနှင့် ကိုဟီးမား စစ်မြေပြင်၌ ဂျပန်စစ်သားတို့၏ကျဆုံးမှုမှာ ကြောက်ခမန်းလိလိဖြစ်ပြီး စစ်သားဦးရေ သုံးသောင်းခန့်နှင့် သုံ့ပန်းများမှာလည်း အမြောက်အမြား အဖမ်းခံရ၏။

တမူးလမ်းအတိုင်း ဆုတ်ခွာသွားသော ဂျပန်တပ်များနောက်သို့ မဟာမိတ်တပ်များက ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်သောကြောင့် ချင်းတွင်းမြစ်ဝှမ်းအထိ ဂျပန်တပ်များ ပြန်လည်မခုခံနိုင်ဘဲ ထွက်ပြေးရ၏။ အရှေ့တောင်အာရှစစ်မြေပြင်၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မောင့်ဘတ်တန်၏လက်ရုံးတစ်ဆူဖြစ်သော ဗိုလ်ချုပ်ကြီး စလင်းသည် အမှတ် (၁၄) တပ်မတော်အား ဦးစီး၍ ဒီဗီဇံတပ် (၇) တပ်၊ သံချပ်ကာယန္တရား ဘရီဂိတ် (၂) တပ်အပြင် လေကြောင်း စစ်ကူဖြင့် လိုက်လံတိုက်ခိုက်သောအခါ ရွှေဘိုမြို့၌ ခုခံရန် ပြင်ဆင်ထားသော ဂျပန်များမခုခံနိုင်ဘဲ ဆုတ်ခွာထွက်ပြေးရပြန်သည်။

ရွှေဘိုမှတစ်ဆင့် ဧရာဝတီမြစ်အနီးဆုတ်ခွာလာသော ဂျပန်ဒီဗီဇံတပ်မသုံးခုမှ လက်ကျန်စစ်သားများသည် ကျောက်မြောင်း၊ ခင်ဦးမြို့အရှေ့ဘက်မှ တစ်ဆင့် ဧရာဝတီမြစ်အား ဖြတ်ကူးကြသည်။

❑

ဂျပန်တပ်မတော် အမှတ် (၃၃) ဒီဗီဇံတပ်မ၏ စစ်တံခွန်အလံကိုင်တပ်ရင်းဖြစ်သော ဗိုလ်မှူးကြီးတာကာရှီးမား ဦးဆောင်သည့် တပ်ရင်းတစ်ရင်းသည် ရွှေဘိုမှတစ်ဆင့် ကျောက်မြောင်းဘက်သို့မဆင်းဘဲ ခင်ဦးမြို့နယ် အရှေ့ဘက်သို့ တောအုပ်ကြီးများအား အကာအကွယ်ပြု၍ ဆုတ်ခွာလာကြသည်။ ကျန်တပ်များက ရွှေဘိုမှကျောက်မြောင်းသို့ ဆုတ်ခွာပြီး ဧရာဝတီမြစ်အရှေ့ဘက်တို့ ကူးသို့ပြေးကြသည်။

ဂျပန်စစ်ဗိုလ် တာကာရှီးမား ဦးဆောင်သောတပ်ရင်းသည် ဂျပန်ဒီဗီဇံတပ်မများ၏ အရေးကြီးစာရွက်စာတမ်းများ၊ ဂျပန်ဘုရင့်စစ်တံခွန်အလံနှင့်အတူ မြန်မာပြည်စစ်မြေပြင်အတွင်း လုယက်သိမ်းဆည်းခဲ့သော အဖိုးတန် ရွှေ၊ ငွေ လက်ဝတ်ရတနာများ အမြောက်အမြား ပါဝင်သည်။

ထိုစဉ်က သပိတ်ကျင်းမြို့နယ် ဧရာဝတီမြစ် အနောက်ဘက်ကမ်းအနီး ရေလယ်ခေါင်ကျွန်းရှိ အညာသီဟတောဘုရားအနောက်ဘက်သည် သစ်တောဝါးတောကြီးများ ဖုံးလွှမ်းလျက်ရှိသည်။ ယခုကဲ့သို့ လယ်ယာများမရှိသေး။ ခိုတောင်ကြိုးဝိုင်းဟု ခေါ်ကြသည်။

ထိုသစ်တောကြိုးဝိုင်းအတွင်းသို့ ဂျပန်ဗိုလ်တာကာရှီးမားနှင့် ဂျပန်စစ်တပ် ရောက်ရှိလာခဲ့သည်။ သူတို့နှင့်အတူ ခင်ဦးမြို့မှ လှည်းကိုးစီးနှင့် လှည်းမောင်းသမား မြန်မာကိုးယောက်အား ချွေးတပ်အဖြစ် ဖမ်းဆီးခေါ်ဆောင်ခဲ့ကြသည်။ လှည်းသမားကိုးယောက်အား ဧရာဝတီမြစ်ဆိပ်ရောက်လျှင် ပြန်လွှတ်ပေးမည်ဟုပြောပြီး ခေါ်ခဲ့ကြခြင်း ဖြစ်၏။ အညာသီဟတောဘုရားမြစ်ဆိပ်မှ အနောက်ဘက် နှစ်မိုင်ခန့်အကွာ သစ်တောအုပ်အတွင်းဝယ် ဂျပန်တပ်များ ခေတ္တစခန်းချကြသည်။

လှည်းသမား မြန်မာလူမျိုးများကလည်း မောပန်းလွန်းသဖြင့် ရေသောက်သူသောက်၊ နွားများအား ရေတိုက်သူတိုက်၊ ဆေးလိပ်ဖွာသူဖွာဖြင့် အနားယူနေကြသည်။

ဂျပန်ဗိုလ်မှူးကြီး တာကာရှီးမားနှင့် ဂျပန်စစ်ဗိုလ်များသည် အရေးကြီးကိစ္စတစ်ခုအား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေကြသည်။ ဂျပန်စစ်သားများမှာလည်း ဖျားနာသူ၊ ဒဏ်ရာရသူ၊ အစာရေစာမဝလင်သဖြင့် အားပြတ်နွမ်းနယ်မှုများကြောင့် ခြေပစ်လက်ပစ်ဖြစ်နေကြသည်။ မြန်မာလှည်းသမားကိုးယောက်မှ လူရည်လည်သူ လေးယောက်သည် တစ်ဦးနှင့်တစ်ဦး မျက်ရိပ်မျက်ခြည်ပြလျက် အသံမဲ့စကားပြောနေကြသည်။ တစ်ဦးက လူနာစစ်သားများလှဲနေသောဘက်သို့ မျက်စပစ်ပြသည်။ ထိုနေရာသည် အစောင့်ဂျပန်စစ်သားများမရှိဘဲ လစ်ဟာလျက်ရှိသည်။ ဂျပန်စစ်သားနှစ်ယောက်က မပြောမဆိုဘဲ နွားလှည်းတစ်စီးမှ နွားနှစ်ကောင်အား ဖြုတ်ယူသွားကြသည်။ သေနတ်သံလေး၊ ငါးချက်ကြားရပြီးနောက် နွားကြီးနှစ်ကောင်မှာ အသက်ပျောက်သွားခဲ့ရသည်။ ဂျပန်များက နွားအသေကောင်အား အမဲဖျက်ကြသည်။ ရေနွေးအိုးကြီးတည်ပြီး အမဲသားများ ပြုတ်သူပြုတ်၊ မီးကင်၍မကျက်တကျက်မှာ အငမ်းမရဖြင့်စားနေကြစဉ် လှည်းသမားလေးဦးမှာ ဂျပန်လူနာစစ်သားများအားခုန်ကျော်ပြီး တောကြီးအတွင်းသို့ ထွက်ပြေးပါတော့သည်။ သူတို့ခပ်လှမ်းလှမ်းရောက်မှ စစ်သားများတွေ့သွားပြီ



www.burmeseclassic.com

www.burmeseclassic.com

သေနတ်ဖြင့်ဝိုင်းပစ်ကြသည်။ ဒါပေသိ လှည်းသမားလေးဦးမှာ သစ်တောကြီး အတွင်း ဝင်ရောက်ပျောက်ကွယ်သွား၏။ ထိုအခါကျမှ ဂျပန်စစ်သားများ ကျန် လှည်းသမားငါးဦးအား သေနတ်များဖြင့် ဝိုင်းချိန်ထားပြီး ဂျပန်စစ်ဗိုလ်ကြီးတစ်ဦး က သစ်တောကြီးအတွင်း မြေကွက်လပ် တစ်ခုတွင် တွင်းကြီးတူးခိုင်း၏။

ထွက်ပြေးသွားသောလှည်းသမား လေးဦးမှ လူငယ်တစ်ယောက်သည် အဝေးသို့ထွက်မပြေးဘဲ ကျွန်းပင်အမြင့် ကြီးတစ်ပင်ပေါ်သို့တက်၍ ဂျပန်များ အား စောင့်ကြည့်နေခဲ့ပါသည်။ သူသည် လှည်းဖြင့် သယ်ဆောင်လာသော သံ သေတ္တာကြီးများအား မသင်္ကာရှိနေခဲ့ သည်။ ဘယ်လိုနည်းနှင့်မှ ကျည်ဆန် သေတ္တာများမဖြစ်နိုင်တု သူထင်ထားခဲ့ သည်။ အဘယ်ကြောင့်ဆိုသော် ဂျပန် စစ်သားများသည် ထိုသံသေတ္တာများ အား အလွန်ဂရုစိုက်လွန်း၍ဖြစ်သည်။ သည်းတစ်စီးသံသေတ္တာကြီးနှစ်လုံးဖြင့် ပေါင်း သေတ္တာဆယ့်ရှစ်လုံးဖြစ်သည်။ တွင်းကြီးတူးပြီးသောအခါတွင် လှည်း သမားများအား တွင်းကြီးထဲသို့ သံ သေတ္တာများအား စီ၍ချခိုင်းသည်။ တွင်း နှုတ်ခမ်းတွင် ဂျပန်စစ်သားလေးယောက် သေနတ်များကိုင်ပြီး စောင့်ကြည့်နေကြ သည်၊ သေတ္တာများစီပြီးသွားသည်နှင့် စစ်သားလေးယောက်က လှည်းသမား များအား သေနတ်ဖြင့်ချိန်လိုက်ကြသည်။ လှည်းသမားများ တွင်းပေါ်သို့ တက်၍ လာတော့ပါ။

ဂျပန်ဗိုလ်မှူးကြီး တာကာရှီးမား တွင်းအနီးသို့လျှောက်လာပြီး တွင်းထဲသို့ ကြည့်သည်။ မြန်မာစကားတတ်သော ဂျပန်ဗိုလ်တစ်ယောက်က-

"မင်းတို့ မြန်မာလှည်းသမား ငါးယောက် နီပွန်တပ်မတော်ရဲ့အမိန့်ကို နာခံရမယ်။ ဒီသေတ္တာတွေဟာ ရွှေငွေ ရတနာတွေဖြစ်တယ်။ မင်းတို့ကိုသတ်ပြီး နောက် မင်းတို့ရဲ့ဝိညာဉ်တွေဟာ ဒီရွှေ ငွေတွေကို စောင့်ကြပ်ရမယ်။ ငါတို့က တခြားသူတွေမတူးဖော်နိုင်အောင် မင်းတို့စောင့်ကြပ်ဖို့ ဂျပန်ဘုရင်မင်းမြတ် ကိုယ်စား ဗိုလ်မှူးကြီး တာကာရှီးမား အမိန့်ပြန်လိုက်မယ်"

ဂျပန်စစ်ဗိုလ်၏အမိန့်ပြန်တမ်းပြီး သွားသည်နှင့် စက်သေနတ်သံများ ဆူညံစွာထွက်ပေါ်လာပြီး မြန်မာလှည်း သမားငါးဦးတို့မှာ သွေးသံရဲရဲဖြင့် သံ သေတ္တာကြီးများပေါ်သို့ လဲကျအသက် ပျောက်သွားကြပါသည်။

ပြီးနောက် ဂျပန်ဗိုလ်ကြီးက ဂျပန် ဘာသာဖြင့် အမိန့်ပေးလိုက်သောအခါ တွင်းနှုတ်ခမ်းပေါ်၌စောင့်ကြည့်နေသော ဂျပန်စစ်သားလေးဦးသည် သေနတ်များ အား ပစ်ချလိုက်ပြီး တွင်းနှုတ်ခမ်းတွင် ဒူးထောက်လိုက်ကြသည်။ ဂျပန်စစ်ဗိုလ် ကြီးက ဂျပန်ဘာသာဖြင့်အမိန့်ပြန်သလို ပြုလုပ်ပြီးသောအခါ ဂျပန်ဗိုလ်ကြီး၏ခါး မှ ကင်ဒိုဂျပန်ဓားကြီးသည် နေရောင် အောက်၌ လင်းလက်သွားပြီး ဂျပန်စစ် သားလေးယောက်၏ လည်ပင်းပေါ်သို့ ဝဲကျသွားပါသည်။စစ်သားလေးယောက် ၏ ဦးခေါင်းပြတ်များ တွင်းထဲသို့ လိမ့် ဆင်းသွားသည်။ သူတို့ခန္ဓာကိုယ်မှသွေး တို့မှာ တွင်းထဲသို့ မြင်မကောင်းအောင် စီးကျနေကြသည်။ ဂျပန်စစ်သားတစ် ယောက်က အသက်မဲ့နေသောခန္ဓာကိုယ် များအား တွင်းထဲသို့ခြေနှင့်ကန်ချသည်။ သူတို့ကိုင်ခဲ့သော ဂျပန်ရိုင်ဖယ်လေး လက်အားလည်း တွင်းထဲသို့ပစ်ချလိုက် သည်။ မြေဖို့ပြီးသည်နှင့် ဂျပန်တပ်ကြီး သည် ဧရာဝတီမြစ်ဘက်သို့ အလျင် အမြန် ဆုတ်ခွာသွားကြသည်။

ထိုမြင်ကွင်းအား ကျွန်းပင်ကြီး ပေါ်မှချောင်းကြည့်နေသောလှည်းသမား သည် သွေးပျက်ချင်သလိုဖြစ်လာပြီး ဂျပန်များမရှိတော့သည်နှင့် သူ့ရွာရှိရာ ခင်ဦးမြို့ဘက်သို့ ပြေးထွက်သွားပါတော့ သည်။

❑

မြန်မာပြည် လွတ်လပ်ရေးရ၍ ဖဆပလခေတ်နောက်ပိုင်း တော်လှန် ရေးကောင်စီတက်လာပြီး လမ်းစဉ်ပါတီ ခေတ်ရောက်လာသည်။ အင်္ဂလိပ်ခေတ် က ခိုတောင်ကြိုးဝိုင်းသစ်တောကြီးသည် လယ်ယာမြေချဲ့ထွင်သည့်ဒေသခံရွာသား များ၏လက်ချက်ကြောင့် သစ်တောပြုန်း တီးလာပြီး ကျုံ့၍ကျုံ့၍လာ၏။ ခင်ဦး မြို့နယ်ရှိ ကျေးရွာများက ထိုသစ်တော ကြီးအတွင်း သစ်ဝါးခုတ်ကြသည်။ ထင်း ခွေကြ၏။ တောအနီး နွားကျောင်းကြ သည်။ တစ်ခါတစ်ရံ ဝါးခုတ်သူ နွား ကျောင်းသားများ ရွှေလက်ကောက်၊ ရွှေ လက်စွပ်၊ ရွှေဒင်္ဂါးများ ထိုတောထဲမှ ကောက်ရကြသည်။ ထိုအဖြစ်အပျက် လေးအား တင်ပြပါဦးမည်။

ဧရာဝတီမြစ်အရှေ့ဘက် သပိတ် ကျင်းမြို့နယ်သည် မန္တလေးတိုင်းဒေသ ကြီး ပြင်ဦးလွင်ခရိုင်တွင် ပါဝင်၍ မြစ် အနောက်ဘက် ခင်ဦးမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ပါဝင်သည်။ မြစ်အနောက်ဘက်တွင် တောင်မှမြောက်သို့အလျားလိုက်ဖောက် လုပ်ထားသော ဗျူဟာလမ်းဟုခေါ်ကြ သော မြေသားလမ်းကြီးရှိသည်။ အညာ သီဟတောဘုရား၏ မြောက်ဘက် ဧရာ ဝတီမြစ်ကမ်းစပ် ဗျူဟာလမ်းမှတစ်ဆင့် ခင်ဦးမြို့နယ်သို့သွားသောကျောက်ချော ခင်းထားသည့်ကားလမ်းရှိသည်။

ထိုကားလမ်း၏နံဘေး၌ အင်ပင် အမည်ရှိ ရွာလေးရှိသည်။ ထိုရွာလေး၌ ကိုသာရင်နှင့်မကြီးလှတို့မိသားစုနေထိုင် ပါသည်။ သားသမီးလေးယောက်ရှိရာ တွင် မောင်တင်အောင်က အကြီးဆုံးဖြစ် သည်။ အသက်(၁၅)နှစ်ခန့်ရှိ ထိုသူငယ် သည် မိဘဖြစ်သူတို့၏ လယ်ယာများ၌ ကူညီထွန်ယက်ပေးရသလို အိမ်မှာမွေး ထားသောနွားများကိုလည်း ကျောင်းရ သည်။ သူတို့ရွာနှင့် ခိုတောင်ကြိုးဝိုင်း သစ်တောက သိပ်မဝေးလှပါ။ ဒီတော့ မောင်တင်အောင်သည် နွားကျောင်းလျှင် အရိပ်အာဝါသကောင်းပြီး အစာရေစာ ပေါသော ခိုတောင်ကြိုးဝိုင်းတောစပ်သို့ နွားကျောင်းလေ့ရှိသည်။

မကြီးလှ၏ ဖခင်ဖြစ်သူမှာ ဦးလူ လေး ဖြစ်၏။ သူသည် ဂျပန်ခေတ်က ချောအဆွဲခံရပြီး ထွက်ပြေးလွတ်မြောက် လာသော လှည်းသမားတစ်ဦး ဖြစ်၏။ ဂျပန်ခေတ်တုန်းက ဖြစ်ပျက်ခဲ့သော ထို အကြောင်းအရာများအား မြေးဖြစ်သူ မောင်တင်အောင်အား ပုံပြင်သဖွယ် ပြောပြတတ်သည်။ မောင်တင်အောင် သည် ကလေးအရွယ်မို့ မကြောက်တတ် သော်လည်း ထိုတောထဲ၌ ဂျပန်များ သတ်သွား၍ အစောင့်တွေသရဲတွေဖြစ် ကုန်ကြသော လှည်းသမားများနှင့် ဂျပန် စစ်သားတွေရှိကြောင်း အဘိုးပြောပြ၍ သိနေသည်။ ထို့ကြောင့် နွားကျောင်းရာ တွင် ထိုတောထဲသို့ဘယ်တော့မှမဝင်ပါ။ သို့ရာတွင် နွားကျောင်းတိုင်း တောစပ်ရှိ ဖျောက်ဆိတ်ပင်ကြီး၌ ပါလာသည့် ထမင်းထုပ်မှ ထမင်း၊ ဟင်းများအား စား ဦးစားဖျား တင်မြှောက်လေ့ရှိသည်။ ဘာရယ်မဟုတ်ပေမယ့် အဘိုးသင်ထား သဖြင့် ပြုလုပ်ခြင်း ဖြစ်သည်။

တစ်နေ့ -

ထုံးစံအတိုင်း တောစပ်အနီး နွား



www.burmeseclassic.com

www.burmeseclassic.com

များကို လွတ်ကျောင်း၍ ထမင်းထုပ်ဖြေပြီး ဖျောက်ဆိတ်ပင်ခွကြား၌ စားဦးစားဖျား တင်မြှောက်လိုက်သည်။လွယ်အိတ်နှင့်ထမင်းထုပ်အား သစ်ကိုင်းမှာချိတ်၍ ပါလာသည့်လေးခွဖြင့် တွေ့သမျှငှက်တို့အားလိုက်ပစ်နေစဉ် ဝံလိုငှက်ကြီးတစ်ကောင်သည် ဖျောက်ဆိတ်ပင်ကြီး၌လာနားသည်။

"ဟာ - ငှက်ကြီးကကြီးလိုက်တာ။ အနည်းဆုံး နှစ်ပိဿာလောက်တော့ရှိမှာပဲ။ ခေါင်းကိုမှန်အောင်ပစ်မှ"

မောင်တင်အောင်က လေးခွဖြင့် သေသေချာချာချိန်၍ပစ်သည်။ မထိပါ။ နွားကျောင်းသားများသည် နေ့စဉ် နွားကျောင်းရင်း လေးခွဖြင့်ပစ်နေကျဖြစ်သောကြောင့် လက်တည့်ကြသူများ၏။ ယခုသော် ထိုငှက်ကြီးအား မည်သို့မျှပစ်မရဖြစ်နေသည်။ သူဒေါသထွက်လာသောအခါ ဝံလိုငှက်ကြီးသည် မနီးမဝေးတောထဲရှိ သစ်ပင်တစ်ပင်ပေါ်သို့ သွားနားပြန်သည်။ သူထက်ကြပ်မကွာလိုက်၍ လောက်လေးခွဖြင့်ပစ်သည်။ ဤသို့ဖြင့် တောအုပ်အတွင်းသို့ ရောက်မှန်းမသိ ရောက်လာသည်။ တောအုပ်ထဲရောက်သည်နှင့် ဝံလိုငှက်ကြီးသည် ပျောက်ခြင်းမလှ ပျောက်သွားပါတော့သည်။

မောင်တင်အောင် ငှက်ကြီးအား လိုက်ရှာရင်း အဘိုးပြောသည့်ပုံပြင်အား သတိရ၍ ကြက်သီးတွေထလာသည်။ စိတ်ကိုတင်းထားလိုက်ပြီး လေးခွကိုင်၍ ဟိုသည်ကြည့်နေစဉ် ဖျဉ်းမပင်ကြီးအနီး ခြတောင်ပို့ပေါ်မှ ဝင်းဝင်းလက်လက်အရာများအား တွေ့လိုက်ရသည်။ ခြတောင်ပို့အနားသွား၍ကြည့်လိုက်သောအခါ ရွှေလက်ကောက်များနှင့် ရွှေဒင်္ဂါးများဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူပတ်ဝန်းကျင်သို့လှည့်ပတ်ကြည့်သောအခါ ဝါးတော၊ ကျွန်းပင်ကြီးများဖြင့် တောသည် တိတ်ဆိတ်နေပါသည်။ ပင်မြင့်ကြီးများထက်မှ ငှက်သံလေးများက စီးစီးစီစီမြည်ကြွေးနေကြပါသည်။တောင်ပို့ထက်မှ လက်ကောက်များနှင့် ရွှေဒင်္ဂါးများအား ပုဆိုးခါးပုံစထဲအမြန်ထည့်၍ တောထဲမှ အမြန်ပြေးထွက်ခဲ့ပါသည်။

❑

"အဘိုး၊ ကျွန်တော် အဘိုးပြောတဲ့ တောထဲကဒီရွှေတွေရလာတယ်"

ဦးလူလေးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရွှေဒင်္ဂါးများအား ပွတ်သပ်ကြည့်နေသည်။

"ငါ့မြေးကနွားကျောင်းတိုင်း သူတို့ကိုကျွေးမွေးနေတာကို သူတို့ကျေးဇူးပြန်ဆပ်ကြတာနေမှာ။ ငါ့မြေးနဲ့ထိုက်လို့ရတာ။ ဒီခိုတောင်သိုက်က ငါ့မြေးကိုမပြီး။ အင်း - မရှိဘူးဆိုရင်တောင် ရွှေတွေက နှစ်ဆယ်သားလောက်ရှိမယ်။ ဒါတွေကို ထုခွဲပြီး ငါ့မြေးလေးကို ရှင်ပြုပေးရမယ်။ ငါ့မြေးလေး အသက် (၁၅) နှစ်ကျော်လာတာတောင် ရှင်မပြုရသေးဘူး"

မောင်တင်အောင်၏ ဖခင်၊ မိခင်တို့မှာလည်း အလွန်ဝမ်းသာကြသည်။ ရွှေတွေအား လုံခြုံစွာသိမ်းဆည်းကြပြီး ညဘက်ရောက်၍ သူတို့အိပ်ကြသောအခါ -

သူတို့အိမ်လေးအား ဂျပန်စစ်သားလေးယောက်က သေနတ်တွေနှင့်ဝိုင်းထားကြသည်။ မျက်နှာသုတ်ပဝါများအား ခေါင်း၌စည်းပတ်ထားသော လူကြီးငါးယောက် အိမ်ထဲဝင်လာကြသည်။

"လူလေး၊ လူလေး - ငါတို့ မင်းမြေးကို ရွှေတွေပေးလိုက်တယ်။ သူ့ကိုရှင်ပြုပေးရင် ငါတို့ကိုအမျှဝေပေးပါ။ ဒါဆို ငါတို့ကျွတ်လွတ်ပြီး ကောင်းရာမွန်ရာဘဝရောက်မယ်။ ငါတို့ ဂျပန်စစ်ဗိုလ်ကြီးအမိန့်အရ ဒီပစ္စည်းတွေကိုစောင့်နေရတယ်။ အမျှဝေရင် ငါတို့ကျွတ်လွတ်ကြပေမယ့် ဂျပန်စစ်သားတွေကတော့ ကျွတ်မှာမဟုတ်ဘူး။ သူတို့က ဂျပန်ဘုရင်အမိန့်ပြန်မှ ကျွတ်လွတ်မယ်လို့ပြောကြတယ်။ အလှူလုပ်ရင် ငါတို့နာမည်ခေါ်ပြီး အမျှဝေပေးပါ။ လူလေး မင်းလုပ်ဖြစ်အောင်လုပ်ပေးပါ"

ဦးလူလေး အိပ်မက်မက်နေရာမှ လန့်နိုးလာသည်။ အိပ်မက်ထဲမှ လူညီးသမားတွေကို သူပြန်ပြီးမြင်ယောင်လာသည်။ စိတ်မကောင်းဖြစ်ရပြီး အမြန်ဆုံးရှင်ပြုအလှူပွဲလုပ်ရန် ဆုံးဖြတ်လိုက်၏။ ရွာဦးကျောင်း၌ မောင်တင်အောင်အား ရှင်ပြုသောအခါ ရေစက်ချအမျှဝေရာ၌ ခိုတောင်ကြီးဝိုင်းထဲမှအသတ်ခံရသော လူညီးသမားများ၏ နာမည်များအား တစ်ဦးချင်း ဖိတ်ခေါ်၍ အမျှပေးဝေပါသည်။ ထိုအဖြစ်အပျက်သတင်းသည် ရွာနီးချုပ်စပ်မှတစ်ဆင့် ပျံ့နှံ့သွားပါတော့သည်။

❑

ဦးသန်းရှောင် (ယခုကွယ်လွန်ပြီး) သည် သပိတ်ကျင်းမြို့ပေါ်မှ လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သစ်လုပ်ငန်း၊ ရွှေလုပ်ငန်းများဖြင့် ကြီးပွားချမ်းသာနေသူ ဖြစ်လေသည်။ တပည့်ဖြစ်သူ သစ်ခေါင်း မောင်စံက ခိုတောင်ကြီးဝိုင်းထဲမှာတွေ့ကြုံခဲ့ရသော အင်ပင်ရွာမှ မောင်တင်အောင်၏ အဖြစ်အပျက်အား ဦးသန်းရှောင်ကို ပြောပြ၏။

"မင်းဟာက သေချာပါ့မလား ကွာ"

"ဆရာရဲ့၊ အင်ပင်ရွာမှာ ဟိုးလေး တကျော်ကျော်ဖြစ်ခဲ့တဲ့ကိစ္စပဲ။ အနေ လောက်ဆို ရွှေဘိုဘက်က သိုက်ဆရာ တွေတူးဖို့တောင်လုပ်နေကြပြီထင်တယ်"

"ဒီလိုဆိုမင်းဆရာကောင်းကောင်း ရှာကွာ၊ ရှိနိုင်ပါ့မလား"

"ရှိပါ့ဗျား၊ ဝါးဖြူတောင်က ဆရာ ကြီး ဦးအံ့ကျော်ဟာ အရမ်းစွမ်းတယ် ဆရာနဲ့ပေးတွေ့မယ်။ ဆရာအားတဲ့ရက် မှာ အိမ်ကကားနဲ့သွားကြတာပေါ့"

ဤသို့ဖြင့် တစ်နေ့သောအခါ ဦးသန်းရှောင်နှင့် မောင်စံတို့ ဝါး တောင်သို့ထွက်လာခဲ့ကြသည်။ ဝါး တောင်အနီးတောင်ကုန်းလေးအော ဆရာကြီးဦးအံ့ကျော်တဲရှိသည်။အသ (၆၀) ခန့် မုတ်ဆိတ်ကျင်စွယ်၊ သျှ ထုံးကြီးနှင့် ဆရာကြီး ဦးအံ့ကျော်သ ခဲ့ညားပါပေစွ။

"ဆရာ၊ ဒါ ကျွန်တော်ပြော ဆရာကြီး ဦးအံ့ကျော်"

မောင်စံ မိတ်ဆက်ပေးသည်။

"ရေနွေးကြမ်းသောက်၊ ကွမ်း ကြဦး။ ဒါနဲ့ လာရင်းကိစ္စက"

အကြမ်းအိုးနှင့် ကွမ်းအစ်အာ ပေးရင် ဆရာကြီးကမေးသည်။

ဦးသန်းရှောင် မောင်စံအား ဆတ်ပြသည်။

"ဒီလိုပါ ဆရာကြီး၊ သိုက်စာတ ရလာလို့။ အဲဒါ ဆရာကြီးအစွမ်းနဲ့ ပေးနိုင်မလား။ ကုန်ကျစရိတ်အာ ကျွန်တော့်သူဌေးက ကျခံပါ့မယ်။ ငန်းအောင်မြင်ရင် ဝေစုဆယ်ပုံတစ် ပါမယ်။ ဖြစ်နိုင်ပါ့မလား"

ဆရာကြီးသည် မုတ်ဆိတ် အား လက်ဖြင့်သပ်ရင်းစဉ်းစားနေသ

"သိုက်ကဘယ်နေရာမှာလဲ"

"အညာသီဟတောအနောက် (၂) မိုင်ကွာ ခိုတောင်ကြီးဝိုင်း ခိုတောင်သိုက်"

"အင်း - သိပ်တော့မဝေ

www.burmeseclassic.com

www.burmeseclassic.com

ဒီခိုတောင်သိုက်ဆိုတာကို မကြားဖူးဘူး။ ရှိကောရှိလို့လား"

"ရှိတာသေချာပါတယ်ဆရာကြီး။ ဂျပန်ခေတ်တုန်းက ဂျပန်တွေ ဒီဘက်ကို စစ်ဆုတ်လာရင်း ခိုတောင်ကြီးဝိုင်းထဲမှာ မြှုပ်သွားတာ လှည်းကိုးစီးတိုက်လို့ပြောကြတယ်"

"အင်း - ကျုပ်လည်း ကလေးဝမြို့နားကတောင်ကြောကြီးဘေး ကားလမ်းအနီးမှာ ဂျပန်တွေမြှုပ်သွားတဲ့သိုက်ကို သွားတူးဖူးပါတယ်။ တူးလိုက်တိုင်း တောင်က ပြိုပြိုကျလာလို့ ဆက်မတူးရဲတော့ဘဲ လက်လျှော့လိုက်ရတယ်။ ဒီဂျပန်တွေက စစ်သရဲတွေဆိုတော့ စိတ်ဓာတ်က အရမ်းပြင်းတယ်။ တော်ရုံဆရာတွေမလွယ်ဘူး။ အဲဒီသိုက်လည်း နောက်ဆုံးကားလမ်းချဲ့ရင်းလမ်းအောက်ရောက်သွားပြီထင်တယ်။ ကလေးဝမြို့သူမြို့သားတွေ အခုထက်ထိ ပုံပြင်တစ်ခုလိုပြောနေကြတုန်းပဲ"

"ခိုတောင်သိုက်က ဆရာကြီး အစွမ်းနဲ့ဆိုရမှာပါ"

"ခင်ဗျားတို့ပြောတဲ့ ဆယ်ဖို့တစ်ဖို့ဆိုတာ သေချာတယ်နော်။ တချို့တွေက မစွည်းမြင်ရင် လောဘတက်ပြီး သစ္စာဖောက်ကြရော"

ထိုအခါ ဦးသန်းရှောင်မှ ဝင်ပြောပါသည်။

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်ကတိတည်ပါတယ်။ ဆရာကြီးဘက်ကသာ အစွမ်းကုန်လုပ်ပေးပါ"

ဆရာကြီး ဦးအံ့ကျော်နှင့် ညှိနှိုင်းပြီးကြ၍ နောက်တစ်ခါလာလျှင် အစီအစဉ်စမည့်နေ့အား ပြောမည်ဆိုပြီး ဆရာတပည့်နှစ်ယောက် တစ်ဆက်တည်း သပိတ်ကျင်းကမ်းနားဆိပ်မှ စက်လှေနှင့် တစ်ဖက်ကမ်းသို့ကူးကြသည်။ နွားလှည်းငှား၍ ခင်ဦးကားလမ်းအတိုင်း အင်ပင်ရွာသို့ သွားကြသည်။ နေစမ်းပြီးသွားကြရာ ဦးလူလေးအိမ်သို့ ရောက်လာကြသည်။

"ဦးလေးဟာ ဂျပန်ခေတ်တုန်းက ဂျပန်စစ်သားတွေ ချောဆွဲပြီး ခိုတောင်ကြီးဝိုင်းထဲပါသွားတဲ့လှည်းသမားကြီးလို့ ကြားကြပါတယ်။ ထွက်ပြေးလို့ အသက်ရှင်ဘဲ လွတ်လာတယ်လို့ပြောကြပါတယ် ဟုတ်ပါသလား"

ဦးသန်းရှောင်သည် ပြောလည်းပြော တစ်ရာတန်ငွေစက္ကူတစ်ထပ်နှစ်ထောင်းခန့်ရှိမည်ထင်ရ၏။ ဦးလူလေးရှေ့သို့ ရိုရိုသေသေကမ်းလိုက်ပါသည်။ ဦးလူလေး ငွေစက္ကူအထပ်လိုက်အား တစ်ချက်ကြည့်လိုက်သည်။ (ထိုခေတ်က ရွှေတစ်ကျပ်သား သုံးထောင်ခန့်ရှိရာ ငွေနှစ်သောင်းသည် လူတစ်ယောက်အတွက် ရင်းနှီးစားလို့ရပါသည်။)

"ကျုပ်နဲ့အတူ အောင်သာတို့လှည်းသမားတွေပါ စုစုပေါင်း လေးယောက် သေပြေးရှင်ပြေးထွက်ပြေးလာရတယ်။ ကျုပ်ကဆက်ပြေးရင် လမ်းမှာ ဂျပန်တွေနဲ့တိုးမှာစိုးတာရယ်၊ သူတို့ ဒီလှည်းပေါ်က သံသေတ္တာတွေကို အရိပ်တကြည့်ကြည့်ဖြစ်နေကြလို့မသင်္ကာတာနဲ့ ဝေးဝေးမပြေးဘဲ ကျွန်းပင်ကြီးပေါ်တက်ပြီး ချောင်းကြည့်နေခဲ့တာ"

"ဦးလေး အဲဒီနေရာကိုပြောပြပါလား။ ကျွန်တော် ထိုက်ထိုက်တန်တန်ကန်တော့ပါ့မယ်"

ဦးသန်းရှောင်၏ ပြောစကားအား ဦးလူလှုက လက်ဝါးကာပြလိုက်သည်။

"ကျုပ်တို့မြေးအဘိုး တစ်စုသူတို့ပေးတာလေးနဲ့ အခြေတကျဖြစ်နေပါပြီ။ မကျွတ်လွတ်ခဲ့တဲ့ ကျုပ်တို့မြန်မာလူမျိုးလှည်းသမားငါးယောက်လည်း ကောင်းရာမွန်ရာဘုံဘဝရောက်ကုန်ပါပြီ။ ကျုပ်ကို အိပ်မက်လာပေးကြပါတယ်။ သူတို့အညာသီဟတောဘုရားနားမှာ ရုက္ခစိုးကြီးတွေဖြစ်နေကြပြီလို့၊ အဲဒါကြောင့် ကျုပ်အရမ်းဝမ်းသာခဲ့တယ်။ ဂျပန်စစ်သားလေးကောင်ကတော့ မိစ္ဆာဒိဋ္ဌိတွေဖြစ်နေကြလို့ ဘယ်လိုမှအမျှဝေလို့မရဘူး။ ဒီကောင်တွေ ဂျပန်ဘုရင်မင်းမြတ်အမိန့်မပြန်မချင်း ဒီဥစ္စာတွေကိုစောင့်နေကြရမှာ"

"ဦးလေးရယ်၊ မလိုက်နိုင်ရင်တောင် နေရာညွှန်းလေးပြောပြရင် ကျေနပ်ပါတယ်"

"အဲဒါတော့ ပြောနိုင်ပါတယ်။ သီဟတောဘုရား ဆိပ်ကမ်းကနေပြီး အနောက်စူးစူး နှစ်မိုင်လောက် တောထဲဝင်လိုက်ရင် ကျွန်းပင်ကြီးသုံးပင် ဖိုခုံလောက်ဆိုင်ပေါက်နေတဲ့ မြေပျော့ပျော့ကွက်လပ်ကိုတွေ့လိမ့်မယ်။ စိမ့်မြေလိုဖြစ်နေတာ။ ဂျပန်တွေက တွင်းကိုဖို့ပြီး အပေါ်မှာ ကျောက်တုံးကြီးတစ်တုံးလှိမ့်တင်ထားပြီး အမှတ်အသားလုပ်ထားခဲ့ကြတယ်။ အဲဒီနေရာပဲ"

"တခြားဘာအမှတ်အသားရှိသေးလဲ ဦးလေး"

"အင်း - ကျုပ်မှတ်မိတာက အဲဒီနေရာရဲ့မြောက်စူးစူး တစ်မိုင်လောက်မှာ စမ်းချောင်းလေးတစ်ချောင်းရှိတယ်။ ကျုပ်ရေငတ်လို့ရေသောက်ခဲ့တဲ့နေရာ"

"ကျေးဇူးအများကြီးတင်ပါတယ် ဦးလေး။ ကျွန်တော်တို့ လုပ်ငန်းအောင်မြင်ရင် ဦးလေးကို ထိုက်ထိုက်တန်တန်ကန်တော့ပါ့မယ်"

သူတို့အုပ်စု ဦးလူလေးအား နှုတ်ဆက်ပြီးပြန်ခဲ့ကြသည်။

❑

ဧရာဝတီမြစ်ရေပြင်သည် လှိုင်းကြက်ခွပ်လေးများထလျက် တငြိမ့်ငြိမ့်စီးဆင်းနေသည်။ မလှမ်းမကမ်းမှာက တောင်ကြီးနှစ်လုံးသည် မြစ်ကြီးအား ပိတ်ဆို့ကာဆီးထားသလိုဖြစ်နေသည်။ ထိုနေရာသည် ဧရာဝတီမြစ်၏ တတိယမြစ်ကျဉ်းအစ ဖြစ်ပါသည်။ အညာသီဟတောဘုရားမှ ဆည်းလည်းသံလေးများက လေအဝှေ့မှာ တချွင်ချွင်မြည်ရင်း မြစ်ပြင်၌ စီးမျောနေ၏။ သီဟတောဘုရားကျွန်းပေါ်မှ ဆီးဖြူသီးလေးများက ရေစီးအတိုင်း မြောက်မှတောင်သို့စီးမျောလျက်။ အရှေ့ဘက်ကမ်း ရွှေမြင်တင်တောင်တန်းပေါ်မှရွှေမြင်တင်စေတီ၏ စိန်ဖူးတော်သည် ကျနေရောင်၌ စူးစူးရှရှ လင်းလက်လျက်ရှိသည်။

သပိတ်ကျင်းမြို့ ဆိပ်ကမ်းတွင် ဦးသန်းရှောင်တို့ ဆရာတပည့်တွေ အလုပ်ရှုပ်လျက်ရှိသည်။ စက်လှေဦးခေါင်းပိုင်း၌ ဆရာကြီးဦးအံ့ကျော်သည် ကွမ်းတမြုံ့မြုံ့ဝါးလျက်ရှိသည်။ ဦးသန်းရှောင်က မောင်စံ ခေါင်းဆောင်သော သူ့အလုပ်သမားများအား လိုအပ်သည်များကို မှာကြားနေသည်။ အုန်းသီး၊ ငှက်ပျောသီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်မှအစ သပြေပန်းအဆုံး မလစ်လပ်စေရ။ ပေါက်တူး၊ တူးရွင်း၊ ငန်းပြားပါမကျန် စက်လှေပေါ် တင်၏။ မျက်နှာသိများက ဘယ်ကိုချီတက်မလို့လဲဟုမေးရာ ရွှေမော်ဘက်သွားကြမလို့ဟု ဖြေလိုက်သည်။ နေစောင်းသည်နှင့် အညာသီဟတောအနောက်ဘက်ကမ်းစပ်အရောက်သွားရန် ဆော်ဩနေရသည်။

ညနေလေးနာရီခန့်တွင် သူတို့အုပ်စု သီဟတောဘုရားအနောက်ဘက်ကမ်းသို့ရောက်သွားကြသည်။ ဦးသန်းရှောင်၏လူယုံတပည့်တစ်ယောက် လှည်းတစ်စီးနှင့်လာကြိုနေသည်။ခိုတောင်ကြီးဝိုင်းသည် မဆာလခေတ်၌ ရွာနီးချုပ်စပ်



www.burmeseclassic.com

www.burmeseclassic.com

များက သစ်၊ ဝါးများခုတ်ကြ၊ လယ်ယာအသစ်တိုးချဲ့ရင်းကြုံရှုံလာချေပြီတည်း။ သစ်ကြီးဝါးကြီးများပြုန်းတီးခဲ့သော်လည်း တောအစအနကကျန်နေသေး၏။တောအုပ်ထဲသို့ သစ်တိုက်ဝါးတိုက်သည့်လှည်းလမ်းကြောင်းအတိုင်းဝင်လာခဲ့ကြသည်။ ဦးသန်းရှောင်သည် နှစ်မိုင်ခန့်ဆိုသည့် စကားအား မှတ်သားပြီး ကမ်းနားစပ်မှ နှစ်မိုင်ခရီးအား ခန့်မှန်းနေ၏။ နှစ်မိုင်ခန့်သို့ရောက်သောအခါ ကိုင်းမြက်များ ထူထပ်စွာပေါက်နေသည့် မြေပျော့ပျော့စိမ့်မြေအားစတွေ့သည်။ အင်ပင်၊ သစ်ရာပင်များဖြင့် တောထူနေ၏။ ကျွန်းပင်ကြီးသုံးပင် တြိဂံပုံပေါက်နေသည်ဆို၍ရှာကြရင်း မိုးထိုးနေသော ကျွန်းပင်ကြီးသုံးပင်အား မလှမ်းမကမ်းတွင် တွေ့ကြလေသည်။

"မောင်စံ၊ အဲဒီနေရာပဲ။ ပိုပြီးသေချာအောင် မင်းလူတစ်ယောက်ခေါ်ပြီးမြောက်စူးစူးကိုသွား၊ တစ်မိုင်လောက်မှာစမ်းချောင်းလေးရှိရင် အမြန်ပြန်လာ။ ငါနှစ်လုံးပြူးကိုယူသွား"

မောင်စံနှင့် လူတစ်ယောက် ခပ်သွက်သွက်ထွက်သွားကြသည်။

တောကျေးငှက်တို့အိပ်တန်းတက်ဖို့ပြင်နေကြ၏။ အောင်လောင်ငှက်ကြီးနှစ်ကောင် သစ်ရာပင်ကြီးထက်၌ 'ဂ. . . ဂ. . . ဂ' ဟုအော်နေကြသည်။ သစ်ပင်အောက်၌ ငါးအသေကောင်များပြန့်ကျဲလျက်ရှိသည်။ သစ်ကိုင်းများအကြားမှ မျောက်ညိုတစ်အုပ်က သူတို့လူစုအား ချောင်းကြည့်နေကြသည်။ စိမ့်မြေသည် ကိုင်းပင်များဖြင့်ထူထပ်စွာရှိနေ၏။

တစ်နာရီခန့်ကြာသော မောင်စံတို့နှစ်ယောက် ပြန်လာကြသည်။

"သေချာတယ် ဆရာကြီး၊ ကျွန်တော်တို့ စမ်းချောင်းကို တွေ့ခဲ့တယ်"

"ဒါဆိုရင် မင်းခေါင်းဆောင်ပြီး ကိုင်းတောကိုရှင်း၊ ကျောက်တုံးကြီးကို တွေ့ရင် ပတ်ပတ်လည်တောရှင်းထားလိုက်"

ဦးသန်းရှောင်နှင့် ဆရာကြီးဦးအုံ့ကျော်တို့နှစ်ယောက် သစ်ပင်ကြီးတစ်ပင်အောက်မှာထိုင်ပြီး စကားပြောနေကြသည်။

နေဝင်တော့မည်။ မျောက်အော်သံများက သစ်ပင်ကြီးများထက် ဟိုမှသည်မှ ကြားနေရသည်။ သိုက်တူးမည့်ကိစ္စသာမရှိလျှင် ဒီည မျောက်သားဟင်း၊ မျောက်ချေးခါးဟင်းတစ်ခွက်တော့ဖြင့် ကောင်းကောင်းစားရဦးမည်။ ယခုတော့ အရေးကြီးကိစ္စပါလာသဖြင့် မျောက်ညိုတစ်အုပ်အား ခွင့်လွှတ်ထားလိုက်သည်။

"ဆရာကြီး၊ ကိုင်းတောထဲမှာရှင်းပြီးပြီ။ ကျောက်တုံးကြီးကိုလည်းတွေ့တယ်"

မောင်စံက ဦးသန်းရှောင်အား အစီရင်ခံနေသည်။ ကိုင်းတောအလယ် ရှင်းထားသော မြေကွက်လပ်နှင့် ဦးသန်းရှောင်တို့ထိုင်နေသော သစ်ပင်ကြီး၏အောက်မှာ ဘာမှမဝေးသဖြင့် သစ်ပင်အောက်မှာပဲစခန်းချကြသည်။

"ဦးသန်းရှောင်၊ ကျုပ်ဒီညတစ်ညလုံး ပွဲထိုးပြီးအလုပ်လုပ်ရမှာ။ ကိစ္စဝိစ္စပြီးလို့ နေထွက်မှတူးလို့မရဘူးလား။ မြင်မြင်ထင်ထင်ရှိတော့ ပိုကောင်းတာပေါ့"

"ဆရာကြီးဘယ်လိုစီစဉ်ချင်ပါသလဲ ပြောပါ"

"ကိုင်းတောအလယ် ကျောက်တုံးကြီးပေါ်မှာ ကန်တော့ပွဲကိုတင်ပြီး ကိုင်းတောပတ်လည်စည်းချပြီး ပရိတ်ကြီးတားချင်တယ်။ ပြီးတော့ အဓိဋ္ဌာန်ပုတီးစိပ်ရမှာ"

"ရပါတယ် ဆရာကြီး လုပ်ပါ။ ကျွန်တော်တို့မှာ အချိန်ရှိပါတယ်"

ဆရာကြီးဦးအုံ့ကျော်က ကျောက်တုံးကြီးရှိရာသို့သွားပြီး ကန်တော့ပွဲကိုတင်လိုက်သည်။ ပရိတ်ရေများဖြင့် ကျောက်တုံးကြီးအား ပက်ဖျန်းပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းလိုက်သည်။ မောင်စံနှင့် အခြားသူများက ဆရာကြီးပေးသော အပ်ချည်လုံးဖြင့် ကိုင်းတောပတ်ပတ်လည်တားလိုက်၏။ ဆရာကြီးဦးအုံ့ကျော်သည် သစ်ပင်ကြီးအောက်တွင် ထိုင်လိုက်ပြီး ဖယောင်းတိုင်တစ်တိုင်ထွန်းကာ ပုတီးစတင်စိပ်ပါတော့သည်။ တောတွင်းမှ ညဦးယံအချိန်ကာလသည် တိတ်ဆိတ်လွန်းလှသည်။ တစ်ခါတစ်ရံ မျောက်ညိုတို့၏ တကွိကွိအသံများကြားရသည်။ လင်းဝက်တို့ အနောက်မှအရှေ့သို့ တကွပ်ကွပ်အသံပေးရင်း ပျံသန်းသွားကြသည်။

ညဦးနက်ပိုင်းရောက်လေ ဆရာကြီးဦးအုံ့ကျော်၏ ဥုံခံပြီးမန်းမှုတ်သံများ ပို၍ပြင်းထန်လာသည်။

"ဦးသန်းရှောင်၊ ညနေကစက်လှေထဲမှာ မောင်သော့လို့ခေါ်သံကြားလိုက်တယ်။ သူပါလာသလား"

"ပါပါတယ် ဆရာကြီး၊ ကျွန်တော့်သစ်ဆိုင်က တပည့်တစ်ယောက်ပါ။ မောင်သော့ရေ့ ဆရာကြီးခေါ်နေတယ်"

ရေနွေးအိုးတည်နေသော မောင်
သော့သည် ဆရာကြီးဦးအုံ့ကျော်အနီး
ရောက်လာသည်။

"ဘာခိုင်းမလို့လဲ ဆရာကြီး"

"မင်းကဒီလိုလုပ်။ ငါကမောင်သော
ရေခေါ် လိုက်ရင် ဗျာလို့ထူးပြီး လာပါ
ဆရာကြီးလို့ပြော။ ပြီးတော့ ငါခိုင်းတဲ့
အတိုင်း မင်းလုပ်ရဲပါတယ်နော်"

"စိတ်ချပါ၊ လုပ်ရဲပါတယ် ဆရာ
ကြီး"

"ကိုင်း - ဒါဆိုရင် ဟိုဘက်ကို
သွားပြီးစောင့်နေ"

မောင်သော့ပြန်သွားပြီး ရေနွေး
အိုးမီးဖိုအား ထင်းထည့်နေ၏။ ခြင်ကို
သက်သာစေရန် မီးခိုးအူသည့်ထင်း
ချောင်းများအားရွေးပြီး မီးထဲထည့်
၏။

ဆရာကြီးဦးအုံ့ကျော် ဂါထာ
မန်းမှုတ်နေရာမှ -

"မောင်သော့ရေ"

"ဗျာ - ဆရာကြီး၊ လာပါပြီ"

"ကိုင်းတောအလယ်က ကျော
တုံးကြီးကို လက်ဝါးနဲ့သွားရိုက်ကွာ။
တာနဲ့ ငါ့ဆီအမြန်ပြန်လာ ကြားလား

"ကြားပါတယ် ဆရာကြီး"

မောင်သော့ ကပျာကယာ
တောထဲဝင်သွားသည်။ တစ်အော
သော သုတ်သီးသုတ်ပျာဖြင့် ပြန်
လာသည်။

"ကဲကဲ - အားလုံး ဒီနေရာမှာ
စုပြီးထိုင်ကြ။ကျုပ်စည်းချပြီးရင် ဘ
မှစည်းအပြင်မထွက်ကြနဲ့တော့။
တာနဲ့ အစီအစဉ်တွေအားလုံးပျက်

ဦးသန်းရှောင်တို့ သစ်ပ
အောက် မြေကွက်လပ်မှာ စုဝေးထိ
သောအခါ ဆရာကြီး ဦးအုံ့ကျော်
ဆန်မန်းများဖြင့် စည်းဝိုင်းသားသ
လိုက်၍ကြချသည်။ ပြီးသောအခါ
ထိုင်ပြီး ပုတီးစိပ်နေပြန်ပါသည်။ ဦး
ရှောင်၊ မောင်စံနှင့် ကျန်သည့်သူ
လည်း ဖယောင်းတိုင်မီးပျပျအောက်
ဘာတွေဖြစ်လာမည်လဲဟု ရင်ထ
ထိတ်ဖြင့် ပတ်ဝန်းကျင်အားကြည့်
သည်။

"ဝုန်း . . . ဝရော"

ကိုင်းတောအလယ်မှကျော
ကြီးလိမ့်ကျသွားသည့် အသံကြီး
သည်။ တင်ထားသည့် ကန်တော
တော့ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီးထ

"သိုက်တံခါးပွင့်သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com

သော့ကို ဖွင့်ခိုင်းလိုက်တာ"

"မောင်သော၊ မင်းကျောက်တုံးကြီးကို ဘာသွားလုပ်လိုက်လဲ"

မောင်စံက တိုးတိုးမေးသည်။

"ကျုပ် ဆရာကြီးခိုင်းတဲ့အတိုင်း လက်ဝါးနဲ့ရိုက်လိုက်တာပါပဲ"

"အားလုံးသတိဝီရိယနဲ့နေကြပါ။ သိုက်တံခါးပွင့်သွားပြီ။ စည်းအပြင်ကို မထွက်ကြနဲ့။ အတွင်းမှာနေနေသရွေ့ ကျုပ်တာဝန်ယူတယ်။ ဘာမှမဖြစ်စေရဘူး။ အပြင်ထွက်ပြေးရင် တစ်စုံတစ်ခု ဖြစ်သွားလိမ့်မယ်။ ကျုပ်ပြောတဲ့စကားကိုနားထောင်ပါ"

ဆရာကြီးဦးအုံ့ကျော်သည် တဖွဖွ သတိပေးနေရင်း ကိုင်းတောအလယ်သို့ စူးစူးရဲရဲကြည့်ကာ နှုတ်မှဂါထာတစ်ပုဒ်အား တတွတ်တွတ်ရွတ်နေသည်။ ကိုင်းတောကြီးသည် လေပြင်းမွှေလိုက်သည့်ပမာ ကိုင်းပင်များယိမ်းခါသွားပြီး အရိပ်မည်းမည်းလေးခု ပြေးထွက်လာပါသည်။ ဦးသန်းရှောင်တို့ လူစုတစ်ယောက်နှင့်တစ်ယောက် ပူးကပ်သွားကြ၏။ ဆရာကြီးဦးအုံ့ကျော်တစေ့ ဖယောင်းတိုင်မီးပေါ်သို့ ဆေးမှုန့်များဖြူးချလိုက်၊ ကိုင်းတောကြီးအား လက်ညှိုးထိုးပြီး မန္တန်တွေရွတ်လိုက် အမိန့်ပေးရင်းနှင့် အလုပ်ရှုပ်နေသည်။

"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

ဘယ်နေရာမှပစ်နေမှန်းမသိသော ကျည်ဆန်တွေက တဒိုင်းဒိုင်းမြည်ဟည်းရင်း တရှီရှီဖြင့် သူတို့ထိုင်နေသောသစ်ပင်အောက်သို့ရောက်လာသည်။ သူတို့ခေါင်းပေါ်ကျော်သွားလိုက်၊နံဘေးမှဖြတ်သွားလိုက်ဖြစ်နေသောကျည်ဆန်များသည် တရှီရှီအသံပေးရင်း ဖြတ်သန်းနေကြသည်မှာ အသည်းတယားယားဖြစ်နေကြရ၏။ သေနတ်သံတဒိုင်းဒိုင်းအသံများကြောင့် အိပ်တန်းတက်နေကြသော ငှက်တို့လန့်ပျံကြသည်။ မျောက်ညီတစ်အုပ်မှာ သစ်ပင်များပေါ်မှ ဟိုသည်ပြေးလွှားကြတော့သည်။ သေနတ်သံများ ပြန်တိတ်သွား၏။

"ဆရာ ကျွန်တော်တို့ပြန်လစ်ကြရင်ကောင်းမယ်"

မောင်စံက တိုးတိုးပြောသည်။ ဦးသန်းရှောင် ဆရာကြီးဦးအုံ့ကျော်အား လှည့်ကြည့်လိုက်သည်။ ဆရာကြီးသည် ဇောချွေးများပြန်လျက် မြေကြီးအား ကြိမ်လုံးဖြင့်ရိုက်နေသည်။ သူတို့ကိုလည်း စည်းဝိုင်းအပြင်မထွက်ရန် လက်ဟန်ခြေဟန်ပြနေသည်။ ပြီးနောက် တင်ပျင်ခွေ



ထိုင်ပြီး ပုတီးစိပ်ပြန်ပါသည်။

"ဒိုင်း ဒိုင်း ရှိ ဒိုင်း ဒိုင်း ရှိ ရှိ"

"ဟ - လာပြန်ပဟော့၊ ဝပ်နေကြ"

ဦးသန်းရှောင်သည် ကြောက်လန့်တကြားအော်လိုက်ပြီး မြေကြီးပေါ်တွင် ပြားပြားဝပ်လိုက်သည်။ ဖယောင်းတိုင်မီးပျပျအောက်ဝယ် ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများကြားမှမည်းမည်းအရိပ်လေးခုသည် ဟိုပြေးသည်ပြေးလုပ်နေကြပြီး လက်ထဲမှာ ရိုင်ဖယ်သေနတ်ပုံသဏ္ဌာန်ရှည်မျောမျောအရာများကိုင်ထားသည်ကို ရိပ်ခနဲတွေ့နေရသည်။ သေနတ်သံများ ပြန်ပျောက်သွားပြန်၏။ ဆရာကြီးဦးအုံ့ကျော် ပုတီးစိပ်နေရာမှ သက်ပြင်းခဏခဏချနေသည်ကိုကြားနေရ၏။ သူတို့အုပ်စု စိတ်မောလူမောဖြစ်ပြီး တစ်ယောက်ပေါ်တစ်ယောက်မှီရင်း မှေးခနဲအိပ်ပျော်သွားကြ၏။

"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

"ဟိုက် - လာမြန်ပြီဟေ့"

အိပ်ပျော်နေရာမှ လန့်နိုးလာကြပြီး အထိတ်တလန့်ဖြစ်ကြရပြန်ပါသည်။ ဦးသန်းရှောင် စဉ်းစားကြည့်မိသည်။ သေအောင်ပစ်ချင်လျှင် သူတို့အုပ်စုသည် ခြင်းထဲမှ ကြက်များလိုဖြစ်နေသည်။ လွယ်လွယ်လေး ပစ်သတ်လို့ရ၏။ ယခုတော့ သည်လိုမဟုတ်။ တဒိုင်းဒိုင်းနှင့် ကျည်ဆန်များကသာ ဖြတ်သန်းသွားနေသည်။ ဘယ်သူ့ကိုမှ ကျည်ဆန်မမှန်သေး။ ဧကန္တ - ဆရာကြီး၏စည်းဝိုင်းအတွင်းမှာနေနေ၍ဖြစ်မည်။ အကယ်၍ စည်းအပြင်ထွက်လျှင် မတွေးဝံ့စရာ။

"မင်းတို့စည်းအပြင်ကိုကြောက်ပြီး ထွက်မပြေးကြနဲ့၊ စည်းဝိုင်းထဲမှာနေရင် သူတို့ ငါတို့ကိုမှန်အောင်မပစ်နိုင်ဘူး။ ငါ့

စကားကိုနားထောင်"

တပည့်များက ဦးသန်းရှောင်၏အမိန့်ကို တစ်သဝေမတိမ်း လိုက်နာကြပါသည်။ ထိုညက ခြင်အကိုက်ခံပြီး တစ်ညလုံးမိုးလင်းခဲ့ရသည်။ သေနတ်သံများကလည်း မွေ့သလောက်ရှိလျှင် ပြန်ပြန်ပေါ်လာ၏။ ဤသို့ဖြင့် ရောင်နီလာပြီး အလင်းရောင်ပျပျမြင်ရသောအခါ ကိုင်းတောထဲမှကန်တော့ပွဲမှာ ကျွမ်းထိုးမှောက်ခုံဖြစ်နေပြီး အုန်းသီးတခြား၊ ငှက်ပျောသီးတခြားဖြစ်နေသည်။ ဆရာကြီးဦးအုံ့ကျော်သည် ခေါင်းတခါခါဖြင့် သက်ပြင်းချနေသည်။

"လက်လျှော့လိုက်ပါတော့ဦးသန်းရှောင်။ သူတို့ဟာ ကမ္ဘာပေါ်မှာအာဏာစက်အပြင်းဆုံး ဘုရင့်စစ်တပ်ရဲ့ အမိန့်ကြောင့် ဝိညာဉ်လောကအစောင့်အကြပ်တွေဖြစ်နေတာတောင် အမိန့်ကိုနာခံတုန်းပဲ။ သာမန်မကောင်းဆိုးဝါး သိုက်စောင့်သတ္တဝါတွေဆိုရင် ကျုပ်ဆေးဝါးအစီအရင်ဒဏ်ကို မခံနိုင်ပါဘူး။ ဒါပေမယ့် သူတို့ဟာ လူ့ဘဝတုံးက စစ်သားဖြစ်ခဲ့ပြီး အရက်စက်ဆုံးဖက်ဆစ်စစ်သားတွေဖြစ်နေတော့ ကြမ်းတမ်းလွန်းလှရုံမကဘဲ အခုတစ်ခါ ပရလောကသိုက်အစောင့်အကြပ်တွေဖြစ်သွားတော့ ပိုပြီးကြမ်းဖို့ရမ်းပြီပေါ့။ ကျုပ်က စည်းကိုလုံအောင်သားနိုင်ခဲ့လို့ ခင်ဗျားတို့ဘာမှမဖြစ်တာကံကောင်းတယ်မှတ်ပါ။ ခိုတောင်ကြီးဝိုင်း တောစိုးနတ်ကြီးကလည်း ကျုပ်ကိုဆက်မလုပ်ဖို့ မေတ္တာရပ်ခံနေပါတယ်။ ဒီတော့ လက်လျှော့လိုက်ပါတော့ဗျာ"

ဦးသန်းရှောင်သည် ဘာမှဆက်မပြောတော့ဘဲ ပစ္စည်းများသိမ်းဆည်း၍ လှည်းဖြင့်ပြန်ခဲ့ကြပါသည်။သူ့မျက်စိထဲတွင်တော့ လှည်းကိုးစီးမျှ ရွှေ ငွေ၊ လက်ဝတ်ရတနာ၊ ရွှေဒင်္ဂါးတွေကိုမြင်နေတုန်းဖြစ်၏။ (မှတ်ချက် - သပိတ်ကျင်းမြို့ရှိ ဦးသန်းရှောင်စာ ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်။)

❑

တစ်နေ့ သပိတ်ကျင်းမြို့သို့ လူတစ်စုရောက်ရှိလာသည်။ သူတို့သည် မြို့စွန်ဘုန်းကြီးကျောင်း၌တည်းကြသည်။ ဝတ်စားပုံများက သာမန်လူတွေနှင့်မတူပါ။ ခေါင်းပေါင်းနီ၊ လက်ပတ်နီ၊ ဆံပင်ရှည်ကြီးများဖြင့် ကြည့်ရသည်မှာ ကိုးလိုးကန့်လန့်နိုင်လှသည်။ လူ(၁၅)ဦးခန့်အဖွဲ့ဖြစ်သောကြောင့် ဘုန်းကြီးကျောင်းမှ မကျွေးနိုင်ပါ။ သူတို့ဟာသူတို့ ချက်စား



www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ ခေါင်းဆောင်ဖြစ်သူက သျှောင်ထုံးကြီးနှင့်ဖြစ်ပြီး နှုတ်ခမ်းမွေးမှာ ကော့ပျံနေသည်။ဝိဇ္ဇာမဟိဒ္ဓိစူဠဂန္ဓာရီဂိုဏ်းတော်ကြီးဟုပြောသည်။ သူတို့သည် အုန်းသီး၊ ငှက်ပျောသီး၊ သပြေပန်းများမြောက်မြားစွာဝယ်၍ တစ်ခုသောညနေခင်းမှာ စက်လှေဖြင့် သပိတ်ကျင်းဆိပ်ကမ်းမှ အညာသီဟတောဘုရားဘက်သို့ ထွက်ခွာသွားကြသည်။

နံနက်လင်းသောအခါ သပိတ်ကျင်းဆိပ်ကမ်း၌ လူအများရုံးစုရုံးစုဖြစ်နေသဖြင့် သွားရောက်စပ်စုရာမှ စုတ်ပြတ်သတ်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ထိုလူစုကို တွေ့ရပါတော့သည်။ စက်လှေသမားအား သီဟတောဘုရားအနောက်ဘက်ဆိပ်ကမ်းမှ တစ်ညလုံးစောင့်ခိုင်းထားသည်။ နံနက်ဝေလီဝေလင်းတွင် ခွေးပြေးဝက်ပြေးဖြစ်လာကြသောထိုလူစုကိုတွေ့ရ၏။ အဝတ်အစားတွေစုတ်ပြတ်သတ်နေပြီး ဆံပင်ရှည်ကြီးတွေ ဖရိုဖရဲဖြစ်နေကြသောသူတို့အား စက်လှေသမားက တစ်ယောက်ချင်းလှေပေါ်သို့တွဲချရ၏။ ထို့နောက် သူတို့သည် သပိတ်ကျင်းမှာ မနေရဲတော့ဘဲ (၆) မိုင်ရွာသို့ ပြောင်းသွားခဲ့ကြသည်။ သိပ်မကြာလိုက်ပါ။ သူတို့ (၁၅) ဦးလုံး တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်ကြသည်ဟုသတင်းကြားသိရသည်။

ခိုတောင်သိုက်သည် ဤမျှအထိ ကြမ်းတမ်းဆိုးဝါးလွန်းလှပါပေတည်း။

❑

၁၉၇၈ ခုနှစ်။

ခိုတောင်ကြီးဝိုင်းသည် သစ်ကြီးဝါးကြီးများပါးရှား၍လာချေ၏။ရောဝတီမြစ်အရှေ့ဘက်မှာ တောတောင်ထူထပ်ကာ မိုးမိတ်၊ မိုးကုတ်၊ မဘိမ်း စသည့်မြို့နယ်များနှင့်ဆက်စပ်နေပြီး ရှမ်းရိုးမနှင့်တစ်ဆက်တည်းဖြစ်၍ ထိုစဉ်က သစ်ဝါးပြုန်းတီးမှုသိပ်မရှိလှသော်လည်း မြစ်အနောက်ဘက်ဒေသသည် လူနေထူထပ်သော ရွှေဘို၊ ခင်ဦး၊ ဝက်လက် အစရှိသောဒေသများနှင့် ဆက်စပ်နေသဖြင့် လူတွေက လယ်ယာတည်ထွင်သစ်ဝါးခုတ်ကြသဖြင့် ခိုတောင်ကြီးဝိုင်းသည် တဖြည်းဖြည်းသစ်ဝါးရှားပါး၍ လယ်ယာများ အသစ်အသစ်ဖြစ်လာကြသည်။ သစ်ပင်အုပ်များက ဟိုသည်တစ်ကွက်ဖြင့် အိမ်ခြံတောဟုသာ ခေါ်ကြတော့၏။

သစ်တောဦးစီးဌာနက စိုက်ခင်းများ ဖော်ထုတ်၍ သစ်တောအား ပြန်လည် တည်ဆောက်မည်ဟု စီမံကိန်းချလာသည်။ မင်းဝံစိုက်ကွင်း၊ အမှတ် (၅) စိုက်ကွင်းဟုဆိုင်းဘုတ်တင်လာကြသည်။ အမှန်တကယ်မှာ မဆလအာဏာရှင် ပါတီဥက္ကဋ္ဌကြီးသည် ခိုတောင်သိုက်၏ ရာဇဝင်ကိုသိသွားပြီး မင်းမိန့်ဖြင့် တူးဖော်တော့မည် ဖြစ်ပါသည်။ ထိုဒေသ၌ စိုက်ကွင်းပေါ်မည်ဆိုသောသတင်းပျံ့နှံ့သွားသောအခါ သိုက်ဆရာများတစ်ဖွဲ့ပြီးတစ်ဖွဲ့ လျှင်မြန်စွာ ရောက်လာကြတော့သည်။ စိုက်ခင်းသတ်မှတ်လိုက်လျှင် အပြင်လူများဝင်မရဖြစ်သွားတော့မည်။ သို့အတွက်ကြောင့် ဦးအောင်လာရောက်၍ သိုက်တူးကြခြင်း ဖြစ်ပါသည်။ အဖွဲ့ (၁၅) ဖွဲ့ခန့်ရှိမည်ထင်ရ၏။ ထိုသိုက်တူးအဖွဲ့သားများထဲမှတချို့သည် သပိတ်ကျင်းဘက်သို့ ရုပ်ပျက်ဆင်းပျက်ပြန်ရောက်လာကြပြီး တချို့မှာမူ ခင်ဦးဘက်သို့ ခွေးပြေးဝက်ပြေးဖြစ်သွားကြရသည်ဟု ဒေသခံရွာသားများကပြောပြကြသည်။ သိုက်တူးရာတွင် မည်သည့်အဖွဲ့မှ မအောင်မြင်ခဲ့။ ခိုတောင်ကြီးဝိုင်းတောင်ဘက်၌ အမှတ် (၅) စိုက်ကွင်းဟု တာဝန်ရှိသူတွေကဆိုင်းဘုတ်တင်သည်။ တစ်ဖန် အမှတ် (၅) စိုက်ကွင်းနှင့်ကပ်လျက် အနောက်ဘက်၌ မင်းဝံစိုက်ခင်းဟု ဆိုင်းဘုတ်တင်ပြန်ပါသည်။ ထိုစိုက်ကွင်းများသို့ မြစ်နှင့်ယှဉ်၍ဖောက်လုပ်ထားသော ဗျူဟာလမ်းမှတစ်ဆင့် ဘူဒိုဇာကြီးများ၊ မြေတူးစက်ကြီးများရောက်ရှိလာပါတော့သည်။

ရွာသားများက စိုက်ခင်းပျိုးဥယျာဉ်မှာ မြေတူးစက်နှင့် ဘူဒိုဇာတွေ လိုလို့လားဟု မေးခွန်းထုတ်ကြရာ မလိုတဲ့သစ်ပင်တွေလှဲပြီးမြေညှိမလို့ဟုအဖြေပေးကြသည်။ ရွာသားများထဲမှ ယုံကြည်ရသူတွေကို ဝန်ထမ်းခန့်ပြီး ခိုတောင်ကြီးဝိုင်းအတွင်း လိုက်ပြခိုင်းကြသည်။ ခိုတောင်သိုက်အကြောင်း စနည်းနာကြ၏။ ထိုအခါကျမှ ရွာသားများ သဘောပေါက်သွားသည်။စိုက်ကွင်းသည် ဟန်ပြပြုလုပ်ခြင်းဖြစ်သည်။ မဆလပါတီဥက္ကဋ္ဌကြီး၏တိုက်ရိုက်လမ်းညွှန်ချက်ဖြင့် သိုက်တူးမည့်အစီအစဉ်ဖြစ်ကြောင်း သိရှိသွားကြတော့သည်။

ထိုအချိန်တွင် အင်ပင်ရွာတွင် ဦးလူလေးကွယ်လွန်ခဲ့ပြီဖြစ်၏။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ရွာသားများကလည်း ခိုတောင်သိုက်နေရာအား ရမ်းသန်းပြကြသည်။ စိုက်ကွင်းတာဝန်ခံနှင့် လုံခြုံရေးများကလည်း ထိုနေရာများကို ဝန်းရံ၍ စက်ယန္တရားများဖြင့် တူးဆွကြသည်။

မင်းအမိန့်ဖြစ်သောကြောင့်လားမသိ၊ နာနာဘာဝ ဂျပန်စစ်သားများ အသံမထွက်၊ တုတ်တုတ်မျှမလှုပ်တော့။ သေနတ်ဖြင့်ဝိုင်းပစ်ခြင်းလည်းမရှိပါ။

သို့သော် ခိုတောင်ကြီးဝိုင်းနေရာအနှံ့ မြေလှန်၍ မြေတူးစက်၊ ဘူဒိုဇာများဖြင့် တူးဆွကြသော်လည်း ရွှေဒင်္ဂါးတစ်ပြား၊ ရွှေလက်ကောက်တစ်ကွင်းမျှ မတွေ့ရပါ။

နွားကျောင်းသားကလေးများ တစ်ခါတစ်ရံ ရွှေဒင်္ဂါးတစ်ပြား၊ နှစ်ပြား ကောက်ရကြသော်လည်း စက်ကြီးတွေနှင့်တူးသောအခါမှ တစ်စုံတစ်ရာမှ မတွေ့ရသဖြင့် စိတ်ပျက်ကုန်ကြသည်။

စက်ကြီးများဖြင့် တူးရင်းတူးရင်း မိုးရာသီ ကျရောက်လာသောအခါတွင် ချောင်းမြောင်းများမှ စီးဝင်လာသောရေများဖြင့် ခိုတောင်ကြီးဝိုင်းမြေဧရိယာများသည် တစ်ဖက်ဆည်ကန်ကြီးသဖွယ်ဖြစ်လာ၏။ ဟန်ပြစိုက်ကွင်းသည်လည်း ဘာမှမအောင်မြင်ပါ။

ယခုအခါ ယခင်ခေါ် နေကျအတိုင်း ခိုတောင်ကြီးဝိုင်းဟု ခေါ်နေကြသော်လည်း သစ်ပင်သစ်တောကြီးကြီးမားမား မရှိတော့ဘဲ ဟိုသည်တစ်ကွက်တော့အုပ်လေးများ လယ်ကွင်း၊ ယာခင်းများဖြင့် တည်ရှိနေပြီး တစ်ဖက်ဆည်ရေကန်ကြီးဖြင့် သာယာလျက် သမင်များအုပ်လိုက်ကျက်စားနေထိုင်လျက်ရှိသည်ကို တွေ့ရသည်။

ဂျပန်စစ်သား နာနာဘာဝများ စောင့်ကြပ်နေသော ခိုတောင်သိုက်လှည်းကိုးစီးတိုက် ရွှေ၊ ငွေ၊ ရတနာများသည်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ သိုက်ချုပ်ဘိုးတော်၊ မယ်တော်များ၏အမိန့်အရ ဘယ်ဒေသသို့ သိုက်ပြောင်းသွားသည် မသိရတော့ပါ။ ယခုအခါမှာတော့ အညာသီဟတောဘုရားအနောက်ဘက်ကမ်းမှ ခိုတောင်ကြီးဝိုင်းသည် ငြိမ်းချမ်းသာယာလျက်ရှိနေသည် ဖြစ်ပါကြောင်း။

(မှတ်ချက် - ယခုတင်ပြခဲ့သော ခိုတောင်သိုက်ဝတ္ထုသည် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ဇာတ်လမ်းအားပြောပြသော သတင်းထောက်အောင်ဇေယျ (သပိတ်ကျင်း) အား ကျေးဇူးတင်ရှိပါသည်။)

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

# သုံးဆောင်သင့်သည့် အယ်ကာလိုင်းအစားအစာများ

စွမ်းထက်နောင်



လူအများသုံးဆောင်လိုက်သော အစားအစာများသည် တစ်ခါတစ်ရံ ခန္ဓာကိုယ်ကို အဆိပ်အတောက်ဖြစ်စေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အစားအစာများတွင်ပါဝင်သည့် အက်စစ်ဓာတ်များကြောင့် ဖြစ်ပါသည်။ အက်စစ်ဓာတ်များ ပါဝင်သည့် သကြား၊ လူအများပြုလုပ်ထားသည့် အချို၊ ကောက်ပဲသီးနှံ၊ အသားများ၊ စည်သွတ်ဘူး၊ အော်ဂဲနစ်အစားအစာများနှင့် တာရှည်ခံရန် ဓာတုနည်းဖြင့်ပြုလုပ်ထားသည့် အစားအစာများကို စားသုံးမှုကြောင့် ဖြစ်ပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများရောဂါထူပြောလာခြင်း၊ စားဝတ်နေရေးအတွက် လုံးပန်းရမှုအနားယူမှုနည်းပါးရခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည့် ပြင်ပဆက်နွယ်မှုများနှင့်လည်း သက်ဆိုင်နေတတ်ပါသည်။ ဆေးဝါးများ၏ အဆိပ်အတောက်ဖြစ်ခြင်း၊ မိမိမည်သည့်ရောဂါဖြစ်ပွားခံစားနေရသည်ကိုမသိရှိခြင်း စသည့်ပြဿနာများကြောင့် သေဆုံးခဲ့ရသူပေါင်းများစွာရှိခဲ့ပါသည်။ အဓိကအခြေခံပြဿနာမှာ ကျန်းမာရေးအသိဗဟုသုတနည်းပါးခြင်း၊ မိမိ၏ဘဝရှင်သန်ရေး၊ ကျန်းမာအောင်နေထိုင်နိုင်ရေးကို မိမိကိုယ်တိုင် သိရှိနားလည်မှုမရှိခြင်းနှင့် ဘဝနေထိုင်မှုပုံစံများယွင်းခြင်းကြောင့် ဖြစ်ပါသည်။

လူများစားသုံးသည့် အစားအစာများပေါ် မူတည်ပြီး ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများသည် စွမ်းအင်အာဟာရအဖြစ် အသုံးပြုရပါသည်။ စားသောက်လိုက်သည့်အစားအစာများသည် အစာခြေပြီး ခန္ဓာကိုယ်အတွက် စွမ်းအင်လောင်စာအဖြစ် အသုံးပြုရန် ဇီဝကမ္မဖြစ်စဉ်အရ အက်စစ် သို့မဟုတ် အယ်ကာလိုင်းတစ်ခုခုကိုဖြစ်စေသည်။ ထို့မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းရှိ သွေး၏အခြေအနေ pH ကိုချိန်မျှစေပါသည်။ ခန္ဓာကိုယ်အတွင်းရှိ သွေး၏ pH ချိန်မျှရန် မည်သို့စားသောက်နေထိုင်ရမည်ကို သိရှိရန်လိုအပ်ပါသည်။ သွေး၏ pH သည် (၇. ၃၆၅) ဖြစ်ရပါမည်။ pH ဆိုသည်မှာ Potential Hydrogen အရည်၏ပြင်းအားကို တိုင်းတာသည့် ယူနစ် ဖြစ်ပါသည်။ ဟိုက်ဒရိုဂျင်အိုင်းယွန်း မည်မျှပါဝင်သည်ကို တိုင်းတာခြင်း ဖြစ်ပါသည်။ pH မြင့်ပါက အယ်ကာလိုင်းအခြေအနေဖြစ်၍ အောက်ဆီဂျင်ပါဝင်နှုန်းမြင့်သည်။ pH နိမ့်ပါက အက်စစ်အခြေနေဖြစ်၍ အောက်ဆီဂျင်ပါဝင်နှုန်းပိုနည်း၏။ pH တိုင်းတာသည့် ယူနစ်သည် သုညမှ (၁၄) အထိ အဆင့်ရှိပြီး pH (7) သည် အယ်ကာလိုင်းနှင့် အက်စစ်မပါဝင်သော ဓာတ်ပြယ်သည့် အခြေအနေဖြစ်ပါသည်။ pH(7) ထက်နည်းပါက အက်စစ်ဖြစ်ပြီး pH(7) ထက်များပါက အယ်ကာလိုင်း ဖြစ်ပါသည်။

လူတို့၏သွေးသည် pH(၇. ၃၆၅) ထက်များနေလျှင်သော် လည်းကောင်း၊ နည်းနေလျှင်သော်လည်းကောင်း ရောဂါဖြစ်ပွားနေသည့် လက္ခဏာဖြစ်ပါသည်။ လူအများစားသောက်လိုက်သည့် အစားအစာများသည် အစာခြေပြီးနောက် ခန္ဓာကိုယ်အတွက် စွမ်းအင်လောင်စာအဖြစ်အသုံးပြုရန် ဇီဝကမ္မဖြစ်စဉ်အရ အက်စစ် (သို့) အယ်ကာလိုင်းတစ်ခုခုကို ဖြစ်စေပါသည်။ ဇီဝဓာတုပညာရှင်များမှ အော်ဂဲနစ်မဟုတ်သည့်အစားအစာများသည် အက်စစ်သို့မဟုတ် အယ်ကာလိုင်းတစ်ခုခုဖြစ်နိုင်၍ အင်အော်ဂဲနစ်များဖြစ်သော ကယ်(လ်)စီယမ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ ဆာလဖာ၊ ဖော့(စ်)ဖရပ်ဓာတ်များသည် အယ်ကာလိုင်းဖြစ်သည်ဟုဆိုပါသည်။ စားသုံးသည့်အစားအစာများပေါ် မူတည်ပြီး ခန္ဓာကိုယ်အတွင်း အက်စစ် သို့မဟုတ် အယ်ကာလိုင်းဓာတ်များကြွင်းကျန်နေတတ်၏။ အစားအစာများအားလုံးသည် သဘာဝအလျောက် အက်စစ်နှင့်အယ်ကာလိုင်းများ ပါဝင်နေတတ်ကြ၏။ ခန္ဓာကိုယ်အတွင်းရှိသွေးများတွင် အက်စစ်နှင့် အယ်ကာလိုင်း အချိုးညီမျှရန် လိုအပ်ပါသည်။ အက်စစ်ပါဝင်သည့် အစားအစာများသည် လူအများ၏ကျန်းမာရေးကို ကြောက်မက်ဖွယ်ဆိုးကျိုးများ သက်ရောက်စေပြီး သွေးအတွင်း အက်စစ်ဓာတ်များပြားပါဝင်နေခြင်း၊ ကျောက်တည်ခြင်း၊ ဆီးချိုစသည့် ရောဂါများ ဖြစ်ပွားစေပါသည်။ စားသုံးလိုက်သည့် အာဟာရများသည် သွေးအတွင်း အယ်ကာလိုင်းအခြေအနေ (၇. ၃၆၅) တွင် ရှိနေရန် လိုအပ်ပါသည်။ ထိုအခြေအနေထက်နိမ့်ကျပြီး အက်စစ်အခြေအနေကိုရောက်နေပါက တစ်သျှူးများ၊ အရိုးများပျက်စီးစေပြီး ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ လုပ်ဆောင်မှုအရည်အသွေးများကို ထိခိုက်ပျက်စီးစေပါသည်။ ခန္ဓာကိုယ်အဆိပ်သင့်စေသည့်ဓာတုပစ္စည်းများဝင်ရောက်မှုကို မထိန်းသိမ်းနိုင်ဘဲ ပျက်စီးစေလွယ်ပြီး မောပန်းနွမ်းနယ်စေ၏။ သွေး၏pH သည် (6.9) သို့ရောက်ရှိပါက မေ့မြောခြင်းမှ သေဆုံးခြင်းအထိဖြစ်နိုင်ပါသည်။

ထို့ကြောင့် ခန္ဓာကိုယ်အတွင်း pH မျှတမှုရန် အယ်ကာလိုင်းပါဝင်သည့် အစားအစာများကို နေ့စဉ်စားသုံးရန်လိုအပ်ပါသည်။ အယ်ကာလိုင်းပါဝင်သည့် အစားအစာများမှာ အောက်ပါအတိုင်းဖြစ်၏။

## ၁။ ဟင်းသီးဟင်းရွက်၊ ဥများ

သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များသည် စားသုံးရန်သင့်



www.burmeseclassic.com

www.burmeseclassic.com

တော်ပြီး အန္တရာယ်ကင်းသည့် အစားအစာများဖြစ်ပါသည်။ အနက်ရောင်၊ အနီရောင်၊ အဖြူရောင်ရှိသည့် မုန်လာဥနီ၊ သကြားမုန်လာဥ၊ မုန်လာဥဖြူစသည်များကို ရေနွေးပူဖြင့် (၁၅) မိနစ်ခန့်စိမ်၍ စားသင့်ပါသည်။ အာလူး၊ ဥ၊ အမြစ်များကိုပြုတ်၍စားသောက်နိုင်၏။

**၂။ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ပဲပင်ပေါက်**

ပန်းဂေါ်ဖီ၊ဂေါ်ဖီထုပ်၊ ပဲပင်ပေါက်များသည် အရသာရှိ၍ ဓာတ်တိုးဆန့်ကျင့်သည့်အာနိသင်ရှိပြီး ကျန်းမာရေးကိုကောင်းမွန်စေ၏။

**၃။ အရွက်စိမ်းများ**

ကိုက်လန်၊ ဟင်းနုနယ်၊ မုန်လာရွက် စသည်များသည် ဗီတာမင်ကေ၊ ဖောလိစ်သတ္တုဓာတ်များ၊ အစွမ်းထက်သော ဓာတုပစ္စည်းများ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်ပြီး အမျှင်ဓာတ်များသည့် အစာခြေစနစ်ကို ပံ့ပိုးကူညီပေး၍ မျက်စိအမြင်အားကိုကောင်းစေ၏။

**၄။ ကြက်သွန်ဖြူ**

ခန္ဓာကိုယ်၏ အလုံးစုံသောကျန်းမာရေးကို အထောက်အကူပစ္စည်းဖြစ်သည့်အပြင် အယ်ကာလိုင်းဓာတ်ပါဝင်၏။ ကြက်သွန်ဖြူသည် နှလုံးသွေးကြောစနစ်နှင့် ပင်ကိုခုခံအားစနစ်ကို တိုးတက်ကောင်းမွန်စေပြီး သွေးတိုးနှုန်းကိုကျစေပြီး အသည်းကို သန့်ရှင်းစင်ကြယ်စေပါသည်။ ရောဂါများစွာကိုလည်း တိုက်ဖျက်နိုင်၏။

**၅။ ရေတ်သီး**

အယ်ကာလိုင်းများစွာပါဝင်၏။ ဗက်တီးရီးယားရောဂါပိုးများကိုဆန့်ကျင်၏။ ဗီတာမင်အေ များစွာ ပါဝင်သည့်အတွက် မှိုရောဂါနှင့်ဖရီးရယ်ဒီကယ်များကို ပယ်ဖျက်ပေးနိုင်၏။

**၆။ ရှောက်သီး**

အယ်ကာလိုင်း အများဆုံး ပါဝင်သည်။ အနာများကျက်စေ၏။ အက်စစ်ဓာတ်များခြင်းကို လျော့ပါးစေသည်။ ချောင်းဆိုး၊ အဖျား၊ အအေးမိခြင်းကိုပျောက်စေ၏။ အသည်းအဆိပ်အတောက်ဖြစ်ခြင်းကို ကာကွယ်ပေး၏။

**အစားအစာများ၏ အယ်ကာလိုင်းနှင့် အက်စစ်ပါဝင်မှုပမာဏအဆင့်**

အယ်ကာလိုင်း မြင့်မားစွာ ပါဝင်သည့်၊ pH (၈. ၅) မှ (၉) အထိ ပါဝင်သည့် အစားအစာများမှာ ရှောက်သီး၊ ဖရဲသီး ဖြစ်ပါသည်။ ကောင်းမွန်စွာအသင့်အတင့်ပါဝင်သည်မှာ ငရုတ်သီး၊ စွန်ပလွံသီး၊ သဖန်းသီး၊ ပင်လယ်ရေညှိ၊ သံပရာသီး၊ သရက်သီး၊ သင်္ဘောသီး၊ ရေမုန့်ညင်း၊ကညွတ်၊စပျစ်သီး၊ သစ်တော်သီး၊ နာနတ်သီး၊ အသီးများ၏အရည်များ ဖြစ်ပါသည်။ အသင့်အတင့်ပါဝင်သည်မှာ ပန်းသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ ကြက်သွန်ဖြူ၊ ဂရိတ်ဖရုံ မာလကာသီး၊ အစိမ်းရောင်အရွက်များ၊ ဆလတ်ရွက်၊ ဖရုံသီး၊ ပဲအမျိုးမျိုး၊ ငရုတ်ကောင်း၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ လိမ္မော်သီး၊ အာလူး၊ စတော်ဘယ်ရီ၊ ပြောင်းဖူး၊ ဟာနီယာ၊ ရှာလကာရည်များ ဖြစ်ပါသည်။

အယ်ကာလိုင်း အနည်းငယ်သာ ပါဝင်သည့် အစားအစာများမှာ ပဲပင်ပေါက်၊ ဟင်္သီး၊ အုန်းသီး၊ သခွားသီး၊ ဥဥသောအပင်များ၊ ကြက်ဥ၊ ဘဲဥအနှစ်၊ ဆိတ်နို့၊ ဂျုံ၊ ပဲပိစပ်၊ နှမ်း၊ တိုဟူးတို့ ဖြစ်ပါသည်။ pH (၇. ၅)မှ (၈)အထိရှိသော အစားအစာများဖြစ်ပါသည်။

ဓာတ်ပြယ်သည့် အစားအစာများမှာ pH သည် (၇) ဖြစ်၍ အယ်ကာလိုင်းနှင့် အက်စစ်အခြေအနေတို့တွင်မရှိပါ။ သဘာဝရေ၊ ထောပတ်၊ ကရင်၊ နွားနို့၊ သီးနှံထွက်အဆီများ၊ ဒိန်ချဉ်၊ ဂျုံ၊ ဆန်တို့ ဖြစ်ပါသည်။

အက်စစ်ဓာတ် အသင့်တင့် ပါဝင်သည့် အစားအစာများမှာ ငှက်ပျောသီးစိမ်း၊ ဘလူးဘာလီ၊ ဒိန်ခဲ၊ ဆန်၊ ဂျုံတို့ဖြင့်ပြုလုပ်ထားသည့်အမှုန်များ၊ ခြောက်သွေ့နေသည့်ပဲများ၊ အုန်းသီးအခြောက်၊ ဥများ၊ အကျက်လွန်စွာပြုတ်ထားအပူပေးထားသည့် အစားအစာများ၊ ပြုပြင်ထားသည့်နွားနို့၊ ဆိတ်နို့၊ ပျားရည်များ၊ အချဉ်ဖောက်ထားသည့် အရည်များ၊ တင်လဲရည်၊ ပဲ၊ ဂျုံများ ဖြစ်သည်။ pH သည် (၆) မှ (၆. ၅) အထိ ရှိတတ်ပါသည်။

အက်စစ်ဓာတ်များစွာပါဝင်သည့် မစားသုံးသင့်သည့် အစားအစာများမှာ ပြုပြင်ထားသည့် အချိုပါသောအစားအစာများ၊ အမဲသား၊ ဘီယာ၊ အရက်၊ တင်လဲရည်၊ သကြား၊ အချဉ်ဖောက်၊ ကစော်ဖောက်ထားသည့် အရာဝတ္ထုများ၊ ကာဗွန်နိုက်ထည့်ထားသည့် အချိုရည်များ၊ ချောကလက်၊ စီးကရက်၊ ဆေးရွက်ကြီး၊ ကော်ဖီ၊ ကရင်(မ်)များ၊ ဆေးဝါးများ၊ သကြားဖြင့် ပေါင်းစပ်ထားသည့် သစ်သီးဖျော်ရည်များ၊ ယိုများ၊ ဖျော်ရည်ယမကာများ၊ ကိတ်မုန့်၊ ဝက်သား၊ ပင်လယ်စာများ၊ သကြားပါဝင်သည့် လက်ဖက်ရည်၊ ကော်ဖီ၊ ပေါင်မုန့်၊ ဝိုင်နှင့် ဒိန်ချဉ်များဖြစ်ပါသည်။ pH သည် (၅)မှ (၅. ၅) အထိရှိတတ်ပါသည်။

အယ်ကာလိုင်းပါဝင်သည့်သတ္တုဓာတ်များမှာ မဂ္ဂနီစီယမ် pH သည် (၉)၊ ကယ်လစီယမ် (၁၂) နှင့် ပိုတက်စီယမ်၊ ဆိုဒီယမ်တို့သည် (၁၄) ရှိပါသည်။

အယ်ကာလိုင်းများစွာပါဝင်သည်မှာ စားဆိုဒါ၊ ပင်လယ်ဆား၊ သတ္တုဓာတ်ပါဝင်သည့်ရေ၊ ရွှေဖရုံသီးစေ့၊ ပင်လယ်ရေမှော်များ၊ ကြက်သွန်နီ၊ ပင်လယ်ထွက်ဟင်းသီးဟင်းရွက်များ၊ ကြာရိုး၊ ကြာစွယ်၊ ကန်စွန်းဥ၊ ရှောက်သီး၊ ဖရဲသီး၊ လိမ္မော်သီး၊ နာနတ်သီးများဖြစ်ပါသည်။ pH သည် (၈. ၅)မှ (၉)အထိရှိတတ်ပါသည်။

တစ်ခါတစ်ရံ သွေးအတွင်းအက်စစ်ဓာတ်များစေသည့် အစားအစာများသည် သွေးအတွင်းရှိ အယ်ကာလိုင်းများကို လျော့နည်းစေတတ်ပါသည်။ ထိုသို့ဖြစ်လျှင် ‹ဇမ်းသွားခြင်း ပုံမှန်မဟုတ်သည့် အခြေအနေများဖြစ်ပေါ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း ဖြစ်ပေါ်နိုင်ပါသည်။

သဘာဝအစားအစာတွင် ပါဝင်သည့် သတ္တုဓာတ်များသည် လူအများအတွက် အကျိုးပြုသော်လည်း လူအများပြုလုပ်သည့်ဓာတ်ခွဲခန်းထုတ်ပစ္စည်းများ ဓာတ်ခွဲခန်းသုံး ဓာတုသတ္တုပစ္စည်းများသည် လူအများကိုဆိုးကျိုးသက်ရောက်စေပါသည်။ အထူးသဖြင့် ပဋိဇီဝဆေးများ၏ဆိုးကျိုးများဖြစ်ပါသည်။ သန့်ရှင်းလတ်ဆတ်သည့်လေကို ရှူရှိုက်ရန်လိုအပ်ပါသည်။ သွေးအတွက်လိုအပ်သောအောက်ဆီဂျင်ကို ပတ်ဝန်းကျင်လေထုအသက်ရှူလမ်းကြောင်းကတစ်ဆင့်ရယူပေးပါသည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်များ၍ အောက်ဆီဂျင်လျော့နည်းနေပါက လူအများအတွက် သွေးအတွင်းရှိရမည့် pH အခြေအနေသည် အက်စစ်ဘက်သို့ ပြောင်းလဲပြီး ရောဂါများရရှိနိုင်ပါသည်။

အယ်ကာလိုင်းပါဝင်သည့် အစားအစာများကို စားသောက်ခြင်းဖြင့် [illegible] ဖက်နာ၊ အဆစ်ရောင်ရောဂါနှင့်ကင်[illegible] ရောဂါများကို လျော့နည်းစေသည်။ အသားများ၊ ဂျုံ၊ သကြားနှင့်ပြုလုပ်ထား

www.burmeseclassic.com

စိုးမင်း (မြောက်စည်း)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သူရဋ္ဌမဂ္ဂဇင်းတွင်ပါရှိသည့် "မွဲခြောက်နှင့်မွေးရာပါအမြူ၊ အနီ၊ အနက် စာအမှတ်များပျောက်သည့် အိုးခြမ်းပဲ" အား

# စာကျန်ကာပြည့်ဖြည့်စွက်ခြင်း

စာရေးသူထံသို့ လူကြုံစုံစမ်း၍လည်းကောင်း၊ ရပ်ဝေးမှသော် လည်းကောင်း 'ဆေးအိုးကြမ်းပဲ့'အား တောင်းခံသာကြပါသည်။ လူကိုယ်တိုင်လာခဲ့လျှင် 'ဆေးအိုးကြမ်းပဲ့' အား ချက်ချင်းပေးနိုင်ပါသော်လည်း ရပ်ဝေးမှ တောင်းခံလျှင် ချက်ချင်း မပေးပို့နိုင်ပါ။

မပေးပို့နိုင်သည်မှာ အကြောင်းရှိပါသည်။ စာရေးသူက ကလေးမြို့နယ် မြောက်စည်း (ရွာသစ်) ဘူတာဈေးဆိုင်မှာနေသူ ဖြစ်ပါသည်။ စာရေးသူတို့ရွာတွင် စာတိုက်လုံးဝမရှိပါ။ (၂၅) မိုင်ဝေးသည့် ကလေးမြို့မှသာ စာထည့်ရပါသည်။ ကားခအသွား၊အပြန်၊စားစရိတ်နှင့် ငွေငါးထောင်လောက်ကုန်ပါသည်။ ငွေကြေး မပြည့်စုံပါသဖြင့် ရပ်ဝေးမှဝေဒနာရှင်များအား အသိပေးရပါသည်။

တောင်တွင်းကြီးမြို့ ကန်သာယာလမ်း မောင်းတိုင် (၁) ရပ်မှ မအေးအေးသန်း၏ဆေးတောင်းခံစာအား ခက်ခက်ခဲခဲ ရောက်ရှိလာပါသည်။ ယခုစာနှင့်အတူ ဆေးအိုးကြမ်းပဲ့အား မေတ္တာဖြင့် ပေးပို့လိုက်ပါသည်။ ဝေဒနာရှင်များမှ အကူအညီတောင်းခံပါလျှင် ဖုန်းနံပါတ်ဖြင့်တောင်းခံပါ။ စာရေးသူမှ လမ်းညွှန်ပေးပါမည်။

စာကျန်သွားသည်မှာ မြို့ကြီးပြကြီးတွင် မီးသဂြိုဟ်စက်သာရှိ၍ ဆေးအိုးကြမ်းပဲ့မရနိုင်ကြောင်း စာရေးသူ လုံးလုံးမသိပါ။ သတိပင်မရပါ။ အလွန်အ့ံဩမိပါသည်။ ထိုသို့မရလျှင် မြို့နှင့်မနီးမဝေးရှိ တောရွာသုသာန်များတွင်သွား၍တောင်းယူလျှင် အလွယ်ကလေးရပါသည်။ ဤသို့ဆိုလျှင် ကျေနပ်ကြမည်ထင်ပါသည်။

နောက်ထပ် စာကျန်ဖြည့်စွက်လိုသည်မှာ -

မကြာမကြာခေါင်းကိုက်တတ်သူများ၊ နှစ်ရှည်လများ ဦးခေါင်းခဲသူများအတွက် နည်းကောင်းဖြစ်ပါသည်။ ဆေးနည်းမှာ သုသာန်တွင်ရှိသောအုန်းမှုတ်ခွံအား ဆေးအိုးကြမ်းပဲ့တောင်းခံသကဲ့သို့ ဤနေ့သားတွင် စွဲကပ်နေသော ခေါင်းကိုက်၊ ခေါင်းခဲဝေဒနာ သက်သာပျောက်ကင်းသည့် ဆေးအုန်းမှုတ်ခွံအပဲ့အား စွန့်ပါဟု မေတ္တာပို့၊ အမျှဝေ ကောက်ခဲ့ပါ။ ကျောက်ပျဉ်တွင် ရေနှင့်ပျစ်ပျစ်သွေး၍ နားထင်၊ နားနောက်၊ ကုပ်ဆက်တို့တွင် လိမ်းပေးပါ။ ယုံယုံကြည်ကြည်နှင့်လိမ်းပါ။ လက်တွေ့ ပျောက်ကင်းပါသည်။

စိုးမင်း (မြောက်စည်း)

---

သည့် အစားအစာများသည် ခန္ဓာကိုယ်အတွင်း အက်စစ်ဓာတ်ဖြစ်ပေါ်စေပါသည်။ အစားအစာများကို ရွေးချယ်စားသုံးတတ်ခြင်းဖြင့် အယ်ကာလိုင်းများ ခန္ဓာကိုယ်အတွင်း ရောက်ရှိစေကာ ရောဂါများကို ကာကွယ်နိုင်စွမ်းရှိသည့်အပြင်ခန္ဓာကိုယ်အလေးချိန်ကိုလည်းကျစေပါသည်။သွေး၏pHသည် (၇. ၃၆၅) ဖြစ်သော်လည်း အစာအိမ်အတွင်း၌ အက်စစ်ဓာတ်သည် pH (၃. ၅) (သို့) ထိုထက်နည်းတတ်တာ တွေ့ရှိရသည်။ ထို့ကြောင့်လည်း အစားအစာများကို ကြေဖျက်နိုင်စွမ်းရှိမည် ဖြစ်ပါသည်။ မိမိစားသောက်လိုက်သည့် အစားအစာများပေါ်တွင် မူတည်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများသည် သွေး၏ pH မှန်တည်ငြိမ်အောင် ပြုလုပ်ပေး၏။ အယ်ကာလိုင်း အစားအစာများသည် ခန္ဓာကိုယ်သွေးအတွင်း pH ကို ထိန်းသိမ်းပေးပါသည်။ ခန္ဓာကိုယ်အတွက် အရေးကြီးသည့် မည်သည့်အစားအစာမှ စားသောက်ဘဲနေပါက သွေး၏pHသည် ပြောင်းလဲသွားမည်ဖြစ်၏။ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ လုပ်ဆောင်ချက်များကို ပုံမှန်ဖြစ်စေရန် pH အဆင့်ကို ထိန်းသိမ်းထားရန် လိုအပ်ပါသည်။

မိမိခန္ဓာကိုယ်ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေရန် အယ်ကာလိုင်းအစားအစာများဖြစ်သည့် သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ပဲပိစပ်၊ တို့ဟူး၊ မြေပဲ၊ အစေ့အဆန်များနှင့် ရေများများကို သောက်သုံးရန်လိုအပ်ပါသည်။ အက်စစ်ဓာတ်အနည်းငယ်ပါဝင်သည့် အစားအစာများကိုသာစားသုံးနိုင်ရန်နှင့် သကြား၊ ကဖင်းဓာတ်အရက် ပြုပြင်ထားသည့် အစားအစာများကို ရှောင်ကြဉ်ရပါမည်။

အယ်ကာလိုင်းဓာတ်ပါဝင်သည့် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များသည် ကျောက်ကပ်ကျောက်တည်ခြင်းကိုကာကွယ်ပေးခြင်း၊ အရိုးနှင့်ကြွက်သားများသန်မာစေခြင်း၊ နှလုံးနှင့်ဦးနှောက်၏ လုပ်ဆောင်ချက်များကို တိုးတက်စေခြင်း၊ အူမကြီးကင်ဆာနှင့် ဆီးချိုသွေးချိုခါးနာခြင်းများကို လျော့နည်းပျောက်ကင်းစေပါသည်။

သုတေသနပြုမှုများအရ ခန္ဓာကိုယ်အတွင်း သွေး၏ pH အခြေအနေသည် အက်စစ်ဘက်သို့ရောက်နေပါက ရောဂါများကိုဖြစ်ပွားစေပြီး အယ်ကာလိုင်းဘက်သို့ရောက်ရှိမှသာ ရောဂါများကို ဆန့်ကျင်တိုက်ခိုက်စေနိုင်ကြောင်း သိရှိရပါသည်။ အယ်ကာလိုင်းအခြေအနေတွင်မှ ခန္ဓာကိုယ်သည် ဗီတာမင်၊ သတ္တုဓာတ်နှင့် အာဟာရများကို ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးက စွမ်းအင်အဖြစ် လက်ခံအသုံးပြုနိုင်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အယ်ကာလိုင်းအစားအစာများကို နံနက်၊နေ့လယ်၊ ညနေစာများတွင် ပါဝင်အောင် စားသုံးသင့်ပါသည်။ ပညာရှင်များက အသက်အရွယ်ကြီးသူများကို အကြံပေးထားသည်မှာ ကျန်းမာရေးသာလွန်ကောင်းမွန်ရယူလိုပါက ပထမအဆင့်အနေဖြင့် ဟင်းသီးဟင်းရွက်များစားပါဟူ၍ဖြစ်ပါသည်။

သို့ပါ၍ မိမိကျန်းမာရေးအစဉ်အမြဲကောင်းမွန်နေစဉ် မိမိ၏နေထိုင်မှုဘဝပုံစံကို ပြုပြင်ပြောင်းလဲပြီး အယ်ကာလိုင်းများပါဝင်သည့် အစားအစာများစားသုံးခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ခြင်း၊ အောက်ဆီဂျင်များများရရန် အားကစားလေ့ကျင့်ခန်းများကို ပြုလုပ်ရပါမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

စွမ်းထက်ရှာခံ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဆေးက မီးဖိုပေါ်ရှိ ထမင်းကို မ,ချလိုက်သည်။ထမင်းအိုး၏အလေးချိန်ကြောင့် ဖိုးဆေးတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။ လက်ဖျံရိုးပေါ်တွင် အလျားလိုက်ရှိနေသော အမာရွတ်ကြီးက ထမင်းအိုးအလေးချိန်ကြောင့် ပွင့်ထွက်သွားတော့မလားထင်ရ၏။ စခန်းတစ်ခုလုံးရှိ ဆင်သမားများအတွက်ချက်ရသော ထမင်းအိုးကြီးကလည်း လေးလံလွန်းလှသည် မဟုတ်လား။

"နေနေ ကိုဖိုးဆေး၊ ကျွန်တော် လာချပေးမယ်"

"နေပါ ဆရာဖဒိုရယ်၊ ဒါငါ့အလုပ်ပဲလေ။ ငါဟာ့နေငါလုပ်ပါ့မယ်"

ဆင်သမားအားလုံးက ဆရာဖဒိုဟုသာခေါ်ကြသောဦးမောင်က ဖိုးဆေးအတင်းတားနေသည့်ကြားမှ ထမင်းအိုးကိုဝိုင်းချပေးလိုက်၏။ ဖိုးဆေးက ဆင်စခန်း ဝါးကြမ်းခင်းပေါ်ရှိ ထမင်းအိုးကြီးကို တစ်ဖက်သာအကောင်းအတိုင်းရှိနေသောမျက်လုံးဖြင့် ရီဝေစွာငေးမောကြည့်နေ၏။

ဖိုးဆေး၏ သေးသွယ် ပိန်လှီလှသောခြေထောက်က ခွင်နေသည့်အပြင် ပေါင်ရင်းရှိအကြောများ ပြုတ်နေသောကြောင့် ခါးကို ကောင်းစွာ မဆန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# သတုံ-ငယ်ငယ်

## တော၏စီရင်ချက်

တော့။

"အင်း - အရင်ကဆို ဒီထမင်းအိုး ...ောက်တော့ ငါအသာလေးမ,နိုင်တာ ...ပေါ့။ ထမင်းချက်တဲ့အလုပ်မျိုးလည်း ငါ ...လုပ်ပါဘူးကွာ။ ဆင်ဦးကင်းမှာ ကျကျ ...ဆိုင်ပြီး ဆင်စီးတဲ့ဆင်ဦးစီးပေါ့။

ကျန်တဲ့အချိန်တွေမှာတော့ တူမီး ...သေနတ်တစ်လက်နဲ့ တစ်တောလုံးတစ် ...ောင်လုံး အမဲလိုက်နေတဲ့မုဆိုးတစ် ...ောက်ပေါ့ကွာ။ တကယ်တော့ အဲ့သည် ...အမဲလိုက်တဲ့အလုပ်ကပဲ ငါ့ကို ဒီဘဝ ...ရောက်အောင်ပို့လိုက်တာပေါ့။ မတရား ...တာ အချိန်တန် ကိုယ့်ကို ဒဏ်ပြန် ...တတ်တာ သဘာဝပဲလေ"

ဖိုးဆေးက ကျပ်ခိုးစင်ပေါ်ရှိ ဖွတ် ...ခြောက်များကိုလှမ်းယူရင်း ဆွေးမြေ့ ...ပြောလိုက်သည်။

"ကိုဖိုးဆေးကို ကျွန်တော်မေးမလို့ ဘဲ။ကျွန်တော်လည်း မေးသင့်၊မမေးသင့် ချိန်နေတာနဲ့ မမေးဖြစ်တာ။ ကိုဖိုးဆေး အခုလိုဘဝကိုဘာလို့ဖြစ်ပြီးရောက်သွား တယ်ဆိုတာလေး ကျွန်တော့်ကို ပြောပြ ပါလား"

"တောရဲ့စီရင်ချက်ပေါ့ ဖဒိုရာ။ တောမှာ တောဥပဒေရှိတယ်၊ တော စည်းကမ်းရှိတယ်၊ ချိုးဖောက်ရင် အင်း- တောကတော့ ငါ့ကို အကြိမ်ကြိမ်သတိ ပေးခဲ့သားလားကွာ"

❑

မြူနှင်းတွေက ရိုးမတစ်ခွင်လုံး အုံ့ဆိုင်းနေ၏။ နွေသရုပ်က ရိုးမကို စွန့်ခွာတော့မည်။ ရွက်စိမ်းအသစ်တို့ဖြင့် ညို့ဆိုင်းနေသော သစ်ပင်ကြီးငယ်တွေ ကြောင့် အအေးဓာတ်ကပိုလာ၏။ စိမ်း ညို့ညို့တောင်တန်းတွေကြီးများအထက် ဆီမှာ မိုးသားရိပ်တွေက စုဖွဲ့အုပ်မိုးစပြု လာပြီ။ မကြာမီ ရိုးမမိုးကပြုတော့မည်။

ဖိုးဆေးက နူတ်ခမ်းနှစ်ခုကြားတွင် သစ်ရွက်စိမ်းလေးညှပ်လိုက်ပြီး လည်ပင်း ကြောတွေထောင်လာသည်အထိ လေ ကိုစုပ်သွင်းလိုက်သည်။

"ပီ. . . ပီ. . ."

ချေသားပေါက်ငယ်ကလေးတစ် ကောင်၏ အော်မြည်သံနှင့် တူလှသော ဖက်စွဲသံက တောယံတစ်လျှောက် ပျံ့နှံ့ သွား၏။ မကြာမီ ချောင်းကမ်းပါးယံ အတိုင်းတက်လာသော တောတိုးသံကို ကြားရသည်။ ဖိုးဆေးက တူမီးသေနတ် ကို ချောင်းကမ်းပါးယံဆီသို့ထိုးချိန်လိုက် ပြီး ငြိမ်သက်စွာစောင့်နေလိုက်သည်။

သားသည်မိခင် ချေမကြီးလာချေ ပြီ။ ချေသားပေါက်ငယ်ကလေး၏အော် မြည်သံနှင့်တူလှသော ဖိုးဆေး၏ဖက်စွဲ သံကြောင့် ရေသောက်ဆင်းနေသော ချေမကြီးက ချောင်းကမ်းပါးအတိုင်း တက်လာနေ၏။ သားဇောကပ်နေသော ချေမကြီးက မိမိအန္တရာယ်ကို ဂရုမစိုက် နိုင်တော့။ ချုံနွယ်များကို တရှဲရှဲတိုးကာ ဖိုးဆေး စောင့်ဆိုင်းနေရာဘက်သို့လာ နေသည်။ တစ်ကိုယ်လုံးကိုမမြင်ရသေး သော်လည်း ချုံနွယ်ပြောက်တိပြောက် ကျားမှ ရွှေဝါရောင်ချေမကြီးကို ဖိုးဆေး တစ်စွန်းတစ်စမြင်နေရပြီ။

ဖိုးဆေးက ပစ်ကွင်းကောင်းသည့် အထိ စိတ်ရှည်ရှည်နှင့်စောင့်နေလိုက် သည်။ ကမ်းပါးအပေါ်ရှိ ချုံစပ်လေးဆုံး သွားတော့ ချေမကြီးကို ရှင်းရှင်းလင်း လင်းမြင်ရချိန်မှာတော့ ဖိုးဆေးက အသက်ကိုအောင့်ပြီး တူမီးသေနတ် မောင်းကို အသာဆွဲချလိုက်တော့သည်။

"ဒိုင်း"

သေနတ်သံက တောအုပ်တစ်ခု လုံးသို့ ပဲ့တင်ထပ်သွား၏။ ချောင်းရိုးစပ် ရှိဝါးရုံအောက်မှဝါးရောင်ငှက်တစ်သိုက် အလန့်တကြား ထပြန်သွားကြသည်။ ဖိုးဆေး အနောက်ဘက်ရှိ ပျဉ်းကတိုး



www.burmeseclassic.com

www.burmeseclassic.com

ပင်ကြီးဆီမှနေ၍ မျောက်ညိုတစ်အုပ်၏ အထိတ်တလန့်အော်သံနှင့်အတူ တစ်စုံတစ်ခု ပျဉ်းကတိုးပင်ဆီမှ ကျလာသည်ကို တွေ့လိုက်ရသည်။

မျောက်ပေါက်လေးတစ်ကောင်။ လမ်းပင်ကောင်းကောင်းလျှောက်နိုင်သေးပုံမရ။ သေနတ်သံကြောင့် ကြောက်လန့်ပြီးကျလာခြင်း ဖြစ်မည်။

ဖိုးဆေးက မျောက်ပေါက်လေး ကျလာရာဆီသို့ ပြေးသွားလိုက်ပြီး မျောက်ပေါက်လေးကို ကောက်ယူကာ စလွယ်သိုင်းထားသောပုဆိုးထဲသို့ထည့်လိုက်၏။ ပျဉ်းကတိုးပင်ပေါ်ရှိ မျောက်ညိုအုပ်က ဖိုးဆေးကိုကြည့်ပြီး ဆူညံစွာအော်ဟစ်နေကြ၏။ ဖိုးဆေးက တူမီးသေနတ်ကို ယမ်းထိုးလိုက်ပြီး ပျဉ်းကတိုးပင်သို့ ချိန်ရွယ်ပစ်လိုက်ချိန်မှာတော့ ဆူညံစွာအော်ဟစ်နေသော မျောက်အုပ်က ပြေးလွှားပျောက်ကွယ်သွားကြတော့သည်။

ဖိုးဆေးက ကျေနပ်စွာပြုံးလိုက်ပြီး ချေမကြီးလဲကျနေရာသို့ လျှောက်သွားလိုက်လေတော့သည်။

❑

ဖိုးဆေးပစ်လာသောချေမကြီးကို မြင်ချိန်မှာတော့ ဆင်ခေါင်းကြီးဒေါ်သက ဖိုးဆေးပေါ်သို့ အစုလိုက်အပြုံလိုက်ကျလာတော့သည်။

"ဖိုးဆေး၊ နင့်ကိုငါဘာမှာထားလဲ။ ကလေးငယ်ရှိတဲ့ တောကောင်တွေကို မပစ်ဖို့မှာထားတယ်မဟုတ်လား။ အေး- တောမှာတော့ဥပဒေရှိတယ်။ တောဥပဒေကိုမလိုက်နာရင်နင်ဒုက္ခရောက်လိမ့်မယ်"

"ဖထီးရာ - အမဲပစ်တာပဲဟာ၊ ဘယ်လိုပစ်ပစ် ကိုယ်လိုချင်တဲ့အမဲရဖို့က အဓိကမဟုတ်လား"

"အေး - အမဲရဖို့ကအဓိကဆိုပေမယ့် တရားသောရယူခြင်းလား၊ မတရားရယူတာလား ဆိုတာတော့ ခွဲခြားတတ်ရမယ် ဖိုးဆေးရေ။ မတရားယူခဲ့ရင် တစ်ချိန်ချိန်မှာ နင်ပြန်ပြီးပေးဆပ်ရလိမ့်မယ်"

အလုပ်ရှင်လည်းဖြစ်၊ ဦးလေးလည်းတော်သော ဆင်ခေါင်းကြီး ဘယ်လောက်ဒေါသထွက်ထွက် ဖိုးဆေးကတော့ အေးအေးဆေးဆေးပင်။ အခုလိုအဆူခံရမယ်ဆိုတာကိုလည်း ကြိုသိပြီးသား။ သိသိကြီးနှင့်ပင်ပစ်ခဲ့ခြင်းမဟုတ်ပါလား။

"ငါပစ်လာတော့ သူကောမစား ဘဲနေတာကျနေတာဘဲ"

ဟုပင် ရေရွတ်ရင်း ဒါတောင် မျောက်ပေါက်ကလေးကိုဖမ်းပြီး သစ်ကွင်းဝင်စဉ်က တောပိုင်တောင်ပိုင်တွေကို ပူဇော်တင်ထားတာ၊ ဝါးကြမ်းကာ နတ်စင်လေးထဲပိတ်လှောင်ထားခဲ့တာ သိလျှင် ဘယ်လိုများနေမလဲဟု တွေးနေလိုက်၏။

မျောက်ပေါက်လေးကို အခုလို ဖမ်းထားတာ ဆင်ခေါင်းကြီးသိလို့မဖြစ်။ ဆင်ခေါင်းကြီးသိသွားလို့ကတော့ မနက်ဖြန်အတွက် ဖိုးဆေး၏ အစီအစဉ်တွေ အကုန်ပျက်စီးကုန်ပေတော့မည်။မျောက်ပေါက်လေးက မနက်ဖြန် ဖိုးဆေးပြုလုပ်မည့်အမဲလိုက်ပွဲအတွက် အရေးပါသော အခန်းက ပါဝင်လိမ့်မည် မဟုတ်ပါလား။ ဖိုးဆေးက ကျေနပ်စွာ တွေးလိုက်ပြီး ထမင်းစားသောက်ကာ အိပ်ရာဝင်လိုက်တော့သည်။

❑

တောတောင်အနှံ့ မြူခိုးလိုလို၊ မီးခိုးငွေ့လိုလိုဖြင့် မှုန်ဝါးအုံ့ဆိုင်းနေ၏။ မြင်ကွင်းက ကြည်လင်ပြတ်သားမှုမရှိ။ တောကောင်နှင့် ပိုးမွှားငယ်တို့၏အသံပင် မကြားရအောင် တောကတိတ်ဆိတ်နေပြန်သည်။ တိတ်ဆိတ်မှုကလည်း ချောက်ချားဖွယ်။ ဘယ်နေရာကိုရောက်နေလဲ ဖိုးဆေးမသိ။ ဘယ်လိုရောက်လာလဲဆိုတာလည်း ဖိုးဆေးမသိ။ အေးစိမ့်စိမ့်လေအဝှေ့မှာ မြူခိုးတချို့က ချုံနွယ်တွေကိုဖြတ်သန်းကာ လွင့်မျောသွားကြသည်။ ဖိုးဆေးကိုယ်တိုင်လည်း လေထဲမှာလွင့်မျောနေသလိုကမျိုး။ အသိစိတ်အာရုံတို့က ကစဉ့်ကလျား။

"အဟမ်း. . . အဟမ်း"

ချောင်းဟန့်သံကြောင့်လှည့်ကြည့်မိတော့ ဖိုးဆေးနှင့် မလှမ်းမကမ်းမှာ ဝတ်ဖြူစင်ကြယ်နှင့်လူကြီးတစ်ဦး။ဝတ်ဖြူစင်ကြယ်နှင့်လူကြီးက ဖိုးဆေးကို တစ်နေရာသို့ လက်ညိုးညွှန်ပြနေသည်။ လက်ညိုးညွှန်ပြရာနေရာသို့ကြည့်လိုက်တော့ မြေပုံမို့မို့လေးတစ်ခု။ မြေပုံပေါ်က တိုင်ငုတ်ပေါ်မှာ ချိတ်ဆွဲထားသောအရာက လေထဲမှာတလွင့်လွင့်။

ဖိုးဆေး အနှစ်သက်ဆုံး သင်တိုင်းအကျီ။ ဖိုးဆေး၏အကျီ။

"ဒါဆို ငါ. . . ငါ. . . မဟုတ်ဘူးအား"

အိပ်မက်က လန့်နိုးလာတော့ ဖိုးဆေးတစ်ကိုယ်လုံး ချွေးစေးတွေနှင့်။ အပြင်မှာတော့ အလင်းရောင်က မှုန်ပျပျ၊ နံနက်မိုးသောက်လေပြီ။

အိပ်မက်ကြောင့် ဖိုးဆေးတစ်ယောက် စိတ်မချမ်းမသာခံစားရသည်။ အိပ်မက် ဆိုတာ သွေးလေချောက်ချား လျှင်လည်း မက်တတ်တာပဲဟု တွေး လိုက်ရင်း တူမီးသေနတ်ကိုဆွဲကာ မနေ့က မျောက်ပေါက်ကလေးလှောင်ထား သောနတ်စင်ဆီသို့ထွက်လာလိုက်သည်။

နတ်စင်နားရောက်တော့ နတ်စင်က ရစရာမရှိတော့။ အမိုးတွေ၊ အကာ တွေအားလုံး ဖရိုဖရဲ။ မျောက်အုပ်က မျောက်ပေါက်ကလေးကို လာကယ်ကြ ဟန်တူသည်။ မျောက်ပေါက်ကလေးက တော့ ပြိုလဲနေသော နတ်စင်တန်းပေါ် မှာ ငုတ်တုတ်ထိုင်လျက်ရှိ၏။ မျောက် ပေါက်ကလေးခါး၌ချည်ထားသောကြိုး က နတ်စင်တိုင်မှာ အခိုင်အခံ့။ မျောက် အုပ်က မျောက်ပေါက်လေးထည့်ထား သော နတ်စင်အကာများကိုပြိုဖျက်နိုင် ကြပေမယ့် မျောက်ပေါက်ကလေးခါး ကြိုးကိုတော့ မဖြေနိုင်ကြ။ ဖိုးဆေး မျောက်ပေါက်ကလေးကို ကောက် လိုက်ပြီး ကြိုးဖြေကာ မနေ့က မျောက် အုပ်နှင့်ဆုံခဲ့သော ပျဉ်းကတိုးပင်ကြီး သို့ ချီတက်လာခဲ့သည်။

ပျဉ်းကတိုးပင်ကြီးအောက်ရောက် တော့ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ် သက်လျက်ရှိနေ၏။ ဖိုးဆေးက တစ်ချက် ပြုံးလိုက်ပြီး ခါးကြားမှဓားကိုဆွဲထုတ် မျောက်ပေါက်ကလေး၏ပေါင်ကို ဓား ဖြင့်ဆွဲချလိုက်သည်။ သွေးတွေက ရဲရဲ မျောက်ပေါက်လေး၏အော်သံက တော တောင်တစ်ခွင်လုံးသို့ ပျံ့နှံ့သွားသည်။ စောစောက တိတ်ဆိတ်နေသော ပျဉ်းကတိုးပင်ကြီးဆီမှ မျောက်ညိုအုပ် က ဆူညံစွာ အော်ဟစ်ရင်း ထွက်ပေါ် လာကြသည်။ အမျိုးထိတော့လည်း မနေ ကြဘူးမဟုတ်ပါလား။ ဖိုးဆေး၏ ခဲသီး သုံးလုံးထိုးထားသောတူမီးသံက မနှောင်းခင် ထွက်ပေါ်လာပြန်သည်။

ဖိုးဆေး၏တူမီးသေနတ်သံကြောင့် မျောက်အုပ်က ပုန်းကွယ်သွားလိုက် မျောက်ပေါက်ကလေး၏ပေါင်ပေါ် ဓားဒဏ်ရာတစ်ခုတိုးလာလိုက်၊ မျောက် အုပ်က ချောက်ချားဖွယ်အော်သံများ ထွက်ပေါ်လာလိုက်၊ ဖိုးဆေး၏ တူမီး သေနတ်မှ ယမ်းပေါက်ကွဲသံ ဒိန်း ထွက်ပေါ်လာလိုက်နှင့် တစ်တော တစ်တောင်လုံး ငရဲကျနေသလား တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲတစ်ခုဖြစ်နေသလားထင်ရလောက်အောင် ဆူညံနေသောသေနတ်သံတွေကြောင့် ဆင်ခေါင်းကြီးတို့ရောက်လာချိန်မှာတော့ ပျဉ်းကတိုးပင်ကြီးအောက်မှာ မျောက်တွေတုံးလုံးပက်လက်။ အချို့က ပျဉ်းကတိုးကိုင်းပေါ်မှာတိုးလို့တွဲလောင်း၊ အသက်ငင်လျက်။ မျောက်ပေါက်ကလေးကတော့ ဓားဒဏ်ရာတွေကြောင့် သွေးအလူးလူး။

ဆင်ခေါင်းကြီးမျက်နှာက ညှိုးငယ်နေ၏။ ဝမ်းနည်းကြေကွဲမှုကအထင်းသား။ဒေါသထွက်ခြင်းလည်းမရှိ။ ဖိုးဆေးအား သနားစရာကောင်းသော သတ္တဝါတစ်ကောင်လိုသာ ငေးကြည့်နေတော့သည်။အဲ့သည်အဖြစ်အပျက်တွေနောက်ပိုင်း ဖိုးဆေးကို သေနတ်ကိုင်ခွင့်မပေးတော့။

ဖိုးဆေး၏ အယူအဆကလည်းရှင်းသည်။ စားဖို့ပစ်တဲ့အမဲ ဘယ်လိုပဲပစ်ပစ် စားရဖို့အရေးကြီးတယ်တဲ့။

❏

ဒီအိပ်မက်ကို ဖိုးဆေးထပ်မက်ပြန်သည်။ အိပ်မက်ထဲတွင် မြေပုံမှိုမှိုပေါ်က ဖိုးဆေး၏သင်တိုင်းအင်္ကျီက အရင်တိုင်းသေထဲမှာ တလွင့်လွင့်။ ထူးခြားတာကတစ်ခါမက်တဲ့အိပ်မက်ထဲတွင် မျောက်အော်သံတွေ ဆူညံနေသည်။ ဝတ်ဖြူဆင်ကြွယ်နှင့်လူကြီးကလည်း ဖိုးဆေးကိုစိမ်းစိမ်းကြီးကြည့်နေ၏။ အိပ်မက်ကနိုးသာတော့ မိုးစင်စင်လင်းပြီ။ ကောင်းကင်ပြင်က မိုးသားများနှင့် အုံ့ဆိုင်းလျက်။

မိုးက ရိုးမကို အားဖြည့်ဖို့ ရောက်လာပြီ။ သစ်ကွင်းလည်းသိမ်းတော့မည်။ ဆင်တွေအားလုံးကို ဆင်ကျောင်းစခန်းပြန်ဖို့ ပြင်ဆင်နေကြပြီ။ သစ်ခေါင်းကြီးလည်း ဆင်ကျောင်းစခန်းအခြေအနေကြည့်ရန် မနက်ကတည်းက ထွက်သွားပြီ။ ဖိုးဆေးမျှော်လင့်စောင့်စားနေသောအချိန်ရောက်လာလေပြီ။

ဆင်ခေါင်းကြီးထွက်သွားသည်နှင့် ဖိုးဆေးလက်ထဲသို့ တူမီးသေနတ်ရောက်နေပြီ။ ညက ဒုတိယအကြိမ်ထပ်မက်သောအိပ်မက်ကို ကြိုးစားမေ့ပျောက်ပစ်လိုက်ပြီး သေနတ်ကိုဆွဲကာ ဆင်စခန်းမှထွက်လာလိုက်သည်။ မိုးက တဖွဲဖွဲရွာစပြုလာပေပြီ။ မနေ့က ချောင်းဖျားဘက်တောကြောပေါ်မှာ ဝက်သိုက်တွေ့ခဲ့သည်။ ဝက်သိုက်တွေကအန္တရာယ်ရှိသော်လည်း အမဲရဖို့ အသေချာဆုံးပင်။ ဝက်သိုက်အနားကပ်သွားပြီး ဝက်သိုက်ထဲသို့ တူမီးသေနတ်ဖြင့်တေ့ပြီးပစ်လိုက်ရုံပင်။ဝက်မကြီးကိုလည်း ထိချင်ထိမည်၊ ဝက်သိုက်ထဲရှိ ဝက်သားပေါက်လေးတွေကိုလည်း ထိချင်ထိမည်။ ဘယ်ဟာကိုထိထိ အမဲရဖို့တော့သေချာသည်။

ဖိုးဆေးက ချောင်းဖျားကို ပတ်တက်လိုက်ပြီး ဝက်သိုက်ရှိရာသို့ချဉ်းကပ်လိုက်သည်။ နံနက်ခင်းအလင်းရောက်အောက်မှာ ဝက်သိုက်ဆီမှဖြူလွှလွှမြူခိုးတွေထွက်နေတာကိုကြည့်ခြင်းဖြင့် ဝက်သိုက်ထဲဝက်မကြီးရှိနေကြောင်းသိလိုက်၏။ ကပ်နိုင်သမျှ ကပ်သွားပြီး တူမီးသေနတ်ကို ဝက်သိုက်ဆီသို့ ချိန်ရွယ်ပြီးပစ်လိုက်သည်။

"ဒိုင်း"

ဝက်အော်သံတွေ ဆူညံသွားပြီးချက်ကောင်းထိဟန်မတူသောဝက်မကြီးက အသိုက်ထဲမှပြေးထွက်လာ၏။ သတိရှိနေသောဖိုးဆေးက တစ်ဖက်သို့ ခုန်ရှောင်လိုက်သည်။ ဝက်မကြီးက ကမူးရှူးထိုးပြေးရင်း မြောက်ပေါက်တစ်ခု၏ကမ်းပါးစွန်းအတိုင်း လိမ့်ဆင်းသွားသည်ကို တွေ့လိုက်ရသည်။ ဖိုးဆေးက သေနတ်ကို ယမ်းပြန်ထိုးလိုက်ရင်း ဝက်မကြီးနောက်သို့ လိုက်လာခဲ့၏။ ဖိုးဆေးကမ်းပါးစွန်းပေါ်ရောက်တော့ ကမ်းပါးအောက်တွင် ရုန်းကန်ထရန်ကြိုးစားနေသော ဝက်မကြီးကိုတွေ့ရသည်။ ဖိုးဆေးက ဝက်မကြီးဆီသို့ သေနတ်ပြောင်းကိုချိန်ရွယ်ပြီး ပစ်လိုက်ပြန်သည်။

"ဒိုင်း"

ပစ်ချက်က တောဝက်မကြီး၏နောက်ပိုင်းကို ထိမှန်သွားသော်လည်း လျှပ်တစ်ပြက်ပစ်ရခြင်းကြောင့် ဟန်ချက်မထိန်းနိုင်ဘဲ ဖိုးဆေးကိုယ်တိုင် တောဝက်မကြီးလိမ့်ကျသွားရာ ကမ်းပါးစောင်းအတိုင်းလျှောဆင်းသွားလေတော့သည်။

ဖိုးဆေးကျလာတာက တောဝက်မကြီးဦးခေါင်းကို ခွလျက်သား။ တောဝက်မကြီးကလည်းသေနတ်ဒဏ်ကြောင့် ခန္ဓာကိုယ်နောက်ပိုင်းတစ်ခုလုံး ရစရာမရှိတော့။ လှုပ်ရှားနိုင်သောဦးခေါင်းဖြင့် ခွလျက်သားကျလာသောဖိုးဆေးအား ပက်လို့မီသမျှပက်သည်။ ကိုက်လို့မီသမျှကိုကိုက်ခဲသည်။ ဖိုးဆေးပေါင်ရင်းမှာ သွေးတွေက ရဲရဲနီနေတော့သည်။ ကမ်းပါးပေါ်က လျှောကျလာရင်း ဘာနှင့်ထိမိသည်မသိ၊ မျက်လုံးတစ်ဖက်ကလည်း သွေးစိမ်းရှင်ရှင်ထွက်လျက်။ ရုန်းထွက်ဖို့ကြိုးစားလိုက်ပြန်တော့လည်း မိုးရေကြောင့် စိုစွတ်နေသောကမ်းပါးစောင်းကြောင့် တောဝက်မကြီးဦးခေါင်းကိုခွလျက်သားအခြေအနေမှ ရုန်းမထွက်နိုင်။

လူသူကင်းမဲ့နေသော ရိုးမတောကြီးထဲမှာ တောဝက်နှင့်လူသား ရုန်းကန်တိုက်ခိုက်ရင်း တောဝက်ရော လူပါ ငြိမ်သက်သွားကြလေတော့သည်။

❏

ဖိုးဆေးက သက်ပြင်းလေးလေးတစ်ချက်ရှိုက်လိုက်သည်။ အကောင်းပကတိကျန်ရှိသော မျက်လုံးတစ်ဖက်က ရီဝေလျက်။

"ဒါပါပဲ ဆရာဖဒို၊ သေနတ်သံကြောင့် ဆင်ဦးစီးတွေလိုက်လာတော့ တောဝက်ကသေနေပြီ။ သတိမေ့နေတဲ့ ငါ့ကိုတော့ သူတို့ကယ်နိုင်ခဲ့တယ်တဲ့လေ"

"ဟင်း - အသက်မသေခဲ့တာဘဲ တော်သေးတာပေါ့ ကိုဖိုးဆေးရာ"

"မဟုတ်ဘူး ဆရာဖဒို၊ ငါ့ကို တောကသတိပေးခဲ့တယ်။ ငါမက်ခဲ့တဲ့အိပ်မက်တွေအတိုင်းဆို ငါကသေရမှာမဟုတ်လား ဆရာဖဒိုရာ။ တောရဲ့ဥပဒေသဟာ အမြဲတမ်း တိကျမှန်ကန်တယ်လေ။ ငါ့လုပ်ရပ်တွေအတွက် ဟောသည့်တောကြီးက ငါ့ကို အကြိမ်ကြိမ်သေဖို့ ဒီဘဝမှာထားခဲ့တာ။

ညစဉ်ညတိုင်း အိပ်မက်ဆိုးတွေနဲ့ ငါ အကြိမ်ကြိမ်သေနေခဲ့ရတယ် ဆရာဖဒိုရေ။ ငါ့အတွက် စိတ်ဖြေစရာတစ်ခုက ငါတို့ဆင်သမားတွေကို ငါ့လိုမဖြစ်အောင် ငါက ဒီဘဝကြီးနဲ့လမ်းညွှန်ပြသနိုင်ခဲ့တာပါပဲ ဖဒိုရာ"

အပြင်မှာတော့ မိုးတွေတဖွဲဖွဲရွာစပြုလာပြီ။ဒီသစ်ကွင်းကိုသိမ်းပြီး အခြားသစ်တွက်တစ်ခုသို့ ဦးမောင်တို့သွားရပေဦးမည်။ တော၏ ကြည်နူးဆွတ်ပျံ့ဖွယ်အတွေ့အကြုံသစ်များကို ဦးမောင်တို့ခံစားရပေဦးမည်။ တော၏ချောက်ချားဖွယ်ဖြစ်ရပ်အချို့ကလည်း ဦးမောင်တို့ကို စောင့်ကြိုချင်စောင့်ကြိုနေလိမ့်မည်။

သေချာတာက တော၏ဥပဒေသတွေက ဘယ်တော့မှမပြောင်းလဲ။ တော၏ စည်းကမ်းတွေက အင်အားကြီးသူအတွက်ရော အင်အားနည်းသူအတွက်ပါ သတ်မှတ်ပြီးသား။

တော၏ စီရင်ချက်သည်လည်း . . . ။

သထုံ-ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့။

ညဥ့်ဦးယံတွင် အတာသင်္ကြန် အကြို မိုးသည် လေပြင်းမပါ မိုးသီးများ ကျကာ ခပ်များများရွာသွန်းချခဲ့သည်။ တပေါင်းတန်ခူးမိုးသားကြူး၍ ပူလောင် အိုက်စပ်လှသောတန်ခူးလပင်ဖြစ်သော်လည်း မနက်စောကား ချမ်းအေးလျက် ရှိနေသည်။

ကနဦးမိုးဖြစ်၍ ဗွက်အိုင်မထသေးဘဲ မြေသိပ်ဖုန်အိပ်ပြီး ကားမောင်း၍ ကောင်းရုံသာရှိသည်။ ကျွန်တော့် လိုက်ထရပ်ကားအား ကိုယ်တိုင်မောင်း၍ မနက်စောစော ငါးနာရီတွင် ရှေ့မီးဖွင့်လျက် ရွာမှအစောထွက်လာခဲ့သည်။

ပုဂံ၊ ပုပ္ပားတစ်ညအိပ်ခရီးသွား ဘုရားဖူးခရီးဖြစ်ပြီး ကားပေါ်တွင် ကလေး၊ လူကြီး နှစ်ဆယ်ခန့် ပါလာသည်။ ကန်ပတ်လည်ဆရာတော်၏ ပဋ္ဌာန်းတရားတော်အား ဖွင့်ပေးထားသဖြင့် နောက်တွင် တိတ်ဆိတ်ငြိမ်သက် တရားနာလျက် လိုက်ပါလာကြသည်။

ကျွန်တော်တို့နေထိုင်သော သာဂရ စံပြရွာသည် သာစည်မြို့နယ်တွင် ရှေးမြို့ဟောင်းလည်းဖြစ် အထက်တန်းကျောင်း

ကျွန်တော့်ကားအား လမ်းမပေါ် မောင်းတက်၊ လက်ဝဲဘက်ကွေ့လျက် မိတ္ထီလာမြို့ဆီသို့ ဦးတည်မောင်းလာရာ မကြာမီ သပြေဝတိုးဂိတ်ကိုရောက်လာသည်။ မှန်လုံခန်းအတွင်းရှိငွေကောက်ခံသူ မိန်းကလေးနံဘေးတွင် ချထားသော နာရီသည် ခြောက်နာရီထိုးပြီး၍ ဆယ်မိနစ်ရှိချေပြီ။

ထိုစဥ်ကဆို သပြေဝနှင့် မိတ္ထီလာကြားသည် လူသွားလူလာပြတ်တောက်သဖြင့် တော်စွလျော်စွနှင့် ညခရီးမသွားရဲ။ ရန်ရှာလုယက်မည်၊ သရဲတစ္ဆေခြောက်လှန့်မည်ကို စိုးရိမ်ရသည်။ ယခုမူ လျှပ်စစ်မာတ်အားခွဲရုံ၊ စက်မှုဇုန်နှင့် စီးပွားရေးတက္ကသိုလ်တို့ရှိပြီဖြစ်လေရာ လူးလာဆန်ခတ် မပြတ်စည်ကားလျက်ရှိသည်။ လမ်းတစ်လျှောက်လုံးလည်း စက်သုံးဆီဆိုင်၊ စျေးဆိုင်များသည် မိတ္ထီလာမြို့ဝင်အထိရှိနေသည်။

ကျွန်တော်သည် မြို့ဝင်ဖြစ်၍ ကားကို ခပ်မှန်မှန်မောင်းလာသည်။ စည်ပင်သာယာစျေးကြီးထောင့် နာရီစင် အရောက်တွင် ကျောက်ပန်းတောင်း သွားရာလမ်းဘက်သို့ လိုက်လာသည်။

၍ ဆီဖြည့်၊ လေစစ်၊ ခြေဆန့်လက်ဆန့် အညောင်းညာဖြေကြသည်။ မိတ္ထီလာနှင့် ကျောက်ပန်းတောင်းသည် (၆၁) မိုင် ခရီးဖြစ်၍ ကတ္တရာခင်းလမ်းမကြီးကား ကျယ်ပြန့်ကောင်းမွန်လှသည်။

ကျွန်တော်တို့၏ ခရီးစဥ်ကား ကျောက်ပန်းတောင်းသို့ရောက်သည်နှင့် ပုပ္ပားတောင်ပေါ် အလျင်တက်မည်၊ ပြီးလျှင် သစ်ပင်ရိပ်ကောင်းကောင်း အောက် ကားထိုး၍ အိမ်မှထုပ်ပိုးလာသော ထမင်း၊ဟင်းများနှင့် မနက်စာစားကြမည်။ ပုဂံ - ညောင်ဦးဘက်ခရီးဆက်ပြီး တူးရှင်းတောင်စေတီတော်မြတ်ကြီးအား ဦးစွာဝင်ဖူးကြမည်။

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးခုံးတံတားအောက်ကိုဝင်လာသည်။ ကား၊ ဆိုင်ကယ်ရှင်းစပြု၍ လမ်းမကြီးကလည်းကောင်းသဖြင့် ကားကို အရှိန်မြှင့် လိုက်ရာ ကားနောက်ထဲမှ သောင်းသောင်းညံညံစကားသံများလည်း ငြိမ်ကျသွားသည်။

တမာ၊ မန်ကျည်း၊ ထနောင်း၊ ဆီး

# အာကာသ (သာချည်)

## ပုဂံခရီးသွားတစ်ကွေ့

## ကွမ်းတော်မင်းနှင့်အတွေ့တွင်...



လည်းရှိ၍ ထင်ရှားပါသည်။ မြန်မာနှစ် ၃၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ပုဂံပြည့်ရှင် အနော်ရထာဘုရင်သည် ကင်းမြို့ (၄၃) မြို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ခဲ့သည်။ ကင်းမြို့များတွင် သာဂရသည် သမိုင်းဝင်မြို့အဖြစ် ပါဝင်ခဲ့လေသည်။

ရွာအရှေ့ခပ်ဝေးဝေးတွင် တောင်၊ မြောက် ဝပ်စင်းနေသော ရှမ်းရိုးမတောင်ပြာကြီးကား မည်းမည်းထီးတည်းရှိနေသည်။ ကျောခိုင်း၍ ပြေးနေသော ကျွန်တော့်ကားသည် ရန်ကုန်-မန္တလေး ရထားလမ်းဘူတာရှိသော ဟံဇားရွာကို ကျော်လာသည်။ ဝမ်းသာတောင်ရိုးကို ဖြတ်ပြီးသည်နှင့် ကျောက်စီမြေခင်းလမ်း၏အဆုံးဖြစ်သော မန္တလေး - မိတ္ထီလာ သွား ကတ္တရာခင်းလမ်းသို့ ရောက်လာသည်။

ဖောင်တော်ဦးဘုရားအနီးမှ ကန်ဖြတ်ဘူးတံတားပေါ်ကျော်၍ အထွေထွေအုပ်ချုပ်ရေးရုံး၊ ဆေးရုံဆေးခန်းများကို တွေ့ရသည်။ တက္ကသိုလ်များ၊ ပို့/ဆက်သင်တန်းကျောင်းအစရှိသဖြင့် ကျော်လွန်လာသည်။

မိတ္ထီလာမြို့ ကျောက်ပန်းတောင်းလမ်းအထွက် ဆီဆိုင်တွင် ကားခဏနား



www.burmeseclassic.com

www.burmeseclassic.com

အစရှိသောအပင်တို့သည် လမ်းဘေး ဝဲ၊ ယာတွင် လှစ်ခနဲ လှစ်ခနဲ လက်ပြနှုတ်ဆက်ကျန်ရစ်ခဲ့ကြသည်။ မုန်တိုင်ဆည်အနီး ကုန်းဆင်း၊ကုန်းတက်များလွန်လာပြီးနောက် ထန်းပင်ထန်းတောများကို နေရာတကာတွင် မြင်နေရသည်။ ဟိုးအဝေးတွင်လည်း ပုပ္ပားတောင်မကြီးကို မှိုင်းချည်တစ်ခါကွယ်ကာတစ်လှည့်ရှိနေသည်။

"ဝေါ့. . . ဝေါ့. . . . ဝေါ့"

"ကိုအောင်မြင့်၊ ကားခဏရပ်ဦးဗျ။ နောက်က ကားမူးပြီးအန်တာနဲ့တူတယ်"

ကျွန်တော့်နံဘေးခုံတွင်ရှိ ကိုလှအောင်က အော့အန်သံတဝေါ့ဝေါ့ကြား၍ ကားခဏရပ်ခိုင်းသည်။ ကျွန်တော်သည်း အရှိန်လျှော့ချလိုက်၍ လက်ယာဘက်လမ်းဘေး တဖြည်းဖြည်းချကာ ကားကိုစက်ပါရပ်လိုက်သည်။

တစ်ကြိမ်တစ်ခါမှ ခရီးမသွား၊ ကားကားမစီးဘူးသေးသောဒေါ်အေးသမီး ခင်ခင်နုဖြစ်သည်။ သိပ်ပြီးအဆိုးကြီးတော့မဟုတ်။ ပရုပ်ဆီများနှင့်ဝိုင်းဝန်းနှုတ်သပ်ပေးနေကြသည်။ ခင်ခင်နုကားအမျိုဖြန်းအရွယ်ဖြစ်၍ ရှက်အမ်းအမ်းဖြစ်နေလေသည်။

လက်ပံဖျားရောက်သည်နှင့် ကားခဏနား၍ ကိုယ်လက်သန့်စင်ကြသည်။ အိပ်ချင်ပြေအောင် လက်ဖက်ရည်ခါးခါး၊ ကြာကွေး မုန့်ပါစားရသည်က ဆာလောင်နေ၍လားမသိ လိုက်ဖက်လှသည်။ သစ်တောများထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ကြက်မောက်တောင်ရည်အနီးဝန်းကျင်တွင် စိမ်းရွှင်စိုပြည်နေသည်။ ပွတ်သိပ်ထိုး၍ တစ်ပြုံတစ်မကြီးရှိနေသော သစ်တောသစ်ပင်များအား တစ်မျှော်တစ်ခေါ်မြင်နေရသည်။

"ဝေါ့. . . ဝေါ့. . . . ဝေါ့"

ကားနောက်တွင် အန်သံကြားပြန်၍ ကိုလှအောင် လှည့်ပြန်ကြည့်နေသည်။

"ကိုလှအောင်၊ နေပါစေတော့၊ ကျောက်ပန်းတောင်းလည်းရောက်တော့မယ်၊ နီးရာဆေးခန်းဝင်ပြီးပြကြတာပေါ့"

ကျွန်တော်က ကားကိုမရပ်တော့ဘဲ ကိုလှအောင်ကို ပြောလိုက်သည်။ ကားနှင့် မြို့အဝင်ကိုရောက်လာ၍ ကားရပ်ပြီး အနီးဆုံးဆေးခန်းကိုမေးရသည်။ ကားကို တလိမ့်လိမ့်လှိမ့်လာရာ မြင်လိုက်သော မိဘဂုဏ်ဆေးခန်းဆိုင်းခနဲမြင်လိုက်ရသည်။

ကားရပ်ပြီးဟွန်းတစ်ချက်တီးလိုက်သည်နှင့် ဆေးခန်းပေါက်မှန်ကြည်တံခါးကိုဖွင့်၍ ခပ်ငယ်ငယ်လူရွယ်တစ်ဦးထွက်လာသည်။ ကျွန်တော်လည်း ကိုညွန့်ဝေသား ဒေါက်တာကျော်ဇင်စိုးနှင့်တူသဖြင့် သေချာကြည့်သည်။

"အယ် - ဘယ်သူတွေများတုံးလို့မင်းမင်းတို့ကားပဲ။ ဘုရားဖူးထွက်လာကြတာလား။ ဟော့ - မသူ လာဦးဟ၊ ရွာက အဖွဲ့တွေရောက်နေတယ်"

ဒေါက်တာ ကျော်ဇင်စိုးသည် ကျွန်တော်တို့ကို ဖက်လှဲတကင်းဝမ်းသာအယ်လဲနှင့် နှုတ်ဆက်သည်။ သူ့ဇနီး မသူကိုလည်း အတွင်းဘက်လှည့်၍ လှမ်းအော်သည်။

"ချိန်းထားရင်တောင် တွေ့မှတွေ့ပါ့မလားမသိဘူး ဖိုးကျော်ရာ၊ မင်းဆရာဝန်ဖြစ်နေတယ်ဆိုတာတော့ ကိုညွန့်ဝေပြောလို့သိတယ်။ ဒီကိုရောက်နေတယ်ဆိုတာတော့ မသိဘူးကွ"

"လာ-မင်းမင်း၊ အိမ်ထဲဝင်ထိုင်ရအောင်။ ကားပေါ်က အရီးအေးတို့၊ အေးကျင်တို့၊ ဟိုက ပဝါခြုံပြီးထိုင်နေတာ ဘယ်သူလေးတုံး၊ အားလုံးဆင်းပြုပြီး နားကြပါဦး"

သန့်ရှင်းသပ်ရပ်သော ဧည့်ခန်းတစ်ခုလုံးလည်း ပြည့်ကျပ်ရှုပ်ယှက်ခတ်သွားသည်။ မသူက အိမ်အကူကောင်မလေးကို လက်ဖက်ရည်ဖျော်ခိုင်းနေသဖြင့် လမ်းတွင် သောက်ခဲ့ကြပြီဖြစ်၍ မဖျော်ဖို့ အတင်းတားမြစ်နေရသည်။ ကျော်ဇင်စိုးလည်း စကားကောင်းကောင်းပြောချိန်မရ။ ကားမူးလာသောကလေးမလေးအား ဆေးထိုးဆေးသောက်လုပ်ပေးနေသည်။

ခဏတစ်ဖြုတ်လိုနှင့် တစ်နာရီအေးအေးခန့်ကြာသွားသည်။ဒေါက်တာကျော်ဇင်စိုးနှင့် မသူတို့လင်မယားအားနှုတ်ဆက်ကြပြီး ကားပေါ်တက်ကြသည်။ စကားတပြောပြော လက်တပြပြနှင့် ပုပ္ပားတောင်ပေါ်တက်ရာလမ်းဘက်တရွေ့ရွေ့မောင်းလာခဲ့ပါသည်။

ကျွန်တော်သည် ကိုညွန့်ဝေကို တစ်ရွာတည်းနေ၊ တစ်ကျောင်းတည်းအတူတက်ခဲ့ကြသူများဖြစ်၍ သူ့အကြောင်း ကောင်းကောင်းသိသည်။ ကိုညွန့်ဝေက ကျွန်တော့်ထက် အသက်သုံး၊ လေးနှစ်ခန့်ကြီးသည်။ သို့သော်လည်း အရွယ်ကြီးမှကျောင်းနေသဖြင့် ကျွန်တော့်အောက် တစ်တန်းလောက်နည်းသည်။

ကိုညွန့်ဝေသည် ဘွားအေကြီးနှင့် အတူနေ၍ ဆင်းတောင့်ဆင်းရဲနိုင်လှသည်။ နဂိုက ကိုရင်ဝတ်ပြီး ဘုန်းကြီးစာလိုက်၍ အရွယ်ကြီးမှ သင်္ကန်းချွတ်ကာ တန်းကျောင်းဘက်ပြောင်းလာခဲ့သည်။ ကိုညွန့်ဝေကား စာတတ်ပေတတ်ကြီးဖြစ်ချင်သည်။ ခေတ်ပညာတတ်ကြီးဖြစ်ချင်သော မိတဆိုးဖတဆိုးမြေးလေးညွန့်ဝေကို ဘွားအေကြီးက စွမ်းနိုင်သမျှကျောင်းထားပေးခဲ့ရှာသည်။

ဘွားအေကြီးကလည်း ရှာဖွေစုဆောင်းထားသော ပစ္စည်းအချို့ကိုရောင်းချပေါင်နှံ၍ သူ့မြေးကို ကျောင်းထားသည်။ ထိန်ပင်ကန်လယ်ပွဲလေးကို အစုအဖက်ပေး၍ ခြစ်ခြစ်ကုတ်ကုတ်စားသောက်နေထိုင်ကြသည်။ မြေးအဘွားနှစ်ယောက်တည်း ဝင်ငွေကလည်းမရှိသဖြင့် တဖြည်းဖြည်းနုံချာလာသည်။ အစုပေးစားနေသော လယ်ပွဲသည်ပင်သူများလက်ထဲ မြုပ်မှန်းမသိမြုပ်သွားချေပြီ။

ကိုညွန့်ဝေကား ပညာရေးကိုအလယ်တန်းအောင်အောင်ပင်မနေလိုက်ရ။ ဘွားအေကြီးကလည်း တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့ ယွင်းယိုလာသည်။ ဘွားအေကြီး၏ကျန်းမာရေး၊ စီးပွားရေးအခြေအနေကြောင့် တစ်ပိုင်းတစ်ပျက်နှင့် ကျောင်းထွက်သွားရသည်။

ကိုညွန့်ဝေသည် အိုမင်းမစွမ်းနွမ်းရော်ကုန်ခန်းပြီဖြစ်သော ဘွားအေကြီးကိုလုပ်ကျွေးသည်။ ကြုံရာကျပန်းအလုပ်ကိုလုပ်၍ မညည်းမညူ ကျိုးကျိုးနွံနွံရှိသည်။ မိန်းကလေးတစ်ယောက်ကဲ့သို့ ထမင်း၊ ဟင်းမှစ၍ ခြေဆုပ်လက်နယ်ကြောင့်ကြဖွယ်မရှိအောင်ပြုစုလေသည်။

ကိုညွန့်ဝေကား ကိုရင်ကြီးဝတ်၍ အတန်ကြာနေခဲ့ဖူးသဖြင့် ကုသိုလ်အရာကို ကောင်းစွာလုပ်တတ်သည်။ သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်သည်တိုင်အောင် အကျိုးပေးနိုင်သော အနုဂါမိကရွှေအိုးကြီးခုနစ်လုံးကိုမြှုပ်နှံသည်။ စေတီတော်၊ သံဃာတော်၊ ပုဂ္ဂိုလ်အပေါ်၊ ဧည့်သည်အပေါ်၊ မိခင်အပေါ်၊ ဖခင်အပေါ်နှင့်အသက်အရွယ်ကြီးသူအပေါ်ဟူ၍ ဖြစ်သည်။

ဘွားအေကြီးအပေါ်၌ လောကုတ္တရာနည်းကျ အမြတ်ဆုံးကုသိုလ်ရသောဘုရားရှင်ဟောကြား တရားတော်လာအတိုင်း ကျွေးမွေးဆပ်သည်။ သဒ္ဓါတရားတိုးပွားများပြားလာအောင် ဆောင်ရွက်ပေးသည်။ သီလဆောက်တည်စောင့်ထိန်းတတ်၊ ပေးကမ်းစွန့်ကြဲတတ်၊ သမထဝိပဿနာတရား အားထုတ်လာတတ်သည်အထိ ဆောင်ကြဉ်းပေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြေးအဘွားနှစ်ယောက်တည်း ကျပ်ကျပ်တည်းတည်းနှင့် နေထိုင်စားသောက်လာကြရာမှ ဖြည်းဖြည်းချင်း ပိုလျှံချောင်ချိလာသည်။ နွားလားပေါက်လေး တစ်ကောင်စ၊ နှစ်ကောင်စကို ကြေးတိုးနွားအဖြစ် မွေးထားနိုင်ခဲ့သည်။ ကိုညွန့်ဝေခပ်ငယ်ငယ်က မြုပ်နေသော ထိန်ပင်ကန်လယ်ပွဲလည်း လက်ထဲပြန်ရောက်ခဲ့လေပြီ။ ဘွားအေကြီးကား ဇရာ၏သဘော မလွန်ဆန်နိုင်သောကြောင့် မြေးကိုထားကာ သေမင်းခေါ်ရာနောက် ပါသွားရှာလေသည်။

ကိုညွန့်ဝေသည် တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့်ယောင်နနဖြစ်နေသည်။ အပေါင်းအသင်းရောင်းရင်းများက အိမ်ထောင်ထူဖို့တိုက်တွန်းကြသည်။ သူနှင့် လိုက်ဖက်မည်ထင်သော အရှေ့ပိုင်းမှ သန်းမြနှင့် ခရော်ခရွတ်လုပ်၍ နောက်ပြောင်ကျီစယ်ကြသည်။ နောက်ဆုံး မိဘများအထိ သွားရောက်ပြောဆိုကြောင်းလမ်း၍ ပေါင်းခန်းထုပ်ပေးလိုက်ကြသည်။

ကိုညွန့်ဝေနှင့် မသန်းမြတို့ကား နေနှင့်လ၊ ရွှေနှင့်မြဟုဆိုရမည်လားမသိ လိုက်ဖက်တင့်တယ်ကြသည်။ ကာလချိန်ခါကြာမြင့်လာသည်နှင့်အမျှ သားဦး ရတနာတစ်ပါး ထွန်းကားလာသည်။ သူ့နာမည်ကား ကျော်ဇင်စိုးဟူ၍ဖြစ်သည်။

ကိုညွန့်ဝေတို့မိသားစုသည် လယ်ယာမြေများကို ကိုယ်ပိုင်လှည်း၊ နွား၊ သူရင်းငှားခေါ်၍လုပ်ကိုင်ပြီး ချောင်လည်ကြသည်။ ကိုညွန့်ဝေကား နဂိုကတည်းက ပညာကို မွတ်သိပ်လာသူဖြစ်ရာ သူ့သားကျော်ဇင်စိုးအား ကြပ်ကြပ်မတ်မတ် ကျောင်းထားသည်။

ကျော်ဇင်စိုးကလည်း ဖခင်ဖြစ်ချင်သလို ဗိုင်းကောင်းကျောက်ဖိရှိသည်။ ပညာတော်၍ ထူးချွန်ထက်မြက်သွက်လက်သည်။ သာဂရရွာတွင် အလယ်တန်းသာရှိ၍ အထက်တန်းကျောင်းမဖွင့်သေး။ ကိုယ်ထူကိုယ်ထတွဲဖက်အထက်တန်းကို ဆရာငှား၍သင်ရသည်။ ကျော်ဇင်စိုးလည်း ရွာတွင်ရှိသောကျောင်းတွင်သာ အထက်တန်းပညာ သင်ယူခဲ့ရရှာသည်။

ကိုညွန့်ဝေ မျှော်မှန်းသလို ကျော်ဇင်စိုးက အမှတ်ကောင်းကောင်းနှင့် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သည်။ ဆေးတက္ကသိုလ်တက်ခွင့်ရသဖြင့် မန္တလေးဆေးတက္ကသိုလ်ကို ကုတ်ကုတ်ကျစ်ကျစ်တက်သည်။ ဘုန်းကြီးကျောင်းတွင် ဖြစ်ကတတ်ဆန်း ကပ်ရပ်နေထိုင်စားသောက်၍ ခြိုးခြံပြီးကျောင်းတက်ခဲ့လေသည်။

ကျော်ဇင်စိုး တက္ကသိုလ်တက်ဆဲကာလများတွင် သား၏ပညာရေးလုံးပန်းပေးနေရ၍ ကိုညွန့်ဝေတို့မိသားစု ကသီကရီရှိခဲ့သည်။ ယခုမူ ကျော်ဇင်စိုးလည်း ကျောင်းပြီးသဖြင့် ဆရာဝန်ဖြစ်ခဲ့ပြီ။ ပညာလည်းစုံ ကြင်ရာတော်ချင်သူများက စပ်ဟပ်လာကြသည်။ တစ်ပုံတစ်ပင်ထဲမှ တစ်လျှောက်လုံး အနိုအတာခံပြီး နေလာသူ မသူနှင့်လက်ထပ်ခဲ့ကြသည်။

ကျွန်တော့်ကားသည် ပုပ္ပားတောင်ပေါ် ကွေ့ဝိုက်ပြီးတက်လာ၍ တောင်ကလပ်ခြေရင်းရောက်လာသည်။ ပုပ္ပားမြေကား မြန်မာပြည်အလယ်ပိုင်းတွင် ရေဝေရေလည်ကြောကျယ်ပြောလှသည်။ တောင်ထိပ်မှ လွှမ်းခြုံကြည့်လျှင် တစ်ပြင်တည်းသောသစ်တောကြီးကို မျက်စိတစ်ဆုံးမြင်နေရသည်။

ကျွန်တော်တို့သည် လမ်းတွင် အနည်းငယ်ဖင့်နွှေးခဲ့သဖြင့် မနက်စာကို လမ်းကျမှမစားတော့ဘဲ တောင်ပေါ်တွင်ပင်စားလိုက်ကြသည်။ မျောက်တစ်အုပ်ကလည်း အစာဝင်လု၊ အထုပ်များဆွဲနှင့် ထမင်းဖြောင့်ဖြောင့်ပင်စားရသည်မရှိ။ တငေါက်တည်းငေါက်တခြောက်တည်း ခြောက်နေရသည်။

ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ နေ့ဆွမ်းဘုဉ်းပေးရန် ခေါင်းလောင်း၊ ကြေးစည်သံကြားသည်။ကျွန်တော်သည် ကားကို တဖြည်းဖြည်းမောင်းဆင်းလာသည်။ လမ်းဆုံအရောက်တွင် ကျောက်ပန်းတောင်းဆီပြန်မသွားတော့ဘဲ ပုဂံ၊ ညောင်ဦးသွားရာ ဖြတ်လမ်းဖြစ်သော ပန်းဆက်လမ်းအတိုင်းလိုက်ခဲ့လေသည်။

"ကိုလှအောင်၊ ပုဂံရာဇဝင်ထဲက ကြောင်းဖြူကွမ်းဆော်မင်းအကြောင်းဖတ်ဖူးလား"

လမ်းပန်းကလည်းကောင်း၊ ယာဉ်သွားယာဉ်လာရှင်းသဖြင့် စောစောကအတွေးပြန်ဝင်လာ၍ ကွမ်းဆော်မင်းကို သတိရလိုက်သည်။ ကွမ်းဆော်ကား မိခင်ကြီးကို မပြတ်လုပ်ကျွေးရင်း နတ်၊ သိကြားတို့ မ,စ၍ မင်းဖြစ်ခဲ့ဖူးသည်ကို အမှတ်ရသဖြင့် မေးလိုက်သည်။

"ဘယ်မှတ်မိတော့မတုံး။ ကျောင်းစာသင်တန်းကတော့ ဖတ်ခဲ့ဖူးပါတယ်။ ဘာဖြစ်လို့တုံး ကိုအောင်မြင့်၊ ပုဂံဘက်နီးလာလို့ ကွမ်းဆော်မင်းကို သတိရနေတာလား"

"ဟုတ်တယ်ဗျ။ ကိုညွန့်ဝေတို့များ ဘွားအေကြီးကိုလုပ်ကျွေးခဲ့ဖူးတဲ့ကျေးဇူးတယ်ထူးကိုးဗျ။ သူငယ်ငယ်က ခေတ်ပညာတတ်ကြီးဖြစ်ချင်တာ၊ သူ့သားကျတော့ ဆရာဝန်ဖြစ်ခဲ့တယ်လေ။ အခု စည်းစိမ်ဥစ္စာလည်း မတောင့်မတ မကြောင့်ကြဘဲနေနိုင်ပြီမဟုတ်လား"

"ဟုတ်တယ် ကိုအောင်မြင့်၊ အတော်လေး အဆင်ပြေသွားကြပြီ။ သူ့ချွေးမလေးကလည်း သူ့မိဘ၊ကိုယ့်မိဘ မခွဲခြားဘဲ သိတတ်လိုက်တာဗျာ"

"ဒါဘွားအေကြီးကိုမည်းမည်း လုပ်ကျွေးခဲ့တဲ့ကျေးဇူးက ချက်ချင်းအကျိုးပေးတာဗျ။ ကိုလှအောင်ကလည်း ကွမ်းဆော်ကိုပဲကြည့်ပါလား"

"ကိုအောင်မြင့်၊ ခင်ဗျားက စာ... မေစရေးပြီး စာဖတ်ဝါသနာပါတာဆိုတော့ ကွမ်းဆော်အကြောင်းကို သိမှာပါ။ မှတ်မိသေးရင်လည်း ပြောပြစမ်း... ဦး"

ပုဂံ - ညောင်ဦးသွားကားလမ်းသည် လမ်းပန်းကောင်းသလော... ယာဉ်သွားယာဉ်လာများရှင်းလင်းသည်။ ကျွန်တော့်ကားသည် သံချောင်းကျ... ကြီးကိုဖြတ်၊ ကုန်းဆင်းကုန်းတက်များ... ဝှေ့ပတ်၍ ဖြည်းဖြည်းနှင့်မှန်မှန်ပြေး... သည်။

"ကွမ်းဆော်က တန်နက်မင်းနဲ့သားဗျ။ တန်နက်မင်းကို စလေငခွေး... လုပ်ကြံပြီး နန်းတက်တော့ တန်နက်မင်းရဲ့မိဖုရားတစ်ပါးက စလေငခွေးမိဖုရား... တော့ အဖြစ်မခံဘူးဆိုပြီး တန်နက်မင်းနဲ့ရတဲ့ပဋိသန္ဓေကိုလွယ်ပြီး နန်းတော်က တိတ်တဆိတ်ဆင်းပြေးသွားတယ်ဗျ"

"တကယ့်မိဖုရားပဲ၊ ကိုယ့်အမျိုး... စောင့်ရှောက်တဲ့နေရာမှာတော့ စံထား... လောက်ပါတယ်"

ကိုလှအောင်က ကျွန်တော့်ဘက် စွေခနဲလှည့်၍ပြောသည်။

"အဲဒီမိဖုရားဟာ ကြောင်းဖြူ... အရပ်မှာသွားပြီး မထင်မရှားနဲ့နေတ... ဆင်းတောင့်ဆင်းရဲနေပြီး ကလေးကို မီး... ဖွားခဲ့တယ်။ ကလေးသူငယ်ကို ကြောင်း... ဖြူအရပ်မှာဖွားတာဖြစ်လို့ ကြောင်း... လို့ခေါ်တယ်။သူငယ်ဘဝ ဆော့ကစား... ကြတော့ သူငယ်ဖော်တွေက ကြောင်း... ဖြူကို အဖေမရှိဘဲမွေးတဲ့ကောင်လို့ ... ဆိုကဲ့ရဲ့ကြတယ်လေ။

ကြောင်းဖြူလည်း သူ့မယ်တော်... ကိုပြန်ပြီး ပြောဆိုတိုင်တန်းတာ... မယ်တော်က သားအဖေဟာ အနိုသာ... ထဲကမဟုတ်ဘူး။ ဒီတိုင်းပြည်ကို... ရတဲ့မင်းဖြစ်တယ်။ စလေငခွေး... အဖေကိုသတ်ပြီး နန်းစည်းစိမ်ကို...



www.burmeseclassic.com

www.burmeseclassic.com

တယ်။မယ်တော်လည်း သူမယားပြုကျင့်မှာကိုမခံနိုင်လို့ အမောင့်ပဋိသန္ဓေကိုလွယ်ပြီး ရှောင်ရှားပုန်းအောင်းမွေးခဲ့ရတယ်လို့ပြောပြတာပေါ့လေ။

ကြောင်းဖြူလည်း မယ်တော့်စကားကိုကြားတော့ ခမည်းတော်ရဲ့အရိုက်အရာကို ပြန်ရရပါစေသား' လို့ အဓိဋ္ဌာန်ပြုပြီး မင်းမှုထမ်းဝင်လုပ်ခဲ့တယ်။ ကြောင်းဖြူက ကွမ်းဆော်လို့ခေါ်တဲ့ အခွန်အကောက်ကောက်ခံရတဲ့အလုပ်နဲ့ခစားတယ်။ အဲလိုနဲ့ ကွမ်းဆော်ဆိုတဲ့ အမည်တွင်ခဲ့တာပေါ့။

ကွမ်းဆော်က သူ့မယ်တော်ကိုရိုသေပျပ်ဝပ်စွာနဲ့လုပ်ကျွေးတယ်။ မယ်တော်ကလည်း သားတော်သွားလေရာကိုစားမြိန်စာသေချာထုပ်ပေးလေ့ရှိတယ်။ မယ်တော်ထုပ်ပေးလိုက်တဲ့ စားမြိန်စာကိုအရမ်းကာရောမစားဘူး။ စောင်ချမ်းဝင်ကြီးအောက်ရောက်တိုင်း စားဦးကိုတင်ပြီးမှ စားလေ့စားထရှိတယ်။

စောင်ချမ်းပင်စောင့်နတ်လည်း ဒီလုလင်ဟာ စားမြိန်စာစားတိုင်း ငါ့ကိုစားဦးပေးပြီး အမှတ်ရလေ့ရှိတယ်။ အဘယ်ဖြစ်နိုင်ပါလိမ့်လို့ ဆင်ခြင်ကြည့်တော့ မင်းဖြစ်မှာကိုမြင်သတဲ့။ ဒါနဲ့ သင်ဟာ ငါ့ကိုစားဦးနေ့တိုင်းပေးပေတယ်။ ဘုန်းကံကြီးချင်ရင် သရဏဂုံ ငါးပါးသီလကိုဆောက်တည်၊ မှန်သောသစ္စာစကားကိုပြော၊ အနုဿတိဆယ်ပါးကို တစ်နေ့နှစ်ထောင်ရအောင် စီးဖြန်းပါ' လို့ ကိုယ်ထင်ပြပြီးပြောသတဲ့ဗျ”

“သူတော်ကောင်း နတ်ကောင်းစောင်မ ဆိုတာ ဒါမျိုးပြောတာနေမှာပေါ့ဗျာ”

တစ်ချိန်လုံး ငြိမ်၍နားထောင်နေသောကိုလှအောင်အသံထွက်လာသည်။

“ကွမ်းဆော်လည်း စောင်ချမ်းပင်စောင့်နတ်ဆိုတဲ့အတိုင်း အမြဲမပြတ်သီလဆောက်တည်တာပေါ့။ သိကြားတွေ သာသနာစောင့်နတ်တွေကလည်းမနေသာဘဲ မ,စလာကြတော့တယ်။

ပုဂံမှာ မင်းလောင်းပေါ်မယ်လို့ကျော်စောနေတဲ့အချိန်ပေါ့ဗျာ။ မင်းလောင်းကိုပူဇော်ဖို့ကြည့်ဖို့ဆိုပြီး အုတ်အုတ်ကျက်ကျက်နဲ့ တူးရွှင်းတောင်ကိုသွားကြတယ်ဆိုဘဲဗျ။ ကွမ်းဆော်လည်းသူများတွေလို မင်းလောင်းကိုကြည့်ချင်မြင်ချင်တာနဲ့ သူ့မယ်တော်ကို စားမြိန်စာစောစောထုပ်ပေးဖို့ပြောတယ်။ စားမြိန်စာထုပ်ကိုထမ်းပြီး အိမ်ကနေ ရေးကြီးသုတ်ပျာထွက်လာတာပေါ့ဗျာ။

လမ်းခုလတ်ရောက်တော့ သိကြားမင်းက သူအိုယောင်ဆောင်ပြီး မြင်းစီးလျက်ကနေ ကွမ်းဆော်ကို ဆီးတွေ့တယ်။ သိကြားမင်းက 'လုလင်၊ ငါစီးတဲ့မြင်းကိုယူပြီး ပုဂံပြည်ကိုသွားနှင့်ပါ။ ငါကား ဒီမှာလုပ်စရာရှိနေသေးတယ်'လို့ ပြောသတဲ့။ ကွမ်းဆော်က မင်းလောင်းကြည့်မီအောင်သွားမှာဖြစ်လို့ အဘိုးမြင်းကိုမယူပါရစေနဲ့'လို့ ပြန်ပြောသတဲ့ဗျ။

သူအိုဆောင်တဲ့ သိကြားမင်းကလည်း 'လုလင်၊ ခြေကျင်သွားတာထက်မြင်းနဲ့သွားတာက ပိုပြီးမမြန်သလော။ ရော့ - ဒီမြင်းကိုလည်းစီး၊ ဒီပတ္တမြားဦးသျှောင်ကျင်၊ ဒီပတ္တမြားလက်စွပ်ကိုလည်းဝတ်ဆင်၊ ဒီလှံ၊ ဒီဓားကိုလည်းစွဲကိုင်ပါ။ ဒီမြင်းကိုစီးပြီး မင်းရင်ပြင်ကိုအရောက်သွားပါတော့'လို့ ပြောသတဲ့။

ကွမ်းဆော်လည်း သိကြားမင်းပေးတဲ့ ဦးသျှောင်ကျင်ကိုတပ်၊ ပတ္တမြားလက်စွပ်ကိုဝတ်၊ သီလဝံသဓား၊ အရိန္ဒမာလှံကို စွဲကိုင်ပြီးတော့ မင်းလောင်းကြည့်မီအောင် မြင်းကို ခပ်ပြင်းပြင်းမောင်းလာခဲ့တယ်ဗျ”

“တော်သေးတာပေါ့ဗျာ၊ သိကြားမင်းမ,စတာကိုမယူဘဲများသွားသလားလို့”

ကိုလှအောင်က မချင့်မရဲဖြစ်လျက် မှတ်ချက်ပေးသည်။

“အမှူး၊ အမတ်၊ ကလန်၊ သံပျင်အစရှိသူတွေလည်း ကွမ်းဆော်မြင်းစီးလာတာမြင်တော့ သိကြားမင်းပေးတဲ့တန်ဆာတွေဖြစ်လို့ အရောင်အဝါတောက်ပနေတာနဲ့ ဦးတိုက်ကြသတဲ့ဗျ။ ကွမ်းဆော်လည်း 'မင်းလောင်းဆိုတာ ငါ့ကိုပဲဖြစ်ချေမယ်။ စောင်ချမ်းပင်စောင့်နတ်ကလည်းဆိုခဲ့ဖူးတယ်' လို့ နှလုံးသွင်းပြီး နန်းတွင်းတိုင်အောင် မြင်းစီးပြီးဝင်တော့တာပေါ့။

စောရဟန်းမင်းက 'ငါရှိနေပါလျက်နဲ့ အဘယ်သူအာခံဝံ့လေသနည်း' လို့ နန်းဦးကရပ်ပြီး ကြိမ်းဝါးတယ်လေ။ ဒါနဲ့ တံခါးမှာထားတဲ့ ကျောက်သူရုပ်က စောရဟန်းမင်းကိုတွန်းချကာ နန်းဦးကဇောက်ထိုးကျပြီး စောရဟန်းမင်း အနိစ္စရောက်သွားခဲ့တယ်လေဗျာ”

ပုဂံ - ညောင်ဦးဘက်နီးကပ်လာသဖြင့် လူးလာဆန်ခတ်သွားလာလျက်ရှိသော ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်များ ထူထပ်လာသည်။ ကိုလှအောင်ဘက်စောင်းငဲ့ကြည့်ရာ ကျွန်တော်ပြောသောစကား စိတ်ဝင်တစားနားထောင်နေပုံရသည်။

“ကောင်းစားချိန်တန်တော့ နတ်သိကြားတွေလည်း ဘယ်နေနိုင်တော့မတုန်းဗျာ၊ ဝိုင်းဝန်းပြီးမ,စရပြီပေါ့။ ကိုညွန့်ဝေကိုကြည့်ဗျာ၊ ဘာမှဟုတ်တိပတ်တိ အလုပ်လုပ်တာမဟုတ်ဘူး။ ဖြစ်ချိန်တန်တော့ အနုံညာတဘဝကနေခုဆို လူတန်းစေ့နေနိုင်လာပြီမဟုတ်လား။ ဒါ အကြောင်းမဲ့ဖြစ်လာတာတော့မဟုတ်ဘူးဗျ။ ဘွားအေကြီးကိုလုပ်ကျွေးပြုစုခဲ့တဲ့ကျေးဇူးတွေပဲဖြစ်မယ်”

“ဟုတ်တယ်လေ ကိုအောင်မြင့်၊ ခင်ဗျား ခုပြောနေတဲ့ကွမ်းဆော်လည်း မိခင်ကြီးကို လုပ်ကျွေးတဲ့ကျေးဇူးက မင်းဖြစ်အောင်ကို နတ်၊ သိကြားတွေမ,စရတာပဲမဟုတ်လား။ ဘုရားရှင်ဟောထားတာတောင်ရှိသေးဗျာ။ ဘာတဲ့၊ 'အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိ တမ္ပိ ဝိနဿတိ' တဲ့။ ပြုဖူးသော ကုသိုလ်ကံကြီးသူတွေဟာ မကြံငြားသော်လည်း ဖြစ်တတ်တယ်တဲ့ဗျ။ ကုသိုလ်ကံမရှိသူတွေကျတော့ ကြိုးစား အားထုတ် ကြံစည်ငြားသော်လည်း ပျက်တတ်တယ်တဲ့ဗျ”

“ဟာ-ကိုလှအောင်က အလာကြီးပဲဗျ။ ကျွန်တော် ခင်ဗျားကို ဒီလောက်တတ်မှန်းမသိပါဘူးဗျာ”

“ကိုအောင်မြင့်ကလည်း၊ လုပ်တော့မယ်။ ဒါဘုန်းကြီးဦးသီဟက ခေါင်းခေါက်ခဲ့ဖူးတဲ့ကျေးဇူးတွေပေါ့ဗျာ ဟားဟား ဟား”

ကိုလှအောင်က ပြောလည်းပြော၊ တဟားဟားရယ်နေလေသည်။

စကားတပြောပြောနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝင်လာချေပြီ။ ဟိုရှေ့လက်ဝဲဘက်တွင် တူးရွှင်းတောင် စွယ်တော်မြတ်စေတီတော်သို့ သွားရာ အဝင်မုခ်ဦးကြီးအား မြင်နေရသည်။ ကျွန်တော်သည် ကားကိုတဖြည်းဖြည်းအရှိန်လျှော့သည်။ ဘေးပန်းဝဲ၊ယာကိုကြည့်၍ ကွေ့ဝိုက်ပြီး မုခ်ဦးကြီးအောက်မှ ဝင်လာခဲ့သည်။

တကယ်ဆို ကွမ်းဆော်သည် ကိုယ့်ကိုယ်ကိုယ်မင်းလောင်းဖြစ်၍ဖြစ်နေမှန်းမသိခဲ့။ သည်တူးရွှင်းတောင်သို့ မင်းလောင်းကြည့်ရန်အလာ နတ်ဒေဝါ သိကြားတို့က မ,စသဖြင့် မင်းဖြစ်ခဲ့လေသည်။ မိဘကျေးဇူး အထူးသိတတ်သားသမီးမြတ်တို့ကား ဤသို့ပဲရှိကြသည် မဟုတ်ပါလား။

အာကာသ (သာစည်)

**ကိုးကား -**

မှန်နန်းမဟာရာဇဝင်တော်ကြီး တွဲပေါင်းချုပ် (နှာ- ၁၃၀၊ ၁၃၁)။



www.burmeseclassic.com

www.burmeseclassic.com

မစန်းတို့ဘဝက ဆင်းရဲသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့်ဘဝ။ မစန်းတို့လင်မယားနှစ်ယောက်စလုံးမှာ နေ့စဉ် ကြိုးစားပမ်းစားလုပ်ပါမှ မိသားစု ဝမ်းရေး ဖူလုံရုံသာ။ မစန်းက မြို့မဈေး ထဲမှာ ဟင်းရွက်စိမ်းရောင်းသည်။ မစန်း ၏ခင်ပွန်းက မြို့မဈေးဂိတ်မှာ ဆိုက်ကား နင်းသည်။ လင်မယားနှစ်ယောက်၏ စားဝတ်နေရေးပင် အနိုင်နိုင်မို့ ကလေး ယူဖို့ စိတ်မကူးရဲ။ အသက်အရွယ်ငယ် ကြသေးသည်မို့ စီးပွားရေးပြေလည်လာ လျှင် သားသမီးယူဖို့အချိန်ရှိနိုင်ပါရဲ့ဟု တွေးတောဖြေသိမ့်ကြရသည်။

ယခုတစ်လော မစန်း ဈေးရောင်း မကောင်း။ ဈေးထဲမှာလည်း ဟိုက ဟင်းရွက်သည်၊ သည်က ဟင်းရွက်သည် ဆိုတော့ ဈေးဝယ်သူများ ဆိုင်အားလုံး မျှဝယ်နေသည်လား ထင်ရသည်။ များများစားစား သိပ်မရောင်းရ။ ကိုယ့် ဆိုင်နားကပ်လာသူကို အာပေါက်မတတ် တရစပ်အပြောချိုချိုပြောရောင်းမှ တော် ကာကျ၏။ သည်ကြားထဲ ပိုက်ဆံအိတ် ကြီးကြီး ချိုင်းကြားညှပ်ပြီး ဟင်းရွက်ဈေး ကျတော့ မတရားဆစ်တတ်သူ၊ ဟင်းရွက် များကို အထက်အောက်လန်အောင် ဟိုရွေးသည်ချနှင့် ဇီဇာကြောင်ကြေးများ သူများကိုလည်းကြုံရ၏။ သို့သော်လည်း သည်အလုပ်ကို စိတ်ပျက်နေ၍မရ။ အရင်းအနှီး လုံလုံလောက်လောက်မရှိ သည့်ဘဝမှာ ဟင်းရွက်စိမ်းရောင်းခြင်း သည်သာ မစန်းတို့အတွက် အသင့်တော် ဆုံး စီးပွားရေးလုပ်ငန်းဖြစ်နေချေသည်။

မစန်း၏ယောကျ်ား ကိုထွန်းခင် မှာလည်း တစ်နေ့တစ်နေ့ ဆိုက်ကား သာ ပုံမှန်ထွက်နေရသည်။ တစ်နေ့ တခြား ဆိုက်ကားစီးသူရှားလာသလား မပြောတတ်။ နယ်မြို့တွေမှာက ဆိုင်ကယ် ကိုယ်စီနှင့် စီးကြတင်ကြသွားလာနေကြ သည်မို့ ယခင်ကလို ဆိုက်ကားသိပ်မစီး ကြခြင်းလည်း ဖြစ်နိုင်သည်။ တစ်ခါ တစ်ခါ ကိုထွန်းခင်သည် ဆိုက်ကားဂိတ် မှာ လူစောင့်ရင်း မှေးခနဲပင် ငုတ်တုတ် အိပ်ပျော်သွားတတ်၏။ မည်သို့ပင်ဖြစ် စေ ဆိုက်ကားနင်း၍ အဆင်ပြေသည် မပြေသည်အပထား။ကိုယ်ပိုင်ဆိုက်ကား မဟုတ်သဖြင့် ညနေ ဆိုက်ကားပြန်အပ် သည်နှင့် အုံနာခတန်းပေးရသည်။ ကိုယ့် အတွက် ကျန်သည်၊ မကျန်သည်ထက် အုံနာခပေးရန်ပျက်ကွက်ခဲ့လျှင် နောက် တစ်နေ့မှာ ဆိုက်ကားထုတ်ယူရန် သိပ်မလွယ်။ ထို့အပြင် အုံနာကလည်း စီးပွားရေးတွက်တွက်သူမို့ မိမိက အုံနာခ ပေးရန် တစ်ရက်ပျက်ကွက်ခဲ့လျှင် နောက် နေ့တွင် ဆိုက်ကားကို နောက်လူတစ် ယောက်လက်ထဲပြောင်းပေးပြီးဖြစ်နေ၏။ သည်တော့ တွက်ခြေမကိုက်သည့်နေ့ များတွင် ကြုံသလို အခြားအလုပ်တစ်ခု ဝင်လုပ်ပြီး အုံနာခကို ဖြေရှင်းရသည်။ ယုတ်စွအဆုံး ကုန်တင်ကုန်ချအလုပ်ကို ပြေးလုပ်ရသည်။ အလေ့အကျင့်သိပ် မရှိဘဲ ကုန်ထမ်းရသည့်နေ့တွင် အလွန် ပင်ပန်းလှသဖြင့် အပန်းပြေ ယမကာ လေးမှိဲလိုက်ရမှ ညပိုင်းကောင်းကောင်း အိပ်ပျော်သည်။ မဟုတ်လျှင် ညအိပ် လျှင် ကိုက်ခဲနာကျင်သည့်ဝေဒနာက အခံရခက်သည်။ သည်လိုနှင့်ပဲ နေ့များ စွာကို ဖြတ်ကျော်ခဲ့ရပေါင်း မနည်းတော့ ပြီ။


ပြောရလျှင် သူတို့ဘဝက ဦးပုည ၏ ရေသည်ပြဇာတ်ထဲက ရေသည် လင်မယားလို အမွဲတကာ့ထိပ်ခေါင် ဖွတ်မင်းနောင်ဘဝမျိုးနှင့် ဘာမှမခြား။ ဟိုရေသည်လင်မယားကတော့ နောက် ဆုံး အိမ်ရှေ့မင်းနှင့် အိမ်ရှေ့မိဖုရားဖြစ် သွားသည်။ သူတို့မှာသာ . . .

❑

လူ့ဘဝတွင် လောကဓံတရား၏ အလှည့်အပြောင်းနှင့် ကြုံရသည်မှာ ဓမ္မတာဖြစ်သည်။ အဆိုးပြီးလျှင် အကောင်းလာတတ်သည်ဟုပြောရမည်။ ကံကောင်းထောက်မ၍ မစန်းတို့လင် မယား အသက်ရှုပေါက်ချောင်ခွင့်ကြုံဖို့ ဖန်လာခဲ့သည်။ အသိမိတ်ဆွေတစ်ဦး၏ ဆက်သွယ်ပေးမှုဖြင့် ရန်ကုန်ရှိ အဘွား အိုတစ်ဦး၏နေအိမ်တွင် မစန်း အိမ်ကူ အလုပ်ရသည်။ အိမ်ကူအလုပ်ဆိုသော်

# ညွန့်ဝင်း (နတ်တလင်း)

# လှည်ဖြားဥစ္စာ





www.burmeseclassic.com

www.burmeseclassic.com

လည်း အိမ်ရှင်အဘွားက လူတန်းစား မခွဲခြား။ လခအပြင် အဝတ်အစားပါ ကောင်းကောင်းဆင်သည်။ ကောင်းမွန်စွာ ကျွေးသည်။ သားသမီးကဲ့သို့ ချစ်ခင်စွာဆက်ဆံသည်။မစန်းကလည်း အိမ်ရှင်အဘွားအပေါ် ရိုရိုသေသေ ကျိုးကျိုးနွံနွံ လုပ်ကိုင်ပေးသည်။ အဝတ်လျှော်၊ထမင်းချက်၊ အိမ်သန့်ရှင်းရေးအလုပ်များသာမက အဘွားကိုလည်း ခြေဆုပ်လက်နယ်ပြုစုပေးသည်။



အချိန်ကြာလာသည်နှင့် အိမ်ရှင်အဘွားက မစန်းကိုနှစ်သက်သဘောကျကာ အိမ်မှာ အမြဲနေဖို့ပြောလာသည်။ မစန်းက နယ်မှသူ့ခင်ပွန်းအတွက် ပူပန်ရကြောင်းကိုပြောပြတော့ အဘွားက လင်မယားနှစ်ယောက်စလုံး နေထိုင်ဖို့ စီစဉ်ပေးလေသည်။ မစန်း၏ယောကျ်ားအလုပ်လည်းရအောင်၊ အဘွားလည်း သွားရေးလာရေး အဆင်ပြေအောင် ကားတစ်စီးဝယ်၍ မောင်းခိုင်းသည်။ မစန်းယောကျ်ားလည်း ရန်ကုန်ရောက်မှ ကားမောင်းသင်တန်းတက်ကာ အဘွားဝယ်ပေးသည့်ကားတွင် ဒရိုက်ဘာလက်သစ်ဖြစ်သွားလေပြီ။

တကယ်တော့ အိမ်ရှင်အဘွားတွင် သားသမီးလုံးဝမရှိခြင်းမဟုတ်။ သူ့အလုပ်နှင့်သူ နိုင်ငံခြားသို့ အသီးသီးရောက်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် အဘွားအိုအတွက် သားထောက်သမီးခံမရှိသည့်ဘဝမျိုးကြုံနေရချိန်၌ မစန်းတို့လင်မယားနှင့် ရေစက်ဆုံကာ တဖြည်းဖြည်း တွယ်တာသံယောဇဉ်ဖြစ်ခဲ့ကြရသည်။

မစန်းသည် အဘွားအတွက် အိမ်မှုကိစ္စအားလုံး အားကိုးရသလို အဘွား၏ အရောင်းအဝယ်ကိစ္စများပါ ကူညီပေးနိုင်လာ၏။ နောက်ပိုင်းတွင် အစစအရာရာ ယုံကြည်စိတ်ချလာရသော မစန်းကို အဘွားက သားသမီးအရင်းကဲ့သို့သဘောထားသည်။ ရွှေ ငွေပစ္စည်းဥစ္စာများထည့်သိုသိမ်းဆည်းသည့်နေရာများကိုပါပြသ၍ ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံသည်။ အဘွားကအသက်ကြီးလာတော့ မေ့တတ်လျော့တတ်သည်မဟုတ်လား။ မစန်းကလည်း ရွှေ၊ ငွေအဝင်အထွက် အသိမ်းအထုပ်ကအစ အဘွားစိတ်တိုင်းကျ စီမံဆောင်ရွက်ပေးသည်။

သားသမီးကဲ့သို့ အားကိုးရသော မစန်းကို အဘွားကိုယ်တိုင် လက်ဝတ်ရတနာများထုတ်ဆင်သည်။ နယ်ရှိအမျိုးများထံ မစန်းပြန်ချင်သည့်အခါတိုင်း အဘွားက -

"သမီးမစန်း၊ နယ်ကအမျိုးတွေဆီသွားချင်ရင် အိမ်က ကားယူသွားသော၊ မောင်ထွန်းခင်ကို မောင်းပို့ခိုင်း"

ဟူ၍ ကြည်ကြည်ဖြူဖြူ ခွင့်ပြုတတ်သည်။

မစန်းပြန်လာတိုင်း နယ်မှမစန်း၏ ဆွေမျိုး၊ မိတ်ဆွေများက အလုအယက်ပြေးလာတတ်သည်။ သူဌေးစတိုင်နှင့် မစန်းတို့လင်မယားကို အံ့သြဝမ်းသာကြိုဆိုနှုတ်ဆက်ကြသည်။ ခါတိုင်း မစန်းတို့ဆီ သိပ်လာလေ့မရှိသော ဆွေမျိုး၊ မိတ်ဆွေများသည်ပင် တမင်လာလည်ကြ၏။ မစန်းတို့အိမ်သည် ဧည့်ပျော်၊ ဆွေမျိုးပျော်ဂေဟာကြီး ဖြစ်နေသလို မစန်း ပေးသမျှ လက်ဆောင်ယူ၊ မစန်းကျွေးသမျှစား၍ မစန်းတော်ကြောင်း ချီးမွမ်းခန်းဖွင့်နေလိုက်ကြသည်မှာလည်း မဆုံးနိုင်တော့။

❑

သည်တစ်ခေါက် မစန်းတို့လင်မယား နယ်ပြန်လာသည့်ပုံစံမှာ ယခင်

www.burmeseclassic.com

ထက် ပိုထူးခြားလာသည်။ အိမ်နီးချင်း ဆွေမျိုးမိတ်ဆွေများက မစန်းပြောပြမှ အကြောင်းစုံသိရသည်။ မစန်း၏အိမ်ရှင် အဘွားက သူ့စီးပွားရေးလုပ်ငန်းများကို မစန်းအား လက်လွှဲလုပ်ကိုင်စေပြီး အမြတ်အစွန်းတစ်ဝက်ခွဲပေးသည်ဟု ဆို၏။ မစန်းတို့များ ကံကောင်းလိုက်ပုံ။ အရင်းမစိုက် လှေထိုးလိုက်ဆိုသလို လူစိုက်ရုံနှင့် စီးပွားဖြစ်ကာ ပြောင်ပြောင်ရောင်ရောင်ဖြစ်လာသည်ကို အားလုံး မျက်မြင်ဖြစ်သည်။ ယခုအခေါက် စီးလာသောကားသည်ပင် ယခင်ကစီးလာသော အိမ်ရှင်အဘွား၏ကား မဟုတ်တော့။ သူတို့ကိုယ်ပိုင်ဝင်ငွေဖြင့် ကားအသစ်တစ်စီးဝယ်စီးလိုက်ပြီဟု သိရသည်။

မစန်းတို့ ရန်ကုန်မှ နယ်သို့ ခဏပြန်လာသည်ကြားရုံနှင့် နှုတ်လာဆက်သူတွေ၊ အလည်လာသူတွေ ပေါ်မှပေါ။ ပေါ်သည်မှာလည်း မပြောနှင့်။ သူတို့ ကားနောက်ပြေးလိုက်လာပြီး -

"အန်တီစန်း၊ မုန့်ဖိုးပေးပါဦး"

ဟု တောင်းတတ်သည့်အရပ်ထဲက ကလေးအချို့ကိုပင် -

"ကဲ - ရော့၊ ရော့"

ဆိုပြီး နှစ်ထောင်၊ သုံးထောင် ဖတ်ခနဲပစ်ပေးတတ်သည့် မစန်း ဖြစ်နေပြီလေ။

ကြာလေကြာလေ မစန်းတို့လက်ဖျားငွေသီးနေသလား အောက်မေ့ရသည်။ အသိမိတ်ဆွေမှန်သမျှ မစန်း၏ အပေးအကမ်းစေတနာက အလွန်ရက်ရောလှ၏။သူတို့ဆင်းရဲစဉ်က ငွေအစိတ်လောက် ချေးဖူးသည့် မရီတို့မိသားစုကိုပင် ရွှေဆွဲသီးလေးလက်ဆောင်ပေး၏။ မစန်းတို့ကျေးဇူးမမေ့တတ်သည်လား၊ လက်ဖွာလွန်းသည်လားတော့မသိပါ။ သူ့စေတနာသူ့အကျိုးပေးပဲ ဖြစ်မည်ထင်သည်။ မစန်းနယ်ပြန်လာသည့် တစ်ခေါက်နှင့် တစ်ခေါက် ပို၍ ပို၍ ထူးခြားတောက်ပြောင်လာသည်ကတော့ အမှန်။

မစန်း နယ်ပြန်လာချိန်တွေ့မြင်သူအချို့က ပြောနေကြသည်။ပြန်လာသည့် အခေါက်တိုင်း ဈေးထဲမှဦးမြကြီးပန်းထိမ်ဆိုင်မှာ ရွှေထည်အသစ်များအော်ဒါအပ်ကြောင်း၊ ရွှေထည်ပုံစံတိုလည်း အသင့်ယူလာသည့်ရွှေထည်ပုံစံအတိုင်း ပြုလုပ်ခိုင်းကြောင်းများ ဖြစ်၏။ 'ဥစ္စာလိုသော် အမှီကောင်းကိုရှာ'ဆိုသော စကားသည် မစန်းတို့အတွက် ဒက်ထိမှန်သည်ဟုဆိုရမည်။ အဘွား၏မ,စမှုကြောင့် စီးပွားရေးအဆင်ပြေကာ လက်ဝတ်ရတနာ အမျိုးမျိုးနှင့် ကားနှင့်တင့်တောင့်တင့်တယ်နေနိုင်လာသည်။

စီးပွားရေး ပြေလည်လာတော့ မစန်းတို့ ယခင်က စိတ်ပင်မကူးရဲသော သားသမီးယူလိုသည့်ကိစ္စစဉ်းစားကြပြီ။ အကောင်းဆုံးအိုဂျီနှင့်သွားပြ၍လမ်းညွှန်မှုခံယူသည်။ သိပ်မကြာပါ။ မစန်းလိုချင်သော ကလေးယူရန် အခွင့်သာခဲ့၏။ ကိုယ်ဝန်ကြီးနှင့် မစန်းကို ယောကျ်ားကလည်း သည်းသည်းလှုပ်၊ ဆွေမျိုးသားချင်းတွေကလည်း ကဲကဲလှုပ် ဂရုစိုက်ကြသည်။ သူဌေးတစ်ပိုင်းဖြစ်နေသည့်မစန်းတို့လင်မယားကို ကြည့်ရှုအားကျသူတွေလည်း တစ်ပုံတစ်ပင်။ သို့သော် လူ့ကံဆိုတာ အခက်သားပေပဲကလား။ ကံဆိုး၊ ကံကောင်းကြိုပြောရန် ခဲယဉ်းလှ၏။ မစန်းကတော့ အိပ်မက်မက်သည်။ ယခု လွယ်ထားသည့် ကလေးမွေးဖွားပြီးသည်နှင့် ခြွေရံသင်းပင်းပစ္စည်းဥစ္စာ ယခုနှင့်မတူ၊ တစ်မူထူးဦးမည်ဆိုပဲ။

ကိုယ်ဝန်ရင့်လာချိန်တွင် မစန်းသည် အရောင်းအဝယ်အလုပ်ကို ကိုထွန်းခင်နှင့်သာလွှဲထားပြီး သူကတော့ ဆေးခန်းနှင့် အိမ်ကိုသာ ကူးသန်းနေချေသည်။ လွယ်ထားသည့် အဖိုးတန်ရင်သွေးရတနာလေး ကျန်းမာချောမောစွာ မွေးဖွားနိုင်ရေးထက် အရေးကြီးသောကိစ္စမရှိဟု သူတွေးထားသည်။

❑

မစန်းတစ်ယောက် သားလေး ဖွားပြီး လပိုင်းမျှသာကြာမည်ထင်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အိမ်ရှင်အဘွား ကွယ်လွန်သွားခဲ့သည်။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းသည် တွေ့ကြုံနေကျ မမှုတာကိစ္စများဖြစ်၍ မထူးဆန်းဟု ဆိုနိုင်သော်လည်း မစန်းတို့ဘဝအလှည့်အပြောင်းနှင့် ထပ်ကြုံရသည်။ အဘွားအိုအသည်းအသန်ဖြစ်သည့်ရက်ပိုင်းလေးမှာပင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော အဘွား၏သမီးများက အဘွားဆုံးပြီးချိန်တွင် မစန်းတို့လင်မယားကို အိမ်လာခွင့်မပေးတော့ပေ။ သူတို့မြန်မာပြည်မှာမရှိစဉ် မိဘကဲ့သို့ ပြုစုခဲ့သော မိခင်ဖြစ်သူ၏အချစ်တော် မစန်းကို အိမ်လာခွင့်မပြုသည်မှာ မည်သည့်အကြောင်းကြောင်း ဖြစ်နိုင်သနည်း။ စနစ်ကျသော အဘွားသည် ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာစာရင်းကအစ သမီးရင်းတို့လက်ထဲ အပ်ပြီးဖြစ်ခဲ့၏။

သို့သော် -

အဘွားမရှိသည့်နောက်ပိုင်း မစန်းတို့ စီးပွားရေးလုပ်ကွက်ပြောင်းသွား၍လား မပြောတတ်။ ပိုင်ဆိုင်ပြီး အရင်းအနှီးငွေများ မတိုးပွားသည့်အပြင် တဖြည်းဖြည်း အနုတ်လက္ခဏာပြလာ၏။ ဤသို့သော အခြေအနေတွင် မစန်းတို့လင်မယား စီးပွားရေးဖြတ်လမ်းလိုက်ရန် ချဲထီဒိုင်ခံခဲ့ကြသည်။ မွေးလာသည့် သားလေးကံပဲလား၊ မစန်းတို့လင်မယား၏ကံကြမ္မာလား မသိပါ။ ချဲထီဖွင့်တိုင်း ခဏခဏအချိုကြီးများလျော်ရသဖြင့် ရှိသမျှ အရင်းအနှီးငွေများသာမက ကားရော လက်ဝတ်ရတနာများပါ ပြုတ်ပြုတ်ပြုန်းလေတော့သည်။

မစန်းတို့ဘဝ ချွတ်ခြုံကျသွားချိန်တွင် ယခင်က ခင်မင်ပါသည်ဆိုသော မိတ်ဆွေများလည်း နှုတ်မဆက်ကြတော့သလို အိမ်လည်းမလာကြတော့ပေ။ မစန်းကိုယ်တိုင် ဗေဒင်မေး၍ နောက်ထပ် ကလေးတစ်ယောက်မွေးလျှင် မူလအတိုင်း ပြန်ချမ်းသာနိုင်သည်ဟု ဟောချက်ရ၏။ သို့သော် ယခုလို ဘဝအခြေအနေတွင် အိုဂျီစပါယ်ရှယ်လစ်တို့ ကျန်းမာရေးအကြံပေးအထူးကုများဆီသို့ မစန်း ဘယ်လိုမှမသွားနိုင်တော့ပါ။

နောက်လ အနည်းငယ်ကြာသော် မစန်းနေခဲ့သောအဘွားအိမ်မှ သတင်းထူးများထွက်လာသည်။ အဘွားကွယ်လွန်သွားပြီးနောက် ရှိပစ္စည်းများကို အမွေခွဲယူရန် ထုခွဲရောင်းချလိုက်ချိန်တွင် အဘွားထားခဲ့သော ရတနာပစ္စည်းများမှာ အတုများဖြစ်နေသည်ဟူသော သတင်းပင် ဖြစ်သည်။ ယခင်က မစန်းနယ်ပြန်လာတိုင်း ဈေးထဲက ပန်းထိမ်ဆိုင်ကို အမြဲရောက်သလို ရတနာပစ္စည်းအထည်တွေလည်း အသစ်အပ်ခဲ့သည်ကို ပြန်တွေးမိကြသည်။ တကယ်တော့ ပန်းထိမ်ဆိုင်နှင့် မစန်းတို့ပူးပေါင်း၍ ကုလားဖန်ထိုးလိုက်သောအခါ အဘွား၏ ရွှေထည်ပစ္စည်းများသည် အစစ်ဘဝမှသည် ပုံစံတူအတုဘဝသို့ ပြောင်းသွားခဲ့ရလေသည်။

ယခုတော့ အတုနှင့်လှည့်ကွက်ဆင်ခဲ့သော မစန်းတို့၏ သူဌေးလင်မယားဘဝမှာလည်း သစ္စာမတည်ကြံမိသောကြောင့် မတည်ဥစ္စာ ဆင်းရဲရှာပြီဟုသာ ဆိုရမည်ဖြစ်ပါတော့သည်။

ညွှန့်ဝင်း (နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

ရောဂါလည်းပျောက် လျှာလည်လောက်သည့်

# ရာသီစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၇)

ရွှေနဝင်း(ပုသိမ်)

နွေဦး လေရူးနဲ့အတူ လေအပင့်မှာ ဝေ့ဝဲကြွေလွင့်လာတဲ့ လက်ပံပွင့်နီနီလေးများသည် အညာမြေ နွေသရုပ်ကို ဖော်ထုတ်ပြသနေသည့် သဘာဝတရားကြီး၏ လှပတဲ့ Location တစ်ခုသဖွယ် ဖြစ်နေပါသည်။

ယခုလို နွေမိန့်တပေါင်းလရာသီမှာ ပင်လုံးကျွတ် ရဲရဲတောက်စွာ ဖူးပွင့်ဝေဆာနေတဲ့လက်ပံပင်အောက်ရောက်နေသူအဖို့ လက်ပံပွင့်နီနီလေးများကို မကောက်ယူဘဲ မနေနိုင်လောက်အောင် ပင် ဆွဲဆောင်လွန်းလှပါသည်။

လက်ပံပွင့်နီနီကလေးများသည် အရောင်ဖြင့်သာ လူသားတို့၏ နှလုံးဘဝင်ကို ဆွဲငင်ညို့ယူနေရုံသာမကဘဲ ကျန်းမာရေးအတွက်လည်း လွန်စွာဆေးဖက်ဝင် အစွမ်းထက်လှသည့် သဘာဝ၏ လက်ဆောင်မွန်တစ်ခုပင် ဖြစ်ပါသည်။

သည်အပတ်မှာတော့ စာဖတ်ပရိသတ်ကြီးအတွက် ရာသီချိန်ခါသင့် ဖူးပွင့်လာသည့် လက်ပံပွင့်နီနီလေးများနှင့် ရောဂါလည်းပျောက်၊ လျှာလည်လောက်မည့် ဆေးဖက်ဝင်ဟင်းလျာ ချက်နည်းကို တင်ပြပေးလိုက်ပါသည်။

လက်ပံပင်ဟာ နေရာအနှံ့အပြားတွင် ပေါက်ရောက်တတ်ပါသော်လည်း အထူးသဖြင့် အညာအရပ်ဒေသများမှာတော့ ပေါများစွာ ပေါက်ရောက်လေ့ရှိသလို ဆေးဖက်ဝင် ဟင်းလျာတစ်ခုအနေဖြင့်လည်း တစ်ခုတ်တစ်ရနှစ်သက်စွာ စားသုံးကြသည်မှာလည်း အညာသူအညာသားများပင် ဖြစ်ပါသည်။

လက်ပံပင်မျိုးရင်းတွင် လက်ပံအနီ၊ လက်ပံအဖြူနှင့် လက်ပံအခါးတူ၍ (၃) မျိုး ရှိပါသည်။ ယခု အသုံးပြုသည့်လက်ပံမှာ လက်ပံအနီ ဖြစ်ပါသည်။ အပွင့်၏အရောင်ကိုလိုက်ပြီး ခွဲခြားထားပါသည်။

လက်ပံအနီပွင့်သည် ခါး၊ ဖန်၍ အေးသည့်အရသာရှိသည်။ သည်းခြေအပူဓာတ်ကို ငြိမ်းအေးစေပြီး သွေးကိုစင်ကြယ်စေပါသည်။ အဖျားရောဂါနှင့် အမျိုးသမီးများ မီးယပ်အဖြူဆင်းခြင်း၊ မီးယပ်သွေးလွန်ခြင်းရောဂါတို့အတွက် လွန်စွာ အစွမ်းထက်၍ အကျိုးပြုပါသည်။

လက်ပံအနီပွင့်ကို ကြော်ချက်ပြီး ဆေးဖက်ဝင်ဟင်းလျာစီမံ၍စားခဲ့သော် ခါး၊ ဖန်သော မူလအရသာသည် စားသောက်ပြီး ပါစကဝမ်းမီးကချက်လိုက်သောအခါ ဝိပါက(ထူးခြားချက်)အနေဖြင့် ချိုဖန်၍သွားပြီး သလိပ်၊ သည်းခြေ၊ သွေးတို့၏ဖောက်ပြန်ခြင်းကိုပယ်ဖျောက်ကာ အလွန်ကုသရန်ခက်ခဲသော မီးယပ်ဖြူ၊ နီရောဂါတို့ကို ပျောက်ကင်းစေပါသည်။

ထို့အတူ လက်ပံနီ၏ အမြစ်ဥသည်လည်း အမျိုးသားများအတွက် သုက်ဓာတ်အားကို ပွားများစေပြီး ပန်းသေ၊ ပန်းညှိုးရောဂါကို နိုင်နင်း၍ အပူငြိမ်းစေပြီး ခန္ဓာကိုယ်တစ်ခုလုံးကို အားအင်သစ်ပေးစွမ်းနိုင်သည့် အစွမ်းသတ္တိထူးရှိပါသည်။

အမျိုးသမီးများတွင် ပုံမှန်မဟုတ်သော မီးယပ်ဖြူ၊ နီ၊ ဝါ၊ ချဲ့ စသော အရောင်မျိုးစုံနှင့် အချိန်အခါမဟုတ်ဘဲ ဆင်းနေခြင်းသည် ဆေးမတွေ့ဘဲ ရက်ရှည်လများကြာမြင့်ခဲ့သော် သားအိမ်နှင့် သားအိမ်ခေါင်းတို့တွင် အပူလွန်ကဲပြီး အနာအဆာမှသည် သားအိမ်ကင်ဆာရောဂါအထိဖြစ်ပွားကာ အသက်အန္တရာယ်ဖြစ်စေတတ်ပါသည်။

ထို့ကြောင့် 'မီးဘေးရှောင်၊ မလောင်ခင်တား'၊ 'ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်ပြီးမှ ကုသခြင်းထက် အကျိုးများစေသည်' ဆိုတဲ့ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများအတွက် သေမင်းတမန်ဟုဆိုအပ်သော သားအိမ်ကင်ဆာအဆင့်သို့ မရောက်ကြရလေအောင် -

ကြိုတင် ကာကွယ်နိုင်စေသည့် ဆေးဖက်ဝင်ဟင်းလျာဆေးဓာတ်စာချက်၍စားသုံးပြီး ကာကွယ်မှုပြုနိုင်ကြစေရန် ဟင်းချက်နည်းစနစ်ကိုတင်ပြပေးပါမည်။

ဆေးဖက်ဝင်ဟင်းလျာအဖြစ် စီမံ၍ချက်မည်ဆိုလျှင် လက်ပံအနီပွင့်များကို သေချာသန့်စင်၍ နေမှာ အခြောက်လှန်း၊ ပွင့်ဖတ်ကိုခြွေပစ်လိုက်ပြီး ဝတ်ဆံတို့နှင့် လက်ပံခေါင်းခြောက်လေးများကို အလိုရှိသလောက် စုဆောင်းသိမ်းဆည်းထားပါ။

**လက်ပံခေါင်း၊ ငါးရံ့ ရှားစောင်းလက်ပပ်အသားဆေးဖက်ဝင်ဟင်းလျာချက်နည်း**

ရှေးဦးစွာ စုဆောင်းထားသော လက်ပံခေါင်းခြောက်လေးများကို အလိုရှိသလောက် ရေစိမ်၍ထားပြီး စင်ကြယ်စွာဆေးထားပါ။ ငါးရံ့ ငါးကိုလည်း အနေတော်တုံးတစ်၍သန့်စင်စေဆေးပြီး ဆား၊ နနွင်းသင့်ရုံဖြင့်နယ်ပြီး နှပ်ခိုင်ထားမန့်နှပ်ထားပါ။

ဟင်းတစ်အိုးစာအတွက် ရှားစောင်းလက်ပပ်အလက် ဖြုတ်လက်သုံးလုံးခန့်အရွယ် (၂) လက်ကို အခွံခွာပြီး အတွင်းသားကို အနေတော်အတုံးလေးများ အသင့်လုပ်ထားပါ။

ဟင်းတွင်အချဉ်အနေဖြင့်ခတ်ရန် မန်ကျည်းမှည့်အနှစ် လတ်လတ်ဆတ်ဆတ်ကို အသင့်ရေစိမ်၍နှူးထားပါ။ အားလုံးအသင့်ဖြစ်လျှင် ရေနွေးကြက်သွန်ဖြူနီအနှစ်ဖြင့် ငါးရံ့အသားများကို ပုံမှန်ထုံးစံအတိုင်း ဆီသတ်ပါ။ ငါးရံ့အသားများတင်း၍လာသည့်အချိန်တွင် လက်ပံခေါင်းခြောက်လေးများထည့်ပြီး အသာအယာမွှေပေးကာ ဟင်းလုံးရည်ခန်းခါနီးအထိစောင့်ပါ။

လုံးရည်ခန်းလုအချိန် ရှားစောင်းလက်ပပ်အတုံးလေးများကို အုပ်ထည့်လိုက်ပြီး ဟင်းအိုးကို မီးဒေးအေးဖြင့် ခဏနှပ်ထားပါ။ ရှားစောင်းလက်ပပ်အတုံးလေးများ နူးလာသည့်အခါမှာ မန်ကျည်းနှစ်အရည်ကို မိမိအလိုရှိသလောက် အချဉ်အရသာကို ချင့်ချိန်၍ထည့်ပြီး ငံပြာရည်၊ ဟင်းခတ်မှုန့် စသည်တို့ကို မိမိစိတ်ကြိုက်အရသာထည့်ပြီး ရေနွေးဆူဆူသင့်ရုံထည့်ပြီး ဆက်၍ မီးအေးအေးဖြင့်တည်ပါ။

ဟင်းရည်ဆူလာ၍ရေအနေတော်ဆိုလျှင် ဆေးဖက်ဝင်ဟင်းလျာချက်ပြုတ်ခြင်း ပြီးဆုံးပြီဖြစ်ပါ၍ မိသားစုထမင်းဝိုင်းတွင် တည်ခင်း၍ သုံးဆောင်ကြပြီး 'ဆေးဖက်လည်းဝင်၊ရောဂါလည်းပျောက်၊ လျှာလည်လောက်သည့် ဟင်းတစ်ခွက်' ဖြစ်ပါသည်ဟု စေတနာတရားဖြင့် ညွှန်းဆိုလိုက်ပါသည်။

ခင်ပွန်းသည်အမျိုးသားတို့အတွက် လက်ပံနီအမြစ်ဥကို အမှုန့်ပြုထားပြီး နေ့စဉ် နံနက်တိုင်း အမြစ်ဥအမှုန့် (၄)ပဲသားကို နွားနို့စစ်စစ်တစ်ဖန်ခွက်တွင် သကြားခဲ သင့်ရုံထည့်ဖျော်ပြီး မှန်မှန် သောက်သုံးပေးပါက သုက်ဓာတ်အား၊ သွေးလေအားပြည့်ဖြိုး၍ ကျန်းမာရွှင်လန်းပြီး အိမ်ထောင်ရေးသုခအပြည့်အဝ ရရှိခံစားရပါလိမ့်မည်ဟု ထပ်လောင်း၍ တင်ပြလိုက်ပါသည်။

*သတ္တဝါအများ စားသမျှအားဖြစ်၍*

*ကျန်းမာကြပါစေ*

ရွှေနဝင်း(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိမီကာလ အောက်ပြည်အောက်ရွာဖြစ်သော မြစ်ဝမြေနုကျွန်းပေါ် ဒေသ၌ မြစ်ချောင်းများ ပတ်လည်ဝိုင်းနေသည့် ဝါးခယ်မမြို့ဟူ၍ တည်ရှိလေ၏။

ထိုဝါးခယ်မမြို့တွင် ကိုကောင်းစံ နေထိုင်လေသည်။ သူသည် ဖဲသမားတစ်ယောက်ဖြစ်ပါသည်။ ကိုကောင်းစံ၏ ဇနီးသည်ကို မကျင်ရွှေတင်ဟု ခေါ်ပါသည်။ သူတို့မိသားစုသည် ဝါးခယ်မမြို့ ကုန်းလမ်းမကြီးအလယ်ပိုင်း ကုလားဗလီနှင့် မျက်စောင်းထိုးတွင် နေထိုင်ကြလေ၏။ကိုကောင်းစံသည် သူ၏မိသားစုကို ဖဲချခြင်း(ဖဲကစားခြင်း)ဖြင့် လုပ်ကိုင်ကျွေးမွေးပါသည်။

ကိုကောင်းစံသည် ဖဲချသည်ဆိုသော်လည်း မိုက်ကန်းသူမဟုတ်ပါ။ လိမ္မာပါးနပ်သူတစ်ဦးသာလျှင် ဖြစ်ပါလေ၏။ လိမ္မာလျှင် ကိုယ့်ဖို့ဖြစ်ကြောင်း ကိုကောင်းစံနားလည်သဘောပေါက်၏။ ကိုကောင်းစံ ဖဲဝိုင်းသွားလျှင် ငွေအကြွေများများစားစားယူဆောင်သွားလေ့မရှိပါ။ ပါးရည်နပ်ရည်ရှိသူဖြစ်လေရကား သူ၏အိတ်ကပ်အတွင်း တစ်ကျပ်တည်းသာထည့်၍ ယူဆောင်သွားလေ့ရှိပါ၏။ ပါလာသောထိုငွေစနှင့် ဖဲဝိုင်းဝင်ကာကစားလေတော့၏။

ဖဲကစားချိန်ကို အလေးမထား။ အလျော်အစားအလှည့်အပတ်ပြောင်းလဲပြီး နောက် တစ်ကျပ်၊ တစ်ကျပ်ခွဲ အနိုင်ရရှိလိုက်လျှင် သူအိမ်ပြန်တော့၏။ ဖဲဝိုင်းထဲ၌ အချိန်ဖြုန်းမနေတော့ပါ။ နွဲ့သမား၏ပါးသည် ပိန်လိုက်၊ ဖောင်းလိုက်ဖြစ်နေသည် ဟူသော ဆိုရိုးစကားကဲ့သို့ ဖဲသမားသည်လည်း ဖောင်းသည့်အခါရှိသလို ပိန်သည့်အခါလည်းရှိနေပါ၏။ ဖဲသမားသည် ဖဲဝိုင်းဝင်ကစားတိုင်း အမြဲနိုင်မနေပါ။ ကိုကောင်းစံသည် ရှုံးသည့်အခါလည်း တစ်ပြန်တစ်လှည့်ရှိပါသည်။ အိတ်ကပ်ထဲမှ ငွေတစ်ကျပ်ကုန်လျှင်ကုန်ချင်း ကိုကောင်းစံ ဖဲဝိုင်းမှ ထလိုက်ပါတော့၏။

ကိုကောင်းစံသည် ဖဲဆက်ကစားရန် ဖဲဝိုင်းတွင် ငွေချေးလေ့ချေးထမရှိပါ။ ဖဲဝိုင်းအတိုးနှင့်ချေးရမည်ကိုလည်း မနာသီပါ။ အရှုံးနှင့်ပိုင်းလိုက်နိုင်သူဖြစ်ပါ၏။ ယနေ့ ဆက်ကစားတော့ပါ။ ဤသို့လိမ္မာပါးနပ်သူပါတည်း။ ကိုကောင်းစံသည် ဖဲနိုင်လျှင်နိုင်သလို ဈေးဖိုးတစ်ကျပ်၊ တစ်ကျပ်ခွဲ ဇနီးသည်ကို ပေးထားလေ၏။ ဈေးဖိုးတစ်ကျပ်ဆိုလျှင် တစ်နေ့တာလုံလောက်ပါသည်။ ပိုသောငါးမူးကိုချန်ထားရ၏။ ရှုံးသည့်နေ့အတွက် ကွက်လပ်ဖြည့်ရန် မကျင်ရွှေတင် စီစဉ်ထားပြီးဖြစ်၏။

ကိုကောင်းစံသည် ဇနီးသည် မကျင်ရွှေတင်ကို ဟင်းကောင်းကျွေးကောင်းများချက်ခိုင်းတတ်လေ့ရှိသည်။ ကိုကောင်းစံမှာ အကောင်းကြိုက်သူဖြစ်

# (မဆုံးလုံး) အောင်မြင့်ထွန်း

## အကုသိုလ်တစ်သက်တစ်ကျွန်း





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ မီးဖိုချောင်သုံးငွေ လုံလောက်စွာဖြင့် မကျင်ရွှေတင်ကလည်း နှုတ်မြိန်စေရန် ဖွယ်ဖွယ်ရာရာစီမံနိုင်ပါသည်။

ကိုကောင်းစံမှာ အထူးဟင်းလျာအဖြစ် ဘဲသားဟင်းကိုလွန်လွန်ကြူးကြူး နှစ်သက်သူဖြစ်သည်။တန်ဆောင်မုန်းလ ဘဲသားမှာ အဆူဆုံးဖြစ်လေသည်။ ဝါးခယ်မမြို့အနီးဝန်းကျင်၌ ချစ်တီးလယ်ကွက်များစွာရှိလေ၏။ လယ်ကွက်များတွင် နွားချေးမြေဆွေးကြဲပက်ပေးထားပြီး ပင်သန်စပါးပင်ဖျိုထွားထွားများ ကိုကမျာ းစွာစိုက်ပျိုးထားသည်။ သဘာဝမြေဩဇာဖြင့် စပါးသီးများ အာဟာရ ပြည့်ဝစွာ စားသုံးနိုင်ကြလေသည်။ ဘဲမွေးမြူသူများသည် မြက်ခင်းစိမ်းစိမ်းများသို့ ဘဲကျောင်းလွှတ်ထားရာ ဘဲများခရီးလွန်ကာ လယ်ကွင်းထဲသို့ဝင်ရောက်ကြလေ၏။ဘဲများသည် အရည်တည်စပါးခွံများကို အောင်ပွဲခံကြလေ၏။ ချိုအီသောအရည်တည်စပါးများကို သူထက်ငါတိုးဝှေ့ကာ အလုအယက်စားသုံးကြပါတော့၏။

ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းစပါးနှံများကို စားသောက်ထားကြသောဘဲတို့သည် အဆီအသားဆူဖြိုးကြကုန်၏။ တန်ဆောင်မုန်းလ ဘဲသားကို ကိုကောင်းစံ တစ်သက်မမေ့နိုင်ပါ။ ကိုကောင်းစံနည်းတူပင် သူ၏သားသမီးများကလည်း ဘဲသားကိုနှစ်နှစ်ခြိုက်ခြိုက် သုံးဆောင်ကြလေ၏။

ဝါးခယ်မမြို့သည် လွတ်လပ်ရေးမရမီကာလက အိမ်ခြေတိုက်တာကြီးများများများစားစားမရှိပါ။ တိုက်အိမ်ဆိုလျှင် ရေတွက်၍ ရနိုင်ကောင်း၏။ သွပ်မိုးပျဉ်ထောင်အိမ်ကြီးများဆောက်နိုင်သူအရေအတွက်များလေ၏။ မြို့လယ်ကောင်၌





www.burmeseclassic.com

www.burmeseclassic.com

ပင် ခနိုမိုးအိမ်များ အများဆုံးရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် သွပ်မိုး၏ အပူဒဏ်ကို မခံနိုင်ကြပါ။ ခနိုမိုးနှင့် နေထိုင်ရခြင်းသည် သဘာဝအေးမြမှုကြောင့် ရှေးလူကြီးများ ခနိုမိုးဖြင့်နေရခြင်းကိုသာ နှစ်သက်ကြပါသည်။ မိမိတို့အိမ်ကို သွပ်မိုးရန်ဆန္ဒမရှိကြပါ။ ခနိုမိုးဖြင့်နေရခြင်းအရသာကို ခံစားနေထိုင်လိုကြပါသည်။

အထက်ပါ အိမ်ကြီးအိမ်ကောင်းများတို့သည် ကိုကောင်းစံတို့နှင့်မဆိုင်သကဲ့သို့ဖြစ်နေပါ၏။ သူတို့မိသားစုသည် ခနိုမိုးထရံကာအိမ်လေး၌သာ စံမြန်းနေနိုင်ကြပါသည်။

❑

မကျင်ရွှေတင်သည် ဟင်းကျွေးဟင်းရန်ဝယ်ရန် အိမ်မှဈေးသို့ထွက်လာခဲ့ပါသည်။ အိမ်မှ ဈေးသို့ အတန်ငယ်လှမ်းပါသည်။မကျင်ရွှေတင် ဝါးလက်ဆွဲခြင်းကို လက်မောင်း၌ချိတ်ကာ ခလျာက်လာခဲ့ပါသည်။ ဝါးခယ်မဈေး၌ ဝက်သားသည်၊ အမဲသားသည်၊ ငါးစိမ်းသည်များစွာရှိလေ၏။ ကြက်သား၊ ဘဲသားသည်များ ငါးစိမ်းတန်း၌ ရောင်းချကြပါသည်။ ဟင်းသီးဟင်းရွက်ပေါလေ၏။ မကျင်ရွှေတင်သည် ဝက်သားဆိုင်၊ အမဲသားဆိုင်တို့ကိုကျော်လွန်ပြီး ငါးစိမ်းတန်းအဝသို့ ရောက်ရှိလာပါသည်။ သူမသည် ဘဲသားဝယ်ရန် ငါးစိမ်းတန်းထဲသို့ဝင်မိသည်နှင့် ငါးစိမ်းငါးစိုရောင်းချသူများမှာ လှိုက်လှဲစွာ ကြိုဆိုကြလေ၏။

"အစ်မရေ၊ ငါးဖယ်ကြီးတွေလတ်တယ်နော်။ ငရုတ်ရည်စပ်စပ်၊ ချင်းမွှေးမွှေးလေးနဲ့ချက်ပါလား။ လာပါ အစ်မရဲ့ အားပေးပါဦး"

"ညီမကြီးရယ်၊ ပုစွန်တုပ်ကြီးတွေ ရောင်းချင်တယ် ဝယ်သွားပါဦးကွယ့်။ စိမ်းနေတာပဲ၊ လတ်လို့ပြောတာပါနော်။ ပုစွန်ထုပ်ကြီးကို မီးဖုတ်အခွံခွာ၊ အိမ်ကသရက်ပင်ခါချဉ်ထုပ်ထဲထိုးထည့်ပြီး သုပ်စားစမ်း။ ငရုတ်စိမ်း၊ ကြက်သွန်စိမ်းနဲ့ဆိုငါ့ညီမကြီးလျှာလည်သွားမယ်"

ငါးစိမ်းသည်တို့ သူတို့ပစ္စည်းရောင်းစွံစေရန် ပါးစပ်ကြော်ငြာဖြင့် စားသုံးသူကို အညွန်းပြည့်စုံစွာဖြင့် တင်ပြပေးကြသည်။ သူတို့ကြော်ငြာကောင်းမှုကြောင့် မကျင်ရွှေတင် အာခံတွင်းစိုလာ၏။ ယနေ့ သူမဝယ်ရမည့်ဟင်းလျာက ဘဲသားပင် ဖြစ်ပါ၏။ သူဝယ်နေကျ ဘဲသားသည်က သူမကို အဝေးမှမြင်ကတည်းကလှမ်းကြည့်နေသည်။ သူမဝယ်နေကျ ဘဲသားသည် မခွေးပုရှေ့ရောက်သော် မခွေးပုက အားရဝမ်းသာစွာဖြင့် သူမ၏ခြင်းခွင်ကို အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါ၏။

မခွေးပုက လှိုက်လှဲသောအပြုံးဖြင့် -

"ဟော - ငါတို့အစ်မကြီးလာပြီ၊ ထုံးစံအတိုင်း တစ်ကောင်ပဲလား မမ"

"အေးကွယ်၊ အိမ်သားကများတော့ တစ်ကောင်ဝယ်မှပဲလောက်တယ်ဟေ့။ ဪ - ဒါနဲ့ အလေးပြည့်ပြည့်ချိန်နော်။ မနေ့ကဝယ်သွားတာ နှစ်ကျပ်ခွဲသားလျော့နေတယ်။ နင်တို့မဟုတ်တာ မလုပ်ကြနဲ့အေ့။ ညည်းတို့နှယ်အေပြာပူမကြောက် ငရဲမကြောက် မလုပ်ကြစမ်းပါနဲ့"

"ဒီနေ့ ပိုပိုသာသာချိန်ပေးလိုက်ပါ့မယ် မမ"

အဆီအဆိမ့်များကိုစားထားသောဘဲသည် ဗိုက်တာမင်ပြည့်ဝသောအသားစိုင်များနှင့် အလေးချိန်စီးလေ၏။ ဘဲတစ်ကောင်၊ ကုန်ခြောက်ပစ္စည်းနှင့် အသီးအရွက်များ ဝါးဆွဲခြင်းတစ်လုံးပြည့်မောက်သည်အထိ မကျင်ရွှေတင် ဈေးတန်းထဲလှည့်ကာဝယ်လိုက်၏။လိုအပ်သည်များအပြည့်အစုံဝယ်ပြီးသောအခါ မကျင်ရွှေတင်သည် ဝါးဆွဲခြင်းကို လက်မောင်းတွင်ချိတ်၊ ခါးစောင်းတင်လျက် အိမ်သို့ပြန်ခဲ့ပါ၏။ အိမ်သားများ ဘဲသားဟင်းမည်မျှကြိုက်နှစ်သက်သည်ကို သူတို့ထမင်းဝိုင်းစကားသံများနှင့် အတည်ပြုရသည်ရှိသော် -

ကိုကောင်းစံတို့ထမင်းဝိုင်းသည် မိသားစုထမင်းဝိုင်းဖြစ်ပါသည်။ ထမင်းစားချိန်တိုင်း မိသားစုစုံစုံစားရလေ့ရှိပါ၏။ ထိုခေတ်ထိုအခါက အလုပ်များကြသူများ မဟုတ်ကြပါ။ အိမ်ထောင်ဦးစီးတစ်ယောက်အလုပ်လုပ်လျှင် ကျန်အိမ်သားများ အေးချမ်းစွာ နေထိုင်စားသောက်နိုင်ကြပါသည်။ ခေတ်ဟောင်းကာလသည် လူဦးရေနည်းပါးခြင်း၊ အစားအသောက်ပေါများခြင်း၊ ဈေးနှုန်းချိုသာခြင်းတို့ကြောင့် အလုပ်လုပ်ကြရာတွင် ဖုတ်ပူမီးတိုက်အပြေးအလွှားလုပ်ကိုင်ရှာဖွေကြရသည်မရှိပါ။

ယနေ့ခေတ်ကာလတွင်မူကား နိုင်ငံတိုင်း၊ လူသားတိုင်း အပူတပြင်းအပြေးအလွှားရုန်းကန်စီးပွားရှာဖွေနိုင်ပါမှ၊ လက်လှုပ်ပါမှ ပါးစပ်လှုပ်နိုင်ကြရသောအခြေအနေသို့ကျရောက်နေပြီဖြစ်ပါသည်။လူဦးရေထူထပ်လာခြင်းကြောင့် ကုန်ပစ္စည်း အထူးသဖြင့် စားသောက်ကုန်များ ရှားပါးလာပြီး ဈေးနှုန်းများဖြင့် တက်ခေါင်ခိုက်လာတော့၏။ လူနေ ဘဝအခြေအနေမှာ လူဦးရေအနည်း အများအပေါ်များစွာတည်မှီနေပါသည်။

ကိုကောင်းစံတို့ ထမင်းဝိုင်းတွင် ဇွန်းသံ၊ ပန်းကန်သံများ စီစီညံနေသည်။ မကျင်ရွှေတင်၏လက်ရာကို အားပေး ချီးမြှောက်နေကြပါသည်။

"မေမေ၊ ဘဲသားဟင်းက စားလို့ ကောင်းလိုက်တာ"

"စားပါကွယ်၊ သားလေး ထမင်း ယူဦးမလား"

"ဘဲသားဟင်း ထပ်ထည့်ပေး ထမင်းယူဦးမယ် မေမေ"

"သမီးငယ်ကော"

"မီးမီးကိုလည်း ဟင်းထပ်ထည့် ပေးရမယ်နော် မေမေ"

သူတို့ထမင်းဝိုင်းကား စိုပြည် လျက်။ မီးဖိုချောင်နိုင်နင်းသော မကျင် ရွှေတင် ပြီးပြည့်စုံစွာ စီမံဆောင်ရွက်ပေး ထားလေသည်။

❑

မကျင်ရွှေတင် ဘဲသားဟင်း ချ စဉ်ချက်ကျွေးပါသည်။ အိမ်သားများ လည်း သောက်သောက်လဲစားသုံး သည်။ ထမင်းဝိုင်းပြင်ဆင်ထားပုံ ဘဲသားဟင်းလျာတစ်ပွဲ၊ အသီးအရွ ဟင်း၊ အရည်သောက်ဟင်း၊ ငါးပိတို့ စုံလင်ပါ၏။ ကိုကောင်းစံသည် ဘဲသာ မပါလျှင် မစားတတ်သောသူ ဖြစ် သည်။ မကျင်ရွှေတင်သည် ဇနီးကော ပီသစွာ ကိုကောင်းစံအကြိုက်ဖြည့်ဆည် ပေးလေရကား။

တစ်နေ့တွင် မကျင်ရွှေတင်သည် ဘဲသည် မခွေးပုထံမှ ဘဲတစ်ကော ဝယ်ယူပြီး ပြန်လာခဲ့ပါသည်။ ရေမိုး ကာ ဘဲကိုထက်ခြမ်းခြမ်းရာ ဟင်း ကိုင်သောဓားနှင့် တစ်စုံတစ်ခုထိခိ သံ 'ချွင်' ဟူသောအသံကို ကြားလို ပါသည်။ မကျင်ရွှေတင် အသံကြား ဆီသို့နိုက်ကြည့်ရာ သူမ၏လက်ထဲ ငွေမတ်စေ့တစ်စေ့ ပါလာ၏။ လာ ကောင်းသည်ဟုဆိုကာ ရေဖြင့်သန့် ပြန့်ပြန့်ဆေးကြော၍ သူမ၏လက် ပဝါနှင့်ထုပ်၍ ပိုက်ဆံအိတ်၌ ဆောင်ထားလေ၏။ ဘဲသည်မ မခွေး ထံမှ တစ်နေ့ ဘဲတစ်ကောင် နေ့စဉ် ယူ စားသုံးနေရာ ငွေမတ်စေ့ရ



www.burmeseclassic.com

www.burmeseclassic.com

ရက်ခန့် ကြာသောအခါ -

မကျင်ရွှေတင်သည် မခွေးပုထံမှ ဘဲတစ်ကောင်ဝယ်ယူခဲ့ပြီး ဟင်းရန်ကိုင်ရန် ပြင်ဆင်လေ၏။ မကျင်ရွှေတင်သည် ထိုဘဲကို စဉ်းတီတုံးပေါ် တင်ကာ ရင်ပုံကို ခွဲ၏။ အတွင်းကလီစာကိုနှိုက်ထုတ်ပါသည်။ ကလီစာကိုထုတ်သော သူမ၏လက် အချွန်တစ်ခုဖြင့်ထိမိကာ စူးသွားလေ၏။ ထိုနေရာကို သတိထား၍ လက်နှိုက်ကြည့်သောအခါ လက်စွပ်တစ်ကွင်းဖြစ်နေပါသည်။ သူမသည် ထိုလက်စွပ်ကို ရေစင်စင်ဆေးလိုက်ပါ၏။ သန့်ရှင်းသွားသော လက်စွပ်၏အလင်းတန်းများ တောက်ပစွာထွက်ပေါ်လာ၏။

နေရောင်အောက်မှလက်စွပ်သည် အလင်းရောင် တဖျပ်ဖျပ်ပြေးနေ၏။ ကျောက်မျက်ရတနာတီးမိခေါက်မိသော ကျင်ရွှေတင်သည် စိန်လက်စွပ်ဖြစ်ကြောင်း သိလိုက်၏။

ဘဲဝမ်းဗိုက်ထဲမှ စိန်လက်စွပ်ရပြီး နောက်ပိုင်း ဘဲသားကို နေ့စဉ်မပြတ် (မပျက်မကွက်) ဝယ်စားကြလေတော့၏။ မကျင်ရွှေတင်သည် စိန်လက်စွပ်ထပ်မံရနိုးနိုးဖြင့် မခွေးပုထံမှ နေ့စဉ်တစ်ကောင်ဝယ်နေရသည်ကို အားမရတော့ဘဲ လောဘဇောတက်လာကာ တစ်နေ့လျှင် (၄)၊ (၅) ကောင်ဝယ်လေ၏။ ပိုသောဘဲသားများကို အိမ်နီးနားချင်းတို့အား ဈေးလျှော့ရောင်းပစ်၏။ မကျင်ရွှေတင်ဘဲသားများ ရောင်းကောင်းလေ၏။

မကျင်ရွှေတင် စိတ်ကူးတစ်ခုရလိုက်ပါ၏။ ဘဲသားရောင်းချကာ စီးပွားရှာချင်စိတ်ဖြစ်ပေါ်လာ၏။ သူမ၏ ဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် စိန်လက်စွပ်ကိုရောင်းကာ အရင်းတည်၍ ဘဲအရှင်များကို လိုက်ကောက်၏။ ဘဲများကို ကိုယ်တိုင်သတ်ကာ ဘဲသားသည် မကျင်ရွှေတင်ဖြစ်လာလေတော့၏။ သူမဘဲသားရောင်းချရာ အရောင်းသွက်လျက်ရှိပါ၏။ မကျင်ရွှေတင်သည် ဘဲသည်မအကြီးစားဖြစ်လာလေသည်။ ခေါင်းရွက်ဗျပ်ထိုးဘဲသည်လေးများ သူမထံမှဖောက်သည်ယူကြ၏။ ဈေးသည်မလေးများ မကျင်ရွှေတင်ထံမှ ဘဲသားဖောက်သည်ယူရာတွင် လွယ်လင့်တကူရရှိကြသည်တော့မဟုတ်။ သူ့ထက်ငါဦးအောင် အလုအယက်တိုးဝှေ့ယူနိုင်မှရရှိကြပါသည်။

'ဘဲမရွှေ' ဟူ၍ ဝါးခယ်မတစ်မြို့လုံး ဟိုးဟိုးကျော်လာခဲ့ပါသည်။ ထိုမှတစ်ဆင့်တက်ကာ ဘဲသားရောင်း၍ စီးပွားဖြစ်လာပြီး ဘဲအရောင်းအဝယ်ဒိုင်ကြီး ဖွင့်လှစ်လိုက်ပါတော့၏။ ဘဲရောင်းဝယ်ရေးလုပ်ငန်းကြီး မရွှေဘဲဒိုင်ဟူ၍ ဖြစ်လာပါသည်။ မရွှေဘဲဒိုင်မှ ဘဲသားများ ဝါးခယ်မတစ်မြို့လုံးကို ဖြန့်ချိပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကာလအထိ မရွှေဘဲဒိုင်ကြီး လျှမ်းလျှမ်းတောက် စီးပွားဖြစ်လေ၏။ ဘဲမရွှေဟူ၍ ဝါးခယ်မတစ်မြို့လုံး သိနေကြပါ၏။

❑

ကိုကောင်းစံတို့မိသားစု ကိုးကွယ်သော ဆရာတော်မှာ ဘုံကျောင်းဆရာတော် ဖြစ်လေ၏။ ထိုဆရာတော်အား မိဘများလက်ထက်ကစ၍ ကြည်ညိုလာခဲ့ကြလေရာ ကိုကောင်းစံတို့မိသားစုမှာလည်း ထိုဆရာတော်ကိုပင် ဆက်လက်ကိုးကွယ် ဆည်းကပ်ကြလေသည်။ ကိုကောင်းစံတို့ စီးပွားကောင်းပြီး ချမ်းသာလာကြလေသည်။ မိမိတို့၏ ခနီမိုးထရံကာ တဲသာသာအိမ်လေးကို ကျွန်း၊ ပျဉ်းကတိုးတို့ဖြင့် အိမ်ကြီးရခိုင်အဖြစ်သို့ ပြောင်းလဲလိုက်ကြပါသည်။ ကိုကောင်းစံတို့ အိမ်တက်မင်္ဂလာပွဲကို ဒါနအလှူပွဲကြီးအခြေခံ၍ကျင်းပပြုလုပ်ကြလေ၏။

ကိုကောင်းစံတို့၏ အိမ်သစ်တက်မင်္ဂလာအလှူပွဲကြီးကို ဘုံကျောင်းဆရာတော်အားပင့်၍ ဆွမ်းကပ်ကြပါသည်။ ဝါးခယ်မတစ်မြို့လုံးရှိ ဘဲသည်အားလုံး တစ်ယောက်မကျန် ဖိတ်ကြားလေ၏။ ကိုကောင်းစံတို့ တစ်ရပ်ကွက်လုံးရှိ အိမ်အားလုံး တစ်အိမ်တက်ဆင်းဖိတ်ကြားလျက် ထမင်းရည်ချောင်းစီးလှူဒါန်းလိုက်ကြပါ၏။

ဘုံကျောင်းဆရာတော်သည် ရေစက်ချတရားဟောကြားပြီးနောက် မိမိ၏ ဒကာရင်း၊ ဒကာမရင်းတို့၏ ကြီးပွားခြင်းသည် အကုသိုလ်အားပေးနေကြောင်း၊ အကုသိုလ်အလုပ်မှရသောပစ္စည်းလှူဒါန်းခြင်းဖြင့် အကုသိုလ်အကျိုးဆက်ပွားများလျက်ရှိနေကြောင်း၊ အကုသိုလ်ကင်းစင်သော၊ တရားမျှတစွာရရှိသော အကျိုးစီးပွားဖြင့် လှူဒါန်းခြင်းသည် ကုသိုလ်အကျိုးဆက်ကိုပေးကြောင်း ဒကာ၊ ဒကာမများ နားလည်သဘောပေါက်စေရန် ဆွမ်းတရားဟောရာတွင် ထည့်သွင်းသတိပေးဟောကြားပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ကာလနောက်ပိုင်း၌လည်း မကျင်ရွှေတင်သည် ဘဲဒိုင်လုပ်ငန်းကိုသာ ဆက်လက် လုပ်ကိုင်ပါသည်။ သူမသည် ငယ်စဉ်က သင်္ချာကျွမ်းကျင်သော ရွာဦးကျောင်းဆရာတော်ထံတွင် မြန်မာသင်ပုန်းကြီးသင်ယူခဲ့ရပါ၏။ သူမ၏လက်ရေးလက်သားသေသပ်လှပကောင်းမွန်ပါသည်။ ဆရာတော်၏သင်္ချာစွမ်းရည်ထက်မြက်မှုကြောင့် တပည့်ဖြစ်သူမကျင်ရွှေတင်မှာလည်း အတွက်အချက်ပညာကို တစ်ဖက်ကမ်းခပ်တတ်မြောက်လေ၏။ သူမ၏စီးပွားရေး အကုသိုလ်လုပ်ငန်းကလည်း အကျိုးပေး၊ စာရင်းဇယားဘက်တွင်လည်း နိုင်နင်းကျွမ်းကျင်မှုတို့ကြောင့် ဤလုပ်ငန်းဖြင့် ကြီးပွားသည်ထက်ကြီးပွားလာပါတော့သည်။

ဘုံကျောင်းဆရာတော်သည် မိမိဒကာမရင်းချာ၏ ရှေ့အလားအလာမှာ နွံနစ်တော့မည်ကိုမြင်သိလေ၏။ အကုသိုလ်မှရသောအကျိုးစီးပွားကို ပေးလှူခြင်းဖြင့် မိမိပြုလုပ်သော အကုသိုလ်ကို ချေဖျက်နိုင်မည် မဟုတ်ချေ။ လှူဒါန်းခြင်းမှရသော ကုသိုလ်အင်အားထက် ကိုယ်တိုင်ပြုလုပ်ထားသော အကုသိုလ်အင်အားက ပိုပြီးကြီးမားနေပါသည်။ ဆရာတော် မည်သို့ပင်ဟောဟော မကျင်ရွှေတင်မှာ အကုသိုလ်ဖုံးလွှမ်းကာ ဆရာတော်၏ ဟောပြောချက်ကို နားမဝင်နိုင်ရှာပါ။

သူမ၏အတွေးလွဲချော်နေပုံမှာ -

သူမ၏အလုပ်ကို မွန်မြတ်သည်ဟု ထင်မြင်မိလေ၏။ မိမိလုပ်ကိုင်နေခြင်းသည် သူတစ်ပါးအာဟာရဖြည့်တင်းနိုင်ရန် အထောက်အကူပြုပေးနေသည်၊ သူတစ်ပါးအကျိုးကို ဖြည့်စွက်ပေးနေသည်ဖြစ်၍ ကုသိုလ်ပင်ရရှိသည်ဟု အတွေးမှားနေရှာပါသည်။ မကျင်ရွှေတင်သည် ဘဲဒိုင်လုပ်ငန်းကိုသာ အစဉ်တစိုက် ဆက်လက်လုပ်မြဲကိုင်မြဲပင်။

ဆရာတော်က အကုသိုလ်လုပ်တဲ့ အကျိုးဆက်ဟာ ဘဝသံသရာထဲမှာ အပါယ်ကိုအကုသိုလ်နှင့်အကျိုးပေးတတ်၍ သံသရာထဲမှာ ငရဲဝဋ်ကြွေးနှင့်လည်နေတော့မည်။ ဘဝလမ်းစဉ်တက်ဖို့ရာ မလွယ်ကူတော့ပါ။ ဒကာမကြီးဆက်၍ နစ်တော့မည် သတိရှိပါတော့ဟု နောက်ဆုံးအနေဖြင့် ဆုံးမဟောပြောပေးပါသည်။

ထိုတရားဟောပြီးနောက်ပိုင်းတွင် မကျင်ရွှေတင်သည် ဆရာတော်ကိုပင့်၍ ဆွမ်းကပ်ရန်စီစဉ်လေ၏။ မကျင်ရွှေတင်



www.burmeseclassic.com

www.burmeseclassic.com

သည် ဘုန်းကြီးဆွမ်းကပ်ရန် ကျောင်းသို့ သွား၍ ဆရာတော်အားပင့်လျှောက် လေ၏။ မကျင်ရွှေတင်အား အကုသိုလ် မပွားများစေလို၊ အားပေးအားမြှောက် ပြုရာကျတော့မည်ဖြစ်၍ ဆရာတော် သည် မကျင်ရွှေတင် ဆွမ်းစားပင့်သည် ကို လက်မခံတော့ပါ။ အကုသိုလ်အကျိုး ဆက်နှင့်လျှသောဒါနသည် အကုသိုလ် သာ အကျိုးဆက်ပေးနိုင်သောကြောင့် ဒကာမကြီး မကျင်ရွှေတင်ကို သနား သောအားဖြင့် ဆရာတော်မကြွတော့ပါ။

"ဘုရားရှင်သော်မှ ဝိပါက်တော် (၁၂) ပါးဆိုတာရှိတယ်။ တန်ခိုးဧတဒဂ် အရာရသော အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် ဝဋ်ကြွေးဆပ်ပြီးမှ နိဗ္ဗာန်ကူးခဲ့ရသည်။ ဒကာမ ကျင်ရွှေ တင်၏အလုပ်သည် ကုသိုလ်ရပ့်မလား၊ ကြောက်တော့၊ ရပ်တော့"

ဆရာတော်သည် တိုတိုနှင့်လိုရင်း ဟောကြားပေးပြီးနောက် ကိုကောင်းစံ တို့အိမ်သို့မကြွပါ။

❑

ဘုံကျောင်းဆရာတော်၏တရားကို နားမဝင်နိုင်ရှာသော မကျင်ရွှေတင်သည် တစ်ခုသောညဥ့်လယ်ယံတွင် ထူးခြား သောအိပ်မက်ကိုမြင်မက်လေ၏။

သူမကို ဦးချိုနှင့်လူမည်းမည်းကြီး များလာခေါ်သည်ဟု အိပ်မက်မက်ပါ သည်။ သံဆူးများပါသော တင်းပုတ်၊ ခက်ရင်းခွကဲ့သို့သော ချွန်ထက်သည့် လက်နက်ကြီးများ ကိုင်ဆောင်ထားကြ ပါသည်။ သူမ ထိုအိပ်မက်အကြောင်းကို ဆရာတော်အား လျှောက်ထားလို၍ ဘုံကျောင်းဘုန်းတော်ကြီးကျောင်းဆီသို့ ထွက်လာခဲ့ပါသည်။ ကျောင်းသို့ရောက် သော် ဆရာတော်အား လက်အုပ်ချီမိုး၍ ဦးသုံးကြိမ်ချကာ ရှိုရှိုသေသေ ကန်တော့ ပါသည်။

"အရှင်ဘုရား၊ ဘုရားတပည့် တော်မ ထူးဆန်းတဲ့အိပ်မက်မက်လို့ပါ ဘုရား"

"အိမ်း-ဘာတွေမက်တုံး ဒကာမ ကြီး"

"တပည့်တော်မ အိပ်ပျော်နေစဉ် မှာ ဦးချိုပါတဲ့ လူမည်းမည်းကြီးတွေ ရောက်လာကြပါတယ်ဘုရား။ သူတို့ လက်ထဲမှာလည်း ဆူးချွန်တင်းပုတ်၊ ချွန် ထက်တဲ့ခက်ရင်းခွကြီးတွေကိုင်ဆောင် ထားကြပါတယ် ဘုရား။ သူတို့တစ်တွေ တပည့်တော်မကို အတင်းဆွဲခေါ်နေ တုန်းမှာ တပည့်တော်မ လန့်နိုးလာပါ တယ်ဘုရား။ သူတို့ရဲ့ကြမ်းကြမ်းတမ်း တမ်း ဆွဲခေါ်ခံရလို့ တပည့်တော်မလက် မောင်းတွေတောင် နာနေပါတယ်။ အဲဒါ ဘုရားတပည့်တော်မ ဘာဖြစ်နိုင်သလဲ သိချင်လို့ အရှင်ဘုရားမိန့်ကြားပေးတော် မူပါ"

မကျင်ရွှေတင်သည် ဆရာတော် ကို ပြည့်စုံစွာလျှောက်ကြားပြီး သူမသိလို သည်ကို ဆရာတော်အား တစ်ဆက် တည်း မေးလျှောက်လိုက်ပါ၏။

ဆရာတော်မှ တိုတိုနှင့်လိုရင်းကို သာ မိန့်ကြားတော်မူသည်မှာ -

"ဒကာမကြီးရဲ့အကုသိုလ်အလုပ် တွေရပ်တော့"

ဟု ဆုံးမဟောပြောလိုက်ပါ၏။

မကျင်ရွှေတင်သည် လောဘဇော မွှန်ထူနေလေရကား ဆရာတော်ကြီး၏ ဆိုဆုံးမမှုကို မနာခံ။ သူမ၏လုပ်ငန်းကြီး ကိုသာ ဆက်လက် ဆောင်ရွက်နေပါ သည်။

တစ်ညသဉ္ဇ -

"အား-အမလေး၊ ကိုကောင်းစံ ကျွန်မကိုဆွဲတယ်"

"ဟဟ - ငါမဆွဲပါဘူး"

"မဟုတ်ဘူး၊ လက်ကြီးနှစ်ဖက် ကျွန်မကိုဆွဲနေတယ်။ လုပ်ပါဦး ကိုကောင်းစံ"

"ဘယ်မလဲ၊ ဘယ်မှာလဲ"

"ဟောဒီ . . . ဟာ - မရှိတော့ဘူး၊ မတွေ့တော့ဘူး ကိုကောင်းစံ"

"မင်းစိတ်စွဲလို့နေမှာပါ မိန်းမရယ်၊ အိပ် အိပ်"

"ကြောက်တယ်၊ ကြောက်တယ်"

ဘဝ၏အဖြစ်အပျက်၊ အကုသိုလ်၊ ကုသိုလ်တို့၏အကျိုးပေးကို နားမလည် နိုင်ရှာသေးသော သားလေးနှင့်သမီးငယ် တို့မှာ မိခင်၏အဖြစ်ကို စိုးစဉ်းမျှသိပုံ မပေါ်။ အပူအပင်ကင်းမဲ့စွာဖြင့်တရှုးရှူး အိပ်မောကျလျက်။

ဦးချိုနှင့်လူမည်းမည်းကြီးများအိပ် မက်မက်ပြီးနောက်ပိုင်း မကျင်ရွှေတင် အိပ်နေသည့်အခါတိုင်း အမွေးရှည်ရှည် လက်ကြီးနှစ်ဖက်က သူမကိုလာဆွဲနေ ကြလေတော့သည်။ မကျင်ရွှေတင်သည် ထိုအမွေးရှည်ရှည်လက်ကြီးနှစ်ဖက်ကို သူမကိုယ်တိုင် မြင်တွေ့နေရသည်ဖြစ် လေရာ ကြောက်ရွံ့တုန်လှုပ်လာတော့ သည်။ မကျင်ရွှေတင်သည် ဘုံကျောင်း ဆရာတော်ကို မေ့မထားပါ။ သူမလက် ရှိကြုံတွေ့နေရသည်ကို ဆရာတော်ကြီး အား သွားရောက် လျှောက်ထားပြန် လေ၏။

"ဆရာတော်ဘုရား ဆရာတော် ဘုရား၊ တပည့်တော်မ လျှောက်ထား စရာရှိလို့ပါဘုရား"

"ဟဲ့-ကျင်ရွှေတင်၊ဘာဖြစ်လာပြန် တာတုံး၊ နှင့်ကြည့်ရတာ အထိတ်တလန့် နဲ့ပါလား"

"ဘုရားတပည့်တော်မ ကြောက် လွန်းလို့ ဆရာတော့်ခြေရင်းရောက်လာ ရတာပါဘုရား"

"ဒကာမကြီးကြောက်တယ်ဆိုတာ ဘာကိုပြောတာတုံး"

ဆရာတော်၏စိတ်ထဲမှာ မကျင် ရွှေတင်ကြောက်လို့ပါဆိုတာ သူမ၏ အကုသိုလ်လုပ်ငန်းကို ကြောက်တတ် လာပြီဟု ထင်မိလေ၏။ မကျင်ရွှေတင် သည် ဆရာတော်ကြီးအားလျှောက်ထား လိုက်သည်မှာ -

"တပည့်တော်မ ညညအိပ်တဲ့ အခါတိုင်း အမွေးရှည်နဲ့လက်ကြီးက တပည့်တော်မကို လာလာဆွဲနေလို့ပါ ဘုရား"

မကျင်ရွှေတင်၏ လျှောက်ထား လာသောစကားကို ကြားလိုက်ရသော ဘုံကျောင်းဆရာတော်သည် မကျင်ရွှေ တင်အတွက် စိုးရိမ်ထိတ်လန့်မိတော့၏။ ဆရာတော်၏စိတ်အတွင်း၌ ဘုရား[illegible] လိုက်ပါ၏။ မကျင်ရွှေတင်ကိုယ်[illegible] တုန်လှုပ်မိတော့သည်။ ဆရာတော်[illegible] လိုက်ပါပြီ။ မကျင်ရွှေတင်အဖို့ အခြေ[illegible] အနေ အနုတ်လက္ခဏာပြလေပြီကော[illegible]

ဆရာတော်ကြီးက စိတ်မကောင်း စွာဖြင့်-

"ဒကာမကြီးမရွှေတင်ရဲ့ နောက် ဆုံးအချိန်ပဲ၊ ရပ်တော့"

ဟု ခပ်တိုတိုသတိပေးလိုက်တော့ ၏။

မကျင်ရွှေတင်အား လောဘ ဒေါသ၊ မောဟတို့က ဖိစီးနှိပ်စက်သေး ရာ မကျင်ရွှေတင်သည် အမှန်တကယ် ကြောက်ရမည်ကိုပင် ကြောက်ရကောင်း မှန်း လုံးဝ (လုံးဝ) မသိတော့။ အဆုံး အထိသွားတော့မည်ဟု စိတ်ပိုင်းဖြတ် ထားပုံရပါ၏။ ဆရာတော်ကြီးက လမ်း ကြောင်းတည့် သတိပေးသည်ကို မလိုက် နာနိုင်ဘဲ ကွေ့ရှောင်လိုက်ပါ၏။ သူမ၏ ကြီးပွားနေသောစီးပွားရေးလုပ်ငန်းကြီး ကို လုံးဝမရပ်တော့ပါ။ ရှေ့သို့သာ[illegible] နှင့်ချီတက်လေသတည်း။

ဘုံကျောင်းဆရာတော်ကြီးနေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆုံးသတ်ပေးပြီး (၃)လကြာပြီးနောက် -

မကျင်ရွှေတင်သည် သူ၏နေ့စဉ်လုပ်ငန်းဖြစ်သော ဘဲအရောင်းအဝယ်ပစ္စည်းစာရင်း၊ ငွေစာရင်းတို့ကို သူမကိုယ်တိုင်စာရင်းကိုင်၏။ အခြားတစ်စုံတစ်ယောက်ကို စိတ်ချလက်ချ မျက်နှာလွှဲထားခြင်းမရှိပါ။ သူတစ်ပါးကို စိတ်မချသော မကျင်ရွှေတင်၏အကျင့်တစ်ခုဖြစ်ပါ၏။ သူမသည် စာရင်းဇယားကိုအသေးစိတ်စစ်ဆေးပြီးသည်နှင့် မိသားစုထမင်းဝိုင်းစတင်လိုက်ပါ၏။ထိုမိသားစုထမင်းဝိုင်းသည် မကျင်ရွှေတင်၏နောက်ဆုံးထမင်းပွဲဖြစ်လေမလား။

မကျင်ရွှေတင်သည် မိသားစုနှင့်အတူ ညစာကို ပျော်ရွှင်စွာ အတူတကွလက်ဆုံစားသောက်ပြီးနောက် ညအိပ်ရာဝင်ခဲ့ပါ၏။ မကျင်ရွှေတင်သည် ထိုညတစ်ညလုံး ကောင်းမွန်စွာ အိပ်စက်ခဲ့ရပါသည်။ နံနက်မိုးသောက်အလင်းရောက်သော်-

နံနက်လင်းသောအခါတွင်ကား မကျင်ရွှေတင်၏ အကုသိုလ်အကျိုးစတင်ခံစားလိုက်ရပါတော့၏။ သူမသည် အိပ်ရာမှမထနိုင်ရှာတော့ပါတကား။ သူမသည် အိပ်ရာမှထရန်ကြိုးစားပါသော်လည်း မလှုပ်ရှားနိုင်တော့ဘဲ ဝူးဝူးဝါးဝါး အော်နေရရှာလေ၏။ ဝူးဝါးဆက်တိုက်အော်နေရင်း သူမ၏စကားလုံးများ ဝူးဝူးဝါးဝါးပင် အသံမထွက်နိုင်ရှာတော့ပေ။ သူမ၏နှုတ်ဖျားမှ မည်သည့်စကားလုံးမျှမထွက်လာတော့ဘဲ လည်ချောင်းကွဲရှသံ ရှဲရှဲရှဲရှဲဟုသာမြည်လေ၏။ သူမ၏လက်နှင့် ခြေထောက်တို့သည် သူမဘဲသတ်ခဲ့စဉ်တုန်းကလိုမျိုး လက်နှစ်ဖက်သည် တောင်ပံရိုက်နေသည့်နှယ် ရိုက်ခတ်လျက် ခြေထောက်တို့မှာ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ အကြောဆွဲလေ၏။

ကိုကောင်းစံသည် သူ၏မိန်းမတွင်ဖြစ်နေသောရောဂါဆိုးကြီးပျောက်ကင်းစေရန် အထူးကြိုးစားပေးပါ၏။ မြို့ထဲမှ [illegible]ခ အကြမ်းဆုံး အတော်ဆုံး ဆရာဝန်မကြီးကို အိမ်သို့ပင့်ကာ ကုသပေးစေ၏။

ဆရာဝန်မကြီး၏ အမည်မှာ ဒေါက်တာဂျူလီယာစီစီနားဖြစ်ပါသည်။ သူမသည် အင်္ဂလိပ်-အိန္ဒိယကပြား အိန္ဒိယနိုင်ငံဖွား ဖြစ်သည်။ သူမကို အိန္ဒိယနိုင်ငံအစိုးရ၏သဘောတူညီမှုဖြင့် စာချုပ်ချုပ်ဆိုကာ အိန္ဒိယနိုင်ငံမှ ငှားရမ်းထားသော ဆရာဝန်မကြီး ဖြစ်ပါသည်။

'သမားဆို အိုမှ' ဆိုသည့်အတိုင်း ဒေါက်တာမကြီး၏အသက်သည် (၅၅) နှစ်ပြည့်တော့မည်ဖြစ်ပါ၏။ ဝါးခယ်မမြို့လူထုကြီးသည် အစိုးရမင်းများကို အထူးကျေးဇူးတင်ရှိကြလေ၏။ ဒေါက်တာဂျူလီယာစီစီနားသည် ဆေးကုသရာတွင် အထူးကျွမ်းကျင်လေ၏။ အဖိတ်အစဉ်နည်းပါး၏။ ဝဋ်နာကံနာနှင့် ပယောဂမကင်းသောလူနာများမှလွဲ၍ နိုင်နင်းကျွမ်းကျင်သော နားလည်တတ်ကျွမ်းသော ထူးချွန်ထက်မြက်သည့် ဆရာဝန်ကောင်းတစ်ဦးဖြစ်တော့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်၌ ဆရာဝန်ငှားရမ်းစာချုပ်သက်တမ်းစေ့မြောက်လေ၏။

၁၉၄၈ ခု၊ စက်တင်ဘာ ၃၁ ရက်နေ့တွင် ဒေါက်တာ ဂျူလီယာစီစီနား အိန္ဒိယနိုင်ငံသို့ပြန်လေ၏။ ဝါးခယ်မမြို့သူမြို့သားများ မြန်မာနိုင်ငံလွတ်လပ်ရေးရ၍ ဝမ်းသာပျော်ရွှင်ကြသော်လည်း ဆရာဝန်မကြီး ပြန်သွားသည့်အတွက် ဝမ်းနည်းကြရပါ၏။ ဝါးခယ်မမြို့သူမြို့သားများ ဒေါက်တာဂျူလီယာစီစီနားကို မမေ့နိုင်ကြ။ သူမကို ထမ်းတနေကြဆဲ။

ဆရာဝန်မကြီးသည် မကျင်ရွှေတင်ကို နောက်ဆုံးပေါ်အကောင်းစားဆေးများဖြင့် ကုသပေးပါ၏။ မကျင်ရွှေတင်၏ရောဂါမပျောက်ကင်းချေ။ ရောဂါတိုးသထက်တိုးလာပါသည်။ မကျင်ရွှေတင် အခြေအနေဆိုးလာပါ၏။

အိမ်နီးချင်းဖြစ်သူ မစောလှသည် ပယောဂဆရာနှင့်ကုသရန် ကိုကောင်းစံကို အကြံပေးကူညီ၏။ ဈေးထဲမှ မကျင်ရွှေတင်၏ အရင်းနီးဆုံးဈေးသည် မဒါဆယ်ကလည်း အကြားအမြင်ဆရာကြီးထံ မကျင်ရွှေတင်၏အဖြစ်အပျက်ကို ပြောပြပြီး ဆရာကြီးညွှန်ကြားလိုက်သည်တို့ကို ကိုကောင်းစံ၏ ခွင့်ပြုချက်ဖြင့် ကူညီဆောင်ရွက်ပေးရှာပါသည်။

မကျင်ရွှေတင်သည် ထိုရောဂါဆိုးကြီး၏ အဖြစ်ဆိုးကြီးကို သုံး၊ လေးလမျှ ဒုက္ခကြီးမားစွာ ခံစားရရှာလေ၏။ မကျင်ရွှေတင်၏ရောဂါသည် သွေးရိုးသားရိုးဖြစ်သော်လည်း သူမ၏ အကုသိုလ်အတွက်ဝင့်လိုက်ခြင်းဖြစ်ပါ၏။ ပယောဂကပ်ရားနှောင့်ယှက်ခံရခြင်းလည်းမဟုတ်ပါလေ။ ဘယ်သူမပြုမိမိမှု ကိုယ်ပြုသည့်ကံ ကိုယ်သာခံရခြင်း ဖြစ်ပါတော့သည်။ မကျင်ရွှေတင်အား အကုသိုလ်အကျိုးပေးချိန် သက်ရောက်ခဲ့ပြီ။ သူမ၏ရောဂါကို ခေတ်သိပ္ပံပညာတတ်ဆရာဝန်အနေဖြင့်လည်း ကုသ၍မရနိုင်တော့ပါ။ သူမ၏ရောဂါနှင့် ပယောဂကုဆရာအတတ်ပညာနှင့်လည်း အပ်စပ်ခြင်းမရှိပါ။

မကျင်ရွှေတင်သည် သူ့ယောကျ်ား စားပါစေဆိုသောစေတနာ၊ သူ့သားငယ်နှင့် သမီးလေးတို့ စားကြစေလိုသော မိခင်မေတ္တာ၊ မိသားစုဘဝကြီးပွားချမ်းသာတိုးတက်စေလိုသော လောဘဇောစိတ်ဓာတ်တို့ ရောမွှေကာ အကုသိုလ်ချောက်ကမ်းပါးထဲသို့ လိမ့်ကျရရှာ၏။ အကုသိုလ် အကျိုးပေးချိန်တန်ပြီဖြစ်၍ မကျင်ရွှေတင်သည် သူမချစ်သောမိသားစုကို ကျောခိုင်းထွက်ခွာသွားပါတော့သည်။ သားလေးနှင့် သမီးငယ်တို့ ဝမ်းပန်းတနည်း ငိုကြွေးကြရှာသည်။

"မေမေကြီးရယ်၊ အဖြစ်ဆိုးလှချေလားဗျ အီးဟီးဟီး. . ."

"မေမေ၊ မေမေ. . မီးမီးတို့ကိုချစ်တယ်ဆို။ ထပါဦး မေမေရဲ့။ ဖေဖေ၊ ဖေဖေ. . မေမေ့ကိုခေါ် ပေးပါဦး။ မေမေ့ကိုခေါ်လို့မရတော့ဘူး ဖေဖေရဲ့"

သားလေးနှင့် သမီးငယ်လေးတို့သည် ပဋာစာရီလူးသကဲ့သို့ ဖြစ်နေရှာပါသည်။ ကိုကောင်းစံသည် သူ့ဇနီးသည်အတွက် လွန်စွာစိတ်ထိခိုက်ရလေ၏။ သားနှင့်သမီးကိုလည်း သနားသောစိတ်ဖြင့် ကလေးငယ်တို့၏ ပခုံးများကို ဖက်ထားပေးကာ နှစ်သိမ့်ပေးနေရင်း -

"မိန်းမရယ်၊ ဆရာတော်ကြီးရဲ့စကားကိုသာ နားထောင်ခဲ့ရင်. . ."

ကိုကောင်းစံပြောနေသောစကားလုံးများ လည်ချောင်းဝတွင် တစ်ဆို့ကာ ရပ်သွားတော့၏။ ဆက်လက်ပြောကြားလိုသောစကားလုံးများ သူ၏ရင်တွင်း နစ်မြုပ်နေ၏။ ကိုကောင်းစံသည် စကားဆက်မပြောနိုင်တော့ဘဲ ရှိုက်၍ရှိုက်၍ ရင်တွင်းမချိခံစားနေရရှာပါသည်။

ကိုကောင်းစံသည် ဘုံကျောင်းဆရာတော်ကိုပင့်၍ သက်ပျောက်ဆွမ်းကပ်ကာ မကျင်ရွှေတင်အား အမျှပေးဝေပါသည်။ ကိုကောင်းစံ၏ ရင်ထဲမှာ မကျင်ရွှေတင် ငရဲမကျစေကြောင်း ရင်တထိတ်ထိတ်ဖြင့် ဆုတောင်းပေးရှာလေသည်။

❑

မကျင်ရွှေတင် ကွယ်လွန်ပြီး (၇) ရက်မြောက်နေ့တွင် ရက်လည်ဆွမ်းသွတ်ပါသည်။ ထိုရက်လည်ဆွမ်းကျွေးသို့



www.burmeseclassic.com

www.burmeseclassic.com

မကျင်ရွှေတင်၏ မိတ်ဆွေ ဈေးထဲမှ မဒါဆယ်တရားနာရန် ကိုကောင်းစံတို့ အိမ်သို့ရောက်လာခဲ့ပါသည်။ မဒါဆယ်လည်း ဈေးသည်တစ်ယောက် ဖြစ်ပါသည်။ မဒါဆယ်သည် သူမငယ်စဉ်က စာမသင်ခဲ့ရ၍ ဗျည်းအက္ခရာ နကန်းတစ်လုံးမျှ မတတ်ရှာပါ။ အရောင်းအဝယ်အတွက်အချက်များကို မကျင်ရွှေတင်၏အကူအညီဖြင့် ဈေးရောင်းချဝမ်းစာရှာခဲ့ရပါသည်။ မကျင်ရွှေတင်၏ ကျေးဇူးများ မဒါဆယ်အပေါ် တင်ရှိနေပါသည်။ မဒါဆယ်သည် ကျေးဇူးသိတတ်သူဖြစ်ခြင်းကြောင့် မကျင်ရွှေတင်၏ဈာပနတွင် မနားမနေ ဝိုင်းဝန်းကူညီပေးပါသည်။

မကျင်ရွှေတင်၏ရက်လည်နေ့တွင်လည်း ကိုကောင်းစံအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားနာရန်နှင့် ကူညီလုပ်ကိုင်ပေးရန် မဒါဆယ် ရောက်ရှိလာခြင်းဖြစ်ပါ၏။

"မဒါဆယ်၊ ခုလိုလာပေးတာ ကျေးဇူးပါပဲဗျာ"

"မဟုတ်တာ ကိုကောင်းစံရယ်၊ မကျင်ရွှေတင်ဆိုတာ. . . ဝူး. . . ဝိုး. . ဝါး. . ."

မဒါဆယ်ဆက်လက်စကားမပြောနိုင်တော့ဘဲ သူမ၏ခန္ဓာကိုယ်တုန်နေလေ၏။ သူမ၏လည်ချောင်းမှ ရှဲရှဲရှဲရှဲ မြည်နေပါသည်။ သူမ၏လက်နှစ်ချောင်းမှာလည်း ဘဲတောင်ပံရိုက်သကဲ့သို့ဖြစ်နေ၏။ သူမ၏ပါးစပ်မှာ စကားပြောရန် ကြိုးစားနေသည်။ စကားပြောကြည့်ရာ မရတော့ဘဲ မဒါဆယ်သည် သူမ၏ ဘယ်ဘက်လက်ဝါးကိုထောင်ကာ ညာလက်ဖြင့် ဝိုက်ချရေးနေသကဲ့သို့ ပြုမူနေ၏။ ကိုကောင်းစံ သတိပြုမိသည်မှာ မဒါဆယ်ပြုမူနေပုံသည် စာရွက်ပေါ် စာရေးသည်နှင့်တူနေပါသည်။ ကိုကောင်းစံသည် သူ၏စိတ်ကူးရသည့်အတိုင်း အနီးရှိလွယ်အိတ်ထဲမှ ဗလာစာအုပ်နှင့်ခဲတံကိုယူ၍ မဒါဆယ်အား ပေးလိုက်တော့သည်။

ကိုကောင်းစံ စိတ်ကူးကောင်းပါသည်။ သူစိတ်ကူးသည့်အတိုင်း မှန်ကန်သွားကြောင်း တွေ့ရှိလိုက်ရပါ၏။ မဒါဆယ်သည် ကိုကောင်းစံပေးသော ဗလာစာအုပ်ပေါ်မှာ ခဲတံဖြင့် ညီညာသော စာလုံးများကိုရေးနေပြီ ဖြစ်ပါသည်။ ကိုကောင်းစံ မျက်လုံးပြူးကာ မဒါဆယ်အား ကြည့်မိလေ၏။ ကိုကောင်းစံ အံ့အားသင့်ရလေပြီကော။ မဒါဆယ် စာမတတ်ကြောင်း သူကောင်းကောင်း သိထားပါ၏။ မဒါဆယ် ရေးသားသော စာသားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"ကျွန်မ ကျင်ရွှေတင်။ ကိုကောင်းစံ အမျှပေးဝေတာကို ရပါတယ်။ သာဓု မခေါ်နိုင်ပါ။ အခု ကျွန်မကို သက်ဆိုင်ရာက လာခေါ်နေပြီဖြစ်၍ လိုက်ရပါတော့မယ်။ ကိုကောင်းစံ၊ အကုသိုလ်အလုပ်ကို ရပ်ပါတော့။ ဆရာတော့်ကို လျှောက်ထားလိုက်ပါ"

အထက်ပါစာကိုရေးပြီးသည်နှင့် မဒါဆယ်ကို ဝင်ပူးနေသော မကျင်ရွှေတင်၏ဝိညာဉ် ထွက်ခွာသွားပါသည်။

ကိုကောင်းစံသည် မကျင်ရွှေတင်၏စာကို ဖတ်ရသောအခါ ကိုယ်တွေ့ခံစားရချက်များဖြစ်သောကြောင့် ကြောက်ရွံ့တုန်လှုပ်သွားပါတော့၏။ စာအရ မကျင်ရွှေတင်အသိတရားရသွားကြောင်း ဖော်ပြနေပါသည်။ ကိုကောင်းစံသည် အချိန်မဆိုင်းဘဲ မကျင်ရွှေတင်ရေးသော စာကိုယူကာ ဘုံကျောင်းဘုန်းကြီးကျောင်းသို့ မပြေးရုံတစ်မည်ထွက်လာခဲ့၏။မကျင်ရွှေတင်၏စာကို ဆရာတော်အား ပြသလျှောက်ထားရန် ဖြစ်၏။

ကိုကောင်းစံ ကျောင်းပေါ်သို့ ရောက်ရှိသောအခါ ဆရာတော်ဘုရား ဝတ်ပြုနေသည်ကိုတွေ့ရ၏။ ကိုကောင်းစံ ခေတ္တထိုင်စောင့်လိုက်ပါသည်။ ဆရာတော်ဘုရားဝတ်ပြုပြီးနောက် ကိုကောင်းစံဘက်သို့ ပြန်လှည့်လိုက်သည်နှင့် ကိုကောင်းစံက အမောတကောလျှောက်ထားလေ၏။

"ဆရာတော်ဘုရား၊ ကျင်ရွှေတင် စာရေးပြလို့ ဆရာတော်ဘုရားကို လာပြတာပါ ဘုရား"

"ဟေ"

ဆရာတော် အံ့အားသင့်ကာ -

"ဘာတဲ့လဲ ဒကာကြီး၊ သူက ဘယ်လိုရေးပြတာလဲ"

ကိုကောင်းစံက မကျင်ရွှေတင်သည် မဒါဆယ်ကို ဝင်ပူးကာ စာရေးခဲ့သည်ကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်၏။

ဆရာတော်က -

"သူ့ဝဋ်ကြွေးတွေသူခံရတော့မယ်။ အခု သေခါနီးမှာ သံဃာတည်းဟူသော ဆရာတော်ကို သတိရခြင်း၊ အကုသိုလ်အလုပ်ကို ကြောက်ရွံ့ခြင်း စတဲ့ အသိတရားရသွားတဲ့ ကုသိုလ်လေးကြောင့် သူ့ဘဝအတွက် စိတ်သက်သာစရာအကြောင်းလေးတော့ ရှိတယ်လို့ဆိုရမယ်"

မကျင်ရွှေတင် ရှေ့လျှောက်ဘာဖြစ်မည်ကို ဆရာတော်က မပြောတော့ပေ။

"ဒကာကြီးလည်းရပ်တော့"

ဟု မိန့်ကြားလိုက်ပါသည်။

မကျင်ရွှေတင်ကို လောကီချမ်းသာမဟုတ်သော လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အဝိဇ္ဇာကတိုက်တွန်းနေသည်။ အဝိဇ္ဇာတည်းဟူသော အကုသိုလ်တရား အမှောင်ကျသွားသောကြောင့် မကျင်ရွှေတင်၏ ဘဝနိဂုံးချုပ်လေသည်။

ဤသို့ အရေးကြီးသောသင်ခန်းစာမှာ အကုသိုလ်လုပ်မိလျှင် မတိုးပွားအောင် တိုတိုနှင့်ဖြတ်။ ကံမရင့်ကျက်နိုင်၍ (အားမကောင်း၍) အကျိုးမပေးနိုင်တော့ဘဲ အဟောသိကံဖြစ်သွားလိမ့်မည်။ ကုသိုလ်ကောင်းမှုလုပ်ပြီးလျှင် အထပ်ထပ်ပွားအောင် အားအင်ပေးသို့မှသာ စွမ်းရည်တိုးတက်ရင့်ကျက်လာပြီး ကောင်းကျိုးပေးမည်။

အင်အားကြီးလှသည့် ကုသိုလ်ကံသည် အကုသိုလ်အစွမ်းကို တစ်ခါတည်းဖြတ်ချတတ်၏။ အားကြီးသော အကုသိုလ်ကံကလည်း အားပျော့သော ကုသိုလ်ကံသတ္တိစွမ်းရည်ကို ပယ်ဖျက်နိုင်သည်။

ယခု မကျင်ရွှေတင်၏အဖြစ်မှာ သူတစ်ပါးအသက်ကိုသတ်သော အကုသိုလ်ကိုပြုကျင့်မိရင်းပြုကျင့်နေလေ၏။ ရံဖန်ရံခါပြုလုပ်သော ဒါနကံ၏အစွမ်း ကုသိုလ်အင်အားသည် သေးငယ်လှတော့သည်။ သို့ဖြစ်၍ သူမသည် အကုသိုလ်ထဲမှ ရုန်းမထွက်နိုင်ရှာတော့ဘဲ အကုသိုလ်တစ်သက်တစ်ကျွန်းကျခံသွားရရှာလေသည်တကား။

*အကုသိုလ်အကြိုက်-ဝိပါက်လိုက်မည်*
*ငရဲပြည်မှာခံရမည်သိ*
*ယုံကြည်ရှောင်ရှား-တရားနှင့်ပျော်ပါး*
*ချမ်းသာသုခ - သိန္တိအေးရာ*
*နိဗ္ဗာန်ရွာသို့ - လားရာဂတိ*
*ကျင့်ကြံရာ၏ - မြတ်ပါ၏။*

*ဘဝတုသဇ္ဇမင်္ဂလာ*

အောင်မြင့်ထွန်း(မသုံးဆယ်)




www.burmeseclassic.com

www.burmeseclassic.com

ပြောစည်းတီးပြီးဘုန်းကြီးပေးရအောင်

# ခေါင်းလောင်းစမအဆောင်

ဘုန်းခေါင်



ယာဘ် ခေါ် စဗေဝ ခေါင်းလောင်းစမ

တနင်္ဂနွေနေ့။

တိတိကျကျ တင်ပြရပါလျှင် ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် (ကောဇာနှစ် ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်) နေ့က ဖြစ်ပါသည်။ တပေါင်းလဆန်း ၁၅ ရက် တပေါင်းလပြည့်နေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်ပါသည်။ ထိုလပြည့်နေ့ကိုပင် ဝိဇ္ဇာမရဂ္ဂိနယ်မှာ လျှောက်လှမ်းနေကြသူများက ဆရာသခင်များနေ့ဟု အထူးပြုထားသောနေ့ထူးလည်းဖြစ်ပါသည်။

လပြည့်၏သဘောသဘာဝသည် အေးမြသော အလင်းဓာတ်ကို အပြည့်ဝပေးသောဂုဏ်အထူးရှိသည့်နေ့ ဖြစ်သည်။ ထိုလပြည့်နေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်နေသောကြောင့်ပိုထူးနေပြန်ပါသည်။

ဗုဒ္ဓဟူးသည် အင်္ဂလက်ခွင်တွင် တနင်္ဂနွေမှအစပြုပြီး ရာဟုတိုင်အောင်ပင် ဂြိုဟ်ကြီးရှစ်လုံးတို့၏ အဝင်နှင့်အဆုံးသတ်တို့သည် မိမိတို့၏ ဂြိုဟ်သက်အတိုင်းလက်ဝဲ၊ လက်ယာလှည့်ကြည့်ပါက ဗုဒ္ဓဟူးတွင်ဆုံးနေခြင်းကပင် အထူးပြုနေခြင်းကို တွေ့ရပါသည်။

ထိုလပြည့်နေ့ကိုပင် ဝိဇ္ဇာမရဂ္ဂိရပညာနယ်မှာ ဆရာသခင်များနေ့ဂုဏ်အထူးပြုထားသောနေ့ ဖြစ်နေခြင်းတို့ကြောင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့နှင့်ပြည့်စုံနေသော တပေါင်းလပြည့်ဟုပင် ခေါ်ဆိုထိုက်ပါသည်။

ကောဇာနှစ်ကလည်း ၁၃၇၆ခုနှစ်ဖြစ်၍ ဂမ္ဘီရသဘောထားအရဆိုလျှင် အောင်စည်တီးသူများနှစ် သို့တည်းမဟုတ် အစွမ်းထက်သူများ၏နှစ်ဟုဆိုပါသည်။

ကျွန်ုပ်အနေဖြင့် ဦးစွာပထမ တပေါင်းလပြည့်၏ ဂုဏ်အထူးကို ဖော်ကျူးရသည်ကို ရှင်းပြချင်ပါသည်။ ကျွန်ုပ်တို့၏ ရှေးရှေးက သူဟောင်းကြီးများ ထားရစ်ခဲ့သောစကားတို တင်ပြရန်လိုလာပါသည်။ ရှေးကသူဟောင်းကြီးများ၏ စကားသည် ။ ရတနာရှိရာ ရတနာလာဟု အဆိုထားသလို ။ သိဒ္ဓိရှိရာ သိဒ္ဓိလာနေခြင်းကြောင့် ဖြစ်ပါတော့သည်။

အထက်တွင် တင်ပြခဲ့ပြီးသော တပေါင်းလဆန်း ၅ ရက်သည် တနင်္ဂနွေနေ့ဖြစ်သောကြောင့်ဟု ဆိုချင်ပါသည်။

အကြောင်းရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့ကို နက္ခတ်၏ စင်ကြယ်မှု စစ်ဆေးကြည့်ပါလျှင် ထိုနေ့သည် 'ဝရသိဒ္ဓိ' ခပါဒ်နက္ခတ်နှင့်ကြုံနေခြင်းပင် ဖြစ်ပါသည်။

သို့ဆိုပါလျှင် -

သုံးမည်ရသော လပြည့်နေ့ဖြစ်၍လည်း အပြည့်အဝသိဒ္ဓိထူးရှိခြင်း၊ ဗုဒ္ဓဟူးနေ့ဖြစ်၍လည်း ဂြိုဟ်ကြီးရှစ်လုံး၏ အဝင်၊ အထွက်သိမ်းခြင်းသိဒ္ဓိထူးရှိခြင်း၊ ဆရာသခင်များနေ့ဖြစ်ခြင်းတို့ကို နက္ခတ်များ၏စင်ကြယ်ပုံကို ပြန်လည်စစ်ဆေးကြည့်သောအခါတွင် တပေါင်းလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့သည် ဒလာဘစုတ်ကြီးရသည့် အဝင်နက္ခတ်ကောင်းဖြစ်ကြောင်းကိုပါ တွေ့ရပြန်ပါသည်။

လောကီကိစ္စမို့ လောကီနယ်မှ စကားဖြင့် ထပ်လောင်းတင်ပြရမည်ဆိုပါလျှင် နားကွပ်ထားသောရွှေဖလားကို အဖိုးမဖြတ်နိုင်စွမ်းသောရတနာကိုးပါး စီခြယ်ထားသလို အကောင်းတကာတို့တွင် ဦးသျှောင်ဆောင်းထားသောနေ့ထူးနေ့မြတ်ဟုပင် တင်ပြလိုက်ရပါတော့သည်။

ကျွန်ုပ် ရေးသား တင်ပြမည့် အကြောင်းကို ယခုစပါတော့မည်။

တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့က ကျွန်ုပ်ကိုယ်တိုင် ဖိတ်ခေါ်မှာကြားထားခြင်းမရှိသောတပည့်များ စုရုံးရောက်ရှိလာခဲ့ကြပါသည်။ ရောက်လာကြသည့်ကိစ္စကတော့ တပေါင်းလအခါသမယမှာ ကျွန်ုပ်ကို အခါမုန့်များနှင့် မိမိတို့စိတ်အာရုံရှိသော စားဖွယ်သောက်ဖွယ်တို့ဖြင့် လာရောက် ကန်တော့ရန် စုရုံးရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပါသည်။

ကြိုတင်တိုင်ပင်မထားဘဲ တစ်နေ့တည်းမှာပင် လူစုံညီမှုရောက်ရှိနေကြသည့်အတွက် ပျော်ရွှင်နေကြပါသည်။ ကျွန်ုပ် အမြတ်တင်ပြဖော်ပြခဲ့ဖူးသော တပည့် မောင်စောလှမြင့်တစ်ယောက်လည်း အပါအဝင်ဖြစ်ပါသည်။ ကျွန်ုပ် ထပ်ကာထပ်ကာ တင်ပြခဲ့ဖူးသလိုပင် အခုလည်း မောင်စောလှမြင့်ကစပြီး အောက်ပါအတိုင်း ပြောပြပါလေတော့သည်။

"ဆရာ၊ ပြီးခဲ့တဲ့တပို့တွဲလကွယ်ရက်က အဖော်ကောင်းတာနဲ့ အလောင်းတော်ကဿပကို ဖူးရအောင် ရောက်ခဲ့တယ် ဆရာ။ အဇာတသတ်လှူဒါန်းထားတဲ့ ခေါင်းလောင်းကိုတွေ့ခဲ့ရတယ်။ ကျွန်တော်လည်း ဆုမှန်ကောင်းတောင်းပြီး ခေါင်းလောင်းထိုးပြီး ကုသိုလ်အမျှပေးဝေခဲ့သေးတယ် ဆရာ။

အပြန်မှာ စဉ်းစားစရာတစ်ခုဖြစ်လာခဲ့လို့ပါ ဆရာရယ်၊ ဘယ်ခေတ်ကာလကမဆိုပေါ့။ ငွေကြေးတွေလည်း ပြည့်စုံကြွယ်ဝမယ်၊ အလှူဒါနပြုဖို့ စေတနာလည်းကောင်းပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်များက ချမ်းသာမှုကြောင့် ခေါင်းလောင်းလှူပြီး ကုသိုလ်ပြုသလို လိုလားတောင့်တတဲ့ဆုမွန်တွေကို တောင်းဆိုပြီး ခေါင်းလောင်းထိုး ကုသိုလ်အမျှပေးခဲ့ကြဖြစ်မယ်လို့ တွေးမိနေတယ်။

ချမ်းသာလို့ ခေါင်းလောင်းလှူ ခေါင်းလောင်းလှူပြီး တောင်းဆုတွေယူကြ၊ ကုသိုလ်အမျှဝေပေးကြနဲ့ဆိုတော့ လှူလို့လည်းချမ်းသာကြပြီး တောင်းတတိုင်းပြည့်စုံချမ်းသာလာပြန်တယ်ဆိုတော့ အသွား၊ အပြန်ချမ်းသာတွေရကြတယ်လို့ တွေးမိပြန်လို့ပါ ဆရာရယ်။ ဆရာသိသမျှ ရှင်းပြပေးပြီး တစ်ခုတော့ ကျွန်တော်တို့အတွက် ချီးမြှင့်ပါ"

ဟု မရှောင်သာမတိမ်းသာအောင် တောင်းဆိုလိုက်ပါတော့သည်။

ကျွန်ုပ်လည်း မနေသာတော့၍ မည်သည့်အရာဝတ္ထုပစ္စည်းကို လှူလှူပေါ့။ မိမိ၏စေတနာကသာ အရင်းခံဖြစ်လို့ မိမိစေတနာအတိုင်း အကျိုးပေးကြတာပါဟုပင် လိုရင်းတိုရှင်းပြောပြလိုက်ပါသည်။

ကျွန်ုပ်မှာလည်း တပည့်များအတွက်သက်သက်မဟုတ်ဘဲ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်သောခုနစ်နေ့သားခုနစ်နေ့သမီးတို့ အလိုဆန္ဒတူညီကြလျှင်ယူနိုင်ကြရန် ဝိဇ္ဇာဓရေ ဂမ္ဘီရပညာနယ်မှ လွန်စွာရှားပါးလှသော 'လာဘ်ခေါ် စဓဗဓခေါင်းလောင်းစမ' ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ကတိပေးပြောကြားလိုက်ရပါတော့သည်။

ကျွန်ုပ် စိတ်ကူးအခွင့်ကြုံစဉ်မှာ တင်ပြချင်ပါသည်။

ကျွန်ုပ်၏ရှေ့ လမ်းပြသွားခဲ့ကြသော ဆရာကြီးများ၏နှုတ်စကားကို နားမှာစွဲနေပါသည်။

ဆရာကြီးများက-

'စာဖတ်သူများကို မလေးမစားမရေးသားနဲ့။ စာဖတ်တဲ့သူတွေက ကိုယ့်ထက်ပိုသိတယ်၊ တတ်တယ်'

ဟု ဆုံးမခဲ့ပါသည်။

နောက် ကျွန်ုပ်ထက် တတ်သိကြသော ပုဂ္ဂိုလ်များ၊ ပညာရှင်များကို လေးစားပါသည်။

ကျွန်ုပ်၏စေတနာအမှန်က ယခုမှ လေ့လာကြသည့် ငယ်ရွယ်သူများ ဝါသနာရှင်များ နောက် ကျွန်ုပ်၏စာကိုဖတ်သူ (စာချစ်သူ) မိတ်ဆွေများအတွက် ကျွန်ုပ်သိခဲ့သမျှလက်တစ်ကမ်းအလို တင်ပြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်ရေးသားသောစာများကို အမြဖတ်ရှုပေးကြသူ သူရဋ္ဌမဂ္ဂဇင်းကြီး၏ပရိသတ်များ၊ ကျွန်ုပ်ရေးသား၍ ကျင့်စဉ်များကို ကျင့်ကြံကြသော စာချစ်သူ မိတ်ဆွေများကို ကျေးဇူးတင်ပါသည်။

မပြောမဖြစ် ပြောလည်းပြော ရေးလည်းရေးသားရမည့် သူရဋ္ဌမဂ္ဂဇင်းကြီး၏ စာတည်းချုပ်ကို အမှူးထား၍ အယ်ဒီတာအဖွဲ့နှင့် မဂ္ဂဇင်းတစ်ဖွဲ့သားလုံးကို ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

ကျွန်ုပ် ယခုတင်ပြသည့် ဓ စဓဗ ခေါင်းလောင်းစမသည် သိဒ္ဓိအထူးရှိပါသည်။ အတိတ်ကို မတောင့်တဘဲ ပစ္စုပ္ပန်အလုပ်ကိုကြိုးစားခြင်းဖြင့် ဒိဋ္ဌအောင်မြင်မည်ဖြစ်ပါသည်။ အောင်မြင်မှုပမာဏကိုတော့ အတိအကျပြောရန် လွန်စွာခက်ခဲလှပါသည်။

မိမိ၏သီလအား၊ စရဏအားများအရ အကျိုးပေးကွာခြားမည်မှာ မုချဖြစ်ပါသည်။ နှစ်တစ်ရာကျော်က ဆရာသခင်များ စီမံထားရစ်ခဲ့သောပညာရပ်ဖြစ်၍ တန်ဖိုးမဖြတ်သင့်၊ တန်ဖိုးမသတ်မှတ် သင့်ပါ။

ဆောင်သူ အမျိုးကောင်းသား အမျိုးကောင်းသမီး ခုနစ်ရက်သားသမီးတို့၏ပါရမီအားသည် မည်သူမျှ ခန့်မှန်းနိုင်စွမ်းမရှိပါ။ (မြတ်စွာဘုရားသခင်နှင့် အရိယာကြီးများ၊ ရှာန်ရသူတော်စင်ကြီးများ၏အရာသာ ဖြစ်ပါသည်။)

နှစ်သက်၍ ကျင့်ကြံခြင်း၊ ဆောင်ရွက်ကြခြင်းဖြင့် အကျိုးတော့မယုတ်ပါ။ တစ်စုံတစ်ခုသောအကျိုးပေးရလဒ်များကို မုချရမည်ဟု တင်ပြလိုပါသည်။

(ကျွန်ုပ် ရေးသားခဲ့သော ကျင့်စဉ်များမှ ဒိဋ္ဌအကျိုးရ၍ ယခုတော့ ဖုန်းဖြင့်ဆက်သွယ်ကြသူ စာဖတ်ပရိသတ်များ အထင်အရှားရှိပါသည်။ ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါ၏။)

## ဓ ခေါင်းလောင်းစမစီမံရပုံ

### ၁။ နေ့ကောင်းရက်မြတ်ရွေးပါ။

ဓ ရက်ကောင်းရက်မြတ်ကြုံလျှင် စတင်ပါ။ (ပါပရက်၊ သောမရက်ရှောင်ရန်၊ ရွေးရန် မလိုပါ။)



www.burmeseclassic.com

www.burmeseclassic.com

**၂။ အချိန်ကာလသတ်မှတ်ရခြင်း**

❑ အချိန်ကာလကို စတင်သည့်နေ့ရက်မှ (၇) ရက်တိတိ သတ်မှတ်ထားပါ။

**၃။ နေ့စဉ်ပြုဖွယ်များ**

❑ ကနဦး အောက်ပါပုဂ္ဂိုလ်များ ဖိတ်ကြားပါ။

(က) စတုလောကပါလနတ်မင်းကြီး (၄)ပါး။

(ခ) ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာလေးပါး။

(ဂ) သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဆရာတော်ကြီးများ။

**ဒါနမှုပြုရန်**

(က) အောင်သပြေပန်းအိုး၊

(ခ) နံ့သာတိုင်၊ အလင်းတိုင်။

**ကန်တော့ခြင်းနှင့်ကျင့်စဉ်များ**

(၁) ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း။

(၂) အောက်ပါတို့ကို ရွတ်ဖတ်ပူဇော်ခြင်း။

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ

(သရဏဂုံကို သုံးကြိမ်တိုင်အောင် ရွတ်ဆိုပူဇော်ပါ။)

(ခ) အောက်ပါဂါထာဖြင့် ပုတီးစိပ်ရန်။

❑ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။


စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။ ။

**မှတ်ချက် -**

ဤစိန္တာမဏိဂါထာတော်မြတ်ကို တစ်ပုဒ်လျှင် ပုတီးတစ်လုံးချစနစ်နှင့်ဖြင့် (၁၀၈) လုံး ဂုဏ်တော်ပုတီးကို အသုံးပြု၍ တစ်ပတ်စိပ်ရပါမည်။ သုံးဂါထာဖြစ်၍ စုစုပေါင်း ဂုဏ်တော်ပုတီး (၃) ပတ် စိပ်ရန်ဖြစ်ပါသည်။

(ဂ) အောက်ပါအတိုင်း ဆောင်ရွက်ရန်။



၁။ နေ့စဉ်ဆောင်ရွက်မှုပြီးဆုံးတိုင်း မိမိပြုခဲ့သော ကောင်းမှုအစုစုကို သစ္စာပြု၍ မိမိဆန္ဒအတိုင်း ဆုတောင်းခံပါ။ ❑ တောင်းခံသောဆုသည် တူညီနေရပါမည်။

၂။ ဝေနေယျများစွာတို့အားလုံးကို ကုသိုလ်အမျှပေးဝေပေးပါ။

၃။ မူလက ပင့်ဖိတ်ခဲ့သောပုဂ္ဂိုလ်များအားလုံးကို နေရပ်ဌာနသို့ပြန်ပို့ပါ။

မိမိဆောင်ရွက်ရန် ရွေးချယ်ပြီးသောနေ့မှာပင် ခေါင်းလောင်းစမကို စတင်စီမံဆောင်ရွက်ပါရန်။ စီမံဆောင်ရွက်ရာတွင် မိမိကိုယ်တိုင်စီမံရန် ခက်ခဲပါက မိတ္တူဆိုင်တွင် ကူးယူနိုင်ပါသည်။

စမခေါင်းလောင်းတော်ကို မိမိနှစ်သက်သလို အရွယ်အစားအတိုင်းချဲ့နိုင်ပါသည်။

**❑ သုံးရန်နည်းလမ်း**

မိမိ၏ ဆန္ဒအတိုင်း ကိုယ်တွင်ဆောင်ခြင်း၊ မြင့်မြတ်ရာနေရာတွင် ချိတ်ဆွဲထားခြင်းတို့ ပြုလုပ်နိုင်ကြပါသည်။

**❑ အထူးသတိပြုရန်များ**

၁။ မိမိကိုယ်တွင် အမြဲဆောင်လိုသူများအနေဖြင့် စမတော်ကို ပလတ်စတစ်လောင်းထားပြီးမှ ဆောင်ပါရန်။ စမခေါင်းလောင်းတော်ဆောင်ထားချိန်တွင် မူးယစ်စေသောအရည်သောက်ခြင်း၊ အဖတ်စားခြင်းစသည်တို့ကို အထူးရှောင်ရမည်ဖြစ်ပါသည်။

၂။ မေတ္တာသုတ်ကို အချိန်ရတိုင်း ရွတ်ဖတ်ပါ။ တစ်နည်း မေတ္တာသုတ်မရွတ်နိုင်လျှင် သတ္တဝါအားလုံး မေတ္တာပို့သရန်လိုပါသည်။

၃။ မြင့်မြတ်ရာနေရာတွင် ချိတ်ဆွဲမည်ဆိုလျှင် မနက် လုပ်ငန်းခွင်မဝင်မီ၊ မသွားမီ ရနံ့ကောင်းသောပန်းများကို ကပ်လှူပြီး ဝေနေယျတို့အား မေတ္တာပို့သပါ။

မိမိတို့၏ ပါရမီအလျောက် တစ်နေ့တခြား လာဘ်လာဘတိုးပွား၍ ချမ်းသာကြပါလိမ့်မည်။ ထာဝရအပြုံးနှင့် ဘာသာ၊ သာသနာတော်အကျိုးတို့ သယ်ပိုးနိုင်ကြမည်ဖြစ်ပါသည်။

❑ ပညာပေးခဲ့သော ဆရာများကို ဤစာစုဖြင့် ကန်တော့ပါ၏။

ပညာတိုးပွား၍
အကျိုးများကြပါစေ
ဘုန်းခေါင်




www.burmeseclassic.com

www.burmeseclassic.com

ဦးမြင့်ဇော်(ရွှေနဝင်း)

နည်းမကောင်း၊ များမကောင်း အနေတော်လေးမှအဆင်ပြေကြသော

# ကိုယ်တွင်းသတ္တုဓာတ်ဆားများအကြောင်း



ယခု သက္ကရာဇ် ၂၀၁၀ ပြည့်ပြီးသည့်နောက်ပိုင်းနှစ်များ၏ နွေရာသီများသည် တစ်နှစ်ထက်တစ်နှစ် ပို၍ပူပြင်းခြောက်သွေ့လာပြီး အပူချိန်မြင့်မားလာခြင်းကို ကမ္ဘာနှင့်အဝန်း တွေ့ကြုံခံစားနေရပေသည်။

နွေရာသီ၏အပူချိန်မြင့်တက်လာခဲ့သော်လည်း လူသားတို့မှာ တစ်နေ့တခြား ကျပ်တည်းကျဉ်းမြောင်းလာကြသော ငွေရေးကြေးရေး၊ စီးပွားအခက်အခဲများကြောင့် နွေရာသီ၏အပူဒဏ်ကို သိသိကြီးနှင့် အေးချမ်းရာနေရာတို့တွင် အနားယူ အပန်းဖြေခြင်းကိုမပြုနိုင်ကြဘဲ ဝမ်းရေးအတွက် လမ်းဘေးနေပူမိုးရွာ မရှောင်နိုင်ဘဲ သွားလာလှုပ်ရှားနေကြရခြင်းကြောင့် ခန္ဓာကိုယ်တွင်းမှ ရေဓာတ်နှင့်အတူ ကိုယ်တွင်းဓာတ်ဆားများလည်း ဆုံးရှုံးမှုများပြားပြီး ရုတ်တရက် လေဖြတ်၊ လေဖြန်းသကဲ့သို့ ခြေ၊ လက်မလှုပ်ရှားနိုင်၊ ခန္ဓာကိုယ်မှကြွက်သားများ အားမရှိပျော့ခွေ၍ ဆေးရုံ၊ ဆေးခန်းသို့ အပြေးအလွှားတက်လာရသော အခြေခံလူတန်းစား လက်လုပ်လက်စားများ အတော်များများတွေ့ကြုံနေရသည်။

ရာသီနာ (သို့) ခန္ဓာကိုယ်မှကိုယ်တွင်းဓာတ်ဆားများဆုံးရှုံးမှုများပြားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါကို ခံစားနေရပေသည်။

ထို့အပြင် ရေနစ်သူ ဝါးကူလို့နှစ်တဲ့ဖယားက ဝင်နှောင့်တော့ ပိုလို့ပင် 'ရှေ့နေဆောင်မှ ထောင်လုံးလုံးကျ' ဆိုသလိုကိန်းဆိုက်ရပေတော့သည်။

ဖြစ်ရပ်မှန်လေးတစ်ခုကို တင်ပြပါမည်။

သူနာမည်က အပျိုကြီးဒေါ်ဝင်း။ အလုပ်ကတော့ ပဲကျဈေးသည်ဆိုပါတော့။ ရာသီဥတုက ပူပြင်းလို့ တစ်နေကုန်အပူခံပြီး ဈေးရောင်းနေရတော့ ချွေးအထွက်များပြီး ဆီးပူဆီးနည်းပါတွဲဖြစ်လာတာပေါ့။

ဒီတော့ ဈေးထဲမှာလူပြောများပြီး ရောင်းပန်းလှနေတဲ့ စူလာနဖာကို ဆီးကောင်းအောင် အားရပါးရရေမသောက်ဘဲ စူလာနဖာပြုတ်ရည်ကြီးလွှတ်သောက်တော့တာပေါ့။

ဒီမှာတင် ဆီးပူ၊ ဆီးနည်းကဟုတ်သလိုလို ဆေးပြုတ်ရည်သောက်လိုက်၊ ပေါက်လိုက်နဲ့ (၄)၊ (၅) ရက် အဆင်ပြေနေသလိုဖြစ်နေရာက တစ်နေ့ နံနက်အိပ်ရာထ မျက်နှာသစ်နေတုန်း ဖြုန်းဆို အရုပ်ကြိုးပြတ်ပုံလျက်သားလဲကျသွားလို့ အိမ်သားတွေက ရပ်ကွက်ထဲက ဆေးခန်းကိုပြကြတယ်လေ။

G.P ဆရာဝန်ကလေးကလည်း လူနာခြေမလှုပ်လက်မလှုပ်ဆိုတော့ လေငန်း၊ လေဖြတ်ရောဂါပဲဆိုပြီး မြို့နယ်ဆေးရုံကိုတန်းပြီးတင်ခိုင်းတယ်လေ။

နယ်ဆေးရုံမှာ (၁)ရက်၊ (၂)ရက် တက်ခဲ့သော်လည်း လူနာအခြေအနေက ပိုဆိုးသလိုဖြစ်လာတော့ ဆွေမျိုးသားချင်းတွေစုပြီး 'မရှိဝမ်းစာရှိတန်ဆာ' လုပ်ပြီး ရန်ကုန်ကို အပြေးအလွှားတက်ဆေးကုကြရတာပဲလေ။

ရန်ကုန်ဆေးရုံကြီးရောက်တော့ သွေးစစ်၊ ဓာတ်မှန်ရိုက် အားလုံးလိုအပ်သလိုစစ်ဆေးလိုက်တော့ -

တွေ့ပါပြီ တရားခံ။ 'ခန္ဓာကိုယ်တွင်း ဓာတ်ဆားများ မတည်ငြိမ်ခြင်းကြောင့်' တဲ့။

အမိက ပြဿနာပေးတာက ဟိုင်ပိုကလေးမီးယား (Hypokalaemia) သွေးတွင်း ပိုတက်စီယမ်ဓာတ်နည်းခြင်းကြောင့်ဖြစ်ရသည့်ရောဂါလက္ခဏာတဲ့။

အနာသိတော့ ဆေးရှိသွားပြီ။ ကျန်းမာရေးအဆင်ပြေသွားလို့ ရန်ကုန်က ပြန်လာကြတယ်လေ။ ဒါပေမယ့် ရန်ကုန်ကို အလကားသွားလို့ရတာ ထုံး... မှမရှိတာ။ 'ရန်' ကုန်မကုန် မသိနိုင်ပေမယ့် ငွေကတော့ သာသာကြီးကုန်ပြီးတော့ ပြန်လာကြတာပေါ့။ ဒါပေမယ့် ကျန်းမာရေးကောင်းသွားတော့ နောက် ပြန်ရှာရင်ရတာပဲလေ လုပ်လိုက်ရ... ပေါ့။

ကဲ - ဟုတ်ပြီ။ အပျိုကြီးဒေါ်ဝင်း ရဲ့ကျန်းမာရေးပြဿနာကို စုံစမ်းရေး... ကြည့်လိုက်တော့ -

စတာက နွေရာသီရဲ့ ပူပြင်း... ဒဏ်ကြောင့် နေ့စဉ်အပူခံဈေးရောင်း... ရသူတွေမှာ ချွေးထွက်လွန်ပြီး တ... တစ်စ ခန္ဓာကိုယ်ထဲမှရေဓာတ်နဲ့ ကိုယ်... တွင်းဓာတ်ဆားတွေဆုံးရှုံးမှုများလာ... က စတာပါ။

အဲဒီမှာ ရေဓာတ်နည်းတော့ ဆီး... ပူ၊ ဆီးနည်းရောဂါပါဝင်လာပြီး အမ... လိုအပ်တဲ့ရေဓာတ်နဲ့ အရည်ရွမ်းတဲ့... အာဟာရကို ပြန်မဖြည့်တင်းဘဲ သူ... လူပြောများတဲ့ စူလာနဖာပြုတ်ရည်... နေ့/ညဆက်တိုက်သောက်လိုက်တော့... စူလာနဖာကြောင့်၊ အောက်ဖဲလစ်ဓာတ်... သတ္တိကြောင့် ကျောက်ကပ်ကို ဖိအား... ပေး ဆီးသွားစေလိုက်တော့ ဆီးနဲ့အတူ... ကိုယ်တွင်းဓာတ်ဆားများဖြစ်တဲ့ ပိုတ... စီယမ်ဓာတ်က အများအပြားပါဝင်သွား... လေတော့ အရုပ်ကြိုးပြတ်ဖြစ်သွား... တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ပိုတက်စီယမ်လို့ခေါ်တဲ့ဓာတ်ဆားဟာ လူတွေကျန်းမာနေအောင် ခန္ဓာကိုယ်ထဲမှာ မျှတစွာရှိနေဖို့လွန်စွာအရေးကြီးလှပါသည်။

ပြောရလျှင် ပိုတက်စီယမ်ဓာတ်ဆားသည် လူ့ခန္ဓာကိုယ်ထဲမှ အကဲဆတ်သည့် ဓာတ်ဆားတစ်မျိုးဖြစ်ပါသည်။

သူ့ကိုနည်းလွန်း၊ များလွန်းလို့မရသည့်အခြေအနေဖြစ်ပါသည်။ ပုံမှန်မျှခြေ သွေးထဲမှာ ပုံမှန်ပမာဏ (3.5 mmo l/L နှင့် 5.mmo l/L) အတွင်းမှာသာ မျှတစွာရှိနေဖို့ လိုအပ်ပါသည်။

ထိုပုံမှန်ပမာဏထက်နည်းလွန်း (သို့) များလွန်းလာခဲ့လျှင် လူ၏ကျန်းမာရေးကိုပြဿနာပေးလာပေတော့မည်ဟု ပုံသေမှတ်ထားရပါမည်။

ဒါကြောင့် ကိုယ်တွင်းမှာ ပိုတက်စီယမ်ဓာတ်ကလေး မမျှတတာလေး တစ်ခုတည်းနှင့် မမျှော်လင့်ဘဲ အသက်ဆုံးရှုံးရသည်အထိ ဆိုးရွားနိုင်ပါသည်။

ပိုတက်စီယမ်နည်းတာ၊ များတာလေးကို ပြုပြင်ပေးလိုက်ရုံနှင့်ပဲ အသက်တစ်ချောင်းကို ကယ်တင်နိုင်တာမို့ မသိမဖြစ် သတိရှိဖို့ရာ လွန်စွာအရေးပါလှပေသည်။

ပညာရှိ သတိဖြစ်ခဲ ဆိုသလို တစ်ခါတစ်ရံ မစစ်ဆေးမိလို့ ပိုတက်စီယမ်နည်းမှန်း၊ များမှန်းမသိလို့ လူနာရုတ်တရက်နှလုံးရပ်သွားခဲ့လျှင် တခြားပြဿနာတစ်ခု ဥပမာ နှလုံးသွေးကြောပိတ်တာနှင့် အထင်မှားမိတတ်ကြပါသည်။

ဒါကြောင့် သွေးအတွင်းပိုတက်စီယမ်အခြေအနေကို အသည်းအသန်အရေးပေါ် လူနာတွေမှာ အားလုံးကို စစ်မနေရစစ်ဖို့ အထူးကုဆရာဝန်ကြီးများက ညွှန်ကြားချက်ပေးခြင်း ဖြစ်ပါသည်။

လူနာတွေကလည်း ဒါကိုသဘောပေါက်နားလည်ထားဖို့ လိုအပ်ပါသည်။ ဘာကြောင့် ပိုတက်စီယမ်ကို အရေးတကြီး မကြာခဏ စစ်ခိုင်းနေရသလဲ ဆိုလျှင် -

ပိုတက်စီယမ်ဟာ လူတွေအသက်ရှင်သန်ဖို့ ဆဲလ်ကလာပ်စည်းတွေ ပုံမှန်အလုပ်လုပ်နိုင်ဖို့အတွက် မရှိမဖြစ်အလွန်အရေးပါလှသည့် ကိုယ်တွင်းသတ္တုဓာတ်ဆားတစ်မျိုး ဖြစ်ပါသည်။

ပိုတက်စီယမ် သိပ်နည်းနေလျှင် ကြွက်သားများနုံးချည့်ခြင်းမေ့ပန်းလွယ်ခြင်းနှင့် အဆိုးဆုံးအဆင့်နည်းပါးခဲ့လျှင် ခြေ လက်များ လေးဖက်စလုံး လုံးဝလှုပ်ရှားလို့မရဘဲ လေဖြတ်သလို အရုပ်ကြိုးပြတ်ဖြစ်သွားတတ်ပါသည်။

အရပ်ထဲ နယ်မြို့များမှာဆိုရင် လေငန်းလေဖြတ်ရောဂါဆိုပြီး အနာတလွဲ ဆေးတလွဲကုနေလျှင် လူနာအသက်ဆုံးဖို့ရန်ပင် ဖြစ်ပါတော့သည်။

နှလုံးခုန်စည်းချက်လည်း မမှန်တော့ဘဲ ရင်တုန်မောဟိုက်လာပြီး နှလုံးခုန်ရုတ်တရက်ရပ်သွားပြီး သေဆုံးရတတ်ပါသည်။

ဒီနေရာတွင် အဓိကသတိထားဖို့ရန်အချက်မှာ လေဖြတ်လေငန်းဖြစ်သည့်လူနာသည် ကိုယ်တစ်ခြမ်းမလှုပ်တာမျိုးသာဖြစ်တတ်ပြီး -

ပိုတက်စီယမ် လျော့နည်းလို့ဖြစ်တာက ခြေလက်လေးဖက်စလုံးမလှုပ်ဘဲ လူနာကတော့ သတိရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။

ကြွက်သားများ မလှုပ်နိုင်တာနှင့် အတူ နှလုံးခုန်ချက်ကပါ မမှန်တာကို တွေ့ရမည် ဖြစ်သည်။ အာရုံကြောတွေလည်း အားနည်းလာသည်ကို တွေ့ရမည်။ ထို့ပြင် ပိုတက်စီယမ်ဓာတ်လျော့နည်းစေတတ်သည့်အကြောင်းရင်းများကို သိထားဖို့ရန် လိုအပ်ပါသည်။

၁။ ဆီးချို သွေးချိုရှိသောလူနာများတွင် ဆီးများမကြာခဏသွားရသဖြင့် လည်းကောင်း၊

၂။ အခြားရောဂါတစ်ခုခုကြောင့် ဆီးဆေးတွေသောက်နေရသူများတွင် လည်းကောင်း၊

၃။ ဝမ်းပျက်ဝမ်းလျှောပြင်းထန်စွာဖြစ်ခဲ့ခြင်းကြောင့် လည်းကောင်း၊

၄။ ကျောက်ကပ်ရောဂါအခံကြောင့် ဆီးထဲတွင် ပိုတက်စီယမ်ဓာတ်တွေ များစွာပါသွား၍လည်းကောင်း၊

၅။ 'ပရက်ဒနီဆိုလုံး' ဆေးအုပ်စုဝင်ဆေးတွေ သောက်သုံးနေရခြင်းကြောင့် လည်းကောင်း၊

၆။ အသည်းခြောက်ရောဂါရှိနေသူများ၊

၇။ နှလုံးရောဂါရှိနေသူများ၊

၈။ သွေးတိုးကျဆေးများတွင် ဆီးဆေးနှင့် တွဲသည့် ဆေးများ တာရှည်သောက်သုံးနေရခြင်းတို့ကြောင့် လည်းကောင်း၊

၉။ အပျိုကြီးဒေါ်ဝင်းတို့လို ဆေးမြီးတိုကို ရှေ့တန်းတင်ပြီး ဆီးသွားစေတတ်သည့်ဆေးမြီးတိုများကို တရားလွန်သုံးစွဲမိခဲ့ကြလျှင်သော် လည်းကောင်း

သွေးအတွင်း ပိုတက်စီယမ်ဓာတ်လျော့နည်းခြင်းကိုဖြစ်တတ်ကြပါသည်။

သွေးအတွင်း ပိုတက်စီယမ်ဓာတ်လျော့နည်းမှုကို ကာကွယ်ဖြည့်တင်းနိုင်သည့် နည်းလမ်းများမှာ -

၁။ ရာသီဥတုပူပြင်းသည့် အချိန်အခါများတွင် ရေဓာတ်ကိုပြည့်ဝအောင် ပြန်လည်ဖြည့်တင်းပေးခြင်း။

၂။ အရည်ရွှမ်းပြီး ပိုတက်စီယမ်ဓာတ်ပါဝင်မှုများသည့် အသီးအနှံများဖြစ်သော ငှက်ပျောသီး၊ ဖရဲသီး၊ လိမ္မော်သီး၊ ကွဲကောသီး၊ ကမွလာသီး၊ ခရမ်းချဉ်သီး၊ ရှောက်၊ သံပရာသီးတွေက ပိုတက်စီယမ်ဓာတ်များကို ပြန်လည်ဖြည့်တင်းပေးသည့်အတွက် ထိုသစ်သီးများကို များများစားသုံးပေးသင့်ပါသည်။

အထူးသဖြင့် ပူပြင်းသည့်နွေရာသီတွင် ပိုတက်စီယမ်ဓာတ်လျော့နည်းမှုကို သခွားသီးက အထူးဖြည့်စွမ်းပေးနိုင်ပါသည်။

သခွားသီးတွင် ပိုတက်စီယမ် (၄၁.၂) ရာခိုင်နှုန်း ပါဝင်နေသောကြောင့် သခွားသီးကို အထူးဦးစားပေး၍ စားပေးနိုင်လျှင် သင့်တော်ပါသည်။

၃။ သိပ်ပြီးတော့ အားနည်းနေလျှင် ပိုတက်စီယမ်ဆေးလုံးများဖြစ်သော Enpott (သို့) SLOW-K စသည်တို့ကို သောက်ပေးနိုင်ပါသည်။

(သို့သော် နားလည် ကျွမ်းကျင်သည့် ပညာရှင်များနှင့် တိုင်ပင်ပြီး ကုသမှုခံယူလျှင် ပိုကောင်းပါသည်။)

ယခု စာရေးသူ၏ဆောင်းပါးတွင် တင်ပြခဲ့သည်တို့မှာ အခြေခံလူတန်းစားများတွင် အသိတရားချို့တဲ့မှုများကြောင့်၊ ပိုတက်စီယမ်ဓာတ်လေးချို့တဲ့လျော့နည်းမှုကြောင့် မသိနားမလည်ဘဲ မချိမဆံ့ ငွေကုန်လူပန်းခံစားနေရခြင်းတို့ကို ကြုံတွေ့နေရခြင်းများကြောင့် -

ထိုသူများကို ရည်ညွှန်း၍ ဤဆောင်းပါးကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

မိမိတို့ကိုယ်တွင်းမှာရှိတဲ့ ပိုတက်စီယမ်ဓာတ်၏ အရေးပါမှုကို စိုးစဉ်းမျှ သိခဲ့ကြလျှင်တောင်မှ လူ့အသက်တစ်ချောင်း ကယ်နိုင်ကောင်းပေသည်ဟု စေတနာအရင်းခံဖြင့် တင်ဆက်လိုက်ရပါသည်။

ဦးမင်းဇင်(ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်ကြည်သင်း

## စာဖွဲ့၍ကုန်နိုင်မည်မဟုတ်ပေ

ကျွန်တော် မြောင်းမြမှ ရန်ကုန်သို့ ပြောင်းလာသည်မှာ သုံးနှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ မြောင်းမြမှ ရန်ကုန်သို့ပြောင်းရွှေ့ရခြင်းမှာ စီးပွားရေးပြဿနာကြောင့်ဟု ဆိုကြပါစို့။ အသေးစိတ် ကျွန်တော် မပြောလိုတော့ပါ။

ရန်ကုန်ရောက်လာပြီး အိမ်ငှားဘဝနှင့်နေရပါသည်။ ကျွန်တော့်တွင် မိဘနှစ်ပါးနှင့်အတူ ညီငယ်တစ်ဦးရှိပါသည်။ ကျွန်တော်တို့သည် (၁၆)ရပ်ကွက်၊ သဃ်န်းကျွန်းတွင် နေထိုင်ကြပါသည်။

ကျွန်တော်သည် ပုသိမ်ကောလိပ်တွင် ဥပစာ (က) တန်း အောင်မြင်ပြီးသူဖြစ်ပြီး ဦးလှဖေ၏ ကျေးဇူးကြောင့် မြန်မာ့စီးပွားရေးဘဏ်တွင် အလုပ်ရပါသည်။ ဦးလှဖေဆိုသူမှာ မော်လမြိုင်ကျွန်းမြို့မှ ပါလီမန်အတွင်းဝန်ဟောင်း တစ်ဦး ဖြစ်ပါသည်။

ကျွန်တော် မော်လမြိုင်ကျွန်းတွင် တာဝန်ထမ်းဆောင်ပြီး တစ်နှစ်အကြာတွင် ရန်ကုန်သို့ပြန်ခေါ်ပြီး တာဝန်ချထားပြန်ပါသည်။


ဘဏ်များ ပေါင်းစည်းရေးလုပ်သောအခါ ရန်ကုန်ကနေ ပြင်ဦးလွင်သို့ ပြောင်းရန် အမိန့်ထွက်လာပါသည်။ ထိုစဉ်တွင် ကျွန်တော့်ညီမောင်ဝင်းမောင်မှာ မြန်မာ့စိုက်ပျိုးရေးဘဏ်တွင် အလုပ်လုပ်နေပါသည်။

ကျွန်တော် ပြင်ဦးလွင်သို့ ပြောင်းရွှေ့ရမည်ဆိုသော အမိန့်စာကြောင့် ကမ္ဘာကြီးချာချာလည်သွားရလောက်အောင်ပင် ကျွန်တော်တုန်လှုပ်ရပါတော့သည်။ ကျွန်တော်သာမက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ညီအစ်ကိုအားအမှီပြုနေသော အဖေနှင့်အမေပါ စိတ်မချမ်းမသာဖြစ်ရပါတော့သည်။

အထူးသဖြင့် ကျွန်တော့်အမေသည် ကျန်းမာရေးမကောင်း။ အိမ်ကကျဉ်၊ စီးပွားရေးမကောင်းသဖြင့် အိပ်ရာထဲတွင် ဗုန်းဗုန်းလဲပါတော့သည်။ ကျွန်တော့်ညီငယ်နှင့် အဖေတို့က အားပေးစကားများပြောကြသော်လည်း ကျွန်တော်အားမရှိနိုင်တော့ပါ။

"မင်း ဥပစာ (က) အောင်ပြီးပြီပဲ။ တက်အလုပ်တစ်ခုရမှာပေါ့။ ဒီအလုပ်



www.burmeseclassic.com

www.burmeseclassic.com

ကထွက်သာထွက်လိုက်ပါ"

"သားရယ်၊ အမေ့ကိုတော့ပစ်ထားပြီး အဝေးကြီးကိုမသွားပါနဲ့။ အမေတို့ဖြစ်သလိုစားပြီးနေနိုင်ပါတယ်"

သို့ဖြင့် ကျွန်တော် မြန်မာ့စီးပွားရေးဘဏ်မှထွက်လာခဲ့ပါတော့သည်။ ထိုအချိန်က ပညာတတ်ယခုလောက် မပေါသေးပေ။ မူလတန်းပြဆရာများ ခေါ်နေသည်ဆိုခြင်းကြောင့် ကျွန်တော် မူလတန်းပြဆရာအဖြစ် လျှောက်လွှာတင်လိုက်သည်။

အချိန်ကား တရွေ့ရွေ့ကုန်လာသော်လည်း အလုပ်အတွက်ခေါ်စာ မရောက်သေးပေ။ ကျွန်တော်လည်း အိပ်လိုက်စားလိုက်နေရင်း ကိုစိုးသိမ်းဆိုသူနှင့် ရင်းနှီးလာပါတော့သည်။ ကိုစိုးသိမ်းမှာ ကျွန်တော့်ဘေးခန်းမှ ကိုခင်ကြွေ၊ မခင်စိန်ကြည်တို့နှင့် ရင်းနှီးပြီးသားဖြစ်နေပါသည်။

တစ်နေ့ ကိုစိုးသိမ်းနှင့် အသားညိုညို၊ အရပ်မြင့်မြင့်လူတစ်ယောက်ပါလာပါသည်။ ကျွန်တော်သည် ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်တွင်ထိုင်ကြသည်။ အဲဒီအချိန်က လက်ဖက်ရည်တစ်ခွက် (၂၅) ပြားသာရှိသေးသည်။

"ကိုချစ်ဆွေ၊ သူ့ကိုမှတ်ထား။ သူ့နာမည်က ကိုအောင်ထွန်းလို့ ခေါ်တယ်။ အောင်ထွန်းကလည်း မှတ်ထား၊ သူ့နာမည် ကိုချစ်ဆွေ"

ကျွန်တော်တို့သည် အသိအမှတ်ပြုသည့်အနေဖြင့် တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်လိုက်ကြပါသည်။

ကိုအောင်ထွန်း ဆိုသည်မှာ နောက်ပိုင်းတွင် 'နာမည်ကြီး ဆရာမင်းသိခ်ဖြစ်လာမည့်သူ' ဖြစ်ပါသည်။ ထိုစဉ်က သူလိုကိုယ်လို ဘာမှထူးခြားမှု မရှိပေ။

ကိုစိုးသိမ်းရယ်၊ ကိုအောင်ထွန်းရယ်၊ ကျွန်တော်ရယ် အချိန်ပြည့်လိုလို လက်ဖက်ရည်ဆိုင်ထိုင်ကာ စကားတွေ တဝကြီးပြောကြသည်။ ငြင်းကြသည်။ အချိန်ဖြုန်းကြသည်။

သို့သော် နံနက်ပိုင်းလက်ဖက်ရည်ဆိုင်ထိုင်ပြီးလျှင် ကျွန်တော်အလုပ်လုပ်ရပေသည်။ကျွန်တော့်အလုပ်မှာ အဝတ်လျှော်သောအလုပ်ဖြစ်သည်။ ထိုအလုပ်ကို ကျွန်တော်တစိုက်မတ်မတ်လုပ်သည်။

တစ်နေ့တွင် ကျွန်တော်ရေချိုးရန်အတွက် ရေမချိုးမီ ကျွန်တော့်အမေလုံချည်နှင့်အင်္ကျီများကိုဖွပ်၍ အိမ်ထဲမှ ထွက်လာခဲ့သည်။

"ဟဲ့သား၊ ဘာလုပ်မလို့လဲ"

"အင်္ကျီလျှော်ဖို့လေ။ ဒါလောက်တော့အပျော့ပေါ့၊ သားက အလုပ်မှမရှိသေးတာ။ ကိုယ်နိုင်တဲ့အလုပ်ကိုလုပ်ရမှာပေါ့"

"မလုပ်ပါနဲ့ သားရယ်၊ အမေလျှော်နိုင်ပါတယ်"

"အမေနေကောင်းအောင်သာနေပါ၊ ဒါတွေသားလျှော်လိုက်ပါ့မယ်။ သားကုသိုလ်ရတာပေါ့ ဟုတ်ဖူးလား"

ကျွန်တော့်အဖေနှင့် ညီငယ်မရှိခိုက် ကျွန်တော်တို့သားအမိနှစ်ယောက် ပြောဆိုနေကြခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ဧည့်သည်တစ်ယောက်ပေါ်လာသည်။ ကျွန်တော်တို့အိမ်နှင့် ခပ်လှမ်းလှမ်းတွင်နေသည်။ ပိုက်ဆံရှိသော်လည်း လူမှုရေးသိတတ်သူ ဖြစ်သည်။

"လာ၊ မမြညွန့်"

အမေက လှမ်းခေါ်သဖြင့် ဒေါ်မြညွန့် အိမ်ထဲသို့ ဝင်ထိုင်လိုက်သည်။ ကျွန်တော်လည်း အဝတ်အစားထုပ်နှင့် အိမ်ရှေ့ရေတိုင်ကီနားသို့သွားလိုက်သည်။ ရေတိုင်ကီနှင့်အိမ်မှာ သုံးပေလောက်သာခြားသည်။

"မောင်ချစ်ဆွေ၊ မင်းအဝတ်တွေ ဘာလုပ်မလို့လဲ"

ဒေါ်မြညွန့်က မေးလာပါသည်။

ကျွန်တော်က ဟဲဟဲဟုသာရယ်နေပါသည်။ ပြန်၍မဖြေပါ။

"သူ့ရေချိုးရင်းနဲ့ ကျွန်မအဝတ်တွေကိုပါလျှော်မလို့လေ။ မလုပ်ပါနဲ့လို့ပြောတော့လည်း ကုသိုလ်ရတာပေါ့တဲ့။ တော်တော်ကိုခက်တဲ့ကလေး"

"အမလေး - အဒေါ်ရယ်၊ လျှော်စမ်းပါစေ။ အိမ်ကကလေးတွေများ မိဘအဝတ်ကိုလျှော်ဖို့နေနေသာသာ သူတို့အဝတ်ကိုတောင်မလျှော်ဘူး။ အတင်းထိုးသိပ်ထားတာ"

ကျွန်တော်သည် အဝတ်လျှော်ရင်း အမေတို့စကားပြောနေသည်ကို ကြားနေရသည်။

"ဒါနဲ့အဒေါ်၊ သမီးလေးတစ်ယောက်ရှိရင် ကောင်းမှာပဲနော်"

"အမလေး - သူ့အတိုင်းပဲ သူ ဘာသာရှိပါစေ။ ဒီခေတ်သမီးဆိုတာ ရှိတိုင်းကောင်းတာမဟုတ်ဘူး။ ကိုယ့်ကို ဒုက္ခပေးမယ့်သမီးမျိုးဆို ဘယ့်နှယ်လုပ်မလဲ"

"ဩော် - ဒါတော့ဒါပေါ့လေ။ လောကမှာ မောင်ချစ်ဆွေတို့လို သားကောင်းတွေရှိသလို သမီးကောင်းတွေလည်းရှိပါတယ် အဒေါ်ရယ်"

"အင်း - ရှိတော့ ရှိမှာပေါ့လေ"

"ဒီမှာအဒေါ်၊ သားရှိလာရင်သမီးရှိမှာပဲလေ"

"ဒါတော့ ဒါပေါ့ မမြညွန့်ရယ်၊ ဒီခေတ်က သမီးကောင်းတစ်ယောက်ရဖို့က မလွယ်ပါဘူးလေ"

"ကျွန်မ ဒါကိုပြောဖို့လာတာပဲ အဒေါ် သမီးကောင်းတစ်ယောက်မလိုချင်ဘူးလား"

"လိုတော့လိုချင်တာပေါ့။ ဒါပေမယ့် အခက်သားလား"

"မခက်ပါဘူး အဒေါ်ရယ်၊ သူတို့ချင်းလည်း ရင်းနှီးတယ်။ ကျွန်မတို့မျက်စိအောက်မှာပဲ ကြီးလာကြတယ်"

"ဘယ်သူလဲ မမြညွန့်"

"မမျိုးသွင်လေ၊ အဒေါ်နဲ့လည်း ရင်းနှီးတယ်။ မောင်ချစ်ဆွေနဲ့လည်း ရင်းနှီးတယ်။ ဒီအိမ်မှာလည်း ဝင်ထွက်သွားလာနေတာပဲ။ အဒေါ်စဉ်းစားဦးလေ"

ဒေါ်မြညွန့် နှုတ်ဆက်ပြီးပြန်သွားသည်။ ကျွန်တော်သည် ရေစိုနေသော အဝတ်များကိုညှစ်ပြီး အိမ်ရှေ့တန်းတွင် ထွက်၍လှန်းပါတော့သည်။

"သာဓုဗျာ၊ သာဓု"

ကျွန်တော်ခေါင်းမော့ကြည့်လိုက်ပါသည်။ ထုံးစံအတိုင်း ကိုစိုးသိမ်းနှင့် ကိုအောင်ထွန်းတို့ ကျွန်တော့်ရှေ့သို့ ရောက်နေကြပါသည်။

"ကျွန်တော် လေးစားတယ်ဗျာ။ ကိုချစ်ဆွေ အမေကို ချစ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါပေမယ့် အခု မြင်လိုက်ရတော့ ဝမ်းသာကြည်နူးမိသလို စိတ်ထဲမှာ နာနာကျင်ကျင်ခံစားလိုက်ရ တယ်"

"ကိုအောင်ထွန်း၊ ဘာပြောချင်တာလဲ"

ကိုအောင်ထွန်းသည် ကျွန်တော် မေးသည်ကို ပြန်မပြောဘဲ ခေါင်းငုံ့သွားလေသည်။

"ဝမ်းသာကြည်နူးမိတယ်ဆိုတာ မိဘကျေးဇူးကိုသိတတ်တဲ့သားပါလား ဝမ်းသာကြည်နူးတာ။ နာနာကျင်ကျင် ခံစားရတယ်ဆိုတာက တို့မိဘတွေ လည်း သားသမီးကို ဒီလိုတွေ့ချင်မှာ လို့ ပြောချင်တာ"

ကိုအောင်ထွန်း စကား...



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ကိုစိုးသိမ်းက သူ့အယူအဆကို ပြောလိုက်ပါသည်။

"ဒါဖြင့် ခဏလေးနော်၊ လမ်းထိပ် လက်ဖက်ရည်ဆိုင်ကစောင့်နေပေတော့"

ကိုစိုးသိမ်းနှင့် ကိုအောင်ထွန်းတို့ ထွက်သွားသည်နှင့် ကျွန်တော် ရေမိုးချိုးပြီး အဝတ်လဲကာ လက်ဖက်ရည်ဆိုင်သို့ လိုက်သွားပါသည်။

"နေပါဦး၊ ခင်ဗျားတို့နှစ်ယောက်က အလုပ်မသွားဘူးလား"

ကျွန်တော်က မေးလိုက်သည်နှင့် ကိုအောင်ထွန်းက ကိုစိုးသိမ်းမျက်နှာကို လှမ်းကြည့်လိုက်သည်။

"ကျွန်တော်တို့က စပါးဒိုင်မှာလုပ်တာလေ။ အခု စပါးရာသီမရောက်သေးတော့ နားနားနေနေပေါ့"

ကိုစိုးသိမ်းဖြေပုံကို ကျွန်တော် ဘဝင်မကျပါ။ သို့သော် ကိုယ်နှင့်တိုက်ရိုက်မဆိုင်သဖြင့် သူ့အဖြေကို လက်ခံလိုက်ပါသည်။ သူတို့နှစ်ယောက် တစ်ခုခုတော့ တစ်ခုခုပဲဟုလည်း စိတ်ထဲတွင် မှတ်ချက်ပေးလိုက်မိသည်။

ထူးခြားချက်တစ်ခုကတော့ သူတို့နှစ်ယောက်စလုံး စာဖတ်ဝါသနာပါခြင်းပင်ဖြစ်သည်။ ကျွန်တော့်ထံမှ စာအုပ်များ ငှားရမ်းဖတ်တတ်ကြသလို သူတို့ဆီက စာအုပ်များလည်း ကျွန်တော့်ကိုပေးဖတ်လေ့ရှိပါသည်။ ထို့ကြောင့်လည်း ကိုစိုးသိမ်း၊ ကိုအောင်ထွန်းနှင့်ကျွန်တော် အဆက်အဆံများလာခြင်းလည်း ဖြစ်ပါသည်။

တစ်နေ့။

ထိုတစ်နေ့သည် ကျွန်တော့်ဘဝတွင် အမှတ်အရဆုံးနေ့တစ်နေ့ဟုပင်ဆိုလောက်ပေသည်။ ကျွန်တော်သည် ကိုစိုးသိမ်းနှင့် ကိုအောင်ထွန်းတို့ကို တွေ့ရန်အတွက် လက်ဖက်ရည်ဆိုင်ကို ချိန်းလိုက်သည်။ ကိုစိုးသိမ်းက ချိန်းမည့်နေရာကိုလာရန် ကတိပြုသော်လည်း ကိုအောင်ထွန်းက အနည်းငယ်နှောင့်နှေးနေဟန်ရှိသည်။

"ဘာလဲ၊ မင်း ကုလားမလေးဆိုင်မှာ ထမင်းစားဦးမလို့လား။ ထမင်းစားပြီးမှတော့ လာခဲ့ပေါ့လေ"

ကိုစိုးသိမ်းက ကိုအောင်ထွန်း အမူအရာကိုကြည့်လိုက်ပြီး အတပ်ပြောလေတော့သည်။

"အေး - ဟုတ်တယ်၊ ငါအဲဒီမှာ ထမင်းဝင်စားမယ်။ ပြီးတော့မှ မင်းတို့ချိန်းတဲ့နေရာကိုလာခဲ့မယ်"

"ကဲ-ကိုစိုးသိမ်း၊ ခင်ဗျားလက်ဖက်ရည်ဆိုင်ကစောင့်နေ။ ကျွန်တော်မကြာပါဘူး လိုက်ခဲ့မယ်"

ကိုစိုးသိမ်းနှင့် ကျွန်တော် လမ်းခွဲခဲ့ကြသည်။ ကိုအောင်ထွန်းလည်း ကုလားမလေးဆိုင်ထွက်သွားပါသည်။ ကုလားမလေးဆိုင်ဆိုသည်မှာ ကုလားဘုရားမှတ်တိုင်မှ လေး၊ ငါး၊ ခြောက်ဆိုင်ကျော်လျှင် ကုလားမလေးဆိုင်သို့ ရောက်သည်။

ကိုအောင်ထွန်းအဖြစ်သည်းမည်ဆိုလည်း သည်းစရာပင်။ ကုလားမလေးမှာ မုဆိုးမလေးဖြစ်သော်လည်း ကြည့်၍ကောင်းလှသည်။ အပြောအဆိုကလည်း လိမ္မာရေးခြားရှိရသည်။ ထို့ကြောင့် ကိုအောင်ထွန်း ကုလားမလေးဆိုင်သို့ သွားနေခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ကိစ္စတစ်ခုရှိ၍ အိမ်ကို ခဏပြန်လာပါသည်။ ကိစ္စပြီးသည်နှင့် ကိုစိုးသိမ်းနှင့်ချိန်းထားသော လက်ဖက်ရည်ဆိုင်သို့ထွက်လာခဲ့သည်။ ကျွန်တော်သည် ခေါင်းငုံ့လျှောက်ရင်း ဆိုင်ထဲသို့ဝင်လိုက်သည်။ ကိုစိုးသိမ်းကို မတွေ့။ ဆိုင်ရှင် တရုတ်ကပြားတစ်ယောက်က ဆိုင်ထဲမှထွက်လာပြီး-

"ဟော့ကောင်လေး၊ မင်းသူငယ်ချင်းကို ဖမ်းသွားကြပြီ"

"ဗျာ - ဘယ်လို"

"မင်းဘယ်လိုလုပ်မနေနဲ့။ မင်းသူငယ်ချင်းကိုဖမ်းသွားကြပြီ။ မင်းလည်း မြန်မြန်ပြန်ပေတော့။ တော်တော်ကြာ မင်းကိုလာပြီးအမှုပတ်နေဦးမယ်"

ကျွန်တော့်ရင်မှာ ဒိန်းခနဲခုန်သွားပါတော့သည်။ ကိုစိုးသိမ်းကို ဖမ်းလျှင် ကိုအောင်ထွန်းကိုလည်း ဖမ်းမှာသေချာပေသည်။ ကျွန်တော် အိမ်ကိုအရောက်ပြန်ရလေသည်။ မဖြစ်ပါစေနှင့်ဟုလည်း စိတ်ထဲမှကျိတ်၍ဆုတောင်းနေမိသည်။



နောက်နှစ်ရက်လောက်ကြာသောအခါ ဦးဘလွင်ဆိုသူက ကျွန်တော့်ကို သတိပေးစကားပြောလာပါသည်။

"မောင်ချစ်ဆွေ၊ နေတာထိုင်တာကြည့်နော်၊ အပေါင်းအသင်းကြည့်ပေါင်းပေါ့လေ"

"ဘာဖြစ်လို့လဲ ဦးဘလွင်ရဲ့"

"ဘာဖြစ်တာလဲလို့မေးရင်တော့ ပြောရမှာပေါ့။ မင်းအိမ်ကိုထောက်လှမ်းရေးလို့ထင်ရတဲ့လူနှစ်ယောက်က ဓာတ်ပုံရိုက်ယူသွားတယ်။ အဲဒါ မင်းဝမ်းထဲသာထည့်ထား၊ လူကြီးတွေကိုတော့ မပြောနဲ့"

ဦးဘလွင် ဆိုသည်မှာ ကျွန်တော့်အဖေရဲ့မိတ်ဆွေ။ မဟုတ်ကဟုတ်က စကားမျိုးပြောမည့်သူ မဟုတ်ချေ။ ကိစ္စရှိလျှင် သူကရှေ့မှထွက်တတ်သည်။ ဦးဘလွင်ကို ကျွန်တော် ယုံကြည်ပါသည်။ ဓာတ်ပုံရိုက်သည်ဆိုတာလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ မည်သူ့ကိုအကူအညီတောင်းမည်နည်း။ ကျွန်တော်အရမ်းစိတ်လှုပ်ရှားပါသည်။ ကိုယ့်အရိပ်ကိုတောင် ကိုယ်သံသယဖြစ်နေပါတော့သည်။ ညဘက်တွင် အိပ်မပျော်တော့ပါ။ ထမင်းလည်း မစားနိုင်တော့ပါ။

"ဟဲ့သား၊ ထမင်းစားနည်းလှပါလား"

"ဟုတ်တယ်၊ ကိုကို ထမင်းစားနည်းသွားတယ်"

ကျွန်တော့်ညီက ဝင်ပြောလိုက်သည်။ အဖေကတော့ မည်သို့မျှမပြော။ သူ့ဘာသူသာ ထမင်းဆက်စားနေသည်။

ကျွန်တော်သည် ထမင်းစားပြီးသည်နှင့် ခဏတစ်ဖြုတ်နားနေကာ ထုံးစံအတိုင်း ဘုရားရှိခိုးသည်၊ အမျှအတန်းဝေသည်။ ထို့နောက် အိပ်ရာဝင်ပါတော့သည်။သို့သော် အိပ်၍မပျော်ပါ။ အဖမ်းခံရမည့်အရေးကိုသာ တွေးနေပါသည်။ ငါအဖမ်းခံရလျှင် ငါ့မိဘဘယ်လိုနေမည်နည်း၊ ငါ့ညီလေးဘယ်လိုနေမည်နည်း၊ ပတ်ဝန်းကျင်က မည်သို့ပြောကြမည်နည်း။

ကျွန်တော် တော်တော်နှင့်အိပ်၍မပျော်ပါ။ တလူးလူးတလိမ့်လိမ့်နှင့်သာ အချိန်တွေကုန်သွားပါသည်။ အားလုံးအိပ်မောကျနေကြပြီ။ ခွေးဟောင်သံမှတစ်ပါး အခြားမည်သည့်အသံကိုမျှ မကြားရတော့ပေ။ ကျွန်တော်လည်း မှေးခနဲအိပ်ပျော်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း၊ ဒုန်း - အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ကျွန်တော်လန့်ပြီးနိုးလာပါသည်။ ပတ်ဝန်းကျင်မှလည်း ကားသံများကြားနေပါသည်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့ ဒုန်း ဒုန်း"

အိမ်ရှေ့တွင် တံခါးခေါက်သံကြားနေရပါသည်။ ဟုတ်ပါသည်၊ အိပ်မက်မဟုတ်ပါ။ တကယ့်တံခါးခေါက်သံဖြစ်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် သေချာသွားပါတော့သည်။ ကျွန်တော့်အား လာဖမ်းတာဖြစ်ရမည်။ထို့ကြောင့် ကျွန်တော့်အိမ်ကိုသာ ဝင်၍ တံခါးခေါက်သည်။ တခြားအိမ်များ လုံးဝတံခါးမခေါက်။

ကျွန်တော် လူးလဲထလိုက်သည်။ ကျွန်တော့်အဖေရော အမေပါ အိပ်ရာမှထလိုက်ကြသည်။ ကျွန်တော်သည် အမေရှိရာသို့သွားပြီး အမေ့ကိုဦးချလိုက်သည်။ ပြီးမှ-

"အမေ့မှာ ပိုက်ဆံဘယ်လောက်ရှိသလဲ"

အမေသည် ဘုမသိဘမသိဖြင့် အင်္ကျီအိတ်ထဲကိုနှိုက်လိုက်သည်။ ဆယ်တန်ငါးရွက်ပါလာသည်။ အမေက ကျွန်တော့်ကိုလှမ်းပေးသဖြင့် ပိုက်ဆံငါးဆယ်ကို ကျွန်တော်ယူလိုက်သည်။

"ဟဲ့သား ဘာဖြစ်လို့လဲ၊ ဘာလုပ်မလို့လဲ"

ကျွန်တော်သည် အမေ့ကိုလက်ကာပြပြီး အိမ်နောက်ဖေးသို့ဝင်လိုက်သည်။ နောက်ဖေးတံခါးကိုဟပြီး အခြေအနေကိုကြည့်လိုက်သည်။

ထိုအချိန်က ရန်ကုန်တိုင်းတိုင်းမှူးမှာ ဗိုလ်မှူးကြီးလှဘုန်း ဖြစ်ပါသည်။ ဗိုလ်မှူးကြီးလှဘုန်း ဆိုသည်မှာ မမတင်၏ ယောက်ျား။ ကျွန်တော် လေး၊ ငါးနှစ်သားက မြောင်းမြမြို့ ရှမ်းကုန်းပိုင်းတွင်နေခဲ့သည်။ မမတင်တို့နောက်ဖေးတွင်အိမ်ငှားနေခဲ့ရသည်။ မမတင်က ကျွန်တော့်ကိုသိမည်မဟုတ်။ ကျွန်တော်က သိနေပါသည်။ မမတင်သာမက ဒေါ်အေးနှင့် ဒေါ်အေးညွန့်တို့ကိုပါသိနေပါသည်။ ဒေါ်အေးညွန့်က မြောင်းမြဈေးထဲတွင် ဟင်းရွက်နှင့်ကုန်စုံရောင်းသည်။

ကျွန်တော်သည် ကြံရာမရသဖြင့် နီးစပ်ရာများကို စဉ်းစားခြင်းဖြစ်သည်။ ထို့နောက် မမတင်က ဗိုလ်လှဘုန်းဆိုသူနှင့် အိမ်ထောင်ကျသွားသည်ကိုလည်း ကျွန်တော်သိနေပါသည်။

သို့သော် မမတင်နှင့်ဗိုလ်မှူးကြီးလှဘုန်းတို့မှာ ကျွန်တော့်ဘဝနှင့်ကွာခြားလှပါသည်။ ဒီအတောအတွင်း အဆက်အသွယ်လုံးဝမရှိ။ ကျွန်တော်ဘာလုပ်ရမည်နည်း။ ကျွန်တော်လုပ်စရာတစ်ခုသာရှိတော့သည်။ တံခါးကိုဖွင့်၍ထွက်ပြေးရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ပေ။ ကျွန်တော် တံခါးကိုတွန်းဖွင့်လိုက်ချိန်တွင် -

အိမ်ရှေ့မှ အဖေ တံခါးဖွင့်သံကိုကြားနေရပါသည်။

"ဧည့်သည်ရှိသလား ဧည့်သည်"

"မရှိပါဘူး ဗိုလ်ကြီးရယ်"

"ခင်ဗျားတို့ လူဘယ်နှစ်ယောက်ရှိသလဲ"

"ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးသည်ရယ်၊ သားနှစ်ယောက်ရယ် ဒါပဲရှိပါတယ်"

"ဒါပဲဆိုရင် ခင်ဗျားကျွန်တော်တို့နဲ့လိုက်ခဲ့"

"ဘယ်ကိုလိုက်ရမှာလဲ ဗိုလ်ကြီးရယ်"

"ဧည့်စာရင်းစစ်ဖို့လေ၊ ပြီးတော့မှပြန်ပေါ့။ ကဲ - လာသွားကြမယ်"

ကျွန်တော့် ခေါင်းပေါ်မှ အချိန်တစ်ရာမကလေးသော အလေးကြီးအောက်သို့ပစ်ချလိုက်သလို ခံစားလိုက်ရသည်။ ကျွန်တော့်တစ်ကိုယ်လုံးချွေးစေးများထွက်နေပေသည်။ ကျွန်တော့်လက်များလည်းတုန်နေသည်။ မောပန်းနွမ်းဟိုက်နေသည်။

ကျွန်တော်သည် ဖွင့်ထားသောတံခါးကိုပြန်ပိတ်လိုက်သည်။ ချက်ချင်းဆိုသလို အမေ့အနားသို့ရောက်လာပါသည်။ ကျွန်တော်သည် အင်္ကျီအိတ်ထဲမှ ငွေငါးဆယ်ကို အမေ့လက်ထဲသို့ပြန်ထည့်လိုက်သည်။ ပြီးမှ မျက်ရည်လည်ရွဲဖြင့် အမေ့ကို ရှိခိုးဦးချလိုက်ပါသည်။ ကျွန်တော်ညီ မောင်ဝင်းမောင်မှာလည်း ဘုမသိဘမသိဖြင့် ကျွန်တော့်နည်းတူထိုင်ကာ အမေ့ကို ကန်တော့ပါတော့သည်။

"သားဘာဖြစ်လို့လဲ၊ သားဘာတွေလုပ်နေတာလဲ။ အမေနားမလည်ဘူး၊ အမေ့ကို အကျိုးအကြောင်းပြောပါဦး"

အမေမေးသော်လည်း ကျွန်တော်ပြန်မဖြေနိုင်ပါ။ မဖြေချင်၍မဟုတ်ပါ။ ကျွန်တော့်ရင်ထဲတွင် ဆို့တက်နေသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်သည် အမေကိုကန်တော့ပြီးသည်နှင့် အဖေရှိရာကို ရည်မှန်းကာ ကန်တော့လိုက်ပါသည်။

ထိုညတစ်ညလုံးလိုလို ကျွန်တော်အတွေးများဖြင့်ရစ်ပတ်နေပါတော့သည်။ ဆရာမင်းသိခ်လောင်းလျာ ကိုအောင်ထွန်းနှင့် ကိုစိုးသိမ်းတို့ကိုလည်း မတွေးဘဲမနေနိုင်တော့ပါ။

သူတို့ဘယ်ဆီများရောက်ကုန်ကြပြီလဲ။ ဒါကလည်း သူတို့လုပ်ခဲ့သည့်အလုပ်သူတို့ခံရတာပဲလေဟု စိတ်လျှော့လိုက်ပါသည်။

နောက်နှစ်ရက်လောက်ကြာသောအခါ ငါးဦးကော်မတီဥက္ကဋ္ဌနှင့် အမှတ်မထင်ဆုံမိသည်။

"ကဲ-မောင်ချစ်ဆွေ၊ ထောက်လှမ်းရေးကတော့ မင်းအကြောင်းလာစုံစမ်းတယ်။ ငါကတော့ သူ့အမေလုံချည်လျှော်နေတာပဲသိတယ်လို့ ပြောလိုက်တယ်ကွာ။ နေတာထိုင်တာတော့ ဆင်ခြင်နေပေါ့"

"ဟုတ်ကဲ့-ကျွန်တော်မှားတာတွေ့ရင်လည်း ဆုံးမပါ ခင်ဗျာ"

နောက်တစ်နေ့တွင်လည်း လူတစ်ယောက်က ပြောပြန်သည်။

"မောင်ချစ်ဆွေ၊ မင်းအကြောင်း စုံစမ်းတဲ့လူရှိတယ်။ ဘယ်သူလို့တော့ ငါမပြောချင်ဘူး။ ငါ့ကိုမေးတော့ သူ့အမေ လုံချည်လျှော်နေတာပဲတွေ့တယ်လို့ပြောလိုက်တယ်"

ဩော် - မိခင်၊ ဖခင်ဆိုသည်မှာ သားသမီးတိုင်းကိုချစ်ကြပါသည်။ ကိုယ်တိုင် အနစ်နာခံ၍လည်း ချစ်တတ်ပါသည်။ လူဆိုးသူခိုးဖြစ်စေဦးတော့ သားသမီးအပေါ်တွင် ချစ်တတ်စမြဲ မွေးတာပင် ဖြစ်သည်။

ထိုနည်းတူစွာ သားသမီးများသည်လည်း မိဘများကိုရှိသေရပါမည်၊ ထေးစားရပါမည်၊ ချစ်ခင်တတ်ကြရပါမည်။ ယခုအခါ ကျွန်တော့် မိခင်နှင့် ဖခင်တို့မှာ ကျွန်တော့်ကို မျက်ကွယ်ပြုသွားကြပါသည်။ သို့သော် ကျွန်တော်သည် တွေးမိတိုင်း မျက်ရည်ဝိုင်းရပါသည်။ တမ်းတရပါသည်။ လွမ်းရပါသည်။

ယခု ကျွန်တော့်အသက် (၇၄) နှစ်ရှိနေပေပြီ။ သို့သော် မိခင်၊ ဖခင်တို့သည့်စိတ်မှာ ငယ်ရွယ်နုပျိုတုန်းပင်ဖြစ်ပါတော့သည်။

မိဘမေတ္တာကား စာဖွဲ့၍ပင်ကုန်နိုင်မည်မဟုတ်ပေ။

တက္ကသိုလ်ကြည်သာ



www.burmeseclassic.com

www.burmeseclassic.com

# ကိုတိုး(ရန်ကင်း)

## ငွေရောင်ခေတ်နှင့် ရွှေရောင်ခေတ်များကို ဆက်ကာ ပြန်လည် ရိုက်ကူးခြင်း

# မြော်...လောဘ

မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို လေ့လာသုံးသပ်သောအခါ ၁၉၂၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ ငွေရတုခေတ်နှင့် ၁၉၄၆ မှ ၁၉၇၀ ပြည့်နှစ် ရွှေရတုခေတ်အထိ မြန်မာ့ရုပ်ရှင်ဇာတ်ကားများသည် ရုပ်ရှင်ကြည့်ပရိသတ်ကို အထူးတလည် လေးလေးစားစား ရိုက်ကူးပြသခဲ့ကြောင်း တွေ့ရှိရသည်။ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ပြီးစလွယ်ရိုက်ကူးလေ့မရှိကြပါ။

ထိုငွေရတုခေတ်က မြန်မာ့ရုပ်ရှင်ကုမ္ပဏီများသည် ကိုယ်ပိုင်မင်းသား၊ မင်းသမီးများကိုမွေးကာ ကုမ္ပဏီအချင်းချင်း သူထက်သာအောင်၊ သူ့ထက်ပိုကောင်းအောင် အပြိုင်အဆိုင် ကြိုးစားကာထွင်၍ ရိုက်ကူးတတ်ကြသည်။

အေဝမ်းဖလင်ရုပ်ရှင်ကုမ္ပဏီသည် ရာဇဝင်ဇာတ်ကားများကို ခမ်းနားကြီးကျယ်စွာ ရိုက်ကူးလေ့ရှိသဖြင့် အေဝမ်းဖလင်ကရိုက်ကူးသော ရာဇဝင်ဇာတ်ကားဆိုလျှင် ရုပ်ရှင်ကြည့်ပရိသတ်က စိတ်ချလက်ချကြည့်လေ့ရှိသကဲ့သို့ အချစ်နှင့်အိမ်ထောင်ရေးရုပ်ရှင်ဇာတ်ကားများတွင် ဗြိတိသျှဘားမားရုပ်ရှင်က နာမည်ရလေသည်။ ပဲရော့ရုပ်ရှင်ကမူ မျိုးချစ်စိတ်ဓာတ်ကို နှိုးဆွပေးသော ဇာတ်လမ်းများနှင့် စတန့်ရုပ်ရှင်ကားများကို ရိုက်ကူးလေ့ရှိသည်။ အေဝမ်းက ရာဇဝင်၊ ဗြိတိသျှဘားမားက အချစ်နှင့်အိမ်ထောင်ရေး၊ ပဲရော့က စတန့်၊ ဒိုင်ဗင်၊ ဖိုက်တင်ဟုဆိုရာတွင်လည်း ယေဘုယျအားဖြင့် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။ ကျန်ရုပ်ရှင်ကုမ္ပဏီများ ဖြစ်ကြသော

မြောင် ➳ ဆန်းသီရိရုံကြီးမှာ ➳ မြောင်



နေရာရှာကောင်းရအောင်–စောစောကြိုလာတော်မူပါ။



မင်းသားကြီး ဘမြင့်



မြော်. . . လောဘမှ ထူးခြားမည့်အခန်း



မြော်. . . လောဘမှတစ်ခန်း



သူကလေးအကြောင်းပြောနေရရင် တပြုံးပြုံး



တိုးတိုးတိတ်တိတ် သိပ်သိပ်သည်းသည်း




www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကားစတင်ရိုက်သောအခါ
မင်းသားကြယ်နီမှာ ဦးအာလောကအဖြစ်နှင့်
တွေ့ရကာ ဆွမ်းလောင်းဒကာမလေးမှာ
မြင့်မြင့်ဌေး ဖြစ်သည်



ရန်ကုန်ရုပ်ရှင်၊ သက်နွှင်းဘရားသား၊ ရွှေမြင့်မိုရ်၊ ဆွေဗမာဖလင် စသည့် ကုမ္ပဏီများကလည်း သူ့ထက်ငါသာ အောင်၊ ပိုကောင်းအောင် ရိုက်ပြကြခြင်းဖြင့် ငွေပေး၍ ကြည့်ရှုကြသော ရုပ်ရှင်ကြည့်ပရိသတ်ကို အလွန်ပင် အလေးထားကြောင်း သိသာနိုင်ပေသည်။



ခေတ်ဟောင်းမင်းသားဘမြင့်မှာ ထွားမျစ်နမျှသော မြင့်မြင့်ဌေးလို မင်းသမီးနှင့်ပင် ရွှေနှင့်မြကဲ့သို့ အတွဲညီနေသေးကြောင်း ဤသို့တွေ့ရမည်

**၂ မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်မှ ဇာတ်ကားတစ်ကား**

မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်ကာလ အချိန်တိတိကျကျဆိုရသော် ၁၉၅၉ခုနှစ်၊ အောက်တိုဘာလ ယခု ဤစာရေးသူပင် အသက် (၃) နှစ်အရွယ် မူလတန်းကျောင်းပင် မတက်သေးသောအချိန် ထိုအချိန်ကာလက ရွှေဇီးကွက်ရုပ်ရှင်မှ ပွဲဦးထွက်လက်ရာအဖြစ် ဒါရိုက်တာ ရွှေဘော်ရိုက်ကူးပြီး ဇာတ်ညွှန်းဆရာဟန်၏ 'ဩော်လောဘ' အသံထွက် သံဝေဂဟာသဇာတ်မြူးရုပ်ရှင်ကားတစ်ကား ထွက်ပေါ်ခဲ့ပါသည်။ ထိုဇာတ်ကားတွင် လူရွှင်တော် ဦးကြယ်နီက အဓိကဇာတ်ကောင်။

လူရွှင်တော်ဦးကြယ်နီ။ ။ ပြဇာတ်ခေတ်မှ ရုပ်ရှင်လောကသို့ဝင်ဆံ့လာသူ။ မျက်လုံးကြီးတပြူးပြူးနှင့်ရှိတတ်သောသူကို မျက်စိထဲမှာ အမြဲမြင်ယောင်နေမိသည်။ ပိတ်ကားပေါ်မှ ဦးကြယ်နီသည် ကျွန်တော်တို့အား ရယ်ရစေလွန်းသဖြင့် အူနာလျက်ရှိသည်။ သူ့ဇာတ်ကွက်နှင့်သူဝင်လာသော အခန်းမျိုးကျလျှင် ဦးကြယ်နီသည် တုမမီသောလူရွှင်တော်တစ်ဦးပင် ဖြစ်၏။ ကျွန်တော်ငယ်စဉ်က



ဩော်. . . လောဘမှ တစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com




ငရဲပြည်နှင့်ဒုစရိုက်သား (ဇော်. . . လောဘမှ)





ဇော်. . . လောဘဆေးရောင်စုံမြင်ကွင်းကျယ်မှ



ဤသို့ အသက်ပါအောင် ရိုက်ကူးကြသည်



အခြင်းခန်းများတွက်ရိုက်စဉ် အဖွဲ့သားများနှင့် ဇေစပ်သေချာစွာ စိတ်တိုင်းကျစီမံနေသော ရွှေဘော်

ဦးကြွယ်နီနှင့် ဒေါ်စိန်ခင်တို့လူကြီးလင်မယားလုပ်ရသော ဇာတ်ကားအတော်များများကို ကြည့်ခဲ့ရဖူးသည်။

ဇော်လောဘ ဇာတ်ကား၏ထူးခြားချက်မှာ ငရဲကြီးရှစ်ထပ်ဆေးရောင်စုံအခန်းများ ကြားညှပ်ပြသခြင်းပင် ဖြစ်သည်။

■ ဇော်လောဘဝတ္ထုဇာတ်လမ်း

အင်းသူကြီး သူဌေးမင်း ဦးချစ်ဖေသည် သားဖြစ်သူ မောင်ကြွယ်နီ၏သတင်းကို ကြားရသောအခါ ဆွေ့ဆွေ့ခုန်မတက် ဝမ်းမြောက်သွားမိလေသည်။

သားမောင်ကြွယ်နီသည် ရဟန်းဘောင်ဝင်တော့မည်ဆိုပါကလား။

"အင်း - ငါ့ကို တရားရေအေးတိုက်ကျွေးမယ့် သားရတနာပဲ"


ဦးချစ်ဖေသည် ပီတိရိပ်ဖြာဖြာဝေလျက်ရှိလေသည်။ သူ့အဖို့ သားအတွက်နှင့် ဂုဏ်တက်လှပေ၏။

အမှန်အားဖြင့် နဂိုကပင် ဦးချစ်ဖေသည် − ်နကြွယ်ဝသော အင်းသူကြီး

www.burmeseclassic.com



ရုပ်ရှင်ပိတ်ကားပေါ်မှမြင်ရမည့် မြင့်မြင့်သိန်း၏ကဟန်



ကြော်-လောကတွင် မြင်ကြရမည့် နာမည်ကျော် မြင့်မြင့်ဌေးနှင့် မြင့်မြင့်သိန်း၊





အလင်းအမှောင်ချိန်နေသူမှာ ဦးစံလွင်ဖြစ်ပြီး ဇာတ်ညွှန်းကြည့်နေသူ ဦးရွှေဘော်နှင့်
ဘေးမှရပ်နေသူများမှာ ဦးမောင်လေးနှင့် မေမေဝင်းတို့ ဖြစ်သည်

ဖြစ်သည်။ သူသည် စီးပွားရေးအ
အင်းသူကြီးလုပ်ငန်းကို လုပ်ကိုင်သည်
ဝင်ငွေမှာ ဒီရေအလား တစ်ဟုန်ထ
တိုးတက်မြင့်မားလာသည်သာရှိသည်
ဆုတ်ယုတ်သည်ဟူ၍မရှိခဲ့။ အင်းသူ
ဦးချစ်ဖေအဖို့ အင်းလုပ်ငန်းသည် အ
ပေးသည်။

ဦးချစ်ဖေသည် သူ၏စီးပွား
လုပ်ငန်းဖြစ်သော အင်းလုပ်ငန်းထဲ၌
နစ်မြုပ်နေခဲ့သည်။ သို့သော် သူ၏သ
ဖြစ်သော မောင်ကြယ်နီမှာမူ ငယ်
ကတည်းက အင်းအလုပ်ကို စက်ဆု
သည်။ အကုသိုလ်ဒုစရိုက်မှုဟု နား
ထားမိသောကြောင့် သူ၏ ဆရာ
ဘုရားနှင့်သာ အတူသွားနေသည်။
အိမ်တွင်နေသည်ဟူ၍မရှိ။ ဘုန်း
ကျောင်းတွင်သာ အစဉ်နေတတ်
သည်။

မောင်ကြယ်နီမှာ ဖခင်၏

www.burmeseclassic.com



အင်းသူကြီး ဦးချစ်ဖေ



အောက်လမ်းဆရာ သန်းနွဲ့



ဪ. . . လောဘမှတစ်ခန်း



မင်းသားဘမြင့်နှင့်မြင့်မြင့်ဌွေး



ဪ. . . လောဘမှတစ်ခန်း



ချစ်ခြင်းပြိုင်ကြမည့်သူနှစ်ဦး

င့်ပတ်သက်၍ ကြာလေ စိတ်ပျက်လေ ဖြစ်လာမိသည်။ ဖခင်ကိုလည်း ငြိုငြင် သာ၏။

သူ၏အသက်ကို သတ်ခြင်းတည်း သော အပြစ်မကင်းစင်သည့် စီးပွား နည်းကို ရှုရှာလာသောအခါတွင် မောင်ကြယ်နီသည် ရဟန်းဘောင်သို့ ပြောင်းရန် စိတ်ပိုင်းဖြတ်လိုက်လေ တော့ သည်။

ဦးချစ်ဖေသည် သားဖြစ်သူရဟန်း အတွက် အားခဲကာ အကြီးအကျယ် ဆင်သည်။ အစွမ်းကုန်လှူဒါန်းရန် ည်း စိတ်ပိုင်းဖြတ်လိုက်၏။ ဦးချစ်ဖေ သာ သားရဟန်းခံပွဲအတွက် ပျော် ပြုံးကြိုးစားလျက်ရှိသည်။

သို့သော် မောင်ကြယ်နီက လက် ခဲ့ချေ။ မောင်ကြယ်နီသည် ဦးချစ်ဖေ ကြင်နာစွာကြည့်၍ဆိုသည်။

"သားလက်မခံပါရစေနဲ့ ဖေဖေ ။ နဂိုတည်းက သားဟာ ဖေဖေ့ဆီ နေချင်စိတ်လုံးလုံးမရှိတာကလား။ တော့ ခုလည်း သားဘာသာသားပဲ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ ရဟန်း ခံပါရစေ။ ဖေဖေ့အကူအညီကို သား မယူလိုပါဘူး။ ဖေဖေရယ်"

ဦးချစ်ဖေသည် ဘာမှမပြောနိုင် တော့ပေ။ သားမောင်ကိုသာ ငေးကြည့် နေရှာသည်။

❑

မောင်ကြယ်နီ ရဟန်းခံသော အခါ ဦးပဥ္စင်းဘွဲ့မှာ 'ဦးအာလောက' ဖြစ်သည်။ ဦးအာလောက ဆွမ်းခံကြွ သောအိမ်များအနက် ဦးမောင်လေး၊ မေမေဝင်းတို့၏ အိမ်တစ်အိမ်လည်း အပါအဝင် ဖြစ်သည်။

ထိုအိမ်တွင် မေမေဝင်း၏ တူမ ချောကလေးတစ်ယောက်ရှိသည်။ သူ့ကို 'မြင့်' ဟုခေါ်၏။ ဘာသာတရား ရိုသေ ကိုင်းရှိုင်း၍ ဝိဟ်ထားမြင့်မြတ်ဖြူစင် သူကလေး ဖြစ်သည်။

မြင့်၌ ချစ်သူ 'ဘမြင့်' ရှိသည်။ သူတို့နှစ်ယောက်လုံး အလွန်ဖက်ညီကြ သည်။ စစ်မှန်သော မေတ္တာတရားဖြင့် တစ်ဦးကိုတစ်ဦးအကြင်နာပိုကြသည်။ ဆတက်ထမ်းပိုး တိုးလို့သာချစ်ကျွမ်းဝင် ကြလေသည်။

ဘမြင့်၏ နှမလေး မြင့်မြင့်သိန်း ကား ကချေသည် အငြိမ့်သမလေးတစ် ယောက်ပေတည်း။ မြင့်သည် ယောက်မ လောင်းလေး မြင့်မြင့်သိန်းကို ညီမ အရင်းတစ်ယောက်သဖွယ် ချစ်မိသည်။ မြင့်မြင့်သိန်း အငြိမ့်ကပြီဆိုလျှင် မြင့်ကို အမြဲတစေ တွေ့နိုင်လေသည်။

အငြိမ့်သမလေး မြင့်မြင့်သိန်းကလည်း သူ့အစ်ကိုနှင့် မမမြင့်ကို သဘော တူသည်။ တစ်ခါတစ်ရံ မြင့်မြင့်သိန်း သည် ဘမြင့်နှင့် မြင့်တို့ တွေ့ဆုံနိုင်ရန် ချိန်းချက်ပေးရသော တာဝန်ကိုပင်ယူ လေ့ရှိသည်။

ဘမြင့်ချစ်သူ မြင့်၏ လိမ္မာပါးနပ် ပုံ၊ သဘောထားမြင့်မြတ်ပုံ၊ စိတ်ဓာတ် တည်ကြည်ပုံဂုဏ်သတင်းကား မွှေးလှ သည်။

သို့သော် မြင့်နေသောအိမ်၌ပင် မြင့်နှင့် အသွင်မတူသော စိတ်သဘော


www.burmeseclassic.com



သားထံမှ စာရောက်လာပြန်သည်ဆိုတော့ . . .



မေမေဝင်းကမှ တူမလေးအတွက် အရှက်တကွဲလည်းမဖြစ်စေလို



အရူးနှင့်အောက်လမ်းဆရာတို့တွေ့စဉ်

ထားဆိုးသူတစ်ဦး ရှိ၏။ ထိုသူကား ဦးလေးတော်သူ ဦးမောင်လေးပင်တည်း။

ဦးမောင်လေးသည် မစ္ဆေရစိတ် ကို အမြဲတမ်းမွေးမြူနေတတ်၏။ သူတစ် ပါးအကျိုးယုတ်စေရန် အစဉ်သဖြင့် ကြံ စည်နေတတ်သူဖြစ်သည်။ ဦးမောင်လေး သည် တပည့်တပန်းများမွေးထားသည်။ တင်မောင်ကြီးနှင့် စိန်ဝင်းကား ဦးမောင် လေး၏ လက်ရုံးနှစ်ဆူသဖွယ် အားကိုးရ သော ကြံရာပါများဖြစ်ကြသည်။

ဦးအာလောက ဆွမ်းခံကြွလာ သည်ကိုမြင်တိုင်း ဦးမောင်လေး၏ မျက်နှာသည် ဝင်းပြောင်လာလေ့ရှိ သည်။ ဦးမောင်လေးသည် တစ်ခုတစ်ခု ကို တွေးတောကာ ဝမ်းအသာကြီးသာ နေ၏။

ဦးအာလောက၏ ခမည်းတော် သည် ကြွယ်ဝချမ်းသာသောအင်းသူကြီး ဖြစ်သည်ကို ဦးမောင်လေး သိရှိထား၏။ ဦးအာလောကသည် သူ့အတွက် 'အမဲ' ဟု ဦးမောင်လေးက သဘောထား၏။

ဦးမောင်လေးသည် ဦးအာလော ကနှင့်ပတ်သက်၍ တွေးမိတိုင်း မြင်း တည်းဟူသော တူမချောအား မြင် ယောင်လာသည်။ ပြီးနောက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်ထင် ထင်ချမှတ်လိုက်သည်။

ဦးမောင်လေး၏ မျက်နှာသည် တဖြည်းဖြည်း ပြုံးယောင်သန်းလာ၏။ သူ့အဖို့ ပွပေါက်တိုးတော့မည် မဟုတ် ပါလား။

❑

အောက်လမ်းဆရာ၏ အိမ် အခန်းမှာ ညစ်ပတ်ပေရေလှသည်။

အောက်လမ်းဆရာ 'ဆရာသန်း နွဲ့' ၏ ရုပ်ရည်မှာလည်း ပျို့အန်ချင်ဖွယ် ကောင်းလှသည်။

ထဘီများ၊ ကန်တော့ပွဲများ တံမြက်စည်းများအား အကုန်လုံး ကိုးရိုးကားရားဖြင့် ဖြစ်ချင်တိုင်းဖြစ်နေ ၏။ ဘာတစ်ခုမှအဆင်ပြေခြင်းမရှိပေ။

ဦးမောင်လေးနှင့် တပည့်များ သည် ခပ်ယို့ယို့ဖြင့် အောက်လမ်းဆရာ ၏ အိမ်ခန်းထဲသို့ ဝင်လာကြသည်။ ဆရာသန်းနွဲ့က သူတို့ကိုမြင်သောအခါ လာရင်းကိစ္စကို မေးသည်။

သူတို့က ဆေးလိုချင်၍လာ ကြောင်းနှင့် မည်သည့်ဆေးမျိုးကို လို ကြောင်း အဖြေပေးကြသည်။

အောက်လမ်းဆရာသန်းနွဲ



www.burmeseclassic.com

www.burmeseclassic.com

တို့လိုချင်သောဆေးကို ရဲဝံ့စွာအာမခံပြီး ပေးလိုက်သည်။ ဆေးဖိုးခငွေကိုပင် အပြည့်မယူဘဲ လုပ်ငန်းအောင်မြင်မှ ကျန်ငွေလာယူမည်ဟု အာမခံသည်။ တင်မောင်ကြီးနှင့် စိန်ဝင်း တပည့်ကျော်ကြီးနှစ်ယောက်သည် သူ့ဆရာ၏ ကတိစကားကို ကြားယောင်နေကြ၏။ ယင်းမှာ 'ဒီငွေရရင် တို့ (၃) ယောက် ဝေပုံကျ ခွဲဝေယူကြမယ်' ဟူ၍ပင်။

ဦးမောင်လေးသည် သူ၏အိမ်သို့ ရောက်သောအခါ အစီအစဉ်ရေးဆွဲ၍ ဇနီးသည် မေမေဝင်းကို တိုင်ပင်သည်။ မေမေဝင်းသည် သဘောမတူချင်သော်လည်း ကြောက်ရသောလင်ဖြစ်နေ၍ နောက်ဆုံးဝယ် ခေါင်းညိတ်ရရှာသည်။

သူ၏ လုပ်ငန်းစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် တာဝန်ရှိသူမှာ သူပင်ဖြစ်သည်ဟု ဦးမောင်လေး နားလည်ထားသည်။

❑

နောက်တစ်နေ့နံနက်ချိန်။

ဦးမောင်လေးသည် သူ့အကြံအတိုင်း အိမ်၏တစ်နေရာ၌ ပုန်းကွယ်နေလိုက်သည်။ ဇနီးသည် မေမေဝင်းသည် ဦးအာလောက ဆွမ်းခံကြွမည့် အချိန်ကို စောင့်မျှော်နေသည်။

မကြာမီ ဦးအာလောကသည် စက္ခုကုန္ဒြေချလျက် ကြည်ညိုဖွယ်ရာ ဆွမ်းခံကြွလာသည်။

မြင့်သည် ဦးအာလောကကို ဆွမ်းလောင်းသည်။ မေမေဝင်းသည် ဦးအာလောကအား ကော်ဖီဘုဉ်းပေးတော်မူရန် ကော်ဖီဖျော်သည်။

ကော်ဖီထဲ၌ ဦးမောင်လေးယူလာသောဆေးကို စပ်ထည့်ကာ တူမ မြင့်ကို ဆက်ကပ်ခိုင်းသည်။

ရိုးသားသောမြင့်သည် ပြုနေကျ ဓလေ့ရှိုးအတိုင်း ဦးအာလောကအား ဆက်ပြုသည်။

ဦးအာလောက ကော်ဖီကို ဘုဉ်းပေးသောအခါ မွှေးသလိုလိုအနံ့အရသာ တစ်မျိုးကို ခံစားရ၏။

"ဒီတစ်ခါ ကော်ဖီဟာ အရသာ တစ်မျိုး ထူးခြားနေပါလား ဒကာမ"

"ခါတိုင်းလိုပါပဲ ဘုရား"

ဟု ဘာမှမသိသော မြင့်က လျှောက်ထားသည်။

ဦးအာလောကသည် နောက်ဆုံး၌ ဆေးမိတော်မူရှာလေပြီ။

ဦးအာလောကသည် ဦးနှောက်



ရွှေဘော်၏ ဩော်. . . လောဘမှ ဦးမောင်ကလေး၊ မေမေဝင်းနှင့် တင်မောင်ကြီးတို့တစ်ခန်း



ဒါရိုက်တာရွှေဘော်၏ စစ်မြေကမောင်မှတစ်ခန်း

တွေဝေလာ၏။ ရင်ထဲ၌ တုန်တုန်ယင်ယင်ဖြစ်လာသည်။ မမျှော်လင့်သော အသံသည် ဦးအာလောက နှုတ်တော်မှ ထွက်သွားမိလေသည်။

"ဒကာမ၊ ဒကာမဟာ သာမိကလား၊ အသာမိကလား"

"တပည့်တော်မ ပါဠိစကားနားမလည်ကြောင်းပါ"

"ဩော် ဩော်၊ ဒကာမမှာ ပိုင်ရှင်ရှိသလား၊ မရှိဘူးလားလို့ မေးတာပါ"

"အို"

မြင့်သည် အလန့်တကြားဖြစ်သွားမိသည်။ ကြားရသော ကိုယ့်နားကိုပင်ကိုယ် မယုံကြည်နိုင်ပေ။ မြင့်သည် ဦးအာလောကကို ကြောင်စီစီကြည့်နေမိသည်။ နောက်အခန်းထဲ ဝင်ပြေးသွားတော့သည်။

ဦးအာလောကသည် ဆေးမိထားသော်လည်း တစ်ခါတစ်ခါ သတိပြန်လည်လာသည်။ ဦးအာလောကသည် မိမိပြုမိသောအမှားကို ဆင်ခြင်တော်မူရှာသည်။ ထိုအတွင်း ဦးမောင်လေးကို ဖြုန်းခနဲတွေ့လိုက်ရ၏။ ဦးအာလောကသည် သွေးဆုတ်သကဲ့သို့ ဖြူရော်သွားရှာသည်။

"ကြည့်စမ်း - အရှင်ဘုရားဟာ တပည့်တော်တို့ တူမလေးကို ဘယ်လို မိန့်ဆိုလိုက်တာလဲ။ အပြစ်ကြီးရှိနေတဲ့ အရှင်ဘုရား တပည့်တော်တို့တူမလေးရဲ့ ကာက္ကန္ဒြေငွဲပြီး လူဝတ်လဲရမယ်။ ပြီးတော့မှ အိမ်ထောင်မှုကိုပြုပါ"

ဦးအာလောကသည် ခေါင်းငိုက်



www.burmeseclassic.com

www.burmeseclassic.com

စိုက်ကျနေ၏။ ဦးအာလောကအဖို့ ဦးမောင်လေးပြောစကားအတိုင်း လက်ခံရတော့မည်တကား။

ကျောင်းသို့ပြန်ရောက်သောအခါ ဦးအာလောကသည် မြင့်ကိုသာ တဝဲလည်လည် တမ်းတနေမိပြန်လေသည်။ ဦးမောင်လေး အကြံပေးသည့်အတိုင်း လူဝတ်လဲရန်အတွက် ဦးအာလောက ကြိုးစားရသည်။

❑

အင်းသူကြီးမင်း ဦးချစ်ဖေသည် သားမောင်ပဥ္စင်း၏စာကို ဖတ်ရသောအခါ မျက်နှာဝင်းထိန်သွား၏။ ဦးချစ်ဖေသည် အခေါက်ခေါက်အခါခါ စာကို ဖတ်နေမိလေသည်။

*ဒကာကြီးသိစေရန် -*

*ဦးပဥ္စင်းသည် မဇ္ဈိမဒေသ ဘုရားပွင့်ရာဌာနသို့ ဘုရားဖူးလှည့်လည်လို၍ ဝတ္ထုငွေ (၅၀၀၀) ကို ကိုယ်တိုင်မလာဘဲ တစ်စုံတစ်ယောက်ဖြင့် အပို့လွှတ်ရန် မှာကြားလိုက်သည်။*

*ဦးအာလောက*

မိမိ၏ ထောက်ပံ့မှုကို တစ်ခါကမျှ လက်မခံခဲ့သော သားပဥ္စင်းထံသို့ ဦးချစ်ဖေသည် ဝမ်းမြောက်ဝမ်းသာ ငွေကိုပို့သည်။

ဦးအာလောကသည် ထိုငွေကို ဦးမောင်လေးသို့အပ်ကာ လူဝတ်လဲရရှာတော့သည်။ ဦးမောင်လေးသည် ထိုငွေဖြင့် မကျေနပ်သေးချေ။ ဘုန်းကြီးလူထွက် ကိုကြွယ်နီကို ငွေရနိုင်ရန် အကြောင်းပြပြန်သည်။

"တင့်တင့်တယ်တယ် မင်္ဂလာဆောင်မှ ပိုကောင်းပါတယ်"

ကိုကြွယ်နီသည် ပေါက်သည့်နဖူး မထူးတော့ဟု ပိုင်းဖြတ်ထားပြီး ဖြစ်လေသည်။ သူ၏ စိတ်သည်လည်း တည်ငြိမ်မှုမဲ့လေပြီ။

ဦးအာလောကဘဝမှ တစ်ဖြစ်လဲ ကိုကြွယ်နီသည် ဖခင်ဖြစ်သူထံ လိမ်စာတစ်စောင်ရေးရပြန်လေသည်။

*ဒကာကြီးသိစေရန် -*

*ဦးပဥ္စင်းသည် ဝါတော် (၁၀) ဝါ လွန်မြောက်ပြီဖြစ်၍ ဝိနည်းတော်လာနှင့်အညီ ကျောင်းထိုင်လောက်ပြီဖြစ်ရာ ကျောင်းဆောက်ရန် ဝတ္ထုငွေ (၅) သောင်းထပ်ပို့ပါ။ ကိုယ်တိုင်မလာပါနှင့်။*

*ဦးအာလောက*

ထိုစာကို ဦးချစ်ဖေရသောအခါ ရှေးနည်းတူ အားရလှိုက်လှဲဖြစ်မိပြန်သည်။ မှာကြားသောငွေကို အမြန်ဆုံး ပို့ပေးလိုက်သည်။

ဦးချစ်ဖေသည် စိတ်ထဲမှ အကျေနပ်ကြီးကျေနပ်စွာ ရေရွတ်လေသည်။

"တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါမှ ငါဟာ ကျောင်းဒကာကြီးဖြစ်ရတော့မှာပါကလား"

❑

ငွေများကို ပိုင်ပိုင်နိုင်နိုင် ရခဲ့ပြီဖြစ်၍ ဦးမောင်လေးတို့သည် ကိုကြွယ်နီအား အမျိုးမျိုးလှည့်ပတ်လိမ်လည်ကြ၏။

ကိုကြွယ်နီက မင်္ဂလာရက်ရွေး၍ မင်္ဂလာဆောင်ရန်ရက်သို့ ရောက်ရှိလာသည်။ ကိုကြွယ်နီသည် မြင့်အား စွဲလမ်းစိတ်ကို ချိုးနှိမ်၍မရဖြစ်သထက်ဖြစ်လာ၏။ ထို့ကြောင့် စောစောစီးစီးပင် မေမေဝင်းဆီသို့ ကွန္နေ့မဆည်နိုင်ဘဲ ရောက်ရှိနေသည်။

ကိုကြွယ်နီက မေမေဝင်းကို မင်္ဂလာကိစ္စစကားစသောအခါ စောစောကပင်ကြိုတင်ကြံစည်ထားသော ဦးမောင်လေး၏တပည့် တင်မောင်ကြီးကဝင်၍ စကားဆို၏။

"ဪ-ဒါထက်၊ ဒေါ်ဒေါ်တို့က ပဲခူးတလိုင်းမျိုးဆို မင်္ဂလာကိစ္စကို အရမ်းလုပ်လို့ဖြစ်ပါ့မလား"

ထိုအခါမှ မေမေဝင်းက တစ်စုံတစ်ခုကို သတိရချင်ဟန်ဆောင်၍ -

"ဪ- ဟုတ်ပါရဲ့၊ အမလေး သိသိလေးလွဲတော့မယ်။ မှားတော့မလို့ ကျွတ်ကျွတ်. . ."

ကိုကြွယ်နီသည် နားမလည်ဟန်ဖြင့် ခေါင်းတလည်လည်ဖြစ်နေသည်။

"ဒီလိုပါ မောင်ကြွယ်နီရဲ့။ ဒေါ်ဒေါ်တို့က ရိုးရာရှိတယ်ကွယ့်။ မင်္ဂလာဆောင်ဆိုရင် ငါးရံ့နဖားကြီးထိုးပြီး နတ်ကိုးရတယ်"

"အို-ဒီလိုလား၊ ငါးရံ့တစ်ကောင် (၁၀၀၀) ပေးရပါစေ အခု သွားဝယ်မယ်"

ကိုကြွယ်နီ ဖြန်းခနဲ ထရပ်၏။ မေမေဝင်းက ကမန်းကတန်း လှမ်းဆွဲသည်။

"ငါးရံ့ရရုံနဲ့ မပြီးသေးဘူးကွယ့်။ တစ်ပတ်တိတိ နတ်ပွဲပေးပြီးမှ မင်္ဂလာဆောင်ရတယ်"

"ဟင် - ဒီလိုဆို ကျွန်တော် တစ်ပတ်တောင်စောင့်ရမှာပေါ့"

"ဟုတ်တယ်၊ တစ်ပတ်စောင့်ရမယ်"

"အောင်မယ်လေးဗျာ၊ တစ်ပတ်ကြီးများတောင်"

ကိုကြွယ်နီသည် မေ့လဲကျသွားသည်။

တစ်နည်း- ကိုကြွယ်နီကား သွက်သွက်လည်ရူးလေပြီ။

ကိုကြွယ်နီသည် ငိုကြီးချက်မဖြင့် သတိပြန်ရလာသည်။ သူသည် ဥဒါန်းကျူးမိရှာလေသည်။

"သောဘိက္ခဝေ၊ ရူပံအဘိနန္ဒတိ သောဒုက္ခ၊ အဘိနန္ဒတိနာမ"

**ဘိက္ခဝေ** - ရဟန်းတို့၊ **သော** - အကြင်သူသည်၊ **ရူပံ** - ရုပ်ကို၊ **အဘိနန္ဒတိ** - နှစ်သက်တွယ်တာ၏။ **သော** - ထိုသူသည်၊ **ဒုက္ခံ** - ဒုက္ခကို၊ **အဘိနန္ဒတိနာမ** - နှစ်သက်တွယ်တာသည် မည်ပေသတည်း။

ဥဒါန်းကျူးရာမှ ကိုကြွယ်နီသည် စိတ်ဖောက်ပြန်လာပြန်သည်။ သူသည် တောင်စဉ်ရေမရ လျှောက်အော်မိပြန်သည်။

"ငါးရံ့တစ်ကောင် (၁၀၀၀) ပေးရပါစေ"

ကိုကြွယ်နီ ဤသို့ဖြစ်ရသည် ပင် ပြုံးပြုံးရယ်ရယ်ဖြင့် ကြည့်နိုင်ရှိသူများကား ဦးမောင်လေးတို့အုပ်စု

❑

ဦးမောင်လေးတို့က မည်သို့ ဖုံးဖိထားသော်လည်း မြင့်သည် သူ့ဦး လူစဉ်းလဲ၏ဆိုးညစ်ယုတ်မာသောအ ကို အလုံးစုံသိရှိလာ၏။

မြင့်သည် ကိုကြွယ်နီကိုကြည့် စိတ်မကောင်းခြင်းဖြစ်မိသည်။ သူအ မေမေဝင်းကိုလည်း ကြံရာပါအဖြစ် စိ နာလာသည်။ မြင့်သည် အဒေါ်ဖြ မေမေဝင်းကိုလည်း ရန်တွေ့မိသ လောကီ၊ လောကုတ္တရာနှစ်ဖြာ အ ယုတ်ပုံကိုလည်း တရားမမှန့် ယ သည်။

တူမဖြစ်သူ ဆုံးမတော့မှ မေ ဝင်းသည် နောင်တအရကြီးရလာ

"ငရဲ. . .ငရဲ. . .ငရဲ"

သူ့အပြစ်များက မိမိကိုယ် ပြန်လည် ခြောက်လှန့်လာကြ မေမေဝင်းသည် သူ့ကိုယ်သူ ခွင့်မ နိုင်အောင်ရှိမိသည်။

မေမေဝင်းသည် သံဝေဂရ

ထိုအချိန်ဝယ် ဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစစ်နှင့်ချစ်သူနှစ်ဦး

တပည့်ကျော် နှစ်ယောက်တို့သည် အချောင်ပွလိုက်သောငွေကို ခွဲဝေယူခဲ့ကြသည်။

"ရော့-မင်းတို့နှစ်ယောက်အတွက် ငါးထောင်"

"ဟင် - မဟုတ်တာ ဆရာ"

သူတို့သည် သူတို့ဆရာကို မကျေနပ်ကြပေ။

"ရတဲ့ငွေက ငါးသောင်း။ အခု နှစ်ယောက်ပေါင်း ငါးထောင်ဆိုတော့ မနည်းဘူးလား ဆရာရယ်။ ဆရာပဲ အစက သုံးယောက်စလုံး ဝေပုံကျရမယ်ဆို"

"အေး၊ အေး- ဒီလိုဆိုလည်းပေးပါ့မယ်ကွာ။ မင်းတို့ တစ်ပတ်လောက်စောင့်လိုက်ပါဦးကွာ"

"ကိစ္စမရှိပါဘူး ဆရာ။ ဝေပုံကျရမယ်ဆိုရင် ကျွန်တော်တို့တစ်လပဲစောင့်ရစောင့်ရ"

တင်မောင်ကြီးနှင့်စိန်ဝင်းတို့သည် နေရာမှထ၍ အိမ်ပြန်ကြ၏။ သို့သော် သူတို့နှစ်ယောက်လုံး၏ ခန္ဓာကိုယ်သည် အပြင်သို့ပင် မသယ်ဆောင်နိုင်တော့ပေ။

"ဒိုင်း. . . ဒိုင်း"

တင်မောင်ကြီးနှင့် စိန်ဝင်းသည် အရုပ်ကြိုးပြတ်သလိုလဲကျသွားကြသည်။

ဦးမောင်လေးသည် မိမိက သေမင်းခံတွင်းသို့ပို့လိုက်ရသော တပည့်နှစ်ယောက်ကို ကျေနပ်စွာပြုံး၍ ကြည့်နေလိုက်သည်။

ပြီးကာမှ ခြောက်လုံးပြူးသေနတ်ကို စားပွဲပေါ် လှမ်းတင်သည်။ သူသည် စောစောက ငွေများကို စားပွဲပေါ် မှယူ၍ ထရံတွင်ချိတ်ထားသော လွယ်အိတ်တွင် ထည့်ရန် စိစစ်ကြည့်နေသည်။ ပြီးလျှင် လွယ်အိတ်ဆီသို့ထသွားသည်။

ထိုစဉ်-

"ဒိုင်း"

ဦးမောင်လေး၏နားထဲ၌ ပြင်းထန်စွာ ပေါက်ကွဲသွားလေသည်။ သည့်နောက်တော့ ဦးမောင်လေး၏ ဝိညာဉ်သည် လျင်မြန်စွာ ချုပ်ငြိမ်းပျောက်ကွယ်သွားရလေသည်။

မေမေဝင်းလက်ထဲ၌ ခြောက်လုံးပြူးသေနတ်သည် တဆတ်ဆတ်တုန်ယင်လျက်ရှိ၏။ သူသည် အလောင်းသုံးလောင်းကို ပြူးကြောင်သော မျက်လုံးဖြင့် ကြည့်နေမိသည်။

မေမေဝင်းသည် အံကိုတင်းတင်းကြီးကြိတ်ထားလိုက်သည်။ သူ့ကိုယ်သူ ပြန်၍ ခြောက်လုံးပြူးဖြင့် ချိန်ရွယ်လိုက်သည်။

ဒိုင်းခနဲနေသောသေနတ်သံသည် ပတ်ဝန်းကျင်အား ဖောက်ထွင်းမြည်ဟည်းသွားသည်။

❑

အောက်လမ်းဆရာသန်းနွဲ့သည် ဦးမောင်လေးတို့ပေးရန်ကျန်သည့် ဆေးဖိုးငွေကိုယူရန် မြင့်တို့အိမ်သို့ ရောက်လာသည်။

ထိုအချိန်၌ မြင့်နှင့် ဘမြင့်တို့မှာ အတိအလင်းယူလိုက်ကြပြီး ဖြစ်သည်။ ရူးသွပ်နေသော ကိုကြယ်နီ၏ရောဂါမှာမူ မပျောက်သေး။

မြင့်တို့က ဆရာသန်းနွဲ့၏ ဆေးပယောဂကြောင့်ဖြစ်ရသော ဒုက္ခများကိုပြောပြ၍ ဆရာသန်းနွဲ့ကို ခြောက်လှန့်ကာ ကိုကြယ်နီအား ပြန်လည် စိတ်ကောင်းလာအောင် ဆေးကုခိုင်းကြသည်။

အောက်လမ်းဆရာသည် အမှုတွင် တရားခံဖြစ်ရမည်ကို ကြောက်သဖြင့် ကိုကြယ်နီကို ဆေးကုရသည်။ ကိုကြယ်နီသည် တစ်စတစ်စကောင်းမွန်လာ၏။ နောက်ဆုံး၌ လူကောင်းလုံးလုံး ပြန်ဖြစ်သွားလေသည်။

ဆရာသန်းနွဲ့သည် မြင့်နှင့် ဘမြင့်တို့က ကျေးဇူးဆပ်လိုက်သော ငွေများဖြင့် အကျေနပ်ကြီးကျေနပ်စွာပြန်သွားလေတော့သည်။

❑

ကြေးစည်သံသည် ကြည်နူးဖွယ်ရာ ပျံ့လွင့်လာသည်။ ဦးအာလောက၏ တရားသံသည် လေထဲတွင် တငြိမ့်ငြိမ့် မျောပါလာသည်။ မြင့်နှင့် ဘမြင့်တို့သည် ဦးအာလောက၏ တရားကို ငြိမ်သက်စွာ နာယူနေကြသည်။

"သဗ္ဗကုသ္တံ ပုရေတိ၊ ဧတေအတိဒဂီး။

**သဗ္ဗကုသ္တံ**-အလုံးစုံသောဆန္ဒတို့ကို **ပုရေတိ**-ပြည့်စုံစေ၏။ **ဣတိသမာ** - ထို့ကြောင့်၊ **ဒဂီး** - ဒဂီးမည်၏ဟု ဝိဂြိုဟ်ဝဇနတ္ထဖွင့်ဆိုပြခဲ့သည်နှင့်အညီ ဤမည်သော ငွေဒဂီးကို ထွေခင်းပြီး ကစားနိုင်တဲ့ သူဌေးကြီးတွေကလည်း လိုချင်၊ မြို့ပြင်ဆင်းရဲ ငမွဲနင်းပြားတွေကလည်း မက်မောလွန်းကြလို့ ဝိသမလောဘော ပြန်ပေးဓားပြမိန်းမနှင့်မြူ ခြလောက်ကောင်ဟူသမျှတို့မှာ နသာဓု လောကီတွင်လည်း ခွေးကျကျ၊ လောကုတ္တရာမှာလည်းဖေးမလို့မရအောင် ငရဲကြီးရှစ်ထပ်သို့ ပြေးကြရလေကုန်သတည်း"

"သာဓု. . . သာဓု. . . သာဓု"

ကိုတိုး(ရန်ကင်း)

**စာညွှန်း** -

၁၉၅၉ ခု၊ အောက်တိုဘာလထုတ် (ရုပ်ရှင်ပဒေသာမဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ် ကျော်ခန့်က ရန်ကုန်မြို့ သယ်န်းကျွန်း မြို့မဈေးကြီးတွင် ငါး၊ ပုစွန် စသော ရေထွက်ကုန်ပစ္စည်းများကိုသာ ရောင်းဝယ် လုပ်ကိုင်နေသည့် ဒေါ်မြမေ ဆိုသည့် အမျိုးသမီးကြီးတစ်ဦးရှိခဲ့သည်။

အသားဖြူဖြူ ထောင်ထောင် မောင်းမောင်းနှင့်သဘောအလွန်ကောင်း သူတစ်ဦးဖြစ်ပြီး ကံအကြောင်းတရား အရသာ သူတစ်ပါးအသက်ကို ရောင်းချ စားသောက်နေရသော်လည်း ဘုရား တရားအလွန်မြဲပြီး အလှူရေစက်လက် နှင့်မကွာ အလှူအတန်းအလွန်ရက်ရော သူတစ်ဦးဖြစ်သည်။

အရောင်းအဝယ်ပြုလုပ်ရာ၌လည်း သူတစ်ပါးသတ်ထားသည့် ငါး၊ ပုစွန်များ ကိုသာ ရောင်းဝယ်တတ်ပြီး ထိုအထဲမှ အသက်မသေသေးဘဲပါလာတတ်သော ငါး၊ ပုစွန်များကို အခြားဈေးသည်များ ကဲ့သို့မသတ်ဘဲ ရေအင်တုံတစ်တုံးတွင် ထည့်ထားပြီး ညနေစောင်း ဈေးမှအပြန် တွင် ရေမြောင်းတစ်ခုခုထဲသို့ ဘေးမဲ့ လွှတ်ပေးတတ်သည်။

အရောင်းအဝယ် ပြုလုပ်ရာတွင် လည်း အလေးချိန်ခွင်မှန်ကန်သည့်အပြင် ရောင်းချသောဈေးနှုန်းကို အခြားသူ များလို အမြတ်အစွန်းအများကြီးတင် မထားဘဲ သင့်တင့်သောအမြတ်အစွန်း ဖြင့်သာ ရောင်းချတတ်သည်။ ထို့အပြင် လက်မတွန့်တိုဘဲ ပိုပိုသာသာလည်း ထည့်ပေးတတ်သဖြင့် နေ့စဉ် ဈေးဝယ် သူများဖြင့် အမြဲစည်ကားနေလေ့ရှိ သည်။

မိသားစုမများဘဲ မင်းသူဟုခေါ် သော သားလေးတစ်ယောက်သာရှိ သည်။ အရောင်းအဝယ်ကောင်းသည့် အပြင် စားအိုးကလည်းသေးသော ကြောင့် ချောင်ချောင်လည်လည်ရှိပြီး အလှူအတန်းကိုလည်း အလှူရေစက် လက်နှင့်မကွာဆိုသလို မကြာခဏလုပ် နိုင်ခဲ့သည်။

တစ်နေကုန် အိမ်တွင်မနေရသည့် အတွက် ဈေးထဲမှာသာ ဆိုင်ရှေ့သို့ကြွ လာသမျှသော သံဃာတော်များအား ဆွမ်းလောင်းလှူရသည့်အပြင် လာသမျှ အလှူခံများကိုလည်း အယုတ်အလတ်



## (အောင်လံ)

# တင်အေးကျော်

## သေမင်းခေါ်တဲ့ည

www.burmeseclassic.com

www.burmeseclassic.com

အမြွတ်မရွေး လှူဒါန်းတတ်သည်။

ရပ်ကွက်ထဲရှိ ငွေကြေးချို့တဲ့သည့် မိသားစုများမှ ရှင်ပြုမှပေးနိုင်သည့် ကလေးငယ်များကိုလည်း နှစ်စဉ်ငွေကြေး စိုက်ထုတ်ကုန်ကျခံကာ ရှင်ပြုပေးလေ့ရှိသည်။

ဤသို့ဖြင့် ပျော်ရွှင်စိတ်ချမ်းမြေ့ဖွယ် နေ့ရက်များကိုကျော်ဖြတ်ရင်း နေထိုင်လာခဲ့ရာ မင်းသူ အသက်နှစ်ဆယ်ပြည့်ခါနီး လပိုင်းမျှသာလိုတော့သည့်နေ့ တစ်နေ့တွင်ဖြစ်သည်။

❑

မနက်မိုးလင်းကတည်းက ဝယ်သူကျနေ၍ ဒေါ်မြမေတစ်ယောက် မအားရ။ မနက်စောစောစားနေကျ မုန့်ဟင်းခါးကိုပင် ဖြောင့်အောင်မစားရဘဲ တစ်ဇွန်း၊ နှစ်ဇွန်းခပ်စားလိုက်၊ ဈေးထရောင်းလိုက်နှင့် ဗိုက်ထဲသို့ဘယ်လိုရောက်သွားမှန်း ပင်မသိလိုက်ရပေ။


နေအတော်လေးမြင့်လာမှ ဝယ်သူအနည်းငယ်ပါးသွားသောကြောင့် ခဏတစ်ဖြုတ်နားရတော့သည်။ နေ့စဉ်သားအမိနှစ်ယောက် မနက်စာအတွက် စောစောထကာ ချက်ပြုတ်ကြော်လှော်ပြီး ထမင်းချိုင့်နှစ်ချိုင့်ဖြင့်ထည့်၍ မင်းသူအတွက် တစ်ချိုင့်ထားခဲ့ပြီး ကျန်တစ်ချိုင့်ဆွဲကာ ဈေးသို့ပြေးရသည်။

ယနေ့ ဒေါ်မြမေ ဈေးသို့ထွက်လာချိန် တနင်္ဂနွေနေ့ဖြစ်သောကြောင့် မင်းသူ သင်တန်းပိတ်၍ အိမ်တွင်အိပ်ကောင်းနေဆဲ ဖြစ်သည်။

မင်းသူက ဆယ်တန်းအောင်မြင်ပြီးဖြစ်သော်လည်း ကျောင်းဆက်မတက်တော့ဘဲ ငယ်စဉ်ကလေးဘဝကတည်းက ဝါသနာပါခဲ့သော ပန်းချီပညာကို ရန်ကင်း ဘောက်ထော်ရှိ ဆရာကြီးတစ်ဦးထံတွင် သင်ကြားနေဆဲဖြစ်သည်။

တက္ကသိုလ်ဆက်တက်ရန် ငွေရေးကြေးရေးအဆင်ပြေပြည့်စုံသော်လည်း ပညာ ဆက်လက် သင်ကြားရန်စိတ်မပါတော့သဖြင့် ဝါသနာပါသည့် ပန်းချီသင်တန်းကိုသာတက်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်ကာလက ယခုလို အဝေးသင်တက္ကသိုလ်များလည်းမရှိသေးပေ။

မနက်စာထမင်းစားချိန်လောက်တွင် ဗိုက်ထဲကဆာလာသဖြင့် ဒေါ်မြမေတစ်ယောက် ယူလာသည့်ထမင်းချိုင့်ကို





www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ကာ စားရန်ပြင်ဆင်နေစဉ်မှာပင် ဆိုင်ရှေ့သို့ လူတစ်ယောက်ရပ်လိုက်သည်ကို ရိပ်ခနဲမြင်လိုက်ရသောကြောင့် မော့ကြည့်လိုက်မိသည်။

တစ်ဆက်တည်းမှာပင် ခါတိုင်းဝယ်သူကို မေးနေကျအတိုင်း မေးလိုက်သည်။

"ဟုတ်ကဲ့ - ဘာများလိုချင်ပါလဲရှင်။ ပုစွန်တွေ၊ ငါးတွေအစုံရှိပါတယ်။ ဈေးမှန်၊ အလေးမှန်နဲ့ လတ်လတ်ဆတ်ဆတ်တွေရပါတယ်"

ဈေးလာဝယ်သူက မည်းနက်နေသောအသားအရေရှိပြီး ခန္ဓာကိုယ်ဝဖြိုးလှသော ဟိန္ဒူကုလားမကြီးတစ်ဦးဖြစ်သည်။ တစ်ကြိမ်တစ်ခါမှ ဤဈေးတွင် မမြင်ဘူးသောမျက်နှာစိမ်းတစ်ဦးလည်းဖြစ်သည်။

"ဟုတ်ကဲ့ပါ အစ်မကြီး၊ ပုစွန်လတ်လတ်ဆတ်ဆတ်ရှိရင် လိုချင်လို့ပါ"

ဟိန္ဒူကုလားမကြီးသည် ဈေးဝယ်နေရင်း ဒေါ်မြမေမျက်နှာကို တောက်ပစူးရှသောမျက်လုံးများဖြင့် ခဏမျှကြာအောင် စူးစူးစိုက်စိုက်ကြည့်နေပြီး စကားတစ်ခွန်းကို ကောက်ကာငင်ကာ ပြောလိုက်သည်။

"ဒါနဲ့စကားမစပ် အစ်မကြီးသားသမီးတွေထဲမှာ သောကြာသားသမီးများရှိပါသလား။ ရှိခဲ့ရင် အဲဒီကလေးဟာ အသက်နှစ်ဆယ်တိတိပြည့်ရင် မချသေဆုံးပါလိမ့်မယ်။ အသက်နှစ်ဆယ်ကျော်မှာတော့မဟုတ်ပါဘူး"

ရုတ်တရက် ဒေါ်မြမေအံ့ဩသွားသလို စိတ်လည်းတိုသွားမိသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏တစ်ဦးတည်းသောသားဖြစ်သူ မင်းသူမှာ သောကြာသားဖြစ်သည့်အပြင် မကြာသောအချိန်ကာလတွင် အသက်နှစ်ဆယ်ပြည့်တော့မည်မဟုတ်ပါလား။

ဒေါ်မြမေ၏ စိတ်တိုသွားသောမျက်နှာအမူအရာကြောင့် ဈေးဝယ်လာသူ ဟိန္ဒူကုလားမကြီးသည် ချက်ချင်းပင် တောင်းပန်စကားဆိုလိုက်သည်။

"အစ်မကြီး စိတ်မဆိုးပါနဲ့၊ ကျွန်မကလည်းမြင်တဲ့အတိုင်း အမှန်ကိုပြောပြလိုက်ခြင်းဖြစ်ပါတယ်။ အကယ်၍များ ကျွန်မပြောတာကိုမယုံကြည်ခဲ့ဘူးဆိုရင် တတ်ကျွမ်းနားလည်တဲ့ ဆရာများနဲ့ စစ်ဆေးကြည့်နိုင်ပါတယ်"

စိတ်ထဲတွင် ထူပူသွားသလို သားမင်းသူအတွက်လည်း စိုးရိမ်သောကစိတ်များဖြစ်လာသောကြောင့် ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ခပ်မြန်မြန်ပင်ချိန်ပေးလိုက်သည်။

ဟိန္ဒူကုလားမကြီးထွက်သွားသောအခါ ထမင်းဆာနေသည်ကိုပင် သတိမရနိုင်တော့ဘဲ ထမင်းချိုင့်ကိုခပ်မြန်မြန်သိမ်းလိုက်ကာ ဘေးကပ်ရပ်ဆိုင်မှ မဝင်းမေကိုလှမ်းပြောလိုက်ပြီး အိမ်သော့ယူ၍ ကသောကမျောအိမ်ပြန်ခဲ့သည်။

"သမီးရေ၊ ဆိုင်ကိုခဏလောက်ကြည့်ထားပေးပါဦးဟေ့။ အဒေါ် အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ အိမ်ကိုခဏပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဒေါ်၊ စိတ်ချသွားပါ"

ခါတိုင်း အမြဲတမ်းလိုလို ပြုံးပြုံးရွှင်ရွှင်နှင့် ဖအေးဆေးတည်ငြိမ်လှသော ဒေါ်မြမေတစ်ယောက် ပိုက်ဆံသေတ္တာကိုပင်မသိမ်းနိုင်ဘဲ မျက်စိမျက်နှာပျက်ပျက်နှင့် ထမင်းစားမည့်ဆဲဆဲ အရေးတကြီးပြေးထွက်သွားပုံကိုကြည့်ကာ မဝင်းမေနှင့် ဆိုင်နားနီးချင်းများပင် အံ့ဩနေခဲ့ကြသည်။

"မဝင်းမေရေ၊ ဒေါ်မြမေဘာတွေဖြစ်သွားတာလဲ၊ တစ်ခါမှဒီလောက်ရေးကြီးသုတ်ပျာနိုင်တာမမြင်ဖူးပါဘူး"

"ကျွန်မလည်း မသိလိုက်ဘူးအဒေါ်။ ဒါပေမယ့် စောစောကတော့ အသားမည်းမည်းနဲ့ ဟိန္ဒူကုလားမကြီးတစ်ယောက် ဈေးလာဝယ်ရင်း စကားပြောနေတာတော့ တွေ့လိုက်မိတယ်"

သားဇောကြောင့် လမ်းခရီးတစ်လျှောက် ဘာကိုမှမမြင်ဘဲ အိမ်သို့ဘယ်လိုပုံနှင့်ရောက်လာမှန်းပင်မသိလိုက်။ ခြံတံခါးနှင့်အိမ်တံခါးသော့ခတ်မထားဘဲ ပွင့်လျက်တွေ့ရသောကြောင့် သားဖြစ်သူ မင်းသူတစ်ယောက် အပြင်မထွက်သေးကြောင်း သိလိုက်ရသဖြင့် အဆက်မပြတ်ခေါ်ကာ အိမ်ပေါ်သို့အမောတကောပြေးတက်ခဲ့သည်။

"သား သားရေ၊ မောင်မင်းသူ"

အိမ်ရှေ့ဘက်ဆီမှ မိခင်ဖြစ်သူ၏ခေါ်သံနှင့်အတူ လှေကားကိုတဒုန်းဒုန်းပြေးတက်လာသော ခြေသံများကိုပါ တစ်ဆက်တည်း ကြားလိုက်ရသောကြောင့် အိမ်နောက်ဘက်တွင် ထမင်းစားနေသော မင်းသူ အိမ်ရှေ့သို့ အမြန်ပြေးထွက်ခဲ့သည်။

"အမေ၊ အမေ ဘာဖြစ်လာလို့လဲ၊ ကျွန်တော်ရှိတယ်လေ။ ဘာပြဿနာတွေဖြစ်ခဲ့လို့လဲ"

မင်းသူကို မြင်လိုက်တော့မှ ဒေါ်မြမေတစ်ယောက် ဟင်းခနဲသက်ပြင်းချလိုက်ပြီး ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်သည်။

"အမေ ဘာဖြစ်ခဲ့လို့ ဒီလောက်အမောတကောပြေးလာရတာလဲ"

"ဘာမှမဖြစ်ခဲ့ပါဘူး သားရယ်။ ဒါနဲ့ သား အခုထမင်းစားနေတာလား။ စားပြီးရင် အမေနဲ့ တစ်နေရာကို ခဏလောက်လိုက်ခဲ့စမ်း။ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့"

မင်းသူ စားလက်စထမင်းကို ခပ်သွက်သွက်စားလိုက်ပြီး မိခင်ခေါ်ရာသို့ လိုက်လာခဲ့သည်။ ရှေးဦးစွာ အိမ်နှင့်အနီးဆုံးတွင်ရှိသည့် ကျိုက္ကဆံဘုရားကြီးမှ ဗေဒင်ဟောခန်းများဆီသို့သွားခဲ့ကြပြီး နာမည်ကျော်ဗေဒင်ဆရာကြီးတစ်ဦးထံ ဝင်ခဲ့ကြသည်။

ရှေးဦးစွာ မင်းသူ၏ မွေးနေ့၊ မွေးရက်၊ မွေးလများကို သေသေချာချာ တွက်ချက်စစ်ဆေးကြည့်ပြီး ဟောကြားပေးခဲ့သည်။

"စိတ်တော့မကောင်းပါဘူးဗျာ ခင်ဗျားတို့ စောစောစီးစီးကတည်းက တွက်ချက်ကြည့်သင့်တာပေါ့။ အဲဒါမှလည်း ယတြာတွေဘာတွေချေသင့်တာချေ၊ လုပ်သင့်တာတွေလုပ်ဖို့ အချိန်ရ တာပေါ့။ ဆရာတွက်ချက်ကြည့်ရ သလောက်ကတော့ ဒီကလေးရဲ့ ဇာတာက ဒီနှစ်ထဲမှာ အရမ်းကိုညှိုးနေ တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ခန္ဓာပျက်ကိန်း သေကိန်းရှိနေတယ်။ အခု အသက်နှစ်ဆယ်တိတိအတွင်း မှာတင် တစ်ခုခုဖြစ်သွားနိုင်ပါတယ်။ မွေးနေ့ကိုတော့ကျော်မှာမဟုတ်ပါဘူး။ အကယ်၍များ ဆရာဟောကြားချက်ကို ခင်ဗျားတို့မယုံကြည်နိုင်ဘူးဆိုရင်လည်း တခြား တတ်ကျွမ်းနားလည်တဲ့ ဆရာများနဲ့ ထပ်ပြီးမေးမြန်းကြည့်နိုင်ပါတယ်"

သားအမိနှစ်ယောက်လုံး မျက်စိ မျက်နှာပျက်သွားခဲ့ကြသည်။ မိခင်ဖြစ်သူ ယနေ့ ဘာကြောင့် အလောတကြီးပြေး လာနေသည်ကို မင်းသူ ယခုမှသဘော ပေါက်သွားခဲ့သည်။

"လာပါ အမေရယ်။ တခြားဆရာ တစ်ယောက်ယောက်ကို ပြောင်းမေး ကြည့်သေးတာပေါ့။ ဆရာတစ်ယောက် နဲ့တစ်ယောက် တွက်ချက်ပုံနဲ့အယူအဆ က မတူကြဘူးလေ။ ပြီးတော့ သား လက္ခဏာကလည်းရှိသေးတာပဲ။ အဲ လောက်ပဲ သေကိန်းရှိရှိ လက္ခဏာ မပါရင် ဘာမှမဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

မိခင်ဖြစ်သူအား ဖျောင်းဖျပြောဆိုကာ မင်းသူခေါ် လာခဲ့ရသည်။ တစ်ဖန် ဘုရားဆိုင်ခန်းများထဲရှိ နာမည်ကြီး လက္ခဏာဆရာကြီးတစ်ဦးထံ ဝင်ရောက်၍ မင်းသူလက္ခဏာကို စစ်ဆေးကြည့်ကြပြန်သည်။

ဆရာမှ သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ရှု၍ ဟောကြားခဲ့သည်။

"ဆရာ သေသေချာချာစစ်ကြည့်ပြီးပါပြီ။ ဒီကလေးရဲ့ အသက်လမ်းကြောင်းက လက်ဖဝါးမှာလုံးဝမရှိတော့ဘဲပျောက်နေပါပြီ။ ဆရာ့အတွေ့အကြုံအရပြောရရင်တော့ သိပ်မကြာသောကာလမှာ ဒီကလေးဟာ တမ်စုံတစ်ခုသောအကြောင်းကြောင့် မုချသေဆုံးနိုင်ပါတယ်"

ဒေါ်မြမေရော မင်းသူပါ ဒီတစ်ကြိမ်တွင်တော့ အတော်ပင် စိတ်ဓာတ်ကျသွားခဲ့ကြသည်။ ဒေါ်မြမေမှာ မိခင်တစ်ယောက်ဖြစ်သည့်အပြင် မိန်းမသားတစ်ဦးလည်းဖြစ်သောကြောင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ မျက်ရည်တစမ်းစမ်းနှင့်ဖြစ်နေပြီဖြစ်သည်။

ထိုနေ့က နောက်ထပ် ဆရာနှစ်ဦး သုံးဦးဆက်မေးကြည့်ကြသော်လည်း အခြေအနေက သိပ်ပြီးထူးခြားမလာဘဲ ပထမဆရာများ ဟောကြားလိုက်သလို အသက်နှစ်ဆယ်ထက်မကျော်နိုင်ကြောင်းသာဟောခဲ့ကြသည်။

ဒေါ်မြမေမှာ ဈေးထဲသို့ပင်ပြန်သွားပြီး ဆိုင်မသိမ်းနိုင်တော့ဘဲ အိမ်ပြန်ရောက်သည်နှင့် အိပ်ရာထဲခွေကာ မျက်ရည်သာတွင်တွင်ကျနေခဲ့သည်။

ညနေမှောင်ခါနီးမှ ဆိုင်နားနီးချင်းများက ဆိုင်ကို ဝိုင်းသိမ်းပေးကြကာ ရောင်းရငွေများကို လာပေးကြသည်။ အကျိုးအကြောင်းကိုတော့ ဈေးမှမိတ်ဆွေများအား သေချာရှင်းမပြလိုက်တော့ပါ။

မင်းသူတစ်ယောက် ယခုအသက်အရွယ်အထိ ဗေဒင်ပညာကို သိပ်ပြီးယုံကြည်လှသည် မဟုတ်သော်လည်း နာမည်ကြီးသောဆရာကြီးများအားလုံးက တညီတညွတ်တည်း ကွဲလွဲချက်မရှိဟောကြားကြသည်ဆိုတော့ မယုံချင်သော်လည်း ကြောက်တော့ အတော်ပင်ကြောက်သွားမိသည်။

❑

နောက်ရက်မှစ၍ ဒေါ်မြမေတစ်ယောက် ဈေးထွက်မရောင်းတော့သလို သားဖြစ်သူ မင်းသူကိုလည်း ပန်းချီသင်တန်းပေးမတက်တော့ပေ။ ထို့အပြင် ခဏတစ်ဖြုတ် ကိစ္စရှိ၍ အိမ်ပြင်ထွက်လျှင်လည်း မင်းသူနောက်မှထက်ကြပ်မကွာလိုက်ခဲ့သည်။

မည်သည့်အကြောင်းကိုစ္စမသိရဘဲ မင်းသူ သင်တန်းမတက်သည်မှာ နှစ်ရက်၊ သုံးရက်ကျော်ရှိနေပြီဖြစ်သောကြောင့် တစ်နေ့ ညနေစောင်းတွင် ဆရာဖြစ်သူ ဦးဘမောင် မင်းသူအိမ်သို့ လိုက်လာခဲ့သည်။

"မောင်မင်းသူ၊ မောင်မင်းသူရေ၊ ဘယ်သူမှမရှိကြဘူးလားဗျို့"

အိမ်ရှေ့ဘက်မှ ခေါ်သံကြောင့် မင်းသူနှင့် ဒေါ်မြမေတို့နှစ်ယောက် အိမ်ရှေ့သို့ထွက်ခဲ့ကြသည်။ ခြံဝတွင် ဆရာဖြစ်သူ ဦးဘမောင်ကိုတွေ့လိုက်ရသောကြောင့် မင်းသူ ခြံတံခါးကို အမြန်ပြေးဖွင့်ပေးလိုက်သည်။

"ဟ-မင်းသူ၊ မင်းဘယ်လိုဖြစ်တာလဲကွာ၊ အကျိုးအကြောင်းဘာမှလဲမသိရဘဲ ပျောက်နေလိုက်တာ။ မင်းတစ်ခုခုများဖြစ်နေသလားဆိုပြီး ငါစိတ်ပူလို့အိမ်ကိုလိုက်လာခဲ့တာ"

"ဟုတ်ကဲ့ပါဆရာ၊ အိမ်ပေါ်တက်ပါဦး။ အမေလည်းရှိပါတယ်၊ အိမ်ပေါ်ကျမှ အကျိုးအကြောင်းရှင်းပြပါ့မယ်"

အိမ်အပေါ် ဧည့်ခန်းထဲတွင် ဒေါ်မြမေတစ်ယောက် မျက်စိမျက်နှာပျက်ကာ ကြိုနေသည်ကိုတွေ့လိုက်ရပြီး မင်းသူမျက်နှာကလည်း ခါတိုင်းတွေ့နေကျလို ရွှင်ရွှင်လန်းလန်းသိပ်မရှိလှပေ။

"ထိုင်ပါဦး ဆရာ၊ အမောဖြေ ရေနွေးသောက်လိုက်ပါဦး၊ ပြီးရင် ကျွန်မရှင်းပြပါ့မယ်"

ဒေါ်မြမေက ဖြစ်ကြောင်းကုန်စင်ရှင်းပြလိုက်သည်။ ဆရာဦးဘမောင်က တစ်ခွန်းမှဝင်မပြောဘဲ ဒေါ်မြမေရှင်းပြသမျှကို သေသေချာချာ ဂရုတစိုက်နားထောင်နေသည်။ ဒေါ်မြမေ စကားဆုံးသွားတော့မှ -

"တစ်ခုတော့ရှိတယ်။ ဒေါ်မြမေရော မောင်မင်းသူကိုပါ ဆရာတစ်ခုပြောချင်ပါတယ်။ အဲဒါကတခြားမဟုတ်ပါဘူး၊ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တတ်ပါတယ်။ သိပ်ပြီးတော့လည်း စိတ်ထဲမှာ စွဲစွဲလမ်းလမ်းစွဲမထားကြပါနဲ့။ ဒါပေမယ့် အခုရက်ပိုင်း အသက်နှစ်ဆယ်မကျော်ခင်အတွင်းမှာတော့ အသွား၊ အလာ၊ အနေအထိုင် အတတ်နိုင်ဆုံး ဆင်ဆင်ခြင်ခြင်နေရမှာပေါ့။ စားသတိ၊ သွားသတိရှိနေရမယ်၊ ပြီးတော့ ယတြာတွေဘာတွေလည်းချေသင့်တာချေ၊ လုပ်သင့်တာတွေလုပ်ကြည့်ကြတာပေါ့။ အဲဒီတော့ မောင်မင်းသူကို ဆရာတစ်ခုတိုက်တွန်းချင်ပါတယ်။ မောင်မင်းသူ တရားတွေဘာတွေထိုင်ကြည့်ဖူးလား"

"ဟုတ်ကဲ့ ဆရာ၊ တစ်ခါမှတော့ မထိုင်ဖူးပါဘူး။ နေ့စဉ် ဘုရားရှိခိုး၊ ပုတီးစိပ်တော့ အမြဲတမ်းလုပ်ပါတယ်"

"ရပါတယ်လေ၊ ထိုင်ပုံထိုင်နည်းကို ဆရာပြပေးမှာပေါ့။လောလောဆယ်တော့ ပန်းချီသင်တန်းကိုလည်း စိတ်မပါသေးရင် မတက်ပါနဲ့ဦး။ အချိန်တွေရှိပါသေးတယ်။ ဘာပဲဖြစ်ဖြစ် တရားမှတ်နေတော့ ဒီကိစ္စကြီးကို လောလောဆယ်မေ့နေပြီး စိတ်ဖြေသာတာပေါ့။ ကဲ - ကျွန်တော်ပြောတာကို ဒေါ်မြမေကကော ဘယ်လိုသဘောရသလဲ"

"ကောင်းပါတယ် ဆရာ။ ဘုရားတရားအလုပ်ဆိုတာ မကောင်းတာမရှိပါဘူး။ ဒါကြောင့် ဆရာကပဲကြည့်ရှုပြီး စောင့်ရှောက်ပေးပါလို့ ကျွန်မအပ်ပါတယ်ရှင်"

"ဒါဆိုရင်လည်း ဒီလိုလုပ် မောင်မင်းသူ။ အခုတော့ အချိန်မရှိတော့ဘူး။ မနက်ဖြန်ကစပြီး ညနေစောင်းဘက်ကို ဆရာ့ဆီလာခဲ့၊ အိမ်နဲ့မိုးကောင်းဘုရားကြီးကနီးတော့ ပိုပြီးအဆင်ပြေတယ်။ သိပ်မှောင်သွားရင်လည်း အိမ်မှာပဲအိပ်လိုက်ပေါ့။ ဒါဆိုအဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ - အဆင်ပြေပါတယ် ဆရာ၊ မနက်ဖြန် ကျွန်တော်ဆက်ဆက်လာခဲ့ပါမယ်"

❑

နောက်တစ်နေ့ညနေတွင် ဆရာဦးဘမောင်နှင့်အတူ မင်းသူ မိုးကောင်းဘုရားကြီးတွင် တရားစထိုင်ဖြစ်ခဲ့သည်။ ဦးဘမောင်မှာ ငယ်ရွယ်စဉ်ကတည်းက ထိုင်နေကျဖြစ်၍ တပည့်ဖြစ်သူ မင်းသူအား တရားထိုင်ပုံထိုင်နည်း၊ ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်ပုံအားထုတ်နည်းတို့ကို သေချာသင်ပြပေးခဲ့သည်။

အစပထမပိုင်းတွင် မင်းသူအာရုံထဲ၌ စိတ်က ဟိုရောက်သွားလိုက်သည် ရောက်သွားလိုက်နှင့်မတည်မငြိမ်ဖြစ်နေခဲ့သော်လည်း မိမိမှာ မကြာသောကာလတစ်ခုတွင် သေရတော့မည်ဟု သတိရလိုက်မိသောအခါတွင်မူ မည်သည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

ကိုမှ စဉ်းစားချင်စိတ်မရှိတော့ဘဲ စိတ်က တဖြည်းဖြည်း တည်ငြိမ်လာခဲ့သည်။

ထို့အပြင် ယခု အသက်အရွယ် အထိ မည်သည့်ကောင်းမှုကုသိုလ်မျှ မလုပ်ခဲ့ဘူးသေးဘဲ သူငယ်ချင်းများနှင့် စားလိုက်သောက်လိုက်၊ သွားလိုက်လာ လိုက်နှင့် ဘဝကို ပျော်ပျော်ကြီးနေလာ ခဲ့ရာ ယခုလို ရုတ်တရက်သေရတော့ မည်ဟု သိလိုက်ရသဖြင့် နောင်ဘဝ အတွက် မည်သည့်ကုသိုလ်ကောင်းမှု တစ်ခုတလေမျှ မပါရှိသည်ကိုလည်း ပြန်လည် ဆင်ခြင်လိုက်မိသည်။ အာရုံ မပျံ့လွင့်တော့ဘဲ စိတ်ကတည်ငြိမ်လာ သဖြင့် တဖြည်းဖြည်းနှင့် ပတ်ဝန်းကျင် ကိုပင် သတိမထားမိတော့ဘဲ အသိအာရုံ က နှာသီးဖျားလေးတွင်သာ ကပ်ငြိနေ ပြီး ဝင်လေ၊ ထွက်လေတစ်ခုတည်းသာ သိတော့သည်။

အချိန်မည်မျှကုန်သွားသည်ကိုပင် မသိတော့ဘဲ ဆရာဖြစ်သူမှ တရားဖြုတ် ရန်သတိပေးမှပင် သတိပြန်ဝင်လာခဲ့ တော့သည်။

"မောင်မင်းသူက အခုမှတရားစ ထိုင်ဖူးတာလို့ပြောလို့သာ ဆရာယုံလိုက် ရတယ်။ စပြီးထိုင်ထိုင်ချင်းမှာ တစ်နာရီ ခွဲလောက်ထိုင်နိုင်တယ်ဆိုတာ တော်ရုံ တန်ရုံဖွဲ့နဲ့မလွယ်ဘူးကွ။ ဒီလိုပုံဆိုရင် မောင်မင်းသူမဆိုးဘူး။ ကြိုးစားပြီးဆက် လုပ်ပါကွာ၊ တစ်ခုခုတော့ထူးလာပါလိမ့် မယ်"

ဆရာဖြစ်သူ၏ ချီးကျူးအားပေး စကားကြောင့် ထိုနေ့က တစ်နာရီခွဲခန့် တရားထိုင်နိုင်ကြောင်းသိလိုက်ရသဖြင့် မင်းသူ ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြသွား မိသည်။

နောက်ပိုင်းရက်များတွင်လည်း လုပ်စရာအလုပ်မရှိပါက အိမ်တွင် တရားထိုင်ဖြစ်ခဲ့သလို ညနေတိုင်းလည်း ဆရာဦးဘမောင်နှင့်အတူ မိုးကောင်း ဘုရားကြီးတွင် ဝိပဿနာတရားအား ထုတ်ခြင်းအလုပ်ကို မပျက်မကွက်လုပ် ဖြစ်ခဲ့သည်။

သမာဓိအားလည်း ကောင်းလာ သဖြင့် တစ်ကြိမ်ထိုင်လျှင် အနည်းဆုံး သုံးနာရီခန့်ကြာအောင် ထိုင်နိုင်လာ သည့်အပြင် သမထဝိပဿနာတရား၏ အနှစ်သာရကို နားလည်သဘောပေါက် လာသဖြင့် သေရမည်ကိုပင် မကြောက် တော့ဘဲ သေကိန်းရှိနေသည်ဟု ဟော ကြားထားသည်ကိုပင် မေ့လျော့နေခဲ့ တော့ သည်။

မိခင်ဖြစ်သူကလည်း မင်းသူ အတွက် ဘုရားများတွင်ယတြာချေပေး ခြင်း၊ မင်းသူ၏ အဝတ်အစား၊ ဆံပင်၊ ခြေသည်းလက်သည်း စသည်တို့ကိုထည့် ၍ ကိုယ်တိုင်ပစ်ပေးခြင်းနှင့် မင်းသူအား ညောင်ကိုင်းထောက်စေခြင်း၊ တံတား ဟောင်းပြုပြင်စေခြင်းတို့ကို တတ်နိုင် သမျှလုပ်စေခဲ့သည်။

တဖြည်းဖြည်းနှင့် မင်းသူအသက် နှစ်ဆယ်ပြည့်သည့်နေ့သို့ရောက်လာခဲ့ သည်။

❑

ယနေ့သည် မင်းသူ အသက် နှစ်ဆယ်တိတိပြည့်သည့်နေ့ဖြစ်ပြီး မနက် ဖြန်ဆိုလျှင် နှစ်ဆယ့်တစ်နှစ်သို့ရောက် ရှိတော့မည်ဖြစ်သည်။

ညနေစောင်း ဆရာ့အိမ်သို့မင်းသူ ရောက်သွားသောအခါ ဆရာအပြင် မင်းသူနှင့် ပန်းချီသင်တန်းအတူတူတက် နေသောသူငယ်ချင်းဖြစ်သူ မောင်မောင် အောင်ကိုပါတွေ့လိုက်ရသည်။

သို့သော်လည်း မောင်မောင် အောင်က မင်းသူတို့လို ဗုဒ္ဓဘာသာဝင် မဟုတ်ဘဲ ဘာသာခြားဖြစ်၍ အခြား ကိစ္စတစ်ခုခုကြောင့် ဆရာ့ထံလာသည် ဟု မင်းသူထင်လိုက်မိသည်။

"ဟ - သူငယ်ချင်း၊ မတွေ့ရတာ လည်းကြာပြီ နေကောင်းရဲ့လား။ မင်း သင်တန်းကိုတော့ မှန်မှန်တက်တယ် မဟုတ်လား"

မင်းသူက တွေ့တွေ့ချင်း ဝမ်းသာ အားရနှင့် နှုတ်ဆက်လိုက်သည်။ မောင် မောင်အောင်ကလည်း ဝမ်းသာအားရ ပြန်လည် နှုတ်ဆက်ခဲ့သည်။ ဆရာ့ထံ နေ့စဉ် မင်းသူရောက်သော်လည်း ညနေ စောင်းအချိန်မှသာ ရောက်တတ်သော ကြောင့် မောင်မောင်အောင်နှင့်မဆုံဖြစ် ကြပေ။

ခဏအကြာတွင် ဆရာ အိမ်ခန်း ထဲမှထွက်လာပြီး ပြောလိုက်သည်။

"ကဲ - မင်းတို့အဆင်သင့်ဖြစ်ရင် သွားကြရအောင်"

ဆရာ့စကားကြောင့် မင်းသူ အတော်ပင်အံ့သြသွားသည်။ ဘုရားသို့ သွားရာတွင် မောင်မောင်အောင်ပါလိုက် မည်ဆို၍ မစဉ်းစားတတ်အောင်လည်း ဖြစ်သွားသည်။ ဆရာက မင်းသူအံ့သြ နေသည်ကို သတိထားလိုက်မိသဖြင့် ဝင် ပြောလိုက်သည်။

"မောင်မင်းသူ၊ အံ့သြနေတာ လား။ လောလောဆယ် မင်းမသိချင်ပါနဲ့ ဦး။ ဒီနေ့က အရေးကြီးတယ်ကွ။ ဒါ ကြောင့် ငါ မောင်မောင်အောင်ကိုလည်း လိုရမည်ရအဖော်ခေါ် လာတာ"

ဆရာ့စကားကို မင်းသူသဘော မပေါက်သေးသော်လည်း အကြောင်း တစ်ခုခုကြောင့်ဖြစ်နိုင်သည်ဟုယူဆ၍ ဘာစကားမှထပ်မမေးတော့ဘဲ ဘုရား သို့ အတူတူထွက်ခဲ့ကြသည်။ ဘုရားသို့ ရောက်သောအခါ မင်းသူ ခါတိုင်းထိုင် နေကျ သောကြာဂြိုဟ်တိုင်ရှိရာသို့လာခဲ့ သည်။

"ကဲ-မောင်မင်းသူရေ၊ ဒီနေ့တော့ အရေးကြီးတယ်ကွ။ ဒါကြောင့် ဆရာ တစ်ခုမှာထားမယ်။ တရားမှတ်နေတုန်း ဘယ်လိုအနှောင့်အယှက်အဟန့်အတား တွေဖြစ်လာပါစေ ရပ်မပစ်လိုက်နဲ့၊ မောင်မောင်အောင်ကလည်း ဒီနားတစ် ဝိုက်ကို ကလေးတွေလာဆော့ပြီး ဆူဆူ ညံညံနဲ့လာပြီးနှောင့်ယှက်နေရင်ခြောက် သာလွှတ်ပေး။ လိုလိုမည်မည် တုတ် ကလေးတစ်ချောင်းဆောင်ထား။ ဆရာ လည်းရှိနေမှာပဲ။ စိတ်ထဲမှာ ဘာအာရုံ မထားဘဲ ဝိပဿနာတရားကိုပဲ အာရုံ မပျက်အောင် ရှုမှတ်ပွားများနေ ကြား လား မောင်မင်းသူ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် သဘောပေါက်ပါတယ်"

မောင်မောင်အောင်ကိုပါ မည် သည့်အတွက်ကြောင့်ခေါ် လာမှန်း ယခု မှ မင်းသူနားလည်သွားခဲ့သည်။ သည်တွင် နှင့် မင်းသူ သောကြာထောင့်တွင်ထိုင်၍ ဝိပဿနာတရားကို ရှုမှတ်ပွားများအား ထုတ်ခဲ့သည်။

စိတ်အာရုံ တည်ငြိမ်လာပြီး အသိ က နှာသီးဖျားလေးတွင်သာရှိတော့ သည်။ တရားရှုမှတ်၍ အာရုံတည်ငြိမ် နေဆဲမှာပင် မင်းသူ စိတ်အာရုံထဲတွင် အဝေးတစ်နေရာမှလာနေသော နီ တောက်ပနေသည့် မီးလုံးကြီးတစ်လုံး မြင်လာခဲ့သည်။ ထိုမီးလုံးကြီးသည် တဖြည်းဖြည်းနှင့်နီးလာပြီး မိမိရှိရာသို့ တည့်တည့်ကြီးလာနေမှန်း သိလိုက်ရ သည်။ မကြာသောအချိန်အတွင်း ထို နီရဲတောက်လောင်နေသော မီးလုံးကြီး သည် ပြင်းထန်လှသောအရှိန်ဖြင့် မင်းသူ ၏ ရင်ဝတည့်တည့်သို့ ပြေးဝင်ဆောင့် သည်။

ရင်ဝတွင် မဖော်ပြနိုင်သော ပြင်း ထန်လှသည့် ဝေဒနာတစ်ရပ်နှင့်အတူ မင်းသူ လဲကျသွားခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် သတိလက်လွတ်ဖြစ်သွားခဲ့သော်လည်း ချက်ချင်းပင် စိတ်ကိုပြန်ထိန်းလိုက်ကာ သတိပြန်ကပ်ထားလိုက်ပြီး မူလထိုင်နေသည့်ပုံစံကိုမဖျက်တော့ဘဲ လဲကျနေလျက်နှင့်ပင် တရားကိုသာ ဆက်လက် ရှုမှတ်နေလိုက်သည်။

အချိန်မည်မျှကြာသွားသည်ကိုပင် မသိလိုက်တော့ဘဲ အာရုံမပျက် တရားရှုမှတ်နေမိသည်မှာ အချိန်တန်၍ တရားဖြုတ်ရန် ဆရာဦးဘမောင်လာသတိပေးမှသာ သတိပြန်လည်ဝင်လာခဲ့တော့သည်။

ထိုအခါကျမှ မင်းသူ သတိထားမိလိုက်သောအခါ မိမိခန္ဓာကိုယ်ရှိ ဒွါရကိုးပေါက်မှ အပုပ်ရည်များစီးထွက်နေပြီး ဝတ်ထားသောအဝတ်အစားများ စိုရွှဲလျက် ရှိနေကြောင်း တွေ့လိုက်ရသည်။

"မောင်မင်းသူ၊ ထနိုင်တယ် မဟုတ်လား။ ဘယ်လိုနေသေးလဲ"

"ဟုတ်ကဲ့ - ထနိုင်ပါတယ်ဆရာ၊ ဘာမှမဖြစ်ပါဘူး"

"ဒါဆိုရင်လည်း အဝတ်အစားတွေလဲဝတ်လိုက်ဦး၊ ပြန်ကြရအောင်။ တော်ကြာ ဘုရားက တံခါးတွေပိတ်တော့မှာ။ လမ်းကျမှပဲအကျိုးအကြောင်းပြောကြတာပေါ့"

သုံးယောက်သား ဘုရားမှဆင်းကာ အိမ်သို့ပြန်ခဲ့ကြသည်။ လမ်းတွင် မင်းသူက ယနေ့ တရားမှတ်နေစဉ် တွေ့ကြုံခဲ့ရသည့်အကြောင်းများကို ဆရာ့အား ရှင်းပြလိုက်သည်။

"ဒါဆိုရင်မင်းကံကောင်းသွားတာပေါ့ကွာ။ အဲဒီအချိန်မှာသာ မင်းပေါ့ပေါ့ဆဆနဲ့နေခဲ့မိမယ်ဆိုရင် အခုအချိန်လောက်ဆို မင်းသေနေလောက်ပြီ။ တရားမှတ်နေတဲ့အချိန်ဖြစ်နေလို့ မင်းလွတ်သာသွားတယ်လို့ ဆရာတော့ထင်တယ်"

ထိုအခါကျမှ မောင်မောင်အောင်ကလည်း ဝင်ပြောလာခဲ့သည်။

"မင်းသူရာ၊ ဒီနေ့ကျမှ ကလေးတွေကလည်း တစ်ချိန်လုံး မင်းတရားမှတ်နေတဲ့နားကိုလာပြီးဆူနေလိုက်ကြတာ ခြောက်လွှတ်လိုက်ရင်လည်းခဏပဲ။ ဘယ်ကဘယ်ကနေရောက်လာကြသလဲ မသိပါဘူး။ တစ်ဖွဲ့ပြီးတစ်ဖွဲ့လာဆူနေလို့ ငါတော့ ငါတောင်စိတ်ပျက်လာတယ်။ တကယ် ထူးဆန်းတာတစ်ခု မင်းကိုပြောပြဦးမယ်။ မင်းလဲကျသွားပြီး ဆက်တရားမှတ်နေတုန်းအချိန် တော်တော်ကြာတော့ ဘုရားရင်ပြင်တစ်ခုလုံး အမွှေးရနံ့တွေရလာတယ်။ ငါ့တစ်သက်မှာ ဒီလောက် အနံ့မွှေးတာ တစ်ခါမှ မကြုံဖူးသေးဘူး။ ရေမွှေးနံ့လည်းမဟုတ်ဘူးကွ။ ပန်းပေါင်းစုံကိုအဆီထုတ်ထားသလားထင်ရတယ်။ အနံ့ကချိုအီနေပြီး မွှေးပျံ့နေတယ်။ ခဏကြာတော့ ဘုရားရင်ပြင်ထောင့်တစ်နေရာက လူကြီးလေးဦးထွက်လာတာကို တွေ့လိုက်ရတယ်။ အသားဖြူဖြူ အရပ်ထောင်ထောင် မောင်းမောင်းကြီးတွေနဲ့ ပန်းရောင်ခေါင်းပေါင်းကို ဆင်တူပေါင်းထားကြတယ်။ ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း အခုခေတ်လိုမဟုတ်ဘူး၊ ရှေးခေတ်က လူကြီးတွေဝတ်သလို အင်္ကျီလက်ရှည်၊ တောင်ရှည်ပုဆိုးတွေနဲ့အရောင်ကလည်း ခေါင်းပေါင်းနဲ့ဆင်တူပန်းရောင်တွေပဲ။ တဖြည်းဖြည်းချင်း လျှောက်လာကြပြီး လက်ထဲမှာကိုင်ထားတဲ့ ငွေဖလားကြီးတွေထဲက ပန်းမျိုးစုံတွေကိုကြဲချသွားကြတယ်။ ဒီလိုအချိန်မှာ ထူးထူးဆန်းဆန်းဖြစ်နေလို့ ဆရာရော ငါပါ တော်တော်လေးအံ့သြမိနေကြတယ်ကွ။ ဒါနဲ့ သူတို့ထွက်သွားပြီးတော့မှ ဒီလောက်တောင်မွှေးတာ ဘယ်လိုပန်းတွေလဲသိချင်တာနဲ့ စောစောကကြဲချသွားတဲ့ပန်းတွေကောက်မလို့သွားကြည့်တာ ရင်ပြင်တစ်ခုလုံး ပန်းဆိုလို့ တစ်ပွင့်တလေတောင်မတွေ့ရတော့ဘူး။ ရှင်းလင်းပြီး ပြောင်လက်နေတယ်။ ဆရာလည်း တော်တော်အံ့သြသွားလို့ ငါ့ကိုခဏအစောင့်ထားပြီး ဘုရားကလုံခြုံရေးတွေကိုသွားမေးကြည့်လိုက်တော့ သူတို့တစ်ယောက်မှမတွေ့ဘူးလို့ပြောကြတယ်။ငါတော့ ဒီအသက်အရွယ်အထိ တစ်ခါမှမတွေ့မကြုံဘူးလို့ တော်တော်ထူးဆန်းတာပဲလို့ ဆရာ့ကို ပြောမိသေးတယ်"

"ဟုတ်တယ် မောင်မင်းသူရေ၊ ဆရာလည်း နှစ်ပေါင်းမနည်းတော့ဘူး။ ဒီဘုရားကြီးမှာ တရားထိုင်လာတာ ဒီနေ့လိုတစ်ခါမှ မတွေ့ဘူး၊ မကြုံဘူးတာ အမှန်ပဲ။တစ်ယောက်တည်းဆိုရင် မျက်စိမှားတယ်လို့တောင်ထင်မိမှာ။ အခုတော့ မောင်မောင်အောင်နဲ့ နှစ်ယောက်စလုံး မြင်လိုက်ရတာဆိုတော့ ဘယ်လိုမှမမှားနိုင်တာသေချာတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ မင်း အခုလိုကျော်ဖြတ်နိုင်ခဲ့တယ်ဆိုတော့ တစ်ခါသေဖူးသွားပြီလို့သာ မှတ်လိုက်ပေတော့။ ရှေ့လျှောက်လည်း အသက်ထက်ဆုံး တရားအလုပ်ကိုဆက်လုပ်ပါလို့ ဆရာတိုက်တွန်းချင်ပါတယ်။ အတတ်နိုင်ဆုံးလည်း ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းပါလို့ ဆရာပြောချင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ကတိပေးပါတယ်"

မောင်မောင်အောင်ကမူ မင်းသူနှင့်သူငယ်ချင်းဖြစ်သော်လည်း ဘာသာခြားကိုးကွယ်သူတစ်ယောက်ဖြစ်၍ ထိုနေ့ကဖြစ်ပျက်ခဲ့သည်များကို အလွန်ပင်အံ့သြမိပြီး သူ့တစ်သက်တာတွင် ယခုတစ်ကြိမ်သာကြုံဖူးသေးကြောင်း ဝန်ခံပြောကြားခဲ့ပါသည်။

နောက်ပိုင်းတွင် မင်းသူ၏ လက္ခဏာကို ပြန်လည် စစ်ဆေးကြည့်ခဲ့ရာ ယခင်က ပျောက်ကွယ်သွားခဲ့သော အသက်လမ်းကြောင်းနေရာတွင် အသက်လမ်းကြောင်းအသစ်တစ်ခု ထင်ထင်ရှားရှားကြီးပင် ထပ်မံဖြစ်ပေါ်လျက်ရှိနေကြောင်းတွေ့ရှိရသည့်အပြင် အရန်လမ်းကြောင်းတစ်ခုပင် ဖြစ်ပေါ်နေသည်ကို အံ့သြစွာတွေ့ရှိခဲ့ရသည်။

တစ်သက်တွင် တစ်ကြိမ်သေခဲ့ဖူးသူ မင်းသူတစ်ယောက် ယခုဆိုလျှင် အသက်ငါးဆယ်ကျော် ခြောက်ဆယ်ပတ်ဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်ပြီး နေ့စဉ်မပျက် ဝိပဿနာတရားကို ရှုမှတ်ပွားများအားထုတ်လျက်ရှိကာ ဆရာဦးဘမောင်မှာ ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း သူငယ်ချင်း မောင်မောင်အောင်မှာ သက်ရှိထင်ရှားရှိနေပြီး မင်းသူနှင့်တွေ့တိုင်း ထိုတစ်ညက အဖြစ်အပျက်များကို ပြန်ပြောင်းသတိရကာ ပြောဆိုလျက်ရှိနေခဲ့ပါတော့သည်။

စာကြွင်း ။ ။ ကျွန်တော့်ထင်မြင်ယူဆချက်ကိုပြောရပါလျှင်မူ ထိုညက မင်းသူတစ်ယောက် အမှန်တကယ်ပင် သေနေ့စေ့သောနေ့ဖြစ်ခဲ့ပုံရပြီး သေခြင်းတရားကို ရင်ဆိုင်တွေ့ကြုံနေရချိန်တွင် ဝိပဿနာကမ္မဋ္ဌာန်းတရားကို သတိမပျက်ဘဲ စွဲမြဲယုံကြည်စွာ အားထုတ်ခဲ့သော အကျိုးတရားကြောင့် တရားကိုစောင့်ရှောက်နေကြကုန်သောသမ္မာဒေဝနတ်ကောင်းနတ်မြတ်များက ဝင်ရောက်ကယ်တင်ပေးခဲ့ခြင်းဖြစ်နိုင်ကြောင်း ထင်မြင်ခဲ့ပါတယ်။

*(ကိုယ်တွေ့အဖြစ်အပျက်ကိုပြောပြပေးပြီး ရေးသားရန် ခွင့်ပြုပေးခဲ့သော ဆရာမင်းလူလူ(ပန်းချီ)အား ကျေးဇူးတင်လျက်)*

ဘင်အေးကျော် (အောင်သံ)



www.burmeseclassic.com

www.burmeseclassic.com

# (လှိုင်လင်)
# မဟာစကော်ရှင်
## ကြုံသမျှ ပဟေဠိဘဝ



ကံအားလျော်စွာဖြစ်လာခဲ့ရသည့် ယခုဘဝကို ကျွန်ုပ်သည် အလွန်ပင် ဘဝင်မကျမိပါ။ ဖြတ်သန်းလာခဲ့ရသော ဘဝအကြောင်းတို့ကို နောက်ပြန်လှည့် ကြည့်မိပါကလည်း ဘဝတွင် အေးချမ်းမှုမှာ နတ္ထိ။ ပူလောင်မှုသောကများနှင့် ပြည့်နှက်နေသည်ကိုသာတွေ့ခဲ့ရသည်။ လူမှန်းသိတတ်စအရွယ်မှစ၍ ပူပင်မှုများနှင့် စတင်တွေ့ထိလာရာ ကျောင်းပညာကိုပင် စိတ်ဝင်စားရကောင်းမှန်း မသိခဲ့။ ကျေးဇူးကြီးလှသော မိဘနှစ်ပါးတို့မှာမူ အစွမ်းကုန်ချွေတာ၍ ကျွန်ုပ်အပါအဝင် သားသမီးလေးယောက်အား ပညာတတ်စေလိုသောဆန္ဒနှင့် ကျောင်းထားပေးပါသော်လည်း ကျွန်ုပ်မှာမူ မိဘအခြေအနေကို အကဲခတ်မိသောကြောင့် ဆယ်တန်းအောင်လည်း တက္ကသိုလ်တက်နိုင်မည်မဟုတ်ဟူသော အတွေးတို့ဖြင့် ကျောင်းစာအပေါ် အလေး အနက်မထားမိဘဲ ဖြစ်သလိုနေခဲ့မိရာ ဆယ်တန်းနှစ်ကျ၍ ကျောင်းနှင့် အဆက်အသွယ်ဖြတ်ခဲ့ရသည်။ ကျေးဇူးရှင်မိဘတို့၏ ကြီးမားသော စေတနာကို ကျွန်ုပ် အကြီးအကျယ် စော်ကားမိလိုက်ကြောင်းကို နောင်မှကျွန်ုပ်နားလည်လာရပါတော့သည်။

အပြင်လောကရောက်၍ မိမိဘဝ မိမိဘာသာ ရပ်တည်နိုင်ရန်အတွက် ဦးလေးထံတွင် စက်မှုပညာရပ်ကို သင်ကြားနေရသည့်အချိန်မှာပင် ဘဝကား အေးချမ်းမလာခဲ့။ စားဝတ်နေရေးအပူအပင်ကြားမှ ဘဝကိုဖြစ်သလိုဖြတ်သန်းလာခဲ့ရပြန်သည်။ ထို့ကြောင့် ဆိုးလွန်းလှသည့်ဘဝ၊ ပူပင်လွန်းလှသည့်ဘဝမှ လွတ်မြောက်လိုသည့်ဆန္ဒ ရင်၌ကိန်းစပြုလာသော်လည်း ကံအခွင့်မသာလှသောကြောင့် ဘဝအားကြုံသလိုမျောရင်းနှင့် ချမ်းသာရာကို တောင့်တလာခဲ့ရသည်။

စိတ်ချမ်းသာရေးကိုတွေးရင်း၊ ရှာဖွေရင်းနှင့်ပင် ရတနာမြတ်သုံးပါးကို အားကိုးလိုသောစိတ်သည် နေရာယူလာ၏။ ထို့ကြောင့် ကျွန်ုပ်သည် လက်လှမ်းမှီရာ နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို ရှာဖွေလေ့လာမိတော့သည်။ ဤလူ့ဒုက္ခ၊ သောကအပေါင်းတို့မှ လွတ်မြောက်လိုလာ၏။ နိဗ္ဗာန်ချမ်းသာကို တောင့်တမိလာ၏။ အပူသောကကြားမှ နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို လေ့လာရင်း မကြာခဏ အားထုတ်လာမိ၏။ သို့သော် ဆင်းရဲလွန်း၍ ချမ်းသာရာနိဗ္ဗာန်ကို တောင့်တမိသော်လည်း ကျွန်ုပ်၏ စိတ်ရင်းအမှန်မှာ ပုတီးကို ပို၍ စွဲမြဲစွာ စိပ်ပွားသော ဝါသနာက ပိုနေခြင်းပင်။ ဤသည်မှာအကြောင်းမဲ့တော့မဟုတ်။

ပူပင်သောကစိတ် ဖြစ်လာလျှင် အာနာပါနတရားကို ရှုပွားလိုက်ပါက စိတ်မှာ အပူအပင်တို့ လျော့ပါးသွားသကဲ့သို့ ပုတီးစိပ်ပွားလိုက်ပါက စိတ်အပူတို့လျော့သွားသော်လည်း ကျွန်ုပ်အဖို့မှာ ပုတီးစိပ်ပွားလိုက်မှပင် စိတ်၏ တည်ငြိမ်မှုတို့က ပို၍ရတတ်ကြောင်း အကဲခတ်မိလာပါသည်။ စိတ်ပူပင်စရာကြုံလျှင် ပုတီးကိုအဖော်ပြု၍ လှိုင်လင်မြို့ပတ်ဝန်းကျင်ရှိတောတောင်နေရာထူးများကို ရှာဖွေခြေဆန့်မိလာသည်။ အမိကပုတီးစိပ်ပွားသည့်နေရာမှာ ဝိဇ္ဇာနှင့် သိုက်နန်းရှင်များ ပျော်မွေ့ရာဟု နာမည်ကြီးခဲ့သည့်စိန်တောင်၊ မဟာမြိုင်ထူပါရုံ စသော တောတောင်ဘက်ဖြစ်ပါသည်။

သို့ဖြင့် မိမိဘဝကိုမိမိ အညတရတစ်ယောက်သာသာဖြင့်သာ သတ်မှတ်ထားမိသော ကျွန်ုပ်မှာ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတို့နှင့် ဆက်စပ်မှုများလာပြန်၏။ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုတို့ကို ထူးထူးခြားခြားကြုံလာရ၏။ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမဟုတ်သော ဖြစ်ရပ်ဆန်းများလည်း ထူးဆန်းစွာ ကြုံတွေ့ရပါတော့သည်။ သို့သော် ဘဝကို အဆင်ပြေချောမွေ့သွားအောင်မူ မည်သည့်ပုဂ္ဂိုလ်ကမှ မလုပ်ပေးကြ။ ဘဝကား ပူလောင်နေဆဲ။

ဘဝအား ကြုံဖန်ရှန်းကန်ရင်း ပူလောင်မှုကြားမှပင် ရှေး အကြောင်းမကောင်းသဖြင့် အိမ်ထောင်ရှင်ဘဝကို တစ်ဖန်ကျရောက်ရပြန်သော် အပူတို့သည် ပိုမို၍များလာ၏။ စီးပွား ရေး၊ ကျန်းမာရေး၊ လူမှုရေး အစ[illegible] အရာရာ ဒေါင်ဒေါင်မြည်မဟုတ်၍ ဖြ[illegible] လာရသည့် လူ့ဘဝကို တန်ဖိုးမထား[illegible] တော့။ လောကကြီးဟာ မျှတမှုမရှိ[illegible] လားဟု လောကကြီးကိုပင် စိတ်နာ[illegible] မိတော့သည်။

အိမ်ထောင်မကျခင် ကူညီစော[illegible] ရှောက်ခဲ့ကြသော ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ[illegible] သည်လည်း အလာကျဲ၍ နောက်[illegible] တွင် ပျောက်ခြင်းမလှပျောက်[illegible] ကြုံသမျှ ဘဝအပူဒဏ်တို့ကို အလူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အခြေခံ၍ ပုတီးစိပ်နည်းမန္တန်တစ်ခုကို တစ်ခုကို တီထွင်ကြံဆမိရာမှ နောက်ပိုင်း ကျွန်ုပ်ဘဝတွင် အလွန်ထူးခြားသော ဖြစ်ရပ်ဆန်းကြယ်နှင့် ပဋ္ဌာန်းဆက် အကြောင်းများကို ထူးခြားစွာ သိရှိလာရပါတော့သည်။ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမှ အသိပေးမှု၊ သတ်မှတ်မှုများနှင့်အတူ အတိတ်ပဋ္ဌာန်းဆက်အကြောင်းများကို ထူးဆန်းသော အိပ်မက်တို့မှတစ်ဆင့်



ခဲ့ရပြန်သည်။ ပုတီးစိပ်ခြင်းအလုပ်ကို ဆက်လုပ်ဖြစ်အောင်ကြိုးစားသော် ည်း အမိဋ္ဌာန်တို့ကို ရက်ရှည်လုပ်ရန် ခြေအနေကိုမူ ဘဝအပူကြောင့်လုပ်ရန် အခွင့်မသာခဲ့ပါပေ။

တစ်နေ့ ကျွန်ုပ်သည် စိပ်ပွားနေကျ ပဋ္ဌာန်းကွန်ခြာပုတီးစိပ်နည်းကို ထူးခြားစွာ သိရှိခွင့်ရလာခဲ့ပြန်ပါသည်။

ကြုံခဲ့ရသော ထူးခြားမှုတို့တွင် အပိုင်းနှစ်ပိုင်းဖြစ်ကြောင်း သိခဲ့ရပြီး တစ်ပိုင်းမှာ ဝိဇ္ဇာလောကနှင့်ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com

တစ်ပိုင်းမှာ ပဋ္ဌာန်းဆုတောင်းနှင့် ပတ်သက်နေပါသည်။ ထို့ကြောင့် ပထမအပိုင်းဖြစ်သော ဝိဇ္ဇာတို့နှင့်ပတ်သက်သောအကြောင်းတို့ကို ဗဟုသုတဖြစ်ရန် ဦးစွာတင်ပြလိုပါသည်။

မတင်ပြမီ ကျွန်ုပ်ဦးစွာဝန်ခံထားလိုပါသည်။ ကျွန်ုပ်အား ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်အဖြစ် မမြင်စေလိုပါ။ ကျွန်ုပ်သည် သာမန်ဘဝမှလူသားတစ်ဦးသာဖြစ်သည့်နည်းတူ ယခု တင်ပြမည့် အကြောင်းအရာများနှင့် ပတ်သက်၍ မိမိကိုယ်ကို မည်သို့မျှ သတ်မှတ်ချက်မထားခဲ့သေးပါ။ အမှန်ဆိုရလျှင် ယခုချိန်ထိ ပဟေဠိတစ်ပုဒ်နှယ် အဖြေရှာဆဲဖြစ်သောကြောင့်ဖြစ်ပါသည်။ ယခုတင်ပြမည့် ထူးဆန်းအိပ်မက်ရစဉ်ကာလမှာ ကျွန်ုပ်စီမံလိုက်သော မန္တန်တော်မြတ်ကို စတင်စိပ်ပွားအဓိဋ္ဌာန်ဝင်နေသောအချိန်ဖြစ်ပါသည်။

အိပ်မက်ကား ဤသို့ဖြစ်၏။

ကျွန်ုပ်သည် ကွင်းပြောင်ပြောင်နေရာတစ်ခုတွင်ရပ်နေ၏။ ထိုစဉ် အဆုံးမရှိသော အထက်မိုးကောင်းကင်ဆီမှ အဖြူရောင်အရာတစ်ခုတလူပ်လူပ်ဖြင့် ဆင်းသက်လာပါသည်။ ကျွန်ုပ်လည်း ထူးဆန်း၍ကြည့်နေစဉ် ၎င်းအရာမှာ တဖြည်းဖြည်း အောက်သို့ရောက်၍ နီးကပ်လာရာ စာရွက်တစ်ရွက်ဖြစ်နေသည်ကိုတွေ့ရပြီး ၎င်းစာရွက်မှာ ကျွန်ုပ်လက်တွင်းကိုမှ တိတိကျကျကျ ရောက်လာသောကြောင့်ယူကြည့်မိရာ လျှောက်လွှာစာရွက်အရွယ်၊ ၎င်းစာရွက်၏ ထိပ်ဆုံးတွင် နံပါတ် (၁) ဟု ရေးထားပြီး ဘေးတွင် ကျွန်ုပ်၏ အမည်ကိုရေးထား၏။ တစ်ဖန် ကျွန်ုပ်နာမည်၏ဘေးဖက်တွင် ကွင်းစကွင်းပိတ်ဖြင့် 'အုပ်ချုပ်သူ' ဟု ရေးထားပြန်ပါသည်။ ထို့နောက် ကျွန်ုပ်နာမည်၏ အောက်ဘက် နံပါတ် (၂)နေရာမှာ အောက်ဘက်အထိ နံပါတ်စဉ်များ (၂၀)၊ (၃၀) ခန့်ထိတွင် သိဒ္ဓိရှင်ဝိဇ္ဇာတို့၏ အမည်တို့ကို စီတန်းရေးချထားသည်ကို ကျွန်ုပ် တွေ့ရပြီးနောက် အိပ်မက်မှနိုးလာပါသည်။ ဆန်းကြယ်သောအိပ်မက်ဖြစ်၍ မှတ်တမ်းတင်ထားခဲ့ပါသည်၊

ထပ်၍ တင်ပြလိုသော အိပ်မက်ဆန်းမှာ အဓိဋ္ဌာန်ရပ်နားစဉ်ရသော အိပ်မက် ဖြစ်ပါသည်။ အိပ်မက်ထဲတွင် ရဟန်းဝတ်လိုသော ကျွန်ုပ်အား ကိုရင်တစ်ပါးမှ ဆံချရန်အတွက် ကျွန်ုပ်၏ ဦးခေါင်းအား စစ်ဆေးကြည့်ရှုပြီး အနားတွင်ရပ်နေသောဆရာတော်တစ်ပါးအား ဤသို့ပြောပါသည်။

'ဆရာတော်ဘုရား၊ ဒီဒကာမှာ ထူးခြားတဲ့ အမှတ်အသားတွေ အများအပြားပါနေတယ်ဘုရား။ ဒီမှာတစ်ခု ဒီမှာလည်းတစ်ခု ဒီတစ်ခုကတော့ (လူ့အမြုတေ) လူ့အမတေအမှတ်အသားပါဘုရား'

ဆရာတော်မှ -

'အေး၊ အေး - ကြည့်ဦး၊ ကြည့်ဦး၊ နောက်တစ်ခုရှိသေးတယ်။ မဟာပထမံ အမှတ်အသားပဲကွယ့်'

ဆရာတော်မိန့်တော်မူပြီး ကျွန်ုပ်လည်း နိုးလာပါသည်။

ကျွန်ုပ်နားမလည်ပါ။ လူ့အမတေသည် မည်ကဲ့သို့နည်း။အဘယ်အဓိပ္ပာယ်သက်ရောက်စေပါသနည်း။ သိသည့် ပညာရှင် ပုဂ္ဂိုလ်တစ်ဦးဦးမှ အဓိပ္ပာယ်ဖွင့်ပေးလျှင် ကောင်းမည်ဟု အတွေးဝင်လာမိ၏။

နောက်တစ်ခါ 'မဟာပထမံ' ဟူသည့် စကားလုံး၊ ကျွန်ုပ်သည် ပထမံပညာကို မသိပါ။ ဝိဇ္ဇာလမ်းကို အကြောင်းမကင်း၍ လိုက်စားကျင့်ကြံနေသော်လည်း ကျွန်ုပ်တွင် သင်ပြပညာပေးသော ဆရာအရှင်မရှိပါ။ လမ်းညွှန်ဆုံးမသော ဆရာအရှင်လည်း မရှိပါ။ ကိုယ့်လမ်းကိုယ်ထွင်ကာ လျှောက်လှမ်းနေသူသာ ဖြစ်သည်။ သို့ဆိုလျှင် ကျွန်ုပ်အား 'မဟာပထမံ' ဟု အဘယ်ကြောင့် သတ်မှတ်ပါသနည်း။ ကျွန်ုပ်မသိပါ။ မတွေးတတ်ပါ။ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမှသာ သိကြပါလိမ့်မည်။ ကျွန်ုပ်အတွက်မူ ပဟေဠိများသာ ဖြစ်ပါသည်။

ထိုပဟေဠိတို့ကို သိရန်အတွက် ကျွန်ုပ်သည် လွန်စွာ ကြိုးစားအားထုတ်ရပေဦးမည်။

နောက်ပိုင်းတွင် ကျွန်ုပ်၌အိပ်မက်မဟုတ်သော ထူးခြားဆန်းကြယ်ဖြစ်ရပ်များအိပ်မက်နှင့် အပြင်လောက ဆက်သွယ်သည့်အိပ်မက်၊ ပဋ္ဌာန်းဆက်အိပ်မက်များ တစ်ခုပြီးတစ်ခု ကြုံတွေ့လာခဲ့ရာ ၎င်းအထဲမှ ပို၍ ထူးခြားသော (အိပ်မက်အုပ်စု) တစ်ခုကို ထူးခြားစွာ ပဋ္ဌာန်းဆက်အိပ်မက်များအဖြစ် ရလိုက်ပါသည်။ အိပ်မက်အုပ်စုဟု ဆိုလိုက်ရခြင်းမှာ ၎င်းအိပ်မက်တို့သည် ထူးခြားစွာ တစ်နှစ်တွင် တစ်မျိုးသာ တိတိကျကျမက်၍ (၈)ကြိမ်မြင်မက်သောပဋ္ဌာန်းဆက်အိပ်မက်တို့ကို (၈) နှစ်ထိ တစ်နှစ်လျှင် တစ်မျိုးမြင်မက်ခဲ့သောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်ရေးသားခဲ့သော ၂၀၁၅၊ ဖေဖော်ဝါရီလ 'ပြောမယုံ ကြုံဖူးမှ' ဆောင်းပါးဝတ္ထုတိုထဲမှ အလောင်းတော်မဟော်သဓာနှင့် တွေ့ကြုံခဲ့ရသော ပဋ္ဌာန်းဆက်အိပ်မက်သည်လည်း ၎င်းအိပ်မက်အုပ်စုမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။

ကျွန်ုပ်သည် ဤအကြောင်းတို့ကို နဂိုရည်ရွယ်ရင်း မတင်ပြတော့ရန် စိတ်ဖြစ်ပါသော်လည်း ရင်ထဲတင်းကျပ်မှုကို ဖြေလျှော့နိုင်ရန် စိတ်အကြံပေါက်၍ သုရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် တစ်စိတ်တစ်ဒေသကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ကြုံတွေ့ခဲ့ရသော အကြောင်းတို့နှင့် ကျွန်ုပ်၏ လက်ရှိဘဝအခြေ နှိုင်းယှဉ်ကြည့်လျှင် မယုံရဲပါ၊ မယုံဝံ့ပါ။ သို့သော် ပဋ္ဌာန်းဆက်အကြောင်းနှင့် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမှ သတ်မှတ်ချက်တို့ကိုလည်း ဥပေက္ခာပြု၍ မျက်ကွယ်မပြုရဲပါ။ ထို့ကြောင့် ပဟေဠိအကြောင်းများတစ်ခုပြီးတစ်ခုတက်လာတိုင်း ရင်ထဲတင်းကျပ်လာရပါသည်ဟု ရိုးသားစွာ ဝန်ခံရပါသည်။

ကျွန်ုပ်ရင်၌ တင်းကျပ်ရသည့် အကြောင်း အိပ်မက်တစ်ခုကို ထပ်မံ၍ တင်ပြလိုက်ပါသည်။

အနည်းငယ်ဝသောခန္ဓာရှိသည့် မဟိဒ္ဓိရှင် ရဟန်းတော်ကြီးတစ်ပါးနှင့် ကျွန်ုပ်သည် တွေ့ရ၏။ ရဟန်းတော်မှာ ကျွန်ုပ်အား ဤသို့မိန့်၏။

'လောကီနယ်၊ လောကုတ္တရာနယ်မှာ လူတိုင်းတောင့်တပါသော်လည်း ရဖို့မလွယ်တဲ့ အမှတ်အသားတစ်ခု လောကမှာရှိတယ်ကွယ့်။ ဥပမာပြောရင် ဆေးဝိဇ္ဇာတစ်ပါးဟာ သူအလွန်လိုချင်တဲ့ ထူးဆန်းရှားပါးတဲ့ ဆေးတစ်ပင်ကို လူ့လောက၊ ဝိဇ္ဇာလောကမှာ ရှာနေလို့ နဂါးပြည်၊ ဂဠုန်ပြည်မှာ သွားရောက်ရှာဖွေပါသော်လည်း တွေ့နိုင်ခဲတဲ့ ဆေးပင်ပမာ အမှတ်အသားလိုပဲ လောကသားတွေ တောင့်တသလောက် ရဖို့ မလွယ်တဲ့အမှတ်အသားပေါ့'

ဆရာတော်မိန့်ကြားအပြီး ကျွန်ုပ်မှာ ကမန်းကတန်း ကျွန်ုပ်လက်မောင်းကို ကြည့်မိရာ ဆရာတော်ကြီး မိန့်ကြားသည့်အမှတ်အသားမှာ တစ်ခုတည်းသာ မဟုတ်ဘဲ ငါးခုလောက် စီတန်း၍ပေါ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com

နားမလည်နိုင်ဘဲ ဆရာတော်ကို မော့ကြည့်မိရာ ဆရာတော်မှာပြုံး၍နေ၏။

ဆရာတော် မိန့်ကြားပြီးသော် ကျွန်ုပ်နိုးလာပါသည်။ ဟုတ်ပါ့မလား၊ ဖြစ်နိုင်လောက်ပါ့။ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားမသိသော်လည်း ရင်ထဲတစ်မျိုးတင်းကျပ်လာရပါသည်။ ဝိဇ္ဇာများနှင့်ပတ်သက်၍ အကြောင်းအချက်များရှိသေးသော်လည်း မတင်ပြသေးဘဲ ပဋ္ဌာန်းဆက် အိပ်မက်များအကြောင်းတချို့ကို ဖော်ပြပါမည်။ ဖေဖော်ဝါရီလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ ဆောင်းပါးတွင် အလောင်းတော်မြတ် မဟော်သဓာနှင့် ကြုံတွေ့ခဲ့ရပြီး ကျွန်ုပ်၏ ပဋ္ဌာန်းဆုတောင်းကို သိခဲ့ရကြောင်း ဖော်ပြပြီးဖြစ်၍ ယခုတွင်မူ သံသရာလမ်းတစ်ကွေ့ဝယ် ကျွန်ုပ် ဖြည့်ဆည်းခဲ့သောပါရမီဇာတ်ကြောင်းပဋ္ဌာန်းဆက်အိပ်မက်ထူးကို တင်ပြပါမည်။

စစ်ပွဲတစ်ခုအတွင်း ဖြစ်ပါသည်။ နှစ်ဖက်စစ်သည်တို့မှာ ဓားဓားချင်း၊ လှံလှံချင်း အပြင်းအထန် တိုက်ခိုက်နေသောဖြစ်ပွဲအတွင်း ဖြစ်၏။ ကျွန်ုပ်မှာ တစ်ဖက်မှ စစ်ခေါင်းဆောင်တစ်ဦးအဖြစ် စစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေ၏။ တစ်ခုသော တိုက်ပျက် အိမ်ပျက်ကြီးတစ်ခုထဲတွင် ကျွန်ုပ်နှင့် ရန်သူစစ်သူကြီးတစ်ဦး ဓားချင်းယှဉ်ခုတ်နေကြသည်။ ရန်သူစစ်သူကြီးကား အလွန်မောပန်းနေပါသည်။ ချွေးနှင့်သွေးသံတရဲရဲဖြစ်နေ၏။ ကျွန်ုပ်အား ထိုးခုတ်သော သူ၏ဓားချက်များကား အရာမထင်၊ ကျွန်ုပ်အား ဘယ်သို့မျှ ထိရောက်ခြင်း၊ အန္တရာယ်ပေးနိုင်ခြင်းမရှိ၊ ကျွန်ုပ်မှာ အနည်းငယ်မျှ မောပန်းခြင်း၊ တုန်လှုပ်ခြင်းလုံးဝမရှိဘဲ ရန်သူစစ်သူကြီးအား ကြောင်က ကြွက်ကို ကစားသကဲ့သို့ ပေါ့ပါးလွယ်ကူစွာသဘောထား၍ယှဉ်နေ၏။ တစ်ချီတွင် ကျွန်ုပ်၏ဓားချက်ကြောင့် ရန်သူစစ်သူကြီးမှာ အခန်းထောင့်တစ်နေရာတွင် ယော့ခွေ၍ လဲကျသွား၏။ ဓားမှာလည်း သူ၏လက်ထဲတွင် မရှိတော့ပါ။ ၎င်းမှာ ကျွန်ုပ်၏ ဓားချက်ကို ထိုးခုတ်မိခြင်းကြောင့်မဟုတ်ဘဲ ခြေကုန်လက်ပန်းကျ၍ လဲကျသွားခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်သည် ရန်သူစစ်သူကြီးအား မည်သို့မျှမလုပ်ဘဲရပ်ကြည့်နေစဉ် ၎င်းမှာ ကျွန်ုပ်အား ထိတ်လန့်ခြင်း၊ အားငယ်ခြင်း ကြောက်ရွံ့တုန်လှုပ်ခြင်းတို့ဖြင့်ပြည့်နေသောမျက်နှာဖြင့် ကြည့်နေပါသည်။

ထိုအချိန် ကျွန်ုပ်စိတ်၌ ဤသို့ဖြစ်၏။

'ဒီရန်သူကို အခု ငါသတ်လိုက်ရင်လည်း သူ့ခမျာ သေရတော့မယ်။ ငါက သူ့ကိုမသတ်ဘဲ လွှတ်ပေးလိုက်ရင်လည်း ငါ့ကိုမသတ်နိုင်လို့ သူ့သခင် သူ့ကို မုချသတ်မှာသေချာတယ်။ အားကိုးစရာမရှိ သနားစရာပါလား'

ကျွန်ုပ်သည် ရန်သူစစ်သူကြီးအား ကရုဏာသက်မိကာ ဆုံးဖြတ်ချက်တစ်ခုကို လျင်စွာချလိုက်ပါတော့သည်။ ကျွန်ုပ်သည် ရန်သူစစ်သူကြီးရှေ့တွင် ကျောခင်း၍ ဒူးထောက်ထိုင်ချလိုက်ပြီး ဓားကို လွှင့်ပစ်လိုက်၏။ ဦးခေါင်းကိုငုံ့ကာ မျက်စိကိုမှိတ်ထားလိုက်၏။ ရန်သူ၏အသက်ကို ကျွန်ုပ်၏ အသက်နှင့်လဲကာ ကယ်တင်လိုက်တော့မည်။ ရန်သူစစ်သူကြီးဘက်မှ ထရပ်လိုက်သည့်အသံကြားလိုက်စဉ် ကျွန်ုပ်သည် ရန်သူအသက်ရှင်ရေးအတွက် မိမိအသက်ကို ဒါနပြုကာ အသက်စွန့်လှူမည့်အဖြစ်ကို တွေး၍ ဖြစ်ပေါ်လာသော ပီတိတို့ကား ကြက်သီးများပင်ထလာသည်အထိ ပျံ့နှံ့လာကာ နှုတ်မှလည်း မိမိ၏ဇီဝိတဒါန၊ မေတ္တာကုသိုလ်ကို သာဓုခေါ် ဆိုမိရာ သာဓုနှစ်ခွန်းသာခေါ် ဆိုနိုင်ပြီး ကျွန်ုပ်မှာ အသိမရှိတော့ပေ။

အိပ်မက်မှ နိုးလာသော် ဖြစ်ပေါ်ခဲ့သော ပီတိအဟုန်ပျံ့နှံ့မှုကား ယခုချိန်ထိ လွှမ်းခြုံနေဆဲဖြစ်ကာ ကြက်သီးများလည်းထနေဆဲဖြစ်သည့်နည်းတူ ကျွန်ုပ်၏နှုတ်မှလည်း သုံးကြိမ်မြောက် သာဓုကို အိပ်ရာထဲမှာပင် အသံထွက်ရွတ်ဆိုလိုက်မိပါတော့သည်။ သာဓုတစ်ခွန်းခေါ်ဆိုပြီးသည့်တိုင်အောင် ပီတိတို့မှာ ပျံ့နှံ့နေဆဲဖြစ်၍ ကျွန်ုပ်သည် အိပ်ရာထဲတွင် အလိုက်သင့်မှိန်းနေလိုက်ပြီး နှုတ်မှသာဓုကို သုံးကြိမ် လေးလေးနက်နက်ခေါ် ဆိုလိုက်ပြီးမှသာ ပီတိအဟုန်တို့သည် တဖြည်းဖြည်း ငြိမ်သက်သွားပါတော့သည်။ ပြောမပြတတ်သော ခံစားမှုတို့ကား ရင်၌ကျန်ရစ်ခဲ့သည်။ ရန်သူကို မေတ္တာထားခဲ့မိသောပဋ္ဌာန်းဆက်အိပ်မက်ကား ယနေ့ထက်တိုင် ကျွန်ုပ်၏ရင်ကို လှုပ်ခါထားဆဲ ဖြစ်ပါသည်။

ဤသို့နှယ် ပဋ္ဌာန်းဆက်အိပ်မက်ထူးများရှိပါသေးသော်လည်း ယခုနောက်ဆုံးတစ်ခုကိုသာ တင်ပြပါတော့မည်။ ဖတ်ရှု၍ ကုသိုလ်ပွားနိုင်ကြပါစေဟု ဆန္ဒပြုရင်း။

ကျွန်ုပ်သည် အပြာရောင်နောက်ခံအဆုံးမဲ့ကောင်းကင်ပေါ်တွင် နတ်သားတစ်ပါးဖြစ်နေပါသည်။ နတ်သားဘဝဖြင့် တိမ်လွှာကိုစီး၍ ပျော်မွေ့နေ၏။ ကျွန်ုပ်၏ရှေ့၊နောက်ဝဲယာတို့တွင်လည်း အခြားနတ်သား၊ နတ်သမီးများသည် ကျွန်ုပ်ကဲ့သို့ တိမ်လွှာတိမ်ညွှန့်စီး၍ ပျော်ပါးနေကြသည်။ ထိုအထဲတွင် ကျွန်ုပ်၏ဆွေမျိုးမောင်နှမနတ်သား၊နတ်သမီးများလည်း ပါကြ၏။

ကျွန်ုပ်နှင့်အတူ နတ်သား၊ နတ်သမီးများ တိမ်လွှာစီး၍ ပျော်မွေ့နေကြစဉ် ရောင်ခြည်တော်အစုံနှင့် ဗုဒ္ဓဘုရားရှင်တစ်ဆူသည် ကောင်းကင်ယံ၌ ကြွရောက်တော်မူလာပါသည်။ ဘုရားရှင်ကြွရောက်တော်မူလာသော် အခြားနတ်သား၊ နတ်သမီးများသည် ဘုရားရှင်ထံ မရောက်လာကြသော်လည်း ကျွန်ုပ်မှာ တိမ်လွှာစီး၍ ဘုရားရှင်ရှေ့တော်သို့ ဝပ်တွားကာ ကန်တော့ဝတ်ပြုကြည်ညိုနေမိ၏။ ကျွန်ုပ်သည် မြတ်စွာဘုရားရှင်အား မည်သို့သော စကားတစ်ခွန်းမျှ မလျှောက်တင်မိပါသော်လည်း မြတ်စွာဘုရားရှင်သည် ကျွန်ုပ်အား တစ်ခွန်းတည်းသောစကားကို မိန့်ကြားတော်မူပါသည်။

'အသင်နတ်သား၊ အသင်နတ်သားသည် နောင်သောအခါ ငါကဲ့သို့ ဘုရားရှင်တစ်ဆူဖြစ်လိမ့်မည်'

ကျွန်ုပ်သည် ဝမ်းသာပီတိတို့ဖြစ်ရပြီးနောက် အိပ်မက်မှနိုးလာပါသည်။ ဤသို့သော ပဋ္ဌာန်းဆက်အိပ်မက်တို့ရပြီးနောက် ကျွန်ုပ်သည် မိမိကိုယ်ကိုမိမိ မည်သို့နားလည်ရမှန်းမသိတော့။ လက်ရှိပုထုဇဉ်ကြမ်းတမ်းသောဘဝအခြေနှင့် တွေ့ကြုံသိရှိခဲ့ရသော ပဋ္ဌာန်းဆက်အိပ်မက်အကြောင်းတို့သည် အဘယ်ကဲ့သို့ ဆက်စပ်၍ရပါမည်နည်း။ ကျွန်ုပ်ဘဝ၊ ကျွန်ုပ်၏ သံသရာရှေ့ရေးအတွက် အလွန်ကြီးမားသော ပဟေဠိများသာဖြစ်ကြပါသည်။ ဤပဟေဠိအကြောင်းတို့နှင့် ဆက်စပ်ဖြစ်လာရသောတင်းကျပ်မှုဖြေလျော့နိုင်ရန်အတွက် ကျွန်ုပ်သည် အတော်ကြိုးစားရပေဦးတော့မည်။

ပုထုဇဉ်သောဘဝထဲမှ နားလည်ရန်ခက်သော ပဟေဠိအကြောင်းတို့ကို စဉ်းစားရင်း၊ သုံးသပ်ရင်း ၊မျှော်ရင်းမျှော်ရင်းမှသည် ကျွန်ုပ်သည်. . . ။

မဟာစက်ရှင်(သွိုင်လင်း)



www.burmeseclassic.com

www.burmeseclassic.com

(ဆင်ဖြူကျွန်း)

# နန္ဒာစိုး

# မသူဇာရဲ့အမှတ်တရ




(၁)

ကျွန်ုပ်သည် စာပေရေးသားခြင်းကို ငယ်စဉ်ကာလကတည်းက ဝါသနာထုံခဲ့မိသည့်အလျောက် အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝကပင် စာကြမ်းပိုး (အရပ်အခေါ် အသံထွက် စာဂျပိုး) ဟု သရော်လှောင်ပြောင်ခံခဲ့ရသည့်အထိပင် စာဖတ်ခြင်း၊ စာရေးသားကြည့်ခြင်းအလုပ်တို့ကို တစိုက်မတ်မတ် ပြုလုပ်လာခဲ့သူဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝတစ်လျှောက်လုံးတွင်လည်း စာကြည့်တိုက်၌ အချိန်ကုန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျောင်းတွင်းနံရံကပ်စာစောင်များ၊ နှစ်ပတ်လည်မဂ္ဂဇင်းများတွင် ဝင်ရောက်ရေးသားခြင်း၊ ကျောင်းမှစာပေလှုပ်ရှားမှု ပါဝင်လှုပ်ရှားခြင်းများဖြင့်သာ ဖြတ်သန်းခဲ့လေသည်။

ဤနေရာတွင် စာဖတ်ခြင်းဟူသောအလုပ်မှာ အငှားဆိုင်များ၊ စာကြည့်တိုက်များ၊ နီးစပ်ရာ ဝါသနာတူစာဖတ်သူမိတ်ဆွေများထံမှ နှစ်သက်ရာစာအုပ်များကို အလွယ်တကူ ငှားရမ်း၍သော် လည်းကောင်း၊ မိမိကိုယ်ပိုင်ငွေဖြင့် ဝယ်ယူ စုဆောင်း ဖတ်ရှုနိုင်ခြင်းကြောင့်လည်းကောင်း မခက်ခဲမထောင်းတာလှသော်လည်း စာရေးခြင်းဟူသောအလုပ်မှာမူ ထင်သလောက် လွယ်ကူသည် မဟုတ်ကြောင်း လက်တွေ့သိရှိလာခဲ့ရပေသည်။မိမိရေးသားလိုသောအကြောင်းအရာကို ပေါ်လွင်ထင်ရှားအောင် စာတစ်ပုဒ်အဖြစ် ရေးသား တင်ပြရာ၌ လိုအပ်မည့် အချက်အလက်များ ခိုင်မာအောင် ရှာဖွေစုဆောင်းရခြင်း၊ မိမိကိုယ်တိုင် နားမလည်နိုင်သေးသည်များကို နားလည်အောင် တတ်ကျွမ်းသိရှိသော ပညာရှင်များထံမှ မေးမြန်းနာယူမှတ်သားရခြင်း၊ ထို့နောက် စာဖတ်သူများ ဖတ်ရှုကြသည့်အခါ အလွယ်တကူသိရှိနားလည်ခံစားနိုင်စေကြရန် ရည်သန်၍ကြိုးစားဖွဲ့နွဲ့ရေးသားရခြင်း၊ ရေးသားပြီး စာမူများကို ချောမောပြေပြစ်သွားအောင် တည်းဖြတ်သုတ်သင်ရေးကူး၍ သင့်လျော်ရာ မဂ္ဂဇင်းတိုက်ကြီးများသို့ စာတိုက်မှတစ်ဆင့် ပေးပို့ရခြင်း စသော စုံတကာစေ့သည့် အခက်အခဲများကို ရင်ဆိုင်ခဲ့ရလေတော့သည်။

သို့သော် ထိုအခက်အခဲများကို



www.burmeseclassic.com

www.burmeseclassic.com

ရင်ဆိုင်နိုင်ရန်အတွက် ကြီးမားသော တွန်းအားကြီးတစ်ရပ်ဖြစ်သည့် ကျွန်ုပ်၏ စာရေးဝါသနာထုံခြင်းဆိုသော အင်အားကြီး၏ ထောက်မ ကူညီပေးမှုကြောင့်ပင် ကျွန်ုပ်မှာ စိတ်ကူးကလေးပေါ်လိုက်၊ စာရေးစားပွဲထိုင်လိုက်၊ ရေးသားလိုက်နှင့် မိမိတစ်ယောက်တည်း ဂျင်ခြေလည်အောင် အလုပ်များနေခဲ့ရတော့၏။ ထိုသို့ မည်သူကဲ့ရဲ့ကဲ့ရဲ့၊ မည်သူလှောင်ပြောင်လှောင်ပြောင် အမှုမထားဘဲ ကြံ့ကြံ့ခံကာ စွဲမြဲစွာ တရေးတည်းရေးသားကြိုးပြင်းလာခဲ့ရာ အရွယ်ရောက်လာသောအခါ ကျွန်ုပ်၏အသက်မွေးဝမ်းကျောင်းအလုပ်မှာ စာရေးသားခြင်းအလုပ်သာ ဖြစ်လာခဲ့ရလေသည်။

ကျွန်ုပ်မှာ စာရေးသားခြင်းဖြင့် မချမ်းသာ မကြွယ်ဝသည့်တိုင် ငတ်ပြတ်မွဲတေကာ ဆင်းရဲပင်ပန်းစွာ နေထိုင်စားသောက်ရသော အခြေအနေမျိုးသို့ ဆိုက်ရောက်ခဲ့ရခြင်းမျိုးမကြုံခဲ့ရလေသောကြောင့် ထိုအလုပ်ကိုပင် ရာသက်ပန် လုပ်ကိုင်သွားတော့မည်ဟု ဆုံးဖြတ်မိလေသည်။ ကျွန်ုပ်၏စိတ်ကူးမှာလည်း ဝမ်းရေးအတွက် အထူးတလည် မပူပင်မကြောင့်ကြရဘဲ ခပ်အေးအေးနေထိုင်ရင်း ကိုယ်ထင်ခုတင်ရွှေနန်း ဆိုသကဲ့သို့ လုပ်ကိုင်နေရပါလျှင် (လူအများကို အကျိုးမထိခိုက်စေသည့် ကိုယ်ဝါသနာပါသောအလုပ်ကို လုပ်ကိုင်နေရလျှင်) တစ်ခဏတာရလာသည့် လူ့ဘဝတစ်သက်တာ၌ စိတ်ချမ်းသာ၍ နေပျော်သည်။ ရှေးရှေးကပါလာသောကံအလျှင်ပြတ်၍ သေချိန်တန်သေရပါကလည်း သေပျော်သည်ဟု ပိုင်းဖြတ်လက်ခံထားမိပြီးဖြစ်နေလေတော့သည်။ ထို့ကြောင့် ယနေ့ထက်တိုင်ပင် ကျွန်ုပ်မှာ ကလောင်သမားတစ်ဦးအဖြစ် ပျော်ပျော်ကြီး ရပ်တည် ရေးသားနေမိဆဲ ဖြစ်ပေတော့သည်။

(၂)

ကျွန်ုပ်သည် စာပေမြို့တော်ဖြစ်သော ရန်ကုန်မြို့နှင့်ကင်းကွာနေခဲ့သည်မှာ သုံး၊ လေးနှစ်မကြာ ကြာရှည်ခဲ့ပြီဖြစ်၍ တစ်ခုသောဒီဇင်ဘာလတွင် တစ်ခေါက်တစ်ကျင်းတော့သွားချေဦးမှာပဲဟု စိတ်ကူးပေါ်လာခဲ့ပြန်လေ၏။ ထို့ကြောင့် လိုအပ်မည့်စရိတ်စကငွေကြေးကို ရှာဖွေကာ ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့မိပြန်တော့သည်။

ရန်ကုန်မြို့သို့ ရောက်လာလျှင် ကျွန်ုပ် တည်းခိုနေကျဖြစ်သော ကျွန်ုပ်၏ စာပေမိတ်ဆွေကြီးတစ်ဦးဖြစ်သည့် ဦးသန်းမြင့်၏နေအိမ်သို့ ချီတက်ခဲ့လေသည်။ ဦးသန်းမြင့်မှာ အင်းစိန်မြို့နယ်တွင်နေထိုင်သူ ဖြစ်လေသည်။ ၎င်းမှာ စာပေဝါသနာအိုးဖြစ်သည့်အလျောက် ကျွန်ုပ်နှင့်ပုလင်းတူဘူးဆို့ဟုဆိုရလောက်အောင်အတွဲညီသူဖြစ်သည်။ ယခင်တုန်းက အလယ်တန်းပြကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ယခုအခါ ပင်စင်အနားယူပြီးဖြစ်သဖြင့် ၎င်းမှာ နေ့ရှိသမျှ တစ်သက်တာ စုဆောင်းလာခဲ့သောစာအုပ်များကို ယခုမှအတိုးချဖတ်ရှုခြင်းဖြင့် အချိန်ကုန်နေလေတော့သည်။ နှမငယ်အပျိုကြီးများမှာ အင်းစိန်ဈေးထဲ၌ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချကြသူများဖြစ်၍ စီးပွားချောင်လည်ကြသူများဖြစ်ကြပြန်သောကြောင့် လူပျိုကြီးဖြစ်သော ကျွန်ုပ်မိတ်ဆွေအတွက် တစ်ဝမ်းတစ်ခါးအရေးမှာ အထူးပူပင်ကြောင့်ကြရန်မရှိချေ။ ၎င်းရရှိသော ကိုယ်ပိုင်ပင်စင်လစာမှာ လက်ဖက်ရည်ဖိုး၊ ဝယ်ယူစုဆောင်းထားသောစာအုပ်ဖိုး၊ ဂျာနယ်ဖိုးများအတွက် သုံးစွဲရန်သာရှိပေသည်။

ဦးသန်းမြင့်သည် ကျွန်ုပ်ရောက်ရှိလာသည်နှင့် ဝမ်းသာအားရဆီးကြိုလေသည်။ ကျွန်ုပ်၏အဝတ်အစားများထည့်ထားသည့် ခရီးဆောင်လက်ဆွဲအိတ်ကို နေရာချနေမိစဉ်မှာပင် ၎င်းတို့အိမ်ဧည့်ခန်းအတွင်း၌ စုပုံပြည့်နှက်နေသော အခြားခရီးဆောင်ဟမ်းဘက်အိတ်များရှိနေသည်ကို ကျွန်ုပ်သတိပြုမိလိုက်၏။

"လာဟေ့ စာရေးဆရာ၊ ငါတို့ လက်ဖက်ရည်ဆိုင်သွားကြမယ်"

ဦးသန်းမြင့်က သူ့ထုံးစံအတိုင်း လောလိုက်သဖြင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ အလှမ်းမကွာဝေးလှသော လက်ဖက်ရည်ဆိုင်သို့ လိုက်ပါခဲ့ရလေသည်။ အင်းစိန်သို့ရောက်တိုင်း ကျွန်ုပ်တို့အတူထိုင်နေကျ လက်ဖက်ရည်ဆိုင်ပင် ဖြစ်သည်။ ထိုဆိုင်တွင် အတူထိုင်ရင်း စာကြောင်းပေကြောင်းများ လေကန်ကြရင်း ကျွန်ုပ်တို့နှစ်ဦးမှာ အချိန်ဖြုန်းလေ့ရှိကြစမြဲပင်။

"ဘယ်လိုလဲ ကိုယ့်လူ၊ ပျောက်ချက်သား အတော်ကောင်းနေပါလား။ အခုတစ်ခေါက်ကော ကိစ္စအထူးများပါသေးသလား"

လက်ဖက်ရည်နှင့်မုန့်များမှာကြားပြီးသည်နှင့် ဦးသန်းမြင့်က မေးသည်။

"အထူးကိစ္စရယ်လို့မပါပါဘူးဗျာ။ မရောက်တာကြာနေတာနဲ့ တစ်ခေါက်တစ်ကျင်းတော့သွားချေဦးမှပဲလို့ စိတ်ကူးပေါ်လာတာနဲ့ ထွက်လာခဲ့မိတာပါပဲ။ ထုံးစံအတိုင်း မဂ္ဂဇင်းတိုက်တွေကိုတော့ စုံအောင်သွားဦးမှာပေါ့လေ။ မိတ်ဆွေစာရေးဆရာတွေ၊ အယ်ဒီတာတွေနဲ့လည်း မတွေ့ရတာကြာပြီ မဟုတ်လား။ တချို့ မိတ်ဆွေစာရေးဆရာတွေလည်း သေသူတွေသေကုန်ကြပြီဗျ။ သတင်းစာထဲက နာရေးကြော်ငြာထဲဖတ်ရမှသိရတာလေ"

"ကောင်းတယ် ကိုယ့်လူ၊ အဲလို ဆင်းချလာမှပဲရောက်မှပဲ"

"ဆင်းချလာလို့ ရောက်လာတာတော့ဟုတ်ပါပြီ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလိုတော့ဖြစ်ကုန်တော့မယ်ထင်တယ်။ ကျုပ်ဦးသန်းမြင့်ကိုမေးစရာရှိတယ်ဗျ"

ကျွန်ုပ်ကပြောလိုက်လျှင် ဦးသန်းမြင့်က လက်ဖက်ရည်ကို တစ်ကျိုက်ငုံသောက်လိုက်ပြီးနောက် -

"မေးစမ်းပါဗျာ၊ ဘာများမေးစရာရှိနေလို့လဲ"

"တခြားမဟုတ်ဘူး၊ အခုခင်ဗျားတို့အိမ်မှာ ကျုပ်မရောက်ခင်ကတည်းက ကြိုတင်ရောက်နေနှင့်တဲ့ တခြားဧည့်သည်ဆောင်သည်တွေများ ရှိနေကြသလားဆိုတာပဲ။ ဧည့်ခန်းထဲမှာ တခြားခရီးဆောင်ဟမ်းဘက်အိတ်တွေမနည်းမနောမြင်ခဲ့မိလို့ဗျ"

သည်တော့မှ ဦးသန်းမြင့်သည် ဟိုက်ခနဲမြည်တမ်းကာ သူ့နဖူးသူ လက်ဝါးနှင့်ရိုက်လိုက်လေသည်။

"ဟာ - ဟုတ်သားပဲ။ အဲဒါကို အမှတ်တမဲ့နဲ့မေ့နေတယ်။ မေ့နေ... ဧည့်သည်တွေက မနက်လင်းကတည်းက ဘုရားတွေလည်ဖူးကြဖို့ ထွက်သွားကြတာကိုး။ ဟုတ်တယ် ကိုယ့်လူရေ ကိုယ့်အမေဘက်ကတော်စပ်တဲ့ ကိုယ့်အဒေါ်ကြီးတွေပဲ။ မိသားစုလိုက် ဘုရားဖူးလာကြတာ စုစုပေါင်း ခုနစ်ယော... တောင်ပဲ"

"တိုင်း - ဒါဆိုရင် ကျုပ်သဘော ပေါက်ပြီ။ ခင်ဗျားတို့အိမ်က ကျဉ်းကျဉ်း ကလေး၊ လာလိုက်တဲ့ဧည့်သည်တွေက တစ်ပြုံကြီးတိုက်ဆိုင်နေတော့ ညဘက်မှာ အိပ်ရာနေရာ အခက်အခဲရှိတော့မှာ သေချာတယ်"

"ဒါလည်းဟုတ်တာပဲ၊ ကိုယ့်အိမ်... ခန်းကျဉ်းတော့ အိမ်ရှိလူခံနဲ့လာတဲ့ ဧ... သည်တွေမှာ တစ်ပြုံကြီး တစ်စု...



www.burmeseclassic.com

www.burmeseclassic.com

အိပ်ကြရတာ။ မောင်ရင်လာတဲ့အချိန်နဲ့ အိမ်မှာ ဧည့်သည်တွေစုရောက်ချိန်နဲ့ တည့်တည့်တိုးနေတော့တာပါကလား"

"ဒီအတွက် စိတ်မရှုပ်ပါနဲ့လေ၊ ကျုပ်ကလည်း ဧည့်ခန်းထဲမှာစုပုံထားတဲ့ ဟမ်းဘက်အိတ်တွေ အများကြီးမြင်ကတည်းက သတိပြုမိပြီးသားပါ။ ကိစ္စမရှိဘူး၊ ကျုပ် ဒီအနီးတစ်ဝိုက်မှာ နီးစပ်ရာတည်းခိုခန်းတစ်ခုခုကိုလစ်ရမှာပေါ့ဗျာ"

ကျွန်ုပ်က ကျွန်ုပ်၏အကြံအစည်ကိုပြောပြလိုက်လေသည်။

ဦးသန်းမြင့်သည် ကျွန်ုပ်ကိုလွန်စွာအားနာသော မျက်နှာထားဖြင့် အကြံအိုက်သွားသလို ခေါင်းကုတ်၍မေးလေသည်။

"နေပါဦး၊ မောင်ရင်က ဘယ်နှရက်လောက်နေမယ်စိတ်ကူးသလဲ"

"ဟလူရဲ့၊ ရောက်မှတော့ တစ်ပတ်၊ ဆယ်ရက်လောက်တော့နေရဦးမှာပေါ့ ဗျ။ မိုင်(၄၀၀)ကျော်ခရီးကလာခဲ့ရတာ၊ ခုရောက် ခုပြန်ဆိုရင် လာရကျိုးဘယ်နပ်တော့မလဲ"

"နေစမ်းဦး၊ တို့မြို့နယ်ထဲက တည်းခိုခန်းတွေက ဈေးအချိုဆုံးတည်းခိုခန်းတောင်မှ တစ်ယောက်အိပ်ခန်းကို တစ်ည ကျပ်သုံးထောင်လောက်တော့ ပေးရတယ်ထင်တယ်ဟ။ ဆယ်ရက်ဆိုရင် သုံးသောင်းပဲ။ ညကလေးအိပ်ရုံ၊ ကျောက်လေးခင်းရရုံနဲ့ ငွေသုံးသောင်းလောင်ကုန်ရမှာ နှမြောစရာကြီးကွာ။ စားရမသောက်ရနဲ့ ကုန်မယ့်ငွေကွ။ ကိုယ့်ဆီလာတုန်း ကိုယ့်တာဝန်ပဲပေါ့။ နေဦး၊ ငါတစ်နည်းနည်းကြံဦးမယ်"

ဦးသန်းမြင့်သည် အတန်ကြာအောင်စဉ်းစား၍ အကြံထုတ်နေလေသည်။ ညအိပ်ရမည့်အရေးမှာ ယနေ့ညပင် စတင်ရင်ဆိုင်ရမည့်ကိစ္စဖြစ်သဖြင့် အချိန်ဖင့်နှေးနေ၍မဖြစ်။ ယခု နေ့ခင်းပိုင်းကတည်းက ထိုပြဿနာကို ဖြေရှင်းထားနိုင်မှ အဆင်ပြေနိုင်ပေမည်။ ကျွန်ုပ်မှာ ၎င်းတို့အိမ်မှာ အမြဲနေထိုင်တည်းခိုလေ့ရှိသူဖြစ်၍ ၎င်းတို့အိမ်၏ ကျဉ်းကြပ်မှုကို ကြိုတင်သိထားပြီး ဖြစ်လေသည်။ ထို့ကြောင့် ညပိုင်းတွင် အိပ်ရာနေရာအခက်အခဲကြုံရမည်ကို သိပြီးဖြစ်၍ အချိန်ရှိခိုက်ကတည်းက ထိုပြဿနာအတွက် အဖြေရှာထားရန်စဉ်းစားရခြင်းဖြစ်တော့သည်။

"ဟ - ငါအကြံရပြီကွ၊ အဲဒီကိစ္စအတွက် စိတ်မပူနဲ့တော့။ မောင်ရင့်လိုအေးအေး တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နေလေ အလုပ်လုပ်လို့ အဆင်ပြေလေဆိုတဲ့ ကလောင်သမား တစ်ယောက်အနေနဲ့ တည်းခိုနေထိုင်ဖို့ အသင့်တော်ဆုံးတစ်နေရာကို ငါစဉ်းစားမိပြီ"

ဆယ်မိနစ်ခန့်ကြာတော့မှ ဦးသန်းမြင့်မှာ အကြံဉာဏ်ပေါ်လာပြီး ယခုမှ ထွက်ပေါက်ရ အသက်ရှူချောင်သွားသလိုမျက်နှာထားနှင့် ဝမ်းသာအားရပြောလေသည်။

"လုပ်စမ်းပါဦးဗျာ၊ ဘယ်လိုများစဉ်းစားမိလို့လဲ"

"ဟ-ဝေးဝေးနေရာမဟုတ်ဘူးကွ၊ ငါတို့အိမ်နဲ့တစ်လမ်းပဲခြားတယ်။ ငါးမိနစ်လောက်လျှောက်ရင်ရောက်ကရော။ အဲဒါက ငါအလုပ်လုပ်ခဲ့တဲ့ကျောင်းပဲ။ ကျောင်းအုပ်ဆရာမကြီးမိသားစုကလည်း အဲဒီကျောင်းဝင်းထဲက အိမ်ကလေးမှာ နေကြတယ်။အခုရက်တွေဟာ ဒီဇင်ဘာကျောင်းဆယ်ရက်ပိတ်ထားတဲ့ရက်ဆိုတော့ ကျောင်းသူကျောင်းသားတွေ မလာကြဘူးလေ။ ကျောင်းက ရေ၊ မီး၊ အပြည့်အစုံရှိတယ်။ အုတ်တစ်ထပ်လှာချင်းထပ်ဆောက်ထားတာမို့ အဆောက်အအုံကလည်း လုံခြုံတယ်။ ပြီးတော့ လူရှင်းတယ်။ အဲဒီက စာသင်ခန်းလွတ်တစ်ခန်းမှာ မင်းကို နေရာချထားပေးရုံပဲ။ ဆရာမကြီးကို ငါလိုက်ပြောပေးမယ်။ ကျောင်းပြန်မဖွင့်ခင်အချိန်ထိဖြင့် မင်းတစ်ယောက်တည်းနေပါလေကွာ။စာရေးချင်ရင်လည်း အဆင်ပြေပေါ့၊ စာရေးခုံတွေ အဆင်သင့်ပဲ"

"ခင်ဗျားရဲ့ ကျောင်းအုပ်ဆရာမကြီးက ပြောလို့လက်ခံနိုင်ရင်တော့ ကောင်းသားပဲ"

"ခက်ပါဘူးကွာ၊ နှစ်ပေါင်း (၂၀) ကျော် လက်တွဲအလုပ်လုပ်လာခဲ့ကြတဲ့ မိတ်ရင်းဆွေရင်းတွေပါကွ။ ငါပြောလို့ လက်မခံနိုင်မရှိပါဘူး။ ပြောနေတာကြာသေးတယ်။ ဒီကွ-လက်ဖက်ရည်ဆိုင်က အပြန်မှာပဲ တစ်ခါတည်းဝင်တွေ့သွားကြရအောင်။ နယ်ကလာတဲ့ ငါ့ဘော်ဒါ အရင်းအချာကို ငါကိုယ်တိုင် အာမခံပြီး လာဓိတ္တာပဲဟာ။ စိတ်သာချ၊ ဆရာမကြီးက ဝမ်းမြောက်ဝမ်းသာလက်ခံကူညီပေးပါလိမ့်မယ်။ သူတို့မိသားစုအိမ်မှာ ဝင်တည်းခိုအိပ်စက်မှာမှမဟုတ်ဘဲကွာ၊ ကျောင်းပိတ်ရက်မှာ လွတ်နေတဲ့စာသင်ခန်းတစ်ခန်းခန်းထဲမှာ နေထိုင်တည်းခိုမှာပဲဟာ။ ခွင့်မပြုနိုင်စရာမရှိပါဘူးကွ ဟား ဟား ဟား"

ဦးသန်းမြင့်မှာ သူ့အကြံအစည်အတွက် သူဟာသူအတော်သဘောကျနေပုံရသည်။ ဒီဇင်ဘာကျောင်းဆယ်ရက်ပိတ်သည်မှာ ကျွန်ုပ်ရောက်သည့်နေ့တွင်မှ (၂) ရက်မြောက်သာရှိသေးသည်ဖြစ်ရာ ကျွန်ုပ်မှာ ကျောင်းဖွင့်မည့်နေ့ရက်မတိုင်မီအထိဆိုလျှင် (၉) ရက်တိတိ နေထိုင်တည်းခိုခွင့်ရရှိနိုင်မည် ဖြစ်ပေသည်။

ကျွန်ုပ်တို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်မှ ပြန်ထွက်လာခဲ့ကြချိန်တွင် တစ်ဆက်တည်းပင် ထိုကျောင်းအုပ်ဆရာမကြီးထံသို့ ဝင်ရောက်ခဲ့ကြလေသည်။ ဦးသန်းမြင့်က ကျွန်ုပ်နှင့် ဆရာမကြီးမိသားစုအား မိတ်ဆက်ပေးပြီးနောက် လာရင်းကိစ္စကို ဖွင့်ဟပြောကြားအကူအညီတောင်းခံလေ၏။ ကျွန်ုပ်အဖို့ကံကောင်းခြင်းတစ်ချက်မှာ ဦးသန်းမြင့်နှင့်ဆရာမကြီးတို့မိသားစုမှာ အလွန်ခင်မင်ရင်းနှီးကြသော လူရင်းလူခံတွေဖြစ်နေကြရုံမျှသာမက ဆရာမကြီးတို့မိသားစုဝင်များမှာ စာဖတ်သမားများဖြစ်နေကြ၍ ကျွန်ုပ်၏စာများကို သိရှိနေနှင့်ကြပြီးသူများဖြစ်နေခြင်းပင် ဖြစ်သည်။ ၎င်းတို့၏ ကိုယ်ပိုင်စာအုပ်စင်တွင် ကျွန်ုပ်၏ဝတ္ထု၊ ဆောင်းပါးများပါဝင်သော မဂ္ဂဇင်းစာအုပ်အချို့နှင့်အတူ စိတ်ကူးချိုချိုစာအုပ်တိုက်နှင့် ကံ့ကော်ဝတ်ရည်စာပေတိုက်မှထုတ်ဝေခဲ့သော ကျွန်ုပ်၏ဝတ္ထုတိုပေါင်းချုပ်စာအုပ် (၂) အုပ်ပင်ရှိနေကြကြောင်း ဝမ်းမြောက်ဝမ်းသာ ဆွဲထုတ်ရှာဖွေ၍ပြကြပါပေသည်။ ကျွန်ုပ်နှင့်ဦးသန်းမြင့်တို့ ခင်မင်ကြကြောင်းကိုသာ ယခုမှသိကြရခြင်းဖြစ်သည်ဟုဆို၏။

"ဟာ ဦးသန်းမြင့်ကိုယ်တိုင် အာမဘန္တေခံပြီးလိုက်ပို့လာမှတော့ ကူညီရမှာပေါ့။ ရပါတယ် ဆရာ၊ စာသင်ခန်းတစ်ခန်းပေးထားမယ်။ အခန်းသော့လည်း ဆရာ့လက်ထဲထည့်ပေးထားမယ်။ ဆရာမြို့ထဲသွားမယ်ဆိုရင်တော့ အခန်းသော့ကိုယ့်ဟာကိုယ်ပိတ်သွားပေါ့။ ကျောင်းမဖွင့်ခင် တစ်ပတ်ရှစ်ရက်တော့ ဘယ်သူမှ မရှိဘူးဆရာ။ ဆရာတစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ်ပဲနေလို့ရပါတယ်။ အိမ်သာတို့၊ ချိုးရေကန်တို့လည်း အသင့်ပါပဲ။ ဆရာသုံးလို့ အဆင်ပြေပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာမကြီးရယ်။ ကျွန်တော်လည်း ကျွန်တော့်လူဆိုကို မနက်တစ်ခေါက်၊ ညတစ်ခေါက် လက်ဖက်ရည်သောက်ရင်း စကားပြောဖို့



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်လာမှာပါ။ ကျောင်းနဲ့ကျွန်တော့် အိမ်ကလည်း ဝေးတာမှမဟုတ်ဘဲ။ နေ့လယ်ကျမှပဲ ကျွန်တော့်လူအတွက် စောင်၊ ခြင်ထောင်၊ သင်ဖြူး၊ ခေါင်းအုံး၊ အိပ်ရာအတွက် လိုအပ်တာတွေ ကျွန်တော့်အိမ်က သယ်လာခဲ့မယ်လေ”

ဦးသန်းမြင့်က ကျေးဇူးတင်စကား ပြော၏။ ဆရာမကြီးမှာ အထူးပင် ဖော်ရွေလှသူ ဖြစ်ပေသည်။ ကျွန်ုပ်၏ အခက်အခဲကို လိုက်လှဲနွေးထွေးစွာပင် ကူညီမှုပြုပေသည်။ ထို့ကြောင့် ထိုနေ့ နေ့ခင်းပိုင်းမှာပင် ကျွန်ုပ်လည်း နေထိုင်တည်းခိုခွင့်ရသည့် ကျောင်းဆောင်သို့ ပြောင်းရွှေ့ခဲ့ရလေသည်။

ကျွန်ုပ်အတွက် ရရှိသော စာသင်ခန်းမှာ အတော်ပင်ကျယ်ဝန်းပြီး လုံခြုံလှ၏။ လျှပ်စစ်မီးကလည်း လေးပေမီးချောင်းနှစ်ချောင်းပင်ဖြစ်နေ၍ ထိန်ထိန်လင်းနေသည်။ ကျွန်ုပ်နှင့်ဦးသန်းမြင့်တို့သည် ကျောင်းသားများထိုင်သည့် ထိုင်ခုံတန်းလျားများကို ဘန်းစီဆက်စပ်လိုက်ကြသည်နှင့် နှစ်ယောက်အိပ်ခုတင်တစ်လုံးစာမျှကျယ်ဝန်းသော အိပ်ရာကိုရရှိလေသည်။ ပြီးနောက် ထိုအပေါ်၌ သင်ဖြူးခင်း၊ စောင်၊ ခေါင်းအုံးများနေရာချ၊ ခြင်ထောင်ထောင်၊ ညဘက်တွင် ကျွန်ုပ်စာရေးလိုကရေးနိုင်ရန် စားပွဲအလို့ငှာ စာရေးခုံ၊ ထိုင်ခုံများ ပြင်ဆင်ဖြင့် တက်ညီလက်ညီ လှုပ်ရှားလိုက်ကြရာ ညနေမစောင်းသေးခင်မှာပင် ကျွန်ုပ်အတွက် တည်းခိုခန်းမှအိပ်ခန်းများထက် ပိုမိုကျယ်ဝန်းသေသပ်သောကွန်းခိုရာနေရာကို ရရှိခဲ့လေတော့သည်။ မိတ်ကောင်းဆွေကောင်းတို့၏ ကူညီစောင်မကြည့်ရှုမှုသည် တန်ဖိုးဖြတ်၍မရနိုင်အောင်ပင် ကျေးဇူးများလှပါပေသည်တကား။

(၃)

ကျွန်ုပ်သည် စိတ်အေးချမ်းသာစွာဖြင့် ထိုကျောင်းမှာပင် နေထိုင်တည်းခိုခဲ့လေသည်။ ကျွန်ုပ်မိတ်ဆွေကြီး ဦးသန်းမြင့်၏အိမ်နှင့်လည်း (၅) မိနစ်ခန့် လမ်းလျှောက်လျှင်ရောက်တော့သည်ဖြစ်ရာ ထိုကျောင်းဆောင်သည် ကျွန်ုပ်တည်းခိုရန်အတွက် ပတိရူပကျလှသည်ဟု ဆိုရတော့မည် ဖြစ်သည်။ ဆရာမကြီးတို့မိသားစုနှင့် ကျွန်ုပ်မှာလည်း ရက်ပိုင်းအတွင်းမှာပင် ခင်မင်ရင်းနှီးသွားကြတော့၏။

ဦးသန်းမြင့်သည် မိုးလင်းသည်နှင့် တစ်ခေါက်၊ ညဦးပိုင်းတွင်တစ်ခေါက် နေ့စဉ်ရောက်ရှိလာကာ ကျွန်ုပ်နှင့်လက်ဖက်ရည်ဆိုင်အတူထိုင်၍ စကားကောင်းလေ့ရှိသည်။ ကျွန်ုပ်မှာ စာရေးသောက်ရေးနှင့်ပတ်သက်၍ ဆရာမကြီးတို့မိသားစုအား ဒုက္ခမပေး။ ရန်ကုန်မြို့ထဲမှာပင် စား၏။ မြို့ထဲသို့မထွက်သည့်နေ့လည်း မရှိပေရာ ကျွန်ုပ်မှာ အချိန်ကျလျှင် ကြုံရာဆိုင်မှာပင် စားသောက်လိုက်သဖြင့် ၎င်းတို့က ကျွေးမွေးဧည့်ခံလိုလျှင်ပင် လူကိုဖမ်းမမိနိုင်သောကြောင့် လက်လျှော့ကြရမည့်အနေအထားဖြစ်ပေသည်။

ကျွန်ုပ်မှာလည်း နံနက် လက်ဖက်ရည်သောက်ပြီး ဦးသန်းမြင့်နှင့်လမ်းခွဲပြီးသည်နှင့် ရေချိုး၍ မြို့ထဲသို့ထွက်တော့၏။ မဂ္ဂဇင်းတိုက်များသို့ ဝင်ထွက်သွားလာခြင်း၊ စာမူပေးခြင်း၊ စာမူခထုတ်ခြင်း၊ နံနက်ပိုင်းတွင် ကုန်သည်လမ်းမှ လေအန်ကုန်း၊ ညနေပိုင်းတွင် (၃၃)လမ်းမှ လေထန်ကုန်းလက်ဖက်ရည်ဆိုင်များ၌ ရေးဖော်စာပေရောင်းရင်းများဖြစ်ကြသည့် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာများနှင့်ထိုင်၍ လေကန်ခြင်း၊ ညဘက် အင်းစိန်သို့ ပြန်ရောက်လျှင် ဦးသန်းမြင့်နှင့်အတူ ကျောင်းအနီးလက်ဖက်ရည်ဆိုင်၌ ဘစ်နေ့တာအတွေ့အကြုံများ၊ ကျွန်ုပ်တို့နှစ်ဦး၏ ရှေးဟောင်းနှောင်းဖြစ်များကို ထွေရာလေးပါး စကားပြောကြခြင်း စသည်တို့ဖြင့် ဂျင်ခြေလည်နေပေရာ ညအိပ်သည်ဆိုရုံမျှသာဖြစ်နေပေတော့သည်။

“နေရထိုင်ရတာ အဆင်ပြေရဲ့လား ဆရာ”

ဟု ဆရာမကြီးတို့မိသားစုကလည်း ဂရုတစိုက် မေးမြန်းဖော်ရကြပါပေသည်။ ကျွန်ုပ်လည်း အဆင်ပြေပါကြောင်း အမြဲပြန်ပြောပြရလေသည်။

သည်လိုနှင့် ကျွန်ုပ်နေထိုင်လာခဲ့ရာ (၅) ရက်မြောက်သောတစ်ညတွင် ထုံးစံအတိုင်း စာဖတ်ပြီး ည(၁၀)နာရီ၊ (၁၁) နာရီတွင် အိပ်ရာဝင်လေ့ရှိသည့်အတိုင်း အိပ်ရာသို့မဝင်ခဲ့ဘဲ စာရေးရန်ရှိသဖြင့် ည၌နက်သန်းခေါင်ကျော်သည်အထိ စားပွဲထိုင်ခဲ့လေသည်။ မြို့ထဲမှ လက်ဆောင်ရရှိခဲ့သော မဂ္ဂဇင်းအသစ်များကိုပင် မဖတ်နိုင်သေး။ စာရေးရန်ရှောင်တခင်ကိစ္စပေါ်လာပုံကား ဤသို့တည်း။

ထိုနေ့က မြို့ထဲရောက်သည်တွင် ကျွန်ုပ် ပင်တိုင် တာဝန်ယူရေးသားပေးနေသောမဂ္ဂဇင်းများထဲမှ ဟာသမဂ္ဂဇင်းတစ်စောင်နှင့် ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်တို့ထုတ်ဝေရာတိုက်များသို့ရောက်ရှိခဲ့လေသည်။ ဤတွင် ဟာသမဂ္ဂဇင်း၏တာဝန်ခံအယ်ဒီတာက ထည့်သွင်း ဖော်ပြစရာ ကျွန်ုပ်ပေးပို့ထားသောစာမူများပြတ်လပ်တော့မည်။ စာစီရန်စာမူအသစ်လိုအပ်နေပြီဖြစ်ကြောင်း ဆီးကြိုပြောကြားလေတော့သည်။ နောက်ထပ် မဂ္ဂဇင်းတိုက်တွင်လည်း အလားတူပင် ကြုံရပြန်လေ၏။

မဂ္ဂဇင်းတို့၏လုပ်ငန်းသဘာဝမှာ မည်သည့်မဂ္ဂဇင်းပင်ဖြစ်စေ ပင်တိုင်တာဝန်ယူရေးသော စာရေးဆရာသည် ကွန်ပျူတာစာစီရန်၊ သရုပ်ဖော်ပန်းချီပုံအပ်နှံရန်အတွက် အနည်းဆုံး နှစ်လသုံးလစာစာမူကြိုတင်ပေးထားမှ အဆင်ပြေလေ့ရှိသည်။သက်ဆိုင်ရာအယ်ဒီတာများအဖို့လည်း သို့မှသာ လစဉ်မပြတ်စဉ်တိုက်ဆက်တိုက် ဖော်ပြပေးနိုင်ရန် စီစဉ်ဖို့ ကြိုတင်ပြင်ဆင်ကြရသည် ဖြစ်၏။ စာမူအလျဉ်ပြတ်သွားလျှင် လစဉ်ဆက်တိုက်ဖော်ပြပေးရန်မှာ မဖြစ်နိုင်တော့ပေ။

“မထူးပါဘူးကိုယ့်လူရယ်၊ ရန်ကုန်ရောက်တုန်း လေး၊ ငါးလစာတစ်ဖြတ်ဖြတ်ပေးထားခဲ့ပါ၊ ဒါမှစိတ်အေးရမယ်။ အဲဒီအတွက် စာမူခတွေလည်း ကြုံတုန်းတစ်ခါတည်း ကြိုထုတ်ယူသွားပေတော့ စာအုပ်တော့ထွက်မှာပဲ လစဉ် စာတိုက်ကပို့ပေးလိုက်တော့မယ်။ လောလောဆယ် ချက်ချင်းကြီးတော့ နယ်ကိုမပြန်သေးဘူး မဟုတ်လား”

ခင်မင်ရင်းနှီးပြီးဖြစ်နေသောအယ်ဒီတာက တစ်ဆက်တည်းစာမူများရေးပေးထားခဲ့ရန်တောင်းခံလေတော့ရာ -

“အေးဗျာ၊ ဒီလိုဆိုတော့လည်း နောက်နှစ်ရက်၊ သုံးရက်ရှိမှပဲလာပို့ပေးမယ်။ ဒီနေ့ညနဲ့ နက်ဖြန်တစ်ရက်တော့ မြို့ထဲထွက်မလာတော့ဘဲ ထိုင်ရေးလိုက်မယ်”

ဟု ပြန်ပြောမိလေ၏။

သည်တော့ ၎င်းက ရယ်လိုက်ပြီး-

“မနက်ဖြန် မြို့ထဲထွက်လာတော့လည်း ဘာထူးမှာလဲ ကိုယ့်လူရဲ့။ မနက်ဖြန်က ဆန်းဖေးလေ။ မဂ္ဂဇင်းတိုက်တွေ အကုန်ပိတ်သဗျ၊ တနင်္ဂနွေနေ့ကြီး ဘယ်စာရေးဆရာမှလည်း မြို့ထဲထွက်လာကြမှာ မဟုတ်ဘူး။ ကိုယ့်လူမြို့ထဲ လာလည်း အချိန်ကုန်လူပန်း စရိတ်... ပြီး တစ်ယောက်တည်း ကြေ...



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြေးရမှာပဲရှိတယ်"

"ဟာ-ဟုတ်သားပဲ၊ ကိုင်း-ဒါဆိုရင်တော့ သေချာပြီ၊ ဒီကနေ့ညရော မနက်ဖြန်တစ်နေ့လုံးနဲ့ညဘက်ရော စာမူတွေထိုင်ရေးနေရုံပဲ။ တနင်္လာနေ့ကျရင် ဆရာသမားအတွက် စာမူတွေလာပို့မယ် ဟုတ်ပြီလား"

"အိုကေဗျာ အိုကေ၊ ဆီးယူ မန်းဒေးပေါ့ဗျာ"

ကျွန်ုပ်မှာ နှုတ်ကတိပြုခဲ့မိပြီးဖြစ်ရာ ထိုညမှာပင်စတင်၍စားပွဲထိုင်ရလေတော့သည်။ ည(၉)နာရီခန့်တွင် ဦးသန်းမြင့်နှင့် စကားစေ့စေ့ဖြတ်ကာ လက်ဖက်ရည်ဆိုင်မှ ထပြန်ခဲ့ရ၏။ ကျွန်ုပ်စာရေးရန်ရှိသည်ဖြစ်၍ ဦးသန်းမြင့်ကလည်း ခပ်စောစောပင် လမ်းခွဲပေးကာ အိမ်ပြန်သွားလေသည်။

သည်လိုနှင့် ည(၉)နာရီခွဲခန့်တွင် ကျွန်ုပ်စားပွဲထိုင်၏။ ကျွန်ုပ်၏အခန်းမှာ လုံခြုံလှသည်။ ပတ်လည်မှတံခါးများနှင့် အဝင်အထွက်တံခါးမကြီးနှစ်ချပ်တို့ကို အသေအချာချက်ချ၍ပိတ်လိုက်ပြီးသည်နှင့် ပြင်ပပတ်ဝန်းကျင်နှင့် အဆက်အသွယ်ဖြတ်ပြီးဖြစ်လေတော့သည်။ ကျွန်ုပ်လည်း စားပွဲအောက်ခြေပတ်လည်၌ ခြင်ဆေးခွေသုံး၊ လေးခွေကို တစ်ပြိုင်နက်တည်းထွန်းညှိပြီးသည်နှင့် မဂ္ဂဇင်းသို့ပေးရန် ပင်တိုင်ကဏ္ဍစာမူများကို ရေးသားလေတော့သည်။ စာမူ (၂) ပုဒ် ပြီးသွားသောအခါတွင် နာရီကိုကြည့်သော် ည၌ နာရီပြန် (၂) ချက်ထိုးလေပြီ။ ကျွန်ုပ်လည်း အတော်ညောင်းညာသွားပြီဖြစ်၍ စာမူ(၂)ပုဒ်မျှနှင့် အာသာဖြတ်ကာ အိပ်ရာဝင်ဖို့ ဆုံးဖြတ်လိုက်၏။

စားပွဲမှထ၍ အိပ်ရာဆီသို့အကူးတွင် အပြင်ဘက်ကော်ရစ်ဒါဆီမှ တစ်စုံတစ်ယောက် ဖြတ်လျှောက်သွားသလို ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရ၏။ ခန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်၍ ထိုခြေသံအတွက် ကျွန်ုပ်မှာ အံ့အားသင့်မိသေးသည်။ သို့သော် တစ်စုံတစ်ယောက် အပေါ့အပါးထသွားတာပဲဖြစ်မည်ဟုသာ တွေးလိုက်မိ၏။ အခန်းပတ်ချာလည်ပြတင်းတံခါးများနှင့် အဝင်အထွက်တံခါးမကြီးနှစ်ခုတို့၏ အပေါ်အောက်ချက်များကို တစ်ပတ်ပတ်၍ အသေအချာ စစ်ဆေးလိုက်ပြီးနောက် ကျွန်ုပ်အိပ်ရာပေါ် ရောက်တော့၏။

မအိပ်မီလေ့မိ၌ အိပ်ရာခေါင်းရင်းဘက်သို့ဦးတည်၍ စိတ်အမှတ်ဖြင့် ရှိခိုးခန်တော့လိုက်ပြီး ဘုရားဂုဏ်တော်ကိုးပါးနှင့် သရဏဂုံတို့ကို ရွတ်ဆိုပူဇော်ပြီးမှ အိပ်ဖို့ပြင်သည်။ တစ်ကိုယ်လုံးညောင်းညာတောင့်တင်းနေသည်ဖြစ်၍ ကျွန်ုပ်မှာ အိပ်ရာပေါ် ပက်လက်ခြေဆန့်၍ လဲလျောင်းလိုက်ရသည်နှင့်ပင် အတော်သက်သောင့်သက်သာရှိလှပေ၏။ဘာမှမကြာလိုက်ခင်မှာပင် ကျွန်ုပ်အိပ်ပျော်သွားတော့သည်။ အခန်းမျက်နှာကြက်မှ လေးပေမီးချောင်းကြီးနှစ်ချောင်းမှာ လင်းထိန်လျက်။ညအခါတွင် မီးမပိတ်ဘဲ အိပ်တတ်လျှင် အိပ်နိုင်ကြောင်း ဆရာမကြီးကခွင့်ပြုထားသဖြင့် မည်သည့်မီးကိုမျှမပိတ်ခဲ့။ ကျွန်ုပ်သည် မိမိအိမ်တွင်လည်း မီးချောင်းမပိတ်ဘဲအိပ်လေ့ရှိပြီး မီးမှောင်နေလျှင် မအိပ်တတ်သူဖြစ်လေသည်။

"ကိုယ့်လူရေ မထသေးဘူးလား။ ညက အတော်ညဉ့်နက်အောင်ထိုင်လိုက်တယ်နဲ့တူတယ်။ ထတော့ဟေ့၊ (Tea)တီးသွားဆွဲဖို့တောင် နည်းနည်းနောက်ကျနေပြီ"

အခန်းတံခါးခေါက်သံ တဒေါက်ဒေါက်နှင့်အတူ ဦးသန်းမြင့်၏ ကျယ်လောင်သောအသံကြီးကိုကြားလာတော့မှ ကျွန်ုပ်အိပ်ရာမှလန့်နိုးလေတော့၏။ နာရီကိုကြည့်သော် နံနက်ရှစ်နာရီပင်ထိုးပေတော့မည်ကို တွေ့ရ၏။ သည်တော့မှ ကျွန်ုပ်အား လက်ဖက်ရည်ဆိုင်သွားကြဖို့ ဦးသန်းမြင့်လာနိုးနေခြင်း ဖြစ်ကြောင်း သတိဝင်လာကာ အိပ်ရာမှ လူးလဲထလိုက်ရ၏။

"နိုးပြီ ဦးသန်းမြင့်ရေ နိုးပါပြီ လာပြီ၊ လာပြီ"

ကျွန်ုပ်လည်း အသံပြန်ပေးလိုက်ရင်း အိပ်ရာပေါ်မှဆင်းကာ ပိတ်ထားသော အဝင်၊ အထွက်တံခါးမကြီးကို အပြေးသွားဖွင့်ပေးရ၏။ ပတ်ချာလည်ပြတင်းတံခါးများကိုပါ လိုက်ဖွင့်လိုက်သောအခါ နေရောင်ခြည်တို့ပါ တိုးဝင်လာ၍ တစ်ခန်းလုံး လင်းထိန်သွားတော့၏။ ဦးသန်းမြင့်လည်း အခန်းထဲဝင်လာကာ အိပ်ရာ၊ ခြင်ထောင်များကို ကူညီသိမ်းလေသည်။

"ကဲ - မျက်နှာသွားသစ်ပေတော့ကွာ။ လက်ဖက်ရည်ဆိုင်သွားကြမယ်"

"အိုကေဗျာ-ခဏလေးစောင့်။ ညက ညဉ့်နက်သွားလို့ ဒီနေ့စောစောမနိုးတာဗျ။ ခင်ဗျားလာနှိုးပေလို့သာပဲ"

ကျွန်ုပ်လည်း ဦးသန်းမြင့်အား ပြန်ပြောလိုက်ရင်း အခန်းအပြင်သို့ထွက်ရန် အိပ်ရာခုတင်ခြေရင်းမှ ဖိနပ်ကိုရှာ၏။ အဲဒီတော့မှ အံ့သြစရာကြုံရတော့သည်။ ကျွန်ုပ်၏ သားရေဖိနပ်တစ်ဖက်မှာ ပျောက်ခြင်းမလှပျောက်နေတော့၏။

"ခက်ကုန်တာပဲဗျာ၊ ကျုပ်သားရေဖိနပ်တစ်ဖက်ပျောက်နေတယ်ဗျ"

"ဟေ - သေသေချာချာရှာစမ်းပါဦးကွာ။ တစ်ဖက်တည်းကွက်ပျောက်ရတယ်လို့"

ဦးသန်းမြင့်လည်း ကျွန်ုပ်နှင့်အတူ အခန်းနေရာအနှံ့လိုက်ရှာ၏။ ဘယ်မှာမှမတွေ့။ ကြွက်တို့၊ ကြောင်တို့၊ ခွေးတို့လို သတ္တဝါတစ်ကောင်ကောင်က ဝင်ဆွဲသည်ဆိုရအောင်လည်း အခန်းသည် အလွန်လုံခြုံသောအခန်းဖြစ်၏။ အခင်းကလည်း မည်သည့်ကြွက်တွင်းမျှမရှိသော အုတ်ကွန်ကရစ်ခင်း ဖြစ်သည်။ အုတ်လွှာချင်းထပ်ထားသော နံရံလေးဖက်ကလည်း အောက်ခြေမှသည် အမိုးသွပ်ပြားများထိတိုင် အခိုင်အမာအလုံပိတ်ဖြစ်သည်။ အခန်းတံခါးများကိုလည်း ကျွန်ုပ်အိပ်ရာဝင်ခါနီး ထပ်မံ၍ တစ်ပတ်ပတ်ကာ စစ်ဆေးကြည့်ခဲ့မိသေးသည်ပင်။ ထို့ထက် ပိုသေချာသည်ကား ညက ကျွန်ုပ်အိပ်ရာဝင်ခါနီးတွင်မှ ထိုဖိနပ်နှစ်ဖက်စလုံးကိုခြေရင်းဘက်တွင်ချွတ်ခဲ့ခြင်းဖြစ်တော့သည်။

"အံ့သြစရာပဲဗျ၊ လူဝင်ယူတယ်ဆိုရင် တစ်ရန်လုံးစီးသွားမှာပေါ့။ ပြီးတော့ တခြားလည်း အဲဒီဖိနပ်ထက် တန်ကြေးရှိတဲ့ပစ္စည်းတွေရှိနေတာပဲ။စာရေးခုံပေါ်တင်ထားတဲ့ လက်ပတ်နာရီပဲကောက်သွားဦးတော့ဗျာ၊ သောင်းကျော်တန်နာရီဗျ။ ကျုပ်အဝတ်အစား၊ ဟမ်းဘက်အိတ်လည်းရှိတာပဲ။ ခြေရာလက်ရာမပျက်ဘူး။ အဲဒီဖိနပ်တစ်ဖက်တည်းပဲ ကွက်ပျောက်နေတာ တော်တော်ဆန်းနေပြီ။ တစ်ညလုံးပိတ်ထားခဲ့တဲ့တံခါးတွေလည်း အခု ခင်ဗျားလာအော်နှိုးမှ ကျုပ်ထဖွင့်ပေးရတာ။ ဟုတ်တော့မဟုတ်သေးဘူးထင်တယ်"

ကျွန်ုပ်နားမလည်နိုင်စွာပြောမိ၏။ ဦးသန်းမြင့်လည်း တစ်စုံတစ်ရာကို တွေးတောနေသောမျက်နှာထားနှင့်ရှိနေ၏။ အတော်ကြာအောင်စဉ်းစားနေပြီးမှ ၎င်းကမေး၏။

"ဒါထက် ညက မင်းဘယ်အချိန်မှ အိပ်ရာဝင်သလဲ"

"ညနာရီပြန် (၂)ချက်ထိုးပြီဗျ"

"အဲဒီအချိန်မှာ တခြားထူးထူးခြားခြားများ ဘာတွေတွေ့မိကြားမိသေးလဲ"

"ဘာမှမတွေ့မိဘူး။ မတွေ့ဆို ကျွန်



www.burmeseclassic.com

www.burmeseclassic.com

က အခန်းတံခါးတွေမှမဖွင့်ဘဲ။ အပေါ့အပါးထွက်သွားတာမျိုးလည်းမလုပ်ခဲ့ဘူး။ အဲ-သတိရပြီ၊ အိပ်ရာဝင်မယ်လုပ်တော့ အခန်းပြင်ဘက် ကော်ရစ်ဒါပေါ်ကဖြတ်ပြီး လမ်းလျှောက်သွားသလိုခြေသံတရှပ်ရှပ်ကိုတော့ ကြားလိုက်မိသလိုလိုပဲဗျ။ တစ်ယောက်ယောက် အပေါ့အပါးထသွားတာပဲထင်လို့ တံခါးဖွင့်မကြည့်မိဘူး"

"တစ်ယောက်ယောက် အပေါ့အပါးထသွားတယ်လို့ မောင်ရင်က ထင်နေပေမယ့် အဲဒါလည်းမဖြစ်နိုင်ဘူးကွ။ ဒီကျောင်းဝင်းထဲမှာ မောင်ရင်နဲ့ ဆရာမကြီးတို့မိသားစုပဲရှိတာ။ ပြီးတော့ ညနာရီပြန်နှစ်ချက်ထိုးသန်းခေါင်ကျော်အချိန်ကြီးလေ။ ဆရာမကြီးတို့အိမ်သားတွေထဲက တစ်ယောက်ယောက် အပေါ့အပါးထသွားမယ်ဆိုရင်တောင် သူတို့မိသားစုအတွက် သီးသန့်အိမ်သာရှိနေတာပဲ။ မောင်ရင့်အခန်းရှေ့ကော်ရစ်ဒါဘက်ကို လျှောက်လာပြီးမှ ဟိုးအဝေးကကျောင်းသားအများသုံးအိမ်သာအထိ တကူးတကဒုက္ခခံပြီးသွားစရာအကြောင်းမရှိနိုင်ဘူးလေ"

ဦးသန်းမြင့်ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ဆရာမကြီးတို့မိသားစုအတွက်မှာ သီးသန့်အိမ်သာကလေးရှိထားပြီးဖြစ်သည်။ ကျောင်းသူကျောင်းသားအများစုအတွက် အများသုံးအိမ်သာများမှာ (၃)ခန်းတွဲအုတ်နံရံကပ်အိမ်သာများဖြစ်ပြီး ကျား၊ မခွဲခြားထားပြီးသား တိုက်ခန်းရှည်တွဲကလေးများဖြစ်လျက် ကျောင်းဝင်းအစွန်ဘက် ခပ်ဝေးဝေးတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဆရာမကြီးတို့မိသားစုထဲမှတစ်ယောက်ယောက်သည် ညကြီးသန်းခေါင်တွင် ဟိုးခပ်ဝေးဝေးက အများသုံးအိမ်သာသို့ တကူးတကထသွားရန်မလိုပေ။

"ခင်ဗျားပြောတာလည်းဟုတ်တာပဲ။ ကျုပ်တော့ မတွေးတတ်အောင်ဖြစ်နေပြီဗျ"

"ကဲ - အခုလောလောဆယ် လက်ဖက်ရည်ဆိုင်ဘက်ထွက်ကြဖို့ဘယ်လိုလုပ်မလဲကွ။ မင်းက ခြေဖဝါးသက်သက်လျှောက်လိုက်ရမလိုဖြစ်နေပြီ"

ဦးသန်းမြင့်၏ စကားကြောင့် ကျွန်ုပ်ရယ်လိုက်မိသည်။

"ဘယ်တတ်နိုင်မလဲဗျ၊ ခြေဖဝါးချည်းလျှောက်လိုက်လာရုံပေါ့။ လမ်းကျမှ တွေ့တဲ့ဖိနပ်ဆိုင်တစ်ဆိုင်မှာ အသစ်တစ်ရန်ဝယ်စီးရတော့မှာပေါ့။ ဒီကိစ္စများ ခက်လွန်းလွန်းလို့"

"ကိုင်း - ဒါဖြင့်လည်း လာကွာ။ တစ်ဖက်တည်းကျန်နေမှတော့ နောက်အသစ်တစ်ရန်ဝယ်ရမှာက ကျိန်းသေနေပြီပဲဟာ။ သွားကြစို့၊ ဒီလမ်းအနီးနားတစ်ဝိုက်မှာ ဖိနပ်ဆိုင်တွေရှိပါတယ်"

ကျွန်ုပ်လည်း အခန်းတံခါးများကိုလိုက်ပိတ်ကာ သော့ခတ်ခဲ့ပြီး ခြေဖဝါးသက်သက်နှင့်ပင်ထွက်လိုက်လာခဲ့ရပေတော့သည်။ လမ်းကျမှ အသင့်တွေ့ရသောဖိနပ်ဆိုင်တစ်ဆိုင်မှ နောက်အသစ်တစ်ရန်ကိုဝယ်စီးရလေသည်။ လက်ဖက်ရည်ဆိုင်မှာထိုင်ကြသည့်တစ်ချိန်လုံး၌လည်း ဦးသန်းမြင့်မှာ ထိုကိစ္စအတွက် မကျေမနပ်ဖြင့် ပြောမဆုံးနိုင်အောင်ရှိလေတော့သည်။ ဆိုင်မှထ၍ပြန်လာကြချိန်၌ ဦးသန်းမြင့်ကပြော၏။

"နေဦးကွာ၊ ဒီကိစ္စကို ဆရာမကြီးကိုအသိပေးဦးမှဖြစ်မယ်"

"ဘာလို့ပြောနေမှာလဲဗျာ၊ အားနာစရာကြီး။ သူတို့လည်း ဘာတတ်နိုင်မှာမို့လဲ"

"ဟာ - မင်းမသိသေးပါဘူးကွာ၊ အသာနေစမ်းပါ"

သို့နှင့် ကျွန်ုပ်တို့သည် ကျောင်းဝင်းထဲ ပြန်ရောက်လာကြသောအခါ ကျွန်ုပ်နားခိုအိပ်စက်ရာ အခန်းဝန်းကျင်သို့ ဦးသန်းမြင့်က မကျေမချမ်းဖြင့် တစ်ပတ်ပတ်၍ ရှာပြန်သေး၏။ လုံးဝမတွေ့ကြပါ။ ကျွန်ုပ်၏အခန်းထဲမှာသာ ကျန်ရစ်သောဖိနပ်တစ်ဖက်ကို ငေါင်းစင်းစင်းတွေ့ရ၏။ ကျွန်ုပ်တို့နှစ်ယောက်၏လှုပ်လှုပ်ရွရွဖြစ်နေမှုကိုမြင်သောအခါ ဆရာမကြီးက လာမေးလေသည်။

"ဆရာတို့ ဘာပျောက်လို့လိုက်ရှာနေကြတာလဲ။ တစ်ခုခုကိုရှာနေကြသလားလို့"

"ဟုတ်တယ် ဆရာမကြီးရေ၊ ကျွန်တော့်လူ စာရေးဆရာရဲ့ဖိနပ်တစ်ဖက်ပျောက်သွားလို့ တွေ့နိုးနိုးလိုက်ရှာကြည့်တာပါ။ မတွေ့လည်း ကိစ္စတော့မရှိပါဘူး။ အသစ်တစ်ရန်ဝယ်လာခဲ့ပြီးပါပြီ"

ဦးသန်းမြင့်က ကျွန်ုပ်တို့၏ပြဿနာကို အစဖော်လိုက်ပြီဖြစ်သောကြောင့် ကျွန်ုပ်လည်း ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်းပြလိုက်ရပါချေတော့၏။ ဆရာမကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ကျွန်ုပ်၏စကားဆုံးသွားတော့မှ ဆရာမကြီးက ဦးသန်းမြင့်ကို မေးဆတ်ပြလိုက်ကာ မေးလေသည်။

"အဲဒီကိစ္စကို ဆရာဘယ်လိုထင်သလဲ ဆရာ"

"မဟုတ်မှလွဲရော၊ ကျွန်တော်တော့ မသူဇာရဲ့လက်ချက်လို့ ထင်မိတာပဲ ဆရာမကြီး"

ဆရာမကြီးက ဦးသန်းမြင့်၏စကားကို ခေါင်းညိတ်ထောက်ခံလိုက်လေသည်။

"ဟုတ်မယ် ဆရာ၊ ကျွန်မလည်း အဲလိုပဲထင်မိတာပဲ"

ဆရာမကြီးနှင့် ဦးသန်းမြင့်တို့တအတိုင်းအဖောက်ညီနေကြသော်လည်း ကျွန်ုပ်ကား ဘာမှနားမလည်နိုင်ပေ၊ ထို့ကြောင့် မေးမြန်းစုံစမ်းရလေတော့သည်။

"နေပါဦး ဆရာမကြီးရဲ့၊ အဲဒီ မသူဇာဆိုတာက ဘယ်သူလဲ၊ ဘယ်က လဲ၊ ကျွန်တော့်ဖိနပ်တစ်ဖက်ပျောက်တဲ့ ကိစ္စနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"အင်း - ပြောရရင်တော့ ဆရာ လည်းယုံနိုင်မယ်မထင်ပါဘူး ဆရာရယ် ဒါပေမယ့် ကျွန်မပြောပြပါ့မယ်။ မသူဇာ ဆိုတာ ကျွန်မလက်အောက်မှာ အမှု ထမ်းသွားတဲ့ ဒီကျောင်းက ကျောင်း ဆရာမလေးပါ။ အသက်(၃၀)လော ပဲရှိပါသေးတယ်။ ဒီကျောင်းမှာ တာဝ ထမ်းဆောင်ရင်းက မြို့ထဲမှာ အကြီး ဒင့်တစ်ခုဖြစ်ပြီး ရုတ်တရက် ကွယ်လွန် သွားခဲ့တယ် ဆရာ။ သူက ဒီကျောင်း သိပ်သံယောဇဉ်ကြီးတယ်။ ခင်တွယ တယ်။ သူ့မှာကလည်း တခြားခင်တွယ စရာ မိဘဆွေမျိုးအသိုင်းအဝိုင်း သားသမီး၊ ခင်ပွန်းသံယောဇဉ်တို့မရှိ တစ်ကိုယ်တည်းသမားလေ။ ဒီကျောင်း ဒီလုပ်ဖော်ကိုင်ဖက်တွေနဲ့ ဒီတပည့် လေးတွေပဲ စိတ်နှစ်ပြီးခင်တွယ်ရှာတာ သူသေတော့ သင်္ဂြိုဟ်ခါနီးမှာ ကျွန်မ ဒီကျောင်းဟာ သင်နဲ့မသက်ဆိုင်တော့ တာမို့ သင်သွားလို့ရာသွားနိုင်ကြောင်း ထုံးစံအရ အမိန့်ပြန်စာတော့ဖတ်ခဲ့ပါ ဒါပေမယ့် မရဘူး ဆရာ။ သူသိပ်အ အလန်းကြီးတဲ့ကျောင်းမို့လားမသိဘူး ကျောင်းမှာပဲ တဝဲလည်လည်မှီတွယ်နေ တယ်ထင်ပါရဲ့။ တချို့ကလည်း နေ မိုးချုပ်စတို့၊ မနက်လင်းအားကြီးတို့ အချိန်တွေမှာ အဲဒီမသူဇာရဲ့အရိပ် အမှတ်တမဲ့မြင်လိုက်ကြရတယ်လို့ပြော တဲ့သူတွေလည်းရှိတယ်"

ကျွန်ုပ်ကား အဲဒီတော့ ဇာတ်ကြောင်းစုံ သိရပေတော့သည်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏လူ ဦးသန်းမြင့်သည်လည်း ထိုဆရာမကလေးကို မသေမီကပင် သိရှိခင်မင်ခဲ့သော လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်နေချေတော့သည်။

"ဒါဖြင့် ဆရာမကြီးကိုယ်တိုင်ကော အဲဒီမသူဇာနဲ့ တွေ့ဖူးသလား ဆရာမကြီး၊ ကျွန်တော်မေးတာက သူကွယ်လွန်ပြီးတဲ့နောက်ပိုင်းအချိန်ကျမှ ပုံစံတစ်မျိုးမျိုးနဲ့တွေ့ဖူးမြင်ဖူးသလားလို့ မေးတာနော်"

"ဟင့်အင်း၊ ကျွန်မကိုယ်တိုင်ကတော့ မတွေ့ဖူးပါဘူးဆရာ။ တကယ်လို့ တွေ့ခဲ့ရရင်လည်း ကျွန်မကတော့ အလန့်တကြားဖြစ်မိလိမ့်မယ်မထင်ဘူး။ ဘာလို့လဲဆိုတော့ မသူဇာက သဘောထားသိပ်နူးညံ့သိမ်မွေ့တာဆရာရဲ့။အခုကိစ္စမှာလည်း ကျွန်မတို့တွက်ဆသလို မသူဇာရဲ့လက်ချက်ဖြစ်နေခဲ့ရင်လည်း ဒါဟာ သူရှိနေကြောင်း အသိပေးရုံသက်သက် သဘောလောက်ပြတာပဲဖြစ်မယ် ထင်ပါတယ်။ ဆရာ့ကိုထိတ်လန့်တကြားဖြစ်အောင် နှောင့်ယှက်ခြောက်လှန့်လိုတဲ့ သဘောထားမျိုး မဖြစ်နိုင်ပါဘူး။ ဒါတော့ ကျွန်မ အာမခံတယ် ဆရာ"

"ကိစ္စမရှိပါဘူး ဆရာမကြီးရယ်၊ အဲလိုသိလိုက်ရတော့လည်း မိမိပြုဖူးသမျှကုသိုလ်အဖို့ကို သူ့နာမည်ခေါ်ပြီး အမျှအတန်းပေးဝေလိုက်ရင် ပြီးတာပါပဲ။ ကျွန်တော့်အဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာအကြောင်းမရှိပါဘူး"

"အင်း - ဆရာကတော့ ကျွန်မတို့ဆီမှာ တည်းခိုနေထိုင်ရင်း တိုက်တိုက်ဆိုင်ဆိုင် ရေးစရာစာတစ်ပုဒ်ရတော့မယ် ထင်တယ် ဆရာ"

"ရတော့လည်း ရေးလိုက်ရုံပေါ့ ဆရာမကြီးရယ်။ မသူဇာကပေးတဲ့ ဝတ္ထုတစ်ပုဒ်ပေါ့"

ကျွန်ုပ်၏စကားကို ဆရာမကြီးနှင့် ဦးသန်းမြင့်တို့က သဘောကျစွာ ရယ်မောကြလေသည်။

သို့နှင့် ထိုနေ့က ကျွန်ုပ်မြို့ထဲသို့ ထွက်တော့ဘဲ တစ်နေကုန်ပင်စာမူများ ထိုင်ပြီးတစ်ပုဒ်ရေးသားနေလိုက်လေသည်။ညဘက်တွင် ထုံးစံအတိုင်း ဦးသန်းမြင့်နှင့်အတူ လက်ဖက်ရည်ဆိုင်သို့လိုက်ထိုင်လိုက်သေးသည်ဖြစ်ရာ ည(၁၀)နာရီခွဲမှ မိမိအခန်းသို့ပြန်ရောက်သည်။ ထိုအချိန်တွင်မှ စားပွဲဆက်ထိုင်ရာ ညသန်းခေါင်ပြန်တစ်ချက်ထိုးတော့မှ စားပွဲမှထ လိုက်လေသည်။

မအိပ်မီ၌ အခန်းတံခါးများကို လိုက်လံစစ်ဆေးလိုက်သေးသည်။ ထိုညက အိပ်ရာဝင်ခါနီး ဘုရားရှိခိုးပြီး ဂုဏ်တော်များ ရွတ်ဖတ် သရဇ္ဈာယ်၍ ပြီးစီးသောအခါတွင်မူ ထိုမသူဇာဆိုသော ဆရာမလေးအား ရည်စူးကာ မေတ္တာပို့ အမျှပေးဝေခဲ့ပါသည်။

"ကဲ - မသူဇာရေ ဦးအနေနဲ့ မသူဇာဆိုတဲ့ တူမအရွယ် ဆရာမလေးကို မမြင်ဘူးမတွေ့ခဲ့ဘူးပေမယ့် မသူဇာရဲ့အကြောင်းကိုကြားသိခဲ့ရပြီးပြီမို့ ဦးပြုခဲ့ဖူးသမျှ ကောင်းမှုကုသိုလ်အဖို့ဘာဂကို အမျှအတန်းပေးဝေပါတယ်။ အမျှ အမျှ အမျှပါ။ အမျှရ၍ သာဓုအနုမောဒနာခေါ်နိုင်ပါစေလို့ မေတ္တာပို့ပါတယ်။ ဒီဝန်းကျင်မှာ မသူဇာရဲ့ဝိညာဉ်ရှိနေခဲ့ရင်လည်း ဒီအမျှဝေသံကို ကြားနိုင်ပါစေ၊ သိနိုင်ပါစေ အမျှ၊ အမျှ၊ အမျှ"

ကျွန်ုပ်သည် မသူဇာအား ရည်စူး၍ လေးနက်စွာ မေတ္တာပို့၊ အမျှဝေပေးလိုက်ပြီးမှ အိပ်စက်လေသည်။ ညတိုင်းကဲ့သို့ပင် လေးပေမီးချောင်းကြီးတွေကို မပိတ်ဘဲအိပ်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်စိတ်ထဲတွင် ထူးထူးခြားခြား ကြောက်ရွံ့ထိတ်လန့်နေမှုများလည်းမရှိ။ အေးချမ်းစွာပင် သမားရိုးကျအတိုင်း အိပ်ပျော်သွားခဲ့သည်သာ ဖြစ်တော့၏။

သို့သော် နောက်တစ်နေ့ နံနက်မိုးသောက်သောအခါတွင်ကား ကျွန်ုပ်မယုံကြည်နိုင်လောက်အောင် အံ့အားသင့်စရာဖြစ်ရပ်တစ်ခုနှင့် ကြုံဆုံရပေတော့သည်။ အခြားမဟုတ် မနေ့က အခန်းတွင်းအနှံ့၊ အခန်းဝန်းကျင်အနှံ့ လိုက်လံရှာဖွေ၍မတွေ့ရှိခဲ့သော ကျွန်ုပ်၏ ပျောက်သွားသော သားရေဖိနပ်တစ်ဖက်မှာ ကျွန်ုပ်အိပ်ရာ၏ခြေရင်း၌ ပြန်လည်ရောက်ရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်မှာ ညအိပ်ရာမဝင်မီ တံခါးများကို သေချာစွာ ပိတ်ခဲ့သည်ဖြစ်၍ အခန်းထဲသို့ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်လာနိုင်စရာအကြောင်းမရှိ။ ဤဝန်းကျင်တွင် ကျွန်ုပ်အား ညကြီးမင်းကြီး အချိန်မတော်၌ မိမိကိုယ် မိမိဒုက္ခခံ၍ နောက်ပြောင်မည့် ငယ်ရွယ်သေးသော ခပ်နောက်နောက် ရှုပ်ရှုပ်ပွေပွေ လူငယ်လူရွယ်များလည်း မရှိ။ ထို့ကြောင့် ကျွန်ုပ်မှာ အံ့အားသင့်စွာပင် မူလဖိနပ်ဟောင်းကိုပြန်စီးရလေတော့သည်။

ဦးသန်းမြင့်ရောက်လာသောအခါ ကျွန်ုပ်က ထိုအကြောင်းကို ပြောပြ၍ ဖိနပ်ဟောင်းကိုပြလိုက်သော် ကိုယ့်လူကြီးလည်း ပါးစပ်အဟောင်းသားနှင့်ဖြစ်နေချေတော့သည်။

"ငါတော့ မနေနိုင်တော့ဘူးဟေ့၊ ဒီအကြောင်းကို ဆရာမကြီးကိုသွားပြောပြဦးမယ်"

"ကိုင်းပါဗျာ၊ ပြောချင်ရင်လည်း လက်ဖက်ရည်ဆိုင်ကပြန်လာမှပဲပြောပါတော့။ ကျုပ်တို့နောက်ကျနေပြီ။ အင်း- မနေ့ကဝယ်တဲ့ဖိနပ်အသစ်ကတော့ ပြန်သိမ်းထားလိုက်ရတော့မှာပဲဗျာ။ မနေ့က မြို့ထဲထွက်တာလည်းမဟုတ်ဘဲ တစ်နေကုန် စာထိုင်ရေးနေခဲ့တာဆိုတော့ စီးလိုက်ရတယ်ပဲမရှိပါဘူး။ ညဘက် လက်ဖက်ရည်ဆိုင်ထွက်တုန်း တစ်ခါပဲစီးလိုက်ရသေးတော့ ပွန်းရာတောင်မထင်သေးဘဲ အသစ်ကျပ်ချွတ်အတိုင်းပဲရှိသေးတယ်ဗျ"

ကျွန်ုပ်က ဖိနပ်အသစ်ကို ကျွတ်ကျွတ်အိတ်ငယ်တစ်အိတ်ဖြင့်ထည့်ရင်း ပြောလိုက်တော့ ဦးသန်းမြင့်က ထိုဖိနပ်ကိုငုံ့ကြည့်ရင်း မှတ်ချက်ချလေသည်။

"အေး - တစ်ရက်ပဲစီးရသေးတာဆိုတော့ သိမ်းထားပေဦးတော့ပေါ့ကွာ။ တကယ်တော့ ဒီဖိနပ်အသစ်ဟာ ပရလောကထဲက တစ်စုံတစ်ယောက်ရဲ့ ကျီစယ်မှုကြောင့် မင်းပြေးဝယ်ရတဲ့ အမှတ်တရဖိနပ်ပဲကွ။ သေချာပါတယ်ကွာ။ တို့မှန်းဆမိတဲ့အတိုင်းဆိုရင်တော့ မသူဇာရဲ့ ကျီစယ်မှုပဲဖြစ်မှာပါ။ မင်းဒီအကြောင်းကို စာတစ်ပုဒ်ရေးဖို့တောင် ကောင်းတောင်းတောင်းပဲဟေ့"

"စိတ်သာချ ကိုယ့်လူ၊ ကျုပ်ကလည်း ရေးဖြစ်အောင်ရေးလိုက်ရဦးမဗျ။ သူများပြောပြလို့မဟုတ်ဘဲ ကိုယ်ကိုယ်တိုင် ပေါက်ပေါက်ရှာရှာကြုံလာရတဲ့အဖြစ်ဆိုတော့ ချောခနဲ ချောခနဲကို ရေးလို့ကောင်းလိုက်မယ့်ဖြစ်ခြင်း။ ရေးပြီးရင်တော့ ဒီစာမူကို 'မသူဇာရဲ့အမှတ်တရ' လို့ပဲ လွယ်လွယ်ရိုးရိုးကလေးခေါင်းစဉ်ပေးလိုက်တာပေါ့ဗျာ။ ဒီဖိနပ်အသစ်တစ်ရန်က သူ့ကြောင့်ပြေးဝယ်ရတာဆိုတော့ ကျုပ်ကို တွေ့တုန်းဆုံခိုက် သူ့အမှတ်တရပေးလိုက်တဲ့လက်ဆောင်လို ဖြစ်နေတာ မဟုတ်လားဗျ"

ကျွန်ုပ်၏ ပြန်လည် ဖြေကြားချက်အဆုံးတွင် မိတ်ဆွေကြီး ဦးသန်းမြင့်လည်း သဘောကျစွာ တဟားဟား ရယ်မောလိုက်ပါလေတော့သတည်း။

နန္ဒာစိုး(ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

**□ တောနေရဟန်းများ**

တစ်နေရာအရောက်တွင် အောက်ဘက်ချိုင့်ဝှမ်းကြီးကို တွေ့ရပြီး ရေကျသံသဲ့သဲ့ကြားရလေရာ ရေကြည်ထွက်ရှိကြောင်းသိရ၏။ ထိုချိုင့်ဝှမ်းသို့ ဆင်းရာလမ်းမှာ မတ်စောက်လှပေ၏။ သစ်ပင်၊ နွယ်ပင်တို့ကိုအားပြုကာ ဆင်းကြရပြီး အတန်ကြာမှရောက်၏။

အောက်ခြေ ပြန့်ငယ်သို့ ရောက်သော် ကျွန်ုပ်သည် ပတ်ဝန်းကျင်သို့လှည့်ပတ် ကြည့်ရှုမိ၏။ ဂငယ်ပုံစံကျောက်ဆောင်တို့ဝိုက်ထားသောနေရာဖြစ်၏။ မိုးကုတ်အခေါ် မှကျောက်တောင်အများအခေါ် စကျင်ကျောက်တောင်ကြီးဖြစ်ကာ ပတ်ပတ်လည်ရေတို့ဖြင့်ပြည့်နေ၏။ တောင်း၏ခါးမှဖောက်ထွက်စီးဆင်းလာသောစမ်းရေမှာ လက်မောင်းလုံးခန့်ရှိပြီး အောက်ခြေရေခံအိုင်မှာ ဖျာတစ်ခင်းစာမျှသာရှိလေ၏။ ထိုစမ်းရေသည် အောက်ဘက်လျှိုသို့စီးဆင်းသွားလေ၏။

ကျွန်ုပ်မှာ ကျောက်ဆောင်လိုဏ်ဂူတို့ဖြင့် ကျောက်ကပ်ပန်းမျိုးစုံတို့ဖြင့်လှပတင့်တယ်နေသောရှုခင်းကို တဝကြီးငေးမောနေမိ၏။ ထိုအခါ ကိုလမ်မဆီးလက်တို့၍ပြ၏။

"ကိုအိုက်ဆန်၊ ဟိုမှာ ခင်ဗျားတို့ဘုန်းကြီးတွေတရားအားထုတ်နေကြတာမြင်လား"

ဟူ၍ လက်ညှိုးထိုးပြပါမှ ကျွန်ုပ်အသေအချာကြည့်မိလေ၏။ ဟုတ်ပေသည်၊ ကျောက်ဂူတွင်းသို့ မျက်နှာမူကာတစ်ပါးလျှင်တစ်ဂူစီ တရားအားထုတ်နေကြသော ‌ေ တာမှီရဟန်းတော်မြတ် (၃) ပါးကို ဖူးတွေ့ရလေ၏။

ကျွန်ုပ်မှာ တောမှီရဟန်းတို့အားမြင်ရခဲဖူးရခဲခြင်းကြောင့် ရင်တဒိတ်ဒိတ်ခုန်ကာ ဝမ်းသာလုံးဆို့ပြီး မတ်တတ်ရပ်လျက်ကပင် လက်အုပ်ချီရှိခိုးနေမိလေ၏။

"ကဲ-ကိုအိုက်ဆန်၊ နောက်မှကြည့်ဗျာ။ ထမင်းစားကြရအောင်"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့ထမင်းစားကြရပါသည်။ သူတို့(၃)ဦးမှာမူ စိတ်ဝင်စားဟန်မပြပါ။ အထူးအဆန်းလည်း ဟုတ်ဟန်မတူပါ။ တောင်နက်တောနက်ထဲ အမြဲသွားလာနေသောသူတို့သည် တောနေရဟန်းတို့အား မလွဲမသွေ ကြုံဖူးကြပေမည်။ သူတို့ဘာသာမဟုတ်၍ အမှတ်တမဲ့ပင်ရှိခဲ့ကြပေမည်။ အလေးအမြတ်ထားရကောင်းမှန်းသိမည်မဟုတ်ကြပါ။

ကျွန်ုပ်မှာမူ ငါတောထဲလိုက်လာရတာ လိုက်လာရကျိုးနပ်လိုက်တာ။ ငါ အိမ်မှာ ငါ့ဇနီးကို ပြောခဲ့သလို ငါတည်ဟူသောအကြောင်းကြောင့် မည်သည့်အသက် တစ်ချောင်းမျှ မသေစေရ ဆိုတဲ့ ကတိအတိုင်း ခုထိ သားကောင်တစ်ကောင်ပင် အသက်မသေသေး ငါ့မှာ အကုသိုလ်အားမကြီးသေး ငရုတ်သီးတွေကောက်ခဲ့၍ တောစော နတ် မကြိုက်သဖြင့် သားကောင်တို့ကို ကွယ်ခဲ့သော်မှ ငါကျေနပ်ပေပြီ။ တော မှတင်ဆောက်တည်နေသောရဟန်းတော် မြတ်တို့ကို ဖူးခွင့်ရပေပြီဟု တွေးကာ စိတ်ထဲတွင် ပြုံးပျော်ကြည်နူးနေမိ၏။ ကျွန်ုပ်၏ ပြုံးပျော်ကျေနပ်နေမှုအား အတတ်နိုင်ဆုံး ထိန်းချုပ်ကာ ထမင်း အမြန်လက်စသတ်လိုက်၏။ ပြီးသည်နှင့် ရေအိုင်တွင် လက်ဆေးကာ ရှမ်းဘောင်းဘီကိုသုတ်လိုက်ပြီး ရဟန်းတော်များ အား အနီးကပ် ဖူးမြော်ရန် ခြေသံဖွဖွ လျှောက်ခဲ့လေ၏။

# ရွှေပြည်စိုး (မိုးကုတ်)

## နှစ်ခါမရသောအခွင့်အရေး ၂



www.burmeseclassic.com

www.burmeseclassic.com

၁ ငြိမ်သက်စွာ

အောက်ခံကျောက်လွှာတွင် ရေညှိ၊ ရေမှော်ကပ်တွယ်ခြင်းမရှိဘဲ ပကတိသန့်ရှင်းနေပြီး မြက်ပင်များ၊ ကျောက်ကွဲများအကြားတွင် လှပစွာ ငြိတွယ်၍ ပေါက်နေကြ၏။

ကျောက်ဆောင်ကျောက်တောင်တည်နေပုံမှာ ရှုမဝနိုင်အောင်ရှိရ၏။ အေးချမ်းငြိမ်သက် တိတ်ဆိတ်လျက်ရှိသော ဤနေရာအား ရဟန်းတော်များ နှစ်သက်သဖြင့် လာရောက် သီတင်းသုံးခြင်း ဖြစ်ကြပေမည်။

ခြေသံဖွ၍ လျှောက်ကာ ရဟန်းတော် (၃)ပါးအား အကြိမ်ကြိမ်ဦးချကာ



www.burmeseclassic.com

အနီးကပ်ဖူးမြော်၏။ ကျောက်ဂူတို့သည် ကျောက်စက်ရေကြောင့် ကျောက်ခက်ပန်းဆိုင်းများဆွဲထားသကဲ့သို့ အထက်ပိုင်းတွင် လှပစွာတည်ရှိ၏။ လူတို့၏ အနေအထားမှာ ရဟန်း (၁၀)ပါးမျှပင် ကျယ်ကျယ်ဝန်းဝန်း သီတင်းသုံးနိုင်သော အနေအထားဖြစ်သည်ကို တွေ့ရ၏။

(၃)ပါးစလုံး ဂူဘက်မျက်နှာမူကာ တရားရှုမှတ်လျက်ရှိနေကြသဖြင့် မျက်နှာတော်များအား ဖူးမြင်ခွင့်မရပါ။ ရဟန်းတော်တို့သည် နေရာထိုင်ခင်းလေးများ ကိုယ်စီခင်း၍ထိုင်နေခြင်းဖြစ်ပြီး သူတို့၏ဘေးတွင် သပိတ်များကိုယ်စီချထားကြလေ၏။ သပိတ်မှာ သပိတ်လွယ်ကြိုးများပါသည်။

မှတ်မှတ်ရရ အလယ်မှရဟန်းတော်သည် သင်္ကန်းသစ်သော်လည်းဘေးမှ ရဟန်း(၂)ပါးမှာ သင်္ကန်းခပ်နွမ်းနွမ်းများကို ဝတ်ရုံထားကြ၏။ ဒုကုဋ်သင်္ကန်းကို လွှမ်းခြုံထားခြင်းကြောင့် အချမ်းကို ကာကွယ်ထားကြ၏။ ထူးခြားသည်မှာ တောခြင်တို့မရှိခြင်းပင် ဖြစ်သည်။

ကျွန်ုပ်သည် ရဟန်းတော်တို့၏ အခြားအသုံးအဆောင်ပစ္စည်းများစွာရှိပါသေးသလားဟူသောအသိဖြင့် ဂူများအတွင်းသို့ ကြည့်ရာဝယ် မည်သည့်အသုံးအဆောင်မျှ မတွေ့ရပါ။

ထိုအခါ ဤရဟန်းတော်တို့သည် တိစီဝရိက်ခုတင်၊ ဧကာသနိက်ခုတင်၊ ပိဏ္ဍပါတ်ခုတင် စသဖြင့် ခုတင်ဆောင်ရဟန်းတော်တို့ဖြစ်ပေမည်ဟု တွေးကာ အကြိမ်ပေါင်းများစွာပင် ရှိခိုးဦးခိုက်ပူဇော်နေမိ၏။ တစ်သက်မှာ ဒီတစ်ခါသာ ကံကောင်းထောက်မ၍ ဖူးရခြင်းမဟုတ်ပါလား။ သမာပတ်ဝင်စားနေသည်ဟု ယူဆရသော ထိုရဟန်းတို့အား ကျွန်ုပ်၏ ဇနီး၊ သား၊ သမီးများ၊ ဆွေမျိုးများ၊ မိတ်ဆွေများကို ဖူးစေချင်လွန်းလှပါ၏။

သို့သော် ကျွန်ုပ်သည်ပင် 'စိုင်ကော်၍ချုံပေါ်ရောက်ရသည်' ဟူသောစကားကဲ့သို့ လီရှောများနှင့်ပေါင်းမိ၍သာ ကံကောင်းထောက်မ၍ ဖူးမြော်ရခြင်း ဖြစ်လေ၏။ အလွဲလွဲအချော်ချော်ဖြင့် အကုသိုလ်ကာယကံမမြောက်ခဲ့သည်ပင် ကျေးဇူးတင်ရပေမည်။ သားကောင်များရ၍ သားကောင်များအပေါ် သာယာခဲ့သော ကျွန်ုပ်သည် ဤရဟန်းတော်တို့ကို ဖူးမြော်ခွင့်ရမည် မထင်။ တောနက်သို့ပို့လိုက်၍သာ ဤသို့ဆိုက်ဆိုက်မြိုက်မြိုက် ဖူးမြော်ခွင့်ရပေသည်ဟု တွေးမိပါလေ၏။

**❑ ရေအိုင်ထဲမှပတ္တမြားများ**

ကိုလမ်မဆီးတို့အုပ်စုဆီ လှမ်းကြည့်လိုက်မိ၏။ (၃) ယောက်စလုံးကျောက် နံရံကိုကျောမှီကာ မှိန်းနေကြလေ၏။ ကျွန်ုပ်သည် မိနစ် (၂၀) မျှဝအောင်ဖူးပြီးသော် လက်အုပ်ချီ၍နောက်သို့ဆုတ်ခဲ့၏။

ရဟန်းတော်တို့မှာမူ ကျွန်ုပ်အနီးကပ်ဖူးမြော်နေသည်ကို သိဟန်မတူပါ။ ကျောက်ဆစ်ရုပ်များချထားသည့်နှယ် ငြိမ်သက်စွာရှိနေကြပါသည်။ အတန်ငယ်လှမ်းမှ နောက်ပြန်လှည့်ခဲ့ပြီး ဂငယ်ပုံစံတည်နေသော စကျင်ကျောက်နံရံကြီးကို ငေးမောကြည့်ရှုနေမိပြန်ပါသည်။ လှချက်ဖြင့် မကျန်အောင်ဖြစ်သည်။ သစ်ပင်ပန်းမန်အားလုံး အပြည့်အစုံနှင့် နတ်ဖန်ထားသလားထင်မှတ်မှားရလေ၏။

ကျွန်ုပ်သည် စမ်းကျအိုင်သို့ရောက်လာကာ စကျင်ကျောက်ရှိက ပတ္တမြားရှိနိုင်သည်ဟု အတွေးပေါက်လျက် အောက်ခြေသဲတို့ကို နှိုက်ကြည့်လိုက်၏။

သဲမည်းမည်းများတွင် ပတ္တမြားမှုန်လေးများ နီရဲနေသည်ကို တွေ့ရသဖြင့် ကျောက်ရှိသည်ဟု သတ်မှတ်လိုက်ပါသည်။ ဤအိုင်ထဲမှ သဲတို့ကိုအကုန်ကျုံး၍ဆေးသော် ပတ္တမြားကျောက်ကောင်းရှိနိုင်သည်ဟူ၍လည်း တွေးမိပြန်လေ၏။ လက်ထဲမှသဲကို အသေအချာကြည့်ပြီးသော် ရေအိုင်ထဲပြန်ပစ်ထည့်လိုက်၏။ မက်မောစရာအတိ ရေအိုင်ပါလားဟု တွေးမိပြန်လေ၏။ ငါးမိနစ်မျှ လေ့လာပြီးသော် ကိုလမ်မဆီးတို့ထံ ပြန်လာခဲ့တော့၏။ စမ်းချောင်းလေးမှာ အောက်ဘက်လျှိုအတိုင်း စီးဆင်းသွားသည်ကို တွေ့ရ၏။ ဤနေရာဘယ်မှာတည်သည်ကို အိမ်ရောက်မှမေးရန်စိတ်ကူးမိလေ၏။

**❑ ပြန်ကြစို့**

"ကိုအိုက်ဆန်ကို စောင့်နေတာ။ ခင်ဗျားက စိတ်ဝင်စားစရာတွေ့နေတော့ ကြည့်ပါစေဆိုပြီး စောင့်နေတာ။ ကဲ - ကျွန်တော်တို့ ရွာကိုပြန်ကြမယ်"

"တောဆက်မလည်တော့ဘူးလား"

"မလည်တော့ပါဘူး၊ လပ်ကီးလုံးဝမကောင်းဘူးလေ။ တောဆက်လည်လည်းမောတာပဲရှိမယ်။ ကိုအိုက်ဆန်ပါလာတဲ့အလှည့်ကျမှ ဘာမှမရတာ သိပ်အားနာတယ်ဗျာ။ ကျွန်တော်က ခင်ဗျားတို့အိမ်အတွက် တောထွက်ဟင်းကလေးပါသွားစေချင်တာ"

"ရပါတယ် ကိုလမ်မဆီးရယ်၊ တောထဲတောင်ထဲ ခုလိုဗဟုသုတရတာပဲ ကျေနပ်လှပါပြီ။ ကျွန်တော်ကအားနာရမှာပါ"

"ကဲ - အချိန်ရှိတုန်းသွားကြစို့"

ဟု ပြောပြီး ကိုလမ်မဆီးဦးဆောင်ကာပြန်တက်ကြလေ၏။လျှိုထိပ်ရောက်သော် ထိုနေရာအား ကျွန်ုပ်သမင်လည်ပြန်ကြည့်ကာ လွမ်းသလိုကြီးခံစားရလေ၏။ ခြေထောက်ကမူ သူတို့အုပ်စုကိုအမီလိုက်နေရလေ၏။ ကျွန်ုပ်တို့သည် တစ်တောင်ဆင်း၊ တစ်တောင်တက်ဖြင့် ချီတက်ခဲ့ရာ နေဝင်လုနီးနီးတွင် ရွာသို့ရောက်ခဲ့ကြတော့၏။ အသွားတုန်းက လမ်းမဟုတ်သဖြင့် ငရုတ်ပင်ကြီးကို နောက်တစ်ကြိမ်မြင်ခွင့် မရတော့ပါ။ အနီးဆုံးလမ်းမှဖြတ်ပြန်သည်ဟု သိရ၏။ အပြန်လမ်းတွင်လည်း ဘာသားကောင်မှ မတွေ့ခဲ့ရပေ။

သူတို့သည် သည်ဒေသတွင် မွေးဖွားသူများဖြစ်ပြီး ငယ်စဉ်ကပင် တောလိုက်ကြရာ သည်တောသည်တောင်တို့တွင် ကျွမ်းကျင်၍နေကြပြီဖြစ်၏။ သို့ကြောင့် အတတ်နိုင်ဆုံး မျဉ်းဖြောင့်ပြန်၍ ပြန်ခဲ့ခြင်းဖြစ်သည်။

သည်တောသည်တောင်တို့မှာပင် ထင်းလည်းခုတ်ကြ၏။ ဟင်းလည်းရှာကြ၏။ အိမ်လည်းဆောက်ကြ၏။ သည်တောကြီးသည် သူတို့အတွက် ရတနာတောကြီးဖြစ်လေ၏။

**❑ တောင်တော်မြောက်ဘက်စွန်း**

ညစာထမင်းဟင်းကား မှန်ညင်းစော၊ ဂျူးထောင်း၊ ငါးခြောက်ဖုတ်ဖြစ်ရာ ဟင်းစပ်တည့်သည်က တစ်ကြောင်း လမ်းခရီးပင်ပန်းခဲ့သည်က တစ်ကြောင်း စား၍ မြိန်လိုက်ပါဘိခြင်း။

ထမင်းစားပြီးသော် မိုးကုတ်ထုံး အတိုင်း ညှော်ခံမီးဖိုဘေးတွင် ဝိုင်းထိုင်ကာ စကားပြောကြ၏။ ထိုအခါ ကျွန်ုပ်သိ သည်တို့ကို မေးမြန်းရပါသည်။

"ကိုလမ်မဆီးတို့က ဒီရေဒီမြေ မွေးဖွားတော့ကာ ဒီတောကြီးနဲ့ဆက် ပြီး အတော်ကျွမ်းကျင်ကြတာပဲ။ ထက် ကျွန်တော်တို့ တောလည်ခဲ့ တစ်ဝိုက်ဟာ ဘယ်နားလောက်ကျသ ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုအိုက်ဆန်၊ တောင်တော်ကြီးကို သိတယ် မဟုတ်လား"

"ဟုတ်ကဲ့-သိပါတယ်။ ကျွန်တော်လေ့လာ မှတ်မိသလောက်ကတော့ တောင်တော်ကြီးဟာ မိုးကုတ်နယ်နဲ့ သပိတ်ကျင်းနယ်အစပ်မှာ တည်ရှိပါတယ်။ တော်တော်ကြီးဝိုင်းဟာ (၇၂)မိုင်ရှိတယ်လို့ မှတ်သားဖူးပါတယ်။ မိုးကုတ်ရှိသမျှတောင်တွေဟာ အဲဒီတောင်တော်ကို ဦးခိုက်နေတယ်လို့ ဆိုပါတယ်။ တောင်တော်အမြင့်ကျတော့ (၆၂၂၃) ပေမြင့်တယ်လို့ သိရပါတယ်။ အဲဒီသစ်တောကြီးဝိုင်းမှာ သစ်မျိုးစုံ၊ သားကောင်မျိုးစုံရှိတယ်လို့ သိရပါတယ်။ တောင်တော်ရဲ့ထိပ်ပေါ်မှာ သပိတ်တစ်လုံးလို အလွန်ကြီးတဲ့ ကျောက်တုံးကြီးတည်ရှိနေတယ်လို့ သိရပါတယ်။ အဲဒီတောင်ကို ရှေးလူကြီးတွေက ရွှေဥတောင်လို့လည်းခေါ်ကြောင်း ကြားဖူးပါတယ်။ ဒါက ကျွန်တော် မှတ်ထားမိသမျှပါပဲ ကိုလမ်မဆီး"

"ဒါဆို ရဟန်းတော်တွေကို အရင်တတွေ့ဖူးသလား"

"တွေ့ဖူးတာပေါ့ဗျာ။ သူတို့လည်း သူတို့ဟာသူတို့နေ၊ ကျွန်တော်တို့လည်း ကျွန်တော်တို့ဟာ ကျွန်တော်တို့နေတာပါပဲ။ ဒါပေမယ့် အမြဲတမ်းတော့ မတွေ့ရတတ်ပါဘူး။ ဆယ်ခါရံတစ်ခါဆိုတာလို တွေ့တတ်တာပါပဲ"

"အဲဒီကျောက်စမ်းအိုင်ဂူကို ကျွန်တော်စိတ်ဝင်စားတယ်ဗျာ။ အေးချမ်းပြီး အလွန်လှပတဲ့နေရာပါပဲဗျာ။ မျက်စိထဲကမထွက်ဘူး"

"ကျွန်တော်တို့ကတော့ ကိုအိုက်ဆန်လို တောအလှတွေကို မခံစားတတ်ပါဘူး။ ဘယ်တောမှာဘာကောင်ရှိနိုင်တယ်ဆိုတာပဲ စိတ်ဝင်စားတာပါ"

" အေးဗျာ၊ ဒါကတော့ အခြေခံချင်းမှမတူကြတာကိုး"

ထိုသို့ဖြင့် ကျွန်ုပ်တို့သည် တောင်၏သဘာဝ၊တော၏သဘာဝအကြောင်း၊ သားကောင်များအကြောင်းပြောကြရင်း တစ်ညဉ့်တာအိပ်ချိန်သို့ ရောက်ခဲ့ကြပြန်၏။

ကျွန်ုပ်မှာမူ ရဟန်းတော်များကို သာ ကြည်ညိုစွာ မြင်ယောင်ဖူးတွေ့နေပါသည်။ ထိုကျောက်စိမ်းအိုင်ဂူသို့ နောက်တစ်ခေါက် အရောက်သွားဦးမည်ဟု စိတ်ထဲတွင်တေးထားလိုက်လေ၏။

❑ တောတွင်းအတွေ့အကြုံ

နောက်တစ်နေ့နံနက်တွင် ပန်လင်ဈေးရှိ တာပွဲတွင် ကျောက်အနည်းငယ်ဝယ်ကာ မိုးကုတ်သို့ ပြန်ဆင်းခဲ့ပါသည်။ အပြန်တွင် အဆင်းချည်းဖြစ်ရာ လွန်စွာသက်သာလှပါသည်။ အိမ်ပြန်ရောက်သော် ဇနီးသည် နန်းကြာညိုသည် ကျွန်ုပ်ကို ပြုံးစစနှင့်ကြည့်ပြီး နှုတ်ဆက်၏။

"တောစီးဖိနပ်တွေ၊ တောလိုက်ဓားတွေနဲ့ တောသွားလိုက်တာ အဆင်ပြေခဲ့ရဲ့လား"

"ပြေလိုက်တာမှ ဟိုဘက်တောင်လွန်သွားတယ် ကြာညိုရေ"

"ဟင် - ဒါဆို ခင်ဗျားအကုသိုလ်တွေအများကြီးရခဲ့ပြီပေါ့လေဟုတ်လား"

"ကြာညိုရယ်၊ ဒီကပြောပြတာ နားထောင်စမ်းပါဦး။ တောလိုက်တာ အကုသိုလ်မရဘဲ ကုသိုလ်တွေအများကြီးရလာတာ ကြာညိုရဲ့။ လာ-ဒီမှာထိုင်၊ ကြာညိုကို အဲဒါပြောပြချင်လွန်းလို့ ပါတဲ့ပိုက်ဆံတောင် ကျောက်အကုန်မဝယ်နိုင်တော့ဘဲ ပြန်ပြေးလာခဲ့တာ။ ကဲ - ပြောပြမယ် နားထောင်"

ဟု အစချီကာ ကျွန်ုပ်ကြုံတွေ့ခဲ့ရသော တောတောင်အတွေ့အကြုံများနှင့် ကျောက်စမ်းအိုင်ဂူ၌ တွေ့ရသော ရဟန်းတော် (၃)ပါးအကြောင်းကို အားပါးတရပြောပြလိုက်လေ၏။

"ကိုအိုက်ဆန်ရယ်၊ ကျွန်တော်ဖြင့်ကြားရတာနဲ့ကို ကြက်သီးမွေးညင်းတွေထလာတယ်။ ခင်ဗျားအရမ်းကံထူးတာပဲ။ တကယ်တော့ ခင်ဗျားကို ဖူးစေချင်လွန်းလို့ နတ်တွေက အပြစ်ကင်းကင်းနဲ့ ရဟန်းတော်တွေဆီပို့ပေးတာနေမှာ"

"ရဟန်းတော်တွေဖူးရတော့ ရင်ထဲမှာ အေးမြီးကြည်နူးလိုက်တာ၊ ကြည်ညိုလိုက်တာလွန်ပါရောဟာ။ ငါဒီကပြန်ရင် စီးပွားချည်းဖိရှာနေလို့မဖြစ်တော့ဘူး။ အေးငြိမ်းရာအစစ်ဖြစ်တဲ့ဝိပဿနာတရားရှုမှတ်မှရတော့မယ်လို့ ဆုံးဖြတ်မိတယ်"

"ဩော် - ဒါကတော့ ခင်ဗျားကို ရိပ်သာဝင်ပါ၊ ရိပ်သာဝင်ပါနဲ့ အာပေါက်မတတ် တိုက်တွန်းနေတာပဲ။ ခင်ဗျားဟာ ခင်ဗျား လောဘကျောမ,တက်ပြီး စီးပွားချည်းဖိရှာနေတာတော့ ကျွန်တော်လည်း မတတ်နိုင်ပါဘူး"

"အင်း - ဒီတစ်ခါ (၁၀)ရက်စခန်းပွဲဖွင့်ရင်တော့ ရိပ်သာမှာ တရားစအားထုတ်တော့မယ်။ ဒါမှအလေ့အကျင့်ဖြစ်သွားမှာ"

" ကဲ၊ကဲ - ဟုတ်ပါပြီ။ တောလိုက်ခဲ့တဲ့ အဝတ်တွေကိုလည်းချွတ်ပါဦး။ ပြီးတော့ ရေပါတစ်ခါတည်းချိုးလိုက် ဟုတ်ပြီလား"

❑ ရဟန္တာဖူးလိုသူများ

သစ်တစ်ပင်ရိပ်ဝါးတစ်ပင်အောက်၌ ငြိမ်းချမ်းစွာ သီတင်းသုံးသော ရဟန်းတော်တို့ရှိသည်ဆိုသည်ကို စာထဲပေထဲ၌ လည်းကောင်း၊ ဟောသံပြောသံအားဖြင့် လည်းကောင်း ကြားဖူးနားဝရှိခဲ့ပါသော်လည်း တောထဲတောင်ထဲမရောက်ဘူးသော ကျွန်ုပ်အဖို့ အမှန်ပင် မကြုံဘူးပါ။ ယခုအကြိမ်သည် ပထမဆုံးအကြိမ် တောထဲရောက်ဖူးခြင်းဖြစ်သလို ထိုတစ်ကြိမ်၌ပင်လျှင် တောနေရဟန်းတို့ကို မျက်ဝါးထင်ထင် ဖူးမြင်ခဲ့ရပေပြီ။

ထိုသည်တို့ကို ကျွန်ုပ်သည် မှန်းဆကြည်ညိုနိုင်ရန် ရင်းနှီးသူမှန်သမျှကို ပြောပြခဲ့ပါသည်။ ထိုအခါ ဗုဒ္ဓနွယ်ဝင်သူတော်စင်ဖြစ်ကြသော မိုးကုတ်သားတို့သည် တတ်နိုင်ပါက ချက်ချင်းပင် ပြေးဖူးချင်စိတ်များ ပေါ်ပေါက်ခဲ့ကြပါသည်။

သို့သော် ထိုတောခရီးလမ်းအား ကျွန်ုပ်မသွားတတ်ပါ။ သွားလိုပါက ခရီးကျွမ်းသော ကိုလမ်မဆီးတို့လီရှောများအား အားကိုးအားထားပြုရပေမည်။

သက်ကြီးရွယ်ကြီး ဝိပဿနာအလေ့အကျင့်ရှိသော မိုးကုတ်ဆရာတော်ဘုရားကြီး၏ တပည့်များကမူ ထိုပုဂ္ဂိုလ်မြတ်တို့သည် အရိယာပုဂ္ဂိုလ်သို့တည်းမဟုတ် ဈာန်ရရဟန္တာများဖြစ်နိုင်သည်ဟု ယူဆပြောဆိုကြပါသည်ဟု ယူဆပြောဆိုကြပါသည်။

အသက်အားဖြင့် (၅၀)ခန့်ရှိသော်လည်း သန်မာဖျတ်လတ်သေးသော ဦးတင့်ဆွေကမူ သူ့အမြင်ကို ပြောပြ၏။

"မောင်အိုက်ဆန်ရေ၊ လူဆိုတာ ကိုယ့်အကျိုးပေးသူဆိုတာရှိတယ်။ အကုသိုလ်ကင်းကင်းနဲ့လုပ်ကြရတဲ့ပတ္တမြားရှာဖွေတဲ့အလုပ်ကျတော့ အကုသိုလ်ကင်းတယ်။ ကျန်တဲ့ အကုသိုလ်ကင်းတဲ့အလုပ်တွေလည်း အများကြီးပါကွာ။ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းစတာတွေပေါ့။

အဲဒီ အကုသိုလ်ကင်းအလုပ်နဲ့ အကျိုးပေးသူတွေကို ကုသိုလ်အကျိုးပေးတဲ့ ကုသိုလ်နဲ့ အကျိုးပေးသူလို့ ဆိုရမယ်။ ခိုးဆိုးတိုက်ခိုက်ပြီး မကောင်းမှုနဲ့ ချမ်းသာသူတွေ၊ ကြက်၊ ဝက်၊ ဘဲ၊ နွား



www.burmeseclassic.com

www.burmeseclassic.com

တွေသတ်ရောင်းပြီး ချမ်းသာသူတွေ၊ အခြားဒုစရိုက်မျိုးစုံနဲ့ မတရားချမ်းသာသူတွေကျတော့ အကုသိုလ်နဲ့ အကျိုးပေးသူလို့ ခေါ်ရမယ်ကွ။

ကုသိုလ်နဲ့ အကျိုးပေးသူဟာ အကုသိုလ်အလုပ်ကို ပြောင်းလုပ်ကြည့်။ လုံးဝမအောင်မြင်တတ်သလို အကုသိုလ်နဲ့ ကြီးပွားချမ်းသာလာတဲ့လူကလည်း သမ္မာအာဇီဝကျကျ အကုသိုလ်ကင်းတဲ့ အလုပ်ကိုလုပ်ကြည့်၊ မအောင်မြင်တတ်ဘူး။

ဥပမာကွာ အထင်ရှားဆုံး ဥပမာကိုကြည့်။ တို့မိုးကုတ်မှာ ရှားရှားပါးပါး ပြည်တန်ဆာခေါင်းလုပ်နေတဲ့ ဦးပုတ်ကြီးကိုကြည့်ကွာ။ အကျိုးပေးတော့ အကြောင်းထင်ဆိုတာလို ဒီအလုပ်နဲ့ ချမ်းသာတယ်။

အဲဒီအခါမှာ ကုံလုံကြွယ်ဝနေပြီမို့ သူ့ခြံဝင်းအဝင်ဝမှာ အများမြင်စေဖို့ ယခင်အလုပ်မလုပ်တော့ပါဆိုတဲ့ဆိုင်းဘုတ်ကို ပေါ်ပေါ်တင်တင်ချိတ်ပြီး အခြားလူကဲ့ရဲ့လွတ်တဲ့အလုပ်ကိုပြောင်းလုပ်တယ်။ အားတက်သရောပါပဲ။ ဒါပေမယ့် ပြောင်းလုပ်တဲ့အလုပ်ဟာ သူ့စည်းစိမ်ကို တစ်စစီဆွဲဖြုပစ်လိုက်တယ်။

စဉ်းစားကြည့်၊ ကျောက်ကုန်သည်အလုပ်ဆိုတာ ကျောက်တုတစ်ချက်မိလိုက်တာနဲ့ ရှိတာ တက်တက်ပြောင်တတ်တာပဲလေ။ ဒါကို မင်းတို့ငါတို့ မြင်နေရတာပဲ။

ချမ်းသာတဲ့ဘဝကနေ ဦးပုတ်ကြီးအရင်းအနှီးမဲ့ လူဆင်းရဲဖြစ်သွားတယ်။ ဒီအခါ ခြံဝကဆိုင်းဘုတ်လေးကို ပြန်ဖြုတ်လိုက်ရပြီး ယခင်အလုပ်ပြန်လုပ်နေသည်ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်လေးပြန်ချိတ်လိုက်ရတယ်ကွ။ ဒါကို မိုးကုတ်တစ်မြို့လုံး သိပါတယ်ကွာ။

နောက်တစ်ခု ထင်သာမြင်သာ ငါပြောပြဦးမယ်။ တို့မြို့က ကြက်ကန်ထရိုက်ကိုကြည့်ကွာ။ သူလည်း ကြက်လုပ်ငန်းနဲ့ ချမ်းသာကြွယ်ဝလာတာပဲ။ တိုက်နဲ့ကားနဲ့ တူတူတန်တန်ဖြစ်လာခဲ့တယ်လေ။ အကုသိုလ်က အကျိုးပေးတာကိုးကွ။

ချမ်းသာကြွယ်ဝလာတဲ့အခါ သူလည်း အကုသိုလ်ကင်းတဲ့အလုပ်ကို ပြောင်းလုပ်တာပါပဲ။ လုံးဝကို အဆင်မပြေဘူး။ ဒါနဲ့ပဲ မူရင်းကြက်သတ်တဲ့အလုပ်ကို ပြန်လုပ်ရတယ်။ အဲဒီကျမှ ထူထူထောင်ထောင်ပြန်ဖြစ်လာတယ်။

ဒါမျိုး အများကြီးပဲကွ။

ဒါဘာလဲဆိုတော့ အကုသိုလ်အလုပ်နဲ့ အကျိုးပေးတဲ့လူတွေ ငါဆိုလိုတာက မင်းကိုဆိုလိုတာ မောင်အိုက်ဆန်။ မင်းက ကုသိုလ်အလုပ်နဲ့ အဆင်ပြေနေတဲ့ကောင်။ အကုသိုလ်အလုပ်ဖြစ်တဲ့အမဲလိုက်အလုပ်ကိုဝင်လုပ်တော့ မင်းမြင်တဲ့အတိုင်းပဲ။ တောကောင်လုံးဝမရတဲ့အပြင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေကို ဖူးတွေ့ရတယ်။ လုံးဝအကုသိုလ်အကျိုးမပေးသူဘဲကွ။

မောင်အိုက်ဆန်ရေ ငါ့အထင်ပြောရရင် မင်းဖူးတွေ့ခဲ့ရတဲ့ ရဟန်းတော်တွေဟာ ဈာန်သမာပတ်ရတဲ့ အရိယာပုဂ္ဂိုလ်တွေ ဖြစ်နိုင်တယ်။ သောတာပန်လား၊ သကဒါဂါမ်လား၊ အနာဂါမ်လား၊ ရဟန္တာလားဆိုတာတော့ တိတိကျကျ မသိနိုင်ဘူးပေါ့ကွာ။

ဘာကြောင့် ဒီလိုပြောနိုင်သလဲဆိုရင် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဆိုတဲ့အတိုင်း ဖလသမာပတ်ဝင်စားတဲ့ ရဟန္တာတွေတောင်မှ (၇) ရက်ပဲ သမာပတ်ခံစားနိုင်တယ်။ (၇) ရက်ပြည့်ရင် စားထားတဲ့ ဆွမ်းအဟာရဓာတ်က ကုန်ပြီလေ။ ဒီတော့ သမာပတ်ခံစားရာမှ ထပြီး ဝမ်းရေးအတွက် ဆွမ်းခံစားကြရတယ်။

ဒီလိုဆွမ်းခံပြီဆိုရင် မောင်အိုက်ဆန်တို့ရောက်ခဲ့တဲ့ တောနက်ကြီးထဲက ရဟန်းတော်တွေ ခြေကျင်ကြွပြီး ဆွမ်းခံစားရမယ်ဆိုရင် ဆွမ်းတစ်နပ်ဆိုတာ မလွယ်ပေဘူးပေါ့။ ဈာန်အဘိညာဉ်အစွမ်းနဲ့ကြွမြန်းမှသာလျှင် မိမိကြွလိုရာ၊ ဆွမ်းခံရာရွာကို ကြွနိုင်မှာမဟုတ်လား။ ဈာန်အဘိညာဉ်မရလို့ကတော့ ဆွမ်းခံရာရွာနဲ့ ဒီလောက်ဝေးလံခေါင်သီနေတဲ့ တောနက်ကြီးထဲမှာ နေနိုင်ဖို့ မလွယ်ပါဘူး။

ဒီလို ဆွမ်းခံရာရွာနဲ့ အလွန်ကွာဝေးတဲ့ တောနက်ကြီးထဲမှာ သာမန်ပုထုဇဉ်ရဟန်းတော်တွေ သီတင်းသုံးနိုင်ဖို့ မလွယ်လှပါဘူး။ တောနေရဟန်းဆိုတဲ့ အရညဝါသီ မိုခိုသီတင်းသုံးတဲ့ ရဟန်းတော်တွေဟာ မိမိမှီခိုရာတောရဲ့ မနီးမဝေးမှာ ဂေါစရဂံဆိုတဲ့ ဆွမ်းခံရာရွာရှိပါတယ်။ ဒါမှဘောဇနသပ္ပာယမျှတမှာပါ။

အဲဒါကြောင့် တိတ်ဆိတ်ငြိမ်သက်တောနက်ကြီးထဲက ကျောက်စမ်းအိုင်ဂူတွေမှာ သီတင်းသုံးနေတဲ့ ရဟန်းတော်တွေဟာ ရဟန္တာတွေပါလို့ သမုတ်လည်း လွန်အံ့မထင်ဘူးပေါ့ကွာ။

ဒီမှာ မောင်အိုက်ဆန်ရ၊ အဲဒီ ရဟန်းတော်တွေကို ငါလည်းဖူးချင်ပါဘိ။ အဲဒါ ငါတို့တွေလူစုပြီး မင်းရဲ့ မိတ်ဆွေ လီရှောကို လိုက်ပို့ခိုင်းလို့ရမလား။ အလကားမဟုတ်ပါဘူး။ လမ်းပြခထိုက်သင့်တဲ့ကြေးငွေ ငါတို့ပေးပါ့မယ်။ ဘယ်လိုလဲ"

"ဟုတ်တယ် ဦးတင့်ဆွေ၊ ဦးတင့်ဆွေလိုပဲ ကိုအိုက်စဲတို့အုပ်စုကလည်း ဖူးမြင်လိုကြောင်း ပြောကြတယ်။ ပြီးတော့ ဦးတင့်ဆွေကို ထူးခြားတာတစ်ခု ပြောရဦးမယ်။ အဲဒီစမ်းကျအိုင်ထဲက ကျွန်တော်လက်နဲ့နှိုက်ကြည့်တော့ ပတ္တမြားအမှုန်အမွှားတွေလည်း အတော်ပါတာ တွေ့ရတယ်။ အဲဒါ ရဟန္တာလည်းဖူးရင်း၊ ကျောက်လည်းတူးရင်း ဆိုတာလို ကျွန်တော် လမ်းပြငှားပြီးသွားဖို့စိတ်ကူးထား ပါတယ်။

"အေးကွာ၊ ဒါဆို ငါ့ကို မမေ့နဲ့ မောင်အိုက်ဆန်"

"စိတ်ချပါ ဦးတင့်ဆွေ"

## ⊐ ကျောက်စမ်းအိုင်ဂူသို့

ထိုကျောက်စမ်းအိုင်ဂူရှိ ရဟန်းတော်မြတ်များအား ဖူးတွေ့နိုင်ရန် ကျွန်ုပ်သည် ကိုလမ်မဆီးအား အခကြေးငွေဖြင့် လမ်းပြအဖြစ် ငှားရမ်းလိုက်ပါသည်။ တစ်ညအိပ်ခရီး ဖြစ်ပါသည်။

ကျွန်ုပ်နှင့် ဦးတင့်ဆွေတို့ ခေါင်းဆောင်သော ရဟန္တာဖူးအဖွဲ့သည် စုစုပေါင်း (၇) ယောက်ရှိ၏။ ရဟန္တာအရှင်မြတ်များအား လှူဒါန်းရန် သင်္ကန်း၊ ဆွမ်း၊ ခဲဘွယ်ဘောဇဉ်တို့လည်း စီစဉ်ခဲ့လေ၏။

ထို့ပြင် ရေတံခွန်ကျရာ ကျောက်စမ်းအိုင်အတွင်းရှိ ကျောက်အမှုန်အမွှားများအား တူးဖော်ရယူရန် ပေါက်ပြားတစ်လက်နှင့် ပွိုင့်ဝိုင်းဆန်ခါတစ်ချပ်လည်း စီစဉ်ခဲ့လေ၏။

ကျွန်ုပ်တို့သည် တောလိုက်ဖော်မြှောင်များကို ကိုယ်စီပါကြလျက် တော စီးဖိနပ်ဖြစ်သော ကင်းဘတ်ရှူးဖိနပ်များကိုယ်စီစီးကာ နံနက်(၄)နာရီ မိုးကုတ်မှ ပြောင်ခေါင်းကြီးသို့ ချီတက်ကြ၏။

ပြောင်ခေါင်းသို့ သွားရာလမ်း ဦးစွာ အုန်းကိုင်းရွာသို့ သွားလျက် အုန်းကိုင်းမှ ပြောင်ခေါင်းသွားရာ ကားလမ်းကြီးအတိုင်းချီတက်ကြရသည်။ ထိုခေတ် ထိုအခါ နွေအခါတွင်မှသာ ဂျစ်ကား



www.burmeseclassic.com

www.burmeseclassic.com

သွားနိုင်ကြပြီး မိုးရာသီဖြစ်ပါက မြင်းများ၊ လားများသာ အားကိုးရသောလမ်းဖြစ်၏။ ဗွက်အလွန်ထူ၏။ လမ်းမှာ တစ်လမ်းလုံး အတက်ချည်းသာဖြစ်ပြီး အင်းချောက်ရွာရောက်မှ အတက်ကုန်ပြီး ပြန့်သို့ရောက်၏။ အင်းချောက်မှသည် ပြောင်ခေါင်းကြီးအထိ ရွာတန်းရှည်ကြီး ဖြစ်သည်။

ကျွန်ုပ်တို့မှာ သဒ္ဒါဇောကြောင့် ထင်၏။ ပေါ့ပါးသွက်လက်နေကြသလို မော်ရကောင်းမှန်းပင် မသိကြပါ။ နံနက် (၈) နာရီမထိုးမီ ပြောင်ခေါင်းကြီးသို့ ရောက်လျက် နံနက်စာစီစဉ်ကာစားကြ၏။

ကိုလမ်မဆီး ဦးဆောင်သော ကျွန်ုပ်တို့အဖွဲ့သည် နံနက်(၉)နာရီခွဲခန့်တွင် ရွာ၏အနောက်ဘက် တောထဲသို့ စတင်ဝင်ကာ တောနက်ထဲသို့ဝင်ရောက်ခဲ့ကြလေ၏။ ကိုလမ်မဆီးမှာမူ သူ့ဥာဉ်အတိုင်း တောပစ်တူမီးသေနတ်ကိုကိုင်ဆောင်ခဲ့လေ၏။ ကျွန်ုပ်တို့အဖွဲ့မှာမူ တောလိုက်ခြင်း မဟုတ်သဖြင့် စကားတဖောင်ဖောင်ဖြင့်ရှိလေ၏။ကိုလမ်မဆီးတလည်း တောလိုက်သော ခြေထောက်မဟုတ်ဘဲ ပုံမှန်သာသွားပေးနေသဖြင့် တော်သေး၏။မြို့ပြတို့တွင် မြင်ရခဲသော သစ်ကြီးဝါးကြီးများကိုလည်း ငေးမောကြရ၏။ လှပသော တောပန်းရိုင်းများကိုလည်း ခံစားကြရ၏။

တစ်နေရာအရောက် ကျောက်တုံးကြီးများပြန့်ကြနေသည့် သစ်ရိပ်ကောင်းသောနေရာတွင်ခေတ္တထိုင်ကြ၏။ သို့နှင့် ခနီးမဝေးရှိ နွယ်ပင်မှ ညိုမည်းကာမှည့်ခွဲနေသောအသီးတို့ ကို ကိုလမ်မဆီးက အားပါးတရခူးစားနေ၏။ အသီးပြွတ်များမှ စပျစ်သီးများနှင့် တူလှပေ၏။ အသီးတို့မှာ လက်တစ်ကမ်းတွင် ပြွတ်ခဲနေရာ စားစချင့်ဖွယ်ဖြစ်နေ၏။

"ကိုလမ်မဆီး၊ အဲဒါဘာသီးတွေလဲဗျ"

"ကျွန်တော်တို့ကတော့ တောစပျစ်လို့ခေါ်ကြတယ်။ စားကြည့်လေ။ စားလို့ အတော်ကောင်းပါတယ်"

ဟု ပြောပြီး အားပါးတရစားနေလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့အဖွဲ့မှာလည်း တောစပျစ်သီးတို့ကို အားပါးတရ ခူး၍ စားကြလေတော့၏။ သူ၏နွယ်တို့သည် လက်မောင်းလုံးခန့်ပင် ရှိကြ၏။ သူ၏ပုံသဏ္ဌာန်သည်လည်း စပျစ်သီးနှင့် အတော်ပင်တူပြီး အရသာမှာမူ အနည်းငယ်ကွာခြား၏။ အရသာမှာ ချိုချဉ်ဖြစ်၏။ စားကောင်းကောင်းနှင့် တဝကြီး စားလိုက်ကြလေ၏။

ခဏအကြာတွင် ခရီးဆက်လက်ထွက်ခွာလာလေ၏။ ထိုအခါ တောစပျစ်သီးတန်ခိုးပြလာတော့၏။ ထိုသည်မှာ ပါးစပ်တစ်ခုလုံး ယားယံလာခြင်းပင် ဖြစ်ပါတော့သည်။ အားလုံးပင် လျှာကို ထုတ်ကာ အယားပြေစေကြောင်း အမျိုးမျိုးပြုလုပ်ကြပါသော်လည်း မရကြပေ။ ထို့ကြောင့် ကိုလမ်မဆီးအား မေးကြည့်ရလေ၏။

"ကိုလမ်မဆီးရေ၊ တောစပျစ်သီးတွေ စားကောင်းကောင်းနဲ့ စားလိုက်တာ လျှာတွေယားလိုက်တာဗျာ။ ကိုလမ်မဆီးကော မယားဘူးလား"

"မယားပါဘူးဗျာ၊ ကျွန်တော်တို့က စားနေကျဆိုတော့ ရိုးနေပြီ"

ဟု ဆိုသဖြင့် စကားဆက်စရာအကြောင်း မရှိတော့ပေ။ နားနားနေနေဖြင့် တစ်တောဝင်တစ်တောတက်ဖြင့် လာခဲ့ကြရာ တစ်နာရီကျော်ကြာမှ အယားပျောက်လေ၏။ 'စာချင်ဦးဟဲ့ တောစပျစ်သီး' ဟူ၍ ကိုယ့်ကိုယ်ကိုယ် ကျိတ်ပြီးဆုံးမရလေ၏။

လမ်း ဟူ၍ လုံးဝမရှိသော တောနက်တောင်နက်တို့ကို ဖြတ်ကျော်ကာ ကိုယ်လိုရာခရီးကို သွားနိုင်စွမ်းရှိသော ကိုလမ်မဆီးတို့လည်း ကျိတ်၍ချီးကျူးမိ၏။

ညနေစောင်းအချိန်တွင် ကျွန်ုပ်တို့အဖွဲ့သည် ကျောက်စမ်းအိုင်ဂူသို့ ဆင်းရာလမ်းကြောင်းသို့ ရောက်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဦးတင့်ဆွေတို့အဖွဲ့အား -

"ကဲ-ဦးတင့်ဆွေရေ၊ ကျောက်စမ်းအိုင်ဂူဆိုတာ အဲဒီချိုင့်ဝှမ်းကြီးပဲဗျ။ ဒီကနေဆင်းရင် ရောက်ပြီ။ ရဟန်းတော်တွေ ဖူးတွေ့ရပါစေလို့ ဆုတောင်းရတာပဲ။ ကဲ - ဆင်းကြစို့ဗျို့။ နွယ်တွေကို မြဲမြဲဆုပ်ကိုင်ပြီးဆင်းကြနော်"

ဟု မှာကြားရလေ၏။

## ၂ နှစ်ခါမရသောအခွင့်အရေး

ကျောက်စမ်းအိုင်ဂူသို့ ရောက်သည်နှင့် ကျွန်ုပ်သည် ဆူညံခြင်းမပြုရန် သတိပေးတားမြစ်လျက် ရဟန်းတော်များ တရားအားထုတ်သည့်ဂူများဆီသို့ ဦးဆောင်ခေါ်သွားခဲ့၏။ သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဟူဘိသို့ ဂူတို့တွင် ရဟန်းတော်တစ်ပါးမှ သီတင်းသုံးနေခြင်းမရှိသည်ကိုတွေ့ရရာ ကျွန်ုပ်သည် ရင်ထဲတွင် ဟာခနဲဖြစ်သွားပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ရ၏။ ခဲလေသမျှ သဲရေကျဖြစ်ရလေပြီ။

ကျွန်ုပ်တို့သည် ရဟန်းတော်များအား လှူဒါန်းရန် သင်္ကန်းများလည်းပါ၏။ ဆွမ်းချက်ကပ်ရန် အစီအစဉ်လည်းပါ၏။ ခဲဖွယ်ဘောဇဉ်များလည်းပါ၏။

"ဦးတင့်ဆွေရေ၊ အလာကောင်းပေမယ့် အခါနှောင်းဆိုတာလိုပဲ။ ရဟန်းတော်တွေ ဒီဂူတွေမှာသီတင်းမသုံးတော့တဲ့အခါကျမှ ကျွန်တော်တို့ကရောက်လာခဲ့တယ်ဗျာ။ ကျွန်တော်က အမြဲသီတင်းသုံးနေမယ်ထင်ထားတာဗျ။ ဒီလိုပဲ တောနက်တောင်နက်တွေမှာ လှည့်လှည် သီတင်းသုံးကြတာနေမှာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ မောင်အိုက်ဆန်ရာ။ ဒီတော၊ ဒီတောင်၊ ဒီဂူတွေမှာ ရဟန်းတော်တွေသီတင်းသုံးလေ့ရှိတယ် ဆိုတာကိုပဲ တို့တွေမှန်းဆကြည်ညိုကြတာပေါ့။ ပြီးတော့ ပါလာတဲ့ သင်္ကန်းတွေကိုလည်း ဒီဂူထဲမှာ ပုံသကူပစ်ပြီးလှူခဲ့တာပေါ့ကွာ"

"ဟုတ်ကဲ့ - ကျွန်တော်လည်း အဲဒီလိုပဲတွေးထားပါတယ်"

"မောင်အိုက်ဆန်ရေ၊ မောင်ရင်နဲ့ ထိုက်လို့သာ ဖူးခွင့်ကြုံတုန်း ဖူးလိုက်ရတာကွ။ တို့နဲ့တော့ မထိုက်ပေဘူးပေါ့ကွာ။ မှတ်ထား၊ မောင်အိုက်ဆန်ရေ။ အခွင့်အရေးဆိုတာ နှစ်ခါရရိုးမရှိဘူး။ ရတဲ့အခိုက်မှာ အရယူလိုက်နိုင်မှ တော်ရုံကျတာ။ မောင်ရင် တွေ့တဲ့အခိုက် ဝအောင် ဖူးလိုက်နိုင်ရင်တော့ အတော်ကံကောင်းပြီပေါ့ကွာ"

"ကျွန်တော်လည်း မုဆိုးတွေနဲ့ လိုက်ရတာဆိုတော့ စိတ်တိုင်းကျအကြာကြီးတော့ မဖူးနိုင်ဘူးပေါ့ဗျာ"

ဟု ပြောဆိုပြီး ပြောင်၍သန့်ရှင်းနေသော ကျောက်ဂူများအား လိုက်လံကြည့်ရှုကြလေ၏။

## ၃ ပျောက်ကုန်သောကျောက်များ

ကျွန်ုပ်တို့အစီအစဉ်သည် ပဌမ ရဟန်းတော်များအား ဆွမ်းကပ်ရန်၊ ဒုတိယ စမ်းကျအိုင်မှ ကျောက်များ ရှာဖွေရန် ဖြစ်သည်။ ပဌမအစီအစဉ် မအောင်မြင်သဖြင့် ကျွန်ုပ်တို့ ဦးတည်ချက်သည် နောက်နေ့ မနက်လင်းသည်နှင့် စမ်းကျအိုင်အတွင်းမှ ကျောက်မှုန်ကျောက်မွှားများ ရသလောက်ဆေး၍ ယူရန်ဖြစ်သည်။ ကံကောင်းထောက်မခဲ့သော် ကျောက်ကောင်းများပင် ပါနိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ရှိလေ၏။

စကျင်ကျောက်ဂူတို့မှ ကျောက်စက်ပန်းဆွဲများ၊ သဘာဝအလျောက်ပွင့်နေကြသော ကျောက်ကပ်ပန်းမျိုးစုံများ၊ ရေညှိပင်များ၊ ဥရင်ကောက်ပင်များ စသည်ဖြင့် ကြည့်မဝနိုင်အောင်လှပသော ဝန်းကျင်အား တဝကြီးလှည့်ပတ်ကြည့်ရှုကြပါသည်။ အလွန်လှပတင့်တယ်အေးချမ်းသော သဘာဝပန်းချီကားကြီးတစ်ချပ်ပင် ဖြစ်ပါသည်။ တောကြီးမြိုင်လယ်တွင် လှပဆန်းကြယ်စွာဖြစ်ပေါ်သည်မှာ အံ့ဩစရာကောင်းလှပါ၏။

ကိုလမ်မဆီး ဦးဆောင်ကာ ညစာချက်ပြုတ်စားသောက်ကြပြီးသော် ကျွန်ုပ်တို့သည် ရဟန်းတော်များ သီတင်းသုံးရာဂူများအတွင်းဝင်၍ အိပ်စက်အနားယူကြပါသည်။ ချောဟောက်သံ၊ ညဥ့်ငှက်သံ အနည်းငယ် ကြားရသည်မှအပ တိတ်ဆိတ်ငြိမ်သက်အေးချမ်းလှပေ၏။ ကျွန်ုပ်မှာမူ အတော်နှင့် အိပ်မပျော်ပါ။ အဓိကကျသောဆန္ဒမပြည့်ဝ၍ ဖြစ်ပါသည်။

နံနက်အိပ်ရာထသော် ကိုလမ်မဆီးနှင့် ဦးတင့်ဆွေတို့ ထမင်းချက်ကြပြီး ကျွန်ုပ်နှင့် ကျန်လူငယ်တို့မှာ အိုင်တွင်းမှ သဲတို့ကို ကျုံးယူလျက် ပွိုင့်ဆန်ခါဖြင့် ဝိုင်းကြပါသည်။ ပွိုင့်ဆန်ခါနှင့်ဝိုင်းသော် လေးလုံးစည်၊ ငါးလုံးစည်ပင်လျှင်မလွတ်ချေ။ အကုန်ရနိုင်ဖွယ်ရှိ၏။

ပထမ ဆန်ခါမှောက်သော် သဲနှုန်းသည်မှတစ်ပါး သဲတို့မည်းနေ၏။ ထိုသဲကိုမူ ပဆစ်သဲဟုခေါ်၏။ ထိုသဲနှင့်နိုင်းချင်း ပတ္တမြားအနီအမှုန်အညာများ ကျွန်ုပ်နိုက်စဉ်က တွေ့မြင်ခဲ့သော်လည်း ယခုသော် ပတ္တမြားအနီ ဟူ၍ တစ်ပွင့်မျှပင် မတွေ့ရရာ ကျွန်ုပ်အံ့အားသင့်သွား၏။

"ဟာ - ငါလက်နဲ့နိုက်ကြည့်တုန်းကတောင် အမှုန်အညာတွေ ဒီအတိုင်းမြင်နေရတာကွာ။ အခုဘယ်ရောက်ကုန်ပါလိမ့်"

ဟု စိတ်အားပျက်စွာ ညည်းမိ၏။

ထိုအခါ အိုက်ပန်းက -

"သဲတွေ တစ်အိုင်လုံးကျန်သေးတာပဲဗျာ။ ပါမှာပေါ့"

ဟု အားပေးလေ၏။

ကျွန်ုပ်လည်း 'ဟုတ်ရင် ဟုတ်မှာပါလေ' ဟု တွေးမိ၏။ တစ်ဆန်ခါပြီး တစ်ဆန်ခါ မှောက်နေရာ ပတ္တမြားဟူ၍ မှုန်မှုန်ညာညာပင်မပါတော့ရာ ကျွန်ုပ်သည် စိတ်ဓာတ်အကျကြီးကျသွား၏။

မကြာမီ ဦးတင့်ဆွေ လာရောက်ကြည့်ရှုပါသည်။

"ဘယ်လိုလဲဟေ့ မောင်အိုက်ဆန်"

"ကျွန်တော် ပထမတစ်ခေါက်နိုက်ကြည့်တုန်းက ကျောက်အမှုန်အမွှားတွေတွေ့ရတယ်ဗျ။ ခုကျတော့ တစ်ပွင့်မှကိုမရှိတော့တာ"

"အဲဒါပြောတာပေါ့ကွ။ အခွင့်အရေးဆိုတာ ပေးတုန်းယူမှရတာ။ နှစ်ခါပြန်ပေးတဲ့ ထုံးစံမရှိဘူး။ တို့မိုးကုတ်သားတွေပဲကွာ။ ပတ္တမြားဆိုဟာ နတ်ပစ္စည်းဆိုတာသိနေတာပဲ။ ပထမတစ်ခါတုန်းကသာ ခုလိုလုပ်နိုင်ရင် ကျောက်ကောင်းတောင် ပါနိုင်တယ်ကွ။ ခုတော့ ကျောက်တွေ ပြန်သိမ်းသွားပြီလေ။ ဆက်လုပ်နေရင် လူအအေးပတ်ရုံပဲရှိမယ်၊ ကျောက်တော့ရမှာမဟုတ်ဘူး။ ကဲကဲ - ကောင်လေးတွေ တော်ကြတော့ကွာ။ ရေချိုးရင်ချိုး၊ ခြေထောက်ဆေးရင်ဆေးကြ။ မနက်စာစားကြရအောင်"

ဟု ဆိုသဖြင့် လူငယ်များ ကျောက်ရှာခြင်းအလုပ်ကို နားလိုက်ကြပါသည်။ ကောင်းမွန်စွာ စီမံချက်ပြုတ်ထားသောနံနက်စာကို တပျော်တပါးစားသောက်ကြလေ၏။ ဆက်၍နေ့လယ်စာ စီမံချက်ပြုတ်၊ ထုပ်ပြီးသော် ကျွန်ုပ်တို့သည် လာရာလမ်းကြောင်းသို့ ပြန်ခဲ့ကြလေတော့၏။

ကျွန်ုပ်ဘဝတွင် အထက်ပါအဖြစ်အပျက်တို့ ကြုံခဲ့ဖူးပါမှ အခွင့်အရေးဟူသည် နှစ်ခါမရစကောင်း ဟူသောသဘောကို စောကြောမိလေတော့၏။

(ဤသည်မှာ စာရေးသူ ကျွန်ုပ်ကျောက်ကုန်သည်လုပ်စဉ် ပိတ်စွယ်ရပ်မှကိုအိုက်ဆန် ပြောပြသော အကြောင်းအရာတို့ဖြစ်လေ၏။)

**ဥ အခွင့်အရေး (၅)**

မိုင်းရှူးရတနာမြေ၊ မိုင်းရှူးပတ္တမြားမြေဟု ခေါ်တွင်ကြသော မိုင်းရှူးကျောက်မျက်ဖက်စပ်တွင် ခဲတောင်ဖက်စပ်ကြီးတစ်ခု၌ ကျွန်ုပ်မန်နေဂျာလုပ်၍ နေစဉ် လူသေ၊ လူပျောက်မရှိခြင်း၊ မှုခင်းနည်းပါးခြင်း၊ ကျောက်ထွက်အားကောင်းခြင်း၊ စည်းကမ်းစနစ်ရှိခြင်းတို့ကြောင့် ကျွန်ုပ်ဦးဆောင်သော လုပ်ငန်းသည် အောင်မြင်မှုရရှိသည့်အပြင် နာမည်ကောင်းပါ ရလေ၏။

ထိုသို့ အရှိန်အဟုန်ကောင်းစွာ ထုတ်လုပ်နေစဉ် အနောက်နိုင်ငံကြီးတစ်ခုမှ မြန်မာ့ကျောက်မျက်ရတနာပိတ်ဆို့မှုကြောင့် ကျောက်ဈေးများ (၅) ဆမျှကျဆင်းသွားတော့၏။ ဆိုလိုသည်မှာ ပုံမှန်တစ်သိန်းတန်သောကျောက်သည် နှစ်သောင်းမျှသာတန်လေတော့၏။

ထိုအခါ ထုတ်လုပ်မှုစရိတ် လွန်စွာမြင့်မားသော ကျောက်မျက်ဖက်စပ်တို့သည် များစွာအခက်ကြုံရတော့၏။ အရှုံးနှင့် အကြီးအကျယ် ရင်ဆိုင်ရတော့၏။

ထုတ်လုပ်မှုစရိတ် မြင့်မားစွာ တုန်ကျထားသော ကျောက်တို့သည် ဈေးမရှိတော့ရာ ကျောက်တို့သည် ငွေဖြစ်မလာတော့ပေ။ လက်ထဲတွင် ကျောက်များသောင်တင်နေကြ၏။

ရှုံး၍လည်း မရောင်းလိုကြရာ တစ်နေ့ ကျောက်ဈေးကောင်းနိုးနိုးဖြင့် မျှော်ကိုးသူတို့လည်းရှိလာကြ၏။ ငွေပင်ငွေရင်းတောင့်တင်းသောလောပန်တို့မှာမူ ကျောက်ဈေးမရှိမှန်းသိလျက်နှင့် (၂) သုတ်မျှဆက်၍လုပ်ကြသည်။ ငွေရင်းမတောင့်တင်းသော လောပန်တို့မှာမူ ဖက်စပ်တို့ နားလိုက်ကြလေ၏။

အများအားဖြင့် နားကြသော်လည်း လောပန်ကြီးအနည်းစုမှာမူ ဟန်မပျက်လုပ်လျက်ရှိလေ၏။ ကျွန်ုပ်တို့ဖက်စပ်မှာလည်း ငွေကြေးအခက်အခဲကြားမှပင် တစ်သုတ် (၃) လမျှ ဆက်၍လုပ်ကိုင်ခဲ့ပြီး နားလိုက်ရလေတော့၏။ ထိုအခါ ကျွန်ုပ်တို့သည် အလုပ်လက်မဲ့ဘဝသို့ရောက်ကြရလေ၏။

ဖက်စပ်မှာနေ ဖက်စပ်မှာစား၍ စားရေးမပူရသော်လည်း ဝင်ငွေကားလုံးဝမရှိတော့ပြီဖြစ်၏။ ထိုအချိန်တွင် တာဝန်ကြီးသော ကျွန်ုပ်သာ ဖက်စပ်တွင် ငုငုကြီးကျန်နေသော်လည်း ကျန်လုပ်သားတို့မှာ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားခဲ့လေပြီ။

ထိုအခါ ကျွန်ုပ်အားကိုးအားထားကိုတွေးကြည့်ရာ မိုးကုတ်သား လောပန်ကြီးတစ်ဦး၏ဖက်စပ်မှာမူ ကွန်ြေမပျက်လည်ပတ်လျက်ရှိလေ၏။ ထိုဖက်စပ်ကြီး၏ တာဝန်ခံ မန်နေဂျာသည် ကျွန်ုပ်၏မိတ်ဆွေ မိုးကုတ်သား မန်နေဂျာဖြစ်၏။ သူ့ထံသွား၍ အလုပ်ရှာရသော် အဆင်ပြေလောက်၏ဟုတွေးကာ သူ၏စက်နံပါတ်ကိုနှိပ်ကာ စက်ဖြင့် ဆက်သွယ်စကားပြော၏။ နက်ဖြန်ဆက်ဆက်လာခဲ့ပါဟု ခေါ်သဖြင့် နောက်နေ့သွားရန် ဆုံးဖြတ်လိုက်၏။

နောက်နေ့ မိတ်ဆွေ မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com

သွားသောအခါ -

" ကိုကျော်စိုး၊ ကျွန်တော်တို့ထဲက မန်နေဂျာတစ်ဦး အလုပ်ပြောင်းရွှေ့ခဲ့ရတယ်။ အဲဒါ ကိုကျော်စိုး နက်ဖြန်သာဝင်ပါ။ ပထမအင်ချက်ရာထူးအနေနဲ့စလုပ်ပါ။ မိုးကုတ်က လောပန်ကြီးလာရင် ကိုကျော်စိုးနဲ့တွေ့ပြီးမိတ်ဆက်ပေးမယ်။ ကိုကျော်စိုးလည်း မိုးကုတ်ကဆိုတော့ လောပန်ကြီးကသဘောကျမှာပါ။ အဲဒီလစ်လပ်နေရာကို အစားထိုးပေးပါမယ်။ လာဖြစ်အောင်သာလာခဲ့ပါ။ ရက်မကြာပါစေနဲ့။ ဖြစ်နိုင်ရင် နက်ဖြန်သာလာခဲ့ပါ"

ဟု ဆိုသဖြင့် ကျွန်ုပ်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေ၏။ ထိုမန်နေဂျာသည် ထိုဖက်စပ်၏ မန်နေဂျာချုပ်ဖြစ်၏။ လက်ထောက်မန်နေဂျာ များစွာရှိ၏။ ဖက်စပ်မှာ ကြီးမား၏။ ကျယ်ပြန့်၏။ အပေးအကမ်းလည်း ရက်ရောလှ၏။ လောပန်မှာလည်း မိုင်းရှူးရတနာမြေတွင် အကောင်းဆုံး၊ အတော်ဆုံး၊ အရက်ရောဆုံး၊ အမှန်ကန်ဆုံးဟူ၍ နာမည်ကောင်း သတင်းမွှေးသူဖြစ်ရာ ထိုဖက်စပ်တွင် အင်ချက်တစ်နေရာစာ ဝင်ရရန် မလွယ်ကူလှပေ။

ကျွန်ုပ်နှင့် ထိုမန်နေဂျာချုပ်မှာမူ မန်နေဂျာအချင်းချင်းဖြစ်၍လည်းကောင်း၊ မိုးကုတ်သားအချင်းချင်းဖြစ်၍လည်းကောင်း၊ ကျွန်ုပ်၏ကောင်းဂုဏ်များအားလေးစား၍လည်းကောင်း ထိုသို့သောနေရာကိုပေးခြင်း ဖြစ်ပါသည်။

ထိုနေ့ညတွင် ကျွန်ုပ် အတော်နှင့်အိပ်မပျော်ဖြစ်ရ၏။ ဖက်စပ်ဟောင်းတွင် ရှယ်ယာရှင်များ (?) သူငယ်ချင်းများစောင့်ရင်း အဟောင်းဈေးနှုန်းများဖြင့် ရောင်းချပေးနေရချိန်ဖြစ်သည်။ ရှယ်ယာရှင်များလည်း ကုန်လုနီးပါးရှိနေခဲ့ပါ၏။ ထိုညတွင် ကျွန်ုပ်၏လောပန်ထံသွား၍ ခွင့်ပန်၏။

"လောပန်၊ နက်ဖြန် ကျွန်တော် ဖက်စပ် အမှတ် (xxx) ကို ပြောင်းတော့မယ်၊ အဲဒီမှာပြောထားပြီးပြီ"

"အား . ဦးကျော်စိုးကွာ၊ မင်းငါ့ကို ပစ်ထားခဲ့တော့မှာလား။ ငါဆိုရင် ဘယ်လုပ်ငန်းမှန်သမျှ မင်းကိုအားလုံးအစစ်အဆေးမရှိ ယုံယုံကြည်ကြည် လွှဲအပ်ထားခဲ့တာပဲကွာ။ မင်းတင်တဲ့ စာရင်းကို ဘယ်တုံးကမှ မစစ်ဆေးခဲ့ဘူး။ ငါ မင်းကို အဲဒီအထိယုံတာ။ အဲဒီကျေးဇူးကို မှတ်ထားပါဦးကွာ"

ဟု ဆိုလေရာ ကျွန်ုပ်သည် လွန်စွာအားနာတတ်သူဖြစ်ရာ လောပန်အပေါ်တွင် လွန်စွာအားနာသွားလေ၏။ အမှန်တော့လည်း ပြောသမျှမှန်ပါသည်။ သူ့တွင် လူယုံတရုတ်တွေရှိ၏။ ညီတွေရှိ၏။ ယောက်ဖတွေ၊ ဆွေမျိုးတွေရှိ၏။ အားလုံး တရုတ်များသာ ဖြစ်သည်။ သို့သော် သူ့ဆွေသူ့မျိုးတို့အား ကျွန်ုပ်၏ လက်ထောက်မန်နေဂျာများအဖြစ်သာ ထားပါသည်။ငွေကြေးကိုင်တွယ်ခွင့်မပြု။ ကုမ္ပဏီလည်ပတ်ငွေမှန်သမျှ ကျွန်ုပ်တစ်ဦးတည်းသာ ကိုင်၍သုံးစွဲပါသည်။ ထိုမျှ ကျွန်ုပ်အပေါ် ယုံစား၏။

ကျွန်ုပ်မှာ ဗမာဖြစ်သော်လည်း တရုတ်လောပန်၏ယုံကြည်မှုကို ရယူနိုင်ခဲ့သည်။ ကျွန်ုပ်၏ ဆုံးဖြတ်မှုသည် မှားခဲ့သော်မှ လောပန်မှ စေတနာအမှားဟု သတ်မှတ်၏။ အပြစ်ယူခြင်း၊ ဆူပူခြင်း မရှိ၊ ဘာလုပ်လုပ် ရဲရဲလုပ်ဟုသာ အားပေးလေ့ရှိသူ ဖြစ်သည်။ ဆိုရသော် ရောင်းရင်းစိတ်ထားခြင်းဖြစ်၏။

"ဦးကျော်စိုး - မင်းဘာသုံးသုံး၊ ကြိုက်တာသုံး၊ ကြိုက်တာဝယ်ဝတ်၊ ကြိုက်တာစား၊ ကုမ္ပဏီစာရင်းထဲသာ ထည့်လိုက် ငါလက်ခံတယ်"

ဟုလည်း အကြိမ်ကြိမ်ပြောတတ်သည်။ ထိုသို့ ခွင့်ပြုသော်လည်း ကျွန်ုပ်ကား အခွင့်အရေးယူသူ မဟုတ်ပါ။ နေ့စဉ် ဈေးဝယ်ရန် မဏိရတနာဈေးကြီးသို့ ရောက်တိုင်း သွပ်တန်းရှိ လျှောက်လျှောက်ခေါက်ဆွဲဆိုင်တွင် အကြော်နှင့် ခေါက်ဆွဲစားခြင်း၊ ကြာကြာတစ်ခါ မိုင်းရှူးရတနာမြေရှိ စာရေးဆရာများဖြစ်သော ကျောက်မဲ - မောင်သင်းထုံ၊ မောင်သက်ပန် (မိုးကုတ်)၊ ပန်းချိဥက္ကာ၊ ချမ်းနောင်နောင်(မိုးကုတ်)၊ ဦးသန်းညွှန့် (ရွှေစမူ)၊ ဒေါက်တာကေကေ စသော စာရေးဆရာများအား လျှောက်လျှောက်စားသောက်ဆိုင်၌ကျွေးမွေးခြင်း၊ရံဖန်ရံခါ မန်နေဂျာများဆုံမိပါက ကျွေးမွေးခြင်းတို့သာ သုံးပါသည်။ သို့တွက် ကျွန်ုပ်၏ ကိုယ်ကျိုးသုံးစရိတ် မကြီးလေးလှပါ။ မိမိကို ငဲ့သလို မိမိကလည်း ပြန်ငဲ့လျက် မကုန်သင့်သည်ကို မကုန်သင့်သည်ကို မကုန်အောင် ဂရုစိုက်ခြင်း ဖြစ်လေ၏။

ကျွန်ုပ်ကား အရက်မသောက်၊ ဆေးမသောက်၊ ကွမ်းမစားဘဲ အရှင်းနေသူဖြစ်ရာ လောပန်မှလည်း အကြွင်းမဲ့ယုံကြည်ထားခြင်းဖြစ်ပြီး လုပ်ငန်းကိုလွှဲထားခြင်း ဖြစ်လေ၏။

ထိုသို့သော ကိုယ့်အပေါ် ကောင်းထားသည်တို့ကို တွေးမိပြန်သောအခါ ရွှေ့သွားရန် ခြေလှမ်းသည် အလိုလိုပင်တန့်သွားခဲ့ပြီး -

'ဟုတ်သားပဲလေ။ လောပန်ဟာ ငါ့အပေါ် ဒီလောက်ကောင်းခဲ့တာသွားလို့ မသင့်သေးပါဘူး'

ဟု တွေးမိပြီး မသွားဖြစ်တော့ပေ။ ထိုသို့နေပြီး တစ်လခန့်အကြာတွင် ပစ္စည်းဟောင်းများရောင်း၍ပြီးစီးသောအခါ ကျွန်ုပ် မိုးကုတ်သို့အပြီး ပြန်တော့မည်ဟု အကြောင်းပြကာ လောပန်ထံမှ အပြီးထွက်ခဲ့ပြီးနောက် ပြင်ပ၌နေနေလေတော့၏။

ထိုအခါ စားဝတ်နေရေးအတွက် အလုပ်လိုအပ်ရာ ကျွန်ုပ်မသွားဖြစ်လိုက်သော ဖက်စပ်ကြီးသို့ အလုပ်ရလိုရငြား နောက်တစ်ခေါက် ပြန်သွားဖြစ်၏။

ထိုအခါ မန်နေဂျာချုပ်က ဤသို့ ပြောလေ၏။

"ကိုကျော်စိုးရာ၊ ခင်ဗျားကိုစောင့်နေတာဗျာ။ ကိုကျော်စိုးကို အလုပ်ခန့်ဖို့ ဒီမှာရှိတဲ့မန်နေဂျာတွေနဲ့ အားလုံးစီစဉ်ပြီးပြီ။ မလာတော့လည်း ခင်ဗျားနေရာမှာ အခြားတစ်ဦးကို ခန့်လိုက်ရတယ်။ အခုချိန်မှာတော့ မရနိုင်တော့ဘူးဗျ။ ကိုကျော်စိုးလာမေးတဲ့အချိန်နဲ့ မန်နေဂျာတစ်ဦးလစ်လပ်ချိန်ဟာ ကွက်တိပဲဗျ။ အဲဒီအခွင့်အရေးမျိုးဆိုတာ နှစ်ခါရဖို့ မလွယ်ဘူး"

ဟု ပြောပြလေ၏။

ဩော်-အခွင့်အရေးဆိုတာ နှစ်ခါပြန်ရရိုးမရှိပါလားဟု တွေးကာ ကျွန်ုပ်နောက်ကြောင်းသို့ပြန်လှည့်ခဲ့ရလေတော့၏။

**ဒုအခွင့်အရေး (၆)**

ကျွန်ုပ်တို့ ဖက်စပ်များ နားရသောအခါ ရွှေအိမ်စံက -

'ဦးလေး၊ ကျွန်မတို့ ဖက်စပ်တစ်ခုမှာဝင်လုပ်မယ်။ ကျွန်မတို့ဆီလာခဲ့လေ။ ဦးလေးက စာရင်းနိုင်တယ်။ စာရင်းကိုင်မန်နေဂျာလုပ်ပေါ့'

ဖိတ်ခေါ်လေ၏။

ဖက်စပ်သာ နားလိုက်ရသော်လည်း လုပ်သားများအတွက် လခများ၊ အစုများ မရှင်းရသေးသဖြင့် တာဝန်ထုပ်ကြီး ခေါင်းပေါ်မှာရှိနေသေး၏။ သို့ကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါ။

ရွှေအိမ်စံ ဟူသည်မှာ တွင်းသုံးသစ်ဆိုင်ကြီးဖွင့်ထားခြင်းဖြစ်ရာ သူ့ဆိုင်မှ လိုအပ်သမျှသောသစ်တို့ကို ကျွန်ုပ်အမြဲဝယ်ယူ သုံးစွဲနေသောဆိုင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သူ့ခင်ပွန်းမှာ ကိုအားလင်ဖြစ်ကာ တွင်းလုပ်ငန်းများ ကျောက်ရောင်းဝယ်ခြင်းများ လုပ်ကိုင်၏။ ကျွန်ုပ်နှင့်မူ မိသားစုပမာ ခင်မင်နေသူများ ဖြစ်ကြပါသည်။ သို့ကြောင့် ကျွန်ုပ်၏ စေတနာ၊ ကျွန်ုပ်၏ နိုးသားမှု၊ ကျွန်ုပ်၏ အလုပ်ပေါ် လေးစားမှုတို့ကိုသိပြီးဖြစ်၍ ယခုလို အရေးတယူ ခေါ်ခြင်း ဖြစ်ပါသည်။ ထိုသို့ စေတနာရှေ့ထားလျက် ခေါ်ယူပါသော်လည်း နောက်ဆံတင်းနေရသော ကျွန်ုပ်မှာ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။

ကျွန်ုပ် လောပန်နှင့်ခွဲ၍အလုပ်အကိုင်မရှိဖြစ်နေစဉ် လက်ငင်းဘဝရပ်တည်ရန် အလုပ်အကိုင်စိတ်ကူးနေစဉ်မှာပင် ကျွန်ုပ်လုပ်ကိုင်ခဲ့ဖူးသော ကျောက်မျက်ကုမ္ပဏီကြီးမှ တွင်းများနားထားရာ ထိုတွင်းတို့ကို ပြန်လည်လုပ်ကိုင်ပေးရန် ကျွန်ုပ်အား မရမက ရှာ၍ တာဝန်ပေးအပ်ပြန်လေ၏။ သို့နှင့် ကျွန်ုပ်မှာ ဖက်စပ်ကြီးကိုပြန်လည်အသက်သွင်းလူနေ အဆောက်အအုံများပြန်ပြင်ဆင်ခြင်း၊ ပျက်နေသောတွင်းတို့ကို ပြင်ဆင်ခြင်း ပြုလုပ်ရလေ၏။

မကြာမီပင် လုပ်သား၊ အင်ချက်၊ အင်ချက်မ၊ ခဲရွေးမ၊ ကျင်းဆရာ၊ စက်ဆရာစသည်တို့ကို စုစည်းကာ ဖက်စပ်ကြီးကို ပြန်လည်အသက်သွင်းရပြန်၏။ အလုပ်ရှားပါးချိန်ဖြစ်ရာ အလုပ်လိုနေသူတို့ ကြိတ်ကြိတ်တိုးနေကြ၏။

သို့သော်လည်း ကျောက်ထွက်အား လွန်စွာနည်းပါးလွန်းရာ ရေရှည်ခံနိုင်မရှိဘဲ (၃) လကြာလျှင် ထိုဖက်စပ်ကြီးကို ရပ်နားသွားခဲ့ရပြန်၏။ အဘယ်ကြောင့်ဆိုသော် အောက်ထဲတွင် မွစာကြဲအောင် လုပ်ကိုင်ထားပြီးဖြစ်ပေရာ ကျောက်ရှိသော ခဲကြောဟူသည်မှာ လွန်စွာ ရှားပါးသွားခဲ့ပြီ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာလုပ်ကိုင်ကြေမွပြီးဖြစ်၍ ဘယ်နေရာကဖင်တင် ကျောက်မှာလွန်စွာအထွက်နည်းခဲ့ရပါသည်။ ထို့ကြောင့် ကျောက်အထွက်နည်းသည့်အတွက်ရပ်နားလိုက်ခြင်း ဖြစ်လေသည်။ ကျောက်ဈေးကိုမတွက်ပါ။ ကျောက်ဈေးတစ်နေ့ကောင်းလာလိမ့်မည်ဟု မျှော်ကိုး၍လုပ်ခြင်းဖြစ်သည်။ ကျောက်ထွက်အားကိုသာတွက်ခြင်းဖြစ်သော်လည်း ကျောက်ထွက်အားနည်းလွန်းသည့်အခါ ကျင်းချုပ်၊ ကျင်းဆရာတို့လည်း ဘာမှမတတ်နိုင်ကြပါ။ အရင်းအမြစ်ကုန်ဆုံးသွားသောအခါ လူမဆိုထားဘိ နတ်ပင်တတ်နိုင်စွမ်းရှိမည် မထင်ပါ။

ထိုသို့ တွင်းနားသောအခါ အသွင်သစ် လောပန်မသည် ကျွန်ုပ်အလုပ်လက်မဲ့ဖြစ်တော့မည်ကိုသိ၍ ရွှေအိမ်စံတို့ထံ စက်နှင့်လှမ်းအကြောင်းကြား၏။

"ရွှေအိမ်စံ၊ ဒီမှာဦးလေးတို့တွင်းနားလိုက်တယ်။ အဲဒါ ညည်းတို့ဆီ ဦးလေးလာလို့ရမလား"

"ရတယ်လေ၊ ကျွန်မတို့ တွင်းစကတည်းက သူ့ကိုခေါ်နေတာပဲ သူမှမလာတာ။ ကျွန်မတို့ ဖက်စပ်မှာရှိပါတယ်။ ကိုအားလင်လည်းရှိတယ်။ လာခဲ့ပါ၊ ဒီရောက်မှပြောကြတာပေါ့"

ဟု ပြန်ပြောလေ၏။

ထိုအခါ လောပန်မက -

"ကဲ - ဦးလေး၊ အဆင်ပြေသွားပြီ။ အားတဲ့အချိန် သူတို့ဖက်စပ်ကို သွားတွေ့လိုက်ပါ"

ဟု ဆိုလေ၏။

သို့နှင့် ကျွန်ုပ်သည် မျောက်သစ်ကိုင်းလွတ်ဘဝမှ လွတ်မြောက်ကာ အားတက်သရောရှိရလေ၏။ ထိုဖက်စပ်မှနားပြီး အိမ်တွင် (၃) ရက်ခန့်နားကာ ရွှေအိမ်စံတို့ဖက်စပ်သို့သွားရလေ၏။

ထိုအခါ အင်ချက်တာဝန်နှင့် အဆောင်မှူးတာဝန် ပေးအပ်လေ၏။ အစုစားမဟုတ်ဘဲ လခစားအဖြစ်ပေးလေ၏။ ရွှေအိမ်စံမှာမူ ညည်းတွားကာပြော၏။

"ဦးလေးရယ်၊ ခေါ်တုန်းကသာလာလိုက်ရင် ဦးလေးအစုစားရတယ်။ အခုတော့ အဲဒီတာဝန်တွေကို သူများကိုပေးပြီးပြီလေ"

ဟု ဆိုလေ၏။

အခွင့်အရေးဟူသည်မှာ နှစ်ခါမရစကောင်း ဟူသည်ကို သဘောပေါက်ပြီးဖြစ်၍ ကျွန်ုပ်ဖြေသာပါ၏။ ထိုအဆောင်မှူးဘဝတွင်ပင် သူရဋ္ဌမဂ္ဂဇင်းကြီး၌ အဆောင်အခန်းဆက်ဝတ္ထုများရေးသားနိုင်ခဲ့သဖြင့် အဆောင်မှူးဖြစ်ရသည်ကိုပင် ကျေးဇူးတင်ရပေတော့၏။

## ❑ အခွင့်အရေး (၇)

ကျွန်ုပ်သည် စာပေအနုပညာ၌ ဝါသနာကြီးသော်လည်း ငယ်စဉ်ဘဝ၌ ကဗျာစပ်ခြင်း၊ ပန်းချီဆွဲခြင်းတို့ဖြင့်သာ အချိန်တို့ ကုန်လွန်ခဲ့၏။ သို့သော် ကျွန်ုပ်သည် လက်လှမ်းမီသမျှ မဂ္ဂဇင်းများ၊ စာအုပ်များ၊ ဝတ္ထုများကိုဝယ်၍ ဖတ်ကာ မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာလေးရှိ စာပေဝါသနာရှင်တို့အား လက်ဆင့်ကမ်းပေးဖတ်လေ့ရှိ၏။

ပန်းချီပညာဖြင့် ရပ်ရွာ၌ ဘာသာရေးအဆောင်အယောင်ဖြစ်သော တံခွန်ကုက္ကား၊ မုလေးပွားများ၊ ပဒေသာပင်များ၊ ပါတီအခမ်းအနားများ၊ ဘာသာရေးလှူ့ဆော်ပန်းချီကားများ ရေးဆွဲပြုလုပ်၍ ဦးဆောင်နိုင်ခဲ့ပါသည်။

အသက်(၄၀)ကျော်လာသောအခါ ကျွန်ုပ်ဖြစ်ချင်လွန်းလှသော စာရေးသူဘဝကို ၁၉၉၄ ခုတွင် စတင်အကောင်အထည်ဖော်ပါသည်။

မြတ်ကြေးမုံ အမှတ် (၁၃) တွင် စတင်ဖော်ပြခံခဲ့ရပြီးနောက်ပိုင်း မဂ္ဂဇင်းတိုက်မှ အများအပြားရေးပို့ရန်တောင်းခံရာ အများအပြားရေးပို့သဖြင့် အများဆုံး ဖော်ပြခံခဲ့ရပြီး ရေးအားတက်ခဲ့ရပါသည်။ ထိုသို့ရေးနေရင်း အခြားမဂ္ဂဇင်းများ ဖြစ်သော နက္ခတ္တ၊ ရောင်ပြန်၊ လပြည့်ဝန်း၊ ပြစ်မှု၊ ဓမ္မဗျူဟာ၊ ဓမ္မရုပ်စုံတို့တွင်လည်း ဆက်လက် ရေးသားရာ ဖော်ပြခံခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် လက်ဆောင်စာအုပ်များ အများအပြားရရှိခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်ဝယ်ယူစုဆောင်းထားသောမဂ္ဂဇင်းများမှာ ထင်းရှူးသေတ္တာကြီးတစ်လုံးရရှိခဲ့ပါသည်။

ကျွန်ုပ်မှာ ကျောက်တူးသမားဖြစ်သည့်အားလျော်စွာ အချိန်များများရေးသားခွင့်မရသော်လည်း အားချိန်နားချိန်တို့ကိုအအားမထားဘဲ ရေးသည်ကြောင့် တစ်လလျှင် မဂ္ဂဇင်း (၃) အုပ်ခန့်တွင် ပါခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည်ကား စာဖတ်နှေးသလောက် စာရေးမြန်၏။ စာဖတ်သည့်အခါ မှတ်မိအောင်၊ အဓိပ္ပာယ်ပေါက်အောင် စေ့စေ့စပ်စပ်ဖတ်၏။ ထို့ကြောင့် နှေး၏။ စာရေးသည့်အခါတွင်မူ စိတ်သွားရာ နောက်လက်က အမီလိုက်ရသော မြန်သည်ဟု ခေါ်ရပေမည်။ ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်နှေး၏။ စာရေးမြန်၏။ သို့ကြောင့် မဂ္ဂဇင်းများအတွက် အလျဉ်မီအောင် ရေးပေးနိုင်ခြင်းဖြစ်၏။

စာပေမြတ်နိုးတတ်မှု၊ စာအုပ်ချစ်တတ်မှုတို့ကြောင့် စာအုပ်တွေတစ်ပုံကြီးနှင့်နေရသောဘဝတွင် ကျေနပ်နေလေ၏။ ထိုသို့ ကျေနပ်နှစ်သက်နေစဉ် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်၌ သင်္ကြန်အပြီးတွင် မြတ်ကြေးမုံမဂ္ဂဇင်း၊ အမှတ် (၆၇) ထွက်အပြီးဟုထင်၏။

ကျွန်ုပ် မိုင်းရှူးသို့သွားလျှင် ကျွန်ုပ်ချစ်သော စာအုပ်စာပေများ ထား... ပေတော့မည်။ ထိုစာအုပ်များကို စောင့်...



www.burmeseclassic.com

www.burmeseclassic.com

ရှောက်ထိန်းသိမ်းပေးထားရန် တူဖြစ်သူ မောင်ထိန်လင်းကိုအပ်ကာ မြတ်ကြေးမုံ မဂ္ဂဇင်းတစ်အုပ်ယူလျက် မိုင်းရှူးရတနာ မြေသို့ရောက်ခဲ့လေ၏။ ကျွန်ုပ် မိုင်းရှူး သို့ရောက်သောအခါ ရောက်ရောက် ချင်း လေ့လာရသည်မှာ စာတိုက်ဖြစ် သည်။ စာတိုက်ရှိမှသာ စာတိုက်မှ တစ်ဆင့် ကျွန်ုပ်စာမူများပို့ပေးနိုင်မည် ဖြစ်၏။

မြတ်ကြေးမုံသည် ပြုပြင်ရေးကို ဦးတည်သော သတင်း၊ ဆောင်းပါးများ သာဖော်ပြသောမဂ္ဂဇင်းဖြစ်ရာ မိုင်းရှူး ရတနာမြေ၏ ဆန်းပြားသော သတင်း၊ ဆောင်းပါးတို့ကို အများအပြားရေးပို့နိုင် ခဲ့ပါသည်။ ထို့ကြောင့် မြတ်ကြေးမုံတွင် မိုးကုတ် ပတ္တမြားမြေ ဆောင်းပါးများမှ သည် မိုင်းရှူးရတနာမြေ၏ ဆောင်းပါး များ အများအပြား ဖော်ပြခံရပါသည်။

ကလောင်အမျိုးမျိုးဖြင့် ဖော်ပြရာ တစ်လတည်း (၆) ပုဒ် ဖော်ပြသောလ ပင်ရှိခဲ့ပါသည်။ ထိုသို့ မိုင်းရှူး၌ ရေး အားကောင်းနေစဉ်ကာလ မိုးကုတ်သို့ ခေတ္တပြန်၍ကျောက်ဖျာရွာသို့သွားကြည့် သောအခါ ကျွန်ုပ်၏တူတော် မောင်ထိန် လင်းလည်း နေပြည်တော်သို့ ပြန်သွားခဲ့ ပြီ ဖြစ်ရာ ကျွန်ုပ်၏စာအုပ်သေတ္တာများ ထိန်းသိမ်းမည့်သူမရှိဖြစ်ခဲ့ရပြီး ထင်းရှူး သေတ္တာကြီးနှစ်လုံးထဲမှစာအုပ်များခြစား ၍နေခဲ့ပေပြီ။ အကုန်လုံးပျက်စီးကုန်၏။

ကျွန်ုပ်ရေးသောစာမူများပါသည့် စာအုပ်သေတ္တာမှာမူ ခုတင်ပေါ်တွင်တင် ခဲ့သဖြင့် ခြမစားသော်လည်း သော့ဖျက် ကာ စာအုပ်တို့ နိူက်ယူထားခဲ့ကြလေပြီ။ အုပ်ရေ(၆၀)မျှသာကျန်တော့ရာ ရသမျှ ကိုထုပ်ပိုးပြီး မိုးကုတ်မြို့ရှိအိမ်သို့ပြောင်း ရွှေ့ထားခဲ့ရလေ၏။

ကျွန်ုပ်၏ရင်မှဖြစ်ပေါ်ခဲ့သောစာ တို့အား ကျွန်ုပ်သည် ကျွန်ုပ်၏ သားသမီး များကဲ့သို့ပင် ချစ်ပါသည်။ မြတ်နိုးတွယ် တာပါသည်။ ဘဝ၏မှတ်တမ်းများ ဟူ၍ လည်း မှတ်ယူထားပါသည်။

ထိုသို့ ပျက်စီးဆုံးရှုံးပျောက်ကွယ် သည်တို့ကို တွေ့ရသောအခါ ကြီးစွာ သောသောကကိုခံစားရပါသည်။ အခွင့် သင့်၍သာ မဂ္ဂဇင်းတို့၌ ကျွန်ုပ်၏ စာမူ များပါ၏။ ထိုပျောက်ဆုံးခြင်းအတွက် နောက်တစ်ခါ ထိုမဂ္ဂဇင်းများပြန်ရရန် လုံးဝမဖြစ်နိုင်တော့ပါ။ အခွင့်အရေးဟူ သည်မှာ နှစ်ခါမရစကောင်းပါ။ ကျွန်ုပ် ထံပါးမှ အပြီးတိုင်ပျောက်ကွယ်သွားကြ ခြင်း ဖြစ်ပါသည်။ သို့အတွက် ဖြေသိမ့် ၍မရပါ။

မိုင်းရှူးရတနာမြေ၌နေစဉ်ကာလ အလုပ်အလွန်များခဲ့ရာ မြတ်ကြေးမုံ မဂ္ဂဇင်းတစ်ခုတည်းအတွက်သာ ပင်တိုင် ရေးပေးခဲ့ပါသည်။ မြတ်ကြေးမုံစာတည်း ချုပ် ဦးမောင်မောင်ပြုံးနှင့် ကျွန်ုပ်ကား လက်တွဲညီလှ၏။ ဆန္ဒတူမျှကြ၏။

၂၀၀၆ ခုနှစ်ထဲတွင် မြတ်ကြေးမုံ အမှတ်(၁၂၂)သို့အရောက် မြတ်ကြေးမုံ ရပ်နားခဲ့ပါသည်။ အမှတ်(၁၃)မှသည် အမှတ် (၁၂၂) အထိ (၂၄၁) ပုဒ် ဖော်ပြ ခံခဲ့ရ၏။ ဆင်ဆာ (၂) ပုဒ်မိခဲ့၏။

မိခင်မဂ္ဂဇင်းလဲပြိုသွားသောအခါ စိတ်ဓာတ်အကျကြီးကျကာ တစ်နှစ် ကျော် စာမရေးဘဲနေခဲ့၏။ ထိုအခါ စာဖတ်ပရိသတ်များမှ သုရဋ္ဌမဂ္ဂဇင်းကြီး ၌ရေးရန် တိုက်တွန်းသဖြင့် ပညာရွှေ တောင်စာအုပ်တိုက်သို့ ဝတ္ထု၊ ဆောင်းပါး ပေါင်းများစွာ မနားတမ်း ရေးပို့ခဲ့ပြန်ပါ သည်။

ကျွန်ုပ်၏ စာဖတ်သူများအပေါ် ထားသည့် စေတနာကား အချည်းအနှီး မဖြစ်ခဲ့ပါ။ ၂၀၀၇ ခု၊ ဒီဇင်ဘာလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းမှ စတင်ဖော်ပြခံခဲ့ရပါ သည်။ သုရဋ္ဌ၊ သိဒ္ဓိမိုး၊ မဟိဒ္ဓိ ဟူသော ပထမတန်းစားဆေးရောင်စုံမဂ္ဂဇင်းများ ၏ စာမျက်နှာများတွင် ကျွန်ုပ်နေရာရခဲ့ ပြန်ပါသည်။ ဝမ်းသာလိုက်သည်မှာပြော စရာမရှိ။ စာတည်းချုပ် ဦးအောင်မြတ် ကိုလည်း များစွာကျေးဇူးတင်ရပါသည်။

စာပေအပေါင်းအသင်းရောင်းရင်း များနှင့်တွေ့သည့်အခါ မိုးကုတ်၌စာအုပ် များ ပျောက်ဆုံးကုန်၍ များစွာနှမြောမိ ပါကြောင်း ပြောသည့်အခါ ကျောက်မဲ- မောင်သင်းထုံက ဤသို့ အကြံပေးပါ သည်။

"ကျွန်တော်လုပ်သလိုလုပ်ထားရင် ကိုကျော်စိုးရဲ့ပုံနှိပ်စာမူတွေ မပျောက် တော့ဘူးဗျ။ ကျွန်တော်ကတော့ မဂ္ဂဇင်း လက်ဆောင်ရပြီဆိုတာနဲ့ မျက်နှာဖုံးရယ်၊ မာတိကာရယ်၊ ကိုယ့်စာမူရယ်ပေါ့ဗျာ မဂ္ဂဇင်းဖျက်ပြီးထုတ်ယူလိုက်တယ်။ အဲဒီ လိုထုတ်ယူလို့များပြီဆိုမှ စာအုပ်တစ်အုပ် ချုပ်လိုက်တော့တာပဲ။ အဲဒီတော့ ပေါ့ပေါ့ ပါးပါးနဲ့ ကိုယ်သွားလေရာ ကိုယ့်စာမူ တွေ မပျောက်မပျက်ပါတယ်လေ။ ကျွန် တော်က မြေစာရင်းဝန်ထမ်းဆိုတော့ ခြေတောက်ဗွေပေါက်နေတာ။ အဲဒီလို လုပ်မှ ကိုယ့်စာမူကိုယ်ပိုင်တာ။ စာအုပ် တွေဆိုတာကလေးလွန်းတော့မသယ်နိုင် ဘူးဗျ။ ကိုကျော်စိုးရဲ့စာတွေ မပျောက်ပ ပျက်ချင်ရင် ကျွန်တော်ပြောသလိုလုပ် ပါ"

ဟူ၍ အကြံပေးလေ၏။

ကျွန်ုပ်ထံတွင် မြတ်ကြေးမုံများ၊ သုရဋ္ဌ၊ သိဒ္ဓိမိုး၊ မဟိဒ္ဓိမဂ္ဂဇင်းများ ကြာ လေများလေများလာခဲ့တော့၏။သေတ္တာ ကြီးတစ်လုံးပင်ရှိလာ၏။ ထိုစာအုပ် သေတ္တာကြီးအား အထမ်းသမားများ ငှားကာ ဟိုပြောင်းဒီပြောင်းနှင့်သယ်ရ ၏။ မည်မျှလေးသနည်းဆိုသော် ထမ်းသူ သည် ချွေးတို့ရေချိုးထားသကဲ့သို့ ရွဲရွဲနစ် လျက်ရှိ၏။ ဟောဟဲခတ်၍နေ၏။

ကျောက်မဲ-မောင်သင်းထုံ အကြံ ပေးသည့်အတိုင်းလည်း လုံးဝမလုပ်ရက် ပါ။ ကျွန်ုပ်သည် ကျွန်ုပ်စာကို မြတ်နိုး သကဲ့သို့ အားလုံးသောစာရေးဆရာတို့ ၏စာများကိုလည်း လွန်စွာတန်ဖိုးထား ပါသည်။ ထို့ကြောင့် မောင်သင်းထုံ အကြံပေးသလို မဂ္ဂဇင်းများကို မဖျက် ရက်ပါ။ သေချာစွာချုပ်၍ မြတ်နိုးစွာ သိမ်းထားပါသည်။

၂၀၁၀ ပြည့်၊ ဖေဖော်ဝါရီလတွင် ကျွန်ုပ် မိုးကုတ်သို့ပြန်မည်ဖြစ်ရာ စာအုပ် တို့သည် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေပါတော့ သည်။

သို့နှင့် ကျွန်ုပ်သည် မိုင်းရှူးတောင် ပေါ်ခေါ် မိုင်းရှူးရတနာမြေမှ သေတ္တာ ကြီးတစ်လုံးစာအုပ်ထုပ်ကြီးနှစ်ထုပ်အား စတင်သယ်ယူရပါသည်။အောက်မိုင်းရှူး ရောက်သော် လားရှိုးသို့တစ်ဆင့်သယ်ရ ပြန်၏။ လားရှိုးမှသည် မိုးကုတ်သို့သယ် ရပြန်၏။ ထိုသို့ အဆင့်ဆင့်သယ်ပါမှ မိုးကုတ်သို့ရောက်၏။ သယ်ယူစရိတ်မှာ အတော်ပင်ကုန်ကျခဲ့လေ၏။ ကျွန်ုပ်၏ ဇနီးနှင့် သမီးကား ကျွန်ုပ်စာရေးခြင်းကို မနှစ်မြို့ကြပါ။ လွန်စွာအထင်သေးပါ သည်။ စာရေးခြင်း ဟူသည် စီးပွားရေး အလုပ်မဟုတ်ရာ သူတို့လုံးဝအထင် မကြီးကြပါ။ သားကြီး သူရိန်စိုးနှင့် သား ငယ်အာကာစိုးတို့ကမူ အားပေးဂုဏ်ယူ မြတ်နိုးကြပါသည်။ တန်ဖိုးလည်းထား ကြပါသည်။

မိုးကုတ်သို့ စာအုပ်ထုပ်ကြီးများ ရောက်လာသောအခါ ပိသာလေးနှင့် ဘေးထူသကဲ့သို့ဆီးပြော၏။

"ခင်ဗျား မိုင်းရှူးကပြန်လာတာ ဘာမှအသုံးမကျတဲ့ စာအုပ်တွေသာ သယ်လာတယ်။ ဘာမှပါမလာခဲ့ဘူး။ ခင်ဗျားစာအုပ်တွေအရင်ဟာတွေလည်း သေတ္တာထဲအပြည့်ပဲ။ ခုလည်း ယူလာပြန် ပြီ။ စာကြည့်တိုက်မှာလှူခဲ့ရင် ပြီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာထားစရာနေရာမရှိဘူး။ အလကားအမှိုက်ရှုပ်တာပဲ။ စာကြည့်တိုက်မှာသွားလှူလိုက်"

စသည်ဖြင့် ပွစိပွစိအပြစ်တင်၏။ ကျွန်ုပ်၏ စာအုပ်များအပေါ် ထိသောအခါ ကျွန်ုပ်ဆတ်ဆတ်ခါနာ၏။ သို့သော် ကျွန်ုပ်ကား သည်းခံခြင်းတရားထားတတ်သူမို့ ဘာမှပြန်မပြောချေ။ လူကို အမြင်စောင်းသော်ခံနိုင်၏။ ကျွန်ုပ်ချစ်မြတ်နိုးသော ဝါသနာနှင့် အလုပ်ကိုစော်ကားမော်ကားပြောသောအခါတွင် ကျွန်ုပ်၏ရင်တွင်းမှ ဒေါသဖော်အစေးသည် နဂိုကထက်ပင် ပို၍ခန်းခြောက်လေ၏။ ထို့ကြောင့် တစ်နေ့လုံးသော်မှ စကားတစ်ခွန်းမဆိုခဲ့ပေ။ ခပ်ကင်းကင်းနေခဲ့၏။

မိုးကုတ်ရောက်ပြီးသော် တစ်နှစ်နီးပါးနေစဉ်တွင်လည်း စာအုပ်များတိုးပွားလာခဲ့၏။ ကျွန်ုပ်၏ စာအုပ်များကားနေရာမရကြပေ။ မြတ်ကြေးမုံမဂ္ဂဇင်းအိတ်ကြီးမှာ ခုတင်အောက်တွင် ပုံစံမပျက် နေရာယူထားရ၏။ ပညာရွှေတောင်တိုက်ထုတ်မဂ္ဂဇင်းများကိုမူ သေတ္တာထဲပြောင်းထည့်ထား၏။

ထိုသို့ မိုးကုတ်၌ စာရေး၍ ကောင်းနေစဉ်မှာပင် နေပြည်တော်သို့ ပြောင်းနေရန် အကြောင်းကဖန်လာပြန်၏။ ထို့ကြောင့် ကျွန်ုပ်ချစ်မြတ်နိုးသော စာအုပ်တို့ကိုထားခဲ့ကာ နေပြည်တော် ပြောင်းရွှေ့ကာနေရပြန်၏။

နေပြည်တော်တွင် မိဘအမွေမြေကွက်ရှိရာ ထိုမြေကွက်ဆုံးပါးမည်စိုး၍ ပြန်နေရခြင်းဖြစ်ပါသည်။ သို့နှင့် ကျွန်ုပ်သည် နေပြည်တော် ပြန်ကပြေးသားစစ်စစ်ပြန်ဖြစ်သွားပြန်လေ၏။ အဘယ်ကြောင့်ဆိုသော် မိုးကုတ်မှ ပုံစံ(၁၀)ဖြင့် ထွက်ခဲ့ပြီး ရွာတွင် ပုံစံ(၆၆)ဖြင့် အခိုင်အမာရွာသားအဖြစ် ပြန်ခံယူလိုက်၍ဖြစ်သည်။ (ယခုသော် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ တောင်ဇမ္ဗူရပ်ဟု အမည်ပြောင်းလဲပြီး မြို့ပြရပ်ကွက်အဖြစ် မြှင့်တင်လိုက်ပြီ ဖြစ်သည်။)

ကျွန်ုပ်သည် မိုးကုတ်ကိုလည်း လွမ်း၏။ မိုးကုတ်ကား အေးမြသော ရာသီဥတုရှိရာ နေ၍အလွန်ကောင်း၏။ စာရေးဆရာအပေါင်းအသင်းများလည်း ရှိရာ တနင်္ဂနွေနေ့တိုင်း စာရေးဆရာများ လက်ဖက်ရည်ဆိုင်၌ တွေ့ဆုံပွဲအမြဲလုပ်ဖြစ်သည်။ စာဖတ်ပရိသတ်များနှင့်လည်း ထိတွေ့ရ၏။ ထို့ပြင် စာအုပ်မဂ္ဂဇင်းများကိုလည်း လွမ်းပါသည်။ ထိုစာအုပ်တို့အား ကျွန်ုပ်၏ဘေးတွင်ရှိနေစေချင်ပါသည်။ စာအုပ်တို့ကို မြင်ရသော် အလွန်ပင် အားတက်ရပါသည်။

တစ်ခါတစ်ရံ ကိုယ်ရေးသားသော ဝတ္ထု၊ ဆောင်းပါး အဟောင်းများကို ပြန်ဖတ်ရလျှင် အလွန်ပင် အရသာရှိပါသည်။ မိုးကုတ်လိပ်စာမှသည် နေပြည်တော်လိပ်စာပြောင်း၍ စာအုပ်များပို့စေသောအခါ ကျွန်ုပ်ထံတွင် ၂၀၁၁စာအုပ်အချို့နှင့် ၂၀၁၂ စာအုပ်များ စုပုံလာခဲ့ပါသည်။ အပိုရသော စာအုပ်တို့ကို ဂုံမင်းအိုင်စာကြည့်တိုက်နှင့် အခြားစာကြည့်တိုက်တို့ကို လှူပါသည်။

နေပြည်တော်၌ တစ်နှစ်ခန့်နေပြီး မန္တလေးရှိ သမီးနေခြည်စိုးထံသွားသောအခါ သမီးက -

"အဖေ့စာအုပ်တွေ အားလုံးကို မိုးကုတ်ချမ်းသာကြီးဘုရားစာကြည့်တိုက်မှာ အမေသွားလှူလိုက်ပြီ။ အဲဒါဂုဏ်ပြုမှတ်တမ်းအဖေ့အတွက်ပေးလိုက်တယ်"

ဟု ပြောသောအခါ ကျွန်ုပ်သည် မူးမေ့လုမတတ် ခံစားလိုက်ရပြီး စကားပင် ပြန်ပြောနိုင်စွမ်းမရှိတော့ပါ။ ပြီးသွားပြီမို့ ကျွန်ုပ်ဘာမှမဆိုလိုတော့ပါ။ နှင်ပဲငဆာလည်းပြောမနေတော့ပါ။ပြောသော် အကုသိုလ်စိတ်သာပို၍ကြီးထွားပါမည်။

ကျွန်ုပ်၏ ဦးနှောက်အစိတ်အပိုင်းများဖဲ့ထုတ်ခံလိုက်ရသလို၊ ကျွန်ုပ်၏ ရင်သွေးများဆုံးရှုံးလိုက်ရသလို၊ ကျွန်ုပ် မြတ်နိုးသောရတနာများ ပျောက်ပျက်သွားသလို၊ ကျွန်ုပ်ကိုယ်အင်္ဂါအစိတ်အပိုင်းများကျိုးပဲ့ကုန်သလို ကြီးစွာခံစားနေရပါသည်။

ကျွန်ုပ်သေဆုံးသွားခဲ့သော် လှူလိုက လှူနိုင်ပါသည်။ မီးရှို့နိုင်ပါသည်။ စာရေးဆရာမြတ်နိုးသည်မှာ စာအုပ်သာဖြစ်ပါသည်။ မလှူရန် အကြိမ်များစွာပြောထားသော်လည်း အသိမပေးဘဲ၊ ကျွန်ုပ်ဆန္ဒမပါဘဲ လှူပစ်ခဲ့သည်မှာ ကျွန်ုပ်ကို အသေသတ်သည်နှင့် အတူတူပင် ဖြစ်ပါသည်။ ထိုကုသိုလ်အတွက် ကျွန်ုပ်ကုသိုလ်လုံးဝမရခဲ့ပါ။ ကျွန်ုပ် အတွက် ထိုစာအုပ်အလှူသည် အဟောသိကံဖြစ်သွားခဲ့ပေပြီ။

လှူခြင်းဟူရာ၌ အတိုင်းအတာရှိ၏။ သူရဋ္ဌ၊ သိဒ္ဓိမိုးမဂ္ဂဇင်းများ အပိုလက်ဆောင်ရပါက ဝမ်းမြောက်ဝမ်းသာ ကျွန်ုပ်လှူ၏။ ရင်နှစ်သည်းခြာစာအုပ်ရတနာတစ်ခုကိုမူ ကျွန်ုပ်နှင့်မကွာထားရချေမည်။ ထိုစာအုပ်တို့ကို မြင်ရသော် စာရေးရန် အားသစ်၊ အတွေးအခေါ် သစ်၊ အမြင်သစ်တို့ ဖြစ်ပေါ်စေ၏။ စာရေးအားကောင်း၏။ ရေးနိုင်စွမ်းရှိ၏။

ကျွန်ုပ်တို့သည် မိမိတို့တတ်ကျွမ်းသော စာရေးခြင်းပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုခြင်း ဖြစ်ပါသည်။ ချမ်းသာရန်မဟုတ်။ ဝါသနာအရင်းတည်၍ စိတ်ကို အစာကျွေးကြခြင်း ဖြစ်သည်။

ကျွန်ုပ်၏ ဇနီးနှင့် သမီးကား ထိုသည်တို့ကို နားမလည်ပါ။ စာရေးခြင်းအလုပ်သည် အလွန်အောက်တန်းကျ၍ ဖက်ခွက်စားအလုပ်ဟု မှတ်ယူထားပုံရပါသည်။

ကျွန်ုပ်စာစရေး၍ ဖော်ပြခံရသောအခါ - -

"ခင်ဗျားက ထမင်းငဘ်မယ့် အလုပ်ကိုလုပ်နေတယ်။ စာရေးဆရာဆိုတာ ငါးပိရည်ကြဲနဲ့ကန်စွန်းရွက်ကြော်စားပြီး ဆင်းဆင်းရဲရဲနဲ့နေကြရတာချည်းပဲ။ ဘယ်စာရေးဆရာ သူဌေးဖြစ်လို့လဲ။ ခင်ဗျားရေးရဲရေးကြည့်၊ ကျွန်တော်နဲ့ အတွေ့ပဲ"

ဟူ၍ ကြိမ်းမောင်းခဲ့ဖူးလေ၏။ ကျွန်ုပ်ဝါသနာအား တားမရသောအခါကျမှ လက်လျှော့သွားခဲ့၏။

စာရေးပြီး သူဌေးဖြစ်နေသူတို့ ရှိနေကြသော်လည်း သူတို့မမြင်ကြပါ။ သူဌေးဖြစ်သူမှာ အနည်းစုသာရှိမည်ဖြစ်သော်လည်း အများစုမှာ ကျွန်ုပ်ကဲ့သို့ ဖွတ်ချက်ဖွတ်ချက်စာရေးဆရာများသာ ဖြစ်ကြပါသည်။

မိုင်းရှူးရတနာမြေ၌ နေစဉ်တွင်လည်း အင်ချက်တာဝန်ဖြင့် တူးကျင်းမြေ အောက်ကမ္ဘာတွင် ရက်ရှည်နေ၍လုပ် ရရာ အားချိန်တို့တွင် စာများရေးခြင်း အပေါ်တက်သောနေ့တွင် ထိုစာတို့ကို စာတိုက်မှမဂ္ဂဇင်းတိုက်သို့ပို့၏။ မန်နေဂျာတာဝန်များဖြင့် လုပ်ကိုင်နေစဉ်တွင် လည်း ညပိုင်းနားချိန် တစ်နာရီအချိန် ယူကာ စာများတွန်းရေးခြင်းကိုလုပ်ခဲ့ သည်။ ထိုသို့ဖြင့် စာပေလောက၌ ရပ်တည်ခဲ့ခြင်း ဖြစ်ပါသည်။

သီးခြား တစ်နေကုန် စာထိုင်ရေး သောအလုပ်ကို အသက်ကြီး၍ ယခုကဲ့ သို့ နားနေသောအချိန်များတွင်သာလုပ် ပါသည်။ ပုလွန်းသောအခါတို့တွင်မူ ဒေး တဒီးဒီးဖြင့် စာမရေးနိုင်အောင်ရှိသည် များလည်းရှိပါသည်။

ကျွန်ုပ်၏စာအုပ်များ ကျွန်ုပ်၏ ထံပါးမှ ထာဝရပျောက်ကွယ်သွားခဲ့ပြီ ကိုယ့်စာများကို ပြန်ကြည့်ချင်သေး



www.burmeseclassic.com

www.burmeseclassic.com

ရိရိငွေး

# ခါးနာဝေဒနာရှင်များ စားသုံးသင့်တဲ့အစားအစာများ

ခါးနာခြင်းလို့ ပြောကြပေမယ့်လည်း Back ရဲ့အဓိပ္ပာယ်ဟာ ကျောပြင်တစ်ခုလုံးကို ဆိုလိုတဲ့အတွက် ကျောနာ၊ ခါးနာခြင်းလို့ဆိုရင် ပိုပြီးသင့်တော်ပါလိမ့်မယ်။ ခါးနာခြင်းဝေဒနာဟာ လူတိုင်းလိုလို တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့ရတတ်ပါတယ်။ ဒီဝေဒနာရှင်များဟာ အများအားဖြင့် သက်ကြီးရွယ်အိုတွေမှာ ဖြစ်တတ်ပေမယ့် ယခုအခါမှာ လူငယ်နဲ့ လူလတ်ပိုင်းတွေမှာလည်း ဖြစ်လာပါတယ်။ အထူးသဖြင့် အလုပ်ကြမ်းလုပ်တဲ့လူလတ်ပိုင်းတွေမှာလည်း အဖြစ်များတဲ့ ဝေဒနာတစ်ရပ်ပါ။

ခါးနာခြင်းဟာ ဖြစ်စမှာ အတော်အတန်နာကျင်ပြီး မကုန်းနိုင်အောင်ဖြစ်တတ်ပါတယ်။ ဒီထက်ပိုလာရင် ခါးကိုက်တဲ့အဆင့်ကိုရောက်သွားပါတယ်။ အဲဒီနာကျင်မှုဟာ တစ်ရက်မှ ရက်သတ္တပတ်တစ်ပတ်၊ နှစ်ပတ်ခန့်ကြာတတ်ပါတယ်။ အဲဒီအချိန်မှာ ဆေးသောက်ခြင်း၊ ပုံစံမှန်စွာနေထိုင်ခြင်း၊ လေ့ကျင့်ခန်းယူခြင်းတို့ ပြုလုပ်ရင် သက်သာ ပျောက်ကင်းသွားတတ်ပါတယ်။ အဲဒီအချိန်မှာ မဆင်ခြင်ရင် နာကျင်မှုဝေဒနာပိုပြီးတိုးလာတတ်ပါတယ်။ ခါးနာခြင်းဝေဒနာဟာ သာမန်အားဖြင့် သုံးရက်မှ တစ်ပတ်ခန့်အတောအတွင်း သက်သာ ပျောက်ကင်းနိုင်ပါတယ်။ ဒါပေမယ့် မဆင်ခြင်ရင်တော့ ဒီဝေဒနာပြန်ဖြစ်နိုင်ပါတယ်။

**ခါးနာခြင်းဝေဒနာအဆင့်ဆင့်ပျံ့နှံ့ခြင်း**

- ခါးနာခြင်းဝေဒနာဟာ ခါးမှ တစ်ဆင့်တင်ပါးသို့လည်းကောင်း၊
- ထိုမှ ပေါင်တစ်ဖက်တစ်ချက်သို့လည်းကောင်း ပျံ့နှံ့သွားတတ်ပါတယ်။
- အဲဒီအခါမှာ တင်ပါးကိုက်တာရော ပေါင်ကိုက်တာပါ ဖြစ်တတ်ပါတယ်။

**နာကျင်ခြင်းဝေဒနာအမျိုးမျိုး**

- တဆစ်ဆစ်ကိုက်ခဲခြင်း။
- တောင့်တင်းနေခြင်း။
- ထုံကျဉ်နေခြင်း။
- လျော့တိလျော့ရဲနှင့်အားနည်းလာခြင်း။
- အပ်ဖြင့်ထိုးသကဲ့သို့ ဆစ်ခနဲနာကျင်ခြင်း။

ဒါ့အပြင် ကျောအောင့်ခြင်း၊ ခါးနာခြင်း၊တင်ပါးမျက်ခြင်း၊ပေါင်ကိုက်ခြင်းစတဲ့ ဝေဒနာများလည်း ခံစားရပါတယ်။ ထိုသူများဟာ ချောင်းပြင်းပြင်းဆိုးခြင်း၊ နှာပြင်းပြင်းချေရင် ဝေဒနာပိုဆိုးစွာခံစားရတတ်ပါတယ်။ ဤသို့ဖြစ်ခြင်းဟာ ခါးအောက်ပိုင်းရှိကြွက်သားများကြွက်တက်ကြွ[illegible] (သို့) ကျုံ့ဝင်ခြင်းကြောင့် ဖြစ်ပါတယ်။

**ခါးနာဝေဒနာရှင်များနှင့် နောက်ဆက်တွဲဝေဒနာများ**

- ခါးနာဝေဒနာကို ခံစားရသူများဟာ ကောင်းစွာ မအိပ်နိုင်တဲ့အတွက် အိပ်စက်အနားယူခြင်းကို အနှောင့်အယှက်ပေးပါတယ်။
- ဆီးသွားရန်ခက်ခဲခြင်း -

  သာမန်အိမ်သာကို အသုံးပြုပါက ဆောင့်ကြောင့်ထိုင်ရတဲ့ဒုက္ခကို တာရှည်မခံနိုင်တဲ့အတွက် ဆီးသွားရန်ခက်ခဲခြင်း၊ ဆီးမထိန်းနိုင်ခြင်း ဖြစ်တတ်ပါတယ်။
- လိင်မှုဆက်ဆံရာ၌ အခက်အခဲများရှိခြင်း -

  လိင်ဆက်ဆံနေစဉ်အတွင်း နာကျင်မှုဝေဒနာဖြစ်နေတဲ့အတွက် အဆင်မပြေမှုများနဲ့ ရင်ဆိုင်ရတတ်ပါတယ်။
- စိတ်ဓာတ်ကျခြင်း -

  အိပ်စက်အနားယူရန် ခက်ခဲတဲ့အတွက် အိပ်ရေးပျက်ခြင်း၊ ဆီးသွားရန်ခက်ခဲတဲ့အတွက် ဆီးသွားရမှာကြောက်နေခြင်း၊ လိင်မှုကိစ္စ၌ စိတ်မပါတော့တဲ့အတွက် ပန်းညိုးခြင်း စတဲ့ကိစ္စရပ်များနဲ့

---

မမြင်ရတော့ပြီဟုသိနေသောအသိစိတ်တို့သည် မည်မျှစွဲနေသနည်းဆိုပါလျှင် အိပ်မက်ထဲတွင်ပင် မကြာမကြာမက်နေလေ့ရှိ၏။ မွေးပြီးသည်မှစ၍ ထိုအခါလောက် စိတ်သောကဖြစ်ခြင်း တစ်ခါမှ မကြုံခဲ့ဘူးပါ။ အမြတ်နိုးဆုံးအရာတို့ ပျောက်ကွယ်သွားရခြင်းသည် အစားထိုး၍ မရနိုင်သော ဆုံးရှုံးမှုကြီးတစ်ခုဖြစ်ပါတော့သည်။

သို့ကြောင့် ကျွန်ုပ်သည် မန္တလေး၌ ကြာကြာမနေတော့ဘဲ နေပြည်တော်သို့ ပြန်ခဲ့တော့၏။ စိတ်ဓာတ်တို့ပျက်ပြားသွားသောအခါ စာပင်မရေးနိုင်အောင် ဖြစ်သွားပါတော့သည်။

စိတ်တွင်အနာတရဖြစ်သွားသော ကျွန်ုပ်သည် သမီးတို့ထံ ဖုန်းအဆက်အသွယ် အတော်နှင့်မလုပ်ဖြစ်ပါ။ ဘာမှ ပြောချင်စိတ်မရှိ၍ဖြစ်ပါသည်။

မိမိ၏စာမူ ဖော်ပြခံရ၍ မဂ္ဂဇင်းလက်ဆောင်ရခြင်း ဟူသည်မှာ တစ်ခါသာ အခွင့်အရေးရပါသည်။ နှစ်ခါရရိုးထုံးစံမရှိပါ။ ထို့အပြင် မဂ္ဂဇင်း ဟူသည် ဒုတိယအကြိမ်ပုံနှိပ်ခြင်းဟူ၍လည်းမရှိပါ။ သို့အတွက် ဝယ်ယူရန်လည်း မလွယ်ကူပါ။

ထို့ကြောင့် ကျွန်ုပ်၏စာမူပါသော မဂ္ဂဇင်းများသည် နောက်တစ်ကြိမ်ဝယ်၍သော် လည်းကောင်း၊ ရှာဖွေ၍သော် လည်းကောင်း လုံးဝရနိုင်မည်မဟုတ်ပါ။ အခွင့်အရေး ဟူသည် တစ်ခါသာရပါသည်။ နှစ်ခါရရိုးထုံးစံ မရှိပေ။

**□ လူတိုင်း၌**

လူတိုင်း၌ အမျိုးမျိုးသော အခွင့်အရေးတို့သည်ရှိ၏။ ထိုအခွင့်အရေးပေးလာခိုက်တွင် ရအောင်ယူနိုင်ပါမှ တော်ရုံကျ၏။ မယူနိုင်ခဲ့သော် ထိုအခွင့်အရေးမျိုးသည် နောက်တစ်ကြိမ်လာရန် ခက်ခဲလှချေ၏။ သို့ကြောင့် ကျွန်ုပ်၏ အနည်းငယ်သော အခွင့်အရေးအတွေ့အကြုံကို တင်ပြလိုက်ရခြင်း ဖြစ်ပေ၏။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်ကြုံတွေ့ရတဲ့အခါ စိတ်ဓာတ်ကျပြီး ပျော်ရွှင်မှုကင်းဝေးလာတဲ့အထိဖြစ်စေနိုင်ပါတယ်။

**ခါးနာခြင်းဝေဒနာ (၂) မျိုး**

ခါးနာခြင်းဝေဒနာမှာ သာမန်ခါးနာခြင်းနဲ့ နာတာရှည်ခါးနာခြင်းဆိုပြီး (၂) မျိုးရှိပါတယ်။ သာမန်ခါးနာခြင်းဟာ ရက်အနည်းငယ်မျှ ဝေဒနာခံစားပြီးနောက် သူ့အလိုအလျောက် ပျောက်ကင်းသွားတတ်ပါတယ်။ အချို့သော သာမန်ခါးနာဝေဒနာရှင်များဟာ အကိုက်အခဲပျောက်ဆေးများသောက်ပြီး ခါးနာဝေဒနာ သက်သာ ပျောက်ကင်းသွားတတ်ပါတယ်။

နာတာရှည်ခါးနာခြင်းဟာ သီတင်းတစ်ပတ်ကျော်တဲ့တိုင်အောင် ခါးနာဝေဒနာမပျောက်ခြင်း၊ အကိုက်အခဲပျောက်ဆေးများ သောက်သော်လည်း ခေတ္တသာ သက်သာပြီး ပြန်လည်ခါးနာခြင်း ဖြစ်တတ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ ဆေးကုသမှုကောင်းစွာမခံယူခြင်း၊ ဂရုမပြု လျစ်လျူရှုထားခြင်းတို့ပြုလုပ်ရင် နာတာရှည် ခါးကိုက်ဝေဒနာဖြစ်သွားနိုင်ပါတယ်။

**ဆရာဝန်နဲ့ပြသင့်တဲ့အခြေအနေ**

- ခါးနေရာတစ်ဝိုက်မှာ ရောင်ရမ်းနေခြင်း၊ နီနေခြင်း (သို့) ပူနေခြင်း။
- ခါးမှတစ်ဆင့် တင်ပါးပိုင်း၊ ပေါင်နှင့် ဒူးခေါင်း (သို့) ခြေသလုံးအထိ နာကျင်ကိုက်ခဲနေခြင်း။
- ခြေထောက်တစ်ဖက် (သို့) နှစ်ဖက်စလုံး၌ ထုံကျဉ်ကိုက်ခဲနေခြင်း။
- ခြေသလုံးကြွက်တက်ခြင်း။
- ဆီး၊ ဝမ်း မထိန်းနိုင်ခြင်း။ (ဤသို့ဖြစ်ခြင်းမှာ နာ့ဗ်ကြောမကြီးအပေါ်သို့ ဖိအားရှိနေခြင်းကြောင့် ဖြစ်ပါတယ်။)

**ခါးနာဝေဒနာဖြစ်စေခြင်းအကြောင်းရင်းများ**

- ကားတိုက်ခံရခြင်း၊ အမြင့်မှပြုတ်ကျခြင်း၊ ပြင်းထန်သောထိခိုက်ဒဏ်ရာရမှုကြောင့် ကျောရိုး၌ ဒဏ်ရာရခြင်းတို့ကြောင့် ဖြစ်တတ်ပါတယ်။ ကျောရိုးတွင် ဒဏ်ရာရခြင်းကြောင့် ကျောရိုးပတ်ဝန်းကျင်ရှိ ကြွက်သားများထိခိုက်ကာ အကြောဆွဲခြင်းဖြစ်လို့ ကျောရိုးရဲ့ လှုပ်ရှားမှုကို ဟန့်တားစေပါတယ်။
- ကျောရိုးချပ်ဝိုင်းကျွံကျခြင်း -

ကျောရိုးချပ်ဝိုင်းများစုလာခြင်း၊ကျုံ့ခြင်း (သို့) ပေါက်ပြဲခြင်း စတဲ့ ချပ်ဝိုင်းများ ပျက်စီးခြင်းကြောင့် ခါးနာခြင်းဖြစ်လာပါတယ်။

- ကျောရိုးချပ်ဝိုင်းဟာ ကျောရိုးနှစ်ခုအကြား လှုပ်ရှားမှုကောင်းစေရန်နှင့် အရိုးနှစ်ခုထိခိုက်ပွန်းပဲ့မှုမဖြစ်စေရန် ဝါရှာသဖွယ်ခံထားပါတယ်။
- ကျောရိုးချပ်ဝိုင်းအလယ်မှာ ဂျယ်လီကဲ့သို့အရည်ပျစ်ရှိပါတယ်။ ချပ်ဝိုင်းပေါက်သွားတဲ့အတွက် အရည်ပျစ်များထွက်လာပြီး အနီးအနားမှာရှိတဲ့ အာရုံကြောများပေါ် ဖိမိပြီး နာကျင်မှုဝေဒနာဖြစ်လာပါတယ်။
- အဆစ်အမြစ်တစ်ခုရဲ့ အရွတ်တွင် ထိခိုက်ဒဏ်ရာရခြင်း -

ကျောရိုးမှာရှိတဲ့အရွတ်များဟာ နောက်ကျောကို အထောက်အကူပြုပေးပါတယ်။ ဒါ့အပြင် ကျောပြင်ကို ပြောင်းလွယ်၊ လှည့်လွယ်နိုင်အောင် ပြုလုပ်ပေးပါတယ်။

အကြောင်းအမျိုးမျိုးတို့ကြောင့် အရွတ်မှာထိခိုက်ဒဏ်ရာရပါက အရွတ်များကျုံ့ခြင်း၊ ဆန့်ခြင်းဆိုင်ရာသတ္တိများ လျော့နည်းလာပြီး လှုပ်ရှားမှုကို အဟန့်အတားဖြစ်စေပါတယ်။ဒါကြောင့် ခါးနာခြင်းဝေဒနာဖြစ်လာပါတယ်။

- ကြွက်သားနာကျင်ခြင်းနှင့် အဆစ်လွဲခြင်း -

နောက်ကျောကြွက်သား ထိခိုက်အနာတရဖြစ်ခြင်းဖြင့် ကြွက်စွန်းရွတ်များ ဒဏ်ရာရခြင်းကြောင့် ခါးနာခြင်းဖြစ်တတ်ပါတယ်။

ကြွက်သားနဲ့ ကြွက်စွန်းရွတ်များဒဏ်ရာရခြင်းကို အဆစ်လွဲခြင်းလို့ခေါ်ပါတယ်။

**ကျောရိုးဆစ်ယိုယွင်းရောင်ရမ်းနာ**

- ကျောရိုးဆစ်များဟာ နေ့စဉ်နဲ့အမျှ ဝန်ပိနေခြင်း၊ လှုပ်ရှားမှုပြုခြင်းတို့ကြောင့် လူလတ်ပိုင်းအရွယ်မှာပင် ယိုယွင်းမှုများဖြစ်လာပါတယ်။

အထူးသဖြင့် အလုပ်ကြမ်းလုပ်သူများမှာ လူလတ်ပိုင်းအရွယ်မှာပင် ယိုယွင်းနေပါတယ်။ ထိုသူများဟာ အသက်အရွယ်အိုမင်းလာလေလေ ပိုပြီးယိုယွင်းလာပြီး ရိုးဆစ်ယိုယွင်းရောင်ရမ်းနာဖြစ်လာပါတယ်။ ထိုသူများမှာလည်း ခါးနာခြင်းဝေဒနာကို ခံစားရတတ်ပါတယ်။

- ထို့ပြင် ကျောရိုးအဆစ်များ အံခော် ခြင်း။
- ကျောရိုးသွေးကြောကျဉ်းခြင်း။
- အရိုးပွရောဂါကြောင့် အရိုးကျိုး ခြင်း။
- အဆစ်အမြစ် ရောင်ရမ်းနာကြောင့် ခါးနာဝေဒနာဖြစ်ခြင်း။
- ကျောရိုး၌ ကင်ဆာရောဂါဖြစ်ခြင်း
- ကျောရိုးအနေအထားမမှန်ဘဲ ဘေး တိုက်ကွေးနေခြင်း။
- ကူးစက်ရောဂါဖြစ်ပွားခြင်း။
- ခါးနာခြင်းနှင့်ဆက်နွယ်နေတဲ့ စိတ် ပိုင်းဆိုင်ရာ ခံစားမှုဝေဒနာရှင်များ

**ခါးနာဝေဒနာကို ပိုမိုဆိုးဝါးစေတဲ့အချက်များ**

- နေထိုင်မှုပုံစံ ကိုယ်ဟန်အနေအ ထားမှားယွင်းနေခြင်း။
- လေ့ကျင့်ခန်းယူရမည်ကို ရှက် ကြောက်သဖြင့် လိုအပ်တဲ့လေ့ကျင့် ခန်းမယူခြင်း။
- လုပ်ငန်းသဘောအရ အချိန်ကြာ မြင့်စွာ မတ်တတ်ရပ်ခြင်း။
- လုပ်ငန်းသဘောအရ အချိန်ကြာ မြင့်စွာထိုင်ခြင်း။
- ခါးကို အထောက်အကူ အပြည့်အ မပေးနိုင်တဲ့ကုလားထိုင်၌ထိုင်ခြင်း
- ပျော့ပျောင်းအိစက်တဲ့ မွေ့ရာပေါ် ၌အိပ်ခြင်း။
- အချိန်ကြာမြင့်စွာ ကားမောင်းခြင်း
- ခန္ဓာကိုယ်အဝလွန်ခြင်း။
- ကိုယ်ဝန်ရှိခြင်း။
- လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးများ မခြင်း၊ ထမ်းခြင်း၊ တွန်းခြင်း၊ ဆွဲ ခြင်း ဆရာဝန်နှင့် စမ်းသပ်စစ်ဆေး ခြင်း။
- ခါးရိုးဆစ်တွင် မညီသည့်ချို့ယွင်း ချက် ရှိ၊ မရှိ စစ်ဆေးခြင်း။
- ခါးရိုးဆစ်ရှိ အရွတ်၊ ကျောရိုး ဝိုင်းနှင့် အခြားရောဂါရှိ၊မရှိစစ်ဆေး ခြင်း၊ ကိရိယာများဖြင့်စစ်ဆေးခြင်း
- ဓာတ်မှန်ရိုက်၍စစ်ဆေးခြင်း။
- သွေးစစ်ဆေးခြင်း။
- ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ခြင်း (CT Scan)
- သံလိုက်စက်ကွင်းဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (MRI Scan)

**ကုသခြင်း**

- ဆေးဝါးဖြင့်ကုသခြင်း (အကိုက်အခဲပျောက်ဆေးများ)
  အက်ပရင်၊ အိုင်ဘူဖရိုဖင်၊
  ပါရာစီတမောနှင့် ကိုဒင်း ပေါင်းစပ်ထားသော ကို-ကိုဒါမော အိုင်ဘူဖရိုဖင်နှင့် ကိုဒင်း ပေါင်းစပ်ထားသော ကိုဒါဖင်ကွန်တီနပ်(စ်)

**ကြွက်သားဖြေလျော့ဆေးများ**

- ဒိုင်ယာဇင်ပင် ရိုင်မာပင်(စ်)၊ တင်(န်)ဆီယမ်(မ်)
- ဘာကလိုပင်ဆေးများဖြင့် ကုသပေးပါတယ်။

(မှတ်ချက် - ဆရာဝန်နှင့်ပြသပြီး ဆရာဝန်ညွှန်ကြားချက်ဖြင့်သာသောက်သုံးရန် ဖြစ်ပါတယ်။) အရောင်ကျဆေးအဖြစ် စတီးရွိုက်မဟုတ်သော (NSAIDS) ဆေးများ။

- ဓာတ်အပ်စိုက်ကုသခြင်း။
- ခွဲစိတ်ကုသခြင်း။
- Short- Wave ခေါ် လျှပ်စစ်ဓာတ်ဖြင့် နှာ့ဗ်ကြောများကိုလှုံ့ဆော်ခြင်း။
- လက်ဖြင့်နှိပ်နယ်ကုသခြင်း။
- အလွန်နာကျင်ကိုက်ခဲသူဝေဒနာရှင်များအတွက် အကိုက်အခဲပျောက်စေတဲ့ ထိုးဆေးများဖြင့် ကုသပေးပါတယ်။

**ခါးနာဝေဒနာရှင်များအတွက် စားသုံးသင့်တဲ့အသီးအနှံများ**

**ချယ်ရီသီး**

ဒင်းအသီးထဲတွင် ဓာတ်တိုးဆန့်ကျင်ပါဝင်ပြီး ယူရစ်အက်စစ်ပမာဏကို ကျဆင်းလျော့ကျစေပါတယ်။

**နာနတ်သီး**

ဒင်းအသီးထဲတွင် ဘရိုမယ်လိန်းဓာတ်ပါတဲ့အတွက် ရောင်ရမ်းခြင်းကို လျော့ကျစေပါတယ်။

**စတော်ဘယ်ရီသီး**

ဒင်းအသီးထဲတွင် ဆယ်လီစလစ်ဓာတ်ဆားပါဝင်တဲ့အတွက် အထူးသဖြင့် ခါးနာခြင်း၊ ရိုးဆစ်၊ ကြွက်စွန်းရွတ်၊ ကြွက်သားနဲ့ အရိုးရောဂါများအတွက် အထူးသင့်လျော်ပါတယ်။

**လိမ္မော်သီး**

ဒင်းအသီးထဲတွင်ပါဝင်တဲ့ ကယ်(လ်)စီယမ်ဓာတ်ကြောင့် သွေးများကို သန့်စင်စေပြီး ရိုးဆက်ရောင်ရမ်းခြင်းကို လျော့ကျစေပါတယ်။

**မာလကာသီး**

ရောင်ရမ်းခြင်းကို လျော့ကျစေပါတယ်။

**ပန်းသီး**

ပန်းသီးကို နေ့စဉ် (၁) လုံးမှ (၃) လုံးအထိ စားသုံးခြင်းဖြင့် ရောင်ရမ်းခြင်းကို လျော့နည်းစေပြီး ယူရစ်အက်စစ်အဆိပ်အတောက်များကို ထိရောက်စွာ ဖယ်ရှားပေးနိုင်ပါတယ်။

ဒါ့အပြင် သံပရိုသီး၊ ကြက်ဟင်းခါးသီး၊ မုန်လာဉနီ၊ လိုင်ချီးသီး၊ ပဲတီဝါ၊ ရွှေပဲသီး၊ ရုံးပတီသီး၊ မုန်လာထုပ်၊ တရုတ်နံနံ၊ ဂေါ်ဖီပန်း (အစိမ်းရောင်) ဆလပ်ရွက်၊ ချင်း စတဲ့ အစားအစာများကို စားသုံးသင့်ပါတယ်။

- အရိုးပါတဲ့ငါးကလေးများ၊ ဆာဒင်းငါး၊ ငါးကွန်းရှပ်၊ တူနာ၊ ဆော်လမွန်ငါးမန်းကောင်နှင့်တိရစ္ဆာန်အရိုးနု။
- ဗီတာမင်ဘီဓာတ် ကြွယ်ဝစွာပါတဲ့ ပေါင်မုန့်ကြမ်း၊ဆန်လုံးညို၊လူးဆန်။
- အစိမ်းရောင် ဟင်းသီးဟင်းရွက်များ။
- ကိုကိုး၊ ရွှေဖရုံသီး၊ ရွှေဖရုံစေ့။
- အာလူး၊ ကန်စွန်းဥ၊ ပြောင်းဖူး။
- သံလွင်ဆီ၊ နေကြာဆီ၊ ဟင်းရွက်ဆီ၊ နှမ်းဆီ။
- ဗီတာမင်အီး ကြွယ်ဝစွာ ပါဝင်တဲ့ နေကြာစေ့၊ ဖရုံစေ့၊ သီဟိုဠ်စေ့၊ ဗာဒံစေ့၊ သစ်ကြားသီး၊ အယ်မွန်သီး။

**ခါးနာဝေဒနာရှင်များနဲ့သင့်တင့်တဲ့ ဗီတာမင်အုပ်စု**

- ဗီတာမင် B ကွန်ပေါင်း ($B_1$, $B_3$, $B_6$, $B_{12}$)
- အိုမီဂါ- ၃၊ အိုမီဂါ- ၆၊ ငါးကြီးဆီ။
- ဗီတာမင်ဒီဓာတ်ပါဝင်သောအားဆေး
- ဗီတာမင်စီ
- ဗီတာမင်အီး
- သတ္တုဓာတ်ပါဝင်သောအားဆေး

**ခါးနာဝေဒနာရှင်များ ရှောင်ကြဉ်ရမယ့်အစားအစာများ**

- အက်စစ်ဖြစ်စေနိုင်တဲ့အစားအစာဖြစ်တဲ့-
- ကော်ဖီ၊ လက်ဖက်ရည်၊ ဘီယာအမျိုးမျိုး။
- အရက်၊ အချိုရည်ဘူးများ၊ ကိတ်မုန့်၊ ပေါင်မုန့်ဖြူ။
- ဟင်းခတ်အမွှေးအကြိုင်များ၊ ငှက်ပျောသီး။
- ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသောဥအမျိုးမျိုး။
- တိရစ္ဆာန်များရဲ့ ဝမ်းတွင်းကလီစာများ။
- တာရှည်ခံရန် ပြုလုပ်ထားတဲ့ အစားအစာများဖြစ်တဲ့ - ဝက်အူချောင်း၊ ငါးသေတ္တာ၊ ရယ်ဒီမိတ်အစားအစာများ၊ ချောကလက်၊ ဆီကြော်မုန့်အမျိုးမျိုး။

အထူးရှောင်ကြဉ်ရမယ့်အသီးကတော့ ခရမ်းချဉ်သီး ဖြစ်ပါတယ်။ ဒါ့အပြင် ခရမ်းသီး၊ ဆီးသီး၊ မြေပဲတို့ ဖြစ်ပါတယ်။

**ခါးနာရှင်များအတွက် သတိထားရမယ့်အချက်များ**

- ခန္ဓာကိုယ်အလေးချိန်မတက်စေရန် ထိန်းသိမ်းထားပါ။
- စားသောက်မှုပုံစံ ပြောင်းလဲပြီး သင့်တင့်တဲ့အစားအစာစားပါ။
- ဆေးဝါးသောက်သုံးခြင်းကြောင့် အာဟာရဓာတ်လျော့နည်းမှု ရှိ မရှိ ဆရာဝန်နဲ့စမ်းသပ်ပြီး အာဟာရဓာတ် လျော့နည်းမှုရှိပါက အာဟာရဖြည့်စွက်အစားအစာ စားသုံးပါ။
- ဆရာဝန်ညွှန်ကြားသောဆေးများကို အချိန်မှန်မှန်သောက်ပါ။
- လိုအပ်တဲ့လေ့ကျင့်ခန်းယူပါ။

အထက်ပါအတိုင်း ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလိုက်နာခြင်းဖြင့် ခါးနာဝေဒနာသက်သာပျောက်ကင်းစေနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

ရီရီမြေ

Ref; Back pain from Internet.

www.burmeseclassic.com

www.burmeseclassic.com

ဤခေါင်းစဉ်ပါ ဖြစ်ရပ်မှန်အား မဖော်ပြမီ ကျွန်တော်၏အကြောင်းလေး အနည်းငယ် ဖော်ပြလိုပါသည်။ သို့မှသာ ကျွန်တော် ရေးသားတင်ပြသောဖြစ်ရပ် လေးများသည် ပိုမိုပြည့်စုံမည်ဟု တွေး မိသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် ယခင်က စာပေ နယ်သို့ရောက်ရှိလိမ့်မည်ဟု အနည်းငယ် မျှ မတွေးမိခဲ့သလို ရောက်လိုသောဆန္ဒ လည်း မရှိခဲ့ပါ။ ကျွန်တော်၏ အသက် မွေးဝမ်းကျောင်းအလုပ်ကလည်း တော အထပ်ထပ် တောင်အသွယ်သွယ်တွင် ကျင်လည်ရသောအလုပ်ဖြစ်သောကြောင့် 'စာဖတ်ဖို့သော်မျှ မလွယ်ကူပါ။

နှစ်ပေါင်း (၃၇) နှစ်တာ တော တောင်များတွင်ကျင်လည်ရင်း မရောက် ချင်သော အသက်(၆၀)သို့ ရောက်သွား သဖြင့် သက်ပြည့်ပင်စင်ယူလိုက်ရပါ သည်။ ပင်စင်စားဘဝရောက်သည့်အခါ အလုပ်မလုပ်ဘဲ ထိုင်စားနိုင်သည့် အခြေ အနေမရှိသေး၍ သင်ကြားတတ်မြောက် ခဲ့ဖူးသည့် ဓာတ်ပုံပညာလေးဖြင့် 'ဓာတ်ပုံ မောင်မောင်အေး' ဆိုသော အမည်ကို ခံယူရင်း ဓာတ်ပုံဆရာဘဝ ရောက်ခဲ့ရပါ သည်။ အားလပ်သည့်အချိန်များတွင် ရပ်ကွက်အတွင်းရှိ စာအုပ်အငှားဆိုင် များမှ စာအုပ်များငှားကာ စာဖတ်ဖြစ်ပါ တော့သည်။

မဂ္ဂဇင်းများငှား၍ ဖတ်ရင်းဖတ် ရင်း 'ဒီလောက်တော့ ငါလည်းရေးတတ် တယ်' ဆိုသော အတွေးဝင်လာရာမှ တောတောင်ဒေသတို့တွင် တွေ့ကြုံလာ ရသော ဖြစ်ရပ်ကိုယ်တွေ့တို့ကို ရေးသား ပေးပို့ရာ ပထမဆုံးသောစာမူနှင့်ပင် မဂ္ဂဇင်းစာမျက်နှာပေါ်တွင် 'ဓာတ်ပုံ မောင်မောင်အေး' ဆိုသော ပုံနှိပ်စာလုံး ကို အံ့ဩဝမ်းသာစွာနှင့် ဖတ်ခွင့်ရရှိခဲ့ ပါသည်။

ယခု ရေးသားဖော်ပြမည့် 'ဖောင် တော်ပြစ်မှား လူမိုက်များ' ဖြစ်ရပ်သည် လည်း တောတွင်းကျင်လည်ခဲ့ရစဉ်ဘဝ က ဖြစ်ရပ်မှန်တစ်ခုအား တင်ပြခြင်းဖြစ် ပါကြောင်း ကြိုတင် အစီရင်ခံအပ်ပါ သည်။

၂၀၁၅ ခု၊ ဖေဖော်ဝါရီလထုတ် အတွဲ (၁၅)၊ အမှတ် (၂) သူရဋ္ဌမဂ္ဂဇင်း ကြီးတွင် စိုးထွန်း(ဥပဒေ) ၏ 'ဖောင် တော်ပြင်ကုသိုလ်ထူး' ဇာတ်လမ်းအား ဖတ်ရှုရင်း သာမန်လက်သမားဆရာ လေးဘဝမှ အရှင်ဥပဂုတ္တရဟန္တာအရှင် မြတ်၏ ပျက်စီးယိုယွင်းနေသည့် ဖောင် တော်အား စေတနာသဒ္ဓါတရားထက် သန်စွာဖြင့် ပြင်ဆင်မွမ်းမံလိုက်ရသော ကုသိုလ်ကြောင့် မကြာမတင်ကာလ အတွင်း နိုင်ငံတော်သိန်းထီဆုကြီး(၅၀၀) ဆုပေါက်ကာ ဘဝအခြေပြောင်း၍ တိုက်နှင့်တာနှင့် ဆေးဆိုင်ပိုင်ရှင်ကြီး ဘဝသို့ ရောက်ရှိသွားကြောင်း ဖတ်ရပါ သည်။

ဖတ်ရှုပြီးသောအခါတွင် ကောင်း လေစွဟု သာဓုခေါ်မိပါသည်။ ဆရာ စိုးထွန်း (ဥပဒေ) ၏ 'ဖောင်တော်ပြင် ကုသိုလ်ထူး' ကို ဖတ်ရင်း ကျွန်တော် သက်ပြည့်ပင်စင်မယူမီ (၆) နှစ်ကကြုံခဲ့ရ သည့် 'ဖောင်တော်ပြစ်မှား လူမိုက်များ' အကြောင်းပေါ်လာခြင်း ဖြစ်ပါသည်။ ဆရာစိုးထွန်း (ဥပဒေ) ၏ဇာတ်လမ်းနှင့် ဆန့်ကျင်ဘက် ပြဒါးတစ်လမ်း၊ သံတစ် လမ်းဟုဆိုသော် ဆိုနိုင်ပါသည်။

ကျွန်တော် မောင်မောင်အေး သည် သယံဇာတပေါကြွယ်ဝသည့် သပိတ်ကျင်းမြို့လေး၌ ဒုတိယအကြိမ် လေးနှစ်တာကာလ တာဝန်ထမ်းဆောင်

# ဓာတ်ပုံ-မောင်မောင်အေး

## ဖောင်တော်ပြစ်မှား လူမိုက်များ



www.burmeseclassic.com

www.burmeseclassic.com

နေဆဲ ကျွန်တော်တို့၏ အကြီးအကဲ ပုဂ္ဂိုလ်တစ်ဦးလာရောက်သည်ကို ကြိုဆိုရသည့်အုပ်စုထဲ၌ ကျွန်တော်လာသည်ကို မတွေ့သဖြင့် အမျက်တော်ဖွားကာ မဲဇာပို့ခြင်းခံရပါသည်။ အမှန်က ကြိုဆိုသည့်အထဲတွင် ကျွန်တော်ပါပါသည်။ စောင့်ရင်းစောင့်ရင်း အချိန်တွေကြာလာသဖြင့် ဒီနေ့လာမယ်မထင်တော့ဘူးဆိုကာ အဆောင်သို့ပြန်လာခိုက် မကြာမီ ရောက်လာသဖြင့် ကျွန်တော့်ကိုမတွေ့၍ အမျက်ရှခြင်းခံရပါ၏။ ထိုပြစ်ချက်ဖြင့် ကဘော်ချိုင့်ဝှမ်းအတွင်း ရိုးမသို့ ချက်ချင်း (Field to Field) ပြောင်းစေသတည်း။ သို့ဖြင့် ကဘော်ချိုင့်ဝှမ်းနှင့် တနင်္သာရီတောင်တန်းကြီးများဆီသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။ (ခုတော့လည်း ဒါတွေဒါတွေပြီးခဲ့ပါပြီ။)

တနင်္သာရီရိုးမကြီး၏ အလယ်တွင် တနင်္သာရီအမည်ရှိသောမြစ်သည် မြောက်မှ တောင်သို့ စီးဆင်းနေ၏။ တောင်မှ မြောက်သို့လည်း စီးဆင်းနေ၏။ မြောက်မှတောင်သို့စီးသောမြစ်သည် တနင်္သာရီမြစ်ကြီးဟုခေါ်၍ တောင်မှမြောက်သို့ စီးဆင်းသောမြစ်ကို တနင်္သာရီမြစ်ငယ်ဟု ခေါ်သည်။ ဆန့်ကျင်ဘက် စီးဆင်းလာသောမြစ်တို့သည် တနင်္သာရီမြို့အနီးတွင် ပေါင်းဆုံမိ၍ မြစ်ကြောင်းပြောင်းကာ အနောက်ဘက်သို့စီးဆင်းသွားပြီး ကပ္ပလီပင်လယ်အတွင်းသို့ မြိတ်မြို့၏ တောင်ဘက်နားတွင် စီးဝင်သည်။ ပြတ်ရွေ့ Fault ကြောအတိုင်း အနောက်ဘက်သို့ စီးဆင်းသွားခြင်း ဖြစ်၏။

ကျွန်တော်တို့အဖွဲ့သည် တနင်္သာရီမြစ်ကြီး၏ အရှေ့ဘက်ကမ်းတစ်နေရာတွင် အဖိုးထိုက်သယံဇာတတစ်မျိုးအား လေ့လာ ရှာဖွေရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ စခန်းချသောနေရာနှင့် မိုင်ဝက်ခန့် တနင်္သာရီမြစ်ကမ်းပေါ်တွင် စည်ကားသာယာသော ရွာကြီးတစ်ရွာလည်းရှိနေပါသည်။ ရွာကြီးဆိုသည်ထက် ဥယျာဉ်ကြီးဆိုလျှင် ပိုပြီးမှန်ပါမည်။ မြင်မြင်သမျှ ရာထောင်မကသော ကွမ်းသီးပင်များ၊ ငှက်ပျောပင်များ၊ ဒူးရင်းပင်များသာ ဖြစ်သည့်အတွက် ဥယျာဉ်ကြီးဆိုက ပို၍မှန်ပါမည်။ ကွမ်းသီးပင်များတွင် သစ်ခွပန်းမျိုးစုံကလည်း တွယ်ကပ်ပေါက်ရောက်လျက်ရှိသည်။ မြို့တော်ရန်ကုန်တွင် အလှစိုက်သော အဖိုးတန် ဒုတ်(တုတ်)သစ်ခွမျိုးအထိ ပါဝင်သည်။

ကွမ်းသီးခူးချိန်တွင် အပင်ပေါ်တက်ခူးရန် မလွယ်ပါ။ သစ်ခွပန်းပင်များ တွယ်ကပ်နေ၍တစ်ကြောင်း၊ ကွမ်းသီးရွက်များကြားမှ ခါချဉ်အုံ၊ ပုရွက်ဆိတ်အုံများကလည်း လူကိုဒုက္ခပေးနိုင်သေးသဖြင့် ဝါးလုံးရှည်ထိပ်တွင် တံစဉ်တပ်ကာ အောက်မှပင် ကွမ်းသီးခိုင်များ ချိတ်ဆွဲချရပါသည်။ အလုပ်နားရက်များတွင် ကျွန်တော်တို့နှင့်ခင်မင်ရင်းနှီးသောသူများက ကွမ်းသီးခူးလျှင် ကွမ်းသီးကောက်လုပ်အားပေးကြပါသည်။ တံစဉ်ဖြင့် ချိတ်ချသော ကွမ်းသီးခိုင်များကို လိုက်ကောက်၍ တစ်နေရာတွင်စုပုံပေးရခြင်း ဖြစ်၏။ ခါချဉ်များ၊ ပုရွက်ဆိတ်များပါလာသဖြင့်အကိုက်ခံရ၏။နေ့လယ်၌ လုပ်အားပေးသော ကျွန်တော်တို့အဖွဲ့အား ယမကာ၊ ထမင်းတို့ဖြင့် ကျွေးမွေးဧည့်ခံသည်ကို ပျော်ပါးစွာစားသောက်ရ၏။

ကျွန်တော်က မဂ္ဂဇင်းစာမျက်နှာပေါ်တွင် စာမရေးဘူးသေးသော်လည်း ကာတွန်းဝင်းမောင်၏ ကာတွန်းရေးဆွဲနည်းစာအုပ်ဝယ်ထားသဖြင့် ကာတွန်းအတော်အသင့်ရေးဆွဲတတ်၏။ ဆွဲသမျှဆယ်ကျော်သက်မလေးများ၏ပုံသာဖြစ်၏။ ဤသတင်းသည် ထိုဥယျာဉ်ရွာကြီးထဲ မည်သို့ပျံ့လွင့်သွားသည် မသိချေ။ ဥယျာဉ်ရွာဆိုသည်မှာ ကျွန်တော်ပေးထားသောအမည်ပါ။ ထိုရွာအမည်ကို မဖော်ပြလိုသဖြင့် ဥယျာဉ်ရွာဟုပင် အန္တတ္တအမည်ပေးလိုက်ခြင်းဖြစ်ပါသည်။

တစ်နေ့ ဥယျာဉ်ရွာကြီးမှ အသိတစ်ဦးက လာရောက်ခေါ်သည်ကြောင့် ဘူမိဗေဒအရာရှိလေး ကိုမြင့်သန်းကိုအဖော်ခေါ်၍လိုက်သွားကြ၏။ သူ့အိမ်သို့ရောက်အောင် ဥယျာဉ်ထွက်သီးနှံများဖြင့် ကျွေးမွေးဧည့်ခံပါသည်။ စားသောက်ပြီးမှ သူလိုသောကိစ္စကိုပြော၏။

"ဒီလို ကိုမောင်မောင်အေးရဲ့။ အရှင်ဥပဂုတ္တဖော်တော်ဟာ ကျွန်တော်တို့ရွာဆိပ်မှာ လာရောက် ဆိုက်ကပ်သီတင်းသုံးနေတယ်။ ရွာကလည်း သဒ္ဓါ





www.burmeseclassic.com

www.burmeseclassic.com

တရားရှိသလောက် ကပ်လှူပူဇော်သမှု ပြုကြတယ်။ ကျွန်တော်လည်း ဖောင်တော်ကို ဘေးတစ်ဖက်တစ်ချက်က နဂါးရုပ် တစ်ကောင်စီကပ်ပြီး ပူဇော်ချင်တယ်။ အဲဒီနဂါးရုပ်တွေရေးဆွဲပေးဖို့ ကိုမောင်မောင်အေးကို အကူအညီတောင်းတာပါ"

ဟု ဆိုရာ ကျွန်တော်လည်း -

"ဟိုက် ဗုဒ္ဓေ"

ဟု ရင်ထဲမှတမိ၏။

အသံတော့ထွက်မလာပါ။ ကျွန်တော်ဆွဲတတ်သည်က ရင်ကြီး၊ တင်ကြီး၊ ခါးသေးကောင်မလေးများသာ ဖြစ်၏။ သူလိုချင်သည်က အရှင်ဥပဂုတ္တဖောင်တော်တွင် ပူဇော်ရန် နဂါးနှစ်ကောင်။ လားလားမျှ မအပ်စပ်ချေ။ သို့ဖြင့် အလွန်အားနာစွာ တကယ်ပင်မဆွဲတတ်ပါကြောင်း တောင်းပန်ရပါသည်။

နဂါးရုပ်မဆွဲတတ်သော်လည်း ဖောင်တော်ပတ်လည်မှ ရာဇမတ်ကွက်ကာရန်လုပ်အားလှူခဲ့ပါသည်။ တနင်္သာရီမြစ်ရိုးတစ်လျှောက် ဒီတက်၊ ဒီကျဖြင့် ဖောင်တော်ကြွချီရာတစ်လျှောက်ရှိ ကြိုကြိုက်သော ကျေးရွာတို့မှ ဆွမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ သင်္ကန်း၊ ဝတ္ထုငွေ စသည်တို့ ကပ်လှူပူဇော်ကြ၏။ သဒ္ဓါထက်သန်သူတို့ အကျိုးပေးမြန်သည်ဟု ကြားသိရ၏။

အရှင်ဥပဂုတ္တရဟန္တာရုပ်တု ဖောင်တော်သည် ဥယျာဉ်ရွာကြီးတွင် သုံးရက်သီတင်းသုံးပြီး ရေစုန်ခရီးဖြင့် တနင်္သာရီမြစ်ရိုးအတိုင်း ဒေသစာရီကြွတော်မူပါသည်။ တနင်္သာရီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာတို့သည် ဒေသထွက်သီးနှံများရောင်းချရန်ဖြစ်စေ၊ မိမိတို့ကျေးရွာတွင် စားသုံးရန်နှင့် တစ်ဆင့်ပြန်လည်ရောင်းချရန်ဖြစ်စေ ကုန်ပစ္စည်းများကို မြိတ်မြို့အထိ ဆင်းဝယ်၊ဆင်းရောင်းရပါသည်။ မြိတ်သို့အသွားတွင် တနင်္သာရီမြို့၌ တစ်ညအိပ်ရ၏။ ထိုစဉ်က လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် မြစ်ရိုးအတိုင်း စက်လှေဖြင့်သွားကြရပါသည်။ မြိတ်မှအပြန် ခရီးတွင် ဒီရေအကျနှင့်ဆုံနေပါက လမ်းတွင် နှစ်ညအိပ်ရ၏။

အရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော်သည် ဥယျာဉ်ကြီးရွာမှ ဆက်လက် ဒေသစာရီကြွသွားပြီး တစ်ပတ်ခန့်အကြာတွင် (---) ရွာမှ စက်လှေသည် တစ်ပတ်တစ်ခါ ထွက်နေကျအတိုင်း မြိတ်သို့ထွက်ခွာခဲ့၏။ စက်လှေပေါ်တွင် ရောင်းကုန်၊ ဝယ်ကုန်အတွက် သွားနေကြသူများရော အကြောင်းကိစ္စဖြင့်သွားကြသူများပါ အစုံပါ၏။ လူစုံသလို စိတ်ကူးစိတ်သန်း အတွေးအခေါ် အယူအဆလည်းစုံ၏။ လူမှုရေး၊ ဘာသာရေး အလေးအနက်ထားသောသူရှိကြသလို အလေးအနက်မထားဘဲ ပေါ့ပေါ့တန်တန် တွေးခေါ်သူလည်းပါ၏။

လမ်းတွင် တစ်ညအိပ်ပြီး ခရီးဆက်ခဲ့ကြရာ မြစ်ကွေ့တစ်ဖက် သောင်စပ်တွင် အရှင်ဥပဂုတ္တမထေရ်မြတ်၏ ဖောင်တော်သည် ရပ်တန့်လျက်ရှိသည်ကို မြင်ကြရသဖြင့် စက်လှေပဲ့နင်းကြီးသည် စက်ရှိန်သတ်ရင်း ဖောင်တော်အနီးတွင် ရပ်လိုက်၏။ ဖောင်တော်၏ ဝန်းကျင်တွင် လူသူနေထိုင်သောရွာမရှိချေ။ တောတောင်များသာ ဖြစ်၏။ စက်လှေကြီးသည် အရှင်ဥပဂုတ္တဖောင်တော်နှင့် ဘေးချင်းယှဉ်၍ ရပ်သွားချိန်တွင် ခရီးသည်အချို့က လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြ၏။

ထိုစဉ် လူရွယ်သုံး၊ လေးယောက်သည် စက်လှေကြီးပေါ်မှ အရှင်ဥပဂုတ္တဖောင်တော်သို့ ခုန်ကူးသွားပြီး သပိတ်တော်ထဲမှ စေတနာရှင်များလှူဒါန်းထားသည့်ဝတ္ထုငွေများကို အလုအယက်နှိုက်ယူကြ၏။

"ဟေ့ကောင်တွေ၊ မလုပ်ကောင်းဘူးကွ။ အားလုံးဒုက္ခရောက်ကုန်မယ်"

ဟု ပဲ့နင်းကြီးက လှမ်းအော်သည်ကိုပင် အလေးမမူကြချေ။ သက်ကြီးပိုင်း ခရီးသည်များ၏ မျက်နှာတွင် စိတ်မချမ်းမြေ့ခြင်း၊ စိုးရိမ်သောကခံစားရခြင်း အသွင်များပေါ်လွင်နေကြသလို 'ဒီတိတ္ထိကောင်တွေကြောင့် တို့လှေ ဒုက္ခရောက်ကုန်မယ်' ဟု တီးတိုးဆိုကြ၏။ သို့သော် စက်လှေကြီးသည် ဒီရေအကျနှင့်အတူ မြိတ်မြို့ နောက်လည်ကြီးဆိပ်သို့ ချောချောမောမော ဆိုက်ရောက်ခဲ့ပါသည်။

နောက်နှစ်ရက်အကြာတွင် ကုန်ရောင်း၊ကုန်ဝယ်ကိစ္စများပြီးစီး၍ (---) ရွာသို့ ပြန်ထွက်တော့မည့် စက်လှေကြီးသည် နောက်လည်ကြီးဆိပ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများက ခရီးသည်အားလုံး မှတ်ပုံတင်မှအစ တစ်ဦးစီစစ်ပြီးမှ စက်လှေထွက်ခွင့်ပြုပါသည်။ အပြန်ခရီးတွင် ဒီရေအကျနှင့် ဆုံနေသောကြောင့် စက်ကုန်ဖွင့်၍ ခရီးနှင်ခဲ့ပါသော်လည်း ထင်သလောက် ခရီးမရောက်ချေ။ မောက်လော်ရွာအနားရောက်ချိန်တွင် နေရောင်ပင်မရှိတော့ပေ။ ရှေ့တွင် ရွာဆက်ပေးပြီး ညအမှောင်ကြောင့် အန္တရာယ်များလှသဖြင့် မောက်လော်ရွာ၌ပင် တစ်ညအိပ်ရန် လှေကိုကျောက်ချလိုက်တော့၏။

မောက်လော်တွင် တစ်ညအိပ်ပြီး နောက်နေ့ မနက် (၆) နာရီတွင် မြစ်ကြောင်းအတိုင်း ခရီးဆက်ကာ မနက်စာထမင်းကို တနင်္သာရီမြို့တွင် စား၍ (၁) နာရီခန့် ရပ်နား၏။ ထမင်းစားပြီး ဗိုက်မျဉ်းလာသဖြင့် အိပ်သူကအိပ်၊ ဖဲကစားသူက ကစား၊ စာဖတ်သူကဖတ်ဖြင့် တနင်္သာရီမြစ်ရိုးတစ်လျှောက် ခရီးဆက်ပြန်၏။ မြစ်ကမ်းဝဲယာတို့တွင် သစ်တောဝါးတောကြီးများ ရှုမဆုံးတောလုံးပြည့်၏။ တနင်္သာရီသည် မြစ်ဟုဆိုသော်လည်း ချောင်းကြီးကြီးလောက်သာ ကျယ်၏။ ထို့ကြောင့် စက်လှေကြီး၏ ဒီဇင်အင်ဂျင်စက်သံတဘုတ်ဘုတ်သည် မြစ်ကမ်းဝဲယာမှ ပဲ့တင်သံပြန်လာနေ၏။

အရှေ့ဘက်ကမ်းရှိ ချောင်းငယ်လေးတစ်ခု အဝနားအရောက်တွင် ဒီဇယ်အင်ဂျင်တဘုတ်ဘုတ်အသံကိုလွှမ်းမိုးသွားစေသော 'ဖောင်. . . ဖောင်း. . . ဖောင်း. . .' ဆိုသည့်မောင်းပြန်သေနတ်သံကြောင့် အိပ်နေရာ လန့်နိုးကုန်ကြသူများ၊ ဖဲကစားနေရာမှ ဘုရားတ,သူများဖြင့် လှေပေါ်တွင် ရုတ်ရုတ်သဲသဲဖြစ်ကုန်၏။

"ဟေ့ - စက်လှေဒီဘက်ကပ်ခဲ့"

ဟု သေနတ်သံအပြီးတွင် အမိန့်ပေးသံပါထွက်လာ၏။ ပဲ့နင်းကြီးသည် ဓားပြတို့အမိန့်အတိုင်း လိုက်နာရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့ပြီ။ အဖွဲ့အစည်းတစ်ခုအတွက် လစာပေးရန်ငွေများပင် ဓားပြများနောက်သို့ ပါသွားသည်ဟု သိရပါသည်။

စက်လှေပေါ် လိုက်ပါလာကြသည့် ခရီးသည်အတော်များများက ယမန်နေ့က ရှင်ဥပဂုတ္တဖောင်တော်အား မလေးမသင့်မလုပ်ထိုက်သော 'ဖောင်တော်ပြစ်မှားသည့် လူမိုက်များ' ကြောင့် ဓားပြတိုက်ခံရခြင်းဟု။

စာကြွင်း -

- ရွာအမည်၊ စက်လှေအမည်မဖော်ပြခြင်းမှာ ပတ်သက်သူများ ဖတ်မိသော် မုဒိတာမပွားနိုင်ဘဲဖြစ်မည်စိုးသောကြောင့် မဖော်ပြခြင်း ဖြစ်ပါသည်။

ဓာတ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

မောင်သန်းဆွေ(ထားဝယ်)

သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကျေးရွာ ရွှေတိဂုံလေးဘုရားကြီးမှ

# ထူးဆန်းသောသန္ဓေသား

စာရေးသူသည် ၁၃-၁၂-၂၀၁၄၊ စနေနေ့က ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကျေးရွာ ရွှေတိဂုံလေးဘုရားကြီးသို့ အဖူးအမြော်ရောက်ခဲ့ပါသည်။ စေတီကြီး၏ကုန်းတော်ရင်ပြင်ပေါ်တွင် သီးခြားဗီမာန်ဖြင့်ပြထားသော အထက်ဖော်ပြပါ ထူးဆန်းသည့် သန္ဓေသားပုံကို တွေ့ရပါသည်။ ထိုဗိမာန်အတွင်းနံရံ၌ သန္ဓေသား၏အကြောင်းကိုလည်း ရေးသား ဖော်ပြထားသည်မှာ -

၁၃၁၄ ခုနှစ်တွင် ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကျေးရွာမှ မတင်နွဲ့ ဆိုသူသည် ကိုယ်ဝန် (၃) လရှိပြီဖြစ်၍ ပဲခူးဆေးရုံကြီးသို့လာပြီး ဓာတ်မှန်ရိုက်ခဲ့သည်။ ကိုယ်ဝန်မှာ အမှန်ဖြစ်၍ မွေးချိန်တန်မွေးလိမ့်မည်ဟုဆရာဝန်ကဆိုလိုက်သည်။




မတင်နွဲ့ဓါတ်ပုံ



ထူးဆန်းသောသန္ဓေသားပုံများ



ထူးဆန်းသောသန္ဓေသားပုံများ



ထူးဆန်းသောသန္ဓေသားပုံများ

မတင်နွဲ့မှာ ဦးဟံစိန်၊ ဒေါ်စောရှင်တို့၏ သားသမီး (၅) ဦးအနက် ဒုတိယတစ်ဦးတည်းသောသမီး ဖြစ်ပါသည်။ သူ့အသက် (၂၀) ခန့်တွင် တစ်ရွာတည်းနေ ကိုအောင် ဆိုသူနှင့် အိမ်ထောင်ကျပြီး အသက် (၃၃) နှစ်ရောက်သောအခါမှ ကိုယ်ဝန်ဆောင်ခြင်း ဖြစ်သည်။ ကိုယ်ဝန်မဆောင်မီ တစ်နေ့သောညအချိန်၌ အိပ်မက်မက်သည်ဆို၏။ ထိုအိပ်မက်၌ ၎င်းနေအိမ်ဘုရားခန်းတွင် ဘုရားပန်းများလဲနေခိုက် အိမ်ရှေ့တည့်တည့်မှ ဆင်ဖြူတစ်စီးဝင်လာ၍ မတင်နွဲ့က ခင်ပွန်းဖြစ်သူ ကိုအောင်အား -

'ဖမ်းပါ၊ ဖမ်းပါ'

ဟုပြောလိုက်ရာ ကိုအောင်က -

'နင့်ဘာသာနင်ဖမ်းပါလား'

ဟု ပြန်ပြောသည် ဆို၏။

ထိုအခါ မတင်နွဲ့သည် ဆင်ဖြူတော်၏ကျောကို လက်ဝါးဖြင့် (၃) ချက်သပ်လိုက်ပြီး ခဏအကြာတွင် ဆင်ဖြူပျောက်ကွယ်သွား၍ အိပ်ရာမှလန့်နိုးတော့သည် ဆိုပါသည်။

မကြာမီ မတင်နွဲ့ ကိုယ်ဝန်ရှိလာသည်။ မွေးချိန်ရောက်က မွေးဖွားရန် ပစ္စည်းအစုံအလင်နှင့် စောင့်နေသည်။ သို့သော် ကိုးလလွယ်၍ ဆယ်လရောက်သည့်တိုင်အောင် မမွေးဘဲရှိနေသည်။ တစ်လ၊ နှစ်လ စောင့်ဆိုင်းရာ (၁၃) လသို့ရောက်သောအခါ မတင်နွဲ့မှာ ကိုယ်များရောင်ရမ်းလာသဖြင့် ပဲခူးဆေးရုံကြီးသို့ တက်ရောက်ပြသရတော့သည်။

ပဲခူးဆေးရုံကြီးပေါ်၌ ကိုယ်ဝန်နှင့်ပတ်သက်၍ နေ့စွေလစွေဖြစ်လျက် လွန်လာသည်အထိ မမွေးသေးသဖြင့် စမ်းသပ်ကြရာ အမှန်ပင် သားသမီးရတနာဖြစ်နေကြောင်း တွေ့ရှိရ၍ ဆရာဝန်ကြီးအား အကြောင်းကြားရာ ဓာတ်မှန်တစ်ခါထပ်၍ရိုက်ရပါသည်။ ဓာတ်မှန်ရိုက်ပြီးကြည့်ရာတွင် သားသမီးရတနာအမှန်ပင်ဖြစ်နေ၍ ဆရာဝန်ကြီးက ဝမ်းဗိုက်ကိုခွဲစိတ်၍မီးဖွားပေးမည်ဟုဆိုပါသည်။ မတင်နွဲ့က မခွဲစိတ်လို၍ မွေးချိန်တန်က မွေးလိမ့်မည်ဟုဆိုပြီး ဆေးရုံတွင် ဆေး

www.burmeseclassic.com

လခန့်နေပြီးမှ ဆင်းခဲ့သည်။

နိုင်ငံခြားမှ ဆရာဝန်ကြီးများ ပဲခူးမြို့သို့လာခိုက်တွင် မတင်နွဲ့၏ ထူးဆန်းသောကိုယ်ဝန်ကို စမ်းသပ်ဓာတ်မှန်ရိုက်ကြည့်ကြရာ အမှန်ပင်သားသမီးရတနာဖြစ်ပြီး ဝမ်းအတွင်း၌ စလွယ်သိုင်းနေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံခြားဆရာဝန်ကြီးများကပင် အမှန်ပင်ထူးဆန်းအံ့ဩသွားခဲ့ကြသည်။

မတင်နွဲ့မှာ ကိုယ်ဝန်ရရှိသည့်နေ့မှစ၍ သစ်သီးများနှင့် တစ်နေ့လျှင် ဆိတ်ငါးကျပ်သားခန့်သာ စားသောက်ကြောင်း၊ အခြားသားငါးများကို စားသောက်လိုစိတ်မရှိကြောင်း ဆိုသည်။ မတင်နွဲ့အား အချို့ကလည်း ဖျဉ်းစွဲသည်ဟု ဆိုကြပြန်သည်။ သို့နှင့် ညဘက်၌ အိပ်မက်များ ပေးပြန်သည်ဆိုသည်။

အိပ်မက်ထဲတွင် -

'ငါ့သမီး၊ ဘာမှအားမငယ်နှင့်။ မွေးချိန်တန်ကမွေးလိမ့်မည်။ မည်သူတွေဘာပြောပြော စိတ်မပျက်နှင့်'

ဟု ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် ဘိုးတော်နှင့် မယ်တော်ကြီးတို့က ပြောသည်ဟု ဆိုပါသည်။

မတင်နွဲ့သည် ဆေးရုံမှဆင်းလာပြီး (၂) လ၊ (၃) လခန့်ကြာသောအခါ ဝမ်းဗိုက်မှာ တဖြည်းဖြည်းပိန်သွားပြီး သားဦးကိုယ်ဝန် သုံး၊ လေးလဗိုက်လောက်တွင်ရှိနေသေးသည်ဆိုပါသည်။ မတင်နွဲ့ကလည်း ၎င်း၏ဝမ်းဗိုက်အတွင်း သားဦးရတနာရှိကြောင်းကို ယုံကြည်နေသည်။ အိပ်မက်များကိုလည်း ဘိုးတော်နှင့် မယ်တော်ကြီးတို့က ဆက်၍ပေးနေသည်။

ကိုယ်လေးလက်ဝန်ရရှိသည့်နေ့မှစ၍ မရှိမရှားစားသောက်လာနိုင်သည်။ သို့နှင့် မတင်နွဲ့၏ ကိုယ်ဝန်မှာ (၄) နှစ်ကျော် (၅) နှစ်အတွင်း ရောက်ရှိခဲ့သည်။ ၎င်းကိုယ်ဝန်ကို ရိုက်ကူးထားသည့် ဓာတ်မှန်ကို နိုင်ငံခြားတွင် စစ်ဆေးရန် သက်ဆိုင်ရာဆေးရုံမှ ဆရာမတစ်ဦးက လာရောက် တောင်းယူသွားသည်။ ၎င်းတို့မှာ မူလက လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက်သူများဖြစ်၍ ယခုတစ်နှစ်အတွင်း အထည်ကုန်သည်ဘဝသို့ကူးပြောင်း၍ တစ်ရွာဝင်တစ်ရွာထွက် လိုက်လံရောင်းချနေရလေသည်။

မတင်နွဲ့ အသက် (၃၃) နှစ်တွင် ကိုယ်ဝန်ရရှိပြီး သူ့အသက် (၃၇) နှစ်မှ (၄) နှစ်ကျော် (၅) နှစ်ခန့်ရှိသည့်တိုင်အောင် ကိုယ်ဝန်မွေးဖွားခြင်းမရှိသေးကြောင်းကိုသိရ၍ ၎င်းတို့ရပ်ရွာနှင့် အနီးအနားမှ ကျေးရွာများမှ လူများသည် မတင်နွဲ့ မွေးဖွားသည့်သတင်းကိုသာ နားစွင့်၍နေကြရသည်။

မတင်နွဲ့မှာ (၄၃) နှစ်တိုင်အောင် ကိုယ်ဝန်ဆောင်ကာ မွေးဖွားနိုင်ရေးနှင့် ဝမ်းစာအတွက် ရှာဖွေလုပ်ကိုင်စားသောက်နေရသည်။အသက်အရွယ်အားဖြင့်ကြီးမြင့်လာကာ အသက်(၇၀)ကျော်အရွယ်တွင် ဒေါ်တင်နွဲ့သည် ဇရာ၏ဖိစီးမှုကြောင့် ကျန်းမာရေးချို့ယွင်းလာပြီး မျက်စိနှစ်လုံးကွယ်ခဲ့ရပါသည်။ သို့သော်လည်း သားသမီးအပေါ် ထားရှိသော မေတ္တာစေတနာများနှင့် ရင်မှဖြစ်သော သန္ဓေသားကို ဝမ်းမှာလွယ်၍ ကြုံဆုံလာသောလောကဓံတရားကို ကြံ့ကြံ့ရင်ဆိုင်ရပ်တည်ခဲ့ပါသည်။

ဒေါ်တင်နွဲ့ အသက် (၇၂) နှစ်လောက်တွင် ကျိုက်ပဒိုင်ကျေးရွာမှ ရွာဦးပိုင်းသို့ထွက်ကာ တဲကလေးတစ်လုံးတည်ဆောက်၍ နေထိုင်သည်။ စားသောက်ရေးအတွက် (လူအမည်-ဦးချစ်) ရဟန်းဘွဲ့ ဦးစန္ဒာဝရ ဦးပဉ္ဇင်းကြီးမှ ဒေါ်တင်နွဲ့အခက်အခဲများမကြုံစေရန် အတွက် ရွှေတိဂုံလေးကျောင်းဆရာတော် ဦးဓမ္မသာရထံ ခွင့်ပန်ကာ ၎င်းဆွမ်းခံ၍ ရသော အစားအသောက်များထဲမှ အသက်လွတ်အစားအသောက်များကို ပေးကမ်းစွန့်ကြဲခဲ့သောကြောင့် ဒေါ်တင်နွဲ့ဝမ်းရေးမှာ ပြည့်မီခဲ့ရပါသည်။

၁၃၅၇ ခု၊ ဝါဆိုလပြည့်နေ့နံနက်၊ (၈) နာရီတွင် ဦးစန္ဒာဝရ ဆွမ်းခံမှပြန်၍ ဒေါ်တင်နွဲ့ထံသို့ဝင်ကာ ရှစ်ပါးသီလပေးပြီးသောအခါ ဒေါ်တင်နွဲ့က ဦးစန္ဒာဝရအား -

"အရှင်ဘုရား၊ တပည့်တော်မ ယနေ့ညနေ (၅) နာရီတွင် သေရတော့မှာဖြစ်သဖြင့် နောက်ရက်များ၌ တပည့်တော်ထံသို့ လာရောက်ပြီး ကျွေးမွေးစရာမလိုတော့ပါဘုရား။ တပည့်တော်မ သေလွန်ပြီးနောက် တပည့်တော်မ၏ ရုပ်အလောင်းကို (၇) ရက်အထိ မခွဲစိတ်ဘဲ ဒီအတိုင်းထားပေးပါ ဘုရား"

ဟု လျှောက်တင်သောအခါတွင် ဦးစန္ဒာဝရလည်း-

"ဒကာမကြီး၊ မဟုတ်တာတွေ မပြောပါနဲ့။ တရားသာမှတ်နေပါ"

ဟုပြော၍ ကျောင်းသို့ပြန်ကြွလာခဲ့ပါသည်။

ဒေါ်တင်နွဲ့သည် ဦးစန္ဒာဝရအား လျှောက်တင်ထားသည့်အတိုင်း အသက် (၇၆) နှစ်ပြည့်သည့် ၁၃၅၇ ခု၊ ဝါဆို
လပြည့်၊ အင်္ဂါနေ့၊ ညနေ (၅) နာရီတွင်
ကွယ်လွန်သွားခဲ့ပါသည်။

ဒေါ်တင်နွဲ့သတင်းကို စောင့်မျှော်
နေကြသောလူအပေါင်းတို့သည် တစ်ဆင့်
စကားတစ်ဆင့်နားဖြင့် ကြားကုန်ကြပြီး
မြောက်မြားစွာသော လူအုပ်ကြီးသည်
အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြ
သည်။ မသေမီ ရောက်ရှိလာသူများ
သေပြီးမှ ရောက်ရှိလာသူများကြောင့်
ကျိုက်ပဒိုင်ရွာကြီးတွင် ကြက်ပျံမကျ
စည်ကားခဲ့လေသည်။ ဒေါ်တင်နွဲ့ကွယ်
လွန်ပြီးနောက်ပိုင်း လူအများတို့က
ထူးဆန်းသော သန္ဓေသားကိုရှာ
ဒေါ်တင်နွဲ့၏ရင်ညွန့်တွင် အချင်းစလွယ်
သိုင်းလျက် တွယ်ကပ်နေသည်ကို တွေ့
ရှိကြရပါသည်ဟု ဆိုသည်။

သန္ဓေသားအား ဒေါ်တင်နွဲ့၏
ရင်ညွန့်အတွင်းမှ ခွဲစိတ်ပြီး အပြင်သို့
ထုတ်ယူ၍ ချက်ကြိုးများ ဖြတ်တောက်
ကာထားကြပါသည်။ သန္ဓေသားမွေးဖွား
ပြီး (၅) ရက်ကြာသောနေ့၌ ပဲခူးမြို့မှ
ဆရာမကြီး အင်းဝဒေါ်ကြည် (ယ
နန်းတော်ရာအရပ်တွင် နေထိုင်သူ)
ရောက်လာပြီး သန္ဓေသားအား တ
ကင်ပွန်း၊ အမွှေးနံ့သာများဖြင့် ဆေး
ကြောသုတ်သင်ကာ ထူးဆန်းသော
သန္ဓေသားဖြစ်၍ ဘာသာ၊ သာသနာ
ကူညီထောက်ပံ့မည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်
တော့မည်ဖြစ်၍ 'စံလင်းထက်' ဟု
အမည်ပေးကင်ပွန်းတပ်ခဲ့ပါသည်။

ဒေါ်တင်နွဲ့ ကွယ်လွန်သည်မှစ၍
ရက်လည်သည့်နေ့အထိ လူများစွာလာ
ရောက် လှူဒါန်း ကူညီပံ့ပိုးခြင်းများ ပြု
လုပ်ကြပါသည်။၁၃၅၇ ခု၊ ဝါဆိုလဆန်း
၆ ရက်နေ့၊ (၁) နာရီတွင် ဒေါ်တ
အလောင်းအားမီးသဂြိုဟ်လိုက်ပါသည်
ကျန်ရစ်သူ သားမောင်စံလင်းထက်အား
မည်သို့ ထားရှိစောင့်ရှောက်ကြမည်
ကျေးရွာရှိ လူကြီးများရောက်ရှိလာ
ကာ တိုင်ပင်ကြသည်။ ဓာတ်ပိုင်းဆိုင်
ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်၍ သာ
နာပြုမည့် ထူးကဲသော ပုဂ္ဂိုလ်တစ်ဦး
မည်ဖြစ်၍ ၎င်းနှင့်သင့်တော်သည့်
တိဂုံလေးစေတီတော်ကုန်းတော်
ဝိဇယမင်္ဂလာမဏ္ဍပ်ကြီးတွင် ထား
ညှိနှိုင်းဆုံးဖြတ်ကြပြီး ရွှေတိဂုံလေး
တော်၏ကုန်းတော်ပေါ်သို့ ပို့ဆောင်
ကြပါသည်။ မောင်စံလင်းထက် ရွှေ
လေးစေတီတော်၏ ကုန်းတော်ပေ
ရောက်လာပြီးနောက်ပိုင်း သာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းများပေါ်ပေါက်လာခြင်း၊ နေ့စဉ်လာရောက်သူများ၊ ဘုရားဖူးလာရောက်သူများနှင့် လွန်စွာစည်ကားများပြားလာပြီး အလှူငွေများလည်း လှူဒါန်းကြသဖြင့် မောင်စံလင်းထက် နေထိုင်ရန် ဗိမာန်တစ်ခု တည်ဆောက်ပေးခဲ့ကြသည်။ ပိုလျှံသောငွေများကို ရွှေတိဂုံလေးစေတီတော်ကြီး၏ ပျက်စီးနေသော သာသနိကလုပ်ငန်းများအတွက် ဆရာတော် ဦးခမ္မသာရမှ ဦးဆောင်ကာ ပြုပြင်သင့်သည်များကို ပြုပြင်ပေးခဲ့ပါသည်။

**မောင်စံလင်းထက် ရောက်ရှိပြီးနောက် တိုးတက်မှုများ**

၁။ ၎င်းရောက်ရှိလာပြီး မကြာမီ ပဲခူးကျိုက်ပဒိုင် ရွှေတိဂုံလေးဘုရားကြီးလမ်း ဖြစ်ပေါ်လာခြင်း။

၂။ သစ်တောပျိုးဥယျာဉ်ကြီးဖြစ်ပေါ်လာခြင်း။

၃။ ရွှေတိဂုံလေးဘုရားကြီးအား ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ထီးတော်အသစ်တင်လှူပူဇော်ခြင်း၊ ဘုရားကြီးအတွင်းရှိ ဓမ္မာရုံများ၊ အာရုံခံတန်ဆောင်းကြီးများ၊ မဟာရံတံတိုင်းကြီးများအား ပြန်လည်ပြုပြင်ခြင်း၊ အသစ်တစ်ဖန် တည်ဆောက်လှူဒါန်းကြခြင်းတို့ ပေါ်ပေါက်ခဲ့ပါသည်။

၄။ ဘုရားကြီး၏ ထာဝရအလင်းရောင်ရရှိရန်အတွက် နိုင်ငံတော်နှင့် ပြည်သူတို့ ပူးပေါင်းကာ လျှပ်စစ်ဓာတ်မီးများဖြင့် ပူဇော်ခြင်း ပေါ်ပေါက်လာသည်။

၅။ ရွှေတိဂုံလေးဘုရားကြီး၏ ပန်းလည်တိုင်ထူပွဲကြီးကို ၁၃၆၃ ခု၊ ပြာသိုလဆန်း ၅ ရက် (၁၈-၁-၂၀၀၂)၊ သောကြာနေ့တွင် ရှင် (၁၈) ပါးနှင့်တကွ မောင်စံလင်းထက်အား ဆရာကြီး တိကြား ဦးသန်းလှ ဦးဆောင်သောအဖွဲ့မှ နိုင်ငံတော် အကြီးအကဲများနှင့် ဒေါ်သီတာဇော်တို့က ရှင်ဒကာအဖြစ် ခံယူကြကာ ရှင်ပြုမင်္ဂလာပွဲတော်ကြီးကို ခမ်းနားကြီးကျယ်စွာ ပြုလုပ်ပေးခဲ့ပါသည်။ မောင်စံလင်းထက် ရှင်သာမဏေဘွဲ့မှာ ရှင်ဇောတိက ဖြစ်ပါသည်။ ဒေါ်သီတာဇော်နှင့် အလှူ့ရှင်၊ အလှူအမများက မောင်စံလင်းထက် (ရှင်ဇောတိက) ကို ၁၃၆၄ ခု၊ ဝါဆိုလဆုတ် ၁၁ ရက် (၄-၈-၂၀၀၂)၊ တနင်္ဂနွေနေ့တွင် ဒုလ္လဘ (၁၀) ပါးနှင့်အတူ ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်ခဲ့ပါသည်။ ရဟန်းဘွဲ့တော်မှာ ဦးဇောတိကဟု ဖြစ်ပါ၏။

မောင်စံလင်းထက်(ရှင်ဇောတိက)၊ (ဦးဇောတိက) အား ရွှေတိဂုံလေးစေတီရင်ပြင်ပေါ်ရှိ အနောက်ဘက်အာရုံခံတန်ဆောင်းကြီး အရှေ့ဘက်၌ ဦးလင်းထက်ဗိမာန်ဟု တည်ဆောက်ကာ သာသနာပြုလုပ်ငန်းများကို ဆက်လက်ပြုလုပ်နေပါကြောင်းဟု ရေးသားဖော်ပြထားပါသည်။

အထက်ပါ ထူးဆန်းသောအဖြစ်အပျက်နှင့်ပတ်သက်၍ ဆန်းစစ်လေ့လာကြည့်လျှင် စာရေးသူတို့ ဗုဒ္ဓဘာသာ မြန်မာတို့တွင် 'လူခြောက်ကလေး' မွေးသည်ဟူ၍ရှိသည်။ အနောက်တိုင်းဆေးနည်းအရမူ မအောင်မြင်သော သန္ဓေသားဟုဆိုကာ ခွဲစိတ်ပစ်လိုက်မည်ပင်ဖြစ်သည်။ အချို့ကလည်း မီးဖွားသည့်အခါ ကလေးနှင့်အတူတွဲ၍ လူခြောက်ကလေးလည်း ပါလာတတ်သည် ဆိုပါသည်။

စာရေးသူ၏အဘွားဒေါ်မြင်သည်ပင် လူခြောက်ကလေးမွေးဖူး၏။အဘွားဒေါ်မြင်သည် ကိုယ်ဝန်(၇)လဖြင့် ထားဝယ်မြို့ပြင် ကြက်စာပြင်ရပ် ကမ်းနား၌ရှိသော စာရေးသူတို့မြေကို စောင့်သည့် အစောင့်ဇနီးက မီးဖွားသဖြင့် မီးနေဝင်ရန်သွားသည်ဟု ဆိုကြောင်း၊ ထိုစဉ်က မော်တော်ကားခေတ်မဟုတ်၍ ငွေကြေးတတ်နိုင်သူများက မြင်းရထားလုံးကိုစီးကြသည်။ အဘွား ဒေါ်မြင်သည် မြင်းရထားလုံးပေါ်မှအဆင်းတွင် မတော်တဆ လိမ့်ကျသွား၏။ ကိုယ်ဝန်(၇)လနှင့်ဖြစ်၍ စိုးရိမ်ပြီး ဖေးမကြသော်လည်း မည်သို့မျှမဖြစ်ပါ။ သို့သော် ကိုယ်ဝန်သည် ထိုနေ့မှစပြီး ဗိုက်ဆက်၍မပူလာဘဲ တစ်နေ့ထက်တစ်နေ့ ဗိုက်ပိန်ကပ်သွားလေသည်။ (၉) လလွယ်၍ (၁၀) လပြည့်သောနေ့တွင် ကိုယ်ဝန် ဟူ၍မရှိတော့ပါ။ သို့သော် ထုံးစံအတိုင်း သန္ဓေသားဖွားရန် ဗိုက်နာလာသည်။ မီးဖွားလိုက်သောအခါ လူခြောက်ကလေးကို ဖွားသည် ဆို၏။ လူခြောက်ကလေးမှာ မိန်းကလေး ဖြစ်သည်။ အဘွား၏ သမီးလူခြောက်ကလေးသည် စာရေးသူဖခင်၏ ညီမအငယ်ဆုံး ဖြစ်ပါသည်။

စာရေးသူအဘိုးသည် ရော်ဘာခြံများပိုင်ဆိုင်ရာ ထိုလူခြောက်သမီးလေးဖွားပြီးမှ ရော်ဘာခြံမှ ငွေမြောက်မြားစွာရရှိလာသဖြင့် ထားဝယ်လို ရော်ဘာကို 'ကော်' ဟုခေါ်သဖြင့် ထိုသမီး လူခြောက်လေးကို အစ်မနှစ်ဦးဖြစ်သူ မအေးမေ၊ မညာမေတို့နှင့် အမည်တူ 'မကော်မေ' ဟု အမည်မှည့်ခဲ့ပါသည်။

စာရေးသူ၏အဒေါ် လူခြောက်ကလေးကို အသက်ထင်ရှားရှိနေသကဲ့သို့ နေ့စဉ် နံနက်စောစောစာ၊ နေ့လယ်စာ၊ ညစာ လူကောင်းတစ်ယောက်စားသကဲ့သို့ ကျွေးမွေးနေရပါသည်။ ယခုအခါ လူခြောက်ကလေးကို ရွှေချထားသဖြင့် အရွယ်အားဖြင့် တစ်ထွာခန့်သာရှိရာ စန္ဒကူးသေတ္တာကလေးဖြင့် ထည့်ထားပါသည်။ သေတ္တာထဲတွင် သူပိုင်ရွှေဒင်္ဂါးများပေါ်၌ သိပ်ထားသည်။ လူခြောက်ကလေးခန္ဓာကိုယ်၌ စိန်၊ ရွှေအစစ်များဆင်ထားပါသည်။ လူကြီးအရွယ်ဝတ် စိန်တစ်ဆင်စာ၊ ရွှေတစ်ဆင်စာ၊ ပုလဲတစ်ဆင်စာ၊ မြ၊ ကျောက်စိမ်းလက်ဝတ်လက်စားတို့လည်း ရှိသည်။ သူက အိပ်မက်ပေး၍ လှူခိုင်းလျှင် သူပိုင်ပစ္စည်းအနက်မှ ရောင်းချ၍ လှူဒါန်းရပါသည်။ စာရေးသူလက်ထက်တွင် ထားဝယ်မြို့ ဘုရားကြီးကို ရွှေချစဉ်က သူ့အတွက်လှူပေးရန် တစ်ခါ၊ စာရေးသူ၏သားရှင်ပြုစဉ်က သူ့အတွက် လှူပေးရန်တစ်ခါ နှစ်ခါအိပ်မက်ပေးသဖြင့် သူပိုင်ပစ္စည်းအချို့ ရောင်းချပြီး လှူဒါန်းပေးရပါသည်။ ယခုအထိ အသက်ရှင်လျက်ရှိသေးသည်။ အသက် (၉၇) နှစ်ခန့်ရှိပါပြီ။ ကွယ်လွန်သည့်အခါ အိပ်မက်ပေးမည်။ ထိုအခါ လူတစ်ယောက်ကွယ်လွန်သည့်အတိုင်း အသုဘကိစ္စဆောင်ရွက်၍ မြေချရမည်ဟု မိဘများက မှာခဲ့ပါသည်။ အကယ်၍ ဤသို့မပြုလုပ်က လူခြောက်ကလေးသည် ပုပ်နံ့လာမည်ဟု ပြောပါသည်။

အထက်ပါအတိုင်း လူခြောက်ကလေးနှင့်ပတ်သက်၍ စာရေးသူကိုယ်တွေ့ဖြစ်သည့်အပြင် အခြားလူခြောက်ကလေးများကိုလည်း ကြုံဖူးဆုံဖူးပါသည်။ သို့သော် အားလုံးသည် ကိုးလလွယ်၍ဆယ်လဖွားခဲ့ရသော လူခြောက်များသာ ဖြစ်သည်။ အထက်၌ဖော်ပြခဲ့သော မောင်စံလင်းထက်ကဲ့သို့ (၄၃) နှစ်တိုင်တိုင် ဝမ်းတွင်း၌နေပြီးမှ မွေးဖွားလာသည်မျိုးကိုမူ ဒီတစ်ခါသာ ကြားရ၊ ကြုံရ၊ သိရ၊ မြင်ဖူးရပါသည်။

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ထည်လက်ဝတ်လက်စားတို့မလျော့သည့်အပြင် တစ်ကျပ်သားကျော်ကျော်တိုးနေသည်။ ထို့နောက် ကိုကျော်ထွန်းကိုယ်တိုင် စက်ဘီးလေးတချောက်ချောက်ဖြင့် ကွမ်းဆိုင်အတွက် ကုန်ပစ္စည်းဝယ်နေရသော ကိုကျော်ထွန်း မဟုတ်တော့။ မော်တော်ဆိုင်ကယ်တစ်ပတ်ရစ် (ခပ်လတ်လတ်) ကလေးတစ်စီးဝယ်စီးနိုင်ခဲ့ပြီပဲ။ ကိုကျော်ထွန်း၏ စီးပွားရေးရှာဖွေနည်းစနစ်ကောင်း၍ အသုံးအစားနည်းပါးပြီး စုတတ်ဆောင်းတတ်သောကြောင့် ပီတိဝေဖြာဝမ်းသာရသူများမှာ ဇနီးဖြစ်သူနှင့် ယောက္ခမကြီးနှစ်ဦးပါ။ ယောက္ခမတွေကလည်း သမက်လိမ္မာလေးအတွက်တပြုံးပြုံး။ သမီးယောကျ်ားရတော်လေခြင်းဟု ချီးမွမ်းမဆုံးတော့ပါလေ။"

ကိုကျော်ထွန်းက မည်သည့်အလုပ်ကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရာတွင် စည်းစနစ်ရှိသည်။ စကားတည်သည်။ အကျော်အနင်းအဖြတ်အခုတ်မသုံး။ မတော်လောဘနှင့်အတ္တဆန်ဆန်လုပ်လေ့မရှိဘဲ မှန်ကန်တိကျသည်။ ထို့ကြောင့် သူ့ကို ခင်မင်အားကိုးကြသည်မှာမဆန်း။

မကြာတတ်သောအချိန် ဆေးရုံကြီး၌ သားဦးမိန်းကလေး ဖြူဖြူဖွေးဖွေးချစ်စရာတပွေ့တပိုက်ကြီးကို ဇနီးသည်လှလှမေ မွေးဖွားခဲ့ပါသည်။ သို့နှယ်သတင်းစကားကြောင့် သမီးဖေဖြင့် ကိုကျော်ထွန်း ဆေးရုံသို့ အသော့နှင်တော့သည်။

မှန်ပါသည်။ သမီးက မွေးစကပင် ရှစ်ပေါင်၊ နှစ်အောင်စမို့ ထွားသည်ဆိုရမည်။ တစ်တုံးတစ်ခဲကြီးဖြစ်၍ မြင်သူတိုင်းက တအံ့တသြ။ အနီးဖြင့် ရစ်ပတ်ထားသဖြင့် မျက်နှာကို တိတိပပမမြင်ရသေး။ ကိုကျော်ထွန်း အနီးစကို တွန်းဖယ်လှပ်ကြည့်ရာ မျက်လုံးပြူးသွားမိသည်။ ရင်ထဲတွင်လည်း ဆို့နင့်ပြီး မျက်ရည်ဝဲခဲ့သည်။

"ဟင် - ဖြစ်မှဖြစ်ရပလေ သမီးလေးရယ်"

သမီး၏ အပေါ်နှုတ်ခမ်းမှ ဟက်တက်နှုတ်ခမ်းကွဲကလေးမှာ လှပသောမျက်နှာကို အကျည်းတန်စေ၏။ ကြီးသည်အထိ အရုပ်ဆိုးနေမည့်အပြင် စကားပြောရာတွင်လည်း နှာသံနှင့်တွေ့ခဲ့ရပေါင်းများပေပြီ။ သမီးမှာ ခြေ၊ လက်အင်္ဂါစုံလင့်ကစား သာမန်လူတစ်ဦးထက် ထူးခြားသောလက္ခဏာတစ်ရပ်ကြောင့်

ကွက်ထိုရှုပ်မခန့် - အမျိုးသမီးတို့အတွက်ဥစ္စာကား အဆင်းဖြစ်သည်ဟု မဆိုနိုင်တော့ပြီ။ ကိုကျော်ထွန်းရင်ထဲတွင် မကောင်း၊ သတ္တဝါတစ်ခု ကံတစ်ခုဟု မဆိုရက်။ အချိန်မီပင် သူ့မျက်နှာကို ချက်ချင်းပြင်လိုက်သည်။ အိပ်ပျော်နေသောဇနီးသည်က သိပုံမရသေး။ သူ့မျက်နှာရိပ်မျက်နှာကဲကြောင့် ဇနီးသည်သိသွားလျှင်အခက်။ ဆေးရုံမှပြန်ရာလမ်းတစ်လျှောက် သမီးလေး၏အဖြစ်ဆိုးကို စဉ်းစားမိလေတိုင်း ရင်ထဲကျဉ်ခနဲဖြစ်သွားရသည်အထိ ခံစားမိသည်။

ဘာကြောင့် သမီးလူမမည်လေးရုပ်ပျက်ဆင်းပျက်ဖြစ်ရသည်ကို သူနားမလည်။ အဖြေရှာသည့်တိုင် မတွေ့။ ကြာတော့ ခေါင်းမူးခြင်းသာ အဖတ်တင်၏။ သမီး၏ အဖြစ်မှန်ကို မိခင်ဖြစ်သူလှလှမေ သိသွားပြီးနောက် ရှိုက်ကြီးတငင် ငိုကြွေးရပြန်ပါသည်။ အားလုံးဝိုင်းဝန်း ဖျောင်းဖျကြရသည်မှတစ်ပါး အခြားမရှိ။ သမီးလေး အိမ်ပြန်ရောက်သည်အထိ ငိုပွဲမှာ အခါခါဖြစ်နေသောကြောင့် တစ်အိမ်သားလုံး စိတ်မချမ်းမသာဖြစ်ရသည်။ ကိုကျော်ထွန်းမှာ အလုပ်လုပ်နေရသော်လည်း စိတ်က မဖြောင့်လှပါ။

ဆေးပညာဗဟုသုတနှင့် ပြည့်စုံသူတစ်ဦးအပြောကြောင့် သိရသည်မှာ အချို့သောကလေးများမှာ မွေးရာပါနှုတ်ခမ်းကွဲတတ်ကြောင်း၊ ချုပ်လျှင်သိသိသာသာကြီး ရုပ်မပျက်သော်မှ အသံမှာ သာမန်အသံမျိုးမဟုတ်တော့ဘဲ နှာသံစူးစူးဖြစ်နေခြင်းက မပျောက်ပျက်တတ်။ ကလေး၏ ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့်ဖြစ်လာရကြောင်း ကောက်ချက်ချသည်။လှလှမေက ဤသို့မထင်။ သူ့အယူအဆကတစ်မျိုး။

"တကယ်တမ်းပြောရရင် ကိုထွန်းလုပ်ခဲ့တဲ့ အကုသိုလ်တွေ အခုပစ္စက္ခမှာ အကျိုးပေးတာလေ။ ငါးမျှားရင် ငါးတွေ မိတော့ ချိတ်နေတဲ့ငါးများကို သာသာညင်းညင်း ဘယ်သူဖြုတ်သလဲ။ အတင်းဆွဲဖြုတ်ကြတာပဲ မဟုတ်လား။ အဲဒီတော့ ခံသွားအလိမ်းလိမ်းနဲ့ ငါးဟာ သေရတယ်။ ငါးနှုတ်သီးတွေလည်း ပဲ့ရွဲ့လို့ မြင်မကောင်းဆင်မကောင်းပေါ့။ ဒီအလုပ်ရဲ့အကျိုးဆက်ကြောင့် သမီးလေး ခမျာဒုက္ခတွေ့ရတော့တာပဲ။ ရှင့်ကြောင့် ရှင့်ကြောင့် ဒီလိုဖြစ်တာ"

ဇနီးသည်၏စွဲဆိုမှုကို ကိုကျော်ထွန်း အပြစ်မတင်။ ငြင်းချက်လည်း

မထုတ်ပါ။ သူ့ဇနီး လှလှမေ၏အပြောက သဘာဝယုတ္တိရှိနေ၏။ သူကလည်း ကျူးလွန်ခဲ့မိပေသကိုး။

"အကောင်းဆုံးက ခင်ဗျားသမီးလေး အရွယ်သိပ်မကြီးခင် တတ်ကျွမ်းတဲ့ဆရာဝန်နဲ့ပြပြီးတော့ ချုပ်ဖို့စီစဉ်ပါ။ ခုခေတ်မှာ လွယ်ပါတယ်ဗျာ"

နှုတ်ခမ်းကွဲနှင့်ကြည့်မကောင်းရှုမကောင်းနေရသည်ထက် နှုတ်ခမ်းချုပ်ထားခြင်းက တော်ပေမည်။ အမာရွတ်ကျန်သည့်တိုင် အခြေအနေမဆိုးလှပါ။ ကိုကျော်ထွန်း သူ့အကြံအစည်ကို ဇနီးနှင့်တိုင်ပင်ပြီး အကောင်အထည်ဖော်ခဲ့သည်။

"ခင်ဗျားသမီးက အင်မတန်ကံကောင်းတယ်။ နှုတ်ခမ်းကွဲနဲ့မွေးသူအတော်များများဟာ အာခေါင်ပေါက်တာများတယ်။ အသံပျက်တာပေါ့။ ဒီလိုဖြစ်တာက မျိုးရိုးလိုက်တတ်တာပါ။ မိဘနှစ်ဦးနဲ့ တစ်ဖက်ဖက်မှာ နှုတ်ခမ်းကွဲသူရှိရင် ကွဲတတ်တယ်။ ကလေးမမွေးအောင် ဆေးကြမ်းတွေစားရင်လည်း မွေးလာတဲ့ကလေးမှာ နှုတ်ခမ်းကွဲပါတတ်တယ်။ ခင်ဗျားသမီးမှာ အာခေါင်မပေါက်တဲ့အတွက် အသံမပျက်စီးတော့ဘူးလေ။ အဲဒါ ကံကောင်းတဲ့အချက်ပဲပေါ့။ ကလေးကို အသေအချာချုပ်ပေးလိုက်လို့ အမာရွတ်တောင်မပေါ်စေရဘူး။ ကဲ - စိတ်ချမ်းသာကြပါတော့"

သို့ဖြင့် ကိုကျော်ထွန်းတို့ ဇနီးမောင်နှံအဖို့ စိတ်ချမ်းသာသွားသည်ဟု ဆိုရမည်ပင်။

❑

တဖြည်းဖြည်း သမီးလေး (၄) နှစ်သမီး ရောက်ခဲ့ပေပြီ။ အသိဗေဒင်ဆရာက တွက်ချက်ပြီးနောက် အင်္ဂါသမီးဖြစ်သဖြင့် စုပုံချစ်ဟု အမည်ပေးခဲ့၏။ တစ်အိမ်သားလုံးကလည်း စုပုံချစ်ခဲ့သောကြောင့် ပညတ်သွားရာ ဓာတ်သက်ပါခဲ့ခြင်းမှာ ထင်ရှားပါသည်။ အိမ်သားများသာမက အိမ်နီးပါးချင်းများကလည်း ဝိုင်းချစ်ကြသည်။ ဝဝကစ်ကစ်ကလေးဖြင့် ကလေးနှင့်မလိုက်အောင်စကားတတ်သူလေးပါ။ တွတ်တီးတွတ်တာအပြောများကြောင့် ချစ်မွေးပါသူကလေးပီပီ လူတိုင်းက ချစ်ကြသည်။ တစ်ရပ်ကွက်ကျော် မူကြိုကျောင်းတွင်ကျောင်းတက်နေသည်မှာ မကြာတတ်သေး။

သမီးကျောင်းစတက်ချိန်၌ ဇနီး



www.burmeseclassic.com

www.burmeseclassic.com

သည် လှလှမေတွင် ဒုတိယအကြိမ် ကိုယ်ဝန်ရှိနေခဲ့သည်။ ကိုကျော်ထွန်း တစ်ယောက် ယခင်ကထက် အလုပ်များ လာခဲ့သောကြောင့် ရုပ်ကွက်ထဲမှလူငယ် တစ်ဦးကို (အလုပ်လက်မဲ့ရှိုးသားသူဖြစ် ၍) နေ့စားဖြင့် ကူဖော်လောင်ဖက် အဖြစ် ခေါ်ထားသည်။ လူငယ်ကလည်း မျက်နှာလွှဲရသည်အထိ လုပ်ကိုင်ပေး ခဲ့၏။ ယခင်က ထမင်းချိုင့်လိုက်ပို့သော်လည်း ပြန်စားသည်မှာ ကြာရှော့မည်။ ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သဖြင့် နံနက်စာစားရန် အိမ်အပြန်တွင် သမီး က ဆိုင်သို့လိုက်လိုကြောင်း တစာစာ ပူဆာနေသည်။ မိခင်က နေပူထဲမို့ မလိုက်စေချင်။

"မလိုက်ရရင် သမီးငိုမှာနော်၊ တကယ်ငိုမှာ"

"ကဲ - ငိုတော့မငိုပါနဲ့ သမီးရယ်။ နေပူထဲမထွက်ရဘူး ဟုတ်ပလား"

"မထွက်ပါဘူး ဖေဖေရဲ့၊ သမီး ငြိမ်ငြိမ်နေမှာပါ"

သမီးကို ဆိုင်ကယ်ရှေ့ရင်ခွင်ထဲ တွင်ထိုင်စေပြီး ခေါ်ခဲ့မိသည်။

လူဆိုသည်က အခက်သား။ ဒုက္ခနှင့်ကြုံတွေ့စဉ်သာ ဒုက္ခကိုကြောက်ကြ၏။ တစ်ချိန်က သမီးမွေးဖွားလာစဉ် နှုတ်ခမ်းကွဲနေသောကြောင့် ပြုခဲ့သည့် အကုသိုလ်အပြစ်တွေဟု ဇနီးကပြောခဲ့သည်။ ဆရာဝန်ကိုယ်၌ မိဘများနှင့် နှစ်ဖက်စလုံးက ဆွေမျိုးများ နှုတ်ခမ်းကွဲခဲ့ပါက မျိုးဆက်လိုက်တတ်ကြောင်း၊ ကိုယ်ဝန်မရှိစေရန် ဆေးဝါးကြမ်းများ စားမိခဲ့သော် နှုတ်ခမ်းကွဲလေးမွေးဖွား တတ်ကြောင်း ပြောခဲ့ဖူးသည်။ ကိုကျော်ထွန်း လိုက်လံဆန်းစစ်ခဲ့ရာ နှစ်ဖက်ဆွေမျိုးတွင် နှုတ်ခမ်းကွဲသူ လုံးဝမရှိ။ ဇနီးဖြစ်သူအနေနှင့် ကိုယ်ဝန်ပျက်ရာ ပျက်ကြောင်း ဆေးစားရန်နေနေသာသာ မိသားစုနည်းခဲ့သည့်ဘဝတွင် ကြီးပြင်းခဲ့ရသဖြင့် မိသားစုများများပြားပြားနှင့် နေချင်သူတစ်ဦးပါ။ မည်သို့ပင်ဖြစ်စေ ဇနီးသည်စကားကြောင့် ဥပါဒါန်ဖြစ်ခဲ့ရပြီး ထိုစဉ်က ငါးရှာ၊ ဖားရှာလုပ်ငန်းကို မလုပ်တော့ပါဟု ဆုံးဖြတ်မိသည်။

သို့သော် ကြာလာသည်နှင့်အမျှ မေ့မေ့ပျောက်ပျောက်ဖြစ်လာ၍ ပင်ကို ဓလေ့စရိုက်ပိုးက တစ်ခါတစ်ခါ သောင်းကျန်းထကြွလာသည်။ ပါပသို့ ရမတိ မနော - စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်ပင် မဟုတ်ပါလား။

ကိုကျော်ထွန်း ရပ်ကွက်အထွက် လမ်းအစပ် မီးသတ်ကန်နံဘေးတွင် မိတ်ဆွေဟောင်းတစ်ဦး ငါးမျှားနေသည်ကို မြင်ရသဖြင့် သစ်ပင်ရိပ်မှာ ခေတ္တ ရပ်ကြည့်မိသည်။ ငါးက အစာကိုဟပ်သော်လည်း ဆွဲသုတ်ပုံမမှန်သဖြင့် ငါး မပါ။ ကိုကျော်ထွန်းစိတ်ထဲ မချင့်မရဲနှင့် ဘဝင်မကျလှ။ ကြာတော့ သူ့ကို အား မလိုအားမရဖြစ်လာစေ၏။

"သမီး၊ ဒီမှာခဏရပ်နေနော်။ ဖေဖေဟိုနားသွားမလို့"

သမီးက ခေါင်းညိတ်ပြသဖြင့် ကိုကျော်ထွန်းဆင်းသွားမိသည်။

"ကိုကြည်အေး၊ ဒီပုံနဲ့ ဟင်းစား ဝေးလို့ တစ်ကောင်တောင်ရမယ် မထင်ဘူး။ ငါးမျှားတံကျုပ်ကိုပေး"

"အေးလေ - ကြာပြီကွ။ တစ်ကောင်မှမရသေးတာလည်း မှန်တယ်"

ကိုကြည်အေးလက်မှ ငါးမျှားတံကို ယူလိုက်ပြီး ငါးစာများကို စစ်ဆေး ပြင်ဆင်ကာ ကန်အတွင်းသို့ ဝေးဝေး ရောက်အောင်ပစ်လိုက်သည်။ မကြာမီ ငါးမျှားကြိုးနှင့် တွဲဖက်ပါသည့် ဘောကြက်တောင်လေးမှာ မြုပ်ချည်ပေါ်ချည် ငါးက အစာဟပ်နေပေပြီ။ ကိုကျော်ထွန်း ငါးမျှားတံကိုလွှဲလျက် သုတ်တံ ကိုဆွဲလိုက်ရာ ငါးအလတ်တစ်ကောင် မှာ ငါးမျှားကြိုးထပ် ငါးမျှားချိတ်တွင် တန်းလန်း။

ကိုကြည်အေးက ဝမ်းသာအားရ သွားဖြုတ်သည်။ ကိုကျော်ထွန်းက ငါးမျှားတံကိုအစာသစ်ထပ်တပ်ပြီး တံတွေး တစ်ချက်ထွေးကာ အားဖြင့်လွှဲလိုက်သည်။ ပစ်ချရန်ဖြစ်သော်လည်း တစ်စုံတစ်ခုနှင့် ညှိနေသည်။ အားဖြင့်ဆောင့်ဆွဲရာ ပါလာသည့်တိုင် သမီးဖြစ်သူ၏ ကျည်ကျည်လောင်လောင်ငိုသံကြောင့် လှည့်ကြည့်မိသည်တွင် သမီးမှာ လမ်းပေါ်မှအဆင်း၌ ပုံလျက်သားလဲနေပြီး ပါးစပ်တစ်ခုလုံး သွေးများစက်စက်ကျ၍ ဝတ်ထားသည့် ဂါဝန်လေးမှာ နီစွေးနေခဲ့ပေပြီ။

❑

"ဟင် - ခင်ဗျားငါးမျှား. . . ဟာ ခင်ဗျားသမီးလေးချိတ်မိတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဘယ်အချိန်က ဆင်းလာမှန်းမသိတဲ့ သမီးလေးကိုမှ ချိတ်မိရုံတင်မကဘူး၊ ငြိနေတယ်ထင်ပြီး ဆောင့်ဆွဲတော့ နှုတ်ခမ်းက ပြတ်ထွက်သွားလို့ ကုလိုက်ရပါရောလား။ ငွေကုန်တာထက် ရင်နာရပါတယ်"

"ကျွတ် ကျွတ် သနားစရာပေါ့ဗျာ။ မအေလည်း ရှူမတတ်ခံစားရမှာပဲလေ။ သမီးလေးခမျာအဖြစ်ဆိုးလိုက်တာနော်"

"မှန်တာပေါ့ ဆရာရယ်။ လူးလှိမ့်နေတော့တယ်။ ကျွန်တော်လည်း အဲဒီကစပြီး မကောင်းတဲ့အကုသိုလ်အကျင့်တွေ စွန့်လွှတ်လိုက်ပါပြီ။ ဒါပေမယ့် အဲဒီအဖြစ်ဆိုးကြီးဟာ ခြောက်လှန့်နေတုန်းပဲ။ အကုသိုလ်ပြုမိခဲ့တဲ့ ဆိုးကျိုး ပေါ့"

ကျွန်တော်က ခေါင်းကိုဘယ်ညာ ယမ်းခါလိုက်မိသည်။

"အဲဒါတော့ ခင်ဗျားမှားနေပြီ"

"ဘာဖြစ်လို့လဲ ဆရာ"

"ဓမ္မပဒမှာ ဆိုထားတယ်၊ မကောင်းမှုကိုပြုမိစေကာမူ ထိုမကောင်းမှုကို ထပ်ကာထပ်ကာမပြုမိစေရာ။ ထိုမကောင်းမှု၌ စိတ်၏အလိုဆန္ဒကို မပြုလုပ်ရာတဲ့။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲခြင်း၏အကြောင်းဖြစ်စေသည်။ ကောင်းမှုကို ပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ထိုကောင်းမှု၌ စိတ်၏အလိုဆန္ဒကို ပြုလုပ်ပေးရာ၏။ ကောင်းမှုကိုပွားစေခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်စေသည်တဲ့။

နောက်ပြီးတော့ အများသိလို့ အမှန်ပြင်တဲ့သူက သိပေမယ့် မပြင်တဲ့သူထက် အများကြီးတော်ပါတယ်။ ဒါနသီလ၊ ဘာဝနာကုသိုလ်တွေများများ လုပ်ပေါ့ဗျာ။ ဘုရားရှင်လက်ထက်က အင်္ဂုလိမာလဟာ လူတွေသတ်လာခဲ့တာ နောက်ဆုံးကျွတ်တမ်းဝင်ပြီး ရဟန္တာကြီးဖြစ်သွားတဲ့သာဓကရှိခဲ့ဖူးပါတယ်။ ခင်ဗျားပြုခဲ့တဲ့အပြစ်က အသေးအမွှားပါဗျာ"

"ဆရာပြောပြတော့ စိတ်ချမ်းသာရပါတယ်ဗျာ"

"ပိုပြီးစိတ်ချမ်းသာအောင် ဘာဝနာအနေနဲ့တရားထိုင်ကြည့်ပါ။ အားလုံးဟာ မမြဲတဲ့သဘောမြင်လာပါလိမ့်မယ်"

"ကြိုးစားကြည့်ပါမယ် ဆရာ"

ထိုအခိုက် ဥပုသ်သည်များ တရားထိုင်ကြရန် တုံးခေါက်သံလေး ကြားလိုက်ရပါသည်။

သဗ္ဗေသတ္တာကမ္မသကာ

မျိုးသ



www.burmeseclassic.com

www.burmeseclassic.com

### ◻ အမေရိကန်က ဦးသန့်ကျွန်း (U Thant Island)

ကုလသမဂ္ဂရုံးချုပ် (UN Head-quarter) ဟာ အမေရိကန်နိုင်ငံ နယူးယောက်စီတီး Manhattan မှာ ရှိပါတယ်။ ကုလသမဂ္ဂရုံးချုပ်နဲ့ Gantry Plaza State ပန်းခြံကြားက East River မြစ်ထဲမှာ ကျွန်းငယ်လေးတစ်ကျွန်းရှိပါတယ်။ အဲဒီကျွန်းဟာ သဘာဝကျွန်း မဟုတ်ဘဲ လူလုပ်ကျွန်း ဖြစ်ပါတယ်။ ၁၈၉၇ ခုနှစ်နောက်ပိုင်းက ဂျာမနီလူမျိုး အမေရိကန်ရောက် စီးပွားရေးလုပ်ငန်းရှင် ဝီလျံစတိန်းဝေးက ပြုလုပ်ဖန်တီးခဲ့တာ ဖြစ်တယ်။ မြစ်တစ်ဖက်ကမ်းနဲ့




မောင်ပွင့်ဉာဏ်(မောရ)

# ကမ္ဘာမှာမြန်မာ့ဂုဏ်ရောင်ထွန်းပြောင်စေခဲ့သူ သို့မဟုတ် ဦးသန့်

တစ်ဖက်ကမ်း ရေအောက်ဖြတ်ရထားလိုဏ်ဂူဆောက်ဖို့ အစီအစဉ်အကြောင့် ကျွန်းငယ်လေးကိုပါလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီကျွန်းဆီကို ရေပေါ်ကရော ရေအောက်လိုဏ်ဂူကပါ အရောက်သွားနိုင်အောင် ပြုလုပ်ထားပါတယ်။ ဒီကုန်းမြေလေးကို ၁၉၇၇ ခုနှစ်ရောက်မှ ကျွန်းတစ်ခုအဖြစ် ကုလသမဂ္ဂဝန်ထမ်းများရဲ့ အားထားလေးစားတဲ့ ဒဿနပညာရှင်ဝရှုကြီး Sir Chinmoy က ဦးဆောင်ပြီး အတည်ပြုပေးလိုက်ပါတယ်။ Sir Chinmoy ဟာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးသန့်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့် သူကိုယ်တိုင် အဲဒီကျွန်းကို ဦးသန့်ကျွန်း (U Thant Island) လို့ အမည်ပေးလိုက်ပါတယ်။ အရင်အမည်ကတော့ Belmont ကျွန်း ဖြစ်ပါတယ်။

အရွယ်အစားအားဖြင့် ပေ(၁၀၀) × (၂၀၀) ပတ်လည်သာရှိတဲ့ ဦးသန့်ကျွန်းကို ကမ္ဘာ့အထူးဆန်းဆုံးကျွန်း (၁၀) ခု စာရင်းထဲ ထည့်သွင်းခဲ့ပါသည်။ အမေရိကန်နိုင်ငံမှာ အသေးငယ်ဆုံးကျွန်းလည်း ဖြစ်ပါတယ်။ ကုန်းပေါ်က ငှက်တွေ၊ ရေအောက်က ရေမှော်ညှိတွေ တွယ်နေပြီး လှပနေတဲ့ ဦးသန့်ကျွန်းလေးဟာ ကမ္ဘာ့သိ ထူးဆန်းကျွန်းငယ်လေး တစ်ခု ဖြစ်ပါတယ်။

### ◻ မြန်မာကိုကမ္ဘာကသိစေသူ

နယူးယောက်မြို့က ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံရဲ့ဧည့်ခန်းဆောင်ကြီးတစ်ခုမှာ အစဉ်အဆက်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အထွေထွေအတွင်းရေးမှူးချုပ်တွေရဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲထားတဲ့ဆီမှာ တတိယမြောက်ဓာတ်ပုံကတော့ မြန်မာနိုင်ငံသား ဦးသန့်ဖြစ်ပြီး ထမ်းဆောင်ခဲ့တဲ့ကာလကို (၁၉၆၁ -


ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ ဦးသန့်


ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးလက်ခံစဉ်


ဦးသန့်နှင့်အမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ ဦးသန့်



၁၉၆၇၊ ဖေဖော်ဝါရီလတွင် ဦးသန့် ရန်ကုန်သို့ရောက်ခိုက် သာသနာ့ရိပ်သာတွင်ပြုလုပ်သော ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၌ မိခင်ကြီး ဒေါ်နန်းသောင် (၈၃) နှစ်၊ ဇနီး ဒေါ်သိန်းတင်တို့နှင့်အတူ တွေ့ရစဉ်

၁၉၇၁) လို့ ဖော်ပြထားပါတယ်။

လွန်ခဲ့တဲ့ နှစ် (၅၀)၊ (၆၀)လောက်က မြန်မာနိုင်ငံ (အဲဒီတုန်းက Burma) ကို ကမ္ဘာကသိပ်မသိကြပါ။ နိုင်ငံရပ်ခြားမှာ မြန်မာလူမျိုးတစ်ဦးကို ဘယ်နိုင်ငံကလဲမေးလို့ Burma လို့ ပြောတာကို မသိရင် 'ဦးသန့်နိုင်ငံက' လို့ ပြောလိုက်ရင်ပဲ ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်တတ်ကြတဲ့အထိ ဦးသန့်ဟာ မြန်မာထဲမှ ကမ္ဘာကအသိဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ဦးသန့်ဟာ ကမ္ဘာ့နိုင်ငံခေါင်းဆောင်အသီးသီးက လေးစားခဲ့ကြတဲ့ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို ငါးနှစ်သက်တမ်းနှစ်ဆက် ဆယ်နှစ်ကျော် ထမ်းဆောင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ (အခုအချိန်မှာတော့ မြန်မာထဲမှ ကမ္ဘာကအသိဆုံးပုဂ္ဂိုလ်ကို ပြောပါဆိုရင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကိုပဲ ပြရမှာဖြစ်ပါ၏။)

မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံး အင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံကြားက နိုင်ငံငယ်လေးမျှသာဖြစ်ပေမယ့် ဦးသန့် ဆိုတဲ့ သားကောင်းလူချွန်တစ်ယောက်ကြောင့် ကမ္ဘာ့အလယ်မှာ ဝင့်ထည်ခဲ့ပါတယ်။ မြန်မာ့သမိုင်းမှာသာမက ကမ္ဘာ့သမိုင်းမှာပါ ကမ္ပည်းတင်ခဲ့တဲ့ ဦးသန့်ရဲ့ အကြောင်းကို အထူးသဖြင့် ကျောင်းသားလူငယ်တွေ အားကျအတုယူစေချင်လို့ ဒီဆောင်းပါးကို ရေးပါတယ်။

❑ ငယ်စဉ်ကျောင်းသားဘဝ

ဦးသန့်ကို ၂၂-ဇန်နဝါရီ-၁၉၀၉ သောကြာနေ့မှာ မအူပင်ခရိုင် ပန်းတနော်မြို့၊ အဖ ဦးဖိုးနှစ်၊ အမိ ဒေါ်နန်းသောင်တို့မှ မွေးဖွားပါတယ်။ (ဦးသန့်မွေးနေ့ ရာပြည့်အခမ်းအနားကို ၂၂-ဇန်နဝါရီ-၂၀၀၉ ရက်နေ့က ရန်ကုန်မြို့အင်းယားလိပ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။) ဖခင် ဦးဖိုးနှစ်ဟာ အိန္ဒိယနိုင်ငံ ကာလကတ္တား ဟန့်တားတက္ကသိုလ်က အက်(ဖ်)အေ (ဥပစာတန်း) အောင်ခဲ့ပြီး မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ သူရိယ သတင်းစာ အစုရှယ်ယာဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဦးသန့်ဟာ မွေးချင်း(၄)ယောက်မှာ အကြီးဆုံးသားဖြစ်ပြီး ညီသုံးဦးမှာ စာရေးဆရာ ပါလီမန်အမတ်ဟောင်း ဦးခန့်၊ ဝန်ကြီးချုပ်ရဲ့ အတွင်းဝန် ဦးသောင်း၊ မြန်မာနိုင်ငံ အကြီးတန်းဝန်ထမ်း ဦးတင်မောင်တို့ ဖြစ်တယ်။ ပညာတတ်ဖခင်ကမွေးဖွားတဲ့ သားလေးယောက်စလုံးဟာ ပညာတတ်တွေ ဖြစ်ကြတယ်။ ဦးသန့်ဟာ ပန်းတနော်မြို့ ဦးဘဟန်ရဲ့ မြန်မာစာသင်ကျောင်း၊ ဝိုင်အမ်ဘီအေအလယ်တန်းကျောင်းတို့မှာ ပညာသင်ကြားခဲ့တယ်။ (YMBA- Young Man Buddhist Association ဗုဒ္ဓဘာသာကလျာဏယုဝအသင်း)

၁၉၂၆ (အသက် ၁၇ နှစ်) မှာ ပန်းတနော် အမျိုးသား အထက်တန်းကျောင်းကနေ ဆယ်တန်းကို အမှတ်ကောင်းကောင်းအဆင့်မြင့်မြင့်နဲ့အောင်တယ်။ အဲဒီခေတ်ကစနစ်အရ ရန်ကုန်တက္ကသိုလ် ဥပစာဝိဇ္ဇာ ဒုတိယနှစ်ကို ခုန်ကျော်တက်ခွင့်ရခဲ့တယ်။ အင်္ဂလိပ်စာပေ ဒါမှမဟုတ် သမိုင်းဘာသာရပ်မှာ ဂုဏ်ထူးတန်းတက်နိုင်လောက်တဲ့ အခြေခံအရည်အချင်း ဦးသန့်မှာရှိတယ်လို့ ဘာသာရပ်ဆိုင်ရာမျက်နှာဖြူပါမော က္ခကြီးတွေက အကဲဖြတ်ခဲ့ကြတယ်။

ငယ်ငယ်ကတည်းက စာရေး စာ ဖတ်ဝါသနာထက်သန်တယ်။ ဘဝရည် မှန်းချက် အင်္ဂလိပ်ဘာသာနဲ့ စာနယ်ဇင်း တည်းဖြတ်ထုတ်ဝေဖို့ရေးဖြစ်တယ်။ (စာ နယ်ဇင်း-သတင်းစာ+ဂျာနယ်+မဂ္ဂဇင်း) အင်္ဂလိပ်အရေးအသားထူးချွန်ပြီး စာနယ် ဇင်းတွေမှာ အင်္ဂလိပ်-မြန်မာနှစ်ဘာသာ နဲ့ စာပေ၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး ဆောင်းပါးများစွာ ရေးသားခဲ့တယ်။

လယ်တီဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူတဲ့အခါ ဦးသန့် က သီလဝကလောင်အမည်နဲ့ -

❑ *နတ်နန်းအောင်ခြာ၊ ဝတီသာ...*

*. . .*

*ပတ်သန်းမှောင်ခွာ၊ ကျင့်သိက္ခာနှင့်*

*ဂဏာစရ. .*

*မြတ်စန်းရောင်ဝါ၊ ပုဏ္ဏမာတည်...*

*. . .*

လို့ အစချီပြီး -

❑ *တိုင်းအလုံးဝယ်၊ ယူကျုံးဗျာ...*

*ထပ်ဆင့်ပါသည်၊ ရောင်ဝါမြတ်...*

*ပသောကြောင့်. . .*

လို့ ချထားတဲ့ ပိုဒ်စုံရတုနဲ့ ၁၉၂... စက်တင်ဘာလထုတ် ပညာအလင်း မဂ္ဂဇင်း အမှတ်(၉)မှာ ပူဇော်ကန်တော့ ခဲ့ပါတယ်။ အဲဒီအချိန်က အသက် (...) နှစ်သာရှိသေးလို့ ဦးသန့်ရဲ့စာပေအရည် အချင်းကို ခန့်မှန်းသိရှိနိုင်ပါတယ်။

အင်္ဂလိပ်ဘာသာနဲ့ ပထမဦး...



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်စာမူကို အသက် (၁၅) နှစ်အရွယ်က ရေးသားခဲ့ပြီး ၁၉၂၅၊ စက်တင်ဘာလထုတ် ဘာမားဘွိုင်းစကောက်မဂ္ဂဇင်းတွင် ဖော်ပြခံရတယ်။

**ဒ တက္ကသိုလ်ကျောင်းသားဘဝ**

ဦးသန့် (၁၄) နှစ်သားမှာ ဖခင်ကြီး ကွယ်လွန်တယ်။ သားကြီးဖြစ်ရသဖြစ်တဲ့ ဦးသန့်က မုဆိုးမ မိခင်ကြီးကို စောင့်ရှောက်တယ်။ မရှေးမနှောင်းမှာဘဲ ညီငယ်သုံးယောက် အရွယ်ရောက်လာတယ်။ မိခင်ကြီးကို ထောက်ထားစာနာမိတာကတစ်ကြောင်း၊ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာထက် ညီငယ်များရဲ့ပညာရေးနဲ့ အနာဂတ်ကို ပိုပြီး ဦးစားပေးချင်တာကတစ်ကြောင်းတို့ကြောင့် ၁၉၂၈ မှာ ရန်ကုန်တက္ကသိုလ်ကဥပစာတန်းအောင်ပြီးနောက်ကျောင်းထွက်ခဲ့တယ်။ (ဦးသန့်ရန်ကုန်တက္ကသိုလ်ကနေ ဘွဲ့မရခဲ့တာသေချာပါတယ်။)

တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဒသံနိကဗေဒအသင်းအတွင်းရေးမှူး၊ လူငယ်များကြီးပွားရေးအသင်းနာသက်ပန်အသင်းဝင်၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့တယ်။ ဦးသန့်ရဲ့ကျောင်းသားဘဝကတည်းက ဘဝကြီးပွားတိုးတက်ရေးနဲ့ ပညာကို အလေးထားဆည်းပူးပြန့်ပွားစေချင်တဲ့စိတ်ဓာတ်ကိုအထင်အရှားတွေ့ရပါတယ်။

ဘွဲ့ပါမှ ပညာတတ်လို့ လွဲလွဲမှားမှားယူဆပြီး ဘွဲ့ကိုအရူးအမူးမက်ကြတဲ့သူနဲ့လူလုပ်ကြတဲ့ အဲဒီခေတ်ကြီးမှာ တက္ကသိုလ်ပညာဆုံးခန်းတိုင် ငါမနေလိုက်ရလေခြင်း၊ တက္ကသိုလ်ကအနိမ့်ဆုံးဘွဲ့ကလေးတစ်ခုကိုသော်မှ ငါဆွတ်ခူးခွင့်မရခဲ့လေခြင်းလို့ ဦးသန့်နောင်တဖြစ်နေပါ။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဘဝမှာ ကမ္ဘာတစ်ဝန်း တက္ကသိုလ်အသီးသီးက ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ (၃၅) ဘွဲ့ ချီးမြှင့်တာခံခဲ့ရပေမယ့် အခါကြိမ်မှာ အမေရိကန်နိုင်ငံက တက္ကသိုလ်တွေမှာစာပေပို့ချနေတဲ့ ဒေါက်တာထင်အောင်နဲ့တွေ့တော့ -

"ကျုပ်ဗျာ တက္ကသိုလ်ကဘွဲ့တစ်ခုလောက်ရအောင် ကျောင်းပြန်တက်ရင်ကောင်းမလား"

လို့ အရိုးခံအတိုင်းပြောခဲ့ဖူးတယ်။ ဒေါက်တာထင်အောင်ကတော့-

"မလိုတော့ပါဘူးဗျာ"

ဟု ပြန်ပြောခဲ့ရတယ်။

**ဒ ကျောင်းဆရာဘဝ**

ရန်ကုန်တက္ကသိုလ်ကထွက်ခဲ့ပြီး ပန်းတနော်မြို့ အမျိုးသားကျောင်းမှာ သူမြတ်နိုးတဲ့ ကျောင်းဆရာအလုပ်ဝင်လုပ်တယ်။ စာနယ်ဇင်းတွေမှာလည်း အင်္ဂလိပ် - မြန်မာနှစ်ဘာသာနဲ့ စာတွေဆက်တိုက်ရေးသားခဲ့တယ်။ ၂၈-မတ်-၁၉၃၀ မှာ အထက်တန်းဆရာဖြစ် လက်မှတ်ရစာမေးပွဲမှာ တစ်ပြည်လုံးတွင် ပထမရတယ်။ ဘယ်လုပ်ငန်းတာဝန်ကိုမဆို ထူးချွန်အောင် လုပ်ဆောင်တတ်တဲ့ဦးသန့်ရဲ့စိတ်ဓာတ်ကား လေးစားဖွယ်ကောင်းလှပါတယ်။

အမျိုးသားကျောင်းဆရာအဖြစ် လစာ(၁၇၅)ရူပီးရပေမယ့် ရူပီး(၅၀)ခန့်ကို အမျိုးသားကျောင်းရန်ပုံငွေအဖြစ် လတိုင်း ပြန်လည်ပြီး လှူဒါန်းခဲ့တယ်။ (လွတ်လပ်ရေးမရသေးတဲ့ အဲဒီအချိန်က အင်္ဂလိပ်အစိုးရဟာ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံနဲ့ ပူးတွဲအုပ်ချုပ်ပြီး အိန္ဒိယပိုက်ဆံ ရူပီးကိုပဲအသုံးပြုတယ်။Rs.5/-,Rs. 10/-တန် စာချုပ်တံဆိပ်ခေါင်းတွေကို ကျွန်တော့်ဆီမှာရှားပါးပစ္စည်းအဖြစ်သိမ်းဆည်းထားပါတယ်။)

၁၉၈၂-၃၁ မှာ ပန်းတနော်အမျိုးသားကျောင်း အထက်တန်းပြဆရာ၊ ၁၉၃၁-၄၂ ဂျပန်ခေတ်မှာ ပန်းတနော်မြို့အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ မြန်မာ့ပညာရေးစီမံကိန်းသစ်ရေးဆွဲရေးကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့တယ်။ အမျိုးသားကျောင်းဆရာအဖြစ် ဆောင်ရွက်နေတုန်း အမျိုးသားပညာရေးကော်မတီကျောင်းသုံးစာအုပ်ကော်မတီဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့တယ်။

အသက် (၂၀) သီသီကလေးစွန်းခါစ ပန်းတနော်အမျိုးသားအထက်တန်းကျောင်းအုပ်ဆရာကြီးဘဝမှာ 'ကျွန်ုပ်၏ကျောင်းပြတင်းပေါက်မှ' (From My School Window) ခေါင်းစဉ်နဲ့ မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာအဖြာဖြာတို့ကို ထိရောက်ကျယ်ပြန့်စွာ လေ့လာသုံးသပ်ဝေဖန်ရေးသားခဲ့တယ်။

အသက်(၂၃)နှစ်အရွယ်မှာ ဦးသန့်ဟာ ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nation) အကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ရေးသားခဲ့တဲ့ ဦးသန့်ဟာ နောင်အနှစ်(၃၀)အကြာ အသက် (၅၃) နှစ်အရွယ်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏အကြီးအကဲအထွတ်အထိပ်နေရာသို့ ရောက်လာခဲ့တယ်။

မြန်မာ့နယ်နိမိတ်ကိုကျော်ပြီး သူ့ရဲ့ကျောင်းပြတင်းပေါက်ကနေ မိုးကုပ်စက်ဝိုင်းဆီကို လှမ်းမျှော်ကာ ကမ္ဘာ့မြင်ကွင်းကျယ်ကြီးတစ်ခုလုံးကို မျက်စိဖွင့်နားစွင့်လျက် အချိန်ရှိသရွေ့ အပတ်တကုတ် ကျယ်ပြန့် နက်ရှိုင်းစွာ လေ့လာဖြည့်ဆည်းထားတဲ့ ဦးသန့်ဟာ ကမ္ဘာ့ကုလသမဂ္ဂစင်မြင့်ထက်ကိုရောက်သွားတာဟာ ပညာရဲရင့် ပွဲလယ်တင့်သွားတာဖြစ်လို့ အံ့သြစရာတော့ မဟုတ်ပါ။

**နိုင်ငံ့ဝန်ထမ်းဘဝ**

စစ်ပြီးလို့ ၁၉၄၇ ဇူလိုင် ၉ ရက်မှာ မိသားစုနဲ့အတူ ရန်ကုန်ကို ပြောင်းလာတယ်။ ဗိုလ်ချုပ်နဲ့ဝန်ကြီးတွေလုပ်ကြံခံရပြီးနောက် ဖဆပလအဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ၊ စက်တင်ဘာလ ၁ ရက်မှာ ပြန်ကြားရေးဌာနသတင်းစာ ဒုတိယညွှန်ကြားရေးဝန်၊ ၁၉၄၈ မေ ၁ ရက်မှာ ပြန်ကြားရေးဌာန ဒုတိယအတွင်းဝန်နဲ့ အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ ၁၉၄၉ စက်တင်ဘာ ၂၉ ရက် မှာ ပြန်ကြားရေးဌာနအတွင်းဝန်၊ ၁၉၅၄ ဇန်နဝါရီလမှာ ဝန်ကြီးချုပ်ရဲ့အတွင်းဝန်နဲ့ ၁၉၅၅ မှာ စီးပွားရေးနှင့် လူမှုဖူလုံရေးဘုတ်အဖွဲ့အတွင်းဝန်ရာထူးတွေကို တာဝန်ယူဆောင် ရွက်ခဲ့တယ်။

နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ကာလမှာ ဝဏ္ဏကျော်ထင်ဘွဲ့ (၁၉၄၉)၊ သီရိပျံချီဘွဲ့(၁၉၅၃)၊ စည်သူဘွဲ့(၁၉၅၇)၊ မဟာသရေစည်သူဘွဲ့(၁၉၆၀)နဲ့ မာရှယ်တီးတိုးရဲ့ ယူဂိုဆလပ်တံဘွဲ့တံဆိပ် (၁၉၅၅) ချီးမြှင့်ခြင်းခံခဲ့ရတယ်။

နိုင်ငံ့ဝန်ထမ်းဘဝမှာပဲ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းအုပ်ချုပ်ရေးကောင်စီ အကျိုးဆောင်အတွင်းရေးမှူး၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (၁၉၅၂)၊မြန်မာနိုင်ငံသုတေသနအသင်း၊ ဒီမိုကရေစီပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကမ္ဘာ့ရေးရာကောင်စီ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဥက္ကဋ္ဌ (၁၉၅၂) တာဝန်တွေကိုလည်း ဆောင်ရွက်ခဲ့တယ်။

ဝန်ကြီးချုပ်ရဲ့ အတွင်းဝန်တာဝန်ထမ်းဆောင်နေတုန်း အလုပ်တာဝန်များပြားသည့်ကြားကပဲ 'ပြည်တော်သာခရီး' စာအုပ် (၃) တွဲ ပြုစုခဲ့တယ်။

**ဒ ကုလသမဂ္ဂဝန်ထမ်းဘဝ**

ဦးသန့် ကုလသမဂ္ဂဝန်ထမ်းဘဝ ရောက်ရှိလာပုံကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဝန်ကြီးချုပ် ဦးနုဟာ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့လုပ်ချင်တာကများနေလို့ သူ့လူရင်း သူ့ငယ်ချင်း ဦးသန့်ကို အစိုးရအဖွဲ့ရဲ့အမြဲတမ်းအတွင်းဝန်ရာထူးမှာခန့်ထားပြီး အငြိ



www.burmeseclassic.com

www.burmeseclassic.com

တာဝန်တွေတစ်ခုပြီးတစ်ခုခိုင်းခဲ့တဲ့ဆီမှာ ဦးသန့်ဟာ အလုပ်ဝန်မိပြီး နုံးချည့်လာပါတယ်။ ဒါကို ဦးနုက နောက်မှရိပ်မိသိရှိပြီး ဦးသန့်အနားရအောင် နယူးယောက်မှာ နေရာလွတ်နေတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးအဖြစ် ဦးသန့်ကို စေလွှတ်ခဲ့တာ ဖြစ်တယ်။ (ဒီအကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး (အငြိမ်းစား) ဦးသက်ထွန်း ကိုယ်တိုင်ပြောပြခဲ့တာပါ။ တချို့ ဦးသန့်အတ္ထုပ္ပတ္တိမှာ ဦးနုဟာ ဦးသန့်ကို ကြည့်မရလို့ ကုလသမဂ္ဂသို့ပထုတ်လိုက်တယ်ဆိုတာ မှားပါတယ်။)

ဦးနုဟာ သူ့လုပ်ဖော်ကိုင်ဖက်ငယ်ပေါင်းကြီးဖော်တွေနဲ့ ဆုံခဲ့တုန်းက ဦးသန့်နဲ့ ပတ်သက်လို့ အခုလို ပြောခဲ့ဖူးတယ်။

"တကယ်တော့ ဦးသန့်ဟာ ကျုပ်တို့ ပန်းတနော်အမျိုးသားအထက်တန်းကျောင်းတင်းကုပ်ထဲကထွက်လာတဲ့သူပဲ။ ဒါပေမယ့် တင်းကုပ်ထဲကထွက်လာတယ်ဆိုလို့ သာမန်ခပ်ပေါ့ပေါ့လို့တော့ မထင်လိုက်နဲ့။ သူက တကယ့် နွားလားဥသဘ၊ နွားလားဥသဘအစစ်ဗျ။(နွားလားဥသဘ - နွားအုပ်ကို ရှေ့ဆောင်သောနွားထီး) တကယ်ဆို ဦးသန့်ဟာ ကျုပ်ထက်တောင်တော်ပါတယ်ဗျာ"

လို့လည်း ဦးနုက ဝန်ခံပြောကြားခဲ့ဖူးတယ်။

သံအမတ်ကြီး ဦးသန့်ဟာ ကမ္ဘာကြီးမှာ ဆင်းရဲ ချမ်းသာကွာဟမှု (The Gulf between rich and poor, or haves and have-nots)အန္တရာယ်ကို အကြောင်းတိုက်ဆိုင်တိုင်း သူ့မိန့်ခွန်းတွေမှာ ထောက်ပြလေ့ရှိတယ်။ ဆင်းရဲ ချမ်းသာကွာဟမှုကို အထိုက်အလျောက်အချိန်မီမကုစားနိုင်ရင် လူမှုရေးပေါက်ကွဲမှုကြီးဧကန်ဖြစ်လိမ့်မယ်။ အဲဒီပေါက်ကွဲမှုဟာ မနရှင်နဲ့ ကွန်မြူနစ်အုပ်စုကြီးနှစ်ခု ပဋိပက္ခထက်ပိုပြီး အန္တရာယ်ကြီးတယ်။ အဏုမြူဗုံးပေါက်ကွဲမှုထက်တောင်မှ အန္တရာယ်ကြီးလိမ့်မည်ဟု သတိပေးလေ့ရှိတယ်။ (ယခုခေတ်စကားနဲ့ပြောရရင် အဲဒီအစုနှစ်ခုဟာ စားစရာမရှိသူနဲ့ ထားစရာမရှိသူများဘဲ ဖြစ်တယ်။)

**□ အထွေထွေအတွင်းရေးမှူးချုပ်ဘဝ**

ဦးသန့်ရဲ့ဘဝမှာ မရည်ရွယ်ဘဲဖြစ်လာတဲ့ အချိုးအကွေ့တွေအများကြီးထဲမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရာထူးလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ ၁၉၆၁ စက်တင်ဘာ ၁၆ ရက်က ၁၇ ရက်ကိုအကူး တနင်္လာနေ့လင်းအားကြီးအချိန်မှာ ဒုတိယမြောက်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ်မားရှိုးနဲ့အဖွဲ့ လိုက်ပါသွားတဲ့လေယာဉ်ဟာ ရိုဒီးရှားနိုင်ငံ အင်ဒိုလာလေဆိပ်ကိုဆင်းခါနီးမှာ ပျက်ကျသွားပြီး လေယာဉ်ပေါ်ပါသူအားလုံး အသက်ဆုံးရှုံးသွားခဲ့တယ်။

နောက်တစ်နေ့ စက်တင်ဘာ ၁၈ အင်္ဂါနေ့မှာ သုံးလကြာ ကျင်းပမယ့် (၁၆) ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည် အထွေထွေညီလာခံကြီး စတင်တယ်။ လစ်လပ်သွားတဲ့အထွေထွေအတွင်းရေးမှူးချုပ်ရာထူးအတွက် ဝိုင်းဝန်းစဉ်းစားကြတဲ့ဆီမှာ နိုင်ငံတွေအများကြီးထဲက အဓိကကျတဲ့ အရှေ့အုပ်စု၊ အနောက်အုပ်စုနှစ်ခုတို့က အကြိတ်အနယ် အခြေအတင်ဆွေးနွေးငြင်းခုံကြတာ တစ်လခွဲလောက်ကြာသွားတယ်။

နောက်ဆုံးတွင် ၁၉၆၁ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းမှာ လုံခြုံရေးကောင်စီက သံအမတ်ကြီး ဦးသန့်အား ယာယီအထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ခန့်ဖို့ ထောက်ခံကြောင်းကို ခြွင်းချက်မရှိ တညီတညွတ်တည်း ဆုံးဖြတ်ကြတယ်။ အဲဒီဆုံးဖြတ်ချက်ကို ညနေပိုင်းမှာကျင်းပတဲ့ အထွေထွေညီလာခံက လုပ်ထုံးလုပ်နည်းနဲ့အညီ လျှို့ဝှက်မဲအရ ထောက်ခံမဲ (၁၀၃) မဲ၊ ကန့်ကွက်မဲ (မရှိ)၊ ကြားနေမဲ (မရှိ) ဖြင့် တညီတညွတ်တည်း အတည်ပြုလိုက်ကြတယ်။ (အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို လက်ခံဖို့ သဘောတူ မတူ မြန်မာနိုင်ငံအစိုးရဆီ တင်ပြတော့ သဘောတူပါတယ်၊ ဂုဏ်ယူပါတယ်လို့ ပြန်ကြားခဲ့တယ်။ အဲဒီအချိန်က တော်လှန်ရေးကောင်စီမတက်သေးပါ။)

ဦးသန့်ဟာ ကွယ်လွန်သူ ဒက်ဟမ်မားရှိုးရဲ့ ကျန်ရစ်တဲ့သက်တမ်းနဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ (၅) နှစ်သက်တမ်းနှစ်ရပ်ပေါင်း (၁၀) နှစ်နဲ့ (၂) လ တာဝန်ထမ်းဆောင်ခဲ့တယ်။ ဒုတိယသက်တမ်း ကုန်ဆုံးတဲ့အချိန်မှာ နိုင်ငံအတော်များများက ကိုယ်စားလှယ်တွေက ဦးသန့်ဆက်ပြီးအရွေးခံရင် သူတို့အစိုးရတွေက ထောက်ခံပေးကြမယ်လို့ တိုက်တွန်းခဲ့ကြပေမယ့် ဦးသန့်ဆက်အရွေးခံမှာကို မထောက်ခံတဲ့ နိုင်ငံတစ်နိုင်ငံရှိခဲ့တယ်။ ဦးသန့်ရဲ့ မိခင်တိုင်းပြည် မြန်မာအစိုးရပဲဖြစ်ပါတယ်။

**□ တတိယကမ္ဘာစစ်ကို တားဆီးပြီး နိုဘယ်ဆုကို ငြင်းပယ်ခဲ့သူ**

ဦးသန့်ရဲ့အထွေထွေအတွင်းရေးမှူးချုပ် ပထမသက်တမ်းအတွင်း ကျူးဘားဒုံးပျံအရေးအခင်း (Cuban Missile Crisis) ပေါ်ပေါက်ခဲ့တယ်။ အမေရိကန်ပြည်ထောင်စုတောင်ဘက်ကမ်းရိုးတန်းနဲ့ နီးကပ်နေတဲ့ ကျူးဘားကျွန်းနိုင်ငံမှာ ရုရှားက ဒုံးပစ်စင်တွေ တည်ဆောက်ပြီး ဒုံးပျံတွေကို သင်္ဘောနဲ့သယ်ဆောင်လာတဲ့အခါ အမေရိကန်ပြည်ထောင်စုက လက်မခံဘဲ တားဆီးဖို့ ရေတပ်စစ်သင်္ဘောတွေ စေလွှတ်တယ်။ နှစ်ဖက်တင်းမာပြီး တိုက်ခိုက်ကြရင် တတိယကမ္ဘာစစ်ဖြစ်မှာကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်ပူပန်ခဲ့ကြတယ်။

ဒီအခြေအနေမှာ ဦးသန့်က နှစ်နိုင်ငံခေါင်းဆောင်များအကြား စေ့စပ်ဖြန်ဖြေပေးခဲ့တဲ့အတွက် နှစ်ဖက်စလုံး ရုပ်သိမ်းသွားပြီး ငြိမ်းချမ်းသွားခဲ့တယ်။ အလားတူပဲ ပြည်သူအများအပြားသေဆုံးကြရတဲ့ ကွန်ဂိုပြည်တွင်းစစ်ပြီးဆုံးသွားအောင်လည်း ကိုင်တွယ်ဖြေရှင်းပေးနိုင်ခဲ့တယ်။ကမ္ဘာကလည်း ဦးသန့်ကို ငြိမ်းချမ်းရေးဖော်ဆောင်ပေးသူ (Peace Maker) အဖြစ် အသိအမှတ်ပြုခဲ့တယ်။

ဒီအကြောင်းတွေကြောင့် ၁၉၆၅ ခုနှစ်မှာ နိုဘယ်ငြိမ်းချမ်းရေးကော်မတီက နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်ဖို့ ရည်ရွယ်ကြောင်း နော်ဝေအမြဲတမ်းကိုယ်စားလှယ်က သတင်းပေးခဲ့တယ်။ ဦးသန့်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ ငြိမ်းချမ်းရေးအတွက် လုပ်နေတာဟာ သူ့တာဝန်ကိုသူ ဆောင်ရွက်နေတာပဲ မဟုတ်ဘူးလားလို့ တုံ့ပြန်ပြီး နိုဘယ်ဆုကို ငြင်းပယ်ခဲ့တယ်။

**□ စာရေးဆရာဘဝ**

စာဖတ်ခြင်း၊ စာရေးခြင်းဟာ ဦးသန့် ငယ်စဉ်ဘဝကတည်းက အမြဲတွယ်လာတဲ့ အရင်းခံဝါသနာများ ဖြစ်တယ်။ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာ ထုတ်ဝေတဲ့ ဂန္ထလောကမဂ္ဂဇင်းဘာသာပြန်ပြိုင်ပွဲမှာ လေးကြိမ်တိုင်တိုင် ပထမဆုရခဲ့တယ်။ ၁၉၃၃ မတ်လထုတ် ဂန္ထလောကမဂ္ဂဇင်းကို အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့တယ်။ ကလောင်အမည်အဖြစ် သီလဝ၊ မောင်သန့်(ပန်းတနော်) အမည်များကို အသုံးပြုခဲ့တယ်။

ဦးသန့်ရဲ့ရိုးသားမှု၊ နှိမ့်ချမှု ပြယုဂ်တစ်ခုကတော့ မြန်မာလိုရေး အင်္ဂလိပ်လိုပါ လက်မှတ်ရေးထိုးတဲ့အ



www.burmeseclassic.com

www.burmeseclassic.com

မောင်သန့်လို့ပဲ ရေးထိုးပါတယ်။ (ဝန်ကြီးချုပ်ဟောင်းဦးနုလည်း စာရေးတဲ့အခါမှာ ကလောင်အမည် မောင်နုသုံးပြီး လက်မှတ်ထိုးတဲ့အခါ မောင်နုလို့ပဲထိုးပါတယ်။ သူတို့ကိုအားကျလို့ ကျွန်တော့်ကလောင်အမည်ကို မောင်ပွင့်ဉာဏ်လို့ ပေးတာလားလို့ မေးလာရင် မငြင်းပါခင်ဗျား။)

အငြိမ်းစားယူပြီးတဲ့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်နဲ့အတွေ့အကြုံတွေကို 'ကမ္ဘာ့သမိုင်းအမည်' နဲ့ စာအုပ်နှစ်အုပ်ရေးဖို့ အမေရိကန်ပြည်ထောင်စုမှာပဲဆက်နေခဲ့တယ်။ ၁၉၇၅ ခုလောက်မှာ လုပ်ငန်းပြီးတဲ့အခါ မြန်မာပြည်မှာ ပြန်နေမယ်လို့ ကြံရွယ်ခဲ့တယ်။ ဒါပေမယ့် ဦးသန့်ဟာ ၁၉၇၄၊ နိုဝင်ဘာ ၂၅ ရက်နေ့မှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကိုလံဘီယာဆေးရုံကြီးမှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့တယ်။

တာဝန်က အနားယူပြီးရင် စာရေးမယ်လို့ ရည်ရွယ်ထားတဲ့ဆီမှာ ဦးသန့်နဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ တူညီကြတယ်။ ဗိုလ်ချုပ်က နိုင်ငံလွတ်လပ်ရေးရပြီးရင် နိုင်ငံရေးကထွက်ပြီး ပါတီအကွဲအပြဲတွေကို ဘေးကနေထိုင်ကြည့်ပြီး စာပဲရေးမယ်လို့ ဆိုခဲ့ပါတယ်။ ကမ္ဘာပေါ်မှ အအေးချမ်းဆုံးနဲ့ အလှပဆုံးလို့ နာမည်ကျော်ကြားတဲ့ ဆွစ်ဇာလန်နိုင်ငံအစိုးရက ဦးသန့် အငြိမ်းစားယူပြီးရင် အေးအေးဆေးဆေးစာရေးနိုင်အောင် ဆွစ်ဇာလန်နိုင်ငံက ကြိုက်တဲ့နေရာ၊ ကြိုက်တဲ့အိမ်မှာ ရာသက်ပန်နေနိုင်အောင် စီစဉ်ပေးမယ်လို့ ကမ်းလှမ်းခဲ့သေးတယ်။

**□ ဦးသန့်၏ အနေအထိုင်နှင့် စိတ်နေသဘောထား**

ဦးသန့်ဟာ နိုင်ငံရပ်ခြားမှာ နှစ်ကာလရှည်စွာ အနေကြာခဲ့ပေမယ့် နေထိုင်ပုံက အင်မတန်မှ မြန်မာဆန်တယ်။ ရုံးကနေ အိမ်ပြန်ရောက်တာနဲ့ ကုတ်အင်္ကျီ ဘောင်းဘီရှည်တို့ကိုချွတ်ပြီး လုံချည်နဲ့ပဲနေတယ်။ နေအိမ်မှာ ထမင်းစားတဲ့အခါ လက်နဲ့ပဲ အားရပါးရစားတယ်။ ဗုဒ္ဓဘာသာကို အလေးအနက်ကိုးကွယ်ယုံကြည်ပြီး နိုင်ငံတကာပြဿနာတွေကို ဘာသာတရားကပေးတဲ့မေတ္တာတရား၊ သည်းခံခြင်းတရား၊ တည်ကြည်လေးနက်ခြင်း သမာဓိတရားတွေနဲ့ ဖြေရှင်းနိုင်ခဲ့တာကို နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းကပုဂ္ဂိုလ်များက ထုတ်ဖော် ပြောကြားခဲ့ကြတယ်။

ဦးသန့်ဟာ မြန်မာပြည်ကို ခဏပြန်လာတုန်း ၁၉၆၄ ဇူလိုင် ၂၆ ရက်နေ့မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဈာပနနဲ့ကြုံကြိုက်ပြီး နောက်ဆုံးအနေနဲ့ နဖူးမြေထိ ရှိခိုးကန်တော့ကာ ဂါရဝပြုခွင့်ရလို့ များစွာ ကျေနပ်မိပါကြောင်း ပြောကြားခဲ့ပါသည်။

ဦးသန့်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် အဆိုပြုခဲ့သူတစ်ဦးဖြစ်တဲ့ သီဟိုဠ် (သီရိလင်္ကာ) သံအမတ်ကြီးလည်းဖြစ်၊ အထင်ကရဗုဒ္ဓဘာသာပညာရှင်ကြီးလည်းဖြစ်တဲ့ ဒေါက်တာ မာလာလာဆေကရက ဦးသန့်ရဲ့ဘဝကို ဖော်ပြရာမှာ ပညာရှင်၊ သတင်းစာဆရာ၊ သံတမန်၊ စာရေးဆရာ၊ သမိုင်းပညာရှင်နှင့် နိုင်ငံရေးသမား (Scholar, Journalist, Diplomat, Writer, Historian and Statesman) လို့ တိကျပီပြင်စွာဂုဏ်ဖော်သွား ခဲ့တယ်။

ဦးသန့်လိုမျိုး ဘဝကိုအရိုးရှင်းဆုံးနေသွားခဲ့တဲ့ လူတစ်ယောက်မှာ အစွဲအလမ်းဆိုလို့ များများစားစားမရှိခဲ့ပါ။ သူ့ရဲ့ ရှားရှားပါးပါး အစွဲအလမ်းတစ်ခုကတော့ ဆေးပြင်းလိပ်သောက်ခြင်းပဲဖြစ်တယ်။ ဆေးပြင်းလိပ်သောက်လို့ ကင်ဆာရောဂါနဲ့ ဆုံးပါးခဲ့ရတယ်လို့ဆိုရင် ကမ္ဘာ့လူသားတွေအတွက် အလုပ်များစွာလုပ်နိုင်သေးတဲ့ အသက် (၆၅)နှစ်အရွယ် လူသားတစ်ဦး ဆုံးရှုံးရခြင်းမှာ နှမြောဖွယ်ကောင်းလှပါတယ်။

**□ ဦးသန့်အရေးအခင်း**

နိုင်ငံရဲ့သမိုင်းပဲဖြစ်ဖြစ်၊ လူတစ်ဦးရဲ့သမိုင်းပဲဖြစ်ဖြစ် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဖျောက်ဖျက်လို့ မရစကောင်းပါ။ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း(ကွယ်လွန်) က 'သမိုင်းသင်တာ မ,အအောင်' လို့ ဆိုပါတယ်။

ကျွန်တော့်အမြင်ကို တင်ပြရရင် သမိုင်းကို လေ့လာတာဟာ သင်ခန်းစာယူတတ်ဖို့ ဖြစ်ပါတယ်။ အတိတ်ကာလက အမှားတွေကို သင်ခန်းစာယူပြီး အမှန်ပြင်မှ အနာဂတ်ကောင်းမှာ ဖြစ်ပါတယ်။

ဦးနုအစိုးရဆီက အာဏာသိမ်းခဲ့တဲ့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်း (နောက်တော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌဦးနေဝင်း) ဟာ ပုဂ္ဂိုလ်ရေးအာဃာတတရားနဲ့ အင်မတန်အငြိုးကြီးသူဖြစ်တယ်။ ဦးနုဟာ ပြည်ပြေးဘဝနဲ့ နိုင်ငံအနှံ့လျှောက်သွားရင်းက အမေရိကန်နိုင်ငံအရောက်မှာ ကုလသမဂ္ဂဌာနချုပ်ကိုသွားခဲ့တယ်။ ဦးသန့်ကလည်း သူ့ကို ငယ်ပေါင်းမိတ်ဆွေတစ်ဦးအနေနဲ့ လက်ခံတွေ့ဆုံခဲ့တယ်။ ဦးသန့်မြန်မာပြည်ကို ခဏပြန်လာတုန်း ဦးနေဝင်းကို နိုင်ငံခေါင်းဆောင်တစ်ယောက်အနေနဲ့ တွေ့ဖို့ကြိုးစားခဲ့ပေမယ့် လုံးဝအတွေ့မခံဘဲရှောင်နေခဲ့တယ်။

နယူးယောက်မှာ ဦးသန့် ကွယ်လွန်ပြီးနောက် ရုပ်အလောင်းကို မြန်မာပြည်မှာ သဂြိုဟ်ဖို့ လေယာဉ်နဲ့ သယ်ဆောင်လာတဲ့အခါ မြန်မာနိုင်ငံအစိုးရဟာ အထူးတလည် ကြိုဆိုခြင်းမပြုဘဲ ကြံတောသုသာန်မှာ သာမန်အားဖြင့် သဂြိုဟ်ဖို့ စီစဉ်ခဲ့တယ်။ ဒါကို မကျေနပ်တဲ့ တက္ကသိုလ်ကျောင်းသားတွေက ၁၉၇၄ ဒီဇင်ဘာ ၅ ရက်မှာ ရုပ်အလောင်းကို လုယူပြီး ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း မြှုပ်နှံခဲ့ကြတယ်။ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် အစိုးရဟာ အင်အားသုံးပြီး အလောင်းကိုပြန်ဖော်ကာ သီးခြားတစ်နေရာမှာ ကွန်ကရစ်အုတ်ဂူနဲ့ အခိုင်အမာ သဂြိုဟ်လိုက်တယ်။ လူအသေအပျောက်ဖြစ်ပေါ်ခဲ့တဲ့ ဦးသန့်အရေးအခင်းမှာ စစ်အစိုးရဟာ ရန်ကုန်မြို့မှာ စစ်အုပ်ချုပ်ရေးဥပဒေ (Martial Law) ထုတ်ပြန်ခဲ့တယ်။

ဦးသန့်အရေးအခင်းနဲ့ ပတ်သက်ပြီး နိုင်ငံခြားက စာတမ်းတစ်ခုမှာ - Death of a Hero: The U Thant Disturbances in Burma, December 1974 ဟု ခေါင်းစဉ်တပ်ထားပါသည်။

အခုအချိန်မှာ ဦးနေဝင်းရဲ့အရိုးပြာဟာ ရန်ကုန်မြစ်ထဲမှာ လူမသိသူမသိ ပျောက်ကွယ်သွားပြီဖြစ်ပေမယ့် ဦးသန့်ရဲ့ဂူဗိမာန်ကတော့ ရွှေတိဂုံစေတီတောင်ဘက်မုခ်အနီးမှာ အခိုင်အမာ တည်ရှိနေပါတယ်။ တရားကျဖွယ်ကောင်းလေစွ။

မောင်ပွင့်ဉာဏ်(မောရ)

**ရည်ညွှန်း -**

တစ်ခေတ်တစ်ယောက်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် (၁၉၀၉-၁၉၇၄)
စီစဉ်သူ - မောင်ဇေယျာ၊ ပန္နက်စာပေ၊ ၂၀၁၂၊အောက်တိုဘာ၊ပထမအကြိမ်
Encyclopaedia Britannica Ultimate Reference Suite (2014).
Internet Facebook.




www.burmeseclassic.com

www.burmeseclassic.com

မကွေးဝင်းမြင့်

# အုန်းမှုတ်ခွက်နင်း ရောဂါကင်း



၁၉၇၆ ခုနှစ် မိုးရာသီတစ်နေ့။ မကွေးမှ ရန်ကုန်သို့ ခရီးထွက်ခဲ့၏။ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း မှာ တည်းခို၏။ နောက်တစ်နေ့တွင် စာရေးဆရာကြီး ဦးရန်အောင် နေထိုင်သော အနောက်ရန်ကင်းတိုက်ခန်းသို့ ရောက်သွားသောအခါ -

"ကိုဝင်းမြင့် ရောက်လာတာ အတော်ပဲကိုယ့်လူ။ သင့်ဘဝမဂ္ဂဇင်းထဲ ရေးလိုက်တဲ့ 'အုန်းမှုတ်ခွက်နင်း ရောဂါကင်း' ဆောင်းပါးဂယက်တော်တော်ထနေတယ်။ ကိုယ်လည်း ကဗျာတစ်ပုဒ်ရေးဖြစ်သွားတယ်။ ဖတ်ကြည့်ပါဦး"

**□ အုန်းမှုတ်ခွက်သမိုင်း**

အုန်းမှန် အုန်းမှုတ်နဲ့
ဖုံးအုပ်လို့မနိုင်။
မြန်မာနိုင်ငံ များခရိုင်မှာ
စကားလှိုင် ကျယ်ပွား
နားငြီး၍ အားကြီးရွံ့တယ်
အလွန်အကျွံပြောကြတကား။
ယင်းကဲ့သို့ ထင်တွေးပို
စိတ်တိုနေငြား။
ထိုအချိန် နာဖျား၍
ဘသားကြီး ခွေယိုင်။
အုန်းမှုတ်ကို စမ်းကာနင်းတော့မှ
ချမ်းသာခြင်း တွေ့ရပိုင်ပိုင်။
အုန်းမှုတ်ခွက် ကျေးဇူးမမေ့နိုင်
ကျွန့်သည်းစိုင် ဝင်စွဲပေ့။
ခပဲလူပေါင်းများစွာ
ဖျားနာသည့်အခါ. . .
အုန်းမှုတ်ခွက်နင်း၍
အကုန်ကျန်းမာမည်
ယုံစမ်းပါ လက်တွေ့
အမှန်ကွယ့်လေး

(ရန်အောင်)

'အုန်းမှုတ်ခွက်နင်း ရောဂါကင်း' စာအုပ် ထုတ်ဝေဖြစ်သောအခါ စာရေးဆရာကြီး ဦးရန်အောင်၏ ကဗျာကို အဖွင့်ကဗျာအဖြစ် ထည့်သွင်း ဖော်ပြနိုင်ခဲ့ပါသည်။

သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးလေးကြီး ဦးတင်မောင်နှင့် သင့်ဘဝမဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင် ဓမ္မယောသက ဦးမောင်မောင်တို့ကလည်း ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအမှာစကား ရေးပေးကြပါသည်။

**□ သူ့ကျေးဇူး**
**(ဓမ္မယောသက ဦးမောင်မောင်)**

'ကျွန်တော်တို့ရုံးမှာ သင့်ဘဝမဂ္ဂဇင်းလစဉ်ယူပါတယ်။ လွန်ခဲ့တဲ့(၃)လလောက်က အုန်းမှုတ်ခွက်ဆောင်းပါးပါတဲ့မဂ္ဂဇင်း ဘယ်သူငှားလိုက်မိတယ်မသိဘူး။ အဲဒါရှိရင် ခဏကြည့်ပါရစေ"

ဟု တောင်းဆိုမေတ္တာရပ်ခံလာသူကား ရန်ကုန်ချေတာစုဆောင်းရေးဘဏ်ဌာနချုပ်ရုံးမှ ဦးစိန်ရိုး ဖြစ်၏။ သူအလိုရှိသော ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းကို ရှာဖွေ၍ပေးပြီးနောက် စာရေးသူက သူ၏ဆန္ဒကိုသိလိုသဖြင့် -

"ဦးစိန်ရိုးက မကွေးဝင်းမြင့်ရဲ့ အုန်းမှုတ်ခွက်နင်းရောဂါကင်းဆောင်းပါးကို ဖတ်ချင်လို့လား"

"ကျွန်တော် ဖတ်ပြီးပါပြီ။ ဖြစ်နိုင်ရင် အဲဒီဆောင်းပါးကို ကူးယူပုံနှိပ်ပြီး ဝေငှကမ်းလှမ်းချင်လို့ပါပဲ"

"သင့်ဘဝမဂ္ဂဇင်းက စောင်ရေ (၆၅၀၀) ကျော် (၇၀၀၀) နီးပါး ထုတ်ဝေနေရတော့ မြန်မာတစ်ပြည်လုံးက မကွေးဝင်းမြင့်ရဲ့ အုန်းမှုတ်ခွက်နင်းဆောင်းပါးကိုဖတ်ကြရမှာပဲ။ ဦးစိန်ရိုးက ဘာဖြစ်လို့ ပိုက်ဆံအကုန်ခံပြီး ပုံနှိပ်ကမ်းလှမ်းချင်ရတုံး"

"အုန်းမှုတ်ခွက်ကို ကျွန်တော့် မိတ်ဆွေအချို့ နင်းကြတာ ကြာပါပြီ။ ကျွန်တော်ကိုယ်တိုင်နင်းဖူးလို့ အုန်းမှုတ်ခွက်နင်းရတဲ့အကျိုးအာနိသင်ကိုသိထားပြီးပါပြီ။ သိသူဖော်စား၊ မသိသူကျော်သွား ဆိုသလိုပဲပေါ့။ အခု မကွေးဝင်းမြင့်ရဲ့ဆောင်းပါးထွက်လာတော့ မှန်ကန်ကြောင်းထောက်ခံတဲ့အနေနဲ့ရော ကျန်းမာရေးအတွက် နည်းကောင်းတစ်ရပ်ကို အများသိစေလိုတဲ့စေတနာနဲ့ပါ။ ပို့သည်ထက်ပို့နှံ့အောင် ဖြန့်ချိဝေငှချင်တာပါပဲ။ အဲဒါ ဦးမောင်မောင်က ကူညီဆောင်ရွက်နိုင်မယ်ဆိုရင် ကုန်ကျစရိတ်ကို ကျွန်တော်က ပေးလှူပါ့မယ်"

"သင့်ဘဝတိုက်နဲ့ ညှိနှိုင်းပြီး ဆေ
မြန်းဆောင်ရွက်ပေးပါ့မယ်။ ဒါပေမယ့်
တစ်ချိန်က ရေသောက်ရောဂါထကြ
သလို အခုလည်း မကွေးဝင်းမြင့်ကော
မှုကြောင့် အုန်းမှုတ်ခွက်ရောဂါထ
ပြန်ပြီလားလို့ ပြောစရာဖြစ်လာမှာလ
စိုးရသေးတယ်"

"ဟာ - ဒီလိုလည်း မဟုတ်ပါဘူ
ကျွန်တော့်အမြင်ပြောရရင် ရေသော
တာဟာ တချို့ပုဂ္ဂိုလ်တွေအတွ
အန္တရာယ်ဖြစ်နိုင်တယ်ခင်ဗျာ။
နည်းကတော့ ဓာတ်လေးပါးညီမျှအော
ညီဖို့လိုပါတယ်။ အာပေါဓာတ်လွန်တဲ
သူအဖို့ ရေများများသောက်ရင်
ဘူးပေါ့ ခင်ဗျာ။ အုန်းမှုတ်ခွက်နင်း
ကတော့ သွေး၊ လေညှိတဲ့သဘောမို့
တိုင်းနဲ့ တော်ပါတယ်"

"အမှန်ကတော့ အုန်းမှုတ်ခွက်
တာဟာ အနှိပ်ခံတဲ့သဘော၊ အ
ကိုင်တဲ့သဘောပဲလို့ ထင်ပါတယ်"

"ဟုတ်တာပေါ့။ ပိုက်ဆံတစ်
မကုန်ဘဲ၊ အနှိပ်ဆရာမခေါ်
အညောင်းအညာပြေပြီး သွေးလ
လေလမ်းပွင့်တဲ့နည်းပါပဲ"

"ခေတ်ကာလ ဆေးပညာနည်
ကုသလို့မလွယ်တဲ့ လေငန်းရော
သွေးကြောပိတ်တာတို့၊ နှလုံးရော
ချည့်နဲ့နေတဲ့ရောဂါတို့ဆိုတာဟာ တ
တက်ကျွမ်းနားလည်တဲ့ အကြော
ဆရာနဲ့ ကုသလို့ သက်သာပျောက်
တာတွေကို ကျွန်တော် တွေ့ဖူး၊ ကြ
ပါတယ်။ ရောဂါဝေဒနာဆိုတာက
တေဇောအရင်းခံကြောင့် ဖြစ်ပါ
တေဇောမှာလည်း သီတတေဇော
တေဇောလို့ နှစ်မျိုးရှိတဲ့အကြော
အဘိဓမ္မာဓာတ်ဆရာကြီး ဦးဘိုးမ
တဲ့ ရူပဝိနိစ္ဆယကုထုံးကျမ်းမှာ
ဖူးပါတယ်။ ဒီတော့ ဒီဓာတ်နှစ်ဖါး
အောင် ဆေးဝါးမှီဝဲရုံမျှသာမဟု
သွေးကြော၊လေကြောကိုင်ပေးတဲ့
အုန်းမှုတ်ခွက်နင်းတာဟာလ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတစ်ရပ်ပဲလို့ ဆိုရမှာပဲ”

ဦးစိန်ရှိုးအား ပြန်ပြောကြားရင်း အာရောဂျံ ပရမံ လာဘံဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ ကမ္မဋ္ဌာန်းတရားအား ထုတ်လိုသူတို့အတွက် လိုအပ်သော အင်္ဂါရပ် (ပဓာနိယင်္ဂ) တွင် အမှတ် (၂) အင်္ဂါဖြစ်သော အနာရောဂါကင်း၍ မအေးလွန်း၊ မပူလွန်း အလတ်ဖြစ်သော ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ ကျန်းခံ့သော၊ အစာကိုကြေစေနိုင်သော၊ ညီမျှသော ဝမ်းမီးနှင့် ပြည့်စုံခြင်း ဟူ၍ ကျန်းမာမှု အရေးကြီးပုံကို သတိပြုမိလျက် လူငယ်တစ်ယောက်ပင် ဖြစ်သော်လည်း အများ၏ ကောင်းကျိုးကို လိုလားရှေးရှု ဆောင်ရွက်တတ်သည့် မကွေးဝင်းမြင့်၏စေတနာနှင့် သူ့ကျေးဇူးမသေးငယ်လှပါတကားဟု တွေးတောမိပါသတည်း။

သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ။

**(မောင်မောင်)**


**□ အုန်းမှုတ်ခွက်နင်းဂယက် (ဦးလေးကြီးဦးတင်မောင်)**

‘အုန်းမှုတ်ခွက်နင်း ရောဂါကင်း’ ဆောင်းပါးကို သင့်ဘဝမဂ္ဂဇင်းတွင် စာရေးသူ ထည့်သွင်း ဖော်ပြခဲ့စဉ်က အချက်နှစ်ခုကို စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချခြင်း ဖြစ်ပါသည်။

မဆုံးဖြတ်မီ စဉ်းစားရသည့် ပထမအချက်မှာ ‘အုန်းမှုတ်ခွက်နင်း’ ဆောင်းပါးသည် ပရိသတ်အတွက် အကျိုးရှိနိုင်မည်လားဟူ၍၊ ဒုတိယအချက်မှာ အကျိုးမရှိစေဦးတော့ အပြစ်ဖြစ်နိုင်မည်လားဟူ၍ ဖြစ်ပေသည်။

အုန်းမှုတ်ခွက်နင်း ဆောင်းပါးကို ဖတ်ကြည့်သောအခါ ဤမျှလွယ်ကူသော လေ့ကျင့်ခန်းဖြင့် ထိုမျှခက်ခဲသောရောဂါများကို ပျောက်ကင်းစေနိုင်သည်ဟု ညွှန်ပြခြင်းမှာ ပြုံးချင်စရာဖြစ်သည်မှန်သော်လည်း မကွေးဝင်းမြင့်တင်ပြပုံကကောင်းနေသည်။ ထို့ပြင် အုန်းမှုတ်ခွက်နင်းရန်အားပေးသူကလည်း မန္တလေးလက်ဝှေ့အသင်းကို အုပ်ချုပ်ကာ ရန်ကုန်သို့ ထိုက်ပါလာသူ ဦးဘကျော်ဖြစ်နေသည်။ ဦးဘကျော်ကား ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီး ဆရာကြီး ဦးရာဇတ်၏ညီအရင်းပေတည်း။

ဦးဘကျော် ကိုယ်တိုင်ကလည်း ကျန်းမာရေးကောင်းပြီး ဖျတ်လတ်နေသည့်အပြင် သူလိုက်ပြသော စာပေ၊



ရုပ်ရှင်နှင့် အနုပညာလောကတို့မှ အုန်းမှုတ်ခွက်နင်းနေသူများမှာလည်း ကျန်းမာရေးကောင်းလျက်ပင် ရှိနေကြသည်ဟု မျှော်လင့်ထားခဲ့သည်။

အကယ်၍ မျှော်လင့်ထားသည့်အတိုင်း အကျိုးမရှိသည့်တိုင် အပြစ်ဖြစ်နိုင်မည်လားဟု ချိန်ဆကြည့်သောအခါမှာလည်း ဘာမှအပြစ်မဖြစ်နိုင်ဟုအဖြေရသောကြောင့် သင့်ဘဝမဂ္ဂဇင်း၌ ဖော်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ယင်းသို့ဖော်ပြလိုက်သော ၁၉၆၇ ခု၊ စက်တင်ဘာလမှ စတင်ရိုက်ခတ်ခဲ့သည့် အုန်းမှုတ်ခွက်ဂယက်သည် နှစ်လအကြာတွင် စာအစောင်တစ်ရာ့ငါးဆယ်မျှကို ဆောင်းပါးရှင် မကွေးကိုဝင်းမြင့်လက်သို့ရောက်ရှိစေခဲ့လေသည်။ ထိုစာများနှင့်တကွ မြစ်ကြီးနား၊ မော်လမြိုင်၊ ဟင်္သာတ စသည်တို့သို့ လူကိုယ်တိုင်ရောက်ရှိပြောကြားသွားသူတို့၏ပယောဂကြောင့် ‘အုန်းမှုတ်ခွက်နင်း ရောဂါကင်း’ စာအုပ်ငယ် ဖြစ်မြောက်ရေးအတွက် ကိုဝင်းမြင့် လုပ်ငန်းစရတော့သည်။

သတင်းထောက်လည်းဖြစ်၊ စာရေးဆရာလည်းဖြစ်သော မကွေးကိုဝင်းမြင့်ကား အချက်အလက်များရရှိမည်ဆိုပါက မည်သူနှင့်မဆိုတွေ့ဆုံရန် ဦးမလေးသူတစ်ဦးဖြစ်ရာ သူ့စာအုပ်အတွက် အပြီးသတ်လုပ်ငန်းအနေဖြင့် ရန်ကုန်မြို့ သိမ်ဖြူဆရာတော်ဘုရားထံ ကိုယ်တိုင်သွားရောက် ဖူးမြော်ခဲ့လေသည်။

ဤတွင် လက်တွေ့ခံစားနေကြရသည့် ကျန်းမာကြံ့ခိုင်မှုအကျိုးတရားတည်းဟူသော ကိုယ်ထည်အတွက် အကြောင်းတရားတည်းဟူသော တတိယဆေးပညာဦးခေါင်းကို ဆရာတော်ဘုရားက တပ်ဆင်ပေးလိုက်တော့သည်။

ဆရာတော်ဘုရားက-

“ခြေဖဝါးအလယ်သည် အရေးကြီးလှ၏။ ယင်းသည် သွေးကြော၊ လေကြောတို့ဆုံရာ သွေးကြောဘူတာရုံကြီးဖြစ်၏ဟု တင်စားခေါ်ဝေါ်ထားသည်။ မူးခြင်း၊ မေ့ခြင်း၊ တက်ခြင်း စသည်တို့ဖြစ်လျှင် ခြေဖဝါးအလယ်ကို နာနာနှိပ်ပေးရာ၏”

ဟုလည်း ညွှန်ကြားတော်မူသည်။

ရတနာသုံးပါးကိုမပြတ်ဆည်းကပ်သော ဥပါသကာလူငယ်တစ်ဦးဖြစ်၍ လူအများ ကျန်းမာရေးအတွက် ရှေးရှုသော မကွေးကိုဝင်းမြင့်၏ ကြိုးပမ်းမှု တိုးတက်အောင်မြင်ပါစေ။

သူတော်ကောင်းဓာတ် တရားမြတ်ရ လွှမ်းပတ်ကမ္ဘာ တည်စေသော်

**(ဦးလေးကြီး ဦးတင်မောင်)**

ထို့နောက် ကဗျာဆရာ မောင်အုန်းသောင်း (မကွေး) ကလည်း အုန်းမှုတ်ခွက်နင်းရောဂါကင်းရှင်းကြောင်းကို ဤသို့ မှတ်တမ်းတင်ပါသည်။

**□ အုန်းမှုတ်ခွက်နင်းရောဂါကင်း (တေးထပ်)**

ခေတ်လေးဖြာ ညီကာမမျှတဲ့
ဂီလာနတွေမှာ
ဇီဝကအဖြေရှာတယ်
သေအချာမယွင်း။

ကုထုံးဖြင့် တဖြာသိစရာငယ်
နာဠိကာ အုန်းမှုတ်ခွက်နင်း
လေငန်းဖြင့်ကြောက်ဖွယ်မလိုတယ်
ပျောက်တယ်ဗျို့ ချက်ချင်း
သက်ရှည်စွာ အနာကင်းလို့
ကျန်းမာခြင်းလာဘံ။

ဘယ်ရောဂါ ဝင်လာပူးစေတော့
ယှဉ်သာဘူး ပျောက်လိမ့်ဧကန်။

ဆီးချိုနဲ့ သွေးတိုးမကျန်တယ်
ဘေးဆိုးရန် ဟူသမျှရယ်တို့
မြူတစ်စ မကြွင်းရလေအောင်
အလျဉ်းပသွေ့ရှောင်
သမ္မဝင်းညီနောင်တောင်
မျက်မြင်အောင်ကုနိုင်ရဲ့လေး။

**မောင်အုန်းသောင်း (မကွေး)**

*အုန်းမှုတ်ခွက်နင်း၍*
*ရောဂါခပင်းကင်းဝေးကြပါစေ*

မကွေးဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

([illegible])

## ပညာရှင် ၉

([illegible])

"ပျဉ်းမကိုင်းတစ်တောင်လောက် ဆို ရပါပြီ"

"အေး၊ အေး - အစ်ကိုခုပြန်တာနဲ့ လုပ်လိုက်မယ်။ သူ့မျက်နှာသုတ်ပဝါလည်းရှိတယ်၊ ယူမသွားဘူး"

ထိုနေ့မှစ၍ -

သုံးရက်မြောက်သောနေ့သည် ကျွန်ုပ် အလွန်ဝမ်းသာသွားရသောနေ့ ဖြစ်၏။ မပြုံးမြင့် ပြန်ရောက်လာ၍ သူ၏ ယောကျ်ားသည် ဆရာ့ကို ထပ်လာကန်တော့ကြောင်း၊ ဟိုညီလေးကိုလည်း အတော့်ကို ကျေးဇူးတင်ကြောင်းပြောပေးပါဟုပြောသွားကြောင်း ဆရာကိုယ်တိုင် ပြောပြ၏။

"ဒီတစ်ခါတော့ ငါက မင်းကို လက်ဖက်ရည်တိုက်ချင်တာကွ။ ခက်တာက မင်းက ဘာကြောင့်မှန်းမသိဘူး၊ လက်ဖက်ရည်ကို သေခန်းရှင်ခန်းဖြတ်ထားတယ်ဆိုတော့ ငါက ဘာလုပ်ရမှန်းမသိဘူး။ မင်းဘာသောက်ချင်လဲ"

"မသောက်ပါဘူး ဆရာ"

"အေး - ဒါဖြင့် ငါပဲသောက်မယ်"

ချစ်စရာကောင်းသောအပြုံးကို ခပ်ထေ့ထေ့လေးပြုံးရင်း ကျွန်ုပ်ကိုကြည့်နေသောဆရာ့အားပြုံးပြလိုက်ပြီး ဆရာကတော်ထံမှ တစ်လုံးချိုင့်လေးတောင်း၍ လက်ဖက်ရည်ဆိုင်ဆီသို့ ပြေးလေတော့၏။

ဓာတ်အပ်စိုက်ပညာသင်ရင်း အပ်စိုက်ကုဆေးခန်းတွင် ဆရာနှင့်ဝိုင်းကူရခြင်း၊ အင်္ဂလိပ်စာဆရာသခင်ထံတွင် အင်္ဂလိပ်စာပညာများ သင်ကြားရခြင်းတို့ကြောင့် ဆိုင်အတွက် ကျွန်ုပ် လူငှားရပါပြီ။

တစ်ခါတစ်ခါ ဆိုင်ကို နှစ်ရက်၊ သုံးရက်မရောက်ဖြစ်ပါ။ ထိုလူငှားနှင့် ကိုမောင်ထူးတို့ရောင်းကြ၏။ ကျွန်ုပ်က ပညာသင်ခြင်းများအတွက် မအားမလပ်လွန်း၍ လူငှားရသောကြောင့် လူငှားခကို ကျွန်ုပ်၏အမြတ်ထဲမှသာဖြတ်[illegible] ကိုမောင်ထူးကိုအပေးမခံပါ။ ဒါမှ[illegible] သူလည်း ကြည်ဖြူမည်မဟုတ်ပါ[illegible]

ဤသို့လူငှားခြင်းကို အမေ[illegible] သည်။

လူငှားသည်ဆိုသော်လည်း [illegible] များ များပြား၍သာငှားလိုက်ရခြင်း [illegible] ပါသည်။ ဈေးထဲရှိ ဆိုင်ကြီးတစ်[illegible] တွင် အထုပ်သိမ်းရပြီးဖြစ်၍ လူ[illegible]



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သိပ်ဝေးဝေးမထမ်းရတော့။ ကျွန်ုပ်နှင့် လည်း ရွယ်တူဖြစ်ပြီး နာမည်မှာ ဖိုးပိန် ဖြစ်၏။ ကျွန်ုပ်စျေးထွက်သောရက်များ တွင် သူထမ်းရမည့်အထုပ်ကြီးလျှင် ကျွန်ုပ်ကပါခွဲ၍ထမ်း၏။

ရွယ်တူချင်းဖြစ်၍ သူ့မှာလည်း ရှက်တတ်ရှာပေမည်။ ကျွန်ုပ်က အမေ့ အား လုပ်ကျွေးနေသူဖြစ်သလို ဖိုးပိန် လည်း သူ့မိခင်ကိုလုပ်ကျွေးနေသူဖြစ်၏။ အထုပ်ကြီးများထမ်းရင်း၊ သွားရင်းလာ ရင်း အသိမိတ်ဆွေသူငယ်ချင်းများနှင့် ဆုံလျှင် ကျွန်ုပ်ကမျက်နှာပြောင်၏။ ရေ ခဲရေရောင်း၊ ကုန်စိမ်းရောင်း၊ ရုပ်ရှင် လက်မှတ်မှောင်ခိုရောင်းလာသူဖြစ်၍ စျေးရောင်းခြင်းမှာ ကျွန်ုပ်အတွက် မဆန်း။ ဖိုးပိန်မှာ သူ၏အခက်အခဲ ကြောင့်ဝင်လုပ်ရသည်ဖြစ်ပြီး ဘာမှမလုပ် ဘူးသူဖြစ်၍ ရှက်ရှာမည်။ ထို့ကြောင့် သူအထုပ်ထမ်းသည့်အခါ ကျွန်ုပ်က ဘေးနားမှရယ်စရာများနှင့်တဟားဟား ပြောရင်းလိုက်၏။ စားလျှင်အတူစား၏။ ဒိန်ချဉ်သောက်လျှင်လည်း သူ့ကို အမြဲ တိုက်၏။ ကိုမောင်ထူးကိုပင်မတိုက်။

ဖိုးပိန်သည် ရှက်လို့လေလား၊ နဂို နေတတ်လို့လေလားမသိ။ အတော်လေး စကားနည်းပြီးငြိမ်ထိုင်နေတတ်၏။ ဘာ ကိုတွေးလို့တွေးနေမှန်းမသိ ဖိုးပိန်သွက် သွက်လက်လက် စျေးခေါ်မရောင်းတတ် ခြင်းကြောင့် ကိုမောင်ထူး စိတ်နှင့်သိပ် မတွေ့။ ကျွန်ုပ်က ဖိုးပိန်ကိုယ်စားဝင်လုပ် ပေးရသည်များရှိသောကြောင့် ဘာမှ တော့ ပြဿနာမရှိ။

ထိုအချိန်များသည် -

(၄၅)ရက်၊ ရက်(၉၀)၊ (၁၀၈) ရက် မကြာခဏ အဓိဋ္ဌာန်ဝင်ပြီး သက်သတ် လွတ်စားခဲ့ရာမှ ရာသက်ပန်စားပြီးဖြစ် သောနှစ်များဖြစ်၍ ကျိုက္ကဆံစေတီတော် မြတ်ကြီးတွင် မကြာခဏ အဓိဋ္ဌာန်ဝင် ဖြစ်၏။ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လည်း မကြာခဏ အဓိဋ္ဌာန်ဝင်ဖြစ်ပါ သည်။

နေရာအနှံ့တွင် ဘိုးတော်လိုဝတ် ဆင်၍ ထင်ရာပြော၊ ထင်ရာလုပ်နေကြ သူများနှင့်လည်း မကြာမကြာဆုံဖြစ်၏။

တစ်နေ့ -

ရွှေတိဂုံစေတီတော်မြတ်ကြီးတနင်္ဂ နွေထောင့်တွင်ဖြစ်၏။ တနင်္ဂနွေထောင့် ရှိ အဘဘိုးဘိုးအောင်တန်ဆောင်းရှိ ရုပ်ပွားတော်မြတ်အား ကျွန်ုပ် အလွန် ကြည်ညို၍ မကြာခဏသွားပြီး ဂုဏ် တော်တစ်ထောင်ရွတ်၍ ပူဇော်ခြင်း၊ ပဋ္ဌာန်းရွတ်ပူဇော်ခြင်းပြုလေ့ရှိ၏။

ထိုနေ့က -

သုံးနာရီနီးပါး မလှုပ်မယှက်ထိုင်ခဲ့ ပြီးပြီဖြစ်၍ တန်ဆောင်း၏လှေကားတွင် ခြေဆင်းပြီးခြေပစ်လက်ပစ်ထိုင်နေလိုက် ၏။

"လူဆိုရင် ကိုယ့်အကြောင်းကိုယ် သိရတယ်ကွ"

နားထဲသို့ဝင်လာသော်လည်း ကိုယ် နှင့်မဆိုင်၍ အေးဆေးစွာဆက်ထိုင်နေ လိုက်ပါသည်။

"ကိုယ့်ပြောလို့ ပြောမှန်းမသိတဲ့ ကောင်တွေ"

ထိုအသံကြောင့် အသံလာရာ ဆီသို့ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် ရုပ်ပွားတော်တစ်ဆူကို ကျောပေးထိုင် နေသော အဘိုးကြီးတစ်ဦးဖြစ်ပြီး သူ့ ဘေးတွင် ယောကျ်ား၊ မိန်းမ ဆယ့်ငါး ယောက်လောက် ဝိုင်းထိုင်နေကြ၏။ အဘိုးကြီးမှာ ကျွန်ုပ်အား သေချာစိုက် ကြည့်၍ပြောနေခြင်းဖြစ်ပြီး ဘေးမှလူ များက ကျွန်ုပ်ကိုလှမ်း၍ကြည့်နေကြ၏။ ပြုံးသူကပြုံးနေ၏။

ဘယ်လိုဖြစ်သွားမှန်းမသိ ထိုနား သို့ တဖြည်းဖြည်းတိုးသွားလိုက်ပြီး -

"ဘယ်သူ့ကိုပြောတာလဲ"

"မင်းကိုပြောတာကွ။ လူကလမ်း သရဲလိုလိုဘာလိုလိုနဲ့"

"ဟာ-ဘာဆိုင်လို့လဲ၊အသားလွတ် ကြီးပါလား"

"မင်းနားမလည်ဘူးလား။ ဒီမှာငါ ရှိနေတယ်၊မင်းနေပုံထိုင်ပုံဟုတ်လို့လား"

"ဘာလုပ်နေလို့လဲ"

"အမယ် - မင်းကတော်တော်ရိုင်း တာပဲ"

"ခင်ဗျားကကော ဘယ်လောက် လိမ္မာနေလို့လဲ"

"ဟာ - ရိုင်းလှချည်လား"

"ခင်ဗျားလည်း မလိမ္မာပါဘူး"

ဘေးနားရှိ အမျိုးသားကြီးနှစ်ဦး နှင့် အမျိုးသမီးကြီးသုံးဦးသည် ကျွန်ုပ် နားတိုးကပ်လိုက်ပြီး -

"ညီလေး၊ သူကလူကြီးပဲကွာ စိတ် မဆိုးနဲ့နော်"

"လူကြီးကလူကြီးလိုပြောလေ၊ ခု ဟာက"

"ဟုတ်ပါတယ်၊ ဘိုးတော်ဆိုတော့ ဓာတ်ကျရာပြောနေတာပေါ့ကွာ။ ဓာတ် က နည်းနည်းကြမ်းတယ်"

ထိုအစ်ကိုကြီးက ကျွန်ုပ်ကိုနှစ်သိမ့် ၍ ပြုံးရွှင်စွာခပ်တိုးတိုးပြောသည့်စကား အတိုင်း ကျန်သောသူများကပါလိုက် ပြော၏။ နှစ်သိမ့်နေကြ၏။

"ဓာတ်ကြမ်းတယ် ဟုတ်လား။ လူ ကြမ်းရင် ဓာတ်ကြမ်းလည်းမခံနိုင်ဘ အစ်ကိုတို့ကြည့်နေ"

"ဟာ - ညီလေးရာ၊ ညီလေးက မိကောင်းဖခင်သားသမီးတစ်ယောက်ဆို တာ အစ်ကိုကြီးတို့သိပါတယ်။စိတ်လျှော့ ပါညီလေးရာ၊ ညီလေးမမှားပါဘူး။ သူက တောလည်းထွက်တော့မှာပါ"

"ဘယ်တောလဲ၊ တောထဲသွားလို့ ကတော့ ကျားစာပဲဖြစ်မယ့်လူကြီးဗျ၊ ကျွန်တော့်ဆရာပြောဖူးတာက သူတော် ကောင်းအကျင့် ကျင့်ကြသူတွေဟာ လောဘတော၊ ဒေါသတော၊ မောဟ တောဆိုတဲ့ တောသုံးတောကထွက်ကြ တာလို့သာ ကြားဖူးတယ်။ တောထွက် မယ်သာပြောတယ်၊ လူကြည့်တော့ လက်တွေရော၊ ခြေထောက်တွေရော လက်စွပ်တွေအပြည့်စွပ်လို့။ ဒီလိုဘိုး တော်တုဘိုးတော်ယောင်တွေအများကြီး တွေ့ချင်လား။ ကျွန်တော်ခေါ်သွားပြ မယ်၊ အစ်ကိုကြီးတို့ဆန္ဒရှိရင် . . ."

ကျွန်ုပ်ပြောလိုက်သည်ကို စိတ်ဝင် စားသွားကြပြီး ရုတ်တရက်ငိုင်သွားကြ ၏။ နှစ်ယောက်လောက်က အမလေး လန့်အော်ပြီး နောက်ပြန်လှည့်သွားကြ ၏။ လန့်သွားပုံရပါသည်။ ကျွန်ုပ်လည်း ဘာမှထပ်မပြောချင်တော့လွန်း၍ ထပြ လာခဲ့ပါတော့သည်။

တနင်္ဂနွေထောင့် နောင်တော်ကြီး ဘုရားခြေတော်ရင်းတွင် တစ်ပြေးညီ ပေါက်နေသော ထန်း (၃) ပင် ရှိ ထန်း (၃) ပင်အောက်တွင် အင်တော လူတစ်ထိုင်စာမက အဝိုင်းကြီးတစ် ၏။ အချို့က သိုက်ပေါက်ဝဟု ပြောကြ ၏။

ပုဂ္ဂိုလ်တစ်ဦးဆိုလျှင် ထိုထန်း(၃) ပင်အောက်အဝိုင်းထဲ၌ သူ၏ဆရာက ညလုံးပေါက်မထဘဲ အဓိဋ္ဌာန်ဝင်ခိုင်း ထား၏။ ထိုသူကလည်းဝင်၏။ နံနက် (၄) နာရီထိုး၍ သူ၏ဆရာရောက်လာ သောအခါ ထိုပုဂ္ဂိုလ်မှာ ထိုအဝိုင်း တွင် ကွေးနေအောင်ကရင်း သီချင်း တကြော်ကြော်ဖြစ်နေချေပြီ။

ဤမျှအမှားမခံသော နေရာ များ ဖြစ်၏။

ထိုနေရာထူးများသို့ မကြာမ



www.burmeseclassic.com

www.burmeseclassic.com

သွားပြီးမေတ္တာပို့၏။ အမိဌာန်တော့မဝင်ရဲပါ။ ထိုအင်္ဂါတေအဝိုင်းထဲဝင်ထိုင်လိုက်သည်နှင့် လူမှာ ဟိုမလုံ့ဒီမလုံဖြစ်လာပြီး ကြက်သီးကတာဖြန်းဖြန်း။

(ယခု တညီတည်းပေါက်နေသော ထန်း (၃) ပင်မရှိတော့ပါ။ သို့သော် နေရာက မပြောင်းလဲပါ။ ထူးခြားသော နေရာဖြစ်ပါသည်။ မေတ္တာပို့လေ ထူးလေ၊ ထူးသောနေရာထူးဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်ပြီးလျှင် တနင်္ဂနွေထောင့်ရှိ အဘဘိုးဘိုးအောင်တန်ဆောင်းတွင် အမိဌာန်ပုတီးစိပ်၊ မေတ္တာပို့ ထန်း (၃) ပင် နေရာထူးတွင် မေတ္တာပို့ပြီးမှ စနေထောင့်ဘက်သွားရင်း နေလဘုရားကို သွားရောက်ဖူးမြော်ရင်း နေလဘုရားအနီးရှိ ချပ်ပွားတော်ကြီးတစ်ဆူ၏ ဘေးဘယ်၊ ညာရှိ ဆေးဝိဇ္ဇာပုံများဆီသွားပြီး ပုံတော်များ၏လက်ထဲမှ ဓာတ်လုံးများကို သွားသွားပွတ်လေ့ရှိပါသည်။)

လက် (၁၀) ချောင်း၊ ခြေ (၁၀) ချောင်းတွင် လက်စွပ်များအပြည့်ဝတ်ထားသော ဘိုးတော်မြဆောင်နှင့် တွေ့ခဲ့ရပြီး မကြာခင် ဆရာအရှင်သူမြတ်အမိဌာန်ခရီးထွက်တော့မည်ဟု သိရပါတော့သည်။

ဆရာအမိဌာန်ခရီးထွက်တော့မည်ဖြစ်၍ လိုအပ်သည်များကို သွားရောက်ဝိုင်းဝန်းလုပ်ကိုင်ရင်း ပစ္စည်းများကိုကူထည့်ပေးရင်း အလွန်လှပသော ကိုယ်တိုက်ဆပ်ပြာကြီးတစ်ခုကို လက်ထဲကိုင်ထားသောဆရာ၏ အသံကြောင့် ကြက်သေသေသွား၏။

"ဒီဆပ်ပြာကြီးကတော့ ကေလာသတောင်ကျမှာပဲစသုံးတော့မယ်"

မဖြစ်ဘူးပါ။

ဤလိုမျိုး လုံးဝ မဖြစ်ဘူးပါ။

'ကေလာသတောင်' ဟူသော ဆရာ့စကားသည် ကျွန်ုပ်အတွက် ဘယ်သို့ဘယ်လိုဖြစ်သွားမှန်းမသိရပါ။

တော်တော်ကို ခံစားရပါသည်။ ထိုတောင်နာမည်ကို ယခုမှသာ ကြားဖူးသည်။ သို့သော် ဘယ်လိုဖြစ်သွားမှန်းမသိ မျက်လုံးများပြာဝေသလိုခံစားလာပြီး စိတ်ထဲမှာလှိုက်လှိုက်လှိုက်လှိုက်ဖြစ်လာသောကြောင့် ပစ္စည်းများထည့်နေရင်းမှ အောက်ထပ်သို့ခပ်သုတ်သုတ်ဆင်းသွားပြီး ရှိုက်ကြီးတငင်ငိုချလိုက်ရပါတော့သည်။

"ဟာ - ဘယ်လိုဖြစ်တာလဲ မောင်မောင်သန်း"

"ကိုမောင်မောင်ရယ် ဘာဖြစ်မှန်းမသိဘူး၊ ဆရာပြောလိုက်တဲ့ ကေလာသတောင် ဆိုတဲ့ အသံလည်းကြားရော ကျွန်တော်ဆောက်တည်ရာမရတော့ဘူး၊ ကြောင်သွားတယ်။ ဒါခုမှကြားဖူးတာနော်"

"အေးလေ"

"ဒါပေမယ့် ထိန်းလို့မရဘူး၊ ကျွန်တော်အရမ်းဝမ်းနည်းတာပဲ။ ဘာဖြစ်မှန်းမသိဘူး၊ ဘာဖြစ်လို့ဖြစ်သွားမှန်းပါးစပ်ကထုတ်မပြောတတ်ဘူး။ မခံစားနိုင်ဘူး။ ဘာတွေကိုဘယ်လိုလွမ်းဆွေးပြီး ဘာတွေဖြစ်ကုန်မှန်းမသိဘူး"

ဟုပြောရင်း အားရပါးရ ငိုချလိုက်ပါသည်။ ကိုမောင်မောင်သည် အလွန်အံ့သြစွာကြည့်နေ၏။ သူသိထားသည်မှာ ကျွန်ုပ်သည် ကိုယ်ခံပညာများကိုတစိုက်မတ်မတ် ကစားလာသူဖြစ်ပြီး အကြောခပ်တင်းတင်းနှင့် စိတ်ဓာတ်မာကျောသူဖြစ်၏။ ခပ်လွယ်လွယ်နှင့်မယုံတတ်သူဖြစ်ပြီး လက်တွေ့သမားဖြစ်၏။ ယခုဘယ်လိုဖြစ်နေပါလိမ့်ဟူသောအကြည့်နှင့်ကြည့်နေရင်း ကျွန်ုပ်၏ပခုံးကို ညင်သာစွာကိုင်ထားပါသည်။

ကျွန်ုပ်လည်း အားရပါးရရှိုက်ငိုပြီးမှ ဓာတ်ခန်းပေါ်ပြန်တက်သွားပြီး ဆရာခရီးသွားမည့်အစီအစဉ်အတွက် ဝိုင်းဝန်းထည့်သိုနေလိုက်ပါတော့သည်။

ကျေးဇူးတော်ရှင် ဆရာအရှင်သူမြတ်သည် ဆံတော်ရှင်ကိန်းဝပ်စံပယ်တော်မူရာ ကေလာသတောင်တော်တွင် အလွန် ပြင်းထန်လွန်းလှသော ကျင့်စဉ်များကို သွားရောက် ကျင့်ကြံ အားထုတ်အမိဌာန်ဝင်ရန်ဖြစ်၏။ ကျေးဇူးတော်ရှင်ဖားမဲ့ဆရာတော်ဘုရားကြီး၊ ဆရာတော်ဘုရားကြီးများ၏ သြဝါဒကို ခံယူကာ သွားရောက် ကျင့်ကြံရန်အတွက်၊ အမိဌာန်ကြီးများဝင်ရောက်ရန်အတွက် ပြင်ဆင်နေခြင်း ဖြစ်ပါသည်။

ဆရာအရှင်ကခေါ်ပါသည်။

အမေ့ကို လုပ်ကျွေးနေပြီဖြစ်ရာ စျေးရောင်းရတစ်ဖက်ရှိနေ၍ ထိုအမိဌာန်ခရီးကြီးကို လိုက်ချင်ပါလျက်နှင့် ကျန်ခဲ့ရပါတော့သည်။

'ငါ့ဆရာအမိဌာန်ကြီးတွေသွားဝင်ပြီ။ ငါတော့ မလိုက်နိုင်ဘူး။ ဒါပေမယ့် ငါ့ဆရာရဲ့နောက်ကို ငါတကောက်ကောက်လျှောက်လိုက်နေသလို ငါနေမယ်'

ဟု စိတ်ပိုင်းဖြတ်လိုက်ပြီး ဆရာအရှင်သူမြတ်ခရီးစထွက်သည့်နေ့မှစ၍ ပြန်ကြွလာသည့်ထိ မပျက်မကွက်စတမ်းပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီး နေ့စဉ်ရွတ်ဖတ်ပူဇော်ရန် အမိဌာန်ကိုပြုလိုက်ပါတော့သည်။

❑

(၁၀၈) ရက်ဟူသောခရီးသည် -

ကြာလှသည်ဟုထင်ရသော်လည်း စိတ်ထဲတွင် ဆရာ၏အရိပ်၌ရှိနေသည်ဟု ခံယူထားပြီး နေ့စဉ်နှင့်အမျှ ပဋ္ဌာန်းရွတ်ပူဇော်ခြင်း၊ ဗုဒ္ဓါနုဿတိဘာဝနာများ တတ်အားသမျှစီးဖြန်းခြင်း၊ စျေးထွက်ခြင်း၊ တရုတ်ဓာတ်အပ်စိုက်ဆေးခန်းသို့ မကြာမကြာသွားခြင်း၊ အင်္ဂဝိဇ္ဇာဆရာသခင်ထံသို့ မကြာမကြာသွားရောက်၍ မကြားဘူး၊ မမြင်ဘူးသော ပညာရပ်များကို ထူးထူးခြားခြားသင်ယူရခြင်းကြောင့် အချိန်များကုန်မှန်းမသိကုန်လာပြီး -

(၁၀၈) ရက်ဟူသည် မနေ့တစ်နေ့ကလားအောက်မေ့လိုက်ရပါတော့သည်။

ဆရာအရှင်ပြန်ကြွမလာခင် ထူးထူးဆန်းဆန်းသတင်းကို ကြို၍ကြားရ၏။

"မင်းသိပြီးပြီလား"

"ဗျာ"

"ဆရာပြန်ကြွလာပြီးရင် ရွှေတိဂုံစေတီတော်မြတ်ကြီးမှာသွားပြီး တနင်္ဂနွေထောင့်မှာ ပေါက်ပွဲ (၁၀၈) ပွဲနဲ့ ဘိုးတော်တုဘိုးတော်ယောင်တွေ ရှင်းလင်းလိမ့်မယ်။ အမိဌာန်နဲ့ပေါ့"

"ဗျာ - ဘယ်လိုရှင်းလင်းမှာလဲ"

"အိုကွာ - မြတ်စွာဘုရားဟောကြားတော်မူတဲ့ ဒေသနာတော်တွေကို ကိုးကားဖော်ပြဟောညွှန်ပြသပြီး ရတနာ (၃) ပါးကို ခုတုံးလုပ်နေတဲ့ ဘိုးတော်တုဘိုးတော်ယောင်တွေရဲ့အလိမ်အညာတွေကို ပေါ်လွင်လာစေမှာပေါ့ကွာ။ တရားတော်တွေကို ဟောကြားပြီး လက်တွေ့ကျင့်စဉ်တွေနဲ့ အမိဌာန်တွေဝင်ရတဲ့အခါ အကျင့်သီလမရှိဘာမရှိနဲ့လျှောက်လိမ်နေကြတဲ့အတုအယောင်တွေ အလိုလိုပေါ်လာပြီပေါ့။ သစ္စာပြုမှာပေါ့။ တို့ဆရာအကြောင်းလည်း သိတဲ့အတိုင်းပဲ။ သာသနာတော်ကို ညှိုးနွမ်းအောင်လုပ်နေတဲ့လူလိမ်တွေကို စိန်ခေါ်တော့မှာ သေချာတယ်။ ဘယ့်နှယ် - ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် အသွေးလိုရင်အသွေး၊ အသားလိုရင်အသား၊ အသက်လိုရင်အသက်တောင်ပေးဖို့သစ္စာပြုထားတဲ့ ပါရမီရှင်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်နော်၊ အဲဒီလိုသစ္စာပြုထားတာ ကျွန်တော်ကြားဖူးတယ်"

"အေး - ကြည့်ကောင်းပြီပေါ့ကွာ၊ ဘိုးတော်တုဘိုးတော်ယောင်တွေတော့"

❑

ရွှေတိဂုံစေတီတော်မြတ်ကြီး တနင်္ဂနွေထောင့်။

ထွက်ရပ်ပေါက်ဆရာတော်ဘုရားကြီးများ၏ တာဝန်ပေးချက်အရ ဘိုးတော်တုဘိုးတော်ယောင်များကို ရှင်းလင်းရန်အတွက် ကျေးဇူးရှင် အာစရိယ ဆရာအရှင်သူမြတ် အဓိဋ္ဌာန်ပွဲကြီးစတင်ပါပြီ။

ဆရာအရှင်သည် တနင်္ဂနွေထောင့်ရှိ ခေါင်းလောင်းကြီးနှင့်တန်ဆောင်းတွင် နေရာယူခဲ့ပြီး အလှည့်ကျ ဂေါပကလူကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များထံ အကြောင်းကြားခွင့်ပန်ခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်ပြီး -

(၁၀၈) ကွက်စက်လက္ခဏာတော်တည်းဟူသော ဘုရားရှင်၏ စက်လက္ခဏာတော်ကို ဦးထိပ်ထားသောအားဖြင့် ကန်တော့ပွဲပေါင်း (၁၀၈) ပွဲဖြင့် ဘုရားရှင်အား ရည်စူးပူဇော်ပါသည်။

ဘုရားပွဲပေါင်း(၁၀၈)ပွဲနှင့်ပူဇော်ထားပြီး (၉) ရက်တိုင်တိုင် တရားပွဲ၊ အာနာပါနဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကျင့်စဉ်တို့ဖြင့်ပါ တပည့်ပေါင်းများစွာနှင့် ကြီးကျယ်ခမ်းနားစွာ ပူဇော်ပါသည်။

ဆရာအရှင်သည် ရသေ့ဝတ်နှင့်ကျင့်ကြံအားထုတ်ရင်း အဓိဋ္ဌာန်ကြီးများကိုအောင်မြင်ခဲ့လေရာ ရသေ့ဝတ်နှင့်ပင်ယခု အဓိဋ္ဌာန်ပွဲကြီးကို စတင်ပါပြီ။ ဘွဲ့တော်မှာ 'အောင်ဝရသိဒ္ဓိအောင်ရှင်ရသေ့' ဖြစ်၏။ ဘိုးတော်တုဘိုးတော်ယောင်များကို စတင်ရှင်းလင်းပါပြီ။

နေ့စဉ် တရားပွဲများကျင်းပပြုလုပ်ပြီး မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်များအား ကိုးကားဖော်ပြ ဟောညွှန်ပြသပြီး ဘိုးတော်တုဘိုးတော်ယောင်ရှင်းလင်းပွဲကြီးကို အရှိန်အဟုန်ကြီးစွာဖြင့် ဆောင်ရွက်ခဲ့ပါသည်။

လူပရိသတ်မှာ ညစဉ်ကြက်ပျံမကျစည်ကား များပြားလှ၏။

အထူးသဖြင့် မြတ်စွာဘုရား၏ ဆံတော်ရှင်မြတ် ကိန်းဝပ်စံနေတော်မူရာ လေးဆူဓာတ်စုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်မှာ ကျက်စားနေသော ဘိုးတော်အတုအယောင်များ အတော့်ကိုများပြားနေချိန် ဖြစ်ပါသည်။

(၉)ရက်အဓိဋ္ဌာန်ပွဲကြီးစတင်ဖွင့်လှစ်သည့်နေ့က -

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများအားပင့်၍ ဆွမ်းကပ်လှူပူဇော်ပါသည်။ ဩဝါဒတရားတော်များကို ရိုသေစွာ နာယူပါသည်။

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးများကိုယ်တိုင် ကြွရောက် ချီးမြှင့်တော်မူသည့် ဤအဓိဋ္ဌာန်ပွဲကြီး စတင်ဖွင့်လှစ်သည့်အခါ -

ဆရာတော်ဘုရားကြီးများ ဦးစီးဦးဆောင် ဝန်းရံပေးတော်မူ၍ မိုးပျံဘောလုံး (၁၀၈) လုံးကို ဆရာအရှင်သူမြတ်၏လက်တွင်းမှ သစ္စာပြု၍လွှတ်လိုက်လေရာ မိုးပျံဘောလုံးတွဲကြီးသည် တစ်စိတ်တစ်ဦးမှဆွဲယူသွားဘိသည့်အလား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ထီးတော်ဆီသို့ တန်းတန်းမတ်မတ်တက်သွားပြီး ထီးတော်ဆီရောက်နှင့် ငြိမ်သွား၏။ လူပရိသတ်ဗိုလ်ပုံဆီမှ 'ဟာ' ဟူသော အာမေဍိတ်သံများ ထွက်ပေါ်လာပါသည်။

ဤမျှလေတိုက်နေသော ကောင်းကင်အမြင့်ဆီတွင် မရွေ့မလျား ငြိမ်သက်စွာတည်နေပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ကို (၃) ကြိမ်တိုင်တိုင် ဦးညွှတ်ကန်တော့လေရာ ကြက်ပျံမကျလောက်အောင် များပြားလှသော ပရိသတ်ကြီးဆီမှ အော်သံဟစ်သံများဆူညံဘဝက်ညံသွားပါတော့သည်။ အံ့ဘနန်း မြင်ကွင်းကို အားရပါးရ ကြည့်ရှုနေကြစဉ် ဘောလုံးတွဲကြီးသည် ထီးတော်ကို တစ်ပတ်ပြည့်သည့်ထိ လက်ယာရစ်ပတ်ကာ ကန်တော့ပြီး အခြားတစ်ဖက်ဆီသို့ ဆက်ရွေ့လျားသွားကာ ဝေး၍ဝေး၍ ခရီးဆက်သွားပါတော့သည်။

အာမေဍိတ်သံများ ဆူညံစွာနှင့် ပီတိဖြစ်ကြပြီး ဝမ်းသာလုံးဆို့၍ ငိုသူကငို၊ အော်သူကအော်နှင့် ဘုရားကြီးကိုအားရပါးရ ထိုင်ကန်တော့ကြတော့၏။

(၁၀၈) ပွဲနှင့် (၉) ရက်တိုင်တိုင် ပူဇော်နေစဉ်ရက်များအတွင်း ညညဆိုလျှင် ထူးဆန်းသောမျက်နှာမျိုးနှင့် အမျိုးသမီးများ၊ အမျိုးသားများ ရောက်ရောက်လာတတ်ပြီး တရားနာခြင်း၊ ဘုရားကြီးကို (၁၀၈) ပွဲများနှင့် ပူဇော်ကန်တော့ကြခြင်း၊ ဆရာရှင်ရသေ့အား ကန်တော့ကြခြင်းကိုပြုကြ၏။ အချို့ဆိုလျှင် စကားလုံးဝပြောသည်ကို မတွေ့ရ။ အရပ်မှာ (၃)ပေသာသာလောက်သာရှိမည့် အသက်ကြီးကြီးနှင့် လူပုလေးများကိုလည်း နှစ်ဦး၊ သုံးဦးတွေ့ရ၏။ ထိုသူတို့မှာ တန်ဆောင်းထဲစဝင်လာကတည်းက ခေါင်းငုံ့လက်အုပ်ချီလာကြပြီး ဘုရားကန်တော့ကြ၏။ ပြန်သွားလျှင်လည်း မည်သူ့ကိုမျှစကားမပြော လမ်းကိုသာကြည့်သွားကြ၏။ ခေါင်းငုံ့လက်အုပ်ချီပြီး ပြန်ထွက်သွားကြ၏။ မမြင်ဘူးသောထူးထူးဆန်းဆန်းမျက်နှာနှင့်ပုဂ္ဂိုလ်များလည်း ရောက်ရောက်လာ၏။ သူတို့ကိုကြည့်လိုက်လျှင် မျက်နှာဖုံးစွပ်ထားသလား အောက်မေ့ရလောက်အောင် မျက်နှာတည်တည်ကြီးများနှင့်။

အဓိဋ္ဌာန်ရက်အတွင်း -

အဓိဋ္ဌာန်ဝင်ကြသောတပည့်များနှင့် ဆရာအရှင်ထံ ရောက်လာကြသောပရိသတ်များကိုကျွေးပြီး နောက်ထပ်ဧည့်သည်များ ထပ်လာနေကြောင်း တစ်ဦးကလာပြော၏။ လူမှာ နှစ်ဆယ်ခန့်ရှိမည်ဟုလည်းပြော၏။ ချက်ကြပြုတ်ကြသောအဖွဲ့ခေါင်းကြီးပါပြီ။ ချက်ရန်လည်းအချိန်မရှိတော့။ ဆရာအရှင်ထံပါးသို့ အပြေးအလွှား သွားရောက်လျှောက်ထားကြ၏။

ဆရာအရှင်သူမြတ်သည် ကြေးတောင်ဝေ့းကြီးကိုထောက်ရင်း လမ်းလျှောက်နေရာမှ ထမင်းအိုးကြီးနား ရောက်လာပြီး အထဲတွင် အနည်းငယ်ကျန်နေသေးသောထမင်းကို ဆက်နှင့် အိုးအဖုံးကို ဟရုံသာဟထားပြီး လုံးဝမဖွင့်ရန်ပြောရင်း၊ သူ၏လက်ထဲ ကြေးတောင်ဝေ့းနှင့် ထမင်းအိုးအဖုံး ထောက်ထားရင်း၊ ချက်ကြပြုတ်ကြသည့် ဝေယျာဝစ္စအဖွဲ့နှင့် စကားလက်ဆုံ နေရင်းပင် ဧည့်သည်များရောက်လာ တော့သည်။

ဧည့်သည်များသည် ဆရာ လာရောက်ဝတ်ပြုကြပြီး မွန်းမလွဲ ထမင်းစားကြရမည်ဖြစ်၍ ချက်ချင်း ကြရ၏။ ဤအဓိဋ္ဌာန်ပွဲကြီးသို့ စ ထွက်ခါလာကတည်းက နဝင် ဆောက်တည်လာကြသူများဖြစ်ရာ မွန်း လွဲ၍မရတော့ပါပေ။

ကျေးဇူးတော်ရှင် ဆရာသ တစ်ပန်းကန်ပြီးတစ်ပန်းကန်ခူးနေကြ များကိုကြည့်နေရာမှ စားနေကြသူများကိုလည်းလှမ်း၍ -

"ဝလားဟေ့ ဝလားဟေ့ ဝ ဟေ့"

ဟုသာတွင်တွင်မေးနေလေ ၏။ မျက်နှာမှာပြုံးလျက်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာအရှင်၏ အမိန့်အတိုင်း အိုးဖုံးလုံးဝမဖွင့်ဘဲ ဟ,ရက်အတိုင်းခူး၍ ကျွေးလိုက်ရသည်မှာ လူပေါင်းငါးဆယ် နီးပါးဖြစ်ခဲ့ရပါသည်။ ဆရာ့တပည့်များ သာမက နောက်ထပ်ရောက်လာသော ဧည့်သည်အချို့တို့ကိုပါ ကျွေးနိုင်ခဲ့ပါ သည်။ ဝေယျာဝစ္စအဖွဲ့မှာ အနီးကပ်ဆုံး သိလိုက်ရသူများဖြစ်၍ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး စကား မပြောနိုင်တော့။

ကျွန်ုပ်သည် -

အရာရာကို လက်တွေ့မှယုံတတ် သူဖြစ်ရုံမက လက်တွေ့ပါစမ်းတတ်သူ ဖြစ်လေရာ အိုးကြီးအဖုံးကို ဟ,ရက်ခူး ရင်းမှ လူငါးဆယ်နီးပါး ဝဝလင်လင် ကျွေးလိုက်နိုင်ခြင်းအား ရှုထောင့်အမျိုး မျိုးကလေ့လာ၏။ အိုးကြီးကိုလည်း သုံး လေးခါမက သွားမ,ကြည့်၏။ အေးချမ်း တည်ငြိမ်သောမျက်နှာနှင့်ဆရာအရှင်ကို လည်း အဝေးကနေတအံ့တသြကြည့်နေ မိ၏။

ဉာဏ်မမီပါ။

ကျွန်ုပ်၏ဉာဏ်လုံးဝမလိုက်နိုင်ခဲ့ ပါ။

❑

ကျေးဇူးတော်ရှင် ဆရာအရှင်သူ မြတ် ဘိုးတော်တုဘိုးတော်ယောင်များ ကို ရှင်းလင်းပွဲပြုလုပ်နေစဉ် လူတစ် ယောက်က စာတစ်စောင်လာပေးသွား ၏။

ထိုစာမှာ -

ဘိုးတော်အမည်ခံနေသူများသည် သိဒ္ဓိမဟိဒ္ဓိရှိကြ၍သာ ဘိုးတော်အမည်ခံ နေကြခြင်းဖြစ်ကြောင်း ရေးသားထား သောစာ ဖြစ်၏။

ထိုစာရပြီးသည်နှင့် တ,ရားပွဲမှ သည် စိန်ခေါ်ပွဲပါထပ်တိုးလာလေတော့ ၏။

သိဒ္ဓိမဟိဒ္ဓိရှိ၍ ဘိုးတော်အမည်ခံ နေကြသည်ဆိုလျှင် သက်ဆိုင်ရာပုဂ္ဂိုလ် များရှေ့မှောက်သို့လာရောက်ကြပါ။ သိဒ္ဓိ မဟိဒ္ဓိရှိ၍ ဘိုးတော်လုပ်နေပါသည်ဆို သော ဘိုးတော်တုဘိုးတော်ယောင်များ အားလုံးကို -

ခြေ၊ လက်တို့ကို ကြိုးခိုင်စွာတုပ် နှောင်ပါ။ ကျွန်ုပ်ကိုလည်း ထိုကဲ့သို့ကြိုး နှောင်ပါ။

အနက်(၁၀)တောင်ကျင်းတူးပြီး အတူတူမြှုပ်ပါ။ မြေဖို့လိုက်ပါ။

ထိုမြေပုံထဲမှထွက်လာနိုင်သူသည် သိဒ္ဓိရှိသူဖြစ်ပါမည်။

ထွက်မလာနိုင်သူသည် မသာဖြစ် ပါမည်။

ကဲ - ယခုလာခဲ့ကြဖို့ဖိတ်ခေါ်ပါ သည် ဟူ၍ အသံခဲ့,စက်နှင့်ဖိတ်ခေါ်ပါ သည်။

မည်သူမျှ ယောင်လို့တောင်ဖြတ် မလျှောက်ပါ။

နောက်ထပ်တစ်ဖန် ဤသို့မြေမြှုပ် ခံခြင်းမှာ အသက်ဘေးနှင့်နီးစပ်၍မဖြစ် နိုင်လျှင်လည်း -

ဆူနေသည့် ရေနွေးအိုးထဲမှာ အတူတကွ လက်နှိုက်ပါမည်။

မပူသူက သိဒ္ဓိရှိသူဖြစ်ပါမည်။ လာကြပါ၊ အတူပြုလုပ်ပါမည်ဟု ဖိတ် ခေါ်ပြန်ပါသည်။

တစ်ဦးတလေမှပေါ်မလာပါ။

ဆရာအရှင်သူမြတ်သည် -

ထိုဘိုးတော်တုဘိုးတော်ယောင် များကို ရှင်းလင်းရာ၌ -

ဘိုးတော်တုဘိုးတော်ယောင်များ သည် -

-တကယ်အစစ်အမှန်ကျင့်စဉ်များ မရှိကြပါ။

- သီလ၊ သမာဓိ၊ ပညာအစစ် အမှန်များမရှိကြပါ။

- အများပြည်သူ (၇) ရက်သား သမီးများအား လိမ်လည်လှည့်ဖြားနေသူ များသာ ဖြစ်ကြပါသည်။

- အမျိုးဘာသာသာသနာတော် ကို ညှိုးနွမ်းအောင်ပြုနေကြသူများသာ ဖြစ်ပါသည်။

- နောင်လာနောက်သားလူငယ် များအား အမွေဆိုးကိုဖြန့်ဖြူးနေသူများ သာ ဖြစ်ကြပါသည်။

- သို့ဖြစ်ပါ၍ ထိုသူတို့သည် မိမိ တို့၏အမှားများ အသိမှား၊ အယူမှား၊ အမြင်မှား၊ အကျင့်မှားများကို အချိန်မီ ပြုပြင်၍ အသိမှန်၊ အယူမှန်၊ အမြင်မှန်၊ အကျင့်မှန်တို့ဖြင့် အစားထိုးလျက် -

- မိမိအကျိုး၊ အများအကျိုး၊ သာသနာတော်၏ အကျိုးစီးပွားကို ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်း နှိုးဆော်ပါသည်။

- အကယ်၍ နောက်သို့မဆုတ် အမှားကိုမပြုပြင်၊ အမှန်သို့မဝင်ခဲ့ပါ လျှင် -

သက်ဆိုင်ရာပုဂ္ဂိုလ်များမှ ထို အတုအယောင်များအား အများပြည်သူ အကျိုး၊ သာသနာ့အကျိုးကို ရှေးရှု၍ သင့်လျော်သောအရေးယူမှုမျိုး ပြုသင့် ကြောင်းကို ဤနေရာမှ တင်ပြအပ်ပါ သည် -

ဟူ၍ ရွှေတိဂုံစေတီတော်မြတ်ကြီး ၏ တနင်္ဂနွေထောင့် ခေါင်းလောင်းကြီး နှင့်တန်ဆောင်းတော်မှနေ၍ ဟောပြော ၍ ဆရာတော်ကြီးများ ပေးအပ်လိုက် သောတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

(ကျေးဇူးတော်ရှင် ဆရာအရှင်သူ မြတ်သည် အောင်ဝရသိဒ္ဓိအောင်ရှင် ရသေ့ဘဝဖြင့် ဘိုးတော်တုဘိုးတော် ယောင်များကို ရှင်းလင်းခဲ့စဉ်က အလွန် မှတ်သားလောက်သည့် သြဝါဒများကို ဤသို့ မြွက်ကြားခဲ့ရာ နောင်လာနောက် သားများ အတုယူဖွယ်၊ မှတ်သားဖွယ်ဖြစ် သည့်အတွက် အမျိုးဘာသာသာသနာ အတွက် ဤမျှ ရဲရင့်ပြတ်သားခဲ့သော ကျေးဇူးရှင်ဆရာ၏နှုတ်ထွက်စကားများ ကို ရိုသေလေးစားစွာဖြင့် ပြန်လည်တင် ပြလိုက်ရခြင်း၊ ဆရာအရှင်သူမြတ်အား ပူဇော်လိုက်ရခြင်း ဖြစ်ပါသည်။)

ကျွန်ုပ် ပြုံးနေမိပါသည်။

'ဩော် - ဘိုးတော်တုဘိုးတော် ယောင်တွေ ခုတော့ ဘာတတ်နိုင်သေး လဲ။ ငါ့ဆရာစိန်ခေါ်ပြီ၊ သတ္တိရှိရင်လာ ခဲ့ပေတော့' ဟု စိတ်တွင်ကတွေး၍ပြုံး ရင်း -

ဘိုးတော်တုဘိုးတော်ယောင်များ နှင့်ဆုံခဲ့ရပုံများကို ပြန်မြင်ယောင်လာ တော့၏။

❑

"မင်းလန့်သွားမယ်နော်"

"သေချာလား"

"ဟာ - သိပ်သေချာတာပေါ့"

"အဲလိုဆို လိုက်ကြည့်ချင်တယ် ဗျာ။ တကယ်စွမ်းရင်တော့ ကျွန်တော့် အဖေရဲ့ခြေထောက်အတွက် ကျွန်တော် အသနားခံမယ်၊ တပည့်ခံမယ်ဆိုခံမယ်၊ အဖေ့ခြေထောက်ကိုကုမယ်"

ယောဂီရောင်ခြုံထည်ကြီးကိုခြုံ၍ အလွန်ရှည်လျားသော မုတ်ဆိတ်မွေးကို လက်နှင့်သပ်ရင်း ကျွန်ုပ်ကိုစိုက်ကြည့်နေ သောပုဂ္ဂိုလ်အား သတိထားလိုက်မိပါ သည်။

"ထိုင်ကြကွယ်"

ထိုပုဂ္ဂိုလ်၏ရှေ့ နှစ်လံသာသာ အကွာတွင်ထိုင်လိုက်ကြ၏။ ထိုပုဂ္ဂိုလ်မှာ နားသယ်တွင်လိပ်တက်နေသောဆံပင် ဖြူများနှင့် ငယ်ထိပ်တွင်ထုံးထားသော သျှောင်ထုံးနှင့် အတော်လေး ဥပဓိရုပ် သန့်၏။ အသားဖြူ၏။ ရယ်လိုက်မှ ရွှေ



www.burmeseclassic.com

www.burmeseclassic.com

သွားများ ပေါ်လာလေ၏။ ကျွန်ုပ်အား သေချာစိုက်ကြည့်နေသော်လည်း ဘယ်လိုမှ မခံစားရပါ။

သိုင်းပညာရှင်ဆရာကြီး အဘမျှင် အိမ်တွင် ဆရာအရှင်သူမြတ်ဖြစ်တော်မူသော ကေလာသဆရာအောင်နှင့်ဆုံစဉ်က သူ့လိုမကြည့်ပါ။ မျက်လုံးမှိတ်၍ မျက်လွှာချရုံချထားခြင်းဖြစ်သော်လည်း ကျွန်ုပ်မှာ ဆောက်တည်ရာမရခဲ့။ အတော့်ကို ကတုန်ကယင်နှင့် တုန်လှုပ်ခဲ့ရပါသည်။ ယခု အရည်လဲ့လဲ့ကြီးနှင့် စိုက်ကြည့်နေသောမျက်လုံးကို ဘယ်လိုမှ မခံစားရပါ။

"အင်း အင်း အင်း - အစောင့်အရှောက်တယ်ကောင်းတာပဲ"

ကျွန်ုပ် ဘာမှပြန်မပြောပါ။ ခပ်တည်တည်နှင့်နေလိုက်၏။

"မင်းထူးထူးဆန်းဆန်းများတွေ့ရင်အံ့သြမလား ငါ့သား"

"ဟုတ်ကဲ့ - ကျွန်တော်မမြင်ဖူးပါဘူး"

"အိုကွယ်၊ တို့နဲ့တွေ့ရင်မြင်ရပြီပေါ့ ငါ့သားရဲ့။ ငါ့သားက တစ်၊ နှစ်၊ သုံး၊ လေး၊ ငါးထဲက ဘယ်ဂဏန်းကိုအကြိုက်ဆုံးလဲ"

"ကျွန်တော် တစ်ပါ"

"မှန်တယ်။ မင်းဟာ နံပါတ်တစ်ပဲဖြစ်နေမယ့်ကလေး၊ တစ်ကိုကြိုက်ရမှာပေါ့။ မင်းကြိုက်တဲ့တစ်က ငါသိပြီးသားဆိုရင် မင်းယုံမှာမဟုတ်ဘူး"

"ဟုတ်ကဲ့"

"အေး-သွား၊ဟောဟိုသောက်ရေအိုးဘေးနားက ဒန်ခွက်လေးကိုလှန်လိုက်"

ခပ်လှမ်းလှမ်းရှိ သောက်ရေအိုးဘေးမှ ဒန်ခွက်လေးအားလှန်လိုက်ရာ တစ် ဟူသောစာလုံးနှင့် က ပြားလေးတစ်ခုထွက်လာ၏။

"ဟာ - ဟုတ်တယ် တစ်"

"အေး-မပြီးသေးဘူး၊ လာပြန်ထိုင်ဦး။ မင်းအမေက ဘာနေ့လဲ"

"တနင်္လာပါ"

"ဒါဖြင့် နှစ်ပေါ့"

"ဟုတ်ကဲ့"

"ကဲကဲ - မောဟိုဓာတ်ဘူးကို မ,ကြည့်လိုက်ပါဦး။ ဒီဘက်က"

ဘက်ပြောင်းသွား၏။ သောက်ရေအိုးဘက်မဟုတ်တော့။

ဓာတ်ဘူးကိုဆွဲမလိုက်ရာ နှစ်ဟုရေးထားသော ကတ်ပြားအဖြူလေးတစ်ခု။

"ဟာ - ဟုတ်တယ် နှစ်"

"အေး၊ အေး - ငါမင်းအကြောင်းတွေ ဘယ်လောက်သိနေပြီလဲဆိုတာ မင်းစဉ်းစားတော့နော်၊ စဉ်းစားတော့"

ထိုင်ရာမထ လက်တွေ့ပြလိုက်သောထိုပုဂ္ဂိုလ်အား ကျွန်ုပ် အနည်းငယ်ရှိန်သွား၏။ သို့သော် ကျွန်ုပ်စဉ်းစား၏။ ဒါမျိုး ငါ့ဆရာလည်း ငါ့ကိုလက်တွေ့ပြခဲ့တယ်။ ဘုရားစင်ပေါ်က စာရွက်တို့၊ အင်္ကျီအိတ်ထဲကစာရွက်တို့ ငါရခဲ့ဖူးတယ်၊ ဖတ်ခဲ့ရဖူးတယ်။ ဒါပေမယ့် သူ့လိုမဟုတ်ဘူး။ ငါ့ဆရာက ငါဖြစ်ခဲ့တာတွေကို ဘယ်တုံးက ဘယ်လိုရေးထားမှန်းမသိရတဲ့စာတွေ။ ဘယ်အချိန်ရေးပြီးထည့်ထားမှန်းမသိရဘူး။ ငါ့ကို ဘာမှလည်း ခုလိုမမေးဘူးဟု အတွေးများခေါင်းထဲဝင်လာ၏။

ကျွန်ုပ်ကိုခေါ်လာသောဒေါ်ကြီးသည် -

"တွေ့ပြီလား၊ ဘိုးတော်က ဘယ်လောက်စွမ်းတယ်ဆိုတာ။ ဒါမျိုးမြင်ဖူးလား"

ဟု တတွတ်တွတ်မေးနေချေတော့၏။

အဖေ့ခြေထောက်အကြောင်းပြောဖြစ်သော်လည်း ပေါ့တန်တန်ပင် နားထောင်၏။ သိပ်အလေးမထားပါ။

ကျွန်ုပ်နောက်နေ့ထပ်သွား၏။

"ဩော်-ငါ့သား၊ အေးအေး-လာကွယ်။ ပဋ္ဌာန်းဆက်တွေဆိုတော့ မင်းငါ့ဆီမလာဘဲဘယ်နေနိုင်မလဲ"

"ဟုတ်ကဲ့"

ကျွန်ုပ်လည်း သူ့ကိုမခင်ခင်အောင်ပေါင်း၏။ သူ့အနားရှိ သူ့တပည့်ကိုလည်း အောက်ကျခံပေါင်း၏။ နောက်တစ်ကြိမ်ရောက်သွားသောနေ့က အချိန်ကြာကြာနေလိုက်လေရာ အခြားဧည့်သည် နှစ်ဦး၊ သုံးဦးလာခြင်းနှင့်ဆုံ၏။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ကို မေးသကဲ့သို့ပင် ဂဏန်းများမေးပြီး ကျွန်ုပ်ကိုခိုင်းသကဲ့သို့ ဓာတ်ဘူးအောက်၊ ရေအိုးဘေးသွားယူခိုင်း၏။ စာရွက်ကတ်ပြားလေးများမှာ ကျွန်ုပ်ကိုင်တွယ်ကြည့်ရှုခဲ့သော ကတ်ပြားလေးများ ဖြစ်၏။ သို့သော် တစ်က မုန့်ပုံးအောက်ရောက်နေပြန်၏။

နောက်ထပ်ဧည့်သည်များလည်း ထို့အတူပင် ကတ်ပြားလေးများကိုသွားသွားယူခိုင်း၏။ သူ၏ဝင်ငွေမှာ မနည်းလှ။ ဟိုလှည့်ပြောဒီလှည့်ပြောနှင့် ပိုက်ဆံတောင်းခြင်းမှာလည်း ပက်စက်၏။

သုံးကြိမ်၊ လေးကြိမ်ခန့်ရောက်ပြီးသည့်နောက်ပိုင်း ထိုဘိုးတော်နှင့်ရော သူ့တပည့်နှင့်ပါ ကျွန်ုပ်တော်တော်ခင်နေပြီ ဖြစ်၏။ စကားပြောနေရင်း သူတို့နှစ်ယောက် စကားလက်ဆုံကျနေစဉ် ကျွန်ုပ်ထိုင်နေသောနေရာဘေးမှ စားပွဲသေးသေးလေးအောက်တွင် စက္ကူစလေးနှမ်းစေ့ခန့်ကိုတွေ့လိုက်ရ၍ မသိမသာဆွဲကြည့်ရာ နံပါတ်ငါးရေးထားသောကတ်ပြားလေးမှန်းသိလိုက်ရ၏။ ကျွန်ုပ်လည်း မသိချင်ယောင်ဆောင်ပြီး -

"အဘကြီး"

"ဟေး"

"ကျွန်တော်ကတော့ အဘကြီး ပညာကိုရအောင်ယူမှာပဲ။ ခိုင်းတာ အကုန်လုပ်မှာပဲ။ ဒါပေမယ့် တပည့်ကြီးကို ချီးမြှင့်ပေးပါဦး"

"အေး - ဆိုစမ်း သား"

"ကျွန်တော့်စိတ်ထဲမှာ နံပါတ်ငါးကို အရမ်းသဘောကျနေတာ၊ ဘာဖြစ်လို့မှန်းမသိဘူး။ အဲဒါ အဘကြီးရဲ့စေပိုင်တန်ခိုးနဲ့ ဒီသားကြီးကို လက်တွေ့ပြပါဦး ဟိုနေ့ကလို။ တကယ်ထူးဆန်းလို့ပါ"

"ဩော် - ငါ့သားနှယ်၊ မင်းဒီနေ့ ဒီအချိန်မှာ နံပါတ်ငါးကို အရမ်းသဘောကျမယ်ဆိုတာ ငါသိတာပေါ့။ ငါးမှငါးကွ။ ငါးဆိုတာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲရမယ်လို့ဆိုလိုတာ ငါ့သားရဲ့။ ဟော့-ငါးဟဲ့၊ ကိုင်း-မင်းဘေးနားကစားပွဲသေးသေးလေးကို ခပ်ဖြည်းဖြည်းလှန်ကြည့်လိုက်စမ်းဟေ့။ ငါ့မနောကိုမင်းပိုပြီးသိသွားရအောင်လို့၊ ကိုင်း-ဆိုင်ရာက ပြလိုက်စမ်း"

စားပွဲလေးကိုလှန်လိုက်၏။

"ဟာ - တကယ့်ကို အံ့မခန်းလောက်ပါပေတယ်"

"အေး - မင်းမုန့်ဖိုးလေးတွေစုပေါ့ကွာ။ ငါးကျပ်ရ ငါးကျပ်၊ တစ်ဆယ်ရ တစ်ဆယ် လာပေးထား။ ငါဂန္ဓာရီလှည့်ရင်လှူပေးမယ်"

"ဟုတ်ကဲ့ - အဘကြီး၊ ကျွန်တော် လာခဲ့ပါ့မယ်။ အရမ်းကိုယုံသွားပါပြီခင်ဗျာ"

ထိုနေ့မှစ၍ ကျွန်ုပ်စဉ်းစား၏။

ကတ်ပြားဆယ်ခုမှာ ဂဏန်းဆယ်ခုရေးပြီး နေရာအနှံ့တောင်ထည့်မြောက်ထည့်လုပ်ထားလိုက်ရင် ဘိုးတော်လုပ်စားလို့ရပြီဟု တောက်လျှောက်စဉ်းစားတော့၏။

"ဟေ့ - အသေပဲ"

"ဟာ-ဒီလိုတော့မလုပ်နဲ့လေ မျက်နှာရှိနေတာ နင်လည်းသိရက်သား



www.burmeseclassic.com

www.burmeseclassic.com

နဲ့"

"သိတယ် သိတယ်၊ ဆရာကြီး မျက်နှာကြောင့် ဒင်းသက်သာသွားတာ မှတ်ပါ။ ကျွန်မပညာတွေက ဒင်းကို အသေမှအသေပဲ"

"အေး - အဲဒါပဲ ငါ့သမီး၊ သမီးမှာ ကြုံနေရတဲ့ပညာစက်တွေဟာ ဘယ်လောက်တောင်ဆိုးနေပြီလဲဆိုတာ ခုလက်တွေ့အမြင်ပဲ"

"အဲဒါဆရာကြီးကယ်ပါဦးရှင့်"

"အို - ဆရာကြီးနဲ့တွေ့မှတော့ ဘာပူနေလဲသမီးရယ်။ နေတစ်ဆူ၊ လတစ်ဆူလိုထင်ရှားတဲ့ဆရာကြီးပါကွယ့်။ ကဝေကိုးဆယ့်ကိုးဆိုတာ ဆရာကြီးစာတောင်မဖွဲ့ပါဘူး။ ငါ့သမီးပွဲသာထိုးခဲ့။ ဆရာကြီးက (xxx)တောင်မှာ အမိဋ္ဌာန်ဝင်နေတာ၊ ခုတောင် သာဝကတွေကတားထားလို့ ပြန်ကြွချင်နေပြီ။ ကတဲ့ကွယ်၊ နေချင်ဘူး။ လူတောထဲ လူတွေနဲ့နေရတာပူတယ်။ ခုတောင် ငါ့သမီးကြောင့် ဒီရက်တွေပုပ်သွားပြန်ပြီ"

"အားကိုးပါတယ်ရှင့်"

"အေးအေး - ပွဲမှာတစ်သောင်းစိုက်ထူခဲ့။ တစ်ထောင်ပေါင်းဆယ်ခုဆိုတာ ဆယ်နိုင်တာပေါ့"

ငွေများထုတ်နေသောအမျိုးသမီးကြီးနှင့် သူ၏အဖော်များမှာ အတော်လူရည်သန့်၏။ အမိန့်ပေးနေသောဆရာကြီး၏မျက်နှာမှာ အတော်ငြိမ်ပါသည်။ သို့သော် မျက်လုံးက ဟိုပြေးဒီပြေး။ ငွေထုတ်နေသောအမျိုးသမီးကြီး၏ပိုက်ဆံအိတ်ကိုကြည့်လိုက်၊ ကျွန်ုပ်ကိုလှမ်းကြည့်လိုက်နှင့်ဂနာမငြိမ်လှ။ ဘေးနားမှပူးပြောသောသူ၏တပည့်မမှာ သွားခေါခေါနှင့်အရုပ်ဆိုးပြီး အသားညိုညစ်ညစ်ဖြစ်၏။ ဘာပညာမှတတ်ပုံမရ။ လူမှာဂနာသိပ်မငြိမ်။

နောက်တစ်နေ့တွင် -

နောက်တစ်ယောက်ကို ဟောနေခြင်း၊ ပူးခွာနေခြင်းနှင့်ကြုံရပြန်၏။ ကျွန်ုပ်သတိထားမိသည်မှာ ကြုံလိုက်ရတိုင်း အင်္ဂဝိဇ္ဇာပညာနှင့်ချိန်လျှင် သောရီအခါများသာများ၏။ သီလပျက်ခြင်း၊လိမ်ခြင်းနှင့်ဆိုင်နေပြန်၏။

"အေး - နင်တို့လင်မယား မျက်နှာချင်းဆိုင်ရင် တကျက်ကျက်ပဲ။ ဘာမဟုတ်တဲ့စကားလေးတွေနဲ့ဖြစ်နေတာ။ ကောင်ကလည်း ညီအစ်ကိုမောင်နှမများကြီး၊ နင်ကလည်း ညီအစ်ကိုမောင်နှမများသား၊ ဘယ်လိုလုပ်အဆင်ပြေတော့မှာလဲ"

လိုက်ကြည့်နေသလို တဒေါက်ဒေါက်နှင့်ပြောအပြီး ထိုလင်မယားနှစ်ယောက်သည် ဆရာကြီးဆိုသူအား ထိုင်ရှိခိုးကြတော့၏။ ငွေများမှာ တစ်ရွက်ပြီးတစ်ရွက်။ မကြာပါ။ ထိုလင်မယားနှစ်ယောက်ပြန်သွားကြပြီး (၁၅) မိနစ်ခန့်အကြာတွင် လူတစ်ယောက်တက်လာ၏။ ထိုလူမှာ ဆရာကြီး၏အနီးသို့ကပ်ပြီး ဘာတွေပြောနေသည်မသိ။ တိုးတိုးတိုးတိုးနှင့် -

"မင်းကလည်းကွာ၊ ဟိုနေ့က ငါးကျပ်တောင်ပေးထားတာပဲ"

"ဟာ-ဦးလေးကလည်း၊ သူတို့ဆီသွားစုံစမ်းရတဲ့လမ်းစရိတ်တင် ငါးကျပ်မကဘူးလေ။ ဦးလေးသိသားနဲ့ ဟိုးပေါက်တောအထိသွားရတာ"

"ကဲကဲ - ရော့ နောက်ထပ် ငါးကျပ်"

လေသံမှာ တိုးသော်လည်းကြားနေရ၏။ ကျွန်ုပ်က ကျွန်ုပ်၏မိတ်ဆွေနှင့် စကားလက်ဆုံကျသလိုလုပ်နေပြီး သူတို့စကားကို စိတ်မဝင်စားသလို ဘေးတိုက်ထိုင်နေလိုက်၍ ကျွန်ုပ်ကို အာရုံမစိုက်ကြ။

ထိုဆရာကြီး၏ဟောချက်များမှာ လိုက်ကြည့်နေသလိုမှန်လှ၏။ အတွင်းသိအဆင်းသိကပြောနေသလိုပြောနိုင်၏။

ပထမပိုင်း ကျွန်ုပ်ပင့်လျှင် သူ့ရှေ့မှာ ရဲရဲမထိုင်ရဲ။

နောက်ပိုင်း လာသမျှလူကို အပင်းသွင်းထားသည်၊ အစွဲရှိသည်ဟူသောစကားများတွင်တွင်သုံးပြီး ဘေးနားရှိ ရုပ်ဆင်းအင်္ဂါမရှိသော သူ့တပည့်မကို ပူးခိုင်းသည်ချည်းများ၏။

ပူးတိုင်းလည်း သူ့တပည့်မနှုတ်က အသေလုပ်ထားသည်ဟူသာ တွင်တွင်ပြော၏။ မလျှော့။ ဆရာကြီးက မေတ္တာရပ်ခံ၏။ နောက်ဆုံး မရသည့်အဆုံး လက်ကိုင်ဘုကြီးကြီးနှင့် ကြိမ်လုံးကိုပြလိုပြ၊ သန်လျက်ပုံသေးသေးကလေးကိုကိုင်၍ အမိန့်ပေးလိုပေး၊ ဓားလှ[illegible]လေးတစ်ထွာခန့်ကိုကိုင်၍ အမိန့်ပေးလိုပေး[illegible] မီးစက်၊ ဓားစက်၊ လှံစက် စသည့် စကာ[illegible]များတွင်တွင်သုံးပြီး သူ့တပည့်မက ကြောက်ပါပြီ၊ ကြောက်လှပါချည်ရဲ့ဟူသောစကားနှင့် နိဂုံးချုပ်သွားပြီး ခပ်လှမ်းလှမ်းမှာ ကွမ်းထိုင်စားနေလေတော့၏။

ပိုက်ဆံလာလာတောင်းသောခြေမြန်တော်ကိုခင်သွားပြီးသည့်နောက်ပိုင်း ကျွန်ုပ်အလွန်ရှက်မိပါတော့သည်။ ဘာမှအမိပ္ပာယ်မရှိ သွားထိုင်ကြည့်ပြီး ငေးမောနေခဲ့မိသောအချိန်များ နှမြောပါဘိ။

သို့သော် -

မျက်လှည့်ပညာလား၊ လက်လှည့်ပညာလားမသိ -

ကျွန်ုပ်ကိုအစွမ်းပြသောဘိုးတော်နှင့်ဆုံခဲ့ပြန်လေရာ ကျွန်ုပ်မှာ အတော်ရှိန်သွားရပြန်၏။

ထိုပုဂ္ဂိုလ်သည် ကြိုးတစ်ချောင်းမှကြိုး (၁၀) ချောင်းခန့်ပွားပြခြင်း၊ စီးကရက်တစ်လိပ်မှ ဆယ်လိပ်ထိပွားပြခြင်း၊ လက်ညှိုးမှမီးခိုးငွေ့များထွက်လာစေခြင်းဖြင့် ကျွန်ုပ်ကိုတုန်လှုပ်သွားစေခဲ့သူဖြစ်၏။

"ဆရာ၊ ကျွန်တော့်အဖေရဲ့ခြေထောက်ကိစ္စ"

"အိုကွာ-ဒါသေးသေးလေးပါ၊ ငါလုပ်ပေးပါ့မယ်။ မင်းငါ့ကိုခဏခဏပြောနေတာကြာပြီ။ ဒီလိုလုပ်ကွာ၊ငါ့ကိုတစ်ခုလုပ်ပေးစမ်း"

"ဟုတ်ကဲ့"

"မင်းအဒေ့ဖကို ငါမကုခင် မင်း ငါ့ကိုတစ်ခုလုပ်ပေးရလိမ့်မယ်။ အဲဒါကတော့ ဝွတ္တလစ်ဘက်မှာနေတဲ့လူတစ်ယောက်အကြောင်း မင်းသွားစုံစမ်းရလိမ့်မယ်"

"ဗျာ"

"ဒီလိုကွ၊ သူ့အိမ်ထဲကိုကြည့်။ ဗီရိုဘယ်လိုထားတယ်၊ ရေဒီယိုဘယ်လိုထားတယ်၊ ဘုရားစင်ဘယ်လိုထားတယ် ကြည့်ခဲ့။ ပြီးတော့ သူ့မိသားစု ဘယ်နှယောက်ရှိလဲမင်းစုံစမ်း။ သူ့အိမ်ရှေ့တည့်တည့်အိမ်ကိုလည်း အဲသလိုစုံစမ်း။ မင်းနည်းမင်းဟန်ပေါ့ကွာ။ မင်းကြည့်ရတာဖျတ်လတ်ပါတယ်။ ငါ့ကိစ္စတွေရှိနေလို့ လုပ်ပေးစမ်း။ ဒါပြီးရင် မင်းအဖေကိုငါကုမယ်"

တစ်ခါမလုပ်ဘူးသောအလုပ်ကို လုပ်ရ၏။ ဖိုးပိန် ဈေးမထွက်ခင် ဖိုးပိန်ကိုပါ အဖော်ခေါ်သွား၍ နှစ်ယောက်သား ဟိုမေးဒီမေးမေးရ၏။ ပြီးမှ နောက်နေ့သွားပြန်ပြောပြရ၏။

နောက်နေ့တွင် ကျွန်ုပ်၏စိတ်ထဲမှ တလိပ်လိပ်တက်လာသောစိတ်ကို တားမရဆီးမရဖြစ်ရကား ထိုဆရာကြီးထံရောက်သွား၏။

"ဟော - မောင်လေး ခဏနော်။ ဆရာကြီး ဟိုမှာဇည့်သည်တွေနဲ့စကားပြောနေတယ်။ ဘုရားခန်းထဲမှာ ဒီအပြင်ကစောင့်နေ"

"ဟုတ်ကဲ့ အစ်မ"

www.burmeseclassic.com

"ဟားဟား - ကျုပ်က အမြင် အတိုင်းပြောတာနော်။ ခင်ဗျားတို့အိမ်ကို ကျုပ်မရောက်ဖူးဘူး။ ဘယ်ဆီနေမှန်းတောင် မသိဘူး။ ဒါပေမယ့် ခင်ဗျားတို့ရဲ့အိမ်ရှေ့ကအိမ်မှာ ဟာဒ်ပင်ငုတ်တိုကြီး ရှိနေတယ်"

"ဟယ် - ဟုတ်တယ်နော်"

"အဲဒီအိမ်က အဘွားကြီးနှစ်ယောက်တည်းနေတာ"

"ဟုတ် ဟုတ်ပါတယ်ဆရာကြီး"

"အေး - ခင်ဗျားတို့ဘုရားစင်မှာ မီးလုံးအစိမ်းရောင်လေးထွန်းထားတယ်။ မှန်မှမှန်တယ်ပြော"

"ဟယ် - ဒက်ထိပဲ"

"ခင်ဗျားတို့အိမ်မှာလူက ငါးယောက်ထဲရယ်၊ အိမ်ရှေ့တံတားက ပျဉ်တစ်ချောင်းကျိုးနေတယ်"

"ဆရာကြီးရယ်၊ ကြက်သီးတောင် ထိပါတယ်"

"အေး - ကျုပ်ကမပြောချင်လို့၊ ပြောလိုက်ရင် ခင်ဗျားတို့အကြောင်းတွေတောင် ခရေစေ့တွင်းကျပြောနိုင်တယ်ဆိုတာ ယုံပလား"

"ယုံပါတယ် ဆရာကြီးရှင်၊ အစထဲကယုံပါတယ်"

ဤအကြောင်းများကို ကျွန်ုပ်သိနေသလိုဖြစ်နေ၍ နားစွင့်ထားလိုက်၏။ ဘေးနားတွင် ထိုင်စောင့်နေသော အမျိုးသမီးလေး၊ ငါးယောက်တို့က ကျွန်ုပ်ဖင်တကြွကြွဖြစ်နေသည်ကို အကဲခတ်နေ ၏။

ဟုတ်ပြီ - ကျွန်ုပ်သွားစုံစမ်းခဲ့ရသောအကြောင်းအရာများဖြစ်၏။ ကျွန်ုပ်က စုံစမ်းပြီး သူ့ကိုပြောပြခဲ့ရသော အကြောင်းများဖြစ်ရာ မှတ်မိပါပြီ။

အတော်စိတ်ပျက်စရာကောင်းပါသည်။

တကယ့်ကို ဘိုးတော်တုဘိုးတော်ယောင်များနှင့်ဆုံခဲ့ရခြင်း ဖြစ်ပါသည်။ မှင်နှင့်မောင်းနှင့်လိမ်တတ်ကြသူများဖြစ်ရာ ဥပမိကိုအတော်သထားကြသည်များ ၏။

မျက်လုံးကို အထူးလေ့ကျင့်ထားတတ်ကြ၏။

သူတို့တွင် အလံရှူးများရှိကြ၏။ ထိုလူများကို ပိုက်ဆံပေး၍စုံစမ်းခိုင်းပြီးပြီးမှ သူတို့သမထပေါက်နေသလိုလိုဘာလိုလိုပြောရင်း လိမ်တတ်ကြ၏။ လိမ်ပုံလိမ်နည်းများအတော်ဆင်ကြ၏။ အလံရှူးများက ဘယ်ပုဂ္ဂိုလ်ဘယ်မှာရှိကြောင်း၊ အတော်စွမ်းကြောင်း စည်းရုံးရ၏။ ခေါ်သွားရ၏။ သူခေါ်၍လိုက်တော့မည်ဟုကြံရွယ်သူဖြစ်ပါက ထိုလူ၏အကြောင်းကို သွားပြီးကြိုပြောထား၏။

ဤနည်းနှင့်လိမ်ကြပါသည်။

စကားပြောလည်း အတော့်ကိုညက်ညောအောင် လေ့ကျင့်ထားကြ၏။ အမူအရာအမျိုးမျိုးနှင့် ပြောတတ်၏။ အထက်ပုဂ္ဂိုလ်ကြွလာသလိုလိုပူးပြီးပြောတတ်၏။ ဟောချက်ချသည်ဟုပြောသောစကားများမှာ သွယ်ဝိုက်ပြီး ငွေတောင်းခြင်းများသာများ၏။ မှင်သေသေနှင့်ငြိမ်နေတတ်သော်လည်း လူလစ်သည်နှင့် ဒူးထောင်ပေါင်ကားထိုင်ပြီး ဂနာမငြိမ်နေတတ်၏။အစားအသောက်ပက်စက်၏။ သူတို့၏မျက်လုံးများမှာ ဂနာမငြိမ်တတ်။

ကျွန်ုပ်သည် -

ဘိုးတော်လိမ်ပေါင်းများစွာနှင့်ဆုံခဲ့ပါသည်။

အဖေ့ခြေထောက်ကို ပျောက်အောင်ကုရန်ကြိုးစားရင်း ဘိုးတော်အတုဘိုးတော်ယောင်များလောကဆီသို့ တဖြည်းဖြည်းဝင်ဆံ့သွားခြင်းဖြစ်ပါသည်။ သွယ်ဝိုက်လိမ်ခြင်း၊ ခြိမ်းခြောက်၍ငွေတောင်းခြင်း၊ ပြောင်လိမ်ခြင်းများ အများကြီးတွေ့ခဲ့ရ၏။

ယောက်ျားခြေလှမ်းနှင့်ခရီးကြမ်းနှင်လျှင်ပင် တစ်နေ့နှင့်တစ်ညလျှောက်ရသော တောကြီးမျက်မည်းထဲရှိ စေတီအား ပြန်လည် မွမ်းမံဖို့ သက်ဆိုင်ရာများကအမိန့်ချသောကြောင့်ဟုဆိုကာ ငွေကိုသုံ့ယူသလိုတောင်းသူများတွေ့ဖူးပါသည်။

အချို့က ဤမျှကြမ်းသောနေရာမျိုးတွင် ကျောင်းဆောက်ရန်၊ ရေတွင်းတူးရန်ဟု အကြောင်းပြလိမ်၏။

ကြားလျှင်မလိုက်ရဲသောနေရာမျိုးကိုပြောပြီး သားရဲတိရစ္ဆာန်များပေါများကြောင်း၊ သာသနာပြုရသည်မှာ မလွယ်ကူကြောင်း၊ ယခုလှူမည့်အလှူရှင်များသည် ကမ္ဘည်းထိုးရုံနှင့်အားမရဘဲ ကိုယ်တိုင်လိုက်၍ရေစက်ချစေလိုကြောင်း မရရအောင်အတင်းခေါ် ၏။ မလိုက်ဘူးငြင်းလေ ပိုခေါ် လေဖြစ်၏။

မည်သည့်ပုဂ္ဂိုလ်ကခိုင်း၍ ငါးရက်တိုင်တိုင် ခရီးကြမ်းနှင်ရသော တောင်တွင် အဓိဋ္ဌာန်ဝင်ရမည်ဖြစ်ကြောင်းပြောပြီး ငွေတောင်းကာလိမ်သူကိုလည်းတွေ့ခဲ့ရဖူး၏။

တော်ပါပေသည်။ အလိမ်တော်ကြပါပေသည်။ ကြားရသူက အနည်းနှင့်အများ ငွေမထုတ်ထုတ်အောင်လိမ်နိုင်ကြ၏။ သူတို့ပြောသောတောတောင်လိပ်စာမှာ အတိအကျမရှိ။ မိုင်နှစ်ဆယ်မိုင်သုံးဆယ်ဟု အကြောင်းပြသည်သာများ၏။ စကားကို ဝေ့ဝိုက်၍ လိုရင်းမရောက်နိုင်အောင်ပြောပြီး ငွေချူကြသူများဖြစ်၏။

အပူးအခွာနှင့် လိမ်ကြသူများမှာလည်း လူတွေ့တိုင်း ပယောဂဟုတွင်တွင်ပြောပြီး သူဘေးနားရှိတပည့်ကိုသာတွင်တွင်ပူးခိုင်း၏။ ပူးခိုင်းတိုင်း အသေအရှက်တကွဲအကျိုးနည်း၊ စီးပွားပျက်အိပ်ရာထဲလဲ ဟူသော ကြောက်စရာကောင်းသည့် အသုံးအနှုန်းများကိုသာတွင်တွင်ကြားရ၏။ သူတို့ကလိုက်တိုင်းသူတို့ကနိုင်သည်ချည်းဖြစ်၏။

မေးသူကတွင်တွင်မေးသလို ဖြေသူကလည်း တွင်တွင်ပြော၏။ အသံနှင့်ရုပ်မှာမပြောင်းပါ။ လူတစ်ယောက်ရိုးရိုးပြောနေသလို ထမင်းစားရေသောက်သာ ဖြစ်၏။

မျက်နှာလည်း အတော်ပြောင်၏။ မျက်နှာပြောင်တိုက်၍ စကားကိုဖွင့်ပြောတတ်၏။ ပယောဂလုပ်ထားသည်ကို တစ်ဖက်သားခေါင်းညိတ်လာသည်ထိ မရမကပြောတတ်ကြ၏။ ဟိုဘာဘဝကာယကံရှင်ဟုတ်နိုးနိုးထင်အောင်ကာယကံရှင်သရေကျအောင်ပြောတတ်ကြ၏။ အထူးလေ့ကျင့်ထားသောလူလိမ်များဖြစ်ရာ ရိုးသားဖြူစင်ကြသူများမှာ ထိုလူလိမ်ဘိုးတော်တုဘိုးတော်ယောင်များ၏ ပြောသမျှ အဟုတ်ကြီးထင်ပြီး ရှိသမျှစည်းစိမ်ကုန်သွားကြသူများလည်း ရှိ၏။ သမီးပါသွားကြသူများ၊ ဇနီးပါသွားကြသူများလည်းရှိ၏။ လူယုံအောင်တမင်လေ့ကျင့်ထားကြသူများဖြစ်ရာ သူတို့နှင့်တွေ့ရင် မည်သူမျှမလွန်ဆန်နိုင်တော့ပါ။

ရွှေအတုလား၊ အစစ်လားသေသွတ်နေအောင်ဝတ်ပြီး လိမ်ကြသော ဘိုးတော်လူလိမ်များလည်းရှိ၏။ ဝတ်ထားသည်မှာ မြင်မကောင်း။ သူတို့၏ မှိုင်းမိပြီဆိုသည်နှင့် သူတို့ကို မလွန်ဆန်ရဲတော့။

အဟန့်တစ်ခုခုတော့လုပ်ထားကြမည်ထင်ပါသည်။

အချို့ ငွေတောင်းခါနီးပြီဆိုလျှင် လက်ဝါးချင်းရိုက်ခြင်း၊ ပခုံးကိုလှမ်းခိုက်ခြင်းများ မြင်ဖူး၏။ တစ်ဖက်ပုဂ္ဂိုလ်သည် ပါသမျှအကုန်ထုတ်ပါလေတော့သည်။

ညှို့အားကောင်းလှသောတိုင်းများလေလားမသိပါ။



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ရသည့်ရှေ့ဘဝ၊နောက်ဘဝ။

"အမယ် - မင်းက ဟိုဘဝတုန်းက မင်းညီမင်းသားကိုးကွယ့်။ ဒါကြောင့် မင်းဟာ စိတ်အရမ်းထက်တယ်၊ လုပ်မယ်ဆိုဖြစ်အောင်လုပ်တယ်။ လာမတားနဲ့ မရဘူးဆိုတဲ့အစားထဲကပဲ။ တစ်ဖက်သားကိုလည်း သနားတတ်တယ်၊ ပေးချင်ကမ်းချင်စိတ်အရမ်းရှိတာပဲ။မင်းအစောင့်က မင်းလုပ်ချင်တာအကုန်လိုက်ပြီးဖြည့်ဆည်းပေးနေပါလား။ ဘာအခက်အခဲဖြစ်ဖြစ် သူ့ဟာသူတော့အဆင်ပြေသွားတာပဲ။ ပြေမှာပေါ့၊ စိတ်ထားကအရမ်းဖြူစင်တာကိုး။ ဘယ်သူ့အပေါ်မှာမှမနာလိုဝန်တိုစိတ်မရှိဘူး"

ဟူသောအကြိုက်လိုက်ပြောသည့်စကားများနှင့်ငွေချူတတ်သောဘိုးတော်လိမ်တစ်ဦးနှင့် ဘုရားတစ်ဆူတွင် ကြုံခဲ့ဖူးပါသည်။

ဘုရားကိုမှီပြီး လာသမျှလူကို ထိုစကားမျိုးတွင်တွင်ပြော၍ အတင်းလုံးသူဖြစ်၏။

သူ့စကားများသည် မည်သူမျှငြင်းမည်မဟုတ်သောစကားများ ဖြစ်၏။ ဘဝင်ငြိသွားစေမည့်စကားများဖြစ်၏။ ထိုစကားများနှင့်ပစ်ပေါက်ပြီးမှ ငွေချူခြင်း ဖြစ်ပါသည်။

လူတော်တော်များများ သူ့စက်တွင်းသို့ရောက်ရှိလျှင် ပြန်ရုန်းမထွက်နိုင်တော့။

သူကတစ်မျိုး။ ခြိမ်းခြောက်၍ ငွေတောင်းခြင်းမဟုတ်။

မြှောက်ပင့်၍ ငွေတောင်းသူဖြစ်၏၊

ယဉ်ယဉ်လေးနှင့်တောင်းသူဖြစ်၏၊ မည်သူမျှမငြင်းနိုင်။

သူသည် -

ကျွန်ုပ်နှင့်တစ်နေ့ဆုံခဲ့လေရာ -

"အမယ်- မင်းကစိတ်တော်တော်ဆက်တာပဲ"

"ကျွန်တော်ငယ်ငယ်လေးထဲက စိတ်ပျော့ညံ့လွန်းလို့ ကျွန်တော့်ကို သူများတွေက ဂန်ဒူးလို့တောင်ခေါ်ကြတယ်"

"အေးလေ-ဒါကသဘောကောင်းတယ်ခေါ်တယ်၊ ပျော့ညံ့တာမဟုတ်ဘူး။ လုပ်မယ်ဆိုဖြစ်အောင်လုပ်တတ်တဲ့လူစားပဲဟာ"

"အဲဒါမဟုတ်ဘူး ခင်ဗျ။ လုပ်မယ်ဆိုစဉ်းစားလိုက်ပြီး ဘာမှမလုပ်ဖြစ်တာတွေ ကျွန်တော့်ဘဝမှာအများကြီး"

မျက်နှာတစ်ချက်ပျက်သွား၏။ မျက်လုံးထောင့်ကပ်ကြည့်နေသော်လည်း မျက်ထောက်နီပုံစံဖြစ်နေ၏။

"မင်းဟာ ပေးချင်ကမ်းချင်စိတ်တော့ရှိပါတယ်၊ ငါသိတာပေါ့"

"အဟဲ - ကျွန်တော်နမြောတတ်တယ်ဆရာ၊ ဘယ်သူ့ကိုမှ ဘာမှမပေးတတ်ဘူး"

"မင်းကိုဘယ်သူစောင့်လဲ မင်းသိလား"

"အမေစောင့်တယ်ခင်ဗျ၊ အမေက ကျွန်တော်အပြင်သွားရင် အမြဲပဲထိုင်ထိုင်စောင့်တယ်"

"ငါပြောတာက မမြင်နိုင်တဲ့ အစောင့်အရှောက်ကိုပြောတာ၊အစောင့်ကောင်းလို့ပြောတာ"

"ဗျာ - တစ်ခါမှမမြင်ဖူးဘူး"

"အေးလေ- မမြင်ဘူးပေမယ့် မင်းအစောင့်က မင်းလုပ်ချင်တာအားလုံးကို လိုက်လိုက်ပြီးလုပ်ပေးနေတာ မင်းမှမသိဘဲ"

"ကျွန်တော်လုပ်ချင်တာတွေ. . . ဘာမှမဖြစ်လာတာများတယ်နော်ဆရာ၊ ဘာမှလုပ်မပေးဘူးနဲ့တူတယ်"

"ဒီလိုလေကွယ်၊ ဘာအခက်အခဲဖြစ်နေဖြစ်နေ သူ့ဟာသူအဆင်ပြေသွားတာကိုငါဆိုလိုတာ"

"မပြေတာများပါတယ်ဆရာရယ်။ တကယ်ပါ၊ ဘယ်လောက်ကြိုးစားကြိုးစား အနိုင်ခံခဲ့ရတာတွေကအများကြီး"

"မင်းဘယ်ဘဝကလာတာလဲ"

"ကျွန်တော် ဈေးသည်ဘဝကပါပဲ ဆရာ၊ ခုလည်း ဈေးသည်ပါပဲ"

မေးရိုးနှစ်မြောင်းခန့်ထောင်သွားသောသူ၏မျက်နှာလေးထောင့်ကိုအကဲခတ်လိုက်သည်နှင့် ကျွန်ုပ်ကို အတော်သတ်ချင်နေပြီမှန်း သတိထားလိုက်မိပါသည်။ သူ၏ဘေးနားတွင်ထိုင်နေသော လူနှစ်ယောက်သည် ကျွန်ုပ်ကိုကြည့်လိုက်ပြီး -

"ညီလေးက ဆရာမိုးကြီးကို အသားလွတ်ဆန့်ကျင်ဘက်တွေပြောနေသလိုပဲ၊ ဘာဖြစ်လို့လဲ"

"ဟာ-မဟုတ်ပါဘူး၊ ကျွန်တော်က လူငယ်ဆိုတော့ ကျွန်တော်ကြုံနေရတဲ့အမှန်အတိုင်းပြောတာပါ"

"အေးအေး - ဒါဆိုမင်းပြန်တော့၊ သွားတော့"

ခပ်ဆတ်ဆတ်ပြောရင်း မီးဝင်းဝင်းတောက်ခမန်းကြည့်နေသောပုဂ္ဂိုလ်ကို ပြန်ကြည့်လိုက်ပါသည်။ ဆရာမိုးကြီးက ပြုံး၍ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

ကျွန်ုပ်ထပြန်ခဲ့ပါသည်။ မလိုအပ်ဘဲနှင့် ဘာမှဆက်ကန့်လန့်မတိုက်ချင်တော့ပါ။

ဤသို့ လူမိုက်ဆန်ဆန်များမွေးထားသောဘိုးတော်တုဘိုးတော်ယောင်များနှင့်လည်းကြုံခဲ့ရပါသည်။

အချို့က တောက်ပြောင်စွာဝတ်ဆင်ထားပြီး ထည်ဝါစွာနေတတ်ကြ၏။ တပည့်နှစ်ဦး၊ သုံးဦးက သွားလေရာပါ၏။ လက်စွပ်များ၊ ဆွဲကြိုးများမှာ တဝင်းဝင်း ကားထည်လဲနှင့်။

ထိုသူတို့နှင့်တွေ့ပြီး အတော့်ကို စည်းစိမ်ဥစ္စာပြောင်သွားကြသူများလည်း တွေ့ဖူးပါသည်။

ဟိုဘဝဒီဘဝကို တွင်တွင်ပြောသောဘိုးတော်နှင့် ကြည့်မြင်တိုင်ဘက်တွင် တစ်ခါဆုံလေရာ "ဟိုဘဝကလာသည် ဒီဘဝကလာသည်တောင်သိနေလျှင်၊ ဘဝတွေကိုတောင်လျှောက်ပြောနိုင်လျှင် ကျွန်တော် မနက်ကဘာဟင်းနဲ့ ထမင်းစားခဲ့လဲဆိုတာ ဘိုးတော်သိမှာပေါ့။ ဒါကသိပ်အာရုံစိုက်ရလောက်အောင်အဝေးကြီးတွေကြည့်စရာတောင်မလိုဘူး။ မနက်ကဆိုတော့ ဖျတ်ခနဲ မျက်စိမှိတ်ရုံနဲ့ပြီးတာပဲ။ ကျွန်တော့်ကို ပြောပြပါဦး" ဟု ပြောလိုက်ရာ ထထိုးခမန်းတရှူးရှူးဖြစ်သွားသည်ကိုကြုံခဲ့ဖူးပါသည်။

တစ်ခုခုပြောလိုက်လျှင် -

မျက်လုံးမှိတ်၊ ခေါင်းတညိတ်ညိတ်လုပ်ပြီး ဒါငါသိတာပေါ့၊ ဒါငါသိပြီးသားငါသိနေတယ်လေ ဟူသောစကားကို တွင်တွင်ပြောသော ဘိုးတော်အား ကျွန်တော့်အင်္ကျီအိတ်ကပ်ထဲမှာ ပိုက်ဆံဘယ်လောက်ပါလဲ၊ တစ်ကျပ်တန်ဘယ်နရွက်လဲ၊ ငါးကျပ်တန်ဘယ်နရွက်လဲဟု မေးခဲ့ဖူးသောကြောင့် ဟိုဘိုးတော်၏ နောက်လိုက်များ ကျွန်ုပ်ကိုချောင်းရိုက်ရန်ကြံခဲ့သည်ဟု ပြန်ကြားခဲ့ရပါသည်။

သိနေသည်ဆိုလျှင် အင်္ကျီအိတ်ထဲကပိုက်ဆံလောက်တော့သိရမည်ဖြစ်ပါသည်။ အဝေးကြီးသိပြနေစရာမလိုပါ။

သမထတကယ်ပေါက်သူသည် အရာရာကို ဟင်းလင်းပြင်သိနိုင်ကြသည်ကိုတွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးထားသူဖြစ်ရုံမက ထိုပုဂ္ဂိုလ်များနှင့်ပါ သွားအတူ၊ လာအတူနေသူဖြစ်၍ စိတ်စွမ်းအားနှင့်ပတ်သတ်လာလျှင် ဗဟုသုတများစွာရှိနေပါသည်။ စိတ်စွမ်းအားကောင်းသူများသည် အမြဲ ပြောမနေကြပါ။ အလွန်နှုတ်ဆိတ်စွာနေ



www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။

(သူငယ်ချင်းတစ်ယောက် ရှိ၏။ နာမည်မှာ ဗုဒ္ဓဟူးနာမည်ဖြစ်၏။ မွေးကတည်းက အသားမစားပါ။ သူသည် (၂၇) သချိုင်းပြည့်အောင် လှည့်လည်တရားထိုင်၊ မေတ္တာပို့ခဲ့သူဖြစ်ပါသည်။

(၂၇) သချိုင်းဆိုသည်မှာ ညနေ (၆)နာရီမှစဝင်သွားလျှင် မနက်(၆)နာရီမှ ပြန်ထွက်လာသောကျင့်စဉ် ဖြစ်ပါသည်။ နေ့ရောညပါနေသည်မဟုတ်ပါ။ နာရီပိုင်းဝင်ခြင်း ဖြစ်ပါသည်။

သူနှင့် ဗဟုသုတ ခဏတစ်ဖြုတ်လိုက်ကြည့်ဖူးပါသည်။ (၁)နာရီခန့် မေတ္တာပို့ခိုင်း၍ပို့ခဲ့ဖူးပါသည်။ သို့သော် ကြောက်စိတ်များသာလွှမ်းမိုးပြီး တောင်တွေးမြောက်တွေးနှင့် ဘာမှအာရုံစုစည်း၍မရပါ။ ပါးစပ်ကသာပို့ပြီး မျက်လုံးက လျှောက်ကြည့်ဖြစ်နေပါသည်။ အနံ့တစ်မျိုးမျိုးရလာလေ ခေါင်းနားပန်းကြီးလေဖြစ်ခဲ့ပါသည်။ သူငယ်ချင်းထိုင်ခိုင်းသလို မထိုင်ရဲပါ။ သူ့ကိုကျောပေး၍ တစ်တောင်ခန့်ကပ်ပြီးသာ တစ်နာရီ မပြည့်မချင်း ဖျစ်ညှစ်ထိုင်ခဲ့ရပါသည်။

ထိုသူငယ်ချင်းသည် အလွန်သိသူဖြစ်၏။ ဘာမဆိုပြောလိုက်လျှင် လိုက်ကြည့်နေသလိုပြော၏။ ရမ်းမှန်း၍ ဝါးလုံးရှည်နှင့်ယမ်းပြောပုံမျိုးမဟုတ်ပါ။

တစ်ခါက လူတစ်ယောက် အိပ်မရတော့ဘဲ တော်တော်ကြောင်လာသောကိစ္စတစ်ခု လာမေးသည်ကိုမြင်ဖူး၏။ သူသည် လာမေးသူ အမျိုးသမီးအား တစ်ချက်ကြည့်လိုက်ပြီး -

"ခင်ဗျားယောကျ်ားက အိမ်တွင်းကိုဆွဲဖြုတ်ချလိုက်တာကိုး"

ဟု တစ်ခွန်းထဲပြောလိုက်ရာ ထိုအမျိုးသမီးအတော်လန့်သွားပြီး -

"ဟာ-မှန်လိုက်တာ၊ အဲလိုလုပ်ပြီး ထဲကဖြစ်သွားတာ"

- ဟု အထိတ်တလန့်ပြော၏။

"ပြန်တောင်းပန်လိုက်ပါ၊ ကောင်းသွားလိမ့်မယ်"

ဟုပြောလိုက်၏။

တစ်ဦးဆိုလျှင် ညာဘက်လက်ကြီး အတော်ကြီးရောင်ကိုင်းနေ၏။ လက်ဖမိုးကြီးမှာ ဖားခုံညင်းကြီးမကကြီးနေ၏။ ဆေးစုံနေပြီ။ ဘာမှမထူး၊ ညည ဆို ကိုက်လွန်း၍အော်နေရ၏။ သူငယ်ချင်းဆီရောက်လာသောအခါ သူငယ်ချင်းတစ်ချက်ကြည့်လိုက်ပြီး -

"ဒါ ကလေးတစ်ယောက်ကိုသွားရိုက်လိုက်လို့ဖြစ်သွားတာ မှတ်မိလား"

ဟုမေးသောအခါ ကာယကံရှင်ကမမှတ်မိတော့။ သူငယ်ချင်းသည် ထိုလက်ကြီးကို စိုက်ကြည့်နေပြီး ပွစိပွစိနှင့် ဘာပြောနေမှန်းမသိ။

"နောက်သုံးရက်ကြာလာရင် လက်ဖမိုးမှာ အနာဖုလေးလိုဖြစ်လာလိမ့်မယ်။ အဲဒီဖုထိပ်လေးမှာ မည်းလာလိမ့်မယ်။ မည်းလာပြီးနောက်နေ့စမ်းကြည့်။ အစလေးထွက်နေသလိုစမ်းမိလိမ့်မယ်။ အဲဒါလေးကို တဖြည်းဖြည်းချင်းဆွဲထုတ်လိုက်တော့"

ဟု ပြောလိုက်၏။

ထိုကိစ္စမှာ တော်တော်များများ စိတ်ဝင်စားကြသောကိစ္စဖြစ်ရာ စောင့်ကြည့်ကြ၏။ လက်ရောင်သူမှာ လုပချောမောသောအမျိုးသမီး ဖြစ်၏။ သူငယ်ချင်းပြောသလိုဖြစ်လာပြီး အစကိုဆွဲထုတ်လိုက်ရာ တစ်မိုက်ခန့်ရှိသော ထဘီအထက်ဆင်စလိုအစမည်းကြီးဖြစ်နေတော့၏။ အားလုံးအထိတ်အလန့်နှင့် သူငယ်ချင်းဆီယူလာပြရာ သူငယ်ချင်းက -

"တွင်းတူးပြီးမြှုပ်လိုက်ပါ၊ ကောင်းသွားပြီပဲ"

ဟုသာပြော၏။

ထိုအမျိုးသမီးလက်မှာ ထိုနေ့မှစ၍ လုံးဝကောင်းသွားပါတော့သည်။ အနာရွတ်မဖြစ်စလောက်လေးသာကျန်ခဲ့တော့၏။

တစ်ခါက သူငယ်ချင်းနှစ်ယောက် ဆိုက်ကားစီးရန် ဆိုက်ကားတစ်စီးအား လှမ်းခေါ်လိုက်၏။ ဆိုက်ကားစီးသွားပြီး သွားလိုသည့်နေရာ ရောက်သောအခါတွင် ဆိုက်ကားပေါ်မှဆင်းလိုက်ရင်း ဆိုက်ကားဆရာကို စိုက်ကြည့်နေ၏။ ဆိုက်ကားဆရာကို -

"ဘယ်လမ်းကသွားမှာလဲ"

ဟုမေးလိုက်ပြီး ဆိုက်ကားဆရာညွှန်ပြသောလမ်းကိုကြည့်၍ ခေါင်းညိတ်ကာ -

"ဒီမှာခဏနေလိုက်ဦး"

ဟုတားထား၏။ ဆိုက်ကားဆရာရော ကျွန်ုပ်ပါ ဘုမသိဘမသိနှင့်ငြိမ်ရပ်နေစဉ် သုံးဘီးကားတစ်စီးသည် လမ်းပြောင်းပြန် ဟိုဝေ့ဒီယမ်းမောင်းလာပြီး ကျွန်ုပ်တို့နှင့်ပေငါးဆယ်ခန့်အကွာတွင် လမ်းဘေးအုတ်ခုံအား ဝုန်းခနဲဝင်ဆောင့်၍ရပ်သွား၏။ တားလိုက်ချိန်နှင့်ဖြစ်သွားချိန် ဆယ်မိနစ်ပင်မကြာသောကြောင့် ကျွန်ုပ်ရော ဆိုက်ကားဆရာပါ ကြောင်ပြီး သူငယ်ချင်းကိုလှည့်ကြည့်လိုက်မိ၏။

ပြီးမှ -

"ရပြီ ဆရာကြီး၊ နင်းသွားတော့"

ဟုပြောလိုက်ရာ ဆိုက်ကားဆရာသည် သူငယ်ချင်းအားကြည့်ပြီး စကားမပြောနိုင်။ အတော့်ကိုထူးဆန်းသောနေရာမှလူတစ်ယောက်ကိုကြည့်နေသလိုကြည့်ပြီးမှနင်းထွက်သွားတော့၏။

လူတစ်ယောက်၏ အသက်တစ်ချောင်းသာသာကလေးကယ်လိုက်သောသူငယ်ချင်းကို ကျွန်ုပ်မလေးစားဘဲမနေနိုင်ပါ။ သူကမေတ္တာပို့သည်သာများပါသည်။

တစ်နေ့ -

သူနှင့် ကျွန်ုပ် တစ်နေရာသို့သွားကြရင်း အိမ်တစ်အိမ်ရှေ့အရောက် သူခြေလှမ်းများတုံ့သွား၏။ ဘာမပြောညာမပြော ထိုအိမ်ထဲသို့စွတ်ဝင်သွားရာ အိမ်ရှင်များမှာ ကြောင်ကြည့်နေကြပြီး ပြီးမှ-

"ထိုင်ပါ၊ ဘာကိစ္စလဲမသိဘူး"

ဟုမေးကြ၏။

သူငယ်ချင်းက အိမ်မှာရှိသောအကြီးဆုံးဒေါ်ကြီးကို အေးဆေးစွာနှင့်-

"ကျွန်တော် စကားလေးတစ်ခွန်းပြောချင်လို့ပါ။ အလှူခံလည်းမဟုတ်ပါဘူး၊ ကျွန်တော်လည်း ဟိုဘက်ရပ်ကွက်မှာနေတာပါ"

ဟု အစချီပြီး -

"ကျွန်တော် ဒီအိမ်မှာ လူသုံးယောက်ပျက်စီးသွားကြတာမြင်လို့ပါ"

ဟု ပြောလိုက်၏။

ထိုအဒေါ်ကြီးက -

"ဟုတ်ပါတယ်ကွယ်၊ ဒီတစ်နှစ်ထဲမှာကိုနှစ်ယောက်၊ ဟိုဘက်နှစ်ကုန်ခါနီးကတစ်ယောက်"

ဟု ပြောလိုက်သည့်အချိန်တွင် ထိုအဒေါ်ကြီးဘေးနားသို့ သူ၏အိမ်မိသားစုဝင်များနှစ်ယောက်၊ သုံးယောက် လာဝိုင်းထိုင်ကြ၏။

"ဟုတ်ကဲ့ - ယောကျ်ားလေးတစ်ယောက်ခေါ်လိုက်ပါ။ အိမ်ရဲ့ခေါင်းတိုင်မှာ ဘီလူးပုံရှိနေပါတယ်။ ဒါကလည်း လက်သမားက မြေဖြူခဲနဲ့ လက်ဆော့သွားရင်းက အသက်ပင်နေတာပါ။ ဘီလူးမှ ခေါင်းချင်းဆိုင်နှစ်ကောင်ပါ။ အဲဒါကိုတက်ဖျက်ခိုင်းလိုက်ပါ။ ပြီးရင် အဲဒီနေရာကို ဆေးအဖြူရောင်သုတ်လိုက်ပါ"

ဟု ပြောလိုက်သည်နှင့် -

"ဟဲ့-ဟိုလူခေါ် စမ်း၊ဒီလူခေါ် စမ်း"

ဟုအော်ခေါ်ရင်း အိမ်ပေါ်ထ တက်ကြည့်သူကကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - ဟုတ်တယ်ဟဲ့၊ ဟိုးသွပ်နားကထောင့်နားမှာ မြေဖြူနဲ့ အရုပ်လေးနှစ်ခုတွေ့တယ်"

ဟု ကျွက်စီကျွက်စီဖြစ်သွား၏။

"မသိပါဘူးကွယ်၊ အိမ်ကလည်းအသစ်ကြီး။ ဆောက်ပြီးခါစ အဲလိုတွေဖြစ်ကုန်တော့ တချို့ကလည်း အိမ်မဆောက်ရမယ့်နှစ်မှာ ဆောက်လို့ဆိုပြီးပြော၊ တချို့ကလည်း စီးပွားတက်တာကို သူများမနာလိုလို့ပြောနဲ့ ဘာမှန်းကိုမသိဘူးဖြစ်နေတာ ခုမှပဲရှင်းတော့တယ်"

ဟုဆို၍ ငါးကျပ်တန်နှစ်ရွက်ကိုကိုင်လိုက်ပြီး သူငယ်ချင်းအားပေးမည်ပြုရာ သူငယ်ချင်းက ပြုံးရွှင်စွာဖြင့် -

"ကြဲ့တုန်းကွန်တော်ကူညီလိုက်တာပါ"

ဟုပြောရင်း ကွန်နိုပ်ကိုလက်ကုပ်၍ ပြန်ထွက်လာခဲ့ပါတော့သည်။

(ဤအကြောင်းကို သဘောကျလွန်း၍ နှစ်ကြိမ်ခန့်ဖော်ပြခဲ့ပြီးပါပြီ။)

သူငယ်ချင်း တော်တော်များများ ရှောင်သည်မှာ လူပြုစားခြင်းများ၊ အပင်းသွင်းခြင်းများကိုကုသမှု ဖြစ်၏။ သူမလုပ်၊ အခြားပုဂ္ဂိုလ်များထံသို့သာ သွားစေ၏။

"သူ့ဝမ်းထဲကို အပင်းထည့်လိုက်ဘာတို့၊ ပြုစားတာတို့ဆိုတာ အဲသလိုလုပ်ချင်လာအောင် သူ့ဘက်ကဘယ်လိုလွှန်လွှန်ကဲကဲသွားစော်ကားလိုက်လဲမှမသိတာကွ။ ဒါကြောင့် ဟိုကပြန်လုပ်ဘာ။ ပညာသည်ဆိုတာ အကြောင်းမဲ့မလုပ်ကြဘူး။ မြွေလိုပဲ ထိမှပြန်ပေါက်ဘာ၊ အဲလိုသူကသွားပြီး မခံချင်အောင်ပြောတာတို့၊ စော်ကားတာတို့ကြောင့်ဟိုကလုပ်ရော။ ငါက ဟိုတစ်ဖက်သားကို ပြန်ဖယ်ရှားခိုင်းရတဲ့အခါ ဟိုတစ်ဖက်သားကပိုပြီးခံစားရမယ်။ ဘယ်ကျေနပ်ပါတော့မလဲ။ ဒါငါရဲ့သဘောထားကိုပဲပြောတာ။ ဒီတော့ တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တွေ အများကြီးပဲလေကွာ။ အဲဒီမှာသွားကုလို့ရတာပဲ"

ဟု မကြာမကြာပြောပြ၏။ သူလုပ်ပေးလေ့ရမရှိ။ လက်ဖမိုးကြီးဖောင်းနေရာမှ ထဘီအထက်ဆင်စထွက်လာသောအမျိုးသမီးနှင့် အခြားကလေးတစ်ယောက်ကိုလုပ်ပေးလိုက်ခြင်းကိုသာမြင်ခဲ့ဖူးပါသည်။

ထို့ကြောင့် -

စိတ်စွမ်းအားကောင်းကြသူများသည် အလွန်ငြိမ်သက်ကြသည်ဟုဆိုရခြင်း ဖြစ်ပါသည်။ ဟောင်ဖွာဟောင်ဖွာမရှိကြပါ။ ကြွားဝါကြွလေ့မရှိပါ။ အလွန်တည်ကြည်ကြပါသည်။

သူငယ်ချင်းသည် ကွန်နိုပ်နှင့်အတူလိုက်၍ ကေလာသဆရာအောင်အရှင်အား မကြာခဏ လိုက်လိုက်ကန်တော့ပြီး ဆရာအရှင်၏မေတ္တာကိုခံယူသူဖြစ်ပါသည်။

ယခု -

နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါပြီ။

သူ့ဘဝသူ့အကြောင်း၊ ကိုယ့်ဘဝကိုယ့်အကြောင်းနှင့် မဆုံစည်းခဲ့တော့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါပြီ။

ဆိုချင်သည်မှာ -

စိတ်တန်ခိုးစွမ်းအား ကြီးမားလှသော ကျေးဇူးရှင် ဆရာအရှင်၏ သားတပည့်ဖြစ်နေရခြင်း -

ဆရာအရှင်၏ သားတပည့်ဖြစ်သူ၊ စိတ်စွမ်းအားရှင် ဆရာဆန်းကဲ့သို့ပုဂ္ဂိုလ်မျိုးနှင့် တစ်ဆရာတည်းတပည့်ဖြစ်ရခြင်း -

သန်လျင် ဆာဒူးဂူမှ ကျေးဇူးရှင် ဆာဒူးဘာဘာကြီးနှင့် သားအဖလိုနေခဲ့ရခြင်း -

ဗုဒ္ဓဟူးသားသူငယ်ချင်း၏သမထစွမ်းအားများကို အနီးကပ် မြင်တွေ့ခွင့်ရခဲ့ရခြင်းတို့ကြောင့် ဘိုးတော်တုဘိုးတော်ယောင်များနှင့်ဆုံသောအခါ ရယ်စရာဖြစ်နေရပါတော့သည်။ အတင်းကလိထိုးရယ်ခိုင်းသော ဟာသပြက်လုံးများကို စိတ်ပျက်လောက်အောင် ကြားနေ၊ မြင်နေရသည်သို့နှယ်ဖြစ်နေတော့၏။

ဘယ်သူက ဘာလုပ်ထားသည်ဟူသော သံသယဝင်စေမည့် စကားကိုတွင်တွင်ပြောတတ်ကြသူများမှာ ထိုဘိုးတော်တုဘိုးတော်ယောင်လူလိမ်များသာ ဖြစ်၏။

ပယောဂအကြောင်းပြောလိုက်ပြီဆိုသည်နှင့် -

"ဟင် - သမီးယောက်မချင်းကောင်မညာပါလား"

"အပြင်လူတွေပါလာတော့ ညီအစ်ကိုချင်းတောင်မငဲ့တော့ပါလား"

"ဟဲ့ - လုပ်ထားတဲ့သူက အဝေးကြီးကမဟုတ်ဘူးဟဲ့"

"ဩော်-မိရင်းဖရင်းမဟုတ်တော့လည်း အင်းပေါ့လေ"

"အင်း - နောက်ဆုံးတော့ ကိုယ့်ကျေးဇူးတွေကို ပြောင်ပြောင်ကန်းသွားပါပကောလား"

"ဘုရား၊ ဘုရား ငါမပြောချင်ဘူးဟယ်။ နင်တို့ဟာနင်တို့စုံစမ်း။ ငါပြောရင် အေးလေ - သူများမိသားစုကြားငါမဝင်ချင်ဘူး"

"ဟင်-တစ်လမ်းထဲ၊တစ်ရပ်ကွက်ထဲနေပြီးတစ်မြေထဲနေတစ်ရေထဲသောက်နေကြသူချင်း လုပ်ရက်လိုက်တာဟယ်"

"အမယ်-လုပ်ထားတဲ့သူကအဝေးကြီးမှာနေတာမဟုတ်ပါလား"

"ကြည့်စမ်းပါဦးဟယ်၊ စိတ်ကောင်းရှိတာကိုများ မနာလိုဖြစ်ပြီးလုပ်ရတယ်လို့"

ဟူသော စကားလုံးများထဲမှ တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုး၊ သုံးမျိုးကိုဖြစ်စေ တွင်တွင်ပြောပြီး လူ့ပတ်ဝန်းကျင် မိတ်ဆွေသင်္ဂဟချင်း ညီအစ်ကို၊ မောင်နှမ၊ မိသားစုချင်း၊ သားအမိ၊ သားအဖချင်း သွေးခွဲနေကြသူများ ဖြစ်၏။ အတော်ကြောက်စရာကောင်းသည့်လူလိမ်များဖြစ်ပါသည်။

သူတို့ မွေနှောက်၍ ခင်ကြသူအချင်းချင်း သံသယတွေဝင်၊ မခေါ်နိုင်မပြောနိုင်ဖြစ်၊ စောင်းမြောင်းပြော၊ ရန်ဖြစ်၊ သတ်ကြပုတ်ကြနှင့်ဖြစ်ကြသည်များရှိနေပါသည်။

ထိုဘိုးတော်တုဘိုးတော်ယောင်လူလိမ်များမှာ အလွန်မွေသူများဖြစ်ပါသည်။ ရပ်ကွက်တစ်ခု၊ လမ်းတစ်ခုထဲ သူတို့ဝင်လာပြီဆိုလျှင် ပတ်ဝန်းကျင်အချင်းချင်းမုန်း၍ မခေါ်နိုင်မပြောနိုင်ဖြစ်ကုန်ကြသည်များမှာ ဒုနှင့်ဒေး။

ယုတ္တိရှိရှိဟန်ပါပါပြောတတ်၏။ ဘာမှအခြေအမြစ်အကောင်အထည်မပြနိုင်သော စွပ်စွဲချက်မျိုးဖြစ်ရာ ခပ်လွယ်လွယ်နှင့်အမုန်းပွားစေနိုင်သောလုပ်ရပ်ဆိုးဖြစ်၏။

ပညာနှင့်လုပ်ထားသည်ဆိုသည်မှာ အလွန်အပြောလွယ်လှပါသည်။ သို့သော် လက်တွေ့အကောင်အထည်ပြဖို့ အတော်ခက်လှ၏။ ထစ်ခနဲဆို လုပ်ထားပြီ၊ အတိုက်ခံထားရပြီဟူသော အရည်မရအဖတ်မရစကားကို လက်ကိုင်ထားသူများအားကြည့်ပါ။

သူတို့သည် ပြောင်ရောင်သူများမဟုတ်ပါ။

သူတို့စေတနာ သူတို့အကျိုးပေးနေကြသူများ ဖြစ်ပါသည်။

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ခုံကိုအေးမြေသား)



www.burmeseclassic.com

www.burmeseclassic.com




အီစွတ်ပုံပြင်များကို ရေးသားထုတ်ဝေခဲ့သော ပြင်သစ်ပုံပြောဆရာ လာဖောင်တိန်း
(မိုနာကိုနိုင်ငံ)







အီစွတ်ပုံပြင်မှ ယုန်နှင့်လိပ် အပြေးပြိုင်ကြသောပုံပြင်ကို သရုပ်ဖော်ထားသော တံဆိပ်ခေါင်း (၂) မျိုး (ဟန်ဂေရီနှင့်ဂရိနိုင်ငံ)

ကြည်ညိုလှိုင်

# တံဆိပ်ခေါင်းများပေါ်တွင် အီစွတ်ပုံပြင်

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ စာပို့တံဆိပ်ခေါင်းများကို အကြောင်းအရာအမျိုးမျိုး၊ ဒီဇိုင်းအဖုံဖုံဖြင့် ထုတ်ဝေလျက်ရှိရာ တံဆိပ်ခေါင်းများပေါ်တွင် ပုံနှိပ်မဖော်ပြရသေးသော အကြောင်းအရာဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ အနုပညာ အစရှိသည့် နယ်ပယ်များနှင့် ဆက်စပ်သော တံဆိပ်ခေါင်းဒီဇိုင်းများမှာ စုံလင်လှသည်။ အချို့တံဆိပ်ခေါင်း ဝါသနာရှင်များပင် ထုတ်ဝေထွက်ရှိထားသည်ကို မသိရှိ၊ သတိမမူမိသည့် အကြောင်းအရာများစွာမှာ တံဆိပ်ခေါင်းများပေါ်၌ ပုံနှိပ်ထုတ်ဝေထားပြီး ဖြစ်သည်။ ထိုအထဲတွင် ရှေးခေတ်က ပုံပြောဆရာကြီးအီစွတ်၏ဒဏ္ဍာရီ ပုံပြင်များကို သရုပ်ဖော်ထုတ်ဝေထားသည့် တံဆိပ်ခေါင်းများလည်းပါဝင်လေသည်။ ယခုအချိန်အထိ သုတေသီတို့ ရှာဖွေတွေ့ရှိထားသည့် နိဗ်ဗိတကာမှ အီစွတ်ပုံပြင်ဆိုင်ရာတံဆိပ်ခေါင်းအရေအတွက်မှာ (၃၆) မျိုးခန့်သာရှိသော်လည်း အချို့ပုံပြင်တို့မှာ တံဆိပ်ခေါင်းများပေါ်၌ တစ်ကြိမ်မက ဖော်ပြပုံနှိပ်ထုတ်ဝေထား ပြီး ဖြစ်သည်။

ပုံပြင်ပြောသည့် အတတ်ပညာ... တိရစ္ဆာန်များကို လူတို့ကဲ့သို့ပြုမူပြော... သည့်ဟန်ဖြင့် ဖွဲ့နွဲ့ပြောဆိုရေးသားသော ပုံစံမှာ နှစ်လိုဖွယ်ဖြစ်ပြီး ထိရောက်... သည်။ ထိုပုံပြင်များမှလူ့လောကအတွက် သင်ခန်းစာများစွာရရှိကြသည်။ စင်စစ် ပုံပြင်ထဲမှ တိရစ္ဆာန်ဇာတ်ကောင်များ... များယွင်းသောလုပ်ရပ်၊ ညံ့ဖျင်းသော တွေးခေါ်မှု၊ အောင်မြင်သောရလဒ်...







အီစွတ်ပုံပြင်မှ မြေခွေးနှင့်ကျီးကန်းပုံပြင်ကို သရုပ်ဖော်ထားသော တံဆိပ်ခေါင်း (၂) မျိုး
(ပိုလန်နှင့်ဂရိနိုင်ငံ)




မြေခွေးနှင့်စပျစ်သီးပုံပြင်
(ဂရိနိုင်ငံ)



www.burmeseclassic.com

www.burmeseclassic.com




ရွှေဥ ဥသောဘဲငန်းပုံပြင် (ဂျာစီကျွန်းနိုင်ငံ)

စသည်တို့ကို နားထောင် ဖတ်ရှုရသည်မှာ လူဇာတ်ကောင်များဖြင့် ဖန်တီးထားသည်ထက် ပိုမိုအသိတရားရစေပြီး အကြိုက်တွေ့စေမည် ဖြစ်သည်။ အီစွတ်၏ပုံပြင်များမှာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့ခဲ့ပြီး ထိုပုံပြင်များကို မိမိတို့ဒေသခံမိုးရာပုံပြင်များဟူ၍ပင် အထင်ရှိနေကြသည်။ အီစွတ်ပုံပြင်များကို အခြေခံ၍ လူအဖွဲ့အစည်းအတွင်း ဆိုရိုးစကားများ ပြောဆိုလျက်ရှိရာ 'ဥမပေါက်မီ ကြက်ပေါက်ကလေးများကို ကြိုတင်ရေတွက်သကဲ့သို့'ဟူ၍တစ်မျိုး၊ 'ရွှေဥ-ဥတဲ့ဘဲငန်းကိုသတ်လိုက်သကဲ့သို့' ဟူ၍တစ်ဖုံပြောဆိုလေ့ရှိကြသည်။

အီစွတ်အစပြုလိုက်သောတိရစ္ဆာန်များက လူစကားပြောသည့်ပုံပြင်၊ ဇာတ်သမ်းတို့မှာ ယနေ့ခေတ် ၂၁ ရာစုအထိ အတုယူ ရေးသား ထုတ်လုပ်လျက်ရှိသည်။ အမေရိကန်မှ ကာတွန်းဝိဇ္ဇာ ဝေါ့ဒစ်စနေ (Walt Disney) ၏ ဇာတ်ကောင်များဖြစ်ကြသော မစ်ကီမောက်(စ်) နှင့် ဒေါ်နယ်ဒတ်တို့မှာ ကြွက်နှင့်ဝမ်းဘဲတို့ ဖြစ်သည်။ ဝေါ့ဒစ်စနေ၏ ဂန္ထဝင်ကာတွန်းရုပ်ရှင်ကားဖြစ်သည့် ဘင်ဘီ (Bambi) မှာ စကားပြောသော သမင်




တစ်ကောင်၏ အကြောင်း ဖြစ်သည်။ အီစွတ်လက်ထက်က ပုံပြင်များကို နှုတ်ဖြင့်သာ ပြောကြားခဲ့ခြင်းဖြစ်ပြီး နောင်အခါ စာအုပ်တီထွင်ပြီးသည့်နောက်ပိုင်း၌ ပြင်သစ်ပုံပြောဆရာ ဂျွန်ဒီလာဖောင်တိန်း (Jean de La Fountaine) က ၁၇ ရာစုနှစ်များအတွင်း အီစွတ်ပုံပြင်အများအပြားကို ရေးသား ပုံနှိပ်ထုတ်ဝေခဲ့သည်။ အီစွတ်ပုံပြင်များကို ထိန်းသိမ်းဖော်ထုတ်ခဲ့သူနောက်တစ်ဦးမှာ ရုရှားပုံပြောဆရာဖြစ်သူ အိုင်ဗင်ခရိုင်လော့(ဗ်) (Ivan Krylov) ဖြစ်ပြီး ၁၉ရာစုနှစ်များအတွင်း သူ၏အီစွတ်ပုံပြင်စာအုပ်များမှာ နိုင်ငံတကာတွင် ပျံ့နှံ့ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ယနေ့လက်ရှိအချိန်အထိ ရေးသား ထုတ်ဝေနေကြသော ထိုပုံပြင်များကို ကနဦး စတင်ပြောကြားခဲ့သူမှာ အီစွတ်သာလျှင် ဖြစ်ပေသည်။

## ▫ အီစွတ်မည်သူလဲ

အီစွတ် မည်သူနည်း ဟူသည့် မေးခွန်းကို ဖြေဆိုရန်မှာ လွယ်ကူလှ




အီစွတ်၏ မြေခွေးနှင့် ငှက်ကျားပုံပြင်
တံဆိပ်ခေါင်း (၂)မျိုး
(ဟန်ဂေရီနှင့် ဒဟိုမီနိုင်ငံ)

သည် မဟုတ်ပေ။ အီစွတ်နှင့်ပတ်သက်၍ စာပေကျမ်းဂန်များ၌ အတိအကျ အပြည့်အစုံမရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် ဒဏ္ဍာရီပုံပြင်ပေါင်း (၆၅၀) ကျော်ကို သူ၏သက်တမ်းအတွင်း လက်ဆင့်ကမ်းပြောကြားခဲ့သည့် ရှေးဟောင်းဂရိလူမျိုးတစ်ယောက် ဟူသည်ကိုတော့ သိရှိကြရသည်။ ရှေးဟောင်းမှတ်တမ်းများအရ အီစွတ်မှာ ဘီစီ ၆၂၀ နှင့် ၆၅၀ ကြားအတွင်း နေထိုင်ခဲ့သည်ဟု သိရှိရသည်။ အီစွတ်မှာ သေးရက်ဒေသ (ယနေ့ခေတ် ဘူလ်ဂေးရီးယားနိုင်ငံ) သို့မဟုတ် ပိုင်ရီဂျီးယား (ယနေ့ခေတ် တူရကီနိုင်ငံ) မှလာသည်ဟုလည်း အချို့မှတ်တမ်းတို့က ဆိုသည်။ အချို့ကလည်း အီစွတ်မှာ အီသီယိုးပီးယားမှလာသော လူမည်းတစ်ဦးဟု ပြောဆိုကြသော်လည်း သမိုင်းအထောက်အထား ခိုင်လုံမှုမရှိပေ။ အီစွတ်မှာ အလွန်အရုပ်ဆိုးပြီး မသန်စွမ်းသော ကျေးကျွန်တစ်ယောက်သာ ဖြစ်သည်။ ပုံပြောကောင်းလှသဖြင့် ကျေးကျွန်ဘဝမှ လွတ်မြောက်ကာ နောင်အခါ၌ ဘုရင်၏ သံတမန်ရေးရာ တာဝန်ခံဖြစ်လာသူဟူ၍လည်း ပြောဆိုကြသည်များရှိသည်။ ဂရိပညာရှိဖြစ်သူ ဆိုကရေးတီးက သူ၏ အကျဉ်းထောင်အတွင်းနေခဲ့ရသည့် နောက်ဆုံးရက်များအတွင်း အီစွတ်၏ပုံပြင်များကို ကဗျာစပ်ဆိုခဲ့သေးသည်ဟု ဆိုကြသည်။ အီစွတ်ပုံပြင်များကို ပြုစုထိန်းသိမ်းသူများအနက် အေဒီပထမရာစုက ရောမဂန္ထဝင်စာရေးဆရာနှင့်ပုံပြောဆရာဖြစ်သူ ဖေးဒရပ်(စ်) (Phaedrus) နှင့် အေဒီ ၂ ရာစုအတွင်း







အီစွတ်၏ ပုရွက်ဆိတ်နှင့် နံကောင်ပုံပြင် တံဆိပ်ခေါင်း (၂)မျိုး (ဆန်မာရီနိုနှင့်ဟန်ဂေရီနိုင်ငံ)



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ခဲ့သည့် ဂရိကဗျာဆရာ ဘက်ရီးယပ်(စ်) (Babrius) တို့မှာ မှတ်တမ်းဝင်သူများ ဖြစ်ကြသည်။

သို့ရာတွင် ခေတ်သစ်စာဖတ်ပရိသတ်များထံ အီစွတ်ပုံပြင်များကို အရောက်ပို့ဆောင်ခဲ့သူမှာ ပြင်သစ်နိုင်ငံမှ ဂျွန်ဒီလာဖောင်တိန်း ဖြစ်သည်။ ပြင်သစ်နိုင်ငံ၏ (၁၄) ယောက်မြောက် လူဝီဘုရင်လက်ထက် ၁၆၂၁-၉၅ ခုနှစ်များအတွင်း လာဖောင်တိန်းက ပုံပြင်ပေါင်း (၂၃၉) အုပ် ရေးသား ထုတ်ဝေခဲ့သည်။ ဆက်လက်၍ ၁၆၉၃ခုနှစ်နောက်ပိုင်း၌ (၁၂) အုပ် ထပ်မံထုတ်ဝေခဲ့သည်။

ဂျွန်ဒီလာဖောင်တိန်းမှာ တံဆိပ်ခေါင်းနှင့် ကင်းကွာသူ မဟုတ်ပါပေ။ သူ၏ (၃၅၀) နှစ် မြောက် မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုနာကိုနိုင်ငံမှ လာဖောင်တိန်းတံဆိပ်ခေါင်းကို ၁၉၇၁ ခုနှစ်က ထုတ်ဝေခဲ့သည်။ ထိုတံဆိပ်ခေါင်းတွင် မြေခွေးနှင့်ကျီးကန်း၊ မြေခွေးနှင့်ငှက်ကျား၊ ယုန်နှင့်လိပ် စသည့်ပုံပြင်များကို တံဆိပ်ခေါင်းနောက်ခံအဖြစ် သရုပ်ဖော်ထားသည်ကို မြင်တွေ့နိုင်ပေသည်။ လာဖောင်တိန်း၏ မိခင်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံမှလည်း ၁၉၉၅ ခုနှစ်က လာဖောင်တိန်း ကွယ်လွန်သည့်နှစ် (၃၀၀) ပြည့်အထိမ်းအမှတ်အဖြစ် တံဆိပ်ခေါင်း (၆) လုံးတွဲ ထုတ်ဝေခဲ့သည်။ ရုရှားနိုင်ငံမှ အီစွတ်ပုံပြင်များကို ပြန်လည် အသက်သွင်းခဲ့သည့် ပုံပြောဆရာဖြစ်သူ အိုင်ဗင်ခရိုင်လော့(ဗ်) အတွက်လည်း မိခင်ရုရှားနိုင်ငံမှ ၁၉၅၉ ခုနှစ်က ဂုဏ်ပြုတံဆိပ်ခေါင်းတစ်မျိုး ထုတ်ဝေခဲ့သေးသည်။

(မြန်မာနိုင်ငံမှလည်း ကာတွန်းဆရာကြီး ဦးဘဂျမ်း၊ စာရေးဆရာကြီး ပီမိုးနင်း အစရှိသည့် စာပေပညာရှင်ကြီးများကို တံဆိပ်ခေါင်းဖြင့် ဂုဏ်ပြုထုတ်ဝေသင့်ပေသည်-စကားချပ်)

အီစွတ်ပုံပြင်များ၏ မူလပိုင်ရှင်ဖြစ်သော ရှေးဟောင်းဂရိပုံပြောဆရာကြီးအီစွတ်၏ ဂရိပုံစံ ကိုယ်လုံးတစ်ဝက်ရုပ်တုကို ဂရိနိုင်ငံ၌ ထုလုပ်ထားရှိကြောင်းလည်း သိရှိရသည်။

**၁ အီစွတ်ပုံပြင်တံဆိပ်ခေါင်းများ**

အီစွတ်ပုံပြင် မြောက်မြားစွာရှိသည့်အနက် ထိုပုံပြင်များကို တံဆိပ်ခေါင်းများပေါ်၌ ပုံနှိပ်ထုတ်ဝေသည့် အရေအတွက်မှာ အနည်းငယ်သာရှိသည်။ ထိုအနည်းငယ်သာ ထုတ်ဝေထားသည့် အီစွတ်ပုံပြင်တံဆိပ်ခေါင်းထဲများမှ ဤ ဆောင်းပါးအတွက် အချို့ကို နမူနာအဖြစ် ရေးသားဖော်ပြပြီး တံဆိပ်ခေါင်းပုံအနည်းငယ်ကိုသာ ရုပ်ပြနမူနာအဖြစ် ပြသသွားပါမည်။

**(က) ယုန်နှင့်လိပ်။ ။** ယုန်ဟူသည့်သတ္တဝါမှာ လျင်မြန်သွက်လက်စွာ လှုပ်ရှားနိုင်ပြီး လိပ်ဟူသည်မှာ ခြေလေးချောင်းကို မြေမှာယက်ကာ ဖြည်းညင်းစွာ လှုပ်ရှားသွားလာရသောသတ္တဝါဖြစ်ကြောင်း လူအများသိရှိကြသည်။ အီစွတ်ပုံပြင်ထဲ၌ တစ်နေ့သော် လိပ်၏နှေးကွေးမှုအပေါ် ပြက်ရယ်ပြုလိုသည့် ယုန်က 'အပြေးပြိုင်မလား' ဟု လိပ်ကို မေးလာသည်။ ထိုအခါ 'ပြိုင်မယ်' ဟူသောအဖြေကို ယုန်က အံ့သြစွာကြားလိုက်ရသည်။ ယုန်၏စိတ်ထဲတွင်တော့ ရယ်ချင်နေသည်။ အလွန်နှေးကွေးစွာ သွားလာရသော လိပ်လိုသတ္တဝါက အပြေးမြန်လှသည့် သူ့လိုယုန်မျိုးကို အပြေးပြိုင်မည်ဟုပြောလာသောကြောင့် ဖြစ်သည်။ သို့နှင့် လက်တွေ့အပြေးပြိုင်ရန်အတွက် တာထွက်ရမည့်နေရာ၊ ပန်းဝင် ရမည့်ပန်းတိုင်တို့ကို သတ်မှတ်ပြီး သတ်မှတ်သောအချိန်အတိအကျတွင် အပြေးပြိုင်ပွဲစတင်တော့သည်။ တာထွက်လျှင်ထွက်ချင်း ယုန်မှာ တအားကုန်ပြေးရာ ပန်းတိုင်နှင့် မလှမ်းမကမ်း ချုံပုတ်အရောက်တွင် မလွဲမသွေ အောင်နိုင်မည်ကို သိထား၍ အနားရောက်မှ အမြန်ပြေးအနိုင်ယူမည်ဟု စိတ်ထဲမှ ပြောဆိုလျက် ချုံပုတ်တွင်းဝင်ပြီး အနားယူ အိပ်စက်လိုက်သည်။ အချိန်အတန်ကြာ အိပ်ပျော်နေရာမှ နိုးလာပြီး မျက်စိဖွင့်ကြည့်သော် လိပ်မှာ ပန်းဝင်ရန် တစ်လှမ်း၊ နှစ်လှမ်းသာလိုတော့သည်ကို တွေ့လိုက်ရသည်။ ထိုအခါမှ လန့်ဖျပ်ပြီး ယုန်က ပန်းဝင်ရန် ပန်းတိုင်ဆီသို့ အမြန်ပြေးပါသော်လည်း လိပ်က သူ့ထက်ဦးပြီး ပန်းဝင်နိုင်လိုက်သည်ကို မြင်လိုက်ရတော့သည်။ အပြေးပြိုင်ပွဲ၌ လိပ်က အနိုင်ရသွားတော့သည်။

ဤပုံပြင်လေးမှာ အီစွတ်ပုံပြင်များအနက် လူသိအများဆုံးနှင့် အထင်ရှားဆုံးပုံပြင်ဖြစ်သည်။ ကျောင်းသားလူငယ်များအတွက် သင်ခန်းစာပေးသောပုံပြင်တစ်ခုဟုဆိုရသော်လည်း လူကြီး၊လူငယ်အားလုံးအတွက်မှတ်သားလောက်သည့်ပုံပြင် ဖြစ်သည်။ သူတစ်ပါးကို အထင်သေးပြီး လျှော့တွက်မထားရန် သတိပေးထားသလို အလုပ်တစ်ခုကို စွဲစွဲမြဲမြဲဖြင့် ဖြည်းဖြည်းနှင့် မှန်မှန်လုပ်ဆောင်သွားလျှင် အောင်မြင်နိုင်ကြောင်းကိုလည်း သင်ခန်းစာပေးထားသောပုံပြင် ဖြစ်ပါသည်။

ယုန်နှင့်လိပ်ပုံပြင်တံဆိပ်ခေါင်းများကို ပြင်သစ်နိုင်ငံ၊ ဒဟိုမီနိုင်ငံ၊ ဟန်ဂေရီ၊ ဂရိ ဆိုက်ပရပ်နှင့် သီရိလင်္ကာနိုင်ငံများမှ ထုတ်ဝေခဲ့ဖူးသော်လည်း နမူနာရုပ်ပုံပြထားသောတံဆိပ်ခေါင်းများမှာ ဂရိနိုင်ငံမှ ယုန်အိပ်ပျော်နေချိန်၌ လိပ်က ကျော်တက်သွားပုံကို တံဆိပ်ခေါင်းပေါ်တွင် သရုပ်ဖော်ထားသည်။ ဟန်ဂေရီနိုင်ငံမှ မက်ဆီမန်ကတ်မှာ လိပ်ကတဖြည်းဖြည်းသွားနေသည်ကို ယုန်ကလက်ပြနှုတ်ဆက်ပြီး ပက်လက်လှန်နားနေပုံဖြင့် သရုပ်ဖော်ထားသည်။

**(ခ) မြေခွေးနှင့်ကျီးကန်း။ ။** ပုံပြင်များထဲ၌ မြေခွေးကို ဉာဏ်များသည့် ဇီလိန်လူဆိုးနေရာမှာထားလေ့ရှိသည်။ ဤအီစွတ်ပုံပြင်ထဲ၌ ကျီးကန်းမှာ အိမ်တစ်အိမ်မှ အလစ်သုတ်ခိုးယူလာခဲ့သော ဒိန်ခဲကို ကိုက်ချီလျက် တောစပ်ရှိ သစ်ပင်တစ်ပင်ပေါ်တွင် နားနေသည်။ ဤသို့ ကျီးကန်းဒိန်ခဲရလာသည်ကို ဆာလောင်မွတ်သိပ်နေသော မြေခွေးက တွေ့ရသောအခါ မိတ်ဆွေကျီးကန်းကို စကားလုံးအလှများဖြင့် ချီးမွမ်းခန်းဖွင့်တော့သည်။ အမွေးအတောင်များ စိုပြည်လှပုံ၊ လျင်မြန်ဖျတ်လတ်ပုံ၊ လေထဲ၌ ... သန်းသည့်ပုံစံကောင်းလှပုံတို့ကို မြေခွေးက အတောမသတ်ပြောတော့သည်။ ဤမျှ လှပ လျင်မြန်သည့် ကျီးကန်း ... သီချင်းဆိုရာတွင်လည်း အသံကော ... သာယာလှမည်မှာ သေချာလှကြောင်း ... သို့သော် ကျီးကန်းသီဆိုသည့်သီချင်း ... ကို တစ်ကြိမ်တစ်ခါမျှ မကြားဘူး ... သီချင်းဆိုပြပါရန် မြေခွေးက တောင်း ... တော့သည်။ ကျီးကန်းလည်း မိမိ ... မြှောက်ပင့်မှန်းမသိတော့အောင် ... ဘဝင်မြင့်ပြီး သီချင်းဆိုရန် နှုတ်သီး ... ဟ,လိုက်ရာ ကိုက်ချီထားသောဒိန်ခဲ ... ပြုတ်ကျပြီး အဆင်သင့်ဟ,ထား ... မြေခွေးပါးစပ်အတွင်းသို့ ကျသွား ... သည်။ ဒိန်ခဲလွတ်ကျခဲ့ရသော ကျီး ... ကို မြေခွေးက ထွက်ခွာမသွား ... လိုက်သေးသည်မှာ 'အမှန်ပင် ... ၏အသံက ချိုမြိန်လှပါသည်' ဟု ... သည်။ သင်ခန်းစာရယူရန်မှာ ... အနီးဝန်းကျင်မှ မြှောက်ပင့် ...



www.burmeseclassic.com

www.burmeseclassic.com

သူများကို သတိပြုရန် ဖြစ်သည်။

အမေရိကန်သမ္မတအေဘရာဟင် လင်ကွန်းကတော့ -

❑ မိမိပါးစပ်ကိုဖွင့်ပြီး သံသယ အားလုံးကို ပယ်ဖျက်ပစ်မည့်အစား ပါးစပ်ပိတ်၍ စဉ်းစားချင့်ချိန်က ပိုကောင်း၏။

ဟု ပြောဆိုဖူးလေသည်။

မြေခွေးနှင့်ကျီးကန်းပုံပြင်တံဆိပ်ခေါင်းများကို ပိုလန်၊ နိုင်ဂျီးရီးယား၊ ဂရိ၊ ဟန်ဂေရီနှင့် မောလ်ဒိုက်နိုင်ငံတို့မှ ထုတ်ဝေခဲ့ရာ ပိုလန်နိုင်ငံနှင့် ဂရိနိုင်ငံမှတံဆိပ်ခေါင်းများဖြင့် နမူနာပြသထားသည်။

**(ဂ) မြေခွေးနှင့်စပျစ်ခိုင်။ ။** အီစွတ်ပုံပြင်များထဲ၌ မကောင်းသောစိတ်မွေးမြူသည့် မြေခွေးထံမှ သင်ခန်းစာများကို ဖော်ထုတ်ယူလေ့ရှိသည်။ ယခု ပုံပြင်၌ ဆာလောင်မွတ်သိပ်နေသော မြေခွေးက တစ်ကိုယ်တော်ဇာတ်ကောင်အဖြစ် တောလမ်းတစ်လျှောက်လာခဲ့ရာ တစ်နေရာအရောက်တွင် စပျစ်ပင်တစ်ပင်မှ စပျစ်ခိုင်များ ပြွတ်သီးနေသည်ကို တွေ့ရတော့သည်။ အလွန်ချိုမြိန်လှသည့်စပျစ်သီးများဖြစ်မည်ကို သိထားသည်။ စပျစ်ပင်၏ တစ်နေရာတွင် အနိမ့်ဆုံးကိုင်းကျနေသော စပျစ်ခိုင်တစ်ခိုင်ကို တွေ့လိုက်ရာ မြေခွေးက ခုန်၍ပါးစပ်ဖြင့် ဆပ်လိုက်သည်။ သို့သော် အတန်ငယ်မြင့်နေသောကြောင့် မြေခွေးက နောက်တစ်ကြိမ် ခုန်ဟပ်သော်လည်း မရချေ။ ဤသို့ဖြင့် အကြိမ်ကြိမ်ခုန်သော်လည်း စပျစ်ခိုင်ကို မမီနိုင်ဖြစ်နေရာ မြေခွေးမှာလည်း မောပန်းနွမ်းနယ်ပြီး ခုန်နိုင်အားမရှိတော့ပေ။ နောက်ဆုံး၌ စပျစ်ခိုင်ကို လုံးဝ မကြိုးစားတော့ဘဲ -

"အလကား စပျစ်သီးတွေ၊ စားကြည့်လည်း ချဉ်မှာပါ"

ဟု မှတ်ချက်ချကာ ထွက်ခွာသွားတော့သည်။

လူ့လောက၌ မိမိတို့ မရနိုင်၊ မမီသော ဘဝအခြေအနေ၊ ဥစ္စာပစ္စည်းတို့ မရရှိသောအခါ ထိုအခြေအနေ၊ ပစ္စည်းတို့ကို စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်းပြောတတ်ကြသည်။ ထိုသို့ပြောဆိုမှုအခါမျိုးကို 'စပျစ်သီးချဉ်သည်'ဟု ခေါ်ဆိုလေ့ရှိကြသည်။ စပျစ်ခိုင်နှင့် မြေခွေးပုံပြင်ကို တံဆိပ်ခေါင်းများပေါ်တွင် ပုံနှိပ်ထုတ်ဝေထားသည့် နိုင်ငံများမှာ ဂရိနိုင်ငံနှင့် အယ်(လ်)ဘေးနီးယားနိုင်ငံတို့ ဖြစ်သည်။

**(ဃ) မြေခွေးနှင့် ငှက်ကျား။ ။** မြန်မာစကားပုံဖြင့် 'ပုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်' ဟူ၍ ပြောဆိုကြသည်မှာ သူတစ်ပြန်ကိုယ်တစ်ပြန် ပြောဆိုလုပ်ကိုင်ကြသည့်ဖြစ်ရပ်များကိုညွှန်းခြင်း ဖြစ်သည်။ အီစွတ်ပုံပြင်ထဲ၌ မြေခွေးက ငှက်ကျားကို ဖိတ်ကြား၍ အနံ့အရသာနှင့် ပြည့်စုံသော စွပ်ပြုတ်ဟင်းချိုဖြင့် တည်ခင်းဧည့်ခံသည်။ သို့သော် ဟင်းချိုရည်ကို လင်ပန်းထဲ၌ထည့်၍ကျွေးရာ နှုတ်သီးရှည်ဖြင့် ငှက်ကျားမှာ မည်သို့မျှ သောက်၍မရဘဲ ပြန်ခဲ့ရလေသည်။ ဤသည်မှာ မြေခွေး၏ ယုတ်မာသော စိတ်ဓာတ်ဖြင့် သက်သက်အရှက်ခွဲခြင်း ဖြစ်သည်ကို သိရသည့် ငှက်ကျားမှာ မြေခွေးကို တစ်ဖန် ပြန်လည်၍ ဖိတ်ကြားပြီး ဘုရားပန်းအိုးကဲ့သို့သော ရှည်မျောသည့် ခွက်ဖြင့် စွပ်ပြုတ်ဟင်းချိုကို ထည့်ကျွေးရာ နှုတ်သီးတိုသည့်မြေခွေးက သောက်မရတော့ဘဲ ပြန်သွားရတော့သည်။ အင်္ဂလိပ်ဆိုရိုးတစ်ခုရှိသည်မှာ မိမိက သူတစ်ပါးအပေါ် မကောင်းကြံ၍ပြုလုပ်လျှင် သူတစ်ပါးကလည်း မိမိကို ထိုသို့ ပြန်လုပ်လိမ့်မည် ဟူ၍ ဖြစ်သည်။ မြေခွေးနှင့်ငှက်ကျားပုံပြင်တံဆိပ်ခေါင်းများကို ဟန်ဂေရီနိုင်ငံ၊ ဒဟူမီနိုင်ငံနှင့်ဘာရွန်ဒီနိုင်ငံတို့မှ ထုတ်ဝေထားသည်ကို တွေ့ရသည်။

**(င) ပုရွက်ဆိတ်နှင့် နှံကောင် ။ ။** ပုရွက်ဆိတ်မှာ အလွန်အလုပ်လုပ်သော သတ္တဝါ ဖြစ်သည်။ နွေ၊မိုး၊ဆောင်းရာသီမရွေး အလုပ်လုပ်သည်။ ရာသီဥတုအခြေအနေ သာယာကောင်းမွန်သော နွေနှင့် ဆောင်းရာသီ၌ ပုရွက်ဆိတ်မှာ စားနပ်ရိက္ခာဖူလုံအောင် မပျင်းမရိရှာဖွေစုဆောင်းလျက်ရှိသည်။ နှံကောင်မှာမူ ရာသီဥတုသာယာချိန်၌ သီချင်းဆို၊ ကခုန်ပျော်ပါးလျက်သာနေခဲ့သည်။ မိုးရာသီရောက်၍ အစာရေစာရှားပါးချိန်၌ ပုရွက်ဆိတ်မှာ စုဆောင်းထားရှိသော စားနပ်ရိက္ခာများနှင့် စားသောက်နေထိုင်နိုင်သော်လည်း အခြေအနေပေးစဉ်က အလုပ်မလုပ်ခဲ့သော နှံကောင်မှာ စားရမဲ့သောက်ရမဲ့ဖြင့် ဒုက္ခကြုံတွေ့ရတော့သည်။ 'ဂါသာတုန်းဗိုင်းငင်၊ အချိန်ရှိခိုက်လုံ့လစိုက်' စသည့်စကားပုံများနှင့် ကိုက်ညီသော ပုံပြင်တစ်ပုဒ် ဖြစ်သည်။ ပုရွက်ဆိတ်နှင့်နှံကောင်ပုံပြင်သရုပ်ဖော်တံဆိပ်ခေါင်းထုတ်ဝေထားသော နိုင်ငံများမှာ ဟန်ဂေရီ၊ ဆန်မာရီနို၊ အယ်(လ်)ဘေးနီးယားနှင့် ဆိုက်ပရပ်(စ်)နိုင်ငံများ ဖြစ်သည်။

**(စ) ရွှေဥဥသည့်ဘဲ။ ။** လူသားတို့၏လောဘစိတ်ကို ညွှန်ပြသည့် ပုံပြင်များစွာရှိသည့်အနက် အီစွတ်ပုံပြင်မှ 'ရွှေဥဥသည့်ဘဲ' ပုံပြင်မှာ လောဘဇောကြောင့် ဆုံးရှုံးပျက်သုဉ်းရသည့်ဖြစ်ရပ်ကို နမြောတသစွာဖြင့် ဖတ်ရှုရပေမည်။ ဆင်းရဲနွမ်းပါးသူတစ်ဦးထံ၌ ထူးခြားဆန်းပြားသည့် ဘဲငန်းတစ်ကောင် ရရှိလာသည်။ ထိုဘဲငန်းမှ တစ်နေ့လျှင် ရွှေအတိပြီးသော ရွှေဥတစ်လုံးဥပေးလေ့ရှိသည်။ ဤသို့ဖြင့် သုံး၊ လေးရက်ခန့် ရွှေဥများရပြီးသော် တစ်နေ့လျှင် ရွှေဥတစ်လုံး ဥပေးသည်ကို အားမရတော့ဘဲ ထိုဘဲငန်းကို သတ်လိုက်လျှင် ဝမ်းဗိုက်ထဲ၌ များပြားလှသည့်ရွှေများ တစ်ခဏအတွင်း ရရှိလာမည်ကို တွေးတောစိတ်ကူးပြီး ဘဲငန်းကိုသတ်လိုက်ရာ ထိုနေ့မှစ၍ ဘဲငန်းလည်းသေ၊ ရွှေဥလည်း မရရှိတော့ပေ။ 'ရွှေဥဥသည့်ဘဲငန်း' ပုံပြင်ကို ဂျာစီကျွန်းနိုင်ငံမှ တံဆိပ်ခေါင်းထုတ်ဝေထားရှိသည်။

အထက်ဖော်ပြပါ အီစွတ်ပုံပြင်တံဆိပ်ခေါင်းများဆိုင်ရာဆောင်းပါးကို ဖတ်ရှုပြီးနောက် တံဆိပ်ခေါင်းဝါသနာရှင်များအနေဖြင့် 'အီစွတ်ပုံပြင်တံဆိပ်ခေါင်းများ' ဟူသော ခေါင်းစဉ်ဖြင့် 'အရန်တံဆိပ်ခေါင်းစုဆောင်းမှု' အဖြစ် ရှာဖွေ စုဆောင်းနိုင်ပေသည်။ အရန်စုဆောင်းခြင်းဟူသည်မှာ ရှာဖွေရရှိရန်ခက်ခဲသော တံဆိပ်ခေါင်းအနည်းငယ်ကို ခေါင်းစဉ်တပ်၍ အရန်သဘောအဖြစ် စုဆောင်းခြင်းကို ဆိုလိုသည်။ တံဆိပ်ခေါင်းဝါသနာရှင် မဟုတ်သူများကလည်း ဒဏ္ဍာရီပုံပြင်များကို တံဆိပ်ခေါင်းစုဆောင်းခြင်းဖြင့် လေ့လာလိုပါက ကမ္ဘာ့နိုင်ငံအသီးသီးမှ ပုံပြင်ဆိုင်ရာတံဆိပ်ခေါင်းများကို ရှာဖွေစုဆောင်း၍ လေ့လာနိုင်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

ကြည်သွင်


**ကိုးကားမှုများ -**

- J. Dugdale " Absolutely fabulous! " STAMP MAGAZINE, February 2014.
- Wikipaedia (2013) " Aesop's Fables "

www.burmeseclassic.com

# ဖုန်းရွှေပညာသိကောင်းစရာ

ဦးအောင်လှိုင်(သုဝဏ္ဏ)



**အောင်မြင်မှုဆီသို့ ဦးတည်လျှောက်လှမ်းနိုင်သည့် လျှို့ဝှက်တံခါးပေါက်**

ဘဝတစ်သက်တာအောင်မြင်မှုဆီသို့ ဦးတည် လျှောက်လှမ်းနိုင်သည့် လျှို့ဝှက်တံခါးပေါက်မှာ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်းဆိုင်ရာကွာနေရာပင် ဖြစ်သည်။

အောင်မြင်မှုဆီသို့ ဦးတည်သောနေရာဖြစ်ခြင်းကြောင့် ၎င်းနေရာတွင် အမြဲတစေ သန့်ရှင်းနေစေရန် လိုအပ်ပြီး ကောင်းသောချီဓာတ် ဝင်ရောက်ခြင်းအားဖိတ်ခေါ်နိုင်သည့်အနေအထားဖြစ်ရန် လိုပါသည်။

ထို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာနေရာ၌ (တံခါးပေါက်တွင်) ခေါင်းလောင်းတပ်ထားပေးပါ။

အကယ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာတွင် တံခါးနှစ်ထပ်ရှိနေပါက တံခါးတစ်ချပ်အားပိတ်မထားရ။ တံခါးတစ်ချပ်ပိတ်ထားပါက ကောင်းသော ချီဓာတ်တစ်ဝက်သာ ဝင်ရောက်နိုင်ပါသည်။

တံခါးပေါက်နေရာအတွက် အကာအကွယ် လိုအပ်သည်ဆိုပါက ဖူဒေါ့ (Foo dogs) ခွေးနှစ်ကောင်ရုပ်တု (သို့) မှန်အား တံခါးဝတွင်ထားရှိပါ။

အရှေ့အဝင်ဝ တံခါးပေါက်နေရာ၌ ချီဓာတ်ဝင်ရောက်မှုကို ဟန့်တားစေသည့်ပန်းအိုး၊ ပန်းပင်များမထားရှိရ။

အိမ်အမှတ်၊ လိပ်စာကိုပြသည့် ကိန်းဂဏန်းများအား (ဥပမာ $2_{8_4}$)ဟူ၍ ရေးသား ချိတ်ဆွဲခြင်း မပြုရ။

သင်သည် အသက်မွေးဝမ်းကျောင်းကွာရှိရာအရှေ့တံခါးဝနေရာအား ဖုန်းရွှေအရ အကာအကွယ် ပြုလုပ်လိုပါက တံခါးအား အနီရောင်ဆေးသုတ်ပေးပါ။

အကယ်၍ အရှေ့တံခါးသို့ မရောက်မီ လှေကားထစ်အနည်းငယ်ရှိပါက တံခါးအား အပြင်အက်သို့ဖွင့်ရာ၌ လှေကားမှချော်ကျနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

တံခါးအဖွင့်အပိတ်လုပ်ရာ၌ တံခါးဖွင့်လိုက်သည့်အခါ တံခါးနောက်ရှိနေသည့်နေရာ၌ မည်သည့်ပစ္စည်းမျှ သိုမှီးထားခြင်း မရှိစေရပါ။

တံခါးအား အမြဲတစေ သန့်ရှင်းဆေးကြောမှုလုပ်ပေးပါ။

သင်နေထိုင်ရာ အိပ်ခန်းသည်ဟော၊ နေရာ၏အဆုံးစွန်တွင် တည်ရှိ... က ဖြတ်သန်းသွားလာသူတို့ထံမှ ထွက်... သော မကောင်းသော ချီဓာတ်များ... ကာကွယ်ရန် ကြည့်မှန်များ၊ ရေအ... အရင်များအား အိမ်ရှေ့တံခါးဝနေရာ... ထားရှိပေးနိုင်သည်။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာ၌... နေသည့် အတားအဆီးများအား ဖယ်ရှား... ရှင်းလင်းခြင်း**

စာရေးသူ၏ မိတ်ဆွေတစ်ဦး... စီးပွားရေး ချွတ်ခြုံကျလာခြင်းကြော... ဖုန်းရွှေအစီအရင်ဖြင့် အသက်မွေး... ကျောင်းဆိုင်ရာ ကွာအား စွမ်းအင်မြှင့်... ရန် စီစဉ်ခဲ့သည်။


စာရေးသူ၏ မိတ်ဆွေအမျိုးသမီး... မှာ မကြာသေးမီက သားသမီးရလာ... ကြောင့် ကျဆင်းနေသည့် စီးပွား... အခြေအနေအပေါ် စိုးရိမ်ပူပန်လျှ... သည်။

ထို့ကြောင့် ရုံးပိတ်ရက်ရော... သည်နှင့် ကြီးပွားချမ်းသာခြင်း ... အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာ... ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ ကွာ... ရှိ ချုံနွယ်ပိတ်ပေါင်းများအား ... အောင် ရှင်းလင်းခဲ့သည်။

ဖုန်းရွှေအစီအရင်များ ပြုလုပ်... နောက် စာရေးသူ၏မိတ်ဆွေအမျိုး... ဝမ်းမြောက်စရာနှင့် ကြုံတွေ့ခဲ့ရ... ယင်းမှာ သူမခင်ပွန်းသည်အား လ... ဗီးဂတ် (စ်) ရှိ မီဂါကော်ပိုရေးရှ... ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်...

*DON'T BLOCK YOUR CH'I BY BLOCKING ANY PART OF YOUR ENTIRE FRONT DOOR.*

*HANG ADDRESS NUMBERS LEVEL, DON'T HANG NUMBERS GOING DOWN LIKE THIS.*




**အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာရှိရာ အိမ်ရှေ့တံခါးဝနေရာ၌ မထားရှိသင့်သောပုံစံများပြပုံ**



www.burmeseclassic.com

www.burmeseclassic.com




PAINT YOUR FRONT DOOR RED
IF YOU LIVE HERE TO DEFEND AGAINST ARROW CH'I.

**အဆိပ်မြှားဝင်ရောက်ခြင်းမှ အကာအကွယ်ဖြစ်စေရန်**
**အရှေ့တံခါးအား အနီရောင်ဆေးသုတ်ထားပုံ**

ဆင့်ခေါ်ခံရခြင်းပင် ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအနီးရှိနေသည့်ပန်းချီများအား လှပအောင်ညှပ်၍ ပုံသွင်းခြင်းလုပ်ပေးပါက ချီဓာတ်ဝင်ရောက်နိုင်မှုအတွက် ကောင်းစွာအထောက်အကူပြုပါသည်။ ထို့အတူ ကြီးပွားချမ်းသာခြင်းကွာနှင့် ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာ၌ စွမ်းအင်မြှင့်ပေးပါကလည်း စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

အိမ်အရှေ့ဘက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာနေရာတွင် သဘာဝရှုခင်းသဖွယ် ပန်းခြံတစ်ခုထားရှိမည်ဆိုပါက ၎င်းကွာအား သိသာစွာ ထိခိုက်စေမည့်ပုံစံမဖြစ်အောင် ပန်းခြံအနေအထားအား ကောင်းမွန်စွာ စီရင်တတ်ရန် လိုအပ်သည်။

အကယ်၍ အသက်မွေးဝမ်းကျောင်းကွာအရှေ့တည့်တည့်မှ ပန်းခြံတည်ရှိပုံအနေအထား မကောင်းပါက ၎င်းကွာအား ထိခိုက်စေမည်ကို သတိပြုပါ။

အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် ဘဝလမ်းကြောင်း ကွာအား ချီဓာတ်ဝင်ရောက်နိုင်စေရန် အောက်ပါ အစီအရင်များ ပြုလုပ်ရသည်။

၁။ မချက်ပြုတ်ရသေးသည့် ဆန်အချို့အား ဇလုံတွင်ထည့်ပါ။ ထိုနည်းအတိုင်း နေ့စဉ် ဇလုံအတွင်းသို့ ဆန်အနည်းငယ်/အချို့စီ ထည့်ထည့်ပေးပါ။ ရက်ပေါင်း (၃၀) ကြာသည်အထိ ထိုအတိုင်း ပြုလုပ်ပါ။

၂။ သင်အလိုရှိသောပစ္စည်းများအားရေးချပါ။ သင်လုပ်ကိုင်မည့်အသက်မွေးဝမ်းကျောင်းအမည်အား စာရွက်တွင်ချရေးပါ။


အလိုရှိသည့် ပစ္စည်းတစ်မျိုးစီအလိုက် စာရွက်တစ်ရွက်စီတွင် ရေးပေးပါ။ ထို့နောက် ရေးပြီးသော စာရွက်များအားခေါက်ပြီး ဇလုံအတွင်းထည့်ပါ။ စာရွက်ခေါက်များအား ဇလုံအတွင်း ဇွန်းကြီးဖြင့် နေ့စဉ် (၉) ရက်ကြာအောင် မွှေပေးပါ။ ထိုအခါ အလိုဆန္ဒအားလုံး ပြည့်စုံရမည် ဖြစ်သည်။

သင်သည် အလုပ်အကိုင်သစ်တစ်ခုရှာဖွေနေသည်ဆိုပါက အိမ်ရှေ့တံခါးဝ အနီး သတ္တုဆည်းလည်း (သို့) ခေါင်းလောင်း ချိတ်ဆွဲထားပေးပါ။

ထို့နောက် ကူညီတတ်သူများဆိုင်ရာ ကွာသို့ သွား၍ ငွေဖလားအတွင်း စာရွက်တစ်ရွက်ကိုထားရှိပါ။ ထို့နောက် ပါးစပ်မှ 'အကောင်းဆုံး အသက်မွေးဝမ်းကျောင်းအတွက်အခွင့်အရေး ငွေဖလားထဲတွင်ရှိပါစေ' ဟု ရွတ်ဆိုပါ။

သင်သည် အလုပ်အကိုင်ကောင်းရရှိ၍ စိတ်ပျော်ရွှင်မှုရသော်လည်း ကုမ္ပဏီအတွင်း အနည်းငယ်တိုးတက်လို စိတ်ရှိနေပါက (သို့) ရာထူးတိုးလိုပါက ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာသို့သွား၍ လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးပါ။ ထို့နောက် ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ ကွာ၌ အနီရောင်ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး အစိမ်းရောင်ရှိ အပင်တစ်ပင်စိုက်ပေးပါ။ ထို့နောက် သင်နှစ်သက်သော ကမ္ဘာကျော်သူရဲကောင်းတစ်ဦး

PAINT YOUR DOOR RED, OR RUN A RED PIECE
OR TAPE ACROSS THE BOTTOM OF THE DOOR
OR ACROSS THE TOP OF THE MOULDING
TO SLOW DOWN SPEEDING CH'I.



**(ချီဓာတ်အလျင်အမြန်ဝင်ရောက်ခြင်းအား အရှိန်လျော့ကျစေရန် တံခါးဝအား အနီရောင်ဆေး အနီရောင်တိပ်တို့ဖြင့် စီမံထားပုံ)**
**(မိမိနေထိုင်ရာ အထပ်မြင့်တိုက်ခန်းသည် ဟောခန်းအဆုံးသတ်နေရာတွင် ရောက်နေပါက ချီဓာတ်ဝင်ရောက်နိုင်မှုနှင့် မကောင်းသောဘေးရန်တို့မှ အကာအကွယ်ဖြစ်စေရန် ဆေးအနီရောင်သုတ်ထားပုံ)**



www.burmeseclassic.com

www.burmeseclassic.com

၏ ရုပ်ပုံကားချပ်တစ်ခု ချိတ်ဆွဲပေးပါ။

ထိုအခါ ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ ကွာမှ မြင့်တက်လာသော စွမ်းအင်အရှိန်ဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာ ကွာပါ စွမ်းအင်မြင့်တက်လာမည် ဖြစ်သည်။

သင်သည် အလုပ်ရှင်သူဌေးနှင့် အဆင်ပြေသောဆက်ဆံရေးဖြစ်လိုပါက သူဌေးအမည်နှင့် ကုမ္ပဏီအမည်အား စာရွက်တွင်ရေးသား၍ ကူညီတတ်သူများဆိုင်ရာ ကွာ၌ ထားရှိပေးပါ။

ထို့နောက် ဆက်ဆံရေးအခြေအနေတိုးတက်လိုပါက သူဌေးအမည်နှင့် မိမိအထက်အရာရှိ၏ အမည်တို့အား ပန်းရောင်စာရွက်တွင် ရေးသား၍ ဆက်ဆံရေးဆိုင်ရာ ကွာ၌ ထားရှိပေးပါ။

**လုပ်ငန်းအတွင်း မိမိပိုင်ဆိုင်သော နေရာ၌ ဘုရင်၊ ဘုရင်မအဖြစ် ကြီးစိုးနိုင်ခြင်း**

အိမ်ရှိ မိမိပိုင်နေရာကဲ့သို့ပင် အလုပ်ခွင်အတွင်း မိမိပိုင်နေရာအား ပါ့ကွာအဖြစ် ပုံဖော်ပြီး ကွာ (၉) ခုရအောင် ပြုလုပ်ပါ။

ထို့နောက် ပါ့ကွာအတိုင်း ပေါ်လာသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအား အနေအထားကောင်း၊ မကောင်းစစ်ဆေးပါ။ ထို့နောက် အသက်မွေးဝမ်းကျောင်း ကွာအား ပံ့ပိုးပေးသည့်ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာနှင့် ဆက်ဆံရေးဆိုင်ရာ ကွာ၊ ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာတို့ကိုပါ စစ်ဆေးပေးပါ။

မိမိအလုပ်ခွင်အတွင်းရှိ ကွာနေရာတစ်ခုချင်းအလိုက် လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးပါ။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာ၌ ၎င်းကိုယ်စားပြုရေဓာတ်ပါပစ္စည်း (ရေတံခွန်ပုံပါပြက္ခဒိန်) ချိတ်ဆွဲပေးပါ။ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာ ကွာ၌ လုပ်ငန်းနှင့်ပတ်သက်သောစာအုပ်များ ထားရှိပါ။ မိသားစုဆိုင်ရာကွာ (သို့) ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ ကွာ၌ အပင်ငယ်များ စိုက်ပေးပါ။

ထို့နောက် ဆက်ဆံရေးဆိုင်ရာ ကွာ၌ ချစ်သူစုံတွဲပုံ၊ အကြင်လင်မယားတို့၏ ဓာတ်ပုံများ ချိတ်ဆွဲထားပေးပါ။

ဖန်တီးနိုင်စွမ်းရှိခြင်း ကွာနေရာ၌ သားသမီးများ၏ ဓာတ်ပုံထားရှိပါ။ ထို့နောက် ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာ ကွာ၌ ကမ္ဘာကျော် မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ ရုပ်ပုံများ ချိတ်ဆွဲပေးပါ။

အကယ်၍ အလုပ်ခွင်အတွင်း သင်ထိုင်ရာ စားပွဲမှ ကျောဘက်သည် တံခါးပေါက်နှင့် တန်းနေပါက နေရာအပြောင်းအလဲလုပ်ပါ (သို့) သင့်ထိုင်ခုံနောက်ကျော၌ ကြည့်မှန်တပ်၍ ၎င်းအား တံခါးဘက်သို့ မျက်နှာမူထားပေးပါ။

အကယ်၍ မကောင်းသော ချီဓာတ်များအား တန်ပြန်စေရန် ကြည့်မှန်အသုံးပြုရေးအတွက် အဆင်မပြေပါက အလင်းပြန်နိုင်သော ငွေရောင်ရှိ ပန်းအိုးများ၊ မျက်နှာပြင်ပြောင်လက်ချောမွေ့နေသည့် စတီးအိမ်ပါ ခဲတံ၊ ဖောင်တိန်များ အစားထိုးအသုံးပြုနိုင်ပါသည်။

လုပ်ငန်းခွင်အတွင်း အသုံးပြုနေကျဖြစ်သည့် ကွန်ပျူတာ၊ စကင်(န်)နာ၊ ပရင်တာများသည် ၎င်းတို့ရှိရာ နေရာအပေါ် မူတည်၍ ရုံးခန်းအတွင်း ကောင်းခြင်း၊ ဆိုးခြင်း အမျိုးမျိုးကိုဖြစ်စေသည်။

ကွန်ပျူတာထားရှိသော နေရာသည် ကြီးပွားချမ်းသာခြင်း ရှိရာနေရာနှင့်ဝေးရန် လိုအပ်သည်။


အကယ်၍ လစာစာရင်းများနှင့် စာအုပ်များအား ထားရှိလိုပါက မိသားစုဆိုင်ရာ ကွာ၌ ထားရှိပေးပါ။

အကယ်၍ ဝယ်လက်ဖောက်သည်တို့နှင့်ဆိုင်သောဖိုင်များအား ထားရှိ[illegible] ပါက ကူညီတတ်သူများဆိုင်ရာ ကွာ[illegible] ထားရှိပေးပါ။

ကွန်ပျူတာဖြင့်အလုပ်လုပ်ရသော ဒီဇိုင်းနာများဖြစ်ပါက ဖန်တီးနိုင်စွမ်း[illegible] ခြင်း ကွာနေရာ၌ ကွန်ပျူတာကို ထား[illegible] ပါ။ ထိုကဲ့သို့ သက်ဆိုင်ရာ ကွာအလိုက် ပစ္စည်းများထားရှိပေးနိုင်ခြင်းဖြင့် နေ့စဉ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာ[illegible] အတွက် ကျန်ရှိသော ကွာ (၈) ခု[illegible] လိုအပ်သလို ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

**ဝဲယာ၊အပေါ်၊ အောက်အလိုက်ပစ္စည်းများ ထားရှိခြင်း**

သင့်ဘဝတစ်သက်တာဘဝလမ်း[illegible] ကြောင်း အဆင်ပြေ ချောမွေ့စေ[illegible] အတွက် ပစ္စည်းများအား စီစဉ်တကျ ဝဲ[illegible] ယာ၊ အထက်၊ အောက် ထားရှိပေး[illegible] လိုအပ်သည်။ ဗီရိုထားရှိရာနေရာသ[illegible] ဘဝလမ်းကြောင်းနှင့် ဆက်စပ်လျ[illegible] သည်။ ထို့ကြောင့် အသက်မွေးဝ[illegible] ကျောင်းဆိုင်ရာကွာတွင် စွမ်းအင်မြ[illegible] တင်ပေးသည်နှင့် မိသားစုဆိုင်ရာကွာ[illegible]




ပါ့ကွာ ကားပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးဆိုင်ရာကွာတို့ကို တစ်ခါတည်း စွမ်းအင်မြှင့်ပေးရန် လိုသည်။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာအား စစ်ဆေးရေး**

အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာ၌ စွမ်းအင်မြှင့်စေရန် ဆည်းလည်းချိတ်ဆွဲခြင်း၊ လိုအပ်ပါက မီးအလင်းရောင်ထွန်းပေးခြင်း၊ လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးခြင်းပြုလုပ်ပေးပါ။

**ပန်းမှရရှိသော စွမ်းအင် (ပဲ့ကွာဒေစီပန်း)**

ပန်းမှရရှိသောစွမ်းအင်(သို့)ပဲ့ကွာဒေစီပန်းတစ်ပွင့်ပုံစံရရှိရန် ပထမဦးစွာ (၉) လက်မအရွယ် ပဲ့ကွာအား ရေးဆွဲပြီး စက်ဝိုင်းပုံစံဖြစ်အောင် ဖန်တီးပါ။ ၎င်းစက်ဝိုင်းအား အဝါရောင်ခြယ်ပေးပါ။ ထို့နောက် အဝါရောင်စက်ဝိုင်းအား အလယ်ဗဟိုတွင်ထား၍ ဘေးပတ်ပတ်လည်၌ ပဲ့ကွာငယ် (၈) ခု ရအောင် ရေးဆွဲပါ။ ထိုအခါ ဒေစီပန်းပုံရှိ ပဲ့ကွာဖြစ်လာပါမည်။ ဘေးပတ်ပတ်လည်ရှိ ပဲ့ကွာတစ်ခုစီအလိုက် အရောင်တစ်မျိုးစီ ကိုယ်စားပြုလျက်ရှိအောင် အရောင်ခြယ်ပေးပါ။ ထိုအခါ ပဲ့ကွာဒေစီပန်း၏ အရောင်တစ်ခုစီက ကား၏သက်ဆိုင်ရာနေရာတစ်ခုစီအား ရည်ညွှန်းနေပုံကို ပုံပါအတိုင်း လေ့လာနိုင်ပါသည်။

**အနီရောင်**

ကားအရှေ့ခြမ်း (ထင်ပေါ်ကျော်ကြားခြင်း ကွာ) အား ရည်ညွှန်းသည်။

**ပန်းရောင်**

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာအား ကိုယ်စားပြုသည်။

**အဖြူရောင်**

ဖန်တီးနိုင်စွမ်း၊ သားသမီးများကွာအား ရည်ညွှန်းသည်။

**မီးခိုးရောင်**

ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာအား ရည်ညွှန်းသည်။

**အမည်းရောင်**

အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာအား ဖော်ပြသည်။

**အပြာရောင်**

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာအား ရည်ညွှန်းသည်။


**အစိမ်းရောင်**

မိသားစုဆိုင်ရာကွာအားရည်ညွှန်းသည်။

**ခရမ်းရောင်**

ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာအား ကိုယ်စားပြုသည်။

ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအတွက် စွမ်းအင်မြှင့်တင်ရင်း တစ်ခါတည်း စွမ်းအင်မြှင့်ရန်လိုသည်။




**အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာကွာနှင့် ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာတို့ မျက်နှာချင်းဆိုင်ကျနေပုံ**

**အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအား ကိုယ်စားပြုသော နားရွက်**

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်ပေးခြင်းဖြင့် မိသားစုအတွင်း နားနှင့်ဆိုင်သောရောဂါဝေဒနာများ ကင်းလွတ်မည် ဖြစ်သည်။

**အသက်မွေးဝမ်းကျောင်း ကွာအား ရည်ညွှန်းသည့် ကိန်းဂဏန်း (၆)**

(၆) ဂဏန်းသည် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝခရီးလမ်းကြောင်းဆိုင်ရာ ကွာအား ရည်ညွှန်းသည့်ဂဏန်း ဖြစ်သည်။

၎င်းအပြင် (၆)သည် တစ်ဒါဇင် (၁၂)၏ တစ်ဝက်ဖြစ်သောဂဏန်းဖြစ်ရာ အိမ်အတွင်း (၆) ဂဏန်းနှင့်ဆိုင်သော ပစ္စည်းများရှိနေခြင်းဖြင့် ၎င်းကွာအတွက် စွမ်းအင်မြှင့်တင်ပေးပြီးသား ဖြစ်တတ်သည်။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအတွက် အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စများ**

(၁) အသက်မွေးဝမ်းကျောင်းကွာရှိရာ အိမ်ရှေ့တံခါးဝအား တစ်ချိန်လုံး ဖွင့်မထားရ။

(၂) လိုအပ်က စွမ်းအင်မြှင့်တင်ပေးပါ။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအတွက် အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

ရေ၊ အမည်းရောင်၊ မှန်၊ ဖန်ထည်ပစ္စည်းများ၊ သတ္တုပစ္စည်း၊ အဖြူရောင်၊ ဝိုင်းသောပစ္စည်း။

**အန္တရာယ်ပေးနိုင်သောပစ္စည်း**

ညစ်ပေသောပစ္စည်းများ၊ လေးထောင့်ပုံရှိ ပစ္စည်းများ၊ မြေဓာတ်ကိုယ်စားပြုအရောင်၊ မနှစ်သက်သူတို့၏ရုပ်ပုံများ။

ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်၌ရှိသောကွာ - ထင်ပေါ်ကျော်ကြားခြင်းကွာ။

ကိုယ်စားပြုသော ကိုယ်အင်္ဂါအစိတ်အပိုင်း - နားရွက်။

ဆက်စပ်ပတ်သက်နေသောကိန်းဂဏန်း - (၆)။

ဦးအောင်လှိုင် (သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

# မနှင်းဆီ

(ရေဆင်း-နေပြည်တော်)

# စိတ်စေတသိက်နှင့် အိပ်မက်ဆန်းများအကြောင်း



လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော် (၁၉၉၄-၉၅) ခုနှစ်လောက်က ကလော ဘူတာအနီး ဒုရုံပိုင် ဦးတင်ထွန်းအောင်နဲ့ ဒေါ်နွယ်နီသန်းတို့နေအိမ်မှာ ညီမများဖြစ်ကြတဲ့ ဆွေဆွေသန်းနဲ့ ဖြူဖြူသန်းတို့ဟာ (၁၀) တန်း စာမေးပွဲဖြေဖို့အတွက် သူငယ်ချင်းဖြစ်သူ မနုမလေး အေးခိုင်နဲ့ အတူ ညဥ့်နက်အောင် စာကျက်ရင်း အိပ်မောကျသွားကြပါတယ်။

အဲဒီအချိန် ဧည့်သည်မနုမကလေးကို -

"ဟဲ့ - အေးခိုင်၊ ထတော့လေ။ မနက်လင်းရင် စာမေးပွဲဖြေကြရတော့မှာ။ (၄) နာရီထိုးပြီးနေပြီ။ စာထကျက်ကြတော့"

လို့ လွန်ခဲ့တဲ့နှစ်ကသေသွားပြီဖြစ်သော မနွယ်ရဲ့ညီမ အေးမိစံက လာနှိုးတယ်လို့ အိပ်မက်မက်ပြီး လန့်နိုးလာပါတယ်။ ခနုမကလေးလည်း သူငယ်ချင်းဖြစ်သူ ဆွေဆွေသန်းကိုနှိုးပြီး ပြောပြလိုက်ပါတယ်။ နာရီကိုကြည့်လိုက်တော့ တကယ်ပဲ နံနက် (၄) နာရီထိုးနေတာကို တွေ့ရတော့ နှစ်ယောက်သားအံ့ဩသွားကြပါတယ်။

အဲဒီအချိန်မှာပဲ အလတ်မဖြစ်သူ ဖြူဖြူသန်းက အိပ်ရာမှအမြန်ထလာပြီး အင်္ဂလိပ်စာစာအုပ်ကိုဖွင့်လိုက်ပြီး အရေးတကြီးလိုက်မှတ်နေပါတယ်။ ကျန်တဲ့နှစ်ယောက်က သူ့ကို အိပ်မက်ယောင်နေတယ်လို့ထင်ပြီး အသာငြိမ်ပြီးကြည့်နေကြပါတယ်။ ပြီးတော့မှ ဘာတွေမှတ်နေတာလဲလို့မေးတော့ -

"အေးမိစံရယ်၊ အိပ်မက်ထဲမှာ အင်္ဂလိပ်စာကွက်လပ်ဖြည့်တွေကို ရှေ့ပိုင်းကစာမျက်နှာတွေကြည့်ဆိုပြီး စာမျက်နှာနံပါတ်တွေလာပြောလို့လိုက်မှတ်နေတာ"

လို့ ပြောပါတယ်။

အဲဒီလိုပုံစံနဲ့ သင်္ချာမဖြေခင်ညမှာလည်း စုံမကြီး (သူ့အစ်မ ဖြူဖြူသန်းကို ငယ်ငယ်ကတည်းက စုံမကြီးလို့ ခေါ်တယ်လေ) ကို နင်တို့ညီအစ်မက အင်္ဂလိပ်စာနဲ့ သင်္ချာအောင်ရင် အောင်ပြီ။ သင်္ချာကို ဘယ်အပိုင်းကိုကြည့်ဆိုပြီး အိပ်မက်ပေးပြန်ပါတယ်။ အင်္ဂလိပ်စာနဲ့ သင်္ချာဖြေတဲ့ (၂) ရက်စလုံး သူကြည့်ခိုင်းတဲ့အပိုင်းကစာတွေပါလာပါတယ်။ သူ့အစ်မ (၂) ယောက်စလုံး စာမေးပွဲခန်းထဲမှာ အိပ်မက်ထဲက အေးမိစံရဲ့ ခန့်မှန်းမေးခွန်းတွေကမှန်လွန်းနေတော့ မေးခွန်းစာရွက်ကိုကိုင်ပြီး အံ့သြကြီးစွာနဲ့ ငိုင်နေကြပါတယ်။

ပြီးမှ မနည်းသတိထားပြီး စာမေးပွဲကို ဆက်ဖြေကြရပါတယ်။ အိပ်မက်ထဲက အေးမိစံပြောသလို အင်္ဂလိပ်စာနဲ့ သင်္ချာဖြေနိုင်တော့ အဲဒီနှစ်မှာ ညီအစ်မနှစ်ယောက်စလုံး (၁၀) တန်း အောင်ကြပါတယ်။ တိုက်ဆိုင်မှုပါလို့ ပြောလို့မရအောင်ကို တိကျမှန်ကန်လွန်းတဲ့အိပ်မက်အကြောင်းကို ပြောလို့မဆုံးအောင်ဖြစ်ကြရပါတယ်။ အေးမိစံစိတ်စွဲပြီးပေးတဲ့ အိပ်မက်ဆိုတာ အများကြီးဖြစ်နိုင်ပါတယ်။ဘာကြောင့်လဲဆိုတော့ စာရေးသူရဲ့ အစ်မကြီးသမီးတွေဖြစ်နေလို့၊ သူတို့အကြောင်းကို စာရေးသူက သိနေလို့ပါ။ အစ်မကြီးမှာ သမီးလေးယောက်၊ သားတစ်ယောက်ရှိတယ်။ ရုံပိုင်ကတော် မနွယ်က အကြီးဆုံးဖြစ်ပြီး သူ့အောက်မှာ ညီမသုံးယောက်၊ အငယ်ဆုံး မောင်တစ်ယောက်ရှိတယ်လေ။ သေသွားတဲ့ အေးမိစံအကြောင်းကိုပြောရပါဦးမယ်။

သူက သမီး (၄) ယောက်ထဲမှာ အငယ်ဆုံးပေါ့။ သူ့အောက်မှာ မောင်တစ်ယောက်ရှိတော့ နို့ညှာလို့ပြောရမှာပေါ့။ ညီအစ်မ (၄) ယောက်ထဲမှာ သူက အချောဆုံးဖြစ်ပြီး ဂျပန်မနဲ့တူတယ်။ ဉာဏ်ကလည်းကောင်းတယ်။ အလတ်မနှစ်ယောက်က (၁၀) တန်းကို တစ်နှစ်စီကျကြတယ်လေ။ နို့ညှာမ အေးမိစံ (မစံ) ကမီလာပြီး (၁၀) တန်းကို အစ်မတွေနဲ့ အတူဖြေကြရတယ်။

မစံ (၁၀) တန်းနှစ်မှာ မျိုးရိုးလိုက်တဲ့ သားအိမ်ကင်ဆာဖြစ်ပါလေရော။ မျိုးရိုးလိုက်တယ်ဆိုတာက မစံရဲ့အဘွား စာရေးသူရဲ့အမေမှာလည်း သားအိမ်ကင်ဆာဖြစ်ခဲ့ဖူးပါတယ်။ အမေအသက် (၅၀) ကျော်လောက်က မန္တလေးဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com

ကြီး မာတ်ရောင်ခြည်ဌာနမှာ ဓာတ်ရောင်ခြည်ကင်ပြီးတော့ တရုတ်အပ်စိုက်စတဲ့နည်းတွေနဲ့ ကုခဲ့ပါတယ်။ ခွဲစိတ်ကုသတဲ့နည်းကိုမလုပ်ခဲ့ပါဘူး။ အမေရဲ့ သားအိမ်ကင်ဆာရောဂါကို မန္တလေး ဆေးရုံကြီးက ဆရာဝန်ကြီး ဦးစံထွန်း အောင်တို့အဖွဲ့ကကုသပေးလိုက်တာပါ။ အမေက အနှစ် (၁၀) ကျော်လောက် ရောဂါဝေဒနာကင်းကင်းနဲ့ အသက်ရှည်ရှည်နေသွားရပါတယ်။ အမေ့အသက် (၈၉) နှစ် (၂၀၀၇ ခုနှစ်) မှာ လူကြီး ရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။ မိခင်ကြီး သက်ရှိထင်ရှားရှိစဉ်တုန်းက အသက် သခင် ကျေးဇူးရှင်တွေကို မိခင်ကြီးက သတိရတိုင်း မေတ္တာပို့ပေးပါတယ်။

အေးမိစံအကြောင်း ဆက်ရေးပြပါဦးမယ်။ စာမေးပွဲဖြေပြီးတော့ တောင်ကြီး- စဝ်စံထွန်းဆေးရုံမှာ ဗိုက်ခွဲလိုက်ရပါတယ်။ ဆေးရုံက ဆရာဝန်တွေ၊ ဝန်ထမ်းတွေ ဘယ်လောက်ပဲ စေတနာထားထား၊ နည်းပညာတွေဘယ်လောက်ပဲကောင်းကောင်း သေမယ့်လူ ဆေးမတွေ့ခဲ့ပါဘူး။ အေးမိစံ ဆုံးသွားခဲ့ပါတယ်။ သူဆုံးသွားတော့ (၃) ရက်ရှိရင် သင်္ဂြိုဟ်မှာဆိုတော့ သူ့အလောင်း အိမ်ပေါ်မှာ (၂) ရက်မြောက်ရှိတဲ့အချိန် အောင်စာရင်းကထွက်ရော။ အဲဒီမှာတင် အငယ်ဆုံးကောင်က အောင်စာရင်းကြည့်ပြီး ပြန်လာတော့ သူ့အစ်မ (၃) ယောက်ထဲက သေတဲ့လူကအောင်ပြီး ကျန်တဲ့ အကြီးမ (၂) ယောက်က ကျတယ်လေ။



အဲဒါကို ကလေးဆိုတော့ နားမလည်တော့ လမ်းပေါ်ကတည်းက -

"အမေရေ၊ မစံကြီး စာမေးပွဲ အောင်တယ်။ စူးမကြီးတို့၊ အနဲတို့ကျ တယ်"

လို့ အော်ဟစ်ပြောဆိုပြီးဝင်လာပါလေရော။ အဲဒီမှာပဲ အစ်မလည်း သူ့ သမီးလေးကို သနားပြီး ကျွမ်းပစ်ခမန်း ငိုပါလေရော။ အေးမိစံကလေး ဆုံးတဲ့ အချိန်မှာ သူ့အသက်က (၁၇) နှစ်။ ပန်းကလေးတစ်ပွင့်လို အလှဆုံးအချိန်လေးမှာပဲ သူ့ဘဝကလေးကို စွန့်လွှတ်လိုက်ရတာရယ်။ ပြီးတော့ စာကို အလွန်



www.burmeseclassic.com

www.burmeseclassic.com

လောဘကြီးလွန်းတဲ့စိတ်ရယ်၊ သူ့အစ်မတွေကိုလည်း အောင်စေချင်တဲ့စိတ်တွေနဲ့ဆိုတော့ အစွဲအလမ်းတွေကြောင့် မကျွတ်မလွတ်နိုင်ဘဲဖြစ်ပြီး သူ့အစ်မတွေ နောက်တစ်နှစ် စာမေးပွဲဖြေတဲ့အချိန်အထိ အိမ်နားမှာပဲ တဝဲလည်လည်ဖြစ်နေပုံရပါတယ်။

ဘာလို့လဲဆိုတော့ မစံရဲ့ခဲအို ဒုရုံပိုင် ဦးတင်ထွန်းအောင်က Dutyကျတိုင်း ညဘက်တွေမှာ ဘူတာကိုသွားရပါတယ်။ ဒုရုံပိုင်ရဲ့အိမ်က တောင်ကုန်းစောင်းကလေးမှာဆိုတော့ အိမ်နဲ့ဘူတာနဲ့အကူး ကုန်းစောင်းလေးဘေးလမ်းအကွေ့နား ဖြတ်သွားဖြတ်လာမှာ ထူးခြားမှုတစ်ခုခုကို တွေ့ထားပုံရပါတယ်။ ဒါကြောင့် သူ့ယောက္ခမကို မကြာခဏ သတိပေးလေ့ရှိတယ်တဲ့။ အမေ၊ ကလေးတွေကို နေဝင်ရင် အဲဒီဘက်လမ်းကို မလွှတ်နဲ့လို့ အမြဲပြောလေ့ရှိတယ်တဲ့။ ညဘက်ဆိုရင်လည်း ခွေးအူသံတွေကို မကြာခဏ ကြားရလေ့ရှိတယ်တဲ့လေ။ သူ့အစ်မတွေကိုလည်း ညဘက်တွေမှာ ညနေစောင်းရင် သူ့ကိုလာလို့ရအောင် အော်ခေါ်ပေးပါတို့၊ အပေါက်ကို ကန့်လန့်မချပါနဲ့တို့ အိပ်မက်ပေးတယ်လို့ တူမအလတ်မနှစ်ယောက်က စာရေးသူကို ပြောပြကြပါတယ်။ အလတ်မဖြူဖြူသန်းက နေဝင်မိုးချုပ်အချိန်မှာ တကယ်အော်ခေါ်မယ့်အလုပ်ကို လူကြီးတွေက မလုပ်ကောင်းဘူး။ စိတ်စွဲလို့မက်တဲ့ အိပ်မက်ပါလို့ပြောပြီး ဝိုင်းတားထားကြရတယ်လေ။ ကွယ်ရာမှာလည်း လူတွေက ရုံပိုင်ကလေးခယ်မက မကျွတ်ဘူးတို့ဘာတို့နဲ့ ပြောနေကြတာကို ကြမ်းကြားထရံကြားဆိုသလို မိသားစုကပြန်ပြီးကြားကြတာပေါ့။

ဒီလိုနဲ့ မိသားစုအားလုံး ဘုရားရှိခိုး အမျှဝေ ကုသိုလ်ကောင်းမှုတွေလုပ်ပေးရင်းနဲ့ လအနည်းငယ်ကြာတော့ အိပ်မက်ပေးပြန်ပါတယ်။ သူ့အစ်မအကြီးဆုံးကို မမကြီးဆီကို လာနေချင်လို့ဆိုပြီး တံခါးခေါက်လို့ ဖွင့်ပေးလိုက်တော့ (၈) လသားအရွယ် ယောကျ်ားကလေး လေးဖက်ကုန်းလေးနဲ့ ပြေးဝင်လာတယ်တဲ့။

ပြီးတော့ -

"မမကြီး ငါလေ သေပြီးပြီးချင်း ဝက်မကြီးဗိုက်ထဲမှာ ဝက်ကလေးဖြစ်သွားသေးတယ်။ မွေးပြီးပြီးချင်း သေသွားတာလို့ ပြောတယ်" တဲ့။

အဲဒီအိပ်မက်မက်ပြီး မနွယ်မှာ ဒုတိယမြောက်ကိုယ်ဝန်ရှိလာခဲ့ပါတော့တယ်။ မနွယ်ခမျာ အဲဒီအိပ်မက်မက်ပြီး ဝမ်းနည်း၊ ဝမ်းသာဖြစ်ရတာပေါ့။

သူညီမလေးမသေခင် နေမကောင်းဖြစ်နေတဲ့အချိန် အငယ်ဆုံးမောင်တရုတ်ကြီးကလေးက ပအိုဝ့်ပလောင်သူငယ်ချင်းတွေခေါ်လာပြီး ပုံးတွေပလုံးတွေတီးပြီး ဆူညံနေအောင်ဆော့တော့ သေခါနီး အယူတိမ်းမှာကြောက်လို့ တရုတ်ကြီးတို့အဖွဲ့ကို ချော့ပြီး လူစုခွဲလွှတ်ခဲ့နိုင်ပေမယ့် အိမ်မှာ ဝက်မွေးထားတော့ ဝက်သံကြားပြီး အယူတိမ်းသွားပုံရပါတယ်။

ဒါပေမယ့် မစံက စိတ်ရင်းကောင်းပြီး ထက်ထက်မြက်မြက်ရှိတဲ့စိတ်ဓာတ်ကြောင့် လူ့ဘဝကို ပြန်ရောက်လာတော့ အိပ်မက်မက်ပြန်ပါတယ်။ ပန်းတွေဝေနေတဲ့ ပန်းခင်းကြီးထဲမှာ မစံက ပျော်လိုက်တာလို့ပြောပြီး ပတ်ပြေးနေတယ်လို့ အိပ်မက်မက်ပြီးမကြာခင် မနွယ်ရဲ့ခင်ပွန်းဖြစ်သူ ဦးတင်ထွန်းအောင်က ဒုရုံပိုင်ကနေ ရုံပိုင်ရာထူးတိုးပြီး ဆင်တောင်ဘူတာကို ပြောင်းရပါတယ်။ ဆင်တောင်ဘူတာရောက်တော့ အိပ်မက်ထဲကအတိုင်း ယောကျ်ားကလေးမွေးပါတယ်။

ဆင်တောင်က တိုင်းရင်းသူတွေက ကလေးပေါက်စဆိုရင် အနီးကိုကျစ်နေအောင်ထုပ်ကြတယ်လေ။ ဒါကြောင့် မြင့်တဲ့သူကဝင်ပြီး ကလေးကို အနီးထုတ်ပေးကြတယ်။ မနွယ်က သမီးကြီးဖြစ်တဲ့ ခင်မြတ်နိုးကိုမွေးပြီး ဒုတိယမြောက်အနေနဲ့ ခုသားကလေး မျိုးမင်းသူကို မွေးတာပါ။ ဒါပေမယ့် အနီးကိုကောင်းကောင်းမထုတ်တတ်ဘူး။ မကြာခင် ကလေးက သေးပေါက်လိုက်အီးပါလိုက်နဲ့ဆိုတော့ အနီးကပြန်ပွပြန်ရော။ အဲဒါနဲ့ပဲ ကလေးကို ဆင်တောင်က တိုင်းရင်းသူတွေက ချစ်စနိုးနဲ့ 'ပွစိထုတ်' ဆိုတဲ့ အမည်ကိုပေးကြတယ်လေ။

ဆင်တောင်က ပန်းမျိုးစုံစိုက်တဲ့နေရာ။ ပြီးတော့ ပန်းခြောက်လို့ခေါ်တဲ့ အရောင်မျိုးစုံပန်းတွေကို စိုက်တယ်။ တခြားပန်းတွေကိုလည်းစိုက်ကြတယ်ဆိုတော့ မနွယ်က ပွစိထုတ်ကလေးကို ချီပိုးပြီး ပန်းခင်းထဲမှာ လမ်းလျှောက်ရင်း ကလေးမမွေးခင်တုန်းက ဆင်တောင်ကို ရောက်မယ်လို့ မသိခင်တုန်းက မက်တဲ့ အိပ်မက်ကစဉ်းလိုက်တာ။ ပန်းတွေကြားမှာ မစံကြီး ပျော်ပျော်ပါးပါးနဲ့ ပြေးလွှားနေတဲ့နေရာက ဒီနေရာပါလားလို့ တွေးမိရင်း စိတ်ရဲ့ဆန်းကြယ်ပုံကို အံ့သြနေမိတယ်လို့ စာရေးသူကို တူမဖြစ်သူက ပြောပြပါတယ်။

အခု အေးမိစံကလေးဆိုရင် မိန်းကလေးဘဝကနေပြီး ယောကျ်ားကလေးဘဝကိုရတယ်ဆိုတာ ဈေးတွက်တွက်ကြကြေးဆို မြတ်တာပေါ့။ မြတ်တယ်လို့သာပြောရတယ်။ တကယ်တော့ လူ့ဘဝသက်တမ်းပြည့်အောင်မနေရတဲ့အတွက် လိုလောက်တဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတာ ပါမသွားခဲ့ပါဘူး။ ဒါပေမယ့် မစံကလေး လူမှန်းသိကတည်းက စိတ်ကောင်းမွေးတာရယ်၊ အရွယ်နဲ့မလိုက်အောင် မိသားစုအပေါ်မှာ ညာတာတတ်တာရယ်၊ နေ့စဉ်ပုံမှန်ဘုရားဝတ်တက်တတ်တဲ့အကျင့်ရယ်၊ သီလမြဲတာရယ်ပဲရှိပါတယ်။ ဒါပေမယ့် ဝက်မကြီးဝမ်းထဲမှာ သန္ဓေသားဘဝနဲ့နေပြီး ဝက်ကလေးဘဝနဲ့ ဆုံးပါးသွားခဲ့တာရယ်၊ မကျွတ်မလွတ်နဲ့ အိမ်နားမှာ တဝဲလည်လည်ဖြစ်ခဲ့တဲ့ဘဝရယ်ဆိုတော့ သူ့ခမျာ လူ့ဘဝကိုရောက်ဖို့ရာရယ် ကြိုးစားပြီး မိသားစုဆီကို ရောက်အောင်ပြန်လာနိုင်တဲ့ ဇွဲ၊ သတ္တိတို့ကိုတော့ဖြင့် မချီးကျူးဘဲမနေနိုင်အောင်ဖြစ်ရပါတော့တယ်။ ဘာပဲဖြစ်ဖြစ် ဘဝကူးကောင်းခဲ့ပါတယ်။

ဘဝကူးသွားတာတောင် စိတ်ရဲ့စေစားမှုကြောင့် စိတ်ကောင်းမွေးနိုင်ရင် ကံကောင်းတာပဲ။ ရှေးလူကြီးတွေပြောကြတဲ့ စိတ်သာရှင်စော ဘုရားဟော ဆိုတာ အခုမှ နားလည်သလို ရှိလာပါတယ်။ အရာရာမှာ စိတ်က ဦးဆောင်နေတာပဲ။ စိတ်စွဲလမ်းမှုကြောင့် ပုဂ္ဂိုလ်သတ္တဝါတွေမှာ ကောင်းကံ၊ ဆိုးကံတွေဆိုတာ ဖြစ်လာကြတာပါလားလို့ သတိတရားရမိပါတယ်။ ပေးတဲ့အိပ်မက်တွေကလည်း တိုက်ဆိုင်မှုတွေပါလို့ ငြင်းလို့မရအောင်ကို မှန်ခဲ့ပါတယ်။ ဒီအဖြစ်အပျက်တွေဟာ တကယ့်အဖြစ်အပျက်တွေမို့ စာရေးသူ၏ တူ၊ တူမတွေရဲ့ အမည်ရင်းတွေကို ဖော်ပြထားပါတယ်။ ထိုစဉ်က ကလောဘူတာမှ ဒုရုံပိုင် ဦးတင်ထွန်းအောင်မှာ ယခု တိုင်း (၁၀) ပခုက္ကူမီးရထား (ကလေးမြို့) တွင် လ/ထမန်နေဂျာအဖြစ်နှင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။


ပုဂ္ဂိုလ်သတ္တဝါအားလုံး ကောင်းမွန်သောစိတ်ဓာတ်၊ ခိုင်မာသောစိတ်ဓာတ်ဖြင့် ဘဝသံသရာခရီးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ကြပါစေ၊ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းကြပါစေ၊ ကံကောင်းကြပါစေဟု ဆုတောင်းရင်းဖြင့် -

မနှင်းဆီ
(ရေဆောင်း-နေပြည်တော်)




www.burmeseclassic.com

www.burmeseclassic.com



သာယနစနစ် မန်ဒိန်းဇာတာခွင်



နိယာနစနစ် မန်ဒိန်းဇာတာခွင်

၂၀၁၅ ခုနှစ် ကရကဋ်ရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၇-၇-၂၀၁၅) နေ့မှ (၁၆-၈-၂၀၁၅) နေ့အထိကာလ

၁၇-၇-၂၀၁၅ နေ့ နံနက် ၄း၄၄း ၃၉ နာရီ၌ တနင်္ဂနွေဂြိုဟ်သည် ကရကဋ်ရာသီသို့ ကူးပြောင်းဝင်ရောက်သည့်အခါတွင် သာယနစနစ်ရာသီခွင်မှာ ကရကဋ်ရာသီ (၁၂) ဒီဂရီ (၀၀) မိနစ်၌၊ နိယာနစနစ် မေထုန်ရာသီခွင်မှာ (၁၈) ဒီဂရီ (၀၂) မိနစ်၌ ဥဒယလဂ်ထွက်ပေါ်သည်။ ဤဇာတာခွင်ကို ကရကဋ်ရာသီ ကူးသကြန်ဇာတာခွင်ဟုလည်းခေါ်သည်။

ထူးခြားချက်မှာ ပူးထပ်နေသော ... ဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ တနင်္ဂနွေဂြိုဟ်နှင့် (၈) ဒီဂရီအတွင်း ယှဉ်တွဲနေ... ... ပလူတိုဂြိုဟ်ကို (၁၈၀)ဒီဂရီအမြင် ... မြင်လျက် ဥဒယလဂ်ဖြင့်ပူးကပ်နေ သည်။ ယူရေးနပ်ဂြိုဟ်သည် နက်ပကျွန်းဂြိုဟ်နှင့် လည်းကောင်း၊ တနင်္လာဂြိုဟ်သည် စနေဂြိုဟ်ဖြင့်လည်းကောင်း ဂြိုဟ်... ဖြစ်နေသည်။ ကြာသပတေးဂြိုဟ်သည် သောကြာဂြိုဟ်နှင့် (၄)ဒီဂရီအတွင်း ... နေသည်။ ယူရေးနပ်ဂြိုဟ်သည် ... ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ နက်ပကျွန်းဂြိုဟ်သည် အင်္ဂါဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်သည် တနင်္ဂနွေဂြိုဟ် (၉၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်သည် ကြာသပတေးဂြိုဟ်ကို(၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်သည် စနေဂြိုဟ်ကို (၉၀) ဒီဂရီ အမြင်၊ ပလူတိုဂြိုဟ်သည် ယူရေးနပ်ဂြိုဟ်ကို (၉၀)ဒီဂရီ အမြင်စသဖြင့် မြင်ထားကြသည်တို့ကို တွေ့ရသည်။

အားလုံးကိုခြုံ၍ဆိုရလျှင် ဤကာလအတောအတွင်း၌ နိုင်ငံတကာအရေး၊ အိမ်နီးနားချင်းနိုင်ငံအရေး၊ တိုင်းရင်းသားအရေး၊ နိုင်ငံသားဖြစ်ရေး၊ ပြည်တွင်းပြည်ပပြောင်းရွှေ့နေထိုင်သူများအရေး၊ ဒုက္ခသည်များအရေး၊ ပြည်တွင်းပြည်ပ အရပ်ဘက်လူ့အဖွဲ့ အစည်းများအရေး၊ နယ်မြေလုံခြုံရေး၊ ပညာရေး၊ ဘာသာရေး၊ အမျိုးသားအရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတို့နှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်နေသော ဝိရောဓိဖြစ်မှု၊ အငြင်းပွားရမှု၊ ပဋိပက္ခဖြစ်... ရမှု၊ အကျိုးအကြောင်းများကို ပိုမိုအာရုံစိုက်ရလိမ့်မည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား (ဝါ) အခြေခံလူတန်းစားတို့နှင့် နှီးနွှယ်နေသော နေထိုင်ရေး၊ စားသောက်ရေး၊ ပြည့်စုံရေး၊ အဆင့်အတန်းမြင့်မားရေး၊ တရားနည်းလမ်းကျရေးအတွက် အရေးဆိုမှုတောင်းဆိုမှု ပိုမိုပြင်းထန်လာမည်။တင်းမာသောတက်ကြွလှုပ်ရှားမှုများရှိနေဦး မည်။

အထက်ဖော်ပြပါအကြောင်းရင်းခံများကြောင့် အစိုးရနှင့် လွှတ်တော်တို့ကလည်း သဘောထားကွဲလွဲမှု၊ စိန်ခေါ်မှုများကို ပုံမှန်မဟုတ်စွာဖြင့် ရင်ဆိုင်နေရလိမ့်မည်။ အစိုးရနှင့် လွှတ်တော်တို့၏ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာသော အပြုသဘောဆောင်ရွက်မှုများကို အထူးလိုအပ်နေလိမ့်မည်။ ပြုပြင်ပြောင်းလဲမှုတချို့နှင့် ကြုံဆုံရနိုင်ဖွယ်ရှိသည်။ အစိုးရအဖွဲ့ထဲ၌ နေရာအပြောင်းအရွှေ့ရှိမှု၊ နာမည်ဂုဏ်သတင်းထိခိုက်ခံရမှုများရှိမည်။

နိုင်ငံတကာအရေး၊ သံတမန်အရေးနှင့်စပ်လျဉ်းလျက် စိန်ခေါ်မှုများ၊ ထိပ်တိုက်ရင်ဆိုင်ရမှုများ၊ အငြင်းပွားရမှုများရှိမည်။ ဤသည်တို့နှင့်ပတ်သက်၍ ပြည်သူတို့၏ ကရုဏာသက်မှု၊ တုံ့ပြန်မှု၊ ခံစားမှုကို ပို၍ရွှေးရွှေးထွေးထွေးမြင်တွေ့ရလိမ့်မည်။

ဘဏ်လုပ်ငန်း၊ အခွန်အကောက်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ အာမခံလုပ်ငန်းတို့၏ မပွင့်လင်း မရိုးစင်းဘဲ ရှုပ်ရှုပ်ထွေးထွေးဖြစ်တတ်သဖြင့် အစိုးရမှ ဝင်ရောက် ကြပ်မတ် လမ်းညွှန်ရလိမ့်မည်။ သတ္တုတွင်းများ၌ လူစည်ကားရာများ၌ သဘာဝကြောင့်ဖြစ်စေ လူသားကြောင့်ဖြစ်စေ မတော်တဆမှုများဖြစ်ပေါ် တတ်မည်။ မိန်းမ၊ ကလေးသူငယ်၊ လူငယ်တို့နှင့်စပ်လျဉ်းနေသော အကျင့်စာရိတ္တဆိုင်ရာမှုခင်းများကို အထူးအာရုံစိုက်လာရလိမ့်မည်။ တိုက်တွန်းနှိုးဆော်မှုများ ပိုများလာလိမ့်မည်။ အမျိုးမျိုးသောမြေယာတို့နှင့်ဆက်နွှယ်နေသော အမှုအခင်းများ၊ ရင်ဆိုင်တွေ့ဆုံမှုများ ပိုများလာလိမ့်မည်။ မကောင်းသော ရလဒ်များကို ရင်ဆိုင်ရနိုင်သည်။ ဘာသာရေး၊ ပညာရေး၊ လူမှုရေး၊ ဥပဒေပြုရေး၊ တရားစီရင်နှင့်ပတ်သက်၍ အတိုက်အခံငြင်းခုံနေရဦးမည်။

ရာသီဥတု မိုးလေဝသသည် သမားရိုးကျမဟုတ်စွာဖြင့် ဖောက်ပြန်တတ်မည်။ အထူးသဖြင့် မိုးခေါင်ခြင်း၊ မိုးနည်းခြင်း၊ မိုးနောက်ကျခြင်းဖြစ်တတ်မည်။ မြေငလျင်လှုပ်ခြင်း၊ လေပြင်းတိုက်ခြင်း ကြုံရမည်။ လက်နက်ဘေး၊ မီးဘေး မလွတ်နိုင်သေး။

မင်းနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာရှီးရာနတ်ယုံကြည်မှုဓလေ့ (၇၂)

# မောင်သိန်းဇော် (ထားဝယ်)

## ကိုးသိန်းရှင်နှင့်ညီမတော်ဆည်ကတော်ကင်းကတော်

ပုဂံပြည်ကို အစိုးရတော်မူသော အနော်ရထာမင်းကြီးသည် ဂန္ဓာလရာဇ် တရုတ်ပြည်သို့ စွယ်တော်ပင့်သွားရာ အပြန်တွင် ရှမ်းဘာသာဖြင့် မိုင်းမော၊ မြန်မာဘာသာအခေါ် မောပြည်သို့ ရောက်သောအခါ မောကိုးပြည်ထောင်ကို အစိုးရသော မောမင်း တစ်နည်းအားဖြင့် မိုင်းမောစော်ဘွားကြီးက သူ၏ သမီးကညာ စောမွန်လှကို ဆက်သတော်မူလိုက်သည်။

အနော်ရထာမင်းကြီးသည် ရှမ်းမင်းသမီးစောမွန်လှအား မြတ်နိုးတော်မူလှသဖြင့် အနီးအပါး၌သာ အမြဲမပျက် ခစားတော်မူစေသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ကျန်မိဖုရားက မလိုတမာဖြစ်ကြသည်။

ရှမ်းမင်းသမီး စောလွန်လှ၏ နားတောင်း၌ မြတ်စွာဘုရား၏ဓာတ်တော်များ ကိန်းဝပ်သဖြင့် အရောင်အဝါ ထွန်းတောက်ကွန့်မြူးသည်ကို အနော်ရထာမင်းကြီး၏ အခြားမိဖုရားတ မင်းကြီးအား စောမွန်လှသည် စုန်းမဖြစ် ၍ စုန်းတောက်ကြောင်း၊ မယုံလျှင်ကြည့် တော်မူပါဟုလျှောက်ထားကြလေသည်။

မင်းကြီးလည်း အခြားမိဖုရားများ ပြောသည့်အတိုင်းကြည့်ရာတွင် စောမွန် လှ၏ နားတောင်းမှ ရောင်အဝါများ ထွန်းတောက်ကွန့်မြူးသည်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် အထင်တော်လွဲမှားကာ မိုင်းမောပြည် (ရှမ်းပြည်နယ်) သို့ နှင်လိုက်လေတော့သည်။ စောမွန်လှ၏ ရှမ်းပြည်သို့ အပြန်ခရီးတွင် ယခု ရွှေစာရံစေတီတည်ရှိရာအနီး ချောင်းတွင်း၌ ရေသုံးသပ်ရာတွင် နားမှ နားတောင်းကျ၍ ရှာဖွေရာ အရောင်ကွန့်မြူးနေသောကြောင့် ပြန်လည် တွေ့ရှိရသည်။ ထို့ကြောင့် ထိုချောင်းဘေးတွင် အနီးအနားရွာများမှ ဗိသုကာ၊ ပန်းရန်ဆရာများကို လက်ခံကျွေးမွေးပြီး စေတီတစ်ဆူတည်စေသည်။ ထိုစေတီ၌ နားတောင်းကိုလည်း ဌာပနာလိုက်သည်။ ထိုချောင်းသည်လည်း နားတောင်းကျချောင်းဟု တွင်လေသည်။ ယခုအခါ ရွှေစာရံစေတီဟု၍ မန္တလေး-မေမြို့ (ပြင်ဦးလွင်) ကားလမ်းတွင် တည်ရှိနေပါသည်။

စောမွန်လှ ပြန်လာသည်ကို မောတိုဌာနီမှ ခမည်းတော်စော်ဘွားကြီးက ကြိုဆို၍ တွေ့ဆုံသည့်နေရာတွင်လည်း စေတီတစ်ဆူ တည်ထားသည်။ ရှမ်းဘာသာ 'အဖ' ကို 'ပေါ့' ဟု ခေါ်သောကြောင့် အဖကြိုသည်ကို အစွဲပြု၍ ထိုဘုရားစေတီကို 'ပေါ့ကြို' ဘုရားဟု ခေါ်ရာမှ ယခုအခါ 'ဘော်ကြို' ဘုရားဟုတွင်လေသည်။ ဘော်ကြိုရွာဦး ဒုဋ္ဌဝတီမြစ်ကမ်း၌ ဘော်ကြိုစေတီ ယခုတိုင်တည်ရှိပါသည်။ အနော်ရထာမင်းကြီးသည် နောက်ပိုင်းတွင် အမြင်မှန်ရပြီး စောမွန်လှကို နှင်မိ၍ စိတ်နှလုံးမကြည်မသာသည်နှင့် ရှမ်းပြည်သို့ ပြန်ချီတက်ကာ မောစော်ဘွားကြီးထံ သွားရောက်လေသည်။ ထိုအချိန်တွင် စောမွန်လှမရှိပြီဖြစ်သည်။ စော်ဘွားကြီးလည်း ကံကုန်၍ သားတော်စောနောင်က စော်ဘွားဖြစ်နေသောအချိန် ဖြစ်၏။

အနော်ရထာမင်းကြီးနှင့် မောစော်ဘွား စောနောင်တို့ ကျေနပ်မှုရကြပြီး နှစ်ပြည်တစ်ပြည် ချစ်ကြည်မှုအတွက် ညီမတော်နှစ်ပါးဖြစ်သည့် စောအောင်နှင့် စောနန်းတို့ကို ဆက်သလိုက်ပြန်သည်။

အနော်ရထာမင်းကြီးသည် လယ်တွင်းကိုးခရိုင်ကို စီမံတော်မူရာ ကျောက်ဆည်တွင် ဆည်မြောင်းများကိုကိုယ်တိုင် စီမံကွပ်ကဲဖောက်လုပ်တော်မူ၏။ ဇော်ဂျီမြစ်အတွင်း ဆည်ဖို့သည့်လုပ်ငန်းမှာ ဖင့်လေးကြန့်ကြာနေသဖြင့် ပုဏ္ဏားတော်






www.burmeseclassic.com

www.burmeseclassic.com



ကိုးသိန်းရှင်နတ်ပုံတော်



ကျောက်ဆည်မြို့ရှိ ကိုးသိန်းရှင်နတ်နန်း



ဆည်ကတော်နတ်နန်းဘေးရှိ နတ်ကွန်းမှ
အမတ်ကြီး ဦးပေါ်ကြွယ်

များအားမေးမြန်းရာ 'အောင်' အမည်ပါသည့် တနင်္ဂနွေသမီးကို ဆည်စတေးမှ အောင်မြင်မည်ဟု လျှောက်တင်ကြလေ၏။

သို့ကြောင့် မိဖုရားစောအောင်ကို ဆည်တော်ကြီး၌ စတေးလိုက်သည်။ ညီမတော် စောနန်းသည်လည်း အစ်မတော်မရှိလျှင် မနေလိုသည်ဟုဆိုကာ ဇော်ဂျီမြစ်အတွင်း ခုန်ဆင်းကာ အသေခံသွားသည်။

နှမတော်များ၏ သတင်းကိုကြားရ၍ နောင်တော် မောရှမ်းစော်ဘွား စောနောင် လိုက်လာရာ ဇော်ဂျီမြစ်ရိုးအတိုင်း ကျောက်ဆည်မှ အထက်ဆည်နေရာအရောက်တွင် ညီမတော်နှစ်ပါးက အစိမ်းဘဝဖြင့် ကိုယ်ထင်ပြ၍ စိတ်မချမ်းမသာဖြစ်ပြီး ဇော်ဂျီချောင်းအတွင်း သို့ ခုန်ဆင်း၍ သေပြန်လေရာ အစိမ်းနတ်ဖြစ်သွားရလေသည်။ မောင်နှမသုံးယောက် အနော်ရထာမင်းကြီးထံ ကိုယ်ထင်ပြသဖြင့် မောကိုးပြည်ကို အစိုးရသော စော်ဘွား၊ (၉) ခရိုင်နယ်၌ (၉) ရက်နေ့တွင် သေဆုံးနတ်ဖြစ်ရသည့်အတွက် ကိုးသိန်းရှင်အမည်နှင့် (၉)ခရိုင်ကို နယ်စားအပိုင်ပေးလေသည်။ ညီမတော်စောအောင်ကို အထက်ဆည်ကြီးအပိုင်စားပေးသဖြင့် ဆည်ကတော်ဟုတွင်ကာ ညီမတော်စောနန်းမှာ အောက်ဆည်ခေါ် ဇီးတောဆည်ကို အပိုင်စားရ၍ ဇီးတောကတော် (သို့) ကင်းကတော်၊ ကင်းသခင်မ ဟူ၍ အမည်တွင်ပါသည်။

ကျောက်ဆည်နယ်တစ်ဝိုက်တွင် ကိုးသိန်းရှင်နတ်သည် ဆည်စောင့်နတ်ဖြစ်၍ ကိုးသိန်းရှင်နှင့်ညီမဆည်ကတော်၊ ကင်းကတော်တို့ကို ကျောက်ဆည်မြို့ ဘောဂဝတီရပ် ဆည်ထိပ်တွင် နန်းတည်၍ကိုးကွယ်ပသကြသည်။ ကျောက်ဆည်နယ်တစ်ဝိုက်တွင်လည်း ကိုးသိန်းရှင်၏နယ်ဖြစ်သဖြင့် (၉) ရက်နေ့တွင် ပွဲလမ်းသဘင်လုပ်ရန်ရှောင်ကြပြီး ခရီးသွားလျှင်ပင် လူ (၉) ယောက် မသွားကြချေ။ (၉) ရက်နေ့၌လည်း ခရီးမထွက်ကြချေ။

ကိုးသိန်းရှင်နှင့် ဆည်ကတော်၊ ကင်းကတော်နတ်ပွဲမှာ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့မှစတင်ပြီး ၁၂ ရက်နေ့အထိကျင်းပကြသည်။ စားတော်စာအဖြစ် နတ်မောင်နှမသုံးဦးအား မုန့်ဖြူ၊ မုန့်နီ၊ ပဲပုပ်၊ မျှစ်ချဉ်၊ ကြက်ရည်ချိုချက်၊ ငါးကြော် (၉) ကောင်နှင့် ကန်တော့ပွဲ (၉) ပွဲဖြင့် တင်မြှောက်ကြသည်။

နှမတော် စောနန်း၏ နတ်နန်းမှာ အောက်ဆည်ခေါ် ဇီးတောဆည်ကို အပိုင်စားရ၍ ဇီးတောမြောင်းရင်းမြောက်ဘက်တွင် ထားရှိသည်။ နတ်ပွဲပြုလုပ်သောအခါ မောင်နှမသုံးဦးစလုံးအတွက် အထက်ဆည်ကြီး၌ အတူထားရှိကာ ပြုလုပ်သည်။

မိဖုရားစောအောင်၏အပါးတော်၌ အမြဲခစားသည့် အမတ်ကြီး ဦးပေါ်ကြွယ်ဆိုသူလည်း စောအောင်အားဆည်စတေးသောအခါ မြစ်အတွင်း ခုန်ဆင်း၍ သေဆုံးသောကြောင့် နတ်ဖြစ်သည်ဆိုကာ ဦးပေါ်ကြွယ်၏ နတ်ကွန်းကိုလည်း အထက်ဆည်ကြီးမှ ဆည်ကတော်နတ်ကွန်းအနီးတွင် ထားရှိသည်။

❑ လယ်တွင်း (၉) ခရိုင်

ကျောက်ဆည်ခရိုင်ကို ရှေးအခါက လယ်တွင်းကိုးခရိုင်ဟုလည်းကောင်း ရေလွှဲကိုးခရိုင်ဟုလည်းကောင်း ခေါ်ကြသည်။

❑ ပန်းလောင်မြစ် (၄) ခရိုင်

၁။ စောလှမြို့
၂။ ပင်လယ်မြို့
၃။ မြစ်သားမြို့
၄။ ပျဉ်းမနားမြို့

❑ ဇော်ဂျီမြစ် (၅) ခရိုင်

၅။ မြောင်လှမြို့
၆။ မြင်းခုံတိုင်မြို့
၇။ ပန်းမြို့
၈။ မက္ခရာမြို့
၉။ မြင်စိုင်းမြို့




www.burmeseclassic.com

www.burmeseclassic.com




ဆည့်ကတော်နတ်ပုံတော်



ကျောက်ဆည်မြို့ရှိ ဆည်ကတော်နတ်နန်း



ဗိုးတောဆည်ကင်းသခင်မ



ဗိုးတောဆည်နတ်ကွန်း



ဆည်ကတော်နတ်ထိန်း ဦးညိုကြီး

စာရေးသူသည် ကျောက်ဆည်မြို့ရှိ ဆည်ကတော်နန်းသို့ သွားရောက်ပါသည်။ ဆည်ကတော်နန်းမှာ ဆည်ကြီးဘေးကန်ပေါင်ပေါ်တွင် တည်ရှိသည်။ ၁၉၅၃-၅၄ ခုနှစ်လောက်က စာရေးသူ၏ ဖခင်သည် ကျောက်ဆည်တွင် ခရိုင်ရဲဝန်အဖြစ် ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်က ဆည်ကတော်နန်းသည် ဤနန်းမဟုတ်ပါ။ နန်းတစ်နန်းသာရှိသည်။ ယခုအခါ ဆည်ကတော်နန်းဘေးတွင် နောင်တော် ကိုးသိန်းရှင်နတ်နန်းရှိနေသည်။ နန်းထိန်းမှာ ဒေါ်တင်တင်နွယ်ဖြစ်၏။

၁၉၅၃-၅၄ ခုနှစ်များက ဆည်ကတော်နန်းထိန်းအမေကြီးကို လယ်တွင်းခရိုင်လုံးမှ နန်းနှင့်ပတ်သက်သူများက ဆန်တစ်ပြည်၊ ငွေတစ်မတ်ဖြင့် လာကန်တော့ကြရသည်ဟု ကြားဖူးသည်။ ယခု နန်းထိန်း ဦးညိုကြီးသည် ထိုနန်းထိန်းအမေကြီး၏သား ဖြစ်သည်။ ယခုလည်း လာကန်တော့ကြပါသည်ဟုပြောပြပါသည်။

**စာရေးသူ၏ ကိုယ်တွေ့ ကိုးသိန်းရှင်အကြောင်း**

ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးတွင် စာရေးသူ ဂေါပကအဖြစ် ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။ ညဘက်တစ်ညတွင် ရုပ်ပွားတော်မြတ်ကြီး၏ အဆောင်အတွင်း တံခါးသော့ခတ်ပြီးမှ အတွင်း၌ လူတွေ့ရသည်ဆိုကာ ဘုရားစောင့်က စာရေးသူအိမ်သို့ တယ်လီဖုန်းဆက်၍ပြောပါသည်။ သော့ခတ်သွားသည့်အစောင့်ကလည်း အခြားတွင်နေသဖြင့် သူ့အား သော့ပြန်ဖွင့်ရန် အကြောင်းကြားဖို့မှာပြီး စာရေးသူလိုက်သွားသည်။ ဘုရားသို့ရောက်သောအခါ သော့ဖွင့်၍ အဆောင်တွင်းဝင်ကြည့်ရာ မည်သူမျှမရှိပါ။ သို့အတွက်ကြောင့် ဘုရားဆောင်အား ပြန်ပိတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ပရလောကမှ ဘုရားလာဖူးခြင်း ဖြစ်မည်ဟု ထင်လိုက်မိ၏။

ထိုဘုရားကြီးရှိရာ ပိန္နဲတောရပ်ကွက်၌ အိမ်တစ်ဆောင်တွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦး ဦးအောင်ချမ်းသာဆိုသူသည် ညစဉ်ကြွပြီး တရားဟောပါသည်။ ထို့ကြောင့် ထိုအိမ်၌ ဓာတ်စခန်းကဲ့သို့ ဖြစ်နေသည်ဆိုပါသည်။ ဓာတ်စီး၍ တရားဟောသည့် ပုဂ္ဂိုလ်မှာလည်း အသက် (၂၀) ကျော်သာ ရှိသေးသည်။ စာရေးသူတို့နှင့်လည်း ဆွေမျိုးမကင်းပါ။ သူဟောသည့် တရားများကို တိပ်ခွေသွင်းထားရာ ပေးသဖြင့် ဖွင့်နားထောင်ကြည့်ပါသည်။ ထိုသူငယ်၏ အသက်အရွယ်အတွေ့အကြုံနှင့် ဤကဲ့သို့သောတရားများကို မည်သို့မျှ မဟောနိုင်ပါ။ ထို့ကြောင့် ထူးဆန်းသည်ဟု ထင်မိသည်။

ထိုသူငယ်သည် တရားဟောပြီးနောက် 'ရှမ်းမင်းသား' ဟူသည့် ပုဂ္ဂိုလ်ကြွ၍ ထားဝယ်မြို့ဘုရားကြီး 'ရွှေတောင်စားစေတီတော်' ရွှေချနေသည်ကို သိုက်နန်းရှင်များက လှူဒါန်းလိုသည်။ သူကသိုက်ချုပ်ဖြစ်၍ ဂေါပကတစ်ယောက်ကို ခေါ်ပေးရန်မှာသည်ဟု စာရေးသူအားလာပြောသည်။ စာရေးသူက အခြားဂေါပကတစ်ဦးသာခေါ်ရန် ပြောလိုက်ပါသည်။

တစ်နေ့ စာရေးသူ ဂေါပကရုံး၌ နံနက်ဘက်ရှိနေစဉ် အမျိုးသမီးနှစ်ယောက် ရောက်လာသည်။ ဧည့်ခံပြီး အကျိုးအကြောင်းမေးရာ စေတီတော်မြတ်ကြီးကို ရွှေချလိုသည်ဟု ဆိုသည်။ ထိုစဉ်က စာရေးသူသည် ဂေါပကမှ စာရေးကြီးအား စာရင်းများမှားသဖြင့် ဆူပူနေပြီး ဒေါသထွက်နေချိန် ဖြစ်၏။

ထို့ကြောင့် ထိုအမျိုးသမီးနှစ်ဦးကို -

"စေတီတစ်ဆူလုံး ရွှေချလျှင် ယခင်က ထားဝယ်မှသူဌေးကြီး လုံးတော်ပြည့် ရွှေချစဉ်က ခြောက်သိန်းကုန်ခဲ့ကြောင်း၊ ယခုဆိုလျှင် သိန်း (၆၀) မက ကုန်မည်ဖြစ်၍ လုံးတော်ပြည့်လှူမှာလား"

ဟု မေးလိုက်သည်။

သူတို့က မကျေမနပ်ဖြင့် တတ်နိုင်သလောက်သာလှူပါမည်ဟု ပြောသွားသည်။

အထက်ဖော်ပြပါ ဓာတ်စခန်းမှ သူငယ်ကို သူ့အစ်မက စာရေးသူအိမ်သို့ တစ်နေ့ခေါ်လာသည်။ အပေါ်ထပ်ဧည့်ခန်းတွင် ထိုင်နေကြစဉ် ထိုသူငယ်သည် ဆတ်ခနဲထိုင်ရာမှထသွားပြီး ဘုရားကျောင်းဆောင်တွင် ကန်တော့ချလိုက်သည်။ ချက်ချင်း ထိုရှမ်းမင်းသားဆိုသည့် ပုဂ္ဂိုလ်ကြွလာပါသည်။ စာရေးသူက အလိုက်အထိုက်ပြောပြီး ရှမ်းမင်းသားဆိုသည်မှာ မည်သူပါနည်းဟုမေးကြည့်ရာ 'ကိုးသိန်းရှင်' ဖြစ်ကြောင်း ဆိုသည်။ သူသည် သိုက်ချုပ်ဖြစ်နေကြောင်း၊ ယခု ရွှေတောင်စားစေတီတော်ကြီး ရွှေချရာတွင် စေတီဝင်းအတွင်းမှ သိုက်နန်းရှင်များကလည်း အလှူပါဝင်လိုကြောင်း၊ သို့သော် တစ်ခါက ဂေါပကရုံးသို့ သိုက်နန်းရှင်နှစ်ဦးသွား၍ ဂေါပကတစ်ဦးနှင့်တွေ့ရာတွင် မချေမငံပြောလိုက်သည်ဟုဆိုကြောင်း ပြောပါသည်။

စာရေးသူလည်း ကိုယ့်အဖြစ်နှင့်ကိုယ်သိသဖြင့် တောင်းပန်ပြီး လှူလိုကလှူနိုင်ကြောင်း၊ မည်ကဲ့သို့ လှူပါမည်နည်းဟုမေးရာ မကြာမီ သိလိမ့်မည်ဟု ပြောသွားပါသည်။

ထိုနေ့ည ဂေါပကအစည်းအဝေးတွင် စာရေးသူက အထက်ပါအကြောင်းများကို ကျန်ဂေါပကအဖွဲ့များအား ပြောပြလိုက်ပါသည်။ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးရှေ့၌ အလှူခံမှန်ပုံများ ရှိပါသည်။ သံမီးခံသေတ္တာနှစ်လုံးကိုလည်း သော့ခတ်၍ အလှူခံသေတ္တာပြုလုပ်ထားပါသည်။ ထိုစဉ်မှစပြီး လစဉ်ထိုမီးခံသေတ္တာအလှူခံနှစ်ပုံးကို ဖွင့်တိုင်းရှေးရွှေဆွဲကြိုး၊ ရှေးရွှေလက်ကောက်စသည့် ရွှေထည်တို့ကို မီးခံသေတ္တာပုံးထဲသို့ ထည့်၍ရအောင် ပြုလုပ်၍ထည့်ထားသည်ကိုတွေ့ရပါသည်။ ထိုတစ်လ၊ နှစ်လ၌ စုစုပေါင်း ရွှေ(၁၁)ကျပ်သားခန့် ရခဲ့ပါသည်။

ဤသည်ကား စာရေးသူ၏ 'ကိုးသိန်းရှင်' နှင့် ပတ်သက်သည့် ကိုယ်တွေ့အတွေ့အကြုံဖြစ်ပါသည်။ ကိုးသိန်းရှင်နတ်သည် သိုက်ချုပ်ဘိုးတော်သဖွယ်တာဝန်ယူနေရပုံရပါသည်။

အစ်မတော်စောမွန်လှနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းလိုပါသည်။ အနော်ရထာမင်းကြီး၏ မိဖုရားဟောင်း စောမွန်လှသည် ကံကုန်သွားသောအခါ နတ်ဖြစ်သွားသည်ဟု မည်သည့်သမိုင်းတွင်မျှ မပါပါ။ ယခုအခါ အစ်မတော်စောမွန်လှအား နတ်လိုလို၊ မယ်တော်လိုလိုဖြင့် ကိုးကွယ်နေကြသည်ကို တွေ့ရပါသည်။

မောင်သန်းဆွေ (ထားဝယ်)

# နတ်မောက်မင်းသန့်နိုင်
# ခြင်မကိုက်အောင် ဤနည်းဆောင်

ခြင်မှာ အန္တရာယ်အမျိုးမျိုးရှိတာ ရောဂါအမျိုးမျိုးပေးနိုင်တာ လူတိုင်းသိပြီးဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆင်ခြေထောက်ရောဂါများဟာ ခြင်များမှပေးတဲ့ရောဂါတွေပဲဆိုတာ လူတိုင်းအကြမ်းဖျင်းသိပြီးပါ။

ခြင်မကိုက်အောင် ကြော်ငြာအမျိုးမျိုးနဲ့ဝင်လာတဲ့ ခြင်ဆေးတွေဟာ လူတွေကို ဘေးထွက်ဆိုးကျိုးများစွာပေးပါတယ်။ ရင်ကျပ်ကစပြီး ကင်ဆာအဆုတ်ရောဂါအထိ ဆိုးရွားတတ်ပါတယ်။

အန္တရာယ်ကင်းတဲ့ရိုးရာနည်းလေးတင်ပြပါ တယ်။

ပြာဇလုံထဲမှာ မီးကျီးခဲရဲရဲများထည့်ပြီး နနွင်းတက်အပေါ်ကထည့်ထားပါ။ နနွင်းမှုန်းမီးခိုးကို ခြင်များကြောက်ပြီး ထွက်ပြေးပါတယ်။ နနွင်းမှုန်းကို ရှူရတဲ့သူမှာ ရင်ချောင်၊ အသက်ရှူကောင်းစေပါတယ်။

နောက်တစ်နည်းက အညာဒေသအလေ့အကျပေါ်များတဲ့ချောင်းကမ်းဘေးက ပိတ်စွယ်အဖူးတွေကို မီးရှို့ထားရင် တငွေ့ငွေ့နဲ့ အငွေ့ထွက်လောင်ကျွမ်းပြီး ခြင်များပြေးစေပါတယ်။

နောက်တစ်နည်းကတော့ သံပရာသီးများခွဲစိတ်ပြီး ပန်းကန်ပြားထဲထည့် သံပရာသီးမျက်နှာပြင်ပေါ် လေးညင်းပွင့်ထောင်းဖြူးပေးထားပါ။ ထွက်လာတဲ့ အနံ့ကို ခြင်များမခံနိုင်ဘဲပြေးပါတယ်။

နောက်တစ်နည်းကတော့ ကြက်သွန်ဖြူလေး၊ ငါးဥထောင်းပြီး ပန်းကန်ပြားထဲထည့်ဖြန့်ထားပါ။ ကြက်သွန်ဖြူနံ့ကို ခြင်များကြောက်ပါတယ်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

'နွံထဲကကြာ'ဟူသော ဆောင်းပါး၏အမည်သည် ကျွန်တော်၏ ကိုယ်ပိုင်အမည်မဟုတ်ပါ။ ကွယ်လွန်သူ စာရေးဆရာကြီး မြသန်းတင့်၏ ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်သော လုံးချင်းဝတ္ထုရှည်ကြီးတစ်ပုဒ်၏အမည် ဖြစ်ပါသည်။ ထိုဝတ္ထုကြီးကို ကွယ်လွန်သူ နိုင်ငံကျော် စာရေးဆရာကြီး သိန်းဖေမြင့်က ရုပ်ရှင်ဇာတ်ညွှန်းအဖြစ် ရေးသားခဲ့ပါသည်။ ထိုဇာတ်ညွှန်းအား ဆရာမြသန်းတင့်က ဝတ္ထုရှည်အဖြစ် ပြန်လည်ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

အမှန်အားဖြင့် ဤဝတ္ထုသည် ရုရှားအမျိုးသား ကမ္ဘာကျော် စာရေးဆရာကြီးတော်(လ်)စတွိုင်း၏ 'ပြန်လည်ရှင်သန်ထမြောက်ခြင်း' ဟူသော ဝတ္ထုရှည်တစ်ပုဒ်ကို မှီငြမ်း၍ မြန်မာမှုပြုထားသောဝတ္ထုတစ်ပုဒ်သာဖြစ်၏။ သို့သော် စာရေးဆရာကြီး သိန်းဖေမြင့်နှင့် ဆရာမြသန်းတင့်တို့၏ ဝတ္ထုရေးနည်းအတတ်ပညာကြောင့် မှီငြမ်းရေးသားသည့် စာအုပ်တစ်အုပ်ဟုမထင်ရဘဲ စာဖတ်သူများ တသသဖြစ်ရသည့်ဝတ္ထုကြီး ဖြစ်ပါသည်။ ထိုစာအုပ်မှဇာတ်ဆောင်များ၊ ထိုဝတ္ထုကြီးစတင်မြစ်ဖျားခံသည့်နေရာဒေသ၊ ဇာတ်ပို့တို့၏ စရိုက်လက္ခဏာများမှာ မြန်မာ့ဓလေ့မြန်မာ့စရိုက်မြန်မာနိုင်ငံ၏ ထိုဝတ္ထုတစ်ပုဒ်၊ ဖြစ်ပွားပေါ်ပေါက်သည့်အချိန်က နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေနှင့် လူမှုရေးအခြေအနေတို့အား ရေးသားဖော်ပြခဲ့သည်မှာ သဘာဝကျလွန်းသဖြင့် တကယ့် ဖြစ်ရပ်မှန် မြန်မာဝတ္ထုတစ်ပုဒ်ဟု မှတ်ယူဖွယ်ဖြစ်ပါသည်။ ကျွန်တော့်

# လှမိုး(ပညာရေး)
# နွံထဲကကြာ










အဖို့ ထူးထူးခြားခြားတသသဖြစ်ရသောဝတ္ထုကြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤဝတ္ထုကြီးအမည်ဖြစ်သော နွံထဲကကြာအား ကျွန်တော်၏ ဆောင်းပါးအမည်တွင် ပြန်လည် အသုံးပြုခဲ့သဖြင့် စာဖတ်သူများသည် ကျွန်တော့်အား ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယူဆမိပါသည်။

ကျွန်တော် ယခု ရေးသားမည့်ဆောင်းပါး၏ အဓိကဇာတ်ဆောင်မှာ ဒုတိယကမ္ဘာစစ်ကြီးသမိုင်းနှင့် စစ်ပြီးခေတ်ကမ္ဘာသမိုင်းတွင် နာမည်ဆိုးဖြင့် ဟိုးဟိုးကျော်ခဲ့ရသော သေမင်းတမန်ငရဲသားများဖြစ်သည့် နာဇီပါတီ၏ အထူးတပ်ဖွဲ့မှ အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သားအသက်(၄၂)နှစ်အရွယ်ရှိ တပ်ကြပ်ကြီးအင်တွန်ရှုမစ်အကြောင်း ဖြစ်ပါသည်။ သူ့ဖြစ်ရပ်မှန်ဇာတ်လမ်းကို မှတ်တမ်းတင်သူမှာ ဂျာမန်နာဇီတပ်ဖွဲ့ဝင်လည်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါ။ နာဇီတို့၏ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော မော်သော်ဆင်း အကျဉ်းစခန်း သို့မဟုတ် မော်သော်ဆင်း လောကငရဲခန်းမှ အသက်လွတ်မြောက်လာသူ ဂျူးအမျိုးသား ဆိုင်မွန်ဗီဆင်သော်က သူ့အကြောင်းကို အထောက်အထားသာဓက တိတိပပဖြင့် မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။ ဆိုင်မွန်ဗီဆင်သော်ကား နွယ်နွယ်ရရ သေရွာပြန်တစ်ဦး မဟုတ်ပါ။ သူ့အား နိုင်ငံတကာမှ သတင်းမီဒီယာများက နာဇီမနုဿမှုဆိုးကြီး ဟူ၍ လည်းကောင်း၊ မမေ့နိုင်သူတစ်ဦး ဟူ၍ လည်းကောင်း ကင်ပွန်းတပ်ခဲ့ကြပါသည်။

သူသည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည်နှင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ရုံးခန်းဖွင့်ကာ သူ့အစီအစဉ်နှင့်သူ နာဇီစစ်တရားခံများနောက်သို့ သဲလွန်စများ၊ သက်သေအထောက်အထားများ စုဆောင်းကာ ခြေရာခံလိုက်ခဲ့သော နာဇီမနုဿမှုဆိုးတစ်ဦး ဖြစ်ပါသည်။ သူကိုယ်တိုင် မော်သော်ဆင်းလောကငရဲခန်းတွင် အကျဉ်းသားတစ်ဦးအဖြစ် ကျခံခဲ့ရပြီး နာဇီအက်(စ်)အက်(စ်)ငရဲသားများ၏ လူသားမဆန်သော ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်မှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ ကြွက်များ၊ ပုးများ၊ ယုန်များကဲ့သို့ ဆေးပညာစမ်းသပ်မှုများကို မျက်မြင်တွေ့ခဲ့ရသူတစ်ဦး ဖြစ်ပါသည်။

သူနှင့် သူကဲ့သို့ သေရွာပြန် ဂျူးအမျိုးသားများသည် အထက်ဖော်ပြပါ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဗီဆင်သော်ဗဟိုမှတ်တမ်းပြုစုရေးဌာန တည်ထောင်ကာ ဂျာမန်စစ်ပြေးရာဇဝတ်သားများတို့၏မှတ်တမ်းများကို စနစ်တကျပြု မှတ်တမ်းတင်ပြီး အချို့ကိုမူ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်။ (နာမည်ကျော် စစ်ရာဇဝတ်သား အိုက်(ခ်)မန် အပါအဝင် အချို့စစ်တရားခံများ ဖမ်းဆီးနိုင်ရေးတွင် နောက်ကွယ်မှ ဆိုင်မွန်ဗီဆင်သော်ပါဝင်ခဲ့သည်ဟုသိရ၏။) သူ့ဗဟိုမှတ်တမ်းပြုစုရေးဌာနမှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်ခဲ့သော နာဇီစစ်ရာဇဝတ်သား နှစ်သောင်းရှိခဲ့သည်ဟုဆိုသည်။ (တီဟီရန်ကွန်ဖရင့်တွင် ဆိုဗီယက်ခေါင်းဆောင်ကြီး စတာလင်ကမူ နာဇီစစ်တရားခံငါးသောင်းရှိသည်ဟု အနောက်မဟာမိတ်နိုင်ငံ ခေါင်းဆောင်များအား ထုတ်ဖော်ပြောဆိုခဲ့သည်။)

ဤကဲ့သို့သော စစ်ရာဇဝတ်သားများ တိုးတက်များပြားလာရခြင်းသည် အကြောင်းရှိပါသည်။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားလာခြင်းနှင့်နာဇီစစ်ရာဇဝတ်ပြစ်မှုများ ဖြစ်ပွားလာရခြင်းကို စကားပလ္လင်ခံရန် လိုအပ်လာပါသည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးတွင် ၁၉၄၂ ခုနှစ် ကုန်ဆုံးသည်အထိ နာဇီဂျာမန်တို့သည် ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။ နာဇီဂျာမန်တို့၏ လျှပ်တစ်ပြက်စစ်ဆင်ရေးကြောင့် ဥရောပတိုက်နိုင်ငံအသီးသီးသည် ရက်ပိုင်း၊ နာရီပိုင်းအတွင်း နာဇီဂျာမန်တပ်မတော်များထံ လက်နက်ချ အရှုံးပေးခဲ့ကြရသည်။ ဥရောပတိုက်နိုင်ငံအသီးသီးရှိ မြို့တော်များတွင် နာဇီဂျာမန်တို့၏ စကြာတံဆိပ် အောင်လံတော်ကြီးသည် တလူလူလွင့်လျက်ရှိခဲ့သည်။ နာဇီဂျာမန်တပ်မတော်၏စစ်ဆင်မှုကို နိုင်ငံတကာမှ စစ်ရေးစောင့်ကြည့်အကဲဖြတ်သူများက တအံ့တဩဖြစ်ခဲ့ကြရသည်။

အစဉ်အလာ ကြီးမားခဲ့သော ပြင်သစ်နိုင်ငံတော်ကြီးမှာ ရက်သတ္တပတ် (၆) ပတ်အတွင်း နာဇီဂျာမနီတို့၏တပ်မတော်ကြီးထံ ခြွင်းချက်မရှိ လက်နက်ချ အရှုံးပေးခဲ့ရ၏။နေမဝင်သောအင်ပါယာကြီးကို ရာစုနှစ်ပေါင်းများစွာ ဆုပ်ကိုင်ထားနိုင်ခဲ့သော ဗြိတိသျှတို့သည် ဥရောပတိုက် ဒန်းကပ်မှအပြေးအလွှားဆုတ်ခွာခဲ့ရပြီး တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသည်။ နာဇီလေတပ်မတော်၏ နေ့စဉ်ရက်ဆက် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အချိန်မကြာမြင့်မီ နာဇီဂျာမန်တို့နှင့် ငြိမ်းချမ်းရေးယူရတော့မည့်အခြေအနေရောက်ရှိနေခဲ့ပြီဖြစ်သည်။ နာဇီထိပ်သီးခေါင်းဆောင်များ၏ ယုံကြည်ထားချက်မှာ လက်ရှိဂျာမန်တတိယနိုင်ငံတော်ကြီးသည် နှစ်ပေါင်း (၁၀၀၀)ကျော် တည်တံ့ခိုင်မြဲရမည်ဖြစ်သည်။ (တတိယဂျာမန်နိုင်ငံတော်သည် တစ်ဆယ့်နှစ်နှစ်သာ တည်တံ့ခဲ့ပါသည်။)

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် နာဇီဂျာမနီနိုင်ငံသည် အမေရိကန်ပြည်ထောင်စုအား စစ်ကြေညာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအား မီးကုန်ယမ်းကုန်ဆင်နွှဲခဲ့တော့၏။ ထိုစဉ်က နာဇီပါတီ၏ အထူးထောက်လှမ်းရေးတပ်ဖွဲ့ အက်(စ်)အက်(စ်) ထိပ်သီးဦးစီးချုပ်ဖြစ်သူမှာ ဗိုလ်ချုပ်ကြီးဟင်မလားဖြစ်သည်။ သူ၏အဓိကတာဝန်မှာ ဥရောပတိုက်နိုင်ငံအသီးသီးရှိ ဂျူးလူမျိုးများအားလုံးအား သုတ်သင်ရေးဖြစ်သည်။ တစ်နည်းအားဖြင့် ဂျူးလူမျိုးများ ဤကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွားရေး ဖြစ်သည်။ အမှန်အားဖြင့် နာဇီပါတီသည် ၁၉၃၃ ခုနှစ်တွင် ဂျာမနီနိုင်ငံတော်၏ အာဏာကိုသိမ်းယူနိုင်ခဲ့သည့်အချိန်ကာပင် ဂျာမနီနိုင်ငံတော်တွင် သမိုင်းအဆက်ဆက်ကြောင်းကြမ့် နေထိုင်ခဲ့ကြသော ဂျူးလူမျိုးစုများအား နည်းလမ်းအမျိုးမျိုးဖြင့် ဂျာမနီနိုင်ငံတော်အတွင်း နေထိုင်နိုင်ခြင်းမရှိအောင် စီစဉ်ဆောင်ရွက်ခဲ့၏။

နာဇီတို့သည် ဂျူးလူမျိုးများအား မျိုးတုံးပျောက်ကွယ်အောင်ပြုလုပ်ရေးတွင် နိုင်ငံတကာမှ အထင်မလွဲစေရန် နာမည်အသစ်အဆန်းများ ကင်ပွန်းတပ်၍ သတင်းများထုတ်ပြန်သည်။ အထူးသဖြင့် အစဉ်အလာ နေထိုင်စရာမရှိသော ဂျူးလူမျိုးတို့အား စနစ်တကျနေရာချထားပေးခြင်း၊ ပြည်ပသို့မိမိတို့ဆန္ဒအရ ထွက်ခွာစေရန်၊ ကျန်းမာရေးအရ အထူးစီစဉ်ဆောင်ရွက်ပေးခြင်း၊ သဘာဝကျကျလူဦးရေလျှော့ပေါ့စေခြင်းစသော နာမည်များပေးထားသော်လည်း နာဇီတို့၏ အဓိကရည်ရွယ်ချက်မှာ ဂျူးလူမျိုးများ ဤကမ္ဘာမြေပေါ်မှ လုံးဝပျောက်ကွယ်သွားရေးသာဖြစ်သည်။

ဂျူးလူမျိုးများအား စနစ်တကျနေရာချပေးမည်ဖြစ်၍ ဥရောပတိုက်ရှိ နာဇီဂျာမန်တို့သိမ်းပိုက်ထားသောနိုင်ငံများတွင် ချွေးတပ်စခန်းများ တည်ဆောက်ခဲ့ကြပြီး ဥရောပတိုက်နိုင်ငံအသီးသီးမှ ဂျူးလူမျိုးသန်းပေါင်းများစွာတို့ ထိုချွေးတပ်စခန်းများတွင် နေရာချထားသည်။ ထိုစခန်းများကို အထူးကြီးကြပ်အုပ်ချုပ်သူများမှာ အထက်ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော နာဇီပါတီ၏ အထူးထောက်လှမ်းရေး အက်(စ်)အက်(စ်)တပ်မှူးများ၊ အရာရှိအရာခံ အကြပ်၊ တပ်သားများ ဖြစ်ကြ၏။

ထိုစခန်းများအား အထူးပြုပြင်ရေးစခန်းများ၊ ချွေးတပ်စခန်းများဟု နာမည်ပေးထားစေကာမူ ယင်းစခန်းများမှာ ဂျူးလူမျိုးများအား နည်းလမ်းအမျိုးမျိုးနှင့် ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်သည့်စခန်းများသာ ဖြစ်ကြသည်။ ချွေးတပ်စခန်းသို့ရောက်ရှိလာသော ဂျူးအမျိုးသားအားလုံးမှာ စခန်းသို့ ရောက်ရှိသည်နှင့် မိမိတို့ခေါ်လာသမျှ



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများအား အက်(စ်)အက်(စ်)တပ်သားများကသိမ်းယူခဲ့ကြပြီး ၎င်းတို့ဝတ်ဆင်ထားသော အရပ်ဝတ်များကိုချွတ်စေ၍ မွဲခြောက်ခြောက်အရောင်အဆင်းများဖြင့်ချုပ်ထားသော အကျဉ်းသားပုံစံဝတ်စုံများကို ဝတ်ကြရသည်။ (အချို့အကျဉ်းစခန်းများတွင် နာဇီဝါဒဆန့်ကျင်သူ နိုင်ငံရေးသမားများနှင့် မဟာမိတ်စစ်သုံ့ပန်းများ ပါဝင်ပါသည်။) အဆိုပါနာမည်ယဉ်ယဉ်ပေးထားသော ချွေးတပ်စခန်းကြီးများသည် အကျဉ်းသားထောင်သောင်းဆံ့အောင်တည်ဆောက်ခြင်းဖြစ်ရာ ပြည်သူအများ မမြင်ကွယ်ရာဖြစ်အောင်ပြုလုပ်ထားခြင်းဟုဆိုနိုင်ပါသည်။

ထိုချွေးတပ်စခန်းများတွင် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သောစခန်းများမှာ ပိုလန်နိုင်ငံ အော့ဇဝစ်မြို့ ချွေးတပ်စခန်းဖြစ်ခဲ့သည်။ နာဇီတို့လျှမ်းလျှမ်းတောက်တန်ခိုးထွားခဲ့သောခေတ်ကာ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သည့်နေရာတွင် စံတင်ခဲ့သော စခန်းကြီးဖြစ်ခဲ့သည်။ အခြားနာမည်ဆိုးဖြင့်ကျော်ကြားသော ချွေးတပ်စခန်း သို့မဟုတ် လောကငရဲခန်းမှာ ဘူချင်ဝေါ ဖြစ်သည်။ ထိုချွေးတပ်စခန်းမှူး အက်(စ်)အက်(စ်)ဗိုလ်မှူးကော့(ချ်)သည် ဂျူးလူမျိုးကလေးများ၊ အမျိုးသမီးငယ်များ၊ အမျိုးသားငယ်များအား သူမွေးထားသည့်ခွေးဝံများ လှောင်ထားသည့်လှောင်ချိုင့်အတွင်းသို့ အရှင်လတ်လတ်ပစ်ချခဲ့သည်ဟု ဆိုသည်။

ထို့အတူ ပိုလန်နိုင်ငံမှ ထရီဗလင်ကာချွေးတပ်စခန်းတွင် ရေ အမှတ်အောက် ကျဆင်းနေသော အလွန်အေးသည့်ရာသီဥတုအတွင်း အကျဉ်းသမားများအား ဆီးနှင်းများတဖွားဖွားကျနေသောကွင်းပြင်ထဲ၌ (၁၉) နာရီတိတိ တန်းစီရပ်စေခဲ့ရာ တန်းဖြုတ်သောအခါ အကျဉ်းသားအချို့မှာ အသက်ဆုံးရှုံးခဲ့ရသည်။ အချို့အကျဉ်းစခန်းများတွင် သိပ္ပံနည်းကျသုတေသန ပြုလုပ်သည်ဟုဆိုကာ အရှင်လတ်လတ် ခွဲစိတ်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုက်ဖွိုက်သော အူရောင်ရောဂါများနှင့် ဆိုးဝါးသော အနာကြီးများဖြစ်ပွားအောင် ရောဂါပိုးများကို အကျဉ်းသားများ၏ အစားအစာများ၊ သောက်ရေများတွင် ခပ်၍ တိုက်ကျွေးပြီး သုတေသနပြုလုပ်ကြသည်ဟု ဆိုသည်။

အစားအသောက်များတွင်လည်း ပေါင်မုန့်ခြောက်တစ်ခုနှင့် စွပ်ပြုတ်အနည်းငယ်မျှသာပေးသည်။ အကျဉ်းသားအများကိုမူ အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ်၍သတ်ခဲ့ကြသည်ဟုလည်း သိရ၏။ ဤသို့ လူမဆန်သော ရက်စက်မှုများကို ပြည်သူအများကွယ်ရာတွင် ပြုလုပ်ခဲ့ကြသည်။ သို့ဖြစ်၍ ဂျာမန်ပြည်သူအများ သိခွင့်မရခဲ့ကြ။ နာဇီအက်(စ်)အက်(စ်)တပ်မှူး၊ အရာရှိအရာခံ၊ အကြပ်တပ်သားများ၏ ရက်စက်မှုများကို ဗြိတိသျှနှင့်မဟာမိတ်တို့က တီးတိုးဝါဒဖြန့်ခြင်းသာဖြစ်သည်ဟု ထင်မှတ်ကြ၏။

အထက်ဖော်ပြပါ အက်(စ်)အက်(စ်) တပ်ဖွဲ့မှာ နောက်တွင် 'ဂက်စတာပို' ခေါ် လျှို့ဝှက်ရဲအဖွဲ့သို့ ပြောင်းလဲလာခဲ့ပြီး နာဇီချွေးတပ်စခန်းများတွင်အစောင့်များဖြစ်လာကြ၍ မရဏလမ်းပြများဖြစ်လာကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ထိုစခန်းများမှ အသက်မသေဘဲကျန်ရစ်ခဲ့သူ နာဇီငရဲခန်းပြန် မျက်မြင်သက်သေများ၏ ပြန်လည်ပြောပြချက်အရသိရသည်မှာ အသတ်ခံကြရတော့မည့် သူတို့၏သွင်ပြင်မှာ မချမ်းမြေ့ဖွယ်ကောင်းလှပုံများအကြောင်းပင်ဖြစ်သည်။ ထိုငရဲခန်းအကြောင်းကို နိုင်ငံတကာမှ စာရေးဆရာကြီးများ၊ သမိုင်းပညာရှင်များ၊ သမိုင်းသုတေသီများက စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားဖော်ပြခဲ့ကြသည်။ နိုင်ငံတကာမှ သတင်းစာများ၊ မဂ္ဂဇင်းများကလည်း ထိုငရဲခန်းများအကြောင်းကို ဓာတ်ပုံသာဓက ခိုင်ခိုင်မာမာနှင့် ဖော်ပြခဲ့ကြသည်။ ထိုစဉ်က ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ဂျာမန်ဘာသာဖြင့်ထုတ်ဝေသော ဒိုင်စတန်းမဂ္ဂဇင်းကြီးနှင့် ဒိုင်စပီအယ်မဂ္ဂဇင်းကြီးများက ဖော်ပြခဲ့ကြသည်။

ထို့အတူ နိုင်ငံတကာအသံလွှင့်ဌာနများကလည်း အထက်ဖော်ပြပါ ချွေးတပ်စခန်းများအကြောင်းနှင့်ထိုချွေးတပ်စခန်းများမှကံကောင်းထောက်မသဖြင့် အသက်မသေဘဲ ကြွင်းကျန်ရစ်ခဲ့သော သေရွာပြန်တို့၏ သတင်းပေးချက်များအရ နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်တို့၏ လူမဆန်သောရက်စက်မှုများနှင့် ဂျူးလူမျိုးများ၏ လူမျိုးတုံးအစုလိုက်အပြုံလိုက်အသတ်ခံရမှု ဖြစ်ရပ်မှန်များကို နိုင်ငံတကာက သိခွင့်ရခဲ့သည်။

ထိုစဉ်က စစ်နိုင်မဟာမိတ်နိုင်ငံများဖြစ်ကြသော အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတို့မှ အာဏာပိုင်အဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်အရ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော နာဇီချွေးတပ်စခန်းများ အရပ်အခေါ် ငရဲခန်းများ၌ အစုလိုက်အပြုံလိုက်အသတ်ခံရသော ဂျူးလူမျိုးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဆိုဘီနာအကျဉ်းစခန်း
နှစ်သိန်းငါးသောင်း၊
(၂) ထရီဘလင်ကာအကျဉ်းစခန်း
ခုနစ်သိန်း၊
(၃) ကူလမ်ဟော့(ဖ်)အကျဉ်းစခန်း
တစ်သိန်းငါးသောင်းနှစ်ထောင်၊
(၄) မေဒါနက်အကျဉ်းစခန်း
နှစ်သိန်း
(၅) အော့(စ်)ဝစ့်အကျဉ်းစခန်း
တစ်သန်း

အသတ်ခံရသည်ဟုသိကြရသည်။

အခြားချွေးတပ်စခန်းများဖြစ်ကြသော မော်သော်ဆင်နှင့် ဆိုဗီယက်ပြည်ထောင်စု (ယခုရုရှား) နိုင်ငံနှင့် အခြားနိုင်ငံများမှ အကျဉ်းစခန်းများမှာ အစုလိုက်အပြုံလိုက် အသတ်ခံရသော ဂျူးလူမျိုးများစာရင်း အတိအကျ ဖော်ပြနိုင်ခြင်းမရှိခဲ့ပါ။

နာဇီဂျာမန်ကာကွယ်ရေးဌာနချုပ်မှထုတ်ပြန်ခဲ့သော စာရင်းဇယားအရဆိုရလျှင် နာဇီချွေးတပ်စခန်းများ၌ နည်းလမ်းအမျိုးမျိုးနှင့်ကွပ်မျက်ခံရသော ဂျူးအမျိုးသားပေါင်း တစ်ဆယ့်တစ်သန်းကျော်ရှိခဲ့သည်ဟု ဆိုသည်။ မော်သော်ဆင်အကျဉ်းစခန်းမှ အသက်မသေလွတ်လာခဲ့သော ဂျူးအမျိုးသား စာနယ်ဇင်းသမားတစ်ဦးကမူ နာဇီချွေးတပ်စခန်းများ အရပ်အခေါ် ငရဲစခန်းများတွင် ဂျူးအမျိုးသားများအား နာဇီငရဲသားအက်(စ်) အက်(စ်)တို့ ညှင်းပန်းနှိပ်စက်ခဲ့သည့် နည်းလမ်းအမျိုးမျိုးကို History of Torture ဟူသော အမည်ဖြင့်သာ စာအုပ်တစ်အုပ် ရေးသားထုတ်ဝေရမည်ဆိုလျှင် စာမျက်နှာထောင်ကျော်သော စာအုပ်ကြီးတစ်အုပ်ဖြစ်လာနိုင်သည်ဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့၏။

မှန်ပါသည်။ နာဇီဂျာမန်အက်(စ်)အက်(စ်)တပ်သားတို့၏ ဂျူးလူမျိုးများအပါအဝင် အခြားနာဇီဝါဒကိုဆန့်ကျင်သူများ၊ မဟာမိတ်အကျဉ်းသားများအား လူမဆန်စွာညှဉ်းဆဲကွပ်မျက်မှုများသည် ကမ္ဘာ့သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ ပေါ်ပေါက်ခဲ့ခြင်းမရှိခဲ့ဟု သမိုင်းသုတေသီများက ဆိုကြ၏။ အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသော သမိုင်းတွင် ထင်ရှားခဲ့



www.burmeseclassic.com

www.burmeseclassic.com

သော တမလိန်း အပါအဝင် ဂျင်ဂျစ်ခန်တို့ပင်လျှင် နာဇီဂျာမန်အက်(စ်)အက်(စ်)ကဲ့သို့ ရာဇဝတ်မှုမျိုးကျူးလွန်ကောင်းမှ ကျူးလွန်ပေလိမ့်မည်ဟုဆိုသည်။ ဤဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော နာဇီချွေးတပ်စခန်းခေါ် ငရဲခန်းအချို့အား ဒေါက်မေ့ဖွယ်အမှတ်တရသမိုင်းဝင်အဆောက်အအုံများဖြင့်ထားရှိခဲ့ပြီး အများပြည်သူလူထုအား ကြည့်ရှုခွင့်လေ့လာခွင့်ပြုခဲ့သည်။

ဤကဲ့သို့ ကမ္ဘာ့သမိုင်းတွင် မှတ်တိုင်ထူခဲ့သော နာဇီအက်(စ်)အက်(စ်) လူသတ်သမားတို့၏ လူမဆန်သော ရာဇဝတ်မှုနှင့်အိုင်ကြီးထဲမှ အံ့သြလောက်အောင်ကြာပွင့်တစ်ပွင့်ပေါက်လာပါသည်ဟုဆိုလျှင် စာဖတ်သူများအဖို့ နာမည်ကျော် ကာတွန်းဝိဇ္ဇာ အမေရိကန်ပြည်ထောင်စုသား ရစ်ပလေ ရေးသားသော (Believe it or not) 'ယုံချင်ယုံ၊ မယုံချင်နေစာအုပ်' များပေလောဟုထင်ကြမည်ဖြစ်ပါသည်။ မှန်ပါသည်။ အံ့သြကုန်နိုင်ဖွယ်ဖြစ်ရပ် ဖြစ်ပါသည်။

ထိုသူမှာ ဤဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော သြစတြီးယားနိုင်ငံ ဗီယင်နာမြို့သား ဂျာမန်အက်(စ်)အက်(စ်)တပ်မှ တပ်ကြပ်ကြီး အင်ကွန်ရှမစ်ဆိုသူ ဖြစ်ပါသည်။ သူသည် ငယ်စဉ်ကပင် အေးအေးဆေးဆေးနေတတ်သူတစ်ဦး ဖြစ်၏။ မိဘဘိုးဘွားများမှာလည်း ဘာသာရေးကိုင်းရှိုင်းသူများသာဖြစ်ကြပြီး ငယ်စဉ် ကျောင်းနေစဉ်ကလည်း အခြားကလေးငယ်များနှင့်မတူ ခပ်အေးအေး ခပ်ဏုပ်ကုပ်နေထိုင်သူတစ်ဦးဖြစ်၏။ ၁၉၃၃တွင် နာဇီပါတီနိုင်ငံတော်အာဏာရရှိလာခဲ့ပြီး တတိယဂျာမနီနိုင်ငံတော်ကြီးကို ဘက်စုံပြုပြင်လာသည့်အချိန်တွင် သြစတြီးယားနိုင်ငံသည် တတိယဂျာမနီနိုင်ငံတော်၏ ပြည်နယ်တစ်ခုဖြစ်လာသောအခါ အင်တွန်ရှမစ်သည် နာဇီဂျာမန်လေတပ်မတော်၌ ဝင်ရောက်အမှုထမ်းခဲ့ရာ တပ်ကြပ်ကြီးတစ်ယောက်ဖြစ်လာခဲ့သည်။

နာဇီတို့ဂျာမနီအာဏာကိုရရှိလာခဲ့ပြီး ဂျူးလူမျိုးများအား နည်းလမ်းအမျိုးမျိုးဖြင့် နှိပ်စက်ညှဉ်းပန်းမှုများကိုတွေ့မြင်လာရသောရှမစ်သည် ဂျူးလူမျိုးများအပေါ် ကရုဏာသက်မိသည်။ သူတို့ငယ်စဉ်ကပင် ဂျူးလူမျိုးများနှင့် အနှောင့်အယှက်ကင်းစွာလက်တွဲ၍ ဆွေမျိုးသားချင်းပမာ အတူနေထိုင်ခဲ့ကြ၏။ သို့သော် နာဇီတို့အာဏာရလာသည်နှင့် ဂျူးလူမျိုးများအား နည်းလမ်းအမျိုးမျိုးဖြင့် လူတန်းစားခွဲ၍ထားခဲ့ပြီး အစုလိုက်အပြုံလိုက် ဖမ်းဆီး၍ ချွေးတပ်စခန်းများ အရပ် အခေါ် ငရဲခန်းများသို့ပို့ဆောင်၍ လူမဆန်သော နှိပ်စက်ညှဉ်းပန်းမှုများအကြောင်း ကြားသိလာခဲ့ရ၏။

နာဇီတို့ ဒုတိယကမ္ဘာစစ်ကြီး အောင်ပွဲခံရန်သေချာသလောက်ဖြစ်နေသော ၁၉၄၂ ခုနှစ်တွင် နာဇီဂျာမန်လေတပ်တပ်ကြပ်ကြီး အင်တွန်ရှမစ်မှာ နာဇီပါတီ အထူးတပ်ဖွဲ့(အက်(စ်) အက်(စ်) ဝင်ဖြစ်ခဲ့ရပြီး သူ့ဇာတိ သြစတြီးယားနိုင်ငံ ဗီနာ(လ်)မြို့သို့ သြစတြီးယားလူမျိုး အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များနှင့်အတူ တာဝန်အရရောက်ရှိလာခဲ့၏။ ထိုအချိန်တွင် ဂျူးလူမျိုးတုံးအစုလိုက်အပြုံလိုက် သတ်ဖြတ်ရမည့် စီမံချက်မှန်တိုင်းကြီး တိုက်ခတ်လာခဲ့ပြီးဖြစ်ရာ ဗီနာ(လ်)မြို့တွင် နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့နေခဲ့ကြသော ဂျူးလူမျိုး (၈၀၀၀) တို့အား ဂယက်ရိုက်ခတ်လာခဲ့တော့၏။

အထက်ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သည်အတိုင်း ဂျူးလူမျိုးများအား လူသားမဆန်သောနည်းလမ်းအမျိုးမျိုးဖြင့် နှိပ်စက်သတ်ဖြတ်ကြသည်ကို မျက်ဝါးထင်ထင်မြင်ရသော တပ်ကြပ်ကြီး အင်တွန်ရှမစ်မှာ စက်ဆုပ်လာသည်။ ပင်ကိုကပင် ဘာသာရေးကိုင်းရှိုင်းသော ကက်သလစ်ခရစ်ယာန်မိသားစုဝင် ရှမစ်မှာ ဂျူးလူမျိုးတို့ခံစားနေရသည့် ဒုက္ခအမျိုးမျိုးကို သူတတ်နိုင်သလောက် ကယ်တင်ရန် ဆုံးဖြတ်ခဲ့သည်။

ဂျာမန်လူမျိုး ငရဲသား အက်(စ်)အက်(စ်)ကပ်ဖွဲ့ဝင်များနှင့် ရှမစ်၏မိတ်ဆွေ သြစတြီးယားလူမျိုး အက်(စ်)အက်(စ်)တပ်သားတို့၏အပြုအမူအားလုံးအား စိတ်ပျက်လာသော အင်တွန်ရှမစ်သည် အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်မျက်နှာဖုံးကို တတ်နိုင်သလောက်ခွာချပစ်လိုက်သည်။ သူသည် ဂျူးများနေထိုင်သည့်ရပ်ကွက်အတွင်း အစားအစာများအား လျှို့ဝှက်ယူဆောင်လာခဲ့ပြီး အစားအစာပြတ်နေသော ဂျူးလူမျိုး သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ မီးဖွားပြီးစ အမျိုးသမီးများအား ဝေငှသည်။ အမှန်အားဖြင့် အင်တွန်ရှမစ်အဖို့ အထူးပင်စွန့်စားရသည့်လုပ်ငန်းပင်ဖြစ်၏။ နွားနို့ပုလင်းငယ်များကို သူ့ဘောင်းဘီအိတ်၊ အင်္ကျီအိတ်များတွင်ထည့်၍ အစားအစာပြတ်နေသော ဂျူးကလေးငယ်များကို တိုက်ကျွေးလေ့ရှိ၏။

ဗီနာ(လ်)မြို့ထဲတွင် ဂျူးလူမျိုးများပုန်းအောင်းနေသောနေရာများကို အင်တွန်ရှမစ်က သိထားသည်။ ထိုလူများနှင့် အက်(စ်)အက်(စ်)တို့ ထိန်းသိမ်းထားသည့်ဂျူးများအကြား ဆက်သွယ်ပေးသော ဆက်သားတာဝန်ကိုလည်း အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး အင်တွန်ရှမစ်ကယူထားသည်။ သူ့အား ဂျူးလူမျိုးအများကပင် ကယ်တင်ရှင်တစ်ယောက်ဟု သိထားသည်။

ထိန်းသိမ်းရေးစခန်းမှ ဂျူးလူမျိုးအချို့ ထွက်ပြေးနိုင်ရန်လည်း အကူအညီပေးခဲ့သည်သာမက သူ၏တပ်မှလက်နက်များကိုခိုးယူ၍ ဂျူးလူမျိုးတော်လှန်ရေးသမားများ အားပေးခဲ့သည်။ ပေါင်မုန့်များ၊ ဆေးဝါးများကိုလည်း သူတတ်နိုင်သလောက်ခိုးယူ၍ ဂျူးလူမျိုးအကျဉ်းသမားများအား ဝေပေးလေ့ရှိ၏။ ဤကဲ့သို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခြင်းသည် သူ့အား မည်သည့်အဖွဲ့အစည်း မည်သည့်ပုဂ္ဂိုလ်ကမျှ တာဝန်ပေးခြင်း မဟုတ်ခဲ့။ သူ့နှလုံးသား၏ စေခိုင်းခြင်းကြောင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်ရာ သူ့အား ဗီ(လ်)နာရှိ ဂျူးလူမျိုးများအားလုံးက သူတော်စင်တစ်ဦးဟု ကင်ပွန်းတပ်ခဲ့ကြ၏။

သို့သော် သူတော်စင် အက်(စ်)အက်(စ်)တပ်ကြပ်ကြီး အင်တွန်ရှမစ်အဖို့ ကြမ္မာဆိုးကို ရှောင်လွှဲမရခဲ့။ ၁၉၄၂ ခု၊ ဧပြီလ ပထမပတ်တွင် ရှမစ်သည် အထက်ဖော်ပြပါဂျူးအမျိုးသားရပ်ကွက်မှ ဂျူးအမျိုးသားငါးဦးအား လျှို့ဝှက်စွာထုတ်၍ ဗီ(လ်)နာမြို့ ဆင်ခြေဖုံးတောအတွင်း ပုန်းအောင်းနေနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းကို နာဇီဂျာမန်ဂက်စတာပိုများက သိရှိသွားကြသဖြင့် သူ့အားဖမ်းဆီး၍ နည်းလမ်းအမျိုးမျိုးနှင့် စစ်ဆေးခဲ့ကြသည်။ နောက်ဆုံးတွင်ပြစ်မှုထင်ရှားသဖြင့် သူကယ်တင်ရန်ကြိုးစားခဲ့သော ဂျူးလူမျိုးငါးဦးနှင့်အတူ ကွပ်မျက်ခြင်းခံခဲ့ရ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ထိုဗီ(လ်)နာမြို့ငရဲခန်းမှ အသက်မသေလွတ်မြောက်လာသော ဂျူးလူမျိုး(၂၅၀)၏ ထွက်ဆိုပြောပြချက်များ၊ နေ့စဉ်မှတ်တမ်းစာအုပ်များတွင် သူတော်စင်နှင့်ထိကကြာဖြစ်သော အင်တွန်ရှမစ်၏ သတ္တိနှင့် ကြင်နာမှုကို ရေးသားဖော်ပြထားခဲ့ကြပါကြောင်း။

သုမိုး (ပညာရေး)

ကျမ်းကိုး -

The Murderers among US.



www.burmeseclassic.com

www.burmeseclassic.com




## မွေးနံနှင့်ပက္ခ၊ ဘုမ္မိနှင့်ပက္ခဆုံသော
# ဂြိုဟ်အိပ်ကြီးများအကြောင်း


မှုလရေး
ဒေါက်တာခိုင်စံဝေ(ဓဝဒပညာ)


ပက္ခအကြောင်းတစ်နှစ်၊ တစ်နှစ် ကောဇာမဟာဘုတ်အလိုက် နာမည် (ရင်း+ဖျား) ပက္ခမိပုံတို့ကို နှစ်တိုင်း နှစ်တိုင်းဖြစ်ပျက်သော အဖြစ်အပျက်လေးများဖြင့် တင်ပြခဲ့ပါသည်။


ယခုတစ်ခါ မိမိတို့၏ မွေးနံနှင့် ရောက်သော ဂြိုဟ်အိပ်ကြီးပက္ခမိပုံများကို စဉ်းစားရှာဖွေ တင်ပြလိုက်ပါသည်။ မွေးသက္ကရာဇ်ကိုတည်ရဖြင့် စား၊ မဟာဘုတ်ထူပါ။


(၁) ကြွင်းသမားများမှာ ၁၃၀၃၊ ၁၃၁၀၊ ၁၃၁၇၊ ၁၃၂၄၊ ၁၃၃၁၊ ၁၃၃၈၊ ၁၃၄၅၊ ၁၃၅၂၊ ၁၃၅၉၊ ၁၃၆၆၊ ၁၃၇၃၊ ၁၃၈၀ ဖွားများ ဖြစ်ပါသည်။ (၁) ကြွင်း တနင်္ဂနွေသား မွေးစမှ (၆) နှစ်အတွင်း (ဘင်္ဂ+ဘင်္ဂ) မွေးနံနှင့် ဂြိုဟ်အိပ်ပက္ခမိပါသည်။ (၁) ကြွင်း ဗုဒ္ဓဟူးသား ကြာသပတေးသက်ရောက်သော (၂၈) နှစ်မှ (၄၆)အတွင်း (မရဏ+အဓိပတိ) ပက္ခမိပါသည်။ (၁) ကြွင်း ကြာသပတေးသား ဗုဒ္ဓဟူးဂြိုဟ်အိပ်သော (၈၂) မှ (၉၈)၌ (အဓိပတိ + မရဏ) ပက္ခမိပါသည်။ (၁) ကြွင်း အင်္ဂါသား သောကြာသက်ရောက် အသက် (၆၇) မှ (၈၇) အတွင်း (သိုက်+ရာဇ) ပက္ခမိပါသည်။ (၁) ကြွင်း သောကြာသား၊ အင်္ဂါဂြိုဟ်အိပ်ကာလ အသက် (၄၃) နှစ်မှ (၅၀) အတွင်း









(ရာဇ+သိုက်) ပက္ခမိပါသည်။ (၁) ကြွင်း စနေသား တနင်္လာသက်ရောက် အသက် (၆၉) မှ (၈၃) (အထွန်း + ပုတိ) ပက္ခမိပါသည်။ (၁)ကြွင်း တနင်္လာသား စနေဂြိုဟ်အိပ်ကာလ (၄၁) မှ (၅၀) နှစ်အတွင်း (ပုတိ + အထွန်း) ပက္ခမိပါသည်။

(၂)ကြွင်း မူလမဟာဘုတ်ဖွားများမှာ ၁၃၀၄၊ ၁၃၁၁၊ ၁၃၁၈၊ ၁၃၂၅၊ ၁၃၃၂၊ ၁၃၃၉၊ ၁၃၄၆၊ ၁၃၅၃၊ ၁၃၆၀၊ ၁၃၆၇၊ ၁၃၇၄၊ ၁၃၈၁ ဖွား ဖြစ်ပါသည်။ (၂) ကြွင်း တနင်္လာသား တနင်္လာဂြိုဟ်အိပ်ကာလ (၁၅) နှစ်အတွင်း (ဘင်္ဂ+ဘင်္ဂ) ပက္ခမိပါသည်။ (၂) ကြွင်းတနင်္လာသား တနင်္လာဂြိုဟ်အိပ်ကာလ (၁၅) နှစ်အတွင်း (ဘင်္ဂ+ဘင်္ဂ) ပက္ခမိပါသည်။ (၂) ကြွင်း ကြာသပတေးသား သောကြာဂြိုဟ်အိပ်ကာလ အသက် (၃၂) မှ (၅၂) အတွင်း (မရဏ+အဓိပတိ) ပက္ခမိပါသည်။ (၂) ကြွင်း သောကြာသား ကြာသပတေးဂြိုဟ်အိပ်ကာလ (၉၀) နှစ်



www.burmeseclassic.com

www.burmeseclassic.com

မှ (၁၀၈) နှစ်အတွင်း (အဓိပတိ+မရဏ) ပက္ခမိပါသည်။ (၂) ကြွင်း စနေသား ဗုဒ္ဓဟူးဂြိုဟ်အိမ်ကာလ အသက် (၉၂) မှ (၁၀၈) (သိုက်+ရာဇ) ပက္ခမိပါသည်။ (၂) ကြွင်း ဗုဒ္ဓဟူးသား စနေဂြိုဟ်အိမ်ကာလအသက် (၁၈) မှ (၂၇) (သိုက်+ရာဇ) ပက္ခမိနေသည်။ (၂) ကြွင်း တနင်္ဂနွေသား အင်္ဂါဂြိုဟ်အိမ်ကာလ အသက် (၂၂) မှ (၂၉) နှစ် (အထွန်း+ပုတိ) ပက္ခမိပါသည်။ (၂) ကြွင်း အင်္ဂါသား တနင်္ဂနွေဂြိုဟ်အိမ်ကာလ အသက် (၈၈) မှ (၉၃) (ပုတိ+အထွန်း) ပက္ခမိပါသည်။

မူလမဟာဘုတ် (၃) ကြွင်းဖွားများမှာ ၁၃၀၅၊ ၁၃၁၂၊ ၁၃၁၉၊ ၁၃၂၆၊ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၆၈၊ ၁၃၇၅၊ ၁၃၈၂ ဖြစ်ပါသည်။ (၃) ကြွင်း အင်္ဂါသား အင်္ဂါဂြိုဟ်အိမ်ကာလ (ဘင်္ဂ+ဘင်္ဂ) (၈) နှစ်အတွင်း ပက္ခမိနေသည်။

(၃) ကြွင်း သောကြာသား စနေဂြိုဟ်အိမ်ကာလ (၆၈)နှစ်မှ(၇၇)အတွင်း (မရဏ+အဓိပတိ) ပက္ခမိနေသည်။ (၃) ကြွင်း စနေသား သောကြာဂြိုဟ်အိမ်ကာလ အသက် (၄၂) မှ (၆၂) အတွင်း (အဓိပတိ+မရဏ) ပက္ခမိနေသည်။ (၃) ကြွင်း ကြာသပတေးသား တနင်္ဂနွေဂြိုဟ်အိမ်ကာလ အသက် (၅၃) မှ (၅၈) တွင် ပက္ခမိနေသည်။ (၃)ကြွင်း တနင်္ဂနွေသား ကြာသပတေးဂြိုဟ်အိမ်ကာလ (၅၇) နှစ်မှ (၇၅) နှစ်အတွင်း (ရာဇ + သိုက်) ပက္ခမိနေသည်။ (၃) ကြွင်း တနင်္လာသား ဗုဒ္ဓဟူးဂြိုဟ်အိမ်ကာလ အသက် (၂၄) မှ (၄၀) နှစ်အတွင်း (အထွန်း + ပုတိ) ပက္ခမိနေသည်။ (၃) ကြွင်း ဗုဒ္ဓဟူးသား တနင်္လာဂြိုဟ်အိမ်ကာလ အသက် (၈၆) မှ (၁၀၀) အတွင်း (ပုတိ+အထွန်း) ပက္ခမိနေသည်။

မူလမဟာဘုတ် (၄) ကြွင်းဖွားများမှာ ၁၃၀၆၊ ၁၃၁၃၊ ၁၃၂၀၊ ၁၃၂၇၊ ၁၃၃၄၊ ၁၃၄၁၊ ၁၃၄၈၊ ၁၃၅၅၊ ၁၃၆၂၊ ၁၃၆၉၊ ၁၃၇၆၊ ၁၃၈၃ ဖြစ်ပါသည်။ (၄) ကြွင်း ဗုဒ္ဓဟူးသား၊ ဗုဒ္ဓဟူးဂြိုဟ်အိမ်ကာလ မွေးစမှ (၁၇) အတွင်း (ဘင်္ဂ+ဘင်္ဂ) ပက္ခမိသည်။ (၄) ကြွင်း စနေသား တနင်္ဂနွေဂြိုဟ်အိမ်ကာလ အသက်(၆၃) မှ (၆၈) (မရဏ+အဓိပတိ) ပက္ခမိသည်။ (၄) ကြွင်း တနင်္ဂနွေသား စနေဂြိုဟ်အိမ်ကာလ အသက်(၄၇)မှ (၅၆) (အဓိပတိ + မရဏ) ပက္ခမိသည်။ (၄) ကြွင်း သောကြာသား တနင်္လာဂြိုဟ်အိမ် (၈၂) မှ (၄၂) (သိုက်+ရာဇ) ပက္ခမိ၏။ (၄) ကြွင်း တနင်္လာသား သောကြာဂြိုဟ်အိမ် (၈၂) မှ (၁၀၂) နှစ် (ရာဇ+သိုက်) ပက္ခမိသည်။ (၄) ကြွင်း အင်္ဂါသား ကြာသပတေးဂြိုဟ်အိမ် (၃၆) နှစ်မှ (၅၄) နှစ် (အထွန်း + ပုတိ) ပက္ခမိသည်။

မူလမဟာဘုတ် (၅) ကြွင်းဖွားများမှာ ၁၃၀၀၊ ၁၃၀၇၊ ၁၃၁၄၊ ၁၃၂၁၊ ၁၃၂၈၊ ၁၃၃၅၊ ၁၃၄၂၊ ၁၃၄၉၊ ၁၃၅၆၊ ၁၃၆၃၊ ၁၃၇၀၊ ၁၃၇၇ မွေးသူများဖြစ်ပါသည်။ (၅) ကြွင်း ကြာသပတေးသား ကြာသပတေးသက်ရောက် မွေးစမှ(၁၉) နှစ်အတွင်း (ဘင်္ဂ+ဘင်္ဂ) ပက္ခမိသည်။ (၅) ကြွင်း တနင်္ဂနွေသား တနင်္လာ ဂြိုဟ်အိမ်ကာလ အသက် (၇) နှစ်မှ (၂၁)နှစ်အတွင်း (မရဏ+အဓိပတိ) ပက္ခမိသည်။ (၅) ကြွင်း တနင်္လာသား တနင်္ဂနွေသက်ရောက် ဂြိုဟ်အိမ်ကာလ (အဓိပတိ+မရဏ) ပက္ခမိချိန်မှာ အသက် (၁၀၂) ကျော်မှ ကြုံရမည်ဖြစ်ရာ လူသက်တမ်းအရ ကြုံဖို့မရှိနိုင်ပါ။ (၅) ကြွင်း စနေသား အင်္ဂါသက်ရောက်ဂြိုဟ်အိမ်ကာလ အသက် (၈၄) မှ (၉၁) အတွင်း (သိုက် + ရာဇ) ပက္ခမိ၏။ (၅) ကြွင်း အင်္ဂါသား စနေသက်ရောက် အသက် (၂၆)မှ(၃၅) ဂြိုဟ်အိမ်ကာလအတွင်း (ရာဇ+သိုက်) ပက္ခမိ၏။ (၅) ကြွင်း သောကြာသား ဗုဒ္ဓဟူးဂြိုဟ်အိမ်ကာလ အသက် (၅၁)မှ (၆၇) အတွင်း (ပုတိ+အထွန်း) ပက္ခမိသည်။ (၅)ကြွင်း ဗုဒ္ဓဟူးသား သောကြာဂြိုဟ်အိမ်ကာလ အသက် (၅၉) မှ (၇၉) (အထွန်း+ပုတိ) ပက္ခမိသည်။

(၆) ကြွင်း မူလမဟာဘုတ်ဖွားများမှာ ၁၃၀၁၊ ၁၃၀၈၊ ၁၃၁၅၊ ၁၃၂၂၊ ၁၃၂၉၊ ၁၃၃၆၊ ၁၃၄၃၊ ၁၃၅၀၊ ၁၃၅၇၊ ၁၃၆၄၊ ၁၃၇၁၊ ၁၃၇၈ ဖွားများ ဖြစ်သည်။ (၆)ကြွင်း သောကြာသား အသက် (၂၁) နှစ်အတွင်း သောကြာဂြိုဟ်အိမ်ကာလ (ဘင်္ဂ+ဘင်္ဂ) ပက္ခမိသည်။ (၆) ကြွင်းတနင်္လာသားအင်္ဂါဂြိုဟ်အိမ်ကာလ အသက် (၁၆) မှ (၂၃) (မရဏ+ အဓိပတိ) ပက္ခမိ၏။ (၆) ကြွင်း အင်္ဂါသား တနင်္လာဂြိုဟ်အိမ်ကာလ (၉၄) နှစ်မှ (၁၀၈)အတွင်း (အဓိပတိ+မရဏ)ပက္ခမိသည်။ (၆) ကြွင်း တနင်္ဂနွေသား ဗုဒ္ဓဟူးဂြိုဟ်အိမ်ကာလ အသက် (၃၀) မှ (၄၆) (သိုက်+ရာဇ) ပက္ခမိသည်။ (၆) ကြွင်း ဗုဒ္ဓဟူးသား တနင်္ဂနွေဂြိုဟ်အိမ်ကာလ အသက် (၈၀) မှ (၈၅) အတွင်း (ရာဇ+သိုက်) ပက္ခမိသည်။ (၆) ကြွင်း ကြာသပတေးသား စနေဂြိုဟ်အိမ်ကာလမှာတော့ အသက် (၁၀၀) ကျော်မှဖြစ်၍ ကြုံစရာမရှိပါ။ (၆) ကြွင်း စနေသားသမီး ကြာသပတေးဂြိုဟ်အိမ်ကာလ အသက်(၁၁) မှ (၂၉) အတွင်း (ပုတိ+အထွန်း) ပက္ခမိသည်။

(၀) ကြွင်း မူလမဟာဘုတ်ဖွားများမှာ ၁၃၀၂၊ ၁၃၀၉၊ ၁၃၁၆၊ ၁၃၂၃၊ ၁၃၃၀၊ ၁၃၃၇၊ ၁၃၄၄၊ ၁၃၅၁၊ ၁၃၅၈၊ ၁၃၆၅၊ ၁၃၇၂၊ ၁၃၇၉ ခုနှစ်များ ဖြစ်သည်။ (၀) ကြွင်း စနေသားသမီး စနေဂြိုဟ်အိမ်ကာလ မွေးစမှ (၁၀) နှစ်အတွင်း (ဘင်္ဂ+ဘင်္ဂ)ပက္ခမိ၏။ (၀)ကြွင်း တနင်္လာသား ကြာသပတေးဂြိုဟ်အိမ် အသက် (၅၁) မှ (၆၉) (သိုက်+ရာဇ) ပက္ခမိ၏။ (၀) ကြွင်း ကြာသပတေးသား တနင်္လာဂြိုဟ်အိမ် အသက် (၅၉) မှ (၇၃) (ရာဇ+သိုက်) ပက္ခမိသည်။ (၀) ကြွင်း တနင်္ဂနွေသား သောကြာဂြိုဟ်အိမ် (၈၈) မှ (၁၀၈) (ပုတိ+အထွန်း) ပက္ခမိ၏။ (၀) ကြွင်း အင်္ဂါသား ဗုဒ္ဓဟူးဂြိုဟ်အိမ် အသက် (၉) နှစ်မှ (၂၅) (မရဏ+အဓိပတိ) ပက္ခမိနေသည်။ (၀) ကြွင်း ဗုဒ္ဓဟူးသား အင်္ဂါဂြိုဟ်အိမ်ကာလမှာ အသက် (၁၀၀) ကျော်မှ ကြုံရမှာမို့ ကြုံဖို့မရှိ ကံကောင်းသည်ပြောရပါမည်။ (၀) ကြွင်း အင်္ဂါ မရဏဖွား အသက် (၅၅) မှ (၆၆) အဓိပမိရာဟုအိမ် ပက္ခမိ၍ အသက်သေခဲ့သည်။

တင်ပြခဲ့သောအကြွင်းဖွားအလိုက် ဂြိုဟ်အိမ်နှစ်များမှာ မွေးနံနှင့် ပက္ခမိခြင်းကို ရှာဖွေလေ့လာကြံဆတင်ပြခြင်း ဖြစ်ပါသည်။ ထိုကာလများ၌ ဘာတွေဖြစ်တတ်လဲ။ မိမိကိုယ်တိုင် ကျန်းမာရေးညံ့ခြင်း၊ မိသားစု၊ စီးပွားရေး၊ ပညာရေး အချစ်ရေး၊ အိမ်တွင်းရေး အတွင်းရေး အပြင်ရန်အထူးပေါ်ခြင်း၊ ဩဇာအာဏာ မတည်ခြင်း၊ ရုတ်တရက်ဘေးအန္တရာယ် ရန်သူမျိုး(၅)ပါးဘေးများနီးခြင်း၊ မနာလို အတိုက်ခံ အယှဉ်ပြိုင် အထူးပေါ်ခြင်း ပညာသင်ချိန်ဆိုလည်း အထစ်အငေါ့ အတားအဆီး၊ အဖျက်အထူးပေါ်ခြင်း စီးပွားရေး ပညာရေးမှန်းချက်နှမ်းထွက် မကိုက်ခြင်း အစရှိသဖြင့် ဂြိုဟ်အိမ်နှင့် မွေးနံမှာ မိတ်ဂြိုဟ်၊ ရန်ဂြိုဟ်အလိုက် ပြင်းထန်မှု၊ အားနည်းမှု အနည်းအများ အလိုက် ဆိုးကျိုးသက်သာပါမည်။

မဟာဘုတ်အကြွင်း (၇) ဖွားအနက် အောက်ပါ အကြွင်း (၃) ဖွားထဲက နေ့သားသမီးယောက်ကတော့ ပက္ခမိ အပြင် ဘုမ္မိ (၄) ခွင်ပါ ထပ်တူကျတာ ကံဆိုးတာထက်ပိုဆိုး၊ ကံဆိုးမသွား မိုးလိုက်လို့ရွာဟု တင်စားရပါလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းသွင်

# ငါးမိနစ်



ဆင့်တင့်သောအချိန်တွင် ငါးမိနစ်မျှ စိတ်ငြိမ်ငြိမ်ဖြင့် အောက်ပါ မေတ္တာဘာဝနာကို စိတ်ဖြင့်ဖြစ်စေ၊ အသံထွက်၍ဖြစ်စေ ပွားများလိုက်ပါ။

ပွားများစဉ်၊ ပွားများပြီး၊ တစ်သက်လုံးနှင့် ဘဝများစွာတွင် အတိုင်းအဆမရှိသော ချမ်းသာသုခကို ရရှိပါမည်။

အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲ အစရှိသည့် ဆင်းရဲဒုက္ခအဝဝတို့နှင့် ကြုံတွေ့နေရသော အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကြုံတွေ့နေရသော ဆင်းရဲဒုက္ခအဝဝတို့မှ ထာဝရကင်းလွတ်ငြိမ်းပြီး ချမ်းသာခြင်းတို့နှင့် ထာဝရပြည့်စုံနေကြရပါစေကုန်သတည်း။

မီးဘေး၊ ရေဘေး၊ လေဘေး၊ လျှေင်ဘေး၊ ခိုးသားဓားပြဘေး၊ ရောဂါဘယဘေး၊ ကူးစက်ရောဂါဘေး၊ ကင်ဆာအစရှိသော ကြမ်းတမ်းခက်မာသည့်ရောဂါဘေး၊ အဆိပ်ဘေး၊ အဆိပ်လက်နက်ဘေး၊ အဆိပ်ရှိသော သတ္တဝါဘေး၊ အချင်းချင်း ညှဉ်းဆဲသတ်ဖြတ်ကြသည့်ဘေး၊ အချင်းချင်းညှဉ်းဆဲသတ်ဖြတ်စားသောက်ကြသည့်ဘေး၊ ငတ်မွတ်ခေါင်းပါးသည့်ဘေး၊ အစွန်းရောက်ဘာသာရေးသမားများဘေး၊ မူးယစ်ဆေးဝါးဘေး၊ အကြမ်းဖက်မှုဘေး အစရှိသည့် ဘေးရန်အန္တရာယ်အသွယ်သွယ်တို့နှင့် ကြုံတွေ့နေရသော အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကြုံတွေ့နေရသည့် ဘေးရန်ခပ်သိမ်းတို့မှ ထာဝရကင်းလွတ်ငြိမ်းကြပါစေကုန်သတည်း။

ဆွေမျိုးဉာတကာ ပျက်စီးခြင်း၊ အနာရောဂါ ဖိစီးနှိပ်စက်သဖြင့် ကျန်းမာမှုပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ အကျင့်သီလပျက်စီးခြင်း၊ အယူဝါဒမှားယွင်းပျက်စီးခြင်းတို့ကြောင့် လည်းကောင်း၊ အနိဋ္ဌာရုံအဖုံဖုံတို့ကြောင့်လည်းကောင်း စိုးရိမ်သောကပူပန်ခြင်းအဝဝတို့နှင့် ကြုံတွေ့ကြရသော အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ထိုထိုစိုးရိမ်သောကအဝဝတို့မှ အစဉ်ထာဝရကင်းလွတ်ငြိမ်းကြပါစေကုန်သတည်း။

(ငါးမိနစ်မျှ ခဏတာမျှ စိတ်ကို မပြန့်လွင့်အောင် ကြိုးစားထိန်းချုပ်ကြပါ။)

ချောင်းဆုံအုန်းသွင်

(၃) ကြွင်းဖွား ကြာသပတေး တနင်္ဂနွေဂြိုဟ်အိပ်ကာလဟာ ဘုမ္မိလည်းဖြစ်၊ ပက္ခလည်းမိနေပါသည်။ကြာသပတေးသားသမီး တနင်္ဂနွေဂြိုဟ်အိပ်ကြီးကာလ (၃) ကြွင်းဖွား (သိုက်+ရာဇ) ပက္ခမိ၊ ဘုမ္မိလည်း ဖြစ်၏။ (၄) ကြွင်း အင်္ဂါသားသမီး ကြာသပတေးဂြိုဟ်အိပ်ကြီးကာလဟာ ဘုမ္မိလည်းဖြစ်၊ ပက္ခလည်းမိပါ၏။ (အထွန်း+ပုတိ)။

| | | |
|---|---|---|
| | ၀ | |
| ၂ | (၇) | ၁ |
| ၆ | ၃ | ၄ |

(၃) ကြွင်း ကြာသပတေးသားသမီး

| | | |
|---|---|---|
| | ၁ | |
| (၃) | ၆ | ၂ |
| ၀ | ၄ | ၇ |

(၄) ကြွင်းအင်္ဂါသားသမီး

ဒီနှစ်ဦးအနက် (၄) ကြွင်း အင်္ဂါသားသမီးဟာ ဘုမ္မိဂြိုဟ်အိပ်ဖြစ်တဲ့ အသက် (၃၆) မှ (၅၄) အတွင်း ဘာတွေဖြစ်သလဲ။ ထိုဘုမ္မိဟာ ပက္ခလဲမိနေ၏။ ဘုမ္မိမဝင်ခင် မောင်နှမထဲက သေဆုံးခဲ့သည်။ အတွေးအခေါ်များလွဲခြင်း၊ ကြံစည်သမျှ လွယ်ကူစွာ မအောင်ဘဲ အပိတ်ပင် အတားဆီး၊ အထစ်ငေါ့ကြုံခြင်း၊ လုပ်ငန်းထဲမှာ လူကောင်းမတွေ့ရခြင်း၊ လက်အောက်ငယ်သားကြောင့် အမှုအခင်းဖြစ်ပွားခြင်း၊ စီးပွားပျက်ခြင်း၊ ကုရန်မပျောက်သောရောဂါကြီးများဝင်ခြင်း၊ ကောင်းသောမိတ်မကြုံရဘဲ မိတ်ဖျက် လက်သီးပုန်းများသာ ကြုံရခြင်း၊ အိမ်ထောင်ရေးပြဿနာပေါ်ခြင်း၊ အိမ်ထောင်ရေးသောကကြုံရခြင်း၊ အလုပ်၊ အိုးအိမ်မတည်ငြိမ်ဘဲ အပြောင်းအလဲများစွာ ရွှေ့ပြောင်းမှုများစွာ ဖြစ်ပေါ်ခြင်း၊ လုပ်ငန်းများ အရှုံးပေါ် စီးပွားရိုက်ချသလိုပျက်ခြင်း၊ ငွေကြေးနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့လေသည်။ (၄) ကြွင်း အင်္ဂါသားသမီးအဖို့ ကြာသပတေးဂြိုဟ်အိပ်ကြီးမှာ (၄) ခွင် ဘုမ္မိလည်းဖြစ်၊ မူလမဟာဘုတ်မှာ ပက္ခလည်းမိတာမို့ (စိန်ပန်း) အတွင်းမိတ်သဘောအရ လာဘ်လာဘ သိန်းပေါင်းထောင်ချီ၍ သုံးခါမကရခဲ့သော်ငြား အတွေးအခေါ် အကြံစည်လွဲမှား၍ မြေဝယ်မစုမိ၊ ကားစုမိသူအဖို့ကား ဈေးတွေပြုတ်အကျ ကားခန်ဖြစ်လေတော့သမို့ ဘုမ္မိနှင့် ပက္ခဆုံတဲ့ ဂြိုဟ်အိပ်ကာလ အတော်ဆိုးဝါးသည်ဟုသာ တင်စားချင်ပါတော့သတည်း။

နောင်အလျဉ်းသင့်က ဘုမ္မိဂြိုဟ်အိပ်ကာလ မရဏနှင့်ဆုံသည့် မဟာဘုတ်ဖွားများအကြောင်း ဆက်တင်ပြပါဦး၊ လေ့လာပါဦးမည်။ မိမိတို့အကြွင်းအလိုက် ဆောင်ရန်၊ ရှောင်ရန်အတွက် ထိုကာလကြီးများ၌ ဘာသာရေးအထူးလုပ်ခြင်း၊ ဒါနသီလဘာဝနမပြတ်စေဘဲ ကောင်းမှုပြုခြင်း၊ သက်ရောက်အလိုက် ယတြာချေခြင်း၊ နဝင်းယတြာကြီးများပြုခြင်းဖြင့် အဆိုးနည်းအောင် ပြုနိုင်ပါသည်။

*ကျန်းမာပျော်ရွှင်*
*ကံကောင်း အောင်မြင်*
*ချမ်းသာတိုးတက်ကြပါစေ*

ဒေါက်တာခိုင်စံဝေ

(ဝေဒပညာ)



www.burmeseclassic.com

www.burmeseclassic.com

# အကျော့ဝါလှိုင်း

## တောင်လုံးလှုဆရာတော်ကိုအဘတော်ရှောက်မှ



အဘအောင်မင်းခေါင်နှင့် တောင်လုံးလှုဆရာတော်မှာ အမျိုးတော်စပ်ကြ၏။ တောင်လုံးလှုဆရာတော်၏ အဖေနှင့် အဘအောင်မင်းခေါင်၏ အမေဒေါ်မင်းသစ်တို့မှာ မောင်နှမဝမ်းကွဲတော်ကြ၏။အမေဘက်ကအမျိုးဖြစ်၏။ အဘသည် ပုပ္ပားတွင်ရှိစဉ်က တောင်လုံးလှုဆရာတော်မှာ (၇) နှစ်သားအရွယ်ရှိသေးသည်။ ရွာဦးကျောင်းဆရာတော်ထံတွင် သာမဏေဝတ်ပြီး အသက် (၂၀) တွင် ရဟန်းခံပြီး ဘွဲ့တော်မှာ ဦးသုမနဖြစ်သည်။

ဆရာတော်သည် မန္တလေးမြို့တွင် စာလိုက်၏။ ပထမကြီးတန်းအောင်ပြီး ရွာသို့ပြန်လာသည်။ ရွာတွင်သီတင်းသုံးနေစဉ် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းကို နှစ်သက်သည်။ စင်မြင့်ရွာအနောက်ဘက် ပေါ်တော်မူဘုရားတွင် အဓိဋ္ဌာန်စခန်းဝင်သည်။ ကျောက်မြင်းသို့သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်ပြန်သည်။ (၉)ရက်စီပြည့်သောအခါ တောင်လုံးလှုတောင်ပေါ်သို့ အဓိဋ္ဌာန် (၉) ရက် ပုတီးစိပ်ပြန်သည်။ ဤသို့ဖြင့် ဆရာမရှိ မိမိအသိဖြင့် ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများကို စတင်ခြေချမိပါတော့သည်။

ဆရာတော်သည် နေ့စဉ် ဝတ်မပျက် ပုတီးစိပ်၏။ ပဋ္ဌာန်း ၂၄-ပစ္စည်း(၁၀၈)ခေါက်၊ ဘုရားဂုဏ်တော် (၁၀၈) ခေါက်၊ တရားဂုဏ်တော် (၁၀၈) ခေါက်၊ သံဃာ့ဂုဏ်တော် (၁၀၈)ခေါက်စိပ်သည်။ တစ်နေ့ (၃) ကြိမ် မှန်မှန် ပုတီးစိပ်ခြင်းဖြင့် အဓိဋ္ဌာန်ဝင်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com

(၁)နှစ်ပြည့်သောအခါ အနှောင့်အယှက် စတင်ဝင်ပေတော့သည်။

အခြားတော့ မဟုတ်ပါ။ တစ်ရွာတည်းနေ ဒေါ်ဖွားကြည်၏သမီး မသန်းစိန်သည် မိမိအပေါ် အတော်ကြည်ညိုလေသည်။ ဆွမ်းလာပို့ပြီး ဝေယျာဝစ္စများကို ဆောင်ရွက်ပေး၏။ သက်န်းများ၊ စောင်၊ ခြင်ထောင်များကို လျှော်ဖွပ်ပေး၏။ မိမိအပေါ် အရိပ်တကြည့်ကြည့်နှင့် ရှိနေလေသည်။ မိန်းမများကြိုက်မိလျှင် အရှက်တရားမရှိတော့။ 'ကြိုက်မရှက်၊ ငတ်မရှက်' ဆိုတာ မှန်လိုက်တာ။ မိမိမှာ အနေအထိုင်ပိပိရိရိနေသော်လည်း အမျိုးသမီးဘက်မှ ဇွတ်ချည်းကပ်နေလေ၏။ ဘာလုပ်ရမှာလဲ။ အရွယ်ကောင်းကာလသားမို့ စိတ်ကစားချင်သည်။ ငါလူထွက်ပြီး မသန်းစိန်ကိုယူလိုက်ရလျှင်ကောင်းမလား။ မဟုတ်သေးပါဘူး၊ ငါတောင်သူလုပ်၍ မိန်းမတစ်ယောက်ကို မကျွေးနိုင်ပါ။ သူများယောကျ်ားတွေလို ဆင်းဆင်းရဲရဲမလုပ်နိုင်ပါ။ ငါသည် ပင်ကိုသဘောအရ နွေးနွေးကွေးကွေးလုပ်တတ်သဖြင့် လူအလူထုံဟုပြောကြသည်။ မဖြစ်သေးပါဘူး။ လူထွက်ဖို့ စိတ်ကူးယဉ်အိပ်မက်လေးမှ လန့်နိုးလာသည်။

မသန်းစိန် ရောက်လာပြီး ထန်းလျက်ခဲများ လာရောက် ကပ်လှူပါသည်။ ကျောင်းတွင် မည်သူမျှမရှိ။ မိမိနားတွင်ကပ်ထိုင်ပြီး မိမိအား မျှော်လင့်ချက်ကြီးစွာဖြင့် လေးနက်သောအကြည့်နှင့် ကြည့်နေလေသည်။ သက်န်းချွတ်လိုက်လျှင် လူဖြစ်ပြီ။ လူသားချင်းပေါင်းဖက်၍ရပြီ။ သက်န်းက အကြောင်းမဟုတ်ပေ။ မိမိအပေါ် ကြိုက်ဖို့နှစ်သက်ဖို့က အဓိကအချက်ဖြစ်၏။ မသန်းစိန်သည် မိန်းမတို့၏ကျွန်ကြွေကို ခဝါချပြီး ရှင်သုမနနားတွင် အစွမ်းကုန်အရိပ်အကဲပြသော်လည်း ရှင်သုမနက မလှုပ်ပါ။ တော်တော်ကျွန်ကြွေကြီးလေသည်။

"သန်းစိန်၊ နင့်ကို ငါ စကားပြောစရာရှိတယ်"

"ပြောပါဘုရား၊ တပည့်တော်မလည်း အရှင်ဘုရားထံကစကားကိုပဲ ကြားချင်နေတာ"

"နင်ကငါ့အပေါ် အတော်ကောင်းပါတယ်။ ငါကအရိပ်အခြည်အနေသိပေမယ့် ငါ့အကြောင်းငါအသိဆုံးပဲ။ ငါမသိချင်ဟန်ဆောင်နေရတယ်"

"အရှင်ဘုရားက ယောကျ်ား၊ အဲဒီကိစ္စ ယောကျ်ားဘက်ကစရမှာ။ တပည့်တော်မဘက်က အခွင့်အရေးပဲ ပေးလို့ရတာ၊ အရိပ်ပဲပြလို့ရတာ။ အကောင်အထည်ဖော်လို့ခက်တယ်"

"အေး - ငါဆုံးဖြတ်ပြီးပြီ။ ငါလူထွက်လို့မရဘူး။ ငါက လူအ။ ဘာမှ မလုပ်တတ်မကိုင်တတ်နဲ့ ငါ့ကိုယူရင် နင်ဒုက္ခရောက်မယ်။ ငါ့ကိုမေ့လိုက်ပါ"

"ကောင်းပါပြီဘုရား၊ အရှင်ဘုရားဘက်က ဒီလိုပြတ်ပြတ်သားသားဆုံးဖြတ်ချက်ချတော့ တပည့်တော်လည်း စည်းစောင့်ရတာပေါ့"

လူငယ်သဘာဝ နီးစပ်ဖို့အတော်ကြံခဲ့ရ၏။မစွမ်းရင်းကလည်းရှိ ကန်စွန်းပင်လည်းငြိပြီ။ ငြိပြီးလဲလိုက်လျှင် ကံတွင်းထဲကျသွားမှာပေါ့။ မာတုဂါမတစ်ဦးနှင့် အတော်နီးစပ်ခဲ့ပြီး ပတ်ဝန်းကျင်က သို့လောသို့လောသတင်း ထွက်ပေါ်လာလေပြီ။ ရှင်သုမနနှင့် မသန်းစိန်တို့ ဇာတ်လမ်းကို ပုံကြီးချဲ့၍ သတင်းထွက်ပေါ်လာလေသည်။ ဖြစ်ရပ်မှန်မှာ နှစ်ဦးသား အလိုက်သိသိနှင့် နောက်တစ်လှမ်းဆုတ်နေကြခြင်းပင် ဖြစ်သည်။

ထိုအချိန်က အဘအောင်မင်းခေါင်မှာ ပုပ္ပားမှ ထွက်ရပ်ပေါက်ပြီး လူ့လောကမှာမရှိတော့ချေ။ ပုပ္ပားအောင်မင်းခေါင်၏ဇာတ်လမ်းမှာ ပြည်ဖုံးကားချလိုက်လေပြီ။ သို့သော် အဘအောင်မင်းခေါင်သည် ရှင်သုမနအလောင်းလျာကို လူမထွက်ရေး နာမ်လောကမှ စောင့်ရှောက်လေတော့သည်။

တစ်နေ့ ဆရာတော်သည် ရေတာရှည်သို့ကြွသည်။ လိုင်းကားပေါ်တွင် ကားခေါင်းခန်းထဲမှစီးရသည်။ ဆရာတော်အရင် အမျိုးသမီးတစ်ဦး ကားခေါင်းခန်းမှ ငွေပေး၍ဝယ်ထားသဖြင့် ဆင်းမပေးပါ။ ဆရာတော်က နောက်မှရောက်လာသဖြင့် ခေါင်းခန်းကို ရောင်းချပေးရာ အမျိုးသမီးနှင့်တွဲ၍စီးရလေသည်။ အမျိုးသမီးက အပြင်ကစီး





www.burmeseclassic.com

www.burmeseclassic.com

၏။ ဆရာတော်က အလယ်ကစီးရ၏။ ကားမောင်းသမားက ဘေးမှကားမောင်း၏။ ကားမောင်းစဉ် ဘာမှပြဿနာမရှိပါ။ ရေတာရှည်ရောက်ပြီး ကားဂိတ်ထိုးသောအခါ ခရီးလမ်းဆုံးပြီဖြစ်၍ ခရီးသည်များ ဆင်းကြလေသည်။ မိမိက အလယ်ကဖြစ်၍ အမျိုးသမီးအရင်ဆင်းသွားလေသည်။ အမျိုးသမီး ကားပေါ်မှ ဆင်းသွားပြီး ၎င်းထိုင်ခုံပေါ်တွင် ခမ္မတာသွေးများ အိုင်ထွန်း၍ ကျန်ရစ်ခဲ့၏။

ဆရာတော်က ညှီစို့စို့အနံ့ရသဖြင့် သေသေချာချာ ကြည့်လိုက်သောအခါ သွေးတွေပဲ။ ထိုအမျိုးသမီးထိုင်သည့်တည့်တည့်က ခမ္မတာသွေးတွေဆင်းသွားတာပဲ။ ဆရာတော် ဦးသုမနသည် ကားပေါ်တွင်ထိုင်၍ စဉ်းစားခန်းထုတ်နေလေသည်။ မိမိသည် မသန်းစိန်နှင့် နီးစပ်ခဲ့ပြီ။ မိမိက လူထွက်ရမလား၊ ရဟန်းဝတ်ရမလား၊ လမ်းဆုံလမ်းခွတွင် ဆုံးဖြတ်ချက်ပေးရမည်။ စိတ်ကစားနေသည်။ အဘအောင်မင်းခေါင်ကို တိုင်တည်၍ပြောပါသည်။ မိမိအားကူညီပါရန် တောင်းဆိုခဲ့ဖူးပါသည်။ အဘအောင်မင်းခေါင်သည် အိပ်မက်ဖြင့်လည်း အကြောင်းမပြန်ပါ။ ဟော-အခုလက်တွေ့ပြလေပြီ။ မိန်းမလိုချင်လျှင် ဒီရွံ့စရာကို လက်နှင့်ထောက်ပြီးဆင်းဟု ပြောလေသည်။

အဘရယ် မိန်းမမယူနှင့်ဆိုလျှင်လည်းရပါပြီ။ မိမိကလည်းမယူဖို့ဆုံးဖြတ်ချက်ချပြီးပါပြီ။ အခုလို ထင်ထင်ရှားရှားပြတာတော့လွန်လွန်းသည်။ ဒီလောက်ရွံ့စရာကောင်းတာကို ကွက်ကွက်ကွင်းကွင်းမြင်အောင် သရုပ်ပြသွားလေပြီ။ ဒါအဘ၏လက်ချက်ဟု တပ်အပ်သိလိုက်ရလေသည်။

ကားမောင်းသမားရောက်လာပြီး ဆရာတော်အား ဂိတ်ရောက်ပြီ၊ ကားပေါ်မှဆင်းပါရန် လျှောက်ထားလေသည်။

"ငါကဆင်းချင်နေတာ မင်းမိန်းမခမ္မတာသွေးတွေကပုံနေတာပဲ။ အဲဒါရှင်းပေးဦး"

ဟု ပြောရလေသည်။

ကားသမားလည်း အဝတ်စုတ်များဖြင့် ပြောင်အောင်သုတ်ပေးပြီးမှ ကားပေါ်မှဆင်းလို့ရလေသည်။

ရေတာရှည်မှ ပြည်စုတ်ရွာသို့ ဆိုက်ကားငှားပြီးလာကြရာ ကျောင်းသို့ရောက်မှ နားရလေတော့သည်။ တောင်ဦးမှ မိမိတို့၏ဥပဇ္ဈာယ်ဆရာတော်သည် တပည့်တစ်ဦးကို မန္တလေးတွင် လည်းကောင်း၊ တပည့်တစ်ဦးကို ရေတာရှည်မြို့ ပြည်စုတ်ရွာတွင် လည်းကောင်း ကျောင်းထိုင်စေ၏။ ပြည်စုတ်ရွာမှ နှစ်စဉ်ဆန်များ အလှူခံရရှိသည်။ မန္တလေးသို့ စာသင်သားတပည့်များ စေလွှတ်ခြင်း၊ အကြောင်းကြီးငယ်ကိစ္စပေါ်ပါက မန္တလေးမြို့တွင် တပည့်ရှိသဖြင့် မျက်နှာမငယ်ရပါ။ ယခု ဆရာတော် ဦးသုမနသည် ရေတာရှည်မြို့ ပြည်စုတ်ရွာသို့ ခေတ္တခဏ ရောက်ရှိ သီတင်းသုံးတော်မူပါသည်။

ဆရာတော် ဦးသုမနသည် ပြည်စုတ်မှ ဆရာတော် ဦးသုခနှင့်အတူ ရေတာရှည်အလှူသို့ကြွရသည်။ ပြည်စုတ်ရွာသည် ရေတာရှည် - ပျဉ်းမနားကားလမ်းဘေးတွင်တည်ရှိသည်။ ရေတာရှည်နှင့် (၁) ဖာလုံသာ ကွာဝေးသည်။ ဆရာတော် (၂) ပါး ရေတာရှည်အလှူမှ ညနေ (၄) နာရီတွင် ပြန်ကြွလာသည်။ ခရီးမှာ မနီးမဝေးဖြစ်၍ နေပူပူတွင် ထီးဆောင်းပြီး ဖြည်းဖြည်းချင်း ပြန်လာခဲ့ကြ၏။ ရေတာရှည်နှင့် ပြည်စုတ်ကြားအရောက်တွင် ထူးခြားသော လူတစ်ယောက် ကတ္တရာလမ်းကို ဖိနပ်မပါဘဲ လျှောက်နေ၏။ နွေအခါ နေပူပူတွင် အရည်ပျော်နေသော ကတ္တရာပူပေါ်သို့ ဖိနပ်မပါ ခြေရာထင်ကျန်အောင်လမ်းလျှောက်သည့် မြေလျှောက်ဝိဇ္ဇာပုဂ္ဂိုလ်တစ်ဦးကို တွေ့ရလေ၏။ မိမိတို့နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံရလေသည်။

"ဟဲ့ - သုမန"

"ဘုရား"

"ဟိုရှေ့ကလာတဲ့သူကိုကြည့်စမ်း၊ တော်တော်ထူးတာပဲ"

"ဟုတ်တယ် ဘုရား၊ ဒီလောက်နေပူတာကို ခမောက်မပါ၊ ဖိနပ်မစီးဘဲ ကတ္တရာပေါ်မှာလျှောက်နေတာဘုရား"

"အပေါ်က စွပ်ကျယ်လက်စကနဲ့၊ အောက်ကလုံချည်က အကွက်ကြီးကြီး၊ ခပ်နွမ်းနွမ်းနဲ့ ဘိုးတော်တစ်ပါးနဲ့တူတယ်"

"အဘအောင်မင်းခေါင်လား မသိဘူး"

"အဘနဲ့တော့ ရုပ်ချင်းအတော်ကွာတာ၊ အဘတော့ မဖြစ်နိုင်ဘူး"

သို့ဖြင့် ဆရာတော် (၂) ပါးသည် ကတ္တရာလမ်းပေါ်တွင် မျက်နှာချင်းဆိုင်လာနေသော ပုဂ္ဂိုလ်တစ်ယောက်ကို ကြည့်၍ ဝေဖန်နေကြလေ၏။ တဖြည်းဖြည်းနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံသောအခါ လူပုဂ္ဂိုလ်မှ လက်အုပ်ချီပြီး ဆရာတော် (၂) ပါးကို အရိုအသေပေး၏။

"အရှင်ဘုရားတို့ ဘယ်ကကြွလာတာလဲ ဘုရား"

"အေး - ငါတို့ရေတာရှည်အလှူကပြန်ကြွလာကြတာ"

"အရှင်ဘုရားတို့ကို ကြည်ညိုလွန်းလို့ပါဘုရား။ နေပူဒဏ်ခံနိုင်တဲ့ ဓာတ်လုံးများ အလိုရှိလျှင် လှူချင်ပါတယ်ဘုရား"

"အလိုမရှိဘူး ဒကာကြီး"

"ဒါဆိုလည်း ခွင့်ပြုတော်မူပါဘုရား"

ဟု ဆိုကာ ပုဂ္ဂိုလ်ထူးသည် ဆရာတော်ကို လက်အုပ်ချီပြီး ရေတာရှည်ဘက်သို့ ဆက်လက်ထွက်ခွာသွားသည်။ ဆရာတော်(၂)ပါးလည်း ပြည်စုတ်ဘက်သို့ ဆက်လက်ထွက်ခွာပြီး နောက်ကျောကို ပြန်လှည့်ကြည့်လိုက်ရာ စောစောကပုဂ္ဂိုလ်မှာ ကားလမ်းပေါ်မှ ပျောက်ကွယ်သွားလေသည်။

"သေဟ - သုခ၊ မင်းအမည်ကချမ်းသာပေမယ့် လူက ဆင်းရဲဦးမှာပဲ"

"ဆရာတော် ဘာဖြစ်တာလဲ"

"သုမန၊ ငါ့ပါးစပ်ကထွက်တာ လွဲတာ။ ဝိဇ္ဇာကပေးတဲ့ဥစ္စာ ပေးကားပေး၏ မရဆိုတဲ့ ငါ့အဖြစ်အပျက်ပဲ"

"ဆရာတော်က ဘာလို့အလိုမရှိဘူးလို့ မိန့်ရတာလဲ"

"ငါ့ရင်ထဲက အမှန်အတိုင်းဆိုရင် ဝိဇ္ဇာထံက ဓာတ်လုံးကို လိုချင်တာ။ ပါးစပ်ကအမှုလွန်သွားတာ"

"ဖြစ်မှဖြစ်ရလေ ဆရာတော်ရယ်"

"တပည့်တော်က ဆုတောင်းလာတာ"

"ဘယ်လိုဆုတောင်းနေတာလဲ"

"အဘအောင်မင်းခေါင်က တပည့်တော်ရဲ့အမျိုး ဘုရား။ ဒီလာစဉ် တပည့်တော်နဲ့အတူပါလာတယ်။ အခုလည်း အဘအောင်မင်းခေါင်ဆိုရင် ဓာတ်လုံး ပေးပါလို့ စိတ်ထဲက ကျိတ်ဆုတောင်း နေတာ"

"ဪ - ဒါကြောင့် ဒကာကြီး... တဲ့မေးတာ။အလိုရှိရင် စွန့်မယ့်သဘော သုခ၊ သုခ နာမည်ကောင်းပြီး အခုတော့ ဒုက၊ ဒုက္ခလို့ ညည်းရမလိုပဲ"

"ကံတရားပေါ့ ဘုရား၊ ရွာထဲ... ကြရအောင်"

ဤသို့ဖြင့် အဘအောင်မင်းခေါင် နှင့်ထိပ်တိုက်တွေ့ဆုံခဲ့ရပြီး ဓာတ်လုံး... လိုက်သော ကိုယ်တွေ့အဖြစ်အပျက်... ပြန်လည် ပြောကြားရင်း မချိတင်... နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးသုမနသည် ရေတာရှည်တွင် ညီတစ်ယောက်ရှိ၏။ ဆွေမျိုးမကင်းသော ဒကာ၊ ဒကာမများလည်း အတော်များ၏။ (၁) လခန့် သီတင်းသုံးပြီး တပည့်ဒါယကာ၊ ဒါယိကာများမှလှူဒါန်းသော ဆန် (၂၀)အိတ်ကို လိုင်းကားပေါ်တင်၍ မိတ္ထီလာ - တောင်ဦးသို့ ပြန်ကြွလာခဲ့လေသည်။ ကျောင်းထိုင်ဆရာတော်မှ တောင်လုံးလှ ကျောင်းတွင် သီတင်းသုံးနေထိုင်ရန် အပ်နှံသဖြင့် တောင်လုံးလှကျောင်းသို့ ကျောင်းထိုင်တော်မူလေသည်။

ဆရာတော်သည် ပုတီးစိပ်ပြီး ဝတ်မပျက် အဓိဋ္ဌာန်တင်၍ ပွားများခဲ့ပါသည်။ တစ်ခါတစ်ရံ ပုတီးစိပ်နေချိန်ကျ ပါက အိမ်မြှောင်များက စုတ်ထိုး၍သတိပေးလေ၏။ ပုတီးစိပ်ပြီး အမျှပေးဝေသောအခါ အိမ်မြှောင်များစုတ်ထိုး၍ သာဓုခေါ်လေသည်။ ဆရာတော်၏ စရဏကြောင့် ဥစ္စာစောင့်များ၊ သိုက်နန်းရှင်များ၊ တောင်စောင့်ဘိုးဘိုးကြီးများ ဆရာတော်ထံရောက်လာကြ၏။ ဆရာတော်နှင့် တရင်းတနှီးစကားပြော၏။ ဆရာတော်ပြောတာကို သူတို့နားလည်ကြ၏။ သူတို့ပြောတာကို ဆရာတော် နားလည်ကြ၏။

နားမလည်တာက ကပ္ပိယထိန်ဝင်းပင်ဖြစ်လေသည်။ဆရာတော်ကို အနီးကပ်ပြုစုနေသော်လည်း ဆရာတော်၏ အဆင့် ဘယ်ရောက်နေသည်ကိုမသိ။ နတ်တွေနှင့်စကားပြောနေသည်ကို မသိပါ။

တစ်နေ့ ဆရာတော်၏စကားပြောသံကြားသဖြင့် အိပ်ရာမှလန့်နိုး၏။ အိပ်ချင်ဟန်ဆောင်ပြီး အသံကိုနားထောင်နေ၏။

"xxxxxx"

"အေး၊ အေး - နင်တို့လည်း ကံကောင်းမှာပါ"

"xxxxxx"

"နင်တို့လိုချင်တာ ချက်ချင်းတော့ ဘယ်ဖြစ်မလဲ၊ ကံအကျိုးပေးကို စောင့်ရသေးတယ်"

"xxxxxx"

"အေး - မနက်ဖြန်လာလိမ့်မယ်"

"xxxxxx"

ထိန်ဝင်းသည် ဆရာတော် အိပ်မက်မက်၍ယောင်နေသည်ဟုထင်နေလေသည်။ မိမိလည်း နိုးနေသဖြင့် ဆရာတော်ကို သွားကြည့်သောအခါ ဆရာတော်မှာ ပုတီးစိပ်နေသည်ကို တွေ့ရလေ၏။နံနက်မိုးလင်းမှ ဆရာတော်ကို လျှောက်ကြည့်သောအခါ သိုက်နန်းရှင် မြနန်းနွယ်ဖြစ်ကြောင်း သိရလေသည်။ ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ရပ်နီး၊ ရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများ ရောက်လာကြ၏။ တပည့်ထိန်ဝင်းကို ဒီနေ့ ဧည့်သည် ဘယ်နှယောက်လာမည်ဟု ကြိုပြောတတ်သည်။

တစ်ခါက မိတ္ထီလာမှ ဒကာကြီး ဦးခင်မောင်ဦး ဆရာတော်ကျောင်းတွင် ဗုဒ္ဓဘာရဟန်းဝတ်ပြီး (၇)ရက်ပြည့်တော့ လူထွက်သည်။ မိတ္ထီလာသို့ပြန်ရန် ဆရာတော်အား လျှောက်ထားလေသည်။

"တပည့်တော် ဒီနေ့ မိတ္ထီလာပြန်ရမယ် ဘုရား"

"အေး၊ အေး - ညမှပြန်ပါ၊ ဒီမှာ တစ်နေ့တော့နေလိုက်ဦး"

"တင်ပါ့ဘုရား"

ဆရာတော် ဘာကြောင့် ညမှပြန်ခိုင်းတာလဲ၊ လိုင်းကားစီးပြန်ရမှာ၊ လိုင်းကားဆိုတာ နေ့ဘက်သာရှိသည်။ ညဆိုလျှင် လိုင်းကားမရှိ။ ဘာလို့ညမှပြန်ခိုင်းတာလဲဟု စဉ်းစား၍မရပါ။ ဆရာတော်အား ပြန်မလျှောက်ရဲဘဲ အောင့်အည်းနေရလေသည်။ ညရောက်တော့ မိတ္ထီလာမှ ဆရာတော်၏တပည့် ဦးစိုးမြင့် ကားနှင့်ရောက်လာ၏။ ဆရာတော်အား ဆေးနှင့်မုန့်များ လာရောက်လှူဒါန်းလေသည်။ ဆရာတော်၏ကျန်းမာရေးအခြေအနေလာကြည့်ခြင်း ဖြစ်သည်။ ဦးပဥ္စင်းလူထွက်ကို မိတ္ထီလာကားကြုံပြီးထည့်ပေးလိုက်၏။ ထိုအခါမှ ဦးပဥ္စင်းလူထွက် သဘောပေါက်သွားလေသည်။

တစ်ခါက ဆရာတော်ဦးသုမန ကျန်းမာရေးအတော်ဆိုးလေသည်။ အိပ်ရာထဲမှမထနိုင်ပါ။မိမိတွင် ကျောက်ကပ်ရောဂါရှိ၍ ခွဲစိတ်ထားရ၏။ ချုပ်ရိုးကလည်းမဆက်ဘဲ ကွဲလာသည်။ အပေါ်အရေပြားလေးပဲဆက်နေ၏။ အူတွေမြင်နေရ၏။ အူတွေထွက်မကျအောင် သက်န်းဖြင့်ပတ်၍ ချည်ထားလေသည်။ ဤဒုက္ခကတစ်မျိုး၊ ယခု ဖျား၍ အစာမဝင်သဖြင့် အင်အားလျော့ကျလာပြီး သတိလွတ်သွားလေသည်။ ဆရာတော်သည် နတ်ပြည်သို့ရောက်သွားပြီး နတ်ဘုံများကိုလှေ့လာနေလေသည်။ နတ်သမီးများက ဆရာတော်အား ရှိခိုးပြီး ကန်တော့ကြ၏။

"ဆရာတော် ဘာလို့ကြွလာတာလဲ"

"ငါတော့ထဲမှာနေရတာပျင်းလို့"

"ဆရာတော် လူ့ပြည်ကိုပြန်သွားပါတော့ဘုရား။ဆရာတော်ကိုဆေးတိုက်ဖို့ စောင့်နေကြတယ်"

"အေး၊ အေး"

ဆရာတော် သတိရလာသောအခါ တောင်လုံးလှတောင်ခြေသို့ ပြန်ရောက်နေလေသည်။ ညအမှောင်ထုတွင် မည်သူမျှမရှိ။ တပည့်များက အိပ်ပျော်နေကြသည်။

"ဆရာတော်၊ သတိရလာပြီးလား"

"သတိရလာပြီ၊ ဒကာကြီးလား"

"ဟုတ်တယ်ဘုရား၊ ဆရာတော် ပျံတော်မူလို့မရသေးဘူး။ သာသနာအတွက် လုပ်စရာရှိသေးတယ်"

"ဟုတ်ပါပြီ"

"ဆေးတိုက်ဖို့လာခဲ့တာ၊ ပါးစပ်ဟ"

အဘအောင်မင်းခေါင်ရောက်နေကြောင်း ဆရာတော် ကောင်းကောင်းသိလေသည်။ အဘသည် ဆရာတော်အား စောင့်ရှောက်နေပါသည်။ ဆရာတော် ငယ်စဉ် ရဟန်းပျိုဘဝကလည်း လူမထွက်ရန် ဝိဇ္ဇာတန်ခိုးဖြင့် တားမြစ်ခဲ့၏။ ဆရာတော်၏စရဏကျင့်စဉ်များ လွဲမှားနေပါက ညဘက်တွင်ရောက်လာပြီး သင်ခန်းစာပေး၏။ ကျင့်စဉ်လွဲလျှင် ချက်ချင်းပြင်ပေး၏။ ယခုလည်း ဆရာတော် ကျန်းမာရေးချို့တဲ့နေပြီး ပျံလွန်တော်မူမည့်ဆဲဆဲ ဆေးလာတိုက်လေသည်။ ပါးစပ်ဟဆိုပြီး ဖွန်းသာမြင်ရသည်။ လူပုံသဏ္ဌာန်မမြင်ရပါ။ လေထဲမှ ဖွန်းလေးထဲတွင် ဆေးရည်များကို ဆရာတော်ပါးစပ်ထဲသို့ လောင်းချလိုက်သည်။ ပူနွေးခါးသက်သောဆေးရည်များ အစာအိမ်ထဲသို့ရောက်သွားလေသည်။ မကြာမီ ဝိဇ္ဇာဆေးများ တစ်ကိုယ်လုံးပျံ့နှံ့သွားလေတော့သည်။

ထိုအချိန်မှစ၍ ဆရာတော်၏ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်ဖြစ်သွားလေတော့၏။ စရဏကျင့်စဉ်များကို နေ့စဉ်ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူလေတော့သည်။အဘအောင်မင်းခေါင်၏မျိုးဆက်သစ်၊ နေ့ဝင်အဘပြည်တော်ဝင်လာသောအခါ အဘအကြောင်းကို ဖော်ထုတ်သော ဆရာတော် ဦးသုမနကို ဂုဏ်ပြုမှတ်တမ်းတင်ရပါသည်။

(ဆရာတော်ကိုယ်တိုင် ပြောကြားချက်များကို မှီငြမ်း၍ ရေးသားရပါသည်။)

အဏ္ဏဝါခိုင်



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက် ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့်အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင် ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကိုပြုစု ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ○ | ၄ဟူး | ၁၈<br>၁၉ | ၀၅:၃၆:၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၂ | ပ-ဝါဆို လဆုတ် | ၅တေး | ၁၉<br>၂၀<br>× | ၀၅:၃၀:၃၀<br>၂၃:၁၂:၄၇ | △ မိတ္တူ<br>△ ကာဏ<br>* အမြိတ္တ |
| ၃ | ၂ | ၆ကြာ | ×<br>၂၁ | ၁၀:၅၀:၁၉ | □ ဝရ<br>△ ဥပါဒ် |
| ၄ | ၃ | ၈နေ | ၂၁<br>၂၂ | ၀၄:၁၁:၂၆ | * အမြိတ္တ<br>* လာဘ |
| ၅ | ၄ | ၁နွေ | ၂၂<br>၂၃ | ၀၃:၀၀:၀၀ | △ ဥပါဒ်<br>△ မိတ္တူ |
| ၆ | ၅ | ၂လ်ာ | ၂၃<br>၂၄ | ၀၁:၃၀:၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၇ | ၆ | ၃ဂါ | ၂၅<br>၂၆ | ၂၂:၀၉:၁၄ | △ ကာဏ<br>* အမြိတ္တ |
| ၈ | ၇ | ၄ဟူး | ၂၆<br>၂၇ | ၂၀:၃၇:၃၀ | □ ဝရ<br>△ ဥပါဒ် |
| ၉ | ၈ | ၅တေး | ၂၇<br>၁ | ၁၉:၀၇:၃၀ | * အမြိတ္တ<br>* လာဘ |
| ၁၀ | ၉ | ၆ကြာ | ၁<br>၂ | ၁၇:၃၇:၃၀ | △ ဥပါဒ်<br>△ မိတ္တူ |
| ၁၁ | ၁၀ | ၈နေ | ၂<br>၃ | ၁၆:၂၂:၅၁ | * လာဘ<br>* သိဒ္ဓိ |
| ၁၂ | ၁၁ | ၁နွေ | ၃<br>၄ | ၁၅:၄၄:၁၆ | △ မိတ္တူ<br>△ ကာဏ |
| ၁၃ | ၁၂ | ၂လ်ာ | ၄<br>၅ | ၁၅:၂၀:၃၉ | * သိဒ္ဓိ<br>□ ဝရ |
| ၁၄ | ၁၃ | ၃ဂါ | ၅<br>၆ | ၁၅:၁၂:၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၅ | ၁၄ | ၄ဟူး | ၆<br>၇ | ၁၅:၄၃:၁၇ | □ ဝရ<br>△ ဥပါဒ် |
| ၁၆ | ● | ၅တေး | ၇<br>၈ | ၁၆:၅၀:၃၂ | * အမြိတ္တ<br>* လာဘ |
| ၁၇ | ဒု-ဝါဆို လဆန်း | ၆ကြာ | ၈<br>၉ | ၁၈:၀၆:၁၉ | △ ဥပါဒ်<br>△ မိတ္တူ |
| ၁၈ | ၂ | ၈နေ | ၉<br>၁၀ | ၂၀:၀၄:၂၂ | * လာဘ<br>* သိဒ္ဓိ |
| ၁၉ | ၃ | ၁နွေ | ၁၀<br>၁၁ | ၂၂:၁၅:၁၆ | △ မိတ္တူ<br>△ ကာဏ |
| ၂၀ | ၄ | ၂လ်ာ | ၁၁ | မပြောင်း | * သိဒ္ဓိ |
| ၂၁ | ၅ | ၃ဂါ | ၁၁<br>၁၂ | ၀၀:၅၃:၂၀ | △ မိတ္တူ<br>△ ကာဏ |
| ၂၂ | ၆ | ၄ဟူး | ၁၂<br>၁၃ | ၀၃:၃၃:၂၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၃ | ၇ | ၅တေး | ၁၃<br>၁၄ | ၀၆:၀၆:၃၃ | △ ကာဏ<br>* အမြိတ္တ |
| ၂၄ | ၈ | ၆ကြာ | ၁၄<br>၁၅ | ၀၈:၁၇:၂၇ | □ ဝရ<br>△ ဥပါဒ် |
| ၂၅ | ၉ | ၈နေ | ၁၅<br>၁၆ | ၁၀:၁၇:၀၉ | * အမြိတ္တ<br>* လာဘ |
| ၂၆ | ၁၀ | ၁နွေ | ၁၆<br>၁၇ | ၁၁:၄၇:၂၂ | △ ဥပါဒ်<br>△ မိတ္တူ |
| ၂၇ | ၁၁ | ၂လ်ာ | ၁၇<br>၁၈ | ၁၂:၃၉:၃၉ | * လာဘ<br>* သိဒ္ဓိ |
| ၂၈ | ၁၂ | ၃ဂါ | ၁၈<br>၁၉ | ၁၃:၁၂:၀၀ | △ မိတ္တူ<br>△ ကာဏ |
| ၂၉ | ၁၃ | ၄ဟူး | ၁၉<br>၂၀ | ၁၃:၁၂:၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၃၀ | ၁၄ | ၅တေး | ၂၀<br>×<br>၂၁ | ၀၆:၅၈:၀၄<br>၁၈:၃၄:၅၀ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၃၁ | ○ | ၆ကြာ | ၂၁<br>၂၂ | ၁၂:၀၀:၀၀ | △ ဥပါဒ်<br>△ မိတ္တူ |

၂၀-နက္ခတ် = ၄၅ ယဋ္ဌိ
×-နက္ခတ် = ၃၀ ယဋ္ဌိ } ဖြင့် တွက်သည်
၂၁-နက္ခတ် = ၄၅ ယဋ္ဌိ

* = အဝင်နက္ခတ် ○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ် ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၂-၇-၂၀၁၅ ဗုဒ္ဓဟူးနေ့ နံနက် ၀၉:၀၈:၃၅ နာရီနှင့် ၃၁-၇-၂၀၁၅ သောကြာနေ့ ညနေ ၁၇:၄၃:၂၄ နာရီတို့တွင် လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓ(နဝင်းမြို့)

# အမျိုးကောင်းသမီးတို့ ဆံကေသာအလှကိုအရယူပါ

*❑ ကောင်းခြောက်ဆယ့်လေးရပ်၊ သွေးထပ်ထပ်ရှပ်ညီ၊ ရွှေးနိပါတ်ထုတ်မှီသည်၊ ဖုသာတီထွတ်ထား။*

(ဖိုးသူတော်ဦးမင်း)

ကျွန်ုပ်တို့လူမျိုးသည် ကိုယ်ပိုင်ယဉ်ကျေးမှုစံနှုန်းများဖြင့် စည်းကမ်းတကျ နေထိုင်လာခဲ့သောနိုင်ငံနှင့်လူမျိုးဖြစ်ပါသည်။ မြန်မာ့လူဘောင်လောကတွင် အမျိုးကောင်းသမီးတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံကို အပိုင်း (၁၀) ပိုင်းခွဲပြီး ကောင်းခြင်းအင်္ဂါ (၆၄) မျိုးတို့ဖြင့် ရှင်းလင်းပြသထားခဲ့ပါသည်။

ထိုခြောက်ဆယ့်လေးရပ်သော ကောင်းခြင်းတို့ ခွဲဝေပိုင်းခြားထားသည့် အပိုင်း (၁၀) တွင် ဆံပင်၏ကောင်းခြင်း (၃) မျိုးဖြင့် ပြသထားခဲ့ပါသည်။ ထိုဆံပင်၏ ကောင်းခြင်း အင်္ဂါ (၃) မျိုးတို့မှာ -

၁။ ကုနိလကေသာ - ကောင်းသော ဆံပင်၊

၂။ ဒီဃမုဒ္ဓဇာ - ရှည်သောဆံပင်၊

၃။ သုခုမကေသာ - သိမ်မွေ့သော ဆံပင်တို့ ဖြစ်သည်။

မိန်းမမြတ်တို့၏ ကောင်း (၆၄) ရပ်ကို အယုတ် (၁၈) ပါးဖြင့် ဖျက်ဆီးပြန်ပါသည်။

❑ ဦးခေါင်းပေါ်၌ ဆံပင်သည် ဖြူစိရောင်သွေးလွန်ရွှေသောအဆင်းရှိခြင်းဟု ဆိုထားပါသည်။

သို့ဆိုလျှင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ထုံးထမ်းစဉ်လာရတနာကို ယနေ့ကာလတွင် ဆံပင်များအတိုထားခြင်း အထပ်ထပ်အရစ်ရစ်စီမံခြင်း၊ အရောင်ဆိုးခြင်းတို့သည် ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်စံနှုန်းရတနာကို ဖျက်ဆီးရာရောက်နေပြီဟုပင် ဆိုချင်ပါသည်။

ကိုယ်ပိုင်စည်းကမ်းနည်းလမ်းများအရ မြန်မာအမျိုးကောင်းသမီးရတနာတို့ ပိုင်ပိုင်နိုင်နိုင် စောင့်ထိန်းနေကြသည့် အနည်းစုနှင့်ပြုပြင်ပါက နောက်မကျသေးသည့်အတွက် ဆံကေသာအလှတရားတို့ မှုချရစေနိုင်သော မြန်မာမှုဖြင့်ထားရှိနေသော ခေါင်းလျှော်ရည်ကို လျှော်ပြီး ဆံလိမ်းဆီကိုစီမံ၍ လိမ်းကြမည်ဆိုလျှင် -

- ❑ ဦးရေပူခြင်း
- ❑ ဦးရေပြားတင်းခြင်း ဗောက်ထခြင်း
- ❑ ဆံပင်များကျွတ်ခြင်း
- ❑ ဆံပင်အခြေများအထိမခံနိုင်နာခြင်း
- ❑ ဆံပင်များနှစ်ခွဖြစ်နေခြင်း
- ❑ ဆံပင်ကျိုးခြင်း
- ❑ ဦးရေခြောက်ပြီး ဆံကြောင်ဖြစ်ခြင်း တို့မှ ကင်းဝေးစေပါသည်။

## ခေါင်းလျှော်ရည်စီမံခြင်းနှင့်လျှော်နည်း

မြန်မာခေါင်းလျှော်ရည်မှာ

က။ တရော်

ခ။ ကင်ပွန်းသီးတို့ ဖြစ်ပါသည်။

ခေါင်းလျှော်ချိန်တွင် တွဲဖက်ရမည့်အပင်များ၊ အရွက်များမှာ ထောလပတ်ရွက်နှင့် ရှားစောင်းလက်ပပ်တို့ ဖြစ်ပါသည်။

ခေါင်းလျှော်မည်ဆိုလျှင် တရော်ကင်ပွန်းဖြင့် စီမံထားသော ခေါင်းလျှော်ရည်တွင် ထောလပတ်ရွက်ကိုကြိတ်ပြီး ထည့်ထားရပါမည်။

ရှားစောင်းလက်ပပ်ကို နံဘေးမှဆူးများသင်ပြီး အနှစ်ကိုရယူထားပြီး အဦးအစ ထိုရှားစောင်းလက်ပပ်အနှစ်ဖြင့် (ဂျယ်လီ) လိုဖြစ်အောင် မွှေခေါက်ပြီး ဆံပင်များကို ရှားစောင်းလက်ပပ်ဖြင့် ခေါင်းလျှော်ရပါမည်။

ဦးခေါင်းတစ်ခုလုံးနှင့် ဆံဖျားတိုင်အောင် နှံ့နှံ့စပ်စပ်ပွတ်သပ်ပြီး ခေါင်းလျှော်ပြီးလျှင် ဆက်ပြီး တရော်ကင်ပွန်းနှင့် ထောလပတ်ရွက်တို့ စီမံထားသည့် ခေါင်းလျှော်ရည်ဖြင့် ခေါင်းလျှော်ပေးလိုက်ပါ။

နောက် ဆံပင်နှင့် ဦးခေါင်းတို့ကို စင်ကြယ်သွားအောင် ရေကြည်ရေကောင်းဖြင့်သန့်ရှင်းသွားအောင် ဆေးကြောပေးရန်ပင်ဖြစ်သည်။ ခေါင်းလျှော်ပြီး အဝတ် (တဘက်) တို့ ဖြင့် ရေစိုများ သွေ့ခြောက်အောင်သုတ်ပြီး ဖြန့်ထားပါ။

ယနေ့ခေတ်သုံး လေပူစက်ဖြင့် ရေစိုခြောက်အောင် ဆံပင်ကိုမှုတ်ခြင်း မလုပ်ရပါ။ အအေးခံ ဆံပင်များခြောက်သွေ့သွားသည့်အချိန်တွင် အောက်တွင် စီမံထားရှိသော ဆံပင်လိမ်းဆီ ကို ဦးထိပ်မှစပြီး စိုနေအောင် ဖြည်းဖြည်းချင်းလိမ်းပေးရန် ဖြစ်ပါသည်။

## အထူးစီမံသောဆံလိမ်းဆီမွှေး

| | | |
|---|---|---|
| နှမ်းနက်ဆီ(ဆုံဆီ)သန့် | ၂ | ကျပ်သား |
| မုန်ညင်းဆီသန့် | ၁ | ကျပ်သား |
| အုန်းဆီသန့် | ၁၀ | ကျပ်သား |

တို့ကို ပေါင်းစပ်ပြီး သမအောင်မွှေပြီး ပုလင်းတွင်ထည့်ထားနိုင်ပါသည်။ အသင့်လူးနိုင်သော အထူးဆံပင်လိမ်းဆီမွှေး ဖြစ်ပါသည်။

**မှတ်ချက် -**

ထိုဆံပင်လူးဆီတွင် -

- ❑ ခရေပန်း
- ❑ ဒေါနပန်း
- ❑ မြန်မာနှင်းဆီပန်းတို့ကို မိမိနှစ်သက်သလိုထည့်ပြီးထားနိုင်ကြပါသည်။

ကျွန်ုပ် ယခုရေးသားတင်ပြသည့်အတိုင်း လိုက်နာဆောင်ရွက်ကြသည့် အမျိုးကောင်းသမီး ပျိုပျို၊ အိုအိုအားလုံးတို့ ဇာတိပုည ဂုဏ်မာနဖြင့် ဆံပင်အလှကို ဂုဏ်ယူဝင့်ကြွားနိုင်ကြမည် ဖြစ်ပါသည်။

ဆံကေသာအလှပိုင်ရှင်များ
ဖြစ်ကြပါစေ

သုဒ္ဓ (နဝင်းမြို့)



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

သူတို့ပြောပြသည်ကုန်းဘောင်ခေတ်နောင်းမှ

စစ်သည်တော်

ကြံ့ကြံ့ဖန်ဖန် ပေစာထုပ်များကို ဆောင်းဦးပေါက်တွင် နေပြရန်ထုတ်ယူရာ ညီဖြစ်သူ ဖိုးထွန်းအင်သည် သစ်စေးသရိုးကိုင် ယပ်တောင်ပုံသဏ္ဌာန် နှီးဝါးဖြင့်ရက်ထားသည့်အရာကို ယပ်တောင်လုပ်လျက်ယပ်ခတ်သဖြင့် ကျွန်ုပ်ကပြုံးမိပါသည်။ ကျွန်ုပ်၏သား မောင်ဆိတ်ဖားကမူ ဖိုးထွန်းအင်ယပ်တောင်ခတ်သည်နှင့် ကျွန်ုပ်ကပြုံးခြင်းမှာ ဆက်စပ်မှုတစ်ခုရှိပြီဟု မှတ်ချက်ပြု၍ ကျွန်ုပ်အားလှမ်းကြည့်၏။ သားလုပ်သူ၏အထာကို သိသောကြောင့် -

"ဖိုးထွန်းအင်၊ ခင်ဗျားတူက ခင်ဗျားကိုင်နေတာကို ဘာလဲလို့ စိတ်ဝင်စားနေတယ်"

ဟု မေးရတော့၏။

ဖိုးထွန်းအင်က -

လူပျိုပေါက်စဆိုတော့ သိချင်ရှာမှာပေါ့။ မင်းတို့ကတော့ ဒါဘာလဲဆိုတာ မသိဘူး။ အမှန်မတော့ ယပ်တောင်မဟုတ်ပါဘူး။ သုံးမြှောင့်ပုံယပ်တောင်သဏ္ဌာန်ရှိပေမယ့် ယပ်တောင်မဟုတ်ဘူး။ ရှေးက စစ်ချီတဲ့အခါ တို့မြို့တွေက အချိုးကျ တပ်သားစုပေးရတယ်။ မြို့သူကြီးလည်း တပ်နှင့်အတူ ပါရတယ်။ တို့အရှေ့က ကုသိနာရုံဘုရားပွဲတော်လုပ်တဲ့ အောင်သာကြီးကွင်းဆိုတဲ့ လယ်ကွင်းကြီးရဲ့ပိုင်ရှင်ဟာ စေတုတ္တရာမြို့သူကြီး ဖိုးအောင်သာကြီးကွ။ ငါတို့သူတောင်းရိုးထဲမှာတောင် စဉ်ရိုးထဲက ပါ။ တောင်စဉ်အုပ်ချုပ်တဲ့ မင်းစက္ကရာ... ကြီးရဲ့သားပါ။ နှမက မဦးကလေး... မယ်ဦးကလေးက ဆင်ဖြူရှင်လက်ထက် နန်းတွင်မှာခစားရတယ်။ အနောက်ပြည် ကိုစည်းရုံးဖို့ စစ်ဆင်တော့ ဖိုးအောင်သာကြီးလည်း တပ်နဲ့ပါတယ်။ သူ... ဇေယျကျော်ထင်ဘွဲ့ခံ ဦးစိုက စ... စစ်ကဲအဖြစ် တပ်ဦးက အမှုတော်ထမ်း... တယ်။ အနောက်ပြည်ကို စေတုတ္တ... ဘက်ကနေ တက်ရတယ်။ မင်းကြ... တဲ့ စေတုတ္တရာ-ကျင်ဒွဲ-မြောက်ဦး... အတိုင်း တက်ကြရတယ်။ စဉ်...



www.burmeseclassic.com

www.burmeseclassic.com

လက်ထက်ရောက်တော့ မယ်ဦးကလေးကို စစ်သူရဲကောင်း မင်းရန်ဟူးနဲ့ စုံဖက်စေပြီး စလင်းပြန်နေရန် ခွင့်ပြုတော်မူပါတယ်။ မင်းရန်ဟူးနဲ့ စလင်းပြန်တော့ တို့တစ်မြို့လုံး ကိုးကွယ်နေတဲ့ ရတနာမဥ္ဇူဘုရားကို စလင်းမှာ ကိုးကွယ်ရန် ပင့်ဆောင်သွားလို့ အမိန့်တော်ရှိတယ်။ ခု ဦးကိတ္တိ သီတင်းသုံးနေတော်မူတဲ့ တိုက်သစ်ရှေ့တည့်တည့် လမ်းထိပ်က သူကောင်းကြီးဦးဆိုင်နေတဲ့ဝိုင်းမှာ မင်းရန်ဟူးဇနီးမောင်နှံနေသဗျ။ ရတနာမဥ္ဇူဘုရားလည်း အဲဒီမှာကိုးကွယ်ကြသဗျ။ နောက်မှ လက်ပံပင်ကျောင်းကိုရောက်သကွ။ မင်းတို့လူငယ်တွေ မှတ်ထား၊ ရတနာမဥ္ဇူဘုရားကို စလင်းပင့်လာတဲ့ မူလ ဒါယကာတွေက မင်းရန်ဟူးနဲ့ သော် ဒီကျောင်း၊ ဒီသိမ်၊ ဒီဘုရားကို ဘယ်နှုခုနှစ်မှစပြီး ဘယ်သူ၊ ဘယ်အရာရှိကတည်တာ ယနေ့အထိ နှစ်ပေါင်းမည်မျှရှိပြီဆိုတာပါသိရလို့ ပိုပြီး ဂုဏ်သိက္ခာရှိပါသဗျား။ ဘုန်းကြီးကလည်း သတိမရ၊ နောက်လုပ်တဲ့ အလှူရှင်ကလည်း မသိတော့ ယခင်မူလ ဒါယကာများတောင် သာခုမခေါ်လိုက်ရပါဘူး။ ဆင်ခြင်စရာပြောတာပါ။ မှတ်ထား၊ တို့တောင်စဉ်ရိုးက ဘိုးရွှဲတည်တာ။ သူ့ဇနီးမယ်လွန်းက မဟာသမန်းရိုး၊ ဘိုးရှည်မှန်အဆက်ပါဗျား။ မဟာသမန်းဆက်တွေက ကိုးဆောင်တိုက်တည်တယ်။ ကိုးဆောင်သိမ်မူလဒါယကာက မဟာသမန်းဦးအေး။ သိမ်ထိပ်က စေတီသုံးဆူက မဟာသမန်းဦးစံဝင်းက တည်တာ။ ပန်းရန်ဆရာတွေက သိသလောက်ပြောတာ။ ကုသိုလ်ပြုသူကိုပိုပြီးသဒ္ဓါပွားအောင် ဆရာတော်ကြီးတွေက မူလဒါယကာအမည်နဲ့ နောက်ပြုပြင်သူ ဒါယကာကိုဖော်ပြပြီး ကျောက်စာကမ္ပည်းထိုးလိုက်ရင် ပိုပြီးကောင်းတာပေါ့ဗျာ"

ဟု ဖိုးထွန်းအင်က ပြော၏။

စကားနည်းသော ကျောင်းဒကာ ရွှေကမူ -

"အရိုးပေါ်အရွက်ဖုံးလည်း ဘယ်သူကအရွက်၊ ဘယ်သူကအရိုး ဆိုတာ သိကြပါတယ်ဗျာ"

ဟု ဖိုးထွန်းအင်စကားကိုဖြည့်စွက်လိုက်ပါ၏။

မြေစာရင်းအင်စပိတ်တော်ကြီးဖြစ်သူ ဦးသာဒွန်းဦးက -

စလင်းတောင်စဉ်ရိုး

တောင်စဉ်မင်းကြီးမင်းစက္ကရာဇ် ဘိုးစံပြော် — မယ်နှင်းဘွေ

၁ မဝင်း (လင် ဘိုးရွှေဦး)
၂ မအောင် (လင် ပခန်းငယ်သူကြီး) သမီး မအူ
၃ မလွန်း (လင် ဘောင်းလင်းမြို့သူကြီး)
၄ မညိမ်း (လင် ရှရှားသူကြီး)

မင်းစက္ကရာဇ် ဘိုးစံပြော် — တောင်ပေါ်သူ မယ်ဖြူ

၁ ဘိုးအောင်သာကြီး ၂ မဦးကလေး

ဘိုးအောင်သာကြီး — မအိုလယ်

၁ ဦးစို စစ်ကဲတော်မင်း၊ လက်ပံပင်ကျောင်းဦးစေတီဒါယိကာ။
၂ ဘိုးရွှဲ လက်ပံပင်စေတီတော်ကြီးဒါယိကာ။ မယားမလွန်း
၃ မယ်တိုး လင် ဘိုးဘော
၄ မယ်မိုး လင် ဘိုးရွှေလူ (စကြီအမ မယ်လှ၏သား)
၅ မယ်တိုး လင်ဘိုးသာဒွန်းအောင်(၆ဆူဘုရားအနေရှ့တောင်စေတီ၏ ဒါယိကာမ)

သူကောင်းမ ဒေါ်ဦးကလေးပါ။ နောက်မှ လက်ပန်ပင်ကျောင်းမှာ သီတင်းသုံးတာပါ။ လက်ဖန်ပင်ကျောင်းဦးစေတီဒါယကာက ဒေါ်ဦးကလေးအစ်ကိုဖြစ်တဲ့ ဖိုးအောင်သာကြီးရဲ့သား ဦးစိုပါ။ လက်ပန်ပင်ကျောင်းနဲ့ ဆက်နွယ်ပုံကိုပြောပြရရင် ဘပန်ထံက သိရသလောက် တောင်စဉ်ရိုးအစဉ်အဆက်ဇယားအရကြည့်တော့ လက်ပန်ပင်ကျောင်းဒါယကာ ဘိုးအောင့်သာကြီးဖြစ်ပြီး သူ့သား ဘိုးရွှဲက စေတီကြီးဒါယကာနဲ့ သူ့ဇနီး ဒေါ်လွန်းတို့က လက်ပန်ပင်ကျောင်း အနောက်ဆောင်ကို ဆောက်လုပ်လှူကြပါတယ်"

ဖိုးထွန်းအင် ရှင်းပြစဉ် -

တ္တုနိုပ်၏ နွားထိန်း မောင်ဖိုးစွန်းသည် လာရောက်ကူညီလုပ်ကိုင်နေရာမှ -

"ဘကြီးအင်ရ၊ လက်ပန်ပင်ကျောင်းဒါယကာက ဈေးချိုရပ်ကကိုကြီးသုတို့အဖေ လယ်ခေါင်းကြီးလို့ဆိုပါကလား။ ပန်းရန်မောင်စံထူးက ပြောဖူးတယ်"

ဟု ဝင်၍ထောက်လေသည်။

"မောင်စံထူးပြောတာလည်း မှန်သဗျ။ သို့သော်လည်း ပထမမူလကျောင်းဒကာကို မမေ့သင့်ဘူးကွ။ အလှူအတန်းလုပ်သူများက ကမ္ပည်းမှတ်တမ်းထိုးရင် မူလဒါယကာကိုထည့်ပြီး ကမ္ပည်းစိုက်



www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့်မို့ ဒုတိယကမ္ဘာစစ် မတိုင်မီက တစ်နှစ်တစ်ခါ သူကောင်း ဦးဆိုင်အိမ်ရှေ့မှာ ရတနာမဥ္ဇူဘုရားပင့်ပြီး ဘုရားပွဲလုပ်ခဲ့တာကိုး။ ကုန်းဘောင်စစ်သည်တော်ကြီးမင်းရန်ဟူးနဲ့သူကောင်း မမယ်ဦးတို့ပင့်လာဟန် ဝင်းခင်းပြီးဘုရားပင့်တာကို အမှတ်ရပါရဲ့ဗျာ"

ဟု သူမှတ်မိတာကို ပြောလေသည်။

"သက်ကြီးစကား သက်ငယ်ကြားတဲ့။ စလင်းမှာရှိတဲ့ရှေ့မီနောက်မီလူကြီးများသိကြပါတယ်။ မင်းရန်ဟူးစစ်တိုက်ကောင်းလို့ ဆုအဖြစ် မယ်ဦးနဲ့ထိမ်းမြားပေးပြီး နန်းဦးမှာ သီတင်းသုံးတဲ့ ရတနာမဥ္ဇူဘုရားကို ပင့်ဆောင်ကိုးကွယ်ကြစေလို့ ခွင့်ပေးတော်မူတာပါဗျား"

ဟု ကျွန်ုပ်က ပြောရသည်။

"ကျွန်ုပ်တို့ ဆွေစဉ်မျိုးဆက်ပြဖယားပြုစုတော့ လယ်ပေါင်ရာပေါင်သက္ကရာဇ်၊ ကိုယ်နေသက္ကရာဇ်တွေလည်း ကြည့်ပါတယ်။ မြို့သူကြီးအရာလုကြတော့ သမီးယောက်ဖတွေ ဆွေစဉ်မျိုးဆက်ဖယားပြပြီး ရှင်ဘုရင်ဆီကို အရာလျှောက်ကြတာတွေက ခိုင်မာတဲ့ အထောက်အထားတွေပါ။ တစ်လင်တစ်မယားနေတဲ့ ဘိုးတွေဘေးတွေရှိပါတယ်။ မိန်းမတွေတစ်ပွေ့ကြီးယူသွားတဲ့ သူကောင်းကြီးများလည်း ရှိပါတယ်။ သူကောင်းလည်း သောတာပန်မှမဟုတ်ဘဲကိုး။ ဒီစာရင်းလည်း ပြုစုထားသဗျ။ ဒါပေမယ့် သူကောင်းများက သစ္စာရှိကျေးကျွန်များကို မနှိပ်စက်ဘူး။ မစော်ကားပါဘူး။ ဒါကြောင့် ကိုယ်နေသက္ကရာဇ်များကိုလေ့လာရာမှာ မိမိသဘောအလျောက် တန်ကြေးထားပြီး ကျွန်အဖြစ် အခိုင်းခံသွားတဲ့သူတွေကို တွေ့ရပါတယ်။ စာချုပ်ခေါင်းမှုလဲမပါဘူး။ ကတိပေးကြောင်းအသိသက်သေရှေ့မှာ စာချုပ်တာပါ။ ပေစာပရပိုက်ပေါ်မှာ ဘာလက်မှတ်မှမပါ။ အဲဒီအဆက်တွေ ယနေ့ရှိကြပါတယ်။ အင်္ဂလိပ်မင်းလက်ထက်မှ ကျွန်စနစ်က မရှိတော့တာကိုး။ မင်းတို့လူငယ်တွေ မမြင်ဘူးရင် တစ်နေ့ ပြုရတာပ"

လူကြီးများပြောသမျှကိုနားထောင်နေရသော ကျွန်ုပ်သား မောင်ဆိတ်ဖားနှင့် မောင်အေးဘက -

"ကျွန်တော်တို့က ဝါးယပ်တောင်ကလေးအကြောင်းသိလိုသဖြင့် စောင့်နားထောင်တာ။ မင်းရန်ဟူးအကြောင်းပဲ ပြောကြတယ်"



**ရတနာမဥ္ဇူမြတ်စွာဘုရား**
**(ကုန်းဘောင်စစ်သည်တော်ကြီးမင်းရန်ဟူးနှင့်**
**သူကောင်းမမယ်ဦးတို့ကစဉ့်ကူမင်းလက်ထက်က**
**စလင်းသို့ ပင့်လာသည်)**

ဟု ပြောလျှင် -

"ကဲ-ဖိုးထွန်းအင်၊ တာဝန်ရှိနေပြီ။ ခင်ဗျားသိသလောက်ပြောပေတော့"

ဟု ပြောရ၏။

ထို့ကြောင့် ဖိုးထွန်းအင်က -

"အမောင်တို့၊ ငါတို့စလင်းမှာ ဘိုးတော်ဘုရား လက်ထက်တော်က စလင်းမြို့ (၄၅-၆၄) စစ်တမ်းဆိုတာရှိခဲ့ပါတယ်။ အဲဒီထဲမှာ စစ်မက်အင်္ဂါအရေးတော်ပေါ်ရင် တပ်သားမည်၍မည်မျှစုဆောင်းပေးရမည်ဆိုတဲ့ခွဲတမ်းရှိသဗျား။ စလင်းစစ်တမ်းကို မဟာသမန်း ဦးအေးက စစ်တမ်းကောက်ပါတယ်။ ဒါပေမယ့် အရာလုကြတော့ မြေတိုင်သူကြီး မဟာဘတ္တရာဇာဘွဲ့ခံ ဦးတောက အရာရတော့ စလင်းစစ်တမ်းကို ဦးတောအမည်နဲ့ ဆက်ရပါတယ်။ ဦးတောဆိုတာက မင်းသွားလည်နေကျ မလေးလေးတို့ ဘက်ကွ။ မဟာသမန်းဆိုတာလည်း ဦးပန်ယောကွမ်ဘက်ကရိုးပါ။ မောင်လည်နှမလည် သမီးယောက်ဖတွေချည်းပါ။ ဦးအေးအဘ ကိုးဆောင်တိုက်ဒါယကာကြီး မဟာသမန်းဦးစံအောင်က ဟံသာဝတီရောက်မင်းထံမှာခစားပြီး မွန်အရေးအခင်းမှာ ဘုရင့်အပါးမှာ အမှုထမ်းရင်း ဟံသာဝတီမှာ မင်းမိဖုရားတို့နှင့်အတူ အဖျောက်ခံရရှာတယ်။ ဆင်ဖြူရှင်လက်ထက်မှာ တို့စလင်းလာပြီး လက်နက်လူသူစုခဲ့တာ။ မင်းတို့အခုပြရမယ်ဆိုရင် ယမ်းဖိုကုံးတို့၊ ဗိုလ်ဝင်ရွာ အခု မိုးဝင်းရွာပေါ့။ ပန်းဘဲစု၊ ရှမ်းစု၊ ဆင်ကျုံး စတဲ့ ရွာတွေဟာသက်သေခံပါပဲ။ စလင်းအရံ ငါးမြို့လည်း တပ်သားစုပေးရပါတယ်။ ရခိုင်ချီတော့လည်း ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင် စလင်းကနေပြီး တက်ခဲ့ပါတယ်။ စစ်တမ်းထဲမှာ ဧည့ဝတီသွားရာလမ်းကို စလင်းမှ တင်းတပ်(၂)ခု နဲ့ထိန်းပြီး စစ်ကဲက ထောက်လှမ်းရသမျှ သတင်းကို ဘုရင့်ထံ အစီရင်ခံကြောင်း ပါသကွယ့်။ ရခိုင်ချီတဲ့အထဲမှာ ဦးရည်မုန်၊ ဦးအောင်သာကြီး၊ ဦးစို၊ ဦးတော တို့တစ်တွေဟာ သူတို့ဘုရင်လက်ထက်တော်တွေမှာ မြို့သူကြီးအရာက စားဆွဲပြီး စစ်တိုက်ခဲ့ကြတာပါပဲ။ စစ်ချီတဲ့အခါမှာ ခမောက် အင်္ကျီ၊ ပုဆိုး၊ လွှာဖိနပ် စောင်တို့အပြင် ခုငါယပ်ခတ်တဲ့ဟာလည်းပါသကွ။ ခုခေတ်မှာ ဟန်းကောနဲ့ တပ်သားတွေ ရိက္ခာယူပြီးစားကြပေမယ့် ကုန်းဘောင် စသည်တို့မှာ ငါကိုင်တဲ့ နီး ဝါးနဲ့လုပ်တဲ့ဟာကလေးနဲ့ ထမင်းစားခဲ့ကြတာပေါ့။ အင်္ဂလိပ်လို မက်(စ်)တင်း (Mess Tin) ပေါ့။ အဲအရေးကြီးတာ တစ်ခုပြောရဦးမယ်။ သူတပ်ကိုယ့်တပ် ခွဲခြားဖို့က ချည်ခင်တွေကို သတ်မှတ်တဲ့ အရောင်ဆိုးပြီးလွယ်ကြတယ်။ ကိုယ်စီသယ်ကြတာမှာ နီးယပ်တောင်က ပန်းကန်အစားသုံးတော့ ကွဲမှာကျိုးမှာမစိုးရိမ်ရဘူး။ ရေကို ဘူးသီးခြောက်နဲ့သယ်ဆောင်တယ်။ ဒါတွေကို မြို့သူကြီးများက စီစဉ်ပေးရတယ်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမှာ မဟာသမန္တစည်သူဘွဲ့ခံမြို့သူကြီး ဦးညိုက မြို့ကတပ်ဖွဲ့ပြီး အသင့်နေရတယ်။ လေ့သင်းအတွင်းဝန် အမိန့်နဲ့ ဦးညိုရဲ့ညီ ဦးဖိုးဦးက စလင်းပဲ့နင်းကြီးအရာနဲ့ မင်းလှခံတပ်ကတိုက်တယ်။ မင်းလှခံတပ်မှာ ကျဆုံးသွားပါတယ်။ မလေးလေးဦးကြီး ဦးအောင်ကြီးက ဦးဖိုးဦးသားပါ။ ဦးဖိုးဦး ကွယ်လွန်တော့ ဦးအောင်ကြီးက အသက် (၉) နှစ်သားတဲ့။ လေ့သင်းအတွင်းဝန်က ဦးအောင်ကို မန္တလေးမှာ လောကဓာတ်ပညာသင်စေသတဲ့။ ခိုင်းပြီးပစ်မထားပါဘူး။ သူ့တပ်ကျဆုံးတဲ့သူကို ကောင်းစားညှန်ပေးပါတယ်။ ကဲ - မင်းလည်း ယပ်တောင်ပုံနီးပြားအကြောင်း သိလောက်ပြီ"

ဟု ဆိုလေသည်။

အိုးသူကြီးမယ်မှင်သည် မယ်မြစ်၏ မုန့်ပစ်သလက်နှင့် သူချက်ထားသော ငါးမြင်းရင်းငါးပိချက်ကို ကော်ဖီကျ ဖျော်ထားသော ကော်ဖီခရားနှင့်တ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ပို့သောကြောင့် မိတ်ဆွေခင်ပွန်း (၄) ဦးနှင့် သားဖြစ်သူ မောင်ဆိတ်ဖား သူ၏ သူငယ်ချင်း မောင်အေးဘတို့ စားသောက်စဉ် -

"ကိုကြီးအင်ပြောတာတွေလည်း စုံပါတယ်။ခုပြောနေတာက ကုန်းဘောင်ခေတ်စစ်ပွဲတွေမှာ မြို့သူကြီးများအခန်းကဏ္ဍမှာ စစ်မက်ရေးရပေါ်သော် အချိုကျတပ်သားစုပြီးတိုက်ရတဲ့အကြောင်း အင်္ဂလိပ်လိုပြောရင်Levies(စစ်ဝန်ထမ်း) သဘောမျိုးသာဖြစ်နေပါတယ်။ ဘုရင့်တပ်မတော်က တပ်ရင်းတွေ Regular Army မှာ တပ်သားစုဆောင်းမှု၊ တာဝန်ထမ်းဆောင်မှု၊ စစ်ဝတ်စုံတို့ မပါသေးတော့ ဝန်ထောက်မင်းမှာ စုဆောင်းထားချက်များရှိသော် နောင်လာနောက်သားများ သိနိုင်ရန် မှတ်တမ်းတင်ခွင့်ပြုပါ"

ဟု တောင်းဆိုလာပါသည်။

ကုန်းဘောင်ခေတ် ဘုရင့်တပ်မတော် (Royal Army) တွင် ထင်ရှားလှသည့် တပ်ရင်းတပ်ဖွဲ့များတွင် တောင်ထားဝယ်တပ်၊ မြောက်ထားဝယ်တပ် ဟူ၍ရှိရာ ထိုတပ်များနှင့် ပတ်သက်သောအကြောင်းအရာများ ကျွန်ုပ်သည် ၁၉၃၃ ခုနှစ်က ဘုတလင်မြို့ပိုင်ကြီးအဖြစ် အမှုထမ်းစဉ် အောက်ချင်းတွင်းခရိုင် အရေးပိုင်မစ္စတာအာ-အာ-လောင်းဟန် ကာတာဘီအေအန္ဒိယပဋိညာဉ်ခံဝန်ထမ်း အင်္ဂလိပ်အခေါ် ICS (Indian Civil Seveice) သည် ၃-၂-၃၄ နေ့စွဲပါစာဖြင့် အထက်ပါအချက်များကို လေ့လာမေးမြန်း၍ အစီရင်ခံရန် ညွှန်ကြားသဖြင့် ဘုတလင်မြို့ပေါ်မှ သက်ကြီးဝါကြီး မြို့မိမြို့ဖထံမှ လေ့လာလျက် အစီရင်ခံစာရေးခဲ့ရာ ထိုအစီရင်ခံစာကို ကိုင်လျက် သက်ကြီးစကားသက်ငယ်ကြား လက်ဆင့်ကမ်းရပါသည်။ သမိုင်း ဆိုသည်မှာ ထပ်မံတွေ့ရှိချက်များရှိက ပြင်ဆင်ရမည်ဖြစ်သော်လည်း မင်းကြီးမဟာဗန္ဓုလနေထိုင်ခဲ့သည့်မြို့၊ သူ၏အဆက်အနွယ်တွေလည်းရှိသေးသည်။ မြို့မိမြို့ဖများထံမှ စုစည်း၍ အစီရင်ခံစာရေးရဖူး၏။ နှစ်များကြာသော်လည်း ကျွန်ုပ်မှတ်တမ်းများကို သားသမီးများက ထိန်းသိမ်းပေးသဖြင့် စာကြည့်ခန်းအတွင်းမှ ဘုတလင်ဖိုင်ကိုထုတ်ယူ၍ကြည့်ရလျက် လူငယ်များသိစေရန် ပြောရသည်။

လက်ထက်တော်ကြီးများခေတ်က ဘုရင့်တပ်မတော်မှာ တောင်ထားဝယ်တပ်၊ မြောက်ထားဝယ်တပ်၊ တောင်မာရဘင်၊ မြောက်မာရဘင်၊ အမြောက်တပ် Royal Artillery မြင်းတပ်၊ ဆင်တပ်များ ထားရှိခဲ့ပါသည်။ ဘုတလင်မှာသိခဲ့ရတာက အလုံမြို့ဝန်က တောင်ထားဝယ်တပ်၊ မြောက်ထားဝယ်တပ်များကို တပ်သားစုပေးရကြောင်း၊ ဘုတလင်၊ ရဲထွက် (ယခု ဘုတလင်မြို့နယ်)၊ သာစည်၊ မုံရွာမှ ကြေးမုံ၊ အရာတော်မြို့နယ်မှ မြေနက်၊ ကုန်းမြင့်ဆိပ်နှင့် လေးရွာ (ယခုအခေါ် အာလာကပ်ပ၊ မြင်းမူနယ်) တို့မှ တပ်သားစုဆောင်းရသည်။

ထားဝယ်တပ်များ၏ တာဝန်မှာ ဘုရင့်လက်သုံးတပ်ရင်းများ ဖြစ်သည်။ နန်းတော်တွင်းစောင့်ရသည်။ တောင်ထားဝယ်၊ မြောက်ထားဝယ်ဟု တပ်ရင်း (၂) ခုရှိရာ တပ်ရင်းတစ်ခုတွင် သွေးသောက်ကြီး (၁၂) ဦး ရှိသည်။ သွေးသောက်အောက်တွင် အကြပ် (၂) ဦးရှိသည်။ အကြပ်တစ်ဦးလျှင် တပ်သား (၅၀) အုပ်ချုပ်ရသည်။ တပ်ရင်းတွင် ဗိုလ်၊ သွေးသောက်၊ အစုရေး၊ စာရေးတို့ ရှိကြသည်။ ထားဝယ်တပ်များကဲ့သို့ တောင်မာရဘင်၊ မြောက်မာရဘင်တပ်ရင်းများလည်းရှိသည်။

သီပေါမင်းလက်ထက်တော်တွင် တောင်ထားဝယ်ဗိုလ်သည် တိုင်တားမင်းကြီး၏သား ဖြစ်သည်။ မြောက်ထားဝယ်ဗိုလ်မှာ မင်းသားအဆင့်ထဲမှဖြစ်သည်ဟု ဘုတလင်မှ သက်ကြီးရွယ်အိုထံမှ ကြားသိရကြောင်း အစီရင်ခံစာတွင်ရေးရ၏။ အမြောက်တပ်မှာ ရွှေဘိုခရိုင် ကျွန်းလှနယ် မြေတူးမှ အမြောက်တပ်တွင်တာဝန်ထမ်းဆောင်ရသည်။ မြေတူးကုလားများမှာ ကုလားစကားမပြောတတ်သော သစ္စာရှိ မွတ်စလင်ကုလား အမြောက်တပ်သားများ ဖြစ်၏။

မင်းတုန်းမင်း မန္တလေးမြို့တည်ပြီးတော့ မြို့ရိုးတွင်းမှာ အုတ်တိုက်နှင့် တစ်ခန်းတွင် (၂) ဦးကျနေရသည်။ တစ်နှစ်လျှင် (၃၀) ခန့် တပ်သားသစ်ခေါ်ယူသည်။ ထားဝယ်တပ်မှ အရာရှိ အကြပ်တပ်သားစစ်သည်များတို့သည် လက်လေးသစ်ရှိ အနီရောင်နှင့် အဖြူရောင်အကွက်ပါပုဆိုးများကို ဝတ်ဆင်ကြရသည်။ အခြားသော တပ်များမှာ အနက်ရောင်နှင့် အနီရောင်အကွက်ပါပုဆိုးကိုဝတ်ဆင်သည်။ အပေါ်အင်္ကျီမှာ ဂါတ္တုပင်ဖြစ်ကြ၏။ စစ်မက်ရေးရာတိုက်ပွဲဝင်ရာတွင် မောက်တိုဆောင်းပါသည်။ နန်းတွင်းတာဝန်ထမ်းသောအခါ မောက်ရှည်ဆောင်းသည်။ ဓား၊ လှံ၊ သေနတ်တို့ကို ကာဝန်ပေါ်တည်၍ ကိုင်ဆောင်ကြရသည်။

တပ်တော်အလံမှာ အဖြူပေါ်တွင် ကနေသော ဒေါင်းရုပ် ဖြစ်သည်။ စစ်ထွက်ရာတွင် တိုက်စည်၊ တိုက်မောင်း သုံးကြသည်။

လက်ဖမိုးတွင် ခြင်္သေ့ရုပ်ကို လက်ယာဝန်းမှူးတပ်နှင့် ထားဝယ်တပ်ဖွဲ့ဝင်များ ထိုးထားသည်။ လက်ဝဲဝန်းမှူးတပ်နှင့် မာရဘင်တို့က ကုပ်တွင်နတ်ရုပ်ထိုးသည်။ နတ်ရှင်ရွှေးတပ်မှာမူ ခြေသလုံးတွင် နတ်ရုပ်ရှိသည်ဟု ဘုတလင်ရှိ သက်ကြီးရွယ်အိုတို့ထံမှ သိမှတ်သားခဲ့ရ၏။ ကုန်းဘောင်ခေတ်စစ်သည်တော်တို့ အကြောင်းပြောပြီးသောအခါ မောင်အေးဘသည်-

"ဘဘကြီးခင်ဗျာ၊ ဘုတလင်မြို့မှာ စစ်သူကြီး မဟာဗန္ဓုလနေထိုင်ရာဒေသဖြစ်လို့ သူ့အကြောင်းကို သိလိုပါတယ်"

ဟု မေးမြန်းစဉ် -

မြို့တောင်ကျောင်းဆရာတော်ကြွတော်မူလာသောကြောင့် မောင်အေးဘကို နောက်တစ်နေ့နံနက်တွင်လာရန် ချိန်းဆို၍ စကားဝိုင်းကို ရုပ်နားလိုက်ပါသည်။

အနောက်တံခါးမှူးမောင်မှူး

၁- ဘိုးအောင်သာကြီး (တောင်စဉ်ရိုးမြို့သူကြီး) နှမ မဦးကလေးမှာ ဆင်ဖြူရှင်လက်ထက် နန်းတွင်းခစားရသည်။ သားတော် စဉ့်ကူမင်းက မင်းရန်ဟူးကို ဆုအဖြစ်လက်ထပ်ပေးသည်။ ရတနာမဉ္ဇူဘုရားအား ကိုးကွယ်ခွင့်ပြုတော်၏။ ရတနာမဉ္ဇူဘုရားအား စလင်းသို့ ပင့်လာသော ဒါယကာများ။

၂- မလွန်းမှာ ဦးရည်မှန်အဆက်ဟု ဦးပန်မှတ်စု၌တွေ့ရသည်။ လက်ပန်ပင်ကျောင်းအနောက်ဘက်ဆောင် လည်းလှူသည်။ (ဦးပန်စာစု)

ကျမ်းကိုး -

၁။ မဟာသမန်းရိုးစာစု
၂။ စလင်းမြေတိုင်ရိုးစာစု
၃။ သူကောင်းဆွေစဉ်မျိုးဆက်နှင့် သူကောင်းနွယ်ဝင် မျိုးဆက်ဇယား
၄။ စလင်းစစ်တမ်း
၅။ ဘုတလင်မြို့အုပ်၏ ခရစ်နှစ် ၃-၂-၁၉၃၄နေ့စွဲပါ မုံရွာရှိအောက်ချင်းတွင်းခရိုင် အရေးပိုင်ထံအစီရင်ခံစာ

www.burmeseclassic.com

မကျီးကုန်း-စိုးယဉ်မြင့်
(ရေနည်းသာ)

# အမေပေးတဲ့ အပူရှပ်ခြင်းဆေးမြီးတို

သံချိုညြိ. . . နွေလို့ပြောပြီ။

ရိုးပြတ်လယ်ကွင်းတွေအကြားက ပေါက်ပန်းနီနီရဲတို့တစ်ဆုပ်တစ်ခဲပွင့်ရင်း နွေကိုကြိုနေပါပြီ။ မြူခိုးများဝေမှိုင်းနေ၍ ရှမ်းရိုးမတောင်တန်းပြာကိုပင် ကောင်းစွာ မမြင်ရတော့။

ရှေးကစာဆိုရှင်ကြီးများသည် နွေအလှကို လွမ်းမောတမ်းတဖွယ်ကောင်းအောင် ဖွဲ့ဆိုခဲ့ကြသည်။

မှန်ပါသည်။

နွေအလှဝယ်ကြွေကျသွားရသော ရွက်ဝါကလေးများနှင့်အတူ နွေ၏ အပူရှိန်ပြင်းသည့်ဒဏ်ကြောင့် အချိန်မတိုင်မီ ဘဝတစ်ပါး တိမ်းပါးလွင့်ကြွေရသူများလည်းရှိနေကြပေသည်။

စာရေးသူ၏ ဆရာတစ်ဦးသည် ဒဂုံမြို့သစ်စတင်မြို့မြေကွက်ဖော်စဉ်က မြေကွက်တစ်ကွက်ရရှိခဲ့ရာ မြေကွက်ကို ရှင်းလင်းပြီး ခြံစည်းရိုးကာရံခြင်းများအား နွေနေ့လယ်နေပူကျဲကျဲအောက် ဆောင်ရွက်ခဲ့သည်။ ညနေ အိမ်ပြန်ရောက်၍ ရေချိုးပြီး လေအေးစက်ဖွင့်ပြီး နေခဲ့သည်။

မကြာပါ။ ညလယ်အချိန်တွင် တစ်ကိုယ်လုံး ကိုယ်တွေချစ်ချစ်တောက်ပူပြီး ဖျားပါလေတော့သည်။ မိသားစုဆရာဝန်ကို ခေါ်ပြီး ကုသသော်လည်း မသက်သာ၍ မနက်ပိုင်းတွင် အထူးကုဆေးခန်းသို့ တက်ရောက်ကုသမှုပြုခဲ့ရာ အပူရှိန်မကျဘဲ သတိလစ်ကာ နောက်တစ်နေ့တွင် တိမ်းပါးသွားခဲ့ပါသည်။ တကယ့် အဖြစ်အပျက် ဖြစ်ပါသည်။ ဝန်ထမ်းအရာရှိတစ်ဦး မြန်မာ့တိုင်းရင်းဆေးမသိ၍ ကွယ်လွန်တိမ်းပါးရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

စာရေးသူ၏ဇနီးမှာ ရမည်းသင်းမြို့နှင့် (၃) မိုင်ကွာဝေးသည့် ကျေးရွာတွင် အခြေချတာဝန်ထမ်းဆောင်ရသည့် ကျန်းမာရေးဝန်ထမ်းဆရာမတစ်ဦး ဖြစ်ပါသည်။ ဇနီးဖြစ်သူမှာ ကျန်းမာရေးစီမံချက်အရ ကာကွယ်ဆေးများထိုးနှံရန် ကျေးရွာခွဲများသို့ နေပူမိုးရွာမရှောင်သွားရောက်ရပါသည်။

နွေရာသီတစ်ရက်တွင် ဇနီးဖြစ်သူသည် ကျေးရွာခွဲများသို့ လှည့်လည်တာဝန်ထမ်းဆောင်ပြီးပြန်လာရာ အိမ်အရောက်တွင် ရေမချိုးဘဲ ဧည့်ခန်းတွင် အအေးခံနေလိုက်ပါသည်။ ညလယ်ရောက်သောအခါ ဇနီးမှာ ကိုယ်ပူပြီးဖျားပါလေတော့သည်။ ဇနီးဖြစ်သူမှာ ကျန်းမာရေးဌာနဝန်ထမ်းဖြစ်၍ သူ့တွင်ရှိသည့်ဆေးဝါးများဖြင့် ကုသပါသော်လည်း ကိုယ်အပူချိန်မှာ တစ်စထက်တစ်စတိုးလာပြီး ချစ်ချစ်တောက်ကိုယ်ပူလာကာ သတိလစ်မတတ်ဖြစ်လာပါတော့သည်။

ထိုစဉ်က ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှုကလည်း မကောင်းသေး။ ကားမရှိ၊ ဆိုင်ကယ်မရှိ၊ (၃) မိုင်ကွာဝေးသည့် မြို့ပေါ်ဆေးရုံသို့သွားဖို့လည်း မဖြစ်နိုင်။

ထိုစဉ် စာရေးသူနှင့် အိမ်နီးသည့် စာရေးသူ၏မိခင်ရောက်ရှိလာပြီး ဇနီးအားကိုင်တွယ်ကြည့်ရှုပြီး ဒါအပူရှပ်တာပဲဟု ဆိုကာ -

"ငှက်ပျောရွက် (၅) ရွက် ခုတ်ပြီးယူခဲ့၊ ဥသျှစ်သစ်အမှည့် (၁) လုံး၊ ထန်းလျက် (၁၀) လုံးနဲ့ ဆန်ဆေးရည် ခွက်ကြီး (၃) ခွက်ယူခဲ့"

ဟု အရေးတကြီးပြောဆိုပြီး ခုတ်ယူလာသည့် ငှက်ပျောရွက် (၃) ရွက်ကို ခင်းကာ ဇနီးကို အိပ်စေ၍ (၂) ရွက်ကို ဇနီး၏ကိုယ်ပေါ် မှခြုံပေးပါသည်။ ကိုယ်အပူချိန် မည်မျှပြင်းသည်မသိ ခင်းထားခြုံထားသော ငှက်ပျောရွက်များသည် ချက်ချင်းညှိုးရော်ပြီး ပျော့ကျသွားသည်ကို အံ့သြဖွယ် တွေ့မြင်ရပါသည်။

ထို့နောက် ဥသျှစ်သီးအမည့်ကိုခွဲ၍အသားကိုထုခြေထားသည့်ထန်းလျက် (၅) လုံးနှင့် ဆန်ဆေးရည်ဖြင့် ရောမွှေ၍ ဖျော်ရည်ပမာပြုလုပ်ပြီး ရှေးဦးစွာ ဇနီးကိုတိုက်လိုက်ပါသည်။ ဆက်လက်ပြီး ဥသျှစ်သီးအခွံကို ကျောက်ပျဉ်ပေါ်တွင် သွေးစေပြီးရရှိလာသည့်ဥသျှစ်သီးအနှစ်များကို ထုခြေထားသည့် ထန်းလျက်(၃) လုံးကို ဆန်ဆေးရည်ဖြင့် ရောမွှေ၍ နာရီဝက်တစ်ကြိမ်တိုက်ကျွေးပြီး သုံးကြိမ်ဆက်တိုက်တိုက်ကျွေးသောအခါ ဇနီးမှာ သတိပြန်လည်လာပါတော့သည်။

နောက်တစ်နေ့ညနေတွင် အဖျားမရှိတော့ဘဲ နွမ်းနယ်ခြင်းသာ ကျန်ရှိပြီး ထိုင်နိုင်၊ လမ်းလျှောက်နိုင်သည့်အဆင့်ရောက်လာပါသည်။ဒါကတကယ့်အဖြစ်အပျက် ကိုယ်တွေ့ဖြစ်၍ သိရှိနိုင်ကြရန် မျှဝေခြင်း ဖြစ်ပါသည်။

ဇနီးနှင့်ဆက်စပ်ပြီး စာရေးသူ၏ မိခင်က ပြောဆိုသည်မှာ -

"အပူချိန်ပြင်းတဲ့ နွေရက်တွေမှာ အမိက စားသောက်ရမှာက ထမင်းစားရင်း ဥသျှစ်ရွက်နုနုတွေကို အတို့အမြှုပ် အဖြစ်နဲ့ များများစားပေးရမယ်။ နေ့လယ်ဘက်တွေ မှာ ဥသျှစ်သီးဖျော်ရည်ကို မကြာခဏ တဝကြီးသောက်ပေးရမယ်။ နေပူထဲကပြန်လာရင် အအေးမခံရဘူး။ ချွေးထွက်အောင် ရေနွေးကြမ်းပူပူကို တဝကြီးမှုတ်သောက်ရမယ်။ ရေမချိုးရဘူး။ မြို့ပေါ်တွေမှာဆိုရင် နေပူထဲသွားလိုက်၊ အိမ်ထဲရောက်ရင် လေအေးစက်ဖွင့်ပြီးနေလိုက်ဆိုရင် အပူရှပ်ပြီး သေတတ်တယ်"

ဟု ပြောဆိုဆုံးမပါသည်။

သံချိုညြိ နွေလို့ပြောနေပါပြီ။


မြူမှုန်တွေဆိုင်းလို့ မှိုင်းပြာနေတဲ့ မြင်ကွင်းတွေ၊ ပေါက်ပန်းနီနီရဲရဲ တစ်ဆုပ်တစ်ခဲပွင့်ပြီး အလှဆင်တဲ့နွေ ချစ်စရာနွေ၊ တမ်းတရတဲ့နွေ ဖြစ်စေချင်ပါသည်။ ရင်နင့်လွမ်းမောစရာနွေမဖြစ်စေချင်ပါ။ နွေအလှနှင့်အတူ ကြွေကျမြေခရတဲ့ ရွက်ဝါလေးတွေလို အပူရှိန်ပြင်းတဲ့ဒဏ်ကြောင့် အရွယ်မတိုင်မီ လူ့ဘဝထဲက ကြွေကျမြေခရတဲ့အဖြစ်မျိုးမဖြစ်စေလို၍ အမေ၏အပူရှပ်ခြင်းဆေးမြီးတိုကို မျှဝေလိုက်ရပါသည်။ လူသားအားလုံး ကျန်းမာပြည့်စုံစွာဖြင့် သက်တမ်းစေ့နေနိုင်ပါစေ။

မကျီးကုန်း-စိုးယဉ်မြင့်
(ရေနည်းသ[illegible]



www.burmeseclassic.com

www.burmeseclassic.com




△ ဗြိတိသျှအင်္ဂလိပ်-ဗမာစာရေးဆရာ ပေါ်ဒ်မလင်း
(ကာရဲ့ဟိုးဗီမိုးဗိ၊ ဗွေ့ဟီးတောင်)

# ဂန္ဓာရီဝိဇ္ဇာမဟာလောကီပညာနယ်အတွင်းမှ

# စမ္မာနဝင်းအင်းများ

**စမ္မာနဝင်းဆဝီသံဝင် အမှတ် (၂၁) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂၂ | ၂၉ | ၂၄ | ၂၉ | ၂၂ |
| ၂၇ | ၂၅ | ၂၃ | ၂၅ | ၂၇ |
| ၂၆ | ၂၁ | ၂၈ | ၂၁ | ၂၆ |
| ၂၇ | ၂၅ | ၂၃ | ၂၅ | ၂၇ |
| ၂၂ | ၂၉ | ၂၄ | ၂၉ | ၂၂ |




မမ္မစေတီအင်းသိုက် ဖြစ်သော ဆဝီသံဝင် ဤအင်းအမှတ် (၂၁) ၏ အင်းဆန်ဂဏန်းဖြစ်သော (၂၂) ကို ထောင့်လေးထောင့်၌ထုတ်၍ ရေးစီရင်ထားပေသည်၊ ဤအင်းကို တံခွန်တွင်ချ၍ တြိုသိဟောဂါထာဖြင့် ရုံရမည်။ သိကြားမင်းက အင်း၏ထောင့်မှ မ,နေတန်လည်းရေးဆွဲရမည်။ ဤအင်းအကျိုးကား အိမ်တွင်ချိတ်ဆွဲက ဘုန်းတန်ခိုးကြီးစေ၏။

**စမ္မာနဝင်းဆဝီသံဝင် အမှတ် (၂၂) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂၃ | ၃၀ | ၂၅ | ၃၀ | ၂၃ |
| ၂၈ | ၂၆ | ၂၄ | ၂၆ | ၂၈ |
| ၂၇ | ၂၂ | ၂၉ | ၂၂ | ၂၇ |
| ၂၈ | ၂၆ | ၂၄ | ၂၆ | ၂၈ |
| ၂၃ | ၃၀ | ၂၅ | ၃၀ | ၂၃ |

ရိုးရိုးဂဏန်းအင်းနမူနာ




အင်းသင်္ချာဂဏန်းဖြင့် အင်းနမူနာ

မမ္မစေတီအင်းသိုက် ဖြစ်သော ဆဝီသံဝင် ဤအမှတ် (၂၂) အင်းကွက်၌ အင်းဆန်ဂဏန်းဖြစ်သော (၂၃) ကို ထောင့်လေးထောင့်ထုတ်၍ စီရင်ထားပေသည်။ ဤအင်းနှင့် ပတ်သက်၍ အထူးပြုဆိုထားခြင်း မတွေ့ရချေ။

**စမ္မာနဝင်းဆဝီသံဝင် အမှတ် (၂၃) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂၄ | ၃၁ | ၂၆ | ၃၁ | ၂၄ |
| ၂၉ | ၂၇ | ၂၅ | ၂၇ | ၂၉ |
| ၂၈ | ၂၃ | ၃၀ | ၂၃ | ၂၈ |
| ၂၉ | ၂၇ | ၂၅ | ၂၇ | ၂၉ |
| ၂၄ | ၃၁ | ၂၆ | ၃၁ | ၂၄ |

ရိုးရိုးဂဏန်းနမူနာအင်း




အင်းသင်္ချာဂဏန်းဖြင့်အင်းနမူနာ

မမ္မစေတီမင်းသိုက်ဝင် ဖြစ်သော ဆဝီသံ ဤအမှတ် (၂၃) အင်း၏ အင်းဆန်ဂဏန်းဖြစ်သော (၂၄) ကိုလည်း ထောင့်လေးထောင့်ထုတ်၍ စီရင်ထားပါသည်။ ဤအင်း၏ အကျိုးနှင့်အသုံးကား ဤအင်းကိုချ၍ စောဠာမုနိဂါထာဖြင့် စီရင်လေပါက ဥစ္စာပစ္စည်းတို့ကို သူတစ်ပါးတို့ မဖျက်ဆီးနိုင်ချေ။

**စမ္မာနဝင်းဆဝီသံဝင် အမှတ် (၂၄) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂၅ | ၃၂ | ၂၇ | ၃၂ | ၂၅ |
| ၃၀ | ၂၈ | ၂၆ | ၂၈ | ၃၀ |
| ၂၉ | ၂၄ | ၃၁ | ၂၄ | ၂၉ |
| ၃၀ | ၂၈ | ၂၆ | ၂၈ | ၃၀ |
| ၂၅ | ၃၂ | ၂၇ | ၃၂ | ၂၅ |

ရိုးရိုးဂဏန်းနမူနာအင်း



အင်းသင်္ချာဂဏန်းဖြင့်နမူနာအင်း

မမ္မစေတီမင်းသိုက်ဖြစ်သော ဆဝီသံအင်းအမှတ် (၂၄) တွင် အင်းဆန်ဂဏန်းဖြစ်သော (၂၅) ကို ထောင့်လေးထောင့်၌ထုတ်၍ စီရင်ထားပေသည်။ ဤအင်း၏ အသုံးနှင့် အကျိုးကား ဤအင်းကို ပ၊ က၊ ဝ၊ တ ဟူသော အက္ခရာလေးလုံးရုံ၊ ထို့နောက် စောဠာမုနိဂါထာ၊ ဥဏ္ဏလောမာမုနိဂါထာ၊ ပဋ္ဌာန်းဂါထာတို့ဖြင့်ရုံလျက် ရေးသွင်းစီရင်ပြီး အချို့အချဉ်၊ သစ်သီး၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်လျက် အိမ်၊ ကျောင်း၊ ဇရပ်၊ လေးထောင့်တွင် ချိတ်ဆွဲထားပါက စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်၊ အစိမ်းသရဲ သဘက် စသည် အခြောက်အလှန့်ပြုတတ်၊ ဒုက္ခပေးတတ်သော မိစ္ဆာနာနာဘာဝတို့ မချဉ်းကပ်ဝံ့၊ လုံခြုံလှ၏ဟုဆိုထားပေသည်။




www.burmeseclassic.com

www.burmeseclassic.com

**စမ္ဗာနဝင်း ဆဝီးသံဝင်အမှတ် (၂၅) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂၆ | ၃၃ | ၂၈ | ၃၃ | ၂၆ |
| ၃၁ | ၂၉ | ၂၇ | ၂၉ | ၃၁ |
| ၃၀ | ၂၅ | ၃၂ | ၂၅ | ၃၀ |
| ၃၁ | ၂၉ | ၂၇ | ၂၉ | ၃၁ |
| ၂၆ | ၃၃ | ၂၈ | ၃၃ | ၂၆ |

ရိုးရိုးဂဏန်းနမူနာအင်း



အင်းသင်္ချာဂဏန်းဖြင့်နမူနာအင်း

ဓမ္မစေတီအင်းသိုက်၏ ဆဝီးသံဝင်အင်းများ၏ နောက်ဆုံးအင်းကွက်ဖြစ်သော ဤအမှတ် (၂၅) အင်း၏ အင်းဆန်ဂဏန်းဖြစ်သော အင်းဆန်ဂဏန်း (၂၆-ဆဝီးသံ) ကို ထောင့်လေးထောင့် ထုတ်၍ စီရင်ထားကြောင်း တွေ့ရပါသည်။ ဤအင်း၏ အသုံးနှင့်အကျိုးကား ဤအင်းကို တံပိုးအတွင်းနှင့်အပြင်တွင်ချ (တံပိုး ဆိုသည်မှာ ရှေးမြန်မာမင်းများ လက်ထက်က စစ်ချီရာတွင်မှုတ်သော စစ်ချီခရာတစ်မျိုး ဖြစ်သည်။) ထို့နောက် အင်းတွင် ဇေယျပရိတ်ကိုရံ၍ရေး။ ထို့အပြင် အင်းလေးထောင့်တွင်လည်း အာဋာ၀ကဘီလူးရုပ်ရေး၍ ဘီလူးခေါင်းတွင် 'ဒက္ခစောရ' ရေးသွင်းပြီး ဘီလူး၏ ဝမ်းတွင် 'ပြမံဇေယျတု'တု ရေးသွင်းစီရင်ထား။ ယင်းတံပိုးကို အရေးကြုံ၍ မှုတ်ပါက တစ်ဖက်ရန်သူ စစ်သည်ဗိုလ်ပါ အပေါင်းတို့ ကြောက်ရွံ့ထိတ်လန့်ထွက်ပြေးလွင့်ပျောက်ရသည်ဟူသတတ်။

ဤသည်တို့ကား ဓမ္မစေတီအင်းသိုက်ဝင်ဖြစ်သော ဆဝီးသံခေါ် အင်းဆန်ဂဏန်း (၂၆) အထိ ထောင့်အသီးသီးထုတ်၍ ရေးစီရင်အပ်သော အင်းကွက် (၂၅) ကွက်၏ အသုံးနှင့် အကျိုးသွားများပင် ဖြစ်ပေသည်။ သို့ရာတွင် တချို့သောအင်းတို့၏ အသုံးနှင့်အကျိုးသွားများကိုကား အထူးဖော်ပြထားသည်ကို မတွေ့ရချေ။ အချို့သောအင်းတို့၏ အသုံးနှင့်အကျိုးသွားတို့၌ ရှုပ်ထွေးလှပြီး များစွာအသုံးမဝင်လှသဖြင့် သိသင့်သိအပ်ရာများကိုသာ ရွေးချယ်ကောက်နုတ်ဖော်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

ဤဓမ္မစေတီအင်းသိုက်ဝင် ဆဝီးသံအင်းများအနက်မှ အထက်တွင်ဆိုခဲ့သကဲ့သို့ အချို့အင်းများ၏ အသုံးနှင့် အကျိုးများကို မတွေ့ရခြင်းမှာ မူလပညာရှင် ဓမ္မစေတီမင်းကြီးကိုယ်တိုင် ထိမ်ချန်ထားခဲ့လေသလား သို့မဟုတ် ရှေးဆရာအရှင်မြတ်တို့က ထိုအင်းများနှင့်ပတ်သက်၍ နှောင်းလူတို့ မသိသင့်၊ မသိအပ်ဟု ယူဆ၍ ထိမ်ချန်မြှုပ်ကွက်ထားခဲ့ကြလေသည်လားဟု တွေးထင်မိပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်၌ ဤကဲ့သို့သော ဓမ္မစေတီသိုက်ဝင်အင်းများရှိခဲ့သည်။ ထိုဓမ္မစေတီသိုက် စမ္ဗာနဝင်းအင်းများကား ဤအင်းများဖြစ်သည်၊ ဤသို့သုံးရသည်၊ ဤသို့သော အကျိုးများရှိသည်ဆိုသည်ကို ဖော်ထုတ်တင်ပြခွင့်ရခြင်း၊ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအတတ်ပညာရှင် (ဝါ) အင်းပညာပါရဂူတစ်ဦးဖြစ်သောဓမ္မစေတီမင်းကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုခွင့်ရသည့်အတွက် ကျွန်ုပ်များစွာဝမ်းမြောက် ကြည်နူးမိခြင်း ဖြစ်ရပါသည်။

### ဂန္ဓာရီဝိဇ္ဇာမယပညာရပ်၌ အသုံးများသောစမ္ဗာနဝင်းအင်းတွဲများ

### (၁) (၄) အင်းတွဲ ဆက်ရက်ခုန်စမ္ဗာနဝင်းနံ့ပေါ်အင်းများ

စမ္ဗာနဝင်းအင်းများ၏ အင်းအသွားများကို လေ့လာကြည့်သောအခါ များသောအားဖြင့် လက်ယာရစ်ခရုပတ်(သို့)ရထားသွားတို့ဖြင့် ရေးသွင်းစီရင်ရသည်ကများကြောင်း တွေ့ရပါသည်။ ပထမပိုင်းကပြခဲ့သော စမ္ဗာနဝင်းကိုးကွက်အဝင်အင်းတို့၌သာ မြင်းသွားဖြင့် စီရင်ထားပြီး ဓမ္မစေတီအင်းသိုက်ဖြစ်သော ဆဝီးသံအင်း (၂၅) ကွက်၌မူ ရထားသွားဖြင့်လည်းကောင်း၊ စမ္ဗာနဝင်းကိုးကွက်ထွက်အင်းတို့၌မူ လက်ယာရစ်ခရုပတ်အင်းသွားဖြင့် စီရင်ထားသည်ကို တွေ့ရပါမည်။ ယခုဖော်ပြခဲ့သော စမ္ဗာနဝင်းလေးတွဲအင်း (ဝါ) (၁၆)ကွက်အင်းတို့၌မူ အင်းအသွားကို ဆက်ရက်ခုန်အင်းသွားဖြင့် ရေးစီရင်ရကြောင်း တွေ့ရပါမည်။ ဆက်ရက်ခုန်ဆိုသော်လည်း အခြေခံအင်းသွားမှာမူ မြင်းသွားသာဖြစ်ပြီး ဆက်ရက်ခုန်သကဲ့သို့ ဆက်တိုက် ရှေ့တိုးနောက်ငင် ဆက်ရက်ခုန်သောအသွင်ကဲ့သို့ ကွက်ကျော်အင်းဆန်[illegible] သွားထားခြင်းပင် ဖြစ်ပါသည်။ အောက်[illegible] တွင် နမူနာအင်းကို ဖော်ပြထားပါသည်။

ထို (၄) အင်းတွဲ ဆက်ရက်ခုန်[illegible] စမ္ဗာနဝင်းအင်းကို လေ့လာကြည့်လျှင် အင်း၏ ထောင့်လေးထောင့်၌ အင်းဆန်[illegible] အစဂဏန်း (၂- စမ္ဗာ) ကို ထောင့်ထုတ်၍ ရေးသွင်းထားသည်ကို မြင်ရပြီး အလယ်တွင် အင်းဆန်ဂဏန်း (၇ - သတ္တ) သည် အလယ်လေးကွက်၌ ထိုင်နေကြောင်းတွေ့ရပေလိမ့်မည်။ ဤအင်း အမျိုးအစားများကို အဓိကအားဖြင့် အနာရောဂါများ ကုသရာတွင် အသုံးချ ရလေသည်။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၁၄ | ၃၅ | ၆ | ၃ | ၂၈ |
| ၁၂ | ၇ | ၂ | ၂၇ | ၃၄ | ၅ |
| ၁၅ | ၃၆ | ၁၃ | ၄ | ၂၉ | ၂၆ |
| ၈ | ၁၁ | ၂၂ | ၃၁ | ၁၈ | ၃၃ |
| ၂၃ | ၁၆ | ၉ | ၂၀ | ၂၅ | ၃၀ |
| ၁၀ | ၂၁ | ၂၄ | ၁၇ | ၃၂ | ၁၉ |

အင်းဆန်သွားနမူနာပြဂဏန်းအင်း

| | | | | | |
|---|---|---|---|---|---|
| (၂) | ၅ | ၁ | ၃ | ၄ | (၂) |
| ၄ | ၆ | ၉ | ၈ | ၆ | ၅ |
| ၃ | ၈ | (၇) | (၇) | ၉ | ၁ |
| ၁ | ၉ | (၇) | (၇) | ၈ | ၃ |
| ၅ | ၆ | ၈ | ၉ | ၆ | ၄ |
| (၂) | ၄ | ၃ | ၇ | ၅ | (၂) |

(၄) အင်းတွဲ
ဆက်ရက်ခုန်နမူနာပြအင်း
(တနင်္လာနံ့ပေါ်အင်း)

အထက်ပါ နမူနာအင်းကို ကြည့်[illegible] ပါက အင်း၏ တနင်္ဂနွေထောင့်မှ[illegible] စမ္ဗာနဝင်းအင်း၏ အစပြု ပထမအင်း[illegible] ဆန်ဂဏန်း (၂ - စမ္ဗာ) ကို ဖော်ပြထား[illegible] သည့် အင်းသွားနမူနာပြဂဏန်းအင်း[illegible] အမှတ်စဉ်အတိုင်း အစဉ်လိုက် မြင်းသွား[illegible] ဆက်ရက်ခုန်အတိုင်း ရေးသွင်းသွား[illegible] က အင်း၏ထောင့်လေးထောင့်၌ အင်း[illegible] ဆန်ဂဏန်း (၂) တွင်နေပြီး အင်း[illegible] အလယ်လေးကွက်၌မူ အင်းဆန်ဂဏန်း (၇-သတ္တ) စုလျက် အလယ်ထိုင်[illegible] ကြောင်း တွေ့ရပါလိမ့်မည်။

အထက်တွင် ဖော်ပြခဲ့ပြီးသည့်[illegible] အတိုင်း ဤစမ္ဗာနဝင်း(၄)အင်းတွဲနံ့ပေါ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အင်းမျိုးများကို အနာရောဂါဝေဒနာများအား ကုသရာတွင် အဓိကအသုံးပြုရကြောင်း ပြဆိုထားပါသည်။ ကျမ်းရင်းတွင်မူ အောက်ဖော်ပြပါလင်္ကာဖြင့် ဤအင်းများကိုအသုံးပြုလျက် အနာရောဂါများကုသရပုံအကြောင်းကို ဆိုညွှန်းထားပါသည်။

❑ *စမှာနဝ၊ သုံးလိုကလျှင်၊ သွေးတက်သွေးများ၊ သုံးပါးဥတု၊ မမှန်မှုကြောင့်၊ ကုကြပေရာ၊ ဆေးကုသမျှကို၊ ခာတ်မဗိန္ဒောရှင်မနှောဘူး၊ လျှင်စောဝေးစွာ၊ ထိုသူနာ၏၊ နံသာမြင်အောင်၊ အင်းကိုဆောင်၍၊ ပြာချတိုက်က၊ ဘယာကင်းစင်၊ ချမ်းသာမြင်၏။*

အဆိုပါ အင်းအသုံးဆေးကုနည်းအညွှန်းအရ သွေးတိုးသွေးတက်၊ ဥတုသုံးပါးမမှန်မကာန် ဖောက်ပြန်မှုကြောင့်ဖြစ်သောရောဂါများကို ဗိန္ဒောဆေးဆရာကဲ့သို့ ကုနိုင်၏။ ကုနည်းကားအထက်အဆိုပါ အင်းတွဲ (၄) တွဲ မြင်းသွား ဆက်ရက်ခုန် (၃၆ ကွက်အင်း)များ၌ သက်ဆိုင်ရာလူနာ၏ မွေးနံကိုထောင့်လေးထောင့်၌ ပေါ်အောင်ရေးစီရင်ရမည်။ ထို့နောက် ထိုအင်းကို ပြာချ၍ လူနာကိုတိုက်က အနာရောဂါပျောက်ကင်းချမ်းသာရသည်ဟု ဆိုထားခြင်းဖြစ်ပေသည်။ အထက်၌ ဖော်ပြထားသော နမူနာအင်းကွက်ကိုကြည့်လျှင် ထောင့်လေးထောင့်၌ အင်းဆန်အက္ခရာဂဏန်း (၂) ပေါ်သဖြင့် တနင်္လာနံပေါ်အင်း ဖြစ်ပေသည်။ တနင်္လာသားသမီးများ မမာမကျန်းက အထက်ပါအင်းကို အင်းညွှန်းလင်္ကာအရ ပြာချ၍ တိုက်ပေးလျှင် တနင်္လာသားသမီးတို့ ချမ်းသာရပေမည်ဟု ဆိုလိုပါသည်။

တစ်ဖန် -

❑ *ထို့ပြင်တဝ၊ ပယောဂနှင့်၊ စုန်းဒူးနတ်ပူး၊ သွေးရူးလူပြူ၊ အမူမရှိ၊ သတိမေ့မြော၊ လွတ်သောထိုသူ၊ ကုစိမ့်ယူပေ၊ လေမီးမိုးပြား၊ (၂) ပါးအမျှ၊ နံချအင်းပြာ၊ ရေသာလက်ပြန်၊ တိုက်သည်မှန်က၊ ချမ်းသာရ၏။*

(စုန်းပယောဂ၊ နတ်ပယောဂ၊ သူပြူသူပြုပြန်စားခြင်းခံရပါက နံပေါ်စမှာနဝင်းအင်းကို ပြာချ၍ ၎င်းအင်းပြာနှင့် ရေကို လက်ပြန်ပေးလျက် လူနာကိုတိုက်က ပျောက်ကင်း ချမ်းသာ၏ဟု ဆိုခြင်း ဖြစ်ပေသည်။)

ထို့အပြင် -

❑ *ခေါင်းကိုက်ခေါင်းနာ၊ နံကိုရှာ၍၊ စီပနေမူ၊ ချမ်းသာဟူ၏။*

ထို့အတူ တစ်နည်း-

❑ *ဆီးသိတ္တာ၊ မျက်စိနာက၊ နံချအင်းပင်၊ လမ်းတွင်ချထား၊ ဖျက်ဆီးငြားက၊ ချမ်းသာရ၏။*

(ခေါင်းမူး၊ ခေါင်းကိုက်၊ ခေါင်းနာဝေဒနာများအတွက် သူနာ၏နံပေါ်အင်းကို နေပူထဲတွင် ချထားပေးက သက်သာပျောက်ကင်းချမ်းသာ၏။ ထို့အပြင် ဆီးပူ၊ ဆီးနာ၊ မျက်စိနာဝေဒနာများအတွက် သူနာ၏နံပေါ်အင်းကိုပင် လမ်းပေါ်တွင် ချထားပေးလိုက်က ပျောက်ကင်းချမ်းသာ၏ဟု ဆိုခြင်းဖြစ်သည်။)

- ထို့မျှမက -

❑ *အနာဟူသမျှ၊ ပေါ်ရှိကမူ၊ ချပနံပင်၊ စက္ကူတွင်သာ၊ ထိုအနာကို ခုနစ်ခါနှိပ်၊ ငရုတ်ကြိတ်၍၊ ထိုအင်းပြားနှင့် တိုက်ပလက်ပြန်၊ တစ်ဖန်အင်းကို၊ မီးရှို့လိုလျှင်၊ ထို့ပြင်တစ်ခါ၊ ရောဂါဆန်း၍၊ ပင်ပန်းမရှိ၊ ဖြစ်ဘိတို့လာ၊ အော့နာဝမ်းကျဟူသမျှကို နဝစာအင်း၊ ကျောက်ပျဉ်ခင်း၍၊ အတင်းတိုက်လေ၊ သပြေမကြီး၊ လောင်းသွေးကြိတ်ပါ။ ညက်သောအခါ၌ သုံးဖြာသရဏဂုံ၊ ရွတ်တုံသတ္တာ၊ ထိုဆေးလှုကို တိုက်ပသုံးခါ၊ ထိုအနာသည် ရောဂါဘယကွာဝေးတည်း။*

(အနာရောဂါဟူသမျှပေါက်ခဲ့သော် စမှာနဝင်းနံပေါ်အင်းကိုချ၍ ထိုအင်းနှင့် အနာပေါ်ကို ခုနစ်ကြိမ်နှိပ်ပေးပြီးလျှင် ထိုအင်းကိုပြာချ၍ငရုတ်သီးတောင့်နှင့်ကြိတ်ပြီး သူနာကို လက်ပြန်ပေး၍ တိုက်ရမည်။ အော့အန်၊ ဝမ်းလျှော၊ ဝမ်းကိုက်၊ ဝမ်းနာဝေဒနာများအတွက် စမှာနဝင်းအင်းကို ကျောက်ပျဉ်တွင်ချပြီး သပြေမကြီးရွက် လက်တစ်ဆုပ်စာနှင့် အင်းပြာကိုရောကြိတ်ပြီး ယင်းဆေးစုကို သရဏဂုံနှင့် (၇) အုပ်စုတ်ပြီး ၎င်းဆေးကို လူနာအား (၃) ကြိမ်၊ (၃) ခါတိုက်ပါက အနာရောဂါဝေဒနာပျောက်သည်။)

ဤနေရာတွင် ၎င်းအင်းတွဲစမှာနဝင်းနံပေါ်အင်းရေးစီရင်နည်းကို ပြောပြချင်ပါသည်။ စမှာနဝင်းအင်း၏ အင်းဆန်လင်္ကာတွင် စမှာနဝင်း၊ ဇာလင်း၊ သတ္တာ၊ ပဋ္ဌာ၊ တြိ၊ ဆ၊ ဧကာ၊ အဋ္ဌဟူ၍ရှိရာ အင်းဆန်လင်္ကာအစဉ်အတိုင်းဆိုသော် ၂၊ ၉၊ ၄၊ ၇၊ ၅၊ ၃၊ ၆၊ ၁၊ ၈ ဟူ၍ အင်းဆန်ဂဏန်းအက္ခရာ ၁ မှ ၉ ထိ အားလုံးပါဝင်နေပါသည်။ နံပေါ်အင်းဆိုသည်မှာ သက်ဆိုင်ရာ လူနာ၏မွေးနံကိုယ်စားပြုဂဏန်းများ (၁နွေ - ၁၊ ၂လာ - ၂၊ ၃ဂါ- ၃၊ ၄ဟူး - ၄၊ ၅တေး- ၅၊ ၆ကြာ- ၆၊ စနေ - ၇၊ ရာဟု - ၈ စသဖြင့် ကိုယ်စားပြုဂဏန်းများကို နံပေါ်အင်းဆိုသည့်အတိုင်း (၄) အင်းတွဲ (၃၆) ကွက်အင်း (၆×၆=၃၆) ၌ သက်ဆိုင်ရာ မွေးနံဂဏန်းအင်းအများထောင့်လေးထောင့်၌ ထွက်၍နေအောင် စီရင်ထားသော စမှာနဝင်းအင်းမျိုးများကို ခေါ်ပါသည်။ အထက်တွင် ဖော်ပြထားသော နမူနာအင်းကွက်မှာ အင်း၏ထောင့်လေးထောင့်၌ တနင်္လာကိုယ်စားပြု အက္ခရာဂဏန်းအင်းဆန် (၂) ပေါ်နေသဖြင့် တနင်္လာနံပေါ်အင်း ဖြစ်ပါသည်။ ထို့အတူ အင်း၏ထောင့်လေးထောင့်၌ အင်းဆန်အက္ခရာဂဏန်း (၁) လေးလုံးပေါ်နေလျှင် တနင်္ဂနွေနံပေါ်အင်း၊ (၃) လေးလုံး ပေါ်နေလျှင် အင်္ဂါနံပေါ်အင်း၊ (၄) လေးလုံးပေါ်နေလျှင် ဗုဒ္ဓဟူးနံပေါ်အင်း စသဖြင့်ခေါ်ဆိုကြောင်း သိရှိရပါမည်။

တစ်ဖန် (၄) အင်းတွဲ ဆက်ရက်ခုန်စမှာနဝင်းနံပေါ်အင်းများကိုလေ့လာကြည့်သောအခါ အင်း၏ထောင့်လေးထောင့်၌ ပေါ်နေသော အင်းဆန်အက္ခရာဂဏန်းမှ လေးခုမြောက်အင်းဆန်အက္ခရာဂဏန်းတို့သည် အင်း၏ အလယ်ဗဟိုလေးချက်၌ စုဝေးနေကြောင်း တွေ့ရခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ ဤ(၄)အင်းတွဲ ဆက်ရက်ခုန် စမှာနဝင်းနံပေါ်အင်းများကို စီရင်ရသည်။ အင်း၏ အလယ်ဗဟိုလေးကွက်တွင် ထောင့်လေးထောင့်၌ပေါ်နေသော သက်ဆိုင်ရာ မွေးနံအင်းဆန်အက္ခရာဂဏန်းတို့မှာ လေးခုမြောက်အင်းဆန်အက္ခရာဂဏန်းများ အလယ်ဘေးတိုက်၌ စုစည်းအထိုင်ချခြင်းမဖြစ်လျှင် ထိုအင်းမမှန်၊ အင်းဆန်အင်းသွားမှားနေသည်မှာ သေချာပါ၏။ တစ်ဖန် အင်းဆန်အသွားများ၌ အင်းဆန်အက္ခရာများကို မြင်းသွားပြေးပြီး ဆက်ရက်ခုန်သွားရသောအင်းများသည် အင်းဆန်ရေးသွင်းစဉ် အလွန်သတိထား၍ မမှားအောင် ကြိုးစားကြရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ ခုနစ်နေ့ခုနစ်ရက်သားသမီးအသီးသီးတို့အတွက် နံပေါ်အင်းအသီးသီးကို လွယ်ကူစွာ လေ့လာသိရှိ အသုံးချနိုင်ခြင်းအလို့ငှာ ဖော်ပြလိုက်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၄ | ၃ | ၇ | ၂ | ၁ |
| ၂ | ၅ | ၈ | ၆ | ၅ | ၄ |
| ၇ | ၆ | ၉ | ၉ | ၈ | ၃ |
| ၃ | ၈ | ၉ | ၉ | ၆ | ၇ |
| ၄ | ၅ | ၆ | ၈ | ၅ | ၂ |
| ၁ | ၂ | ၇ | ၂ | ၄ | ၁ |

တနင်္ဂနွေနံပေါ်အင်း



www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| ၂ | ၅ | ၁ | ၇ | ၄ | ၂ |
| ၄ | ၆ | ၉ | ၈ | ၆ | ၅ |
| ၇ | ၈ | ၃ | ၃ | ၉ | ၁ |
| ၁ | ၉ | ၃ | ၃ | ၈ | ၇ |
| ၅ | ၆ | ၈ | ၉ | ၆ | ၄ |
| ၂ | ၄ | ၇ | ၁ | ၅ | ၂ |

တနင်္လာနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၇ | ၂ | ၃ | ၉ | ၁ | ၇ |
| ၁ | ၄ | ၆ | ၅ | ၄ | ၂ |
| ၉ | ၅ | ၈ | ၈ | ၆ | ၃ |
| ၃ | ၆ | ၈ | ၈ | ၅ | ၉ |
| ၂ | ၄ | ၅ | ၆ | ၄ | ၁ |
| ၇ | ၁ | ၉ | ၃ | ၂ | ၇ |

အင်္ဂါနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၄ | ၆ | ၂ | ၁ | ၅ | ၄ |
| ၅ | ၈ | ၃ | ၉ | ၈ | ၆ |
| ၁ | ၉ | ၇ | ၇ | ၃ | ၂ |
| ၂ | ၃ | ၇ | ၇ | ၉ | ၁ |
| ၆ | ၈ | ၉ | ၃ | ၈ | ၅ |
| ၄ | ၅ | ၁ | ၂ | ၆ | ၄ |

ဗုဒ္ဓဟူးနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၅ | ၈ | ၄ | ၂ | ၆ | ၅ |
| ၆ | ၉ | ၇ | ၃ | ၉ | ၈ |
| ၂ | ၃ | ၁ | ၁ | ၇ | ၄ |
| ၄ | ၇ | ၁ | ၁ | ၃ | ၂ |
| ၈ | ၉ | ၃ | ၇ | ၉ | ၆ |
| ၅ | ၆ | ၂ | ၄ | ၈ | ၅ |

ကြာသပတေးနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၆ | ၉ | ၅ | ၄ | ၈ | ၆ |
| ၈ | ၃ | ၁ | ၇ | ၃ | ၉ |
| ၄ | ၇ | ၂ | ၂ | ၁ | ၅ |
| ၅ | ၁ | ၂ | ၂ | ၇ | ၄ |
| ၉ | ၃ | ၇ | ၁ | ၃ | ၈ |
| ၆ | ၈ | ၄ | ၅ | ၉ | ၆ |

သောကြာနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၃ | ၁ | ၉ | ၈ | ၇ | ၃ |
| ၇ | ၂ | ၅ | ၄ | ၂ | ၁ |
| ၈ | ၄ | ၆ | ၆ | ၅ | ၉ |
| ၉ | ၅ | ၆ | ၆ | ၄ | ၈ |
| ၁ | ၂ | ၄ | ၅ | ၂ | ၇ |
| ၃ | ၇ | ၈ | ၉ | ၁ | ၃ |

စနေနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၈ | ၃ | ၆ | ၅ | ၉ | ၈ |
| ၉ | ၇ | ၂ | ၁ | ၇ | ၃ |
| ၅ | ၁ | ၄ | ၄ | ၂ | ၆ |
| ၆ | ၂ | ၄ | ၄ | ၁ | ၅ |
| ၃ | ၇ | ၁ | ၂ | ၇ | ၉ |
| ၈ | ၉ | ၅ | ၆ | ၃ | ၈ |

ရာဟုနံပေါ်အင်း

**(၉) အင်းတွဲစမ္ပာနဝင်းအင်း**

ဤအင်းကို (၉) အင်းတွဲ စမ္ပာနဝင်းအင်းဟု ခေါ်ဆိုရခြင်းမှာ ဤအင်းတွင် စမ္ပာနဝင်း (၉) အင်းကို တွဲဖက်၍ ထိုအင်းတွဲ (၉) တွဲအကွက် (၉×၉=၈၁ ကွက်အင်း) အဖြစ် ရေးသွင်းစီရင်ရသောအင်းဖြစ်ခြင်းကြောင့်ပင်။ ဤအင်း (၉) တွဲလုံး ပါဝင်အောင် (၉×၉= ၈၁) ကွက်အင်းအဖြစ် နဝင်းအလီလီကိုက်အောင် ရေးစီရင်ထားပါသည်။

ဤအင်းကိုးတွဲ (၈၁) ကွက်ကို စမ္ပာနဝင်းအင်းဆန်လက်ာအတိုင်း အရှေ့မြောက်ထောင့် (၁နွေထောင့်) မှ စလျက် လက်ယာရစ်ထောင့်လေးထောင့်တွင် တစ်လှည့်စီ ရေးသွင်းသွားပါက ဖော်ပြပါ နမူနာ (၉) အင်းတွဲ စမ္ပာနဝင်းအင်းကို ရပေလိမ့်မည်။ ထောင့်လေးထောင့်အသီးရှိ အင်းဆန်လက်ာအတိုင်း ရေးသွင်းရာတွင်လည်း အင်းဆန်အသွားမှာ လက်ယာရစ် ခရုပတ်အသွားအတိုင်း ရေးသွင်းရမည်ဖြစ်ပါသည်။

ဤအင်းရေးသွင်းမှုမှန်ကန်ခြင်းကို စိစစ်လိုပါက အင်းဆန်များအား ထောင့်ဖြတ်မျဉ်းအင်းကွက်များဖော်ကြည့်ပါက အင်းဆန်အသီးသီးတို့ ထောင့်ဖြတ်မျဉ်းအသီးသီးတို့ပေါ်၌ မျဉ်းတစ်ဖြောင့်တည်း ညီညာစွာ ရပ်တည်နေကြောင်း တွေ့ရပေလိမ့်မည်။ ထိုသို့မှမဟုတ်လျှင် အဆိုပါ အင်းကွက်အင်းသွားမှားနေသည်ဟု သိပါလေ။ နမူနာအင်း (၂) ၌ ကြည့်ပါလေ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ၉ | ၄ | ၃ | ၅ | ၃ | ၄ | ၉ |
| ၉ | ၄ | ၃ | ၅ | ၇ | ၅ | ၃ | ၄ |
| ၄ | ၃ | ၅ | ၇ | ၆ | ၇ | ၅ | ၃ |
| ၃ | ၅ | ၇ | ၆ | ၁ | ၆ | ၇ | ၅ |
| ၅ | ၇ | ၆ | ၁ | ၈ | ၁ | ၆ | ၇ |
| ၃ | ၅ | ၇ | ၆ | ၁ | ၆ | ၇ | ၅ |
| ၄ | ၃ | ၅ | ၇ | ၆ | ၇ | ၅ | ၃ |
| ၉ | ၄ | ၃ | ၅ | ၇ | ၅ | ၃ | ၄ |
| ၂ | ၉ | ၄ | ၃ | ၅ | ၃ | ၄ | ၉ |

(၉) အင်းတွဲ စမ္ပာနဝင်းအင်းနမူနာ (

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ၉ | ၄ | ၃ | ၅ | ၃ | ၄ | ၉ |
| ၉ | ၄ | ၃ | ၅ | ၇ | ၅ | ၃ | ၄ |
| ၄ | ၃ | ၅ | ၇ | ၆ | ၇ | ၅ | ၃ |
| ၃ | ၅ | ၇ | ၆ | ၁ | ၆ | ၇ | ၅ |
| ၅ | ၇ | ၆ | ၁ | ၈ | ၁ | ၆ | ၇ |
| ၃ | ၅ | ၇ | ၆ | ၁ | ၆ | ၇ | ၅ |
| ၄ | ၃ | ၅ | ၇ | ၆ | ၇ | ၅ | ၃ |
| ၉ | ၄ | ၃ | ၅ | ၇ | ၅ | ၃ | ၄ |
| ၂ | ၉ | ၄ | ၃ | ၅ | ၃ | ၄ | ၉ |

(၉) အင်းတွဲ စမ္ပာနဝင်းအင်း နမူနာ

ဤ (၉) အင်းတွဲ စမ္ပာနဝင်းအင်း ကို သူရဿတီနတ်ဒေဝီနှင့် ဆိုင်သေ သမျှသော သူရဿတီပန်းမှော်၊ တွင်း ယာမှော်၊ အနုပီယမီးထွန်းအင်း၊ သူ သဿတီနတ်ဆေးဝါးမှော် စသည့် အ အရင်မှန်သမျှတွင် အသုံးပြုလေသည်။ ဤအင်းကို သူရဿတီနတ်ဒေဝီကို အစုံအလင်ပြင်ဆင်လျက် စီရင်ပြီး သူ ဿတီဂါထာဖြင့်စုတ်၍ အင်းစတ္တ ပြာချသောက်သည်ရှိသော် သူရဿ နတ်မယ်တော်ဒေဝီကြီး မိမိကိုယ် မပြတ်စောင့်ကြပ်စောင့်ရှောက်စော သည်ဟု ကျမ်းဂန်များစွာ၌ အဆိုရှိ မည်။ မျက်နှာပွင့်လန်း၏။ သျှိသုံး မြောက်၏။ မိမိပြောဟောပြောသမျှ နတ် နှုတ်ထွက်စကားကဲ့သို့မှန်ပေမည်။

(ဆက်ရန်)

တိရစ္ဆာန-ဆရာဇေယျာ
(ကတ္တီပါပိနပ်စီး၊ ရွှေထီးဆောင်



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# ဆီးကျောက်တတ်တာ

ကျွန်တော့်ညီမအငယ်ဆုံး မညွန့်စိန်ရဲ့သား မောင်သူရမင်းနဲ့ ညောင်ပင်ကြီးစုက မချိုပြုံးတို့ရဲ့ မင်္ဂလာပွဲဆင်နွှဲနေတဲ့အခါ ကျွန်တော်တို့ရဲ့ များပြားလှတဲ့ ဆွေစုမျိုးစုတွေ မင်္ဂလာပွဲကို လာကြပါတယ်။

အဲဒီလာတဲ့အထဲမှာ တူမတော်တဲ့ မခင်မာချိုလည်း ပါပါတယ်။ မခင်မာချိုဟာ အသက်(၄၅)နှစ်ရှိပေမယ့် ကလေးရုပ်မပျောက်ဘဲ လှပတင့်တယ်နေဆဲပါ။ သမီးကြီးတောင် ဒီနှစ်ပြီးရင် တက္ကသိုလ်က ဘွဲ့ယူတော့မှာပါ။

မခင်မာချိုဟာ ကျောက်ကပ်ထဲမှာ ကျောက်တည်လို့ မန္တလေးအထူးကုဆေးခန်းမှာ ကျောက်ကိုခွဲထုတ်ပြီး ပြန်လာတာ မကြာသေးပါဘူး။ သူက အဲဒီအကြောင်းတွေပြောပြနေတာပါ။

သူကပြောပြတော့ လူမှုဝတ္တရားအရ နားထောင်ကြပါတယ်။ အဲဒီမှာ ယောက်ဖဖြစ်တဲ့ တင်မောင်လတ်က ဝင်ပြောပါတယ်။

"ငါ့တူမရယ်၊ စောစောကမှမသိတာ။ သိရင် ဝက်သားနဲ့ ကြက်ဟင်းခါးသီးမာတ်စာချက်စားခိုင်းပါတယ်။ အဲဒီဟင်းကိုစားရင် ကျောက်အလွယ်တကူကြေကျနိုင်တယ်ကွ။ တို့မြောက်ဘက်ကမ်းက ထိန်ကြီးနဲ့ စန်းစန်းမော်တို့ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ - သိပါတယ်။ စန်းစန်းမော်နဲ့ ကျွန်မက တစ်တန်းတည်း အတူနေခဲ့ရဖူးပါတယ်"

"အေး - အဲဒီထိန်ကြီးမှာ ဆီးကျောက်က ကျောက်ကပ်ရဲ့ဘယ်၊ ညာ နှစ်ခုစလုံးမှာဖြစ်နေတာ။ ဖြစ်နေတော့ စန်းစန်းမော်က ဝက်သားနဲ့ကြက်ဟင်းခါးသီး မကြာမကြာချက်ကျွေးတဲ့အခါ အဲဒီ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ ဝေဒနာ သက်သာ ပျောက်ကင်းသွားခဲ့တယ်။ အခု ဖြူစင်မေတ္တာပရဟိတ လုပ်ငန်းမှာ တက်တက်ကြွကြွလုပ်ကိုင်နေတာသာ ကြည့်ပေတော့"

လို့ ပြောပြတယ်။

အဲဒီမှာ မခင်မာချိုကလည်း ပြန်ပြောပြပါတယ်။

"ကျွန်မလည်း ဝေဒနာအရမ်းခံစားနေရချိန်မှာ ဟိုကဒီကပြောသမျှဆေးမြီးတိုတွေနဲ့စမ်းပြီးကုကြည့်ပါတယ်။ လုံးဝမခံစားနိုင်တော့မှ မန္တလေးကိုသွားခဲ့တာပါ"

လို့ ဆိုပါတယ်။

ကျွန်တော်ကတော့ နားထောင်သမားပါ။ အဲဒီမှာ တင်မောင်လတ်ပြောပြတဲ့ မာတ်စာဟင်းကို စိတ်ဝင်စားတာကြောင့် သူတို့အောင်သုခကျေးရွာက ဖြူစင်မေတ္တာပရဟိတရုံးကို သွားခဲ့ပါတယ်။ ကံကောင်းချင်တော့ မစန်းစန်းမော်ကိုပါအသင့်တွေ့ရတာကြောင့် မေးကြည့်ဖြစ်ပါတယ်။

မေးကြည့်တဲ့အခါ သူတို့တွေဆိုက်ထဲမှာ စျေးဆိုင်ဖွင့်ပြီးစျေးရောင်းနေတဲ့အခါ ထိန်ကြီးခေါ် ဝင်းထိန်ဟာ ကျောက်ကပ်ရဲ့ဘယ်၊ ညာမှာ ကျောက်ကြီးတွေတည်နေကြောင်း မခံမရပ်နိုင်ဖြစ်လို့ မာတ်မှန်ရိုက်ကြည့်လို့သိရခြင်းပါ။

အဲဒီကျောက်ကြီးတွေကိုခွဲထုတ်ဖို့ကြိုးစားပေမယ့် အကြောင်းမညီညွတ်တာကြောင့် ခွဲမထုတ်ဖြစ်ပါဘူး။ ဝေဒနာပြင်းထန်စွာခံစားနေရတာကို လူတွေသိကြပါတယ်။

အဲဒီလူတွေထဲက အလုပ်သူမလေးတစ်ယောက်က စန်းစန်းမော်ကို ကြက်ဟင်းခါးသီးနဲ့ ဝက်သားချက်စားဖို့ နည်းပေးပါတယ်။ အဲဒီနည်းဘယ်ရသလဲဆိုတော့ ဆရာတော်တစ်ပါးတရားဟောတဲ့အထဲက မှတ်ထားတာလို့ ဆိုပါတယ်။

တရားထဲမှာစပ်လျဉ်းလို့ တရားထဲထည့်ဟောရာမှာ ကောင်မလေးရဲ့ ဖခင်ဟာ ကျောက်ကပ်ထဲက ကျောက်တုံးကြီးကိုခွဲထုတ်ရာက မတော်တဆ သေဆုံးခဲ့ရပါတယ်။ ကောင်မလေးဟာ အဲဒီကျောက်တုံးကို အမှတ်တရ ဘုရားကျောင်းဆောင်မှာ တင်ထားလိုက်ပါတယ်။ အလွမ်းပြေသဘောပေါ့။

တစ်နေ့မှာ မြတ်စွာဘုရားကို ကြက်ဟင်းခါးသီးနဲ့ ဝက်သားချက်တဲ့ ဆွမ်းဟင်းနဲ့ဆွမ်းကပ်ပါတယ်။ ဆွမ်းဟင်းခွက်က အမှတ်တမဲ့ကျောက်တုံးနဲ့ထိနေတယ်လို့ဆိုတယ်။ အချိန်တန်လို့ ဆွမ်းတော်စွန့်တဲ့အခါ သူ့အဖေရဲ့ဆီးကျောက်တုံးကပျောက်နေပါတယ်။

ဒါနဲ့ ကျောက်တုံးဘယ်ရောက်သွားပါလိမ့်ဆိုပြီးကြည့်တဲ့အခါ ကျောက်တုံးကကြေပြီး အမှုန့်ဘဝကိုပြောင်းနေတာကို အံ့ဩဖွယ်တွေ့ရတာပါ။ ဒါနဲ့ ဝက်သားနဲ့ကြက်ဟင်းခါးသီးရောချက်တဲ့ဟင်းဟာ ဆီးကျောက်ကိုကြေစေနိုင်စွမ်းရှိကြောင်း သိသွားရတာပါပဲ။ ဒါကို အလုပ်သူမလေးက စန်းစန်းမော်ကိုပြောပြခြင်းပါ။

မောင်ဝင်းထိန်က -

"ကျွန်တော်က အခါးကို လုံးဝမကြိုက်ဘူးဗျ။ ဆီးကျောက်ကြေတယ်ဆိုလို့သာ ဝေဒနာပျောက်အောင်စားရတာပါ။စားတော့လည်းသက်သာပျောက်ကင်းသွားတာပါပဲဗျာ။ ခုထိဆိုပါတော့"


လို့ပြောပြပါတယ်။


စကားကောင်းနေတုန်းမှာပဲ ပရဟိတအသင်းရဲ့ ရန်ပုံငွေအတွက် ထူထောင်ထားတဲ့ မဏ္ဍပ်အငှားတွေ ရောက်လာတာကြောင့် အလိုက်သိစွာ ကျွန်တော်ထပြန်ခဲ့ပါတယ်။

အထက်ပါ ဆီးကျောက်ကြေစေတဲ့နည်းက စားလို့ကောင်းတဲ့မာတ်စာဟင်းဖြစ်နေလေတော့ ဘေးထွက်ဆိုးကျိုးလည်းမရှိနိုင်တာကြောင့် ကျွန်တော်ကတော့ အတော်သဘောကျတာအမှန်ပါ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး







www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီး အပါအဝင် ဓနံလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ အလေးဂရုပြုစရာမှာ ၄-၇-၂၀၁၅ နေ့ နံနက် (၁၀း၃၀) နာရီခန့်တွင် ဓနသိဒ္ဓိနက္ခတ်ကို စန်းစတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ည (၂၂း၂၉း၅၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်နေမည်ဖြစ်ကာ ၅-၇-၂၀၁၅ နေ့ နံနက် (၁၀း၃၀) နာရီခန့်တွင် ဓနသိဒ္ဓိနက္ခတ်မှ စန်းထွက်ခွာမည်ဖြစ်သည်။ ၄-၅-၂၀၁၅ နေ့ ည (၂၀း၄၈း၄၀) နာရီမှ (၂၁း၀၉း၀၆) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် လဂ်ဖြတ်ကျော်မည်ဖြစ်ပြီး ၅-၇-၂၀၁၅ နေ့ နံနက် (၂း၂၆း၄၃) နာရီမှ (၃း၂၈း၀၃) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၂၁း ၀၀း ၂၈ | ၂၁း ၂၅း ၅၀ | ၁ | ၂း ၄၂း ၂၇ | ၃း ၄၃း ၄၇ |
| ၂ | ၂၀း ၅၆း ၃၂ | ၂၁း ၂၁း ၅၄ | ၂ | ၂း ၃၈း ၃၁ | ၃း ၃၉း ၅၁ |
| ၃ | ၂၀း ၅၂း ၃၆ | ၂၁း ၁၇း ၅၈ | ၃ | ၂း ၃၄း ၃၅ | ၃း ၃၅း ၅၅ |
| ၄ | ၂၀း ၄၈း ၄၀ | ၂၁း ၁၃း ၀၂ | ၄ | ၂း ၃၀း ၃၉ | ၃း ၃၁း ၀၉ |
| ၅ | ၂၀း ၄၄း ၄၄ | ၂၁း ၀၉း ၀၆ | ၅ | ၂း ၂၆း ၄၃ | ၃း ၂၈း ၀၃ |
| ၆ | ၂၀း ၄၁း ၄၈ | ၂၁း ၀၅း ၁၀ | ၆ | ၂း ၂၂း ၄၇ | ၃း ၂၄း ၀၇ |
| ၇ | ၂၀း ၃၇း ၅၂ | ၂၁း ၀၁း ၁၄ | ၇ | ၂း ၁၈း ၅၁ | ၃း ၂၀း ၁၁ |
| ၈ | ၂၀း ၃၃း ၅၆ | ၂၀း ၅၇း ၁၈ | ၈ | ၂း ၁၄း ၅၅ | ၃း ၁၆း ၁၅ |
| ၉ | ၂၀း ၃၀း ၀၀ | ၂၀း ၅၃း ၂၂ | ၉ | ၂း ၁၀း ၅၉ | ၃း ၁၂း ၁၉ |
| ၁၀ | ၂၀း ၂၆း ၀၄ | ၂၀း ၄၉း ၂၆ | ၁၀ | ၂း ၀၆း ၀၃ | ၃း ၀၈း ၂၃ |
| ၁၁ | ၂၀း ၂၂း ၀၈ | ၂၀း ၄၅း ၃၀ | ၁၁ | ၂း ၀၂း ၀၇ | ၃း ၀၄း ၂၇ |
| ၁၂ | ၂၀း ၁၈း ၁၂ | ၂၀း ၄၁း ၃၄ | ၁၂ | ၁း ၅၈း ၁၁ | ၃း ၀၀း ၃၁ |
| ၁၃ | ၂၀း ၁၄း ၁၆ | ၂၀း ၃၇း ၃၈ | ၁၃ | ၁း ၅၄း ၁၅ | ၂း ၅၆း ၃၅ |
| ၁၄ | ၂၀း ၁၀း ၂၀ | ၂၀း ၃၃း ၄၂ | ၁၄ | ၁း ၅၀း ၁၉ | ၂း ၅၂း ၃၉ |
| ၁၅ | ၂၀း ၀၆း ၂၄ | ၂၀း ၂၉း ၄၆ | ၁၅ | ၁း ၄၆း ၂၃ | ၂း ၄၈း ၄၃ |
| ၁၆ | ၂၀း ၀၂း ၂၈ | ၂၀း ၂၅း ၅၀ | ၁၆ | ၁း ၄၂း ၂၇ | ၂း ၄၄း ၄၇ |
| ၁၇ | ၁၉း ၅၈း ၃၂ | ၂၀း ၂၁း ၅၄ | ၁၇ | ၁း ၃၈း ၃၁ | ၂း ၄၀း ၅၁ |
| ၁၈ | ၁၉း ၅၄း ၃၆ | ၂၀း ၁၇း ၅၈ | ၁၈ | ၁း ၃၄း ၃၅ | ၂း ၃၆း ၅၅ |
| ၁၉ | ၁၉း ၅၀း ၄၀ | ၂၀း ၁၃း ၀၂ | ၁၉ | ၁း ၃၀း ၃၉ | ၂း ၃၂း ၅၉ |
| ၂၀ | ၁၉း ၄၆း ၄၄ | ၂၀း ၀၉း ၀၆ | ၂၀ | ၁း ၂၆း ၄၃ | ၂း ၂၉း ၀၃ |
| ၂၁ | ၁၉း ၄၂း ၄၈ | ၂၀း ၀၅း ၁၀ | ၂၁ | ၁း ၂၂း ၄၇ | ၂း ၂၅း ၀၇ |
| ၂၂ | ၁၉း ၃၈း ၅၂ | ၂၀း ၀၁း ၁၄ | ၂၂ | ၁း ၁၈း ၅၁ | ၂း ၂၁း ၁၁ |
| ၂၃ | ၁၉း ၃၄း ၅၆ | ၁၉း ၅၇း ၁၈ | ၂၃ | ၁း ၁၄း ၅၅ | ၂း ၁၇း ၁၅ |
| ၂၄ | ၁၉း ၃၀း ၀၀ | ၁၉း ၅၃း ၂၂ | ၂၄ | ၁း ၁၀း ၅၉ | ၂း ၁၃း ၁၉ |
| ၂၅ | ၁၉း ၂၆း ၀၄ | ၁၉း ၄၉း ၂၆ | ၂၅ | ၁း ၀၆း ၀၃ | ၂း ၀၉း ၂၃ |
| ၂၆ | ၁၉း ၂၂း ၀၈ | ၁၉း ၄၅း ၃၀ | ၂၆ | ၁း ၀၂း ၀၇ | ၂း ၀၅း ၂၇ |
| ၂၇ | ၁၉း ၁၈း ၁၂ | ၁၉း ၄၁း ၃၄ | ၂၇ | ၀း ၅၈း ၁၁ | ၂း ၀၁း ၃၁ |
| ၂၈ | ၁၉း ၁၄း ၁၆ | ၁၉း ၃၇း ၃၈ | ၂၈ | ၀း ၅၄း ၁၅ | ၁း ၅၇း ၃၅ |
| ၂၉ | ၁၉း ၁၀း ၂၀ | ၁၉း ၃၃း ၄၂ | ၂၉ | ၀း ၅၀း ၁၉ | ၁း ၅၃း ၃၉ |
| ၃၀ | ၁၉း ၀၆း ၂၄ | ၁၉း ၂၉း ၄၆ | ၃၀ | ၀း ၄၆း ၂၃ | ၁း ၄၉း ၄၃ |
| ၃၁ | ၁၉း ၀၂း ၃၀ | ၁၉း ၂၅း ၅၀ | ၃၁ | ၀း ၄၂း ၂၇ | ၁း ၄၅း ၄၇ |



www.burmeseclassic.com

www.burmeseclassic.com

## ယောနကအိုးအောင်

# လောကဥ္စသိခြင်းမသိခြင်းရှာပုံတော်အဖွင့်

တစ်နေ့သ၌ ကျွန်ုပ်အိပ်မက်တစ်ခုကို မြင်မက်ပါသည်။ မှတ်မှတ်ရရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်။ မြန်မာနှစ် ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း၁၂ရက် ကြာသပတေးနေ့ ဖြစ်သည်။ Happy New Year အခါသမယ လွန်မြောက်သော ညအချိန်ကာလ ဖြစ်ပါသည်။ နှစ်သစ်ကို ကြိုဆိုလိုက်သည်။ ၂၀၁၅ ခုနှစ် မြန်မာတို့ထူးခြားသောနှစ် ဖြစ်သည်။ ရွေးကောက်ပွဲနှစ် ဖြစ်သည်။

သန်းခေါင်ယံလွန်သော နှစ်သစ်အချိန်တွင် ကျွန်ုပ် အိပ်မက်ထူးမြင်ရပါသည်။ ထူးဆန်းပါ၏။

တိမ်တောင်တိမ်လိုင်းများပေါ်တွင် အစ်ကိုတော် ဘုန်းကြီး အရှင်နေမိန္ဒြမမ္မဝိဇ္ဇာကို ပြုံးပြုံးရွှင်ရွှင်ကြီး ဖူးမြင်ရပါသည်။ ပြုံးနေရာမှ ကျွန်ုပ်ကို ခွန်းဆက်နှုတ်မိန့်ကြားတော်မူ၏။ အသံကြားရသည်။ ရုပ်ထင်လင်းစွာမြင်ရသည်။

"ဒကာညီတော်မောင်၊ ဝိပဿနာကိုလုပ်ပါ။ သမထအလုပ်ကိုပယ်တော့။ အောင်ထွန်းကို အားမကျနဲ့။ မင်းသိခ်လို ဗေဒဝိဇ္ဇာမဖြစ်နိုင်ဘူးကွ။ ညီတော်မောင်လိုင်းက ဓမ္မ။ တရားအနှစ်ကိုမြင်အောင်၊ ကြားအောင်၊ သိအောင် ကြိုးစားပါ။ အဓမ္မမဟုတ်ဘူး၊ ဓမ္မ။ ဓမ္မဆိုတာ တရားအသိ။ အသိထဲမှာသတိရှာရင်တွေ့လိမ့်မယ်။ တရားအလုပ်လုပ်ရင်း သံသရာဝဲကလွတ်မယ်။ သံသရာမလည်တော့ဘူး။ ဝေဒသမထအလုပ်တွေကို ရပ်လိုက်တော့။ ညီတော်မောင်အသက်က မငယ်တော့ဘူး"

"တင်ပါ့ဘုရား"

"အေး - မင့်အကြောင်းကို တက္ကသိုလ်ကြည်သင်း(ဖိုးချစ်)ရေးလိုက်မယ်။ အရောက်ပြူးအကြောင်း။ အဲဒီအခါမှာ ဖိုးချစ်နဲ့ စာတည်းချုပ်ကို အောင်ဗောဓိကြေးဘုရားတစ်ဆူစီချီးမြှင့်လိုက်ပါ"

"တင်ပါ့ဘုရား"

"ဒါနဲ့ ဓမ္မတရားအလုပ်ကူညီတဲ့ ဝိယဝါစာကောင်းအောင်ဂါထာရွတ်ပေးပါ။ စာပေအလင်းပေါ့အောင် -


ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။ သန္နဒေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြဟ္မဏော။ အထ သဗ္ဗ မဟောရတ္တိံ။ ဗုဒ္ဓေါ တပတိ တေဇသာ။ တာဒိသံ တေဇ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။ နမ္မက္ကာရာ နုဘာဝေန သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။

အာရုံဆောင်မှ အာဂလူ ဖြစ်မယ်။ တွင်တွင်အားထုတ်မမ္မအလုပ် သိမ်းထုပ်သေချာ ရတနာတဲ့ကွ။ တရားဓမ္မအလုပ်လုပ်ပါ"

"တင်ပါ့ ဘုရား"

ကျွန်ုပ် လန့်နိုးလာသည်။

ညကား မှောင်မိုက်ဆဲ သန်းခေါင်ယံအချိန်။ ချွေးစေးတွေပြန်လာသည်။ ကျွန်ုပ်အိပ်မရတော့။ လောကဥ္စ သိခြင်း၊ မသိခြင်းကို ရှာပုံတော်ဖွင့်ရှက်လှှင့်နေမိသည်။



ကျွန်ုပ် အင်းစိန်တောရကျောင်းအနီးတွင် ကဗျာဆရာကြီးတင်မိုး အကူအညီဖြင့် ၁၉၈၆ နှစ်တွင် ခြံကလေးတစ်ခြံဝယ်ဖြစ်သည်။ ထိုခြံထဲတွင် တဲတစ်လုံးဆောက်ကာ စာအုပ်စာပေများထားလိုက်သည်။ ကိုဖိုးကျော့၊ တက္ကသိုလ်တင့်လွင်ဦး၊ ကိုတည်ကြည်၊ ကိုကျော်ထွန်း (မနုဖြူ)၊ အီကြာကွေး၊ ပွင့်လန်း (သတ္တုတွင်း)၊ ညိုဝင်း စသော စာပေညီအစ်ကိုများနှင့်အတူ စာပေလောကထဲ ခွေးတိုးဝက်ဝင်လှုပ်ရှားရုန်းကန်ခဲ့ရသည်။ ငွေတာရီ၊ မြဝတီ၊ သွေးသောက်၊ ရှုမဝ၊ စံပြန်၊ ချယ်ရီ၊ မြတ်လေး၊ သပြေ၊ တိုင်းရင်းမေ၊ သင့်ဘဝ၊ သောကြာ၊ လုပ်သားဂျာနယ်၊ တောင်သူလယ်သမားဂျာနယ်၊ ရှေ့ဆောင်လူငယ်ဂျာနယ်၊

www.burmeseclassic.com

ဒို့ကျောင်းသား၊ မိုးသောက်ပန်း၊ ရွှေသွေး၊ တေဇများတွင် စာအမျိုးမျိုးရေးသားခဲ့သည်။

ကျွန်ုပ်သည် ထိုစဉ်အချိန်က လှည်းတန်း ကဖွန်းခင်းအိမ်အမှတ် (၃၁) ရတနာ(၃)လမ်း ကမာရွတ်တွင်နေထိုင်ခဲ့သည်။ နောက်တော့ ပတ္တမြားလမ်း အိမ်အမှတ် (၁၀) ပြောင်းသည်။ သမီးတစ်ယောက်၊ သားတစ်ယောက်ရကာ စာပေနဲ့ဘဝ၊ ဘဝနဲ့စာပေခရီးကြမ်း ဖြတ်သန်းခဲ့ရသည်။ ၁၉၈၈နောက်ပိုင်း ကျွန်ုပ်အလုပ်ကား မဆလဗဟိုဌာနချုပ်ဖျက်သိမ်းခြင်းနှင့်အတူ အငြိမ်းစားရသွားလေ၏။ ထိုအချိန်က နဝတသတင်းထုတ်ပြန်ရေးခေါင်းဆောင် ဗိုလ်မှူးကျော်ဆန်း (သုခိအောင်) မဆလလမ်းစဉ်လူငယ်ဗဟိုဌာနမှူးကြီးဟောင်းက မြန်မာ့သတင်းစဉ်တွင် အကြီးတန်းသတင်းထောက်ခန့်သည်။

ကျွန်ုပ်ဇနီး မကွေးကောလိပ်သို့ ပြောင်းသဖြင့် ထိုအလုပ်ကိုမလုပ်တော့ဘဲ မကွေးလိုက်သွားရသည်။ မကွေးကောလိပ်ထဲတွင် လက်ဖက်ရည်ဆိုင်ဖွင့်သည်။ မကွေး-မင်းဘူးဟောပြောပွဲလာသော ကိုဖိုးကျော့၊ ပျဉ်းမနား မောင်နီသင်း၊ အိကြာကွေးတို့ မကွေးကောလိပ်အထိ လာရောက် တွေ့ဆုံ အားပေးကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်ပြန်ပြောင်းလာသည်။ ၁၉၉၃ ခုနှစ် စာပေဗိမာန်ဆုရသည်။ နိုင်ငံတော်အဆင့် စာပေဆုများလည်း ထပ်ကာထပ်ကာရရှိသည်။ ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆုရသည်။ လောကဘဝတွင် အနိမ့်အမြင့်အတက်၊ အကျများနှင့် ကြုံရဆုံရသည်။ မနနှင့် မြန်မာ့မနမဂ္ဂဇင်းများတွင် လစဉ်လဆက် စီးပွားရေးဆောင်းပါးများရေးခဲ့သည်။ နောက် မောင်သာရ၏ သာရမဂ္ဂဇင်းနှင့် ဓမ္မသာရတွင် ရေးခဲ့သည်။ ကိုထွန်းစိန် (မင်းယက္ခ)၏နက္ခတ္တရောင်ခြည်တွင် ပင်တိုင်ရေးသည်။ ထိုအခါက ရင်ကိုအေးမြစေသား - ဆရာမောင်မောင်သန်း၊ လူကြမ်းမင်းသား ဌေးဝင်း၊ ကြပ်ကလေး (သက်လုံ)၊ လင်းရောင်တင်၊ မောင်ကျောက်တိုင်၊ ဦးမြကြီး၊ မြပုလဲစန္ဒာညွန့်၊ ရန်အောင်ဟိန်း၊ အောင်ခိုင်လင်း (မော်ကျွန်း)၊ အမျိုးသားစာပေဆုရ သန်းဖေမြင့်တို့နှင့် လစဉ်လဆက် ရေးသားခဲ့သည်။ နောက်ဆုံး ဘုန်းကြီးအော်လိုရိုက်လိုက်သဖြင့် ထွက်ခွာလာပြီး မရေးဖြစ်တော့ပါ။ ထိုအချိန်တုန်းက ဆရာဦးမောင်မောင်သန်း၊ ဆရာရန်အောင်ဟိန်းတို့နှင့်အတူ ပလက်ဖောင်းပေါ်တွင်စောင့်စား၍ စာမူခထုတ်စာအုပ်ယူရသောဘဝအရသာကို ယနေ့တိုင်မမေ့သေးပါ။ ကျွန်ုပ်သည် လောက၌ သိခြင်း၊ မသိခြင်းကို ရှာပုံတော်ဖွင့်နေရခြင်း ဖြစ်သည်။ ဘဝတွေက ရှည်လျားထွေပြားလှပါသည်။

ယခု ကျွန်ုပ်နေထိုင်သောခြံသည် ဟိုစဉ်က ဘုရင့်နောင်လမ်းမကြီးမပေါက်သေးပါ။ ကျွန်ုပ်ခြံအရှေ့တောင်ထောင့်အရပ်တွင် အင်းစိန်ထောင်အုတ်ရိုးရေညှိရောင်တံတိုင်းကို မြင်ရသည်။ ကျွန်ုပ်ခြံအနီး ယခု ပူးမားတိုက်နေရာနှင့် ဘုရင့်နောင်လမ်းမကြီးတို့သည် အင်းစိန်ထောင်သင်္ချိုင်းကြီးဖြစ်သည်။ အဓိပတိသင်္ချိုင်း။ ရာဇဝင်လူဆိုးလူမိုက်များ၊ ကြိုးသမားများ မြေမြှုပ်သင်္ဂြိုဟ်ရာ ဖြစ်ပါသည်။ ကျွန်ုပ်ခြံဝယ်စဉ်က မြေပုံများ၊ မြေကျင်းများ၊ အရိုးစုများ၊ ချိုင့်များ၊ ကျင်းများနှင့် အကျည်းတန်လှ၏။

နဝတလက်ထက် အစိုးရခေတ်တွင် စာပေသမားများ မြေကွက်ပေးရာတွင် ကျွန်ုပ် ကံကောင်းစွာ မြေကွက်ရပါသည်။ ဇနီးသည်ကလည်း ပညာရေးမြေကွက်ရပါသည်။ သို့သော် ရသော မြေကွက်များ ရောင်းစားလိုက်ကာ ယနေ့ခြံလေးတွင် တွယ်တာမြတ်နိုး တန်ဖိုးထားကာ နေထိုင်ခဲ့ပါသည်။ ထိုခြံကလေးရှေ့တွင် ဘုရင့်နောင်လမ်းမကြီးပေါက်လာသည်။ ထောင်သင်္ချိုင်းနေရာတွင် လူတွေရောက်လာကြသည်။ ကျွန်ုပ်ခြံထဲတွင် သိုက်မြေဟု အရပ်ထဲကပြောကြသည်။ ဦးနုခေတ်တုန်းက မြွေနဂါးကြီးပေါ်ခဲ့ဖူးသည်ဟု ဆို၏။ မြေကြမ်းသည်ဆို၏။



အရှင်နေမိန်ဖြ်မွေဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သစ္စာပြု အမျှဝေ မေတ္တာပို့၍ နေထိုင်ခဲ့ပါသည်။

၂၀၁၅၊ ဧပြီ ၁ ရက်။ မြန်မာနှစ် ၁၃၇၆ - ၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်နေ့ည နံနက် (၁) နာရီကျော် အချိန်တွင် ကျွန်ုပ်အိပ်မက်ထပ်မက်ပြန်ပါသည်။ ယခင်ကမက်ခဲ့သောအိပ်မက်နှင့်ဆင်တူသည်။ ကျွန်ုပ်သည် မင်္ဂလာဒုံမိုးကောင်းဘုရားခြေတော်ရင်းရောက်နေဘိသကဲ့သို့ ထင်ရ၏။ ရွှေသင်္ကန်းဝင်းဝင်းဝါဝါနှင့် သပ္ပာယ်ကြည်ညိုစရာကောင်းလှသည်။ ပျံလွန်တော်မူပြီးဖြစ်သောအစ်ကိုတော်ဘုန်းကြီးအရှင်နေမိန္ဒြ ဓမ္မဝိဇ္ဇာ စကြံလျှောက်နေသည်။

"ဒကာညီတော်မောင်ယောဆရာလားဟေ့"

"တင်ပါ့ဘုရား"

"ညီတော်မောင်အကြောင်း ဖိုးချစ်ရေးလိုက်မယ်"

"ဘယ်ဖိုးချစ်လဲဘုရား"

"ကျောင်းဆရာလူထွက်လေကွာ"

"ဘယ်ကျောင်းဆရာလဲဘုရား"

"တက္ကသိုလ်ကြည်သင်းကလောင်အမည်နဲ့ စာရေးတယ်လေ။ ငါ့ညီသိမှာပါ"

"အဲဒီဖိုးချစ်နဲ့ မဂ္ဂဇင်းစာတည်းချုပ်ကို ဘုန်းကြီးပေးထားတဲ့ အောင်ဗောဓိကြေးဆင်းတုညီတော်၊နောင်တော်ဘုရားနှစ်ဆူကို တစ်ယောက်တစ်ဆူစီသွားချီးမြှင့်လိုက်ပါ"

"ဘုန်းကြီးဘယ်တုံးကပေးတဲ့ဘုရားလဲ။ တပည့်တော်မှာမရှိဘူး၊ မသိဘူး"

"ခက်တာပဲ ဒကာညီတော်မောင်ရယ်။ ငြိမ်းချမ်းရေးစေတီတော်တည်တုန်းက ဌာပနာတိုက်သွင်းအပိုဘုရားအောင်ဗောဓိကြေးဆင်းတု ရုပ်ပွားတော်တွေလေ။ မရှိဘူး၊ မသိဘူးစကား အခုထိပြောနေတုန်းပဲ။ အဲဒီစကားမသုံးနဲ့။ ဘုန်းကြီးလူ့ဘဝတုန်းက ပေးထားတဲ့ ဂါထာရသေးလား"

"ရပါတယ်ဘုရား၊ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿကျမ်းဦးဂါထာမဟုတ်လား။ဒါကြောင့် တပည့်တော် စာပေအရာမှာ ကောင်းစားနေတာပေါ့ ဘုရား"

"အဲဒီကျမ်းဦးဂါထာမဟုတ်ဘူး"

"ဒါဆို ဘယ်ဂါထာလဲဘုရား"

"ဒကာတော်ရေ၊ အဘအောင်မင်းခေါင်ရွတ်ဆိုတဲ့ မန္တန်တော်ကြီးလေကွာ။ လိုက်ဆို ပင်ကျိုသြောင်တွဲ၊ အောင်ပွဲရတိုင်းသခင်၊ ဘုန်းတောက်မဲ့ရှင်၊ အောင်ထူးဆန်း၊ မန်းသိုက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊ လူထိပ်မိုး၊ ဟိုးဟိုးကျော်၊ ကျော်ဝမ်းထက်၊ ဘက်မရှောင်၊ ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း၊ မှန်းကြာရာဇာ၊ ငါတို့မှန်း၊ တရားတစ်ပါး၊ လူမျိုးခြားတို့၊ တော်ရာနိမ်နင်း၊ စောရန်ခွင်း၊ မငြင်းမဆန်၊ မခံမဝံ့၊ လွန်ကြောက်ရွံ့၊ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး၊ တစ်မြို့လုံး၊ တစ်ရွာလုံး၊ တစ်မိသားစုလုံး၊ တစ်သာသနာလုံး၊ တစ်ကမ္ဘာလုံး၊ အောင်စေသော်. . . . . အောင်ရမည် အရဟံ၊ အောင်ရမည် အရဟံ၊ အောင်ရမည် အရဟံ၊ အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီဟေ့"

ရုပ်သံမြင်ကွင်းအလင်းတန်းကြီးပျောက်သွားပြီ။ ကျွန်ုပ် သတိဝင်လာသည်။ ထူးထူးခြားခြားဆန်းဆန်းပြားပြားအိပ်မက်ဖြစ်သည်။ နာရီကိုကြည့်လိုက်တော့ (၂) နာရီ (၁၀) မိနစ်ရှိပြီ။

ကျွန်ုပ်အိပ်ရာမှထ၍ မျက်နှာသစ်သည်။ ဘုရားသောက်တော်ရေကပ်လှူသည်။ မေတ္တာပို့ အမျှဝေလိုက်သည်။ ကျွန်ုပ် ဘုရားကျောင်းဆောင်ထောင့်တွင် ထားရှိသော ပုံးထဲတွင် အသိရ၍ ဖွင့်ရှာကြည့်မိပါသည်။ သစ္စာအဓိဋ္ဌာန် အောင်မေတ္တာကျင့်စဉ် အောင်ဘုရားနှင့် အောင်တော်မူသစ္စာမြတ်စွာသစ်ပုံဘုရားဓာတ်ပုံကို သပ္ပာယ်ကြည်ညိုစွာ တွေ့ရသည်။ စက္ကူဖြူဖြူလေးဖြင့်အသေအချာထုပ်ထားသော အောင်ဗောဓိဘုရား (၂) ဆူကို ထပ်မံဖူးတွေ့ရ၏။ အောင်ဗောဓိနှစ်ဆူမှာ ကြေးဆင်းတုတော်များ ဖြစ်ပါသည်။

ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ အံ့သြရသည်။ ကြက်သီးဖြန်းဖြန်းထကာ နှလုံးဘဝင်အေးမြကြည်လင်သွားတော့၏။ ကျွန်ုပ်သည် အောင်ထူးဆန်းမန္တန်တော်ကြီး သက်စေ့ရွတ်လိုက်သည်။ ပြီးတော့ အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာ၏ အောင်ပွဲခံခဲ့သော ဝဋ္ဋသုတ်တော်ကို (၁၁) ကြိမ်ရွတ်ဆိုပြီးသော် ထပ်မံအိပ်ရာဝင်၍ တရားမှတ်နေလိုက်သည်။ တရားမှတ်ရင်း အိပ်ပျော်သွားတော့သည်။

သိပ်မကြာသောအချိန်တွင် ကျွန်ုပ်သည် အိပ်မက်ကို မယုံပါ။ ကိုယ်တွေ့လက်တွေ့သမားဖြစ်သည်။ တစ်ယူသန်တစ်ဇွတ်ထိုးသမား ဖြစ်၏။ ဘုန်းကြီးအရှင်နေမိန္ဒြဓမ္မဝိဇ္ဇာကိုစိတ်ထဲမစွဲပါဘဲ အိပ်မက်မြင်ရသည်တော့ အံ့သြမိသည်။ သကြ်န်အတွင်း တရားထိုင်၍နေခဲ့သည်။ မေတ္တာပို့၊ သစ္စာပြု၍နေခဲ့ပါသည်။

သကြ်န်အပြီးတစ်ရက်တွင် ကျွန်ုပ်၏ စာရေးစာပွဲပေါ်တွင် ၂၀၁၅ ခုနှစ်၊ မေလ အတွဲ (၁၅)၊ အမှတ် (၅) သူရဇ္ဇမဂ္ဂဇင်းကို တွေ့ရသည်။ ထို့ကြောင့် သမီးဒေါ်ရည်မွန်သာကို ခေါ်မေးရသည်။

"ဟဲ့-သမီး၊ ဒီမဂ္ဂဇင်းစာအုပ်က ဘယ်သူ့စာအုပ်လဲ။ အဖေ့စားပွဲပေါ်မှာ"

"မသိဘူး ဖေဖေ"

"သမီးမသိရင် နင့်အမေ သိမှာပေါ့"

"အင်း - မေမေ့ရဲ့တူ ဖျာပုံက အစ်ကို တင်မောင်ချို လာသွားတယ်။ အစ်ကို့စာအုပ်ထင်တယ်"

"အေးအေး"

ဖျာပုံက သူ့အစ်ကိုဝမ်းကွဲ ရဲမှူးတင်မောင်ချိုလာစဉ်က မေ့ကျန်ရစ်ခဲ့သည်ဟူ၍သာပြောသည်။ ကျွန်ုပ်သည် အစမျက်နှာဖုံးကိုပါ စိတ်ဝင်စားသွားသည်။ နေလုံးကြီးလား၊ လရောင်လား၊ အသေအချာမသိရသော သိခြင်း၊ မသိခြင်းဝေဝေဝါးဝါးနောက်ခံအမြင့်ပေါ်ဝယ် ရဟန်းတစ်ပါး ဓမ္မအလုပ်အားထုတ်ကာ ဈာန်ဝင်စားနေသည်။ ဘုန်းကြီးရဟန်းရှေ့တွင် သစ်ပင်အမြင့်ထက်ပေါ်ဝယ် ကျားသစ်နက် လက်နှစ်ဖက်စုံချ၍ စူးရှသောမျက်လုံး အထက်ကောင်းကင်ပေါ်သို့ ကြည့်နေသည်။ ကျားသစ်နက်မျက်လုံးများသည် စူးစူးရှရှတောက်ပြောင်နေသည်။ နီနီရဲရဲမျက်လုံးအစုံက အစွမ်းကုန်ဖွင့်ထား၏။ နားရွက်နှစ်ဖက်က အမိုးပေါ်သို့ထောင်နေ၏။ အကြည့်၊ အမြင်၊ အကြားသုံးခုကို ခံစားနားလည်ပုံရသည်။ ခိုင်မာတောင့်တင်းသော သစ်ခေါက်ပေါက်ကြီးလော သို့မဟုတ် လောကီအသပြာရတနာဒေါ်လာထုပ်ကြီးလော မေးအောက်တွင်ရှိနေသည်။ အစ်ကိုအောင်ထွန်း မင်းသိခ်စကားနှင့်ပြောရလျှင် မုတ်ဆိတ်ပျားစွဲနေသည်ထင်၏။ ကျားသစ်နက်ကားထူးခြား၏။ မုတ်ဆိတ်ပျားစွဲသလို ရှေ့မြင်ကွင်းတို့မူ . . . . ဖန်းချီအကျော် ဆရာစိုးအောင်နှင့် စာတည်းချုပ် ဦးအောင်မြတ်တို့သာ သိနိုင်ပါလိမ့်မည်။

ကျွန်ုပ်ကား လောက၌ သိခြင်း၊ မသိခြင်း ရှာပုံတော်ဖွင့်နေမိတော့၏။ သူရဇ္ဇစာအုပ်စာမျက်နှာကို တဖျတ်ဖျတ် လှန်ကြည့်နေမိသည်။

မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ရှေ့တိုးနောက်ဆုတ်ကို ဖတ်ရ၏။ မြဝင်း (ဒဿန)၏ဝေပုလ္လာရာမဆရာတော်ကြီး လမ်းညွှန်ပြသခဲ့သော သရဏဂုံအကျင့်



www.burmeseclassic.com

www.burmeseclassic.com

ကို ဖတ်ရသည်။ ကံဝင်း၏ ထူးထူးခြားခြား ရွှေတိဂုံဘုရားကို ဓာတ်ပုံနှင့်တကွ မြင်ရ၏။ ကိုကံဝင်း။ လူချင်းမတွေ့သည်မှာကြာပြီ။ စာကိုတော့တွေ့နေရသည်။ ကိုရွှေမြသန်း၏မိုးညှင်းဆရာတော်ဘုရားကြီးကိုယ်တွေ့ကို ရှုမြင်ရသည်။ သူငယ်ချင်း လှမြင့် (ရန်ကုန်တက္ကသိုလ်) ၏ ယယ်တီပဏ္ဍိတဦးမောင်ကြီးပဋ္ဌာန်းတရားကိုနာရသည်။ မောင်စိမ်းထွေး(ထားဝယ်)၏ သမိုင်းဝင်ဘုရားဖူးရသည်။ ဖျာပုံမှ ရွှေနတ်ကူဘုရားဖူးမြင်ရသည်။ ဆရာကြီးရန်အောင်၏သား ကိုတင်အောင် (စက်မှုတက္ကသိုလ်) ၏ မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီးကိုဖူးရပြန်သည်။ ကျွန်ုပ်တို့ရေးဖော်ရေးဖက် မကွေးလှမြင့်၏ မူလမြသလွန်ကို ဖူးတွေ့ရ၏။ ဗားမဲ့ဆရာတော်အစွမ်းသတ္တိထူးကို တွေ့ရသည်။

ဟိုက်-အိပ်မက် တကယ်ပါလား။

ထူးထူးဆန်းဆန်းပင် တက္ကသိုလ်ကြည်သင်း၏ **အငေးဆုံးမှ အနီးဆုံးသို့** အစ်ကိုတော် အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာကို ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်မြင်ရသည်။ အိပ်မက်ထဲကအတိုင်းပါပဲလား။ မင်္ဂလာဒုံ မိုးကောင်းဘုရားပုံနှင့် ဖိုးချစ် (တက္ကသိုလ်ကြည်သင်း) ကို တွေ့ရ၏။ အစ်ကိုတော် အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာ မတ်တတ်ရပ်၍ သပိတ်ပိုက် ဆွမ်းခံကြွနေပုံကိုဖူးရပြန်သည်။ ယနေ့ယခု ကျွန်ုပ်သည် အိပ်မက်မက်နေသကဲ့သို့ ဖြစ်နေတော့၏။

ဖိုးချစ် (တက္ကသိုလ်ကြည်သင်း) စာသားများ မျက်လုံးအိမ်ထဲတိုးဝင်လာ၏။ ကျွန်ုပ်သည် လေထဲလွင့်လွင့်ဝင့်၍ ပါသွားသလို ခံစားမိတော့၏။ မျက်လုံးအိမ်မှ စိတ်ရောင်စုံပုံရိပ်များ. . . ။

❑

ဆရာတော်သည် ကျွန်တော်တို့ ကျောင်းပေါ် တက်လိုက်သည်နှင့် ဆီး၍ မေးပါတော့သည်။

"ဟေ့-ဖိုးချစ်၊ အဆင်ပြေကြတယ် မဟုတ်လား"

"မှန်ပါ၊ အဆင်ပြေပါတယ်ဘုရား။ သားနှစ်ယောက်ပါတဲ့အပြင် သူ့အမျိုးသမီး၊ တပည့်တော်ဇနီးအပြင် နောက်ကိုတော်ရမယ့် ချွေးမလောင်းပါ ပါပါတယ်ဘုရား"

"အေး - ကောင်းတယ်၊ ကောင်းတယ်။ အေးကော နေကောင်းတယ် မဟုတ်လား"

"နေကောင်းပါတယ် ဘုရား။ အရှင်ဘုရားဆီကို လူမရောက်ပေမယ့် စိတ်ကတော့ အမြဲရောက်နေပါတယ်ဘုရား။ ဒါနဲ့ ဆရာမကော"

"ရှိပါတယ်၊ နောက်တော့ သွားတွေ့ကြပေါ့လေ"

ကျွန်တော်သည် ဖိနပ်တစ်ရန် အပြင် ဘောဇဉ်များနှင့် ငွေတစ်သိန်းကို ဆရာတော်ရှေ့တွင်ချထားလိုက်သည်။

"ဆရာတော်ဘုရား၊ လှေကားအတက်အဆင်းကနည်းနည်းကွဲနေတယ်လို့ ထင်ပါတယ်။ တပည့်တော်ကို ပြင်ခွင့်ပေးတော်မူပါဘုရား"

"အေး - ပြင်မယ့်လူရှိပေမယ့် ဘုန်းကြီးအပြင်မခံဘူး။ ဒါပေမယ့် ဖိုးချစ်ကိုတော့ အပြင်ခံရမှာပေါ့။ ဟဲ့ - ကျော်သူရခေါ် စမ်း"

ထိုအချိန် ကျောင်းပေါ်၌ လူဆယ်ယောက်ခန့် ထိုင်နေကြသည်ကို တွေ့ရသည်။ ကျွန်တော် မှတ်မိသည်က ဆရာဝန်မ ဒေါ်မြင့်စိန်၊ မမီးမီးနှင့် သူ့ယောက်ျားတို့သာ သိပါသည်။ ကျန်လူများကို ကျွန်တော်မသိပါ။

"ဟဲ့ - ကျော်သူရ၊ ဖိုးချစ်က လှေကားအတက်၊ အဆင်းကို နည်းနည်းပြင်ချင်တယ်ပြောတယ်။အဲဒါဘယ်လောက်ကုန်မယ်မှန်းသလဲ"

"သုံးသောင်းလောက်ဆိုလောက်ပါတယ်ဘုရား"

"ကဲ - ဖိုးချစ်၊ သုံးသောင်းတဲ့"

ကျွန်တော်သည် ထုတ်ထားသော ငွေတစ်သိန်းကို ဆရာတော်ရှေ့တွင် ချလိုက်သည်။

"ဟဲ့ - ကျော်သူရ၊ ပန်ကန်လေး တော့ပေးလိုက်ပါဦး"

ကျော်သူရက ပန်းကန်ပေးလိုက်ပြီး ကျွန်တော်က ဖိနပ်၊ ဘောဇဉ်များကိုထည့်ကာ -

"ဒီမှာ ငွေတစ်သိန်းလှူပါတယ် ဘုရား"

"ဟဲ့ - တစ်သိန်းတောင်များလှချေလား"

"မှန်လှပါ၊ ကျောင်းပြင်ဆင်ပြီးရင် ပိုတာကို အရှင်ဘုရားစီမံခန့်ခွဲတော်မူပါဘုရား။ တပည့်တော်တို့စိတ်ဆုံးဖြတ်ချက်နဲ့လာတာပါဘုရား"

"အေး-ကောင်းပါတယ်၊ သာဓုဗျာ။ ဒါနဲ့ နေပါဦး၊ ဖိနပ်တစ်ရန်က ဘာအတွက်လဲ။ ဪတော့ ဖိုးချစ်မင်္ဂလာဆောင်တုန်းက ဖိနပ်ပျောက်သွားတာကို ပြန်ပြီး အစားပေးတာထင်တယ်"

ပြောပြီး ဆရာတော်ရယ်မောနေပါတော့သည်။

ဆရာတော်၏ မှတ်ဉာဏ်ကို ကျွန်တော်မချီးမွမ်းဘဲမနေနိုင်တော့ပါ။ ဟိုလွန်ခဲ့သည့် အနှစ်လေးဆယ်ကျော်ငါးဆယ်လောက်က ကျွန်တော့်မင်္ဂလာဆောင်တွင် ဆရာတော်ဖိနပ်ပျောက်ခဲ့ကြောင်း ယခုဆရာတော့်စကားကြားမှပင် ကျွန်တော်လွန်ခဲ့သော အနှစ်လေးဆယ်၊ ငါးဆယ်ကအကြောင်းကို ပြန်ပြောင်းတွေးမိပါသည်။ ဪ - မှတ်ဉာဏ်ကောင်းလှသည်ဟုသာ ဆိုချင်ပါတော့သည်။

ဆရာတော်နှင့် ပြောကြဆိုကြပြီး အပြန်တွင် ဆရာမ ဒေါ်ခင်နှင်းမြင့်ကို ဝင်ရှာပါသည်။ ဧည့်သည်တွေ့ချင်သည်ဆိုသဖြင့် ဒေါ်ခင်နှင်းမြင့်ထွက်လာပါသည်။

"ဪ - ဘယ်သူလဲ မှတ်တယ်၊ ဖိုးချစ်တို့ကိုး။ အေးလည်း ပါတယ်ဆိုတော့ အေးနေကောင်းသလားလို့ မမေးတော့ဘူး ဟဲဟဲ"

ဆရာမ ဒေါ်ခင်နှင်းမြင့် (ဒေါ်ကုလားမ ဆရာတည်ကြည်အခေါ်) မှာ ပိန်လွန်းသော်လည်း သူ့ကျန်းမာရေးကို ကျွန်တော်ကျေနပ်ပါသည်။

ဒီလိုနှင့် ဆရာတော်ကျောင်းမှ ပြန်ကြပါတော့သည်။ ဝဋ္ဋသုတ်ပူဇော်ပွဲကလည်း နီးကပ်နေပြီ ဖြစ်ပါသည်။ ကျွန်တော် ဝဋ္ဋသုတ်ပူဇော်ပွဲသို့ မဖြစ်မနေသွားရဦးမည် မဟုတ်ပါလား။

ဝဋ္ဋသုတ်ပူဇော်ပွဲကာလသည် ဧပြီလ။မြန်မာလိုပြောရလျှင် တန်ခူးလဆန်း ၉ ရက်နေ့ ဖြစ်ပါသည်။ ဝဋ္ဋသုတ်ပူဇော်ပွဲကို လူပေါင်းစုံလာကြပါသည်။

ဆရာဆွေမြင့်၊ ဆရာမရွှေကူမေနှင်း၊ ယောနကဘိုးထောင် သူတို့ရောက်ရှိနေပါသည်။ (၁၁) ရက်လုံးလုံး အားလုံးချောမွေ့စွာ ပြီးစီးသွားသည်။ နောက်ဆုံးရက်တစ်ရက်တွင်မူ အမည်မဖော်လိုသူ တစ်ဦးထ၍ ဝူးဝူးဝါးဝါးလုပ်ပါတော့၏။ ဆရာတော်ထံခေါ် သွားသောအခါ ဆရာတော်က-

"ဖိုးချစ်၊ အိမ်ပြန်ပို့ပါ"

ဟု အမိန့်ပေးပါတော့သည်။

ကျွန်တော်လည်း ပြန်တော့မည့် ဆဲဆဲဖြစ်နေသည်။ အိမ်မှကားလည်း ရောက်နေပါသည်။ ထို့ကြောင့် ဆရာတော်ကို အကျိုးအကြောင်းပြောပြီး လိုက်မပို့နိုင်တော့ပါ။ နောက်တော့ ရွှေကူမေနှင်းလိုက်ပို့သည်ဟု ကြား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ဝဋ္ဋသုတ်ပူဇော်ပွဲတွင် အဖျက်ခေါ် မလားမပြောတတ်ပေ။ ထိုနည်းဖြင့် ကျွန်တော်ကျင်လည်ခဲ့ရပါသည်။ ဆရာတည်ကြည်နှင့် ဆရာရှင်နေမိန္ဒြမဗ္ဗဝိဇ္ဇာ အကြောင်းရေးသားမည်ဆိုက စာအုပ်တစ်အုပ်စာရှိမည်ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် ဆရာတော် တွဲလာသည်မှာ နှစ်ပေါင်း (၅၀) ခန့်ရှိမည် ဖြစ်သည်။ တချို့ အရေးကြီးသည့်အကြောင်းများ ချိန်လှပ်ခဲ့ရပါသည်။ ဆရာတော်အကြောင်းရေးသားရာတွင် ကျွန်တော့်အကြောင်းက ပါနေတတ်ပြန်သည်။ မပါ၍ လည်းမဖြစ်ပေ။

ကျွန်တော် ဒီမှာပင်-ဤဆောင်းပါးကို နိဂုံးချုပ်ပါမည်။ လူ့ဘဝဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟများဖြင့် ပြည့်လျှမ်းနေသည်။ ကျွန်တော်တို့သည် တစ်နည်းမဟုတ်- တစ်နည်းဆိုသလို လောဘနောက်ကို လိုက်နေကြသည်။ ဒေါသစေခိုင်းရာကို လုပ်နေကြသည်။ မောဟဖုံးလွှမ်းခဲ့ပါသည်။ စိတ်တိုခဲ့ဖူးသည်။ ဘု၊ ခွ၊ ကန့်လန့်လုပ်သူဟူ၍ နာမည်ကြီးနေပါသည်။

မည်မျှပင် အဆိုးဘက်ဦးတည်စေခဲ့ပါမူ အဆုံးတွင် အို-နာ-သေကို သိလာသည်။ ရွံ့လာသည်။ အို-နာ-သေမှ လွတ်မြောက်ရန် လမ်းစရှာကြသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မြင်လာသည်။ ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တမှလွတ်မြောက်ရန် တစ်လမ်းသာရှိသည်။ ထိုတစ်လမ်းကပင် ဆရာတည်ကြည်ဘဝမှ ရှင်နေမိန္ဒြမဗ္ဗဝိဇ္ဇာဘဝသို့ ပြောင်းသွားခြင်း ဖြစ်သည်။ ခရီးသည် အဝေးကြီးမဟုတ်ပါ။ နီးနီးကလေးသာ ဖြစ်သည်။ မိမိအသိဖြင့်သာ ဆင်ခြင်တော်မူကြပါဟုသာ တိုက်တွန်း ရေးသားလိုက်ရပါတော့သည်။

(တက္ကသိုလ်ကြည်သင်း)

ကျွန်ုပ်သည် နောက်တစ်နေ့မနက်စောစောထ၍၊ ရွှေတိဂုံဘုရားသို့သွားလိုက်သည်။ အစ်ကိုတော်ဘုန်းကြီးအရှင်နေမိန္ဒြမဗ္ဗဝိဇ္ဇာအမှာအတိုင်း ကြေးဆင်းတု အောင်ဗောဓိနှစ်ဆူကို ရွှေတိဂုံဘုရားရှင်ထွေ့လှူ၍ တရားထိုင်ပါသည်။ ပြီးတော့ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ရှင်စောပု၊ ဥက္ကလာပမင်းကြီး၊ မယ်လမု၊ ဘားမဲ့ဆရာတော်စသောဝိဇ္ဇာရှစ်သောင်းဆရာကောင်းတို့ထံ ကြည်ညို ပူဇော်သည်။ သစ္စာပြု မေတ္တာပို့ အမျှဝေပါသည်။ ရွှေတိဂုံဘုရားမှ ကိစ္စပြီးမြောက်သောအခါ ဆူးလေဘုရားသို့သွားပါ၏။ ဆူးလေတွင် တစ်ဖန် တရားထိုင်၊မေတ္တာပို့၊ သစ္စာပြု၊ သာဓုခေါ်၊ အမျှဝေပြီးလျှင် အမှတ် ၉၀/ ၉၂ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်ရှိ သူရဇ္ဇမဂ္ဂဇင်း မွေးဖွားရာ ပညာရွှေတောင်စာအုပ်တိုက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပါသည်။

ပညာရွှေတောင် ပန်းချီဥယျာဉ်ခန်းမထဲတွင် ရုံးအဖွဲ့သို့ သွားရောက်သောအခါတွင် သမီးအရွယ် မိန်းကလေးက ရည်ရည်မွန်မွန်နှင့် ပြောဆိုပါသည်။

"အဘ၊ စာမူခထုတ်ဖို့လား"

"မဟုတ်ပါဘူး၊ အခုလမှာ သူရဇ္ဇမှာပါတဲ့ တက္ကသိုလ်ကြည်သင်း စာမူခထုတ်သွားပြီးပြီလား"

"ခဏနော် အဘ"

မိန်းကလေး စာအုပ်နှင့်ငွေစာရင်းကိုကြည့်ပြီးလျှင် ပျူငှာစွာပြုံး၍ စကားဆိုပါသည်။

"အဘ၊ စာမူခထုတ်ဖို့လား"

"ဟို. . . ဟို"

"တက္ကသိုလ်ကြည်သင်း စာမူခထုတ်စာအုပ်ယူလာရင် ဟောဒီကအထုပ်လေးပေးပေးပါကွယ်"

"ဟုတ်ကဲ့ - ပေးပေးပါ့မယ်"

သမီးငယ်မိန်းကလေး အထုပ်ကလေးကို သေသေချာချာကြည့်နေသည်။

ထို့ကြောင့် ကျွန်ုပ်သည် မနေသာတော့ဘဲ ပြောပြရတော့၏။

"အောင်တော်မူဗောဓိကြေးဆင်းတုလေးပါ။ တက္ကသိုလ်ကြည်သင်းကိုပေးပေးပါ"

"ဘယ်သူကလို့ ပြောလိုက်ရမှာလဲ"

"အဲဒီအထဲမှာ စာပါတယ်။ ဒါနဲ့ ဆရာဦးအောင်မြတ်နဲ့ တွေ့ပါရစေ"

"ဆရာမရောက်သေးပါဘူး၊ နေ့လယ်လောက်မှရောက်ပါမယ်"

"အေး၊ အေး - ဒါဆို ဟောဒီ အောင်တော်မူ ဗောဓိကြေးဆင်းတုကို ဦးအောင်မြတ်ကိုပေးနော်။အသေအချာပေးပါကွယ်"

"ဟုတ်ကဲ့ရှင့်၊ ပေးလိုက်ပါမယ်"

"ဒါနဲ့ ဆရာဦးအောင်မြတ် ပညာရွှေတောင်ဖုန်းလေးသိပါရစေ"

"အဘ၊ ၀၉-၅၁၀၁၅၃၅"

"အေး - ကျေးဇူးပါပဲကွယ်"

ကျွန်ုပ် ပညာရွှေတောင်မှ စာပေဗိမာန်ဘက်သို့ ထွက်လာခဲ့သည်။ လေအန်ကုန်းတွင် စာပေသူကြီးမောင်မောင်မိုးအောင်နှင့်တွေ့သည်။ နွေအပူချွေးဥလေးများကိုသုတ်လိုက်သည်။ လေအန်ကုန်းအနီးက ပိတောက်ပင်ကြီးက တဖွဲဖွဲတသည်းသည်းနှင့်ရွှေဝါရောင်ပိတောက်ပန်းများ ခြွေကာချနေသည်။ သင်္ကြန်ပြီးမြောက် အောင်မြင်ခဲ့သောအထိမ်းအမှတ်ပင် ဖြစ်မည်။ ကိုမိုးအောင်ခေါင်းပေါ် ဝယ် ပန်းပိတောက်တွေက ရွှေရည်လူးနေသည်။ လေလေးသုတ်လိုက်တိုင်း ပိတောက်ရွှေအိုရောင်တဝဲဝဲတဖွဲဖွဲ။

"ဆရာကြီး အမျိုးသားဆုရှင်ကြီး၊ လာ-ထိုင်၊ လက်ဖက်ရည်သောက်ဗျာ"

"ဟေ့လူ၊ မောင်ဆုယူအချင်ချင်းဘွဲ့တွေတံဆိပ်တွေမကပ်နဲ့။ တော်ကြာလူအထင်ကြီးကုန်ပါ့မယ်။ ဒါနဲ့ ဖုန်းနံပါတ်လေးနှိပ်ပေးစမ်းပါ"

"ဘယ်သူ့ဖုန်းလဲ"

"ပညာရွှေတောင်ဆရာဦးအောင်မြတ်ဖုန်း"

"xxxx"

"ဟော့-ဆရာကြီး၊ လက်ဖက်ရည်သောက်ဦး။ ရအောင်ခေါ်ပေးပါမယ်"

စာပေသူကြီးမောင်မောင်မိုးအောင် ထပ်၍ ဖုန်းခေါ်ပါသည်။

"ရပြီ၊ ရပြီ ရော့၊ ရော့"

"ဆရာဦးအောင်မြတ်လားခင်ဗျာ"

"ဟုတ်ပါတယ်၊အသံမကြားရဘူး"

"ဟုတ်ကဲ့ဆရာ။ ပညာရွှေတောင်စာအုပ်တိုက်မှာ ကြေးဆင်းတုအောင်ဗောဓိတစ်ဆူပေးအပ်ထားခဲ့ပါတယ်။ ရဲ့မရသိချင်လို့ပါ"

"ဟုတ်ကဲ့ - ရပါတယ် ခင်ဗျား၊ ကျေးဇူးပါပဲ"

ကျွန်ုပ်ရင်ထဲတွင် ရေခဲလောင်းချလိုက်သကဲ့သို့ အေးမြသွားပါသည်။ ပိတောက်ရနံ့က လေထဲ သင်းတပျံ့ပျံ့ရှိနေသည်။ လောက၌ သိခြင်း၊ မသိခြင်း ရှာပုံတော်အဖွင့်ကို ရှေ့ဆက်၍ စောင့်ကြည့်ရပေဦးတော့မည်။ ယခု ပစ္စုပ္ပန်သာလျှင် အကောင်းဆုံး။ အတိတ်သည် လွန်ခဲ့ပြီးပြီ။ အနာဂတ်ကလည်း မရောက်သေးသဖြင့် ယခုပစ္စုပ္ပန်တွင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားရမည်။


နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ

ယောနကဘိုးထောင်

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဖြူစင်မွေ့လျော်စေတနာနှင့် နံ့တူကက်ကင်း ငွေဝင်ခြင်း



သီဟိုဠ်ကျွန်း (သီရိလင်္ကာ) အနုရာဓမြို့မှာ မြတ်စွာဘုရားရှင်၏ ညှပ်ရိုးတော်အား ဌာပနာထားရာဖြစ်သော ဒေဝါနံပိယမင်းကြီးလှူထားသည့်ကောင်းမှုတော်၊ ထူပါရုံစေတီတော်နှင့် စေတီတော်အနီးတွင် ရဟန်းတော်များသီတင်းသုံးနေထိုင်သော ထူပါရုံကျောင်းတိုက်ကြီးရှိသည်။ ထိုကျောင်းတိုက်ကြီး၌ စူဠနာဂမထေရ်တစ်ပါးသည် အခြားသော ရဟန်းတော်များနှင့်အတူ သီတင်းသုံးနေထိုင်လျက်ရှိသည်။

တစ်နေ့သောအခါမှာ စူဠနာဂမထေရ်သည် နံနက်ဆွမ်းစားပြီး ခံတွင်းကို ဆေးကြော၍ ကျောင်းလေှကားမှ ဆင်းလာစဉ် သားပေါက်ထားသော ခွေးပိန်မတစ်ကောင်ကို တွေ့လိုက်သည်။ ခွေးမကို သေသေချာချာကြည့်လိုက်သည့်အခါ ပိန်ပိန်ချည့်ချည့်နဲ့နဲ့ဖြင့် အတော်ဆာလောင်မွတ်သိပ်နေသော အသွင်ကိုမြင်လိုက်ရသောကြောင့် စူဠနာဂမထေရ်သည် ခွေးမလေးကို တော်တော် သနားသွားသည်။ သို့သော် မိမိကလည်း ဆွမ်းစားပြီး သပိတ်ဆေးထားသည်။ ခွေးမလေးကို ကျွေးစရာ ဘာအစာမှလည်းမရှိတော့တာကြောင့် ရုတ်တရက် ဘာလုပ်လိုက်သလဲဆိုလျှင် -

"ငါသည် ယခု အစာစားပြီးခါစ အစာဖြစ်သော်လည်း ထိုခွေးမအား အစာကိုအန်၍ လှူအပ်ပေသည်"

ဟု နှလုံးသွင်းဆင်ခြင်ကာ မိမိ၏ ခံတွင်းထဲသို့ လက်ထိုးအန်ပြီး ခံတွင်းမှ ထွက်လာသောအစာများကိုကျွေးလိုက်၏။

အရှင်စူဠနာဂမထေရ်မြတ်သည် ခွေးမကိုအန်ကျွေးရုံမျှမကဘဲ အိုးကွဲတစ်ခုတွင် ရေထည့်၍ ရေလည်းတိုက်လိုက်သည်။ အစာအနည်းငယ်ဝင်သွားသော ခွေးမလေးကိုကြည့်ပြီး အရှင်စူဠနာဂသည် တစ်ခါဖူးမှမဖြစ်ခဲ့ဘူးသော ပီတိတွေဖြစ်လာသောကြောင့် ဆုတစ်ခုကိုတောင်းလိုက်မိသည်။

"အကျွန်ုပ်သည် ဤခွေးမငယ်အား မိမိ၏ ခန္ဓာကိုယ်အတွက် အစာအာဟာရကို မိမိအဖို့မငဲ့ကွက်ဘဲအန်၍ ကျွေးလိုက်ရသော ကုသိုလ်စေတနာကောင်းမှုကြောင့် နိဗ္ဗာန်သို့ရောက်ရပါလို၏။ နိဗ္ဗာန်သို့မရောက်မီစပ်ကြားတွင် သံသရာလည်ရသည်ဖြစ်သော် ပစ္စည်းလာဘ်လာဘများရပါလို၏"

ဟု ဆုတောင်းလိုက်၏။

အရှင်စူဠနာဂ၏ ဒါနစေတနာသည် ဆုတောင်းသည့်နေ့ညနေမှာပင် ဒကာ၊ ဒကာမများသည် ထောပတ်၊ တင်လဲ၊ သကာ၊ ပျားရည်များယူလာပြီးလျှင်-

"အရှင်စူဠနာဂ ဘယ်ကျောင်းမှာ သီတင်းသုံးနေပါသလဲ"

ဟု မေးပြီးရောက်လာကြ၏။

အရှင်စူဠနာဂလည်း မိမိကိုယ်ကို မိမိ အံ့အားသင့်အံ့သြနေသည်။မထေရ်လည်း မိမိထံသို့လာရောက်လှူဒါန်းကြသောပစ္စည်းများကို မိမိနှင့်အတူသီတင်းသုံးနေထိုင်ဖက် ရဟန်းတော်များအား ခွဲဝေလှူဒါန်းလိုက်ပါသည်။

မကြာခင်အချိန်မှာပဲ နောက်ထပ်ဒကာ၊ ဒကာမတွေရောက်လာပြီး ဇာတိပ္ပိုလ်ပွင့် စသော ဆေးဝါးများကိုယူလာပြီး ကပ်လှူပြန်သည်။ ရှေးနည်းအတိုင်းပင် စူဠနာဂမထေရ်ကလည်း သီတင်းသုံးဖော်ရဟန်းတော်များကို ခွဲဝေလှူလိုက်ပြန် ပါ သည်။

နံနက်လင်းသည့်အချိန် ဆွမ်းခံကြွသည့်အခါမှာ ဒကာ၊ ဒကာမတွေလှူဒါန်းသော မရေမတွက်နိုင်သည့် ဆွမ်းဟင်းများစွာကို ထူပါရုံကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ကြကုန်သော ရဟန်းတော်များအားလုံး ဘုဉ်းပေးသုံးဆောင်နိုင်အောင်များပြားလှသောကြောင့် စူဠနာဂမထေရ်သည် ကျောက်စည်ကိုတီးခတ်ပြီး ထူပါရုံကျောင်းတိုက်မှာရှိရှိသမျှသောရဟန်းတော်များကိုပြန်ပြီးလောင်းလှူလိုက်သည်။နောက်ရက်များမှာလည်း အရှင်စူဠနာဂမထေရ်မြတ်သည် အလှူပယ်ရသမျှ ဆွမ်း၊ ဆွမ်းဟင်းများကို ကျောက်စည်တီးခတ်ပြီးလျှင် နေ့စဉ်လှူခဲ့ရပြန်ပါသည်။

တစ်နေ့သောအခါမှာ အရှင်စူဠနာဂသည် မိမိပြုခဲ့သော ခွေးမလေးကို မိမိဝမ်းတွင်းမှအစာကို လက်ထိုးအန်ပြီး ကျွေးလှူခဲ့သည့် ဒါနစေတနာကို ပြန်လည်ဆင်ခြင်ရင်း ပီတိတွေဖြစ်လာသည်။ ဖြစ်ပေါ်လာသော ပီတိများကို အခြေခံ၍ ဝိပဿနာဘက်သို့ကူး ကမ္မဋ္ဌာန်းဘာဝနာကို ကြိုးစားအားထုတ်စီးဖြန်းလိုက်သည်နှင့် ရဟန္တာဖြစ်သွားပါတော့၏။

ဖြူစင်သန့်ရှင်းသောဒါနစေတနာသည် ပစ္စုပ္ပန်အကျိုးမျှသာမကဘဲ အရဟတ္တဖိုလ်ရောက်သည်အထိ အကျိုးပေးထားခြင်း ဖြစ်ပေသည်။

တစ်နေ့သောအခါ စူဠနာဂရဟန္တာမြတ်ထံသို့ ထူပါရုံကျောင်းတိုက်မှာရှိသောရဟန်းတော်များ လာရောက်ကြ၍ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံက မဟာဗောဓိပင်ရှိရာသို့ လိုက်ပါပို့ဆောင်ပေးပါရန် လျှောက်ထား တောင်းပန်ကြ၏။ အရှင်စူဠနာဂရဟန္တာမြတ်လည်း လိုက်ပါပို့ဆောင်ပေးပါမည်ဟု ဝန်ခံလိုက်ပါသည်။

အရှင်စူဠနာဂ ရဟန္တာမြတ်က ရဟန်းများလာရောက်တောင်းပန်ကြခြင်းမှာ လမ်းခရီးတစ်လျှောက် ဆွမ်း၊ ကွမ်းအခက်အခဲမဖြစ်စေရန်အတွက် ဖြစ်ပေသည်။

အရှင်စူဠနာဂရဟန္တာမြတ်သည်လည်း မိန့်တော်မူထားသည့်ကတိစကားအတိုင်း ရဟန်းငါးရာတို့ကို မဟာဗောဓိပင်ရှိရာသို့ လိုက်ပါပို့ဆောင်ပေးပါသည်။ လာခဲ့သော လမ်းခရီးတစ်လျှောက်မှာ နတ်ကောင်းနတ်မြတ်များက ရဟန်းတော်များကို စောင့်ရှောက်ခဲ့ကြသည်။ ရပ်ရွာဒေသမှာရှိသော ရွာသူရွာသား ဒါယကာ၊ ဒါယိကာမများကလည်း ဆွမ်းဘောဇဉ်များကို အလှူပယ်လောင်း

www.burmeseclassic.com

www.burmeseclassic.com

နေမြင့်(နတ်မောက်)

# ပိန်လှီချည့်နဲ့ အစားပျက်နေသော ကျွဲ၊ နွားများဝဖြိုးလာစေရန်

မြန်မာ့လယ်ယာမြေတွင် ယနေ့အထိ လက်မလွှတ်နိုင်သေးသော ခိုင်းကျွဲ၊ ခိုင်းနွားများသည် အစဉ်ကျန်းမာဝဖြိုး အင်အားတောင့်တင်းနေဖို့လိုပါသည်။ သို့ပါသာ လုပ်ခွင်တွင်ကျယ်မြန်ဆန်ပြီး သီးနှံများအထွက်တိုးအောင်မြင်မည်ဖြစ်ပါသည်။

ခိုင်းကျွဲ၊ ခိုင်းနွားများအစာကောင်းစွာမစားဘဲ အစားပျက်ပြီး အလုပ်ဒဏ်ပိသောအခါ ပိန်ကြုံချည့်နဲ့အားပြတ်ဒူးတုန်သည်အထိဖြစ်တတ်ပါသည်။အလုပ်ခွင်တွင်လဲနေသည်ပင် တွေ့မြင်ရဖူးပါသည်။

ဆန်ကြမ်းတစ်ပြည်ကို ဖက်ခင်းပုံကျွေးလိုက်လျှင် (၁) နာရီအတွင်းပြန်ထပါသည်။ သုံး၊ လေးရက် အနားပေးကာ အောက်ပါဆေးကို ပြုလုပ်တိုက်ကျွေးပေးပါ။

| | |
|---|---|
| သဘော်ချင်းခြောက် | ၁ ကျပ်သား |
| ဆေးခါးပင် | ၁ ကျပ်သား |
| နနွင်းမှုန့် | ၁ ကျပ်သား |
| ပါဒဒုတ္တာ | ၅ မူးသား |

ဆေးလေးပါးကိုရောကြိတ်၊ ထန်းလျက်နှစ်လုံး၊ သုံးလုံးနှင့်ရောနှောကာ ရေသင့်ရုံဖျော်ပြီး ဝါးကျည်တောက်ဖြင့် ကျွဲ၊ နွားကို တိုက်ပေးပါ။ ဆေးမှာ ခါးလွန်းသဖြင့် ဝင်အောင်တိုက်ပါ။ တစ်နေ့တစ်ကြိမ် ခုနစ်ရက်မှ ဆယ်ရက်တိုက်ပေးပါ။ အစာကောင်းကောင်းကျွေးပေးပါ။

ထိုသို့ ပြုစုတိုက်ကျွေးပေးလျှင် ပိန်လှီအစားပျက်နေသောကျွဲ၊ နွားသည် အစာကို ပိုမိုကောင်းစွာစားလာပြီး စားသမျှအစာကို ဝမ်းကကောင်းစွာခြေဖျက်နိုင်ကာ ဝဖြိုးကျန်းမာလာပါမည်။

အကယ်၍ ထိုကျွဲ၊ နွားသည် ဝမ်းမာ၊ ဝမ်းချုပ်နေပါက ဆားခါးတစ်ဆယ်ကျပ်သားကို ရေတစ်ပုလင်းနှင့်ဖျော်ပြီး တိုက်ပေးပါ။ သောက်ရေထဲတွင် ယမ်းစိမ်းအနည်းငယ်ထည့်ထားပြီးတိုက်ပေးပါ။ မုချ ကျန်းမာဝဖြိုး အင်အားတောင့်တင်းလာပါလိမ့်မည်။

*ကြီးပွားအောင်မြင်ပါစေ။*

နေမြင့် (နတ်မောက်)

ကြသည်။

မဟာဗောဓိပင်မှအပြန်ခရီးတွင် အရှင်စူဠနာဂရဟန္တာမှာ လေဝမ်းရောဂါဖြစ်ပြီး ရောဂါဝေဒနာကို အပြင်းအထန်ခံစားရသည်။ ရဟန်းတော်များလည်း စိတ်မကောင်းဖြစ်ကြရသည်ကို အရှင်စူဠနာဂမထေရ်မြတ်ရဟန္တာက ရဟန်းတော်များကို မိန့်ကြားတော်မူသည်မှာ -

"အရှင်တို့၊ ထူးထူးထွေထွေမစိုးရိမ်ကြပါနှင့်။ တပည့်တော် ပရိနိဗ္ဗာန်ပြုခဲ့လျှင် ကြွင်းကျန်သော တပည့်တော်၏ဓာတ်တော်ကို ရွှေဆုံးမှုကြွတော်မူသော မထေရ်၏သပိတ်မှာဖြစ်စေ၊ ရေစစ်မှာဖြစ်စေ ဖွဲ့ချည်လျက် မြို့ထဲရွာထဲသို့ဝင်ပါဘုရား။ ထိုသို့ပြုမူပါလျှင် အရှင်တို့အတွက် လမ်းခရီးမှာ ဆွမ်း စသည့် ပစ္စည်းလေးပါးတို့ကို မပင်မပန်း ပြည့်စုံကြမှာ ဖြစ်ပါသည်"

ဟု အကြံပေးတော်မူပြီး မကြာမီ ပရိနိဗ္ဗာန်ပြုသွားပါတော့သည်။

သီတင်းသုံးဖော် ရဟန်းများသည်လည်း အရှင်စူဠနာဂ၏အလောင်းတော်ကို ကောင်းမွန်စွာ သဂြိုဟ်ပြီး အရှင်စူဠနာဂရဟန္တာ၏ဓာတ်တော်ကိုပင့်ဆောင်၍ အလိုရှိရာသို့ ပြန်လည် ကြွရောက်တော်မူကြပါသည်။ ပြန်ကြွလာခဲ့သော လမ်းခရီးတစ်လျှောက်လုံး ရဟန်းတော်အားလုံး မပင်မပန်းနှင့် ပစ္စည်းလေးပါးစုံစွာအလှူခံရရှိကြပြီး သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ ထူပါရုံကျောင်းတိုက်ကြီးသို့ ပြန်လည် ရောက်ရှိကြပါသည်။

ဖြူစင်သောဒါနစေတနာ၏ပြယုဂ်ဖြစ်ပေသည်။

ယခုလည်း ငွေကြေးကိစ္စအကျပ်အတည်းဖြစ်နေသူများ၊ ငွေကြေးမပြေလည်သူများနှင့် ငွေကြေးအတွက် စိတ်သောကရောက်နေသူများအတွက် အင်ဝိဇ္ဇာပညာရပ်မှ (တက်ကင်းနံ့တူ) ပညာရပ်နှင့် ဖြူစင်သော ဒါနစေတနာကို ပေါင်းစပ်ထားသော ယတြာပြုလုပ်နည်းကို ပံ့ပိုးကူညီမျှဝေလိုက်ပါသည်။

## □ နံ့တူကက်ကင်း

တနင်္လာနံ = ငွေ၊
တနင်္လာနံ = ငါး၊ခွေး၊ကျီး၊ကြက်၊
ကျောက်ခဲ။

## □ ငွေဝင်ရန်ယတြာ

(၁) ဈေးထဲကသတ်မည့်ဆဲဆဲ ငါးတစ်ဆယ်သားဝယ်၍ ရေရှင်မှာ တစ်ကောင်ချင်း လိုရာဆုတောင်းလွှတ်ပါ။ မကြာခဏ လွှတ်ပေးပါ။

(၂) ငါးရိုး၊ ကြက်ရိုးများကိုပြုတ်၍ ထမင်းနှင့်ရောပြီး ခွေးလေခွေးလွင့်များကို မကြာခဏကျွေးပေးပါ။

(၃) လမ်းဘေးက ကျောက်ခဲများကောက်၍ လမ်းချိုင့်များကို ဖို့ပေးပါ။ လမ်းချိုင့်များမှာဖို့လျှင် ကျောက်ခဲဖြစ်ပါစေ။ (အုတ်ခဲကျိုးများမဖို့ပါနှင့်။)

(၄) အိမ်သို့လာရောက်၍ အလှူခံသူများကို မိမိတတ်စွမ်းသမျှ လှူဒါန်းပေးပါ။

ဖြူစင်သောစေတနာဒါန၏အကျိုးအားကြောင့် အရှင်စူဠနာဂရဟန္တာမြတ်ကြီးကဲ့သို့ ဘုန်းကောင်းလာဘ်သပ်ပစ္စည်းများ ပေါကြွယ်ဝစွာပြည့်စုံပြီးလျှင် အားလုံး စိတ်ချမ်းမြေ့သာယာလျက် ပြုံးပျော်ရွှင်နိုင်ကြပါစေ။

## □ အမြတ်မမ်းရှတ်ရန်၊ ပုတီးစိပ်ရန် ငွေဝင်ဂါထာ

နမော တေ ရဇတံ ကရ
နမော တေ ရဇတံ ဒဒ။
(ငွေဝင်ဂါထာ)

နမော တေ လာဘဂ္ဂါကရ
နမော တေ လာဘဂ္ဂါ ဒဒ။
(လာဘ်ပေါသောဂါထာ)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ကျမ်းကိုး -

ပဓုရသဝါဟိနီကျမ်း စူဠနာဂမထေရ်ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

# မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

□ ကတိသစ္စာ တည်သောခါ၊ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်တန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဤကမ္ဘာပေါ်တွင် ပေါက်ရောက်သမျှသော သစ်ပင်၊ ပန်းပင်၊ နွယ်၊ မြက်တို့သည် ဆေးပင်များသာ ဖြစ်ကြ၏။

ဆေးပင်တို့သည် သူ့နေရာနှင့်သူ ဆေးဖက်ဝင်ကြ၏။ အနာနှင့်ဆေး သင့်ရာပေး ပျောက်ရေးမခက်ပါ။ အနာနှင့်ဆေး တည့်တည့်ကျရန် အရေးကြီးပါ၏။ ဤနေရာတွင် အစွမ်းထက်သော ဆေးတစ်ပင်အကြောင်းကို တင်ပြပါမည်။ ဆေးပင်အမည်ကတော့ 'အကြောတစ်ထောင်ပင်' ဖြစ်၏။

**□ ဆေးပင်၏ပုံသဏ္ဌာန်**

အပင်။ ။ မြေ၌ကပ်ပေါက်သည့် မိုးသက်ပင်ငယ်မျိုး ဖြစ်သည်။

အရွက်။ ။ အရွက်များမြေပေါ်သို့ (၅) ရွက်၊ (၆) ရွက်အထိ စုပြုံ၍ထွက်သည်။ ဆေးဥပုံသဏ္ဌာန်ရှိ၍ ရွက်ထိပ်ဝိုင်း၏။ သို့မဟုတ် အနည်းငယ်ချွန်ပြီး ရွက်ရင်းသွယ်သည်။ ရွက်ညှာရှည်သည်။ ရွက်နားခွေးသွားစိပ်ယောင်ယောင်ရှိ၍ လှိုင်းတွန့်အနည်းငယ်ရှိသည်။ အရွက်ရိုးတံ၊ အရွက်ရင်းကိုချိုး၍ ဆွဲကြည့်သော် ကြက်ပေါင်စေးကဲ့သို့ လည်းကောင်း၊ ချည်မျှင်လေးများကဲ့သို့ လည်းကောင်း သေးငယ်၍ ဖြူသောအမျှင်ကလေးများ ဖြစ်ပေါ်လာသည်။

အပွင့်။ ။ ပွင့်ညှာတံလုံးပြီး အုန်းလက်တံခန့်ရှိသည်။ အလျား (၇)လက်မ၊ (၈) လက်မအထိ ရှည်သည်။ ပွင့်ညှာတံ၏ (၃) ပုံ (၂) ပုံခန့်အထိ သေးငယ်သောအပွင့်များ စီတန်းလျက်ပွင့်သည်။ ပွင့်တံကိုင်း (၄) ကိုင်းမှ (၇) ကိုင်းအထိ ထွက်၏။

အသီး။ ။ အစေ့များအလွန်သေးငယ်ပြီး ချွဲကပ်စေးထန်း၏။

ပေါက်ရောက်သည့်ဒေသ ။ ။ အလွန်အေး၍မြင့်မားသောတောင်ပေါ်အရပ်ဒေသ၌သာ ပေါက်ရောက်သည်။ ပြင်ဦးလွင်နှင့် အနီးတစ်ဝိုက်ဒေသများတွင် တွေ့ရှိရသည်။

ပေါက်ရောက်ပုံ ။ ။ သဘာဝအလျောက်ပေါက်ရောက်သည်။

အသုံးပြုသည့်အစိတ်အပိုင်း ။ ။ အရွက်၊ ပဓ္ဓငါးပါး၊ အမြစ်။

စွမ်းရည်ဂုဏ်သတ္တိ ။ ။ အရွက်သည် အေး၏။ ဆီးကိုရွှင်စေ၏။ အပင်သည် အဆစ်အဆက်ရောင်ရမ်းကိုက်ခဲခြင်း၊ ဝမ်းတွင်း၌ရစ်ခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ကိုပျောက်စေရန် အတွင်းဆေး၊ အပြင်ဆေးအဖြစ်သုံးနိုင်သည်။ အားတိုးဆေးအဖြစ်လည်း များစွာအသုံးပြုရ၏။

အသုံးပြုပုံ။ ။ ပျား၊ ပဆုပ်ပနီ၊ နကျယ် စသည့် အဆိပ်ရှိသည့်သတ္တဝါများတုပ်ခြင်း၊ ကိုက်ခြင်းနှင့် အခြားသော အဆိပ်သင့်သော ရောဂါများအတွက် အရွက်စိမ်းကို ညက်ညက်ကြိတ်၍ ကိုက်သောဒဏ်ရာများကို ဆေးလိမ်းပေးခြင်း၊ အုံကပ်ပေးခြင်းဖြင့် အဆိပ်များ မြန်စွာပြေပျောက်၏။ အနာများတွင် လည်းကောင်း၊ ထိခိုက်ရှနာဒဏ်ရာများမှ လည်းကောင်း သွေးစိမ်းများယိုသောအခါ၌ အထက်ဖော်ပြပါအတိုင်း ပြုလုပ်ပေးခြင်းဖြင့် သွေးယိုစီးခြင်းကို ရပ်တန့်စေ၏။

အရွက်ကို ပြုတ်၍ ဖန်ရည်ဆေးပေးပါက အနာများ ပြည်ပုပ်၊ သွေးပုပ်စင်ကြယ်၍ အသားနုတက်လွယ်စေ၏။

ခံတွင်း၌ ပူလောင်ပေါက်ကွဲခြင်း၊ အပူဖု၊ အပူအိတ်များပေါက်ခြင်း၊ လျှာကွဲ၊ လျှာနာဖြစ်ခြင်း၊ သွားကိုက်သွားနာ၊ သွားဖုံးရောင်ခြင်း၊ သွားရင်းမှ ပြည်များယိုစီးခြင်း၊ ရေစီးကမ်းပြိုဖြစ်ခြင်းများအတွက် အရွက်ပြုတ်ရည်ကို ခပ်နွေးနွေးငုံပေးသော် ပျောက်ပါ၏။

အရွက်ကြိတ်ညှစ်ရည်ကို နားတွင်းသို့ တစ်နေ့ (၂) ကြိမ်၊ (၃) ကြိမ်မျှခတ်ပေးသော် နားကိုက်၊ နားပြည်ယိုရောဂါ ပျောက်၏။

ဇင်းကြိတ်ညှစ်ရည် ကို ရက်ရှည်စွဲသောက်သော် ငှက်ဖျားရောဂါအမြစ်ပြတ်၏။

အရွက်ကို ကျက်ကျက်ပြုတ်၍ တစ်နေ့ (၂) ကြိမ်မျှ ဇင်းပြုတ်ရည်အနီး အငွေ့ခံခြင်း၊ အငွေ့မှိုင်းခံခြင်းဖြင့် မိန်း... များ မီးယပ်ဖြူဆင်းခြင်း၊ ကျား၊ မ မ... ညောင်းကျခြင်း၊ လိပ်ခေါင်းရောဂါဖြစ်ခြင်းနှင့် ဖောရောင်ခြင်း ပျောက်၏။

အရွက်ကို မီးကင်၍ တစ်နေ့ (၂) ကြိမ်မျှ ကပ်ပေးသော် စူးနေသော ဆူး... များ အလိုအလျောက်ပင်ကျွတ်ထွက်၏။ မကျက်နိုင်သောအနာများလည်း အမြန်ကျက်၍ ပျောက်လွယ်၏။

အရွက်ပြုတ်ရည်ကို သကြားသင့်ရုံထည့်သောက်ပါက ဆီးပူခြင်း၊ နီခြင်း၊ ဆီးနည်းခြင်း၊ မိတ်ထွက်ခြင်း၊ အနာ... အနာလျှံအနာအစက်များပေါက်ခြင်းနှင့် ဝမ်းတွင်း၌အပူအားကြီးခြင်းများပျောက်ပါ၏။

ပဓ္ဓငါးပါး။ ။ပ ဓ္ဓငါးပါးကို ရေနွေး... ကျို၍မှန်မှန်သောက်သော် ဆီးချိုရောဂါ ပျောက်ကင်းပါ၏။

အဆုတ်ရောဂါအတွက် ပဓ္ဓငါးပါး ကြိတ်ညှစ်ရည်ကို ည၊ နံနက် မှန်မှန် သောက်၊ ပျောက်၏။

အမြစ် ။ ။ နာတာရှည်အဖျား ရက်ခြားဖျားရောဂါများအတွက် အရွက်နှင့်အမြစ်ကို ပြုတ်သောက်သော် အဖျား ပျောက်၏။

တိုင်းရင်းဆေးပညာကို သေ... သို့မယူလိုပါ။ တိုင်းရင်းဆေးပညာများကို ရေးသားခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ထားပါက လိုအပ်သောအခါ... မှာ အသုံးပြုလို့ရနိုင်ပါသည်။

တိုင်းရင်းဆေးဗဟုသုတ ပြည့်... ကုံလုံပြည့်စုံနိုင်ကြပါစေ။

*စစ်မှန်သော...*

*စေတနာမေတ္တာမှန်ပြ...*

*ကျန်းမာချမ်းသာကြပါစေ...*

မဟာနွယ်(မန်းတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

လျှမ်းထောက်

# ဗြိတိသျှမြန်မာနိုင်ငံတရားစီရင်ရေး



ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၄ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့ထုတ်ဝေသော Daily Eleven သတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**လူဖြူရဲအရာရှိက လူမည်းတစ်ဦးကို သေဆုံးစေမှုအား တရားစွဲဆိုခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည့်အတွက် နယူးယောက်မြို့တွင် ဆန္ဒပြပွဲများဖြစ်ပွား**

လူမည်းတစ်ဦးအား အသက်ရှူကျပ်အောင်ပြုလုပ်ကာ သေဆုံးစေခဲ့သည့် လူဖြူရဲအရာရှိတစ်ဦးအား တရားစွဲဆိုခြင်းမပြုလုပ်ရန် ဒီဇင်ဘာလ ၃ ရက်တွင် တရားသူကြီးအဖွဲ့က ဆုံးဖြတ်ခဲ့သည့်အတွက် ထောင်နှင့်ချီသောလူများသည် နယူးယောက်မြို့၏လမ်းများပေါ်တွင် ဆန္ဒပြခဲ့ကြောင်းသိရသည်။ အလားတူ ဆုံးဖြတ်ချက်မျိုးကြောင့် အမေရိကန်ပြည်ထောင်စုမြို့ကြီးများတွင် မငြိမ်သက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရက်အနည်းငယ်အကြာ၌ ယခုကဲ့သို့ နယူးယောက်မြို့တွင် ထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ တရားသူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်က ထပ်မံဆွပေးခဲ့သည်။

ရဲတပ်ဖွဲ့က လူပေါင်း(၃၀)ဦး ထက်မနည်းကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နယူးယောက်ရဲမင်းကြီး ဘီဘရက်တန်က ပြောကြားခဲ့သည်။

ဆန္ဒပြခဲ့သည့် လူအုပ်စုငယ်လေးများမှနေ၍ ဘရော့(ဒ်)ဝေးလမ်းတစ်လျှောက် လူပေါင်း (၅၀၀၀) ခန့်အထိ ပါဝင်သည့် ချီတက်ပွဲကြီးအသွင်ပြောင်းသွားကာ တိုင်း(မ်)စတွဲယား ရင်ပြင်တို့အထိရောက်ခဲ့ကြောင်း၊ ဝါရှင်တန်ပို့(စ်) သတင်းစာကြီးက ဖော်ပြခဲ့ကြောင်း၊ ချီတက်ပွဲကြီးတစ်လျှောက် ယာဉ်ကြော၌ ညပ်ပါလာသောကားများမှ ယာဉ်မောင်းတို့ကလည်း မော်တော်ကားဟွန်းတီးကာ ဆန္ဒပြသူများနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိကြောင်း ပြသခဲ့ကြသည်ဟုဆိုသည်။

အထက်ဖော်ပြပါ သတင်းကိုပင် ကျွန်တော်တို့နိုင်ငံမှထုတ်ဝေသော အခြားသတင်းစာများ၊ ဂျာနယ်များတွင် ဓာတ်ပုံအထောက်အထား ဝေဝေဆာဆာနှင့် ဖော်ပြခဲ့ကြသည်သာမက နိုင်ငံတကာမှ ထုတ်လွှင့်သောရုပ်သံလွှင့်အစီအစဉ်များက ထုတ်လွှင့်ပေးခဲ့ရာ နိုင်ငံတကာသို့ အထူးဂယက်ရိုက်ခတ်ခဲ့သောသတင်း ဖြစ် ခဲ့၏။

မှန်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် သမိုင်းအဆက်ဆက် ဒီမိုကရေစီကို မြှတ်နိုးသော နိုင်ငံကြီးတစ်နိုင်ငံဟု နိုင်ငံတကာမှ လေးစားမှတ်ယူထားခဲ့ကြသည်။ ယနေ့ဆိုလျှင် ဆူပါပါဝါနိုင်ငံကြီးတစ်နိုင်ငံဖြစ်သောဖြစ်သော အမေရိကန်ပြည်ထောင်စုအား နိုင်ငံတကာမှ မော့ကြည့်ခဲ့ကြရ၏။ တရားဥပဒေစီရင်ရေးတွင် မှန်ကန်တိကျစွာ လိုက်နာဆောင်ရွက်သည်ဟုလည်း မှတ်ယူထားကြ၏။ သို့သော် လူဖြူ လူမည်း အသားအရောင် ခွဲခြားသောစနစ်ကိုမူ အမြစ်မဖြုတ်နိုင်သည်ကို တွေ့ခဲ့ကြရ၏။ ဤဖြစ်ရပ်သည် ဖြူစင်သော တရားဥပဒေစီရင်ရေးကို အစွန်းအမည်းထင်ခဲ့လေသည်။

ယခု ရေးသားဖော်ပြမည့် အလားတူ တရားစီရင်ရေးတွင် မျက်နှာဖြူလူမျိုးနှင့် မြန်မာလူမျိုးတို့ ခွဲခြားခဲ့သည့် တရားစီရင်ရေးဖြစ်ခဲ့သည်။ အမှုအခင်းကြီးတစ်မှုအကြောင်းဖြစ်ပါသည်။ထိုအမှုအခင်းကြီးကို ၁၉၂၉ ခု၊ နိုဝင်ဘာလတွင် ဗြိတိသျှမြန်မာနိုင်ငံရန်ကုန်မြို့တော်တွင်း ဖြစ်ပွားခဲ့သောမှုခင်း ဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကိုလိုနီခေတ် ရန်ကုန်မြို့တော် အခြေအနေကို တင်ပြရမည်ဖြစ်ပါသည်။

ထိုစဉ်က ဗြိတိသျှအစိုးရအုပ်ချုပ်ရာ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်လင့်ကစား ရန်ကုန်မြို့တော်လူထုမှာ အိန္ဒိယတိုင်းရင်းသားများ၊ တရုတ်အမျိုးသားများ ဗြိတိသျှနှင့် ဥရောတိုက်သားအများဆုံးနေထိုင်သောမြို့ ဖြစ်သည်။ မြန်မာလူမျိုးများမှာ ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်များတွင်သာ နေထိုင်ကြသည်။ မြို့လယ်ရပ်ကွက်များတွင်မူ တရုတ်၊ အိန္ဒိယနှင့် နိုင်ငံခြားသားများ နေထိုင်ကြပြီး စီးပွားရေးလောကတွင်လည်း တရုတ်၊ အိန္ဒိယတိုင်းရင်းသားများနှင့် ဥရောပတိုက်သားများ လက်ဝါးကြီးအုပ်ထား၍ မြန်မာတိုင်းရင်းသား အရင်းအနည်းငယ်သာ တရုတ်၊ ကုလားနှင့် ဥရောပတိုက်သားများကို ပခုံးချင်းယှဉ်နိုင်ခဲ့သည်။ မှတ်တမ်းများအရ ရန်ကုန်မြို့တော်တွင် အိန္ဒိယတိုင်းရင်းသားအလုပ်သမား နှစ်သိန်းနီးပါးရှိသည်ဟု သိရ၏။ မျက်နှာဖြူဥရောပတိုက်သား (၈၀၀၀)ကျော်ရှိသည်ဟုလည်းဆိုသည်။

ဥရောပတိုက်သားအများစုတို့မှာ ဗြိတိသျှအမျိုးသားများသာဖြစ်ကြပြီး ထိုသူတို့သည် ဂျင်မခါနာကလပ်၊ ပဲခူးကလပ်၊ တတ်(ဖ်)ကလပ်ခေါ် သီးသန့်အဖွဲ့အစည်းများကို ဖွဲ့စည်းထားကြ



www.burmeseclassic.com

www.burmeseclassic.com



၍ ထိုသီးသန့်အဖွဲ့အစည်းများအတွင်း ထိပ်တန်းမြန်မာအရာရှိကြီးများပင် ယင်းအဖွဲ့အစည်းအသင်းသားအဖြစ် ဝင်ခွင့်မရကြပေ။ သာဓကအားဖြင့် ရန်ကုန်တက္ကသိုလ်မှဗြိတိသျှအမျိုးသားပါမောက္ခဂျီဟိတ်(ချ်)လူ(စ်)ကိုပင် မြန်မာအမျိုးသမီးနှင့် လက်ထပ်ခဲ့သဖြင့် မြန်မာအလိုတော်ရိဟု သတ်မှတ်ထားသည်။ ပြီး ထိုအသင်းဝင်များက ခပ်ကင်းကင်း ဆက်ဆံသည်ဟု သိရ၏။

ထို့အတူ ရန်ကုန်မြို့တွင် ကျိကျိတက်ချမ်းသာကြွယ်ဝသော တရုတ်သူဌေးကြီး လင်ချင်ချောင်၊ မြန်မာတော်ဝင်မင်းဆွေမင်းမျိုး ထိတ်တင်မလတ် မြန်မာအမျိုးသားဝန်ကြီးချုပ်နှင့် မြန်မာလူမျိုး အိုင်ဒီအက် အရပ်အခေါ် မိုးကျရွှေကိုယ်အရာရှိကြီးများလည်း ဝင်ခွင့်မရရှာပေ။ ထို့အတူ မြန်မာအမျိုးသား ဟိုက်ကုတ်တရားသူကြီးများလည်း ဝင်ခွင့်မရဟု သိရ၏။

ထိုကာလပ်များတွင် အင်္ဂလိပ်လူမျိုးသုံးစားရှိ၍ ၎င်းတို့မှာ အစိုးရအမှုထမ်းများ၊စစ်ဘက်အမှုထမ်းများနှင့်ကုန်သည်ပိုင် အင်္ဂလိပ်လူမျိုးများသာဖြစ်ကြသည်။ အစိုးရအမှုထမ်းအချို့မှာ မြန်မာနိုင်ငံအရပ်ရပ်တွင် အမှုထမ်းကြသူများဖြစ်ရကား တိုင်းရင်းသားမြန်မာများနှင့် လက်ပွန်းတတီး ဆက်ဆံခဲ့ကြရသဖြင့် မြန်မာစကားပြောတတ်၍ မြန်မာဓလေ့ထုံးစံများကို အတော်အသင့် နားလည်သူများဖြစ်ရကား လူမျိုးခွဲခြားသောစိတ်မပြင်းထန်လှ။


အချို့သော စစ်ဘက်ဝန်ထမ်း ဗြိတိသျှအမျိုးသားများနှင့် ကုန်သည်ဝန်ထမ်းအများကမူ လူမျိုးခွဲခြားသော စိတ်ဓာတ်အထူးပြင်းထန်လှ၏။ ထိုစဉ်က ရန်ကုန်မြို့တွင်နေထိုင်ကြသော ကုမ္ပဏီဝန်ထမ်းအများစုမှ ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီ၊ ဘီအိုအေ ရေနံထုတ်လုပ်ရေးကုမ္ပဏီ၊ ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ ဖူကာသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ စတီးဘရားသားသစ်ထုတ်လုပ်ရေးကုမ္ပဏီ စသောကုမ္ပဏီကြီးများမှ ဝန်ထမ်းများဖြစ်သည်။ ထိုကုမ္ပဏီကြီးများသည် ရန်ကုန်မြို့တော်ရှိ သီးသန့်ရပ်ကွက်များ၌ တစ်ထီးတစ်နန်းနေထိုင်ကြသည်။ အထက်ဖော်ပြပါ ကုမ္ပဏီကြီးများအနက် စတီးဘရားသားကုမ္ပဏီမှာ အထူးစိတ်ဝင်စားစရာကောင်းသောကုမ္ပဏီကြီး ဖြစ်ပါသည်။

ထိုကုမ္ပဏီကြီးကို တည်ထောင်သူ ဗြိတိသျှအမျိုးသား ဝီလီယံစတီးသည် ကုန်းဘောင်ခေတ်၏ လက်ထက်တော်ကြီးဟု သမိုင်းတွင်ထင်ရှားသော မင်းတုန်းမင်းခေတ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး ဝီလီယံစတီးနှင့်ကုမ္ပဏီဟု ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့သည်။ ထိုကုမ္ပဏီအား အရပ်သားအများကမူ 'စတီး ဘရားသားကုမ္ပဏီ' ဟု လူသိများခဲ့သည်။

စတီးဘရားသားသည် သစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း၊ ရေနံထုတ်လုပ်ရေးလုပ်ငန်း၊ ဝါဂွမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ မြေပဲပို့ဆောင်ရေးလုပ်ငန်း စသော လုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားခဲ့သည်သာမက အသက်အာမခံ၊ မီးအာမခံ စသော အာမခံလုပ်ငန်းအမျိုးမျိုးကိုလည်း စတီးဘရားသားကပြုလုပ်ခဲ့သည်ဟုဆိုသည်။ သို့ဖြစ်၍ ထိုစဉ်က မြန်မာနိုင်ငံသွင်းကုန်ထုတ်ကုန်မှန်သမျှ စတီးဘရားသားကုမ္ပဏီက လက်ဝါးကြီးအုပ်ထားသည်ဟု သိရ၏။ မြန်မာနိုင်ငံအတွင်း၌ ထိုစဉ်ကာလက ဆန်စက်ကြီးပေါင်း(၆၇၃)လုံးရှိရာ ထိုဆန်စက်ကြီးများအနက် အကြီးမားဆုံး ဆန်စက်မှန်သမျှ စတီးဘရားသားကပိုင်သည်ဟု သိရ၏။ ဝါစက်(၅၃)လုံးရှိရာတွင် အကြီးမားဆုံးနှင့်အကောင်းဆုံးဝါစက်များကို စတီးဘရားသားကုမ္ပဏီက ပိုင်ဆိုင်လေသည်။ မှန်ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ စီးပွားရေးကို အရင်းအနှီးများများနှင့် လက်ဝါးကြီးအုပ်ကြီးကိုင်ခဲ့သည့် အရင်းရှင်ကုမ္ပဏီမှာ စတီးဘရားသားဖြစ်သည်။ မှတ်တမ်းများအရ စတီးဘရားသားကုမ္ပဏီ၏ အရင်းငွေသည် ပေါင်ပေါင်း နှစ်သန်းရှိသည်ဟု သိရ၏။

ဤသို့ မြန်မာနိုင်ငံ၏ စီးပွားရေးကို လက်ဝါးကြီးချုပ်ကိုင်ထားသော စတီးဘရားသားကုမ္ပဏီသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေးများတွင် အတော်အသင့် ဩဇာကြီးမားခဲ့၏။ ဤကဲ့သို့ စတီးဘရားသားကုမ္ပဏီ၏ အကြောင်း ရှည်လျားစွာ စကားပလ္လင်ခံနေရသည်မှာ အကြောင်းရှိပါသည်။ ယခု ရေးသား ဖော်ပြမည့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတုန်လှုပ်ခဲ့ရသော မှုခင်းကြီး၏ အဓိကတရားခံမှာ အထက်ဖော်ပြပါ စတီးဘရားသားကုမ္ပဏီရန်ကုန်ရုံးချုပ်မှာ နာမည်ကျော်ကြား လူသိများသော မစ္စတာဟယူး(စ်)ဆိုသူ အရာရှိကြီးတစ်ဦး ဖြစ်ပါသည်။ ထိုမှုခင်းကြီး၏ ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၂၉၊ နိုဝင်ဘာလ၊ ၄ ရက်နေ့ နံနက်တွင် ရန်ကုန်မြို့ လူစည်ကားရာ အလံပြဘုရားလမ်းအနီးရှိ စတီးဘရားသားကုမ္ပဏီ အရာရှိများရိပ်သာတွင် နေထိုင်သော စတီးဘရားသားကုမ္ပဏီ ထိပ်တန်းအရာရှိဖြစ်သူမစ္စတာဟယူး(စ်) မှာ စိတ်သောကရောက်နေရသည်။ အဖိုးတန်စိန်လက်ကြယ်သီးတစ်စုံရှာ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်။ ဒေါင်းတောက်အောင် ရှာဖွေသော်လည်း မတွေ့ရ။ သူ့အထင်တွင် ထိုအဖိုးတန်သော စိန်လက်ကြယ်သီးကို မြန်မာအစေခံ မောင်ဘချစ် ခိုးယူသည်ဟု ယူဆထား၏။ အစေခံဘချစ်သည် သူနှင့်အတူ နေထိုင်ခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီ ဖြစ်၏။ ပထမအစတွင် အစေခံဖြစ်သူ မောင်ဘချစ်မှာ သဘောကျစဖွယ်ဖြစ်သည်။ သို့သော် တဖြည်းဖြည်းနှင့် သူ့ဇာတိပေါ်လာခဲ့ရာ မစ္စတာဟယူး(စ်)သည် အစေခံ မောင်ဘချစ်အပေါ် သက်ာမကင်းဖွယ် လာသည်။

မစ္စတာဟယူး(စ်) ၏ ပစ္စည်းများ မကြာခဏ ပျောက်ဆုံးနေသည်။ ပတ်ဝန်းကျင်လေ့လာချက်များနှင့် သူပြောကိုယ်ပြောသတင်းများအရ အစေခံ မောင်ဘချစ်သည် ဘိန်းရှုသည်ဟု သိရကား မစ္စတာဟယူး(စ်)အဖို့ မောင်ဘချစ်အပေါ် မကျေနပ်စရာဖြစ်လာခဲ့ရ၏။ ယခုအခါတွင်မူ သူ့အားအထူးခင်မင်သူတစ်ဦးက လက်ဆောင်ပေးထားသော စိန်လက်ကြယ်သီးတစ်စုံ ပျောက်ဆုံးသွားသဖြင့် ထူးထူးခြားခြား စိတ်ထဲတွင် အခံရခက်နေ၏။ သို့ဖြစ်၍ စတီးဘရားသားအရာရှိရိပ်သာတွင် နေထိုင်သော သူ့မိတ်ဆွေ မစ္စတာမစ်ချယ်နှင့် သူ၏ ကိုယ်ရေးအရာရှိဖြစ်သူ အိန္ဒိယအမျိုးသားဆင်းကိုပါခေါ်ယူ၍ အစေခံဘချစ် အိပ်ခန်းအား ရှာဖွေရန် စီစဉ်ခဲ့၏။

တရားခံဘချစ်မိသားစုသည် အိမ်ရှင်နှင့်အတူ နေထိုင်ခြင်းမရှိဘဲ စတီးဘရားသားကုမ္ပဏီရိပ်သာရှိ အလုပ်သမားများတန်းလျားတွင် နေထိုင်ခဲ့၏။ မစ္စတာဟယူး(စ်)နှင့်အဖွဲ့ အစေခံတန်းလျားသို့ ရောက်လာသောအခါ တရားခံဘချစ်နှင့် ကလေးချီထားသော ဘချစ်၏ အမျိုးသမီးကို တွေ့ရ၏။ သူတို့နေအိမ်အနှံ့ ရှာဖွေသော်လည်း ပျောက်ဆုံးနေသော ပစ္စည်းအစအနကို မတွေ့ရပေ။ သို့သော် ဘချစ်၏ သေတ္တာအတွင်းမှ အပေါင်လက်မှတ်အချို့နှင့် သံဘူးတစ်ဘူးအတွင်း ဘိန်းဟုယူဆရသော အတုံးအခဲအနည်းငယ်တွေ့ရ၏။ သို့ဖြစ်၍ မစ္စတာဟယူး(စ်)သည် သူ့ကိုယ်ရေးအရာရှိ အိန္ဒိယအမျိုးသား ဆင်းအား အပေါင်လက်မှတ်များကိုယူ၍ အပေါင်ဆိုင်သွားကာ ရွေးကြည့်ပါဟု ခိုင်းခဲ့ပြီး မြို့သို့ထွက်သွားခဲ့သည်။

ညနေ ရုံးမှပြန်ရောက်သောအခါ မစ္စတာဟယူး(စ်)အား သူ့ကိုယ်ရေးအရာရှိ ဆင်းက သူ အပေါင်ဆိုင်မှ ရွေးယူခဲ့သော အဝတ်အစားများကို ပြသသည်။ ထိုအဝတ်အစားများအားလုံးမှာ ပျောက်ဆုံးနေသော စိန်ကြယ်သီးနှင့်ပတ်သက်၍ အစအနမတွေ့ရ။ သို့ဖြစ်၍ အချစ်အား စုံစမ်းမေးစစ်ဆေးရန် သူ့အခန်းသို့ ခေါ်ခဲ့သည်။

မစ္စတာဟယူး(စ်)နေသော အရာရှိရိပ်သာ တတိယထပ်မှာ ပေ (၃၀) ခန့်မြင့်၏။ ဘချစ်၏ဇနီး မကြွယ်သည် သူ့ယောကျ်ားဘချစ်အား မစ္စတာဟယူး(စ်) ခေါ်ယူသွားခဲ့သဖြင့် စိုးရိမ်ကာ ကလေးကိုချီ၍ လိုက်ပါသွားပြီး မစ္စတာ ဟယူး(စ်)နေသော တတိယထပ် အိမ်ပြတင်းပေါက်အောက်တည့်တည့်မှစောင့်ကြည့်သည်။ ထိုအချိန်တွင် အစေခံဘချစ်အား စစ်မေးနေသောအခန်းဆီမှ ထုသံရိုက်သံများကြားရပြီး ဘချစ်၏အော်သံများ ကြားရသဖြင့် ဇနီးဖြစ်သူ မကြွယ်က သူ့ယောကျ်ားအား တရားမဲ့ရိုက်နေကြပါသည်ဟု အော်ဟစ်ရာ လူအများစုကရောက်လာခဲ့၏။ သို့သော် လူအများအား အိန္ဒိယတိုင်းရင်းသား အစောင့်ဖြစ်သူက အပေါ်သို့တက်ခွင့်မပေး။

ထိုအတွင်း သည်းထိတ်ရင်ဖိုဖွယ်ရာမြင့်ကွင်းကို မြင်ကြရ၏။ ရုတ်တရက် ဘချစ်သည် မြေပြင်သို့ ပက်လက်လန်အနေအထားဖြင့် ကျလာတော့၏။ ဤမြင်ကွင်းကို မြင်ကြရသော လူအများမှာ အံ့အားသင့်သွားကြသည်။ ထိုအတွင်း မစ္စတာဟယူး(စ်)နှင့် မစ္စတာမစ်ချယ်တို့သည် မော်တော်ကားကို ထုတ်ခဲ့ကြပြီး ကွယ်လွန်ခါနီးဖြစ်နေသော ဘချစ်အား မော်တော်ကားပေါ်သို့တင်ပြီးနောက် သူ့ဇနီးမကြွယ်ကိုပါ ခေါ်ယူ၍ ဆေးရုံကြီးသို့သွားကြသည်။ ဘချစ်မှာ ဆေးရုံရောက်၍ ဆရာဝန်များ စမ်းသပ်ကြည့်ရှုနေချိန်၌ လုံးဝသတိရခြင်းမရှိ။ တစ်စုံတစ်ရာကို ထုတ်ဖော်ပြောပြနိုင်ခြင်းလည်းမရှိခဲ့။ ထိုနေ့ညတွင်ပင် ဘချစ် ကွယ်လွန်ခဲ့ရ၏။

ဆေးရုံမှအပြန်တွင် မစ္စတာဟယူး(စ်)သည် ပုလိပ်ဂါတ်တဲ (ယခု ရဲစခန်း) သို့ဝင်၍ သူ့ပစ္စည်းများပျောက်ဆုံးသဖြင့် ဘချစ်အား ခေါ်ယူစစ်ဆေးနေစဉ် ဘချစ်သည် ပြတင်းပေါက်က ခုန်ချ၍ မိမိကိုယ်မိမိ အဆုံးစီရင်သွား၍ သေဆုံးကြောင်း တိုင်ချက်ဖွင့်ခဲ့သည်။

နောက်နေ့၌ သူ့ယောကျ်ား သေဆုံးသွားကြောင်း သိရှိရသော မကြွယ်သည် သက်ဆိုင်ရာ ဂါတ် (ရဲစခန်း) သို့သွား၍ မြန်မာအမျိုးသား ပုလိပ် (ရဲ) အရာရှိတစ်ဦးအား သူ့ခင်ပွန်းဖြစ်သူကို စတီးဘရားသားကုမ္ပဏီမှ အရာရှိဖြစ်သူ မစ္စတာဟယူး(စ်)နှင့် သူ့မိတ်ဆွေတို့က ရိုက်နှက်စစ်ဆေး၍ သေဆုံးရကြောင်း တိုင်ကြား၏။ (ထိုစဉ်ကာလက ရန်ကုန်မြို့မပုလိပ်အဖွဲ့(ရဲ) တွင် မြန်မာအမျိုးသားပုလိပ်(ရဲ)အရာရှိနှင့် ပုလိပ်(ရဲ)သားအထူးနည်းပါးသည်။ အရာရှိအများနှင့် ပုလိပ်သားအများမှာ ဗြိတိသျှအမျိုးသားများ ဗြိတိသျှမြန်မာ၊ ဗြိတိသျှအိန္ဒိယကပြားများနှင့် အိန္ဒိယတိုင်းရင်းသားများက များပြားသည်။)

သက်ဆိုင်ရာ မြန်မာပုလိပ် (ရဲ) အရာရှိက ဘချစ်၏ဇနီးဖြစ်သူ တိုင်ကြားသည်ကို မှတ်သားထားခဲ့၏။ ထိုစဉ်က အစဉ်အလာအတိုင်း သေဆုံးသူ၏ အလောင်းအား မှုခင်းပါရဂူသည် သက်ဆိုင်ရာသက်သေများကို ခေါ်ယူပြီးလျှင် ဘချစ် အဘယ်ကြောင့် သေဆုံးရသည်ကို စနစ်တကျစုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး ဘချစ်၏ ကိုယ်ခန္ဓာတွင် နှိပ်စက်ညှဉ်းပန်းရိုက်နှက်သည့် ဒဏ်ရာတစ်စုံတစ်ရာမတွေ့ရ။ ဘချစ်သည် မိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်းသာ ဖြစ်သည်ဟု အဆုံးအဖြတ်ပေးခဲ့၏။ သို့သော် ထိုဖြစ်စဉ်အား မြန်မာလူမျိုးများ သိရှိသွားကြပြီး ချဲ့ထွင်ပြောဆိုခဲ့ကြသဖြင့် အုတ်အော်သောင်းတင်းဖြစ်ရသောသတင်းဖြစ်ခဲ့၏။

ထိုစဉ်ကမြန်မာသတင်းစာလောကတွင် အထင်ကရဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့်သူရိယသတင်းစာကြီးများကမူ ဘချစ်အား ဗြိတိသျှအမျိုးသားအရာရှိနှစ်ဦးက သေလုမြောပါးရိုက်နှက်၍ အသက်ထွက်ခါနီးမှ အလောင်းအား ဖျောက်ဖျက်ရန်ခက်သဖြင့် ပြတင်းပေါက်မှ ထိုးချဟန်ဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ရေးသာဖော်ပြကြသဖြင့် ထိုသတင်းမှာ ဟိုးလေးတကျော်ဖြစ်လာသည်။ မြန်မာအမျိုးသားအများကမူ ဗြိတိသျှအစိုးရသည် သူတို့မျက်နှာဖြူများအဖို့ ဥပဒေတစ်မျိုး၊ မြန်မာအမျိုးသားများအဖို့ ဥပဒေတစ်မျိုးထားသည်ဟု စွပ်စွဲခဲ့ကြသည်။ ထိုစဉ်က ဥပဒေပြုအမတ်များ (ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) လွှတ်တော်အတွင်း မေးမြန်းရန် ပြင်ဆင်နေသည် ဟူသောသတင်းများထွက်လာသဖြင့် ဗြိတိသျှအစိုးရအဖို့ အကျပ်ရိုက်လာခဲ့၏။

အလောင်းအား စစ်ဆေးသော မှုခင်းပါရဂူသည် တရားခံဟု ယူဆရ

www.burmeseclassic.com

မျက်နှာဖြူ အမျိုးသားဘက်မှလိုက်၍ ဆုံးဖြတ်ချက်ပေးခြင်းသာဖြစ်သည်ဟူ၍လည်း မှတ်ယူထားကြသော မြန်မာလူထုသည် ဆူဆူပူပူဖြစ်တော့မည့်အနေအထားဖြစ်လာ၏။ တစ်နိုင်ငံလုံးစိတ်ဝင်စားသော မှုခင်းကြီးတစ်မှု ဖြစ်လာခဲ့ရ၏။

ထိုအတောအတွင်း မစ္စတာဟယူး(စ်)အား မည်သည့်ပုဒ်မနှင့်အရေးယူမည်ကို သိရှိခြင်းမရှိသော ပုလိပ် (ရဲ) တို့သည် သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြခဲ့ရ၏။ သက်ဆိုင်ရာ ပုလိပ် (ရဲ) မင်းကြီး(ညွှန်ကြားရေးမှူးချုပ်)ကလည်း ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံဖြစ်သူ ဆာချားလ်အင်နက်ထံ ဆက်လက်၍ ခွင့်ပြုချက်တောင်းရသည်ဟူသော သတင်းများလည်း ပေါ်ထွက်လာသည်။

မြန်မာလူထုအဖို့ ထိုအမှုများ အထူးစိတ်ဝင်စားသော့အမှုဖြစ်လာရာ ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ရမည့်ကိန်းဆိုက်လာမည်ကို , ဗြိတိသျှ အာဏာပိုင်များက စိုးရိမ်လာခဲ့ရကား မစ္စတာဟယူး(စ်)အား ပုဒ်မ (၃၃၀) ဖြင့် အရေးယူရန် စီမံခဲ့ကြသည်။ ပုဒ်မ(၃၃၀) မှာ ပုလိပ် (ရဲ) များက တရားခံများကို ညှဉ်းပန်း၍ ဖြောင့်ချက်ပေးစေရန်ပြုလုပ်ခြင်းမှုကာကွယ်သောပုဒ်မ ဖြစ်သည်။

ဘချစ်သေဆုံးခဲ့ပြီး ရက်သတ္တပတ်သုံးပတ်ကြာမြင့်ခဲ့သော နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မစ္စတာဟယူး(စ်)အား ဖမ်းဆီး၍ အမှုကို စနစ်တကျ တည်ဆောက်ကာ ထိုစဉ်က ရန်ကုန်အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) မစ္စတာ မောရစ်ကောလစ်ရုံးသို့ တရားစွဲခဲ့သည်။

မစ္စတာ မောရစ်ကောလစ်သည် မြန်မာလူမျိုးတို့ လွတ်လပ်ရေးရရှိရန်အတွက် နည်းမျိုးစုံနှင့် တိုက်ပွဲဝင်နေသောအချိန်တွင် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း (အိုင်စီအက်) အရာရှိတစ်ဦးဖြစ်လာသူ ဖြစ်၏။ ထိုကာလက အိုင်စီအက်(စ်)အရာရှိများကို မြန်မာတို့ကမူ 'မိုးကျရွှေကိုယ်'များဟု ကင်ပွန်းတပ်ထား၏။ ထိုသူတို့သည် မြို့ပိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး-နယ်ပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) အရေးပိုင် တိုင်းမင်းကြီးနှင့် အတွင်းဝန်ချုပ်အထိ ရာထူးများရရှိကြသည်။ ကံကောင်းလျှင် ဘုရင်ခံအထိ ဖြစ်နိုင်သည်။

သို့သော် မောရစ်ကောလစ်မှာ အထက်ပါလူတန်းစား အိုင်စီအက်(စ်)များတွင် ပါဝင်သူမဟုတ်ပါ။ သူသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အလေးထားသူတစ်ဦးဖြစ်သည်သာမက မြန်မာလူမျိုးများနှင့် လက်ပွန်းတတီးနေသူဖြစ်ရကား သူ့အား ဗြိတိသျှလူမျိုးအများကမူ မြန်မာအလိုတော်ရိဟု မှတ်ယူထားသဖြင့် သူ့အား ထိုစဉ်က မဲဇာဟုခေါ်လေ့ရှိသော မြန်မာနိုင်ငံ အစွန်းအဖျားဒေသများသို့ ပို့ထား၏။ သို့သော် ရန်ကုန်တွင် ခေတ္တတာဝန်ယူထားရစဉ် ထိုအမှုအား စစ်ဆေးစေခဲ့ခြင်း ဖြစ်၏။

ဘချစ်ဘက်မှ ဥပဒေအကျိုးဆောင်ဖြင့် လိုက်ပါသူမှာ ထိုစဉ်က နာမည်ကျော်ဝတ်လုံတော်ရဦးပေါ်ထွန်း (နောင်ပြည်ထဲရေးဝန်ကြီးချုပ်ဖြစ်လာသူ ဆာပေါ်ထွန်း) ဖြစ်ပြီး မစ္စတာဟယူး(စ်)ဘက်မှမူ ဗြိတိသျှအမျိုးသား မစ္စတာမက်ဒေါ်နယ် ဖြစ်သည်။ ထိုပုဒ်မအရ မစ္စတာဟယူး(စ်)မှာ ဒဏ်ငွေမျှသာ ချမှတ်နိုင်သည်။ ဗြိတိသျှအစိုးရအာဏာပိုင်များသည် မြန်မာလူထုလေးစားသော မစ္စတာ မောရစ်ကောလစ် ရုံးတော်သို့ ထိုအမှုအား တမင်တင်ခြင်း ဖြစ်သည်ဟု သိရ၏။

ထိုပုဒ်မအရ မစ္စတာဟယူး(စ်)အား ဒဏ်ငွေတပ်ရုံသာရှိပေသည်။ သို့သော် မစ္စတာ မောရစ်ကောလစ်သည် ထိုအမှုစီရင်ချက်၌ မစ္စတာဟယူး(စ်)သည် လူမျိုးကွဲဖြစ်သော ဘချစ်ကို သူနှင့်တန်းတူဖြစ်သော လူတစ်ယောက်ဟု သဘောမထားခဲ့သည်သာမက ကျန်ရစ်သူ ဘချစ်၏ဇနီးဖြစ်သူအား ထိုက်သင့်သော ငွေကြေးထောက်ပံ့မှုပေးခြင်းမရှိခြင်းမှာ သင့်တော်ခြင်းမရှိဟုဆိုကာ ရေးသားဖော်ပြခဲ့သည်။ ထိုစီရင်ချက်၌ပင် ဗြိတိသျှတို့၏ လူတန်းစားခွဲခြားမှုကို ပေါ်လွင်အောင် ထည့်သွင်း ရေးသားထားရာ ဗြိတိသျှလူမျိုးအသိုင်းအဝိုင်းကမူ မစ္စတာမောရစ်ကောလစ်အား မြန်မာ အလိုတော်ရိ မလိုလားအပ်သော အိုင်စီအက်အရာရှိတစ်ဦးဟု ယူဆခဲ့ကြပါကြောင်း။

လှမျိုးထက်

ကျမ်းကိုး -

- Trials In Burma.
By.M.Wllis
- သတင်းမှတ်တမ်းများ

## စိုးမင်း(မြောက်စည်း)

# ဖြူဆွး

စာရေးသူရဲ့ အစ်မအကြီးဆုံး
စက်ချုပ်သူပါ။ သူက အကျီချုပ်တဲ့အ
မှာ ကော်လာ၊ လက်ပတ်ကလေးတွေ
ထောင့်ချွန်းတွေကို ဖြူဆွးနဲ့ထိုးပြီးပြ
တာတွေ့ရဖူးတယ်။

မူလတန်းကျောင်းသားဘဝတု
က အတန်းပိုင်ဆရာမက သူ့တ
အတွက် ခြေအိတ်၊ လက်အိတ်၊ အ
ထည်တွေကို ဖြူဆွး (၃)၊ (၄) ချော
ပိုင်ပိုင်နိုင်နိုင်ထိုးနိုင်ပါတယ်။ အ
တော်တဲ့ဆရာမဗျ။

ယောနယ်က အသုံးလေ
တော့ တစ်မျိုးဗျ။ ကိုယ်ဝန်ဆောင်
တွေအတွက် ဖြူဆွး (၁) ချောင်း
လိုတယ်ဗျ။ မွေးသင့်ပါလျက်မ
ခက်ခဲနေကြန့်ကြာနေပါရင်
မိခင်ရဲ့ခေါင်းမှာ ဖြူဆွး (၁) ချောင်း
ဆံထိုးလေးလိုထိုးထားလိုက်ရင်
ဆုံး မီးဖွားပါသတဲ့ဗျား။

နောက်ထပ်အသုံးလေးက
မီးလောင်ဒဏ်ရာ၊ ဆီပူ၊
လောလောလတ်လတ် ကြုံတွေ့
ရင် ဖြူဆွးအား ကျောက်ပျဉ်မှာ
သွေးပြီး အနာပေါ်လိမ်းပေးလို
အမြန်ဆုံး သက်သာပျောက်ကင်း
ဖွေးဖွေးဖြူဖြူ အမာရွတ်ပင်မ
လို့ဆိုပါတယ်ခင်ဗျာ။

နောက်ထပ် အသုံးကတော့
ဆူးအသုံးမဟုတ်ဘဲ ဖြူရဲ့ချေးအ
ချေးခါးချက်စားရင်, အစာအိမ်
သည်များလက်တွေ့ပျောက်ကင်း
ခင်ဗျား။

စိုးမင်း (မြောက်



www.burmeseclassic.com

www.burmeseclassic.com

(ရေနံချောင်း)

အေးချမ်းအောင်

# စပါးကြီးအဆီနှင့်မီးလောင်နာ

ကျွန်တော်သည် သစ်တောထွက်ကုန်ပစ္စည်းများထုတ်လုပ်သောကုမ္ပဏီကြီးတွင် တာဝန်ယူလုပ်ကိုင်ခဲ့စဉ်အခါက မြန်မာပြည်အရပ်ရပ်ရှိ တောတောင်နေရာအတော်များများကို ရာသီအလိုက် သွားရောက်၍ ကုန်ကြမ်းများရှာဖွေထုတ်လုပ်ရလေသည်။ ထိုသို့သွားလာရင်းဖြင့် အမှတ်မထင် တွေ့ရှိသိခဲ့ရသော လွန်စွာအစွမ်းထက်သော စပါးကြီးမြွေအဆီအသုံးဝင်ပုံကို လက်တွေ့ သိမြင်ခဲ့ရပါသည်။

တစ်ရက်တွင် တောင်ပေါ်မှာဖွင့်ထားသော ကုန်ကြမ်းအဝယ်စခန်း (၁) ခုကို တစ်နေ့တာလုပ်ငန်းများကို စစ်ဆေးပြီး ပင်မစခန်းရှိရာသို့ ညနေ(၁)နာရီလောက်တွင် ပြန်ရောက်လာခဲ့သည်။

ကျွန်တော် ကားပေါ်မှဆင်းလိုက်သည်နှင့် -

"အစ်ကိုကြီး၊အကိုက်အခဲပျောက်ဆေးပြားတစ်ပြားလောက်ပေးပါ"

ဟု မဝံ့မရဲနှင့် ပြောလာသည့် ခေန်းစောင့် ကိုနိုင်ထွန်းစကားကြောင့်-

"ကိုနိုင်ထွန်း၊ အကိုက်အခဲပျောက်ဆေးတောင်းတာ ဘာဖြစ်လို့လဲဗျ"

ဟု မေးလိုက်တော့ -

"ကျွန်တော့်အငယ်ဆုံးကောင်ဗျာ၊ မီးဖိုထဲအိပ်ငိုက်ကျလို့ ခေါင်းမှာမီးလောင်ဒဏ်ရာဖြစ်သွားတယ်။ ဒီညမအိပ်နိုင်ဖြစ်နေမှာစိုးလို့ အစ်ကိုကြီးဆီဆေးလာတောင်းတာပါ"

ကိုနိုင်ထွန်းစကားကြောင့် သူ့သားအငယ်ဆုံးကောင်ဆိုတော့ (၁၀)လသားအရွယ် ဖြူဖြူဖွေးဖွေး ချစ်စဖွယ်သူ့သားလေးကို ပြေးမြင်မိသည်။

"မီးလောင်တာဘယ်လောက်များသလဲ၊ ဘယ်အချိန်ကဖြစ်တာလဲ၊ ခုဘာတွေလုပ်ထားလဲ"

ဟု ကျွန်တော်က အရေးတကြီး ဒိုးရိမ်ပူပန်စွာမေးလိုက်တော့ -

"ဒီမနက်အစောကပဲ သူ့အမေအိပ်ရာထတော့ ဂျိုကျလိုက်သွားတာ၊ မီးဖိုဘေးထိုင်ခိုင်းထားတာ။ အိပ်ငိုက်ပြီး မီး ဖိုထဲခေါင်းကျသွားတာ၊ ခေါင်းတစ်ခြမ်းမီးလောင်သွားတယ်"

"မီးလောင်တာ ပေါ့လို့မဖြစ်ဘူးလေဗျာ။ ကျွန်တော်လိုက်ကြည့်မယ်"

ကိုနိုင်ထွန်းသားလေး မီးလောင်ဒဏ်ရာမှာ နည်းနည်းမဟုတ်ပါ။ ခေါင်းတစ်ခြမ်းလုံးဖြစ်နေသည်။ အဆီတဝင်းဝင်းနှင့်။ ကလေးဒဏ်ရာကို ကျွန်တော်ကြည့်ပြီး စိုးရိမ်သွားသည်။ ကလေးကတော့ သူ့အစ်ကို၊ အစ်မများနှင့် ဆော့ကစားနေသည်ကို တွေ့ရသည်။

"မီးလောင်ဒဏ်ရာက အများကြီးပဲ ကိုနိုင်ထွန်း။ ဆေးရုံပဲဖြစ်ဖြစ်၊ ဆေးခန်းပဲဖြစ်ဖြစ်သွားမှဖြစ်မယ်လေ။ ကျွန်တော်ကားနဲ့လိုက်ပို့ပေးမယ်"

"ရတယ် အစ်ကိုကြီး ရတယ်၊ ကိစ္စမရှိပါဘူး"

"ဒီလောက်ဒဏ်ရာကြီးဗျာ၊ခင်ဗျားဟာ မဟုတ်သေးပါဘူး"

ကိုယ့်ကလေး ဒီလောက်ဒဏ်ရာကြီးဖြစ်နေတာကို အလေးမထားသလိုပြောလိုက်တဲ့ ကိုနိုင်ထွန်းကို ဘယ်လိုလူစားလဲဟု ကျွန်တော် နားမလည်စွာကြည့်ရင်း စိတ်ထဲမှာလည်း မိဘမဟုတ်သလိုဘဲဟု မကျေမနပ်ဖြစ်နေမိသည်။

"ဒီမှာဒီလိုနေလို့မဖြစ်ဘူးလေဗျာ၊ ဆေးဝါးဆိုတာလည်းရှိတာမဟုတ်ဘူး"

"မီးလောင်နာလောက်တော့ စာမဖွဲ့လောက်ပါဘူးဗျာ။ စပါးကြီးမြွေအဆီလိမ်းပေးထားပါတယ်"

"နေပါဦး၊ ခင်ဗျားစပါးကြီးမြွေအဆီက ဘယ်လောက်စွမ်းလို့လဲ"

စိတ်ချဉ်ပေါက်ပေါက်နှင့် ပြောလိုက်တော့-

"အစ်ကိုကြီးရဲ့စေတနာကို ကျွန်တော် လေးစားတန်ဖိုးထားပါတယ်။ စပါးကြီးအဆီလိမ်းပေးထားရင် လေး၊ ငါးရက်အတွင်း ကလေးပြန်ကောင်းသွားမှာပါ။ အစ်ကိုကြီးဆီ အကိုက်အခဲပျောက်ဆေးတောင်းရတာကလည်း ညအအေးပိုင်းရောက်ရင် ဒဏ်ရာကနာပြီး ကလေးမအိပ်နိုင်မှာစိုးလို့ပါ။ စပါးကြီးမြွေအဆီက မီးလောင်နာ၊ ရေနွေးပူလောင်နာကို တကယ်ကောင်းတဲ့ဆေးပါ အစ်ကိုကြီး"

ကိုနိုင်ထွန်းစကားတွေကို လုံးဝကျွန်တော်လက်မခံနိုင်ပါ။ ဘာပဲဖြစ်ဖြစ် ဆေးရုံ ဆေးခန်းတော့သွားသင့်ပါသည်။ ခြေ၊ လက် သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်း တစ်နေရာမှာဖြစ်တာဆို တော်သေး၊ ခုတော့ ခေါင်းမှာ၊ ကာယကံရှင်ကိုပြောမရတော့ ကျွန်တော့်မှာ ကရုဏာဒေါသနှင့် စိတ်မကောင်းစွာ စိတ်လျှော့ပြန်ခဲ့ရလေသည်။

ကျွန်တော့်စိတ်ထဲမှာတော့ ဒီကလေး ဒုက္ခရောက်တော့မှာပဲဟု တွေး၍ စိတ်မကောင်းဖြစ်နေမိသလို ကိုနိုင်ထွန်းကိုလည်း အလိုလိုဒေါသဖြစ်နေမိသည်။

ကိုနိုင်ထွန်းတို့လင်မယားကတော့ အလုပ်အကိုင်မပျက်၊ တောင်ပေါ်ယာခင်းဆီ နေ့စဉ်အသွားမပျက်။ ကလေးသည်လည်း အဆော့အကစားမပျက်မြင်နေရတော့ ကျွန်တော့်စိတ်ထဲ ထူးဆန်းနေမိသည်။

သို့နှင့် (၅)ရက်ခန့်ရှိတော့ ကလေးခေါင်းမှ မီးလောင်ဒဏ်ရာမှာ လုံးဝပျောက်ကင်းသွားသည်ကို တွေ့ရလေသည်။ မီးလောင်နာကို နေ့စဉ်လာကြည့်သောကျွန်တော့်ကို ကိုနိုင်ထွန်းက -

"အစ်ကိုကြီး၊ ကလေးခေါင်းက အနာ ပျောက်သွားပြီလေဗျာ"

"အေးဗျ - ခင်ဗျားစပါးကြီးမြွေအဆီက တကယ်စွမ်းတာပဲနော့"

"အစ်ကိုကြီးလက်တွေ့ပဲလေ"

"ကိုနိုင်ထွန်း၊ ကျွန်တော် စပါးကြီးမြွေအဆီရချင်တယ်ဗျာ။ လက်တွေ့ကောင်းတာ မြင်ရသိရတော့ လိုချင်လာပြီဗျို့။ မှဆိုးတွေဆီရှာပေးစမ်းပါဦး"

"ဘယ်မှရှာစရာမလိုပါဘူး။ ကျွန်တော့်ဆီမှာရှိပါတယ်"

ကိုနိုင်ထွန်းထံမှ စပါးကြီးမြွေအဆီ ပုလင်းဝက်ခန့် ရရှိလေသည်။ စပါးကြီးအဆီပေးတော့ ကိုနိုင်ထွန်းက-

"အစ်ကိုကြီး၊ စပါးကြီးအဆီက အပူလောင်နာတင် သုံးလို့ရတာ မဟုတ်ဘူးဗျ။ ထမ်းပိုးဒဏ်မိတဲ့နွားတွေ ပခုံးပေါက်ရင်လည်း စပါးကြီးအဆီလိမ်းပေးရင် အလုပ်နားစရာမလိုဘဲ ပခုံးအနာပျောက်တယ်"

ပခုံးပေါက်တော့မယ့်နွားဟာ ပခုံးကျိန်းပြီးအကျိတ်ဖြစ်နေရင် အကျိတ်ပြေအောင် နွားပိုင်ရှင်အချို့က လူရဲ့ကျင်ငယ်ရေနဲ့ ဆုပ်နယ်ပေးကြတယ်။ အဲဒီလိုလုပ်တာ အကျိတ်အတွက် ကောင်းပေမယ့် မသင့်လျော်ဘူး။ အခု စပါးကြီးအဆီသုတ်လိမ်းဆုပ်နယ်ပေးထားရင် အကျိတ်ပျောက်တယ်ဗျ"

ဟု စပါးကြီးအဆီအသုံးပြုနိုင်သည်များကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုအေးမြစေသား)

(၁၁၉) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပြန်ပါပြီ။

ချမ်းသာကြွယ်ဝသောသူဌေးကြီးများ များစွာပေါ်ထွန်းလာဦးတော့မည်ဖြစ်၏။

ချမ်းသာခြင်းများစွာကိုဖြစ်လာစေတော့မည့် ဂဏန်းလုံးလေးများစွာနှင့် တစ်ထောင့်တစ်နေရာမှ ပါရမီဖြည့်လိုက်ရမည်ရှိသော် -

**တနင်္ဂနွေသားသမီးများ**

ဇူလိုင်လ ၈၊ ၂၁၊ ၂၂၊ ၂၅ ရက်တို့တွင် ထီထိုးပါ။ ဘုရားရှင်အား ရွှေရင်အေးကပ်လှူပူဇော်ပါ။ (၇) ကြိမ်ပြည့်အောင် ကပ်လှူပူဇော်ပြီးပြီဆိုလျှင် ထီထိုးပါ။ ရန်ဖြစ်သည့်နိမိတ်၊ စကားအခြေအတင်ပြောသည့်နိမိတ်နှင့် ဆုံနေလျှင် ဂဏန်းမရွေးဘဲထိုးပါ။

ဩဂုတ်လတွင် ၄၊ ၈၊ ၅၊ ၇ ဂဏန်းများကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဇူလိုင်လ ၈၊ ၂၂၊ ၂၃၊ ၂၆ ရက်များမှာထီထိုးပါ။

ဘုရားရှင်အား သစ်သီး(၆)မျိုးနှင့် ပူဇော်ပြီး အဓိဋ္ဌာန်တစ်ခုခုဝင်လိုက်ပါ။ (၃)ရက်၊ (၅)ရက်၊ (၇)ရက် အဆင်ပြေသလိုဝင်ပြီး အောင်မြင်သည်နှင့် မိုင်ပေါင်းများစွာဝေးသည့်ဒေသသို့ ဘုရားဖူးခရီးသွားကြမည့်နိမိတ်မြင်လျှင်၊ ကြားလျှင် ထိုနေ့နောက်ပိုင်း ထီထိုးပါ။

ဩဂုတ်လတွင် ၇၊ ၅၊ ၁၊ ၄ ဂဏန်းများနှင့်ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဇူလိုင်လ ၉၊ ၂၀၊ ၂၃၊ ၂၄ ရက်များမှာထီထိုးပါ။

အားသောတစ်ရက်ကိုအချိန်ယူပါ။ ထိုနေ့တွင် တစ်နေ့တည်း ဘုရား(၇)ဆူပြည့်အောင် သွားရောက် ဖူးမြော်ပါ။ ဘုရားတိုင်းမှာ ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဩဂုတ်လတွင် ၆၊ ၅၊ ၃၊ ၂ ဂဏန်းများကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇူလိုင်လ ၂၁၊ ၂၂၊ ၂၄၊ ၂၅ ရက်များမှာထီထိုးပါ။

ရပ်ဝေးဘုရားဖူးခရီးသွားပြီး ပြန်လာသောသူကို ကြိုက်ရာဂဏန်းရွေးပြီး ထိုးခိုင်းပါ။ သူထိုးပေးသောဂဏန်းများအတိုင်း အစဂဏန်းများကို တစ်ထပ်တည်းတူအောင်ထပ်ထိုးပါ။ (ကိုယ်ကထိုးချင်သည့်အစောင်ရေ ထပ်ထိုးလိုက်ပါ။)

ဩဂုတ်လ ၇၊ ၁ ဂဏန်းများစွာကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဇူလိုင်လ ၈၊ ၂၂၊ ၂၃၊ ၂၅၊ ၂၆ ရက်များမှာ ထီထိုးပါ။

အလွန်ရင်းနှီးသောမိတ်ဆွေထံမှဖြစ်စေ၊ သွားရင်းလာရင်းဖြစ်စေ၊ ရတနာ ရွှေငွေပစ္စည်းများနှင့်သက်ဆိုင်သော မင်္ဂလာအသံတစ်ခုခုကြားလိုက်သည်နှင့် ထီထိုးပါ။

ဩဂုတ်လတွင် ၆၊ ၅၊ ၁၊ ၇ ဂဏန်းများနှင့်ကံစပ်သည်။

**သောကြာသားသမီးများ**

ဇူလိုင်လ ၉၊ ၁၇၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့တော်ရှိသော ဘုရားစေတီများသို့ သွားရောက်၍ ဖယောင်းတိုင် (၂၁) တိုင်စီ ထွန်းညှိပူဇော်ပါ။ (၄) ဆူပြည့်အောင် တစ်နေ့တည်းသွားပါ။ အပြန်မှာ ထီထိုးပါ။

ရန်ကုန်တွင် ရွှေတိဂုံ၊ ရွှေကြက်ယက်၊ ရွှေနားပန်၊ ရွှေဘုန်းပွင့်၊ ရွှေအုတ်ဂူ (သာကေတ) စသော တန်ခိုးကြီး ဘုရားစေတီများရှိသဖြင့် လွယ်ကူသော်လည်း အခက်အခဲရှိသောဒေသတွင် ရွှေဘွဲ့အမည်ရှိသောဘုရားသို့ (၄) ရက်ဆက် သွားရောက်ပူဇော်ပြီးမှ ထီထိုးပါ။

ဩဂုတ်လတွင် ၇၊ ၆၊ ၄၊ ၃ ဂဏန်းများကံစပ်ပါသည်။

**စနေသားသမီးများ**

ဇူလိုင်လ ၇၊ ၁၁၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄ ရက်များမှာထီထိုးပါ။

တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူသို့ လမ်းလျှောက်သွားပါ။ အနီးဆုံးဘုရားဖြစ်လျှင်ရပါသည်၊ ဝေးလည်းရပါသည်။ ဘုရားရောက်လျှင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီး အပြန်မှာ ထီထိုးလိုက်ပါ။

ဩဂုတ်လတွင် ၇၊ ၅၊ ၁ ဂဏန်းများကံစပ်နေပါသည်။

၁၇-၇-၂၀၁၅ သောကြာနေ့နှင့် ၃၁-၇-၂၀၁၅ သောကြာနေ့တို့တွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးသင့်ပါသည်။ ဖြစ်အောင်ထိုးပါ။ ၄၊ ၈ ဂဏန်းများစွာပါအောင်ထိုးလိုက်ပါ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြစေသား)

---

ကိုနိုင်ထွန်း၏ ကလေးငယ်သည်လည်း နှစ်လခန့်အကြာတွင် မီးလောင်ထားသောနေရာမှဆံပင်များမူလအတိုင်း ပြန်ပေါက်လာသည်ကိုတွေ့ရလေသည်။

ကိုနိုင်ထွန်းထံမှရရှိသည့် စပါးကြီးအဆီသုံးဖြစ်ဖို့ အကြောင်းဖန်လာခဲ့လေသည်။ ကုမ္ပဏီအလုပ်ထဲလုပ်ကိုင်နေသည့် မိန်းကလေး အလုပ်မှခွင့်ပေးဖို့ ခွင့်ပန်လာ၍ မေးကြည့်တော့ သူ့အမေထန်းလျက်ကျိုရာ ထန်းလျက်ဖြစ်ခါနီး ထန်းလျက်ပူလောင်၍ သူ့အမေအလုပ်ကိုသာလုပ်ရမည်ဖြစ်လို့ ခွင့်တောင်းခြင်းဖြစ်ကြောင်း သိရလေသည်။

ထန်းလျက်ပူလောင်တဲ့အခြေအနေကိုမေးကြည့်တော့ လက်ကောက်ဝတ်မှ အရည်အားလုံးကွာကျသွားသည်။ ဆေးခန်းသုံး၊ လေးခေါက်ရောက်ပြီးပြီဟု သိရသည်။

စပါးကြီးအဆီပေးလိုက်ပါသည်။ ရက်ပိုင်းတွင်း ပျောက်ကင်းမည်ဖြစ်ကြောင်းလည်း ပြောပြလိုက်ပါသည်။

သုံးရက်ရှိတော့ ထိုမိန်းကလေး အလုပ်ပြန်ဆင်းလာပါသည်။ သူပြောပြသည်က စပါးကြီးအဆီလိမ်းလိုက်သည်နှင့် တစ်ချိန်လုံးပူလောင်နာနေသည်များ သိသိသာသာအေးပြီး နာကျင်မှုတွေ ပျောက်ကင်းသွားခဲ့သလို အနာလည်း ကျက်သွားပြီဖြစ်ကြောင်း၊ အလုပ်ပြန်လုပ်နိုင်ပြီမို့ အလုပ်ပြန်ဆင်းကြောင်း ပြောပြကာ ကျွန်တော့်အားကျေးဇူးတင်စကားနှင့်အတူ ထန်းလျက်များလက်ဆောင်အဖြစ်ပေးလာပါသည်။

စပါးကြီးအဆီသည် အပူလောင်နာခြင်းအမျိုးမျိုးကို အထူးပင်ပျောက်ကင်းသောဆေးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အေးချမ်းအောင်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ခုနှစ်၊ ဇူလိုင်လ

# ကောင်းကျိုးပေဖြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**ဇူလိုင်လ ၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင်က အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၃ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ်တောင်။လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၆ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်၊ ဝေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊တနင်္လာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၇ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၈ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ဝေဒါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၉ ရက်၊ ကြာသပတေး** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၀ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် ပန်းရောင်၊အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၂ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အညိုရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဇူလိုင်လ ၁၃ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၄ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၉၊

www.burmeseclassic.com

၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၆ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၇ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သားမှာ ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဗိနော (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၈ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် လိမ္မော်ရောင်၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၁၉ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၀ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၁ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၃ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၉၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၄ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၅ ရက်၊ စနေနေ့-**လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၆ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၇ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၈ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၃၀ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇူလိုင်လ ၃၁ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံ ဗိနော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဋ္ဌယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့အသီး၊ အညွန့်၊ ပန်း၊ အာဟာရများနှင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်းဘုရား (၅) ဆူလှည့်၍ ပန်းပေါင်းစုံ (၅) မျိုးစီ ကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့် စက်ပစ္စည်းအဟောင်း၊ အပျက်များကို ချက်ချင်း ရှာဖွေရှင်းလင်းစွန့်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပေးပါ။ ခိုလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - စိတ်ဝေဒနာရှင်များနှင့်တွေ့တိုင်း အလှူဒါနလေးများ တစ်နိုင်ပြုလုပ်ပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနာမည်ရှင်နှင့် ထီစပ်ထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -သောကြာနံ့ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အားအိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်၊ အမည်းရောင်လေးများဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများ (လိပ်စာ၊ ငါးစာ) ကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - သောကြာနံ့ထီဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွားလျှင်နီးသော ဘုရားစေတီတစ်ဆူဆူတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ကိုယ်အင်္ဂါမသန်စွမ်းသောချို့တဲ့သူများကို ဆေးဝါး၊ ဓာတ်စာများလှူပါ။
**ထီက်ကောင်းလိုသူများ** - ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆံရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့်စက်ပစ္စည်းအဟောင်းအပျက်များကို ချက်ချင်းရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုအမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - စာကလေးလွှတ်ခြင်း၊ စာကလေးအစာကျွေးခြင်းများ ကုသိုလ်ပြုပါ။
**ထီက်ကောင်းလိုသူများ** - သောကြာနံထီဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီး (၆) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီးတဟီး အစချီသော ဘုရားရှိခိုးဂါထာကို ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ မကြာမကြာဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ မီးခွေးလေးများကို မကြာမကြာ အစာကျွေးပါ။
**ကျန်းမာရေး** - နှမ်းပါးသော မိခင်အရွယ်သက်ကြီးရွယ်အိုများကို ဆေးဝါး၊ ငွေကြေးလှူပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာ ထီဆိုင်များတွေ့ပါက နှစ်ဆိုင်၊ သုံးဆိုင်ခွဲပြီး နိုင်သလောက် ထိုးထားပါ။ (၇) ဂဏန်းများစွာပါအောင်ရွေးချယ်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များ အရုဏ်ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။
**လူမှုရေးအတိုက်အခံများသူများ** -သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပေးပါ။
**ကျန်းမာရေး** - စာကလေးလွှတ်ခြင်း၊ အစာကျွေးခြင်းများ ကုသိုလ်ပြုပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါလေ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများ ကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကိုလက်နှင့်ထိပြီး ဒိဝါတပတိဂါထာမကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာနှင့်ပဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဆီမီးထွန်းညှိပူဇော်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာတော်ရွတ်၍ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်လည်းကောင်း၊ ကိုယ်တိုင်ခရီးသွားရင်းဖြင့်လည်းကောင်း ထီထိုးပါ။ ဂဏန်းရွေးမနေပါနှင့်။ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယခုလတွင်-

တနင်္ဂနွေစ စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဥက္ကာတိုး၊ အေးနှင်း၊ အုန်းထွင်၊ ဧကရီထိန်။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်

www.burmeseclassic.com

ဆောင်ရန်၊ ရှောင်ရန်တွေအများကြီးထဲက -

အင်္ဂဝိဇ္ဇာပညာခန်းလာ 'မင်းကုသကိုဆောင်မှ ကောင်းလင့်ရာ၊ စေတိယကိုရှောင်မှကြောင်းသင့်စွာ' ဆိုတဲ့ ပညာခန်းလာ လင်္ကာရယ်၊ 'စေတိယကိုဆောင်မှ ကောင်းလင့်ရာ၊ မင်းကုသကိုရှောင်မှ ကြောင်းသင့်စွာ' ဆိုတဲ့ ပညာခန်းလင်္ကာရယ်ကို -

တော်တော်များများ သိကြပြီးဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် -

သိသလိုလိုနဲ့ ဝေတေတေဖြစ်နေကြသူများကိုလည်း တွေ့နေရတဲ့အတွက်ရယ် -

အမှန်တကယ် သိလိုသူများအတွက်ရယ် -

မင်းကုသနဲ့ စေတိယပညာခန်းကို သူရဇ္ဇလက်ဆောင်အဖြစ် စဉ်းစားခဲ့ရပါတော့တယ်။

ဟုတ်ပါတယ် -

မင်းကုသကိုဆောင်မှ ကောင်းလင့်ရာဆိုတာက -

တနင်္ဂနွေကို မူတည်ထားပြီး ပြလိုက်တဲ့လင်္ကာပါ။

ဆိုတဲ့အဆောင်ကိုပြုရင် အောင်မြင်တာကို ဆိုလိုတာပါ။

ပန်းအိုးတစ်လုံးထဲ ရေထည့်ပြီး ပျဉ်းမ(၅)ညွန့် ဒါမှမဟုတ် မေမြို့(၅)ခိုင်၊ ကံ့ကော် (၂) ညွန့်၊ သပြေ (၆) ညွန့်ကို စိုက်ထိုးထားပြီး တနင်္ဂနွေနေ့ မနက် (၉) နာရီ (၄၅) တိတိမှာ ဘုရားပူဇော်ထားရင်လည်း ဒါဟာအတော့်ကိုအောင်မြင်လှတဲ့ အထက်ဆောင်ပန်းအစီအရင်ပါပဲ။

ဒီလိုမှမဟုတ်ဘဲ ဂြိုဟ်သက်တွေနဲ့ မေမြို့(၁၉)ခိုင်၊ ကံ့ကော် (၁၅) ညွန့်၊ သပြေ(၂၁)ညွန့်နဲ့ စိုက်လှူပူဇော်ရင်လည်း ရပါတယ်။

တချို့ သိကြားမင်းပုံထုပြီး ဆောင်ထားကြသူတွေလည်းရှိပါတယ်။ သိကြားမင်းပုံထုကြတာကလည်း 'မင်းကုသ' အဆောင်ပညာခန်းပါပဲ။ ထူးခြားအောင်မြင်ကြတာချည်းပါပဲ။

ကံ့ကော်သားနဲ့ ထုကြတာတွေ သပြေသား၊ သီးသားနဲ့ထုကြတာတွေ၊ ပေါက်သား၊ ပျဉ်းမသားနဲ့ ထုကြတာတွေ တွေ့ရပါတယ်။ ပုံကတော့ အရွယ်အစား အမျိုးမျိုးပါပဲ။ များသောအားဖြင့်တော့ ရွှေအစစ်ချပြီးဆောင်ကြတာများပါတယ်။

ဒါ အထက်ဆောင်ပန်းအဆောင်ပါပဲ။

တော်တော်များများ လက်မလွှတ်ကြပါဘူး။

ကြေးနဲ့ပုံလောင်းထားတဲ့ သိကြားမင်းပုံတော်တောင်တွေ့ဖူးပါတယ်။တနင်္ဂနွေသားဆောင်ထားတာပါ။ တကယ်လည်း အောင်မြင်နေတဲ့သူပါ။

အထက်ဆောင်ပန်းကို စနစ်တကျဆောင်လိုက်ချိန်ကစပြီး ရရှိလာတဲ့ စွမ်းအားတွေ၊ အကျိုးပေးတွေက ဆောင်ဖူးသူတွေသာ သိပါတယ်။

ဒါကြောင့်လည်း ရှေးရှေးက ပညာရှိကြီးတွေက သေသေချာချာပြသခဲ့တာပါ။

ဒီလိုဆို -

စေတိယကိုရှောင်မှ ကြောင်းသင့်စွာကို ကြည့်လိုက်ရင် -

၅
၂
၆
တနင်္ဂနွေ ၁
၄ — ယ
၀ — တိ
၃ — စေ
(၄ ၀ ၃ — ယ တိ စေ : ရှောင်ရန်)

# ဆရာဦးမောင်မောင်သန်း

## အဆောင်ကောင်းများအတွက်

## သူရဇ္ဇလက်ဆောင်

၅ — မင်း
၂ — ကု
၆ — သ
(၅ ၂ ၆ — မင်း ကု သ : ဆောင်ရန်)
တနင်္ဂနွေ ၁
၄
၀
၃

ဒီလိုပြထားတဲ့ အထက်ဆောင်ပန်းပါ။

တနင်္ဂနွေသားသမီးများဟာ ကြာသပတေးနံ အညွှန့်၊ အသား၊ တနင်္လာနံ အညွှန့်၊ အသား၊ သောကြာနံ အညွှန့်၊ အသားတို့ကို ဘုရားပူဇော်တာတို့၊ အသားကို အဆောင်ထုဆောင်တာတို့



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများဟာ ဇီး၊ ထန်း၊ ရွက်လှဆိုတဲ့ အညွန့်၊အသားတွေကို အဆောင်မပြုရဘူးလို့ ဆိုထားတာ ဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ ဒီသုံးနံက တနင်္ဂနွေတိုင်ကိုထူလိုက်ရင် အောက်နင်းကြမ်းဖြစ်နေလို့ပါပဲ။

နင်းကြမ်းကို ဆောင်ပန်းလုပ်လို့ မရပါဘူး။

ဒါ တော်တော်သတိထားရတဲ့ ပညာခန်းပါ။

အောက်ကနင်းကြမ်းအသားတွေကိုအဆောင်ထုပြီး လူမှာဆောင်ထားမယ်ဆိုရင် ခိုက်တတ်ပါတယ်။ တကယ်ခိုက်သွားတဲ့လူတွေလည်း တွေ့ဖူးတာမနည်းပါဘူး။ တချို့ အသက်အန္တရာယ်ပါထိခိုက်တဲ့အထိ ဆောင်သွားကြတဲ့သူတွေတောင် တွေ့ဖူးပါတယ်။

ဒါကတော့ ပုဂ္ဂိုလ်စွဲပါသွားပါပြီ။

ဘယ်သူကပေးတဲ့အဆောင်မို့ဆိုပြီး ခေါင်းမာမာနဲ့ တောင့်ခံရင်းတောင့်ခံရင်း နောက်ဆုံးဘဝမလှတော့တဲ့အချိန် နောက်ဆုံးထွက်သက်နဲ့ နိဂုံးချုပ်သွားကြသူတွေရှိပါတယ်။

ဒီနေရာမှာ ပြောပြချင်တာတွေ ရှိလာပါတယ်။

လူတစ်ယောက် သူဟာ တနင်္ဂနွေသားပါပဲ။ ထိမ်သားကို နဂါးမာန်ဖီနေဟန်ထုပြီး လည်ပင်းမှာဆွဲထားတဲ့လူနဲ့ ဆုံခဲ့ဖူးပါတယ်။

ခင်ဗျားဟာ တနင်္ဂနွေဖြစ်ပြီး ဘာလို့ ဒါကိုဆောင်တာလဲဆိုတော့ စောစောကပြောသလို ဘယ်သူစီရင်ပေးလို့ ဘယ်ဝါစီရင်ပေးလို့ပေါ့။ စနေ အထွန်းနဲ့ မွေးထားတာမို့ နဂါးဆောင်ရတာလို့ ပြောပါတယ်။ နဂါးက တော်တော်လှပါတယ်။

ဒါပေမယ့် သူ့ခမျာ ဘဝမလှခဲ့ရှာပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အတော့်ကို ကြိုးစားရှုန်းကန်ရင်းနဲ့ပဲ လူ့လောကကြီးကနေ ခရီးပြန်ဆက်သွားရှာပါပြီ။

သူ့လိုပဲ ကျောက်ဖြူလေးကို ဆင်ရုပ်ထုပြီးဆောင်ထားတဲ့ တနင်္ဂနွေသားတစ်ယောက်လည်း တွေ့ဖူးပါတယ်။ အိမ်ထောင်ကွဲသွားခဲ့သူဖြစ်ပါတယ်။ သူလည်း အဆင်မပြေရှာပါဘူး။

ဒါကြောင့် -

အောက်နင်းကြမ်းကို အထက်ဆောင်ပန်းလုပ်လိုက်ရင် ဖြစ်လာတဲ့ ဘေးထွက်ဆိုးကျိုးတွေက ကုစားရခက်လှပါတယ်။

ဒါ အတွေ့အကြုံတွေ အများကြီးထဲက တစ်ဦးစ၊ နှစ်ဦးစပဲရှိပါသေးတယ်။

ဟိုးတုန်းက အဆောင်လေးတွေ ထုရောင်းတဲ့သူတစ်ယောက်နဲ့ ခင်ခဲ့ဖူးပါတယ်။ သူထုရောင်းတဲ့ အဆောင်ရုပ်လေးတွေဟာ တော်တော်လှပါတယ်။ လာသမျှလူကို ညွှန်းပြီးရောင်းတာပါပဲ။

တစ်နေ့ မေးကြည့်ပါတယ်။ ဦးလေး တနင်္ဂနွေသားက ဆင်ပုံဆောင်လို့ ရလို့လားဆိုတော့ -

ဒီအရုပ်တွေက သိဒ္ဓိတင်ပြီးသားတွေကွတဲ့ -

သူကတော့ ဘယ်သူလာလာ ရောင်းနေတာပါပဲ။ မသင့်တာတွေ၊ သင့်တာတွေမပြောပါဘူး။ သူ့လက်ထဲထည့်ပြီးတော့တောင် မန်းမှုတ်ပေးလိုက်ပါသေးတယ်။

ဒါတွေကိုကြုံခဲ့စဉ်က ရန်လောက်၊ မိတ်လောက်သာ သတိထားရုံထားခဲ့မိပေမယ့် အင်္ဂဝိဇ္ဇာပညာတွေသင်လာခဲ့ရတဲ့အခါကျတော့ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းတွေ သတိထားလာခဲ့ရပါတော့တယ်။

အတိမ်းအစောင်းမခံတဲ့ပညာခန်းတွေပါ။

စသင်ခါစက နင်းကြမ်းကို ဆောင်ပန်းလုပ်ရင် ထိခိုက်ပုံတွေနဲ့ပတ်သက်ပြီး လက်တွေ့သိချင်တာနဲ့ နင်းကြမ်း(၃)မျိုးကို ပန်းကန်ထဲထည့်ပြီး ခေါင်းလျှော်ခဲ့ဖူးပါတယ်။

နောက်နေ့ကစပြီး တစ်ပတ်လောက်ဖျားတော့မှ နည်းနည်းလန့်သွားတာပါ။

ဒါ မင်းကုသကိုဆောင်၊ စေတိယကိုရှောင်တဲ့ ပညာခန်းပါပဲ။

ဒီလိုဆို တနင်္လာသားသမီးတွေ ဆိုပါတော့ -

၆ — သပြေ<br>
၃ — ဇီး<br>
၀ — ဒန်း<br>
(ဆောင်ပန်း)<br>
တနင်္လာ ၂<br>
၅<br>
၁<br>
၄

ဒါဟာ မင်းကုသကိုဆောင်ရတဲ့ ပညာခန်းပါပဲ။ အညွှန့်ပန်း (၃) မျိုးလုံးကိုဝေနေအောင် ပူဇော်ထား၊ပူဇော်ထား အသားတစ်မျိုးမျိုး အထက်ဆောင်ပန်း ပုံထုဆောင်ဆောင် ရပါတယ်။ တကယ်စွမ်းလှပါတယ်။ အချိန်အခါလည်းမိမယ်ဆိုရင် ပိုစွမ်းပါတယ်။ ဆောင်တတ်ဖို့လည်း လိုပါတယ်။ သန့်သန့်ပြန့်ပြန့် မွှန်မွှန်မြတ်မြတ်နဲ့ဆောင်လေ စွမ်းလေပါပဲ။

ဘယ်နေ့သားဖြစ်ဖြစ် အင်္ဂဝိဇ္ဇာ ခရာစောက်တိုင်ထူလိုက်လို့ အထက်သုံးမျိုးမှန်သမျှကို အဆောင်ပြုတာဟာ မင်းကုသကိုဆောင်မှ ကောင်းလင့်ရာ ပညာခန်းပါပဲ။

တန်ခိုးကြီး ဘုရားစေတီတွေကို ရောက်ပြီဆိုရင် အဲဒီလိုအထက်ဆောင်ပန်းတွေနဲ့လည်း ပူဇော်ပြီးကုသိုလ်ယူပါ။ ထူးထူးခြားခြား အောင်မြင်မှုတွေရလာပါလိမ့်မယ်။

၀ — ဒန်း/ထန်း<br>
၄ — ရွှက်လှ/ဝါး<br>
၁ — အုန်း<br>
အင်္ဂါ ၃<br>
၆<br>
၂<br>
၅

၁ — အုန်း<br>
၅ — ပျဉ်းမ/မေမြို့<br>
၂ — ကံ့ကော်-ကြံ<br>
ဗုဒ္ဓဟူး ၄<br>
၀<br>
၃<br>
၆

၂ — ကံ့ကော်<br>
၆ — သပြေ<br>
၃ — ဇီး<br>
ကြာသပတေး ၅<br>
၁<br>
၄<br>
၀

၃ — ဇီး<br>
၀ — ဒန်း/ထန်း<br>
၄ — ရွှက်လှ/ထန်း<br>
သောကြာ ၆<br>
၂<br>
၅<br>
၁

၄ — ရွှက်လှ/ဝါး<br>
၁ — အုန်း<br>
၅ — ပျဉ်းမ/မေမြို့<br>
စနေ ၀<br>
၃<br>
၆<br>
၂

ဒါက 'မင်းကုသကိုဆောင်မှ ကောင်းလင့်ရာ' ဆိုတဲ့ ပညာခန်းလာ အထက်ဆောင်ပန်းပညာခန်းတွေပါ။

အင်္ဂဝိဇ္ဇာအခါတစ်ခါမှာရောက်လာတဲ့သူတစ်ယောက်ကို အခါတိုင်ရဲ့ အထက်ကလူတွေနဲ့ ပေါင်းသင်းအကြံဉာဏ်ယူတိုင်ပင်ဖို့၊ အထက်က နံသင့်ပစ္စည်းတွေ၊ နံသင့်လုပ်ငန်းတွေကို စီးပွားပြုလုပ်ဖို့၊ အထက်က နံသင့်မြို့-ရွာ-ဒေသတွေကိုသွားပြီး စီးပွားရှာဖို့ နေထိုင်ဖို့ ခရီးသွားဖို့ အကြံပြုတဲ့ အထက်ဆောင်ပန်းပညာခန်းတော့မဟုတ်ပါဘူး။ အဲဒီပညာခန်းကို နောက်မှသီးသန့်တင်ပြပါဦးမယ်။

ခုဟာက အဆောင်ပညာခန်းပါ။

ဒါဆို -

အောက်နင်းကြမ်းကို ရှောင်ဖို့ဆိုတာလည်း ရှင်းသွားလောက်ပါပြီ။ စေတီယကိုရှောင်မှ ကြောင်းသင့်စွာဆိုတာကို သိလောက်ပါပြီ။

မွေးနံရဲ့အောက် (၃) လုံးကနံတွေကို အဆောင်မပြုဖို့ မဆောင်ဖို့ဆိုတာ ရှင်းသွားပါပြီ။

ရှင်းရင် -

စေတီယကိုဆောင်မှ ကောင်းလင့်ရာ

မင်းကုသကိုရှောင်မှ ကြောင်းသင့်စွာ -

ဆိုတဲ့ ပညာခန်းကို တင်ပြပါ့မယ်။

ဒါကတော့ တနင်္ဂနွေသားသမီးတစ်ယောက်ဟာ အကြံအစည်ကိစ္စကြီးငယ်ရှိရင် စေ-တိ-ယ ဆိုတဲ့ အင်္ဂါနေ့တို့၊ စနေနေ့တို့၊ ဗုဒ္ဓဟူးနေ့တို့မှာ အကြံအစည်ပြုပါလို့ ပြထားတဲ့ပညာခန်းပါ။

တနင်္ဂနွေကိုမူတည်ပြီး ပြထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

၅
၂
၆
တနင်္ဂနွေ ၁
ဆောင်ရန် ၄ — ယ
၀ — တိ
၃ — စေ

ဘာဖြစ်လို့ စေတီယကိုဆောင်ခိုင်းတာလဲ။

၀
၄
ဆပွတ် ၁ *
စေ ၃
၆
၂
၅

၄
အညွန့် ၁ *
၅
တိ ၀
၃
၆
၂

နဝင်း ၁ *
၅
၂
ယ ၄
၀
၃
၆

ကြည့်ပါ။

**စေ** ဆိုတဲ့ အင်္ဂါနေ့တို့၊ အင်္ဂါအခါတို့မှာဆိုရင် တနင်္ဂနွေသားသမီးများဟာ 'ဆပွတ်' ဆိုတဲ့အထက်မှာရှိနေပါပြီ။

**တိ** ဆိုတဲ့ စနေနေ့တို့၊ စနေအခါတို့မှာဆိုရင် တနင်္ဂနွေဟာ 'အညွန့်'ဆိုတဲ့ အထက်မှာ ရောက်နေပြန်တာပါပဲ။

**ယ** ဆိုတဲ့ ဗုဒ္ဓဟူးနေ့၊ ဗုဒ္ဓဟူးအခါတွေမှာ တနင်္ဂနွေဟာ နဝင်းလို့ခေါ်တဲ့ 'ပဥ္စပွတ်' နေရာကို ရောက်နေပြန်ပါပြီ။

စေတီယဆိုတဲ့ နေ့တွေ၊ အခါတွေမှာ တနင်္ဂနွေသားသမီးများဟာ မွေးနံအပေါ်မှာရှိလို့ -

စေတီယဟာ တနင်္ဂနွေသားသမီးတွေအတွက် ဆောင်ရတဲ့နေ့၊ ဆောင်ရတဲ့အခါ ဖြစ်ပါတယ်။

ဒါကြောင့် -

စေတီယဟာ တနင်္ဂနွေသားသမီးတွေအတွက် အကောင်းဆုံးနေ့တွေ၊ အကောင်းဆုံးအခါတွေအဖြစ်အဆောင်ပြုရတာမို့ -

စေတီယကိုဆောင်မှ ကောင်းလင့်ရာလို့ ပြသခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလိုဆို -

မင်းကုသကိုရှောင်မှ ကြောင်းသင့်စွာကိုကြည့်ပါ။

၂
၆
၃
ကြာသပတေး ၅ မင်း
၁
၄
၀

၆
၃
၀
တနင်္လာ ၂ ကု
၅
၁
၄

၃
၀
၄
သောကြာ ၆ သ
၂
၅
၁

ကြာသပတေးနေ့၊ ကြာသပတေးအခါမျိုးတွေမှာ တနင်္ဂနွေသားသမီးများဟာ စတုရန်းမှာရောက်နေပြီး -

တနင်္လာနေ့/ အခါတွေမှာ - အခိုက်မှာရောက်နေပါတယ်။

သောကြာနေ့/အခါတွေမှာကျတော့ တြိရန်းရောက်သွားပါပြီ။

မွေးနံအောက်မှာရောက်နေတာမို့ ကောင်းမြတ်တဲ့ အကြံအစည်မှန်သမျှ ပြုလို့မအောင်မြင်နိုင်တော့ပါဘူး။

ဒါကို မင်းကုသကိုရှောင်မှ ကြောင်းသင့်စွာလို့ ပြသခဲ့ကြတာဖြစ်ပါတယ်။

မွေးနံအပေါ်မှာ ရောက်နေတဲ့ စေ-တိ-ယဆိုတဲ့ အင်္ဂါနေ့/ အင်္ဂါအခါ၊ စနေနေ့/ စနေအခါ၊ ဗုဒ္ဓဟူးနေ့/ဗုဒ္ဓဟူးအခါတွေမှာ လုပ်ငန်းစတင်တာပဲဖြစ်ဖြစ်၊ အိမ်ဝယ်တာပဲဖြစ်ဖြစ်၊ ကားဝယ်တာပဲဖြစ်ဖြစ်၊ လက်ဝတ်ရတနာဝယ်တာပဲဖြစ်ဖြစ်၊ အရေးတကြီးကိစ္စတွေပြောဆိုတာပဲဖြစ်ဖြစ် တနင်္ဂနွေသားသမီးတွေအနေနဲ့ အင်မတန်မှ အောင်မြင်လှပေမယ့် -

မင်း-ကု-သဆိုတဲ့ ကြာသပတေး၊ တနင်္လာ၊ သောကြာနေ့တွေ၊ အခါတွေမှာတော့ မွေးနံအောက်ရောက်ပြီး ညံ့နေပါတယ်။ ရှောင်ပါလို့ပြထားတဲ့ ပညာခန်းတွေပါ။

ဒီလိုအချိန်မျိုးတွေကျတော့ ဘုရားရင်ပြင်တော်မှာ တံမြက်စည်းလှည်းတာတို့၊ အမှိုက်ကောက်တာတို့၊ မြက်နုတ်တာတို့၊ ကျီးရေဆေးတာတို့၊ သတ္တဝါလေးတွေကို အစာကျွေး၊ ဘေးမဲ့လွှတ်တာတို့ ပြုလုပ်သင့်ပါတယ်။

ဒါတွေဟာ ဆောင်တတ်၊ ရှောင်တတ်ရုံနဲ့ အင်မတန်ထူးခြားလှတဲ့ ပညာခန်းကြီးတွေပါပဲ။

ဝေတေတေဖြစ်မသွားဖို့ဘဲ လိုပါတယ်။

တချို့ မေးကြပါတယ်။

မင်းကုသကိုဆောင်မှ ကောင်းလင့်ရာဆိုပြီး နောက်ထပ်တစ်ကြောင်းမှာ မင်းကုသကိုရှောင်မှ ကြောင်းသင့်စွာ လုပ်ထားပြန်တယ်တဲ့။ အဲဒါ ဘယ်လိုဖြစ်လို့ ကွဲပြားနေတာလဲတဲ့။ ကြာလာတော့ ပုံနှိပ်တာတွေလွဲနေတာလားတဲ့၊ မေးခဲ့ကြသူတွေရှိပါတယ်။

မှန်ပါတယ်၊ ဆောင်ပါလို့ပြောတဲ့ နံတွေကို ရှောင်ပါလို့ ထပ်ပြောမှတော့ ဇဝေဇဝါဖြစ်သွားနိုင်တာ မဆန်းပါဘူး။

တတ်ကျွမ်း နားလည်တဲ့ ဆရာအရှင်ရဲ့ လက်တွေ့ပြသ သင်ကြားပေးခဲ့မှုတွေကြောင့်သာ လက်တွေ့ထိထိ ရောက်ရောက်သိခဲ့ရတာ ဖြစ်ပါတယ်။

ဆရာနဲ့လက်ထပ်မသင်ခဲ့ရရင်-

ဆရာ့ခြေရင်းမှာ ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးလို မသင်ခဲ့ရရင် သိပ်နားလည်ခဲ့မှာမဟုတ်ပါဘူး။ သိသလိုလိုနဲ့ ဝေနေတတ်တဲ့ပညာခန်းပါ။ ရှောင်ရမယ့်နေ့တွေ၊ အခါတွေမှာ ဘာကိုရှောင်ရမှာလဲ။ ဒါဖြင့် အဲဒီနေ့တွေ၊ အခါတွေမှာ ဘာကိုဆောင်ရင် သင့်တော်မှာလဲ ဆိုတာတွေနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့ ဆိုဆုံးမဩဝါဒတွေ၊ သင်ကြားမှုတွေကြားမှာ နည်းနည်းပါးပါးလေး မဆိုစလောက်မြင်ခဲ့တတ်ခဲ့ရတာဖြစ်ပါတယ်။

ဒီအမြင်၊ ဒီအသိလေးတွေကို နီးစပ်ရာ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေကနေ ထပ်ဖြည်းဖြည်း (၇) ရက်သားသမီး

www.burmeseclassic.com

ပေါင်းများစွာကို ဖြန့်ဝေပေးခဲ့လို့ အောင်မြင်လာတဲ့အခါ -

သူရဋ္ဌပရိသတ်ကြီးရဲ့ကျေးဇူးကို ရိုသေစွာ ဂါရဝပြုဖို့ စဉ်းစားခဲ့ရပြန်ပါတော့တယ်။

အခု -

လက်ဆောင်ပေးဖြစ်ပါပြီ။

ဆောင်ရန်ကို ယုံယုံကြည်ကြည် ဆောင်ပါ။ အချိန်နာရီတိကျတဲ့ ဆောင်မှု၊ ပူဇော်မှုတွေဆို ပိုပြီးအောင်မြင်ပါလိမ့်မယ်။

အထက်ဆောင်ပန်း (၃) မျိုးကို အိုးတစ်လုံးသတ်သတ်နဲ့ ရေထည့်ထိုးထားပြီး ဘုရားပူဇော်တာကို မွေးနေ့မနက် (၉) နာရီမှာ စတင်ခဲ့မယ်ဆိုရင် နောက်တစ်ပတ်လည်း မွေးနေ့မနက် (၉) နာရီမှာ အသစ်လဲလှယ်ပူဇော်တာမျိုးပေါ့။

အနည်းဆုံးတော့ (၉) ပတ်ပြည့်အောင် ပြုလုပ်ပါ။

မွေးနေ့(၉)ကြိမ်ဆိုရင် ထိရောက်ပါပြီ။

အောင်မြင်ခြင်းဆိုတာ လက်တွေ့စတင်ခြင်းတွေနဲ့လည်း ဆိုင်နေပါတယ်။

ဒါကြောင့်မို့ -

မင်းကုသကိုဆောင်မှ ကောင်းလင့်ရာ ဆိုတာရယ် -

မင်းကုသကိုရှောင်မှကြောင်းသင့်စွာ ဆိုတာရယ် တူမလိုလိုနဲ့ မတူတဲ့ ပညာခန်းကို သူရဋ္ဌပရိသတ်ကြီးအတွက် တင်ပြလိုက်ရတာ ဖြစ်ပါတယ်။

ဆောင်ရမှာတွေ -

ရှောင်ရမှာတွေ -

သိပြီဆိုတာနဲ့ စီးပွားရေးအောင်မြင်မှု၊ ကျန်းမာရေးအောင်မြင်မှု၊ လူမှုရေးအောင်မြင်မှု၊ ပညာရေးအောင်မြင်မှုတွေဆိုတာ လက်ဝယ်ပိုင်ပိုင်ရဖို့ သေချာသွားပါပြီဆိုတဲ့အကြောင်း မေတ္တာစကားပြောကြားရင်း -

ရှောင်ရန်၊ ဆောင်ရန် ပညာခန်းတွေထဲက ပညာခန်းတစ်ခုနဲ့ ဂါရဝပြုလိုက်ပါပြီ။

*ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာနဲ့*
*အောင်မြင်ကြပါစေ*

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

# အဆီပြန်ကင်း၊ ဝက်ခြံရှင်းသော ဝင်းပမျက်နှာဖြစ်စေရန်

တူမကမွေးသော မြေးမလေး မေနှင်းကြည်မှာ ယခုနှစ် တက္ကသိုလ်ဝင်တန်းသို့တက်နေရပြီ ဖြစ်ပါသည်။ စာကြိုးစားပြီးတော်သကဲ့သို့ လှချင်ပချင်ဝတ်တတ်စားတတ် သပ်သပ်ရပ်ရပ်ဖြစ်လာသည်ကိုလည်း ဘကြီးဖြစ်သူ ကျွန်ုပ် သိမြင်အကဲခတ်မိသည်။

လှချင်ပချင်အပျိုဖော်ဝင်လာသော မြေးမလေးမှာ 'အကျည်းတန် မှန်ကြိုက်' ဟု ဆိုရလေမလားမသိ။ တစ်နေ့ငါးကြိမ်မှ ဆယ်ကြိမ်အထိ မှန်နှင့်မျက်နှာမခွာတမ်းကြည့်နေတတ်လေသည်။ အဲ - ကောင်းသည့်အချက်တစ်ခုကတော့ မှန်မျက်နှာပြင်အထက်နားတွင် ရေးထားသော စာသားလေးပင်ဖြစ်သည်။ ကျွန်ုပ်တို့ငယ်စဉ်ကလည်း ထိုသို့ရေးခဲ့ဖူးသည်ပင်။ ဘာတဲ့ - အလှအတွက်မှန်ကြည့်သလို ဘဝအတွက် စာကြည့်ပါဟူ၍ပင်။

သူ့ခမျာ စာကျက်လိုက်၊ စာကြည့်လိုက်၊ တစ်ခါမှန်ကြည့်လိုက်ဖြစ်နေတတ်သည်ကိုလည်း မြင်တွေ့နေရသည်ပင်။ အကြောင်းမှာ လူပျိုဖော်၊ အပျိုဖော်ဝင်စတွင် လူတိုင်းနီးပါးဖြစ်ပေါ်ခံစားခဲ့ရသည့် ဟော်မုန်းဖောက်ပြန်ပြောင်းလဲမှုအရ မျက်နှာပြင်မှာ အဆီပြန်ပြီး နဖူး၊ ပါးပြင်တို့အပေါ်တွင် ဝက်ခြံဖုလေးတွေ တစ်လုံးစနှစ်လုံးစ၊ အချို့မှာ များပြားစွာထွက်တတ်ခြင်းကြောင့်ပင်။ အငန်စားလွန်းသူများ၊ အသားစားများသူများတွင် ဝက်ခြံဖုပိုမိုထွက်တတ်လေသည်ပင်။

ယခု မြေးမလေးမျက်နှာမှ ပါးပြင်နှစ်ဖက်လုံး နဖူးနှင့်မေးစေ့တို့တွင် ဝက်ခြံဖုလေးတွေနှင့် အဆီတဝင်းဝင်းဖြစ်နေရှာသည်။ သနပ်ခါးထူထူလိမ်း၊ ပါးကွက်ကွက်ကာ ကျောင်းသွားရှာသော်လည်း ဝက်ခြံကဝက်ခြံ၊ သနပ်ခါးကသနပ်ခါး တခြားစီပင်။ မျက်နှာမှ ဝက်ခြံဖုလေးတွေကို ဖုံးဖိမရနိုင်ပေ။ သူငယ်ချင်းများကြားတွင် မြေးမလေးမှာ မိမိမျက်နှာအလှအတွက် အားငယ်ရှာမည်၊ သိမ်ငယ်ရှာမည်၊ မိမိကိုယ်မိမိ ယုံကြည်မှုလျော့ပါးနေရှာမည်ထင်သည်။

တစ်ခုသောညနေခင်းတွင် မြေးမလေး ကျောင်းမှ ဝမ်းသာရွှင်မြူးစွာပြန်လာပြီး -

"ဘဘ၊ သမီး တစ်ကျောင်းလုံးမှာ အဆင့်သုံးရတယ်။ သမီးတို့အခန်းမှာဆိုရင် အဆင့်တစ်ရတယ်။ ဘဘ သမီးကို ဆုချ၊ ဘာဆုချမလဲ"

ဟု တွတ်တီးတွတ်တာပြောရှာရာ ကျွန်ုပ်လည်း ဝမ်းသာစွာဖြင့် -

"ဟော - ဘဘမြေးက တော်လှချေလား။ ငါ့မြေး ဆရာဝန်မကြီးဖြစ်ဖို့ သိပ်နီးနေပြီပဲ။ ဒါဆို ဒီည သမီးစာကြည့်ပြီး အိပ်ရာဝင်ခါနီး ဘဘဆီလာခဲ့၊ ဘဘဆုချမယ်"

ဟု ပဟေဠိဆန်စွာ ပြောလိုက်ပါသည်။

လူကြီးများပြောလျှင် အတွန့်တက်လေ့မရှိသောမြေးမလေးက -

"ဟုတ်ကဲ့ ဘဘ"

ဟုဆိုကာ အိမ်ထဲပြေးဝင်သွားပြီး သူ့အဖေ၊ အမေနှင့်အစ်ကို၊ အစ်မတွေကို ကြွားလို့မဆုံး၊ ဆုချဖို့ပြောမဆုံးဖြစ်နေပါလေသည်။ ထိုနေ့မှစ၍ မြေးမလေးအဖြစ် (ဆုအဖြစ်) ကျွန်ုပ် ဆေးလုပ်ပေးခဲ့ပါသည်။ တစ်ပတ်ခန့်ရှိသောအခါ မြေးမလေးမှာ မူလကပင် ပညာတော်သောဂုဏ်နှင့် ဝင်းပနေပြီးဖြစ်ရာ ယခုမျက်နှာလေးမှာပင် အဆီပြန်ခြင်းကင်းရှင်း ဝက်ခြံများကင်းရှင်းပြီး ပိုမိုကြည်လင်တောက်ပဝင်းပကာ လှနေပါတော့သည်။

ထိုဆေးနည်းမှာ -

၁ ငှက်ပျောသီးဖီးကြမ်းမှည့်မှည့်ပျော့ပျော့၏ အတွင်းသားမှ အဖေါ်ယံအနှစ်ကို ဇွန်းဖြင့်ခြစ်ယူပါ။ ငှက်ပျောသီးအတွင်းသားအူအထိ၊ အစေ့မည်းမည်းလေးများထိမယူပါနှင့်။ ထိုငှက်ပျောသီးအနှစ်ကို ပျားရည်စစ်စစ်ဟော့င်းသောက်ဇွန်းတစ်ဇွန်းနှင့် သမအောင်ရောမွှေခေါက်ပြီး မျက်နှာတစ်ပြင်လုံးလိမ်းပေးပါသည်။ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခန့်တွင် ရေကျက်အေးနှင့်အမွှေးဆပ်ပြာအနုစားနှင့် မျက်နှာသစ်ဆေးကြောပေးပါသည်။ နံနက်အိပ်ရာထ မျက်နှာမသစ်မီလည်း ထိုသို့လိမ်းပြီးမှ မျက်နှာသစ်ပေးပါသည်။ တစ်ပတ်ခန့်ရှိသောအခါ လုံးဝဝက်ခြံကင်းကာဖြူစင်ဝင်းပသောမျက်နှာအလှပိုင်ဆိုင်လာစေပါသည်။

**မှတ်ချက်** - လက်တွေ့လိုလျှင် သုံးကြည့်ပါ။ မည်သည့်ဘေးထွက်ဆိုးကျိုးမှမရှိပါ။ ယခု ဤစာမူရေးချိန်တွင် မြေးမလေးမှာ အလယ်တန်းပြဆရာမကြီးဖြစ်နေပြီ ဖြစ်ပါသည်။

နတ်မောက်မင်းသန်း



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ (၂)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လုပ်ငန်းခွင်ထဲမှာ ဆင့်ကဲတိုးတက်ပြောင်းလဲခြင်းတွေ၊ တာဝန်ပိုကြီးလာပြီး တာဝန်မြင့်မားတာတွေကြုံရပါလိမ့်မည်။ အလုပ်စာမေးပွဲတွေဖြေလျှင်လည်းအောင်ပါပြီ။ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရတာပြီး နာမည်ကောင်းများရရှိမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးကိစ္စများ စကားပြောမမှားပါစေနှင့်။ နားဝင်အောင် ချိုချိုသာသာပြောပါ။ ကျန်းမာရေးအတွက် ခါးနာ၊ ခြေနာတတ်၍ အလေးအပင်မ,မပါနှင့်။ ဆီး၊ ဝမ်း၊ လေမချုပ်အောင်ဂရုစိုက်ပါ။ ရေများများသောက်ပါ။ လမ်းများများလျှောက်ပါ။ ပညာရေးကံတွေကောင်းနေပါသည်။ အောင်မြင်မှုများရမည်။ ငယ်ရွယ်သူတို့အတွက် နှလုံးသားရေးရာများ အဆင်ပြေနေစေရန် စကားပြောဆင်ခြင်ပါ။ ငှက်ကလေးများ၊ ငါးကလေးများကို အစာခဏခဏကျွေးပါ။ အိမ်၊ ကား စသဖြင့် ဝယ်ယူရန်ရှိသူများ ပြဿနာအရှုပ်အရှင်း သေချာစွာမေးစမ်းပြီးမှဝယ်ပါ။ စက်ပစ္စည်းများလည်းဝယ်ရန်ရှိပါက သေချာဂရုစိုက်ဝယ်ပါ။ ငွေကြေးကိစ္စ အရှုပ်အရှင်းဖြစ်တတ်၍ စာရင်းဇယားများလုပ်ထားပါ။ ထီထိုးရန်အတွက် ကြာသပတေးနံ၊ ဗုဒ္ဓဟူးနံထီဆိုင်များတွင် (၄၊ ၈၊ ၅၊ ၆) ဂဏန်းများနှင့်ကံစပ်နေပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား မုန့်လုံးရေပေါ်ဆွမ်းမကြာမကြာကပ်လှူပူဇော်ပါ။*

၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွက်

ဆရာဦးမောင်မောင်သန်း

(ရှင်ထိုဓအားမြဲစေသား)

# ခုနစ်ရက်သားသမီး

ဟောစာတမ်း





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အင်း၊ အဆောင်စတာတွေဝင်လာ၍မရသေးသောကာလဖြစ်သည်။ လုပ်ငန်းခွင်အတွင်း မပြီးပြတ်သေးသောအလုပ်ကိစ္စများ ပြန်လည်ကိုင်တွယ်လုပ်ဆောင်နေရသဖြင့် စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်မည်။ လုပ်ငန်းနှင့်ဆိုင်သောကိစ္စများကြောင့် ခရီးယာယီပေါ်မည်။ ငွေကုန်ကျမှုများ မကြာခဏရှိလာတတ်၍ ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးစိပ်ပါ။ မမျှော်လင့်ဘဲ စက်ပစ္စည်းဝင်မည်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းအချို့ အခက်အခဲများစွာကြုံပြီးမှ အောင်မြင်တတ်ပါသည်။ သူတစ်ပါးကိုချည်း အားကိုးမနေပါနှင့်။ ဘာမဆို ကိုယ်တိုင်ဆောင်ရွက်မှပင် အောင်မြင်သွားပါမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ ပန်ကာလေများစွာမခံပါနှင့်။ လေစာများ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကံများကောင်းပါမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။ တစ်ဦးနှင့်တစ်ဦးနားလည်မှုများရှိရပါမည်။ မျက်နှာများသူမဖြစ်ပါစေနှင့်။ ထီထိုးရန်အတွက် သောကြာနံထီဆိုင်တွင် (၆၊ ၅၊ ၉၊ ၃) ဂဏန်းများနှင့် ကံစပ်နေပါသည်။ အိမ်မှ လမ်းလျှောက်သွား၍ အနီးဆုံးဘုရားစေတီ၏ရင်ပြင်တော်တွင် အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းဖြင့် အတိုက်အခံရန်များ တဖြည်းဖြည်းကင်းဝေးသွားပါမည်။

ယတြာ ။ ။ *မစီးတော့သောဖိနပ်အဟောင်းတစ်ရန်ကို အမှိုက်ပုံတွင်သွားစွန့်လိုက်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ သောကြာနာမည်ရှင်များဖြစ်ပါသည်။ (၅)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေတတ်သောဂါထာများကို နေ့စဉ်အမိဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ စက်ပစ္စည်းဝင်မည်။ လက်ဝတ်ရတနာဝင်လာလျှင် မိသားစုထဲမှ တစ်ဦးဦးကိုဆင်ပေးထားလိုက်ပါ။ အလုပ်လျှောက်ထားသူများ၊ လုပ်ငန်းခွင်အတွင်း စာမေးပွဲဖြေဆိုထားသူများ ရွေးချယ်ခြင်းခံရမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ ပူညံပူညံဖြစ်နေမည်။ ကိုယ်ကလျှော့ပါ။ ကျန်းမာရေးကောင်းပါမည်။ အစားစားချိန်မမှန်ခြင်းကြောင့် ဝမ်းပိုက်နှင့်ဆိုင်သောဝေဒနာများမဖြစ်အောင်နေပါ။ ပညာရေးကံများကောင်းနေသော်လည်း အပေါင်းအသင်း သူငယ်ချင်းများနှင့် အချိန်မဖြုန်းမိပါစေနှင့်။ စာချိန်စာ၊ ကစားချိန်ကစား အချိန်သတ်မှတ်ထားပါ။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။ စကားပြောမလောပါနှင့်။ စကားပြောချိုသာပါ။ အများနည်းပြီး အောင်မြင်မှုများရရှိပါလိမ့်မည်။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်၊ လှည်းနှင့်ရောင်းသောထီသည်များထံတွင် (၄၊ ၈၊ ၇၊ ၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *အင်္ဂါနေ့ မနက် (၉)နာရီတွင် ခရေပွင့် (၂၇) ပွင့်ကို အိုးတစ်လုံးသတ်သတ်နှင့်ရေထည့်၍ဘုရားပူဇော်လိုက်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီနိုင်မည့်သူများမှာ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၃)ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လုပ်ငန်းကိစ္စဖြင့် ခရီးယာယီပေါ်မည်။ ငွေဝင်သော်လည်း စုမိဆောင်းမိမရှိဘဲ သူတစ်ပါးအတွက် ကုန်ကျနေရတတ်သည်။ အိမ်တွင်းရေး အိမ်ထောင်ရေးများ စိတ်ချမ်းသာရမည်။ မိတ်ဆွေကောင်းများနှင့်တွေ့ပြီး ကူညီပံ့ပိုးမှုများရရှိမည်။ ကျန်းမာရေးကောင်းမည်။ ဆီး၊ ဝမ်း၊ လေမချုပ်ပါစေနှင့်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းပါသည်။ မြင်းကောင်းခွာလိပ်ဖြစ်တတ်၍ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်းရှောင်ပါ။ ရုပ်ပြီပုထင်၍ ပစ်ထားသောစာများ ထပ်ကာထပ်ကာပြန်ဖတ်ပါ။ စက်ဘီး၊ ဆိုင်ကယ်အကြမ်းမစီးရ။ (၃)ဦးမစီးပါနှင့်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စ၊ ပျော်ရွှင်ကြည်နူးဖွယ်အချိန်ကလေးများဖြစ်ပါသည်။ မျက်နှာပွင့်လန်းသောကာလဖြစ်၍ ချစ်သူအပေါ် သစ္စာမပျက်ပါနှင့်။ ယခုလတွင် စက်ပစ္စည်းမဝင်ပါစေနှင့်။ ဥပဒေနှင့်မကင်းသောကိစ္စများ၊ လောင်းကစားကိစ္စများဝေးဝေးရှောင်ပါ။ ထီထိုးရန်အတွက် သောကြာနံထီဆိုင်တွင် (၆၊ ၂၊ ၁၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *စာကလေးများလွှတ်ပေးပါ။ ခက်ခဲသောအရပ်တွင် ဆိတ်လေးများကိုအစာကျွေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီဆောင်ရွက်ပေးမည့်သူများမှာ သောကြာသားသမီး၊ ဗုဒ္ဓဟူးသားသမီးနှင့် နာမည်ရှင်များဖြစ်ပါသည်။ (၁) ဂဏန်း၊ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးယာယီမကြာမကြာပေါ်မည်။ လက်ဝတ်ရတနာဝင်မည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို အမိဋ္ဌာန်ဖြင့်နေ့စဉ်ရွတ်ဖတ်ပူဇော်ပါ။ အလုပ်ကိစ္စများ တစ်ပြိုင်နက်တည်းပေါ်လာတတ်၍ စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်နေမည်။ အာရုံကြောများမကြာခဏအနားပေးပါ။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများ အောင်မြင်မှုရရှိမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် ကိုယ်ကလျှော့ပါ။ နားလည်မှုများပေးပါ။ လူမှုရေးအတိုက်အခံ၊ ရန်များနေပါက လမ်းလျှောက်သွား၍နီးသော ဘုရားစေတီတစ်ဆူတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ကုသိုလ်ယူပါ။ ကျန်းမာရေးချူချာတတ်၍ ဦးခေါင်းမူးဝေသည်အထိ အလုပ်များဆက်တိုက်မလုပ်ပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ အပျော်အပါးနှင့် ဆော့၊ ကစားလျှော့ပါ။ နှလုံးသားရေးရာတွင် မျက်နှာများသူမဖြစ်ပါစေနှင့်။ ထိထိုးရန်အတွက် လှည်းနှင့်ရောင်းသောထီလှည်းများ အိမ်ရှေ့နားလာရပ်ရောင်းပါက နိုင်သလောက်မျှပြီးထိုးပါ။

ယတြာ ။ ။ *ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။*

**သောကြာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီဆောင်ရွက်ပေးမည့်သူများမှာ ကြာသပတေးသားသမီး၊ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ (၃)ဂဏန်း၊ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြောမလောပါနှင့်။ မတည့်သောအစားအသောက်များရှောင်ပါ။ ဝင်ငွေကောင်းသောလဖြစ်သည်။ လက်ဝတ်ရတနာဝင်မည်။ လက်ရှိအလုပ်မှ တခြားအလုပ်သို့ပြောင်း၍လုပ်ရန် စိတ်ကူးပေါ်မည်။ အိမ်ပူ၊ အိမ်ဆူအောင် စကားများကြမ်းတမ်းစွာမပြောပါနှင့်။ စက်ပစ္စည်းများ ပျက်တတ်၊ ပျောက်တတ်၍ လက်မများပါစေနှင့်။ စက်ဘီးစီး၊ ဆိုက်ကယ်စီးလျှင်အကြမ်းမစီးပါနှင့်။ (၃)ဦးစီးခြင်းရှောင်လိုက်ပါ။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ ပညာရေးကံများ အထူးကောင်းနေပါသည်။ ထူးချွန်စွာအောင်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများစိတ်ချမ်းသာမှုရှိမည်။ မမျှော်လင့်ဘဲ မင်္ဂလာကိစ္စများ ခမ်းနားစွာဆောင်ဖြစ်မည်။ ကိုယ်စိတ်ကူးနှင့်ကိုယ်ထင်ရာမလုပ်ပါနှင့်။ အလွဲလွဲအချော်ချော်ဖြစ်နေတတ်ပါသည်။ ရတနာသုံးပါးနှင့် မိဘ၊ ဆရာတို့ကိုဦးထိပ်ထားပါ။ အညှာများကင်းဝေးပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ မွေးနေ့တွင် အသားစားရှောင်ပါ။ သီလဆောက်တည်နေထိုင်ပါ။ ကျင့်ကြံအားထုတ်မှုများ ဝတ္တရားမပျက်ပါစေနှင့်။ ထိထိုးရန်အတွက် ထီကားလေးများ အိမ်ရှေ့လာရပ်ပြီးရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ဂုဏ်တော်ကွန်ချာကို နေ့စဉ်အဓိဋ္ဌာန်နှင့်ရွတ်ပါ။*

**စနေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းဝင်လာပါက အပြောင်းအရွှေ့ကိစ္စများပေါ်တတ်ပါသည်။ ယခုလအတွင်း လက်ဝတ်ရတနာဝင်လာလျှင် လုပ်ငန်းကိုင်ငန်းများအောင်မြင်မှုမရရှိတတ်သောကြောင့် မဝင်ပါစေနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးတွင်လည်း ပြဿနာတောင်းများ ဖြစ်ပေါ်လာပြီး စိတ်ညစ်ရတတ်ပါသည်။ လာဘ်လာဘအတွက် ငွေဝင်စေမည့်ဂါထာများကို နေ့စဉ်အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ခရီးသွားရန်ကိစ္စပေါ်လာတတ်သည်။ နိုင်ငံရပ်ခြားခရီးစဉ်များ၊ နိုင်ငံခြားတွင်စီးပွားရှာမည့်သူများ ယခုလထွက်ဖြစ်ပါပြီ။ ကျန်းမာရေးချူချာတတ်သည်။ ရောဂါဟောင်းရှိသူများပြန်ဖြစ်တတ်၍ အစားအသောက်၊ အနေအထိုင်ဆင်ခြင်ရပါမည်။ ပညာရေးကံများကောင်းနေသော်လည်း အပျော်အပါးလျှော့ပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါ။ အောင်မြင်မှုများရရှိလာမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။ ထီကံကောင်းနေပါသည်။ ထီထိုးဖြစ်အောင်ထိုးပါ။ ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်များ၊ ခရီးသွားမည့်လူကြုံများနှင့် ထီကံစမ်းထားလိုက်ပါ။ (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ *ရပ်ဝေးဘုရားဖူးကြွမည့်သံဃာတော်အရှင်သူမြတ်တစ်ပါးကို လိုအပ်သောဝတ္ထုငွေများနှင့် ပူဇော်ပါလေ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com